

ဒေါက်တာသိန်းဇင်ကြာတန့်

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့

ဝိနယဓရ၊ ဂဏာစရိယ၊ ဂဏပါမောက္ခ


အဂ္ဂမဟာပဏ္ဍိတ

ထိမ်တော ဆရာတော်ဘုရားကြီး

ဘဒန္တဥာဏိကာဘိဝံသ မဟာထေရ်

ဖြေဆို ဆုံးဖြတ်အပ်သော

နယပဒီပဓိသမုဒ္ဒနာကျဉ်း



ပြည်ခတောင်စု ဆိုပျင်းကြီး သဝဏ အုန်းမာန်ဦးဝံတော်
သာသနာ့ဘဏ္ဍာတိုက်မှ ဝိုးစိုးပြုဖြန့်

ပထမအကြိမ် ရိုက်နှိပ်ခြင်း၊ အုပ်ရေ - ၃၀၀၀။

၁၉၈၂ ခု၊ ဇွန်လ။

သာသနာရေး ဦးစီးဌာနအတွက်

ရန်ကုန်မြို့ ကန်တော်ကားလေး၊ ၂၆/၉၇ လမ်း၊ ဝင်းရွှေငပုံနှိပ်တိုက်တွင်

ဒေါ်သန်းကြည်

(မှတ်ပုံတင်အမှတ် - ဝ၂၆၇၈)က ရိုက်နှိပ်သည်။

ရန်ကုန်မြို့ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန

ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်

(မှတ်ပုံတင်အမှတ် - ဝ၂၅၂၂)က ထုတ်ဝေသည်။



အဂ္ဂမဟာပဏ္ဍိတာ

ထိပ်တော ဆရာတော်ဘုရားကြီး

အပြာစာ

သဒ္ဒမသုံးဖြာ သာသနာ

သစ္စာလေးပါး အာမုန်တရားကို ပိုင်းခြားထင်ထင် မသိမြင်ကြ၍ သြဃလေးဖြာ အဏ္ဏဝါဒြိ နစ်မုန်းမျောပါနေကြကုန်သော ဝေနေယျသတ္တဝါများအပေါ် သနားကြင်နာတော်မူလှသဖြင့်—

(၁) ဗုဒ္ဓါ ဓမ္မာယေဿံ = သစ္စာလေးပါး မြတ်တရားကို ပိုင်းခြား ထင်ထင် ငါသိမြင်ပြီးလျှင် ဝေနေယျသတ္တဝါတွေကိုလည်း သိမြင်စေအံ့။

(၂) တိဏ္ဏာ တာရယေယံ = သံသရာပြင်ကျယ် ရေပင်လယ်မှ ငါကူးမြောက် ပြီးလျှင် ဝေနေယျ သတ္တဝါများကိုလည်း ကူးမြောက်စေအံ့။

(၃) မုတ္တာ မောစယေယံ = ဇာတိမရဏ အဖန်ဖန်စီ၍ ဖြစ်ပျက်ခံစားနေရသော သံသရာဝဋ်ဒုက္ခတွင်းမှ ငါလွှတ်ကင်းပြီးလျှင် ဝေနေယျသတ္တဝါများကိုလည်း လွှတ်ကင်းစေအံ့—

ဟု သုံးခွန်းသောစကားဖြင့် ကြုံဝါးကာ အဓိဋ္ဌာန်ထားခဲ့ပြီ လျှင် ကမ္ဘာအစေခဲ့အနန္တ ကာလတို့ကိုလုံး ပါရမီဆယ်ပါး အပြားသုံးဆယ် ရှိယသုံးပါး စွန့်ခြင်းကြီးငါးပါးတို့ကို ဖြည့်ကျင့်းတော်မူပြီးနောက် ထူးထူးတို့ . စိတ်ပင်မကူ ဝံ့ဆာည့် ဒုက္ကရဒုရိယာ အကျင့်အဖြာဖြာကို ရတုခါနီခါ ခြောက်နှစ်ကြာအောင် လွန်စွာကြိုးကုတ် အားထုတ်တော်

•မူပြီးမှ သင်ဗဟုသုတအစစ် ဘုရားအဖြစ်သို့ ရောက်တော်မူသော ရှင်ဗော်ဓေါတမ မြတ်ဗုဒ္ဓဿည် ဆရာမကူ သယမ္ဘူဉာဏ်ဖြစ်ဖြင့် လက်စယ် ပိုင်ပိုင် ကိုယ်ဘေးတိုင် တွေ့သိခဲ့ရသော နိယျာနိက သဒ္ဓမ္မတို့ကို အဆက် ဆက် ဟောပြ, ဆောင်ထားကြခြင်းဖြင့် ကာလကြာရှည် တည်ရစ် လေအောင်-

(၁) ပရိယတ်တိသဒ္ဓမ္မသာသနာ (ပိဋကတ်သုံးပုံဖြင့် သိမ်းယူအပ် သော ခပ်သိမ်းသော ဗုဒ္ဓစကားတော်များ)၊

(၂) ပဋိပတ်တိသဒ္ဓမ္မသာသနာ (ကျင့်ကြံကျိုးကုတ် အားထုတ်အပ် သော ဓုဘင်, ခန္ဓာဝတ်, မဟာဝတ်, သီလ သမာဓိ ဝိပဿနာ)၊

(၃) အဓိဂမသဒ္ဓမ္မသာသနာ(တွေ့သိရရှိခံစားကပ်သော ဂင်္ဂါလိ နိဗ္ဗာန် ကိုးတန်သော သောကုတ္တရာတရား)-

ဟု သာသနာသုံးရပ် ပိုင် ခြားသတ်မှတ်လျက် ၄၅-ဝါ ကာလပတ်လုံး နေ့ညမနား ဟောကြားထားတော်မူခဲ့ပါသည်။

သာသနာတော်အသက်

သက်မဲ့ရုပ်ဝတ္ထု အသော်က်အအုံဘခု၏ မြဲမြံကည်တံ့ အရှည်ခံ ခြင်း သည် အခြေခံအုတ်မြစ်ပေါ်မှာ တည်၏။ အားခြေခံတောင့်တင်းခိုင်မာ ပါမှု ကာလမြားမြောင် ရှည်မြင့်ကြာအောင် ယယိမ်းမယိုင်တည်နိုင်ပေ သည်။ သစ်ပင်တပင်၏ ရှင်သန်ကြီးထွားမှုသည် အသက်ပမာရှေးသောက် မြစ်ပေါ်မှာ တည်၏။ ဇရုသောက်မြစ် ကောင်းမွန်ခိုင်မာပါမှု ကာလ ရှည်ကြာစွာ ရှင်သန်ကြီ ထွားနိုင်ပါသည်။

သက်ရှိသတ္တဝါများ၏ ရှင်သန်ကြီးထွားမှုသည် အသက်ဟု ခေါ် သည့် ဇာမွေးရပ်နာမ်ဇီဝိတပေါ်မှာ တည်၏။ ဇာမွေးရပ်နာမ်နှစ်ဖြာ

ဇဝိဘိုးနွေးဆောင်းမွန်းပြည့်စုံပါမူ ကာလရှည်ကြာစွာ အသက်ရှင်သန်နိုင်ပါသည်။

အားလုံးကို ကောက်ချက်ချသော် သက်ရှိသက်မဲ့ အဆုဝတ္ထုအစုစုတို့၏ တည်ဘံ့ခိုင်မြဲမှုသည် အခြေခံအကြောင်းရင်းပေါ်မှာ တည်၏။ အခြေခံအကြောင်းရင်းသည် အကျိုးဝတ္ထု အစုစု၏ တည်တံ့ခိုင်မြဲမှုမှာ ပဓာန အဓိကကိစ္စရပ် ဖြစ်သည်။ ပဓာန အဓိကကျသော အခြေခံအကြောင်းရင်းများ ခဲ့တ်ယုံ့ငံးတိမ်းပါး ပျက်ပြယ်သွာ'လျှင် သက်ရှိသက်မဲ့ဖြစ်သော အကျိုးဆက်ဝတ္ထု အစုစုသည်လည်း မြဲမြံကည်တံ့အရှည်မခံ့တော့ပဲ တနေ့တခြား ပျက်ပြားယိုယွင်းကာ ပျောက်ကွယ်ဆိတ်သုဉ်းရလေ့တော့သည်။

ဗုဒ္ဓမြတ်စွာသည် ဤမျှအသေခံ့ ပါရမီခက္ခုဖြည့်ကျင့်ပြီးမှ ခဲခဲယဉ်းယဉ်း တွေ့သိခဲ့ရသော နိယျာနိကသဒ္ဓမ္မဖြင့်၍ ကာလများစွာရှည်မြင့်ကြာရှာအောင် တည်စေလိုခြင်း ဆန္ဒတော်ရှင်းဖြင့် နေ့ညမနား ဟောကြားဆုံးမခဲ့သော သဒ္ဓမ္မသုံးဖြာ သာသနာတော်၏ မြဲမြံကည်တံ့အရှည်မခံ့ဖို့အားရှားမှာလည်း အားခြေခံအကြောင်းရင်းနှင့် မဆင်းနိုင်။ အခြေခံအကြောင်းရင်း ပြည့်တင်းပါမူ သဒ္ဓမ္မသုံးဖြာ အကျိုးဆက် သာသနာတော်သည် ကာလများစွာ ရှည်မြင့်ကြာရှည်တည်တံ့ပေလိမ့်မည်။

သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီး၏ ဖြစ်မြဲတည်တံ့အရှည်ခိုင်ခံ့ခြင်း၏ အကြောင်းရင်းမှာ ဝိနည်းဒေသနာတော်သာ ဖြစ်လေသည်။ ထိုဝိနည်းဒေသနာတော်သည်လည်း—

(၁) ဂိဟိဝိနယ = လူ့ဗဟုတို့အကျင့်သိက္ခာဝိနည်း၊

(၂) သမဏဝိနယ = ရဟန်းသာမဏေတို့ အကျင့်သိက္ခာဝိနည်း—

အားဖြင့် နှစ်မျိုးနှစ်စား ရှိခဲ့လေသည်။ ယင်းနှစ်မျိုးနှစ်စားသော ဝိနည်းတရားများ "ဟသဝေဓတိမိုးခေါင် လိုက်နာကျင့်ဆောင်သော

အားဖြင့်'' လူရွှင်ရဟန်းတို့အပေါ်မှာ တည်ရှိနေပါမူ ရှင်တော်ဘုရား၏ သဒ္ဓမ္မသုံးဖြာ သာသနာတော်မြတ်ကြီးသည်လည်း ဝိနည်းတည်းနသမျှ ကာလပတ်လုံး မုချမသွေ တည်ရှိပေလိမ့်မည်။ အာဘယ်ကြောင့်နည်း ဆိုသော် ဝိနည်းသည် ဗုဒ္ဓသာသနာတော်တည်ခြင်း၏ ပဓာနအင်္ဂ အကြောင်းရင်းဖြစ်၍ ဗုဒ္ဓသာသနစကြာတော်၏ အသက်မည်ခြင်းကြောင့် အကြောင်းအသက်ဖြစ်သော ဝိနည်းတည်းနသမျှ အာလပတ်လုံး အကျိုးဆက်ဖြစ်သော သဒ္ဓမ္မသုံးဖြာ သာသနာတော်သည်လည်း တည်ရှိနိုင်သောကြောင့်တည်း။

မှန်ပါသည်၊ ဘုရားသခင်ကိုယ်တော်တိုင်ပင် ဝိနည်းပါဠိတော်သိက္ခာပုဒ် ပညတ်ခြင်းကြောင့် ရအပ်သောအကျိုးဆက်များတွင်-

> ဧတန ဟိ ဘိက္ခဝေ ဘိက္ခူနံ သိက္ခာပဒံ ပညတ္တံ ဥပသမ္ပန္နသ္မိံ ဒသအတ္ထဝသေ ပဋိစ္စ ...သဒ္ဓမ္မဋ္ဌိတိယာ ဝိနယာနုဂ္ဂဟာယ-

ဟု ''သဒ္ဓမ္မဋ္ဌိတိ'' အကျိုးတရားကို ထည့်သွင်းကာ ဟောကြားထားပါသည်။

ရှင်မဟာကဿပ အစရှိသော သိဿာနုသိဿ ဗုဒ္ဓမာမျှ ထေရ်အဆူဆူတို့အလည်း ရှင်တော်ဘုရား၏ ဟောကားကို အထောက်အသာပြု၍ အဋ္ဌကထာ, ဋီကာတို့၌ ''အကြောင်းဝိနည်းတော်တည်ပါမှ အကျိုးဆက်သာသနာတော် တည်နိုင်သောကြောင့် ဝိနည်းတော်သည် မြော်ဗုဒ္ဓသာသနာတော်၏ အသက်မည်ကြောင်း, အခြေခံအကြောင်း ဝိနည်းမတည်ခဲ့လျှင် အခြေအမြစ်မရှိသော သဒ္ဓါသနာတော် သည်သည်း ကြာရှည်မတည်နိုင်သောကြောင့် ဝိနည်းတော်သည် မြော်ဗုဒ္ဓသာသနာတော်၏ အရင်းအမြစ် မူလပဓာနဖြစ်ကြောင်း''ကို-

> ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ ဝိနယေ ဋ္ဌိတေ သာသနံ ဋ္ဌိတံ ဟောတိ-

ဟူ၍ လည်းခေါ်ဆောင်း။

ဝိနယော နာမ သာသနဿ မူလံ၊ ဝိနယေ အဋ္ဌတေ သဗ္ဗသနံ နာ တိဋ္ဌတိ—

ဟူ၍ လည်းကောင်း ရေးသားဖွင့်ဆိုကာ အထူးပင် အလေးထားကြလေသည်။

ကျေးဇူးရှိ၍ တာဝန်သိကြခြင်း၊

ဘုရားရှင်တော် မပွင့်ပေါ်သေးအခါ ပရဒတ္တသာဝကတို့ကို အမှီပြု သည်းမျှလောက်ကိုသော် လုံးဝ မသိနိုင်ကြပေ။ ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ပြ သုံးဝေသာသဒ္ဓမ္မကို ကြားနာရသဖြင့် သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်ကြ၍ ဝေနေယျ များစွာ သတ္တဝါတို့သည် လူနတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို ခံစားစံစား သွားကြကုန်ပြီ။ အချို့လည်း ခံစားစံစားနေကြကုန်ဆဲ၊ အချို့လည်း ခံစားကြရကုန်သတဲ့။ သို့ဖြစ်၍ သဗ္ဗညုသခင် ဘုရားရှင်သည် ဝေနေယျများစွာ သတ္တဝါတို့အပေါ်မှာ ဤရှေးဤမျှ ဂဏန်းချ၍ တွက်ဆခြင်းငှါ ဗဟုတ်သာအောင် ကျေးဇူးကြီးမားလှပေသည်။

မိမိ၏ သာသနာ မြင့်ရှည်ကြာအောင် တည်ခစေတော်မူလိုခြင်း၊ ဘုရားရှင့် ဆန္ဒတော်ရင်းကို တာဝန်သိကြခြင်းဖြင့် ရှင်မဟာသဿဝ အစရှိသော သိဿာနုသိဿ သာဝက အဆက်ဆက်တို့သည် သဒ္ဓမ္မ သုံးဖြာသာသနာ၏ မြင့်ရှည်စွာ တည်ဖို့အရေး မြေဒသောက်တွန်း၍ ဝိနည်းပိဋကကို အာရုံးပေးကာ သံဂါယနာ ၆-ကြိမ်တင်ခဲ့ကြပါသည်။ ထိုမျှမက ယနေ့ မျက်မှောက်အခြေအနေအရ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌ ဂိုဏ်းပေါင်းစုံ ညီညွတ်ကြကာ သံဃာ့ အဖွဲ့ အစည်း အသီးသီး ပွဲ့စည်းကြပြီး "သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွါးရေး" အတွက် "ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေး ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ" ကို ရေးဆွဲကာ

အာတည်ပြု ပြဋ္ဌာန်းကြလျက် အရှိန်အဟုန် မြင့်မားစွာ ဆင်နွှဲနေကြပါ သည်။ ဤသည်တို့ကား ကျေးဇူ ရှိ၍ သာဝကတို့ အနေဖြင့် တာဝန် သိကြခြင်းပင် ဖြစ်ပါသည်။

ဆရာတော်လည်း တပါးအပါအဝင်

စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ဘွင် ရှေးယခင် နှစ်ပေါင်း တရာကျော် လေးက်ဟ ထိမ်ဘောဆရာတော်ဟု ထင်ပေါ်ကြော်ကြားခဲ့သော အဂ္ဂ-မဟာဝါဘိက ဘွဲ့ဘံဆိပ်ခတော်ရှ သာသနာ့ အာဇာနည် မထေရ်ကြီး တပါး ပေါ်ပေါက်ခဲ့ဖူးခဲ့လေသည်။ ယင် ဆရာခတော်ကြီးသည် သာသနာ့ ဘောင်သို့ သာမဏေအသွင်ဖြင့် စတင်ဝင်ရောက်ခဲ့သည်မှ တဘဝဇ တ် ခန္ဓာစဲ၍ နတ်ပဲ့ဝင်သည့်တိုင်အောင် မြားမြောင်စွာသော နှစ်တို့ပတ်လုံး ရဟန်းကိစ္စ နှစ်ဓုရကို ဇနည်းနှား ကြိုးစားအားထုတ်လျက် သာသနာ တော် အဝန်ရှည်စွာ တည်စေးဘင်မှုလိုခြင်း မြတ်ဗုဒ္ဓ ဆန္ဒဘော်ရင်းကို ဖြည့်တင်းသောအားဖြင့် ဒေသဘာသို ကြွချီ လှည့်လည်ကာ ဒါယကာ ဒါယိကာမ အများတို့အား ဟရုးရေးအား တိုက်တွန်းကျွေးတော် မူခဲ့ ခြင်း, ဝိနည်းဓမ္မကို အခံကရုဏာပေါင်း များစွာကို ငြိမ်းအေး စေတော်မူခဲ့ခြင်း, နောင်လာနောက် သာ တို့အားရ မြော်ဆောက်တွေး ပြီး အဆုံးအဖြတ် ကျမ်းပေါင်း မျာ စွာကို ရေးသားထားခဲ့ခြင်းဖြင့် တာဝန်ကျေကြသည့် ဗုဒ္ဓသာဝကတို့တွင် ဆရာတော်သည်း တပါး အပါအဝင် ဖြစ်နေသည်။

ကျမ်းမြောက်တဆူ အလူခံယူရရှိခြင်း

အဂ္ဂမဟာပဏ္ဍိက ထိမ်ဘော ဆရာတော်ဘုရား ကြီးသည် ၁၂၃၆ ခုနှစ်မှ ၁၂၈၀-ခုနှစ်အထိ နှစ်ပေါင်းများစွာ ကာလတိုလုံး သူ့ ဘာသက်တမ်းတလျောက်မှာ တွေ့ကြုံခဖြတ်ကြားခဲ့ရသော ဝိနယပြဿနာ

များ၊ အဆုံးအဖြတ်ပေး၍ ငြိမ်းအေးစေခဲ့ရသော ဝိနည်းဓမ္မကံ အဓိကရဏ်း မှုခင်းများကို စုပေါင်း မှတ် တမ်း တင် ရာ "ဝိနယပုဇ္ဈာဝိသဇ္ဇနာ" မည်သော ကျမ်းစာမူ တဆူကို ပြုစုတော် မူခဲ့လေသည်။ ထိုဆရာတော်ဘုရားကြီးသည် "ဝိနယပုဇ္ဆာဝိသဇ္ဇနာ" ကျမ်းကြီးကို စက်တင်ပုံနှိပ်ရန် မိမိ၏ တပည့်ရင်း ဖြစ်သော ဝန်းသိုမြို့ အဂ္ဂမဟာပဏ္ဍိတ မဟာဇောဓိ ဆရာတော် ဦးဂန္ဓမာဏား တာဝန်ပေးအပ်ခဲ့ပေသည်။

မဟာဇောဓိ ဆရာတော် ဦးဂန္ဓမာသည် ထိုမ်တောဆရာတော်ဘုရားကြီး ပေးအပ်ထားသော "ဝိနယပုဇ္ဆာဝိသဇ္ဇနာ" ကျမ်းကြီး စက်တင်ပုံနှိပ်ခြင်း မပြုနိုင်ပဲ ပုံလွန်တော်မူသွားခဲ့ပြန်သာ အဖိုးတန် ရှေးဟောင်း စာပေတရပ် အနေဖြင့် အောင်းတော် မြို့မင်ကျောင်း ဆရာတော် ဘုရားကြီး (နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်) က ၎င်းစာမူကို ထိန်းသိမ်းစောင့်ရှောက်ထားခဲ့ပြန်လေသည်။ ယင်းမှတဖန် ထိမ်းတာ ဆရာတော် ဘုရားကြီး၏ တပည့်ရင်းဖြစ်သော ကန့်ဘလူမြို့ ဒကွိက-ရာမတိုက် တောင်ကျောင်းကြီး ဆရာတော် ဦး ခန္တိသာရ-က မိမိဘုန်း၏ကျေးဇူးရှင် ထိမ်းတာ ဆရာတော် ဘုရားကြီး၏ အာဒရိယနယ ဓမ္မအမွေတရပ် အနေအားဖြင့် အမြတ်တနိုး ဆက်လက် တိန်းသိမ်းလိုသောကြောင့် အောင်းတော် မြို့မင်ကျောင်း ဆရာတော် (နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်) ကိုမှ ရယူသိမ်းဆည်း ထားခဲ့ပေသည်။ ထိုသို့ သိမ် ဆည်း ထားခြင်း စာမူမှာ နှစ်ကြာ ညောင်းပြိုဇီဏ်၍ ဟောင်းနွမ်း ဆွေးမြေ့သော အခြေအနေ သို့ပင် ရောက်ရှိနေပြီ ဖြစ်ပေသည်။

ထိုကန့်ဘလူမြို့ ဒကောင်ကျောင်းကြီး ဆရာတော် ဦးခန္တိသာရ-သည် ဟောင်းနွမ်းဆွေးမြေ့နေပြီ ဖြစ်သော ဤ "ဝိနယပုဇ္ဆာ ဝိသဇ္ဇနာ" ကျမ်းစာမူကို ထိမ်းတာ ဆရာတော် ဘုရားကြီး၏ တပည့်အစဉ်အဆက် မနပျက် မပျက် ဆက်လက် ထိန်းသိမ်း၍ စံကြီးတဒုတိယ ပြုဋ္ဌမ်းပြုနိုင်ကြားစရန် အတွက် လွန်ခဲ့သော (၁၃၃၀) နှစ်က မိမိ၏တပည့်ရင်းဖြစ်သော ဒုရင်ကဝိန္ဒ-မဘရ (ယခု နိုင်ငံဘော် သံဃမဟာနာယက လား ရှိုးမြို့ မြို့လယ်ကျောင်း

ဆရာတော် ဦးကဝိန္ဒာဘိဝံသရဲ့) အား ဆာသစ်တဖန် ပြန်လည် ရေးကူးစေခဲ့ပေသည်။

ထိုသို့ရေးကူးစေပြီးသော စာမူမျှားကို ဆာန့်ဘလူမြို့ တောင်ကျောင်းကြီး ဆရာတော် ဦးခန္တီသာရ·ကပင် ဆက်လက်၍ ထိန်းသိမ်း စောင့်ရှောက်ဆားစဉ် ဆရာတော် ဦးခန္တီသာရ ပျံလွန်တော်မူသွားပြန်လေသည်။

ယခုတဖန် ဆရာတော် ဦးခန္တီသာရ၏ အမွေကို ဆက်ခံ၍ ဆာန့်ဘလူမြို့ ဒကွံကာရားတိုက် တောင်ကျောင်းကြီးဌာ သီဘင်းသုံးလျက်ရှိသော ဆရာတော် ဦးဝိမလက "အဂ္ဂမဟာပဏ္ဍိဝ ထိမ်းတာ ဆရာတော်ကြီး ရေးသားစီရင်တော်မူခဲ့ပြီး တာညီအဆက်ဆက် တလက်မူ တလက်သို့ မပျောက်မပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်၍ အမြတ်တန်းကြီးကြီးစားစား ကူးယူထားခဲ့ရသော ဤ ဝိနယပုစ္ဆာဝိသဇ္ဇနာ ကျမ်းစာမူကြီးကို အရှည်လည်း တည်တံ့ ခန့်လည်းခန့်ထည် သာသနာတော် မကွယ်မပသမျှ ကာလပတ်လုံး သာသနာ့ဝန်ထမ်း ရှင်ရဟန်းတို့ မှီငြမ်းပြု စံထားနိုင်စေခြင်းငှါ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာနသို့ စာမူးပးအပ်လှူဒါန်း၍ ပုံနှိပ်စာအုပ်အဖြစ်သို့ ထုတ်ဝေပါက လွန်စွာသင့်လျော် ကောင်းမြတ်လိမ့်မည်' ဟု ယုံကြည်ယူဆမိသောကြောင့် စစ်ကိုင်းတိုင်း ကန့်ဘလူမြို့ ပါတီယူနစ်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင်မှ တဆင့် ပေးပို့လှူဒါန်းသဖြင့် သာသနာရေးဦးစီးဌာနက ဝမ်းမြောက်ဝမ်းသာ လက်ခံရရှိခဲ့ပါသည်။

ဆရာဖော်ကြီးသည် သူ့ဘဝတသက်တာ အခက်အခဲအကြုံမျှားစွာကို သုံးပိုင်းသုံးကဏ္ဍခဲ့ကာ မူတ်တမ်း တင်ထားခဲ့ပါသည်။

ပဌမကဏ္ဍ ၄င်-

(၁) ပါရာဇိက ကျပြီး ရဲဟန်း ကမ္မဝါ ဖတ်လျှင် ကံ မအာဒ်မဇ္ဈာ ဒ်၊

(၂) ပါဆုဇီးကကျပြီး ရဟန်းထံ၌ သာမဏေပြုလျှင် သာဒေး ဖြစ်-မဖြစ်၊

(၃) ပါဆုဇီးက ကျသူဟု သိလျက် ထိုသူကို ရှိခိုး ခြင်းစသည် ပြုအပ်-ဒုပြုအပ်၊

(၄) ပါဆုဇီက ကျသော ရဟန်းတံ ဒေသနာကြားလျှင် အာပတ် စင်ကြယ်-မစင်ကြယ်၊

(၅) အာပတ်သင့်သည်ကို မသိ၍နေရာ အလွန်ဖြစ်-မဖြစ်၊

(၆) ဟဋ္ဌပါသိပြုင်ဘက်၌ နေ၍ ဒေသနာကြားရာ အပ်-မအပ်၊

(၇) အာယတီ သံဝရမရှိပဲ ဒေသနာ ကြားလျှင် အာပတ် စင်ကြယ်-မစင်ကြယ်၊

(၈) ရွှေချသော ဘုရားဆင်.တုကို ကိုင်အပ်-မကိုင်အပ်၊

(၉) ရွှေချဒသော ပေစာထုပ်ကို ကိုင်အပ်-မကိုင်အပ်၊

(၁၀) ဘုရားမြေ, သံဃာ့မြေ၌ လူတို့ နေအပ်-မနေအပ်-

အစရှိသော ဝိနယပြဿနာ အဖြေသွားပါင်းများစွာကို ဖော်ပြမြင်ရပါသည်။

ဒုတိယ ကဏ္ဍာဘွင်-

(၁) ကထိန်မခင်းပဲ အာနိသင်ငါးပါးကို သက်နှံးကာလ၌ ရအပ်-မရအပ်၊

(၂) ရဟန်းခံ၍ ပရိက္ခာရစောင့အဓိဋ္ဌာန် အပ်-မအပ်၊

(၃) အဓိဋ္ဌာန်ကိုချထု ဝိဘင်္ဂနာ ပြု-မပြု၊

(၄) ကထိန်နှစ်ကြိမ် ခင်းအပ်-မခင်းအပ်၊

(၅) ပုရိမဝါဆိုသော သာမဏေများ ကထိန်အာနိသင် ရ-မရ၊

(၆) ကထိန်ကို နုတ်၍ တဖန် ထပ်ခင်းဆက်-မခင်းအပ်၊

(၇) ခဏ္ဍသိမ်မရှိသော ကျောင်း၌ ကထိန်သက်န်းပေးပုံ၊

(၈) အန္တရာယ်မရှိပဲလျက် ပါတိမောက် အကျဉ်းပြအပ်-မပြဆုပ်၊

(၉) သံဃဥပုသ်ပြုသောကျောင်းအနီး၌ရှိပါလျက် မိမိကျောင်း၌ အဓိဋ္ဌာန် ဥပုသ်ပြုလျှင် အပ်-မအပ်၊

(၁၀) သံဃာ လုံလောက်ပါလျက် ပါရိသုဒ္ဓိဥပုသ်ပြုလျှင် အပ်-မအပ်-

အရှိန်သော ဝိနယပြဿနာ အဖြေသွားပေါင်း များစွာကို တွေ့မြင်ရပါသည်။

တတိယ ကဏ္ဍ ဘုန်-

(၁) ကပိယပစ္စည်းကို တောင်းယူပြီးမှ အကပိယ စစ္စည်းကို ပေးခြင်း၊

(၂) ရွှေငွေဖြင့် ဝယ်ယူသော ပစ္စည်းကို စွန့်ပေး၍ အပ်အောင် ပြုခြင်း၊

(၃) ဇရပ်ဖျက်၍ ကျောင်းဆောက်ခြင်း၊

(၄) သံဃိကနှင့် မတသန္တကပစ္စည်း တူ-မတူ၊

(၅) ပါဒ-အရ ရွှေပါဒကို ယူသင့်ကြောင်း၊

(၆) ဒေသနာကြားပြီးသော အာပတ်အပြစ်များ အကျိုးပေး-မပေး၊

(၇) ဆေးလိပ်သောက်ခြင်း ဆုပ်-မဆုပ်၊

(၈) ရဟန်းတို့ တရားတွေ့သင့်-မတွေ့သင့်၊

(၉) သံဃိကပစ္စည်းကို ရောင်းဝယ်ခြင်း၊

(၁၀) ငွေ(သတ္တုဝါ)သားကို စားအပ်-မစားအပ်-

အစရှိသော ဝိနိစ္ဆယပေါင်းများစွာကို တွေ့မြင်ရပါသည်။

ဘဝတသက်တာနှင့်ကျမ်းစာ

ဆရာတော်ကြီးသည် သူ့ဘဝတသက်တာ တွေ့ကြုံလာသော ဝိနယပြဿနာ အဖြာဖြာကို ဝိနယပိဋကဆိုင်ရာ ပါဠိတော်, အဋ္ဌကထာ, ဋီကာ, ယောဇနာ, ဝိနိစ္ဆယဂန္ထတို့ရ အဝဝတို့ဌ် အပြန်ပြန် အလှန်လှန် မှတ်ဉာဏ်ကြည့်ရှု ညှိနှိုင်းလျက် ဖြေကြားဆုံးဖြတ်ခဲ့ပုံမှာ မှတ်ဉာဏ်တင်ထားခဲ့ပါသည်။ ရေ၏ အာဘိဓမ္မာနက်ကို ထိုးရှင်း ပေါက်ရောက်နေသော ကြာရိုး၏ အတိုင်းအရှည် ပမာဏဖြင့် သိရသကဲ့သို့ "ဝိနယပုစ္ဆာ ဝိဿဇ္ဇနာ" မည်သော ဤကျမ်းစာသည် ဝိနည်းပိဋကတော်ဌ် ဂုဠဟရ ပဋိစ္ဆန္နဖြစ်၍ သိဖို့ရန်အတွက် အလွန် ခက်ခဲလှသော အကြောင်းအရာများကို ထုတ်ဖော်လွစ်ဟ ဖွင့်ပြနိုင်ခြင်း ရှိ-မရှိကိုလည်း ကျမ်းပြုဆရာ၏ ဘဝတသက်တာ ကာလပတ်လုံး ရှုန်းကန်လှုပ်ရှား ဆည်းပူးဆောင်ရွက်သွားသော အကြောင်းအရာများဖြင့် သိနိုင်ပါသည်။ သို့ဖြင့်၍ ကျမ်းပြုဆရာ၏ ဘဝတသက်တာ အကြောင်းအရာများကိုလည်း သိရှိထားဖို့လိုလာသည့်အလျောက် အကျဉ်းချုပ်ကာ ရေးသားတင်ပြပါဦးမည်။

ဖွားမြင်တော်မူခြင်း

ဟန်ဘလူမြို့နယ် တိမ်တောရွာ ခမည်းတော် ဦးဒေဗမိတ်-မယ်တော် ဒေါ်ဝိုက်တို့မှ ၁၂၁၇-ခု ဒုတိယဝါဆိုလဆန်း ၁-ရက်နေ့တွင် ဆရာတော်ငယ်ဘဝလျာ သတို့သားကို မိုးမှုန်းသန်းစင် ဖွားမြင်တော်မူသည်။

ပဉ္စာလနယ် တလွှားတွင် ထင်ရှား ကျော်ကြားခဲ့သော "ဦးစံထိုက်" ကဲ့သို့ပင် ထင်ရှားကျော်ကြားလှတဲ့ သော ဘုန်းသမ္ဘာရှင်ဖြစ်၍ သဒိသူ ပစ္စာအစားဖြင့် "စံထိုက်" ဟု မှည့်ကြားကာ ခေါ်ဝေါ်ကြလေသည်။

ပညာသင်ရုန် ဆရာထံ အပ်နှံခြင်း

ရာဇဂုရုတံဆိပ်တော်ရ ဃောဂဓမ္မာလင်္ကာရ သင်္ဃာဆရာတော်၏ တပည့်ရင်းဖြစ်သော ကုလ္လာလ ဂိုဏ်းထောက်ဆရာတော် ဧရဝိန္ဒဓမ္မာလင်္ကာရ အရှင်မြတ်ထံ ပညာသင်ရန် အပ်နှံကြလေသည်။

သာမဏေရ ပဗ္ဗဇ္ဇာမင်္ဂလာ

၁၆-နွေစ်သားဆရှယ်သို ထောက်သောအခါ ၂၃၃-ခုနှစ်ဘွင် ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကုလ္လာလ ဂိုဏ်းထောက်ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို ထောက်ခဲ့သည်။ ဘုန်းတန်ခိုးကြီးမားသာ လွန်စွာကျော်ကြားထင်ရှားလှတဲ့ သော ပါရမီရှင်ဖြင့် "ရှင်တေဇဝန္တ" ဟု ဘွဲ့မည်သလေသည်။

သင်္ဃာဆရာတော်ထံ အပ်နှံခြင်း

ကုလ္လာလ ဆရာဘော်ဘုရားကြီးသည် သာမဏေဘဝယ် ရှင်တေဇဝန္တကို မန္တလေးရွှေမြို့တော်သို့ ပို့၍ မိမိ၏ ဆရာရင်းဖြစ်သော သင်္ဃာ ဆရာတော်ထံ ပညာသင်ရန် ကိုယ်တော်တိုင် အပ်နှံလေသည်။

ဝတ်နှင့်ပြည့်စုံထက်မြက်ခြင်း

သာမဏေကျော် ရှင်တေဇဝန္တသည် သာမဏေ ကျင့်ဝတ်, တပည့် ကျင့်ဝတ်များနှင့် ပြည့်စုံသည်ပြင် ထက်မြက်လျင်မြန် ပြင်းထန်သော

ဉာဏ် ဝိရိယတို့ဖြင့် မနေမနား ကြိုးစားသင်ယူသူ ဖြစ်ရာ၏ သင်္ဃာဆရာတော် သဒ္ဓေဘာတော်ကျွန်လှူ၍ ဧစ္စယာနုဂ္ဂဟ ဓမ္မဒာနုဂ္ဂဟ နှစ်ဌာနတို့ဖြင့် ချီးမြှောက်စောင့်ရှောက်ကာ စာပေပို့ချ လက်ထပ်ပြသလေသည်။ ပါရမီရင့်သန်၍ ထက်မြက်ပြင်းထန်သော ဉာဏ်ဝိရိယရှိသူပီပီ သုံးနှစ်သုံးဝါဆာတွင်း နိကာယ်ငါးတန် ဓမ္မကွန်တို်ကို လင်အံ လေ့ကျက်၍ ဆယ်မ်းတဘင်ကျော်ရောက် တတ်မြောက်လိုနိုးပါး ဖြစ်သွားလေသည်။ ဆန်းကြယ်နှင့် ထေရဝါဒကျမ်းများကိုလည်း ရာဇဂုရုတံဆိပ်တော်ရ လုံးတော်ဆရာတော်ထံ နည်းခံသင်ယူကာ ပါရဂူရောက် တတ်မြောက်ခဲ့လေသည်။

နှုပသမ္ပဒမဂ်လာ

၁၂၃၆ - ခုနှစ်တွင် သိမ်တော် ကျောင်းတိုက် ခဏ္ဍသိမ်ပြင်ဝယ် ကုဏ္ဍာလ ဆရာတော်ဘုရားကြီးကိုပင် ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်တို့၏ ဧစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ဘေး်မူခဲ့သည်။

ဆက်လက်ပညာသင်ခြင်း

ရတနာပုံ မဟာလေး ရွှေမြို့တော်သို့ ဒုတိယအကြိမ် ပြန်လည်ကြွရောက်ခြာ ယောမင်းကြီး အုတ်ကျောင်းဆရာတော်, ယစ်ဆိမ့်ဆရာတော်, စံးကျောင်းဆရာတော် အစရှိသော ပိဋကတ်တတ်ယဆယ ပရိယတ်ဝိသာရဒ ဂုဏ်ဂုရု ဆရာတော်ကြီးများထံ နည်းခံကာ သဘာဝဓမ္မဝိနိစ္ဆယ ခဲ့မှတ်ခြင်းဆိုင်ရာများကို ဆည်းပူးလေသည်။ ငါးဝါမြောက်၌ သဘာဝဓမ္မဝိနိစ္ဆယအဆုံးယ်ပါရဂူရောက် တတ်မြောက်ခဲ့လေသည်။

မင်းပူဇော်ခံရခြင်း

နိကာယ်ငါးတန်၌ ဝိနိစ္ဆယညာဏ် ရင့်သန်သည်ထက် ပိုမိုရင့်သန်ရန် ဂုဏ်ဂုရုဆရာတော် အာဆူဆူထံ နည်းခံလေ့လာသင်ယူခြင်း, တပည့်

စားလိုက် သံဃာတော်အပေါင်းတို့အား ပြန်လည်ပို့ချ နည်းလမ်းညွှန်ပြ ပေးခြင်း ဂုဏ်သတင်းကြောင့် နေပြည်တော်တခွင်တွင် အလွန်ပင် ထင်ရှားကျော်ကြားရကား ပဉ္စမသံဂါယနာတင် ဘဝရှင်မင်းတရား ကြီး ကြားသိတော်မူ၍ ပစ္စယာနုဂ္ဂဟဖြင့် လစဉ် ထောက်ပံ့ လှူဒါန်းပြီး ကိုးကွယ်ဆည်းကပ်လေသည်။

ပဋိပတ္တိနည်းခံခြင်း

ရဟန်းကိစ္စ နှစ်ဌာနအနက် ဂန္ထဓုရအလုပ်ဘွင့် ပါရဂူဆုရက် တတ် မြောက်ပြီးနောက် ဝိသေသနာဓုရ အလုပ်တွင် စာတွေ့ စာသိအပြင် လက်တွေ့ကျွမ်းကျင်ရန်အလို့ငှါ ကလျာဏမိတ္တ ဆရာကောင် ပီသသော သင်္ဃာ ဆရာတော်ဘုရားကြီးနှင့် အတူပင် မြင်းခြံမြို စမ်းကျွေတော ကျောင်းဌာ အရညဝါသီ တရားမှိလျက် ပဋိပတ်ဘက်ဌာ မဆုတ်မနစ်သော လုံ့လဖြင့် အားတက်တကုတ် ကြိုးစားအား ထုတ်ကာ နည်းယူခဲ့ပါသည်။

သာသနာပြုလုပ်ငန်းများ

ရဟန်းသိက္ခာ ရှစ်ဝါအရွယ်တွင် ဉာဏ်ဗျာယ်ဆရာတော်အမိန့်အရ ထားဖို (ကာဘို)ရွာသို့ ပြန်ကြွခဲ့ပြီး ဆရာတော်ခြေရင်းဌာ ဉာဏ်ဗျာဒီယဝတ် ကို ကျင့်ယင်း တာပည့်သံဃာဘော်တို့အား စာပေပို့ချ နည်းလမ်းပြုနှ ဥ် အစ်ကိုတော် ကုန်သည်ကြီးများ ကောင်းမှုဖြစ်သော တိန္ဒုကာရုဝ ကျောင်းတိုက်ကြီးကို ဉာဏ်ဗျာယ်ဆရာတော် ထာမိန့်အရပင် အလှူခံဝ သိမ်းပိုက်လိုက်ရသည်။ ၁၂၅၄-ခုနှစ်တွင် မြို့သူကြီး ဦးဘိုးသိုင်း, မြို့ထိန်း ဦးဘိုးထယ် အမှူ ရှိသော ထိမ်တေးရွာ ဒါယကာ ဒါယိကာမတို့ကို သမ္ဘားစေးငှ်ရောက်ချီ၊ မြောက်ရန်အလို့ငှါ ကားဖို့ရွာမှ ပြောင်းရွှေ့တာ ထိမ်းတောကျောင်းကို အလှူခံရလေသည်။ ယင်းကိုအစွဲပြု၍ ထိမ်တော ဆရာတော်ဟု အမည်တွင်ခဲ့လေသည်။ ထိုနည်းအတူပင် ကျောင်းတိုက် ပေါင်း မြောက်မြားစွာကို အလှူခံရပြီး လှည့်လည်ဝါဆိုဖာ ဒါယကာ

ဒါ့ယိုဆောမအပေါင်းတို့အား တရားမှေ ပြသဆုံးမကာ သာသနာပြုတော် မူခဲ့ပါသည်။ အသက်အရွယ် ကြီးရင့်လာသောအခါ ဒေသစာရီကြွခရီးကာ ဝါဆာပ်တော် မှေတော့ပါ ၁၂၆၉-ခုနှစ်မှ ၁၂၇၇-ခုနှစ်သို့ တိုင်အောင်ပင် ကန့်ဘလူမြို့ အရှေ့ကျောင်းတို့ကြီး၌ သီတင်းသုံးကာ ရဟန်းကိုစွ နှင့်ဌာနကို သင်ဆုံးတိုင်အောင် ထမ်ဆောင်သွားလေသည်။

ဘွဲ့တံဆိပ်တော်မျှ၊ ဆက်ကပ်ခံရခြင်း၊

သံဃိသရ သံဃရတနာ သာသနာပိုင် ဆရာတော်ဘုရားကြီး ကချီးမြှောက်ဆက်ကပ်သော "ဝိနယဓရ ဂဏဝါစရိယ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း၊ ကိုးကိုဏ်ရုပ် "ဂဏာစရိယ ဂဏပါမောက္ခ" ဘွဲ့တံဆိပ်တော်ကို လည်းအောင်း၊ ၁၂၇၄-ခု ပြာသိုလဆုန်း ၁၅ ရက် တနင်္ဂလာနေ့ (၁-၁-၁၉၁၃)တွင် မန္တလေးမြို့တော်၌ ပဉ္စမမြောက် ဂျော့ဘုရင် ဆက်ထပ်သော "အဂ္ဂမဟာပဏ္ဍိတ" ဘွဲ့တံဆိပ်တော်ကို လည်းကောင်း လက်ခံရရှိတော်မူခဲ့လေသည်။

တာဝန်အပ်နှင်းခံရခြင်း

မ-ထားရမလာပ မာန်လည်ဆရာတော်ဘုရားကြီး၏ ညာဏက်ရုံးကြီး ပမာ အားသာတော်မူ၍ အာဂုံချီ-မြှောက်ခြင်းကို လည်းကောင်း၊ ကိုက်းတပါးခြို ဖြစ်ပွားသော ဝိနည်ကမ္မက် အဓိကရဏ်-များကို ငြိမ်းစီး ဝိနိစ္ဆယချမှတ်ပေးရန် ဟံသာဝတီသံဃရာဇဂုရုတောင်ခွင်သာသနာပိုင် ဆရာတော် ဘုရားကြီး၏ အာမိန့်ချက်တော် တာဝန်ပေးဆပ်ခြင်းကိုလည်းကောင်း၊ ရှေဘို, ဟသာ, မြင်းကြီးနား, ဗန်းမော်နယ်အတွင်း ဖြစ်သမျှသော ဝိဝါဒအမှုတို့၌ သာသနာပိုင်ဆရာတော် ကိုယ်စားပြုကာ အဆုံးဖြတ်ပေ၍ ငြိမ်းစေရန် တာဝန်အပ်နှင်းခြင်းကို လည်းကောင်း လက်ခံခဲ့ရလေသည်။

အဆုံးအဖြတ်ပေး၍ ကျမ်းဂရုခဲ့ခြင်း

ရဟန်းဖြစ်သည့် ၁၂၃၆-ခုနှစ်မှစ၍ ဘဝနှင်ထိပ်ပိုလွန်တော်မူသည့် ၁၂၈၈-ခုနှစ်အထိ သက်တော် ၇၁-နှစ် သီကွဲ့ဟော် ၅၁-ဝါ ရသည် တိုင်အောင် ရဟန်းကိစ္စ နှစ်ခုရကို နေ့ညမနား ကြိုးစားအားထုတ်သွားသည့် အကြားမှင် မယဉ်ကျေးသေးသော ဒါယကာ ဒါယိကာမများကို လိမ္မာယဉ်ကျေးအောင် တရားဓမ္မ ဟောပြောပြသ ဆုံးမခြင်း, လေ မြို့နယ်ကိုးကိုက်းအတွင်း ဖြစ်ပျက်သမျှ ဝိဝါဒအမျိုးမျိုးကို ဝိနိစ္ဆယပေး၍ ငြိမ်းအေးခြင်း, ပြဿနာပေါင်း သောင်းခြောက်ထောင်ကို အဖြေပေး၍ ကျမ်းပေါင်းမြောက်မြားစွာ ရေးသားခဲ့ခြင်းဖြင့် ဗုဒ္ဓမြတ်စွာ သာသနာတော်ကို တာဝန်ကျပွန်အောင် ထမ်းဆောင်သွားခဲ့လေသည်။ ရေးသားပြုစုခဲ့သော ကျမ်းစာများမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကပ္ပခိုးယနကျမ်း၊
၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၃။ ဘာဝနာနယသင်္ဂဟကျမ်း၊
၄။ မြန်မာ၁၀၂စာလက်ဝဲရကျမ်း၊
၅။ သတ္တပညာသဝိသဇ္ဇနာကျမ်း၊
၆။ ဒွါဒိသတိပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၇။ တိကဝိပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၈။ စတုဘူမိစတုကာလိဝိနိစ္ဆယကျမ်း၊
၉။ အာဒိဝါဒပဟာနဝိသဇ္ဇနာကျမ်း၊
၁၀။ နဒီတီရဝိသဇ္ဇနာ စသောကျမ်းများ၊
၁၁။ မူလဓမ္မဝိသောဓနီကျမ်း၊

၁၀၂။ ပုစ္ဆာနယပကာသနီကျမ်း၊
၁၃၊ ပေါရာဏဝံသဒီပနီကျမ်း၊
၁၄။ သီရိနောရထာ အဖြေကျမ်း၊
၁၅။ အညဝါဒီဝါဒဝိဘဉ္ဇနီပကကျမ်း၊
၁၆။ နိပါတတ္ထဝိဘာဝနီကျင်း၊
၁၇။ ကိုးဌာန ဝိနိစ္ဆယကျမ်း၊
၁၈။ စေတိယပဋိသင်္ခရဏ ဝိနိစ္ဆယကျမ်း၊
၁၉။ ဒွါဒိပုစ္ဆာဝိသဇ္ဇနာကျမ်း၊
၂၀။ သာသနဓုရဝိသဇ္ဇနာကျမ်း၊
၂၁။ ဇိနသာဘိဝန္ဒနာဂါထာ(ဘုရားရှိခိုးကျမ်း)၊
၂၂။ အညဝါဒနိဂ္ဂဟစာတမ်း၊

လိုအပ်ချက် ဖြည့်စွက်ခြင်း

ယနေ့အချိန်သည် ပြည်းထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်၌ ဂိုဏ်းပေါင်းစုံ ညီညွတ်ကြသော သံဃာတော်များသည် သံဃာ့အဖွဲ့အစည်း အဆင့်ဆင့် ဖွဲ့စည်းပြီး စီမံကိန်းအမျိုးမျိုးရေးဆွဲကာ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဇရှိန်အာဟုန် မြင့်မားစွာ ဖြင့် ကြိုးမ်းလျက်ရှိကြသော အခါသမယဖြစ်ပေသည်။ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကိစ္စ ဆောင်ရွက်ကြရာမှာလည်း မြတ်ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်သော ဝိနည်းကြောင်းဆိုင်ရာ ကိစ္စရပ်များ၌ အဓိကအကျဆုံးက လွှဲ၍ ပါဝင်နေ၍ "ဝိနည်းခမွကံ အဓိကရွက်းမှုခင်းများ ဖြရှင်းဆုံ ဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ"ကို ရေးသားကာ အတည်ပြုပြဋ္ဌာန်းထားလျက် ရှိပါသည်။ ဝိနည်းဓိဂ်မျာ်းကို ရွေးချယ်တင်မြောက်ထား၍ ဝိနိစ္ဆယ အနွဲအစည်း

အသီးသီးကိုလည်း ဖွဲ့စည်းပေးထားရပါသည်။ ယနေ့အချိန် ယနေ့အခြေအနေအရ စာမူမှ စာအုပ်အဖြစ်သို့ မရောက်ကြသေးသည့် ရှေးဟောင်းဆရာတော်များ ရေးသားဆားခဲ့သော အဗိုးတန်ဝိနည်းဓမ္မကံအဆုံးအဖြတ်များသည်စံနမူနာယူစရာဖြင့် ၍ အလွန်ပင်လိုအပ်လှပါသည်။သို့ဖြစ်၍ ဇဂ္ဂမဟာပဏ္ဍိတ ဘဲတံဆိပ်ဒေါင်ရ ထိမ်တောဆရာတော်ဘုရားကြီး ရေးသားထားခဲ့သည့် "ဝိနယပုစ္ဆာဝိသဇ္ဇနာ" မည်သော ဝိနည်းဆုံးအဖြတ် ကျမ်းစာတစောင်ကို ပြည်သောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် သာသနာရေး ဦးစီးဌာနက ယနေ့အခြေအနေအရ အလွန်လိုအပ်လှသော အချက်ကို ဖြည့်စွက်ပေးသောအားဖြင့် ပုံနှိပ်ထုတ်ဝေလိုက်ရပါသည်။

အောင်မြင့်လျင် ပြင်ဆင်ရန်

ဤစာမူကို စာအုပ်အဖြစ်သို့ရောက်အောင် ပို့ဆောင်ပုံနှိပ်ရာ၌ အကောအခဲပေါင်းများစွာနှင့် တွေ့ကြုံရင်ဆိုင်ခဲ့ရပါသည်။ မှန်ပါသည်၊ ဟို ရှေ့ယခင် နှစ်ပေါင်း တရာကျော်လောက် အချိန်က ထင်ပေါ်ကျော်ကြားခဲ့သော ထိမ်တော ဆရာတော်ဘုရားကြီးသည် မိမိ ကိုယ်တိုင် ဖြေကြားဆုံးဖြတ်ခဲ့ရသော ဝိနယပြဿနာများကို မှတ်တမ်းတင်ကာ ရေးသားထားခဲ့ပါသည်။ ယင်းမှတ်တမ်းစာမူမှ တားညွှန်အဆက်ဆက်တို့ အဆင့်ဆင့် ကူးယူလာ ခဲ့ကြပါသည်။ ယင်းမူပုံစာ စာမူမျာအထဲမှ တခုသော လက်ရေးစာမူကို အလှူခံရရှိခဲ့ပါသည်။ ယင်းစာမူကို ပုံနှိပ်ရန် ပြင်ဆင်တည်းဖြတ်ရာ၌ ရှေး ပေစာမူများမှ ကူးယူကိုးဆားထားခဲ့ခြင်း၊ အဆင့်ဆင့် ကူးယူလာခဲ့ခြင်းတို့ကြောင့် အကိုးပါဋ္ဌများ မပြည့်စုံခြင်း၊ ဝိနည်းစာတန်းခြင်းတို့ကြောင့် အနက်အဓိပ္ပါယ် ရေးသားခြင်းဖြင့်

တွေ့ကြုံခွင့်ဆိုင်ခဲ့ရသော အခက်အခဲများကို ကျွင်္လာကာ ပံ့နှိပ်ခဲ့ရပါသည်။ ဆရာဘော်ကြီး ကိုးဆားထားသော ရှေးဟောင်းကျမ်းစာများကိုလည်း ဆလားဘူ အဖွင့်သံဝဏ္ဏနာပါသော အဋ္ဌကထာ, ဋီကာများမှ ထုတ်နုတ်ကာ ပြင်ဆင်တည်းဖြတ်ပေးခဲ့ရပါသည်။ အဖြတ်အဆတာက် အထားအသိုများကိုလည်း ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းလင်းလင်း တွေ့မြင်နိုင်သော ပဿာဒုဏ်းမြောက်အောင် အစွမ်းကုန် ခြယ်သကာ စီမံဖန်တီးကားပါသည်။ မှန်စေ, ဇထောင်းစေလိုသော စေတနာဖြင့် ဂရုစိုက်ကာ ပြင်ဆင်တည်းဖြတ် ပရိုတ်ထားပေးပို့အာမဝေးတစုံတဆ တွေ့ရှိပါက ပြင်ဆင်ဖတ်ရှုတော်မူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသတည်း။

ဦးစိုးတင့်

(သ-စ-အ-စမ္မာစရိယ)

စာပြင်ဌာန၊

ယာသနောဘရဉ်းစီးဌာနပုံနှိပ်တိုက်၊

ကမ္ပလာဘား၊ ရန်ကုန်။

ဝိနယပုဆိုဝိသဇ္ဇနာ

မာတိကာ

အမှတ်ဒဉ်　　အကြောင်းအရာ　　စာမျက်နှာ

ပဏာမနှင့် ပဋိညာဉ်　　၁

ပဌမကဏ္ဍ

၁။ အသက် ၂၀-ပြည့်၏ဟူသော အမှတ်ဖြင့် ရဟန်းခံခြင်း၊　　၃

၂။ ရဟန်းဖြစ်၏ဟူသောအမှတ်ဖြင့်နေရာ အပြစ်ရှိ-မရှိ　　၄

၃။ ရဟန်းဟူသောအမှတ်ဖြင့် ဥာဏ်ပြုလျှင် ရဟန်းခံရာ ရဟန်းဖြစ် မဖြစ်　　၄

၄။ ပါရာဇိကကြွသောရဟန်း ကမ္မဝါစာဆုံးအောင် ကံအောင်　　၅

၅။ ပါရာဇိကကျသော ရဟန်းအကံဌာနသာမဏေကပြုရာ သာမဏေဖြစ်-မဖြစ်　　၆

၆။ ပါရာဇိကကျသူဟု သံသယဖြင့်ကျက် ထိုသူကို ရှိခိုးခြင်း စသည် ပြုအပ်-မပြုအပ်　　၁၀

၇။ ပါရာဇိကကျသူဟု သိလျက် ထိုသူကို ရှိခိုးခြင်း စသည် ပြုအပ်-မပြုအပ်　　၁၂

၈။ အလုဇ္ဈဒုဿီဟု သံသယရှိလျက် ကိုပုဂ္ဂိုလ်ကို ချီးမြှောက်ရာ အပြစ်ရှိ-မရှိ　　၁၃

၉။ ပါရာဇိကကျသူဟု သံသယရှိလျက် ထိုပုဂ္ဂိုလ်နှင့် ကံအတူ ပြုအပ်-မပြုအပ်　　၁၆

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ပဌမကဏ္ဍ

၁၀။ ပါရာဇိကာကျသည်ကို မသိ၍နေရာ ထိုပုဂ္ဂိုလ်မှာ အပြစ်
ရှိ-မရှိ ၂၀

၁၁။ ပါရာဇိကာကျလျှင် စင်ကြယ်ခြင်း ကုစားပုံ ၂၃

၁၂။ ပါရာဇိကာကျမှန်းသိလျက် သာသနာတော်၌နေလျှင်
အလွန်အပြစ်ကြီးခြင်း ၂၈

၁၃။ အစ္ဆာဘ်သင့်သည်ကို မသိ၍နှဲ့ အလွဲဖြစ်-မဖြစ် ၃၁

၁၄။ အလွဲဖိုဟုသိလျက် မပြောဆို၀ံ့၍ ကံအကျူးပြုရာ
အပ်-မအပ် ၃၂

၁၅။ ပါရာဇိကာကျသော ရဟန်းသံဃာသနာကြားရာ
အာပတ်စင်ကြယ်-မစင်ကြယ် ၃၅

၁၆။ ဟတ္ထာဂါသိပြိုင်ဘက်၌ ဒေသနာကြားရာ အပ်-မအပ် ၃၈

၁၇။ ရဟန်းသုံးငါး တွဲငါးယောက်ဒေသနာကြားရာ
အပ်-မအပ် ၄၀

၁၈။ အာယဘိ်သံဃရှိပဲ ဒေသနာကြားရာ အာပတ်
စင်ကြယ်-မစင်ကြယ် ၄၉

၁၉။ ဝဇ္ဇီပဂ္ဂိုလ် ၂-ယောက် ၅၂

၂၀။ ဝဇ္ဇီသပုဂ္ဂိုလ်ရှိနေလျှင် မဆာမကြောင်း ၅၂

၂၁။ ဝဇ္ဇီယပုဂ္ဂိုလ်ရှိပါလျက် ဆာကြောင်း ၅၃

၂၂။ ဟတ္ထပါသိဝိနိစ္ဆယ ၅၄

ပဌမကဏ္ဍ

၂၃။ ငဇုနိယဖြင့်သော တိရစ္ဆာန်အဆုံးပြော် ၅၆

၂၄။ ပါရိသုဒ္ဓဉပုသ်ပြုဆုတောင်း ရဟန်းရှိသင်ဝဂ်ဖြစ်ခြင်း ၅၈

၂၅။ ဏမ္ဍဝါစေါ၏ ပြီးဆုံးခြင်း ဖဆုံးအဖြတ် ၆၀

၂၆။ ဥတ်၏ အလိဘကရဏ ဖဆုံးအဖြတ် ၆၁

၂၇။ ယခုကာလ သံဃဝကို သင်းခွဲသောရဟန်း ပါဆုဇိက ကျူပုံအကြောင်း ၆၄

၂၈။ အဝတ်ဖြူကိုခြုံရာ ဖအပ်-မအပ် ၆၅

၂၉။ လူဘို၏ ဌေခွက်ငွေခွက်ကို နေတွကိုင်ရာ ဖအပ်-မအပ် ၆၅

၃၀။ ဖန်ခွက် ကြေးခွက်စသော ခွက်အထူးခြား ပဂ္ဂလိက အပ်-မဖအပ် ၆၆

၃၁။ နှီးခွက် သစ်သားခွက် စသည်တို့၌ ဆွမ်းကြွေးစားရာ အပ်-မဖအပ် ၇၃

၃၂။ ဆွမ်းထည့်စားသော ခွက်သုံးမျိုး ၇၅

၃၃။ လက်သို့ ကိုဖြတ်လွှဲလျှင် အာပတ်သင့်ပုံ ၇၅

၃၄။ ရဟန်းခံပြီးမှ မျိုးဒစ. (ဝဂ္ဂုဒစ.) ထုတ်ပယ်လျှင် ပါဇုဇိက ကွဲ-မကွဲ ၇၆

၃၅။ ရဟန်းယောကျ်ားသည် လိင်ပြန်၍ မိန်းမဖြစ်သွား၍ သီလရှိ-မရှိ ၇၈

၃၆။ လိင်ပြန်၍ မိန်းမဖြစ်သွားသော ရဟန်း တဖန် ယောကျ်ားပြန်ဖြစ်မှ ရဟန်းပြု ဒုပ်-ဖပြုအပ် ၇၉

မာတိကာ

အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ

ပဌမကဏ္ဍ

၃၂။ အာပဘ်ကို မကုစားပဲ လူထွက်ပြီ မှ ရဟန်းပြန်ခံထု
ယခင်အာပတ်မျာ ငြိမ်း မငြိမ်း ၈၀

၃၈။ မျက်စိမမြင်သောသူ စသည်တို့ကို ရဟန်းခံထု ရဟန်း
ဖြစ်-မဖြစ် ၈၁

၃၉။ ရဟန်းခံ၍ မဖြစ်သူ ၂၅-ယောက် ၈၃

၄၀။ ဥပဇ္ဈာယ်မရှိပဲ ရဟန်းခံခြင်းအကြောင်း ၈၄

၄၁။ သံဃဝကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်းအကြောင်း ၈၅

၄၂။ ပုဗ္ဗကိစ္စ ၈-ပါးကို မပြုပဲရဟန်းခံထု ရဟန်းဖြစ်-မဖြစ် ၈၇

၄၃။ အာယုသင်္ခါရကို မကြာပဲ ရဟန်းခံထု ရဟန်းဖြစ် မဖြစ် ၈၉

၄၄။ ရဟန်းသင်္ကန်းစ်ဦးကို ဒွန်တမွဝါစာဖတ်ပုံ ၉၅

၄၅။ သီတင်းကြို ရဟန်းက ဘဒန္တဟု ကမ္ဘဝါစာဖတ်လျှင်
ကံပျက်-မပျက် ၁၀၀

၄၆။ ရဟန်းခံလောင်းသည် ကမ္ဘဝါစာဖတ်ခဲ့သောရဟန်း၏
ဟတ္ထပါသ်၌ နေအပ်းကြောင်း ၁၀၁

၄၇။ ဝတ်၌ အာယုသည်ဘခု၊ မာနတ်၌ အာယုသည်ဘခု၊ ဝတ်၌ဒွန်၊
မာနတ်၌ တယောက်စီ၊တ်ကု အပ်-မအပ် ၁၀၂

၄၈။ မအပ်သောပစ္စည်းကို မသိ၍ သုံးဆောင်မိသော်လည်း
အာပတ်သင့်ကြောင်း ၁၀၃

၄၉။ နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု၊ ဂဟပိယဝတ္ထု ၁၀၇

၅၀။ ရဟန် တူသော ခဏတွင်းရကန်အခကြောင်း ၁၀၉

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ပဌမကဏ္ဍ

၅၁။ နိဿဂ္ဂိယပြဋ္ဌိ နေအပ်-မနေအပ်အကြောင်း၊ ၁၁၀

၅၂။ နိဿဂ္ဂိယဘုထူးကို ရှိခိုးဖအပ်-မဖအပ်အကြောင်း၊ ၁၁၁

၅၃။ ရွှေချသောဘုထူးကို ကိုင်ဆအပ်-မအပ်အကြောင်း၊ ၁၁၄

၅၄။ ရွှေချသောပစ္စည်းကို ကိုင်အပ်-မအပ်အကြောင်း၊ ၁၁၈

၅၅။ ရွှေချသောပစ္စည်းကို အလှူခံပုံ ရေးသားချပုံ ၁၂၅

၅၆။ ရွှေဘဏ်ကြောင်း၊ ရွှေညှောင်ခြောင်း၊ စသည်၌
နေအပ်-မနေအပ် ၁၃၁

၅၇။ ရွှေခွက်စသော အသုံးအဆောင်ပစ္စည်းသည်
သေနှာသနပရိဝေဏဘာဝ အပ်ကြောင်း၊ ၁၃၂

၅၈။ ပဂ္ဂလိက ဂဟိက သံဃိက မအပ်၊ သေနှာသနသာဓကပုံ
အာဒါနကြောင်း၊ ၁၃၇

၅၉ ဓရဏကျောင်းစသည်ကို ပေးဆပုံ အပ်-မပေးပုံ
အားကြောင်းနှင့် ရွှေဘဏ်းစသည်ကို ရေးသားချပုံ ၁၄၆

၆၀။ စသနှာသနအပြား လေးပါးအာဒါနကြောင်း၊ ၁၆၃

၆၁။ လောကမည်သော ဝိဟာရအပြား ငါးပါးဆောကြောင်း၊ ၁၆၅

၆၂။ လောကမည်သော ဂုဟာအပြား လေးပါးဆောကြောင်း၊ ၁၆၆

၆၃ သံဃိကဘဏ်းစသည်ကို သုံးဆောင်သောအခါ
အပြစ်လွတ်ကောင်း ရေးသားချပုံ ၁၆၇

၆၄။ ဇရပ်တံတား စသည်ကို ရေးသားချပုံ ၁၆၈

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ပဌမကဏ္ဍ

၆၅။ သံဃသာ ဒုဒမ-ဟုလ္လရာ သားမကောပါရုထိုက်ကြောင်း ၁၂၃
၆၆။ ဗုဒ္ဓပပ်မုခဉာဇတာသံဃာအား လှူပုံဆက်ကြောင်း ၁၂၄
၆၇။ ဘုရားလွန်သောပစ္စည်းကို သုံ.ဆောင်ပုံအကြောင်း ၁၂၅
၆၈။ ရဟန်းပစ္စည်းကိုပေ ရာ လူဘို့သုံ ဆောင် အပ်-မအပ် ၁၂၆
၆၉။ ဘုရားမြတ်ရာ.ကျောင်း၊ သံဃာ့မြတ်သံဃာ့ကျောင်း၌
လူတို့နေထိုင်အပ်-မအပ် ၁၂၇
၇၀။ ရဟန်းတို့သည် တိရစ္ဆာန်ကို ကျွေးဆဲခြင်း ၁၈၀
၇၁။ ရဟန်းတို့သည် တိရစ္ဆာန်ကို လှည့်စားခြင်း ၁၈၂
၇၂။ သာမဏေသိက္ခာရာ အဝတ်ဖြူမလဲပဲ သရဏဂုံယူမှု
အပ်-မအပ်အကြောင်း ၁၈၅
၇၃။ ဘုရားဟိုကဲ့ရဲ့လျှင် လိင်ဂဟုပုံအားကြောင်း ၁၈၈
၇၄။ သာမဏေဒဏ်ထိုက်ရာ သိသဝံယူ သင့်-မသင့်းကြောင်း ၁၉၀
၇၅။ သာမဏေဘို့မှာ ဝါရှိ-းရှိအကြောင်း ၁၉၁
၇၆။ ကိုယ်ဘိုင်သက်နှံ့ ဝတ်၍ လူကိုသာပြောရာ
ဆေးရာဖြစ်-မဖြစ်အကြောင်း ၁၉၂
၇၇။ သာမဏေသည် မိန်းမနှင့်မှား၍လာရာ ထေနဂ
ဖြစ်-မဖြစ်အကြောင်း ၁၉၆
၇၈။ သာမဏေသည်သက်နှံ့၊ ချွတ်၍အိမ်သူဘးပြီးမှသက်နှံကို
ကိုယ်တိုင်ပြန်ဝတ်လာရာ ထေနဂဖြစ်-မဖြစ် ၂၀၀
၇၉။ လိင်ကျေးသာသ မဏေကိုခုဟန်းခံရာ ရဟန်းဖြင့်-မဖြစ် ၂၀၄

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ပဌမကဏ္ဍ

၈၀။ သာမဏေသည် သင်္ကန်းကို ခါးတောင် ကျိုက်လျှင် ထေနကဖြစ်-မဖြစ်အကြောင်း ၂၀၅

၈၁။ ဝါဆိုသောနွေ၌ ဝါပန်၍သွားလျှင် ထုပ်-မထုပ် ၂၀၉

၈၂။ ဥပစာသီမ်အပြင်ရောက်မှ ဗဟိပြန်ပန်လျှင် အုပ်-မအုပ် ၂၁၀

၈၃။ ဝါပန်၍သွားရာ တရက်နှစ်ရက်အတွင်း ပကာသင်းသို့ ပြန်လာပြီးအရုဏ်းခဲပဲ ဝဟိန် တည်နှင်းညအိပ် ဝါပန်၍ သွားလျှင် သွားသင့်-မသင့် ၂၁၄

၈၄။ ဝါဆိုအံ့ ဘုကြုံမိလျက် ဝါမဆိုမိခြင်း အကြောင်း ၂၁၈

၈၅ ဝါဆိုရာကျောင်း၌ အာလယပြုရုံမျှဖြင့် အုပ်-မအုပ် ၂၁၉

၈၆။ နဝင်မှီပြန်ရာ ဝါပန်သင့်-မပန်သင့် ၂၂၁

၈၇။ ပဝါရဏာပြုပြီး ထိုနေ့၌ကိစ္စမရှိပဲ ဧရိ သွားအုပ်-ဧအုပ် ၂၂၃

၈၈။ ပဌမဝါပျက်က ဒုတိယဝါ ထုပ်ဆိုသင့်-မဆိုသင့် ၂၂၄

၈၉။ ဝါကျွတ်ဆောနေ့ အဆုံးအဖြတ် ၂၂၅

၉၀။ သီတင်းကျွတ်ဧဆန်းရှစ်ရက်နေ့၌ ကိစ္စရှိလျှင် ဝါပန်၍ သွားအုပ်-မသွားအုပ် ၂၂၇

၉၁။ ပန္နရသီဥပုသ်ကို စေတုဒ္ဒသီနေ့၌ ပြုသင့်-ပြုဧင့် ၂၂၉

၉၂။ ပုရိမဝါသား ပဝါရဏာဥတ်ထား၍ ပစ္ဆိမဝါသား ဥပုသ်ပြုရာ ဥတ်ထားသင့်ပုံအကြောင်း ၂၃၀

၉၃။ နိဿိတ္ထဝတ်, အနိဿိဘဝတ် နှစ်ပါးအကြောင်း ၂၃၉

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ပဌမကဏ္ဍ

၉၄။ ဝဇ်ဆောက်တည်ထုဌ် ကြေးစည် ခေါင်းလောင်းသံ ကြားခြင်းအကြောင်း ၂၄၄

၉၅။ နံနက်ဝဘ်ဆောက်တည်သောအချိန်ကို ထုတ်ပြခြင်း ၂၄၅

၉၆။ မာနတ်ကျင့်စဉ် ညဉ့်ပြတ်ထု အပ်·မအပ်အကြောင်း ၂၄၆

၉၇။ သုဒ္ဓ, အဋ္ဌသမောဓာန် ဝတ်နှစ်ပါးအကြောင်း ၂၄၇

၉၈။ အဋ္ဌသမောဓာန် တရားဆာဂ်ဘည်ထု ၂၅၄

၉၉။ ပရိဝါသိ၏ ညဉ့်ပြဂ်ခြင်းအဂ်ါမျာ ၂၅၆

၁၀၀။ သဘဝါသမှာ ဒဏ်ပသာနှင့်ဖြဲပုံအကြောင်း ၂၅၇

၁၀၁။ သဟဝါသမှာ အိပ်နေသောဂ္ဂဒိုးပုဆံ့ မအပ်ကြောင်း ၂၅၈

၁၀၂။ သဟဝါသဖြစ်သော ကျောင်းနေထုမျာအကြောင်း ၂၅၉

၁၀၃။ သဟဝါသ မဖြစ်သောကျောင်းနေထုမျာအကြောင်း ၂၆၀

၁၀၄။ ဒဏ်သားချင်းတွဲမြင်ထု ပရိဝတ်ကြောအပ်ကြောင်း ၂၆၁

၁၀၅။ တစုသံဃဝဒ်ကြေး၍ တစုသံဃဝဒ် ကြားခြင်းအကြောင်း ၂၆၁

၁၀၆။ ဝတ်ကြားထု နားတိုင်း၍ မကြားခြင်းအကြောင်း ၂၆၂

၁၀၇။ မာနတ်၏ ညဉ့်ပျက်ခြင်းအဂ်ါမျာ ၂၆၄

၁၀၈။ ပရိဝါသ်, မာနတ်ကျင့်ထု ပဏတ်အရ လိုအပ်သော ရဟန်း ၂၆၅

၁၀၉။ မာနတ်ကျင့်သောရဟန် သည် ပဏတ်ခံရဟန်း တပါးနှင့် မိမိကျောင်းသို့ ပြန်နေခြင်းအကြောင်း ၂၆၆

ပဌမကဏ္ဍ

၁၁၀။ အရွက်ဘက်ဖသာအခါ ဝတ်ကိုမကြေးပဲ ချုခြင်း၊
အကြောင်း ၂၆၉

၁၁၁။ မကြေးရသေးသော ရဟန် ထိုဋ္ဌ ဝတ်ကိုချုခြင်း၊
အကြောင်း ၂၇၀

၁၁၂။ မာနတ်ကို မကြေးပဲ ချရာ အပ်-မအပ်အကြောင်း၊ ၂၇၁

၁၁၃။ မ:နတ်ကို မကြေးပဲ ဖွဲလျှင် အဋ္ဌကထာနှင့် မဆန့်ကျင် ၂၇၉

၁၁၄။ ကျောင်းတွင်း ကျောင်းပြင် ဝတ်ယူရာ ဥပစာ အပိုင်း၊
အခြားအကြောင်း ၂၈၄

၁၁၅။ အရွက်မတက်သးခင် ညှဉ့်ဖွက်လျှင် တဖန် ထပ်၍
ဆောက်တည်မှု အပ်-မအပ် ၂၈၆

၁၁၆။ သိမ်ရင်ပြင်ဦး ကမ္မဝါစာဖြင့်ပေးသဘခါ တပါးက
ရဟန်းကို လှမ်းပြောလျှင် ကံပျက်-မပျက်အကြောင်း ၂၈၇

၁၁၇။ အပ္ပဘန်သွင်းပြီးမှ မာနတ်ကိုချခြင်းအကြောင်း ၂၉၀

၁၁၈။ သိမ်မနုတ်မီ မဏ္ဍပ်စသည်ဆောက်လုပ်ချ အပ်-မအပ်
အကြောင်း ၂၉၁

၁၁၉။ သိမ်သမုတ်ရာ ကြေးနန်းဟိုင်နှင့် နီးစပ်နေခြင်း၊
အကြောင်း ၂၉၆

၁၂၀။ မဟာသိမ်,ခဏ္ဍသိမ် သမုဒ်ပုံအကြောင်း ၂၉၈

၁၂၁။ သိမ်သမုတ်မည့်နေရာ၌ အုတ်,ကျောက်စိပြီးပြုပြင်လျှင်
အပ်-မအပ်ကြောင်း ၃၀၁

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ပဌမကဏ္ဍ

၁၂၂။ သိမ်သမုတ်ပြီးမှ အုတ်,ဓကျောက်စ်ပြီး ထင်မံပြုပြင်လျှင် ဆပ်-မဆပ်အကြောင်း ၃၀၁

၀၂၃။ ညောင်စေးငန်းမခွေပဲ သိမ်နုတ်လျှင် အပ်-မဆပ် ၃၀၂

၁၂၄။ နိမိတ်အပြင်ဘက်၌ညီး သိမ်နုတ်သင့်ကြောင်း ၃၀၆

၁၂၅။ သိမ်နုတ်သောအခါ ဂါမသိမ်,ဝိသုံဂါမသိမ်၌ ရဟန်း ရှိနေလျှင် အပ်-မဆပ်အကြောင်း ၃၀၉

၁၂၆။ ဝိသုံဂါမသိမ်ဖြစ်ပုံ အင်္ဂါ၉ ဆင်းပါး ၃၁၄

၁၂၇။ ပဏာတိဂါရ, ဝိသုံဂါမသိမ်ပျက်ခြင်းအကြောင်း ၃၁၉

၁၂၈။ ဇလ္လာသိမ်,မဟာသိမ်၏ အာရုယ်ပမာဏ ၃၂၁

၁၂၉။ ဤအာရုပ်ဆေသမျှိုးခွဲ မဟာသိမ် ရှိ-မရှိအကြောင်း ၃၂၂

၁၃၀။ နှုတ်ပြီးဂါမသိမ်နှင့် သမုတ်ဆဲတွင် ဆေးခဇ္ဇာသိမ်သည် ကြီးဝါးစသည်ဖြင့် ဆက်စပ်လျှင် အပ်-မအပ် ၃၂၄

၁၃၁။ သိမ်နိမိတ်ကြားသင့်သော အကြိမ်ပေါင်း ၃၂၉

၁၃၂။ သိမ်နိမိတ်သုံးလုံးကို၍ နိမိတ်မျှားစွဲအပ်ကြောင်း ၃၃၁

၁၃၃။ သစ်ပင်နိမိတ်၏ အာရုယ်-မဆက ၃၄၄

၁၃၄။ ကျောက်နိမိတ်၏ ပမာဏ ၃၄၆

၁၃၅။ ရေနိမိတ်၏ ပမာဏ ၃၄၈

၁၃၆။ ဥဒကုဒ္ဒေသသိမ်၌ ရေ,သဲဘက်အကြောင်း ၃၅၀

၁၃၇။ မြစ်,ချောင်းကို ဝိတ်၍ဆည်ရာ နဒီသိမ်ပျက်-မပျက် ၃၅၂

၁၃၀။ မြစ်ချောင်းမှ မြောင်းသွယ်၍ယူရာ၌ ပိုးလေးလရှေ့ဌား
မူကံပြုခြင်းငှါ အပ်-မအပ် ၃၅၅

၁၃၉။ ဥဒကုက္ခေပသိမ်၏ မပျက်ပုံ ပျက်ပုံအကြောင်း ၃၅၇

၁၄၀။ နဒီသိမ်၏ လက္ခဏာများ ၃၆၁

၁၄၁။ ဇာတဿရသိမ်၏ လက္ခဏာများ ၃၆၂

၁၄၂။ လောဏီမည်သော ဇာတဿရသိမ်း ၃၆၃

၁၄၃။ နဒီသိမ်နှင့် ဂါမသိမ်စပ်ခြင်းအကြောင်း ၃၆၄

၁၄၄။ ဂါမခေတ်တခုတည်း၌ မြစ်ချောင်းခြား၍သွမ်းမှာ
ဂါမခေတ် နှစ်ခု မဖြစ်ပုံအကြောင်း ၃၆၅

၁၄၅။ သိမ်အမျိုးနှင့် အပြားကိုပြခြင်း ၃၆၆

၁၄၆။ သတ္တဘူဘန္တရသိမ်အကြောင်းကို ပြဆိုခြင်း ၃၆၇

ဒုတိယကဏ္ဍ မာတိကာ

၁၄၇။ ပစ္စက္ခမျက်မှောက်ငပေးခြင်း လေးပါးအကြောင်း ၃၆၉

၁၄၈။ သေသောအခါ၌ပေးခြင်း အစွယ်ဒါနအကြောင်း ၃၇၇

၁၄၉။ ဂရွာဏ်လဟုဘဏ်ကို ပြခြင်း ၃၀၃

၁၅၀။ သင်္ကန်းကာလ၌ ကထိန်မခင်းပဲ ကထိန်အာနိသင်
ရအပ်-မရအပ် ၄၀၀

အမှတ်စဉ်　　အကြောင်းအရာ　　စာမျက်နှာ

ဒုတိယကဏ္ဍ

၁၅၁။ ရဟန်းဘပါးဘည်းနေထုံကျောင်း၌ သံဃဿ ဒေမဟု ဆိုလျှက်သဘပစ္စည်းနှင့် မတသန္တကပစ္စည်းကို ဝေယျပုံ အဆုံးအဖြတ်　　၄၁၀

၁၅၂။ တပါးသောကျောင်းတိုက်၌ကျန်ရစ်ခဲ့သည့်မတသန္တက ပစ္စည်း အဆုံးအဖြတ်　　၄၂၁

၁၅၃။ အဓိဋ္ဌာန်တင် တိစီဝရိတ်ကို ဆဓိဋ္ဌာန်ချ၍ ဝိဿဇ္ဇန ပြုရာ အပ်-မအပ်　　၄၂၃

၁၅၄။ အဓိဋ္ဌာန်မတင်သော်လည်း တိစီဝရိတ်မည်းကြောင်း　　၄၃၃

၁၅၅။ သင်္ကန်းကိုးထည်လုံးပင် ပရိက္ခာရစေ၍ဆောင်လိုမူ ပြုအပ်ကြောင်း　　၄၃၅

၁၅၆။ သင်္ကန်းကိုးထည်လုံးပင် ဝိဿဇ္ဇန ပြုအပ်ကြောင်း　　၄၃၆

၁၅၇။ အဓိဋ္ဌာမိ, ဝိဿဇ္ဇေမိပုဒ်တို့၌ အနက်အဓိပ္ပါယ်　　၄၄၂

၁၅၈။ ပစ္စုဒ္ဓရာမိပုဒ်၏ အနက်အဓိပ္ပါယ်　　၄၄၂

၁၅၉။ တိစီဝရိတ်ဆောင်ပဲ နေအပ်-မအပ်အကြောင်း　　၄၄၃

၁၆၀။ မိုးရွာခံသင်္ကန်း, နိသီဒိုင်သင်္ကန်း, အမာလမ်းသင်္ကန်းကို ဆောင်အံ့လျှက် ဖြုံမူ အပ်-မအပ်　　၄၄၅

၁၆၁။ ပစ္စတ္ထရဏသင်္ကန်း, မုခပုဉ္ဆနသင်္ကန်းတို့အကြောင်း　　၄၄၈

၁၆၂။ တိစီဝရိတ်နှင့် ပရိက္ခာရစောင်္ဂအဓိဋ္ဌာန်တင်ပုံ　　၄၅၀

၁၆၃။ ဝိကပ္ပနာဓိဋ္ဌာန်သော သင်္ကန်းပမာဏ　　၄၆၀

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ဒုတိယကဏ္ဍ

၁၆၆။ ဘုရား၏ သက်နှံးတော်ပမာဏ ၄၆၃

၁၆၇။ ရဟန်းခံစဉ် ပရိက္ခာရာစင် အဝိဇ္ဇာန် အပ်-မအပ် ၄၆၄

၁၆၈။ ဝဿီကသာဋိကာ, ကဏ္ဍုပ္ပဋိစ္ဆာဒန, နိသီဒန, ပစ္စတ္ထရဏ, မုခပုဉ္ဆန ယက်နှံးဘို့ကို အဝိဇ္ဇာန်တင်ပုံ ၄၆၈

၁၆၉။ သက်နှံးအဝိဇ္ဇာန် ၂၂ ကြိမ်ခြင်းအကြောင်းများ။ ၄၇၂

၁၇၀။ ဘုံလျှို, ခေါင်းအုံး, စုလျား, ဖကော်ဒေါ, ကန့်ဝန့်ကာ, ခြင်ထောင်တို့ကို အဝိဇ္ဇာန်တင်အပ်ခဲ့ကြောင်း ၄၇၉

၁၇၁။ သက်နှံးကိုးထည် ဝိကပ္ပနာပြုပုံ ၄၈၄

၁၇၂။ အဝိဇ္ဇာန်ကိုချရာ ဝိကပ္ပနာပြုရ-မပြုရ ၄၈၆

၁၇၃။ သပိတ်၏အဝိဇ္ဇာန်, ဝိကပ္ပနာအကြောင်း ၄၉၀

၁၇၄။ သပိတ်၏ အဝတိ, ပမာဏ ၄၉၃

၁၇၅။ သပိတ်ဖုတ်ခြင်း အကြိမ်များ အကြောင်း ၄၉၈

၁၇၆။ သပိတ်ကို သိုမှီး၍ ဆောင်းပုံ ၅၀၅

၁၇၇။ သင်္ကန်းခွဲ ကမ္မတ်ကွင်း ကမ္မဿသီးအိမ်ဆောင်ပုံ ၅၀၆

၁၇၈။ သင်္ကန်းခွဲ ကပ္ပဗိန္ဒုထိုးပုံ ၅၀၇

၁၇၉။ သံဃဥပုသ်ပြု၍ ပါတိမောက်ပြုပုံ အမေးအဖြေ ၅၁၀

၁၈၀။ ဂဏဥပုသ်ပြုရာ၌ ပုဗ္ဗကိစ္စပြုပုံ ၅၁၂

အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

ဒုတိယကဏ္ဍ

၁၂၉။ အာန္တရာယ်မရှိပဲသျှက် ပါတိမောက်အကျဉ်း ပြဆအပ်-မအပ် ၅၂၃

၁၃၀။ ပါတိမောက်အကျဉ်းပြုထုံ သုကသဒ္ဒါဖြင့် သိမ်းပုံ ၅၂၆

၁၃၁။ သံဃဥပုသ်ပြုသောကျောင်း အနီး၌ ရှိသျှက် ဗိမိကျောင်း၌ အဓိဋ္ဌာန်ဥပုသ်ပြုလျှင် အပ်-မအပ် ၅၂၈

၁၃၂။ သံဃာလုံးသောက်ပါလျက် ပါရိသုဒ္ဓိဥပုသ်ပြုလျှင် အပ်-မဆပ် ၅၃၀

၁၃၃။ ဥပဇ္ဈာယ်နိဿရဏသီမားဆိုက်သော အက်ါများ ၅၃၆

၁၃၄။ နိဿရဏသွတ်ဆိုက်သော အက်ါများ ၅၅၁

၁၃၅။ နိဿရဏမလွတ်သူ နိဿရဏပေးပုံ ၅၅၄

၁၃၆။ ဥပဇ္ဈာယ်ယူပုံပေးပုံ ၅၅၁

၁၃၇။ သဒ္ဓိဝိဟာဝိုက်, အန္တေဝါသိက တပည့်များ ၅၆၁

၁၃၈။ ဝတ်ပြုအပ်သော ဆရာတပည့်အကြောင်း ၅၆၆

၁၃၉။ ဆရာတပည့်အချင်းချင်းခွင့်လွှတ်မူ အာပတ်လွှတ်-မလွှတ် အဆိုးအဖြတ် ၅၆၈

၁၄၀။ နိဿယခံသည်းယူပုံနှင့်သာဒုကံ အာပတ်သင့်ပုံ ၅၇၀

၁၄၁။ ဥပဇ္ဈာယ်ခတ္တဝရိုးယွင်းကုန်၍ နိဿရဏယူပုံ ၅၇၂

၁၄၂။ ဥပဇ္ဈာယ်နိဿရဏပေးခဲသောရဟန်းအား သင့်သော အာပတ် ၅၈၁

ဒုတိယကဏ္ဍ

၁၉၃။ အဓိကရဏဲးလေးပါး ၅၀၃

၁၉၄။ အဓိကရဏ်းသည် သမထ ၇-ပါးဖြင့် ငြိမ်းစေးပုံ ၅၀၆

၁၉၅။ အဓိကရဏ်းသည် သမ္မုခါဝိနည်းနှင့် မကင်းနိုင်ပုံ ၅၀၇

၁၉၆။ သမထဝိနည်း ၇-ပါး ၅၀၈

၁၉၇။ သမ္မုခါဝိနည်းလေးပါး ၅၁၁

၁၉၈။ သမ္မုခါဝိနည်းဖြင့် ပြုအပ်သောကံများ ၅၁၃

၁၉၉။ အနေသန ၂၁-ပါး ၅၁၅

၂၀၀။ ဏထိန်နှစ်ကြိမ်ခန်းအပ်-မခန်းအပ် ၅၂၅

၂၀၁။ ဏထိန်ကိုနုတ်၍ ကဖန်မခန်းအပ်ခြင်း ၅၂၆

၂၀၂။ ဏထိန်နုတ်ခြင်းအပြား အဆုံးအဖြတ် ၅၂၉

၂၀၃။ မာတိကာဂ-ပါးဖြင့် နုတ်ပုံအကြောင်း ၅၃၃

၂၀၄။ အာနိသင်ပျက်သော ၎ လိဖေဝစ ၂-ပါး ၅၃၄

၂၀၅။ ကထိန်ခင်းထိုက်, အနုဒ္ဒသဒန ပြုထိုက်သော ရဟန်းများ ၅၃၇

၂၀၆။ ဏထိန်အာနိသင်ပစ္စည်းကို ဒေဝဖန်ပုံ ၅၄၅

၂၀၇။ ကထိန်မခင်းမိ သံဃိကဒေဝယူပုံ ၅၄၁

၂၀၈။ ဏထိန်မခင်းပဲ အာနိသင်ဂါးပါးကို ရထိုက်-မရထိုက် ၅၄၃

အမှတ်စဉ်　　အကြောင်းအရာ　　စာမျက်နှာ

ဒုတိယကဏ္ဍ

၂၀၉။ ကထိန်ခင်းဆုံ၌ အာနိသင်အဆုံးအဖြတ်　　၆၃၄
၂၁၀။ ကထိန်သင်္ကန်းကို ဝေယျာပုံ　　၆၃၅
၂၁၁။ ပုရိမဝါသာ သာမဏေ ပစ္ဆိမဝါ၌ ရဟန်းခံလျှင် ကထိန်အာနိသင်ရပုံ　　၆၃၆
၂၁၂။ ပုရိမဝါဆိုသော သာမဏေအား အာနိသင်ရ မရ　　၆၃၇
၂၁၃။ ဥတ်ဖြင့်ပေးသောအခါ တထည်သဒ္ဓါအပ်ခြင်း　　၆၃၉
၂၁၄။ အာနိသင်ပစ္စည်းကို ထပ်၍ပေးခြင်း အာကြောင်း　　၆၃၉
၂၁၅။ ကထိနဝတ္ထုသံ ဟု ကမ္မဝါစာဖတ်ခြင်း၌ အဆုံးအဖြတ်　　၆၄၀
၂၁၆။ ကထိန်ခင်းပုံ　　၆၄၁
၂၁၇။ ကထိန်၏ ပုဗ္ဗကိစ္စများ　　၆၄၂
၂၁၈။ ကထိန်ခံသောရဟန်း၏ အင်္ဂါ ၅ ပါး　　၆၄၃
၂၁၉။ ကထိန်မခင်းတင်၍ ခင်းတတ်သောရဟန်းကို ပင့်၍ ကထိန်ခင်းပုံ　　၆၄၄
၂၂၀။ ကထိန်ခင်းခါနီးမှ တိစီဝရိတ် ဆောင်အပ်ကြောင်း　　၆၄၅
၂၂၁။ ကထိန်ခင်းပြီ လျှင် ပရိက္ခာရစွန့်ပြုအပ်ကြောင်း　　၆၄၆
၂၂၂။ ကထိန်သင်္ကန်းကို ပေးထုံးခင်းထုံးသိမ်　　၆၄၇
၂၂၃။ ခဏ္ဍသိမ်မရှိသော ကျောင်း၌ ကထိန်သင်္ကန်းပေးပုံ　　၆၄၇
၂၂၄။ ခဏ္ဍ သိမ်၌ ကထိန်ခင်းပုံ　　၆၄၈
၂၂၅။ ကထိန်သင်္ကန်းလူပုံ ဆုစကာပုံ　　၆၄၈

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	တတိယကဏ္ဍ မာတိကာ	
	ဏာရှင်အရိယ၏ ဝိနယပုစ္ဆာများ။	၆၅၁
၂၂၆။	ဂပိယပစ္စည်းကို တောင်းယူပြီ မှ အဂပိယပစ္စည်းကို ပေးခြင်းအကြောင်း	၆၅၂
၂၂၇။	ရွှေငွေဖြင့်ဝယ်ယူသော ပစ္စည်းကို စွန့်ပေး၍ အပ်ခဲအာဝင်ပြုရာ ဇောပ်-ဃအပ်	၆၅၉
၂၂၈။	အကပ္ပိယ ဂပ္ပိယ ပစ္စည်းနှစ်ပါးကို ရိယာယ်ဖြင့်ကြံ၍ လဲလျှင် အပ်-ဒုအပ်	၆၆၁
၂၂၉။	ဇရုပ်ဖျက်၍ ကျွေးခင်းဆောက်လျှင် အပ် မအပ်	၆၆၂
၂၃၀။	သံဃဿ ဒေဝ ဟုလူသော ပစ္စည်းနှင့် မဘဿန္တက ပစ္စည်းတူ-မတူ အဆုံးအဖြတ်	၆၇၀
၂၃၁။	ပါဒအရမ္မာ ရွှေဒင်္ဂါကို ယူသင့်ကြောင်း	၆၇၃
၂၃၂။	ပရိဝါသ် အဆင့်ဆင့်ပေးခြင်းအကြောင်း	၆၈၉
၂၃၃။	ဗဒဿနာကြီးပြီးသော အာပတ်အပြစ်များ အကျိုးပေး မပေးဒုဆုံးအဖြတ်	၆၉၄
၂၃၄။	ဆေးလိပ်သောက်ခြင်းအပ် မအပ် အဆုံးအဖြတ်	၇၀၄
၂၃၅။	အားဖျဉ်ရည်ကိုသောက်ရာ ပစ္စဝေက္ခဏာ ဆင်ခြင်ရ မဆင်ခြင်ရ အဆုံးအဖြတ်	၇၀၆
	ဦးကဲလျာဏ၏ ဝိနယပုစ္ဆာ များ	၇၀၉
၂၃၆။	ရဟန်းသည် ဘုရား ရှင်ပြင်၌ ကိုယ်တိုင်မြက်ရှင်းခြင်း	၇၀၉
၂၃၇။	ကုစားပြီးအာပတ်ကင်းသည် အနန္တရာယ်ပြု-မပြု	၇၁၁
၂၃၈။	သက်နှံးချုပ်ရာ အပ်ဖြတ်မအပ်ခြားခြင်း	၇၁၅
	အရှင်ဇေတ၏ ဝိနယပုစ္ဆာများ	၇၃၀
၂၃၉။	ဝါတွင်း၌ ဝါပန်အပ်းသာကိစ္စများ	၇၃၁

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	တတိယကဏ္ဍ	
၂၄၀။	ကာယဝိဘင်္ဂယပြဋိပုံ အဆုံးအဖြတ်	၃၄၀
၂၄၁။	ညဝံပြိုဿသာလာဘ်ကိုရှေ့ပြောင်းသင့်-မပြောင်းသင့် အကြောင်းနှင့် လူမည်ဟုဆိုရုံမျှဖြင့် အလှူးမြောက်-မမြောက်း အဆုံးအဖြတ်	၃၄၉
	အရှင်သုန္ဒ၊ လျှောက်ထားလွှာ	၃၃၃
	ထိမဲဝေးဆရာတော်၏ အာဠကာရင်နှိုင်းယှဉ်စာတမ်း	၃၃၈
၂၄၂။	ရဟန်တို့၊ ဖြည့် တန်းခဲ့သင့်-မခဲ့သင့်	၃၃၈
	ဦးဝံဝ၊ လျှောက်ထားလွှာ	၃၄၃
	ဝဲမိဝေးဆရာတော်၏သံသိုက်ဝိဟာရဝိနိစ္ဆယစာတမ်း	၃၄၈
၂၄၃။	သံသိုက် စွန်း ကို ဆွဲ၊ ဝယ်သူ ရထိုး-မရထိုက်	၃၄၈
၂၄၄။	သစ်တွင်းက အစိတ်ကာဝိနိစ္ဆယ	၈၁၄
	ဦးဣသာဘိတ၊ လျှောက်ထားလွှာ	၈၂၄
၂၄၅။	ပတ္တနိုက်ကုန်းဝိနိစ္ဆယစာတမ်း	၈၂၅
၂၄၆။	ခေါင်းကို၊ အပ်-မအပ် ဝိနိစ္ဆယ	၈၃၆
၂၄၇။	တိဿဒရိတ်နှင့် ညဉ့်ကင်းထွဋ္ဌ စွန့်၍ တဖန် အဓိဋ္ဌာန် တင်အပ်-မဘင်အပ်	၈၃၈
	ဦးကုသလလျှော်ထားလွှာနှင့် ဝိနိစ္ဆယများ	၈၄၁
၂၄၈။	ရဟန်းတို့ ကူလီ(အလုပ်သမား)၌ လျှင် အပ်-မအပ် အဆုံးအဖြတ်	၈၄၂
၂၄၉။	ရွှေဥကို လူဆွဲဆဲကပ်ပိုယကို ကြိုတင်းတင်းကြိုး ထားလျှင် အပ်-မအပ် အဆုံးအဖြတ်	၈၄၄
၂၅၀။	နိဿဂ်ိယဝတ္ထုကို ဝိနည်းကံနှင့် အညီ စွန့်လျှင် ဖြစ်ကြောင်း	၈၄၅

ဝိနယပုဋ္ဌာဝိသဇ္ဇနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ပဏာမနှင့် ပဋိညာဉ်

သီလာဓိသီလံ ပရိဇာန သိက္ခံ၊ သုဒေသိတံ ဥတ္တာမပေါရိသံ ဝါ။
နတ္ထာ ကရိဿံ ဝိနယဿ ပုစ္ဆာ-ဝိသဇ္ဇနံ ယာဒိတာ ကေဟုနာဟံ။
အာရဉ္ဇိကေနာဒရမာသရေန္တော၊ နဝါနုနာနံ သုခပသိတုံ ဝါ။
ပညတ္တိဇောတာယ ဝိရုဇ္ဈိယာ ဝါ၊ ပရမွရာယာဘတာမာဒရိတ္ထာ။

အဟံ၊ ငါသည်။ ပရိဇာနံ၊ ရွှေဥာဏ်တော်အစု သမ္ပယုတ္တဉာဏ်ဖြင့် တခုမကျန် အဟုတ်အမှန် မပေါက်ပြန်သောအားဖြင့် ပိုင်းခြားခြင်း၍ သိတော်မူတတ်ထသော။ သီလာဓိသီလံ သိက္ခံ၊ ငါးပါးသီလ, ရှစ်ပါး သီလ, ဆယ်ပါးသီလတို့ထက် လွန်ကဲမြင့်မြတ်သော ပါတိမောက္ခသံဝရ သီလတည်းဟူသော အဓိသီလသိက္ခာကို။ သုဒေသိတံ၊ ကောင်းစွာ ပိုင်ပိုင် ဟောတော်မူနိုင်သော။ ဥတ္တာမပေါရိသံ ဝါ၊ ယောကျ်ားမြတ် ဖြစ်တော်မူသော ဘုရားရှင်ကိုလည်း။ အာဒရံ၊ ရှိသေစွာ။ နတ္ထာ နမာမိ၊ ရှိခိုးပါ၏။ နတ္ထာ၊ ၍။ ဥတ္တာမပေါရိသံ ဥတ္တာမပေါရိသေန၊ သည်။ သုဒေသိတံ၊ ကောင်းစွာ ဟောတော်မူအပ်သော။ သီလာဓိ-

သီလံ သိက္ခံ၊ အဓိသီလသိက္ခာ-ဟု ဆိုအပ်သော တရားတော်မြတ်ကို လည်း။ ဝ၊ သင်အပ်ကျင့်အပ် ဆပ်ပါးသော တရားတော်မြတ်ကို လည်း။ အာဒရံ၊ စွာ။ နတ္ထာ နမာမိ၊ ၏။ နတ္ထာ၊ ၍။ သီလာဓိ-သီလံ သိက္ခံ၊ သင်အပ်ကျင့်အပ် ဆယ်ပါးသော တရားတော်မြတ်ကို။ ပရိဇာနံ၊ ပိုင်းခြား၍ သိတော်မူတတ်သော အရိယာသံဃာတော်မြတ် ကိုလည်း။ အာဒရံ၊ စွာ။ နတ္ထာ နမာမိ၊ ၏။ နတ္ထာ၊ ၍။ ကေတုနာ၊ ကေတု အမည်ရှိသော။ အာရညိကေန၊ တောနေရဟန်းသည်။ အာဒရံ၊ စွာ။ ယာစိတံ၊ တောင်းပန်အပ်သည်ကို။ အာသရန္တော၊ အဖန်ဖန် အောက်မေ့သည်ဖြစ်၍။ နဝါနံ ဝ၊ ရဟန်းငယ်တို့၏ဂုဏ်း။ ဥနာနံ ဝ၊ ပါဋိ,အဋ္ဌကထာ,ဋီကာတို့ကို ကြည့်ရှုနိုင် သိမြင်နိုင်သော ဉာဏ်စွမ်းနှုံသော ရဟန်းတို့၏ဂုဏ်း။ ဝ၊ ဉာဏ်အားနည်းသော ရဟန်းတို့၏ဂုဏ်း။ သုခပသိဘံ ဝ၊ ရှုလွယ်မှတ်လွယ်စေခြင်းငှါဂုဏ်း။ ပညတ္တိဒေဝတာဃ ဝ၊ ဝိနည်းတရား ထင်ရှားပွင့်လင်းစေခြင်းငှါဂုဏ်း။ ဝိရုဠှိယာ ဝ၊ စည်ပင်ပြန့်ပွား များစေခြင်းငှါဂုဏ်း။ တတော၊ ထို ဝိနည်းပိဋကမှ(ထည့်)။ ပရမ္ပကုယာဘာတံ၊ အစဉ်အဆက် မပျက် ဆောင်အပ်သော ပါဋိ,အဋ္ဌကထာ,ဋီကာပါဠိကို။ အာဒရိတ္တာ၊ အလေး ဂရုပြု၍။ ဝိနယဿ၊ ဝိနည်းပိဋကတ်၏။ ဝ၊ ဝိနည်းပညတ်၏။ ဝ၊ ဝိနည်းသိက္ခာပုဒ်၏။ ပဉ္စာဝိသဇ္ဇနံ၊ အမေးအဖြေကို။ ဝ၊ အမေး အဖြေကျမ်းကို။ ကရိဿံ၊ ရေးစီရင်ပေအံ့။

[ဥပဇ္ဈာတိဂါထာမျိုး ၁၁-လုံးဖွဲ့။ ဣန္ဒဝဇိရာ,ဥပေန္ဒဝဇိရာ ၂-ပါးကို ရော၍ ဖွဲ့သောကြောင့် ဥပဇ္ဈာတိမည်၏။ ပရိဇာန, ယာစိတတို့ကား နိဂ္ဂဟိတလောပ။ ဗုဒ္ဓဃောသာမအာရာဒ္ဓ် ပရိဇာန-ကား ဥတ္တမပေါရိုဏ်-၏ ဝိဒေသနာ။]

ပဌမကဏ္ဍ

ပဋိညာဉ်အရ ပဋိညာတဗွကို ပြဆိုလိုက်အံ့—

၁။ အသက်-၂၀ ပြည့်ပြီထင်၍ ရဟန်းခံခြင်း

မေး။ ။အသက်-၂၀ မပြည့်သော ရဟန်းလောင်းကို အသက်၂၀-ပြည့်ပြီဟူသောအမှတ်ဖြင့် ရဟန်းခံရာ ရဟန်းဖြစ်ပါမည်လော။

ဖြေ။ ။အမှတ်ရှိသော်လည်း အသက်-၂၀ မပြည့်သောကြောင့် ရဟန်းမဖြစ်ပါ။

အနာပတ္တိ ဥနဝီသတိဝဿံ ပရိပုဏ္ဏဝီသတိဝဿသညိတိ ဇ္ဈတ္တေ ကိဉ္စာပိ ဥပသမ္ပာဒေန္တဿ အနာပတ္တိ၊ ပဋိဂ္ဂလော ပန အနုပသမ္ပန္နော၀ ဟောတိ—

ဟု လာသော ပါစိတ်အဋ္ဌကထာ ဥနဝီသတိဝဿသိက္ခာပုဒ်အဖွင့်ကို ထောက်။

အနက်ကား— အနာပတ္တိ။ပ။ တ္ထေ၊ ဒ္ဍိ။ ဥပသမ္ပာဒေန္တဿ၊ ရဟန်းခံသော ဆရာသံဃာအား။ အနာပတ္တိ၊ အာပတ်မသင့်သည်။ ကိဉ္စာပိ ဟောတိ၊ အကယ်၍ကား ဖြင့်၏ရှင့်။ ပန၊ ထိုသို့ပင် အာပတ်မသင့်-သော်လည်း။ ပုဂ္ဂလော၊ ရဟန်းခံသောပုဂ္ဂိုလ်သည်။ အနုပသမ္ပန္နော၀၊ ရဟန်းမဖြစ်သည်သာ။ ဟောတိ၊ ၏။

၂။ ရဟန်းဖြစ်သည်ထင်၍ ရဟန်းဝတ်နေခြင်း

မေး။ ။ထိုသို့ ရဟန်းမဖြစ်ခဲ့သော် ရဟန်းလုပ်၍ နေခြင်း၌ အပြစ်ရှိမည်လော။

ဖြေ။ ။"ရဟန်းခံ၍ ရဟန်းဖြစ်သည်"ဟူသော အမှတ်သညာ ဖြင့်သာနေမူ အပြစ်မရှိပါ။

သောပိ စ ယာဝ နု ဇာနာတိ၊ တာဝဿ နေဝ သဂ္ဃန္တရာယော နု မောက္ခန္တရာယော၊ ဥတ္ဌာ ပန ပုန ဥပသမ္ပဒိတပ္ပံ—

ဟု လာသော ပါစိတ်အဋ္ဌကထာကိုထောက်။

အနက်ကား— သောပိ စ၊ ထိုအသက်-၂၀ မပြည့်ပဲ ပြည့်ပြီဟူသော အမှတ်ဖြင့် ရဟန်းခံသောသူသည်။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ နု ဇာနာတိ၊ မသိတတ်။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အဿ၊ ထိုရဟန်းအား။ သဂ္ဃန္တရာယော၊ နတ်ပြည် ရောက်မည်ကို တားမြစ်ခြင်းသည်။ နေဝ ဟောတိ၊ မဖြစ်။ မောက္ခန္တ-ရာယော၊ မင်္ဂုလ်ရမည်ကို တားမြစ်ခြင်းသည်။ နု ဟောတိ၊ မဖြစ်။ ဥတ္ဌာ၊ သိလတ်သော်။ ပုန၊ တဖန်။ ဥပသမ္ပဒိတပ္ပံ၊ ရဟန်းခံအပ်၏။

၃။ ရဟန်းဟူသောအမှတ်ဖြင့် ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးခြင်း

မေး။ ။ယိုအသက်-၂၀ မပြည့်ပဲလျက် ပြည့်ပြီဟူသောအမှတ်ဖြင့် ရဟန်းခံ၍ ဆယ်ဝါရှလျင် တပါးသော ရဟန်းလောင်းကို ဥပဇ္ဈာယ် ဆရာပြု၍ ရဟန်းခံမူ တပည့်ရဟန်းသည် ရဟန်းဖြစ်ပါမည်လော။

ဖြေ။ ။ထိုရဟန်းမဖြစ်ပဲလျက် ဖြစ်သည်ဟု ထင်မှတ်၍နေသော ဥပဇ္ဈာယ်ဆရာကိုလွှတ်၍ ဂိုဏ်းပြည့်ပူ ရဟန်းဖြစ်သည်။

သစေ ပန သော ဒသဝဿတော ဩရံ ဥပသမ္ပာဒေတိ၊ တဉ္ဉေ မုဉ္ဆိတ္ဝာ ဂဏော ပူရတိ၊ သူပသမ္ပန္နော—

ကက္လာ] ၄-ရဟန်းမဖြစ်သူ၊ ပါရာဇိကကျသူရဟန်းက ကမ္မဝါဖတ်ခြင်း ၅

ဟု ့လာသော ပါစိတ်အဋ္ဌကထာကိုထောက်။

သော၊ ထိုအသက်-၂၀ ပြည့်ပြီဟု ထင်မှတ်လျက် ရဟန်းခံသော သူသည်။ ဒသဝဿစ္ဆယေန၊ ဆယ်ဝါကိုလွန်သဖြင့်။ အည်း၊ တပါးသော သူကို။ သစေ ပန ဥပသမ္ပာဒေတိ၊ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံပေးငြားအံ့။ တံ၊ ထိုရဟန်းမဖြစ်ပဲ ရဟန်းဟု ထင်မှတ်၍နေသော ဥပဇ္ဈာယ်ကို။ မုဥ္ဆိတ္ဝာ၊ လွှတ်၍။ ဂဏှော၊ ဂိုဏ်းသည်။ ပူရတိ၊ ပြည့်၏။ သူပသမ္ပန္နော၊ နောက်ခံသောတပည့်သည် ကောင်းစွာ ရဟန်းဖြစ်၏။

၄။ ရဟန်းမဖြစ်သူ၊ ပါရာဇိကကျသူ ရဟန်းက ကမ္မဝါဖတ်ခြင်း

မေး။ ။ထိုရဟန်းမဖြစ်သော ဥပဇ္ဈာယ်ဆရာသည် တပါးသူကို ကမ္မဝါဖတ်မစေခင်းပဲ မိမိသည်ပင် ကမ္မဝါဆရာပြု၍ အဖန်တလဲလဲ ဖတ်သဖြင့် ရဟန်းခံမူ နောက်ခံသောတပည့် ရဟန်းဖြစ်ပါမည်လော။

ဖြေ။ ။ထိုရဟန်းဟု ထင်မှတ်၍နေသောဆရာသည် မိမိသည်ပင် ဥပဇ္ဈာယ်,ကမ္မဝါဆရာပြု၍ ရဟန်းခံရာ ကမ္မဝါစာဌ် လိမ္မာပါမူ တပါးသောရဟန်းတို့ မဖတ်သော်လည်း ထိုဆရာကိုလွှတ်၍ ဂိုဏ်းပြည့်မူ နောက်ခံသောတပည့် ရဟန်းဖြစ်သည်သာ။

အည်ံ ဥပသမ္ပာဒေတိတိ ဥပဇ္ဈာယော ကမ္မဝါစာစရိယော ဝါ ဟုတ္ဝာ ဥပသမ္ပာဒေတိ–

ဟု ဖွင့်သော သာရတ္ထဒီပနီဋီကာကိုထောက်။ ဝိမတိဝိနောဒနီဋီကာ, ဝိနယတ္ထမဉ္ဇူသာဋီကာတို့၌လည်း နည်းတူလာသည်။

အည်ံ။ပ။ဒေတိတိ၊ ဟူသည်ကား။ ဥပဇ္ဈာယော ဝါ၊ ဥပဇ္ဈာယ်ဆရာသည်လည်းကောင်း။ ကမ္မဝါစာစရိယော ဝါ၊ ကမ္မဝါစာဆရာသည်လည်းကောင်း။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပသမ္ပာဒေတိ၊ ရဟန်းခံပေး၏။

ထိုဋီကာ၌ ''ကမ္မဝါစာစရိယော'' ဟု ဆိုသဖြင့် ထိုအသက်-၂၀ မပြည့်ပဲ ပြည့်ပြီဟူသောအမှတ်ဖြင့် ရဟန်းခံသောသူသည် ကမ္မဝါစာ

ဖတ်၍ သူတပါးကို ရဟန်းခံပေးရာ ကမ္မဝါစာဌ် လိမ္မာမှု တပါးမသာ ရဟန်းတို့ မဖတ်သော်လည်း ကံအောင်ကြောင်းကို ပြတော်မူသည်။ ထိုစကားကိုထောက်၍ ပါရာဇိကကျသောရဟန်းသည် ကမ္မဝါစာဖတ်၍ တပါးသော သူ၏ ကံကို ဆောင်ရာဌ်လည်း ထိုပါရာဇိကကျသော ရဟန်းကိုလွှတ်၍ ဂိုဏ်းပြည့်မှူ ထိုကံအောင်သည်ဟု မှတ်ယူသင့်သည်။ ထိုကြောင့် ဝဇီရဗုဒ္ဓိဋီကာ ပဌမပါရာဇိကအဖွင့်ဌ်၌—

အဘိက္ခုနာ ကမ္မဝါစာယ သာဝိတာယပိ ကမ္မံ ရုဟတိ ကမ္မဝိပတ္တိယော အသမ္ဘဝတော—

ဟု ဆိုတော်မူ၏။

အဘိက္ခုနာ၊ ရဟန်းမဟုတ်သောသူသည်။ ကမ္မဝါစာယ၊ ကမ္မဝါစာကို။ သာဓိတာယပိ၊ ကြားသည်ရှိသော်လည်း။ ကံမ္မံ၊ ကံသည်။ ရုဟတိ၊ ရောက်၏။ ကမ္မဝိပတ္တိယာ၊ ကံပျက်ခြင်း၏။ အသမ္ဘဝတော၊ မဖြစ်သင့်သောကြောင့်တည်း။

ထို့ကြောင့် ဝိနယာလင်္ကာရဋီကာဌ်လည်း—

“ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန သံဃော ဉာပေတဗ္ဗော” တိ ဝစနတော ထေယျသံဝါသကာဒိအာစရိယေဟိ အနုသာဝနာယ ကတာယ ဉပသမ္ပဒါ နု ရုဟတိ၊ တေသံ အဘိက္ခုတ္တာဘာဝတော ဝစနမ္ပိ နု ဂဟေတဗ္ဗံ။

ကိဉ္စ ဘိယျော— “ဣမာနိ စတ္တာရိ ကမ္မာနိ ပဉ္စဟာကာရေဟိ ဝိပဇ္ဇန္တိ” တိအာဒိနာ နယေန ကမ္မာနံ သမ္ပတ္တိဝိပတ္တိယာ ကထိယမာနာယ “သတ္တဟိ အာကာရေဟိ ကမ္မာနိ ဝိပဇ္ဇန္တိ ဝတ္ထုတော ဝါ ဉတ္တိတော ဝါ အနုသာဝနတော ဝါ သီမတော ဝါ ပရိသတော ဝါ ဥပဇ္ဈာယတော ဝါ အာစရိယတော ဝါ” တိ အကထိတတ္တာ နု ဂဟေတဗ္ဗံ—

ဟု ဆိုတော်မူသည်။

ဗျတ္တေန၊ လိမ္မာသော။ ပဋိဗလေန၊ စွမ်းနိုင်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ သံဃော၊ သံဃာကို။ ဉာပေတဗ္ဗော၊ သိစေအပ်၏။ ဣတိ၊ ဤသို့။ ဝစနတော၊ ဟောခြင်းမူသောကြောင့်။ ထေယျသံ-ဝါသကာဒိအာစရိယေဟိ၊ ထေယျသံဝါသက အစရှိသောဆရာတို့သည်။ အနုဿာဝနာယ၊ ကမ္မဝါစာကို။ ကတာယ၊ ဖတ်ခြင်းကို ပြုသဖြင့်။ ဥပသမ္ပဒါ၊ ရဟန်းအဖြစ်သည်။ နာ ရုဟတိ၊ မရောက်။ တေသံ၊ ထိုထေယျသံဝါသက အစရှိသောသူတို့၏။ အဘိက္ခုတ္တာ၊ ရဟန်းမဟုတ်သည်၏ အဖြစ်ကြောင့်တည်း။ ဣတိ ဝစနံ၊ ဤသို့ ဆိုသောစကားကို။ နာ ဂဟေတဗ္ဗံ၊ မယူအပ်။ စတ္တာရိ၊ လေးပါးကုန်သော။ ဣမာနိ ကမ္မာနိ၊ ဤအပလောကနကံ, ဉတ်ကံ, ဉတ်ဒုတိယကံ, ဉတ်စတုတ္ထကံတို့သည်။ ပဥ္စဟိ၊ ငါးပါးဟုန်သော။ အာကာရေဟိ၊ ဝတ္ထု,ဉတ်, အနုဿာဝန, သီမာ, ပရိသ-ဟူသော အကြောင်းတို့ကြောင့်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ ဣတိအာဒိနာ၊ ဤသို့ စသည်ဖြင့်။ ဝုတ္တတ္တာ စ၊ ဆိုအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ ဝတ္ထုတော ဝါ၊ ဝတ္ထုအားဖြင့်လည်းကောင်း။ ဉတ္တိတော ဝါ၊ ဉတ်အားဖြင့်လည်းကောင်း။ အနုဿာဝနတော ဝါ၊ ဖြင့်လည်းကောင်း။ သီမတော ဝါ၊ ဖြင့်လည်းကောင်း။ ပရိသတော ဝါ၊ ဖြင့်လည်းကောင်း။ ဥပဇ္ဈာယတော ဝါ၊ ဖြင့်လည်းကောင်း။ အာစရိယတော ဝါ၊ ကမ္မဝါစာဆရာအားဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ သတ္တဟိ၊ ခုနစ်ပါးကုန်သော။ အာကာရေဟိ၊ အကြောင်းတို့ကြောင့်။ ဝါ၊ အကြောင်းတို့ဖြင့်။ ကမ္မာနိ၊ လေးပါးသော ကံတို့သည်။ ဝိပဇ္ဇန္တိ၊ ပျက်ကုန်၏။ ဣတိ၊ ဤသို့။ အကထိတတ္တာ စ၊ မဆိုအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ နာ ဂဟေတဗ္ဗံ၊ မယူအပ်။

ထို့ကြောင့် ပါရာဇိကကျသော ဒုဿီလရဟန်း ကမ္မဝါစာဖတ်ရာကံအောင်သည်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

ဝဇိရဗုဒ္ဓိဋီကာ ပဌမပါရာဇိကအဖွင့်ဋ္ဌပင်–

ဥပသမ္မန္နပုဒ္ဓော ဧဝ စေ ကမ္မဝါစံ သာဧေတိ၊ သံဃော စ တသ္မိံ ဥပသမ္မန္နသညီ၊ ဧဝဥ္စေ ကမ္မံ ရုဟတိ၊ နာ အညထာတိ နော ခန္ဓိတ် အာစရိယော။ ဂဟဋ္ဌော ဝါ တတ္ထိယော ဝါ ပဏ္ဍကော ဝါ! အနုပသမ္မန္နသညီ ကမ္မဝါစံ သာဧေတိ၊ သံဃေန ကမ္မဝါစာ နာ ဝုတ္တာ ဟောတိ။

"သံဃော ဥပသမ္မာဒေယျ၊ သံဃော ဥပသမ္မာဒေတိ၊ ဥပသမ္မန္နော သံဃေနာ"တိ ဟိ ဝစနတော သံဃေန ကမ္မဝါစာယ ဝတ္တဗ္ဗာယ သံဃပရိယာပန္နေန, သံဃပရိယာပန္နသညီတေန ဝါ ဧကေန ဝုတ္တာ သံဃေန ဝုတ္တာဝ ဟောတိတိ ဧဝဒိတဗ္ဗော။ အယမေဝ သဗ္ဗကမ္မေသု ယုတ္တိ-

ဟု ဆိုတော်မူ၏။

ဥပသမ္မန္နပုဒ္ဓော ဧဝ၊ ရဟန်းဖြစ်ဖူးသော သူကိုသာလျှင် (ဝါ) သူသည်သာလျှင်။ ကမ္မဝါစံ၊ ကို။ စေ သာဧေတိ၊ ကြားစေသည် ဖြင့်အံ့။ သံဃော စ၊ သံဃာသည်လည်း။ တသ္မိံ၊ ထိုရဟန်း၌။ ဥပသမ္မန္နသညီ၊ ရဟန်းဟု အမှတ်ရှိသည်။ ဧစေ ဟောတိ၊ ဖြစ်အံ့။ ဧဝဉ္စ၊ ဤသို့သာလျှင်။ ဧတံ ကမ္မံ၊ ထိုကံသည်။ ရုဟတိ၊ ရောက်၏။ အညထာ၊ တပါးသော အခြင်းအရာအား ဖြင့်။ နာ ရုဟတိ၊ မရောက်။ ဣတိ အယံ၊ ဤသည်လျှင်။ နော၊ ငါတို့၏။ ခန္ဓိ၊ နှစ်သက်ခြင်းတည်း။ ဣတိ၊ ဤသို့။ အာစရိယော၊ ဆရာသည်။ ဝဒတိ၊ ဆို၏။ ဂဟဋ္ဌော ဝါ၊ လူသည်လည်းကောင်း။ တိတ္ထိယော ဝါ၊ တတ္ထိသည်လည်းကောင်း။ ပဏ္ဍကော ဝါ၊ ဧဏ္ဍုက်သည်လည်းကောင်း။ အနုပသမ္မန္နသညီ၊ ရဟန်းမဟုတ်ဟု အမှတ်ရှိလျက်။ ကမ္မဝါစံ၊ ကို။ သာဧေတိ၊ ကြား၏။ သံဃေန၊ သည်။ ကမ္မဝါစာ၊ ကို။ နာ ဝုတ္တာ၊ မဆိုအပ်သည်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ သံဃော ဥပသမ္မာဒေယျ။ပ။သံဃေနာတိ၊ ဟူ၍။ ဝစနတော၊ ဟောတော်မူသောကြောင့်တည်း။ သံဃေန၊ သည်။ ကမ္မဝါစာယ၊ ကို။ ဝတ္တဗ္ဗာယ၊ ဆိုအပ်လတ်သော်။ သံဃပရိယာပန္နေန၊ သံဃာ၌ အကျုံးဝင်သော။ ဝါ၊ အတွင်းဝင်သော။ သံဃ-

ပရိယာပန္နသည်ဖေတန၊ သံဃံဒါ၌ အတွင်းဝင်သည်ဟု အမှတ်ရှိသည်လည်း ဖြစ်သော။ ဧကေန၊ တယောက်သောရဟန်းသည်။ ဝါ၊ ပါရာဇိကကျသောရဟန်းသည်။ ဝုတ္တာ၊ ဆိုအပ်သည်ရှိသော်။ သံဃေန၊ သည်။ ဝုတ္တာဝ၊ ဆိုအပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့။ ဝေဒိ-တဗ္ဗော၊ သိအပ်၏။ အယမေဝ၊ ဤစကားသည်သာလျှင်။ သဗ္ဗကမ္မေသု၊ ခပ်သိမ်းသောကံတို့၌။ ယုတ္တို၊ သင့်သောစကားတည်း။

လူ့အသွင်ဖြင့် သံဃံဒါအလယ်သို့ ဝင်၍ ကမ္မဝါစာဖတ်မှု သံဃာဟူ မထင်မှတ်နိုင်သောကြောင့် ထိုလူဖတ်သော ကမ္မဝါစာဖြင့် ကံမအောင်ဟုမှတ်လေ။

ဤစကားအရ ဝဇိရဗုဒ္ဓိဋီကာကို ကြည့်လိုမူ ဆယ်ကြောင်းပေ ၎-အင်္ဂါ၊ ၎-ချပ် ကျော်ဘက်မှာရှုလေ။

၅။ ပါရာဇိကကျသူ ရဟန်းထံ၌ သာမဏေပြုခြင်း

မေး။ ။ပါရာဇိကကျသောရဟန်းထံ သရဏကုံခံယူ၍ သာမဏေပြုရာ သာမဏေဖြစ်ပါမည်လော။

ဖြေ။ ။ပါရာဇိကကျသော ရဟန်းသည် ပါရာဇိကကျသည်ကို သိလျက် နေသည်ဖြစ်စေ၊ မသိ၍ နေသည်ဖြစ်စေ ရဟန်းဟူသော ပဋိညာဉ်ဖြင့်နေ၍ တပည့်သာမဏေကို သရဏကုံပေး၍ ရှင်ပြုရာ ဆရာတပည့် နှစ်ပါးပင် သရဏကုံကို ပြည့်စုံအောင်ဆိုနိုင်မူ ဥပသမ္ပဒကံကဲ့သို့ သာမဏေဖြစ်သည်။

အညံ ဥပသမ္ပာဒေတိတိ ဥပဇ္ဈာယော ကမ္မဝါစာစရိယော ဝါ ဟုတ္ဝာ ဥပသမ္ပာဒေတိ–

ဟု လာသော သာရတ္ထဒီပနိဋီကာ,ပိမတိဝိနောဒနီ,ဝဇိရဗုဒ္ဓိဋီကာတို့ကို လည်းကောင်း၊

အာဘိက္ခုနာ ကမ္မဝါစာယ သာဝိတာယပိ ကမ္မံ ရုဟတိ ကမ္မဝိပတ္တိယာ အသမ္ဘဝတော–

ဟု လာသော ဝဇိရဗုဒ္ဓိဋီကာကိုလည်းကောင်း ထောက်လေ။

ပါရာဇိကကျသောရဟန်းသည် ဥပသမ္ပဒကမ္မဝါစာဖတ်ရာ ကမ္မဝါစာ ပီဓအောင်ဆိုနိုင်မှု ထိုပါရာဇိကကျသော ရဟန်းကို လွှတ်၍ ဂိုဏ်းပြည်လျှင် ရဟန်းခံသောသူသည် ရဟန်းဖြစ်သကဲ့သို့၊ ပါရာဇိကကျသောရဟန်း သရဏဂုံပေး၍ ရှင်ပြုရာ သရဏဂုံ ပီသအောင်ပေးနိုင်လျှင် သာမဏေဖြစ်ထိုက်သည်ဟု မှတ်ယူသင့်သည်။

ဒုဿီလရဟန်းထံမှာ ရဟန်းဟု ထင်မှတ်၍ သရဏဂုံ ပဉ္စသီလ ခံယူသောလူတို့မှာ ဆိုဖွယ်ရာမရှိ။ သရဏဂုံ သီလပြည့်စုံကြသည်ဟု မှတ်။

၆။ ပါရာဇိကဖြင့် ယုံပွားသူကို ရှိခိုးခြင်း

မေး။ ။ထိုပါရာဇိကကျသော ရဟန်းကို ပါရာဇိကကျသည်ဟု အမှန်လည်းမဆိုနိုင်၊ သံသယလည်းမကင်းနိုင်၊ ထိုရဟန်းကို ရှိခိုးခြင်း လက်အုပ်ချီခြင်း၌ အပြစ်ရှိမည်လော။

ဖြေ။ ။ပါရာဇိကကျသော ရဟန်းသည် မိမိပါရာဇိကကျသည် အဖြစ်ကို ဝန်မခံသမျှကာလပတ်လုံး ရဟန်းဟု ခေါ်ဝေါ်ထိုက်သည်ဖြစ်၍ သံသယရှိသော်လည်း ရှိခိုးခြင်း လက်အုပ်ချီခြင်းကိုပြုရာ အပြစ်မရှိ။

ပါရာဇိကံ အာပန္နော ဟိ တံ ပဋိစ္စာဒေတ္ဝာ ယာဝ ဘိက္ခုပဋိညော ဟောတိ၊ တာဝ ဘိက္ခု ဧဝ ဟောတိ ဘိက္ခူနမေဝ ပါရာဇိကဿ ပညတ္တတ္တာ။ ယော ပန ဘိက္ခူတိ ဟိ စုတ္တံ။ တထာ ဟိ သော သံဝါသံ သာဒိယန္တောပိ ထေယျသံဝါသကော နာ ဟောတိ၊ သဟသေယျာဒိအာပတ္တိဥ္စ နာ ဇနေတိ၊ အတ္တာနံ ဩမသန္တဿ ပါစိတ္တိယဥ္စ ဇနေတိ–

ဟု လာသော ဝိဓတိဝိနောဒနီဋီကာ ပဌမပါရာဇိကအဖွင့်ကိုထောက်။ သာရတ္ထဒီပနီဋီကာ၌လည်း လာသည်။

ဟိ၊ မူန်၏။ ပါရာဇိကံ၊ သို့။ အာပန္နော၊ ရောက်သောရဟန်း သည်။ တံ၊ ထိုပါရာဇိကကို။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခုပဋိဉာဉော၊ ရဟန်းဟု ဝန်ခံသည်။ ဟောတိ၊ ၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘိက္ခု ဧဝ၊ ရဟန်းမည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခူနမေဝ၊ ရဟန်းတို့အားသာလျှင်။ ပါရာဇိကဿ၊ ပါရာဇိကကို။ ပညတ္တတ္တာ၊ ပညတ်တော်မူသည်၏ အဖြစ်ကြောင့်တည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သောပိ၊ ရဟန်းကို(သည်)လည်း။ ဘိက္ခူတိ၊ ရဟန်းဟူ၍။ ဝုတ္တံ(ဝုတ္တော)၊ ဆိုအပ်၏။ တထာ ဟိ တတော ဧဝ၊ ထိုကြောင့် သာလျှင်။ သော၊ ထိုရဟန်းသည်။ သံဝါသံ၊ ရဟန်းတို့ ရှိခိုးခြင်း အစရှိသော သံဝါသကို။ သာဒိယန္တောပိ၊ သာယာသော်လည်း။ ထေယျသံဝါသကော၊ သည်။ နော ဟောတိ၊ မဖြစ်။ သဟသေယျာဒိ-အာပတ္တိဥ္စ၊ သဟသေယျစသောအာပတ်ကိုလည်း။ နော ဇနေတိ၊ မဖြစ်စေ။ အတ္တာနံ၊ မိမိကို။ သြမသန္တံသဃ၊ ဆဲသောရဟန်းအား။ ပါစိတ္တိယဉ္စ၊ ပါစိတ်အာပတ်ကိုလည်း။ ဇနေတိ၊ ဖြစ်စေ၏။

ထိုဋီကာပါဠ်၌ သံဝါသကို သာယာသော်လည်း ထေယျသံဝါသက မဖြစ်ဟု ပြသဖြင့် ရှိခိုးခြင်း နေရာခင်းခြင်း အစရှိသော သံဝါသကို ပြုသော ရဟန်းသည်လည်း အဖြစ်မရှိဟု ပြတော်မူသည်။ သဟသေယျာဒိ၌ အာဒိသဒ္ဒါဖြင့်လည်း ရှိခိုးခြင်း လက်အုပ်ချီခြင်း နေရာခင်းခြင်း အဘူအကပ်ခံ၍စားခြင်း အစရှိသည်တို့ကို ပြုသောရဟန်းတို့အားလည်း အာပတ်ကို မဖြစ်စေဟု ပြတော်မူသည်။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း—

အကုပ္ပေန ဥပသမ္ပန္နော ပန ပစ္ဆာ ပါရာဇိကောပိ ဇာတော ဥပသမ္ပန္နဋ္ဌာနေ တိဋ္ဌတိ—

ဟု မိန့်တော်မူသည်။

အကုပ္ပေန၊ သမ္ပတ္တိငါးပါးနှင့်ပြည့်စုံ၍ မပျက်သဖြင့်။ ဥပသမ္ပဒန္နောပန၊ ပဉ္စင်းဖြစ်သော ရဟန်းသည်ကား။ ပစ္ဆာ၊ နောက်မှု။ ပါရာဇိကောပိ၊ ပါရာဇိကကျသော်လည်း။ ဇာတိတော၊ ဘိက္ခုဇာတ်အားဖြင့်။ ဥပသမ္ပန္နဋ္ဌာနေ၊ ရဟန်းအရာ၌။ တိဋ္ဌတိ၊ တည်၏။

တေရသကဏ်ဍိကာ သံဃာဒိသိသိ ဒုဋ္ဌဒေါသ သိက္ခာပုဒ်အဖွင့်၌ လည်း—

အန္တိမဝတ္ထုံ အဇ္ဈာပန္နဿ အဝန္ဟနိယေသု အဝုတ္တတ္တာ တေန သဒ္ဓိံ သယန္တဿ သဟသေယျာပတ္တိယာ အဘာဝတော, တဿ စ ပဋိဂ္ဂဟကဿ ရုဟကတော တဒေဝ ယုတ္တတရန္တိ ဝိညာယတီ—

ဟု မိန်တော်မူ၏။

အန္တိမဝတ္ထုံ အဇ္ဈာပန္နဿ၊ ပါရာဇိကကျသော ရဟန်းအား။ အဝန္ဟနိယေသု၊ ရှိမခိုးအပ်သောပုဂ္ဂိုလ်တို့၌။ အဝုတ္တတ္တာ၊ မဆိုသောကြောင့်။ တေန၊ ထိုပါရာဇိကကျမသော ရဟန်းနှင့်။ သဒ္ဓိံ၊ အတူ။ သယန္တဿ၊ အိပ်သောရဟန်းအား။ သဟသေယျာပတ္တိယာ၊သဟသေယျအာပတ်၏။ အဘာဝတော၊ မရှိသည်၏အဖြစ်ကြောင့်။ တဿ စ၊ ထိုပါရာဇိကကျသော ရဟန်းအားလည်း။ ပဋိဂ္ဂဟကဿ၊ အကပ်ခံခြင်း၏။ ရုဟကတော၊ ရောက်သည်၏အဖြစ်ကြောင့်။ တဒေဝ၊ ထိုပါရာဇိကကျသော ရဟန်းကို ရှိခိုးခြင်း၌ အာပတ်မသင့်ဟု ဆိုအပ်သော စူဠဂဏ္ဌိ,မဇ္ဈိမဂဏ္ဌိ စကားသည်သာလျှင်။ ယုတ္တတရံ၊ သင့်မြတ်၏။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။

ထိုဒုက္ကာကိုထောက်၍ ပါရာဇိကကျသောရဟန်းသည် အကပ်ခံရာ အကပ်ခံမြောက်သည်ဟု မှတ်။

၇။ ပါရာဇိကကျသူမှန်းသိလျက် ရှိခိုးခြင်း

မေး။ ။ထိုပါရာဇိကကျသော ရဟန်းကို ကေန္တသိရာ၌ ရှိခိုးရာအပြစ်ရှိသည်ဟု မှတ်ရမည်လော။

ဖြေ။ ။ပါရာဇိကကျသော ရဟန်းကို ဧကန္တကျသည်ကို သိမြင်သော်လည်း ရဟန်းဟု ဝန်ခံခြင်းရှိမူ ရှိခိုးခြင်း လက်အုပ်ချီခြင်းကို ပြုသော်လည်း အပြစ်မရှိ။

ကိဉ္စာပိ ယာဝ သော ဘိက္ခုဘာဝံ ပဋိဇာနာတိ၊ တာဝ ဝန္ဒိတဗ္ဗော။ ယဒါ ပန "အသမဏောမ္ဳိ"တိ ပဋိဇာနာတိ၊ တဒါ န ဝန္ဒိတဗ္ဗော–

ဟု လာသော တေရသကဏ်ဍီကာ ဒုဋ္ဌဒေါသအဖွင့်ကိုထောက်။

ယာဝ၊ လုံး။ သော၊ ထိုပါရာဇိကကျသော ရဟန်းသည်။ ဘိက္ခု-ဘာဝံ၊ ရဟန်း၏အဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ တာဝ၊ လုံး။ ဝန္ဒိတဗ္ဗော၊ ရှိခိုးအပ်သည်။ ကိဉ္စာပိ ဟောတိ၊ ဖြစ်၍ရှင့်၊ ပန၊ ထို့သို့ပင်ဖြစ်သော်လည်း။ ယဒါ၊ အကြင်အခါ၌။ အသမဏောမ္ဳိတိ၊ ငါ ရဟန်းမဟုတ်သည် ဖြစ်၏ဟူ၍။ ပဋိဇာနာတိ၊ ဝန်ခံ၏။ တဒါ၊ ထို့ဝန်ခံသောအခါ၌။ န ဝန္ဒိတဗ္ဗော၊ ရှိမခိုးအပ်။

၈။ အလင်္ဂီဒုဿီလဟု သံသယရှိလျက် ထောက်ပံ့ခြင်း

မေး။ ။ထိုအလင်္ဂီဒုဿီလဖြစ်သော ပါရာဇိကကျသော ရဟန်းကို အမှန်မသိနိုင်သော်လည်း သံသယမကင်းရှိလျက် ချီးမြှင့် ထောက်ပံ့ရုံ အပြစ်မရှိဟု မှတ်ရမည်လော။

တေ ၊ဟတ္ထပါသတော ဗဟိကရဏဝသေန ဝဋ္ဋတဗ္ဗာ။ တေသု ဟိ တိဝိဓဥက္ခိတ္တကေ သတိ ဥပေါသထံ ကရေန္တော သံဃော ပါစိတ္တိယံ အာပဇ္ဇတိ။ သေသေသု ဒုက္ကဋံ—

ဟုလာသော မာတိကာ အဋ္ဌကထာကို ထောက်။

တေ၊ ထိုဝဋ္ဋနီယ နှစ်ကျိပ်တယောက်သော ပုဂ္ဂိုလ်တို့ကို။ ဟတ္ထပါသတော၊ တတောင်ထွာဟတ္ထပါသ်မှ။ ဗဟိကရဏဝသေန၊အပပြုသည်၏ အစွမ်းဖြင့်။ ဝဋ္ဋတဗ္ဗာ၊ကြည်အပ်ကုန်၏။ဟိ၊မှန်၏။ ထေတသု၊ ထိုပုဂ္ဂိုလ်တို့တွင်။ တိဝိဓေ၊ သုံးယောက်အပြားရှိသော။ ဥက္ခိတ္တကော၊ ဥက္ခိတ္တကဲ့ရဟန်းသည်။ သတိ၊ရှိလျက်။ ဥပေါသထံ၊ ကို။ ကရောန္တော၊ ပြုသော။ သံဃော၊သည်။ ပါစိတ္တိယံ၊သို့။ အာပဇ္ဇတိ၊ ရောက်၏။ သေသေသု၊ ကြွင်းသောပုဂ္ဂိုလ်တို့၌။ ဒုက္ကဋံ၊ ၏။

တေရသကဏ်ဍိကာ, ပါဘိမောက္ခပဒတ္ထအနုဝဏ္ဏနာတို့၌လည်း နည်းတူလာသည်။

၂၁။ ဝဋ္ဋနီယပုဂ္ဂိုလ်ရှိလျက် အပ်ကြောင်း

မေး။ ။ထိုဝဋ္ဋနီယ ပုဂ္ဂိုလ်တို့သည် တသိမ်တည်း၌ ရှိနေလျက် ထိုဝဋ္ဋနီယ ပုဂ္ဂိုလ်တို့နှင့် ဟတ္ထပါသ် လွတ်အောင်နေ၍ ကံဆောင်မှု အပြစ်လွတ်ပါမည်လော။

ဖြေ။ ။လူနတ် စသော ဝဋ္ဋနီယ ပုဂ္ဂိုလ်တို့သည် တသိမ်တည်း၌ ရှိနေသော်လည်း ဟတ္ထပါသ် လွတ်အောင်နေ၍ ကံဆောင်မှု အာပတ်မသင့် အပြစ်မရှိ၍ ဆောင်ကောင်းသည်။

ဘိက္ခုနိယာ နိသိန္နပရိသာယဘိအာဒိသု ဟတ္ထပါသူပဂမနမေဝ ပမာဏံ—

ဟု မဟာဝဂ်အဋ္ဌကထာ ဥပေါသထက္ခန္ဓက အဖွင့်၌ လာသည်။

ဟတ္ထပါသူပဂမနမေဝ ပမာဏန္တိ ဘိက္ခုနိအာဒယော ဌိတာ ဝါ ဟောန္တု နိသိန္နာ ဝါ။ တေသံ ဟတ္ထပါသူပဂမနမေဝ အာပတ္တိယာ ပမာဏန္တိ အဓိပ္ပါယော။ တသ္မာ ကေသိမာယမိဿိ ဟတ္ထပါသံ ဇဟာပေတ္ဝာ ဥပေါသထံ ကားတုံ ဝဋ္ဋတီ—ဟုလာသော တေရသကဏ် ဌီကာကိုထောက်။

ဟတ္ထပါသူပမုခမေဝ ပမာဏန္တိ၊ဟူသည်ကား။ဘိက္ခုနိအာဒယော၊ ဘိက္ခုနိမစသော ဝဋ္ဋနီယပုဂ္ဂိုလ်တို့သည်။ ဌိတာ ဝါ၊ တည်ကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ နိသိန္နာ ဝါ ထိုင်ကုန်သည်လည်း။ ဟောန္တု ဖြစ်စေကုန်။ တေသံ၊ ထိုဝဋ္ဋနီယ ပုဂ္ဂိုလ်တို့၏။ ဟတ္ထပါသူပဂမနမေဝ၊ ဟတ္ထပါသ်တင်းဌ် နေခြင်း သည်သာလျှင်။ အာပတ္တိယာ၊ ပါစိတ်,ဒုက္ကဋ်အာပတ်၏။ ''ပမာဏံ၊ ပမာဏမည်၏။ ဣတိ အယံ၊ လျှင်။ အဓိပ္ပါယော၊ အလိုတော်တည်း။ တသ္မာ၊ ထို့ကြောင့်။ ကေသိမာယမိဿိ၊ တသိမ်တည်းဌ်လည်း။ ဟတ္ထပါသံ၊ ကို။ ဇဟာပေတ္ဝာ၊ စွန့်နေစေ၍။ ဥပေါသထံ၊ ကို။ ကာတုံ၊ ငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုဌီကာပါဌ်ကိုထောက်၍ မိန်းမ ယောကျ်ားတို့သည် ခဏ္ဍသိမ်ဌ် ဝင်၍နေရာ ရှိသေမူ အပြစ်မရှိဟု မှတ်လေ။

၂၂။ ကံဆောင်ရာဌ် လိုအပ်သောဟတ္ထပါသ်

မေး။ ။ဟတ္ထပါသ်အရမှာ တတောင်ထ္ဝာဟတ္ထပါသ်, နှစ်တောင်ထ္ဝာ ဟတ္ထပါသ်, တဆယ့်နှစ်တောင်ထ္ဝာဟတ္ထပါသ်တို့တွင် ဥပုသ်စသော ကံဆောင်ရာ ဟတ္ထပါသ်ကို အဘယ်သို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ထို သုံးပါးသော ဟတ္ထပါသ်မှာ့ ဥပုသ်စသော ကံကို ဆောင်ရာဌ် တဆောင်ထ္ဝာဟတ္ထပါသ်ကို ယူရမည်။

ဟတ္ထပါသော နာမ ဒိယဓုဟတ္ထပ္ပမာဏော—

ဟုလာသော ပတ္တကလ္လ အင်္ဂါလေးပါးအရာဌ် ဖွင့်ဆိုတော်မူသော ဝိနယမဉ္ဇူသာဌီကာ, ခုဒ္ဒသိက္ခာဌီကာတို့ကိုထောက်။

ဟုတ္ထုပါဧသော နှာမ၊ မည်သည်ကား။ ဒီယဓုဟတ္ထုပ္ပမာဏော၊ အခဲ့နှင့်တကွ နှစ်ခုမြောက်သောလက်ပ့မာဏတည်း။ ဝါ၊ တဧကောင်ထွာ ပမာဏတည်း။

"အဧဖုန ဒုတိယော ဒီယဧဖု" ဟု ဆိုသော တဒ္ဓိဘ်သုတ်၏ ဥဒါဟာရဏ် ဝိဂြိုဟ်နှင့်ညီဧ။ ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ၌လည်း—

ဟတ္ထသ ပါသော သမီပေါ ဩကာဧသော၊ ဧဒေဝန ဒီယဓုဟတ္ထုပ္ပမာဏော ပဒေသော ဂဟေတဗ္ဗော၊ နာ ဒွါဒသဟတ္ထုပါသော။ ဣဓ ဋီကာယံ အာဂတော ဒီယဓုဟတ္ထုပါဧသော အညမညဝသေန, ပဋိဂ္ဂဟဏသိက္ခာပဒေ အာဂတော အဓိကယုဟတ္ထုပါသော ဘိက္ခုပဋ္ဌာနဝသေန ဧဝဒီတဗ္ဗော—

ဟု ဆိုတော်မူ၏။

ဟတ္ထသ၊ လက်၏၊ ပါသော သမီပေါ ဩကာသော၊ အရုပ်သည်။ ဟတ္ထုပါသော၊ မည်၏။ ဧတေန၊ ဤလက်ဖြင့်။ ဒီယဓုဟတ္ထုပ္ပမာဧဏော၊ အခဲ့နှင့်တကွ နှစ်ခုမြောက်သော လက်ပမာဏရှိသော။ ပဧသော၊ အရုပ်ကို။ ဂဟေတဗ္ဗော၊ ၏။ ဒွါဒသဟတ္ထုပါသော၊ တဆယ့် နှစ်တောင် လက်အရုပ်ကို။ နာ ဂဟေတဗ္ဗော၊ မယူအပ်။ ဣဓ၊ ဤဥပုသ်စသော ကံအရာ၌။ ဋီကာယံ၊ ဝိနယတ္ထမဉ္ဇုသာဋီကာ၌၊ အာဂတော၊ လာသော။ ဒီယဓုဟတ္ထုပါသော၊ အခဲ့နှင့်တကွ နှစ်ခုမြောက်သောလက် အရုပ်ကို။ ဝါ၊ တဧကောင်ထွာဟတ္ထုပါသိ့ကို။ အညမညဝသေန၊ ဟပါး သည် တပါး၏ အစွမ်းဖြင့်။ ပဋိဂ္ဂဟဏသိက္ခာပဒေ၊ ဩဝါဒံသော သိက္ခာပုဒ်၌။ အာဂတော၊ လာသော။ အဓိကတေယျဟတ္ထုပါသော၊ အခဲ့နှင့်တကွ သုံးခုမြောက်သောလက်အရုပ်ကို။ ဝါ၊ နှစ်တောင်ထွာ-ဟတ္ထုပါသိ့ကို။ ဘိက္ခုပဋ္ဌာနဝသေန၊ ရဟန်းတို့အကပ်ခံခြင်း၏ အစွမ်း အားဖြင့်။ ဧဝဒီတဗ္ဗော၊ ၏။

ဟတ္ထသ ပါသော ဟတ္ထုပါသောဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝိဂြိုဟ်ပြု။ ဟတ္ထသ၊ လက်၏၊ ပါသော၊ အရုပ်တည်း။ ဟတ္ထုပါသော၊ လက်၏ အရုပ်။ ဇဧတောင်ဆစ်မူးစ၍ လက်ဖျံတိုင်အောင် အရုပ် ဂုဧစ။

ဤသို့လောသော ဋီကာတို့ကိုထောက်၍ ကံဆောင်ရာ၌ တတော်ထဲ့ဟတ္ထပါသိဟု သန္နိဋ္ဌာန်ကျမှတ်လေ။

၂၃။ ဇဋိယတိရစ္ဆာန်များ

မေး။ ။ထိုဇဋိယပုဂ္ဂိုလ်တို့တွင် တိရစ္ဆာန်အရကို အဘယ်သို့ မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုဇဋိယပုဂ္ဂိုလ်အရာ၌ တိုရစ္ဆာန်အရမှာ နွားမြင်းစသော တိရစ္ဆာန်ကိုမယူမူ၍ ရဟန်းခံခြင်းကို ပယ်အပ်သော အမနုဿဇာတ်ရှိသော နဂါး၊ ဂဠုန် စသည်တို့ကိုသာ တိရစ္ဆာန်အရ ယူရမည်။

ဤ စ ဝါရစ္ဆာနဂတောတိ ယဿ ဥပသမ္ပဒါ ပဋိက္ခိတ္တာ-ဟု ပွင့်သော မာတိကာအဋ္ဌကထာကိုထောက်။

ဤအရာ၌ မာတိကာအဋ္ဌကထာမှာ အချို့ပေတို့၌ "မက္ခိကာဒယော ပန အဇ္ဈောဟာရိကာ" ဟူ၍ ပါဠိရှိသည်။ ၎င်းပါဠိသည် မရှိသင့်ဟု ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာကျမ်း၌ ပယ်တော်မူသည်။ ဝိနယတ္ထမဉ္ဇူ-သာဋီကာ၌လည်း-

> တိရစ္ဆာနဂတောတိ အန္တမသော သက္ကံ ဒေဝရာဇာနံ ဥပါဒါယ ယော ကောစိ နာဂမာဏဝကာဒိကော အမနုဿဇာ-တိကော ဝေဒ်တဇ္ဈော၊ န အဿဂေါဏာဒယောတိ။ တေနာဟ "ဇဋိ စာ တအာဒိ။ တတ္ထ ဇဋာတာ တေဿ ဝဇ္ဇနယပုဂ္ဂ-လကထာယံ။ ယဿ ဥပသမ္ပဒါ ပဋိက္ခိတ္တာတိ "တိရစ္ဆာနဂ-တော ဘိက္ခဝေ အနုပသမ္ပန္နော နု ဥပသမ္ပါဒေတဇ္ဈော" တိ ယဿ နာဂသုပဏ္ဏာဒိနော တိရစ္ဆာနဂတဿ ဥပသမ္ပဒါ ပဋိ-က္ခိတ္တာ သော ဣဓာပိ တိရစ္ဆာနဂတော နာမာတိ အတ္ထော။ တတ္ထ ဟိ အန္တမသော ဒေဝေ ဥပါဒါယ နာဂမာနဝကာဒိ-ကော ယော ကောစိ အမနုဿဇာတိကော တိရစ္ဆာနာဂတောတိ

အဓိပ္ပေတော။ ဝုတ္တံ ဟိ သမန္တပါသာဒိကာယဉ္စ "တိရစ္ဆာန-ဂတော ဘိက္ခဝေတိ ဇတ္ထ နာဂေါ ဝါ ဖောတု သုပဏ္ဏ-မာဏဝကာဒီနံ ဝါ အညတရော၊ အန္တမသော သက္ကံ ဒေဝ-ရာဇာနံ ဥပါဒါယ ယော ကောစိ အမနုဿဇာတိကော၊ သော သဗ္ဗော၀ ဣမသ္မိံ အတ္ထေ တိရစ္ဆာနဂတောတိ ဝေဒိတဗ္ဗော" တိ ဝတံ၁

ဟု ဖွင့်ဆိုတော်မူ၏။

တိရစ္ဆာနဂတောတိ၊ ဟူသည်ကား။ အန္တမသော၊ အယုတ်သဖြင့်။ သက္ကံ ဒေဝရာဇာနံ၊ သိကြားနတ်မင်းကို။ ဥပါဒါယ၊ စဲ၍။ ယောကောစိ၊ အမှတ်မရှိသော။ နာဂမာဏဝကာဒိကော၊ နဂါးလုလင် အစရှိသော။ အမနုဿဇာတိကော၊ လူဇာတ်မရှိသောသူကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အဿဂေါဏာဒယော၊ မြင်းနွားစသော သတ္တဝါတို့ကို။ န ဝေဒိတဗ္ဗော၊ ကုန်။ တေန၊ ထို့ကြောင့်။ ဇတ္ထ စာတိအာဒိ၊ ကို။ အာဟာ၊ ၏။ တတ္ထဝစနေ၊ ထို့စကားရပ်၌။ ဇတ္ထာတိ၊ ကား။ တိရစ္ဆာနဂတော ဘိက္ခဝေါ၊ ပ။ ဝေဒိတ-ဗ္ဗောတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဟောတော်မူသောကြောင့်။ နာဂသုပဏ္ဏာဒိ-နော၊ နဂါး ဂဠုန် အစရှိသော။ ယဿ တိရစ္ဆာနဂတဿ၊ အား။ ဥပသမ္ပဒါ၊ ပဉ္စင်း အာဖြစ်ကို။ ပဋိက္ခိတ္တာ၊ ပယ်အပ်၏။ သော၊ ထို့တိရစ္ဆာန်သည်။ ဣဓ၁ပိ၊ ဤဝဋ္ဋနိယကဏ္ဍ၌လည်း။ တိရစ္ဆာနဂတော နာမ၊ မည်၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ ဟိ၊ မူန်၏။ တတ္ထ၊ ထို့တိရစ္ဆာန်စကား၌၊ အန္တမသော၊ ဖြင့်။ ဒေဝ၊ သိကြား စသော နတ်တို့ကို၊ ဥပါဒါယ၊ စဲ၍။ နာဂမာဏဝကာဒိကော၊ နဂါးလုလင် အစရှိသော၊ လူဇာတ် မရှိသောသူကို။ တိရစ္ဆာနဂတောတိ၊ ဟူ၍။ ဒေဝိဿရာ၊ ၏။ ပ၊ မူန်၏။ သမန္တပါသာဒိကာယဉ္စ၊ ၌လည်း။ တိရစ္ဆာနဂတော ပဋိက္ခေဝတ္ထု ဇတ္ထ၊ ၌။ နာဂေါ ဝါ၊ နဂါး သည်လည်း။ ဟောတု၊ စေ။ သုပဏ္ဏ-မာဏဝကာဒီနံ၊ ဂဠုန် လုလင် စသည် တို့ပင်။ အညတရော ဝါ၊ တယောက်သည်လည်း။ ဟောတု၊ စေ။ အန္တမသော၊ ဖြင့်။ သက္ကံ

ဒေဝရာဇာနံ၊ကို။ ဥပါဒါယ၊ ၍၊ ယောကောစိ၊ သော။ အမနုဿ-
ဇာတိဒကာ၊ လူဇာတ်မဟုတ်သောသူသည်။အတ္ထိ၊ ၏။ သော သပ္ပေဝ၊
ထိုအလုံးစုံသော သတ္တဝါကို သာ လျှင်။ ဣမသ္မိံ အတ္ထေ၊ ၌။
ဟိုရဆ္ဆာနဂတောတိ၊ ဟူ၍။ ဝေဒိဘပ္ပေါ၊၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ၏။
ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဌ်လည်း-

အဌကထာယံ လိခိတော “ယက္ခိကာဒဒယော အပ္ပေါဟာရိ-
ကာ” တိ ပါဠေါ ဥပေါသထက္ခန္ဓကအဌကထာယဉ္စ ဒီကာသု
စ အဝုတ္တတ္တာ ပန္ဆာ ပက္ခိတ္တပါဠေါတိ ဝေဒိတပ္ပေါ။ သစေ
ဟိ ပုရောဏပါဠေါ ဟောတိ၊ ယုတ္တောတိ ဝါ အယုတ္တောတိ
ဝါ ဒီကာယံ ဝဒေယျ၊ န ပန ဝေံ ဝဒတိ-

ဟု ဆိုတော်မူ၏။

အဌကထာယံ၊ မာတိကာ အဌကထာဌ်။ မက္ခိကာဒဒယော အပ္ပေါ-
ဟာရိကာတိ၊ ယူ၍။ လိခိတော၊ ရေးအပ်ဒသော။ ပါဠေါ၊ သည်။
အတ္ထိ၊ ၏။ သော၊ ထိုပါဌ်ကို။ ဥပေါသထက္ခန္ဓကအဌကထာယဉ္စ၊ ဌ်
လည်းကောင်း။ ဒီကာသု စ၊ ဒီကာကြိုးသုံးစောင်တို့ဌ်လည်းကောင်း။
အဝုတ္တတ္တာ၊ ကြောင့်။ ပန္ဆာ၊ မှ။ ပက္ခိတ္တပါဠေါတိ၊ ထည့်သောပါဌ်
ဟူ၍။ ဝေဒိတပ္ပေါ၊ ၏၊ ဟိ၊ မှန်၏။ ပုရောဏပါဠေါ၊ ရှေးပါဌ်
ဟောင်းသည်။ သစေ ဟောတိ၊ အံ့။ ယုတ္တောတိ ဝါ၊ ဟူ၍ လည်း
ကောင်း။ အယုတ္တောတိ ဝါ၊ ဟူ၍ လည်းကောင်း။ ဒီကာယံ၊ မာတိ
ကာ ဒီကာဌ်။ ဝဒေယျ၊ ဆိုရာ၏၊ ဇေံ၊ သို့။ နပန ဝဒတိ၊ ဆိုကား
မသုခ့။

၂၄။ ပါရိသုဒ္ဓိဥပုသ်ပြုရာ သမာနသံဝါသက ရဟန်းရှိက ဝဂ်ဖြစ်ခြင်း

မေး။ ။တစုံသောသိမ်အပြင်ဌ် သမာနသံဝကဖြစ်သော ရဟန်း
တပါး ရှိလျက် ထိုရဟန်းနှင့် ဟတ္ထပါသ်မှ လွတ်အောင်နေ၍ ရဟန်း
နှစ်ပါး ပါရိသုဒ္ဓိဥပုသ်ပြုမူအပ်ပါမည်လော၊

ဖြေ။ ။ထိုအမေးဦး ဥပုသ်ပြုသောကံသည် အဓမ္မဝဂ္ဂကံ, အဓမ္မသမဂ္ဂကံ, ဓမ္မဝဂ္ဂကံ, ဓမ္မ သမဂ္ဂကံ ဟူ၍ လေးပါး ခွဲအပြားရှိသည်။ ထိုလေးပါးတို့တွင် အဓမ္မဝဂ္ဂကံ,အဓမ္မသမဂ္ဂကံ,ဓမ္မဝဂ္ဂကံ့ သုံးပါးသည် မအပ်။ ဓမ္မသမဂ္ဂကံတခုသာအပ်သည်ဟု မဟာဝဂ် ဥပေါသထက္ခန္ဓကပါဠိတော်၊ ၎င်းအဖွင့် အဋ္ဌကထာတို့၌ လာသောကြောင့် တခုသာသိမ်အပြင်၌ သမာနသံဝါသကဖြစ်သောရဟန်းတပါးရှိလျက် ထိုရဟန်းနှင့် ဟတ္ထပါသ်လွှဲ အောင်နေ၍ ရဟန်း နှစ်ပါး ပါရိသုဒ္ဓိ ဥပုသ်ပြုခြင်းသည် အဓမ္မသမဂ္ဂကံ့ မည်သောကြောင့် မအပ်။

ထိုကြောင့် တေရသကဏ်ဋီကာ၌—

သမသမာ တေသံ သန္တိကေ ပဝါရေတဗ္ဗန္တိ ယဒိ ဝုဋ္ဌဟိတ္ဝာ ဂတာ ယဒိ သန္ဒိပါတေတုံ စ နာ သက္ကာ၊ ကေစ္စေ သန္ဒိပါတေတ္ဝာ ပဝါရေတုံ ဝဋ္ဋတိ၊ဥတ္တိံ ဌပေတ္ဝာ ကတ္တဗ္ဗသံဃကမ္မဝာစာဝါ ဝဂ္ဂံ နာ ဟောတိ။ ဥပေါသထေပိ ဧသေဝ နယော-

ဟု မိန့်ဆိုတော်မူ၏။ ဝိမတိဝိနောဒနီဋီကာ၌လည်း—

ဝိဟာရသီမာယံ ပန သံဃေ ဝိဇ္ဇမာနေပိ ဂေါန စ ပစ္ဆိယေန ခဏ္ဍသီမာယံ ဒ္ဝိသု တီသု ဝါ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တေသု ဂါမံ ဓမ္မေန သမဂ္ဂမေဝ ဘိန္နသီမတ္တာဝိံ ဒဋ္ဌုံ—

ဟု မိန့်ဆိုတော်မူသည်။ ဒေတရသကဏ်ဋီကာ၌ "ဥတ္တိံ ဌပေတ္ဝာ ကတ္တဗ္ဗသံဃကမ္မဝာစာဝါ ဝဂ္ဂံ နာ ဟောတိ။ ဥပေါသထေပိ ဧသေဝ နယော" ဟူသော စကားကို ပဝါရဏာ ပြုပြီးသော ရဟန်းတို့ထံ၌ ပြုသော "အညေသံ သန္တိကအာရောစနပါရိသုဒ္ဓိဥပုသ်" ကိုသာရည်၍ ဆိုတော်မူသည်။ "အညမညအာရောစနပါရိသုဒ္ဓိဥပုသ်"ကို ပယ်ဟု မှတ်ရမည်။ ဝိမတိဝိနောဒနီဋီကာ၌ "ဘိန္နသီမတ္တာဝိံ ဒဋ္ဌုံ" ဟု ဆိုသောစကားကို အညမညအာရောစနပါရိသုဒ္ဓိ ဥပုသ်ကိုသာ ရည်၍ဆိုသည်။ အညေသံသန္တိကအာရောစနပါရိသုဒ္ဓိဥပုသ်ကိုမဆိုဟုမှတ်ရမည်။ ထို့ပါရိသုဒ္ဓိဥပုသ်

သည်လည်း အညေသံသန္ဓိကအာရောစနပါရိသုဒ္ဓိ, အညမညအာရော-စနပါရိသုဒ္ဓိအား ဖြင့် နှစ်ပါးရှိကြောင်းကို—

တေသု ပါရိသုဒ္ဓိဉပေါသထော တာဝ အညေသဉ္စ သန္ဓိကဲ့ အညမညဉ္စ အာရောစနဝသေန ဒုဝိဓော—

ဟု မာတိကာအဋ္ဌကထာဋီလာသည်၊ ပြုပုံအရကို ၎င်း အဋ္ဌကထာဋီ ရှုလေ။

ဤအရာ၌ "ဥတ်ဩ ဌမေတ္ထာ ကတ္တုဗ္ဗသံဃကမ္မာဘာဝါ ဝဂ္ဂံ နဟောတိ။ ဥပေါသထေပိ ဒေသေ နယော" ဟူသော ဋီကာပါဌ်ကို ထောက်၍ တသိမ်တည်း၌ ရဟန်းတပါးရှိသော်လည်း ထိုရဟန်းနှင့် ဟတ္ထပါသ်လွတ်အောင်နေ၍ ရဟန်းနှစ်ပါး အညမညပါရိသုဒ္ဓိဉပုသ် ပြုအပ်သည်ဟု အချို့သောဆရာတို့ ပြောဆိုကြသည်၊ သတိပြုလေ။

၂၅။ ကမ္မဝါစာပြီးဆုံးခြင်း အင်္ဂါ ၃-ပါး

မေး။ ။ဥတ်ထား၍ပြုသော သံဃကံအရာဌ်ကမ္မဝါစာ၏ပြီးဆုံးခြင်း အင်္ဂါအဘယ်မျှ ရှိပါသနည်း။

ဖြေ။ ။ကမ္မဝါစာဖတ်၍ ပြုသောကံဌ် ဥတ်ဩဒုတိယ, ဥတ်ဩစတုတ္ထ ကမ္မဝါစာဖတ်ရာ ပြီးဆုံးခြင်းအင်္ဂါသုံးပါးရှိသည်၊

ဥတ်ဩကပ္ပနာ ဝိပ္ပကတပစ္စတ္တံ အတိတကရဏန္တိ တတ္ထ ဒဒေ-ယျ၊ ကရေယျာတိအာဒိဒဘဒါ ဥတ်ဩကပ္ပနာ၊ ဒဒုတိ ကရော-တိတိအာဒိဘေဒံ ဝိပ္ပကတပစ္စတ္တံ၊ ဒိန္နံ ကတန္တိ အာဒိ ဘေဒံ အတီတကရဏံ နာမ—

ဟု လာသော ပရိဝါအဋ္ဌကထာကိုထောက်။

ဥတ်ဩကပ္ပနာ၊ လည်းကောင်း။ ဝိပ္ပကတပစ္စတ္တံ၊ လည်းကောင်း။ အတီတကရဏံ၊ လည်းကောင်း။ ဣဘိ၊ သို့။ တိဝိဓံ၊ သုံးပါးအပြား ရှိ၏၊ တတ္ထ တို့တွင်။ ဒဒေယျ ကရေယျာတိအာဒိဘေဒါ၊ ဒဒေယျ

ကရေယ်၌ ဤသို့စသော အပြားသည်။ ဥတ္တိကပ္ပနာ၊ မည်၏။ ဒေတိကဲရောတိတိအာဒိဘေဒံ၊ ဤသို့စသော အပြားသည်။ ဝိပ္ပကတပစ္စတ္တံ၊ မည်၏။ ဒိန္နံ ကတန္တိအာဒိဘေဒံ။ စသောအပြားသည်။ အတီတကရဏံ နာမ၊ မည်၏။

ဤသို့လာသော အဋ္ဌကထာအဖြေကြောင့် ဒဒေယျ ကရေယျ စသော အပြား, ဒေတိ ကရောတိ စသောအပြား, ဒိန္နံ ကတံ စသောအပြား အရ အင်္ဂါသုံးပါးကို ဥတ္တိဒုတိယ,ဥတ္တိစတုတ္ထကမ္မဝါစာတို့မှာ ကြည့်၍ မှတ်လေ။

၂၆။ အတီတကရဏအကြောင်း

မေး။ ။ထိုသုံးပါးသော ကမ္မဝါစာအင်္ဂါတို့တွင် အတီတကရဏ အင်္ဂါ၌ ဥတ္တိစတုတ္ထကံမှာ အနုဿာဝနအရ်ကမ္မဝါစာ သုံးကြိမ်မြောက် ဖြစ်၍ သုံးခေါက်ဖတ်လျှင်, ဥတ္တိဒုတိယကံမှာ အနုဿာဝနကမ္မဝါစာ အရ တကြိမ်သာဖတ်၍ တခေါက်ဆိုလျှင် အပ်ပါမည်လော။

ဖြေ။ ။ဥတ္တိဒုတိယကံဖြစ်စေ၊ ဥတ္တိစတုတ္ထကံဖြစ်စေ အတီတကရဏ အင်္ဂါမှာ အထူးမရှိ။ ဥတ္တိဒုတိယကံမှာ ဥတ်တကြိမ် ကမ္မဝါစာတကြိမ် ဖတ်၍ အတီတကရဏကို တကြိမ်သာ ဖတ်သော်လည်း အပ်သည်။ ဥတ္တိစတုတ္ထကံမှာ ဥတ်တကြိမ် ကမ္မဝါစာသုံးကြိမ်ဖတ်၍ အတီတကရဏကို တကြိမ်သာဖတ်သော်လည်း အပ်သည်။

ကမ္မဝါစာပရိယောသာနန္တိ ကတံ သံဃေန ဣတ္ထန္နာမဿ ဘိက္ခုနော တဇ္ဇနီယကမ္မံ၊ ခမတိ သံဃဿ၊ တသ္မာ တုဏ္ဍို၊ ဧဝမေတံ ဓာရယာမိတိ ဧဝံ တဿာ တဿာ ကမ္မဝါစာယ အဝသာနဝစနံ ပရိဒီယာသာနံ–

• ဟု လာသော ပရိဝါအင်္ဂကထာ ဥပါသကထာဒိဝိသဇ္ဇနာ အဖွင့်ကို ထောက်။

ကမ္မဝါစာပရိယောသာနန္တိ၊ ဟူသည်ကား။ ကတံ သံဃေန၊ ပ။ ဓာရယာမီတိ၊ ဟူ၍။ ဧဝံ၊ သို့။ တဿာ တဿာ ကမ္မဝါစာယ၊ ထိုထို ကမ္မဝါစာ၏။ အဝသာနဝစနံ၊ အဆုံးဦးဆိုသောစကားသည်။ ပရိ-ယောသာနံ၊ အဆုံးဖြစ်သောစကားမည်၏။

ထိုအဒ္ဓကထာပါဠိဖြင့် အတီတကရဏအင်္ဂါတို့၌ ကမ္မဝါစာ ပြီးဆုံးသည် ဆိုရာ အကြိမ်အရေအတွက်ဖြင့် ပြတော်မမူပဲ သာမညဖြင့်သာ ကမ္မဝါစာဟူသမျှ၏ ပြီးဆုံးခြင်းကိုပြတော်မူသောကြောင့် ဥတ္တိဒုတိယကံ ဖြစ်စေ၊ ဥတ္တိစတုတ္ထကံဖြစ်စေ "ယဿ နက္ခမတိ၊ သော ဘာသေယျ" ဟူသော ကမ္မဝါစာအဆုံးဌာ ဖတ်အပ်သော အတီတကရဏ အင်္ဂါမှာ တကြိမ်ရွတ်လျှင် အပ်သည်ဟူသော အဓိပ္ပာယ်ကို ပြတော်မူသည်။

မာတိကာအဒ္ဓကထာပထမပါရာဇိကအဖွင့်ဌာနတို့ ဥတ္တိအနုဿာဝနသီမ ပရိသသမ္ပတ္တိအားဖြင့် ဥပသမ္ပဒကံ၏ ပြည့်စုံခြင်းငါးပါးကိုပြရာ၌ လည်းကောင်း၊ ပရိဝါအဒ္ဓကထာကမ္မဝဂ်အဖွင့် ဝတ္ထု ဥတ္တိ အနုဿာ-ဝန သီမ ပရိသဝိပတ္တိအားဖြင့် ဥပသမ္ပဒကံ၏ပျက်စီးခြင်းငါးပါးကို ပြရာ၌လည်းကောင်း၊ ထိုအတီတကရဏအင်္ဂါကိုရွတ်ဖတ်ရာ သုံးကြိမ် ရွတ်ဖတ်ရမည်၊ တကြိမ်သာဆိုလျှင် ကံပျက်သည်ဟူ၍လည်း မဖွင့်မဆို ကုန်။ ဝိနယတိဝိနောဒနီဋီကာ မဟာဝဂ်ခန္ဓက ဥပသမ္ပဒကမ္မဝါစာအဖွင့်၌ လည်း—

> ယဿဝါ "ယဿ နက္ခမတိ၊ သော ဘာသေယျာ" တိ တိက္ခတ္တုံ ဝုစ္စမာနေပိ သံဃော တုဏှီ နိရဝေါ အဟောသိ၊ တသ္မာ ခမတိ သံဃဿာတိ အတ္ထော။ ဧဝန္တိ ဣမိနာ ပကာရေန တုဏှီဘာဝေန တံ သံဃဿ ရုစ္စနဘာဝံ ဓာရယာမီ ဗုဇ္ဈာမီ ဇာနာမီတိ အတ္ထော။ ဣတိ-သဒ္ဒေါ ပရိသမတ္တိဿံ ကတော၊ သော စ ကမ္မဝါစာယ အနုံ။ တသ္မာ အနုဿာဝနေန ဓာရယာမီတိ ဧတ္ထ မိကာရပရိယောသာနမေဝ ဝတ္တာ နိဋ္ဌာ-ဇေတဗ္ဗံ။ ဣတိ-သဒ္ဒေါ န ယုဇ္ဇတဗ္ဗောတိ ဒဋ္ဌဗ္ဗံ။ ဣမိနာ နယေန သဗ္ဗကမ္မဝါစာမတ္ထော ဝေဒိတဗ္ဗော—

ဟု လာသည်။

ယသ္မာ၊ ကြောင့်။ ယသဲ့ နကွမတိ၊ သော ဘာသေယျာတိ၊ ဟူ၍။ တိကွတ္တုံ၊ ကြိမ်။ ဝုစ္စမာနပိ၊ ဆိုအပ်သော်လည်း။ သံဃော၊ သည်။ တုဏှီ နိရဝေါ၊ အသံကင်းတိတ် ဆိတ် ဆိတ် နေ သည်။ အဟောသိ၊ ဖြစ်၏။ တသ္မာ၊ ကြောင့်။ သံဃဿ၊ အား။ ခမတိ၊ နှစ်သက်၏။ ဣတိ၊ အယံ၊ လျှင်။ အတ္ထော၊ တည်း။ ဧဝန္တိ ဣမိနာ ပကာရေန၊ ဤသို့အပြားရှိသော။ တုဏှီဘာဝေန၊ ဆိတ်ဆိတ်နေသဖြင့်။ သံဃဿ၊ ၏။ တံ ရုစ္စနဘာဝံ၊ ထိုနှစ်သက်သည်၏အဖြစ်ကို။ ဓာရယာမိ ဗုဇ္ဈာမိ ဇာနာမိ၊ သိရ၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။ ဣတ္ထန္နာမ၊ ကို။ ဝါ၊ သည်။ ပရိသမတ္တိယံ၊ ပြီးခြင်း၌။ ကတော၊ ပြုအပ်၏။ ဝါ၊ ဖြစ်၏။ သော စ၊ ထို ဣတိ-သဒ္ဒါ သည်လည်း။ ကမ္မဝါစာယ၊ ၏။ အနဂ်ံ၊ အဂ်ါမဟုတ်။ တဿ၊ ကြောင့်။ အန္ဒ-ဿာဝကေန၊ ကမ္မဝါစာဖတ်သောရဟန်းသည်။ ဓာရယာမိတိ ဇတ္ထော၊ ၌။ မိကာရပရိယောသာနမေဝ၊ မိအက္ခရာဆုံးရုံကိုသာလျှင်။ ဝတ္ဝာ၊ ဆို၍။ နိဋ္ဌာပေတဗ္ဗံ၊ ပြီးဆုံးစေအပ်၏။ ဣတိ-သဒ္ဒါ၊ ကို။ နာ ယုဇ္ဇိတဗ္ဗော၊ မယှဉ်အပ်။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။ ဣမိနာ ဂုယေန၊ ဤယေန၊ ဤသို့သော နည်းဖြင့်။ သဗ္ဗကမ္မဝါစာမတ္ထော၊ အလုံးစုံသော ကမ္မဝါစာအနက်ကို။ ဝေဒိတဗ္ဗော၊ ၏။

ထို ဒီကာပါဋ္ဌဖြင့် ''ယသ္မာ နကွမတိ၊ သော ဘာသေယျ'' ဟူ၍ ဥတ္တိစတုတ္ထကံ၌ ကမ္မဝါစာ သုံးကြိမ်မြောက်ဆို၍ အတီတကရဏမှာ သုံးကြိမ်မြောက်ဆိုရမည်ဟု ပြတော်မူပဲ သာမဉ်ဖြင့်သာ ပြတော်မူသဖြင့် ဥတ္တိဒုတိယကံဖြစ်စေ၊ ဥတ္တိစတုတ္ထကံဖြင့်စေ အတီတကရဏမှာ တကြိမ်သာဆိုသော်လည်း အပ်သည်ဟူသောအဖြစ်ကို ပြတော်မူသည်။

အကယ်၍ အတီတကရဏအင်္ဂါမှာ သုံးကြိမ် ရွတ်မှ အပ်သည်၊ ကံ့အောင်သည်ဖြစ်က ဆဋ္ဌကာဆာ,ဒီကာဝိုဒ်၌ ဆိုရာ၌ သွေ့အရာ ဖြစ်သည်။ ထိုသို့ မဆိုမပြုကြသောကြောင့် ဥတ္တိဒုတိယကံဖြစ်စေ၊ ဥတ္တိစတုတ္ထကံဖြစ်စေ အတီတကရဏအင်္ဂါမှာ တကြိမ်သာဖတ်သော်လည်း အပ်သည်။ နှစ်ကြိမ်သုံးကြိမ်ဖတ်သော်လည်း အပ်သည်ဟု သာဓိဋ္ဌာန်ကျမှတ်လေ။

၂၇။ သံဃာကိုသင်းခွဲလျှင် ပါရာဇိကအာပတ်သင့်

မေး။ ။ယခုအခါ သံဃာကိုသင်းကွဲအောင် ပြုသောရဟန်းအား သံဃာသင်းကွဲမှု အဘယ်အာပတ်သင့်ပါသနည်း။

ဖြေ။ ။ယခုအခါ သာသနာတော်၌ သံဃာကို သင်းကွဲအောင်ပြုသော ရဟန်းအား သံဃာသင်းကွဲမှု ပါရာဇိကအာပတ်သင့်သည်။

ကေဿ ဆဇ္ဇန္တိ ဂါထာယ နဝသု ဇနေသု ယော သလာကံ ဂါဟေတ္ဝာ သံဃံ ဘိန္ဒတိ၊ တသော ဆဇ္ဇံ ဟောတိ၊ ဒေဝဒတ္တော ဝိယ ပါရာဇိကံ အာပဇ္ဇတိ–

ဟု လာဃော ပရိဝါအဋ္ဌကထာကိုထောက်။

ကေဿ ဆဇ္ဇန္တိ ဂါထာယ၊ ဟူသော ဂါထာ၌။ နဝသု၊ ကိုးယောက်ကုန်သော။ ဇနေသု၊ ရဟန်းတို့ကုင်။ ယော၊ အကြင်ပကတတ်ရဟန်းသည်။ သလာကံ၊ စာရေးတံကို။ ဂါဟေတ္ဝာ၊ ယူစေ၍။ သံဃံ၊ ကို။ ဘိန္ဒတိ၊ ခွဲ၏။ တသော၊ ထိုရဟန်းအားသာလျှင်။ ဆဇ္ဇော၊ အရင်းပြတ်သည်။ ဟောတိ၊ ၏။ ဒေဝဒတ္တော ဝိယ၊ ကဲ့သို့။ ပါရာဇိကံ၊ သို့။ အာပဇ္ဇတိ၊ ရောက်၏။

အဓိပ္ပာယ်ကား–တသိမ်တည်း၌ “အဓမ္မံ ဓဇမ္မာတိ ဒီပေတိ” အစရှိသော သံဃာသင်းကွဲကြောင်း ဝတ္ထုတဆယ့်ရှစ်ပါးတို့တွင် တခုခုသော ဝတ္ထုကိုပြု၍ တဘက်လေးပါးစီအားဖြင့် သံဃာရှစ်ပါးအလယ်ကနေ၍ တိုအယူကို မပျက်နိုင်စေခြင်းငှာ စာရေးတံကိုယူစေ၍ သင်းခွဲသော ရဟန်းအား ကေသိမာယဖြစ်မှု ပါရာဇိကကျသည်ဟူလို။

ထိုအဋ္ဌကထာပါဠိဖြင့် တဘက်လေးပါးအောက်ယုတ်၍ သံဃဘေဒကံ မထိုက်။ တဘက်လေးပါးကစ၍ အလွန်သာ သံဃဘေဒကံ ထိုက်သည်ဟု ပြတော်မူသည်။ အကျယ်ကိုလိုမူ ၎င်းပရိဝါအဋ္ဌကထာ သံဃဘေဒကဝဂ်အဖွင့်, စူဠဝဂ်အဋ္ဌကထာ သံဃဘေဒကအဖွင့်, ပါရာဇိကဏ်အဋ္ဌကထာ သံဃဘေဒကသိက္ခာပုဒ်အဖွင့်တို့မှာ ရှုလေ။

၂၈။ အဝတ်ကို သက်နှံးနှင့်ထပ်ခြုံခြင်း

မေး။ ။ယခုအခါ ရဟန်းတို့သည် ဟေမန္တဥတုဌ် အဖြူ အနီ အကြောင်အကျားစသော အဝတ်ကို သက်နှံးနှင့်ထပ်၍ ခြုံရုံကြသည်မှာ အပ်ပါမည်လော။

ဖြေ။ ။အဖြူ အနီ အကြောင်အကျား စသော လူတို့ ခြုံရုံသော အဝတ်ကို သက်နှံးနှင့်ထပ်၍ခြုံရုံခြင်းငှာ မအပ်။

နကိဟိဒ္ဓဇောတိ ဩဒါတဝတ္ထာနိ အစ္ဆိန္နဒသပုပ္ဖဒသာနိ စ နဓာရေတဗ္ဗာနိ-

ဟူလာသော စုဋ္ဌဝါအဋ္ဌကထာကမ္မဝန္ဓကအဖွင့်ကိုထောက်။

နကိဟိဒ္ဓဇောတိ၊ ဟူသည်ကား။ ဩဒါတဝတ္ထာနိ၊ အဝတ်ဖြူတို့ကို လည်းကောင်း။ အစ္ဆိန္နဒသပုပ္ဖဒသာနိ စ၊ မဖြတ်သော အဆာ,ပန်းပွင့် အဆာရှိသော သက်နှံးတို့ကိုလည်းကောင်း။ နဓာရေတဗ္ဗာနိ၊ မဆောင်အပ်ကုန်။

ဤအဋ္ဌကထာပါဠိဋ္ဌာ ဩဒါတဝတ္ထသဒ္ဒါဖြင့် နီလ ပီတ ဇလောဟိတ ဝတ္ထ အစရှိသော အညိုအရှေအနီစသော လူတို့အဝတ်ဟူသမျှကို ပြတော်မူသည်။

၂၉။ လူတို့၏ ရှေ့ခွက်စသည်တို့ကို မကိုင်အပ်

မေး။ ။ယခုအခါ ရဟန်းတို့သည် ဒါယကာတို့အိမ်၌ ခေတ္တ လာရောက်ရာ ရှေထုံးဗူး ငှေထုံးဗူး တို့ဖြင့် ဒါယကာတို့ သုံးဆောင်သော ကွမ်းအစ်ကိုကပ်ရာ လူတို့ဥစ္စာဖြစ်၍ ခေတ္တာခဏကိုင်စားခြင်းငှာ အပ်ပါမည်လော။

ဖြေ။ ။သာမဏေရဟန်းတို့မှာ ရှေငှေတို့ဖြင့်ပြုအပ်သော ထုံးဗူး ဖလားစသည်တို့သည် ဒါယကာတို့ဥစ္စာဖြစ်၍ ခေတ္တာခဏဖြစ်သော်လည်း ကိုင်ခြင်း သုံးဆောင်ခြင်းငှာ မအပ်။

သစေပိ ဂိဟီ ဘတ္တဂ္ဂေ သုဝဏ္ဏတဋ္ဋိကာဒီသု ဗျဥ္ဇနံ ကတ္ဝာ ဥပနာမေန္တိ၊ အာမသိတုမိ် နာ ဝဋ္ဋတိ—
ဟု လာဃသော စုဋ္ဌဝါအဋ္ဌကထာ ခုဒ္ဒကဝတ္ထုကွန္ဓကအဖွင့်ကိုထောက်။

ဂိဟီ၊ လူတို့သည်။ ဘတ္တပွေ၊ ဆွမ်းစားကျောင်း၌။ ဝါ၊ ဆွမ်းစားသောနေရာ၌။ သုပဏ္ဏတဋ္ဋိကာဒီသု၊ ရွှေခွက်စသည်တို့၌။ ဗျဥ္ဇနံ၊ စားဖွယ်ဟင်းလျာကို။ ကတ္ဝာ၊ ထည့်သည်ကိုပြု၍။ သစေပိ ဥပနာမေန္တိ၊ အကယ်၍ကပ်ကုန်ငြားအံ့။ အာမသိတုမိ်၊ သုံးသပ်ခြင်းငှာလည်း။ နာ ဝဋ္ဋတိ၊ မအပ်။
ခုဒ္ဒသိက္ခာဋ္ဌကာသစ်၌ နည်းတူလာသည်။

၃၀။ ဖန်ခွက်စသည် အပ်-မအပ်

မေး။ ။ယခုကာလပြုလုပ်ကြသော ကြေးလင်ပန်း, ကြေးခွက်, ကြေးဖလား, ကြေးကွမ်းအစ်, ဖန်အုပ်, ဖန်ခွက်, ဇွဲအိုး, ဇွဲအင်, ဇွဲခွက် တို့သည် ရဟန်းအား ပဂ္ဂလိကဥစ္စာပြု၍ သုံးဆောင်ခြင်းငှာ အပ်ပါ၊မည်လော။

ဖြေ။ ။ကြေးဖွဲ့ ကြေးပုပ် ကြေးဝါတို့ဖြင့် ပြုသောခွက်, ထိုကြေးတို့နှင့် ကြေးနီကို ရောနှော၍ ပြုသောခွက်, ဇာတိဖလိကမှတပါးသော ကျောက်စသည်ချက်၍လုပ်သော ဖန်ခွက်, ဇွဲဖြင့်ပြီးသောခွက် စသည်တို့သည် ပဂ္ဂလိက ဥစ္စာအဖြစ်ဖြင့် သုံးဆောင်ခြင်းငှာ မအပ်ကုန်။ သံဃိကအဖြစ်ဖြင့် သုံးဆောင်ခြင်း, လူတို့၏ဥစ္စာတို့သည်သာ အပ်သည်။
ထိုကြောင့် စုဋ္ဌဝါအဋ္ဌကထာ ခုဒ္ဒကဝတ္ထုကွန္ဓကအဖွင့်၌—

ဖလိကမယကာစမယကံသမယာနိပန ဇာဋ္ဋကာဒီနိ ပဂ္ဂလိကပရိဘောဂေနေဝန ဝဋ္ဋန္တိ၊ သံဃိကပရိဘောဂေန ဝါ၊ ကိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋန္တိ—

ဟု မိန့်တော်မူ၏။ ဝိနယဝိနိစ္ဆယအဋ္ဌကထာပတ္တဝဂ်၌လည်း နည်းတူလာသည်။

ဖလိုကမယကာစမယကံသမယာနိ၊ ဖန်ဖြင့်ပြီးကုန်သော ဧဉ်ဖြင့်ပြီးကုန်သော ကြေးဖြူဖြင့်ပြီးကုန်သော။ တဋ္ဌိကာဒီနိ ပန၊ ခွက်စသည်တို့သည်ကား။ ပဋ္ဂလိကပရိဘောဂေနေ၀၊ ကိုယ်ပိုင်ပြု၍ ပဋ္ဂလိက သုံးဆောင်ခြင်းဖြင့်သာလျှင်။ နာ ဝဋ္ဋန္တိ၊ မအပ်ကုန်။ သံဃိကပရိဘောဂေန၀၀၊ သံဃိကသုံးဆောင်ခြင်းဖြင့် လည်းကောင်း။ ဂိဟိဝိကဋ္ဌာနိ ၀၀၊ လူတို့၏ဥစ္စာတို့သည်လည်းကောင်း။ ဝဋ္ဋန္တိ၊ ၏။

ထိုအဋ္ဌကထာပါဠ်၌ ဖလိကာအရမ္မာ ဇာတိဖလိကဟု ဆိုအပ်သော ဇာတိပါသာဏ ဖြစ်သော ပြကတေ့သော ကျောက်မှ ဖောက်ပြန်၍ တပါးသောဓာတ်တို့နှင့် ရောရှိချက်သဖြင့် ပြုအပ်သော ဖန်ခွက်ဖန်အိုးတို့ကို ယူလေ။

သုဝဏ္ဏရဇတဟာရကဋ္ဌဇာတိဖလိကဘာဇနာနိ ဂိဟိဝိကဋ္ဌာနိပိ နာ ဝဋ္ဋန္တိ-

ဟု ဌာနဿနကွန္ဒကအဖွင့်၌ ဆိုသောကြောင့်တည်း။

သုဝဏ္ဏ။ ပ။ ဘာဇနာနိ၊ ရွှေခွက် ငွေခွက် ပေးခပ်ပြာခွက် ဖန်စင်ခွက် တို့သည်။ ဂိဟိဝိကဋ္ဌာနိပိ၊ လူတို့၏ဥစ္စာပို့သည်လည်း။ နာ ဝဋ္ဋန္တိ၊ မအပ်ကုန်။

ဝိမတိဝိနောဒနီဋီကာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်၌-

ဇာတိဖလိကံ ဥပါဒါယာတိ ဝုတ္တတ္တာ သုရိယကန္တသန္ဓေန-

ဟု ဆိုတော်မူ၏။

ဇာတိဖလိကံ ဥပါဒါယာတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ သုရိယ။ ပ။ ဒိကံ၊ နေဖြတ်ခြင်း လဖြတ်ခြင်း စသည်ဟူကြောင့်ဖြစ်သော။ ဝ၀၊ နေဓာတ် လဓာတ်စသည်တို့ကြောင့်ဖြစ်သော။ ဇာတိပါသာဏမျိုး၊ ဖန်စင် ကျောက်ကိုလည်း။ မဏိမှို ဧ၀၊ ပတ္တမြားဥသာလျှင်။ သင်္ကိတံ၊ ဒရ တုက်အပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ကံသအရမှာ ဝဋ္ဋလောဟကိုလည်းယူလေ။ ထိုကြောင့် ခုဒ္ဒကဝတ္ထု အဖွင့် စူဠဝါဒ်—

ကံသမယောတိ ဇတ္ထ ဝဋ္ဋလောဟမယောပိ သင်္ဂဟိတော— ဟု ဆိုတော်မူ၏။ ခုဒ္ဒသိက္ခာဋ္ဌကာသစ်ဉ်လည်း နည်းတူလာသည်။

ကံသမယောတိ ဇတ္ထ၊ ဉ်။ ဝဋ္ဋလောဟမယောပိ၊ ကြေးပုပ် ကြေးဝါဖြင့် ပြီးသောခွက်ကိုလည်း။ သင်္ဂဟိတော၊ ရေတွက်အပ်၏။

ထိုကြောင့် ကြေးဖြူ ကြေးပုပ် ကြေးဝါတို့ဖြင့် ပြုသောခွက်, ထိုကြေးတို့နှင့် ကြေးနီကိုရောရှေ့ ပြုသော ခွက်တို့သည် ပဂ္ဂလိကပရိဘောဂမအပ်။ သံဃိက, ဂိဟိဝိကဋ္ဌသာအပ်သည်ဟုမှတ်။

ထိုကြောင့် ဝိနယဝိနိစ္ဆယဋီကာဉ်—

ကံသလောဟဝဋ္ဋလောဟာနံ ဝိကာရဘူဟာနိ တမ္မမယ-ဘာဇနာနိ ပဂ္ဂလိကပရိဘောဂေန သဗ္ဗသော ပရိဘုဉ်တုံ နဝဋ္ဋန်တိ—

ဟု ဆိုတော်မူ၏။

ကံသလောဟဝဋ္ဋလောဟာနံ၊ ကြေးဖြူ ကြေးဝါတို့၏။ ဝိကာရဘူတာနိ၊ ရောစပ်ပေါက်ပြန်၍ ပြုအပ်ကုန်သော။ တမ္မမယဘာဇနာနိ၊ ကြေးနီဖြင့်ပြီးသော ခွက်ဖလားတို့သည်။ ပဂ္ဂလိကပရိဘောဂေန၊ ဖြင့်။ သဗ္ဗသော၊ အခါခပ်သိမ်း။ ပရိဘုဉ်တုံ၊ သုံးဆောင်ခြင်းငှာ။ နဝဋ္ဋန်တိ၊ မအပ်ကုန်။

ဝိမတိဝိနောဒနီဋီကာ သေနာသနက္ခန္ဓကအဖွင့်ဉ်—

ကာလလောဟ တမ္မလောဟ ကံသလောဟဝဋ္ဋလောဟာနံ ယေန ကေနစိ ကတော သိဟဠဒီပေ ပါဒဂ္ဃကော ဘာဇေ-တဗ္ဗောတိ ဝုတ္တတ္တာ ဇဋ္ဌကံသလောဟမယမ်ပိ ဘာဇနံ ပဂ္ဂလိ-ကမိ သမ္ပဋိစ္ဆိတုမိ ပရိဟာရိတုမိ ဝဋ္ဋတိ။ ပဂ္ဂလာနံ ပရိဟာရိတဗ္ဗ-ဿေဝ ဘာဇေဿဗ္ဘတ္တာတိ ဝဒန္တိ။ တံ ဥပရိ "ကံသလောဟ-

ဝဋ္ဋလောဟဘာဇနဝိကတိ သံဃိကဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋတိတိအာဒိကေန မဟာပစ္စရိဝစနေန ဝိရုဇ္ဈတိ။ ဣမသ္မာ ဟိ ကံသမလောဟဝဋ္ဋလောဟာနံ ယေန ကေနစိ ကတော သိဟဋ္ဌဒိပေ ပါဒဂ္ဂဏ္ဌကော ဘာဇေတပ္ပေါတိ ဝုတ္တသ္မာ မဟာအဋ္ဌကထာဝစနသ္မာ ပဋိက္ခေပါယ မဟာပစ္စရိဝစနံ ပစ္ဆာ ဒဿိတံ။ တသ္မာ ဝဋ္ဋလောဟကံသလောဟမယံ ယံ ကိဉ္စိ ပါဒဂ္ဂဏ္ဌကဝါရဏမ္ပိ ဥပါဒါယ အဘာဇနိယမေဝ။ ဂိဟိဟိ ဒိယျမာနမ္ပိ သမ္ပဋိစ္ဆိတုမ္ပိ န ဝဋ္ဋတိ—

ဟု ဆိုးတော်မူ၏။

ကာလးလောဟ။ ပ။ ဘာဇေတပ္ပေါတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ ဝဋ္ဋကံသလောဟမယမ္ပိ၊ ကြေးပုပ် ကြေးဖွဲ့ဖြင့် ပြီးသည်လည်း ဖြစ်သော်။ ဘာဇနံ၊ ခွက်ကို။ ပဂ္ဂလိကမ္ပိ၊ ပဂ္ဂလိကကိုလည်း။ သမ္ပဋိစ္ဆိတုမ္ပိ၊ ခံခြင်းငှါလည်းကောင်း။ ပရိဟရိတုမ္ပိ၊ သွားရာ ဆောင်ခြင်းငှါလည်းကောင်း။ ဝဋ္ဋတိ၊ ၏။ ပဂ္ဂလာနံ၊ တို့၏။ ဝါ၊ တို့အား။ ပရိဟရိတပ္ပဿေဝ၊ဆောင်အပ်သော ခွက်ကိုသာလျှင်။ဘာဇေတပ္ပတ္တာ၊ဝေဘန်အပ်သောကြောင့်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ တံ၊ ထိုကဲစိဆရာတို့စကားသည်။ ဥပရိ၊ အထက်၌ ကံသလောဟ။ ပ။ ဝဋ္ဋတိတိ အာဒိကေန၊ ဝဋ္ဋတိအစရှိသော။ မဟာပစ္စရိဝစနေန၊ မဟာပစ္စရိအဋ္ဌကထာဆရာစကားနှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ ဟိ၊ မှန်၏။ ကံသလောဟဝဋ္ဋလောဟ။ပ။ ဘာဇေတပ္ပေါတိ၊ ဟူ၍။ ဝုတ္တသ္မာ၊ ဆိုအပ်သော။ ဣမသ္မာ မဟာအဋ္ဌကထာဝစနသ္မာ၊ ဤမဟာအဋ္ဌကထာစကားကို။ပဋိက္ခေပါယ၊ ပယ်ခြင်းငှါ၊ မဟာပစ္စရိဝစနံ၊ ကို။ ပစ္ဆာ၊ နောက်မှ။ ဒဿိတံ၊ ပြတော်မူ၏။ တသ္မာ၊ ကြောင့်။ ဝဋ္ဋလောဟကံသလောဟမယံ၊ ကြေးပုပ် ကြေးဖွဲ့ဖြင့်ပြီးသော။ ယံကဉ္စိ၊ အလုံးစုံသော။ ပါဒဂ္ဂဏ္ဌကဝါရဏမ္ပိ၊ တက္ဂမ်းစားဝင်သောကြေးအိုး ကြေးခွက်ကိုလည်း။ ဥပါဒါယ၊ စွဲ၍။ အဘာဇနိယမေဝ၊ မဝေဘန်အပ်သည်သာဟူ၏။ ဂိဟိဟိ၊ လူတို့သည်။ ဒိယျမာနမ္ပိ၊ လှူအပ်သော်လည်း။ သမ္ပဋိစ္ဆိတုမ္ပိ၊ အလှူခံခြင်းငှါလည်း။ န ဝဋ္ဋတိ၊ မဲ့အပ်။

ဝိမတိ ဝိနောဒနိဋ္ဌိကာ ကာယသံသဂ္ဂအဖွင့်၌—

ဟာရကုဋ္ဌလောဟန္တိ သုဝဏ္ဏဝဏ္ဏော ကိတ္တိမလောဟဝိ-ဿသော။တိဝိဓံ ဟိ ကိတ္တိမလောဟံ ကံသလောဟံ ဝဋ္ဋလောဟံ ဟာရကုဋ္ဌလောဟန္တိ။ တတ္ထ တိပုတမ္မေ မိဿောတ္ဝာ ကတံ ကံသလောဟံ နာမ၊ သိသတမ္မေ မိဿောတ္ဝာ ကတံ ဝဋ္ဋလောဟံ နာမ။ ရဿတမ္မေဟိ ရဇ္ဇုတံ တမ္မံ ဟာရကုဋ္ဌလောဟံ နာမ။ တံ ပန ဇာတရူပဂတိကန္တိ စုတ္တတ္တာ နိဿဂ္ဂိယမ္ပိ ဟောတိတိ ကေစိ ဝဒန္တိ။ ရူပိယေသု အဂဏိကတ္တာ နိဿဂ္ဂိယံ န ဟောတိ၊ အာမသနေ စ သမ္ပဋိစ္ဆနေ စ ဒုက္ကဋမေဝါတိ ဝေဒိတပ္ပံ-ဟုလာသည်။

ဟာရကုဋ္ဌလောဟန္တိ၊ ဟူသည်ကား။ သုဝဏ္ဏဝဏ္ဏော၊ ရွှေနှင့်တူသော အဆင်းရှိသော။ ကိတ္တိမလောဟဝိဿသော၊ ကိတ္တိမကြေးအထူးတည်း။ ဟိ၊ မှန်၏။ ကိတ္တိမလောဟံ၊ သည်။ ကံသလောဟံ၊ လည်းကောင်း။ ဝဋ္ဋလောဟံ၊ လည်းကောင်း။ ဟာရကုဋ္ဌလောဟံ၊ လည်းကောင်း။ ဤတိ၊ သို့၊ တိဝိဓံ၊ ၏။ တတ္ထ၊ တို့တွင်၊ တိပုတမ္မေ၊ သလဲဖြူ ကြေးနီတို့ကို။ မိဿောတ္ဝာ၊ ရောရ၍။ ကတံ၊ ပြုအပ်သော ကြေးသည်။ ကံသလောဟံ နာမ၊ မည်၏။ သိသတမ္မေ၊ သလဲမည်းကြေးနီတို့ကို။ မိဿောတ္ဝာ၊ ရောရ၍။ ကတံ၊ ပြုအပ်သောကြေးသည်။ ဝဋ္ဋလောဟံ နာမ၊ မည်၏။ ရဿ-တမ္မေဟိ၊ ပြဒါးကြေးနီတို့ဖြင့်။ ရဇ္ဇုတံ၊ ကြိုးအပ်သော။ တမ္မံ၊ ကြေးနီသည်။ ဟာရကုဋ္ဌလောဟံ နာမ၊ တေးမည်၏။ ဝါ၊ ခပ်ပြာမည်၏။ တံ ပန၊ ထိုခပ်ပြာသည်ကား။ ဇာတရူပဂတိကံ၊ ရွှေနှင့် တူ၏။ ဤတိ၊ သို့။ စုတ္တတ္တာ၊ ဆိုသောကြောင့်။ နိဿဂ္ဂိယံ၊ နိဿဂ္ဂိ ပါစိတ်သည်လည်း။ ဟောတိ၊၏။ဤတိ၊ သို့။ကေစိ၊ အချို့သောဆရာတို့သည်။ဝဒန္တိ၊ကုန်၏။ ရူပိယေသု၊ ရွှေတို့၌။ အဂဏိကတ္တာ၊ မရေတွက်အပ်သည်၏ အဖြစ်ကြောင့်။ နိဿဂ္ဂိယံ၊ သည်။ န ဟောတိ၊ မဖြစ်။ အာမသနေ စ၊ သုံးသပ်ခြင်း၌လည်းကောင်း။ သမ္ပဋိစ္ဆနေ စ၊ အလှူခံခြင်း၌ လည်း-ကောင်း။ ဒုက္ကဋ်မေဝ၊ ဒုက္ကဋ်သာလျှင် သင့်၏။ ဤတိ၊ သို့။ ဝေဒိ-တပ္ပံ၊ ၏။

တိပုမယောတိ ကာလတိပုမယော။ သီသမယောတိ သေ-
တတိပုမယော—

ဟု ဝိနယဝိနိစ္ဆယဋီကာ၌ လာသည်။

တိပုမယောတိ၊ ဟူသည်ကား။ ကာလတိပုမယော၊ မည်းသော သလဲဖြင့် ပြီး၏။ သီသမယောတိ၊ ဟူသည်ကား။ သေတတိပုမယော၊ ဖြူသောသလဲဖြင့် ပြီး၏။

ထိုဋီကာအလိုအားဖြင့် ''တိပု၊ သလဲမည်း။ သီသ၊ သလဲဖြူ''ဟု ပေးလို၏။ ပညတ္တတ္ထာဝဋီကျမ်း၌ကား—တိပု၊ သလဲဖြူ။ သီသ၊ သလဲမည်းဟု ရှိသည်။

စုဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓက အဖွင့်၌လည်း—

> ကံသလောဟာဒိဘာဇနံ သံဃဿ ဒိန္နမ္ပိ ဟိ ပါရိဟာရိယံ နဝဋ္ဋတိ။ ဂိဟိဝိကဋ္ဌနိဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ—

ဟု ဆိုတော်မူ၏။

ဟိ၊ မူန်၏။ ကံသလောဟာဒိဘာဇနံ၊ ကြေးဖြူစသည်တို့ဖြင့် ပြုအပ်သော ခွက်ကို။ သံဃဿ၊ အား။ ဒိန္နမ္ပိ၊ လှူအပ်သော်လည်း။ ပါရိ-ဟာရိယံ၊ သပိတ်ကဲ့သို့ ဆောင်၍ သုံးဆောင်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဂိဟိဝိကဋ္ဌနိဟာရေနေဝ၊ လူတို့၏ဥစ္စာကို သုံးဆောင်သကဲ့သို့ ထားသောနည်းဖြင့်သာလျှင်။ ပရိဘုဉ္ဇိတဗ္ဗံ၊ ၏။ ဣတိ၊ သို့။ မဟာ-ပစ္စရိယံ၊ ၌။ ဝုတ္တံ၊ ၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

> ပါရိဟာရိယံ နဝဋ္ဋတိတိ ပတ္တာဒိပရိက္ခာရံ ဝိယ သယမေဝ ပဋိသာမေတ္ဝာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတိ၊ ဂိဟိသန္တိကံ ဝိယ အာရာ-မိကာဒယော စေ သယမေဝ ဂဟေတွာ ဝိနိယောဂကာလေ

အာနေဟ္ဝာ ပရိနေန္တိ၊ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ပဋိသာမေတ္ဝာ ဘိက္ခူနံ ဒေထာတိ ဝတ္တုမ်ိ ဝဋ္ဋတိ–

ဟု ဖွင့်တော်မူ၏။

ပါရိဟာရိယံ'နု ဝဋ္ဋတီတိ၊ ဟူသည်ကား။ ပတ္တာဒိပရိက္ခာရံ ဝိယ၊ သပို့တ် စသော ပရိက္ခရာကဲ့သို့။ သယမေဝ၊ ကိုယ်ဘိုင်သာလျှင်။ ပဋိသာမေဘ့ဝ၊ သိုမှီး၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ နု ဝဋ္ဋတိ၊ မအပ်။ ဂိဟိသန္တကံ ဝိယ၊ လူတို့၏ ဥစ္စာကဲ့သို့။ အာရာမိကာဒယော၊ အာရုမ်စောင့် စသည်တို့သည်။ သယမေဝ၊ သာလျှင်။ ဂေဟေပတ္ဝာ၊ လုံခြုံစေ၍။ ဝါ၊ သိမ်းထား၍။ ဝိနိယောဂကာလေ၊ သုံးဆောင်ခြင်းနှင့် ယှဉ်သောအခါ၌။ အာနေတ္ဝာ၊ ဆောင်၍။ စေ ပရိနေန္တိ၊ အကယ်၍ ကပ်ကုန်သည် ဖြစ်အံ့။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ဘိက္ခူနံ၊ တို့အား၊ ပဋိသာမေတ္ဝာ၊ ၍။ ဒေထ၊ ပေး ကြကုန်လော့။ ဣတိ၊ သို့။ ဝတ္တုမ်ိ၊ ငှါလည်း။ ဝဋ္ဋတိ၊ ၏။

ဤသို့ပြဆိုအပ်သော အဋ္ဌကထာ,ဋီကာတို့ကို ထောက်၍ ကြေးဖြူကြေးပုပ် ကြေးဝါတို့ဖြင့် ပြုသော ခွက်ဖလား လင်ပန်း ကွမ်းအစ်တို့သည် လည်းဒကောင်း၊ ထိုကြေးတို့နှင့် ကြေးနီကို ရောစပ်၍ ပြုသော ခွက်ဖလားစသည်တို့သည်လည်းကောင်း၊ ဇာတိဖလိကမှ တပါးသော ကျောက်စသည်တို့ကို ချက်၍ လုပ်သော ဖန်အုပ် ဖန်ခွက်တို့သည် လည်းကောင်း၊ စဉ့်ဖြင့်ပြီးသော ခွက်တို့သည် လည်းကောင်း ပဉ္စလိက ဥစ္စာအဖြစ်ဖြင့် မအပ်။ သံသီကဥစ္စာအဖြစ်, လူတို့၏ ဥစ္စာအဖြစ်ဖြင့် သုံးဆောင်ခြင်းငှါ အပ်သည်။

ဇာတိဖလိကမည်သော ဖန်ကျောက်ကို ပြုအပ်သော ဖန်စစ်ခွက်, ပြဒါး,ကြေးနီတို့ဖြင့် ပြုလုပ်သော ဝေးခပ်ပြာခွက်တို့သည် သံသီကဥစ္စာအဖြစ်ဖြင့် သုံးဆောင်ခြင်းငှါ လည်းကောင်း၊ လူတို့၏ ဥစ္စာသည်လည်းကောင်း ကိုင်ခြင်း, သုံးဆောင်ခြင်းငှါ မအပ်ကုန်ဟု မှတ်လေ။

ထိုစကား၌–

အယုပတ္တော အယထာလကံ တမ္မလောဟထာလကန္တိ
ဣမာနိ ပန ဘာဇနီယာနိ။ ကံသလောဟဝဋ္ဋလောဟဘာဇ-
နဝိကတိ သံဃိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋတိ၊
ပုဂ္ဂလိကပရိဘောဂေန နု ဝဋ္ဋတ။ ကသလောဟာဒိဘာဇန
သံဃသ ဒိန္နမို ဟိ ပရိဟရိတုံ နု ဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌနိဟာ-
ရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ–

ဟု လာသော စူဠဝါအဋ္ဌကထာ သေနာသနက္ခန္ဓက ဂရုဘဏ်အဖွင့်ကို ဆောက်၍ ဆွမ်းစားခွက်သာ မဟုတ်၊ အလုံးစုံ အသုံးအဆောင်၌ပင် ယူအပ်သည် အဖြစ်ကို သိလေ။

၃၁။ နှီးခွက်စသည်၌ ဆွမ်းထည့်စားခြင်း

မေး။ ။ဆွမ်းစားသောအခါ အပ်သောသပိတ်ခွက်မရှိ၍ အုပ်စသည်တို့၌ ထည့်၍ စားအပ်ပါမည်လော။

ဖြေ။ ။အာဂန္တုက ရဟန်း ဆွမ်းစားသောအခါ အပ်သော သပိတ်ခွက်မရှိမူ နှီးခွက် သစ်သားခွက် စသည်တို့၌ ထည့်၍ ဆွမ်းစားခြင်းငှါ အပ်သည်။

တုမ္ဟကဋ္ဌာဟန္တိ လာဗုကဋ္ဌာဟံ ဝုစ္စတိ၊ တံ ပရိဟရိတုံ နု ဝဋ္ဋတိ။ လဘိတ္ဝာ ပန တာဝကာလိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဃဋိကဋ္ဌာဟေပိ ဧသေဝ နယော။ ဃဋိကဋ္ဌာဟန္တိ ဃဋိကပါလံ–
ဟု လာသော စူဠဝါအဋ္ဌကထာ ခုဒ္ဒကဝတ္ထုအဖွင့်ကို ထောက်။

တုမ္ဟကဋ္ဌာဟန္တိ၊ ဟူသည်ကား။ လာဗုကဋ္ဌာဟံ၊ ဗူးအုံကို။ ဝုစ္စတိ၊ အပ်၏။ တံ၊ ထိုဗူးအုံကို။ ပရိဟရိတုံ၊ သုံးရာဆောင်ခြင်းငှါ။ နု ဝဋ္ဋတိ၊ မအပ်။ လဘိတ္ဝာ ပန၊ ရသည်ရှိသော်ကား။ တာဝ-ကာလိကံ၊ အခိုက်အတန့်ကို။ ပရိဘုဉ္ဇိတုံ၊ ဆွမ်းထည့်၍ သုံးဆောင်

ခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ဃဋိကဋ္ဌာဟေပိ၊ အိုးအုံဌ်လည်း။ ဧသေဝ နယော၊ ဤနည်းလျင်နည်းရှိ၏။ ဃဋိကဋ္ဌာဟန္တိ၊ ကား။ ဃဋိကပါလုံ၊ အိုးခြမ်းကဲ့တည်း။

ဝိမတိ ဝိဒနာဒနီဋ္ဌကာဌ်လည်း—

ပရိဟာရိတုန္တိ ဒိဝသေ ဒိဝသေ ပိဏ္ဍာယ စရဏတ္ထာယ ဌပေတုံ ပတ္တံ အာလဘန္တေန ပန ကေဒိဝသံ ပိဏ္ဍာယ စရိတ္ဝာ ဘုဉ်ိဘ္ဝာ ဆဒ္ဒေတုံ ဝဋ္ဋတိ။ တေနာဟ "တာဝကာလိကံ ပရိဘုဉ်ိတုံ ဝဋ္ဋတီ"ဝိ။ ပဏ္ဍပုဋ္ဌာဒီသုပိ ဧသေဝ နယော—

ဟု ဆိုတော်မူ၏။

ပရိဟာရိတုန္တိ၊ကား။ ဒိဝသေ ဒိဝသေ၊ နေ့တိုင်း နေ့တိုင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရဏတ္ထာယ၊ သွားခြင်းငှါ။ ဌပေတုံ၊ ထားခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ပတ္တံ၊ သပိတ်ကို။ အလဘန္တေန ပန၊ မရသဖြင့် ကား။ ကေဒိဝသံ၊ တစ်နေ့။ ပိဏ္ဍာယ၊ ငှါ။ စရိတ္ဝာ၊ ၍။ ဘုဉ်ိတ္ဝာ၊ ၍။ ဆဒ္ဒေဘုံ၊ စွန့်ပစ်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ တေန၊ ကြောင့်။ တာဝကာလိကံ။ ပ။ ဝဋ္ဋတီဘိ၊ ဟူ၍၊ အာဟ၊ ဆိုတော်မူ၏။ ပဏ္ဍပုဋ္ဌာဒီသုပိ၊ ထန်းရွက်စတောင်းစသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျင် နည်ရှိ၏။

ပဏ္ဍပုဋ္ဌာဒီသု၌ အာဒိသဒ္ဒါဖြင့် အုပ်, ဒေါင်းပေါင် စသည်ကို ယူ၊လေ။

ပဋိက္ခိတ္တတ္တာ ပန ဒါရုမယာပိ နဝဋ္ဋတိ—

ဟု စွဇ္ဇပါဒဒုက္ကဋ်ခန္ဓကဋ္ဌ၌ လာသောကြောင့် သစ်သားခွက် နှီးခွက် တို့၌ ဆွမ်းအမြဲသည့်ဝိဓာန်းခြင်းငှာ မအပ်ဟု မှတ်လေ။

ပဋိက္ခိတ္တတ္တာ ပန၊ ပယ်အပ်ဃသည်၏ အဖြစ်ကြောင့်။ ဒါရုမယာပိ၊ သစ်သား ပါးဖြင့်ပြီးသော ခွက်သည်လည်း။ နဝဋ္ဋတိ၊ မအပ်။

၃၂။ အပ်သောခွက် ၃-လုံး

မေး။ ။သပိတ်မှတပါးဆွမ်းစားခြင်းငှာအပ်သောခွက် အဘယ်မျှရှိပါသနည်း။

ဖြေ။ ။သပိတ်မှတပါး ဆွမ်းစားခြင်းငှာ အပ်သောခွက်သည် ကြေးနီခွက်, မြေခွက်, သံခွက်အား ဖြင့် သုံးလုံးရှိသည်။

ကပ်ိယထာလကာ တိသော၊ တမ္မာယောမတ်ကာမယာ—ဟုလာသော ခုဒ္ဒသိက္ခာအဋ္ဌကထာကိုထောက်။

တမ္မာယောမတ်ကာမယာ၊ ကြေးနီ, သံ, မြေဖြင့်ပြီးကုန်သော။ ကပ်ိယထာလကာ၊ အပ်သောဆွမ်းခွက်တို့သည်။ တိသော၊ သုံးပါး အပြားရှိကုန်၏။

၃၃။ ဘုရားအား လက်ည့်ိုးဖြတ်လှူခြင်း

မေး။ ။ဘုရားကိုကြည်ညိုု၍ လက်ည့်ိုးကို ဖြတ်၍လှူသော ရဟန်းအား အဘယ်အာပတ်သင့်ပါသနည်း။

ဖြေ။ ။ဘုရားကိုကြည်ညိုု၍ လက်ည့်ိုးကို ဖြတ်၍လှူသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်သည်။

အညံ ပန ကဏ္ဍနာသအင်္ဂုလိအာဒိံ ယံကိဉ္စိ ဆိန္နန္တိသ တာဒိသံ ဝါ ဒုက္ခံ ဥပ္ပါဒေန္တိသ ဒုက္ကဋ်ံ—ဟုလာသော စူဠဋ္ဌဝါအဋ္ဌကထာ ခုဒ္ဒကဝတ္ထုအဖွင့်ကိုဟောက်။

အညံ ပန၊ အင်္ဂါဇာတ်မှတပါးသော။ ကဏ္ဍနာသအင်္ဂုလိအာဒိံ၊ နှားနှာခေါင်း လက်ချောင်းအစရှိသော။ ယံကိဉ္စိ၊ အလုံးစုံသောကိုယ်အင်္ဂါကို။ ဆိန္နန္တိသ၊ ဖြတ်သောရဟန်းအားလည်းကောင်း။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဒုက္ခံ ဝါ၊ ဆင်းရဲကိုလည်း။ ဥပ္ပါဒေန္တိသ၊ ဖြစ်စေသော ရဟန်းအားလည်းကောင်း။ ဒုက္ကဋ်ံ၊ ဒုက္ကဋ်အာပတ်သင့်၏။

ထိုအဋ္ဌကထာပါဠိတော်ထောက်၍ ရဟန်းပုဏ္ဏားမှာ ဘုရားကိုကြည်ညိုု၍ လက်ည့်ိုးကိုဖြတ်၍ လှူခြင်းဌာန ဒါနကုသိုလ်ကံပိုု၍ အာဏာကြီးသည်ကို

မလွန်ကျူးအပ်။ လွန်ကျူးမူ သီလ.ကိုဖျက်၍ ဒါန ပြုသောကြောင့် ရှေးနှင့်ငွေကို အလေးတူပြု၍ လဲသော သူကဲ့သို့ အကျိုးယုတ်သည်ဟု မှတ်လေ။

၃၄။ ရဟန်းခံပြီးမှ ဗျိုးစေ့.ထုတ်ပယ်ခြင်း

မေး။ ။ရဟန်းခံပြီးမှဗျိုးစေ့(ဝေ့းစေ့)ကို ထုတ်သော ရဟန်းမှာ ပါရာဇိက ကျူးလွန်သလော။

ဖြေ။ ။ရဟန်းခံပြီးမှ မျိုးစေ့ (ဝေ့းစေ့)ကို ထုတ်သော ရဟန်းသည် ပက္ကုက်အကုဋ္ဌဟာည်၍ ရဟန်းအသွင်ကို ဖျက်ဆီးရမည်။

ပိဒေ ဟိ ဆိန္နေ သြပက္ကမိကပဏ္ဏကော နာမ အဘဗ္ဗော ဟောတိ၊ ဝဒန္တိ။ ဧကေ ပန ဗီဇဃာတပိ ဆေဒနက္ခဏေ ဒုက္ကဋဿပတ္တိ ဇေ။ ကမ္မုန၊ ပုရိသိန္ဒြိယာဒိဇ ကာ အန္တရဟိတေ ပဏ္ဍကာ နာမ အဘဗ္ဗော ဟောတိ။ တဒုဘ လိင်္ဂနာသနာယ နာဇသဘဗ္ဗတာတိ ဝဒန္တိ—

ဟုလာ.သော ပါဘိဝိဇနာဒနိဋ္ဌိကာ ခုဒ္ဒကဝတ္ထုကွန္ဓကအဖွင့်ကိုထောက်။

ဟိ၊ ပုန်၏။ ဗီဇေ၊ ဗျိုးစေ့သည်။ ဆိန္နေ၊ ပြတ်သည်ရှိသော်။ သြပက္ကမိကပဏ္ဏကော နာမ၊ သြပက္ကမိကပဏ္ဏက် မည်၏။ အဘဗ္ဗော၊ ရဟန်းပြုခြင်းငှါကိုက်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဧကေ ပန၊ အချို့အာစရိယ်တို့သည်ကား။ ပိဇဃာတပိ၊ မျိုးစေ့ကိုလည်း။ ဆေဒနက္ခဏေ၊ ဖြတ်သောခဏ၌၊ ဝါ၊ ထုတ်သောခဏ၌။ ဒုက္ကဋဿပတ္တိ ဇေ၀၊ ဒုက္ကဋ်အာပတ်သင့်ကြသည်သာတည်း။ ကမ္မုန၊ မျိုးစေ့ထုတ်သော အကြောင်း၊ ပုရိသိန္ဒြိယာဒိဇ၊ ပုဂ္ဂိသိန္ဒြေ အစရှိသောအသွင်သည်။ အန္တရဟိတေ၊ တွယ်တတ်ခဲသော်။ ပဏ္ဍကော နာမ၊ ပဏ္ဍုကဲမည်၏။ အဘဗ္ဗော၊ ရဟန်းပြုခြင်းမထိုက်သည်။ ဟောတိ၊၏။ တဒုဘ၊ ထိုအခါ၌။ လိင်္ဂနာသနာယ၊ အသွင်ကိုဖျက်ခြင်းငှါ။ နာဇသဘဗ္ဗတာတိ၊ ဖျက်အပ်၏။ ဝဒန္တိ၊ ကုန်၏။

မဟာဝါအဋ္ဌကထာပဗ္ဗဇ္ဇာခန္ဓကဋ္ဌကထာလည်း-

ယဿ ဥပက္ကမေန ဗီဇာနိ အပနီတာနိ၊ အယံ ဩပက္ကမိကပဏ္ဍကော နာမ-

ဟု ဆိုတော်မူ၏။

ယဿ၊ အကြင်သူအား၊ ဥပက္ကမေန၊ ပယောဂ ပြုသဖြင့်၊ ဗီဇာနိ၊ မျိုးစေ့တို့ကို။ ဝါ၊ ဝဋ္ဌိးစေ့တို့ကို။ အပနီဘာနိ၊ ထုတ်အပ်ကုန်၏။ အယံ၊ ဤသူသည်။ ဩပက္ကမိကပဏ္ဍကော နာမ၊ မည်၏၊

ဝိနယဋီကာယဒနိဋ္ဌကာ ၎င်းပဗ္ဗဇ္ဇာခန္ဓကအဖွင့်ဋ္ဌကထာလည်း-

ဗီဇာနိ အပနီတာနိတိ ဝုတ္တတ္တာ ဗီဇေသု ဋ္ဌိတသု နိမိတ္တ-
မတ္တေ အပနီတေ ပဏ္ဍကော နာ ဟောတိ။ ဘိက္ခုနောပိ
အာပဒါဓပစ္စယာ တာဒိပနယေ ထုလ္လစ္စယဒဿနေ၊ နာ ပဏ္ဍကာတ္တာ။
ဗီဇေသု အပ္ပနီတေသု အဂ်ီဇာတမိ ရာဂေန ကမ္မနိယံ နာ ဟောတိ၊
ပုမဘာဝေါပိ ဝိဂစ္ဆတိ။ မဿုအာဒီသု ပုရိသလိင်္ဂမိ ဝိဂစ္ဆတိ။
ကိလေသပရိဠာဟောပိ ဒုန္နိဝါရတိက္ကမော ဟောတိ၊ နပုံသ-
ကပဏ္ဍကာဒေါ ဝိယ။ တသ္မာ ဤဒိသော ဥပသမ္ပန္နောပိ နာသေ-
တဗ္ဗောတိ ဝဒန္တိ-

ဟု ဆိုတော်မူ၏။

ဗီဇာနိ အပနီတာနီတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ကြောင့်။ ဗီဇေသု၊ မျိုးစေ့တို့သည်။ ဋ္ဌိတေသု၊ တည်ကုန်သည်ရှိသော်။ နိမိတ္တမတ္တေ၊ အင်္ဂါဇာတ်မျှကို။ အပနီတေ၊ ပယ်လတ်သော်။ ပဏ္ဍကော၊ သည်၊ နာ ဟောတိ။ မဖြစ်။ ဘိက္ခုနောပိ၊ အာဒေါ။ အာပဒါဓပစ္စယာ၊ အနာဟူသော အကြောင်းကြောင့်။ တာဒိပနယေ၊ ထိုအင်္ဂါဇာတ်ကိုပယ်ခြင်း၌။ ထုလ္လစ္စယဒဿနေ၊ ထုလ္လစ္စည်းအာပတ်သာလျှင်သင့်၏၊ နာ ပဏ္ဍကာတ္တာ၊ ပဏ္ဍက်မဖြစ်။ ဗီဇေသု၊ မျိုးစေ့တို့ကို။ ဝါ၊ ဝဋ္ဌိးစေ့တို့ကို။ အနီပတေသု၊ ထုတ်အပ်ကုန်သည်ရှိသော်။ အင်္ဂါဇာတမိ၊ သည်လည်း။ ရာဂေန၊ ဖြင့်။ ဝါ၊ ကြောင့်။ ကမ္မနိယံ၊ ခိုင်မာသည်။ နာ ဟောတိ၊ မဖြစ်။ ပုမဘာ-

ဝေါပိ၊ ဇယောကျွေးဘာဝရုပ်သည်လည်း။ ဝိဂစ္ဆတိ၊ ကင်း၏။ မဿုအာဒီသု၊ မုတ်ဆိတ်စသည်တို့၌။ ပုရိသလိင်္ဂမို့၊ ယောကျွေးအသွင်သည်လည်း။ ဝိဂစ္ဆတိ၊ ကင်း၏။ ကိလေသပရိဠာဟောပိ၊ ကိလေသာ ပူပန်ခြင်းသည်လည်း။ ဒုန္နိဝါရတိက္ကမော၊ မြစ်နှင်ခဲသောလွန်ကျူးခြင်းရှိသည်။ ဟောတိ၊ ၏။ နပုံသကပဏ္ဍကသ္မာ ဝိယ၊ နပုံးပဏ္ဍုက်ကဲ့သို့တည်း။ တသ္မာ၊ ကြောင့်။ ဤဒိသော၊ ဤသို့သောဟူ၏သော။ ဥပသမ္ပဒေန္တောပိ၊ ရဟန်းကိုလည်း။ နာလေတဗ္ဗော၊ ဖျက်ဆီးအပ်၏။ ဤတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

၃၅။ ရဟန်းခံပြီးမှ လိင်ပြန်ခြင်း

၄မး။ ။ယခုအခါ သာသနာ၌ ရဟန်းခံပြီးမှ လိင်ပြန်၍ မိန်းမဖြစ်သောရဟန်းကို အဘယ်သို့ပြုရပါအံ့နည်း။

၄ဖြ။ ။ဘိက္ခုနီမ သာသနာရှိတုန်းအခါ၌ ရဟန်းယောကျွေး လိင်ပြန်၍ မိန်းမဖြစ်မူ ရဟန်းအဖြစ်၌ပင်သည်ဟု လာ၏သာကြောင့် ယခုအခါမှာ သာသနာ့ဝန်တမ်း ရဟန်းသည် လိင်ပြန်၍ မိန်းမဖြစ်မူ ဘိက္ခုနီမဧတ် မရှိသောကြောင့် လိင်နာသနဖြင့် ရဟန်းအသွင်ကိုဖျက်ဆီး၍ လူ၏အဖြစ်ဖြင့်သာ ဒါနသီလဘာဝနာကို အားထုတ်၍နေရမည်။

ဟောတု မာ စိန္တယိတ္ထ ဝဠ္ဍဿေဝ ဒေါသော၊ သမ္မာသမ္ဗုဒ္ဓေန ဒွါရံ ဒိန္နံ၊ ဘိက္ခု ဝါ ဟောတု ဘိက္ခုနီ ဝါ အနာဝဋ္ဌော
ဓမ္မော အဝါရိတော သဂ္ဂမဂ္ဂေါတိ—

စသည်ဖြင့်လာသော ပါရာဇိကဏ်အဋ္ဌကထာ ပထမပါရာဇိကဝိနိဟာဝတ္ထု အဖွင့်ကိုထောက်။

ဧဟောတု၊ လိင်ပြန်သည်ဖြစ်စေ။ မာ စိန္တယိတ္ထ၊ နှလုံးမသာ မကြံစိပါလင့်။ ဝဠ္ဍဿေဝ၊ သံသရာဝဋ်၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ သမ္မာသမ္ဗုဒ္ဓေန၊ သည်။ ဒွါရံ၊ ရဟန်းယောကျွေး လိင်ပြန်မူ ရဟန်းမိန်းမဖြစ်စေဟူသောအခွင့်ကို။ ဒိန္နံ၊ ပေးတော်မူအပ်၏။ ဘိက္ခု

ဝါ၊ သည်လည်း။ ဟောတု၊ စေ။ ဘိက္ခုနီ ဝါ၊ သည်လည်း။ ဟောတု၊ စေ။ ဓမ္မော၊ ကျင့်အပ်သော တရားကို။ အနာဝဋ္ဌော၊ မမြစ်အပ်။ သဂ္ဂမဂ္ဂေါ၊ နတ်ပြည်ခရီးကို။ အဝါရိတော၊ မမြစ်အပ်။

ထိုအဋ္ဌကထာပါဠိကိုထောက်၍ ယခုအခါ သာသနာထမ်း ရဟန်းသည် လိင်ပြန်၍ မိန်းမဖြစ်မူ ဘိက္ခုနီမခေတ်မရှိ၍ ရဟန်းမိန်းမသိလ္ခဋ္ဌ မတည်သောကြောင့် ရဟန်းအသင်းကိုဖျက်၍ လူအဖြစ်၌ တည်သဖြင့် ဒါန သီလ ဘာဝနာကို အားထုတ်မူ နတ်ပြည်လူပြည်၌ ဖြစ်နိုင်သည်ဟု မှတ်လေ။

၃၆။ ပုရိသလိင်ပြန်ပေါ်လျှင် ရဟန်းပြန်ခံထိုက်

မေး။　။ရဟန်းခံပြီးမှ လိင်ပြန်၍မိန်းမဖြစ်၍ ရဟန်းအသင်းကို ဖျက်သဖြင့် လူအသင်းဖြင့်နေစဉ် တဖန်ပင် ပုရိသလိင် ပေါ်လာပြန်သော အခါ ရဟန်းပြုလိုမူ ရဟန်းအဖြစ်ကို ရပါမည်လော။

ဖြေ။　။ထိုရဟန်းခံပြီးမှ လိင်ပြန်၍ မိန်းမဖြစ်၍ ရဟန်းအသင်းကို ဖျက်သဖြင့် လူအသင်းဖြင့် နေရာတဖန်ပင် ပုရိသလိင်ပေါ်လာပြန်သော အခါ ရဟန်းပြုလိုမူ ရဟန်းခံထိုက်သည်။

ပုန ပကတိလိင်ေ ဥပပဇ္ဇန္တေပိ တာဟိ အာပတ္တိဟိ တာဿ အနာပတ္တိယေဝ–

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ ပထမပါရာဇိကဒုတိယဝတ္ထုကိုထောက်။

ပုန၊ တဖန်။ ပကတိလိင်ေ။ ပကတိဖြစ်သော ပုရိသလိင်သည်။ ဥပပဇ္ဇန္တေပိ၊ ပေါ်လာပြန်သော်လည်း။ တာဟိ အာပတ္တိဟိ၊ ထိုဘိက္ခုနီမ အားသာ သင့်ထိုက်သော အာပတ်တို့ဖြင့်။ တာဿ၊ ထိုရဟန်းအား။ အနာပတ္တိယေဝ၊ အာပတ်မသင့်သည်သာတည်း။

ထိုအဋ္ဌကထာကိုထောက်၍ လိင်ပြန်သော ယောကျ်းမိန်းမတို့သည် ပဏ္ဍုက်ဝါးမျိုးမှ လွတ်သည်ဟု မှတ်ပေ။

ထိုအဋ္ဌကထာပါဠိကိုထောက်၍ ယခုအခါ လိင်ပြန်သော မိန်းမကို ရဟန်းခံလိုမူ ခံထိုက်သည်ဟု မှတ်လေ။

ဝိမတိဝိနောဒနီဋီကာဌ—

ပါရာဇိကံ အာပန္နောနံ ဂ္ဂတ္ထိပုရိသာနံ လိင်္ဂေ ပရိဝတ္တေပိ ပါရာဇိကာသ ဧကဿိံ အတ္တဘာဝေ အဝိဇဟနတော ပုန ဥပသမ္ပဒါ နာ ဒါတဗ္ဗာတိ ဂဟေတဗ္ဗံ—

ဟု ဆိုခဲ့ဘော်မူ၏။ ဝဇိရဗုဒ္ဓိဋီကာ, သာရတ္ထဒီပနီဋီကာ တို့၌လည်း နည်းတူလာသည်။

ပါရာဇိကံ၊ သို့။ အာပန္နောနံ၊ ရောက်ကုန်သော။ ဂ္ဂတ္ထိပုရိသာနံ၊ တို့အား။ လိင်္ဂေ၊ သည်။ ပရိဝတ္တေပိ၊ ပြန်သော်လည်း။ ပါရာဇိကာသ၊ ၏။ ဧကဿိံ အတ္တဘာဝေ၊ တခုသောဘဝ၌။ အဝိဇဟနတော၊ မစွန့်သည်၏ အဖြစ်ကြောင့်။ ပုန၊ တဖန်။ ဥပသမ္ပဒါ၊ ရဟန်းအဖြစ်ကို။ နာ ဒါတဗ္ဗာ၊ မပေးအပ်။ ဂ္ဂတိ၊ သို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

၃၃။ အာပတ်မကုစားပဲလူထွက်ပြီး ရဟန်းပြန်ခံလျှင်အာပတ်ဆက်သင့်

မေး။ ။ရဟန်းအဖြစ်ဖြင့် ပါရာဇိကမှုတပါး၊သော အာပတ်သင့်၍ မကုစားပဲ သိက္ခာကိုစွန့်၍ လူထွက်သောသူသည် တဖန် ရဟန်းခံပြန်သော အခါ ယခင်ရဟန်းဖြစ်တုန်းကသင့်သောအာပတ်စင်ကြယ်ပါမည်လော။

ဖြေ။ ။ရဟန်းခံ၍ ရဟန်းဖြစ်သောအခါ သင့်ဿသော အာပတ်ကို မကုစားပဲ သိက္ခာချ၍ လူထွက်ပြီးမှ တဖန် ရဟန်းခံပြန်သောပုဂ္ဂိုလ်မှာ ပထမရဟန်းဖြစ်စဉ်က သင့်သောအာပတ်သည် သိက္ခာကိုချ၍ လူထွက်သောအခါ သီလမရှိ၍ကင်းသော်လည်း တဖန် ရဟန်းခံ၍ ရဟန်းသီလ တည်ပြီးသောအခါ သင့်ပြီးသောအာပတ်လည်း ဒေသနာမကြားသမျှ မတပဲ တည်မြဲတည်ပြန်သည်။ ထိုကြောင့် ပထမရဟန်းခံတုန်းက သံဃာ ဒီသီသ် သင့်ဖူးလျှင် လူထွက်၍ တဖန် ရဟန်းခံပြန်သောအခါ ဝုဋ္ဌာန ကံဖြင့်ကုမှ စင်ကြယ်သည်။ဒေသနာဂါမ် အာပတ်သင့်ဖူးလျှင် ဒေသနာ ကြားမှ စင်ကြယ်သည်။

ပုဗ္ဗေ အာပန္နာပတ္တိယော ဥပဇ္ဈာယသပိ နာ ပဋိပဿမ္ဘန္တိ—ဟူ၍လည်းကောင်း၊

ဥပသမ္ပန္နော ဘိက္ခု၊ အန္တိမဿော ဒုဿ်ဃာသိတမ္ပိ အာပဇ္ဇိဘ္ဂာ အပရဘာဂေ ဝိဿမိတ္ဝာ အာဂဒေတာ ဥပသမ္ပဒေတိ၊ တံ အာပတ္တိံ ဒေသေတ္ဝာဝ သုဇ္ဈတိ၊ နဥထာတိ—

ဟူ၍လည်းကောင်း လာသော ဝဇိရဗုဒ္ဓိဋီကာ မဟာဝါခန္ဓကသဟဇ်ကို ထောက်။

ပုဗ္ဗေ၊ ရှေးရဟန်းဖြစ်သောအခါ၌၊ အာပန္နာပတ္တိယော၊ သင့်သော အာပတ်တို့သည်။ ဥပဇ္ဈာယသပိ၊ လူထွက်သော်လည်း။ နာ ပဋိပဿမ္ဘန္တိ၊ မငြိမ်းကုန်။

ဥပသမ္ပန္နော၊ ပဉ္စင်းဖြစ်သော။ ဘိက္ခု၊ သည်။ အန္တိမဿော၊ အယုတ်သဖြင့်။ ဒုဿာသိတမ္ပိ၊ဒုဿံသိအာပတ်သို့လည်း။ အာပဇ္ဇိတ္ဝာ၊ ရောက်၍။ အပရဘာဂေ၊ နောက်အဖို၌၊ ဝိဿမိတ္ဝာ၊ လူထွက်၍။ အာဂဒေတာ၊ လာသည်။ ဟုတ္ဝာ၊ ဖြစ်၍။ ဥပသမ္ပဒေတိ၊ ရဟန်းခံပြန်၏။ တံ အာပတ္တိံ၊ ထိုရဟန်းဖြစ်စဉ်တုန်းကသင့်သော အာပတ်ကို။ ဒေသေတ္ဝာဝ၊ ဒေသနာကြားဝ်၍သာလျှင်။ သုဇ္ဈတိ၊ စင်ကြယ်၏။ အညထာ၊ ဒေသနာကြားသည်မှတပါး လူထွက်ရုံမျှဖြင့် မစင်ကြယ်။

ထိုဋီကာ၌ ဒေသေတ္ဝာဝ၌ ဒေသနာသဒ္ဒါဖြင့် ဝုဋ္ဌာနကံကိုလည်း ပြတော်မူသည်ဟု မှတ်လေ။

၃၈။ မျက်စိကန်းသူစသည်ကို ရဟန်းဝံပေးခြင်း

မေး။　။မျက်စိကန်းသော်သူ, နားမကြားသော်သူ, ခြေလက်မရှိသော်သူတို့ကို ရဟန်းခံပေး၍ ရဟန်းဖြစ်ပါမည်လော။

ဖြေ။　။မျက်စိမမြင်သော်သူ, နာမကြားသော်သူ, ခြေလက် ပြတ်သော်သူ အစရှိသော သုံးကျိပ်နှစ်ယောက်သော်သူ။ နှုသော်သူ အစရှိသော တကျိပ်သုံးယောက်သော်သူတို့ကိုရဟန်းခံပေးမူ ရဟန်းဖြစ်သည်။ ကာရကသံဃာနှင့် ကမ္မဝါစာဆရာ ဥပဇ္ဈာယ်တို့မှာ အာပတ်သင့်သည်။

သစေ ပန တေ သံယော ဥပဓိသမ္ပာဒေတိ၊ သဇ္ဇေပိ ဟတ္ထစ္ဆိန္နာဒယော သ္ဥပသမ္ပန္နာ။ ကာရကသံယော ပန အာစရိယုပဇ္ဈာယာ စ အာပတ္တိတော နု မုစ္စန္တီ—

ဟု လာသော မဟာဝါအဋ္ဌကထာ မဟာခန္ဓကအဖွင့်ကိုထောက်။

ပန၊ အထူးက်ဳပြဆ်ဳဦ အံ့။ တေ၊ ထို ရဟန်းမခံထိုက်သော မျက်စိမမြင်, နားမကြားသော်သူ စသည်တို့ကို။ သံယော၊ သည်။ သစေ ဥပသမ္ပာဒေတိ၊ အကယ်၍ရဟန်းခံပေးသည်ဖြင့်အံ့။ သဇ္ဇေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဟတ္ထစ္ဆိန္နာဒယော၊ လက်ပြတ်သော်သူ စသည်တို့သည်။ သ္ဥပသမ္ပန္နာ၊ ကောင်းစွာရဟန်းဖြစ်ကုန်၏။ ပန၊ ပါး။ ကာရကသံယော စ၊သည်လည်းကောင်း။ အာစရိယုပဇ္ဈာယာ စ၊ကမ္မဝါစာ ဆရာ, ဥပဇ္ဈာယ်ဆရာတို့သည် လည်းကောင်း။ အာပတ္တိတော၊ မှ၊ နု မုစ္စန္တီ၊ မလွတ်ကြကုန်။

ဝိနယဝိနိစ္ဆယအဋ္ဌကထာဒ်လည်း—

ဟတ္ထစ္ဆိန္နာဒိဗဒ်ာတ်ိဳသ၊ ကုဋ္ဌိအာဒိ စ တေရသ။

အပတ္တော တေသမောသာရော၊ ကတော တေ စ ပန ရူဟတိ—

ဟု ဆိုတော်မူ၏။

ဟတ္ထစ္ဆိန္နာဒိဗဒ်ာတ်ိဳသ၊ လက်ပြတ်သော်သူ အစရှိသော သုံးကျိပ် နှစ်ယောက်တို့သည် လည်းကောင်း။ ကုဋ္ဌိအာဒိ စ တေရသ၊ နှုသော်သူ အစရှိသော တကျိပ်သုံးယောက်တို့သည် လည်းကောင်း။ ဣတိ၊ သို့။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ သ္ဥသာရော၊ ရဟန်းဘောင်သို့ သွင်းခြင်းသည်။ အပတ္တော၊ မရကိုက်။ ဝါ၊ အပြစ်မလွတ်။ ပန၊ ထို့သို့ပင် မရထိုက်သော်လည်း။ စေ ကတော၊ အကယ်၍ ရဟန်းခံခြင်းကိုပြုအံ့။ ရူဟတိ၊ ရဟန်းအဖြစ်သို့ရောက်၏။

ဟတ္ထစ္ဆိန္နစသော ပုဂ္ဂိုလ်တို့အရကို ဝိနယဝိနိစ္ဆယအဋ္ဌကထာ မဟာခန္ဓက ပရိသဒူသကအဖွင့်, မဟာဝါအဋ္ဌကထာ မဟာခန္ဓက အဖွင့်, မဟာဝါပါဠိတော်တို့မှာ ရှုရှုမှတ်လေ။

၃၉။ ရဟန်းခံသော်လည်း ရဟန်းမဖြစ်သူများ

မေး။ ။ရဟန်းခံသော်လည်း ရဟန်းမဖြစ်သောသူ အဘယ်မျှရှိပါသနည်း။

ဖြေ။ ။ရဟန်းခံ၍ ရဟန်းမဖြစ်သောသူ နှစ်ကျိပ် ငါးယောက်ရှိသည်။

ဥပသမ္ပဒကမ္မဿ၊ အဘဗ္ဗာ ပဋ္ဌဝိသတိ။
အဇာနိတ္ဝာ ကတော စာပိ၊ သြသာရောနာသနာရဟော–

ဟု လာသော ဝိနယဝိနိစ္ဆယ အဋ္ဌကထာကိုထောက်။

ဥပသမ္ပဒကမ္မဿ၊ ရဟန်းခံသောကံအား။ ပဋ္ဌဝိသတိ၊ နှစ်ကျိပ် ငါးယောက်သောသူတို့သည်။ အဘဗ္ဗာ၊ မရထိုက်ကုန်။ အဇာနိတ္ဝာ၊ မသိမူ၍။ သြသာရော၊ ရဟန်းဘောင်သို့သွင်းခြင်းကို။ ဝါ၊ ရဟန်းခံခြင်းကို။ ကတော စာပိ၊ ပြုမိငြားသော်လည်း။ နာသနာရဟော၊ အသွင်ကိုဖျက်ဆီးထိုက်သည်။ ဟော်တိ၊ ၏။

ပဋ္ဌဝိသတိအဘဗ္ဗပုဂ္ဂိုလ်အရကို–

ကတမာနိ စတုဝီသတိ၊ ပါဠိယံ အာဂတာနိ တာဝ ဘိက္ခူနံ စတ္တာရိ ဘိက္ခုနီနံ အသာဓာရဏာနိ စတ္တာရိတိ အဋ္ဌ၊ တာနိ ကောဒသန္နံ ပဏ္ဍကာဒီနံ အဘဗ္ဗဘာဝသဒ္ဒါတေဟိ ကောဒ-သဟိ ပါရာဇိကေဟိ သဒ္ဓိံ ကွေနဝီသတိ ဂိဟိဘာဝံ ပတ္ထယ-မာနာယ ဘိက္ခုနိယာ ဝိဘ္ဘန္တဘာဝပါရာဇိကေန သဒ္ဓိံ ဝီသတိ၊ အပရာနိပိ လမ္ဗီ,မုဒုပိဋ္ဌကော,ပရဿ အင်္ဂဇာတံ မုခေန ဂဏှာတိ, ပရဿ အင်္ဂဇာတေ အဘိနိသီဒတိတို့ ဣမေသံ စတုန္နံ ဝသေန စတ္တာရိ အနုလောမပါရာဇိကာနိတိ ဝဒန္တိ။ ဣတိ ဣမာနိ စ စတ္တာရိ, ပုရိမာနိ စ ဝီသတိတိ သမောဓာနေတ္ဝာ သဗ္ဗာ-နေဝ စတုဝီသတိ ပါရာဇိကာနိ ဓေဒိတဗ္ဗာနိ–

ဟု လာသော မာတိကာအဋ္ဌကထာအရ နှစ်ဆယ့်လေးပါးသော ပါရာဇိက အာဘဗ္ဘပုဂ္ဂိုလ်တို့၌ အသက်နှစ်ဆယ်မပြည့်သော ဥနဝီသတိဝဿပုဂ္ဂိုလ်ကိုထည့်၍ ပဉ္စဝီသတိအာဘဗ္ဘရှိသည်ဟု မှတ်လေ။

ထိုတွင် ကောဒသအာဘဗ္ဘအရမှာ ပဏ္ဍုက်၊ ထေယျသံဝါသက၊ တိတ္ထိယပက္ကန္တက၊ တိရစ္ဆာန်၊ မာတုဃာတက၊ ပိတုဃာတက၊ အရဟန္တဃာတက၊ လောဟိတုပ္ပါဒက၊ သံဃဘေဒ့က၊ ဘိက္ခုနီဒူသက၊ ဥဘတောဗျည်းအား ဖြင့် တကျိပ်တစ်ကိုမှတ်လေ။

ထိုပုဂ္ဂိုလ်တို့၏အရ အကျယ်ကိုလိုမူ ပါရာဇိကဏ်အဋ္ဌကထာ, မာတိကာ အဋ္ဌကထာ, ဝိနယဝိနိစ္ဆယအဋ္ဌကထာ ပထမပါရာဇိကအဖွင့်, မဟာဝါအဋ္ဌကထာ ပဗ္ဗဇ္ဇာခန္ဓကအဖွင့်မှာရှုလေ။

၄၀။ ဥပဇ္ဈာယ်ဆရာမရှိပဲ ရဟန်းခံခြင်း

မေး။ ။ဥပဇ္ဈာယ်ဆရာမရှိပဲလျက် ရဟန်းခံမူ ရဟန်း ဖြစ်ပါမည်လော။

ဖြေ။ ။ဥပဇ္ဈာယ်ဆရာမရှိပဲလျက် ရဟန်းခံသော်လည်း ရဟန်းလောင်းမှာ ရဟန်းဖြစ်သည်။ ရဟန်းခံ၍ပေးသော သူတို့မှာ ဒုက္ကဋ်အာပတ်သင့်၍ အပြစ်မလွတ်။

နဘိက္ခဝေ အနုပဇ္ဈာယကောတိ ဥပဇ္ဈံ အဂါဟာပေတ္ဝာ နိရုပဇ္ဈာယကော နဥပသမ္ပာဒေတဗ္ဗော။ ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋဿာတိ သိက္ခာပဒပညတ္တိတော ပဋ္ဌာယ ဧဝံ ဥပသမ္ပာဒေန္တဿ အာပတ္တိ ပေါတိ၊ ဂ်မံ ပန နကုပ္ပတိ—ဟု လာသော မဟာဝါအဋ္ဌကထာ မဟာခန္ဓကအဖွင့်ကိုထောက်။

နဘိက္ခဝေ အနုပဇ္ဈာယကောတိ၊ ဟူသည်ကား။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ အဂါဟာပေတ္ဝာ၊ မယူစေမူ၍။ နိရုပဇ္ဈာယကော၊ ဥပဇ္ဈာယ်ဆရာမရှိသော ရဟန်းလောင်းကို။ နဥပသမ္ပာဒေတဗ္ဗော၊ ရဟန်းခံ၍ မပေးအပ်။ ယော၊ အကြင်ရဟန်းသည်။ ဥပသမ္ပာဒေယျ၊ ရဟန်းခံ၍

ပေးငြားအုံး။ အာပတ္တိ ဒုက္ကဋ်သာ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဣတိ၊ သို့။ သိက္ခာပဒပညတ္တိဒေတာ၊ သိက္ခာပုဒ်ပညတ်သည်မှ။ ပဋ္ဌာယ၊ စ၍။ ဧဝံ၊ ဤသို့။ ဥပသမ္ပာဒေန္တသာ၊ ရဟန်းခံပေးသောသူအား။ အာပတ္တိ၊ ဒုက္ကဋ်အာပတ်သင့်၏။ ပန၊ ထိုသို့ဒုက္ကဋ်သင့်သော်လည်း။ ကမ္မံ၊ ပြုအပ်သောကံသည်။ န ကုပ္ပတိ၊ မပျက်။

အခိပ်ဖွယ်ကား-"ယော ဥပသမ္ပာဒေယျ အာပတ္တိ ဒုက္ကဋ်သာ" ဟူ၍သာ ဟော်တော်မူ၍ "သော စ ပဂ္ဂဓလာ အနုပသမ္ပန္နော" ဟူ၍ ဟော်တော်မမူသောကြောင့် လည်းကောင်း၊ ဥပဇ္ဈာယ်ဆရာမရှိသော်လည်း ကမ္မဝါစာဖြင့် မရှိသော ဥဇ္ဈာယ်၏အမည်ကိုဖတ်ရာ ပုဂ္ဂိုလ်ကို သုံးသပ်သည်မည်သောကြောင့် လည်းကောင်း ဒုက္ကဋ်သာသင့်သည်။ ပြုအပ်သောကံမပျက်ဟူလို။

ဝိနယဝိနိစ္ဆယအဋ္ဌကထာဋ္ဌလည်း-

နူ,ပသမ္ပာဒနိယောဝ၊ အနုပဇ္ဈာယဒကာ နရော။
ကဒရာဘော ဒုက္ကဋ်ံ ဟောတိ၊ န ကုပ္ပဘိ သဒေကတံ-

ဟု ဆိုတော်မူ၏။

အနုပဇ္ဈာယကော၊ ဥပဇ္ဈာယ်မရှိသော။ နရော၊ ရဟန်းလောင်းကို။ နူပသမ္ပာဒနိဒယောဝ၊ ရဟန်းခံ၍ မပေးအပ်သလျင်ကတည်း။ ကဒရာ-တော၊ ရဟန်းခံပေးသောသူအား။ ဒုက္ကဋ်ံ၊ သည်။ ဟောတိ၊ ၏။ သဒေကတံ၊ အကယ်၍ ရဟန်းခံခြင်းကိုပြုငြားအုံး၊ ကမ္မံ၊ ကံသည်။ န ကုပ္ပတိ၊ မပျက်။

၄၁။ သံဃ,ဂိဏ်းစသည်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း

မေး။ ။သံဃာ, ဂိဏ်းကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံရာ၌ လည်းကောင်း၊ ဥဘတောဝျည်း, ပဏ္ဍုက်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံရာ၌ လည်းကောင်း ရဟန်းဖြစ်ပါ၏လော။

ဖြေ။ ။သံဃာကို ဖြစ်စေ၊ ဂိုဏ်းကို ဖြစ်စေ၊ ဥဘတောဗျည်း, ပဏ္ဏာကစသည်ကိုဖြစ်စေ ဥပဇ္ဈာယ်ပြု၍ ရဟန်းခံမူ ရဟန်းလောင်းမှာ ရဟန်းဖြစ်သည်။ ရဟန်းခံပေးသော သူတို့မှာ ဒုက္ကဋ်အာပတ်သင့်သည်။

သံဃေန ဥပဇ္ဈာယေနာတိအာဒီသုပိ ဥဘတောဗျဥ္ဇနကုပဇ္ဈာယပရိယောသာနေသု ဧသေဝ နယော-
ဟု လာသော မဟာဝဂ်အဋ္ဌကထာ မဟာခန္ဓက အဖွင့်ကိုထောက်။

ဥဘတောဗျဥ္ဇနကုပဇ္ဈာယပရိယောသာနေသု၊ ဥဘတော ဗျည်းကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း အဆုံးရှိကုန်သော။ သံဃေန ဥပဇ္ဈာယေနာတ်အာဒီသုပိ၊ သံဃာကိုဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်းအစရှိသည်တို့၌လည်း။ ဧသေဝ နယော၊ ဤဥပဇ္ဈာယ်မရှိပဲ ရဟန်းခံသောသူနှင့်သာလျှင် တူသောနည်းရှိ၏။

ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌လည်း-

ဧသေသေသုပိ အယံ ဥဇုယျော၊ နယော သဗ္ဗတ္ထ ဝိညုနာ-
ဟု ဆိုတော်မူ၏။

သဗ္ဗတ္ထ၊ အလုံးစုံကုန်သော။ ဧသေသေသုပိ၊ သံဃာ, ဂိုဏ်း, ဥဘတောဗျည်း, ပဏ္ဏာကစသည်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်း စသည်တို့၌လည်း။ အယံ နယော၊ ဤဥပဇ္ဈာယ်မရှိပဲ ရဟန်းခံသော နည်းကို။ ဝိညုနာ၊ ဝိနည်းအရာ လိမ္မာသောရဟန်းသည်။ ဥဇုယျော၊ သိအပ်၏။

သပိတ်သင်္ကန်းမပြည့်စုံပဲ ရဟန်းခံသော သူသည်လည်း ရဟန်းဖြစ်သည်။ ခံပေးသောသူတို့မှာ ဒုက္ကဋ်အာပတ်သင့်သည်ဟုမှတ်။ ထိုကြောင့် မဟာဝဂ်အဋ္ဌကထာ၌-

အာပတ္တိ ဒုက္ကဋဿာတိ ဧတံ ဥပသမ္ပာဒေန္တဿေဝ အာပတ္တိ ဟောတိ၊ ဂဏမုံ ပန နကုပ္ပတိ။ အစိဝရကာဒိဝတ္ထုသုပိ ဧသေဝ နယော-

ဟု ဆိုတော်မူ၏။

အာပတ္တိ ဒုက္ကဋဿဲတိ၊ ဟူသည်ကား။ ဧဝံ၊ သို့။ ဥပသမ္ပာဒေန္တဿေဝ၊ သပိတ်မရှိပဲ ရဟန်းခံပေးသောသူအား သာလျှင်။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ကမ္မံ ပန၊ ကံသည်ကား။ န ကုပ္ပတိ၊ မပျက်။ အစိဝရကာဒိဝတ္ထူသုပိ၊ သက်နှံးမရှိသော ဝတ္ထု စသည်တို့၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင်တူသောနည်း.ရှိ၏။

၄၂။ ပုဗ္ဗကိစ္စရှစ်ပါးကိုမပြုပဲ ရဟန်းခံခြင်း

ဧမေး။ ။ရဟန်းခံရာ၌ ဝတ္ထု၏ ပြည့်စုံခြင်း, ဉတ်၏ ပြည့်စုံခြင်း, ကမ္မဝါစာ၏ ပြည့်စုံခြင်း, သိမ်၏ ပြည့်စုံခြင်း, ပရိသတ်၏ ပြည့်စုံခြင်းမူ တပါး ပုဗ္ဗကိစ္စပြီးခြင်းရှစ်ပါးတို့ကို မပြုပဲ့ ရဟန်းခံမူ ရဟန်း ဖြစ်ပါ မည်းလော။

ဧဖြေ။ ။ထိုအမေးပဋ္ဆဝမှာ—

ပုဗ္ဗကိစ္စနိဋ္ဌာနံ နာမ ယာနိမာနိ "ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော" တိအာဒိနာ ပါဠိယံ ဝုတ္တာနိ ဥပဇ္ဈံ ဂါဟာပနံ, ပတ္တစီဝရစိက္ခဏံ, တတော တံ ဟတ္ထပါသဧတော ဗဟိ ပေသေတွာ အနုညာတသမ္မုတိကရဏံ, သမ္မတေန စ ဂန္ဆာ အနုသာသနံ, တေန စ ပဌမတရံ အာဂန္ဆာ သံဃဿ ဉတ္တိယာ ဉာပေတွာ ဥပသမ္ပဒါပေက္ခံ အာဂစ္ဆာဟိတိ ဟတ္ထပါသေ ဧဝ အဘ္ဘာနံ, တေန ဘိက္ခူနံ ပါဒေ ဝန္ဒာပေတွာ ဥပသမ္ပဒါယာစာပနံ, တတော အန္တရာယိကဓမ္မပုစ္ဆကသမ္မုတိကရဏံ, သမ္မတေန စ ပုစ္ဆနံဿိ အဋ္ဌ ပုဗ္ဗကိစ္စာနိ၊ တေသံ သဇ္ဇေသံ ယာထာဝတော ကရဏေန နိဋ္ဌာပနံ။ ဧတေသွိ စ ပုဗ္ဗကမ္မနိဋ္ဌာနေ သတိ ဧဝ ဣဒံ သံဃဿ ဥပသမ္ပဒါကမ္မံ ပတ္တကလ္လံ နာမ ဟောတိ၊ နာသတိ။ ဧတေသု ပန ပုဗ္ဗကမ္မေသု အကတေသုပိ ကတံ ကမ္မံ ယထာဝုတ္တဝတ္ထုသမ္ပတ္တိအာဒီသု ဝိဇ္ဇမာနေသု အကုပ္ပဒမဝ ဟောတိ—

ဟုလာဒသာ ဝိဓတိဝိနောဒနိဋ္ဌိကာကိုထောက်၍ ရဟန်းခံရာ၌ ကမ္မဝါစာ

မဖတ်မီ ရဟန်းငလောင်း၏ အမည်နာမကို နံဝဂဟူ၍ မှည့်ကြွားသည်မှု တပါးသော ပုဗ္ဗကိစ္စရှစ်ပါးကိုမပြုပဲ ရဟန်းခံသော်လည်း ကံမပျက်။ ရဟန်းဖြစ်သည်သာ။

ဋီကာအနက်ကား- ပုဗ္ဗကိစ္စနိဋ္ဌာနံ နာမ၊ ပုဗ္ဗကိစ္စရှစ်ပါးကို ပြီးစေခြင်း မည်သည်ကား။ ပဌမံ ဥပဇ္ဈာဟာဒေဟပတ္တေါတိအာဒိနာ၊ အစရှိသည်ဖြင့်။ ပါဠိယံ၊ မဟာဝဂါဟိဋ္ဌတော်၌။ စုတ္တာနိ၊ ဟောတော်မူအပ်ကုန်သော။ ဥပဇ္ဈံ၊ ဥပဇ္ဈာယ်ဆရာကို။ ဂါဟာပနံ၊ ယူစေခြင်းလည်း ကောင်း။ပတ္တစီဝရာစိက္ခဏံ၊ သပိတ်သင်္ကန်းကိုကြွားခြင်းလည်းကောင်း။ တဇ္ဇေတာ၊ ထိုဒုနာင်မှ။ တံ၊ ထိုရဟန်းလောင်းကို။ ဟတ္ထပါသတော၊ သံဃာ၏ဟတ္ထပါသ်မှ။ ဗဟိ၊ အပသို့။ ပေသေတွာ၊ စေ၍။ အနုညာ-တသမ္မုတိကရဏံ၊အနုညာတသမ္မုတိကမ္မဝါစာကိုပြုခြင်းလည်းကောင်း။ သမ္မတေန စ၊ သမ္မုတိရသောရဟန်းသည်လည်း။ ဂန္ဒွာ၊ သွား၍။ အနုသာသနံ၊ ဆုံးမခြင်းလည်းကောင်း။ ဇေန စ၊ ထိုဆုံးမသော ရဟန်းသည်လည်း။ ပဌမတရံ၊ ရှေးဦး စွာ။ အာဂန္ဒွာ၊လာ၍။ဥတ္တိယာ၊ ဥတ်ဖြင့်။ ဉာပေတွာ၊ သိစေ၍။ ဥပသမ္ပဒါပေက္ခံ၊ ရဟန်းလောင်းကို။ အာဂန္တွာဟိတိ၊ လာခဲ့လော့ဟူ၍။ ဟတ္ထပါသေ ဇေ၊ သံဃာ၏ ဟတ္ထပါသ်သို့သာလျှင်။ အဇ္ဈာနံ၊ ခေါ်ခြင်းလည်းကောင်း။ တေန၊ ထိုရဟန်းလောင်းကို။ ဘိက္ခုနံ၊ ရဟန်းတို့၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒာပေတွာ၊ ရှိခိုးစေ၍။ ဥပသမ္ပဒါယာစာပနံ၊ ပဉ္စင်း အဖြစ်ကို တောင်းပန်စေခြင်းလည်းကောင်း။ တတော၊ ထိုနောင်မှ။ အန္တရာယိကဓမ္မပုဏ္ဆကသမ္မုတိကရဏံ၊ အန္တရာယ်ရှိသော တရားကို မေးသော သမ္မုတိကမ္မဝါစာကို ပြုခြင်းလည်းကောင်း။ သမ္မတေန စ၊ သမ္မုတိရသော ရဟန်းသည်လည်း။ ပုဏ္ဏနံ၊ မေးခြင်းလည်းကောင်း။ ဣတိ၊ သို့။ ယာနိဓာနိ အဋ္ဌ ပုဗ္ဗကိစ္စာနိ၊ အကြင်ရှစ်ပါးသောပုဗ္ဗကိစ္စတို့သည်။ သန္တိ၊ ကုန်၏။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ သေသံ၊ ထိုပုဗ္ဗကိစ္စရှစ်ပါးတို့ကို။ ယာထာဝတော၊ အဟုတ်အမှန်။ ကရဏေန၊ ပြုသဖြင့်။ နိဋ္ဌာပနံ၊ ပြီးစေခြင်းတည်း။ တေသုံ စ ပုဗ္ဗကမ္မနိဋ္ဌာနေန၊ ထိုပုဗ္ဗကမ္မ၏ ပြီးခြင်းသည်လည်း။ သတိ ဇေ၊ ရှိသော်သာလျှင်။ သံဃဿ၊ ၏။

ဤဒံ ဥပသမ္ပဒါကမ္မံ၊ ဤဉာသမ္ပဒကံသည်။ ပတ္တကလ္လံ နာမ၊ လျောက်ပတ်သောအခါရှိသော ကံမည်သည်။ ဟောတိ၊ ဖြစ်၏။ အသတိ၊ မရှိသော်။ န ဟောတိ၊ မဖြစ်။ ပန၊ အထူးကိုဆိုအံ့။ ဧတေသု ပဗ္ဗက-မ္မေသု၊ ထိုပုဗ္ဗကမ္မတို့ကို။ အကတေသုပိ၊ မပြုအပ်ကုန်သော်သည်း။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ ဥပသမ္ပဒကံသည်။ ယထာဝုတ္တဝတ္ထုသမ္ပတ္တိ-အာဒီသု၊ အကြင်ဆိုအပ်ကုန်သော ဝတ္ထုစသည်တို့၏ ပြည့်စုံခြင်းတို့သည်။ ဝါ၊ ဝတ္ထု၊ ဉတ္တိ, အနုဿာဝန, သီမ, ပရိသ၏ပြည့်စုံခြင်း ငါးပါးတို့သည်။ ဝိဇ္ဇမာနေသု၊ ရှိကုန်လတ်သော်။ အကုပ္ပမေဝ၊ မပျက်သည်သာလျှင်။ ဟောတိ၊ ၏။

ထိုဋီကာပါဠိအနက်၌ ၎င်းရှစ်ကြိမ်ပေးသော အနက်အစဉ်အတိုင်း ပုဗ္ဗကိစ္စရှစ်ပါးကို ယူလေ။

မာတိကာအဋ္ဌကထာ ပဌမပါရာဇိကအဖွင့်၌လည်း—

> တာသဲ ပန ကမ္မဿ ဝတ္ထုဉတ္တိ အနုဿာဝနသီမာပရိသာ-သမ္ပတ္တိဝသေန အကုပ္ပတာ ဝေဒိတဗ္ဗာ—

ဟု လာသည်။

တာသဉ ပန ကမ္မဿ၊ ၏း ဝတ္ထုဉတ္တိအနုဿာဝနသီမာပရိသာသမ္ပတ္တိ-ဝသေန၊ အဘေဒ္ဓပုဂ္ဂိုလ်မဟုတ်သော ရဟန်းလောင်းဟု ဆိုအပ်သော ဝတ္ထု၏ ပြည့်စုံခြင်း ဥပသမ္မဒဉတ်၏ပြည့်စုံခြင်း ကမ္မဝါစာ၏ပြည့်စုံခြင်း သီမ၏ပြည့်စုံခြင်း ကမ္မပတ္တဖြစ်သော ရဟန်းပရိသတ်၏ ပြည့်စုံခြင်း၏ အစွမ်းအားဖြင့်။ အကုပ္ပတာ၊ မပျက်သည်၏အဖြစ်ကို။ ဝေဒိတဗ္ဗာ၊ ၏။

၄၃။ ရဟန်းလောင်း, ဥပဇ္ဈာယ်ဆရာ၏အာမည်ကိုမမှည့်ပဲ ရဟန်းခံခြင်း

မေး။ ။ရဟန်းလောင်း၏ အမည်, ဥပဇ္ဈာယ်ဆရာ၏ အမည်ကို ပုဗ္ဗကိစ္စရှစ်ပါးကိုမပြုမီ ရှေ့အဖို့က မမှည့်မကြေးပဲ ရဟန်းခံမှု ရဟန်းဖြစ်ပါမည်လော။

ဖြေ။ ။ရဟန်းလောင်း ဥပဇ္ဈာယ်ဆရာနှစ်ဦးတို့တွင် ဥပဇ္ဈာယ်ဆရာ၏ အမည်နာမကို တိဿအမည်ဖြင့်ဖတ်မူ မဆုံးမခင်ဖြစ်စေ၊ ဆုံးမသောအခါ မမှည့် မကြားသော်လည်း ကမ္မဝါစာ ဖတ်သောအခါ "တိဿဿ ဥပသမ္မဒါပေက္ခော" စသည်ဖြင့် တိဿ အမည်ရှိသော ဥပဇ္ဈာယ်ဆရာ၏အမည်ပါရှိသောကြောင့် ကံမပျက်၊ ရဟန်းလောင်း၏ အမည်မူလာ မိမိအမည်ဟောင်းအတိုင်း ကမ္မဝါစာ၌ ထည့်သွင်း၍ဖတ်မူ မမှည့်မကြားသော်လည်း ကံမပျက်၊ အမည်ဟောင်းကိုလဲ၍ ကမ္မဝါစာရှိတိုင်း နာဂဟူသောအမည်ဖြင့်ဖတ်လိုမူ မဆုံးမခင်ကပင် အမည်ဟောင်းကို ဖျောက်၍ နာဂဟူသောအမည်ပေးခြင်းကို ပြောကြားရမည်။ ထိုသို့ မဆုံးမခင်ကသတိမရ၍မပြောကြားဖိမူ ဆုံးမသောအခါ "ကိံ နာမောသိ အဟံ ဘန္တေ နာဂေါ နာမ" ဟု မေး၍ ပြောကြားသော်လည်း နာဂဟူသည် ငါ၏အမည်ဟု သညာရှိမူ ကံမပျက်။ ထိုသို့မဆုံးမခင်ကဖြစ်စေ၊ ဆုံးမသောအခါ၌ဖြစ်စေ မမှည့်မကြားပဲ အမည်ဟောင်းကို ကမ္မဝါစာ၌ ထည့်သွင်း၍ မဖတ်ပဲ "နာဂေါ" ဟူသော ကမ္မဝါစာအတိုင်း ဖတ်မူ ရဟန်းလောင်း၏အမည်ဟောင်းကလည်းတခြား, ကမ္မဝါစာ၌ နာဂဟူသော အမည်ကလည်း တခြားစီဖြစ်နေသောကြောင့် ရဟန်းမ့ဖြစ်။

တသ္မာ အညမ္မိ ယံကိဉ္စိ တဿ နာမံ ပသိဒ္ဓံ၊ တသ္မိံ ဝါ ခဏေ သုခဂ်ဟာဏတ္ထံ နာမံ ပညာပိတံ၊ တံ သဗ္ဗံ ဂဟေတ္ဝာပိ အနုဿာဝနာ ကာတဗ္ဗာ။ ယထာ ဥပဇ္ဈာယဿ၊ ဧဝံ ဥပသမ္မဒါပေက္ခဿပိ ဂေါတ္တာဒီနာမေန တဒ်ဇီကနာမေန စ အနုဿာဝနံ ကာတုံ ဝဋ္ဋတိ။ တသ္မိမ္ပိ ခဏေ အယံ တိဿောတိ ဝါ နာဂေါတိ ဝါ နာမံ ကရောန္တေဟိ အနုဿာဝနသမ္မုတိတော ပဌမမေဝ ကာတဗ္ဗံ။ ဧဝံ အကတ္ဝာပိ အန္တရာယိကဓမ္မာနုသာသနပုစ္ဆနကာလေသု "ကိံ နာမောသိ။ အဟံ ဘန္တေ နာဂေါ နာမ။ ကော နာမော တေ ဥပဇ္ဈာယော၊ ဥပဇ္ဈာယော မေ ဘဒန္တ တိဿော နာမာ"တိအာဒိနာ ဝိညာပေန္တေန ဥဘိန္နမ္ပိ စိတ္တေ "မမေတံ နာမန္တိ" ယထာ သညာ ဥပ္ပဇ္ဇတိ၊ ဧဝံ

ဝိညာပေတပ္ပံ။ သဓေ ပန တသ္မိံ ခဒဏ ပကတိနာဒးမန ဝတ္ဘာ
ပစ္ဆာ တိဿောနာမာဒိအပုဗ္ဗနာမေန အနုဿာဓေတိ၊ နဝဋ္ဋတိ။
တတ္ထ စ ကိဉ္စာပိ ဥပဇ္ဈာယဿေဝ နာမံ အဂ္ဂဟေဘ္ဘာ ယေန
ကေနစိ နာမေန "တိဿဿ ဥပသမ္ပဒါပေက္ခော" တိအာဒိနာပိ
ပဂ္ဂလေ ပရာမဋ္ဌေ ကမ္မံ သုကတမေဝ ဟောတိ၊ အနုပဇ္ဈာ-
ယကာဒိနံ ဥပသမ္ပဒကမ္မံ ဝိယ ဥပဇ္ဈာယဿ အဘာဝေပိ
အဘဗ္ဗတ္တေပိ ကမ္မဝါစာယ ပုဂ္ဂလေ ပရာမဋ္ဌေ ကမ္မဿ သိဒ္ဓ-
နတော။ ဥပသမ္ပဒါပေက္ခဿ ပန ယထာသကံ နာမံ ဝိနာ
အညေန နာမေန အနုဿာဝိတေ ကမ္မံ ကုပ္ပတိ၊ သော အနု-
ပသမ္ပန္နော ဟောတိ၊ တတ္ထ ဌိတော အညော အနုပသမ္ပန္နော
ဝိယ ဂဟိတနာမဿ ဝတ္ထုပုဂ္ဂလဿ တတ္ထ အဆာဝါ, တေဿ
စ နာမဿ အနုဿာဝနာယ အဝုတ္တတ္တာ။ တသ္မာ ဥပသမ္ပဒါ-
ပေက္ခဿ ဂဟိတနာမံ ပရိဝတ္တေတ္ဝာ အုပဇ္ဈေန နာဂဒါဒိနာမေန
အနုဿာဝေတုကာမေန ပဋိကစ္စေဝ "တုံ နာဂေါ" တိအာ-
ဒိနာ ပိညာပေတ္ဝာ အနုဿာဝနအန္တရာယိကမေမပုစ္ဆိတွာ ကတ္ဗာသုပိ
တဿ စ သံဃဿ ယထာ ပါကဋံ ဟောတိ၊ တထာ ပကာ-
သေတ္ဝာဝ နာဂဒါဒိနာမေန အနုဿာဝေတပ္ပံ—

ဟုလာသော ဝိမတိဝိဓနာဒနိဋ္ဌိကာကိုထောက်။

တသ္မာ၊ ကြောင့်။ အညမ္ပိ၊ တပါးလည်း ဖြစ်သော။ ယံကိဉ္စိ၊
အမှတ်မရှိသော။ တဿ၊ ထို့ဥပဇ္ဈာယ်ဆရာ၏။ နာမံ၊ အမည်သည်။
ပသိဒ္ဓံ၊ မြဲ၏။ ဝါ၊ ထင်ရှား၏။ တသ္မိံ ဝါ ခဏေ၊ ထိုရဟန်းခံသော
ခဏ၌။ သုခဂ္ဂဟဏတ္ထံ၊ ကမ္မဝါစာဖတ်ယူလွယ်ကူစေခြင်းငှာ။ နာမံ၊
ကို။ ပညာပိုတံ၊ ပညတ်အပ်၏။ ဝါ၊ ခေါ်ဝေါ်သမုတ်အပ်၏။ တံ
သဒ္ဒံ၊ ထိုအလုံးစုံကို။ ဂဟေတ္ဝာပိ၊ ယူ၍လည်း။ အနုဿာဝနာ၊
ကမ္မဝါစာဖတ်ခြင်းကို။ ကာတဗ္ဗာ၊ အပ်၏။ ဥပဇ္ဈာယဿ၊ အား။
ကာတဗ္ဗာ ယထာ၊ ပြုအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဥပသမ္ပဒါ-
ပေက္ခဿပိ၊ ရဟန်းလောင်းအား၊လည်း။ ဖဂါတ္တာဒိနာမေန စ၊ ဂေါတ္တ

အစရှိသော အမည်ဟောင်းဖြင့်လည်းကောင်း။ တခ်ိဏိကနာမေန စ၊ ထိုရဟန်းခံသာအခါ၌ မှည့်သောအမည်ဖြင့်လည်းကောင်း။ အနုဿာ-ဝနံ၊ ကမ္မဝါစာကို။ ကာတုံ၊ ပြုခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ တသ္မိမ္ပိ ခဏေ၊ ထိုရဟန်းခံသောခဏ၌လည်း။ အယံ၊ ဤဥပဇ္ဈာယ်ဆရာသည်။ တိသော၊ တိသမည်၏။ ဝါ၊ တိသတည်း။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ နာမံ၊ အမည်ကို။ ကရောန္တော်ဟိ၊ ပြုကုန်သောရဟန်းတို့သည်။ အနုဿာ-သနသမ္မုတိတော၊ ဆုံးမအပ်သောသမ္မုတိကံကိုပြုသည်မှ။ ပဌမမေဝ၊ ရှေးဦးစွာကလျှင်။ ကာတဗ္ဗံ၊ ၏။ ဧဝံ၊ သို့။ အကတ္ဘာပိ၊ မပြုမူ၍လည်း။ ဝါ၊ မပြုသော်လည်း။ အန္တရုယိကဓမ္မာနုသာသနပုစ္ဆနကာလေသု၊ အန္တရာယ်ကိုပြုတတ်သောတရား အဆုံးအမကိုမေးသောအခါတို့၌။ ကိံ နာမော၊ အဘယ်အမည်ရှိသည်။ အသိ၊ ဖြစ်သနည်း။ ဘန္တေ၊ ဘုရား။ အဟံ၊ သည်။ နာဂေါ နာမ၊ နာဂအမည်ရှိပါသည်ဘုရား။ တော၊ သင်၏။ ဥပဇ္ဈာယော၊ သည်။ ကော နာမော၊ အဘယ် အမည်ရှိသနည်း။ ဘန္တေ၊ ဘုရား။ မေ၊ အကျွန်ုပ်၏။ ဥပဇ္ဈာယော၊ သည်။ တိဿော နာမ၊ တိဿအမည်ရှိပါ၏ဘုရား။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဝိညာပေန္တေန၊ သိစေသဖြင့်။ ဥဘိန္နမ္ပိ၊ နှစ်ပါးသော ဆရာတပည့်တို့၏လည်း။ စိတ္တေ၊ စိတ်၌။ တေံ၊ ဤအမည်သည်။ မမ၊ ငါ၏။ နာမံ၊ အမည်တည်း။ ဣဘိ၊ သို့။ ယထာ၊ အကြင် အခြင်း အရာဖြင့်။ သညာ၊ အမှတ်သညာသည်။ ဥပဋ္ဌာတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဝိညာပေဟဗ္ဘံ၊ သိစေအပ်၏။ ပန၊ အထူးကိုဆိုအံ့၊ တသ္မိံ ခဏေ၊ ထိုအမည်မှည့်သော ခဏ၌။ ပကတိနာမေန၊ အမည်ဟောင်းဖြင့်။ စတ္တာ၊ မှည့်ဆို၍။ ပစ္ဆာ၊ နောက် ကမ္မဝါစာ ဖတ်သော အခါ၌။ တိသ္သေါနာမာဒိအပုဗ္ဗနာမေန၊ တိဿအမည်အစရှိသော (ဝါ) တိဿ အမည်, နာဂအမည်ရှိသော အသစ်သောအမည်ဖြင့်။ သစေ အနုဿာ-ဝေတာ၊ အကယ်၍ ကမ္မဝါစာဖတ်သည်ဖြစ်ငြားအံ့။ နဝဋ္ဋတိ၊ မအပ်။ စ၊ ဆက်၍အထူးပြဆိုဦးအံ့။ တတ္ထ၊ ထိုတိဿ, နာဂ အမည်တို့တွင်။ ဥပဇ္ဈာယသေဝ၊ ဥပဇ္ဈာယ်ဆရာ၏ သာလျှင်။ နာမံ၊ အမည်ကို။ အဂ္ဂဟေတ္ဘာ၊ မယူမူ၍။ ယေန ကေနစိ၊ အမှတ်မရှိသော။ နာမေန၊

ဖြင့်။ တိသဿ ဥပသမ္ပဒါပေက္ခောတိအာဒိနာ်ပိ၊ ဤသို့ အစရှိသော အမည်ဖြင့်လည်း။ ပုဂ္ဂလေ၊ ကို။ ပရာမဋ္ဌေ၊ သုံးသပ်အပ်သည်ရှိသော်။ ကမ္မံ၊ ဥပသမ္ပဒကံသည်။ သုကတမေဝ၊ ကောင်းစွာပြုအပ်သည်သာလျှင်။ ဟောတိ၊ ၏။ အနုဇ္ဈာယကာဒီနံ၊ ဥပဇ္ဈာယ်မရှိသော ရဟန်းလောင်း စသည်တို့၏။ ဥပသမ္ပဒကမ္မံ ဝိယ၊ ကဲ့သို့။ ဥဇ္ဈာယသ္သ၊ ၏းအာဘာဝေပို့၊ မရှိသော်လည်းကောင်း။ အာဘဗ္ဗတ္တေပိ၊ ပဏ္ဍုက်ဥဘတော ဗျည်းစသော အာဘဗ္ဗပုဂ္ဂိုလ်ဖြစ်သော်လည်းကောင်း။ ကမ္မဝါစာယ၊ ကမ္မဝါစာဖြင့်။ ပုဂ္ဂလေ၊ ကို။ ပရာမဋ္ဌေ၊ သုံးသပ်အပ်သည်ရှိသော်။ ကမ္မသ္သ၊ ဥပသမ္ပဒ-ကံ၏။ သိဇ္ဈနတော၊ ပြီးခြင်းကြောင့်တည်း။ ပန၊ အထူးကိုဆိုအံ့။ ဥပသမ္ပဒါပေက္ခသ္သ၊ ပဒ္ဓင်းလောင်း၏။ ယထာသကံ၊ အကြင်မိမိ၏ ခေါဝေါမြဲဖြစ်သော။ နာမံ၊ ရှေးအမည်ဟောင်းကို။ ဝိနာ၊ကြဉ်၍။ အညေန၊ တပါးသော။ နာမေန၊ နာဂဟူသောအမည်ဖြင့်။ အနုသာ-ဝိတော၊ မမှည့်မကြားပဲ ကမ္မဝါစာ ဖတ်သည်ရှိသော်။ ဂမ်မံ၊ သည်။ ကုပ္ပတိ၊ ပျက်၏။ သော၊ ထိုရဟန်းလောင်းသည်။ အနုပသမ္ပန္နော၀၊ ရဟန်းမဖြစ်သည့်သာလျှင်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုကံဆောင်ရာ၌။ ဌိတော၊ တည်သော။ အညော၊ တပါးသော။ အနုပသမ္ပန္နော ဝိယ၊ သာမဏေကဲ့သို့။ ဂဟိတနာမဿ၊ ယူအပ်သော အမည်သင်္ခါရှိသော။ ဝတ္ထုပုဂ္ဂလဿ၊ ဝတ္ထု(ဟုဆိုအပ်သော)ပုဂ္ဂိုလ်၏။ တတ္ထ၊ ထိုကမ္မဝါစာ၌။ အဘာဝါ၊ မရှိသည်၏အဖြစ်ကြောင့်လည်းကောင်း။ တေသ စ နာမဿ၊ ထို ရဟန်းလောင်း၏ အမည်ဟောင်းကိုလည်း။ အနုဿာဝနာယ၊ ကမ္မဝါစာ၌။ အဝုတ္တတ္တာ၊ မဆိုအပ်သည်၏အဖြစ်ကြောင့်လည်းကောင်း။ ကုပ္ပတိ၊ ပျက်၏။ တသ္မာ၊ ထို့ကြောင့်။ ဥပသမ္ပဒါပေက္ခသ္သ၊ ပဒ္ဓင်းလောင်း၏။ ပကတိနာမံ၊ အမည်ဟောင်းကို။ ပရိဝတ္တေတ္ဝာ၊ လဲ၍။ ဝါ၊ ဖျောက်၍။ အပုဗ္ဗေန၊ အသစ်ဖြစ်သော။ နာဂါဒိနာမေန၊ နာဂစသောအမည်ဖြင့်။ အနုဿာဝေတုကာမေန၊ ကမ္မဝါစာဖတ်လိုသဖြင့်။ ပဋိကစ္စေဝ၊ စောစော ကလျှင်။ တုံ၊ သည်။ နာဂေါ၊ နာဂတည်း။ ဝါ၊ နာဂအမည်ရှိ၏။ ဣတိ-အာဒိနာ၊ ဤသို့ဖြင့်။ ဝိညာပေတ္ဝာ၊ ပြောကြားပြီး၍။ အနုဿာဿနအန္တရာ-ယိကဓမ္မပုစ္ဆနကွဲကောသုပိ၊ ဆုံးမအပ်သော အန္တရာယိကဓမ္မကိုမေးသော

အခါတော်၌လည်း။ တဿ စ၊ ထိုရဟန်းလောင်းအား လည်းကောင်း။ သံဃဿ စ၊ အားလည်းကောင်း။ ယထာ၊ အကြင်အခြင်းအရာဖြင့်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ တထာ၊ ထိုအခြင်းအရာဖြင့်။ ပကာသေတွာဝ၊ ပြောကြား၍သာလျှင်။ နာဂါဒိနာမေန၊ နာဂအစရှိသောအမည်ဖြင့်။ အနုဿာဝေတဗ္ဗံ၊ ကမ္မဝါစာကို ကြားစေအပ်၏။ ဝါ၊ ကမ္မဝါစာဖြင့် သံဃာကို သိစေအပ်၏။

ဤသို့လာသော ဋီကာကိုထောက်၍ ဥပဇ္ဈာယ်ဆရာ၏ အမည်ကို ကမ္မဝါစာမဖတ်မီ ဘယ်အခါမှ မမှည့်မကြားသော်လည်း ဥပသမ္ပဒကံ မပျက်ဟု မှတ်ယူရမည်။ ဥပဇ္ဈာယ်ဆရာမရှိပဲ ရဟန်းခံခြင်း, ဥဘတော-ဗျည်းစသည်ကို ဥပဇ္ဈာယ်ပြု၍ ရဟန်းခံခြင်းတို့၌ ရဟန်းဖြစ်သကဲ့သို့ တည်း။

ရဟန်းလောင်း၏အမည်ကို ပကတိအမည်ဟောင်းအတိုင်း ကမ္မဝါစာ၌ ထည့်သွင်း၍ဖတ်လိုသဖြင့် ဖတ်ကြားခြင်းကိုပြုမူ ရဟန်းလောင်း၏ အမည်နာမကို ထုတ်ဖော်၍ မမှည့်မကြားသော်လည်း ကမ္မဝါစာဖြင့် ဝတ္ထုကိုသုံးသပ်သည်မည်သောကြောင့် ရဟန်းဖြစ်သည်ဟုမှတ်။ ရဟန်းလောင်း၏ ပကတိအမည်ဟောင်းကိုပယ်စွန့်၍ နာဂစသောအမည်သစ်ဖြင့် ကမ္မဝါစာဖတ်လိုမူ စောစောက တင်ကြို၍ နာဂစသောအမည်ကို မှည့်ပေး၍ ဆုံးမသော အခါလည်း ရဟန်းလောင်းအား လည်းကောင်း၊ သံဃာအား လည်းကောင်း ပြောကြား၍ ဥပသမ္ပဒ ကမ္မဝါစာကို ဖတ်ရမည်။ စောစောက တင်ကြို၍ မမှည့်မဆိုသော်လည်း ဆုံးမသောအခါ၌ "ကိ' နာမောသိ၊ အဟံ ဘန္တေ နာဂေါ နာမ" ဟု ဆို၍ အမည်ကို ပြောကြားမူ အပ်သည်၊ ရဟန်းဖြစ်သည်။ အဘယ်အခါမှ နာဂဟူသောအမည်ကို မပြောကြားပဲ ရဟန်းလောင်း၏ အမည်ဟောင်းက "ပညာ" ကမ္မဝါစာက "နာဂ"ဟူ၍ ဖတ်မူ ဝတ္ထုတခြား အမည်တခြား ဖြစ်နေသောကြောင့် မအပ်၊ ရဟန်းမဖြစ်ဟု မှတ်လေ။

၄၄။ ရဟန်းလောင်းများကို ဒဏ်တွဲ၍ ကမ္မဝါဖတ်ခြင်း

မေး။ ။ရဟန်းလောင်း နှစ်ယောက်ဖြစ်စေ၊ သုံးယောက်ဖြစ်စေ ကမ္မဝါစာဆရာ တယောက်တည်းဖတ်လို၍ ဒဏ်တွဲဖတ်ရာ အဘယ်သို့တွဲ၍ ဖတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ—

အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အာယသ္မတော သံဃရက္ခိတသ္သ ဥပသမ္ပဒါပေက္ခောတိအာဒိနာနယေန ဧကေန အာဧရိယေန ဒ္ဝိန္နံ ကေသ္မိံ ဓဇော အနုဿာဝနာနယော ဒဒ္ဒဗ္ဗော။ ဣမိနာဝ နယေန တိဏ္ဏမ္ပိ ဧကေန အာစရိယေန ကေကဿော အနုဿာဝနာ ဝေဒိတဗ္ဗာ—

ဟုလာသော ဝိမတိဝိနောဒနီဋီကာ, ဝိနည်းယောဇနာတို့၌ လာသည့် အတိုင်း ဒဏ်တွဲ၍ဖတ်ရမည်။

ဤကား ဋီကာ, ယောဇနာတို့၌ လာသော ဒဏ်ဖတ်နည်းတည်း။ ကမ္မဝါစာကို ဒဏ်တွဲ၍ဖတ်ရာ၌ "အယဉ္စ ဗုဒ္ဓရက္ခိတော အယဉ္စ ဓမ္မရက္ခိတော အာယသ္မာတော သံဃရက္ခိတသ္သ ဥပသမ္ပဒါပေက္ခာ" စသည်ဖြင့် ဖတ်သော်လည်း အပ်သည်သာဟု မှတ်လေ။

ပရိပုဏ္ဏာသ ပတ္တစီဝရံ-၌ "ပရိပုဏ္ဏာသ စ ပတ္တစီဝရံ၊ ပရိပုဏ္ဏာသ စ ပတ္တစီဝရံ" ဟု ဖတ်သင့်သည်။ ဝိနည်းတတ်သောဆရာမြတ်တို့မူကား— "ပရိပုဏ္ဏာသ ပတ္တစီဝရံ" ဟူ၍ပင် ဆိုသော်လည်း အာသ-၌ တ-သဒ္ဒါ အရဖြင့် ပါဝင်သောကြောင့် ကံမပျက်ဟု မိန့်ဆိုတော်မူကြကုန်၏။

ဤကမ္မဝါစာဒဏ်တွဲ၍ဖတ်ရာတို့မှာ မဟာဝါအဋ္ဌကထာ မဟာခန္ဓကအဖွင့်၌—

ဒ္ဝေ ကောဋ္ဌာသာဝနေတိ ကေတော အဋ္ဌာသာဝနေ ဧကော်နကေဿ အညေန ဣတရဿာတိ ဧဝံ ဒ္ဝိဟိ ဝါ အာစရိယေဟိ ဧကေန ဝါ ကေဏ္ဍေ ကမ္မဝါစံ အနုဿာဝေန္တေဟိ ဥပသမ္ပာဒေတုံ အနုဇာနာမီတိ အတ္ထော။ ဒ္ဝေ တယော ကော-

နုဿာဝဝနေ ကာတုံ၊ တဉ္ဆ ခေါ ကေနေ ဥပဇ္ဈာယေနာတိ ဒွေ ဝါ တယော ဝါ ဇနေံ ပုရိမနယေနေဝ ကေတော အနုဿာဝဝနေ ကာတုံ အနုဇာနာမိ။ တဉ္ဆ ခေါ အနုဿာ-ဝနကြိယံ ကေနေ ဥပဇ္ဈာယေန အနုဇာနာမီတိ အတ္ထော။ တသ္မာ ကေနေ အာစရိယေန ဒွေ ဝါ တယော ဝါ အနုဿာ-ဝေတဗ္ဗာ။ ဒ္ဝိဟိ ဝါ တီဟိ ဝါ အာစရိယေဟိ ဝိသုံ ဝိသုံ ခေကေနေ ကေဿာတိ ဧဝံ ကေပဟာရေနေဝ ဒွေ တိဿော ကမ္မဝါစာ ကာတဗ္ဗာ။ သစေ ပန နာနာစရိယာ နာနုပဇ္ဈာယာ ဟောန္တိ။ တိဿဒ္ဓတ္ထရော သုံမနတ္ထေရဿ သဒ္ဒိဝိဟာရိကံ, သုမန-တ္ထေရော တိဿတ္ထေရဿ သဒ္ဒိဝိဟာရိကံ အနုဿာဝေတိ အဉ်-မညဉ္ဆ ဂဏ္ဌာပူရကာ ဟောန္တိ၊ ဝဋ္ဋတိ။ သစေ ပန နာနာ-ဥပဇ္ဈာယာ ဟောန္တိ၊ ခေကော အာစရိယော ဟောတိ၊ နတ္ထေဝ နာနုပဇ္ဈာယေနာတိ ပဋိက္ခိတ္တတ္တာ နေ ဝဋ္ဋတိ။ ဣဒံ သန္ဓာယ ဟိ သေ ပဋိက္ခေပေါ—

ဟု ဖဋ်ဝေတော်မူ၏။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း—

ဒွေ ကောနုဿာဝနေတိ ဇတ္ထ ဂဏ္ဌိပဒေ တာဝ ဧဝံ လိခိတံ "ကေတော ပဝတ္တအနုဿာဝနေ ဣဒံ သန္ဓာယာတိ၊ နာနုပဇ္ဈာယံ ကောစရိယံ အနုဿာဝနကြိယံ သန္ဓာယ။ တဉ္ဆ အနုဿာဝနကြိယံ ကေနုပဇ္ဈာယေန နာနာစရိယေဟိ အနု-ဇာနာမီတိ အတ္ထော။ နာနုပဇ္ဈာယေဟိ ခေကေနာစရိယေန နတ္ထေဝ အနုဇာနာမီတိ အတ္ထော" တိ။ ပေါရာဏဂဏ္ဌိပဒေပိ တထေဝ ဝတ္ဝာ တိဏ္ဏံ ဥဒ္ဒံ နု ကေနစိ အာကာရေန ကေတော ဝဋ္ဋတီတိ ဝုတ္တံ၊ တံ ယုတ္တံ။ နု ဟိ သံယော သံယသ္သ ကမ္မံ ကရောတီတိ အာစရိယော။ ဣဒံ ပနေတ္ထ စိန္တေတဗ္ဗံ၊ ကထံ စတ္တာရော ဝါ အတိရေကာ ဝါ ဥပသမ္ပဒါပေက္ခာ သံယံ ဝေါ-

ဟာရုံ လဘန္တိ ဘိက္ခုဘာဝံ အပ္ပတ္တတ္တာ။ ကေဝလံ ဘဂဝ-
တာ ပရိစ္ဆိန္ဒိတ္ဘာ "တယော"တိ ဝုတ္တတ္တာ တတော ဥဒ္ဓံ နှ
ဝဋ္ဋတီတိ နော တက္ကောတိ အာစရိယော—

ဟု ဆို၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

ကေန ဝါတိ ဒ်ိန္နမို့ ကေသို့ံ ခဏေ ကောယ ဇဝ
ကမ္မဝါစာယ အနုသာဝနေ ကေနာစရိယေနာတိ အတ္ထော။
အယုံ ပုဒ္ဓရက္ခိတော စ အယုံ ဓမ္မရက္ခိတော စ အာယသ္မတော
သံဃရက္ခိတသ္သ ဥပသမ္ပဒါပေက္ခောတိအာဒိနာ နယေန ကေန
အာစရိယေန ဒ်ိန္နံ ကေသို့ံ ခဏေ အနုသာဝံနနယော ဒဋ္ဌဗ္ဗော။
ဣမိနာဝ နယေန တိဏ္ဏမို့ ကေန အာစရိယေန ကေဏ္ဍေ
အနုသာဝနံ ဒဋ္ဌဗ္ဗံ။ ပုရိမနယေန ကေတော အနုသာဝနေ
ကာတုန္တိ ကေန ကေသ အညေန ဣတရသာတိအာဒိနာ
ပုဗ္ဗေ ဝုတ္တနယေန ဒ်ိန္နံ ဒ်ိဟိ ဝါ တိဟိ ဝါ အာစရိယေဟိ
ကေန ဝါ အာစရိယေန် တယောပို့ ကေတော အနုသာ-
ဝနေ ကာတုန္တိ အတ္ထော။ တဉ္စ ခေါ ကေန ဥပဇ္ဈာယေန၊
နတ္ထေဝ နာနုပဇ္ဈာယေနာတိ ဣဒံ့ ကေန အာစရိယေန ဒ်ိဟိ
ဝါ တိဟိ ဝါ ဥပဇ္ဈာယေဟိ ဒွေ ဝါ တယော ဝါ ဥပ-
သမ္ပဒါပေဒံ့ကွ ကေဏ္ဍေ ကောယ အနုသာဝနာယ ကော-
နုသာဝနေ ကာတုံ နှ ဝဋ္ဋတီတို့ ပဋိက္ခေပပဒံ့။ နှ ပန နာနာ-
စရိယေဟိ နာနုပဇ္ဈာယေဟိ တယော ကောနုသာဝနေ ကာတုံ
နှ ဝဋ္ဋတီတိ အာဟ "သဒ္ဓေ ပန နံ့ာနာစရိယာ နာနုပဇ္ဈာယာ။
ပ။ ဝဋ္ဋတီ"တိ။ ယဉ္ဉတ္ထ တိသတ္ထောရော သုမနတ္ထောရသ သဒ္ဒိ-
ဝိဟာရိကံ, သုမနတ္ထောရော တိသတ္ထောရသ သဒ္ဓိဝိဟာရိကန္တိ ဧဝံ
ဥပဇ္ဈာယေဟိ အညမညံ သဒ္ဓိဝိဟာရိကာနံ အနုသာဝနကရဏံ

ဝုတ္တံ၊ တံ ဥပလက္ခဏမတ္တံ။ တသ္မာ သစေ တိဿတ္ထေရော သုမနတ္ထေရဿ သဒ္ဒိဝိဟာရိကံ, သုမနတ္ထေရော နန္ဒတ္ထေရဿ သဒ္ဒိဝိဟာရိကံ အနုဿာဝေတိ၊ အညမညဂဏပူရကာ ဟောန္တိ၊ ဝဋ္ဋတိ ဧဝ—

ဟု မိန့်ဆိုတော်မူ၏။

ဝိနည်းယောဇနာ၌—

သစေ ကေနာစရိယေန ဒွေ အနုဿာဝေတိ၊ အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စာတိ အနုဿာဝေတဗ္ဗာ။ သစေ တယော အနုဿာဝေတိ၊ အယံ ဗုဒ္ဓရက္ခိတော စ အယံ ဓမ္မရက္ခိတော စ အယံ သံဃရက္ခိတော စာတိ အနုဿာဝေတဗ္ဗာ။ ယဲထာ ကေနာဒရိယေန ဒွေ ဝါ တယော ဝါ ကေတော အနုဿာဝေတဗ္ဗာ၊ ဧဝံ ဒ္ဝိဟိ ဝါ တိဟိ ဝါ အာစရိယေဟိ ကေတော အနုဿာဝေတဗ္ဗောတိပိ ဝဒန္တိ။ ကေန ဥပဇ္ဈာယေန ကရဏဘူတေန ကော ဥပဇ္ဈာယော ဟုတ္ဝာတိ အတ္ထော။ ကေပဟာရေနေဝါတိ ဣမိနာ "ကေတော" တိပဒဿ အတ္ထံ ဒဿေတိ။ ဒွေ တိယော ကမ္မဝါစာတိ ဒ္ဝိဟိ အာစရိယေဟိ ဒွေ,တိဟိ အာစရိယေဟိ တိယော ကမ္မဝါစာ ကေန ဥပဇ္ဈာယေန အနုဿာဝနေ ကော ဝါ ဒွေ ဝါ တယော ဝါ အာစရိယာ ဝဋ္ဋန္တိ။ နာနုပဇ္ဈာယေန အနုဿာဝနေ ပန နာနာစရိယာ ဧဝ ဝဋ္ဋန္တိတိ ဒဿေန္တော အာဟ "သစေ ပနာ" တိအာဒိ—

ဟု မိန့်ဆိုတော်မူ၏။

ယခုအခါ ဝိနည်းတတ်သောဆရာမြတ်တို့သည်ကား—

"ယသ္မာ ပန တိဏ္ဏံ ဥဒ္ဒံ ကမ္မာရဟာ န ဟောန္တိ။ န ဟိ သံဃော သုံဃဿ ကမ္မံ ကရောတိ။ တသ္မာ ဧကော ဝါ ဒွေ ဝါ တယော ဝတိ ဝုတ္တံ" ဟု လာသော ပါရုဇိကဏ်အဋ္ဌကထာ, မာတိကာအဋ္ဌကထာ၊

"ယသ္မာ ဥဗ္ဘာဟိကာဒိသမ္မုတိကမံ့ ဗဟူနမ္ပိ ကာတုံ ဝဋ္ဋတိ၊ ဟသ္မာ 'နဟိ သံဃော သံဃသ္သ ကမ်ံ့ ကရောတိ'ဟိ ဣဒံ နိဂ္ဂဟဝသေန ကတ္တဗ္ဗ-ကမ်ံ့ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"ဟု ဖဉ်သော ဝိမတိဝိနောဒနီဋီကာ, ကခ်ါဋီကာတို့ကိုထောက်၍ သိမ်နုတ်သိမ်သမုတ်သောအရာတို့၌ နိဂ္ဂဟအရာမဟုတ်၍ ကမ္မဝါစာဆယ်လက်ကိုးလက်ကိုင်၍ ဆယ်ပါးကိုးပါးတပြိုင်နက်ဖတ်သော်လည်း အပ်သည်ဟု မိန့်ဆိုတော်မူကြကုန်၏။

ထိုစကားအရဝိနည်းပါဋိ, အဋ္ဌကထာ,ဋီကာ, ယောဇနာကျမ်းဂန်အရပ်ရပ်ကို နှံ့စပ်အောင်ရှုကြည့်စဉ်းစားဆင်ခြင်ရာ ကံပျက်သောအရာမထင်မြင်၍ သင့်လျော်ဖို့ရှိသည်။

ဝိနိစ္ဆယဋီကာစူဠဝါအဖွင့်၌—

ဇွော စတုဝဂ္ဂါဒိကရဏီယေသု ကမ္မေသု ပကတတ္တေန ကမ္မဝါစံ သာဝေတ္ဝာ ကတမေဝ ကမ်ံ့ ဥမ္မပတ္တေန ကတံ ဟောတိ။ ကမ္မပတ္တေ ပကတတ္တေ ဌပေတ္ဝာ အပ္ပကတတ္တေန ကေနစိ ဂကဝလေနေဝ ကမ္မဝါစံ သာဝေတ္ဝာ ကတံ အပကတတ္တကမ္မပတ္တလက္ခဏာဘာဝါ ကမ္မပတ္တေန ကမ္မဝါစံ အဿာဝိတတ္တာ အနုဿာဝနဒေါဿေန ဝိပဇ္ဇံ ဟောတီတိ ဝေဒိတဗ္ဗံ။ တေနေဝ ပေါရာဏကဝိနယဓရတ္တေရာ ကမ္မဝိပတ္တိ-သက််ာပရိဟာရတ္ထံ ဒ္ဝိဟိ တိဟိ ဂကေတော ကမ္မဝါစံ အနုဿာ-ဝယန္တိ—

ဟု ဆိုသည်မှာ ကမ္မပတ္တပကတတ် ရခဲသည်ဖြစ်၍ ဂရုးမထေရ်ကြီးတို့သည် ယုံမှားကင်းစေခြင်းငှာ နှစ်ပါးသုံးပါးတပြိုင်နက် ကမ္မဝါစာဖတ်ခြင်းကိုသာ ပြတော်မူသည့်အရာဖြစ်သည်၊ ပိုလွန်၍ ကံပျက်သည်ကို ပြသောစကားများမဟုတ်ကုန်။

ထိုအဋ္ဌကထာ, ဋီကာတို့၌ နာနာစရိယ, နာနုပဇ္ဈာယဖြစ်မူ အပ်သည်ဟု ဆိုသောစကားမှာလည်း အဋ္ဌကထာ, ဋီကာတို့၌ လာသည့်အဟိုင်း ရဟန်းလောင်းနှစ်ယောက် ဥပဇ္ဈာယ်နှစ်ပါးဖြစ်မူ တပါး၏ တပည့်ကို

တပါးက ကမ္မဝါစာဆရာပြုလုပ်၍ အချင်းချင်းဂဏပူရဏ အဖြစ်ဖြင့် ဖတ်မူအပ်သည်။ အချို့ အရပ်ဌဲ့ အချို့ ပုဂ္ဂိုလ်တို့သည် ဥပဇ္ဈာယ် နှစ်ယောက် ရဲဟန်းလောင်းနှစ်ယောက် ကမ္မဝါစာ ဆရာနှစ်ယောက် အသီးသီးရဟန်းခံကြသည်မှာ အချင်းချင်း ဂဏပူရဏမဖြစ်၍ မအပ်ဟု သိရာ၏။

၄၅။ အာဝုသော ဘန္တေ အဆိုမှားက ကံ ပျက်-မပျက်

မေး။ ။ကမ္မဝါစာဖတ်သောအခါ ကြီးသောရဟန်းကဲ့ အာဝုသော ဆိုရမည်ကိုမဆို ဘန္တေဆို၍လည်းကောင်း၊ ငယ်သောရဟန်းက ဘန္တေ ဆိုရမည်ကိုမဆို အာဝုသောဆို၍လည်းကောင်း ဖတ်မူ ကံပျက်မည်လော။

ဖြေ။ ။ကမ္မဝါစာဖတ်ရာမှာ သီတင်းကြီးရဟန်းက ဘန္တေဆို၍ လည်းကောင်း၊ သီတင်းငယ်ရဟန်းက အာဝုသောဆို၍လည်းကောင်း ဖတ်မူ ကံမပျက်။

သစေ ပန အနုသာဝကော သဗ္ဗေဟိ ဘိက္ခူဟိ ဝုစ္စတေရော ဟောတိ၊ ''သုဏာတု မေ အာဝုသော သံဃော'' တိ ဝတ္တဗ္ဗံ။ သောပိ စေ ''ဘန္တေ'' တိ ဝဒေယျ၊ နဝကတရော ဝါ ''အာဝုသော'' တိ၊ ကမ္မကောပေါ နတ္ထိ။ ကေစိ ပန ''ကေတ္ထ အာဝုသောတိ ဝတ္ဝာ အညတ္ထ ဘန္တေတိ ဝုတ္တေပိ နတ္ထိ ဒေါသော၊ ဥဘယေနာပိ အာလပ္ပနဿ သိဒ္ဓနတော'' တိ ဝဒန္တိ-

ဟု လာသော ဝိမတိဝိနောဒနီဋီကာကိုထောက်။

အနုသာဝကော၊ ကမ္မဝါစာဆရာသည်။ သဗ္ဗေဟိ၊ အလုံးစုံကုန်သော။ ဘိက္ခူဟိ၊ တို့ထက်။ ဝုစ္စတေရော၊ သီတင်းကြီးသည်။ သစေ ပန ဟောတိ၊ ဖြစ်အံ့။ သုဏာတု မေ အာဝုသော သံဃောတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ သောပိ၊ ထိုသီတင်းကြီး ရဟန်းသည်လည်း။ ဘန္တေတိ၊ ဟူ၍။ သစေ ဝဒေယျ၊ ဆိုငြားအံ့။ နဝကတရော ဝါ၊

သီတင်းငယ်ရဟန်းသည်လည်း။ အာဝုသောတိ၊ ဟူ၍။ ဧစ ဝဒေယျ၊ အကယ်၍ဆိုငြားအံ့။ ကမ္မကောပေါ၊ ကံပျက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ကေစိ ပန၊ အချို့သော ဆရာတို့သည်ကား။ ဧကတ္ထ၊ တခုသော အနက်၌။ အာဝုသောတိ၊ ဟူ၍။ ဝတ္ဝာ၊ ၍။ အညတ္ထ၊ တခုသော အနက်၌။ ဘန္တေတိ၊ ဟူ၍။ဝုတ္တပိ၊ ဆိုသော်လည်း။။ဒေါသော၊ အပြစ် သည်။ နတ္ထိ၊ မရှိ။ ဥဘယေနပိ၊ နှစ်ပါးစုံဖြင့်လည်း။ အာလပနဿ၊ ခေါ်ဝေါ်ခြင်း၏။ သီဇ္ဈနတော၊ ပြီးသောကြောင့်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဒ္ဒါလည်း-

သဗ္ဗကမ္မဝါစာယ သံဃံ ဥပါဒါယ သံဃတ္ထေရေနာပိ "ဘန္တေ"တိ ဝတ္တဗ္ဗံ။ ဘိက္ခုံ ဥပါဒါယ "အာဝုသော"တိ ဝုတ္တေ-

ဟု ဆိုတော်မူ၏။

သဗ္ဗကမ္မဝါစာယ၊ အလုံးစုံသောကမ္မဝါစာ၌။ သံဃံ၊ ကို။ ဥပါဒါယ၊ စွဲ၍။ သံဃတ္ထေရေနာပိ၊ သံဃထေရ်သည်လည်း။ ဘန္တေတိ၊ ဟူ၍။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ ဘိက္ခုံ၊ ကို။ ဥပါဒါယ၊ စွဲ၍။ "အာဝုသောတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

၄၆။ ကမ္မဝါစာဆရာ၏ ဟတ္ထပါသိဒ္ဓိ ရဟန်းလောင်းမရှိခြင်း

မေး။ ။ကမ္မဝါစာဖတ်သောအခါ ရဟန်းလောင်းသည် ကမ္မဝါစာ ဆရာ၏ တဒင်္ဂတောင်ထုံဟတ္ထပါသိဒ္ဓိ မနေမူ၍ သံဃာ၏ဟတ္ထပါသိဒ္ဓိဖြစ်မှု အပ်သည်ဟု မှတ်ရမည်ဖြစ်လော။

ဖြေ။ ။ရဟန်း လောင်း သည် ကမ္မဝါစာ ဖတ်သော ဆရာ၏ တဒင်္ဂတောင်ထုံဟတ္ထပါသိဒ္ဓိနေမှ အပ်သည်။ သံဃာ၏ဟတ္ထပါသိဒ္ဓိ နေရုံ မျှဖြင့် မအပ်။

တတ္ထ အယန္တိ ဥပသမ္ပဒါပေက္ခဿ ဟတ္ထပါသေ သန္နိဟိတ-
ဘာဝဒဿနံ။ ဧတေန ဟတ္ထပါသေ ဌိတဿေဝ ဥပသမ္ပဒါ
ရုဟတီတိ သိဒ္ဓံ။ ဟတ္ထပါသတော ဗဟိ ဌိတဿ "အယ"န္တိ
နာ ဝတ္တဗ္ဗတော—

ဟု လာသော ဝိမတိဝိနောဒနီဋီကာကိုထောက်။

တတ္ထဝစနေ၊ ထိုစကားဌာ။ အယန္တိ၊ ဟူသည်ကား။ ဥပသမ္ပဒါ-
ပေက္ခဿ၊ ပဉ္စင်းလောင်း၏။ သန္နိဟိတဘာဝဒဿနံ၊ ကောင်းစွာ
တည်ရှိခြင်းကို ပြခြင်းတည်း။ ဧတေန၊ ကြောင့်။ ဟတ္ထပါသေ၊ ဌာ။
ဟတ္ထပါသေ၊ ကမ္မဝါစာဆရာ၏ဟတ္ထပါသ်ဌာ။ ဌိတဿေဝ၊ တည်သော
ရုဟန်းလောင်းအား သာလျှင်။ ဥပသမ္ပဒါ၊ ပဉ္စင်း၏အဖြစ်သို့ (ဝါ၊
သည်)။ ရုဟတိ၊ ရောက်၏။ ဣတိ အတ္ထော၊ သည်။ သိဒ္ဓံ၊ ပြီး၏။
ဟတ္ထပါသတော၊ ဟတ္ထပါသ်မှ။ ဗဟိ၊ အပဌာ။ ဌိတဿ၊ တည်သော
သူကို။ အယန္တိ၊အယံဟူ၍။နာ ဝတ္တဗ္ဗတော၊မဆိုအပ်သောကြောင့်တည်း။

၄၇။ ဝတ်ကမ္မဝါစာ မာနတ်ကမ္မဝါစာဌ် အမည်ကွဲပြားခြင်း
ဝတ်ကမ္မဝါစာ မာနတ်ကမ္မဝါစာဌ် အဓရအတွက်ကွဲပြားခြင်း

ဧး။ ။ဝတ်ယူသောကမ္မဝါစာဌ် ပဂတိအမည်ကောင်းကို ထည့်
သွင်း၍ဖတ်ပြီးမှ မာနတ်တက်သောအခါ ကမ္မဝါစာဌ် တိဿဟူသော
အမည်ကို မှည့်၍ ဖတ် ပြန် ရာဌ် လည်း ကောင်း၊ ဝံတ်ယူသော အခါ
တယောက်တည်းယူသောကမ္မဝါစာကို ဖတ်ယူပြီးမှ မာနတ်တက်သော
အခါ ဒုန်တွဲ၍ ကမ္မဝါစာကိုဖတ်ယူရာဌ်လည်းကောင်း ကံပျက်သည်ဟု
မှတ်ရမည်လော။

ဖြေ။ ။ဝိနည်းအဋ္ဌကထာ, ဋီကာတို့ဌ် တခုသောကမ္မဝါစာဌ်သာ
ဥတ်မှာကမည်, ကမ္မဝါစာမှာ တမည်အားဖြင့် ဥတ်အမည်တခြား,
ကမ္မဝါစာ အမည်တခြားဆိုခြင်းဌ်သာ ကံပျက်သည်ဟု ဆိုကုန်သည်။
ဝတ်ကမ္မဝါစာနှင့် မာနတ်ကမ္မဝါစာမှာ တခြားစီဖြစ်၍ ဝတ်ယူတုန်းက
အမည်ဟောင်းနှင့်ဖတ်၍ မာနတ်တက်သောအခါ တိဿ အစရှိသော
အမည်ဖြင့်ဖတ်သော်လည်း မှည့်ကြား၍ဖတ်မူ အပ်သည်။

ဝတ်ယူစဉ်က တယောက်တည်းကမ္မဝါစာဖြင့်ယူပြီးမှ မာနတ် တက်သောအခါ နှစ်ပါးဖြစ်စေ၊ သုံးပါးဖြစ်စေ ဒုန်တဲ့၍ ဖတ်သော်လည်း အပ်သည်။ ကမ္မဝါစာတခြားစီဖြစ်ဿသောကြောင့် ကံမပျက်။

ဧကဿ ဗဟူနိ နာမာနိ ဧဟာန္တိ၊ တတ္ထ ဧကံ နာမံ ဥတ္တယာ, ဧကေ့ အနုဿာဝနာယ ကာတုံ နဲ ဝဋ္ဋတ။ အတ္ထတော စ ဗျဉ္ဇနတော စ အဘိန္နာဟိ အနုဿာဝနာဟိ ဘဝိတဗ္ဗံ—

ဟု လာဿော သာရတ္ထဒီပနီဋီကာ, ဝဇိရဗုဒ္ဓိဋီကာတို့ကိုထောက်။ ဝိမတိ-ဝိနောဒနီဋီကာ၌လည်း လာသည်။

ဧကဿ၊ တယောက်သောသူအား။ ဗဟူနိ၊ များစွာကုန်သော။ နာမာနိ၊ တို့သည်။ ဧဟာန္တိ၊ ကုန်၏။ တတ္ထ၊ ထိုအမည်တို့တွင်။ ဧကံ၊ တခုသော။ နာမံ၊ ကို။ ဥတ္တိယာ၊ ဉာတ်၍။ ဧကံ၊ တခုသောအမည်ကို။ အနုဿာဝနာယ၊ ကမ္မဝါစာ၌။ ကာတုံ၊ ပြုခြင်းငှာ။ နဲ ဝဋ္ဋတိ၊ မအပ်။ အတ္ထဒေတာ စ၊ အနက်အားဖြင့်လည်းကောင်း။ ဗျဉ္ဇနတော စ၊ သဒ္ဒါအားဖြင့်လည်းကောင်း။ အဘိန္နာဟိ၊ မပြားကုန်သော။ အနုဿာဝနာဟိ၊ ကမ္မဝါစာတို့ဖြင့်။ ဘဝိတဗ္ဗံ၊ ဖြစ်စေအပ်၏။

ဝိနယာလင်္ကာရဋီကာ, ဝိနယတ္ထမဉ္ဇူသာဋီကာတို့၌လည်း လာသည်။ ထို့ကြောင့် တခုသောကံကိုပြုရာ၌ ဉာတ်၌အမည်တခြား, ကမ္မဝါစာ၌ အမည်တခြားဆိုခြင်းသည်သာ ကံပျက်သည်။ ဝတ်ကမ္မဝါစာကိုဖတ်ရာ၌ အမည်တခု,မာနတ်ကမ္မဝါစာကိုဖတ်ရာ၌ အမည်တခုပြု၍လည်းကောင်း၊ ဝတ်ကမ္မဝါစာ၌ တပါးတည်း, မာနတ်ကမ္မဝါစာ၌ ဒုန်တဲ့ဖတ်ရာ၌ လည်းကောင်း ကံမပျက်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

၄၈။ မအပ်သော်ကျောင်းစသည်ကို မသိ၍ သုံးဆောင်မိခြင်း

ဧမေး။ ။တပါးသောရဟန်းသည် ရွှေငွေကိုအလှူခံ၍ ဆောက်လုပ်သော ကျောင်း ဇရပ် တံတားစသည်ကို မသိ၍ သုံးဆောင်မိမူ အပြစ်ရှိမည်လော။

ဖြေ။ ။တပါးသောရဟန်းသည် ရှေ့ငှေကိုအလှူခံ၍ဖြစ်စေ၊ မိမိပရိက္ခရာပစ္စည်းကိုရောင်း၍ဖြစ်စေ မအပ်သော နိဿဂ်ိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုတို့ဖြင့် ဝယ်ယူဆောက်လုပ်အပ်သော ကျောင်း ဇရပ် တံတား ညောင်စောင်း အင်းပျဉ် နေရာအခင်း အဝတ်သက်နှံး ဘောဇဉ်ခဲဖွယ်စသည်တို့ကို မသိသော်လည်း မသုံးဆောင်အပ်။ ထို့ရှုပိယပဋိဂ္ဂါဟကသိက္ခာပုဒ်, ရှုပိယသံဝေါဟာရသိက္ခာပုဒ်တို့သည် အစိတ္တကသိက္ခာပုဒ်များဖြစ်သောကြောင့် မသိ၍ သုံးဆောင်သော်လည်း အစိတ္တကဒုက္ကဋ် အာပတ်သင့်၍ အပြစ်ရှိသည်။

ထို့ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ ရှုပိယပဋိဂ္ဂါဟက သိက္ခာပုဒ်, ရှုပိယသံဝေါဟာရသိက္ခာပုဒ်အဖွင့်တို့၌—

နောသညာဝိမောက္ခံ၊ အစိတ္တကံ၊ ပဏ္ဏတ္တိဝဇ္ဇံ—

ဟု ဖွင့်ဝေဘ်မူသည်။

အနက်–နောသညာဝိမောက္ခံ၊ ရှေ့ငှေမဟုတ်ဟု အမှတ်ရှိသော်လည်း အာပတ်မှမလွတ်သောကြောင့် "နောသညာဝိမောက္ခ" မည်၏။ အစိတ္တကံ၊ မသိသော်လည်း အာပတ် သင့်သောကြောင့် "အစိတ္တက" မည်၏။ ပဏ္ဏတ္တိဝဇ္ဇ၊ ပဏ္ဏတ္တိဝဇ္ဇမည်၏။

ဤအနက်ကား "သသညာပိ နမုစ္စတိ၊ အာဇာနန္ဒောပိ အာပဇ္ဇတိ နောသညာဝိမောက္ခံ အစိတ္တကံ" ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဖွင့်ကို ထောက်၍ပေးသည်။

သသညာပိ၊ အမှတ်သညာရှိသော်လည်း။ နမုစ္စတိ၊ မလွတ်။ အဇာနန္ဒောပိ၊ မသိသော်လည်း။ အာပဇ္ဇတိ၊ အာပတ်သင့်၏။ ဤတိတသ္မာ၊ ကြောင့်။ နောသညာဝိမောက္ခံ၊ မည်၏။ အစိတ္တကံ၊ မည်၏။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဋ္ဌလည်း ၎င်းသိက္ခာပုဒ် နှစ်ခုကို "နောသညာဝိဒမောက္ခံ၊ အစိတ္တကံ၊ ပဏ္ဏတ္တိဝဇ္ဇံ" ဟု ဆိုသည်။

ကခ်ါဝိတရဏီ အဋ္ဌကထာဌာနသည်း သဠာရိက္ခသိက္ခာပုဒ် အဖွင့်မှာ "နောသညာဝိမောက္ခံ၊ အစိတ္တကံ၊ ပဏ္ဏတ္တိဝဇ္ဇံ" ဟုဆိုခဲ့၍ ရူပိယပဋိဂ္ဂါ-ဟက သိက္ခာပုဒ်၌ "သေသံ သဠာရိတွေ ဝုတ္တနယမေဝ" ဟု သဠာရိတ္တသိက္ခာပုဒ်နှင့် ရူပိယပဋိဂ္ဂါဟက သိက္ခာပုဒ်၏ နောသညာဝိမောက္ခ, အစိတ္တက, ပဏ္ဏတ္တိဝဇ္ဇ တူကြောင်းကို ပြတော်မူသည်။

ရူပိယသံဝေါဟာရသိက္ခာပုဒ်၌လည်း "သေသံ အနန္တရသိက္ခာပဒေ ဝုတ္တနယမေဝ" ဟု ရူပိယပဋိဂ္ဂါဟက သိက္ခာပုဒ်နှင့် ရူပိယသံဝေါဟာရသိက္ခာပုဒ်၏ နောသညာဝိမောက္ခ, အစိတ္တက, ပဏ္ဏတ္တိဝဇ္ဇ တူကြောင်းကို ပြတော်မူသည်။ ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌လည်း ဤ ကခ်ါဝိတရဏီ-အဋ္ဌကထာနှင့် နည်းတူပြဆိုတော်မူသည်။ ဝိမတိဝိနောဒနီဋီကာ ရူပိယ-သံဝေါဟာရသိက္ခာပုဒ်အဖွင့်၌—

ရူပိယံ ဥဂ္ဂဏှိတွာတိ ဣဒံ ဥက္ကဋ္ဌဝသေန ဝုတ္တံ။ မုတ္တာဒိ-ဒုက္ကဋ္ဌဝတ္ထုမှိ ဥဂ္ဂဟေတွာ ကာရိတမှိ ပဠုန္နမှိ နာ ဝဋ္ဋတိ—

ဟူ၍လည်းကောင်း၊

သော ဟိ စောရေဟိ အာစိဉ္ဏောပိ ပုန လဒ္ဓါ အဇာနန္တဿ ကဿစိပိ နာ ဝဋ္ဋတိ—

ဟူ၍လည်းကောင်း၊

တမှိ စ ဒုက္ကဋ်ဌဝတ္ထုမှိ တထာသညာယ ဝါ အတထာ-သညာယ ဝါ ဧဝမတိယာ ဝါ ပရိဝတ္တန္တဿာပိ ဟောတိ-ယေဝ၊ အစိတ္တကတ္တာ ဂုမဿ သိက္ခာပဒဿ—

ဟူ၍လည်းကောင်း ဖွင့်ဆိုတော်မူ၏။ ဝိနယာလင်္ကာရဋီကာ၌ နည်းတူ ဖွင့်ပြတော်မူသည်။

ရူပိယံ ဥဂ္ဂဏှိတွာတိ ဣဒံ၊ ဟူသောစကားသည်။ ဥက္ကဋ္ဌဝသေန၊ အလွန်အကဲကိုပြသောနည်း၏အစွမ်းဖြင့်။ ဝုတ္တံ၊ ၏။ မုတ္တာဒိဒုက္ကဋ္ဌ-ဝတ္ထုမှိ၊ ပုလဲစသော ဒုက္ကဋ်ဝတ္ထု ဆယ်ပါးကိုလည်း။ ဥဂ္ဂဟေတွာ၊

အလှူခံ၍။ ကာရိတမ့ဲ၊ ပြုစေအပ်သော်လည်း။ ပဥ္စန္နမ့ဲ၊ သီတင်းသုံးဖော်ငါးဦးတို့အား။ နဝင်္ဂတိ၊ မအပ်။ ဟိ၊ မှန်၏။ သော၊ မဟာအကပ္ပိယပစ္စည်းကို။ ဝါ၊ ရွှေငွေကို။ စောရေဟိ၊ ခိုးသူတို့သည်။ အစ္ဆိန္နောပိ၊ လုယက်အပ်သော်လည်း။ ပုန၊ တဖန်။ လဒ္ဓါ၊ ရ၍။ အဇာနန္တသ၊ မသိသော။ ကဿစိပိ၊ တစုံတယောက်သော သီတင်းသုံးဖော်အား။ န ဝင်္ဂတိ၊ မအပ်။ တမ့ဲ စ ဒုက္ကဋဝတ္ထုမ့ဲ၊ ထိုဒုက္ကဋ်၌ဝတ္ထု၌လည်း။ တထာသညာယ ဝါ၊ ထိုဒုက္ကဋ်ဝတ္ထုဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း။ အတထာသညာယ ဝါ၊ ထိုဒုက္ကဋ်ဝတ္ထုမဟုတ်ဟု အမှတ်ရှိသည်ဖြစ်၍လည်းကောင်း။ ဧဝမတိယာ ဝါ၊ ယုံမှားရှိသည်ဖြစ်၍လည်းကောင်း။ ပရိစတ္တန္တသပိ၊ လဲလှယ်သော ရဟန်းအားလည်း။ ဟောတိယေဝ၊ အာပတ်သင့်ခြင်းဖြစ်သည်သာလျှင်တည်း။ ကသ္မာ၊ အဘယ့ကြောင့်နည်း။ ဣမသ္မာ သိက္ခာပဒသ္မာ၊ ဤသိက္ခာပုဒ်၏။ အစိတ္တကတ္တာ၊ အစိတ္တကသိက္ခာပုဒ်ဖြစ်သောကြောင့်တည်း။

ကခ်ဴဝိတရဏီအဋ္ဌကထာ၌လည်း–

> ပုရိမသိက္ခာပဒေန ဟိ နိဿဂ်ိယဒုက္ကဋဝတ္ထူနံ ပဋိဂ္ဂဟဏေ ဝါရိတံ၊ ဣမိနာ ပရိဝတ္တနံ။ တသ္မာ ဒုက္ကဋဝတ္ထုနာ ဒုက္ကဋဝတ္ထုကပ္ပိယဝတ္ထူနိ ကပ္ပိယဝတ္ထုနာ ဒုက္ကဋဝတ္ထုံ ပရိဝတ္တန္တဿ ဒုက္ကဋံ။ နိဿဂ်ိယဝတ္ထုနာ ပန နိဿဂ်ိယဝတ္ထုံ ဝါ ဒုက္ကဋဝတ္ထုံ ဝါ ကပ္ပိယဝတ္ထုံ ဝါ ဒုက္ကဋဝတ္ထုကပ္ပိယဝတ္ထူဟိ စ နိဿဂ်ိယဝတ္ထုံ ပရိဝတ္တန္တဿ နိဿဂ်ိယံ ဟောတိ–

ဟု ဆိုတော်မူ၏။

ဟိ ယသ္မာ၊ ကြောင့်။ ပုရိမသိက္ခာပဒေန၊ ဖြင့်။ နိဿဂ်ိယဝတ္ထုဒုက္ကဋဝတ္ထူနံ၊ တို့ကို။ ပဋိဂ္ဂဟဏေ၊ ခံခြင်းကို။ ဝါရိတံ၊ မြစ်အပ်၏။ ဣမိနာ၊ ဤရူပိယသံဝေါဟာရသိက္ခာပုဒ်ဖြင့်။ ပရိဝတ္တနံ၊ ဖလှယ်ရောင်းဝယ်ခြင်းကို။ ဝါရိတံ၊ မြစ်အပ်၏။ တသ္မာ၊ ကြောင့်။ ဒုက္ကဋဝတ္ထုနာ၊ ဖြင့်။ ဒုက္ကဋဝတ္ထုကပ္ပိယဝတ္ထူနိ၊ တို့ကိုလည်းကောင်း။ ကပ္ပိယဝတ္ထုနာ၊

ဖြင့်။ ဒုက္ကဋ်ဝတ္ထုံ ဝ၊ ကိုလည်းကောင်း။ ပရိဝတ္တန္တဿ၊ ဖလှယ်ရောင်းဝယ်သော ရဟန်းအား။ ဒုက္ကဋ်၊ ၏။ နိဿဂ်ိယဝတ္ထုနှာ ပန၊ နိဿဂ်ိယဝတ္ထုဖြင့်ကား။ နိဿဂ်ိယဝတ္ထုံ ဝ၊ ကိုလည်းကောင်း။ ဒုက္ကဋ်ဝတ္ထုံ ဝ၊ ကိုလည်းကောင်း။ ကပ်ိယဝတ္ထုံ ဝ၊ ကိုလည်းကောင်း။ ဒုက္ကဋ်ဝတ္ထုကပ်ိယဝ။ဟိ စ၊ ဒုက္ကဋ်ဝတ္ထု, ကပ်ိယဝတ္ထုတို့ဖြင့်လည်း။ နိဿဂ်ိယဝတ္ထုံ ဝ၊ ကိုလည်းကောင်း။ ပရိဝတ္တန္တဿ၊ ဖလှယ်ရောင်းဝယ်သော ရဟန်းအား။ နိဿဂ်ိယံ၊ သည်။ ဟောတိ၊ ၏။

သလုံးဆရာတော်ဘုရားရေးသော ဝိနယဆေဒနီကျမ်း၌လည်း-

ရှေ့ငွေစသည်ဖြင့် ဖလှယ်ရောင်းဝယ်ရသော ပုလဲစသော ဒုက္ကဋ်ဝတ္ထု, စပါးမျိုးဝတ္ထု, သပိတ်သင်္ကန်းစသောဝတ္ထုတို့ကို ဝိနည်းကံဖြင့် စွန့်အပ်သောအရာ မရှိပြီ။ သံဃာတို့ရှေ့မှောက်၌သာ ငဲ့ကွက်ခြင်းမရှိ စွန့်ရာ၏။ ထိုစွန့်၍ တဖန်ရသော်လည်း ရောင်းဝယ်ခြင်းသို့ရောက်သောရဟန်း, မရောက်သောရဟန်းတို့အများပင် မအပ်ကုန်။ မသိ၍သော်လည်း အစိတ္တကဒုက္ကဋ်သင့်သည်ဟု ဋီကာတို့၌ ဆိုသည်-

ဟုလာသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာ, ဂန္ထန္တရတို့ကိုထောက်၍ ရှေ့ငွေ စသော နိဿဂ်ိယဝတ္ထု, ပုလဲစသောဒုက္ကဋ်ဝတ္ထုတို့ကို ခံယူ၍ဖြစ်စေ မိမိကပ်ိယပစ္စည်း ပရိက္ခရာဖြင့် မအပ်သော ဖလှယ်ရောင်းဝယ်၍ဖြစ်စေ ပြုလုပ်အပ်မသော ကျောင်း ဇရပ် တံတား ညောင်စောင်း အင်းပျဉ် အဝတ်သင်္ကန်း ဘောဇဉ်ခဲဖွယ်စသည်တို့ကို မသိသော်လည်း မသုံးဆောင်အပ်။ မသိ၍သုံးဆောင်မိသော်လည်း အစိတ္တကဒုက္ကဋ်သင့်သည်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

၄၉။ နိဿဂ်ိယဝတ္ထု, ဒုက္ကဋ်ဝတ္ထု, ကပ်ိယဝတ္ထုများ

မေး။ ။နိဿဂ်ိယဝတ္ထု, ဒုက္ကဋ်ဝတ္ထု, ကပ်ိယဝတ္ထုအရ သုံးဌာနကို အဘယ်သို့သိပုတ်ပါရမည်နည်း။

ဖြေ။ ။ထိုအဓိမေးပုစ္ဆာမျှာ—

ရဇတံ ဇာတရူပဉ္စ၊ ဥဘိန္နံ မာသကောပိ စ။
ဧတေ စတုဗ္ဗိဓံ ဂတ္ထု၊ ဟောတိ နိဿဂ္ဂိယာဝဟံ။
မုတ္တာ မဏိ သိလာ သခ်ေါ၊ ပဝါဠံ လောဟိတင်္ကော။
မသာရဂလ္လံ ဓညာနိ၊ သတ္တ ဂေါမဟိသာဒိကံ။

ဒေါတ္တံ ဝတ္ထုံ တဒုဘယ္ဘ၊ ဒါသိဒါသာဒိကံ ပန။
ဒုက္ကဋဿေဝ ဝတ္ထေ့နိ၊ ဒီပိ့တာနိ မဟေသိနာ။
မုဂ္ဂမာသာဒိကံ သဗ္ဗံ၊ သပ္ပိအာဒီနိ တဏ္ဍုလာ။
သုတ္တံ ဝတ္ထံ ဖလံ ဖာလံ၊ ကပ္ပိယံ ဓေမာဒိကံ—

ဟုလာသော ဝိနယဝိနိစ္ဆယအဋ္ဌကထာကိုထောက်၍ မှတ်ယူလေ။

ရဇတံ၊ ငွေလည်းကောင်း။ ဇာတရူပဉ္စ၊ ရွှေလည်းကောင်း။ ဥဘိန္နံ၊ ရွှေငွေနှစ်ခုတို့၏။ မာသကောပိ စ၊ အသပြာပဲလည်းကောင်း။ ဣတိ၊ သို့။ စတုဗ္ဗိဓံ၊ လေးပါးအပြားရှိသော။ ဧတံ ဝတ္ထု၊ ထိုဝတ္ထုသည်။ နိဿဂ္ဂိယာဝဟံ၊ နိဿဂ္ဂိကို့ဆောင်တတ်၏။ ဝါ၊ ဆောင်တတ်သော နိဿဂ္ဂိဝတ္ထုသည်။ ဟောတိ၊ ၏။

မုတ္တာ၊ ပုလဲလည်း ကောင်း။ မဏိ၊ ပတ္တမြား လည်း ကောင်း။ သိလာ၊ ကျောက်သလင်းလည်းကောင်း။ သခ်ေါ၊ ရတနာဇရုသင်း လည်းကောင်း။ ပဝါဠံ၊ သန္ဓာလည်းကောင်း။ လောဟိတင်္ကော၊ ပတ္တမြားနီလည်းကောင်း၊ မသာရဂလ္လံ၊ပတ္တမြားပြောက်လည်းကောင်း။ သတ္တ၊ ခုနစ်ပါးကုန်မသာ။ ဓညာနိ၊ စပါးမျိုးတို့လည်းကောင်း။ ဂေါမဟိသာဒိကံ၊ နွားကဲ့ စသည်လည်းကောင်း။ ဒေါတ္တံ၊ လယ်လည်းကေ၁ောင်း။ ဝတ္ထု၊ ပုဖွါဏာမစသည်လည်းကောင်း။ တဒုဘယ္ဘ၊ တဘက်ဆည်စသော ကံလည်းကောင်း။ ဒါသိဒါသာဒိကံ ပန၊ ကျွန်မိန်းမ, ကျွန်ယောကျ်ားစသည်လည်းကောင်း။ ဣတိ အာဒီနိ၊ ဤသို့

အစရှိကုန်သော။ ဝတ္ထုနို၊ ဝတ္ထုတို့ကို။ ဒုက္ကဋ္ဌဿ၀၊ ဒုက္ကဋ်၏လာလျှင်။ ဝတ္ထုနို၊ ဝတ္ထုတို့ဟူ၍။ မဟေသိနာ၊ ဘုရားမြတ်စွာသည်။ ဒီပိတာနို၊ ပြအပ်ကုန်၏။

မုဂ္ဂဓာသာဒ္ဒိကံ၊ ပဲနောက်, ပဲကြီးအစရှိသော။ သဗ္ဗံ၊ အလုံးစုံသော ပဲမျိုးလည်းကောင်း။ သပ္ပိအာဒီနိ၊ ထောပတ်စသည်တို့လည်းကောင်း။ တက္ကုလံ၊ ဆန်လည်းကောင်း။ သုတ္တံ၊ ချည်လည်းကောင်း။ ဖလံ၊ သစ်သီးလည်းကောင်း။ ဖာလံ၊ ပရင်းလည်းကောင်း။ ဝါ၊ ထယ်လည်းကောင်း။ ဧ၀မာဒိကံ၊ ဤသို့အစရှိသော၀တ္ထုသည်။ ကပ်ိယံ၊ ကပ်ိယဝတ္ထုမည်၏။

၅၀။ အကပ်ိယဝတ္ထုဖြင့် တူးဖော်သည့်ရေတွင်းရေကန်

မေး။ ။မအပ်သောရွှေငွေကို အလှူခံ၍ဖြစ်စေ၊ မိမိ ပရိက္ခရာကို မအပ်သောဖလှယ်ရောင်းဝယ်၍ရသောရွှေငွေဖြင့်ဖြစ်စေ ငှားရမ်း၍တူးသော ရေကံ, ရေတွင်းကို ရဟန်းတို့သုံးဆောင်အပ်ပါမည်လော။

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ—

တေန ဝတ္ထုနာ ခဏာပိတာယ ပေါက္ခရဏိယာ ဥဗ္ဘတောဒကံ ပါတုံ ဝါ ပရိဘုဉ္ဇိတုံ ဝါ န ဝဋ္ဋတိ။ အဒန္တော ဥဒကေ ပန အသတိ အညံ အာဂန္တုကံ့ ဥဒကံ ဝါ ဝဿောဒကံ ဝါ ပဝိဋ္ဌံ ဝဋ္ဋတို့။ ကိတာယ ယေန ဥဒကေန သဒ္ဓိံ ကိတာ၊ တံ ဝ ဝ
အာဂန္တုကမ္ပိ န ဝဋ္ဋတ—

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ ရှိယပဋိဂ္ဂဟသိက္ခာပုဒ်အဖွင့်ကို ထောက်၍ အပ်-မအပ်ကိုသိလေ။

တေန ဝတ္ထုနာ၊ ထိုနိဿဂ်ိယဝတ္ထု, ဒုက္ကဋ်ဝတ္ထုဖြင့်။ ခဏာပိတာယ၊ တူးစေအပ်သော။ ပေါက္ခရဏိယာ၊ ရေကန်၌။ ဥဗ္ဘတောဒကံ၊ ထွက်ရေကို။ ပါတုံ ဝါ၊ သောက်ခြင်းငှာလည်းကောင်း။ ပရိဘုဉ္ဇိတုံ ဝါ၊

သုံးဆောင်ခြင်းငှာလည်းကောင်း။ နု ဝဋ္ဋတိ၊ မအပ်။ အဇ္ဈော၊ ကန်တော့ခြင်း၌။ ဥဒ္ဒေ၊ ထွက်ရသည်။ အသတိ ပန၊ မရှိသော်ကား။ အညံ၊ တပါးသော။ အာဂန္တုကံ၊ မြောင်းစသည်မှလာသော။ ဥဒကံ ဝါ၊ ရသည်လည်းကောင်း။ ဝဿောဒကံ ဝါ၊ မိုးရေသည်လည်းကောင်း။ ပဝိဋ္ဌံ၊ ဝင်၍တည်သည်ဖြစ်အံ့။ ဝဋ္ဋတိ၊ ၏။ ကိတာယ၊ တူးပြီးသောကန်ကိုဝယ်ရာ၌။ ယေန ဥဒကေန၊ အကြင်ရေနှင့်။ သဒ္ဓိံ၊ တကွ။ ကိတာ၊ ဝယ်သည်ဖြစ်အံ့။ တံ၊ ထိုမိုးရေ မြောင်းရေစသော ရသည်။ အာဂန္တုကမ္ပိ၊ အာဂန္တုကရေဖြစ်သော်လည်း။ နု ဝဋ္ဋတို့၊ မအပ်။

ထိုအဋ္ဌကထာပါဠိကို့ထောက်၍ မအပ်သောရှေ့ဝေစသည်ဖြင့် ငှားရမ်းတူးသောကန်၌ ထွက်ရသော မအပ်သည်။ ထွက်ရမရှိပဲ တခြားသော မြောင်းငယ်စသည်မှ ဝင်သောရေ, မိုးရေတို့သည် အပ်သည်။

ရေနှင့်တကွ ဝယ်ယူသောကနုမှာ ထွက်ရမဟုတ်သောလည်း မအပ်ကုန်။ ထိုရေနှင့်တကွ ဝယ်သောကန်သည် ရေခန်းခြောက်ကုန်သဖြင့် တဖန် ဝင်လာသောရေ, မိုးရေတို့သည် အပ်သည်ဟု မှတ်ရမည်။

၅၁။ ရှေ့ဝေဖြင့်ဝယ်ယူသော ကျောင်းမြေ

မေး။ ။ထိုမအပ်သောရှေ့ဝေစသည်ဖြင့် ဝယ်ယူသော ကျောင်း, မြေစသည်တို့၌ ရဟန်းတို့နေအပ်ပါမည်လော။

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ–

သစေ ဘူမိံ ယေဝ ကိဏိတ္ဝာ အညာနိ ဗီဇာနိ ရောပိတာနိ၊ ဖလံ ဝဋ္ဋတိ၊ နု ဘူမိ။ အထ ဗီဇာနိ ကိဏိတ္ဝာ ကပ္ပိယဘူမိယံ ရောပိတာနိ၊ ဖလံ နု ဝဋ္ဋတိ၊ ဘူမိယံ နိသီဒိတုံ ဝါ နိပ္ပဇ္ဇိတုံ ဝါ ဝဋ္ဋတိ–

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာအဖွင့်ကိုထောက်၍ မအပ်ကြောင်းကို သိလေ။

ဘူမိံယေဝ၊ မြေကိုသာလျှင်။ ကိဏိဟ္မာ၊ ဝယ်၍။ အညာနို၊ တပါးကုန်သော။ ဗီဇာနို၊ အပ်သောမျိုးစေ့တို့ကို။ ရောပိတာနို၊ စိုက်အပ်ကုန်သည်။ သစေ ဟောန္တိ၊ အကယ်၍ဖြစ်ကုန်အံ့။ ဖလံ၊ သစ်သီးသည်။ ဝန္ဒတိ၊ ၏။ ဘူမိ၊ မြေသည်။ နှ ဝန္ဒတိ၊ နေခြင်းငှာ မအပ်။ အထ၊ ထို့သို့မဟုတ်။ ဗီဇာနို၊ မျိုးစေ့တို့ကို။ ကိဏိတ္မာ၊ ဝယ်၍။ ကပ္ပိယဘူမိယံ၊ အပ်သောမြေ၌။ ရောပိဘာနို၊ စိုက်အပ်ကုန်သည်။ သစေ ဟောန္တိ၊ ဖြစ်ကုန်အံ့။ ဖလံ၊ သည်၊ နှ ဝန္ဒတိ၊ မအပ်။ ဘူမိယံ၊ မြေ၌။ နိသီဒိတုံ ဝါ၊ ထိုင်ခြင်းငှာလည်းကောင်း။ နိပဇ္ဇိတုံ ဝါ၊ အိပ်ခြင်းငှာလည်းကောင်း။ ဝန္ဒတိ၊ ၏။

ထိုအဋ္ဌကထာပါဠိကို ထောက်၍ မအပ်သော ရှေ့ငွေစသည်ဖြင့် ဝယ်ယူသော ကျောင်းမြေ, ဘုရားမြေစသည်တို့၌ မနေအပ်။ နေမူ ဒုက္ကဋ်အာပတ်သင့်သည်။ ထိုမအပ်သောမြေ၌ အပ်သော သစ်စေ့ကို စိုက်မူ သစ်သီးကို သုံးဆောင်အပ်သည်။

မအပ်သော ရှေ့ငွေဖြင့်ဝယ်ယူသော သစ်စေ့ကို အပ်သောမြေ၌ စိုက်မူ သစ်သီးကိုသာ မသုံးဆောင်အပ်။ မြေမှာ နေထိုင်အပ်သည်ဟုမှတ်။

၅၂။ ရှေ့ငွေဖြင့်ဝယ်ယူတည်ထားသော စေတီဆင်းတု

မေး။ ။မအပ်သောရှေ့ငွေစသည်တို့ဖြင့် ရဟန်းတို့တည်ထားသော စေတီ, ရုပ်ပွားဘုရား၊ ဝယ်ယူပူဇော်သောဘုရားကို ရဟန်းတို့ ရှိခိုးပူဇော်ခြင်းကိုပြုခြင်းငှာ မအပ်ဟု အချို့ပုဂ္ဂိုလ်များပြောဆိုကြပါသည်။ ထိုစကားကို အမှန်ပင်မှတ်ရမည်လော။

ဖြေ။ ။ရဟန်းတို့မအပ်သော ရှေ့ငွေ့စသည်ဖြင့် တည်ထားသော ဘုရား၊ ဝယ်ယူပူဇော်သော ဘုရားကို ရဟန်းတို့ရှိခိုးပူဇော်ခြင်း၌ အပြစ်မရှိ၊ ရှိခိုးပူဇော်အပ်သည်။

တေန ဝတ္ထုနာ ဥပါသကဇဂါရံ ဝါ ဘောဇနသာလံ ဝါ ကရောန္တိ၊ ပရိဘုဉ္ဇိတုံ နှ ဝန္ဒတိ။ ဆာယာပိ ဂေဟ္ဟရိ-

ဧဆ္ဆဒေန ဌိတာ နု ဝန္ဒတိ။ ပရိစ္ဆေဒါတိက္ကန္တာ အာဂန္တုကတ္တာ ဝန္ဒတိ—

ဟုလာသော ရူပိယပဋိဂ္ဂဟဿိက္ခာပုဒ်အဖွင့် အဋ္ဌကထာပါဠိကိုထောက်၍ အုတ်ရိုးစေတီဖြစ်မူ ပကတိအရိပ်တော်ဥမခိုအပ်။ စေတီတော်၏ရှေတော်ဥမအပ်သောရှေငွေဖြင့်ရဟန်းတို့ဆောက်လုပ်သောပြာသာဒ်ရှိမူ ထိုအရိပ်ဥခိုး၍ ဘုရားကို ရှိမခိုးအပ်။ မအပ်သော ရှေငွေဖြင့် ဘုရားကျောင်းဆောက်၍ ပူဇော်သောဘုရားကို ထိုကျောင်းပေါ်ဥနေ၍ ရှိမခိုးအပ်။ ပကတိ ဘုရားရိပ်, ကျောင်းရိပ် လွတ်ရာ အရပ်ဥနေ၍ ဘုရားရှင်ကိုမူ ရှိခိုးပူဇော်အပ်သည်သာဟု မှတ်ရမည်။

တေန ဝတ္ထုနာ၊ ထိုရှေငွေစသော မအပ်သောဝတ္ထုဖြင့်။ ဥပေါသထဂါရံ ဝါ၊ ဥပုသ်အိမ်ကိုလည်းကောင်း။ ဘောဇနသာလံ ဝါ၊ ဆွမ်းစားဇရပ်ကိုလည်းကောင်း။ ကရောန္တိ၊ ပြုကုန်၏။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ နု ဝန္ဒတိ၊ မအပ်။ ဆာယာပိ၊ အရိပ်သည်လည်း။ ဧဟာပရိစ္ဆေဒေန၊ အိမ်အပိုင်းအခြားဖြင့်။ ဌိတာ၊ တည်သော အရိပ်သည်။ နု ဝန္ဒတိ၊ မအပ်။ ပရိစ္ဆေဒါတိက္ကန္တာ၊ အပိုင်းအခြားကိုလွန်သောအရိပ်သည်။ အာဂန္တုကတ္တာ၊ အာဂန္တုကအရိပ်ဖြစ်သောကြောင့်။ ဝန္ဒတိ၊ ၏။

သံဃာဒိသိသ်ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့် အဋ္ဌကထာဥ်ကား—

ဥတ္တရရာဇပုတ္တော ကိရ သုဝဏ္ဏစေတိယံ ကာရေတ္ဝာ မဟာပဒုမတ္ထေရဿ ပေဓသိ။ ထေရော "နု ကပ္ပတိ" တိ ပဋိက္ခိပိ—

ဟု ဖွင့်ဆိုတော်မူသည်။

ဥတ္တရရာဇပုတ္တော၊ ဥတ္တရမင်းသားသည်။ သုဝဏ္ဏစေတိယံ၊ ရွှေကြုတ်ကို။ ကာရေတ္ဝာ၊ ပြုစေ၍။ မဟာပဒုမတ္ထေရဿ။ မဟာပဒုမတေရ်အား။ ဝါ၊ ၏။ သန္တိကံ၊ အထံသို့။ ပေသေသိ ကိရ၊ ပို့စေ

သတဲ့။ ထေရော၊ သည်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။

ထိုအဋ္ဌကထာပါဠိဖြင့် မဟာပဒုမထေရ်သည် ရှေ့ဖြင့်ပြီးသော ဓာတ်တော်ကြုတ်ကိုလည်းကောင်း၊ ရှေ့စေတီ, ရှေ့ဆင်းတု, ဘုရားရုပ်ကိုလည်းကောင်း မိမိဥစ္စာပြုလုပ်ခြင်းဌာနသာ နိဿဂ်ိယအာပတ် သင့်သော ကြောင့် ပယ်တော်မူသည်ဟု ပြတော်မူသည်။ နိဿဂ်ိယဝတ္ထုဖြစ်သော ဘုရားကို ရှိခိုးပူဇော်ခြင်းဌာ အပြစ်မရှိဟု မှတ်ရမည်။

ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာဌာ-

ပဋိက္ခိပိတိ သုဝဏ္ဏမယဓာတုကရဏ္ဍာဿ, ဗုဒ္ဓါဒိရူပဿ စ အတ္တနော သန္တကကရဏေ နိဿဂ်ိယတ္တာ ဝုတ္တံ-

ဟု ဖွင့်တော်မူ၏။

ပဋိက္ခိပိတိ၊ ဟူသည်ကား။ သုဝဏ္ဏမယဓာတုကရဏ္ဍာဿ၊ ရှေ့ဖြင့်ပြီးသောဓာတ်တော်ကြုတ်ကိုလည်းကောင်း။ ဗုဒ္ဓါဒိရူပဿ စ၊ ရှေ့ဖြင့်ပြီးသောဘုရား ရုပ်ပွားစသည်ကိုလည်းကောင်း။ အတ္တနော၊ မိမိ၏။ သန္တကကရဏေ၊ ဥစ္စာကိုပြုခြင်းဌာ။ နိဿဂ်ိယတ္တာ၊ နိဿဂ်ိယအာပတ် သင့်သည်၏အဖြစ်ကြောင့်။ (ပဋိပိက္ခိတိ၊ ဟူ၍) ဝုတ္တံ၊ ဆိုတော်မူအပ်၏။

သာရတ္ထဒီပနီဋီကာဌာလည်း-

သုဝဏ္ဏစေတိယန္တိ ဓာတုကရဏ္ဍကံ့။ ပဋိက္ခိပိတိ "ဓာတု-ဌပနတ္ထာယ ဂကဏာ"တိ အဝတ္ဝာ "တုမ္ဟေ တံ ဂကဏာ-"တိ ပေသိဘတ္တာ ပဋိက္ခိပိ-

ဟု ဆိုတော်မူ၏။

သုဝဏ္ဏစေတိယန္တိ၊ ဟူသည်ကား။ ဓာတုကရဏ္ဍကံ၊ ဓာတ်တော်ကြုတ်တည်း။ ပဋိက္ခိပိတိ၊ ဟူသည်ကား။ ဓာတုဌပနတ္ထာယ၊ ဓာတ်တော်ထည့်ခြင်းငှာ။ ဂကဏာ၊ ယူကုန်လော့။ ဣတိ၊ သို့။ အဝတ္ဝာ၊ မဆိုမူ၍။

တုမ္မေ၊ သင်တို့သည်။ တံ၊ ထို၌ရှေးကြုတ်ကို။ ဂဏ္ဌထ၊ ယူကြကုန်လော့။ ဣတိ၊ သို့။ ပေသိတတ္တာ၊ စေအပ်သည်၏အဖြစ်ကြောင့်။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။

ထိုဒုက္ကဋ်ပါဠိဖြင့် "ပဉ္စင်္ဂုလ်ကိုမသုံးသပ်မူ၍ ဓာတ်တော်ထည့်ခြင်းငှာ ရှေးကြုတ်ကိုယူကုန်လော့" ဟု ဆိုလျှင် အပ်သည်ဟုပြတော်မူသည်။

ဝဇိရဗုဒ္ဓိဋီကာ၌-

ထေရော နဂဏ္ဌထ ပဋိက္ခိပတိ၊ "တုမ္ဟာကံ ပေသိတ" န္တိဝုတ္တတ္တာ။ "စေတိယဿ ပူဇံ ကရောထာ" တိ ဝုဒ္ဓတ္တ ဝန္ဒနတိကိရ-

ဟု ဆိုတော်မူ၏။

တုမ္ဟာကံ ပေသိတန္တိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ထေရော၊ မဟာပဒုမထေရ်သည်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ ပဋိက္ခိပတိ၊ ပယ်တော်မူ၏။ စေတိယဿ၊ စေတိအား။ ပူဇံ၊ ပူဇော်ခြင်းကို။ ကရောထ၊ ပြုကုန်လော့။ ဣတိ၊ သို့။ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ ဝန္ဒနတိကိရ၊ ဒေပ်သတဲ့။

ထို့ကြောင့် မအပ်သော်ရှေ့ဖြင့် ရဟန်းတို့ တည်သောဘုရား, ဝယ်ယူပူဇော်သော ဘုရားကို ရဟန်းတို့ ရှိခိုး ပူဇော်အပ်သည်ဟု မှတ်လေ။

၅၃။ ရှေ့စေတီကို ရဟန်းတို့ကိုင်တွယ်သုံးသပ်ခြင်း

မေး။ ။ရှေ့ချသောဘုရား, ရှေ့စေတီ, ရှေ့ဆင်းတုဘုရားကို ရဟန်းတို့ သုံးသပ်ခြင်း ကိုင်ခြင်းငှာ အပ်ပါမည်လော။

ဖြေ။ ။ရှေ့ချသောဘုရား, ရှေ့စေတီ, ရှေ့ဆင်းတုဘုရားကို ရဟန်းတို့သည် အမှိုက်ကိုပယ်ခြင်း သုတ်သင်ခြင်း အညစ်အကြေးကိုပွတ်တိုက်

ခြင်းမျှကိုသာ ပြုအပ်သည်။ သက်သက်ကြည့်ရှုလို၍ ကိုင်ခြင်း သုံးသပ်ခြင်းငှာ မအပ်။

စေတိယဃရေ သုဝဏ္ဏပဒုမသုဝဏ္ဏပုဋဂ္ဂါဒီနိ ဟောန္တိ။ တောနိပိ အနာမဿာနိ။ စေတိယဃရေဂေါပကာ ပန ရူပိယဆဋ္ဌကဋ္ဌာနေ ဌိတာ။ တသ္မာ တေသံ ကေဋ္ဌာပယိတုံ ဝဋ္ဋတိတိ စိုတ္တံ။ ကုရုန္ဒိယံ ပန တံ ပဋိက္ခိတ္တံ။ သုဝဏ္ဏစေတိယေ ကစဝရမေဝ ဟာရိတုံ ဝဋ္ဋတိတိ တွေကမေဝ အနုညာတံ—

ဟု လာသော ပါရာဇိကဏ်အဋ္ဌကထာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်ကို ထောက်။

စေတိယဃရေ၊ စေတိအိမ်၌။ သုဝဏ္ဏပဒုမသုဝဏ္ဏပုပ္ဖုဋ္ဌကာဒီနိ၊ ရွှေပဒုမ္မာပန်း, ရွှေကြယ်ပန်းအစရှိသည်တို့သည်။ ဟောန္တိ၊ ကုန်၏။ တောနိပိ၊ ထိုရွှေပန်းတို့ကိုလည်း။ အနာမဿာနိ၊ မသုံးသပ်အပ်ကုန်။ စေတိယဃရေ၊ စေတိအိမ်၌။ ဂေါပကာ ပန၊ စေတီစောင့်ရဟန်းတို့သည်ကား။ ရူပိယဆဋ္ဌကဋ္ဌာနေ၊ ရွှေငွေခုနှစ်သောရဟန်းအရာ၌။ ဌိတာ၊ တည်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုရဟန်းတို့အား။ ကေဋ္ဌာပယိတုံ၊ သုံးသပ်၍ ပြောင်းရွှေ့ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ စိုတ္တံ၊ မဟာအဋ္ဌကထာ၌ ဆိုအပ်၏။ ကုရုန္ဒိယံပန၊ ကုရုန္ဒီအဋ္ဌကထာ၌ကား။ တံ၊ ထိုမဟာအဋ္ဌကထာစကားကို။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ သုဝဏ္ဏစေတိယေ၊ ရွှေစေတီ၌။ ကစဝရမေဝ၊ အမှိုက်ကိုသာလျှင်။ ဟာရိတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ ဣတိ၊ သို့။ တွေကမေဝ၊ ဤမျှကိုသာလျှင်။ အနုညာတံ၊ ခွင့်ပြုအပ်၏။

သာရတ္ထဒီပနီဋီကာ၌ကား—

ကေဋ္ဌာပယိတုန္တိ ဣတော စိတော စ သဉ္ဆရန္တေဟိ အာဖသိတုံ။ ဝုတ္တန္တိ မဟာအဋ္ဌကထာယံ ဝုတ္တံ။ ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ ဂေါပကာ ဝါ ဘိက္ခူ။ ဟောန္တု အညေ ဝါ၊ ဟာတ္ထုံ

ပုဋ္ဌိတ္ဝာ ကစဝရံ အပနေတုံ ဝဋ္ဋတိ။ မလမိ မဇ္ဇိတုံ ဝဋ္ဋတိ-ယေဝ—

ဟု ဖွင့်တော်မူ၏။

ကေဋ္ဌာပယိတုန္တိ၊ ဟူသည်ကား။ ဣတော စိတော စ၊ ထိုမှဤမှ လည်း။ သဉ္ဇရန္တေဟိ၊ ပြောင်းရွေ့သောရဟန်းတို့သည်။ အာမသိတုံ၊ သုံးသပ်ခြင်းငှာ။ ဝုတ္တန္တိ၊ ဟူသည်ကား။ မဟာအဋ္ဌကထာယ၊ ဥ၌ ဝုတ္တံ၊ ၏။ ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ၊ ဟူသည်ကား။ ဂေါပကာ၊ စေတိစောင့် ဖြစ်ကုန်သော။ ဘိက္ခူ။ ဝါ၊ ရဟန်းတို့သည်မူလည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အညေ ဝါ၊ တပါးသောရဟန်းတို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဟတ္ထေနာပိ၊ လက်ဖြင့်လည်း။ ပုဋ္ဌိတ္ဝာ၊ သုတ်၍။ ကစဝရံ၊ အမှိုက်ကို။ အပနေတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ ၏။ မလမိ၊ အညစ်အကြေးကိုလည်း။ မဇ္ဇိတုံ၊ ပွတ်တိုက်ခြင်းငှာ။ ဝဋ္ဋတိ-ယေဝ၊ အပ်သည်သာလျှင်တည်း။

ဝိမတိဝိနောဒနီဋီကာ၌လည်း -

ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ ဂေါပကာ ဝါ ဟောန္တု၊ အညေ ဝါ။ ဟတ္ထေနာပိ ပုဋ္ဌိတ္ဝာ ကစဝရံ အပနေတုံ ဝဋ္ဋတိ။ မလမိ မဇ္ဇိတုံ ဝဋ္ဋတိယေဝါတိ ဝဒန္တိ၊ တံ အဋ္ဌကထာယ နသမေတိ၊ ကေဋ္ဌာယနသဒိသတ္တာ။ ကထံ နသမေတိ၊ မဟာအဋ္ဌ-ကထာယံ စေတိယဃရဂေါပကာ ရူပိယဆဋ္ဌကဋ္ဌာနေ ဌိတာတဲ့ တေသံယေဝ ကေဋ္ဌာယနံ အနုညာတံ၊ နာ အညေသံ။ တသ္မာ ဂေါပကာ ဝါ ဟောန္တု၊ အညေ ဝါတိ ဝစနံ မဟာအဋ္ဌကထာယ နသမေတိ။ ကုရုန္ဒိယံ ပန တံ ဒဠှီကမ္မံတိ။ သုဝဏ္ဏစေတိယေ ဂ့ စဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ တတ္ထကမေဝ အနုညာတံ။ တသ္မာ သာဝခာရဏံ ကတ္ဝာ ဝုတ္တတ္တာ "ဟတ္ထေနာပိ ပုဋ္ဌိတ္ဝာ" တို့ စ, "မလမိ မဇ္ဇိတုံ ဝဋ္ဋတိယေဝါ" တိ စ ဝစနံ ကုရုန္ဒိအဋ္ဌ-ကထာယ နသမေတိ။ တသ္မာ ဝိစာရေတဗ္ဗမေဝေတံ—

ဟု ဆိုတော်မူ၏။

ကစဝရမ္မေဝ ဟရိတုံ ဝဠဂူတိတိ၊ ဟူသည်ကား၊ ဂေါပကာ ဝါ၊ စေတီစောင့်ရဟန်းတို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အညေ ဝါ၊ တပါးသော ရဟန်းတို့သည်လည်း။ ဟောန္တု၊ ကုန်။ ဟတ္ထေနာပိ၊ လက်ဖြင့်လည်း။ ပဒ္ဓိတ္တာ၊ သုတ်၍။ ကစဝရံ၊ အမှိုက်ကို။ အပနေတုံ၊ ပယ်ခြင်းငှာ။ ဝဠဘိ၊ ၏။ မလမ္ပိ၊ အညစ်အကြေးကိုလည်း။ မဇ္ဇိတုံ၊ ပွတ်တိုက်ခြင်းငှာ။ ဝဠတိယေဝ၊ လျှင်တည်း။ ဣဘိ၊ သို့။ ဇဒန္တိ၊ ကုန်၏။ တုံ၊ ထိုစကားသည်။ အဋ္ဌကထာယ၊ မဟာအဋ္ဌကထာနှင့်။ နသမေတိ၊ မည်။ ကေဋ္ဌာယနသဒ္ဒိသတ္တာ၊ ပြောင်းရွှေအပ်သည်နှင့် တူသည်၏ အဖြစ်ကြောင့်တည်း။ ကထံ နသမေတိ၊ အသို့မည်သနည်း။ မဟာအဋ္ဌကထာယံ၊ ၌။ စေတိယင်္ဃရဇဂေါပကာ၊ စေတီအိမ် စောင့်သောရဟန်းတို့သည်။ ရူပိယဆဋ္ဌာဋဌာနေ၊ ရွှေငွေကိုစွန့်သောအရာ၌။ ဌိတာ၊ တည်ကုန်၏၊ ဣတိ၊ သို့။ တေသံယေဝ၊ ထိုစေတီစောင့်ရဟန်းတို့အား သာလျှင်။ ကေဋ္ဌာယနံ၊ ပြောင်းရွှေသုံးသပ်ခြင်းကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။ အညေသံ၊ တို့အား။ န အနုညာတံ၊ ခွင့်ပြုတော်မမူ။ တသ္မာ၊ ကြောင့်။ ဂေါပကာ ဝါ ဟောန္တု အညေ ဝါတို့ ဝစနံ၊ အညေ ဝါဟူသောစကားသည်။ မဟာအဋ္ဌကထာယ၊ နှင့်။ နသမေတိ၊ မည်၊ ကုရုန္ဒိယံ ပန၊ ဋ္ဌကား။ တမ္ပိ၊ ထိုမဟာအဋ္ဌကထာစကားကိုလည်း။ ပဋိက္ခိတ္တံ၊ ပယ်တော်မူအပ်၏။ သုဝဏ္ဏစေတိယေ၊ ရွှေစေတီ၌။ ကစဝရမေဝ၊ အမှိုက်ကိုသာလျှင်။ ဟရိတုံ၊ ပယ်ခြင်းငှာ။ ဝဠတိ၊ ၏၊ ဣတိ၊ သို့။ တေကာမဝ၊ ဤမျှကိုသာ လျှင်။ အနုညာတံ၊ ၏။ တသ္မာ၊ ကြောင့်။ သာဝဓာရဏံ၊ ဧဝသဒ္ဒါဖြင့် မြင်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ ဓုတင်္ဂင်္ဂာ၊ ဆိုအပ်သည်၏အဖြစ်ကြောင့်။ ဟတ္ထေနာပိ ပဒ္ဓိတ္တံ၀ါတိစ၊ ဟူ၍လည်းကောင်း။ မလမ္ပိ မဇ္ဇိတုံ ဝဋ္ဋဘိ ယေဝါတိစ၊ ဟူ၍လည်းကောင်း။ ဝစနံ၊ စကားသည်။ ကုရုန္ဒိအဋ္ဌကထာယ၊ နှင့်။ နသမေတိ၊ မည်။ တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊ လိုအရာလို့စကားကို။ ဝိစာရေတပ္ပံ၊ ဆင်ခြင်အပ်၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကိုထောက်၍ သာရတ္ထဒီပနီဋီကာအလိုအားဖြင့် ရဟန်းဟူသမျှပင် ရွှေစေတီ, ငွေဆင် တု, ရွှေချသော

ဘုရားတို့၌ အမှိုက်ကိုပယ်ခြင်း, အညစ်အကြေးကို ပွတ်တိုက်ခြင်းကို ပြုအပ်သည်။

ဝိမတိဝိနောဒနီဋီကာအလိုအားဖြင့် "စေတီစောင့်ရဟန်းသာ အပ်သည်"ဟု ပြတော်မူသဖြင့် သက်သက်ကြည့်ရှုလို၍ ရဟန်းသည်ရှေရှိသော ဘုရားကို မကိုင်အပ်ဟု မှတ်လေ။

၅၄။ ရှေချထားသောပေစာကို ရဟန်းတို့အသုံးပြုကြည့်ရှုခြင်း

မေး။ ။ရှေချသောပေစာကို ရဟန်းတို့သည် ကိုင်ခြင်း, ကြည့်ရှုခြင်းငှာ အပ်ပါ၏လော။

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ အလွန်ခဲယဉ်းသော အရာဖြစ်သည်။ သို့သော်လည်း ကျမ်းဂန်လာသည်ကို ထုတ်ဆောင်၍ ဉာဏ်သက်ရာကို ဖြေဆို၍ပြဦးအံ့။

ကာယဝံသဂ္ဂသီကွာပုဒ်အဖွင့် အဋ္ဌကထာ၌-

စေတိယဿရေ စေတိယဂေါပကာ ပန ရူပိယဆဋ္ဌကဋ္ဌာနေ ဂိုတာ၊ တသ္မာ တေသံ ဂေဋ္ဌာပယိတုံ ဝဋ္ဋတီတိ ဝုတ္တံ-

ဟု ဖွင့်ဆိုတော်မူသည်။

စေဟိယဿရေ၊ စေတီအိမ်၌။ စေတိယဂေါပကာ ပန၊ စေတီစောင့်ရဟန်းတို့သည်ကား။ ရူပိယဆဋ္ဌဋ္ဌာနေ၊ ရှေငွေစွန့်သော အရာ၌။ ဥဗ္ဗာ၊ တည်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ တေသံ၊ ထိုစေတီစောင့်ရဟန်းတို့အား။ ဂေဋ္ဌာပယိတုံ၊ ပြောင်းရွှေသဖြင့် သုံးသပ်ခြင်းငှာ။ ဝဋ္ဋတိ၊ သုံးသပ်ပြောင်းရွှေခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ မဟာအဋ္ဌကထာ၌ဆိုအပ်၏။

အဋ္ဌကထာပါဠိ၌ စေတီစောင့်ရဟန်းတို့သည် စေတီအိမ်၌ ရှေငွေဖြင့်ပြုသော အသုံးအဆောင်ကိုသုံးသပ်၍ ထိုမှဤမှ ထားအပ်သိမ်းအပ်သည်ဟု ပြတော်မူသဖြင့် "ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်

သည် ဘုရားပေါင်းရှစ်သောင်းလေးထောင်မည်သည်" ဟု မဟာပရိနိ-ဗ္ဗာနသုတ် ပါဠိဘော်, ၎င်းအဖွင့်အဋ္ဌကထာတို့၌လာသောကြောင့် ဓမ္မ-ကွန္ဒာပိဋကတ်သည် ဘုရားမည်သည်။ ထို ဓမ္မကွန္ဒာပိဋကတ်ဖြစ်သော အကွရာပဗန္ဓ၏ဘည်ရာပေသည် စေတီအိမ်မည်သည်။ ထိုစေတီအိမ်မည် သော ရွှေချသောဘေစာကို စောင့်ရှောက်သောအားဖြင့် ကိုင်သော ရဟန်း, ဘုရားမည်သော ဓမ္မကွန္ဒာအက္ခရာကိုကြည့်ရှုသိမြင်လို၍ ရွှေကို နှလုံးမသွင်းမူ၍ ပေကိုကိုင်ကြည့်ချပို့သောရဟန်းတို့သည် အပြစ်မရှိဟု အဓိပ္ပာယ်ကျရောက်သည်။

ရွှေကိုနှလုံးမသွင်းမူ၍ ပေကိုကိုင်ကြည့်ရာ အပြစ်မရှိဟူသောစကား မူ၁–

ဣတ္ထိရူပါနိ ဒဿေတွာ ကတံ ဝတ္ထံ ဘိတ္တိအာဒိဠ္ဍ ဣတ္ထိရူပံ အနာမသိတွာ ဝဠဉ္ဇေတုံ ဝဋ္ဋတိ။ ဧဝရူပေ ဟိ အနာမာသေ ကာယသံသဂ္ဂရာဂေ အသတိ ကာယပ္ပဋိဗဒ္ဓေန အာမသတော ဒေါသော နတ္ထိ–

ဟု လာသော ဝိမတိဝိနောဒနီဋီကာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်ကို ထောက်လေ။

ဣတ္ထိရူပါနိ၊ မိန်းမရုပ်တို့ကို။ ဒဿေတွာ၊ ပြ၍။ ကတံ၊ ပြုအပ်သော။ ဝတ္ထဉ္စ၊ အဝတ်ကိုလည်းကောင်း။ ဘိတ္တိအာဒိဠ္ဍ၊ နံရံစသည်ကိုလည်းကောင်း။ ဣတ္ထိရူပံ၊ မိန်းမရုပ်ကို။ အနာမသိတွာ၊ မသုံးသပ်မူ၍။ ဝဠဉ္ဇေတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဟိ၊ မှန်၏။ ဧဝရူပေ၊ ဤသို့သဘောရှိသော။ အနာမာသေ၊ မသုံးသပ်အပ်သော အနာမာသ ဝတ္ထုဠ္ဍ်။ ကာယသံသဂ္ဂရာဂေ၊ ကိုယ်ဖြင့်ကိုင်လိုသောစိတ်သည်။ အသတိ၊ မရှိသော်။ ကာယပ္ပဋိဗဒ္ဓေန၊ ကိုယ်နှင့်စပ်သဖြင့်။ အာမသတော၊ ကိုင်သောရဟန်းအား။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

ထိုဋီကာပါဌ်ကိုထောက်၍ ရွှေကိုကိုင်အံ့ဟု နှလုံးမသွင်းမူ၍ ပေကိုသာ ကိုင်၍ ဓမ္မကွန္ဒာဖြည်သောအက္ခရာပဗန္ဓကို ကြည့်ရှုသင်ကြားပို့ချသော ရဟန်းသည် အပြစ်မရှိဟု မှတ်ယူသင့်သည်။

ဓမ္မက္ခန္ဓာမည်ကြောင်းကိုလည်း-

သော ဝါ မမစ္ဆယေနာတိ သော ဓမ္မဝိနယော တုမ္ဟာကံ့ မမစ္ဆယေန သတ္ထာ-

ဟု ဖွင့်တော်မူသော မဟာဝဗရိနိဗ္ဗာနသုတ်အဋ္ဌကထာကို ထောက်လေ။

သော ဝေါ မမစ္ဆယေနာတိ၊ ဟူသည်ကား။ သော ဓမ္မဝိနယော၊ ထိုသုတ်, အာဘိဓမ္မာ, ဝိနည်းသည်။ မမစ္ဆယေန၊ ငါဘုရားကွယ်လွန်တော်မူသောအခါ၌။ တုမှာကံ၊ သင်ချစ်သား‌တို့၏။ သတ္ထာ၊ ဘုရားမည်၏။

သာရတ္ထသင်္ဂဟအဋ္ဌကထာ၌လည်း-

ပဋိစ္စသမုပ္ပါဒါဒိလိခိတံ ပေါတ္ထကံ နိဒဟိတ္ဝာ ကတံ ဓမ္မ-စေတိယံ နာမ-

ဟု လာသည်။ သာရတ္ထဒီပနီဋီကာ၌လည်း နည်းတူဖွင့်တော်မူသည်။

ပဋိစ္စသမုပ္ပါဒါဒိလိခိတံ၊ ပဋိစ္စသမုပ္ပါဒ် စသည်ကို ရေးသော။ ပေါတ္ထကံ၊ ပေ ထန်းရွက် ပုလပိုက် စက္ကူစသည်ကို။ နိဒဟိတ္ဝာ၊ မြုပ်၍။ ဝါ၊ ထည့်၍။ ကတံ၊ ပြုအပ်သော‌စေတီသည်၊ ဓမ္မစေတိယံ နာမ၊ ဓမ္မစေတီမည်၏။

ဓမ္မက္ခန္ဓာမည်သော သုတ် အာဘိဓမ္မာ ဝိနည်းကိုရေးသော‌ပေစာသည် ဓမ္မစေတီမည်ကြောင်းကို ပြတော်မူသည်။ ထိုဓမ္မစေတီမည်သော ရွှေချသော ပေစာ၌ ရေးထားသော ဘုရားမည်သော ဓမ္မက္ခန္ဓာအကွဲရာ-ပဗန္ဓကို ကြည့်ရှုသိမြင်လို၍သာ ပေကိုကိုင်၍ ကြည့်ရှုချပို့သင်အံသော ရဟန်းတို့သည် အပြစ်မရှိဟု မှတ်ယူသင့်သည်။

မှတ်ယူသင့်ကြောင်းကိုလည်း-

ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိတိ ဂေါပကာ ဝါ ဘဏ္ဍူ။ ဟောန္တု အညေ ဝါ၊ ဟတ္ထေနာပိ ပုဋ္ဌော‌ဝ ကစဝရံ အပနေတုံ ဝဋ္ဋတိ၊ မလမိဿံ မဇ္ဇိတုံ ဝဋ္ဋတိယေဝ-

ဟု လာသော သာရတ္ထဒီပနီဋီကာကိုထောက်။

ကစဝရမေဝ ဟရိတုံ ဝဋ္ဋတိဘိ၊ ဟူသည်ကား။ ဂေါပကာ၊ စေတိစောင့်ကုန်သော။ ဘိက္ခူ၊ ဝါ၊ တို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ အညေ ဝါ၊ တပါးသောရဟန်းတို့သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်။ ဟတ္ထေနာပိ၊ လက်ဖြင့်လည်း။ ပဒ္ဓိတ္ဝာ၊ သုတ်၍။ ကစဝရံ၊ အမှိုက်ကို။ အပနေတုံ၊ ပယ်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ မလမ္ပိ၊ အညစ်အကြေးကိုလည်း။ မဇ္ဇိတုံ၊ ပွတ်တိုက်ခြင်းငှာ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

ထိုဒ္ဒီကာပဂါဠ်၌ ရဟန်းတို့သည် ရွှေစေတီ၌ ရွှေကိုကိုင်လိုသောစိတ်မရှိမူ၍ ဘုရား၌ဝတ်ပြုခြင်းကိုသာငဲ့၍ အညစ်အကြေးကို ပွတ်တိုက်ရာအပြစ်မရှိဟု ပြတော်မူသဖြင့် ရွှေချသောပေစာ၌လည်း ဓမ္မစေတီပင်မည်၍လည်းကောင်း၊ စေတီအိမ်နှင့်တူ၍လည်းကောင်း ရွှေကို ကိုင်လိုသောစိတ် မရှိမူ၍ ဘုရားမည်သော ဓမ္မကွန္ဒာအကွရာပဗန္ဓကိုသာ သိလိုသဖြင့် ရွှေချသောပေစာကို ကိုင်၍ကြည့်ရှုသင်ကြားချပို့သော ရဟန်းတို့အား အပြစ်မရှိဟူသော အဓိပ္ပာယ်ကျရောက်သည်။

သာရတ္ထဒီပနီဋီကာ၌လည်း—

ကုတ္ထိရူပါနိ ဒဿေတ္ဝာ ကတံ ဝတ္ထုဉ္စ ပစ္စတ္ထရဏဉ္စ ကုတ္ထိရူပံ အနာမသိတ္ဝာ ဂဏ္ဌိတုံ ဝဋ္ဋတိ—

ဟု လာသည်။

ကုတ္ထိရူပါနိ၊ မိန်းမရုပ်တို့ကို။ ဒဿေတ္ဝာ၊ ပြ၍။ ကတံ၊ ပြုအပ်သော။ ဝတ္ထုဉ္စ၊ အဝတ်ကိုလည်းကောင်း။ ပစ္စတ္ထရဏဉ္စ၊ အခင်းကိုလည်းကောင်း။ ကုတ္ထိရူပံ၊ မိန်းမရုပ်ကို။ အနာမသိတ္ဝာ၊ မသုံးသပ်မူ၍။ ဝါ၊ မသုံးသပ်လိုသောစိတ်ရှိသည်ဖြစ်၍။ ဂဏ္ဌိတုံ၊ ကိုင်ယူခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုဒ္ဒီကာပဂါဠ်၌ မိန်းမရုပ်ရှိသော အဝတ်အခင်းကို မိန်းမကိုကိုင်လိုသောစိတ်မရှိမူ၍ အဝတ်အခင်းကိုသာကိုင်သောရဟန်းသည် အပြစ်မရှိဟု ပြတော်မူသဖြင့် ရွှေချသောပေစာ၌ ရွှေကိုကိုင်လိုသောစိတ်မရှိမူ၍ ပေကိုသာ ကိုင်လိုသောစိတ်ဖြင့် ရွှေချသောပေစာကိုကိုင်၍ သင်အံချပို့သော

ရဟန်းသည် အပြစ်မရှိဟူသော အာဓိပ္ပာယ်ကျရောက်သည်။ ဘုရားမည်သော ဓမ္မကွန္ဒာအာကွရုပဗန္ဓရေးသော ပေသည်ပင်လျှင် ဓမ္မကွန္ဒာပါဠိမည်ကြောင်းကိုလည်း–

ဂန္ဆော ပန တဿ ပါတိမောက္ခဿ ဇောတကဏ္ဌာ ပါတိမောက္ခန္တိ ဝုစ္စတိ–

ဟု လာသော မာတိကာအဋ္ဌကထာကိုထောက်၍ သိလေ။

ဂန္ဆော ပန၊ ပေစာမည်သောကျမ်းကိုကား။ တဿ ပါတိမောက္ခဿ၊ ထိုသီလပါတိမောက်ကို။ ဇောတကတ္ထာ၊ ထုန်းပြတတ်သည်၏ အဖြစ်ကြောင့်။ ပါတိမောက္ခန္တိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။

ထိုအဋ္ဌကထာ၌ ရှေချဲသောပေစာသည်ပင် မြတ်သော ဂုဏ်နှင့်တကွဖြစ်သောကြောင့် ပါတိမောက်မည်သည်ဟု ဆိုသဖြင့် ဘုရားမည်သော ဓမ္မကွန္ဒာအာကွရုပဗန္ဓရေးသော ရှေချဲသောပေစာအစရှိသော ပေဟူသမျှသည်လည်း ဓမ္မကွန္ဒာမည်သော ဘုရားပင် မည်သည်ဟု အာဓိပ္ပာယ်ကျရောက်သည်။

ဂမနမဂ္ဂေ အသတိ မဂ္ဂံ အာဓိဋ္ဌာယ ဂန္တဗ္ဗံ–

ဟု ပါဠိတော်ကဏ်အဋ္ဌကထာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်၌ လာသည်။

ဂမနမဂ္ဂေ၊ သွားရာခရီးလမ်းသည်။ အသတိ၊ သော်။ မဂ္ဂံ၊ ခရီးကို။ အာဓိဋ္ဌာယ၊ ဆောက်တည်၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။

ဃာရတ္ထဒီပနီဋီကာ၌လည်း–

မဂ္ဂံ အာဓိဋ္ဌာယာတိ မဂ္ဂေ ဂစ္ဆာမီတိ ဝေံသညီ ဟုတ္ဝာတိ အတ္ထော–

ဟု ဖွင့်တော်မူသည်။

မဂ္ဂံ အာဓိဋ္ဌာယာတိ၊ ကား။ မဂ္ဂေ၊ ရှိး၌။ ဂစ္ဆာမိ၊ အံ့။ ဣတိ ဝေံသညီ၊ ဤသို့သော အမှတ်ရှိသည်။ ဟုတ္ဝာ၊ ၍။ ဣတိ အယံ၊ လျှင်။ အတ္ထော၊ တည်း။

ထိုအဋ္ဌကထာ,ဋီကာစသို့ရှာလယ်စပါးလှန်းရာ၌ သွားစရာခရီးလမ်းမရှိလျှင် "ခရီးလမ်းကိုသွားအံ့" ဟု နှလုံးသွင်း၍ စပါးကို နင်းသွားခြင်း၌ အပြစ်မရှိဟု ပြတော်မူသဖြင့် ရွှေကိုကိုင်အံ့ဟု နှလုံးမသွင်းမူ၍ ရွှေမျှသောဗေစာကိုသာကိုင်၍ သင်အံချပို့သောရဟန်းတို့သည် အပြစ်မရှိဟု အဓိပ္ပာယ်ကျရောက်သည်။

ယာဝ ပရိနိဗ္ဗာနာ ပဥ္စစတ္တာလီသဝဿာနိ ဘာသိတာနိ လပိတာနိ တီဏိ ပိဋကာနိ ပဥ္စ နိကာယာ နဝင်္ဂါနိ စတုရာသီတိသဟဿာနိ တိဋ္ဌန္တိ။ အဟံ ကောဝ ပရိနိဗ္ဗာယာမိ။ အဟဉ္စ ခေါ ပန ဒါနိ ကေကောဝ သြဝဒါမိ အနုသာသာမိ။ မယိ ပရိနိဗ္ဗုတေ ဣမာနိ စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ သြဝဒိဿန္တိ အနုသာသိဿန္တိ—

ဟု မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌လာသည်။

ယာဝ ပရိနိဗ္ဗာနာ၊ ပရိနိဗ္ဗာန်ပြုသည်ဘိုင်အောင်။ ပဥ္စဒတ္တာလီသဝဿာနိ၊ လေးဆယ်ငါးဝါတို့ပတ်လုံး။ ဘာသိတာနိ၊ ဟောအပ်ကုန်သော။ လပိဘာနိ၊ မြွက်ဆိုအပ်ကုန်သော။ တီဏိ ပိဋကာနိ၊ တို့သည် လည်းကောင်း။ ပဥ္စ နိကာယာ၊ တို့သည် လည်းကောင်း။ နဝင်္ဂါနိ၊ တို့သည် လည်းကောင်း။ စတုရာသီတိခန္ဓသဟဿာနိ၊ ဓမ္မက္ခန္ဓာတို့သည်လည်းကောင်း။ တိဋ္ဌန္တိ၊ ကုန်၏။ အဟံ ကေကောဝ၊ ငါဘုရားတပါးတည်းသာလျှင်။ ပရိနိဗ္ဗာယာမိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဒါနိ၊ ယခု။ အဟဉ္စ ကေကောဝ ပန၊ ငါဘုရားတပါးတည်းသာလျှင်။ သြဝဒါမိ၊ ဆုံးမ၏။ အနုသာသာမိ၊ ကမြစ်၏။ ယဲ၊ ငါဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော်။ ဣမာနိ စတုရာသီတိဓမ္မက္ခန္ဓသဟဿာနိ၊ ဓမ္မက္ခန္ဓာဘုရားတို့သည်။ သြဝဒိဿန္တိ၊ ကုန်လတ္တံ့။ အနုသာသိဿန္တိ၊ ကုန်လတ္တံ့။

ထိုအဋ္ဌကထာကိုထောက်၍ သုတ် အဘိဓမ္မာ ဝိနည်းဟူသော ဓမ္မက္ခန္ဓာအက္ခရာပုဒ်ဗန္ဓသည် ဘုရားမည်းသောကြောင့် ရွှေချသောဗေသည်

ဓမ္မက္ခန္ဓာဘုရားတို့၏ ကိန်းဝပ်ရာတည်ရာဖြစ်၍ စေတိယဃဲရမည်သည်ဟု မှတ်ယူသင့်သည်။

ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့် အဋ္ဌကထာဌ်လည်း—

သစေ စေတိယင်္ကော ပုဏ္ဏံ ကဘ္ဘာ မနုဿေဟိ ဆဋ္ဌိတံ ဒိသ္ဝာပိ အစာလေတ္ဝာဝ အန္တရအန္တရေ သမ္မဇ္ဇိတပ္ဗံ။ ကစဝရံ ဆဋ္ဌနကာလေ ပန ကစဝရနိယာမေနေဝ ဟရိတ္ဝာ ကေမန္တံ နိက္ခိပိတုံ ဝဋ္ဋတိ—

ဟု ဖွင့်တော်မူသည်။

စေတိယင်္ကော၊ စေတီရင်ပြင်၌။ ပုဏ္ဏံ၊ ပုဇော်ခြင်းကို။ ကဘ္ဘာ၊ ၍။ မနုဿေဟိ၊ တို့သည်။ ဆဋ္ဌိတံ၊ စွန့်အပ်ခဲသော စည်,စောင်း လက်ခတ်စသည်ကို။ ဒိသ္ဝာပိ၊ လည်း။ အစာလေတ္ဝာဝ၊ မလှုပ်မူ၍သာလျှင်။ အန္တရအန္တရေ၊ အကြားအကြား၌။ သမ္မဇ္ဇိတပ္ဗံ၊ တံမြက်လှည်းအပ်၏။ ကစဝရံ၊ ကို။ ဆဋ္ဌနကာလေ ပန၊ စွန့်ခဲသောအခါ၌ကား။ ကစဝရနိယာမေနေဝ၊ အမှိုက်ဟူသာအမှတ်ဖြင့်သာလျှင်။ ဟရိတ္ဝာ၊ ကိုင်ယူ၍။ ကေမန္တံ၊ သင့်ရာအရပ်၌။ နိက္ခိပိတုံ၊ ထားခြင်းငှာ။ ဝဋ္ဋတိ၊ ၏။

ထိုအဋ္ဌကထာပါဠိ၌ စေတီရင်ပြင်တော်မှာ လူတို့ပူဇော်၍ စွန့်ထားခဲ့သော စည်,စောင်းလက်ခတ်စသော တူရိယာဘဏ္ဍာတို့ရှိမူ ထိုဘူရိယာတို့ကို မထိခင်းမူ၍ အကြားအကြား၌သာ တံမြက်လှည်းရမည်။ အမှိုက်စွန့်သောအခါ အမှိုက်ဟူသာ အမှတ်ဖြင့် ကိုင်ယူ၍ သင့်ရာအရပ်၌ ထားအပ်သည်ဟု ပြဘော်မူသဖြင့် ရှေးသောပေစာ၌ ရှေ့ကို နှလုံးမသွင်းမူ၍ ပေကိုသာ ကိုင်ကြည့်၍ သင်အံချပို့သာရဟန်းတို့သည် အပြစ်မရှိဟူသော အဓိပ္ပာယ် ကျေရာကဲသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာ အရပ်ရပ်ဘို့ကို ထောက်၍ ရှေးသော ပေစာ၌ ရှေ့ကိုကိုင်အံ့ဟု နှလုံးမသွင်းမူ၍ ပေကိုသာကိုင်၍ စောကိုသင်အံချပို့သောရဟန်းမှာ အပြစ်မရှိဟု မှတ်ယူသင့်သည်။

ဝိနယဝိနိစ္ဆယဋီကာ ကာယသံသဂ္ဂသိက္ခာပုဒ်အဖွင့်၌ကား-

သုဝဏ္ဏာဒီဟိ ကတသုဝဏ္ဏပဋိမာစေတိယပေါတ္ထကာဒိယံကိဉ္စိ နာ သာဒိတဗ္ဗမေဝ၊ နာ စ အာမသိတဗ္ဗံ—

ဟု လာသည်။

သုဝဏ္ဏာဒီဟိ၊ ရွှေစသည်တို့ဖြင့်။ ကတသုဝဏ္ဏပဋိမာစေတိယပေါတ္ထကာဒိ၊ ပြုအပ်သော ရွှေဆင်းတု, ရွှေဒုတိ, ရွှေပေလွှာ, ရွှေချသောပေအစရှိသော။ ယံကိဉ္စိ၊ အလုံးစုံကို။ နာ သာဒိတဗ္ဗမေဝ၊ မသာယာအပ်သည်သာတည်း။ နာ စ အာမသိတဗ္ဗံ၊ ကိုင်လည်းမကိုင်အပ်။

ထိုဋီကာပါဠိတော်အရဖြင့် ရွှေချသောပေသည်လည်း မသာယာဒုံးပ မကိုင်အပ်ဟု ဆိုသကဲ့သို့ အရိပ်ထင်သည်။ စုံစမ်းဆင်ခြင်၍ နှစ်သက်ရာကို ယူလေ။

၁၅။ ရွှေချသောပေစာထုပ်ကို ပဋိလိကပိုင်အလှူခံခြင်း

မေး။ ။ရွှေချသောပေစာထုပ်ကို အလှူခံသောအခါ ပဋိလိကပိုင် ရေစက်ချ၍ အလှူခံအပ်ပါမည်လော။

ဖြေ။ ။ရွှေချသောပေစာထုပ်ကို ရေစက်ချသောအခါ ရွှေကို နှုတ်လုံးမသွင်းမူ၍ ပေကိုသာနှုတ်လုံးသွင်းပြီးလျှင် ပေစာထုပ်ကျမ်းစာကို ဆို၍ ရွှေကိုမငဲ့ပဲ ခံယူနိုင်မူ ပဋိလိကအဖြစ်ဖြင့်ခံယူသော်လည်း ရွှေကို အလှူမခံ ပေကိုသာအလှူခံသောကြောင့် အပ်သည်ဟု ဆရာမြတ်တို့သည် ပြောဆိုကြသည်။ ထိုဆရာတို့စကားသည် သင့်လျော်ယုတ္တိရှိသည်။

တိစီဝရေန တိဟိစ ကဟာပဏသတေဟိ သဒ္ဓိံ ဘောဇ္ဇ-စကော်ဒ္ဒကံ ပူရေတွာ အာဟာရိတွာ ထေရဿ ပါဒမူလေ ဌပေတွာ "ဘန္တေ ပဋ္ဌပဋံ ကရောထာ" တိ အာဟံသု။ ထေရော "အာစရိယဘာဂေါ နာမာယ" န္တိ ကပ်ိယဝသေန ဂါဟာ-ပေတွာ ပဋ္ဌပဋံ အကာသိ—

ဟု လာ၏သော ပါရာဇိကဏ်အဋ္ဌကထာ တတိယ ပါရာဇိက အဖွင့်ကို ထောက်။

တိစီဝရေန၊ တိစီဋရိက်သုံးထည်နှင့်လည်းကောင်း။ တိဟိ ကဟာ-ပဏသတေဟိ စ၊ အသပြာသုံးရာတို့နှင့်လည်းကောင်း။ သဒ္ဓိ၊ တက္ခ။ ဘေသဇ္ဇစကော်ဋ္ဌကံ၊ ဆေးထည့်သောတောင်းကို။ ပူရေတွာ၊ ပန်းဖြင့် ပြည့်စေ၍။ အာဟရိတွာ၊ ဆောင်ယူ၍။ ထေရဿ၊ မဟာပဒုမထေရ်၏။ ပါဒမူလေ၊ ခြေရင်း၌။ ဌပေတွာ၊ ထား၍။ ဘန္တေ၊ အရှင်ဘုရား။ ပုပ္ဖပူဇံ၊ ပန်းပူဇော်ခြင်းကို။ ကရောထ၊ ပြုပါကုန်လော့။ ဣတိ၊ သို့။ အာဟံသု၊ဆိုကုန်၏။ ထေရော၊ မဟာပဒုမထေရ်သည်။ အယံ၊ ဤသည်ကား။ အာစရိယဘာဂေါ နာမ၊ ဆရာအဖို့မည်၏။ ဣတိ၊ သို့။ ကပ္ပိယဝသေန၊ အပ်သော ခေါ်ဝေါ်ခြင်း၏ အစွမ်းဖြင့်သာလျှင်။ ဂါဟာပေတွာ၊ ယူစေ၍။ ပုပ္ဖပူဇံ၊ ပန်းပူဇော်ခြင်းကို။ အကာသိ၊ ပြု၏။

ထိုအဋ္ဌကထာပါဠိဠဲ့ ဝသဘမင်း၏ မိဖုရားသည် မဟာပဒုမထံ၌ ဆေးနည်းကိုလျှောက်ထား၍ ပရိယာယ်အားဖြင့်ပြောကြား၍ ရောဂါပျောက်လတ်သော် တိစီဝရိက်သုံးထည် အသပြာ သုံးရာတို့နှင့်တကွ ဆေးထည့်သောတောင်းကို ပန်းပွင့်တို့ဖြင့်ပြည့်စေ၍ ခြေရင်းဦးထား၍ပြီးလျှင် "အရှင်ဘုရား....ပန်းပူဇော်ခြင်းကို ပြုတော်မူပါ"ဟု လျှောက်ထားရာ မဟာပဒုမထေရ်မြတ်သည် "ဤသည်ကား ဆရာအဖို့မည်၏" ဟု ငွေအသပြာကိုသိလျက်ပင် ငွေအသပြာကို နှုတ်လုံးမဆွံ့းမူ၍ ပန်းပွင့်ကိုဆောင်ယူလော့၊ ပန်းပူဇော်ကုန်လော့ အစရှိသော အပ်သော ခေါ်ဝေါ်ခြင်းဖြင့် ပန်းပွင့်ကိုသာ နှုတ်လုံးသွင်း၍ ခံယူစေပြီးလျှင် ပန်းပူဇော်ခြင်းကိုပြုသည်ဟု ပြတော်မူသဖြင့် ရှေးသောပေစာကို လွှဲသော အခါ ဤကိုနှုတ်လုံးမသွင်းမူ၍ ပေစာကိုသာ နှုတ်လုံးသွင်း၍ ခံယူနိုင်မူ ပဋိလိကအလွှဲခံအပ်သည်ဟု အဓိပ္ပာယ်ကျောက်သည်။

သာရတ္ထဒီပနီဋီကာ၌လည်း—

ဝိနယလက္ခဏံ အဇာနန္တဿ အနုဒရိယဿ တဒနုရူပဓေါ-
ဟာရာသမ္ဘဝတော ဤဒိသဿ လာဘဿ ဥပပတ္တိ နာမ နတ္ထိတိ
"အာစရိယဘာဂေါ နာမ အယ"န္တိ ဝုတ္တံ။ ဝိနယေ ပက-
တညုနာ အာစရိယေန လဘိတဗ္ဗဘာဂေါ အယန္တိ ဝုတ္တံ ဟောတိ။
ပုဗ္ဗပုဇနတ္ထာယ ဒိန္နပိ အကပ္ပိယဝေါဟာရေန ဝိဓာနဿ
အယုတ္တတ္တာ "ကပ္ပိယဝသေနာ"တိ ဓုတ္တံ၊ ပုပ္ပံ အာဟရထာ-
တိအာဒိနာ ကပ္ပိယဝေါဟာရဝသေနာတိ ဗျတ္တော—

ဝိနယလက္ခဏံ၊ ဝိနည်းလက္ခဏာကို။ အဇာနန္တဿ၊ မသိသောရဟန်း
အားလည်းကောင်း။ အနုဒရိယဿ၊ သိလျက် မရှိသသောရဟန်း
အားလည်းကောင်း။ တဒနုရူပဓေါဟာရာသမ္ဘဝတော၊ ထိုသို့သဘော
ရှိသော ခေါ်ဝေါ်ခြင်း၏မဖြစ်သင့်သောကြောင့်။ ဤဒိသဿ၊ သဘော
ရှိသော။ လာဘဿ၊ လာဘ်၏။ ဥပပတ္တိ နာမ၊ အပ်သော ဖြစ်ခြင်း
မည်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ကြောင့်။ အာစရိယဘာဂေါ
နာမ အယန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ အယံ၊ ဤသည်ကား။ ဝိနယော၊ ဉ်။
ပကတညုနာ၊ သိတတ်သော။ အာစရိယေန၊ ဆရာသည်။ လဘိတဗ္ဗ-
ဘာဂေါ၊ ရအပ်သောအဖို့တည်း။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလို
သည်။ ဟောတိ၊ ၏။ ပုဗ္ဗပုဇနတ္ထာယ၊ ပန်းပူဇော်ခြင်းငှာ။ ဒိန္နပိ၊
လှူသော်လည်း။ အကပ္ပိယဝေါဟာရေန၊ မအပ်သော ခေါ်ဝေါ်
ခြင်းဖြင့်။ ဝိဓာနဿ၊ စီရင်ခြင်း၏။ အယုတ္တတ္တာ၊ မသင့်သည်၏အဖြစ်
ကြောင့်။ ကပ္ပိယဝသေနာတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ပုပ္ပံ၊ ကို။ အာဟရထ၊
ဆောင်ယူကုန်လော့။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ကပ္ပိယဝေါ-
ဟာရဝသေန၊ ဖြစ်သောခေါ်ဝေါ်ခြင်း၏အစွမ်းဖြင့်။ ဣတိ အယုံ၊
လျှင်။ အဇ္ဈော်ဟာ၊ တည်း။

ကာယဝါစာဟိ အပ္ပဋိက္ခိပိဘ္ဘာ သုဒ္ဓစိတ္တော ဟုတ္ဘာ "နယိဒံ
အမှာကံ ကပ္ပတီ"တိ နာ ဿာပယတိ ဝဋ္ဋတိ—

ဟု လာသော မာတိကာအဋ္ဌကထာကို်ထောက်၍ ပန်းပူဇော်တော်မူပါ ဟု လျှောက်ရာ ငဲ့အသပြာပါသည်ကိုသိသော်လည်း ငဲ့ကို စိတ်က မသာယာမူ၍ ပန်းကိုအလှူခံ၍ ပန်းပူဇော်ခြင်း၌ အပ်သည်ဟု အဓိပ္ပာယ် ရထို်က်သောကြောင့် ရှေးသောပေစာကို ရေစက်ချသောအခါ ရှေ့ကို စိတ်က မသာယာမူ၍ ပေကို်အလှူခံရာ အပြစ်မရှိဟူသော အဓိပ္ပာယ် ကျရောက်သည်။

ဝိမတိဝိနောဒနီဋီကာ၌ကား-

ပုပ္ပပူဇနတ္ထာယပိ သမ္ပဋိစ္ဆိယမာနံ ရူပိယံ အတ္တနော သန္တံကတ္တဘဇနေန နိဿဂ်ိယမေဝါတိ အာဟ "ကးပိုယဝသေန ဂါဟာပေတ္ဝာ" တိ။ "အမှာကံ ရူပိယံ နဝဋ္ဋတိ၊ ပုပ္ပပူဇနတ္ထံ ပုပ္ဖံ ဝဋ္ဋတိ" တိ အာဒိနာ ပဋိက္ခိပိတ္ဝာ ကပိုယေန ကမ္မေန ဂါဟာပေတ္ဝာတိ အတ္ထော-

ဟု ဖွင့်တော်မူ၏။

ပုပ္ပံပူဇနတ္ထာယပိ၊ဘုရားကိုပန်းပူဇော်ခြင်းငှာလည်း။သမ္ပဋိစ္ဆိယမာနံ၊ ခံယူအပ်သော။ ရူပိယံ၊ ရှေငွေသည်။ အတ္တနော၊ မိမိ၏။ သန္တကတ္တဘဇနေန၊ ဥစ္စာအဖြစ်သို့ ရောက်သဖြင့်။ နိဿဂ်ိယမေဝ၊ နိဿဂ်ိယ အာပတ်သင့်သည်သာတည်း။ ဣတိ တသ္မာ၊ ကြောင့်။ ကပိုယဝသေန ဂါဟာပေတ္ဝာတော်၊ ဟူ၍။ အာဟာ၊ ၏။ အမှာကံ၊ ငါတို့အား။ ရူပိယံ၊ ရှေငွေသည်။ နဝဋ္ဋတိ၊ မအပ်။ ပုပ္ပပူဇနတ္ထံ၊ ပန်းပူဇော်ခြင်းငှာ။ ပုပ္ဖံ၊ ပန်းသည်။ ဝဋ္ဋတိ၊ ၏။ ဣတိအာဒိနာ၊ ဤသို့စသည်ဖြင့်။ ပဋိက္ခိပိတ္ဝာ၊ ပယ်၍။ ကပိုယေန၊ အပ်သော။ ကမ္မေန၊ အမှုဖြင့်။ ဂါဟာပေတ္ဝာ၊ ယူစေ၍။ ဣတိ အာယံ၊ လျှင်။ အတ္ထော၊ တည်း။

ထိုပေကို ပဏ္ဏအရာ ဂရုဘဏ်အဖွဲ့ဖြစ်သော မာတိကာအဋ္ဌကထာသဟဓမ္မိကဝဂ် ဒုဒိဒသမသိက္ခာပုဒ်အဖွင့်၌-

အဋ္ဌုပ္ပတ္တိလပ္ပမာဒကောပိ ရိတ္တပေါတ္ထကော ဂရုဘဏ္ဍမေဝ-

ဟု ဆိုတော်မူသည်။

အဋ္ဌဂုံလပွမာဏောပိ၊ အနံ လက်ရှစ်သစ် ရှိသည်လည်းဖြစ်သော။ ရိတ္တပေါတ္ထကော၊ မရေးသောပေသည်။ ဂရုဘဏ္ဍမေဝ၊ ဂရုဘဏ် ထိုက်သည်သာတည်း။

ဝိနယမဉ္ဇူသာဋီကာဌီလည်း-

အဋ္ဌဂုံလပွမာဏော ဝါတိ ဝိတ္ထာရတော အဋ္ဌဂုံလပွမာဏော။ လိခိတပေါတ္ထကော ပန ဂရုဘဏ္ဍံ နု ဟောတိ-

ဟု ပဒင်္ဂတော်မူသည်။

အဋ္ဌဂုံလပွမာဏော ဝါတိ၊ ဟူသည်းကား။ ဝိတ္ထာရတော၊ အနံ အား ဖြင့်။ အဋ္ဌဂုံလပွမာဏော၊ လက်ရှစ်သစ်ပမာဏရှိသောပေတည်း။ လိခိတ-ပေါတ္ထကော ပန၊ ရေးပြီးသော ပေသည်ကား။ ဂရုဘဏ္ဍံ၊ ဂရုဘဏ် သည်။ နု ဟောတိ၊ မဖြစ်။

ဝိနယဝိနိစ္ဆယဋီကာဌီလည်း-

ရိတ္တပေါတ္ထကောတိ ဣမိနာ အဋ္ဌဂုံလပွမာဏော အတိ-ရေကပွမာဏောပိ လိခိတပေါတ္ထကော ဘာဇနိယော-

ဟု ဆိုတော်မူ၏။

ဤသို့လာသော အဋ္ဌကထာ,ဋီကာပါဠိအရဖြင့် ရေးပြီးသောပေစာ ဟူသမျှသည် ပဂ္ဂလိကအလှူခံဆသော ပေစာဖြစ်မူ ပဂ္ဂလိကဥစ္စာဖြစ်သည်။ ထို့ပဂ္ဂိုလ်သေ၍ တစုံတယောက်ကို ပဓေးမအပ်ခဲ့လျှင် သံဃိကလဟု ဘဏ်ပစ္စည်းဖြစ်၍ သမ္မုခီဘူတသံဃာတို့ ဝေယျထိုက်ကြောင်းကို ပြတော်မူသည်။

အချို့သော ဆရာမြတ်တို့သည်-

စာပေပိဋကတ်ကို အခြားသောပစ္စည်းပရိက္ခရာကဲ့သို့ အာမိသ အဖြစ်ဖြင့်သုံးဆောင်အပ်သောအရာလည်းမဟုတ်ချေ။ ဒါယကာ တို့ကလည်း အဓွန့်ရှည်စွာ သာသနာတည်ခြင်းငှာ, လူနတ်

နိဗ္ဗာန်သုံးတန်သောချမ်းသာကို ရစေခြင်းငှာသာ ရေးကူးပြုစုတည်ထား ကိုးကွယ်ကြသော အရာဖြစ်ချေသည်။ ထို့ကြောင့် ပဋိလ်, ဂိုဏ်း, သံဃာ ဥစ္စာအဖြစ်ဖြင့် အလှူမခံမူ၍ အမြဲရှိကျိုး ကိုးကွယ်သော ဥဒ္ဒိဿက ဘုရားကဲ့သို့ ရေစက်ချ၍ ရှိသေစွာ ဖေးဖော်ရှောက် ကြည့်ရှု သင်အံ ချပို့ ကိုးကွယ်၍ ထားရမည်။ ထို့ကျောင်း၌ တပါးသော်သော် တပါး ဆက်လက်၍ မဖျက်မဆီး ရှိသေစွာ သိမ်းဆည်းကိုးကွယ်ထိုက်သည်။ ပဋိလ်, ဂိုဏ်း သံဃာဥစ္စာ မပြုထိုက်။ ရောင်းချဖျက်ဆီး၍လည်း မသုံးဆောင် အပ်ဟု ဆိုတော်မူကြကုန်၏။

သလုံးဆရာတော်ရေးသော ဝိနယစ္ဆေဒဒီပနီကျမ်း၌ကား—

နာနာရတနဝိစိတ္တံ သဂဿ ပရိယတ္တိဓမ္မံ ယထာသုခံ ပရိယာပုဏိတုံ ဝါစေတုံ စ အာယသ္မာတော သန္တိကေ သမဏံ ကရောမ။ ဟံ သဂဿ ပရိယတ္တိဓမ္မံ အာယသ္မာတော ပဋိလိကဝိဟာရဿ ဒေမ။ ယထာသုခံ ပရိယာပုဏာထ အာယသ္မာ ဘန္တေ—

ဟု လာသည်။

နာနာရတနဝိစိတ္တံ၊ အတူးဆူးသော ရတနာတို့ဖြင့် ဆန်းကြယ်သော။ သဂဿ၊ တိုက်နှင့်တကွသော။ ပရိယတ္တိဓမ္မံ၊ ပရိယတ္တိတရားကို။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိယာပုဏိတုံ၊ သင်စေခြင်းငှာ။ ဝါစေတုံ၊ ပို့ချစေခြင်းငှာ။ အာယသ္မာတော၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ၌။ သရဏံ၊ ကိုးကွယ်ခြင်းကို။ ကရောမ၊ ပြုပါကုန်၏။ သဂဿ၊ တိုက်နှင့်ကကွသော။ တံ ပရိယတ္တိဓမ္မံ၊ ကို။ အာယသ္မာတော၊ ၏။ ပဋိလိကဝိဟာရဿ၊ ပဋိလိကကျောင်းအား။ ဒေမ၊ လှူပါကုန်၏။ ဘန္တေ၊ ဘုရား။ အာယသ္မာ၊ ဘာည်။ ယထာသုခံ၊ အလိုရှိတိုင်း။ ပရိယာပုဏာထ၊ သင်ပါကုန်လော့။

နောက်ကပြဆိုခဲ့သော အဋ္ဌကထာ,ဋီကာတို့ကိုထောက်၍ ရှေချဲ့သော စာထုပ်ကို ရေးစက်ချလိုမူ "ဣမံ သုဝဏ္ဏံ ဓမ္မဒစတိယဲဿ ဒေမ။ ဣမံ ဓမ္မစေတိယဂန္ဆံ အာယဿ္မတော ဒေမ ယထာသုခံ ပရိယာပုဏိတုံ ဝါစေတုံ စ" ဟူ၍လည်းကောင်း၊ "ဣမံ သုဝဏ္ဏံ ဓမ္မစေတိယဿ ဒေမ။ ဓမ္မစေတိယဿရသင်္ခါတံ ဣမံ ဂန္ဆံ အာယဿ္မတော ဒေမ ယထာသုခံ ပရိယာပုဏိတုံ ဝါစေတုံ စ" ဟူ၍လည်းကောင်း ချအပ်သည်ဟုမှတ်။

ဣမံ သုဝဏ္ဏံ၊ ဤရွှေကို။ ဓမ္မဒစတိယဿ၊ ဓမ္မဒစေတီတော်အား။ ဒေမ၊ လှူပါကုန်၏။ ဣမံ ဓမ္မစေတိယဂန္ဆံ၊ ဤဓမ္မစေတီတည်းဟူသော ကျမ်းစာထုပ်ကို။ အာယဿ္မတော၊ အား။ ယထာသုခံ၊ တိုင်း။ ပရိယာပုဏိတုံ၊ ဌာလည်းကောင်း။ ဝါစေတုံ စ၊ ဌာလည်းကောင်း။ ဒေမ၊ ကုန်၏။

နောက်နည်းမှာ "ဓမ္မစေတိယဿရသင်္ခါတံ၊ ဓမ္မစေတီအုံမ်ဟုဆိုအပ်သော။ ဣမံ ဂန္ဆံ၊ ဤကျမ်းဂန်စာထုပ်ကို" ဟု ဆိုလေ ဂဏိကမှာ "အာယဿ္မန္တံဝနံ" သံဃိကမှာ "သံဃဿ" ဟု ဆိုလေ။

၅၆။ ရှေကျောင်းစသည် အပ်-မအပ်

မေး။ ။ရှေချဲ့သောကျောင်း,ရှေညောင်စောင်း,ရှေအင်းပျဉ်တို့၌ ရဟန်းတို့သည် ထိုင်ခြင်းဌာနအပ်ပါမည်လော။

ဖြေ။ ။ရှေကျောင်း,ရှေညောင်စောင်း,ရှေအင်းပျဉ်တို့၌ သံဃိကကျောင်းစသည်ဖြစ်မူ ရဟန်းတို့သည် နေထိုင်ခြင်းဌာနအပ်သည်။

သေနာသနံ ဟိ သော ဝဏ္ဏမယမ္ပိ ဝဋ္ဋတိ—

ဟုလာသော ပါစိတ်အဋ္ဌကထာ သေနာသနဝဂ် ပဌမသေနာသနသိက္ခာပုဒ်အဖွင့် သံဃိကသေနာသနအရာကိုထောက်။

ဟိ၊ မူန်၏။ သေန်ာသနံ၊ ကျောင်း,ညောင်စောင်း, အင်းပျဉ်သည်။ သော ဝဏ္ဏမယမ္ပိ၊ ရှေဖြင့်ပြီးသော်လည်း။ ဝဋ္ဋတိ၊ ၏။

၅၂။ ရှေ့ဆွဖြင့်လုပ်ဆေသာ အသုံးအဆောင်ပစ္စည်း အပ်-မအပ်

မေး။ ။ရှေ့ဆွဲ စသည်တို့ဖြင့် ပြုသော ကျောင်းအသုံးအဆောင်တို့ကို ရဟန်းတို့သည် သုံးဆောင်ခြင်းငှာ အပ်ပါ၏လော။

ဖြေ။ ။ရှေ့ဆွဲ စသည်တို့ဖြင့် ပြုသော ကျောင်းအသုံးအဆောင်ဟူသမျှကို ရဟန်းတို့သည် ပဂ္ဂိုလ်, ဂိုဏ်း, သံဃာတို့၏ ဥစ္စာအဖြစ်ဖြင့် နှလုံးမသွင်းပဲ သေနာသနပရိဘောဂ အဖြစ်ဖြင့်သာ နှလုံးသွင်း၍ သုံးဆောင်ခြင်းငှာ အပ်သည်။

သုဝဏ္ဏရဇတဟာရကုဋ္ဌဇာတိဖလိကဘာဇနာနိ ဂိဟိဝိကတာနိပိ န ဝဋ္ဋန္တိ။ ပဓေဝ သံဃိကပရိဘောဂေန ဝါ ပုဂ္ဂလိကပရိဘောဂေန ဝါ။ သေနာသနပရိဘောဂေန ပန အာမသမိ့ အနာမသမိ့ သဗ္ဗံ ဝဋ္ဋတိ-

ဟုလာသော သေနာသနက္ခန္ဓကအဋ္ဌကထာ ဂရုဘာဏ်အဖွင့်ကိုထောက်။

သုဝဏ္ဏရဇတဟာရကုဋ္ဌဇာတိဖလိကဘာဇနာနိ၊ ရွှေခွက်, ငွေခွက်, တေးခေါ်ပြာခွက်, ဖလ်စင်ခွက်တို့သည်။ ဂိဟိဝိကတာနိပိ၊ လူတို့ဥစ္စာတို့သည်လည်း။ န ဝဋ္ဋန္တိ၊ ကုန်။ သံဃိကပရိဘောဂေန ဝါ၊ သံဃိက ဥစ္စာပြု၍ သုံးဆောင်သဖြင့်လည်းကောင်း။ ပုဂ္ဂလိကပရိဘောဂေန ဝါ၊ ပုဂ္ဂလိက ဥစ္စာပြု၍ သုံးဆောင်သဖြင့်လည်းကောင်း။ ပဓေဝ၊ အဘယ်ဆိုဖွယ်ရာရှိအံ့နည်း။ န ဝဋ္ဋန္တိ ဧဝ၊ မအပ်ကုန်သည်သာတည်း။ ပန၊ အပ်သည်ကို ပြောအံ့။ သေနာသနပရိဘောဂေန၊ ကျောင်းပစ္စည်းဟု နှလုံးပြု၍ သုံးဆောင်ခြင်းဖြင့်။ အာမသမိ့၊ သုံးသပ်အပ်သည်လည်းဖြစ်သော။ အနာမသမိ့၊ မသုံးသပ်အပ်သည်လည်းဖြစ်သော။ သဗ္ဗံ၊ အလုံစုံသည်။ ဝဋ္ဋတိ၊ ၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း-

အနာမသမိ့တိ သုဝဏ္ဏာဒိမယမိ့ သဗ္ဗံ။ တံ အာမသိတ္ဘာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ-

ဟု ဖွင့်တော်မူသည်။

အနာမသမိုတိ၊ ဟူသည်ကား။ သုဝဏ္ဏာဒိမယမိုဟ၊ ရွှေသည်ဖြင့်ပြီး သည်လည်းဖြစ်သော။ သဗ္ဗံ၊ အလုံးစုံသည်။ အတ္ထိ ရှိ၏။ တံ၊ ထိုရွှေစသည်တို့ဖြင့်ပြီးသော အလုံးစုံသော သေနာသန အာသုံးအဆောင်ကို။ အာမသိတ္ဘာပိ၊ ကိုင်၍လည်း။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ ဝဋ္ဋတိ၊ ဒုပ်၏။

၅၈။ ကျောင်းအမှတ်, ကျောင်းပစ္စည်းအမှတ်ဖြင့် သုံးဆောင်ခြင်း

မေး။ ။သေနာသနပရိဘောဂဖြင့်အပ်သည်ဆိုရာ၌ ပုဂ္ဂလိက, ဂဏိက, သံဃိကသေနာသနအားဖြင့် သုံးပါးလုံးပင် အပ်သည်ဟု မှတ်ရမည်လော။

ဖြေ။ ။ပုဂ္ဂလိကကျောင်းဖြစ်စေ၊ ဂဏိကကျောင်းဖြစ်စေ၊ သံဃိကကျောင်းဖြစ်စေ မိမိဥစ္စာအဖြစ်ဖြင့်သုံးဆောင်ခြင်းကိုမပြုမူ၍ ကျောင်း၏ အမှတ်ဖြင့်လည်းကောင်း၊ ကျောင်းပစ္စည်း၏ အမှတ်ဖြင့်လည်းကောင်း နှလုံးသွင်း၍ သုံးဆောင်မှု အပ်သည်။

သေနာသနေ ပန ဒဋ္ဌုံရကဝါ့ဝါတပါနကဝါဋ္ဌာဒီသု သဗ္ဗရတနမယမိုဝ၊ ဝဏ္ဏမဋ္ဌကမုံ ဝဋ္ဋတိ။ သေနာသနေ ကိဉ္စိ ပဋိသေဓေတုံ နတ္ထိ အညတြ ဝိရုဒ္ဓသေနာသနံ။ ဝိရုဒ္ဓသေနာသနံ နာမ အညေသံ သိမာယ ရာဇဝလ္လဘဟိ ဂတသေနာသနံ ဝုစ္စတိ–

ဟုလာသော ပါရာဇိကဏ်အဋ္ဌကထာ ဒုတိယပါရာဇိက ပရိက္ခာရဝိနိစ္ဆယ အဖွင့်ကိုထောက်။

ပုန၊ မအပ်သည်မှာဘပါးအပ်သည်ကိုပြဆိုအံ့။သေနာသန၊ကျောင်း၌။ ဒဋ္ဌရကဝါဋ္ဌပါတပါနကဝါဋ္ဌာဒီသု၊ ကျောင်းတံခါးရွက်, လေသောက်တံခါးရွက်စသည်တို့၌။ သဗ္ဗရတနမယမိုဝ၊ အလုံးစုံသော ရတနာဖြင့်ပြီးသည်လည်းဖြစ်သော။ ဝဏ္ဏမဋ္ဌကမုံ၊ အဆင်း, အပြေအပြစ်ပြုသော အမှုသည်။ ဝဋ္ဋတိ၊ ၏။ ဝိရုဒ္ဓသေနာသနံ၊ မင်းနှင့်အကျွမ်းဝင်သော

ဆန့်ကျင်သောရဟန်းတို့၏ ကျောင်းကို။ အညတြ၊ ကြဉ်၍။ သေနာ-
သနေ၊ ကျောင်း၌။ ပဋိသေဓေတဗ္ဗံ၊ တား မြစ်အပ်သော။ ကိဉ္စိ၊ တစုံ
တခုသော မအပ်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဝိရူဠ္ဟသေနာသနံ နာမ၊
ဝိရူဠ္ဟကျောင်းမည်သည်ကား။ အညေသံ၊ တပါးသောရဟန်းတို့၏။
သီမာယ၊ အာရုံမ်မြေ၌။ ရာဇဝလ္လဘေဟိ၊ မင်းကျွမ်းဝင်သောရဟန်း
တို့သည်။ ကတသေနာသနံ၊ ပြုအပ်သောကျောင်းကို။ ဝုစ္စတိ၊ ၏။

ထိုအဋ္ဌကထာပါဌ်ဖြင့် ဝိရူဠ္ဟသေနာသနကိုထား၍ တပါးသော သေ-
နာသနမှာ ပဂ္ဂလိက ဖြစ်စေ၊ ဂဏိက ဖြင့်စေ၊ သံဃိက ဖြစ်စေ သေနာသန
ပရိဘောဂအဖြစ်ဖြင့် အပ်သည်ဟု ပြဒါတ်မူသည်။

သာရတ္ထဒီပနီဋီကာ၌လည်း-

သေနာသနပရိက္ခာရေသု ပဋိသေဓေတဗ္ဗံ နာမ ကိဉ္စိ နတ္ထိ-
ဟူ ဖွင့်တော်မူသည်။

သေနာသနပရိက္ခာရေသု၊ ကျောင်းပစ္စည်းပရိက္ခရာတို့၌။ ပရိသေ-
ဓေတဗ္ဗံ နာမ၊ ဟား မြစ်အပ်သည်မည်သော။ ကိဉ္စိ၊ တစုံတခုသည်။
နတ္ထိ၊ မရှိ။

ဝိမတိဝိနောဒနီဋီကာ၌လည်း-

ရာဇဝလ္လဘေဟိတိ လဇ္ဇီပေသလာဒီနံ ဥပေါသထာဒိအန္တ-
ရာယကရာ အလဇ္ဇီနော, ဘိန္နလဒ္ဓိကာ စ ဘိက္ခူ။ အမိပ္ပေတာ-
ဟူ ဖွင့်တော်မူသည်။

ရာဇဝလ္လဘေဟိတိ၊ ကား။ လဇ္ဇီပေသလာဒီနံ၊ လဇ္ဇီပေသလစသော
ပဂ္ဂိုလ်တို့၏။ ဥပေါသထာဒိအန္တရာယကရာ၊ ဥပုသ်စသည်တို့၏အန္တရာယ်
ကို ပြုတတ်ကုန်သော။ အလဇ္ဇီနော၊ အလဇ္ဇီဖြစ်ကုန်သော။ ဘိန္နလဒ္ဓိကာ
စ၊ ကဲ့သောအယူရှိသည်လည်းဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။
အမိပ္ပေတာ၊ အလိုရှိအပ်ကုန်၏။

ကဏ္ဍ]ကျောင်းအမှတ်, ကျောင်းပစ္စည်းအမှတ်ဖြင့် သုံးဆောင်အပ် ၁၃၅

သာရတ္ထဒီပနီဋီကာဌ်လည်း-

ကေနိကာယိကာပိ ဥပါသထပဝါရကာနံ အန္တရာယကရာ အလဋ္ဌိနာ ရာဇကုလူပကာ ဝုစ္စန္တိ-

ဟု လာသည်။

ကေနိကာယိကာပို့၊ အယူတပါးရှိသည်လည်းဖြစ်ကုန်သော။ ဥပေါသထပဝါရကာနံ၊ တို့၏။ အန္တရာယကရာ၊ အန္တရာယ်ကို ပြုတတ်ကုန်သော။ အလဋ္ဌိနာ၊ အလဋ္ဌိရဟုန်းဖြစ်ကုန်သော။ ရာဇကုလူပကာ၊ မင်းအိမ်သို့ ဂယ်တတ်သော ရဟန်းတို့ကို။ ရာဇဝလ္လဘောဝ်၊ ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

ထိုဋီကာပါဠ်တို့ဖြင့် ဝိနွဒသေနာသနကိုပြုသော ရာဇဝလ္လဘရဟန်းအရကို ပြတော်မူကြသည်။

"အနုဇာနာမိ ဘိက္ခဝေ သင်္ဃံ ပါသာဒပရိဘောဂ" န္တိ ဝစနတော ပဂ္ဂလိကေပိ သေနာသနေ သေနာသနပရိဘောဂဝသေန နိယမိတံ သုဝဏ္ဏဃဋဒါဒိကံ ပရိဘုဉ္ဇိတုံ ဝဋ္ဋမာနမ္ပိ ကေဝလံ အတ္တနော သန္တကံ ကတ္ဝာ ပရိဘုဉ္ဇိတုံ န ဝဋ္ဋတီ-

ဟု သာရတ္ထဒီပနီဋီကာဌ်လာသည်။ ပါစိတ်အဋ္ဌကထာ သေနာသနဝဂ်ပဌမသေနာသနအဖွင့်မှာရှုမလေ။ ဝိနယဝိနိစ္ဆယဋီကာဌ်လည်း နည်းတူလာသည်။

အနုဇာနာမိ ဘိက္ခဝေ သင်္ဃံ ပါသာဒပရိဘောဂန္တိ၊ ဟူ၍။ ဝစနတော၊ စုဋ္ဌဝါဒ်ဟောတော်မူသောကြောင့်။ ပဂ္ဂလိကေပိ၊ ပဂ္ဂလိကလည်းဖြစ်သော။ သေနာသနေ၊ ကျောင်း၌။ သေနာသနပရိဘောဂဝသေန၊ သေနာသနပရိဘောဂ၏အစွမ်းဖြင့်။ နိယမိတံ၊ မှတ်အပ်သော။ သုဝဏ္ဏဃဋဒါဒိကံ၊ ရွှေဖြင့်ပြီးသောအိုးစသည်ကို။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋမာနမ္ပိ၊ အပ်သော်လည်း။ ကေဝလံ၊ သက်သက်။ အတ္တနော၊

မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ကတ္တာ၊ ပြု၍။ ပရိဘုဥ်တုံ၊ သုံးဆောင်ခြင်းငှာ။ နု ဝန်္ဆတိ၊ မအပ်။

ပုဗ္ဗေ ဗုဒ္ဓပမုခဿ ဥဘတောသံဃဿ ဒါနံ ဒေန္တိ။ ဘဂဝါ မဇ္ဈေ နိသီဒတိ။ ဒက္ခိဏတော ဘိက္ခူ, ဝါမတော ဘိက္ခုနီယော နိသီဒန္တိ။ ဘဂဝါ ဥဘိန္နံ သံဃတ္ထေရော။ တဒါ ဘဂဝါ အတ္တနာ လဒ္ဓပ္ပစ္စယေ အတ္တနာပိ ပရိဘုဉ္ဇတိ။ ဘိက္ခူနမ္ပိ ဒါပေတိ။ ဧတရဟိ ပန ပဏ္ဍိတမနုဿာ သဓာတုကံ ပဋိမံ ဝါ စေတိယံ ဝါ ဌပေတွာ ဗုဒ္ဓပမုခဿံ ဥဘတောသံဃဿ ဒါနံ ဒေန္တိ။ ပဋိမာယ ဝါ စေတိယဿ ဝါ ပုရတော အာဓာရကေ ပတ္တံ ဌပေတွာ ဒက္ခိဏောဒကံ ဒတ္တွာ ဗုဒ္ဓါနံ ဒေမာတိ–

ဟု လာသော မဟာဝဂ်အဋ္ဌကထာ စီဝရက္ခန္ဓကအဖွင့်ကိုထောက်။

ပုဗ္ဗေ၊ ရှေးကာလ၌။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဥဘတော-သံဃဿ၊ အား။ ဒါနံ၊ ကို။ ဒေန္တိ၊ ကုန်၏။ ဘဂဝါ၊ သည်။ မဇ္ဈေ၊ ၌။ နိသီဒတိ၊ ၏။ ဒက္ခိဏတော၊ တောင်အရပ်မှ။ ဘိက္ခူ၊

တို့သည်။ နိသီဒန္တိ၊ ကုန်။ ဝါမတော၊ မြောက်အရပ်မှ။ ဘိက္ခုနိုယော၊ တို့သည်။ နိသီဒန္တိ၊ ကုန်၏။ ဘဂဝါ၊ သည်။ ဥဘိန္နံ၊ ရဟန်းယောကျား, ရဟန်းမိန်းမတို့၏။ သံဃတ္ထေရော၊ ထေရ်သည်။ ဟုတ္ဝာ၊ ၍။ တဒါ၊ ထိုအခါ၌။ ဘဂဝါ၊ သည်။ အတ္တာနဂ၊ ကိုယ်တော်မြတ်သည်။ လဒ္ဓ-ပ္ပစ္စယေ၊ ရအပ်သောပစ္စည်းတို့ကို။ အတ္တာနဂပိ၊ ကိုယ်တော်သည်လည်း။ ပရိဘုဥ္ဇတိ၊ သုံးဆောင်တော်မူ၏။ ဘိက္ခူနံပိ၊ တို့အားလည်း။ ဒါပေတိ၊ ပေးစေတော်မူ၏။ တေရဟိ ပန၊ ယခုအခါ၌ကား။ ပဏ္ဍိတမနုဿာ၊ ပညာရှိသောလူတို့သည်။ ဘဒန္တေတုကံ၊ ခာတ်တော်ရှိသော။ ပဋိမံ ဝါ၊ ဆင်းတုတော်ကိုလည်းကောင်း။ စေတိယံ ဝါ၊ စေတီတော်မြတ်ကို လည်းကောင်း။ ဌပေတွာ၊ ထား၍။ ပုဒ္ဓပုမုခဿ၊ ရှိသော။ ဥဘတော-သံဃဿ၊ အား။ ဒါနံ၊ ကို။ ဒေန္တိ၊ ကုန်၏။ ပဋိမာယ ဝါ၊ ၏လည်း ကောင်း။ စေတိယဿ ဝါ၊ ၏လည်းကောင်း။ ပုရတော၊ ရှေတော်၌။ အာဓာရကော၊ သပိတ်ခြေ၌။ ပတ္တံ၊ သပိတ်ကို။ ဌပေတွာ၊ ၍။ ဒက္ခိ-ဏောဒကံ၊ ရေစက်ကို။ ဒတ္ဝာ၊ ချပေး၍။ ပုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၆၇။ ဘုရားဆွမ်းတော်ပဲ့ စားအပ်-မအပ်

မေး။ ။ယခုအခါ ဘုရားကိုလှူသော ဘောဇဉ်ခဲဖွယ်တို့ကို သုံးဆောင်စားသောက်ခြင်းငှာ အပ်ပါမည်လော။

ဖြေ။ ။ယခုအခါ ဘုရားကိုလှူသော ဘောဇဉ်ခဲဖွယ်တို့ကို စား သောက် သုံးဆောင်လို့ပူ ထိုစေတီရုပ်ပွားဘုရားကို အမြဲ စောင့်ရှောက် သုတ်သင်ပြုစုသော ရဟန်းရှင်လူတို့ စားသောက်သုံးဆောင်နိုင်သည်။

ထို အမြဲ စောင့်ရှောက်သုတ်သင် ပြုစုသောသူ မရှိခဲ့လျှင် ဘုရား၌ ဝတ်ပြု၍ လူဖြစ်စေ၊ ရဟန်းသာမဏေဖြစ်စေ စားသောက် သုံးဆောင် ခြင်းငှာ အပ်သည်။

တတ္ထ ယံ မဋ္ဌံ ခါဒနီယံ ဘောဇနီယံ ဒေန္တိ၊ ဝိဟာရံ ဝါ အာဟရိတ္ဝာ "ဣဒံ စေတိယဿ ဒေမာ" တိ ပိဏ္ဍပါတဉ္စ မာလာဂန္ဓဝိဒိနိ စ ဒေန္တိ၊ တတ္ထ ကထံ ပဋိပဇ္ဇိတဗ္ဗန္တိ ? မာလာဂန္ဓဝိဒိနိ တာဝ စေတိယေ အာရောပေတဗ္ဗာနိ၊ ဝတ္ထေဟိ ပဋ္ဋာကာ, တေလေန ပဒီပါ ကာတဗ္ဗာ၊ ပိဏ္ဍပါတမဓုဖာဏိတာဒိနိ ပန ယော နိဗ္ဗဒေတိယဇဂ္ဂ ကောဟ္ဟာတိ ပဗ္ဗဇိတော ဝါ ဂဟဋ္ဌော ဝါ၊ တဿေဝ ဒါတဗ္ဗာနိ။ နိဗ္ဗဒဇဂ္ဂကေ အသတိ အာဟဋ္ဌဘတ္တံ ဋ္ဌပေတ္ဝာ ဝတ္တံ ကတ္ဝာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ။ ဥပကဋ္ဌေ ကာလေ ဘုဉ္ဇိတ္ဝာ ပစ္ဆာပိ ဝတ္တံ ကာတုံ ဝဋ္ဋတိယေဝ—

ဟုလာသော မဟာဝါအဋ္ဌကထာ စီဝရက္ခန္ဓက အဖွင့်ကို ထောက်။

တတ္ထ၊ ထိုဘုရား၌။ ယံ ခါဒနီယံ၊ ကို။ ယံ့ ဘောဇနီယံ့၊ ကို။ ပဋမံ၊ ရှေးဦးစွာ။ ဒေန္တိ၊ ကုန်၏။ ဝိဟာရံ ဝါ၊ သို့မူလည်း။ အာဟရိတ္ဝာ၊ ၍။ ဣဒံ၊ ဤဝတ္ထုကို။ စေတိယဿ၊ စေတီတော်အား။ ဒေမ၊ ကုန်၏။ ဣတိ၊ သို့။ ဒေန္တိ၊ ကုန်၏။ ပိဏ္ဍပါတဉ္စ၊ ဆွမ်းကိုလည်းကောင်း။ မာလာဂန္ဓဝိဒိနိစ၊ ပန်းနံ့သာစသည်တို့ကိုလည်းကောင်း။ ဒေန္တိ၊ ကုန်၏။ တတ္ထ၊ ထိုလျှာ၌။ ကထံ ပဋိပဇ္ဇိတဗ္ဗံ၊ အဘယ်သို့ ကျင့်ရပါအံ့နည်း။ ဣတိ၊ သို့။ ဝုတ္တေ၊ ရှိသော်။ တာဝ၊ စွာ။ မာလာဂန္ဓဝိဒိနိ၊ ပန်းနံ့သာစသည်တို့ကို။ စေတိယေ၊ စေတီတော်၌။ အာရောပေတဗ္ဗာနိ၊ တင်အပ်ကုန်၏။ ဝတ္ထေဟိ၊ တို့ဖြင့်။ ပဋ္ဋာကာ၊ ကုက္ကားတံခွန်တို့ကို။ ကာတဗ္ဗာ၊ ကုန်၏။ တေလေန၊ ဆီဖြင့်။ ပဒီပါ၊ ဆီမီးတို့ကို။ ကာတဗ္ဗာ၊ ကုန်၏။ ပိဏ္ဍပါတမဓုဖာဏိတာဒိနိ ပန၊ ဘုရား၌တင်အပ်သော ဆွမ်း ပျားရည် တင်လဲစသည်တို့ကိုကား။ ယော ပဗ္ဗဇိတော ဝါ၊ သည်လည်းကောင်း။ ယော ဂဟဋ္ဌော ဝါ၊ သည်လည်းကောင်း။ နိဗ္ဗဒ္ဓံ၊ အမြဲမပြတ်။ စေတိယဇဂ္ဂကော၊ စေတီကို စောင့်ရှောက်သုတ်သင်ပြုစုသည်။ ဟောတိ၊ ဖြစ်၏။ တဿေဝ၊ ထိုသူအား၌သာ။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။ နိဗ္ဗဒဇဂ္ဂကော၊ အမြဲစောင့်ရှောက် သုတ်သင်ပြုစုသောသူသည်။ အသတိ၊

မရှိသော်။ အာဟုဋ္ဌဘတ်၊ တင်သောဆွမ်းကို။ ဌပေတ္ဝာ၊ ကောက်ယူထား၍။ ဝတ်၊ ဘုရားဦးပြုအပ်သောငတ်ကို။ ကတ္ဝာ၊ ၍။ ပရိဘုဉ်တုံ၊ ဌါး။ ဝဋ္ဋတိ၊ ၏။ ကာလေ၊ မွန်းတည့်အချိန်သည်။ ဥပကဋ္ဌေ၊ နီးလတ်သော်။ ဘုဉ်တ္ဝာ၊ စားပြီး၍။ ပစ္ဆာပိ၊ နောက်မှလည်း။ ဝတ်၊ ဝတ်ကို။ ကာတုံ၊ ပြုခြင်းဌါ။ ဝဋ္ဋတိယေဝ၊ အပ်သည်သာတည်း။

၆၇။ သံဃဲ့ပစ္စည်း သုံးဆောင်သင့်-မသင့်

မေး။ ။ရဟန်းသံဃာတို့ပစ္စည်းကို ရဟန်းသံဃာတို့ကပေးစွန့်လျှင် လူတို့စားသောက်ခြင်းဌါ အပ်ပါမည်လော။

ဖြေ။ ။ရဟန်းသံဃာတို့က ပေးစွန့်လျှင် သုံးဆောင်စားသောက်ခြင်း၌ အပြစ်မရှိ။

တေန ခေါ ပန သမဲယန သံဃသ ခါဒနီယံ ဉဿန္နံ ဟောတိ။ အထ ခေါ အာယသ္မာ အာနန္ဒော ဘဂဝတော တေမတ္တံ အာရောစေသိ။ ဘေနဟာနန္ဒ ဝိဃာသာဒါနံ ပူဝံ ဒေဟီတိ-

ဟူ၍ ဟောတော်မူသော အစေဋ္ဌကသိက္ခာပုဒ်ပါဠိတော်ကိုထောက်။

တေန ခေါ ပန သမယေန၊ ၌။ သံဃဿ၊ အား။ ခါဒနီယံ၊ ခဲဖွယ်သည်။ ဉဿန္နံ၊ များသည်။ ဟောတိ၊ ၏။ အထ ခေါ၊ ထို့အခါ၌။ အာယသ္မာ၊ သော။ အာနန္ဒော၊ သည်။ ဘဂဝတော၊အား။ တေမတ္တံ၊ ထို့အကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ ဇေနဟိ၊ ကြောင့်သာလျှင်။ ဝိဃာသာဒါနံ၊ စားကြွင်းစားတို့အား။ ပူဝံ၊ မုန့်ကို။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

၆၉။ ဘုရားမြေစသည်၌ နေထိုင်လျှင် အပြစ်ရှိ-မရှိ

မေး။ ။ဘုရားဖြစ်, ဘုရားကျောင်း, ရဟန်းသံဃာမြေ, ရဟန်းသံဃာကျောင်းတို့၌ လူတို့သည် သွားလာ နေထိုင်ခြင်း, တက်နေခြင်း, အိပ်ခြင်းတို့၌ အပြစ်ရှိမည်လော။

ဖြေ။ ။ဘုရားမြေ, ဘုရားကျောင်းဖြစ်စေ၊ သံဃိကမြေ, သံဃိက ကျောင်းဖြစ်စေ အမျှားလူတို့ နေထိုင်ဖေးခြင်းငှါ အခွင့်ပြု၍ ထားအပ်သော နေရာဌာနတို့၌ သွားလာနေထိုင်ခြင်း၌ အပြစ်မရှိကုန်။

အပြေအပြစ် အထူးပြုအပ်သော နေရာတို့၌ သွားလာနေထိုင်ခြင်းကို အခွင့် မပေးသောကြောင့် ဝေယျာဝစ္စကို ဆောင်သောသူမှ ဟာဂါး ဖခြားလူတို့ နေခြင်းငှါ မအပ်ကုန်။

ဝေယျာဝစ္စကို ဆောင်လိုပြုလို၍, ဘုရားကို လှူဒါန်းပူဇော် ဖူးမြော်ကန်တော့လို၍ ဘုရားမြေသို့ နင်းဝင်ခြင်း, ဘုရားကျောင်းသို့ တက်ဆိုင်ခြင်းတို့၌လည်း ကောင်း၊ ရဟန်းသံဃာကို လှူဒါန်းပူဇော်လို, တရားနာလို, ဖူးမြော်လို၍ သံဃိကမြေသို့ နင်းဝင်ခြင်း, သံဃိကကျောင်းသို့ တက်ဆိုင်ခြင်းတို့၌လည်းကောင်း ရိုသေလေးမြတ်သောစိတ် ရှိ၍ အပြစ်မရှိကုန်။

ထိုဘုရားမြေ, ကျောင်းမြေကို၌ အညစ်အကြေး စွန့်ပစ်ရာအရပ်မှာ လူတို့သည် တပါးသောအရပ်သို့ သွားနိုင်ခွင့် မရှိ၍ အညစ်အကြေးကို စွန့်ပစ်မိသော်လည်း ပြစ်မှားလိုသောစိတ် မရှိ၍ အပြစ်မရှိ။

အဓိကရဏ်အထားကို လိုမူ ဘုရား လက်ထက်တော်ကပင် ဘုရား အမှူးရှိသော သံဃိက လှူဒါန်းသော ဇေတဝန်ကျောင်း ဝေဠုဝန် ကျောင်း ပုဗ္ဗာရုံကျောင်း စသော ကျောင်းတို့၌ ကျောင်းဒါယကာ ကျောင်းအုပ်တို့ ပြည်သူလူအမျှားတို့ပင် ထွက်ဝင် သွားလာနေထိုင် ကြသည်ကား အလွန်ထင်ရှားသည်။ တကယ်လည်း သင်္ကန်းဝတ်ကျင့်သုံးခြင်းလည်း အသေအကာပြုခြင်း, သီတင်းသုံးဆောင်ရွက်ခြင်း မေတ္တာဝန်ဉယျာဉ်တို့ကို လှူ၍ ဖောက်လုပ်သောကျောင်းတို့၌ မျှားစွာသော လူတို့ ထွက်ဝင် သွားလာ နေထိုင်ကြသည်ကား အလွန်ထင်ရှားသည်ဖြစ်၍ ဝိနည်းပိဋကတ်, သုတ္တန် ပိဋကတ် အရပ်ရပ်သော ပါဠိ, အဋ္ဌကထာတို့မှာ ရှုလော။

ထိုကြောင့် ဓမ္မပဒအဋ္ဌကထာ ပဌမဝဂ် အဖွင့်၌—

ဝိသာခါ စတ္တာရော မာဓော အန္တောဝိဟာရေ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ ဒါနံ အဒါသိ–

ဟု မိန့်တော်မူ၏။

ဝိသာခါ၊ သည်။ စတ္တာရော မာဓော၊ လေးလတို့ပတ်လုံး။ အန္တောဝိဟာရေ၊ ပုဗ္ဗာရုံကျောင်းတွင်း၌။ ဗုဒ္ဓပမုခဿ၊ ဘုရား အမှူးရှိသော။ ဘိက္ခုသံဃဿ၊ အား။ ဒါနံ၊ ကို။ အဒါသိ၊ ပေးလှူ၏။

အဓိပ္ပါယ်ကား–ရှစ်ပယ်ကျွယ်သောမြေကို ကိုးကုဋ္ဌေပေး၍ ဝယ်ယူပြီးလျှင် ကိုးကုဋ္ဌေတန်သောကျောင်း ဆောက်၍ ဘုရား အမှူးရှိသော သံဃာအား ကျောင်းမြေနှင့်တကွ ကျောင်းကို လှူပြီး၍ ထို ကျောင်းတွင်း၌သာလျှင် လေးလပတ်လုံးနေ၍ ကိုးကုဋ္ဌေကုန်အောင် ဆွမ်းကျွေးလှူဒါန်းပူဇော်သည် ဟူလို။

ထိုကြောင့် ၎င်း အဋ္ဌကထာ၌–

ဣတိ ဝိဟာရဿ ဘူမိဂ္ဂဟဏေ နဝ ကောဋိယော, ဝိဟာရဿ ကာရာပနေ နဝ, ဝိဟာရမဟေ နဝါတိ သဗ္ဗာပိ သတ္တဝီသတိ ကောဋိယော သာ ဗုဒ္ဓသာသနေ ပရိစ္စဇီ–

ဟု မိန့်တော်မူသည်။

ဣတိ၊ သို့။ ဝိဟာရဿ၊ ၏။ ဘူမိဂ္ဂဟဏေ၊ မြေကိုဝယ်ယူရာ၌။ နဝ ကောဋိယော၊ ကိုးကုဋ္ဌေတို့ လည်းကောင်း။ ဝိဟာရဿ၊ ကို။ ကာရာပနေ၊ ပြုစေခြင်း၌။ နဝ၊ ကိုးကုဋ္ဌေတို့ လည်းကောင်း။ ဝိဟာရမဟေ၊ ကျောင်းပူဇော်ပွဲ၌။ နဝ၊ ကိုးကုဋ္ဌေတို့ လည်းကောင်း။ ဣဘိ၊ သို့။ သဗ္ဗာပိ၊ အလုံးစုံသည်း ဖြစ်ကုန်သော။ သတ္တဝီသတိ၊ ကောဋိယော၊ နှစ်ဆယ့်ခုနစ်ကုဋ္ဌေတို့ကို။ သာ၊ ထိုဝိသာခါသည်။ ဗုဒ္ဓသာသနေ၊ ၌။ ပရိစ္စဇီ၊ စွန့်လှူ၏။

၇၀။ ရဟန်းက လူနှင့်တိရစ္ဆာန်ကို ကျိန်ဆဲခြင်း

မေး။ ။ရဟန်းတို့သည် တိရစ္ဆာန်ကို ကျိန်ဆဲခြင်း၌ အာပတ် လွတ်ပါမည်လော။

ဖြေ။ ။ရဟန်းတို့မှာ စကားကိုရိုင်မိသော တိရစ္ဆာန်ကို ဖြင့်စေ၊ လူသားမကောက်ဖြစ်စေ သက်သက်စိတ်ဆိုး၍ ဆဲရေးခြင်းဆယ်ပါးတို့တွင် တပါးပါးဖြင့် ဆဲရေးမူ ဒုက္ကဋ်အာပတ်သင့်သည်။

ရုယ်မြူးလို၍ ဆဲရေးခြင်းဆယ်ပါးတို့ဖြင့် ဆဲရေးမူ ဒုဗ္ဘာသိအာပတ် သင့်သည်။

အနုပသမ္မဒန္ဒ ပန စတူသုပိ ဝါရေသု ဒုက္ကဋ္ဌမေဝ–
ဟူ၍လည်းကောင်း၊

ဒဝကမျတာယ ပန ဥပသမ္မန္ဒပိ အနုပသမ္မန္ဒပိ သဗ္ဗဝါရေသု ပါဠိယံ ဒုဗ္ဘာ သိတံ ဝုတ္တံ။ ဒဝကမျတာ နာမ ကေဠိဟာသာ ဓိပ္ပါယတာ။ ဣမသ္မိံ စ သိက္ခာပဒေ ဌပေတ္ဝာ ဘိက္ခုံ ဘိက္ခုနိအာဒယော သဗ္ဗသတ္တာ အနုပသမ္မန္ဒဌာနေ ဌိတာတိ ဝေဒိတဗ္ဗာ–
ဟူ၍လည်းကောင်း လာသော ပါစိတ်အဋ္ဌကထာကို ထောက်။

အနုပသမ္မန္ဒ ပန၊ လူသာမဉ္ဉာဌ္ဌကား။ စတူသုပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဝါဒေသု၊ ဝါရတို့၌။ ဒုက္ကဋ္ဌမေဝ၊ ဒုက္ကဋ် အာပတ်သာလျှင်တည်း။ ဒဝကမျတာယ ပန၊ ပြက်ရယ်ပြုလို, ရယ်ရွှင်လိုသဖြင့်ကား။ဥပသမ္မန္ဒပိ၊ရဟန်း၌လည်းကောင်း။ အနုပသမ္မန္ဒပိ၊ လူသာမဉ္ဉာဌ္ဌလည်းကောင်း။ သဗ္ဗဝါဒေရသု၊ အလုံးစုံသော ဝါရတို့၌။ ပါဠိယံ၊ ၌။ ဒုဗ္ဘာသိတံ၊ ဒုဗ္ဘာသိအာပတ်ကို။ ဝုတ္တံ၊ ၏။ ဒဝကမျတာ နာမ၊ မည်သည်။ ကေဠိဟာသာဓိပ္ပါယတာ၊ ပြက်ရယ်ပြုလို ရယ်ရွှင်လိုသည်၏အဖြစ်တည်း။ ဣမသ္မိံ စ သိက္ခာပဒေ၊ ၌လည်း။ ဘိက္ခုံ၊ ကို။ ဌပေတ္ဝာ၊ ၍။ ဘိက္ခုနိအာဒယော၊ ကုန်သော။ သဗ္ဗသတ္တာ၊ တို့သည်။ အနုပသမ္မန္ဒဌာနေ၊ အရာ၌။ ဌိတာ၊ ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

တိရစ္ဆာန်မှာ စကားကိုနားလည်၍ ဆဲရေးသောပရိယာယ်ကိုသိသော တိရစ္ဆာန်ကိုသာ ယူရမည်။ ထိုကြောင့် သာရတ္ထဒီပနီဋီကာ၌--

သမ္ဘသတ္တာတိ ဇတ္ထ ဝစနပ္ပဋိဇာနနပကတိကာ တိရစ္ဆာန-
ဂတာပိ ဂဟေတဗ္ဗာ—

ဟူ၍ ဖွင့်ဆိုဟော်မူသည်။

သမ္ဘသတ္တာတိ ဇတ္ထ၊ ဤပုဒ်၌။ ဝစနပ္ပဋိဇာနနပကတိကာ၊ စကားကို သိတတ်သော သဘောရှိကုန်သော။ တိရစ္ဆာနဂတာပိ၊ တို့ကိုလည်း။ ဂဟေတဗ္ဗာ၊ ကုန်၏။

ရဟန်းတို့သည် အရုပ်ဆိုးသောသူကို ပြက်ရယ်ပြုလို, ရယ်မြူးလို၍ လှုပ်ယဉ်ကျေးသောလူကုဆိုမူ ဒုဗ္ဘာသီအာပတ်သင့်သည်။ ဆဲရေးလို၍ ကဲ့ရဲ့လို၍ဆိုမူ ဒုက္ကဋ်အာပတ်သင့်သည်။ လှည့်စားလို၍ သူတပါးအား ပြောမူ ပါစိတ်အာပတ်သင့်သည်ဟု မှတ်လေ။

အနုံန္နောဒု ပသမ္ဘဒုက္ကဋ်၊ ဥက္ကဋ္ဌဟီနဇာတိအာဒီဟိ ဒဝါ အဇ္ဈာသယ ဒုဗ္ဘာသိတံ၊ သန္တေဂဝလံ မုသာ ဘဏန္တဿ ပါစိတ္တိယံ—

ဟု လာသော ဝိဘင်္ဂတိဝိနောဒနီဋီကာကိုထောက်။

အနုပသမ္ဘန္နေသု၊ လူ သာမဏေတို့၌။ ဒုက္ကဋ်၊ ဆဲရေးသောရဟန်းအား ဒုက္ကဋ်သင့်၏။ ဥက္ကဋ္ဌဟီနဇာတိအာဒီဟိ၊ မြတ်သောဇာတ်, ယုတ်သောဇာတ် စသည်တို့ဖြင့်။ ဒဝါ၊ ရယ်မြူးလိုသည်ဖြစ်၍။ အဇ္ဈာသန္တဿ၊ ဆဲရေးသောရဟန်းအား။ ဒုဗ္ဘာသိတံ၊ ဒုဗ္ဘာသီအာပတ်သင့်၏။ ဂဝေလံ၊ သက်သက်။ မုသာ၊ မှားယွင်းစွာ။ ဘဏန္တဿ၊ အား။ ပါစိတ္တိယံ၊ ၏။

အကျယ်ကိုလိုမူ ဩမသဝါဒသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ,ဋီကာတို့မှ ရှုလေ။

၇၁။ တိရစ္ဆာန်တို့အား လှည့်စားခြင်း

မေး။ ။ရဟန်းတို့သည် တိရစ္ဆာန်တို့အား လှည့်စားရာ အာပတ်သင့်မည်လော။

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ—

ဝိသံဝါဒနုပုရေက္ခာရတာ, ဝိသံဝါဒ့နစိတ္တေန ယမတ္ထံ ဝတ္တု-
ကာမော၊ တဿ ပုဂ္ဂလဿ ဝိညာပနပယောဂေါ စာတိ
ဣမာနေတ္ထ ဒ့ဒ္ဓ အင်္ဂါနိ—

ဟု မာတိကာအဋ္ဌကထာ, တေရသကဏ်ဍီကာတို့၌ လာသည်။

ဝိသံဝါဒနုပုရေက္ခာရတာ၊လှည့်စားသဖြင့် ဆိုလိုသောစိတ်ကို ရှေးရှု သည်၏အဖြစ်။ ဝိသံဝါဒနစိတ္တေန၊ လှည့်စားလိုသောစိတ်ဖြင့်။ ယမတ္ထံ၊ အကြင်အနက်ကို။ ဝါ၊ အကြောင်းကို။ ဝတ္တုကာမော၊ ဆိုလို၏။ တဿ၊ ထိုလှည့်စားသော အနက်ကို။ ပုဂ္ဂလဿ၊ ဏား။ ဝိညာပန-ပယောဂေါ စ၊ သိုးဧခြင်းငှါ ပြုသော လုံ့လပယောဂလည်းဧကာင်း။ ဣတိ၊ သို့။ ဧတ္ထ၊ ဤသိက္ခာပုဒ်၌။ အင်္ဂါနိ၊ တို့သည်။ ဣမာနိ ဒ့ဒ္ဓဲ နှစ်ပါးတို့တည်း။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

ဝတ္ထုဝိပရီတတာ, ဝိသံဝါဒနုပုရေက္ခာရတာ, ယမတ္ထံ ဝတ္တု-
ကာမော၊ တဿ ပုဂ္ဂလဿ ဝိညာပနပယောဂေါ စာတိ ဣမာ-
နေတ္ထ တီဏိ အင်္ဂါနိ—

ဟု လာသည်။

ဝတ္ထုဝိပရီတတာ၊ ဝတ္ထုဖောက်ပြန်သည်၏ အဖြစ်။ ဝိသံဝါဒနုပု-ရေက္ခာရတာ၊ လှည့်စားလိုသောစိတ်ကို ရှေးရှုသည်၏ အဖြစ်။ ယမတ္ထံ၊ အကြင်မမှန်သောအနက်ကို။ ဝါ၊ ဖောက်ပြန်သော အကြောင်းကို။ ဝတ္ထုကာမော၊ ဆိုလို၏။ တဿ၊ ထိုမမှန်သောအနက်ကို။ ပုဂ္ဂလဿ၊

အား။ ဝိညာပနပယောဂေါ စ၊ သိစေခြင်း ပယောဂလည်းကောင်း။ ဣတိ၊ သို့။ ဇေတ္ထ၊ ၌။ အင်္ဂါနိ၊ တို့သည်။ ဣမာနိ တီဏိ၊ ဤသုံးပါးတို့တည်း။

ဝိနယတ္ထမဉ္ဇူသာဒီကာဒ်လည်း–

သော စ ပန မုသာဝါဒေါ ပုဗ္ဗဘာဂကွဏေ စ တဒ်ဏေ စ ပဋိဇာနန္တဿ ဟောတိ။ ဧတံ ဟိ ဒွယံ အင်္ဂံဘူတံ–

ဟု ဆိုတော်မူ၏။

သော စ ပန မုသာဝါဒေါ၊ သည်ကား။ ပုဗ္ဗဘာဂကွဏေ စ၊ မဆိုမီရှေးအဖို့ခဏ၌လည်းကောင်း။ တဒ်ဏေ စ၊ ထိုစကားကိုဆိုသောခဏ၌လည်းကောင်း။ ပဋိဇာနန္တဿ၊ သိသောသူအား။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ ဧတံ ဒွိယံ၊ ဤနှစ်ပါးသည်။ အင်္ဂံဘူတံ၊ မုသာဝါဒအင်္ဂါဖြစ်၏။

ခုဒ္ဒသိက္ခာဒ်ီကာဟောင်း၌လည်း–

ပုဗ္ဗေပိ "မုသာ ဘဏိဿာမိ" တိ စေတေတ္ဝာ, ဝစနက္ခဏေ စ "မုသာ ဘဏာမိ" တိ ဇာနိတ္ဝာ ဇာနန္တဿေဝ မုသာဘဏနေ ပါစိတ္တိ နာမ အာပတ္တိ ဟောတိတိ အတ္ထော။ ယဿ ဘဏတိ၊ သော တံ နု သုဏာတိ၊ အာပတ္တိ နု ဟောတိ–

ဟု လာသည်။

ပုဗ္ဗေပိ၊ ရှေး၌လည်း။ မုသာ၊ လှည့်စားသောစကားကို။ ဘဏိဿာမိ၊ ဆိုအံ့။ ဣတိ၊ သို့။ စေတေတ္ဝာ၊ စေ့ဆော်၍။ ဝစနက္ခဏေ စ၊ ဆိုသောခဏ၌လည်း။ မုသာ၊ လှည့်စားသောစကားကို။ ဘဏာမိ၊ ဆို၏။ ဣတိ၊ သို့။ ဇာနိတ္ဝာ၊ သိ၍။ ဇာနန္တဿေဝ၊ သိသောသူအား သာလျှင်။ မုသာဘဏနေ၊ မုသားဆိုခြင်း၌။ ပါစိတ္တိ နာမ၊ မည်သော။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ဣဘိ အယံ၊ ဤသည်လျှင်။ အတ္ထော၊

တည်း။ ယဲ့ဿ၊ အာဒး။ ဘဏတိ၊ ဆို၏။ သော၊ ထိုသူသည်။ တံ၊ ထိုစကားကို။ နသုဏာတ့်၊ မကြား။ အာပတ္တိ၊ သည်။ နဟောတိ၊ မဖြစ်။

မူလသိက္ခာဒ္ဒီကာသစ်၌လည်း—

ဇတ္ထ စ သမ္မဇာနန္တော ပရေသံ အနတ္ထာယ ဒိဋ္ဌံ အဒိဋ္ဌန္တိ-အာဒိနာ ဝိတထံ ကတ္ဝာ ဘဏနေ ပါစိတ္တိယံ—

ဟု လာသည်။

ဝိမတိဝိနောဒနီဋီကာ ကုဋီကာရသိက္ခာပုဒ်အဖွင့်၌လည်း-

ပါဠိယံ ပတ္တေန မေ အဒတ္ထာတိ အနတ္ထိကမိဿ ပတ္တေန ဘိက္ခုံ ဧဝံ ဝဒါပေန္တော ဘဂဝါ သောတ္ထိယာ မန္တပဒဝသေန ဝဒါပေသိ။ သောပိ ဘိက္ခု ဘဂဝတာ အာဏတ္တဝစနံ ဝဒေမီတိ အဝေါစ၊ တေနဿ မုသာ နဟောတိ—

ဟု မိန့်ဆိုတော်မူ၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့ကိုထောက်၍ တိရစ္ဆာန် ဖြစ်သော်လည်း လှည့်စားရာ သိသည့်ရှိသော် မုသားဖြစ်၍ အာပတ် သင့်သည်။

သာမဏေတို့မှာလည်း နားလည်သော တိရစ္ဆာန်ကို လှည့်စားရာ၌ မုသားဖြစ်၍ လိုင်ထိုက်ဘးည်ဟု မှတ်ရမည်။ သာမဏေတို့မှာ ရယ်မြူးလို၍ လှည့်စားပြောဆိုသော်လည်း မုသားဖြစ်၍ လိုင်ထိုက်သည်ဟုမှတ်။

ထိုကြောင့် မဟာဝဂါအဋ္ဌကထာ ပဗ္ဗဇ္ဇာက္ခန္ဓကအဖွင့်၌-

မုသာဝါဒေ ဟာသာဓိပ္ပါယတာယပိ မုသာ ဘဏိတေ အာသမဏော ဟောတိ၊ နာသေတဗ္ဗတံ အာပဇ္ဇတို့—

ဟု မိန့်တော်မူ၏။

မုသာဝါဒေ၊ ဌ်။ ဟသာဓိပ္ပါယတာယပိ၊ ရယ်မြူးလိုသဖြင့်လည်း။ မုသာ၊ ခွတ်ယွင်းသောစကားကို။ ဘဏိတေ၊ ဆိုပြည့်ရှိသော်။ အသာမဏော၊ သာမဏေက မဟုတ်သည်။ ဟောတိ၊ ၏။ နာသေတဗ္ဗတံ၊ ဖျက်ဆီးအပ်သည်အဖြစ်သို့။ အာပဇ္ဇတိ၊ ရောက်၏။

၃၂။ သာမဏေလိင်ကျရာ လူဝတ်မလဲပဲ သရဏဂုံခံယူခြင်း

မေး။ ။သာမဏေတို့မှာ လိင်ကျလျှင် လူဝတ်ကိုမလဲမူ၍ သရဏဂုံကို ခံယူစေခြင်းငှါ အပ်ပါမည်လော။

ဖြေ။ ။သာမဏေတို့မှာ လိင်ကျသောအခါ ဆိုဆုံးမလွယ်သောသူဖြစ်အံ့၊ လူဝတ်လဲခြင်းကို မပြုစေမူ၍ ဝတ်မြဲတိုင်းသာ သက်နှံးဖြင့် သာလျှင် သရဏဂုံပေး၍ ဥပဇ္ဈာယ်ယူစေအပ်သည်။

သာမဏေရော ဟ ကုန်ဆုံးပလွင့်မှ မာဝရတ္ဝါဒကုရုဏ္ဍကမူ ဘိန္နိတ္ဝာ နာသေတဗ္ဗတံယေဝ ပါပုဏာဝ်။ တာဝဒေဝသာ သရဏဂမနာနိ စ ဥပဇ္ဈာယဂ္ဂဟဏဉ္စ ဧသေနသနဂ္ဂါဟော စ ပဋိပ္ပဿမ္ဘတိ။ သံဃလာဘံ နာ လဘတိ။ လိင်္ဂတ္တာဓေဝ ကော် အဝသိဋ္ဌံ ဟောတိ။ ဧသာ သဒေ အာကိဏ္ဏဒေါသော စ ဟောတိ၊ အာယတိံ သံဝရေ နပိဋ္ဌတိ၊ နိဂ္ဂဟိတာ ဟောတ္ဝာ။ အထ သဟသာ ဝိရဇ္ဈိတ္ဝာ ဒုက္ကဋံ ယော ဂဏှိ ပုန သံဃရေ ဌာတုကာမော ဟောတိ၊ လိင်္ဂနာသနကိစ္စံ နတ္ထိ၊ ယထာနိဝတ္ထပါရုတသော သရဏာနိ ဒါတဗ္ဗာနိ၊ ဥပဇ္ဈာယော ဒါတဗ္ဗော။ သိက္ခာပဒါနိ ပန သရဏဂမနေနေဝ စ ဂဟိတာနိ။ သာမဏေရာနံ ဟိ သရဏဂမနံ ဘိက္ခူနံ ဥပသမ္ပဒကမ္မဝါစာသဒိသံ။ တသ္မာ ဘိက္ခူနံ ဝိယ စတုပါရိသုဒ္ဓိသီလံ ဂဟိနာပိ ဒသသီလာနိ သမာဒိန္နာနေဝ ဟောန္တိ။ ဧဝံ သန္တေပိ ဒဋ္ဌကရဏတ္ထံ, အာယတိံ သံဝရေ ပတိဋ္ဌာပနတ္ထံ ပုန ဒါဟဗ္ဗာနိ—

ဟုလာသော မဟာဝါအဋ္ဌကထာ ပဗ္ဗဇ္ဇာန္ဝယဘေဒံကိုထောက်။

ဟိ၊ မှန်၏။ သာမဏေရော၊ သည်။ ကုဋ္ဌကိပိလ္လိကမ်ိဳ၊ ပိုးရွ ခြပုန်း ကိုလည်း။ မာရေဘ္ဒာ၊ သတ်၍။ မက်ုရက္ကာကမ်ိဳ၊ ကြမ်းပိုးဥကိုလည်း။ ဘိန္ဒိတ္ဒာ၊ ခွဲ၍။ နာသေတဗ္ဗတံယေဝ၊ ဖျက်ဆီးအပ်သော အဖြစ်သို့ သာလျှင်။ ပါပုဏာတိ၊ ရောက်၏။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ အာဿ၊ ထိုသာမဏေ၏၊ သရဏာဂမနာနိ၊ သုံးဏာကုံတို့သည်သည်းကောင်း။ ဥပဇ္ဈာ-ယဂ္ဂဟဏဉ္စ၊ ဥပဇ္ဈာယ်ယူခြင်းသည်လည်းကောင်း။ သေနာသနဂ္ဂါဟော စ၊ ကျောင်းခံခြင်းသည်လည်းကောင်း။ ပဋိပဇ္ဇိသမ္ဘတိ၊ ငြိမ်း၏။ သံဃ-လာဘံ၊ သံဃလာဘ်ကို။ နု လဘတိ၊ မရ။ ကော်၊ တခုံသော။ လိင်္ဂ-မတ္တမေဝ၊ သာမဏေအသွင်မျှသည်သာလျှင်။ အဝသိဋ္ဌံ၊ ကြွင်းသည်။ ဟောတိ၊ ၏။ သော၊ ထိုသာမဏေသည်။ အာကိဏ္ဏဒါသော စ၊ ပြွမ်းသောအပြစ်ရှိသည်လည်း။ သစေ ဟောတိ၊ ဖြစ်အုံ့။ အာယတိံ၊ နောင်အခါ၌။ သံဝရေ၊ စောင့်စည်းခြင်း၌။ သစေ နတိဋ္ဌတိ၊ မတည်သည် ဖြစ်အုံ့။ နိကဏ္ဍိတဗ္ဗော၊ နှင်ထုပ်အပ်၏။ အာထ၊ ထိုသို့မဟုတ်။ သဟသာ၊ အဆောတလျှင်။ ဝိရဇ္ဈိတ္ဒွာ၊ ချွတ်ယွင်း၍။ မယာ၊ အကျွန်ုပ်သည်။ ဒုက္ကဋံ၊ မကောင်းမှုကို။ ကတံ၊ ပြုအပ်၏။ ဣတိ၊ သို့။ သံဝရေ၊ စောင့်စည်းခြင်း၌။ ဌာတုကာမော၊ တည်လိုသည်။ ဟောတိ၊ ၏။ လိင်္ဂနာသနကံ့စံ၊ သာမဏေအသွင်ကိုဖျက်ဖွယ်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ယထာနိဝတ္ထပါရုတသော၊ ဝတ်မြဲရုံမြဲတိုင်းသော အဝတ်ဖြင့်သာလျှင်။ သရဏာနိ၊ တို့ကို။ ဒါတဗ္ဗာနိ၊ ကုန်၏။ ဥပဇ္ဈာယော၊ ကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သိက္ခာပဒါနိ ပန၊ တို့သည်ကား။ သရဏာဂမနေနေဝ၊ သရဏကုံကိုခံယူသဖြင့်သာလျှင်။ ဣဒ္ဓိနိ၊ ပြည့်စုံကုန်၏။ ဟိ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင်ကြောင့်။ သာမဏေရာနံ၊ တို့၏။ သရဏာဂမနံ၊ သည်။ ဘိက္ခူနံ၊ တို့၏။ ဥပသမ္ပဒကမ္မဝါစာသဒိသံ၊ ရဟန်းခံသော ကမ္မဝါစာနှင့်တူ၏။ တသ္မာ၊ ကြောင့်။ ဘိက္ခူနံ၊ တို့၏။ စတုပါရိသုဒ္ဓိသီလံ ဝိယ၊ လေးပါးသောပါရိသုဒ္ဓိသီလကဲ့သို့။ ဣမိနာပိ၊ ဤသာမဏေသည် လည်း။ ဒသ သီလာနိ၊ ဆယ်ပါးသောသီလတို့သည်။ သမာဒိန္နာနေဝ၊ ဆောက်တည်အပ်ကုန်သည်သာလျှင်။ ဧဟာန္တိ၊ ကုန်၏။ ဧဝံ သန္တေပိ၊ ဤသို့ဆောက်တည်အပ်သည်ဖြစ်သော်လည်း။ ဒဋ္ဌိကရဏတ္ထံ၊ မြဲမြံသည်ကို

ပြုခြင်းငှါ။ အာယတိ်၊ နောင်အခါ၌။ သံဝရ၊ စောင့်စည်းခြင်း၌။ ပတိဋ္ဌာပနတ္ထံ၊ တည်စေခြင်းငှါ။ ပုန၊ တဖန်။ ဒါတဗ္ဗာနိ၊ ပေးအပ်ကုန်၏။

ထိုအဋ္ဌကထာ၌ "အာယတိ် သံဝရေ နတိဋ္ဌတိ၊ နိက္ကစ္ဆိတဗ္ဗော" ဟူသော စကားမှာ သုံးကြိမ်မြောက်ဆိုဆုံးမ၍မရသော သာမဏေကိုသာ ဖျက်ဆီးရမည်ဟုမှတ်း ထိုကြောင့် တရကဏ်ဋီကာ၌—

အာယတိ် သံဝရေ နတိဋ္ဌတိ၊ နိက္ကစ္ဆိတာဒဗ္ဗာတ် ဧတ္ထ သစေ ယာဝ တတိယံ ဝုစ္စမာနော နသြရတိ၊ သံဃံ အပလောဧတာ တ္ဝာ နာသေတဗ္ဗော။ ပုန ပဗ္ဗဇ်ံ ယာစမာနောပိ အပလောကေတ္ဝာ ပဗ္ဗာဧေတဗ္ဗောတိ ဝဒန္တိ—

ဟု ဆိုတော်မူ၏။

အာယတိ် သံဝရေ နတိဋ္ဌတိ၊ နိက္ကစ္ဆိတဗ္ဗောတိ ဧတ္ထ၊ ၌။ ယာဝ တတိယံ၊ သုံးကြိမ်မြောက်အောင်။ ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။ သစေ နသြရတိ၊ မရှောင်ကြဉ်သည်ဖြစ်အံ့။ သံဃံ၊ ကို။ အပလောကေတ္ဝာ၊ ပယ်ကြား၍။ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။ ပုန၊ တဖန်။ ပဗ္ဗဇ်ံ၊ သာမဏေအဖြစ်ကို။ ယာစမာနောပိ၊ တောင်းပန်သော်လည်း။ အပလောကေတ္ဝာ၊ သံဃာကိုပန်ကြား၍။ ပဗ္ဗာဧေတဗ္ဗော၊ ရှင်ပြုအပ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာကို ထောက်၍ လိင်ကျသော သာမဏေကို ဆိုဆုံးမလွယ်သောသူဖြစ်အံ့၊ သင်္ကန်းကိုမလဲစေမူ၍ ဝတ်မြဲတိုင်းသော သင်္ကန်းဖြင့်သာ သရဏကုံကိုပေး၍ ဥပဇ္ဈာယ်ကို ယူစေအပ်၏။

ဆိုဆုံးမဓက်၍ သုံးကြိမ်တိုင်ဆုံးမ၍ နှုးမထောင်သောသာမဏေကို မူကား သာမဏေအသွင်ကိုဖျက်၍ နှင်ထုတ်အပ်၏။ တဖန် သာမဏေအဖြစ်ကိုတောင်းပန်သော်လည်း သံဃာကိုပန်ကြား၍ သာမဏေပြုအပ်သည်ဟု မှတ်လေ။

၇၃။ အသင်္ဘက်ဆီးထိုက်သည့် ကဲ့ရဲ့မှုများ

မေး။ ။သာမဏေတို့မှာ လိင်ဆယ်ပါးရှိသည်ဟူ၍ ''ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ'' စသည်ကိုဆိုရာ အဘယ်သို့ ကျူးဇူးမရှိသောစကားကိုဆိုမှ လိင်ထိုက်ပါသနည်း။

ဖြေ။ ။ကိုအမေးပုစ္ဆာမှာ–

အဝဏ္ဏဘာသနေ ပန ''အရဟံ သမ္မာသမ္ဗုဒ္ဓေါ'' တိ အာဒိနံ ပဋိက္ခေပဝသေန ဗုဒ္ဓဿ ဝါ, ''သ္ဝာက္ခာတော'' တိအာဒိနံ ပဋိက္ခေပဝသေန ဓမ္မဿ ဝါ, ''သုပ္ပဋိပန္နော'' တိအာဒိနံ ပဋိက္ခေပဝသေန သံဃဿ ဝါ အဝဏ္ဏံ ဘာသန္တော ရတနတ္တယံ နိန္ဒန္တော ဂရဟန္တော အာစရိယုပဇ္ဈာယာဒီဟိ ''မာ ဧဝံ အဝစာ'' တိ အဝဏ္ဏဘာသနေ အာဒီနဝံ ဒဿေတွာ နိဝါရေတဗ္ဗော။ သစေ ယာဝ တတိယံ ဝုစ္စမာနော န သြရတိ၊ ကဏ္ဍကနာသနာယ နာသေတဗ္ဗောတိ ကုရုန္ဒိယံ ဝုတ္တံ။ မဟာအဋ္ဌကထာယံ ပန ''သစေ ဧဝံ ဝုစ္စမာနော တံ လဒ္ဓိံ နိဿဇ္ဇတိ၊ ဒဏ္ဍကမ္မံ ကာရေတွာ အစ္ဆယံ ဒေဿာပေဟဗ္ဗော။ သစေ န နိဿဇ္ဇတိ၊ တထေဝ အာဒါယ ပဂ္ဂယ္ဟ တိဋ္ဌတိ၊ လိင်္ဂနာသနာယ နာသေတဗ္ဗော'' တိ ဝုတ္တံ။ တံ ယုတ္တံ၊ အယမေဝ ဟိ နာသနာ ဣဓ အဓိပ္ပေတာ–

ဟု လာသော မဟာဝဂ်အဋ္ဌကထာကိုဇထာက်၍ ဖြေ။

အဝဏ္ဏဘာသနေ ပန၊ ကျူးဇူးမဲ့ကိုဆိုခြင်းဌာကား။ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိအာဒီနံ၊ ဤသို့အစရှိသည်တို့ကို။ ပဋိက္ခေပဝသေန၊ ပယ်ခြင်း၏ အစွမ်းဖြင့်။ ဗုဒ္ဓဿ ဝါ၊ ဘုရား၏သည်းကောင်း။ သ္ဝာက္ခာတောတိအာဒီနံ၊ ဤသို့အစရှိသည်တို့ကို။ ပဋိက္ခေပဝသေန၊ ပယ်ခြင်း၏ အစွမ်းအားဖြင့်။ ဓမ္မဿ ဝါ၊ တရား၏လည်းကောင်း။ သုပ္ပဋိပန္နောတို-

အာဒီနံ၊ ဤသို့အစရှိသည်တို့ကို။ ပဋိဃကွပဝေသန၊ ပယ်ခြင်း၏အစွမ်း ဖြင့်။ သံဃသ ဝါ၊ ၏လည်းကောင်း။ အဝဏ္ဏံ၊ ကျေးဇူးမဲ့ခြင်း စကားကို။ ဘာသန္တော၊ ဆိုသည်ရှိသော်။ နိန္ဒန္တော၊ ကဲ့ရဲ့သည်ရှိသော်။ ဂရဟန္တော၊ ရွတ်ချသည် ရှိသော်။ အာစရိယုပဇ္ဈာယာဒီဟိ၊ ဆရာ ဥပဇ္ဈာယ် စသောသူတို့သည်။ ဧဝံ၊ သို့။ မာ အဝစ၊ မဆိုလင့်။ ဤဘိ၊ သို့။ အဝဏ္ဏဘာသနေ၊ ကျေးဇူးမဲ့ကိုဆိုခြင်း၌။ အာဒီနဝံ၊ အဖြစ်ကို။ ဒဿေတ္ဝာ၊ ပြ၍။ နိဝါရေတဗ္ဗော၊ မြစ်အပ်၏။ ယာဝ တတိယံ၊ သုံးကြိမ်မြောက်အောင်။ ဝုစ္စမာနော၊ ဆိုအပ်သော်လည်း။ သစေ နာ ဒြရမတိ၊ မရှောင်ကြဉ်သည်ဖြစ်အံ့။ ကဏ္ဍကနာသနာယ၊ ကဏ္ဍက သာမဏေကို ဖျက်ဆီးခြင်းဖြင့်။ နာသေတဗ္ဗော၊ ဖျက်ဆီးအပ်၏။ ဤတိ၊ သို့။ ကုရုန္ဒိယံ၊ ၌။ ဝုတ္တံ၊ ၏။ မဟာအဋ္ဌကထာယံ ပန၊ ၌ကား။ ဧဝံ၊ သို့။ ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။ တံ လဒ္ဓိ၊ ထိုအယူကို။ သစေ နိဿဇ္ဇတိ၊ စွန့်သည်ဖြင့်အံ့။ ဒဏ္ဍကမ္မံ၊ ဒဏ်ထမ်းသောအမှုကို။ ကာရေတ္ဗော၊ ပြု၌စ၍။ အစ္ဆယံ၊ အပြစ်ကို။ ဒေသာပေတဗ္ဗော၊ ကြားစေအပ်၏။ သစေ နာ နိဿဇ္ဇတိ၊ မစွန့်သည်ဖြစ်အံ့။ တတော၊ ထိုရှေး အတူသာလျှင်။ အာဒါယ၊ ယူ၍။ ပက္ကမ္ယ၊ ချီးခြေမြောက်၍။ သစေ တိဋ္ဌတိ၊ တည်သည်ဖြစ်အံ့။ လိင်္ဂနာသနာယ၊ အသင်ကိုဖျက်သဖြင့်။ နာသေ-တဗ္ဗော၊ ၏။ ဤဘိ၊ သို့။ ဝုတ္တံ၊ ၏။ တံ၊ ထိုမဟာအဋ္ဌကထာစကား သည်။ ယံဝုတ္တံ၊ သင့်၏။ ဟိ၊ မှန်၏။ အယမေဝ နာသနာ၊ ဤအသင် ဖျက်ခြင်းကိုသာလျှင်။ ဤဒၶာ၌။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။

ဤသို့လာသော အဋ္ဌကထာကိုဆောက်၍ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တို့ကိုပယ်၍ ကျေးဇူးမဲ့ခြင်းသောစကားကို ဆိုသောသာမဏေကို ဆရာဥပဇ္ဈာယ်စသော ရဟန်းတို့က အပြစ်ကိုပြု၍ ဆုံးမရာ ထိုပြောဆို မိသော အယူကိုစွန့်၍- မဖြစ်မဆိုနေမူ ဒဏ်ထမ်းသောအမှုကိုပြုစေ၍ အပြစ်ကိုဖော်ပြု၍ တောင်းပန်စေရမည်။ ဆရာဥပဇ္ဈာယ်စသော ရဟန်းတို့ သုံးကြိမ်တိုင်မြောက်အောင် ဆိုဆုံးမ၍မရသောအခါ လိင်ကျ၍ အသင်ကို ဖျက်ဆီးအပ်သည်ဟု မှတ်လော။

၇၄။ ဒဏ်ပေးပြီးလျှင် ဆယ်ပါးသီလထပ်ပေးသင့်-မပေးသင့်

မေး။ ။သာမဏေတို့မှာ ဝိကာလစသော သိက္ခာပုဒ် ပျက်ခြင်းကြောင့် ဒဏ်ဆိုက်၍ဒဏ်ပေးပြီးသောအခါ ဆယ်ပါးသီလကို ထပ်၍ ခံစေရဦးမည်လော။

ဖြေ။ ။ထိုအမေးမှာ-

ယာနိ ပနဿ ဣတရာနိ ပဉ္စ သိက္ခာပဒါနိ၊ တေသု ဘိန္နေသု နာသေတဗ္ဗော၊ ဒဏ္ဍကမ္မံ ကာတဗ္ဗံ။ သိက္ခာပဒေ ပန ဒိန္နေပိ အဒိန္နေပိ ဝဋ္ဋတိ။ ဒဏ္ဍကမ္မေန ပီဠေတ္ဝာ အာယတိံ သံဝရေ ဌာပနတ္ထာယ ဒါတဗ္ဗမေဝ-

ဟု လာသော မဟာဝဂ်အဋ္ဌကထာကိုထောက်၍ဖြေ။

အဿ၊ ထိုသာမဏေအား။ ဣတရာနိ၊ ရှေ့သိက္ခာပုဒ်ငါးခုမှ တပါး ကုန်သော။ ပဉ္စ၊ ကုန်သော။ ယာနိ ပန သိက္ခာပဒါနိ၊ တို့သည်။ သန္တိ၊ ကုန်၏။ တေသု၊ ထိုသိက္ခာပုဒ်တို့သည်။ ဘိန္နေသု၊ ပျက်ကုန်သော်လည်း။ နာသေတဗ္ဗော၊ အသင်္ခ်ကို မဖျက်ဆီးအပ်။ ဒဏ္ဍကမ္မံ၊ ဒဏ်အမှုကို။ ကာတဗ္ဗံ၊ **ပေးအပ်၏**။ သိက္ခာပဒေ ပန၊ သိက္ခာပုဒ်ကို။ ဒိန္နေပိ၊**ပေးသော်လည်းကောင်း**။အဒိန္နေပိ၊ **မပေးသော်လည်းကောင်း**။ ဝဋ္ဋတိ၊ ၏။ ပန၊ ထို့ကြောင့်အပ်သော်လည်း။ ဒဏ္ဍကမ္မေန၊ ဒဏ်အမှုဖြင့်။ ပီဠေတ္ဝာ၊ နှိပ်၍။ အာယတိံ၊ နောင်အခါ၌။ သံဝရေ၊ စောင့်စည်းခြင်း၌။ ဌာပနတ္ထာယ၊ တည်စေခြင်းငှါ။ ဒါတဗ္ဗမေဝ၊ **ပေးအပ်သည်**သာလျှင်တည်း။

ဤသို့လာသော အဋ္ဌကထာကိုထောက်၍ ဝိကာလစသော ငါးခုသော သိက္ခာပုဒ်တွင် တခုခုပျက်သဖြင့် လိင်မထိုက်၍ သီလမပျက်သော်လည်း နောင်အခါ သိက္ခာပုဒ်ကို စောင့်ထိန်းစေခြင်းငှါ သာရဏကုံကိုမပေးပဲ သီလကိုခံယူစေအပ်သည်ဟု မှတ်လေ။ ဥပဇ္ဈာယ်မှာ ယူဖွယ်မရှိပြီ။

၇၅။ သာမဏေရမ္ပာလည်း သိက္ခာဝါရှိ

မေး။ ။သာမဏေတို့မှာ ရဟန်းတို့ကဲ့သို့ ပုဝါရဏာ မပြုသော ကြောင့် ဝါမရှိဟုဆိုကြသောစကားကို အမှန်ပင်မှတ်ရမည်လော။

ဖြေ။ ။သာမဏေတို့မှာ ဝါမရှိဟုဆိုကြသောစကားကို အမှား စင်စစ်မှတ်၍ သာမဏေတို့မှာလည်း ဝါရှိသည်ဟု ဖြေ။

သော စေ ပစ္ဆိမိကာယ ဥပသမ္ပဒေတိ၊ ဂဏပူရကော စေဝ ဟောတိ၊ အာနိသံသဉ္စ လဘတီဘိ ဣမိနာ သာမဏေရာနံ ဝဿူပဂမနံ အနုညာတံ ဟောတိ။ သော ဟိ ပုရိမိကာယ ဝဿူပဂတတ္တာ အာနိသံသံ လဘတိ။ ပစ္ဆိမိကာယ ပန ဥပသမ္ပဒေတတ္တာ ဂဏပူရကော ဟောတိ—

ဟုလာသော ဝိနယာလင်္ကာရဋ္ဌကာကို ထောက်။

သော၊ ထို သာမဏေသည်။ ပစ္ဆိမိကာယ၊ ပစ္ဆိမဝါဌ်။ စေ ဥပသမ္ပဒေတိ၊ ရဟန်းခံသည်ဖြစ်အံ့။ ဂဏပူရကော စေဝ။ ကိုယ်းပြည့် သည်လည်း။ ဟောတိ၊ ၏။ အာနိသံသဉ္စ၊ အာနိသင်္ကိုလည်း။ လဘတိ၊ ရ၏။ ဣတိ ဣမိနာ၊ ဤပါဒ်ဖြင့်။ သာမဏေရာနံ၊ တို့အား။ ဝဿူပဂမနံ၊ပါကပ်ခြင်း်ကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်သည်။ ဟောတိ၊ ၏။ ဟိ၊ မှန်၏။ သော၊ ထိုသာမဏေသည်။ ပုရိမိကာယ၊ ၌။ ဝဿူပဂတတ္တာ၊ ဝါကပ်သည်၏ အဖြစ်ကြောင့်။ အာနိသံသံ၊ ကို။ လဘတိ၊ ရ၏။ ပစ္ဆိမိကာယ ပန၊ ၌ကား။ ဥပသမ္ပဒေတတ္တာ၊ ရဟန်းခံသည်၏ အဖြစ် ကြောင့်။ ဂဏပူရကော၊ ကိုယ်းပြည့်သည်။ ဟောတိ၊ ၏။

ဝိမတိဝိနောဒနီ ဋီကာ၌လည်း—

ပုရိမိကာယံ ပု၊ သရဏာနိ ဂဟိဘာနိတိ သရဏဂ္ဂဟဏေန သဟ တဒုဘဝဿ ဝဿူပဂမနမ္မိ ဒုဒ္ဒသတိ-

ဟု ပိန့်တော်မူ၏။

ပုရိမိကာယ ပုန သရဏာနိ ဂဟိတာနီတိ၊ ဟူသည်ကား။သရဏဂုဟဏေန၊ သရဏကုံယူသည်နှင့်။ သဟ၊ တက္ခ၊ တဒဟေဝ၊ ထိုနေ၌လျှင်။ ဣဿ၊ ထိုသဗ္ဗဏ္ဏော။ ဝဿူပဂမနမ်ပိ၊ ဝါကပ်ခြင်းကိုလည်း။ ဒဿေတိ၊ ပြတော်မူ၏။

သာမဏေသည် ဝါဆိုပြီးမှ ဝါတွင်း၌ လိင်ကျမူ ဝါပျက်သည်ဟု မှတ်။ ထိုကြောင့် ဝိဓိတိဝိနောဒနီဋီကာ၌-

သေနာသနဂ္ဂါဟော စ ပဋိပဿမ္ဘတိတိ ဣမိနာ ဝဿစ္ဆေဒံ ဒဿေတိ-

ဟု ဆိုတော်မူ၏။

သေနာသနဂ္ဂါဟော စ ပဋိပဿမ္ဘတိတိ ဣမိနာ၊ဟူသောကျိပါ၌ဖြင့်။ ဝဿဒ္ဆေဒံ၊လိင်ကျသောသာမဉ်ဏေ၏ ဝါပျက်(ပြတ်)ခြင်းကို။ဒဿေတိ၊ ပြတော်မူ၏။

ဤသို့လာသော အဋ္ဌကထာ, ဋီကာကိုထောက်၍ သာမဏေတို့မှာ ဝါရှိ၍ ဝါကပ်ဆိုအပ်ကြောင်း, လိင်ကျလျှင် ဝါပျက်ခကြောင်းကို သိရမည်။

၇ ဖ။ ကိုယ်တိုင်သင်္ကန်းဝတ်၍ လိမ်ညာ အလှူခံခြင်း

၈၆း။ ။ယခုကာလ အချို့သော လူဘို့သည် အရပ်တပါးသို့ သွား၍ သင်္ကန်းကို ကိုယ်တိုင်ဝတ်ပြီးလျှင်, သာမဏေအသွင်, ရဟန်းအသွင်ဖြင့် လူတို့ထံ၌ အလှူခံရာ ထေယျသံဝါသက ဖြစ်မည်လော။

၈၇။ ။ကိုယ်တိုင် သင်္ကန်းကို ဝတ်ဆဲ အခါက ရဟန်းတို့နှင့် မခွဲတွလို့, မပေါင်းဖော်လို့၊ လူကိုသာ လိမ်လိုခသာစိတ်နှင့် သင်္ကန်းကို ကိုယ်တိုင်ဝတ်၍ ရဟန်းသာမဏေအသွင်ဖြင့် လူတို့အထံ၌သာ အလှူကို ခံယူသောသူတို့သည် ထေယျသံဝါသက မဖြစ်။

သုဒ္ဓမာနဇသောတိ ဘိက္ခူနံ ဝဠွေတုကာမတာယ အဘာဝတော။ ဣသော သုဒ္ဓမာနဇသော ယာဝ သံဝါသံ နာဓိဝါသေတိ၊ တာဝ ဧသ "ဂိဟီ မံ သမဏောတိ ဇာနန္တူ"တိ" ဝဠွနာစိတ္တော သတိပိ ဘိက္ခူနံ ဝဠွေတုကာမတာယ အဘာဝတော ဒေါသော နတ္ထိ -

ဟုလာသော ဝိနယတ္ထမဠွူသာ ဒ္ဒီကာကို ထောက်။ ဝဇိရပုဒ္ဓိဒ္ဒီကာ, တေရသကဏ် ဒ္ဒီကာတို့ဒ္ဒလည်း လာသည်။

သုဒ္ဓမာနသောတိ၊ ဟူသည်ကဲ့သား။ သိက္ခူနံ၊ တို့အား။ ဝဠွေတုကာမတာယ၊ လှည့်စားလိုသောအဖြစ်၏။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်။ သုဒ္ဓမာနဇသော၊ စင်ကြယ်သော စိတ်ရှိသော။ သော၊ ထိုသူသည်။ ယာဝ၊ အကြင်မျှလောက်။ သံဝါသံ၊ ရဟန်းတို့နှင့်ပေါင်းဖော်ခြင်းကို။ နာဓိဝါသေတိ၊ တွေ့သော်လည်း မသာယာ။ တာဝ၊ ထိုမျှလောက်။ ဧသ ဧသော၊ ထိုသက်နှံးကို ကိုယ်တိုင်ဝတ်သောသူသည်။ ဂိဟီ၊ လူတို့သည်၊ မံ၊ ငါ့ကို။ သမဏောတိ၊ ရဟန်းသာမဏေဟူ၍။ ဇာနန္တု၊ သိစေကုန်သတည်း။ ဣတိ၊ သို့။ ဝဠွနာစိတ္တော၊ လှည့်စားလိုသောစိတ်သည်။ သတိပိ၊ ရှိသော်လည်း။ ဘိက္ခူနံ၊ တို့အား။ ဝဠွေတုကာမတာယ၊ လှည့်စားလိုသောအဖြစ်၏။ အဘာဝတော၊ မရှိသည်၏ အဖြစ်ကြောင့်။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။

သင်္ကန်းကို ကိုယ်တိုင်ဝတ်တုန်း အခါက ရဟန်းတို့နှင့် ပေါင်းဖော်မည်ဟူသောစိတ်ဖြင့်ဝတ်ပူ သင်္ကန်းကိုဝတ်သော ခဏဘဲပင် လိင်္ဂဘက်လွန်ကာ ဖြစ်သည်ဟုမူတ်။ ထိုခဏကြောင့် ပိမတိဝိနာဒနီ ဋီကာဘဲ-

ယာဝ သော သုဒ္ဓမာနဇသောတိ ဣမိနာ လိင်္ဂေန ဘိက္ခူနံ ဝဠွေဘွာ တေဟိ သံဝသိဿာမီတိ အာသုဒ္ဓစိတ္တာဘာဒေဝန သုဒ္ဓစိတ္တာ။ တာန ဟိ အာသုဒ္ဓစိတ္တေန လိင်္ဂံ ဂဟိတမတ္တေ ပစ္ဆာ ဘိက္ခူဟိ သဟ သံဝသတု ဝါ, မာ ဝါ လိင်္ဂံတ္ထေနကော ဟောတိ။ ပစ္ဆာ သံဝသန္တောပိ အာဘောဒေါ ဟုတ္ဝာ သံဝသတိ။

တသ္မာ ဥဘယတ္ထေနကောပိ လိင်္ဂတ္ထေနကေ ဧဝ ပဝိသတိတိ ဝေဒိတပ္ပံ။ ယော ပန ရာဇာဒိဘယေန သုဒ္ဓစိတ္တော၀ လိင်္ဂံ ဂဟေတ္ဝာ ဝိစရန္တော ပစ္ဆာ ဘိက္ခုဝဿာနိ ဂဏှတ္တာ ဇီဝိဿာမီတိ အသုဒ္ဓစိတ္တံ ဥပ္ပါဒေတိ၊ သော စိတ္တုပ္ပါဒမတ္တေန ဃထယျသံ၀ါသကော နာမ ဟောတိ၊ သုဒ္ဓစိတ္တေန ဂဟိတလိင်္ဂတ္တာ။ သစေ ပန သော ဘိက္ခူနံ သန္တိကံ ဂန္ဒွာ သာမဏေရ-ဝဿဂဏနာဒိံ ကရောတိ၊ တဒါ သံ၀ါသတ္ထေနကော, ဥဘယ-တ္ထေနကော ၀ါ ဟောတီတိ ဒဋ္ဌပ္ပံ–

ဟု မိန့်ဆိုတော်မူ၏။

ယာဝ သော သုဒ္ဓမာနသော်တိ၊ ဟူသည်ကား။ ကုဒိနာ လိင်္ဂနဲ့၊ ဤသာမဏေအသွင်, ရဟန်းအသွင်ဖြင့်။ ဘိက္ခူနံ၊ တို့အား။ ဂဏ္ဍေတ္ဝာ၊ လှည့်စား၍။ တေဟိ၊ ထို့ရဟန်းတို့နှင့်။ သံ၀သိဿာမိ၊ ပေါင်းဖော်အံ့။ ကုတိ၊ သို့။ အသုဒ္ဓစိတ္တာဘာ၀ေန၊ မစင်ကြယ်သောစိတ် ၊ရှိသည်၏ အဖြစ်ကြောင့်။ သုဒ္ဓစိတ္တော၊ မည်၏။ ဟိ၊ မှန်၏။ ဝေန၊ ထို့ပါဠိဖြင့်။ အသုဒ္ဓစိတ္တေန၊ ရဟန်းတို့နှင့်ပေါင်းဖော်အံ့ဟု အကြံရှိသော မစင်ကြယ်သောစိတ်ဖြင့်။ လိင်္ဂံ၊ ရဟန်းသာမဏေ အသွင်ကို။ ဂဟေတ္ဝာ၊ ယူ၍ဖြစ်၏။ ပစ္ဆာ၊ နောက်၌။ ဘိက္ခူဟိ၊ တို့နှင့်။ သဟ၊ တကွ။ သံ၀သတု ၀ါ၊ ပေါင်းဖော်သည်လည်းဖြစ်စေ။ မာ ၀ါ သံ၀သတု၊ မပေါင်းဖော်သည်မူလည်း ဖြစ်စေ။ လိင်္ဂတ္ထေနကော၊ သည်။ ဟောတိ၊ ၏၊ ပစ္ဆာ၊ ၌။ သံ၀သဒန္တောပိ၊ ပေါင်းဖော်သော်လည်း။ အာဘေဝ၊ ရဟန်းသာမဏေ မပြုထိုက်သည်။ ဟုတ္ဝာ၊ ၍။ သံ၀သတိ၊ ၏။ တသ္မာ၊ ကြောင့်။ ဥဘယတ္ထေနကောပိ၊ သည်လည်း။ လိင်္ဂတ္ထေနကေ ဧဝ၊ ၌သာလျှင်။ ပဝိသတိ၊ ဝင်၏။ ကုတိ၊ သို့။ ဝေဒိဘပ္ပံ၊ ၏။ ယော ပန၊ အကြင်သူသည်ကား။ ရာဇာဒိဘယေန၊ မင်းဘေး စသည်ဖြင့်။ သုဒ္ဓစိတ္တော၊ ရဟန်းတို့အား မလှည့်စားလိုသော စင်ကြယ်သောစိတ်ရှိသည် ဖြစ်၍သာလျှင်။ လိင်္ဂံ၊ ရဟန်းသာမဏေ အသွင်ကို။ ဂဟေတ္ဝာ၊ သက်နှံးကိုကိုယ်တိုင်ဝတ်ယူ၍။ ဝိစရန္တော၊ လှည့်လည်သည်ဖြစ်၍၊ ပစ္ဆာ၊ နောက်မှ။

ဘိက္ခု၂ဝသာနှိ၊ ဝါတို့ကို။ ဂဏော ဟုဝ၊ ရောဒ္ဓက်၍။ ဇီဝိ ဃာမိ၊ အသက်မွေးအံ့။ ဣဘိ၊ သို့။ အသုဒ္ဓစိတ်ဖြင့်၊ မစင်ကြယ်သောစိတ်ကို။ ဥပ္ပါဒေတိ၊ ဖြစ်စေ၏။ သော၊ ထိုသူသည်။ စိတ္တုပ္ပါဒမတ္တေန၊ စိတ်ဖြစ်ကာမျှဖြင့်။ ထေယျသံဝါဟကော၊ သည်။ နဟောတိ၊ မဖြစ်။ သုဒ္ဓစိတ္တေန၊ စင်ကြယ်သောစိတ်ဖြင့်။ ဂဟိတလိင်္ဂတ္တာ၊ ယူအပ်သောအသွင် ရှိသည်၏ အဖြစ်ကြောင့်တည်း။ သော၊ ထိုသူသည်။ ဘိက္ခူနံ၊ တို့၏။ သန္တိကံ၊ အထံသို့။ ဂန္ဒွာ၊ သွား၍။ သာမဏေရဝဿဂဏနာဒိံ၊ သာမဏေဝါ ရေတွက်ခြင်း စသည်ကို။ သစေ ပန ကရောတိ၊ ပြုသည်ဖြစ်အံ့။ တဒါ၊ ထို အခါ၌။ သံဝါသတ္ထံနကော ဝါ၊ သည်လည်းကောင်း။ ဥဘယတ္ထံနကော ဝါ၊ သည်သည်းကောင်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ထိုဝိမတိဋီကာပါဠိဖြင့် ရဟန်းတို့နှင့်ပေါင်းဖော်မည်ဟု ကြံ၍ ကိုယ်တိုင် သက်နှံးဝတ်သောသူသည် ဝတ်သောခဏ၌ လိင်္ဂတ္ထေန်ကဖြစ်သည်။ သက်နှံးကိုဝတ်သောအခါ ရဟန်းတို့နှင့် ပေါင်းဖော်လိုသောစိတ် မရှိ၊ မင်းဘေးစသည်တို့ကြောင့်သာ ဝတ်၍ နောက်မှ ရဟန်းတို့နှင့် ပေါင်းဖော်အံ့ဟု ကြံမိသော စိတ်ဖြစ်ကာမျှ၌ ထေယျသံဝါသကမဖြစ်သေး။ ထိုစိတ်ဖြစ်၍ တဖန် ရဟန်းတို့ထံသို့သွား၍ သာမဏေဝါကိုရေတွက်ခြင်း, ရဟန်းဝါကို ရေတွက်ခြင်း, ဆွမ်းအတူစားခြင်းစသည်ကိုပြုသောအခါ သံဝါသတ္ထေနကသည်လည်းကောင်း။ ဥဘယတ္ထေနကသည်လည်းကောင်း ဖြစ်သည်ဟု ပြတော်မူသည်။

ပဌမက သုဒ္ဓစိတ်ဖြင့်ဝတ်၍ နောက်မှအသုဒ္ဓစိတ်ရှိ၍ ရဟန်းသာမဏေတို့နှင့် ပေါင်းဖော်ရာ သံဝါသတ္ထေနက, ပဌမကပင် အသုဒ္ဓစိတ်ဖြင့် သက်နှံးကိုဝတ်၍ ရဟန်းသာမဏေတို့နှင့်ပေါင်းဖော်ရာ ဥဘယတ္ထေနကဟု အထူးကို မှတ်လေ။

မာတိကာအဋ္ဌကထာ၌လည်း-

> ယော သယံ ပဗ္ဗဇိတ္ဝာ နဘိက္ခု၂ဝသာနှိ ဂဏော တိ၊ နယထာဝုစ္စံ ဘိက္ခူနံ ဝါ သာမဏေရာနံ ဝါ ဝန္ဒနံ သာဒိယတိ-

စသည်ဖြင့် လာသည်။

ထိုကြောင့် ''သာမဏေရဝဿကဏာဒိ'' ဟူသော ဝိမတိဝိနောဒနီဋီကာ, ''နု ယထာဝုတ္တံ ဘိက္ခူနံ ဝါ သာမဏေရာနံ ဝါ'' ဟူသော မာတိကာအဋ္ဌကထာပါဠိတို့ကိုမထာက်၍ ကိုယ်တိုင်သက်နှံးကိုဝတ်သော သူသည် ရဟန်းကိုဖြစ်စေ၊ သာမဏေကိုဖြစ်စေ လှည့်စားလိုသောစိတ် ရှိ၍ ဝတ်မူ ဝတ်သောခဏ၌ လိင်္ဂတ္ထနကဖြင့်၏။ လူကိုသာ လှည့်စား လို၍ ဝတ်မူ လိင်္ဂတ္ထနက မဖြစ်။ လူကို လှည့်စားလို၍ ဝတ်ပြီးမှ ရဟန်းနှင့်ဖြစ်စေ၊ သာမဏေနှင့်ဖြစ်စေ ပေါင်းဖော်သာယာမူ သံဝါသဝတ္ထုနကဖြစ်သည်ဟု မှတ်ရမည်။

၃၃။ လိင်ကျပြီးသက်နှံးပြုန်ဝတ်လာသောသာမဏေထေနကဖြစ်-မဖြစ်

မေး။ ။သာမဏေသည် မာတုဂါမနှင့် မှားလျှင်လာရာ ထေယျသံဝါသက ဖြစ်မည်လော။

ဖြေ။ ။သာမဏေသည် သက်နှံးနှင့်ပင် မာတုဂါမနှင့်မှားလျှင် သော်လည်းကောင်း၊ သက်နှံးကိုချတ်၍ ''ဟဗန် ဝတ်ဦးမည်'' ဟူသော စိတ်ဖြင့် အဝတ်ဖြုတ်၍ဖြစ်စေ၊ မဝတ်ပဲဖြစ်စေ မာတုဂါမနှင့်မှား၍ သက်နှံးကိုဝတ်၍လာသော်လည်းကောင်း ထေယျသံဝါသကမဖြစ်သေး။ သာမဏေသည် သက်နှံးကိုချတ်၍ ''မဝတ်တော့ပြီ'' ဟူသော စိတ်ဖြင့် အဝတ်ဖြုတ်၍ဖြစ်စေ၊ ပဝတ်ပဲဖြစ်စေ မာတုဂါမနှင့်မှား၍ သက်နှံးကို ဝတ်၍လာရာ ထေယျသံဝါသကဖြစ်သည်။

သာမဏေရော သလိင်္ဂေ ဌိတော မေထုနာဒိအဿမဏကရဏမမ္မံ အာပဇ္ဇိတ္ဝာပိ ထေယျသံဝါသကော နု ဟောတိ။ သစေပိ ကာသာယေ သညဿာဟော ကာသာယာနိ အပနေတ္ဝာ မေထုနံ သေဝိတ္ဝာ ပုန ကာသာယာနိ နိဝါသေတိ၊ နေဝ ထေယျသံဝါသကော ဟောတိ။ သစေ ပန ကာသာယေ ဓုရံ နိက္ခိပိတ္ဝာ နဂ္ဂေါ ဝါ ဩဒါဟနိဝတ္ထော ဝါ မေထုနံသေဝနာဒီဟိ အဿမဏော ဟုတ္ဝာ ကာသာယာနိ နိဝါသေတိ၊ ထေယျသံဝါသကော ဟောတိ–

ဟု လာသော မဟာဝါအဋ္ဌကထာကိုထောက်။

သာမဏေရော၊ သည်။ သလိင်္ဂေါ် မိမိအသွင်၌။ ဌိတော၊ တည်လျက်။ မေထုနာဒိအဿမဏကရဏဓမ္မံ၊ မေထုန်မှိုဝဲခြင်းစသော ရဟန်းမဟုတ်သော လူတို့သည်ပြုအပ်သောအကျင့်သို့။ အာပဇ္ဇိတ္ဘာပိ၊ ရောက်၍လည်း။ ထေယျသံဝါသကော၊ သည်။ နု ဟော်တိ၊ မဖြစ်။ ကာသာယေ၊ ဥ်။ သဉ္ဉာဟော၊ တဖန် ဝတ်လို့သော်စိတ်ရှိသည်ဖြစ်၍။ ကာသာယာနိ၊ တို့ကို။ အပနေတ္ဝာ၊ ချတ်ပယ်၍။ မေထုနံ၊ ကို။ သေဝိတ္ဝာ၊ မှိုဝဲ၍။ ပုန၊ ဖန်။ ကာသာယာနိ၊ တို့ကို။ သစေပိ နိဝါသေတိ။ ဝတ်သည်ဖြစ်အံ့။ ဝါ၊ အကယ်၍ဝတ်စေကာမူ။ ထေယျသံဝါသကော၊ သည်။ နေဝ ဟောတိ၊ မဖြစ်။ ကာသာယေ၊ ဥ်။ ဓုရံ၊ တဖန်မဝတ်ပြီဟူသော စိတ်ကို။ နိက္ခိပိတ္ဝာ၊ ချ၍။ နဂ္ဂါ ဝါ၊ အဝတ်မရှိသည်ဖြစ်၍လည်း ကောင်း၊ ဩဒါတနိဝတ္ထော ဝါ၊ အဝတ်ဖြူဝတ်သည်ဖြစ်၍လည်းကောင်း။ မေထုနသေဝနာဒီဟိ၊ မေထုန်မှိုဝဲခြင်းစသည်တို့ဖြင့်။ အဿမဏော၊ သာမဏေမဟုတ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ ကာသာယာနိ၊ တို့ကို။ သစေပန နိဝါသေတိ၊ ဝတ်ပြီးသည်ဖြစ်အံ့၊ ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။

မာတိကာအဋ္ဌကထာ၌လည်း-

ယော ပန ဘိက္ခုဟိ ပဗ္ဗဇိတော သာမဏေရော သမာနော ကာသာယာနိ အပနေတ္ဝာ ဝေသု သဉ္ဉာဟော၀ မေထုနံ ဓမ္မံ ပဋိသေဝိတ္ဝာ ပုန နိဝါသေတ္ဝာ သာမဏေရဘာဝံ ဇဉ်ဇာနာတိ၊ အယံ ဘိက္ခုဟိ ဒိန္နလိင်္ဂသ အပရိစ္စတ္တတ္တာ နလိင်္ဂေတ္ထနကော၊ လိင်္ဂါနုရူပသ သံဝါသသ သာဒိတတ္တာ နာပိ သံဝါသတ္ထနကော။ အန္တိမဝတ္ထုံ အဇ္ဈာပန္နကော ဧသေဝနယော-

ဟု လာသည်။

ယော ပန၊ အကြင်သူသည်။ ဘိက္ခု၂ဟိ၊ တို့သည်။ ပဗ္ဗဇ်တော၊ ရှင်ပြုအပ်သော။ သာမဏေရော၊ သည်။ သမာနော၊ ကောင်းစွာ ဖြစ်လျက်။ ကာသာယာနိ၊ တို့ကို။ အပနေတ္ဝာ၊ ချတ်ပယ်၍။ တေသု၊ ထိုသင်္ကန်းတို့၌။ သညဿာဟော၁၊ တဖန်ဝတ်လိုသောစိတ်ရှိသည်ဖြစ်၍ သာလျှင်။ မေထုနံ၊ မေထုန်မှီဝဲသော၊ စမ်မံ၊ အကျင့်ကို။ ပဋိသေဝိတ္ဝာ၊ မှီဝဲ၍။ ပုန၊ တဖန်။ နိဝါသေတ္ဝာ၊ သင်္ကန်းကိုဝတ်၍။ သာမဏေရ-ဘာဝံ၊ အဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ အယံ၊ ဤသာမဏေသည်။ ဘိက္ခု၂ဟိ၊ တို့သည်။ ဒိန္နလိင်္ဂဿ၊ ပေးအပ်သောအသွင်ကို။ အပရိစ္စတ္တ-တ္တာ။ မစွန့်အပ်သည်၏အဖြစ်ကြောင့်။ လိင်္ဂတ္ထေနကော၊ သည်။ နဟောတိ၊ မဖြစ်။ လိင်္ဂါနုရူပဿ၊ အသွင်အား လျော်ပတ်သော။ သံဝါသဿ၊ ကို။ သာဒိတတ္တာ၊ သာယသောကြောင့်။ သံဝါ-သတ္ထေနကော၊ သည်။ နာပိ ဟောတိ၊ မဖြစ်။ အန္တိမဝတ္ထုံ၊ မေထုန် ပါရာဇိကဝတ္ထုသို့။ အဇ္ဈာပန္နကေပိ၊ ရဟန်း၌လည်း။ သေဝ နယော၊ ဤသာမဏေနှင့်သာလျှင် တူသောနည်းရှိ၏။

ဝိနယတ္ထမဉ္ဇူသာဠိကာ၌လည်း—

လိင်္ဂါနုရူပဿ သံဝါသဿာတိ သာမဏေရလိင်္ဂါနုရူပဿ သာမဏေရသံဝါသဿ။ အန္တိမဝတ္ထုံ အဇ္ဈာပန္နကေပိ သေဝ နယောတိ ပါရာဇိကံ အာပန္နကေ ဘိက္ခုမျိုပိ သေဝ နယောတိ အတ္ထော။ ဣဒံ ဝုတ္တံ ဟောတိ-သစေ ကောစိ ဘိက္ခု ကာ-သာယေ သညဿာဟော၁ ဩဒါတံ နိဝါသေတ္ဝာ မေထုနံ ပဋိသေဝိတ္ဝာ ပုန တာသာယာနိ နိဝါသေတ္ဝာ ဝဿဂဏနာ-ဒိဘေဒံ သဗ္ဗံ ဝိဓိံ အာပဇ္ဇတိ၊ အယံ ဘိက္ခု၂ဟိ ဒိန္နလိင်္ဂဿ အပရိစ္စတ္တတ္တာ နု လိင်္ဂတ္ထေနကော၊ လိင်္ဂါနုရူပဿ သံဝါသဿ သာဒိတတ္တာ နု သံဝါသတ္ထေနကော—

ဟု ဖွင့်တော်မူ၏။

လိင်္ဂါနုရူပဿ သံဝါသဿာတိ၊ ဟူသည်ကား။ သာမဏေရလိင်္ဂါ-နုရူပဿ၊သာမဏေ၏အသွင်အား၊လျော်ပတ်သော။သာမဏေရသံဝါ-

သဿ၊ သာမဏေ၏ ပေါင်းဖော်ခြင်းကို။ အန္တိမဝတ္ထုအဓိပ္ပါယန္ဒကေပိ ဒေသဝ နယော၁တိ၊ ဟူသည်ကား။ ပါရာဇိကံ၊ သို့။ အာပန္နကေ၊ ဧရောက်သော။ ဘိက္ခုမို့ပို့၊ ရဟန်း၌လည်း။ ဧသေဝ နယော၊ ၏။ ဣတိ အယံ၊ လျှင်။ အတ္ထော၁၊ တည်း။ ဣဒံ၊ ဤသို့သောအဓိပ္ပါယ်ကို။ ဝုတ္တံ ဝုဒ္ဓတ္တော၁၊ ဆိုလိုသည်။ ဟော၁တိ၊ ၏။ ကောစိ၊ သော။ ဘိက္ခု၊ သည်။ ကာသာယေ၊ ၌။ သဥ္ဇာဟော၁၊ တဖန်ဝတ်လိုသောစိတ် ရှိသည်ဖြစ်၍သာလျှင်။ ဩဒါတံ၊ သင်္ကန်းကိုခွတ်၍ အဝတ်ဖြူကို။ နိဝါသေတ္ဝာ၊ ဝတ်၍။ မေထုနံ၊ ကို။ ပဋိသေဝိတ္ဝာ၊ မှီဝဲ၍။ ပုန၊ တဖန်။ ကာသာယာနိ၊ တို့ကို။ နိဝါသေတ္ဝာ၊ ၍။ ဝဿဂဏနာဒိဘေဒံ၊ ဝါကိုရေတွက်ခြင်းစသည် အပြားရှိသော။ သဗ္ဗံ၊ သော။ ဝိဓိံ၊ အစီရင်သို့။ အာပဇ္ဇတိ၊ ၏။ အယံ၊ ဤရဟန်းသည်။ ဘိက္ခူဟိ၊ တို့သည်။ ဒိန္နလိင်္ဂသ၊ ကို။ အပရိစ္စတ္တတ္တာ၊ မစွန့်အပ်သည်၏ အဖြစ်ကြောင့်။ လိင်္ဂတ္ထေနကော၊ သည်။ နဇဟာတိ၊ မဖြစ်။ လိင်္ဂါနုရူပသ၊ ရဟန်းတို့၏ အသွင်အား ဧလျောက်ပတ်သော။ သံဝါသသ၊ ရဟန်းတို့၏ ပေါင်းဖော်ခြင်းကို။ သာဒိတတ္တာ၊ သာယာအပ်သည်၏အဖြစ်ကြောင့်။ သံဝါသတ္ထေနကော၊ သည်။ နဇဟာတိ၊ မဖြစ်။

(အာကျယ်ကိုလိုမူ မဟာဝါအဋ္ဌကထာ မဟာခန္ဓကအဖွင့်မှာ ရှုလေ)

ဤသို့လာသော အဋ္ဌကထာ,ဋီကာကိုထောက်၍ သာမဏေတို့မှာ သင်္ကန်းဝတ်လျက်ဖြစ်စေ၊ တဖန် ဝတ်ဦးမည်ဟူသောစိတ်ဖြင့် သင်္ကန်းကို ခွတ်၍ဖြစ်စေ မေထုန်မှီဝဲ၍ သင်္ကန်းဝတ်နှင့်လာ၍ သာမဏေအဖြစ်ကို ဝန်ခံ၍ သာမဏေတို့နှင့်ပေါင်းဖော်၍နေသော်လည်း ထေယျသံဝါသက မဖြစ်။ သာမဏေ ရဟန်း နှစ်ဦးတို့ပင် "ဤသင်္ကန်းကို ငါမဝတ်လိုပြီ" ဟု ဝန်ခံသောစိတ်ဖြင့် သင်္ကန်းကိုခွတ်၍ မေထုန်မှီဝဲပြီး၍ သင်္ကန်းကို ဝတ်လိုပြန်၍ ကောက်ယူဝတ်မူ ဝတ်သောခဏ၌ပင် ထေယျသံဝါသက ဖြစ်သည်ဟု မှတ်ရမည်။

၃၈။ ကိုယ်တိုင်သက်နှံးပြန်ဝတ်သောသာမဏေ ထေနကဖြစ်-မဖြစ်

မေး။ ။အကြင်သာမဏေသည် ကျောင်းဥမ္မင်္ဂပျော်မွေ့၍ အဝတ်ဖြူလဲပြီးကာ အိမ်သို့ထွက်သွားရာ မိဘဆွေမျိုးတို့က လက်မခံ၍ သက်နှံးဝတ်ပြီးကာ ကျောင်းသို့လာရာ ထေယျသံဝါသက ဖြစ်ပည်လော။

ဖြေ။ ။ဤသို့ အဝတ်ကိုလဲရုံမျှဖြင့် လိင်ကျသည်မထင်၍ သက်နှံးကိုဝတ်၍လာသော သာမဏေသည်လည်းကောင်း၊ ဤသို့ပြုသော်လည်း သက်နှံးဝတ်ခြင်းဥဒ္ဒ အပြစ်မရှိဟုထင်မှတ်၍ သက်နှံးဝတ်ဖြင့် လာသော သာမဏေသည် လည်းကောင်း၊ ဤသို့ပြုလျှင် ထေယျသံဝါသက ဖြစ်သည်ဟု မသိသော သာမဏေသည် လည်းကောင်း၊ ဤသို့ ပြုခြင်းဥဒ္ဒ မအာပ်ဟူ၍ မသိတတ်သောကြောင့် အဓိဆာတလျှင် သက်နှံးကို ဝတ်၍ လာသောသာမဏေသည် လည်းကောင်း၊ အိမ်သို့ရောက်လျှင် စိတ်ပျက်၍ ဖြစ်သမျှကို ရဟန်းတို့အား ပြောကြားမည်ဟူသောစိတ်ဖြင့် သက်နှံးကို ဝတ်၍လာပြီးလျှင် ကျောင်းသို့ ရောက်မူ အပြစ်ကို ပြောကြားသော သာမဏေတို့သည်လည်းကောင်း ထေယျသံဝါသက မဖြစ်။

လူဆွက်၍ပြီးမှ သက်နှံးကိုဝတ်ရာ ထေယျသံဝါသက ဖြစ်သည်ဟူ၍ လည်းကောင်း၊ဤသို့ပြုခြင်းသည်မအာပ်ဟု သိသည်ဖြစ်၍လည်းကောင်း၊ ဤသို့လူထွက်သည်ကို ရဟန်း သာမဏေတို့ မသိကြကုန်ဟု လျှို့ဝှက်လိုသောစိတ်ဖြင့်လည်းကောင်း သက်နှံးကိုဝတ်မူ ထေယျသံဝါသက ဖြစ်သည်။

အပရော ဒဟရသာမဏေရော, မဟန္တော ဝါ ပန အဗျတ္တော၊ သော ပုရိမနယေနေဝ ဥပဇ္ဈံတဿ ဃရေ ကသိဂေါရက္ခာဒီနိ ကမ္မာနိ ကာတုံ နဿ္သန္တိ၊ ဟမေနံ ဉာတကာနိယော ကာသာယာနိ အစ္ဆာဒေတ္ဝာ ထာလကံ ဝါ ပတ္တံ ဝါ ဟတ္ထေ ဒတ္ဝာ "ဂစ္ဆထ သမဏော ဝေဟိ" တိ ဃရာ နီဟရန္တိ။ သော ဝိဟာရံ ဂစ္ဆတိ။ နော နံ ဘိက္ခူ

ဇာနန္တိ "အယံ ဥပဟ္မဇ္ဈတ္ထာ ပုန သယမေဝ ပဟ္မဇ္ဈိတာ"တိ။ နာပိ သယံ ဇာနာတိ "ယော ဧဝံ ပဟ္မဇ္ဈတိ၊ သော ထေယျသံဝါသကော နာမ ဟောတီ" တိ။ သစေ တံ ပရိပုဏ္ဏဝိသတိဝဿံ ဥပသမ္ပာဒေန္တိ၊ သူ၊သမ္ပဒေန္တော။ သစေ ပန အနုပသမ္ပန္နကာလေယေဝ ဝိနယဝိနိစ္ဆယေ သုဏာတိ "ယော ဧဝံ ပဟ္မဇ္ဈတိ၊ သော ထေယျသံဝါသ၊ကော နာမ ဟော၊တီ" တိ။ တေန "မယာ ဧဝံ ကတန္တိ" ဘိက္ခူ၊နံ အာစိက္ခိတ္ဗွံ။ ဧဝံ ပုန ပဟ္မဇ္ဈံ လ၁တိ။ သစေ "န ဒါနိ မံ ကောစိ ဇာန၊တီ" တိ နာရောစေတိ၊ ဓုရနိက္ခိတ္တမေဝ တေ ထေယျသံဝါသကော-

ဟု မဟာဝါ အဋ္ဌကထာ လာသည်ကို ထော်။

အပရော၊ တပါ၊းသော။ ဒဟရသာမဏေရော ဝါ၊ ငယ်သော သာမဏေသည် လည်း၊ကောင်း။ မဟန္တော၊ ကြီး၊သော။ အဗျတ္တော ဝါ၊ မလိမ္မာသော သာမဏေသည်လည်း၊ကောင်း၊ အတ္ထိ၊ ၏။ သော၊ ထို သာမဏေသည်။ ပုရိမနယေနေဝ၊ ရှေး၊နည်း၊ဖြင့်သာလျှင်။ ဥပဟ္မဇ္ဈတ္ထာ၊ လူထွက်၍။ သရေ၊ ၌။ ကသိဂေါရက္ခာဒီနိ၊ လယ်ထွန် နွား၊ကျောင်း အစရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကာတုံ၊ ၄၂။ နကွာ၊တယ်၊ အလို မရှိ။ တမေနံ၊ ထိုရှင်လူထွက်ကို။ ဉာတကာနိယေဝ၊ ဆွေမျိုး၊တို့သည် သာလျှင်။ ကာသာယာနိ၊ တို့ကို။ အစ္ဆာဒေတ္ဗာ၊ ဝတ်၍။ ထာလကံ ဝါ၊ ခွက်ကို လည်း၊ကောင်း။ ပတ္တံ ဝါ၊ သပိတ်ကို လည်း၊ကောင်း။ ဟရိတ္ထ၊ ၌။ ဒတ္ဗာ၊ ပေး၍။ ဂစ္ဆထ၊ သွား၊ကုန်လော့။ သမဏောပ၊ သာမဏေသည်သာလျှင်။ ဟောတိ၊ ဖြစ်လေလော့။ ဣတိ၊ သို့။ သရာ၊ မှု။ နိဟရိတ္ထိ၊ နှင်ထုတ်ကုန်၏၊ သော၊ ထိုသာမဏေသည်။ ဝိဟာရံ၊ ကျောင်း၊သို့။ ဂစ္ဆတိ၊ သွား၏။ နံ၊ ထိုသာမဏေကို။ ဘိက္ခူ၊၊ တို့သည်။ အယံ၊ ဤသာမဏေသည်၊ ဥပဟ္မဇ္ဈတ္ထာ၊ လူထွက်၍။ ပုန၊ တဖန်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ပဟ္မဇ္ဈတော၊ သာမဏေပြု၏။ ဣတိ၊ သို့။

နေဝ ဇာနုန္တိ၊ မသိကုန်။ သယံ၊ မိမိသည်။ ယော၊ အကြင်သူသည်။ ဧဝံ၊ သို့။ ပဗ္ဗဇ္ဇတိ၊ ရှင်ပြု၏။ သော၊ ထိုသူသည်။ ထေယျသံဝါသကော နာမ၊ မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ နာပိ ဇာနာတိ၊ မသိ။ ပရိပုဏ္ဏဝိသတိဝဿံ၊ အသက်နှစ်ဆယ်ပြည့်သော။ တံ၊ ထိုသာမဏေကို။ သစေ ဥပသမ္ပာဒေန္တိ၊ ရဟန်းခံပေးကုန်အံ့။ သူပသမ္ပန္နော၊ ကောင်းစွာ ရဟန်းဖြစ်၏။ ပန၊ အသူးကို ဆိုဦးအံ့။ အနုပသမ္ပန္နကာလေ ဃဝဝ၊ သာမဏေကပြုသောအခါ၌လျှင်။ ဝိနယဝိနိစ္ဆယော၊ ဝိနည်း အဆုံးအဖြတ်သည်း ပတ္တမာဒေန၊ ဖြစ်လတ်သော်။ ယော၊ အကြင်သူသည်။ ဧဝံ၊ သို့။ ပဗ္ဗဇ္ဇာဘိ၊ရှင်ပြု၏။ သော၊ သည်။ ထေယျသံဝါသကော နာမ၊မည်သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ သစေ သုဏာတိ၊ ကြားသည်ဖြင့်အံ့။ ဇတုန၊ ကြောင့်။ မယာ၊ သည်။ ဧဝံ၊ သို့။ ကတန္တိ၊ ပြု၏ဟူ၍။ ဘိက္ခူနံ၊ တို့အား။ အာစိက္ခတိ၊ ကြားအပ်၏။ ဧဝံ၊ ဤသို့သိသဖြင့် ဖြောကြားသည်ရှိသော်။ ပုန၊ တဖန်။ ပဗ္ဗဇ်ံ၊ သာမဏေရဟန်းအဖြစ်ကို။ လဘတိ၊ ရ၏။ ဒါနိ၊ ယခု။ မံ၊ ကို။ ကောစိ၊ သည်။ န ဇာနာတိ၊ မသိ။ ဣတိ၊ သို့။ သစေ နာဇာနာတိ၊ မကြားသည်ဖြင့်အံ့။ ဓုဒ္ဓနိကို့တ္တာမတ္တော ဃဝဝ၊ မဖြောပြီဟု စိတ်ချကာမျှ၌လျှင်။ ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

ယော ဧဝံ ပဗ္ဗဇ္ဇတိ၊ သော ထေယျသံဝါသကော နာမ ဟောတီတိ ဣဒံ နိဒဿနမတ္တံ။ ထေယျသံဝါသကော ဟိ ပန် နာမံ အာဇာနန္တောပိ "ဧဝံ ကာတုံ န ဝဋ္ဋတီ" တိ ဝါ, "ဧဝံ ကရောန္တော သမဏော နာမ န ဟောတီ" တိ ဝါ, "ယဒိ အာရောစေဿာမိ ဆဒ္ဒဿန္တိ မ"န္တိ ဝါ ယေန ကေနစိ "ပဗ္ဗဇ္ဇာ မေ နတ္ထိ ရူပာတိ" တိ ဇာနန္တောပိ၊ ထေယျသံဝါသကော ဟောတိ။ ယော ပန "ပဌမံ ပဗ္ဗဇ္ဇာ ဧဝ မေ ဂဟိတာ"တိ သညီ ဟောလံ အန္ဓကာ အတ္တနော သေတဝတ္ထနိဝါသနာဒိ-

ဝိပ္ပကာရံ ပကာသေတုံ လဇ္ဇန္တော နကထေတိ၊ သော ဧထယျသံဝါသကော နု ဟောတီ–

ဟု ဖွင့်တော်မူ၏။

ယော ဧဝံ ပဗ္ဗဇ္ဇတိ။ပ။ဟောတိတိ ဣဒံ၊ ဟူသော၌စကား၊သည်။ နိဒဿနမတ္တံ၊ နိဒဿန နည်းမျှသာတည်း။ ဟိ၊ မှန်၏။ ထေယျသံဝါသကော ပန၊ သည်ကား။ နာမံ၊ အမည်ကို။ အဇာနန္တော်ပိ၊ မသိသော်လည်း။ ဧဝံ၊ သို့။ ကာတုံ၊ ပြုခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိ ဝါ၊ လည်းကောင်း။ ဧဝံ၊ သို့။ ကရောန္တော၊ ပြုသည်ရှိသော်။ သမဏော နာမ၊ သာမဏေမည်သည်။ န ဟောတိ၊ မဖြစ်။ ဣတိ ဝါ၊ လည်းကောင်း။ ယဒိ အာရောစေသာမိ၊ ပြောကြားသည်ဖြစ်အံ့။ မံ၊ ကို။ ဆဋ္ဌေသုန္တိ၊ စွန့်ကုန်လတ္တံ့။ ဣတိ ဝါ၊ လည်းကောင်း။ ယေန ကေနစိ၊ အကြင် အမှုတ်မရှိသော အခြင်းအရာအား ဖြင့်။ မေ၊ အား။ ပဗ္ဗဇ္ဇာ၊ သာမဏေအဖြစ်သည်။ န ရုဟတိ၊ မရောက်။ ဣတိ၊ သို့။ ဇာနာတိ၊ ၏။ ထေယျသံဝါသကော၊ သည်။ ဟောတိ၊ ၏။ ယော ပန၊ အကြင် သာမဏေသည်။ ပဌမံ၊ ရှေးဦးစွာ။ မေ၊ သည်။ ပဗ္ဗဇ္ဇာ ဧဝ၊ သာမဏေအဖြစ်ကိုသာလျှင်။ ဂဟိတာ၊ ယူအပ်ပြီ။ ဣတိ သညီ၊ ဤသို့ အမှုတ်ရှိသည်ဖြစ်၍။ ကေဝလံ၊ သက်သက်။ အန္တရာ၊ အကြား၌။ အတ္တာနော၊ မိမိ၏။ သေတဝတ္ထာနိ ဝါသနာဒိဝိပ္ပကာရံ၊ အဝတ်ဖြုတ်ခြင်း စသော ဖောက်ပြန်ခြင်းကို။ ပကာသေတုံ၊ ပြောကြားခြင်းငှါ။ လဇ္ဇန္တော၊ ရှက်သည်ဖြစ်၍။ န ကထေတိ၊ မပြောကြား။ သော၊ သည်။ ထေယျသံဝါသကော၊ သည်။ နု ဟောတိ၊ မဖြစ်။

ဤအရာ၌ လူငယ်သည် သာမဏေအသွင်, ရဟန်းအသွင် ဆောင်၍ ကစားခြင်း, သာမဏေသည် ရဟန်းအသွင်ဆောင်၍ ကစားခြင်းတို့၌ ထေနက မဖြစ်ဟု မှတ်လေ။ ထိုကြောင့် ဝိမတိ ဝိနာဒနီဋီကာ၌–

ဣတ္ထ စ စောဒကဿ ဝိနာပိ ကီဠာဓိပ္ပါယေန လိင်္ဂံ ဂဟေတ္ဝာ ဘိက္ခုနိံ သန္တိကေ ပဗ္ဗဇိတာလယံ ဒသ္သေတ္ဝာ

ဝန္ဒနာဒီနိ အာသာဒိယန္တောပိ "သော်ဘတိ နု ခေါ မေ ပဗ္ဗဇ္ဇိတလိင်္ဂံ"န္တိအာဒိနာ သုဒ္ဓစိတ္တောန ဂဏှန္တောပိ ထေယျသံ-ဝါသကော နု ဟောတီတိ ဒဋ္ဌဗ္ဗံ-

ဟု ဆိုတော်မူ၏။

၃၉။ လိင်ကျသော သာမဏေကို ရဟန်းခံခြင်း

မေး။ ။လိင်ကျမှန်းမသိပဲ ကျ၍နေသော သာမဏေကို ရဟန်းခံရာ ရဟန်းဖြစ်ပါမည်လော။

ဖြေ။ ။လိင်ကျမှန်းမသိ လိင်ကျ၍နေသော သာမဏေကို ရဟန်းခံရာ ရဟန်းဖြစ်သည်။

သစေ တံ ပရိပုဏ္ဏဝီသတိဝဿံ ဥပသမ္ပာဒေန္တိ၊ သူပ-သမ္ပန္နော-

ဟုလာသော မဟာဝါ အဋ္ဌကထာကို တောက်။

ပရိပုဏ္ဏဝီသတိဝဿံ၊ အသက်နှစ်ဆယ်ပြည့်သော။ တံ၊ ထို သီလမရှိသော သာမဏေကို။ သစေ ဥပသမ္ပာဒေန္တိ၊ ရဟန်း ခံပေးကုန်သည်ဖြစ်အံ့။ သူပသမ္ပန္နော၊ ကောင်းစွာ ရဟန်းဖြစ်၏။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း—

သူပသမ္ပန္နောတိ ဝုတ္တတ္တာ ဂဟဋ္ဌပိ သစေ ဥပသမ္ပာဒေန္တိ၊ သူပသမ္ပန္နောတိ အာပန္နော—

ဟု ဖွင့်တော်မူ၏။

သူပသမ္ပန္နောတို့၊ ဟူ၍။ ဝုတ္တတ္တာ၊ အဋ္ဌကထာဆရာ ဆိုသည်၏ အဖြစ်ကြောင့်။ ဂဟဋ္ဌပို၊ လူကိုလည်း။ သစေ ဥပသမ္ပာဒေန္တိ၊ ရဟန်း ခံပေးကုန်သည်ဖြစ်အံ့။ သူပသမ္ပန္နော၊ ကောင်းစွာ ရဟန်းဖြစ်၏။ ဤတိ ဤဒံ ဥတ္ထဇာတံ၊ ဤသို့သော အနုက်သဘောသည်။ အာပန္နံ၊ ရောက်၏။ ပါ၊ ပြီး၏။

ဝဇီရဗုဒ္ဓိဋီကာ စမ္မကွန္ဓကာ အဖွင့်ဋ္ဌလည်း--

အန္ဓမ္ဗကဗမိရော သေသာဝရိတောတဲ့ ကွမိနာ အပဗ္ဗဇ်တာသပိ
ဥပသမ္ပဒါ ရဟတ်တိ သိဒ္ဓံ-

ဟု ဆိုတော်မူ၏။

အန္ဓမ္ဗကဗခိရော၊ ကန်းသော်သူ၊ ဆွံသော်သူ၊ နား မကြားသော်သူ သည်။ သေသာရိတော၊ ရဟန်းခံမူ ကောင်းစွာသွင်းခြင်း မည်၏။ ကွတဲ့ ကွမိနာ၊ ဤပါဠိဖြင့်။ အပဗ္ဗဇ်တာသပိ၊ သာမဏေကဖဟုတ်သော လူကိုလည်း။ ဥပသမ္ပဒါ၊ ရဟန်းခံခြင်းသည်။ရဟတ်၊ ရောက်၏။ ကွာဘိ ကွဒံ အတ္ထဇာတံ၊ သည်။ သိဒ္ဓံ၊ ပြီး၏။

ထိုဋီကာပါဠိဖြင့် လိင်.ဂျ၍ မသိပဲနေသော သာမဏေကို ဆိုဖွယ်မရှိ။ လူကိုပင် ရဟန်းခံသော်လည်း ရဟန်းဖြစ်သည်ဟု ပြဒါတ်မူသည်။

၈၀။ သက်နှံး ခါးတောင်းကျိုက်လျှင် အပြစ်ရှိ-မရှိ

မေး။ ။အချို့ဘုရပ်ဒေသ၌ အချို့ဆရာတို့သည် အမှုကိစ္စ ရွက်ဆောင်သောအခါ သာမဏေတို့အား ခါးတောင်းကျိုက်ခိုင်း၍ ရွက်ဆောင်စေရာ အပြစ်သွတ်ပါမည်လော။

ဖြေ။ ။သာမဏေဖြစ်စေ၊ ရဟန်းဖြစ်စေ သက်နှံးကို ခါးတောင်းကျိုက်၍ မဝတ်အပ်။ အမှုကိစ္စ ဆောင်ရွက်သော အခါ ဖြစ်သော်လည်းကောင်း၊ ဖျားနာရောဂါ ရောက်သော်လည်းကောင်း မအပ်ကုန်။

ဤသို့မအပ်သော သက်နှံးခါးတောင်းကျိုက်ခြင်းကိုပြုသော် ရဟန်းမှာ ဒုက္ကဋ်အာပတ်သင့်သည်။ သာမဏေမှာ ဒဏ်ထိုက်သည်။ ထို သာမဏေတို့အား မအပ်သည်ကို ပြုလုပ်စေသော ဆရာသည် ဒုဿဟဒါန ဒုက္ကဋ် သင့်သည်ဖြစ်၍ အပြစ်မလွတ်။

သံဝလိယံ နိဝါသေန္တိ မလ္လကမ္မကာရဒယော ဝိယ
ကစ္ဆံ ဗန္ဓိတ္ဝာ နိဝါသေန္တိ၊ ဧဝံ နိဝါသေတုံ ဂိလာနသိပိ

မဂ္ဂပ္ပဋိပန္နဿပိ နု ဝဋ္ဋတိ။ ယမ္ပိ မဂ္ဂံ ဂစ္ဆန္တော ဧကံ ဝါ ဒွေ ဝါ ကောဏေ ဥက္ခိပိတ္ဝာ အန္တရဝါသကဿ ဥပရိ လဂ္ဂေန္တိ၊ အန္တော ဝါ ဧကံ ကာသာဝံ တထာ နိဝါသေန္တော ဗဟိ အပရံ နိဝါသေန္တိ၊ သပ္ပံ နု ဝဋ္ဋတိ။ ဂိလာနော ပန အန္တော-ကာသာဝဿ ဩဝဋ္ဋိကံ ဒသော့ဟွာ အပရံ ဥပရိ နိဝါသေတုံ လဗ္ဘတိ။ အဂိလာနေန ဒွေ နိဝါသေန္တေန သဂုဏံ ကတ္ဝာ နိဝါသေတဗ္ဗာနိ—

ဟုလာသော စုဠ္လဝါအဋ္ဌကထာ ဒုဒ္ဒကဝတ္ထု အဖွင့်ကိုထောက်။

သံဝလ္လိယံ နိဝါသေန္တီတိ၊ ဟူသည်ကား။ မလ္လကမ္မကာရာဒယော ဝိယ၊ လက်ဝှေကိုင်သော်သူ, အမှုလုပ်သော်သူ အစရှိသည်တို့ကဲ့သို့။ ကစ္ဆံ ဗန္ဓိတ္ဝာ၊ အောက်ပိုးဖွဲ့၍။ ဝါ၊ ခါးတောင်းကျိုက်၍။ နိဝါ-သေန္တိ၊ ဝတ်ကုန်၏။ ဧဝံ၊ သို့။ နိဝါသေတုံ၊ ဝတ်ခြင်းငှါ။ ဂိလာနသိပိ၊ နာသော်ရဟန်းအား လည်းကောင်း။ မဂ္ဂပ္ပဋိပန္နသိပိ၊ ခရီးသွားသော ရဟန်းအား လည်းကောင်း။ နု ဝဋ္ဋတိ၊ မအပ်၊ မဂ္ဂံ၊ ခရီးသို့။ ဂစ္ဆန္တော၊ သွားသော်ရဟန်းသည်။ ယမ်မိ၊ အကြင်သင်္ကန်းကိုလည်း။ ကံ ဝါ ကောဏံ၊ တစ်ဖန်းကိုလည်းကောင်း။ ဒွေ ဝါ ကောဏေ၊ နှစ်စွန်း တို့ကိုလည်းကောင်း။ ဥက္ခိပိတ္ဝာ၊ မြှောက်၍။ အန္တရဝါသကဿ၊ သင်းပိုင်၏။ ဥပရိ၊ အထက်၌။ လဂ္ဂေန္တိ၊ ဆွဲကုန်၏။ အန္တော ဝါ၊ အတွင်း၌လည်း။ ကံ ကာသာဝံ၊ တထည်သော်သင်းပိုင်ကို။ တထာ၊ ထို့အတူ။ နိဝါသေတ္ဝာ၊ အောက်စွန်းကို အထက်၌တင်ကာညှပ်သဖြင့် ဝတ်၍။ ဗဟိ၊ အပ၌။ အပရံ၊ တထည်ကို။ နိဝါသေန္တိ၊ ဝတ်ကုန်၏။ သပ္ပံ၊ အလုံးစုံသော်ဝတ်ခြင်းသည်။ နု ဝဋ္ဋတိ၊ မအပ်။ ဂိလာနော ပန၊ နာသော်ရဟန်းသည်ကား။ အန္တော၊ အတွင်း၌။ ကာသာဝဿ၊ သင်းပိုင်၏။ ဩဝဋ္ဋိကံ၊ အချိုးကို။ဒသော့ဟွာ၊ ပြု၍။ အပရံ၊ တထည်ကို။ ဥပရိ၊ အထက်၌။ နိဝါသေတုံ၊ ငှါ။ လဗ္ဘတိ၊ ရအပ်၏။ ဝါ၊ အပ်၏။ အဂိလာနေန၊ မနာသော်ရဟန်းသားမူကား သည်။ ဒွေ၊ နှစ်ထည်တို့ကို။

နိဝါသေနွေန၊ ဝတ်သဖြင့်၊ သဂုဏ်၊ နှစ်ထည်ဇပ်သည်ကို။ ကတ္တား ပြု၍။ နိဝါသေတဗွာနိ၊ ဝတ်အပ်ကုန်၏။

နု ဘိက္ခဝေ ပဗ္ဗဇိတေန အာဇီဝပါရယန သမာဒပေတဗ္ဗံ၊ ယော သမာဒပေယျ အာပတ္တိ ဒုက္ကဋဿာ—

ဟု ဟောတော်မူသော ဘေသဇ္ဇက္ခန္ဓကပါဠိဘော်ကိုထောက်။

ဘိက္ခဝေ၊ တို့။ ပဗ္ဗဇိတေန၊ ရဟန်းသည်။ အာဇီဝပါရယန၊ မအပ်သည်ကို။ နု သမာဒပေတဗ္ဗံ၊ မဆောက်တည်စေအပ်။ ဝါ၊ မပြုစေအပ်။ ယော၊ အကြင်ရဟန်းသည်။ သမာဒပေယျ၊ ပြုစေငြားအံ့။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။

ဤသို့လောသော ပါဠို, အဋ္ဌကထာကိုထောက်၍ ဆရာကလည်း မခိုင်းအပ်။ သာမဏေတို့ကလည်း ခါတောင်းမကျိုက်အပ်ဟု သန္နိဋ္ဌာန်ကျ မှတ်လေ။

ထိုသို့ အပြစ်ကိုမသိ၍ သာမဏေတို့အား အမှုကိစ္စရွက်ဆောင်သော အခါ ခါးတောင်းကျိုက်၍ပြုရာတို့၌ ထိုသာမဏေတို့သည် ခါးဖောင်း ကျိုက်၍ လူတို့၏ဝတ်ခြင်းကဲ့သို့ ဝတ်ရသည်၊ ဤသို့လူအဝတ်နှင့် လူ၏ အသွင်တင့်တယ်သည်ဟု စိတ်ကိုဆုံးဖြတ်ခဲ့ခြင်းမှ သာမဏေအပြစ်ကို သာယာဇသင်လည်း ထေယျသံဝါသကဖြစ်သောကြောင့် သာမဏေတို့ ခါးတောင်းကျိုက်သောအရာကို အထူးပြု၍တားမြစ်ရမည်ဟုမှတ်။

ထိုကြောင့် မဟာဝါအဋ္ဌကထာ၌—

သစေပိ ဂိဟိဘာဝံ ပတ္ထယမာနော ကာသာဝံ ဩဝဋ္ဋိကံ ဝါ ကတ္ဝာ အညေန ဝါ မာဏဝေန ဂိဟိနိဝါသနေန နိဝါသေတိ "သောဘတိ နု ခေါ မေ ဂိဟိလိင်္ဂံ နု ခေါ" တိ ဝီမံသနတ္ထံ၊ ဂရုတိ ဟောဝ။ "သောဘတိ" ဟိ သမ္ပဋိစ္ဆိတ္ကာ ပန ပုန လိင်္ဂံ သာဒိယဒန္တာ ထေယျသံဝါသကော ဟောတိ—

ဟု မိန့်ဆိုခဲ့ကာဟ်မူ၏။

ဂိဟိဘာဝံ လူအဖြစ်ကို။ ပတ္ထယေမာဒနာ၊ တောင့်တလျက်။ ကာ-
သာဝံ၊ သက်နှံးကို။ ဩဝဋ္ဋိကံ၊ ချိုးသည်ကို။ ဝါ၊ လိမ်၍ကျစ်သည်ကို။
ကဘ္ဘာ ဝါ၊ ပြု၍လည်းကောင်း။ အဓိဋ္ဌာန၊ ကပါးသော။ အာကာ-
ရဝန္တ ဝါ၊ အမြဲးအရာဖြင့်လည်းကောင်း။ဂိဟိနိဝါသဓနန၊ လူတို့၏ဝတ်
ရုံခြင်းဖြင့်။ နိဝါသေတိ၊ ဝတ်၏။ ဓမ၊ အား။ ဂိဟိလိင်္ဂံ၊ အသွင်သည်။
သောဘာဘိ နုဓခါ၊ တင့်တယ်လေသလော။ နု သောဘတိ နုခေါ၊
မတင့်တယ်လောသလော။ ဣတိ၊ ဘို့။ ဝိမံသနတ္ထံ၊ စုံစမ်းခြင်းငှါ။ နိဝါ-
သေတိ၊ ဝတ်၏။ ရက္ခတိ တာဝ၊ စောင့်သေးသည်သာတည်း။ သော-
ဘတိ၊ လူ၏အသွင်တင့်တယ်၏။ ဣတိ၊ သို့။ သမ္ပဋ္ဌိစ္ဆိတ္ဘာ ပန၊ စိတ်ကို
ဆုံးဖြတ်ပန်ခံပြီ.၍ကား။ ပုန၊ တဖန်။ လိင်္ဂံ၊ သာမဏေအသွင်ကို။
သာဒိယဒန္တော၊ သာယာသည်ရှိသော်။ ထေယျသံဝါသကော၊ သည်။
ဟောတိ၊ ၏။

ဝိဓတိဝိနောဒနိဒ္ဒီကာဋ္ဌကား—

"သောဘတိ" တိ သမ္ပဋ္ဌိစ္ဆိတ္ဘာတိ ကာသာဝဓာရဏော ဓုရံ
နိက္ခိပိတ္ဘာ ဂိဟိဘာဝံ သမ္ပဋ္ဌိစ္ဆိတ္ဘာ—

ဟု ဖွင့်တော်မူ၏။

သောဘတိတိ သမ္ပဋ္ဌိစ္ဆိဟ္ဘာတိ၊ ဟူသည်ကား။ ကာသာဝဓာရဏော၊
သက်နှံးကိုပတ်ခြင်းဌ်။ ဝါ သက်နှံးဟိုးဆောင်ခြင်းဌ်။ ဓုရံ၊ မဝတ်ပြီ
ဟူဒသာဝန်ကို။ နိက္ခိပိတ္ဘာ၊ စိ ်ချ၍။ ဂိဟိဘာဝံ၊ လူ့အဖြစ်ကို။ သမ္ပ-
ဋ္ဌိစ္ဆိတ္ဘာ၊ ဆုံးဖြတ်ဝန်ခံ၍။

ဤသို့လာသော အဋ္ဌကထာ, ဋီကာပါဠိကိုဓထာက်၍ စိတ်ဆိုသည့်
အရာကား အသွန်လျင်မြန်သည်ဖြစ်၍ သာမဏေတို့အား ခါးတောင်း
ကျိုက်ခြင်းကို ခဇစခိုင်းပဲ အပ်သောရုံခြင်းကို နားလည်အောင် သင်ကြား
ဆုံးမရမည်ဟု မှတ်လေ။

၈၁။ ဝါဆိုသောနှစ် ဝါပန်လျှင် အပ်-မအပ်

မေး။ ။ပုရိမဝါဆိုသောရဟန်းသည် ဝါဆိုလပြည့်ကျော်တရက် နှစ်ဦဝါဆို၍ ထိုဝါဆိုသောနှစ်ပင် သင်္ဃာဟာကိစ္စရှိလျှင် ဝါပန်၍ သွားအပ်ပါမည်လော။

ဖြေ။ ။ထိုဝါဆိုသောနှစ်ပင် သင်္ဃာဟာကိစ္စရှိမူ ဝါပန်၍သွားအပ်သည်။

သော တဒဟေဝ အကရဏီယောတိအာဒီသု သစေ ဝဿံ အနုပဂန္ဆာ ဝါ ပက္ကမတိ၊ ဥပဂန္ဆာ ဝါ သင်္ဃာဟံ ဗဟိဒ္ဓါ ဓိတိနာမေတိ။ ပုရိမိကာ စ န ပညာယတိ။ ပဋိသေ စ အာ-ပတ္တိ။ ဝဿံ ဥပဂန္ဆာ ပန အရဏ်ံ အနုဋ္ဌာပေတွာ တဒဟေဝ သင်္ဃာဟကရဏီယေန ပက္ကန္တဿပိ အန္တောသင်္ဃာဟေ နိဝတ္တ-န္တဿ အနာပတ္တိ။ ကော ပန ဝါဒေါ ဒ္ဝိဟတိဟံ ဝဿိတွာ အန္တောသင်္ဃာဟေ နိဝတ္တန္တဿ-

ဟု လာသော ဝဿူပနာယိကက္ခန္ဓကအဋ္ဌကထာကိုထောက်။

သော တဒဟေဝ အကရဏီယောတိအာဒီသု၊ စသည်တို့၌။ ဝဿံ၊ ဝါသို့။ အနုပဂန္ဆာ ဝါ၊ မကပ်မူ၍လည်း။ သစေ ပက္ကမတိ၊ သွားအံ့။ ဥပဂန္ဆာ ဝါ၊ ဝါဆို၍လည်း။ သင်္ဃာဟံ၊ ခုနစ်ရက်ကို။ ဝါ၊ ခုနစ်ရက်ပတ်လုံး။ ဗဟိဒ္ဓါ၊ အပ၌။ ဓိတိနာမေတိ၊ လွန်စေ၏။ ပုရိမိကာ စ၊ ပဌမဝါသည်လည်း။ န ပညာယတိ၊ မထင်။ ပဋိသေ စ၊ ဝန်ခံခြင်း ကြောင့်လည်း။ အာပတ္တိ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဝဿံ၊ ဝါသို့။ ဥပ-ဂန္ဆာ ပန၊ ကပ်ပြီး၍ကား။ အရဏ်ံ၊ အနေ့ကို။ အနုဋ္ဌာပေတွာ၊ မတက်စေမူ၍။ တဒဟေဝ၊ ထိုဝါဆိုသောနေ့၌သာလျှင်။ သင်္ဃာဟကရဏီ-ယေန၊ သင်္ဃာဟကိစ္စဖြင့်။ ပက္ကန္တဿပိ၊ ဝါပန်၍သွားသော ရဟန်း အားလည်း။ အန္တောသင်္ဃာဟေ၊ ခုနစ်ရက်အတွင်း၌။ နိဝတ္တန္တဿ၊ ပြန်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။ ဒ္ဝိဟတိဟံ၊ နှစ်ရက်သုံးရက်ကို။ ဝဿိတွာ၊ နေ၍။ အန္တောသင်္ဃာဟေ၊ ခုနစ်ရက်အတွင်း၌။

နိဝတ္တန္တဿ၊ ပြန်သောရဟန်းအား။ ကော ပန ဝါဒေါ၊ အဘယ် ဆိုဖွယ်ရာရှိအံ့နည်း။

ဤအရာ၌ "အနုဋ္ဌာပေတွာ" ဟူသောအဋ္ဌကထာပါဠိသည် အချို့ ပေတို့၌ "ဥဋ္ဌာပေတွာ" ဟု ရှိသည်။ ထိုသို့ရှိသင့်၊ "အနုဋ္ဌာပေတွာ" ဟူ၍သာ မြစ်အပ်သော အန-သဒ္ဒါဖြင့် ရှိသင့်သည်။

ထိုကြောင့် ဝိနယဝိနိစ္ဆယဋီကာ၌—

"'အနုဋ္ဌာပေတွာ ပုနာရုဏ်'ဆိုသော ပါဠိတော်ကဲ့သို့ 'ဥဋ္ဌာပေတွာ'တိ ပါဠိတော် ဒီဃတိ၊ လော နု ဂဟေတဗ္ဗော—

ဟု ဆိုခဲ့ပေ၏။

၈၂။ ဥပစာရသီမာအပြင်ဘက်ရောက်မှ ဝါပြန်ပန်ခြင်း

၆၃။ ။ဝါပြန်သောရဟန်းသည် သတိမေ့၍ ဥပစာရသီမာအပြင်ဘက်ရောက်မှ သတိရ၍ ဝါပြန်ပန်ရာ ဝါပျက်မည်လော။

၆၄။ ။သတိမေ့၍ ဥပစာရသီမာအပြင်ဘက်ရောက်မှ သတိရ၍ ဝါပြန်ပန်ရာ မရဏိုက်၊ ဝါမပန်ပဲ ဥပစာရသီမာကိုလွန်သောခဏ၌ပင် ဝါပျက်သည်။

ဧဝံ ဂစ္ဆန္တေန စ အန္တောဥပစာရသီမာယံ ဌိတေနေဝ "အန္တောသပ္ပါဒမှာ အာဂစ္ဆိဿာမိ"တိ အာဘောဂံ ကတ္တာ ဂန္တဗ္ဗံ။ သစေ အာဘောဂံ အကတ္တာ ဥပစာရသီမံ အတိက္ကမတိ၊ ဆိန္နဝဿော ဟောတိတိ ဝဒန္တိ—

ဟုလာသော ဧတရဋ္ဌကထာဋီကာ, ဝိနိစ္ဆယဋီကာတို့ကို ထောက်။

ဧဝံ၊ ဤသို့။ ဂစ္ဆန္တေန စ၊ သတ္တာဟကိစ္စဖြင့် သွားသောရဟန်း သည်လည်း။ အန္တောဥပစာရသီမာယံ၊ ဥပစာရသီမ်တွင်း၌။ ဌိတေနေဝ၊ တည်လျက်သာလျှင်။ အန္တောသတ္တာဟေ၊ ခုနစ်ရက်အတွင်း၌။ အာဂစ္ဆိ-

သာမိ၊ ပြန်ခဲ့ဒုံ။ ဣတိ၊ သို့။ အာဘောဂုံ၊ နှုလုံးသွင်းခြင်းကို။ ကတ္တာ၊ ၍။ ဂန္တဗ္ဗံ၊ သွားအပ်၏။ အာဘောဂံ၊ ကို။ အကတ္တာ၊ မပြုမူ၍။ ဥပဇ္ဈာရသိမံ၊ ဝါဆိုသောကျောင်းတိုက် ဥပစာရသိမ်ကို။ သစေ အတ်ဣ-မတိ၊လွန်သည်ဖြစ်အံ့။ ဆိန္နဝဿော၀၊ ဝါပျက်သည်သာလျှင်။ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

ထိုဋီကာ၌ ဝဒန္တိ စကားသည် "ဒ္ဝိဟ္ဒတိဟံ ဝသိတ္ဘာဘိ ဇ္ဈာပိ နိရပေက္ခေနေဝ ဥပစာရတိက္ကမေ ဝဿစ္ဆေဒါ ဝေဒိတဗ္ဗော" ဟု လာသော ဝဿူပနာယိကက္ခန္ဓက အဋ္ဌကထာနှင့်ညီသည်။

ဝိမတိဝိနောဒနီ ဋီကာ၌ကား-

> ဂန္တုံ ဝဋ္ဋတီဘိ အန္တောဥပစာရသီမာယံ ဌိတေနေဝ သတ္တာ-ဟကရဏီယနိမိတ္တံ သလ္လက္ခေတ္ဘာ ဣမိနာ နိမိတ္တေန ဂန္ဆာ "အန္တောသတ္တာဟေ အာဂမိဿာမိ"တိ အာဘောဂံ ကတ္ဘာ ဂန္တုံ ဝဋ္ဋတိ။ ပုရိမက္ခဏေ အာဘောဂံ ကတ္ဘာ ဂမနက္ခဏေ ဝိသရိတ္ဘာ ဂဏတိ ဒေါသော နတ္ထိ၊ သကရဏီယော ပက္ကမ-တိတိ ဝုတ္တတ္တာ။ သဗ္ဗထာ ပန အာဘောဂံ အကတ္ဘာ ဂတဿ ဝဿစ္ဆေဒေါတိ ဝဒန္တိ။ ယော ပန သတ္တာဟကရဏီနိယမိတ္တာ-ဘာဝေပိ "သတ္တာဟဗ္ဘန္တရေ အာဂမိဿာမိ"တိ အာဘောဂံ ကတ္ဘာ သတ္တာဟဗ္ဘန္တရေ အာဂစ္ဆတိ၊ တဿ အာပတ္တိယေဝ၊ ဝဿစ္ဆေဒေါ နတ္ထိ၊ သတ္တာဟာဿ သန္နိဝတ္တတ္တာတိ ဝဒန္တိ။ ဝိမံသိတ္ဘာ ဂဟေတဗ္ဗံ-

ဟု ဆိုဟော်မူသည်။

ဂန္တုံ ဝဋ္ဋတီတိ၊ ဟူသည်ကား။ အန္တောဥပစာရသီမာယံ၊ ဌိတေနေဝ၊ လျှင်။ သတ္တာဟကရဏီယနိမိတ္တံ၊ သတ္တာဟကိစ္စ အာဒကြောင်းကို။ သလ္လက္ခေတ္ဘာ၊ မှတ်၍။ ဣမိနာ နိမိတ္တေန၊ ဤအကြောင်းဖြင့်။ ဂန္ဆာ၊ ၍။ အန္တောသတ္တာဟေ၊ ခုနစ်ရက်အတွင်း၌။ အာဂမိဿာမိ၊ ပြန်ခဲ့ပါအံ့။ ဣတိ၊ သို့။ အာဘောဂံ၊ ကို။ ကတ္ဘာ၊ ၍။ ဂန္တုံ၊ ငှာ။

ဝဋ္ဋတိ၊ ၏။ ပုရိမက္ခဏေ၊ မသ္ဒးမိရွေအဖို့ကာလဋ္ဌ။ အာဘောဂံ၊ ဝါပန် ဒုံဟု နှလုံးသွင်းခြင်းကို။ ဝါ၊ ခုနစ်ရက်အတွင်း ပြန်အုံဟု နှလုံးသွင်းခြင်းကို။ ကတွာ၊ ၍။ ဂမနက္ခဏေ၊ သွားသောဧဏဋ္ဌ။ ဝိသရိတွာ၊ သတိမေ့၍။ ဂတေပိ၊ သွားသော်လည်း။ ဒေါသော၊ သည်။ နတ္ထိ၊ မရှိ။ သကရဏီယော ပက္ကမတိတိ၊ ဟူ၍။ ပုတ္တတွာ၊ ဟောတော်မူသော ကြောင့်တည်း။ သဗ္ဗထာ ပန၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အာဘောဂံ၊ ကို။ အကတွာ၊ ၍။ ဂတာဃ၊ သွားသောရဟန်းအား။ ဝဿစ္ဆေဒေါ၊ ဝါပြတ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ယော ပန အကြင်ရဟန်းသည်။ သတ္တာဟကရဏီယနိမိတ္တာဘာဝေပိ၊ သတ္တာဟကိစ္စအကြောင်း မရှိသော်လည်း။ သတ္တာဟဗ္ဘန္တရေ၊ ခုနစ်ရက်အတွင်း၌။ အာဂမိဿာမိ၊ လာအုံ။ ဣတိ၊ သို့။ အာဘောဂံ၊ ကို။ ကတွာ၊ ၍။ သတ္တာဟဗ္ဘန္တရေ၊ ၌။ အာဂစ္ဆတိ၊ ပြန်လာ၏။ တဿ၊ ထိုရဟန်းအား။ အာပတ္တိယေဝ၊ အာပတ်သာလျှင် သင့်၏။ ဝဿစ္ဆေဒေါ၊ ဝါပြတ်ခြင်း သည်း နတ္ထိ၊ မရှိ။ သတ္တာဟဿ၊ ခုနစ်ရက်အတွင်း၌။ သန္နိဇတွတွာ၊ ပြန်လာသည်၏ အဖြစ်ကြောင့်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဝိမံသိတွာ၊ စုံစမ်း၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

ထို ဝိမတိဝိနောဒနီဋီကာဋ္ဌ "ပုရိမက္ခဏေ အာဘောဂံ ကတွာ။ပ။ ဝဿစ္ဆေဒေါတိ ဝဒန္တိ" ဟု ပြသောစကားအရ မသ္ဒးမိ ရှေ့အဖို့က ဝါပန်၍သွားရမည်၊ ခုနစ်ရက်အတွင်း ပြန်လာမည်ဟု နှလုံးသွင်း၍ သွားသောအခါ သတိမေ့၍ ဝါမပန်မိသော်လည်း အပြစ်မရှိ။ အခါ ခပ်သိမ်း နှလုံးမသွင်းမူ၍ သွားသော ရဟန်းသာ ဝါပျက်သည်ဟု ဆိုသောစကားကို—

သမ္မာပုဏိတုံ နု သက္ကောန္တိ ဝဋ္ဋတိတိ ဇတ္ထ "အဇ္ဇေဝ အာဂမိဿာမိ" တိ သာမန္တဝိဟာရံ ဂန္ဒွာ ပုန အာဂစ္ဆန္တဿ အန္တရာမဂ္ဂေ သစေ အရုဏုဂ္ဂမနံ ဟောတိ၊ ဝဿစ္ဆေဒေါပိ နဟောတိ၊ ရတ္တိစ္ဆေဒဒုက္ကဋ္ဌာ နတ္ထိ။ တဒဟေဝ အာဂမနေ သဉ္ဇာဟတ္တာ ဝဿစ္ဆေဒေါ ဝါ အာပတ္တိ ဝါ နဟောတိတိ အဓိပ္ပါယော—

ဟုလာသော ဝိနယာလင်္ကာရဋီကာ, သာရတ္ထဒီပနီဋီကာတို့ကို ထောက်၍ သင့်လျော် ယုတ်ရှိသောစကားဟု မှတ်ရမည်။

သမ္မာပုဏိတုံ နု သင်္ကောန္တိ ဝဋ္ဋတီတိ ဇ္ဈေ၊ ဦ။ အဇ္ဈေဝ၊ ယနေ့ ပင်လျှင်။ အာဂမိဿာမိ၊ ပြန်လာအံ့။ ဣတိ၊ သို့။ သာမန္တဝိဟာရံ၊ အနီးဖြစ်သောကျောင်းသို့။ ဂန္ဒွာ၊ သွား၍။ ပုန၊ တဖန်။ အာဂစ္ဆန္တိဿ၊ ပြန်လာသောရဟန်းအား။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ အရုဏုဂ္ဂမနံ၊ အရုဏ်တက်သည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ဝဿဂ္ဂေဒေါ ဝါ၊ ဝါ ပြတ်ခြင်းသည်လည်း။ နု ဟောတိ၊ မဖြစ်။ ရတ္တိဿေဒဒုက္ကဋ္ဌာ၊ ည၌ ပြတ်၍ ဒုက္ကဋ်သည်လည်း။ နတ္ထိ၊ မရှိ။ တဒုဘေဝ၊ ထိုနှစ်ခုလျှင်။ အာဂမနေ၊ လာခြင်း၌။ သဉ္ဇာဟဘ္ဘာ၊ အားထုတ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ဝဿဂ္ဂေဒေါ ဝါ၊ သည်လည်းကောင်း။ အာပတ္တိ ဝါ၊ သင့်သည်လည်းကောင်း။ နု ဟောတိ၊ မဖြစ်။ ဣတိ အယံ၊ သည်လျှင်။ အဓိပ္ပါယော၊ တည်း။

ထိုဝိမတိဝိနောဒနီဋီကာ၌ "ယော ပန သတ္တာဟကရဏီယနိမိတ္တာဘာဝေပိ။ပ။ဝဒ္ဓန္တိ။ ဝိမံသိဘာ ဂဟေတဗ္ဗံ"ဟု ပြသော ဝဒန္တိစကား အရ "သတ္တာဟကိစ္စ မရှိပဲ သွားသော်လည်း ခုနစ်ရက်အတွင်း၌ ပြန်သောကြောင့် အာပတ်သာ သင့်သည်၊ ဝါမပျက်" ဟူသော ဆရာတို့စကားကို-

အနိမန္တိတေန ဂန္တုံ နု ဝဋ္ဋတီတိ ဇ္ဈေ အနိမန္တိတတ္တာ သတ္တာဟကိစ္စံ အဓိဋ္ဌဟိတ္တာ ဂစ္ဆန္တိဿာပိ ဝဿဂ္ဂေဒေါ စေဝ ဒုက္ကဋ္ဌော ဟောတိတ ဝေဒိတဗ္ဗော-

ဟုလာသော သာရတ္ထဒီပနီဋီကာကိုထောက်၍ ပယ်အပ်သည်ဟု မှတ်။

အနိမန္တိတေန ဂန္တုံ နု ဝဋ္ဋတီဘိ ဇ္ဈေ၊ ဦ။ အနိမန္တိတတ္တာ၊ မငင့်ဖိတ်အပ်သည်၏အဖြစ်ကြောင့်။ သတ္တာဟကိစ္စံ၊ ကို။ အဓိဋ္ဌဟိတ္တာ၊ ၍။ ဂစ္ဆန္တိဿာပိ၊ သွားသောရဟန်းအား၊လည်း။ ဝဿဂ္ဂေဒေါ စေဝ၊

ဝါပျက်ခြင်းသည်လည်းကောင်း။ ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သည် လည်းကောင်း။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

၈၃။ ဝါပန်ရက်အတွင်း ကျောင်းသို့ခဏဝင်၍ ခရီးဆက်သွားခြင်း

မေး။ ။အကြင်ရဟန်း သည် ဝါဆိုသော ကျောင်း၏ အရှေ့တတိုင်ကွာအရပ်က ညဉ့်အိပ်ပင့်၍ သတ္ထာဟကိစ္စဖြင့် ဝါပန်၍သွားရာမိမိဝါဆိုသောကျောင်း၏အနောက် တတိုင်ကွာ အရပ်ကလည်း နောက်တရက် ညဉ့်အိပ်ဆက်၍ ပင့်ဖိတ်လျှင် ဝါဆိုသောကျောင်းသည် အလယ်လမ်းခရီးကျ၍ နောက်တရက် ပင့်ရာ အနောက် အရပ်သို့ လာလျှင် ကျောင်းတွင်းသို့ဝင်၍ ညဉ့်မအိပ်ပဲ သတ္ထာဟကိစ္စဖြင့်သွားရာ အပ်ပါမည်လော။

ဖြေ။ ။အကြင်ရဟန်းသည် ပဌမပင့်ရာအရပ်သို့ သတ္ထာဟကိစ္စဖြင့် တညဉ့်အိပ် ဝါပန်၍သွားရာ လိုက်လာ၍ တရွာက တညဉ့်အိပ် ပင့်ပြန်သည် ဖြစ်၍ နောက်ထပ်ပင့်သောရွာသို့ ပဌမသတ္ထာဟဖြင့် သွားမည်ဟု ကြံ၍လာရာ ဝါဆိုသောကျောင်းသည် လမ်းခရီးအနီးဖြစ်၍ ခဏဝင်နား၍ သွားသော်သည်း ခုနစ်ရက်အတွင်းဖြစ်၍ အပြစ်မရှိ အပ်သည်။

အကြင်ရဟန်းသည် ပဌမ တညဉ့်အိပ်ပင့်၍ သတ္ထာဟကိစ္စဖြင့် ဝါပန်ကာ သွား၍ ကျောင်းသို့ပြန်သာရာ တရွာက ထပ်၍ တညအိပ် ပင့်ပြန်လျှင် ထိုကျောင်း၌ အရဏ်မဘက်စေ့ ဝါပန်၍လိုက်သော်လည်း ခုနစ်ရက် အတွင်းပင်ဖြစ်၍ အပြစ်မရှိ အပ်သည်။

ယထာ ဝသေ ဝတ္ထာ အရဏ အနုဋ္ဌာပေတ္ဝာဝ သတ္ထာဟ-
ကရဏီယေန ဂစ္ဆတော အနာပတ္တိ၊ တထာ ဂတဋ္ဌာနတော
အန္တောသတ္တာဟေ အာဂန္ဆာ ပုနပိ အရဏံ အနုဋ္ဌာပေတ္ဝာဝ
သတ္ထာဟကရဏီယေန ဂစ္ဆတော အနာပတ္တိ။ သတ္ထာဟဝါရေန
အရဏေ ဥဋ္ဌာပေတဗ္ဗောတိ အဋ္ဌကထာဝစနံ သတ္ထာဟာ-
ရဏေန ပဋိပဒ္ဓဒိဝသံ သတ္တမ အရဏေနေဝ သင်္ဂဟေတ္ဝာ
သတ္တမအရဏဘဉ္ဇနရေ အနာဂန္ဆာ အဋ္ဌမံ အရဏံ ပဟိ

ဥဋ္ဌာပေန္တိဿ ရတ္တိစ္ဆေဒဒဿနပဒံ။ သတ္တမဗာရဏသော တတ္ထ ဥဋ္ဌာပေတဗ္ဗဘာဝဒဿနပဒန္တိ ဂဟေတဗ္ဗံ—

ဟု လာသော ဝိနယဝိနိစ္ဆယဋီကာကိုထောက်။

ထိုအဌကထာ၌ "ပရံ ယောဇနသတိကမိုံ ဝဋ္ဋတိ" ဟူသဿပါဌ်ဖြင့် ယူဇနာတရာရှိသော ဇောနိမိတ်ကို ကြားအပ်သည်ဟုဆိုသဖြင့် ဤအရပ်ဒေသ၌ တခုသောကျောင်း တိုက်တာပမာဏထက် ကြီးကျယ်သော မဟာသိမ်ဧရိုးကြောင်းကို ဆဤသိအပ်သည်။ ထို အဌကထာပါဌ်ကိုပင် ထောက်၍ ဂါမသိမ်နှင့် ဗဒ္ဓသိမ်စပ်၍ မပျက်ကြောင်းကို သိအပ်သည်။

၁၂၀။ မဟာသိမ်, ခဏ္ဍသိမ် ယှဉ်တွဲ၍သမုတ်ခြင်း

မေး။ ။မဟာသိမ်, ခဏ္ဍသိမ် နှစ်လုံးယှဉ်တွဲ၍ သမုတ်ပုံကို အာသို မူတ်ရပါအုံးနည်း။

ဖြေ။ ။ထိုအမေးဌ်–

သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ကေဝိသတိ ဘိက္ခူ။ ဂဏ္ဌာတိ၊ ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ။ပရံ ဘိက္ခုသဟဿံ ဂဏ္ဌန္တိပိ ဝဋ္ဋတိ။ တံ ဗဒ္ဓဇေတ္ထိ သီမာမာဒ္ဒကဿ သမန္တာ နိမိတ္တာုပဂါ ပါသာဏာ ဌဒပတဗ္ဗာ။ တတြာယံ ဗဒ္ဓနဝိဓိ- သမန္တာ "ဧသော ပါသာဏော နိမိတ္တ"န္တိ ဧဝံ နိမိတ္တာနိ ကိတ္တေဘ္ဝာ ကမ္မဝါစာယ သီမာ သမ္မန္နိတဗ္ဗာ။ အထ တဿာ ဧဝ ဒဋ္ဌကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာ ကာတဗ္ဗာ။ သီမံ သမ္မန္နိဘ္ဝာ ဗဟိ သီဓန္တိရိကပါသာဏာ ဌပေတဗ္ဗာ။

သစေ ဝိဟာရော မဟာ ဟောတိ၊ ဒ္ဝေပိ တီဏိသောပိ တတုတ္တရိပိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ။ ဧဝံ ခဏ္ဍသီမံ သမ္မန္နိတ္ဘ္ဝာ မဟာသီမာသမ္ဘုတိကာလေ ခဏ္ဍသီမတော နိက္ခမိတ္ဘ္ဝာ မဟာ- သီမာယ ဌတ္ဘ္ဝာ သမန္တာ အနုပရိယာယန္တေဟိ သီမန္တရိကပါ- သာဏာ ကိဒ္ဓတ္တာတဗ္ဗာ။တဒတာ အဝသေသနိမိတ္တာနိ ကိတ္တေတ္ဝာ ဟတ္ထပါသံ အဝိဇဟန္တေဟိ ကမ္မဝါစာယ သမာနသံဝါသက- သီမံ သမ္မန္နိတ္ဘ္ဝာ တဿာ ဒဋ္ဌကမ္မတ္ထံ အဝိပ္ပဝါသကမ္မဝါစာပိ ကာတဗ္ဗာ–

ဟုလာသော မဟာဝါအဌကထာကိုထောက်၍ သိရမည်။

အဋ္ဌကထာပါဠိမှာ လိုရင်း ပါဠိကိုသာ ထုတ်၍ ရေးလိုက်သည်။ အပြည့်အစုံကိုလိုမူ ၎င်းအဋ္ဌကထာမှာ ရှုခဲလ။ လိုရင်း အဓိပ္ပါယ်ကား— ရဟန်း နှစ်ကျိပ်တယောက် ထိုင်နေလောက်သည်ကစ၍ ရဟန်းတထောင်ဆန့်သည်တိုင်အောင် ခဏ္ဍသိမ်မည်သည်၊ ရဟန်း တထောင်တယောက်လွန် ဆန့်သည်ကစ၍ သုံးယူဇနာတိုင်အောင် မဟာသိမ် မည်သည်။ တခု သောကျောင်းတိုက်တာဝဠ် ခဏ္ဍသိမ်, မဟာသိမ်သမုတ်လိုမူ သင့်လျော်ရာ အရပ်၌ အလိုရှိသမျှ ခဏ္ဍသိမ်ပမာဏကိုထား၍ ထက်ဝန်းကျင် အရပ်လေးမျက်နှာဖြစ်စေ၊ ရှစ်မျက်နှာဖြစ်စေ ကျောက်နိမိတ်တို့ကိုထားရမည်။ ထိုခဏ္ဍသိမ်ကျောက်နိမိတ်၏ အပြင်ဘက် ထက်ဝန်းကျင်ပတ်လည်လှည့်၍ အလိုရှိသမျှ မဟာသိမ်ပမာဏကို မှတ်သား၍ ထို့မဟာသိမ်၏ အစွန်အရပ်၌ လေးမျက်နှာဖြစ်စေ၊ ရှစ်မျက်နှာဖြစ်စေ နိမိတ်ကျောက်တို့ကို ထားရမည်။ ထိုသို့ထားပြီးမူ ရှေးဦးစွာ ခဏ္ဍသိမ်၌နေ၍ နိမိတ်ကိုကြားပြီးလျှင် ကမ္မဝါစာဖြင့် သမုတ်ရမည်။ ထိုသို့ ခဏ္ဍသိမ်ကို သမုတ်ပြီးမှ ခဏ္ဍသိမ်၏ ကျောက်နိမိတ်တို့ကိုဖြစ်စေ၊ တပါးသော ကျောက်နိမိတ်တို့ကိုဖြစ်စေ၊ ခဏ္ဍသိမ်နှင့်မစပ်အောင် ခဏ္ဍသိမ်၏အပဖြစ်သော သိမန္တရိက်၌ ထားရမည်။ ထိုသို့ထားပြီးလျှင် ခဏ္ဍသိမ်မှထွက်၍ မဟာသိမ်၌နေ၍ ခဏ္ဍသိမ်၏အနောက်မျက်နှာ သိမန္တရိက်၌ထားသော ကျောက်နိမိတ်ကို မဟာသိမ်၏အရှေ့မျက်နှာ ကျောက်နိမိတ်ပြု၍ ကြားရမည်။ ခဏ္ဍသိမ်၏ မြောက်မျက်နှာ သိမန္တရိက်၌ ကျောက်နိမိတ်ကို ထောင်မျက်နှာကျောက်နိမိတ်ပြု၍ ကြားရမည်။ ခဏ္ဍသိမ်၏အရှေ့ သိမန္တရိက်၌ ကျောက်နိမိတ်ကို အနောက်မျက်နှာ ကျောက်နိမိတ်ပြု၍ ကြားရမည်။ ခဏ္ဍသိမ်၏တောင်မျက်နှာ သိမန္တရိက်၌ ကျောက်နိမိတ်ကို မဟာသိမ်၏မြောက်မျက်နှာ ကျောက်နိမိတ်ပြု၍ကြားရမည်။ ရှစ်မျက်နှာ၌ နိမိတ်ရှိလျှင် ရှစ်မျက်နှာစေ့အောင် ကြားရမည်။ ရှေးဦးစွာ ခဏ္ဍသိမ်၌ကြားပြီးသောနိမိတ်ကို တဖန်ထပ်၍ကြားပြီးမှ မဟာသိမ်၏ ပြင်ဘက်အစွန်း ထက်ဝန်းကျင် အရပ်၌ ထားသောနိမိတ်တို့ကို ခဏ္ဍသိမ်၌ကြားသကဲ့သို့ အစဉ်အတိုင်း ကြားရမည်။ ဤသို့အတွင်းအပတို့၌ နိမိတ်တို့ကိုကြားပြီးမှ မဟာသိမ်ကို ကမ္မဝါစာဖြင့် သမုတ်ရသည်ဟု ပြတော်မူသည်။

ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

သီမန္တံရိကပါသာဏာကိ သီမန္တရိကာယ ဌပိတနိမိတ္တပါသာ-ဏာ။ တေ ပန ကိတ္တေန္တေန ပဒက္ခိဏတော အနုပရိယာယ-န္တေနေဝ ကိဏ္ဏတမ္ပဇာ။ ကထံ? ခဏ္ဍသီမတော ဟိ ပစ္ဆိမာယ ဒိသာယ ပုရတ္ထာဘိမုခေန ဌတ္ဝာ ပုရတ္ထိမာယ ဒိသာယ ကံ နိမိတ္တ''န္တိ တတ္ထ သဗ္ဗာနိ နိမိတ္တာနိ အနုက္ကမေန ကိတ္တေတွာ၊ တထာ ဥတ္တရာယ ဒိသာယ ဒက္ခိဏာဘိမုခေန ဌတ္ဝာ ''ဒက္ခိဏာယ ဒိသာယ ကိံ နိမိတ္တ''န္တိ အနုက္ကမေန ကိတ္တေတွာ၊ တထာ ပုရတ္ထိ-မာယ ဒိသာယ ပစ္ဆိမာဘိမုခေန ဌတွာ ''ပစ္ဆိမာယ ဒိသာယ ကိံ နိမိတ္တ''န္တိ အနုက္ကမေန ကိတ္တေတွာ၊ တထာ ဒက္ခိဏာယ ဒိသာယ ဥတ္တရာဘိမုခေန ဌဟွာ ''ဥတ္တရာယ ဒိသာယ ကိံ နိမိတ္တ''န္တိ တတ္ထ သဗ္ဗာနိ နိမိတ္တာနိ အနုက္ကမေန ကိတ္တေတွာ ပုန ပစ္ဆိမာယ ဒိသာယ ပုရတ္ထာဘိမုခေန ဌတွာ ပုရိမက္ကမေန ကိတ္တေတွာ ဝုတ္တနယေန ပုန ကိတ္တေတဗ္ဗံ။ တတော တိ ပစ္ဆာ။ အဝသေသနိ-မိတ္တာနိတိ မဟာသီမာယ ဗဟိရန္တရေသု အဝသေသနိမိတ္တာနိ-ဟု ဖွင့်တော်မူသည်။

ဤအဋ္ဌကထာ၌ ''သစေ ဝိဟာရော မဟာ ဟောတိ၊ ဒွေပိ တိသော်ပိ တတုတ္တရိပိ ခဏ္ဍသီမာယော ဗန္ဓိတဗ္ဗာ''ဟူသော ပါဠိဖြင့် ထိုကဲ့သို့ ခဏ္ဍသီမ်, မဟာသီမ်သမုတ်ခြင်းသည် သာသနာရောက်ရာ အရပ်တိုင်းတို့၌ ၎ရှိနိုင်၊ မဖြစ်နိုင်။ သာသနာအလွန်ထွန်း၍ ရဟန်း သံဃာ အလွန်ပေါများသော ရဟန်းတို့နေရာ၌ သမုတ်လိုက ခဏ္ဍသီမ် ၂-လုံး, ၃-လုံးကိုသာ သမုတ်အပ်ကြောင်းကို ပြတော်မူသည်ဟု မှတ်ယူ သင့်သည်။ အကယ်၍ ထိုထိုအရပ်၌သမုတ်လို၍ မဟာသီမ် သမုတ်ကြ သော်လည်း ပမာဏထက်ကြီးကျယ်သော မဟာသီမ်ကို သမုတ်နိုင်ဖို့ အခွင့်မရှိ။ သမုတ်နိုင်သော်လည်း နောက်နောက်ကာလအဆုတ်၌ မင်း, မှူး, မတ်, ပြည်သူ လူချင်ရဟန်းတို့ပင် သဒ္ဓါကြည်ညိုဖို့ အခွင့်မရှိ။ သိမ်နုတ်သမုတ်သောအရာသည် ကြီးစွာသော လုံလပြုအပ်သည့် အရာ

ဖြစ်၍ အများသံဃာတို့ဆန္ဒပမာဏကိုသိ၍ ပြုအပ်သောအရာဖြစ်၍လည်း ကြီးကျယ်သောမဟာသိမ်သမုတ်နိုင်ဖို့ အခွင့်မရှိ။ ထို့ကြောင့် ဤအရပ်ဒေသ၌ တခုသောကျောင်းတိုက်ပမာဏထက် ကြီးကျယ်သောမဟာသိမ်မရှိဟု သံသယကိုဖြတ်ပယ်၍ သိမ်နှုတ်, သိမ်သမုတ်ကြသောအစီအစဉ်ကို ပြုလုပ်စီရင်ရမည်။

၁၂၁။ မြေညှို၍ သိမ်နှုတ်ခြင်း, သမုတ်ခြင်း

မေး။ ။သိမ်သမုတ်လိုသောနေရာ၌ အုတ် ကျောက် စသည်တို့ဖြင့် မြင့်အောင်စီ၍ သိမ်နှုတ်ခြင်း, သမုတ်ခြင်းကို ပြုအပ်ပါမည်လော။

ဖြေ။ ။အုတ် ကျောက် စသည်တို့ဖြင့် မြင့်အောင်စီ၍ပြီးမှ သိမ်နှုတ်ခြင်း, သမုတ်ခြင်းကို ပြုအပ်သည်။

ယဿ ပန ဧဒ္ဓ ကူဋ္ဌာနိ အာသန္နေ ဌိတာနိ၊ ကေဿပိ ဥပရိ သီမပပ္ပမာဏံ န ပဟောတိ၊ တဿ ကူဋ္ဌန္တရံ စိနိတ္ဝာ ပူရေတ္ဝာ ဝါ ကောဗဒ္ဓံ ကတ္ဝာ ဥပရိ သီမာ သမ္မန္နိတဗ္ဗာ-ဟု လာသော မဟာဝါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖဉ်ကိုထောက်။

ယဿ ပန၊ အကြင်တောင်၏။ ဧဒ္ဓ ကူဋ္ဌာနိ၊ ၂-ခုသောအထုတ်တို့သည်။ အာသန္နေ၊ အနီး၌။ ဌိတာနိ၊ တည်ကုန်၏။ ကေဿပိ၊ တခုသောတောင်ထုတ်၏လည်း။ ဥပရိ၊ အထက်၌။ သီမပပ္ပမာဏံ၊ သိမ်ပမာဏသည်။ န ပဟော:တိ၊ မလောက်။ တဿ၊ ထိုတောင်၏။ ကူဋ္ဌန္တရံ၊ အထုတ် ၂-ခုအကြား၌။ စိနိတ္ဝာ ဝါ၊ ဧ၍လည်းကောင်း။ ပူရေတ္ဝာ ဝါ၊ ပြည့်စေ၍လည်းကောင်း။ ကောဗဒ္ဓံ၊ တစပ်တည်းစပ်သည်ကို။ ကတ္ဝာ၊ ပြု၍။ ဥပရိ၊ အထက်၌။ သီမာ၊ သိမ်ကို။ သမ္မန္နိတဗ္ဗာ၊ သမုတ်အပ်၏။

၁၂၂။ သိမ်သမုတ်ပြီးမှ မြေညှိခြင်း

မေး။ ။ချိုင့်ဝှမ်းရာ၌သိမ်သမုတ်ပြီးမှ မြင့်အောင် အုတ်စသည်ဖြင့် ပြုအပ်ပါမည်လော။

ဖြေ။ ။နိမ့်ရာအရပ်၌သိမ်သမုတ်ပြီးမှ အုတ်ကျောက်စသည်တို့ဖြင့် မြှုံ့အောင်ပြုရာ အပြစ်မ့ရှိ၊ အပ်သည်သာ။

ခဏ္ဍသီမာ နီစဝတ္ထုကာ ဟောတိ၊ တံ ပုဏ္ဏေတ္ဝာ ဥစ္စဝတ္ထုကံ ကရောန္တိ သီမာယေဝ။ သီမာယ ဂေဟံ ကရောန္တိ၊ သီမဋ္ဌကမေဝ ဟောတိ—

ဟု လာသော ဥပေါသထက္ခန္ဓကအဋ္ဌကထာကိုထောက်။

ခဏ္ဍသီမာ၊ ခဏ္ဍသိမ်သည်။ နီစဝတ္ထုကာ၊ နိမ့်ဒေသနေရာရှိသည်။ ဟောတိ၊ ဖြစ်၏။ တံ၊ ထိုနိမ့်ရာကို။ ပုဏ္ဏေတ္ဝာ၊ ဖို့၍။ ဥစ္စဝတ္ထုကံ၊ မြင့်သောနေရာကို။ ကရောန္တိ၊ ပြုကုန်၏။ သီမာယေဝ၊ သိမ်မည်သည်သာတည်း။ သီမာယ၊ သိမ်၌။ ဂေဟံ၊ ဧကျောင်းကို။ ကရောန္တိ၊ ပြုကုန်၏။ သီမဋ္ဌကမေဝ၊ သိမ်၌ဘဉ်းညည်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဗဒ္ဓသီမာယ ဇေးတံ ယုံကိုဠိ ယတ္ထ ကတ္ထစိ ဧကသမ္မဒ္ဓေန ဂဏ သီမာသချမေဝ ဂစ္ဆတီတိ—

ဟု ဌင်းမဟာဝဂါအဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်၌ပင် လာသည်။

ဗဒ္ဓါယ၊ ဖွဲ့အပ်သော။ သီမာယ၊ သိမ်၌။ ဇေတံ၊ ဖြစ်သော။ ယုံကိုဠိ၊ အမှတ်မရှိသောဝတ္ထုဘည်။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသော အရပ်၌။ ဧကသမ္မဒ္ဓေန၊ တစပ်တည်းစပ်သဖြင့်။ ဂဏံ၊ ပြုအပ်သောဝတ္ထုသည်။ သီမာသချမေဝ၊ သိမ်ယူသောအရပ်အတွက်သို့သာလျှင်။ ဂစ္ဆတီ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဂေဒိတမ္ပိ၊ သိအပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် သမုတ်အပ်သော သိမ်တွင်း၌ တည်သော အဆောက်အအုံ ဝတ္ထုဟူသမျှသည် သိမ်နှင့်စပ်၍တည်မူ သိမ်ပျင်မည်သည် ဟု ပြေတော်မူသည်။

၁၂၃။ ညောင်စောင်းကွက်မချပဲလည်း သိမ်နုတ်အပ်

မေး။ ။အသစ်သောသိမ်ကို သမုတ်လို၍ နုတ်ရာ ညောင်စောင်းချ၍ နုတ်မှအပ်သလော။ ညောင်စောင်းမရှိပဲ နုတ်သော်လည်း အပ်သည်မဟုတ်လော။

ဖြေ။ ။ညောင်စောင်းချ၍ နုတ်ခြင်းသည် သိမ်နုတ်အင်္ဂါမဟုတ်ချေ။ သံဃဝနည်းပါး၍ နုတ်ပြီးသောနေရာကို မူတ်မိရုံမျှသာဖြစ်သောကြောင့် သံဃာများမူ ညောင်စောင်းမချပဲ နုတ်သော်လည်း ရှေးက သိမ်ဟောင်းရှိမူ ထိုသိမ်ဟောင်း အထက်၌ ကမ္မပတ္တ ရဟန်းတို့သည် ကမ္မဝါစာဖတ်၍နုတ်လျှင် ရှေးသိမ်ဟောင်းပျက်သည်ဖြစ်၍ ညောင်စောင်း မချသော်လည်း နုတ်အပ်, သမုတ်အပ်သည်။

"သာဓုကံ ပန ဥတ္တာယေဝ သမ္ဗဟ္ဓနိတဗ္ဗာ စေဝ ဗန္ဓိတဗ္ဗာ စာတိဝစနတော သိမံ ဇာနန္တာယေဝ သမ္ဗဟနိတုံ သက္ကိဿန္တိ၊ ကထံ အဇာနန္တာ။ ဣမမ္ဟိ သီမာသမ္ဗဟနနာမိကာရေ သိမံ ဝါ သီမာယ ပရိစ္ဆေဒံ ဝါ ဇာနနဘာဝေါ အာဂ်' နဟောတိ၊ အန္ဓောသီမာယံ ဌိတဘာဝေါ, "သိမံ သမ္ဗဟနိဿာမာ"တိ ကမ္မဝါစာကရဏန္တိ ဣဒမေဝ ဒွယံ အာဂ်ံ ဟောတိ့။ တသ္မာ ဣမိနာ အာဂ်ဒ္ဓယေန သမ္ဗန္ဓေ သတိ သိမံ အာဇာနန္တာပိ သမ္ဗဟနိတုံ စေဝ ဗန္ဓိတုံ စ သက္ကောန္တိတိ။

ဣမိနာ အာဂ်ဒ္ဓယေန သမ္ဗန္ဓေ သတိ သိမံ အဇာနန္တာပိ သမ္ဗဟနိတုံ သမတ္ထဘာဝေါ ဂဟေတဗ္ဗောတိ အဋ္ဌကထာယံ "ဧဏ္ဍသိမံ ပန ဇာနန္တာ အဝိပ္ပဝါသသိမံ အဇာနန္တာပိ သမ္ဗဟနိတုံ စေဝ ဗန္ဓိတုံ စ သက္ကိဿန္တိ"တိ ဧဝံ မဟာသိဝါယ ပရိစ္ဆေဒဿ အဇာနနေပိ သမ္ဗဟနနဿ ဝုတ္တတ္တာ"တိ ဝုတ္တံ—

ဟူသော ဝိနယာလင်္ကာရဋီကာကိုထောက်။

သာခုံကံ၊ ကောင်းစွာ။ ဥတ္ဘာယေဝ၊ သိ၍သာလျှင်။ သမ္ဗဟုနိ-တပ္ပာ စေဝ၊ နုတ်လည်းနုတ်အပ်၏။ ပန္ဓိတပ္ပာ စ၊ ဖွဲ့လည်းဖွဲ့အပ်၏။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌။ ဝစနတော၊ ဆိုအပ်သောကြောင့်။ သိမံ၊ သိမ်းဟောင်းကို။ ဇာနန္တောယေဝ၊ သိသော ရဟန်းတို့သာလျှင်။ သမ္ဗဟနိတုံ၊ နုတ်ခြင်းငှါ။ သက္ခိဿန္တိ၊ စွမ်းနိုင်ကုန်လတ္တံ့။ အဇာနန္တော၊ မသိသောရဟန်းတို့သည်။ ဂဏံ သက္ခိဿန္တိ၊ အသို့စွမ်းနိုင်ကုန်အံ့နည်း။ ဣတိ အယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။ ဤမသို့ သိမာသမ္ဗဟနနာဓိကာရေ၊ ဤသိမ်နုတ်သောအရာ၌။ သိမံ ဝါ၊ သိမ်ဟောင်းကိုလည်းကောင်း။ သိမာယ၊ သိမ်းဟောင်း၏။ ပရိစ္ဆေဒံ ဝါ၊ အပိုင်းအခြားကိုလည်းကောင်း။ အဇာနနဘာဝေါ၊ မသိသောအဖြစ်သည်။ အင်္ဂ၊ အင်္ဂါသည်။ နယောတိ၊ မဖြစ်။ အန္ဓောသိမာယံ၊ သိမ်းဟောင်းတွင်း၌။ ဌိဘဘာဝေါ၊ ပကတတ်ရဟန်းလေးယောက်တည်သည်၏ အဖြစ်သည်သည်းကောင်း။ သိမံ၊ သိမ်ဟောင်းကို။ သမ္ဗဟုနိသာမာတိ၊ နုတ်ကုန်အံ့ ဟူ၍။ ကမ္မဝါစာ-ကရဏံ၊ ကမ္မဝါစာဖတ်ခြင်းကိုပြုခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ဣဒမေဝ ဒွယံ၊ ဤနှစ်ပါးသည်သာလျှင်။ အင်္ဂံ၊ အင်္ဂါသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဣမိနာ အင်္ဂဒွယေန၊ ဤအင်္ဂါ ၂-ပါးနှင့်။ သမ္ဗဟန္တေန၊ ပြည့်စုံသည်။ သတိ၊ ရှိသော်။ သိမံ။ သိမ်ဟောင်းကို။ အဇာနန္တောပိ၊ မသိကုန်သော်လည်း။ သမ္ဗဟုနိတုံ စေဝ၊ နုတ်ခြင်းငှါလည်းကောင်း။ ပန္ဓိတုံ စ၊ ဖွဲ့ခြင်းငှါလည်းကောင်း။ သက္ကောန္တိ၊ စွမ်းနိုင်ကုန်၏။ ဣတိ အယံ၊ ဤသည်လျှင်။ ပရိဟာရော၊ အဖြေတည်း။

ဣမိနာ အင်္ဂဒွယေန၊ ဤအင်္ဂါ ၂-ပါးနှင့်။ သမ္ဗဟန္တေန၊ ပြည့်စုံသည်။ သတိ၊ ရှိသော်။ သိမံ၊ ကို။ အဇာနန္တောပိ၊ မသိကုန်သော်လည်း။ သမ္ဗဟုနိတုံ၊ နုတ်ခြင်းငှါ။ သမတ္ထဘာဝေါ၊ စွမ်းနိုင်သောအဖြစ်ကို။ ကထံ ပန ဝိညာတဗ္ဗော၊ အသို့သိအပ်ပါသနည်း။ ဣတိ၊ ဤသို့။ ဝုဒ္ဓတ္တာ၊ ဆိုအပ်သည်ရှိသော်။ အဋ္ဌကထာယံ၊ ဥပေါသထက္ခန္ဓကအဋ္ဌ-ကထာ၌။ ခဏ္ဍသိမံ ပန၊ ခဏ္ဍသိမ်ကို။ ဇာနန္တော၊ သိသော ရဟန်း

တို့သည်။ အဝိပ္ပဝါသသီမံ၊ မဟာသိမ်ကို။ ဧကာနုန္တာပိ၊ မသိကုန်သော်လည်း။ သမ္ဗုဟနိတုံ စေဝ၊ နုတ်ခြင်းငှါလည်းကောင်း။ ဗန္ဓိတုံ စ၊ ဖဲ့ခြင်းငှါလည်းကောင်း။ သက္ခိဿန္တိ၊ စွမ်းနိုင်ကုန်လတ္တံ့။ ဣတိ ဧဝံ၊ ဤသို့။ မဟာသီမာယ၊ မဟာသိမ်၏။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ ဧကာနုန်ဒ္ဒေနေပိ၊ မသိသောအရာ၌လည်း။ သမ္ဗုဟနနဿ၊ နုတ်ခြင်းကို။ စုတ္တတ္တာ၊ ဆိုတော်မူအပ်သည်၏အဖြစ်ကြောင့်။ ဝိညာယတိ၊ သိအပ်၏။ ဝိမတိဝိနောဒနီယမ္ပိ၊ ဝိမတိဝိနောဒနီဋီကာ၌လည်း။ ဝုတ္တံ၊ ဆိုတော်မူ၏။ ဟိ၊ မှန်၏။ ဧတ္ထ၊ ဤသိမ်နုတ်ရာ၌။ သီမာယ၊ သိမ်ဟောင်းကိုလည်းကောင်း။ တပ္ပရိစ္ဆေဒဿ ဝါ၊ ထိုသိမ်ဟောင်းအပိုင်းအခြားကိုလည်းကောင်း။ ဇာနနံ၊ သိခြင်းသည်။ န အဂ််၊ အဂ််ါမဟုတ်။ သီမာယ ပန၊ သိမ်ဟောင်း၏။ အန္တော၊ အတွင်း၌။ ဌါနံ၊ တည်ခြင်းသည်လည်းကောင်း။ သမ္ဗုဟနိဿာမာတိ၊ နုတ်ကုန်အံ့ဟူ၍။ ကမ္မဝါစာကရဏဋ္ဌ၊ ကမ္မဝါစာဖတ်သည်ကိုပြုခြင်းသည်လည်းကောင်း။ အဂ််၊ အဂ််ါမည်၏။ အဋ္ဌကထာယံ ပန၊ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌၊ ခန္ဓသီမံ ပန ဧကာနုန္တာ။ ပ။ သက္ခိဿန္တီတိ၊ ဟူ၍။ဧဝံ၊ ဤသို့။ မဟာသီမာယ၊ ၏။ ပရိစ္ဆေဒဿ၊ ကို။ အဇာနနေပိ၊ မသိရာ၌လည်း။ သမ္ဗုဟနနဿ၊ နုတ်ခြင်းကို။ စုတ္တတ္တာ၊ ဆိုအပ်သောကြောင့်တည်း။ ဣတိ၊ ဤသို့။ စုတ္တံ၊ ဝိမတိဝိနောဒနီဋီကာ၌ဆို၏။ တသ္မာ၊ ထို့ကြောင့်။ ဝိညာယတိ၊ သိအပ်၏။

အဓိပ္ပာယ်ကား-သိမ်ဟောင်းအတွင်း၌ ပကတတ်ရဟန်းလေးယောက်တည်ခြင်း အဂ််ါတပါး၊ ဤသိမ်ကို နုတ်အံ့ဟု ဘမ္မဝါစာဖတ်ခြင်း အဂ််ါတပါး၊ ဤအဂ််ါနှစ်ပါးရှိမူ သိမ်ဟောင်းကျတ်သည်ဟူလို။

ထို့ကြောင့် ညောင်စောင်းမဖဲ့ပဲ သိမ်နုတ် သိမ်သမုတ်ခြင်းကိုပြုရာအပြစ်ရှိ၊ အပ်သည်သာဟု မှတ်ယူရမည်။

၁၂၄။ နိမိတ်ပြင်ဘက်၌လည်း သိမ်နုတ်အပ်

မေး။ ။သိမ်နုတ်ကြသောအခါ သမုတ်လိုသောသိမ်၏ နိမိတ်ပြင်ဘက်ကို မနုတ်မူ၍ နိမိတ်ပြုလိုသောအတွင်း၌ နုတ်လျှင် ဇာပ်သည်ဟု မှတ်ရမည်လော။

ဖြေ။ ။ရှေးကရှိသောသိမ်ဟောင်းသည် အကယ်၍ အသစ်သမုတ်လိုသောနေရာ၌ ရှိသည်ဖြစ်အံ့။ ထိုအသစ်သမုတ်လိုသော သိမ်နေရာသည် သိမ်ဟောင်းအထက်၌ ပကတတ်ရဟန်းလေးယောက်တို့သည် ထိုင်နေ၍ ကမ္မဝါစာဖြင့် နုတ်လောက်အောင် ထပ်မိသည်ဖြစ်အံ့၊ ထိုသို့ထပ်မိရာသိမ်ဟောင်းအထက်၌ ပကတတ်ရဟန်းလေးယောက်တို့သည် ကမ္မဝါစာဖြင့် ဖတ်၍နုတ်ရာ ကျတ်သည်သာဖြစ်၏။

အကယ်၍ ရှေးကသိမ်ဟောင်းအစွန်းနှင့် အသစ်သမုတ်သော သိမ်ပမာဏ၏ အစွန်းသည် လက်တလုံးခန့်, တဆံချည်ခန့်မျှသာ ထပ်မိသည်ဖြစ်အံ့၊ထိုသို့ထပ်မိရာ၌ ပကတတ်ရဟန်းလေးယောက်တို့သည် ကမ္မဝါစာဖတ်၍မနုတ်လောက်သောကြောင့် နိမိတ်အတွင်း၌သာနုတ်မူ လက်တလုံးခန့်, တဆံချည်ခန့် ထပ်မိ စပ်မိသော သိမ်ဟောင်းရှိက မကျတ်၊ မပျက်သည်သာဖြစ်၏။

ထို့ကြောင့် သိမ်နုတ်ရာ ရှေးကသိမ်ဟောင်းရှိခဲ့လျှင် သမုတ်လတ္တံ့သော သိမ်နှင့် မည်မျှထပ်မိ,အုပ်မိသည်ဟု မသိနိုင်၍ သံသယကိုဖြတ်ပယ်ခြင်းငှါ နိမိတ်၏ ပြင်ဘက်ကိုလည်း ကမ္မဝါစာဖြင့်လောက်အောင် နိမိတ်အတွင်း၌ နုတ်သကဲ့သို့ မယုတ်သောဥဿာဟဖြင့် နုတ်အပ်သည်။

ကသ္မာ ပန နိမိတ္တာနံ ဗဟိပိ သီမာသမ္မုဟနနံ ကတံ၊ နနု နိမိတ္တာနံ အန္တောယေဝ အဘိနဝသီမာ ဣစ္ဆိတဗ္ဗာတိ တတ္ထဝ သမ္ဗန္ဓဒဿနတ္ထရကဝိမောစနတ္ထံ ပေါရာဏကသီမာယ သမ္မုဟနနံ ကာတဗ္ဗန္တိ? သစ္စံ၊ ဒုဝိညေယျတ္တာ ပန. ဓေံ ကတန္တိ ဒဋ္ဌဗ္ဗံ။ ဒုဝိညေယျော ဟိ ပေါရာဏကသီမာယ ဝိဇ္ဇမာနာဝိဇ္ဇမာန. ဘာဝေါ။ တသ္မာ ယဒိ နိမိတ္တာနံ အန္တောယေဝ သီမာသမ္မုဟ.

နနံ ကရေိယျ၊ တတော ဗဟိ ပေါရာဏကသိမာ တိဋ္ဌေယျ၊ တတော အပွမတ္တကံ ဌာနံ အန္တော ပဝိသေယျ၊ တံ ဌာနံ ကမ္မဝါစာပါဌကေန သဟ သိမာသမ္ဗဟ္ဟနကာရကသံဃသ္သ ပတ်ဋ္ဌဟ္ဟနပွဒဟ္ဟာနကံ နဘဝေယျ၊ ဧဝံ သန္တေ သာ ပေါရာဏ-ကသိမာ အသိမ္ဗဟတာဝဝ ဘဝေယျ။ တ သမ္ဗဟတသညြာယ သိမာသမ္မန္နနကာလေ အန္တောနိမိတ္တဋ္ဌာနံ သမ္မန္နေယျုံ၊ တံ အသိမ္ဗဟတပေါရာဏကသိမာကောဋိပဝိဋ္ဌတ္တာ သိမာယ သိမံ သမ္ဗေဒေဒေါသော, ယဒိ ပန တံ ဌာနံ စတုန္နံ နိသိန္နပွဟော-နကံ ဘဝေယျ၊ သိမာယ သိမံ အဇ္ဈောတ္ထရဏဒေါသော, ယဒိပိ အန္တော နပဝိသတိ၊ နိရန္တရံ ဖုဋ္ဌမတ္တံ ဟောတိ၊ ဧဝမ်ပိ သိမာသင်္ကရဒေါသောတိ ဣမသ္မာ ဒေါသတ္တယာ ဝိမောစနတ္ထံ နိမိတ္တာနံ ဗဟိပိ သိမ့ာသမ္ဗဟနံ ကတံ။ တေနေဝ ဝိမတ်ိဝိနော-ဒနိယံ "ဗဟိ ဗ သမန္တာ လေ့ဋ္ဌုပါတေ"တိ အာဒိ ဝုတ္တန်ိ ဒဋ္ဌဗ်ံ-

ဟု လာသော ဝိနယာလင်္ကာရဋီကာကိုထောက်။

ကသ္မာ ပန၊ အာဘယ့်ကြောင့်။ နိမိတ္တာနံ၊ နိမိတ်တို့၏။ ဗဟိပိ၊ အပ၌လည်း။ သိမာသမ္ဗဟနံ၊ သိမ်နုတ်ခြင်းကို။ ကတံ၊ ပြုအပ်သနည်း။ နိမိတ္တာနံယေဝ၊ နိမိတ်တို့၏သာလျှင်။ အန္တော၊ အတွင်း၌။ အဘိန၀ံ-သိမာ၊ အသစ်သမုတ်လတ္တံ့သောသိမ်ကို။ ဣစ္ဆိတဗ္ဗာ နန္ဒ၊ အလိုရှိအပ်သည်မဟုတ်လော။ တတ္ထဝ၊ ထိုနိမိတ်အတွင်း၌သာလျှင်။ သမ္ဗေဒ-ဇ္ဈောတ္ထရဏဝိမောစနတ္ထံ၊ စပ်ခြင်း, ထပ်ခြင်းမှ လွတ်စေခြင်းငှါ။ ပေါ-ရာဏကသိမာယ၊ သိမ်ဟောင်းကို။ သမ္ဗဟနံ၊ နုတ်ခြင်းကို။ ကာတဗ္ဗံ နန္ဒ၊ ပြုအပ်သည်မဟုတ်လော။ ဣတိ အယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။ သစ်ံ၊ စောဒကဆရာဆိုတိုင်းမှန်ပေ၏။ ပန တထာပိ၊ ထိုသို့ပင်မှန်သော်လည်း။ ဒုဝိညေယျတ္တာ၊ သိမ်ဟောင်းနေရာကို သိနိုင်ခဲသည်အဖြစ်ကြောင့်။ ဧဝံ၊ ဤသို့နိမိတ်ပြင်ဘက်၌နုတ်ခြင်းကို။ ကတံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ်ံ၊ မှတ်အပ်၏။ ဟိ၊ မှန်၏။ (၀၂)

ဟိယသ္မာ၊ အကြင်ကြောင့်။ ပေါရာဏကသိမာယ၊ သိမ်ဟောင်း၏။ ဝိဇ္ဇမာနဲဝိဇ္ဇမာနဘာဝေါ၊ ရှိ-မရှိသောအဖြစ်သည်။ ဒုဝိညေယျော၊ သိနိုင်ခဲ၏။တသ္မာ၊ ထို့ကြောင့်။ နိမိတ္တာနံ၊ နိမိတ်ကို၏။ အန္တောယေဝ၊ အတွင်း၌သာလျှင်။ သိမာသမူဟနနံ၊ သိမ်နှုတ်ခြင်းကို။ ယဒိ ဟရေယျ၊ ပြုငြားအံ့။ တတော၊ ထို့နိမိတ်မှ။ ဗဟိ၊အပ၌။ ပေါရာဏကသိမာ၊ သိမ်ဟောင်းသည်။ ယဒိ တိဋ္ဌေယျ၊ တည်ငြားအံ့။ တတော၊ ထိုသိမ်ဟောင်းမှ။ အပ္ပမတ္တကံ၊ အနည်းငယ်မျှသော။ ဌာနံ၊ အရပ်သည်။ အန္တော၊ အတွင်းသို့။ ယဒိ ပဝိသေယျ၊ ဝင်ငြားအံ့။ တံ ဌာနံ၊ ထိုသိမ်ဟောင်းဝင်ရောအရပ်သည်။ ကမ္မဝါစာပါဒကေန၊ ကမ္မဝါ စာဖတ်သောရဟန်းနှင့်။ သဟ၊ တကွ။ သိမာသမူဟနနကာရကသံဃဿ၊ သိမ်နှုတ်သော ကာရကသံဃာ၏။ ပဒတိဋ္ဌဟနပုဗ္ဗဟောနကံ၊ တည်နေလောက်သည်။ ယဒိ နာ ဘဝေယျ၊ မဖြစ်ငြားအံ့။ ဧဝံ သန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ သာ ပေါရာဏကသိမာ၊ ထိုသိမ်ဟောင်းသည်။ အသမူဟတာဝ၊ မနှုတ်အပ်သည်သာလျှင်။ဘဝေယျ၊ ဖြစ်လေရာ၏။ တံ၊ ထိုသိမ်ဟောင်းကို။ သမူဟတာသညေဝ၊ နှုတ်ပြီးဟူသောအမှတ်ဖြင့်။ သိမာသမ္မန္နနကာဇလ၊ သိမ်သမုတ်သောအခါ၌။ အန္တောနိမိတ္တဋ္ဌာနံ၊ နိမိတ်အတွင်းအရပ်ကို။ သမ္မန္နယျုံ၊ သမုတ်ကုန်ရာ၏။ တံ၊ ထိုသမုတ်သောသိမ်သို့။ အသမူဟတပေါရာဏကသိမာကောဋ္ဌိ၊ မနှုတ်အပ်သော သိမ်ဟောင်းအစွန်း၏။ ပဝိဋ္ဌတ္တာ၊ ဝင်သည်အားဖြစ်ကြောင့်။ သိမာယ၊ ဖြင့်။ သိမံ ကို။ သမ္ဗန္ဓဒေါသော၊ စပ်သောအပြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တံ ဌာနံ၊ ထိုသိမ်ဟောင်းတည်ရာအရပ်သည်။ စတုန္နံ၊ လေးယောက်သောရဟန်းတို့၏။ နိသိန္နပုဗ္ဗဟောနကံ၊ ထိုင်နေလောက်သည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ သိမာယ၊ ဖြင့်။ သိမံ၊ ကို။ အဇ္ဈောတ္ထရဏာဒေါသော၊ လွှမ်းမိုးသော အပြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏။ အန္တော၊ အတွင်း၌။ နပဝိသတိ၊ မဝင်။ နိရန္တရံ၊ အခြားမရှိ။ ဖုဋ္ဌမတ္တံ၊ ထိုးပ်ကာမျှသည်။ ယဒိပိဟောတိ၊ဖြစ်အံ့။ဧဝမ်ပိ၊ဤသို့ပြစ်သည်ရှိသော်လည်း။ သိမာသင်္ခါရဒေါသော၊ သိမ်ဆောယ်ကျော်သော အပြစ်သည်။ ဘဝေယျ၊ ဖြစ်လေရာ၏။ ဣတိ၊ ဤသို့။ ဣမသ္မာ ဒေါသတ္တယာ၊ ဤအပြစ် သုံး

ပါးမှု။ ဝိဓေယျစနတ္ထံ၊ လုတ်ဧခြင်းငှါ။ နိမိတ္တာနံ၊ နိမိတ်တို့၏။ ဗဟိပိ၊ အပဋ္ဌလည်း။ သမူဟနံ၊ နုတ်ခြင်းကို။ ကတံ၊ ပြုအပ်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဝိဓတိဝိနောဒနီယံ၊ ဝိမတိဝိနောဒနီဋီကာဌ်။ ဗဟိ စ သမန္တာ လေဋ္ဌုပါတေတိ အာဒိ၊ ဤသို့အစရှိသောစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

၁၂၅။ သိမ်နုတ်ရာဌ် ပကတိဂါမဝိသုံဂါမသိမ်တွင် ရဟန်းရှိနေခြင်း

မေး။ "ပကတိဂါမသိမ်, ဝိသုံဂါမသိမ်တို့ဌ် သမုတ်သောသို့မ်ကို စီရင်ကြရာ မသမုတ်မီ သိမ်ကိုနုတ်စဉ်အခါဌ် ပကတိဂါမသို့မ်, ဝိသုံဂါမသို့မ်တို့ဌ် ရဟန်းမရှိအောင် ဟတ္ထပါသ်သို့ရောက်အောင် ပင့်ဆောင်ခြင်း, ဆန္ဒဆောင်ခြင်းကိုပြုမှု အပ်မည်လော၊ သို့မဟုတ် မပြုပဲပင် အပ်မည်လော။

ဖြေ။ ။ထိုအမေးမှာ—

ဣဒံ သီမာသမူဟနနကမ္မံ နာမ ယဒိ ပေါရာဏာ ဗဒ္ဓသီမာ အတ္ထိ၊ တာဒဋ္ဌကသံဃေ ဟတ္ထပါသဂတေ အညေသု ဘိက္ခူသု ဂါမသီမံ ပဝိဋ္ဌေသုပိ ကမ္မဘေဒေါ နတ္ထိ။ ယဒိ ပေါရာဏာ ဗဒ္ဓသီမာ နတ္ထိ၊ ဧဝမ်ိ သတိ ဧကာလံ ဂါမသီမာဘူတတ္တာ သီမာသမူဟနနကမ္မေ အာသမ္ဘဒန္ဓပိ ဒေါသော နတ္ထိ၊ အထ ကသ္မာ သောဓနာ ဝုတ္တာတိ? သစ္စံ၊ တထာပိ သောဓေတ္ဝာ သမူဟနိတဗ္ဗာ ပေါရာဏသီမာပရိစ္ဆေဒဿ ဒုဝိဉ္ဉေယျတ္တာ။ သစေ ဟိ မဟာတိယာ ဂပေါရာဏဗဒ္ဓသီမာယ ကေသ္မိ ပဒေသေ သိမံ သမူဟနိဿာမာတိ သံဃေ သန္နိပတိတေ တာသာယေဝ သိမာယ အညသ္မိံ ပဒေသေ ဘိက္ခုမ်ိ ပဝိဋ္ဌေ အဇာနန္တသ္သာပိ ကမ္မံ ဝိပဇ္ဇတိ၊ တသ္မာ ဧဟုဿာဟေန သောဓေတဗ္ဗာဝါတိ ဒဋ္ဌဗ္ဗံ—

ဟု လာသော ဝိနယာလင်္ကာရဋီကာကိုထောက်၍ သိအပ်သည်။

ဣဒံ သဒ္ဓိမာသမ္ဘုဟနုနက္ကမံ နာမ၊ ဤသိမ်နုတ်သော ကံမည်သည်။ ပေါရာဏာ ဗဒ္ဓသီမာ၊ အဟောင်းဖြစ်သော ဗဒ္ဓသိမ်သည်။ ယဒိ အတ္ထိ၊ ရှိသည်ဖြစ်အံ့။ တဒဌကာသံယေ၊ ထိုဗဒ္ဓသိမ်ဟောင်း၌တည်သော သံဃာသည်။ ဟတ္ထပါသဂတေ၊ တတောင်္ဂဟာဟတ္ထပါသ်၌ တည်သည် ရှိသော်။ အညေသု၊ တပါးကုန်သော။ ဘိက္ခူသု၊ ရဟန်းတို့သည်။ ဂါမသီမံ၊ ဂေတိဂါမသိမ်, ဝိသုံဂါမသိမ်သို့။ ပဝိဒ္ဓသုပိ၊ ဝင်ကုန်သော်လည်း။ ဂမ္မဘေဒေါ၊ ကံပျက်ခြင်းသည်။ နတ္ထိ၊ မရှိ။ ပေါရာဏာ ဗဒ္ဓသီမာ၊ ဗဒ္ဓသိမ်ဟောင်းသည်။ ယဒိ နတ္ထိ၊ မရှိသည်ဖြစ်အံ့။ ဧဝံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ဂေဝလံ၊ သက်သက်။ ဂါမသီမာဘူတဋ္ဌာ၊ ဂါမသိမ်ဖြစ်သည်၏ အဖြစ်ကြောင့်။ သီမာသမ္ဘုဟနုနကမ္မေ၊ သိမ်နုတ်သောကံသည်။ အသမ္ဘဇ္ဇန္တေပိ၊မပြည့်စုံသော်လည်း။ ဒေါသော၊ အပြစ်လည်း နတ္ထိ၊ မရှိ။ အထ၊ ထိုသို့ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ သောဓနာ၊ သုတ်သင်ခြင်းကို။ ဝုတ္တာ၊ ဆိုအပ်ပါသနည်း။ ဣတိ အယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။ သစ္စံ၊ စောဒက ဆရာဆိုဝိုင်း မှန်ပါ၏။ တဏ္ဍာပိ၊ ထိုသို့ပင်မူမှန်သော်လည်း။ ပေါရာဏသီမာပရိစ္ဆေဒဿ၊ သိမ်းဟောင်းအပိုင်းအခြား၏။ ဒုဝိညေယျတ္တာ၊ သိနိုင်ခဲသည် အဖြစ်ကြောင့်။ သောဓေတဗ္ဗာဝ၊ သုတ်သင်၍သာလျှင်။ သမ္ဘုဟနုကတ္တာ၊ နုတ်အင်၏။ ဟိ၊ မှန်၏။ မဟာတိယာ၊ ကြီးသော။ ပေါရာဏဗဒ္ဓသီမာယ၊ ဗဒ္ဓသိမ်ဟောင်း၏။ ကေသို့ ပဒေသေ၊ တခုသော အရပ်၌။ သီမံ၊ သိမ်ကို။ သမ္ဘုဟနိဿာမ၊ နုတ်ကုန်အံ့။ ဣတိ၊ ဤသို့။ သံယေ၊ သံဃာသည်။ သန္နိပတိတေ၊ စည်းဝေးသည်ရှိသော်။ တဿာယေဝ သီမာယ၊ ထိုဗဒ္ဓသိမ်၏သာလျှင်။ အညသ္မိံ၊ တပါးသော။ ပဒေသေ၊ အရပ်၌။ ဘိက္ခုပို့၊ ရဟန်းသည်။ ပဝိဋ္ဌေ၊ ဝင်သည်ရှိသော်။ အဇာနန္တဿာပိ၊ မသိသော်လည်း။ ကမ္မံ၊ သိမ်နုတ်ကံသည်။ ဝိပဇ္ဇတိ၊ ပျက်၏။ တသ္မာ၊ ထို့ကြောင့်။ မဟုဿာဟန၊ ကြီးစွာသောအားထုတ်ခြင်းဖြင့်။ သောဓေတဗ္ဗာဝ၊ သုတ်သင်အပ်သည်သာတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ထိုဦးကာပါဌ်ဌ် ဗဒ္ဓသိမ်ဟောင်း၏အပိုင်းအခြားကို သိနိုင်ခဲသည်။ အသစ်သမုတ်လတ္တံ့သော်သိမ်းနရာဌ် ကြီးသော ဗဒ္ဓသိမ်ဟောင်းရှိနေသည်ဖြစ်အံ့၊ ထိုဗဒ္ဓသိမ်းဟောင်းတစိတ်ဌ် ရဟန်းတို့သည် ကမ္မဝါစာဖြင့် နုတ်သော်လည်း တစိတ်တခြမ်းက ရဟန်းရှိမူ ဝဂ်ဖြစ်၏။ သိမ်နုတ်သောကံသည် မအောင်ဟု ပြတော်မူသည်ကိုထောက်၍ ယခုအခါ သိမ်နုတ်ကြသောအရာမှာ ဤနေရာအရပ်ဌ် ဗဒ္ဓသိမ်ဟောင်းသည် အကယ်၍ရှိသော်လည်း တဲခုသော မစ္ဆိမအာရာမ ကျောင်းတိုက်တာပမာဏမျှကိုလွန်၍ မကြီးနိုင်ဟု သံသယကိုဖျောက်ပယ်နိုင်သဖြင့် မိမိတို့ဆန္ဒဆောင်လောက်သောအရပ်ဌ် ရဟန်းမရှိအောင်ပြု၍ဖြစ်စေ၊ ဆန္ဒဆောင်၍ဖြစ်စေ သိမ်ကိုနုတ်ရမည်ဟု မှတ်ယူသင့်သည်။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာဌ်ပင်—

> ယဒိ ပန ပကတိဂါမသီမာ အတိဝိတ္ထာရာ ဟောတိ၊ နိဂမသီမာ, နဂရသီမာ ဝါ ဟောန္တိ၊ ဗဟူနံ ဘိက္ခူနံ နိသိန္နဋ္ဌာနသဉ္ဇရဏဋ္ဌာနတ္တာ သောဓေတုံ ဝါ ရကွိတုံ ဝါန သက္ကောန္တိ၊ ဧဝဉ္ဟိ သတိ ပထဝိဿရာဇူဟိ ပရိစ္ဆိန္နာယ ဝိသုဂါမသီမာယ သုဋ္ဌု သောဓေဘာ သုရကွိတံ ကာတ္ဟာ သီမာသမူဟနနသီမာသမူတိကမံ ကာတုံ--

ဟု မိန့်တော်မူသည်။

ပကတိဂါမသီမာ၊ ပကတိဂါမသိမ်သည်။ အတိဝိတ္ထာရာ၊ အလွန်ကျယ်သည်။ ယဒိ ပန ဟောတိ၊ ဖြစ်အံ့။ နိဂမသီမာ နဂရသီမာ ဝါ၊ နိဂမသိမ်, နဂရသိမ်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟူနံ၊ များကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ နိသိန္နဋ္ဌာနသဉ္ဇရဏဋ္ဌာနတ္တာ၊ နေရာ, သွားလာရာ အာရုပ်ဖြစ်သောကြောင့်။ သောဓေတုံ ဝါ၊ သုတ်သင်ခြင်းငှါ လည်းကောင်း။ ရကွိတုံ ဝါ၊ စောင့်ရှောက်ခြင်းငှါလည်းကောင်း။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဧဝဉ္ဟိ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ပထဝိဿရာဇူဟိ၊ မြေကို အုပ်းရသောမင်းတို့သည်။ ပရိစ္ဆိန္နာယ၊ ပိုင်းခြားအပ်သော။ ဝိသုဂါမသီမာယ၊ အသီးဂါမသိမ်ဌ်။ သုဋ္ဌု၊ ကောင်းစွာ။ သောဓေတ္ဟာ၊ သုတ်သင်၍။ သုရကွိတံ၊

ပကတိဂါမသီမာ၊ ပကတိဂါမသိမ်သည်။ အတိဝိတ္ထာရာ၊ အလွန်ကျယ်သည်။ ယဒိ ပန ဟောတိ၊ ဖြစ်အံ့။ နိဂမသီမာ နဂရသီမာ ဝါ၊ နိဂမသိမ်, နဂရသိမ်တို့သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဗဟူနံ၊ များကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့၏။ နိသိန္နဋ္ဌာနသဉ္ဇရဏဋ္ဌာနတ္တာ၊ နေရာ, သွားလာရာ အာရုပ်ဖြစ်သောကြောင့်။ သောဓေတုံ ဝါ၊ သုတ်သင်ခြင်းငှါ လည်းကောင်း။ ရကွိတုံ ဝါ၊ စောင့်ရှောက်ခြင်းငှါလည်းကောင်း။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ ဧဝဉ္ဟိ သတိ၊ ဤသို့ဖြစ်သည်ရှိသော်။ ပထဝိဿရာဇူဟိ၊ မြေကို အုပ်းရသောမင်းတို့သည်။ ပရိစ္ဆိန္နာယ၊ ပိုင်းခြားအပ်သော။ ဝိသုဂါမသီမာယ၊ အသီးဂါမသိမ်ဌ်။ သုဋ္ဌု၊ ကောင်းစွာ။ သောဓေတ္ဟာ၊ သုတ်သင်၍။ သုရကွိတံ၊

ကောင်းစွာ စောင့်ရှောက်သည်ကို။ ကတ္တာ၊ ပြု၍။ သိမာသမူဟနန္ဒ သိမာသမ္မုတိဂဏမံ့၊ သိမ်နှုတ်သောကံ, သိမ်သမုဒ်သောကံကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ထိုဥဒကာဖါဌ်၌ "ပကတိဂါမ သိမ်သည် ကျယ်၍ နယ်ကို မသိနိုင်သဖြင့် အမိန့်ဒဘ်ခံ၍ ရသော ဝိသုံဂါမသိမ်၌ သိမ်သမုတ်ရာ, နှုတ်သောအခါ၌လည်း ထိုဝိသုံဂါမ ပိုင်းခြားရာအဘွင်း၌ ဧစောင့်၍ နှုတ်ရမည်။ သမုတ်သောဇအခါ၌လည်း ထို ဝိသုံဂါမကို စောင့်၍ သမုတ်ရမည်" ဟု ပြဒ်ကော်မူသည်ကို ထောက်၍ နှုတ်သောအခါ၌ ဤအရပ်မှာ ဗဒ္ဓသိမ်ဟောင်းသည် ရှိခဲ့ငြားသော်သည်း ဤမျှလောက်ကို လွန်၍ မကြီးနိုင်ရာဟု အရပ်ဌာနအလိုက် ရွှေဆင်ခြင်၍ ဝိသုံဂါမသိမ်ကိုပင် လွန်၍ သုတ်သင်နိုင်သမျှ အရပ်မှသုတ်သင်၍ နှုတ်ခြင်းကို ပြုသော်လည်း အပ်သည်၊ ဗဒ္ဓသိမ်ဟောင်းရှိခဲ့လျှင် အပိုင်းအခြားကို သိုနိုင်ခဲသောကြောင့်တည်း။ သမုဒ်သောအခါမှာ ထိုဝိသုံဂါမသိမ် အပိုင်းအခြားကို စောင့်၍ သမုဒ်လျှင် ပကတိဂါမသိမ် အပိုင်းအခြားကို မစောင့်သော်သည်း အပ်သည်ဟု မှတ်ရမည်။ ထို့ကြောင့် ဥပေါသထက္ခန္ဓက အဋ္ဌကထာ၌-

> ယတ္ထာဒကံ ပဒေသေ တာသေ တာသေ ဂါမသေ ဂါမတောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ၊ ဂါမသီမာဒတ္ထဝ သင်္ခံ့ဂစ္ဆတိ။ နဂရ နိဂမသီမာသုပိ ဧသေဝ နယော။ ယမ္ပိ ကေသို့ယေဝ ဂါမခေတ္တကေံ ပဒေသံ "အယံ့ ဝိသုံ ဂါမော ဟောတူ" တိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကာသစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတ်ယေဝ။ တသ္မာ သာ စ ဣတရာ စ ပကတိဂါမနဂရ နိဂမသီမာ ဗဒ္ဓသီမာသဒိသာယေဝ ဟောန္တိ-

ဟူ ဖွင့်ဆိုတော်မူ၏။

ယတ္တကော၊ အကြင်မျှလောက်သော။ ပဒေသေ၊ အရပ်၌။ တာဿ တာဿ ဂါမဿ၊ ထိုထိုရွာ၏။ ဂါမဘောဇကော၊ ရွာစား‌တို့သည်။ ဗလိ ံ၊ အခွန်ကို။ ဝါ၊ ခိုင်ငွေကို။ လဘန္တိ၊ ရကုန်၏။ သော ပဒေ့သော၊ ထိုအရပ်သည်။ အပ္ပေါ ဝါ၊ ကျဉ်းသည်လည်း။ ဟောတု၊ ဖြစ်စေ။ မဟန္တော ဝါ၊ ကျယ်သည်လည်း။ ဟောတု၊ ဖြစ်စေ။ ဂါမသီမာ-တော့ဝ သခ်္ဃ ံ၊ ဂါမသိမ်ဟူသော အရေအတွက်သို့လောလျှင်။ ဂစ္ဆတိ၊ ရောက်၏။ နဂရံနိဂမ သီမာသုပိ၊ နဂရသိမ်, နိဂမသိမ်ကို၌လည်း။ သေဝ နယော၊ ဤနည်းနှင့်တူသော နည်းရှိ၏။ ကေသ့ိ ယေဝ၊ တခု သာလျှင်ဖြစ်သော။ ဂါမခေတ္တော၊ ဂါမခေတ်၌။ ကေါ၊ တခုသော။ ယမ့ိ ပဒေသံ၊ အကြင်အရပ်ကို။ အယံ၊ ဤအရပ်သည်။ ဝိသုံ၊ အသီး။ ဂါမော၊ ရွာသည်။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ ပရိစ္ဆိန္နိတ္တာ၊ ပိုင်းခြား၍။ ရာဇာ၊ မင်းသည်။ ကဿစိ၊ တစုံတယောက်အား။ ဒေတိ၊ ပေးတော်မူ၏။ သောပိ၊ ထိုအရပ်သည်လည်း။ ဝိသုံဂါမသီမာ၊ အသီးဂါမသိမ်သည်။ ဟောတိယေဝ၊ ဖြစ်သည်သာတည်း။ တသ္မာ၊ ထို့ကြောင့်။ သာ စ၊ထိုဝိသုံဂါမသိမ်သည်လည်းကောင်း။ ဣတရာ၊တပါးကုန်သော။ ပကတိဂါမနဂရနိဂမသီမာ စ၊ ပကတိဂါမသိမ်, နဂရသိမ်, နိဂမသိမ်တို့သည် လည်းကောင်း။ ဗဒ္ဓသီမာသဒိသာဧဝ၊ ဗဒ္ဓသိမ်နှင့် တူကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုအဋ္ဌကထာပါဠိ၌ အကြင်အရပ်ဒေသ၌ ရွာသည် အိမ်ခြေလူနေ နည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ အစိုးရနယ်ရှင်သည် ခိုင်ငွေကို အသီးအခြားစားရသည်။ ထိုအရပ်ဒေသ၌ ထိုရွာနှင့် ထိုရွာ၏ အပ်ိုင်း အခြားသတ်မှတ်ရာ နယ်မြေအတွင်းသည် တခုသော ဂါမသိမ်ဖြစ်၍ တခုသော ဂါမသီမ်မည်၏။ ထို့ဂါမသီမ်သည်ပင် ပကတိဂါမသိမ်မည် သည်။ ထိုပကတိ ဂါမသိမ်၌ပင် ဗဒ္ဓသီမ်နှင့်တူစွာ ကံဆောင်အပ်သည်။ သာသနာငါးထောင် အမြဲတည်ခဲသော ဗုဒ္ဓသီမ်သမုတ်လို့မူ မြေရှင်ပေး လှူက အစိုးရမင်းထံ အမိန့်မခံပဲသာ ထိုပကတိဂါမနယ်ကို စောင့်၍, ထိုနယ်တွင်းရှိ ရဟန်းကုန်ပင့်၍, ဆန္ဒထိုက်သော ရဟန်း၏ ဆန္ဒကို ဆောင်၍ သမုတ်အပ်သည်။

ထိုပကတိ ဂ ါမသိမ်သည် ကျယ်၍ မစောင့်ရှောက်မသုတ်သင်နိုင်လျှင် ယိုပကတိ ဂ ါမနယ်ကြီးအတွင်း၌ အစိုးရမင်းထံ အမိန့်ခံ၍ အစိုးရမင်းက ''ဤမည်သော အရပ်တစိတ်သည် ဝိသုံဂ ါမ နယ်သီးခြား ဖြစ်စေ'' ဟု ပိုင်းခြား၍ ပေးအပ်သော အရပ်သည်လည်း ဝိသုံဂ ါမသိမ်မည်၏။ ထိုဝိသုံဂ ါမသိမ်သည်လည်း ဗဒ္ဓသိမ်နှင့်တူစွာ ကံဆောင်အပ်သည်။

ထို ဝိသုံဂ ါမသိမ်၌ သိမ်သမုတ်မူ ထို ဝိသုံဂ ါမနယ်ကို စောင့်၍ သမုတ်လျှင် အပ်သည်ဟု ပြတော်မူသည်။

ထိုသို့ အဋ္ဌကထာ၌ ပကတိ ဂ ါမသိမ်, ဝိသုံဂ ါမသိမ်နှစ်ခုလုံးပင် ဗဒ္ဓသိမ်နှင့်တူကြောင်း, ဗဒ္ဓသိမ်နှင့်တူစွာ ကံဆောင် အပ်ကြောင်း, ထိုသိမ်နှစ်ခုလုံး၌ပင် သိမ် သမုတ်အပ်ကြောင်းကို ပြတော်မူပါလျက် ဝိသုံဂ ါမသိမ် အမိန့်ခံ၍ ပကတိဂ ါမသိမ်ဟ ု နယ်စောင့်၍ သိမ်သမုတ်ခြင်းသည် အဋ္ဌကထာကို လွန်ဆန်ရောက်သည်။ ပကတိဂ ါမသိမ်ကို ခဲ့၍ ဝိသုံဂ ါမသိမ်ဖြစ်သည်ဟု အထူးပြု၍ ပြတော်မူသော စကား သည်သည်း ဟကျိုးမရှိ၊ နိရတ္ထကသာ ဖြစ်ခဲ့ရာသည်။ ထို့ကြောင့် အဋ္ဌကထာကို ပိုသောသောအား ဖြင့် ဝိသုံဂ ါမသိမ်အမိန့်ခံ၍ သိမ်သမုတ်ရာ ပကတိဂ ါမသိမ်ကို မစောင့်ပဲသာ ထို ဝိသုံဂ ါမသိမ်ကိုသာ စောင့်၍ သမုတ်အပ်သည်ဟု မှတ်လေ။

ဤအရာ၌ ဝိသုံဂ ါမ ဟုဆိုသောကြောင့် ဂ ါမ·သဒ္ဒါကိုမြင်၍ အိမ်ရှိမှု ဝိသုံဂ ါမဖြစ်သည်ဟု ဆိုငြားအံ့၊ ထိုသို့ မဆိုအပ်၊ ပကတိဂ ါမသိမ်သည်း အိမ်ရှိရာ၌သာ သိမ်ဒသည်သည် မဟုတ်၊ အိမ်မရှိရာ ထိုဂ ါမ၏ ခေတ် အတွင်း ပိုင်းခြားရာနယ်ဟူသမျှသည်ပင် ပကတိဂ ါမသိမ်ဒသည်သကဲ့သို့၊ ထိုပကတိဂ ါမ၏ ခေတ်အတွင်း တစုံတခုသောအရပ်၌ ဝိသုံဂ ါမဖြစ်ဖစေဟု ရှေးပကတိဂ ါမ-သဒ္ဒါကိုစွဲ၍ ဝိသုံဂ ါမဟု ဆိုအပ်သည်။ အိမ်ရှိမှု ဝိသုံဂ ါမဖြစ်သည်ဟု မဆိုအပ်ချေ။, ပကတိဂ ါမသိမ်၌ သမုတ်သောအခါ အိမ်ရှိရာဂ ါမ-သဒ္ဒါကိုစွဲ၍ အိမ်ဒရှိရာ၌ ထိုရွာနယ် ခေတ်အတွင်းသည် ပကတိဂ ါမသိမ်မည်သကဲ့သို့၊ ထိုဂကတိဂ ါမ ခေတ်အတွင်း အိမ်မရှိရာ တစုံတခုသော အရပ်၌ ပိုင်းခြား၍ အစိုးရသော မင်းသည် ပေးအပ်

သောအရပ်သည် အိမ်မရှိသော်လည်း ရှေးပကတိဂါမကိုစွဲ၍သာ ဝိသုဂါမမည်သည်ဟုသာ မှတ်တော်မူလို၍....''ယမို့ ကေသို့ ယေဝ ဂါမခေတ္တေ ကေ့ ပဒေသံ 'အယံ ဝိသုံ ဂါမော ဟောတူ'တိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုဂါမသိမာ ဟောတိယေဝ'' ဟု အဋ္ဌကထာ၌ ဂါမ-သဒ္ဒါသက်သက်နှင့်သာ မဆိုမူ၍ ''ဂါမခေတ္တေ'' ဟု ခေတ္တ-သဒ္ဒါနှင့် တဲ့၍ မိန့်ဆိုတော်မူသည်။

ထိုအဋ္ဌကထာပါဠိ၌ ''ဂါမခေတ္တေ'' ဟု ဆိုခြင်းကြောင့် ပကတိဂါမသိမ်မှာလည်း ဂါမ-သဒ္ဒါကိုစွဲ၍ အိမ်မရှိရာ ဂါမ၏ ခေတ်နယ်အတွင်းဟူသမျှကို ဂါမသိမ်ဆိုသကဲ့သို့ ထိုပကတိဂါမခေတ်၌ အစိုးရမင်း ပိုင်းခြား၍ အသီးပေးအပ်သောအရပ်သည်လည်း ထိုပကတိဂါမသဒ္ဒါကိုစွဲ၍ အသီးခေတ် ဖြစ်သောကြောင့် ဝိသုဂါမမည်သည်ကို ပြတော်မူသည်ဟု မှတ်၊ ထို့ကြောင့်သာလျှင် ''အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကဿစိ ဒေတိ'' ဟု အာဏာဖြင့် ပိုင်းခြား၍ ပေးရုံမျှကိုသာ ပြတော်မူသည်။ အိုမ်သီးခြားရှိမှ ဝိသုဂါမဖြစ်သည်ဟု ပြတော်မူသော အရာ မဟုတ်ချေ။

ဤသို့ အဋ္ဌကထာ၌ ''အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတ္ဝာ ရာဇာ ကဿစ် ဒေတိ'' ဟူ၍သာ အာဏာပိုင်မင်းသည် အာဏာဖြင့် ပိုင်းခြား၍ ပေးရုံမျှနှင့် ဝိသုဂါမ ဖြစ်သည်၊ ဗဒ္ဓသိမ်နှင့် တူသည်ဟု အာဏာရအခြင်းအရာကို တွေ့မြင်ပါလျက်နှင့် အိမ်ရှိမှ ဝိသုဂါမဖြစ်သည်ဟု ဆိုခြင်းသည် အဋ္ဌကထာကို မဇထာက်မညှာ စိတ်ထင်ရာကို ဆိုမိဆိုရာဆိုသောစကားသာ ဖြစ်ချေသည်။ ထို့ကြောင့် ပါဠိတော်၌ လာသော ပကတိဂါမ၌သိမ်သမုတ်မှု ပကတိဂါမနယ်ကိုစောင့်၍ သုတ်သင်၍ သမုတ်အပ်သည်။ ထိုပကတိဂါမကို မခစောင့်ရှောင့်နိုင် မသုတ်သင်နိုင်၍ အဋ္ဌကထာ၌လာသော ဝိသုဂါမ၌ သမုတ်လိုမှု အမိန့်ခံ၍ရသော ဝိသုဂါမသိမ်ကိုစောင့်၍ သမုတ်ရမည်။ ပကတိဂါမကို မစောင့်ရှောက်မသုတ်သင်သော်လည်း အဋ္ဌကထာခွင့်ပြုသော ဝိသုဂါမဖြစ်၍ အပ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

(အကျယ်ကိုလိုမူ ဝိမတိဝိနောဒနီဋီကာတို့၌ ရှုလေ)

၁၂၆။ ဝိသုံဂါမသိမ်လက္ခဏာ ၄-ပါး

ဧမေး။ ။ပကတိဂါမခေတ်၌ ဝိသုံဂါမသိမ်ဖြစ်ပုံ အင်္ဂါလက္ခဏာကို အသို့မှတ်ရပါမည်နည်း။

ဖြေ။ ။ထိုအဧမေးဌ ဝိသုံဂါမသိမ်ဖြစ်ခြင်း၏ အင်္ဂါသည်–

(၁) တခုသော ဂါမခေတ်အဘွင်းဌ် တခုသော အရပ်တစိတ် ဖြစ်ခြင်း၊

(၂) ဝိသုံဂါမဖြစ်စေဟူသောအဓိပ္ပာယ်ကို တစုံတခုသော အမှတ်သညာဖြင့် ပိုင်းခြားခြင်း၊

(၃) ဇာခုသော ဂါမခေတ်ကို နှစ်ခုသော ဂါမခေတ်ဖြစ်အောင် ခွဲဝေပေးနိုင်သော အာဏာပိုင်မင်းဖြစ်ခြင်း၊

(၄) ထိုအာဏာပိုင်မင်း ပိုင်းခြားချပေးခြင်း–

ဤသို့လျှင် ဝိသုံဂါမသိမ်ဖြစ်ခြင်း အင်္ဂါလေးပါးရှိသည်။

ယတ္ထကေ ပဒေသေ တဿ တဿ ဂါမဿ ဘောဇကာ ဗလိံ လဘန္တိ၊ သော ပဒေသော အပ္ပေါ ဝါ ဟောတု မဟန္တော ဝါ ဂါမသီမာတော့ဝ သင်္ချံ ဂစ္ဆတိ။ နဂရနိဂမ-သီမာသုပိ ဧသေဝ နယော။ ယမ္ပိ ကေသ္မိံ ယေဝ ဂါမဧခတ္တေ ကေဝံ ပဒေသံ ''အယံ ဝိသု ဂါမော ဟောတု'' တိ ပရိစ္ဆိန္ဒိဘ့ာ ရာဇာ ကဿစိ ဒေတိ၊ သောပိ ဝိသုံဂါမသီမာ ဟောတိ-ယေဝ–

ဟုလာဘသာ မဟာဝဂါဇဋ္ဌကထာ ဥပေါသထက္ခန္ဓကအဖွင့်ကိုထောက်။

ထိုအဋ္ဌကထာ၌ ''ယမ္ပိ ကေသ္မိံ ယေဝ ဂါမဧခတ္တေ ကေဝံ ပဒေသံ'' ဟူသောပါဠ်ဖြင့် ပဌမအင်္ဂါကို ပြတော်မူသည်။

''အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္ဒိတ့ာ'' ဟူသောပါဠ်ဖြင့် ဒုတိယအင်္ဂါကို ပြတော်မူသည်။

"ရာဇာ"ဟူသောပါဠိဖြင့် တတိယအဂ်ါကို ပြတော်မူသည်။
"ကဿစိ ဒေတိ"ဟူသောပါဠိဖြင့် စတုတ္ထအဂ်ါကို ပြတော်မူသည်။

ထိုအဂ်ါလေးပါးတို့တွင် "အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္ဒိ-တွာ"ဟူသော ဝိသုံဂါမအဂ်ါလက္ခဏာဖြင့် ဧကျောင်းမြေ, ဘုရားမြေ, ဂရန်ပတ္တာခံသော မြေဟူသမျှသည် ဝိသုံဂါမသိမ် မဖြစ်သည်သာဟု ပြတော်မူသည်ဟု မှတ်။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

ဗလိ လဘန္တိတိ ဂ္ဂဒုံ ယေဘုယ်ျဝသေန ဝုတ္တံ။ "အယံ ဂါမော တ္တေကော ကရိသဘာဂေါ"တိအာဒိနာ ပုန ရာဇ-ပုတ္တေသု အာရောပိတသု ဘူမိဘာဂေသု ယသ္မိံ ယသ္မိံ တဋ္ဌာကမာတိကာသုသာနပဗ္ဗတာဒိကေ ပဒေသေ ဗလိ နကဏ္ဍန္တိ၊ သောပိ ဂါမသိမာ ဧဝ။ ရာဇာဒိဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ သပ္ပေါဝ ဋ္ဌပေတွာ နဒီလောဏီဇာတသရေ ဂါမသိမာတိ ဧဝဒီတပ္ပေါ။ တေနာဟ "ပရိစ္ဆိန္ဒိတွာ ရာဇာ ကဿစိ ဒေတိ"တိ-

ဟု မိန့်တော်မူ၏။

ထိုဋီကာ၌ "အယံ ဂါမော တ္တေဒးကာ ကရိသဘာဂေါ။ ပ။ သောပိ ဂါမသိမာ ဧဝ"ဟူသောပါဠိဖြင့် တခုသော ဂါမခေတ်၌ အခွန်မရသော တဘက်ဆည်ကန်၊ မြောင်း၊ သုသာန်ဧမြေ၊ တောင်မြေ၊ ကျောင်းမြေ၊ ဘုရားမြေ စသည်တို့သည်လည်း ထို ဂါမခေတ်၌ အတွင်းဝင်သော ဂါမသိမ်ပင်မည်သည်ဟု ပြတော်မူသည်။

"ရာဇာဒိဟိ ပရိစ္ဆိန္နဘူမိဘာဂေါ ဟိ။ ပ။ ဧဝဒီတပ္ပေါ"ဟူသော ပါဠိဖြင့် မြို့ရွာနယ်မြေတို့ကိုပိုင်းခြားနိုင်သော အာဏာပိုင်မင်းတို့သည် တခုခုသော နဂရ, နိဂမ ဂါမသိမ်အတွင်း၌ အသီးသီးပိုင်းခြားအပ်သော မြေအဖို့ဟူသမျှသည် မြစ်, သမုဒ္ဒရာ, ဇာတသရသိမ်တို့ကိုထား၍ ထိုနဂရ, နိဂမ, ဂါမသိမ်အတွင်းဝင်သော သိမ်သာမည်သည်ဟု ပြတော်မူသည်။

"တေနဘာ ပရိစ္ဆိန္နိတ္ထာ ရာဇာ ကဿစိ ဒေတိ" ဟူသော သာဓကပါဠိဖြင့် ဝိသုံဂါမလက္ခဏာမြောက်အောင် ပိုင်းခြားရုံမျှနှင့် ဝိသုံဂါမသိမ် မဖြစ်၊ ပိုင်းခြား၍ ပေးမှ ဝိသုံဂါမသိမ်မြောက်သည်ဟု ပြတော်မူသည်။

ထိုစကား၌ ကျောင်းမြေ, ဘုရားမြေ, ဂရန်ပတ္တာခံသော မြေတို့သည် အာဏာပိုင်မင်း ပေးသည်ဖြစ်၍ ဝိသုံဂါမသိမ် မည်သည်ဟု ဆိုပြားအံ့၊ ထိုသို့ပေးခြင်းသည် "အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ထာ" ဟူသောအဋ္ဌကထာပါဠိအရ ဝိသုံဂါမသိမ်၏ အင်္ဂါလက္ခဏာနှင့် မညီသောကြောင့် ဝိသုံဂါမသိမ် မမြောက်ဟု ဖြေ။

အယံ ဝိသုံ ဂါမော ဟောတူတိ ပရိစ္ဆိန္နိတ္ထာ-အရမ္မာ ဝိသုံဂါမဖြစ်စေလို၍ တခုသော ဂါမခေတ်၌ တခုသောအရပ်တစိတ်မှာ တောင်တာ သခ်ျာ အမွှတ်ခေးဇယားပုံသခ်ျာ အမှတ်တို့ဖြင့် ပိုင်းခြား မှတ်သား၍ ဝိသုံဂါမဖြစ်စေဟူသော အခြင်းအရာကို ဖော်ပြ၍ပေးမှ ဝိသုံဂါမသိမ်မြောက်သည်။

ထိုသို့မဟုတ် ကျောင်းမြေ၊ ဘုရားမြေ၊ ဂရန်ပတ္တာခံသောမြေမှာ ထိုကျောင်းခမြေ၊ ဘုရားမြေ၊ ဂရန်ပတ္တာမြေဟူသော အခြင်းအရာဖြင့်သာ ပေးသည်မည်သောကြောင့် ဝိသုံဂါမသိမ်၏ အင်္ဂါလက္ခဏာမမြောက်ဟုမှတ်။ ထို့ကြောင့် မဟာဝဂ်အဋ္ဌကထာ ဥပေါသထက္ခန္ဓက အဖွင့်၌-

ယေ ဇာပဒ္ဓသီမဝိဟာရာ, တေသု ဘိက္ခူ။ ကေစ္စံ သန္နိပါ-
ဇေတတ္ထာ၊ ဆန္ဒာဟာရာနံ ဆန္ဒော အာဟာရပေတတ္ထော-

ဟု ဆိုတော်မူ၏။

ရာဇာ ကဿစိ ဒေတိ-အရာ၌ ရာဇာ-အရကို "ရာဇာတိ ပထဝိဿရ-ရာဇာ" ဟု ဝိနယာလင်္ကာရဋီကာ၌ လာသောကြောင့် မြေကို အစိုးရသောမင်းဟု သိခဲ့လေ။

ထို့မြေကို အစိုးရသောမင်းက အဆင့်အာဏာပိုင် ပေးအပ်သော အမတ်ကြီးအဋ္ဌရှိသော မင်းအဆင့်ဆင့်တို့ကိုလည်း ရာဇ-အရာ၌ မူတ်ယူအပ်သည်ပင်။ ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

ရာဇာဒိဟိပရိစ္ဆိန္နေ ဘူမိဘာဂေါ ဟိ သဗ္ဗော၀ ဌပေတ္ဝာ နဒီလောဏိဇာတဿရေ ဂါမဏိမာတိ ဝေဒိတဗ္ဗော။ တေနာဟ "ပရိစ္ဆိန္နိတ္ဝာ ရာဇာ ကဿစိ ဒေတီ"တိ-

ဟု ဖွင့်တော်မူ၏။

ဟိ၊ မူန်၏။ ရာဇာဒိဟိ၊ မင်းအဋ္ဌရှိသည်တို့သည်။ ဝါ၊ မြေကို အစိုးရသောမင်း၊ ထိုမင်းသည် အာဏာပိုင်ပေးအပ်သော အမတ်ကြီးအဋ္ဌရှိသော မင်းတို့သည်။ သဗ္ဗော၀၊ အလုံးစုံသာလျှင် ဖြစ်သော။ ပရိစ္ဆိန္နဘူမိဘာဂေါ၊ ပိုင်းခြား၍ ပေးအပ်သော မြေအရပ်ကို။ နဒီ-လောဏိဇာတဿရေ၊ မြစ်, သမုဒ္ဒရာ, ဇာတဿရအိုင်တို့ကို။ ဌပေတ္ဝာ၊ ထား၍။ ဂါမဏိမာတိ၊ ဂါမဏိမ်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တေန၊ ထို့ကြောင့်။ ပရိစ္ဆိန္နိတ္ဝာ ရာဇာ ကဿစိ ဒေတီတိ၊ ဟူ၍။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

၁၂၇။ ဂါမဏိမ်, ဝိသုံဂါမဏိမ်တို့ ပျက်ရာအခါ

မေး။ ။ထိုပကတိဂါမဏိမ်, ဝိသုံဂါမဏိမ်တို့သည် ဘယ်အခါ ပျက်ပါသနည်း။

ဖြေ။ ။ထိုအမေးမှာ-

သဗ္ဗေ ပန တတ္ထ ရာဇာ ကိဉ္စိ ပဒေသံ ဂါမဋ္ဌရေန ယောဇေတိ၊ သော ပဝိဋ္ဌဂါမ သီမတံ ဧဝ ဘဇတိ။

ယေ ပန ဂါမာ ရာဇစောရာဒိဘယပီဋိတေဟိ မနုဿေ ဆဋ္ဌိတာ စိရမ်ပိ နိမုနုံသာ တိဋ္ဌန္တိ၊ သမန္တာ ပန ဂါမာ သန္တိ၊ တေပိ ပါဋေက္ကံ ဂါမဏီမာ၀။ တေသုဟိ ရာဇာနော

သမန္တဂါမဝါသိဟိ ကဿပေတ္ထာ ဝါ ယေဟိ ကေဟိစိ ကသိတဗ္ဗာနံ လိခိတ္ထာ ဝါ ဗလိံ ဂဏှန္တိ၊ အညေန ဝါ ဂါမေန ကေဘာဝံ ဝါ ဥပနေန္တိ၊ ပုရိမာ ဂါမသိမာ ဝိနဿတိ။

ရာဇာနော ပန ကေသဉ္စိ အဒ္ဓညဒိပဒဒေသေ မဟန္တံ ဂါမံ ကတ္ထာ အနေကသဟဿာနံ ကုလာနံ ဝါသပေတ္ထာ တတ္ထ ဝါသိနံ ဘောဂဂါမာတိ သမန္တာ ဘူတဂါမေ ပရိစ္ဆိန္ဒိတ္ထာ ဒေန္တိ၊ ပုရာဏနာမံ, ပန ပရိစ္ဆေဒဥ္စ နာ ဝိနာသေန္တိ၊ တေပိ ပစ္စေကံ ဂါမသိမာ ဧဝ။ တ္တာဝတာ ပုရိမဂါမသိမာတ္တံ နာ ဝိဇဟန္တိ—

ဟု လာသော ဝိမတိဝိနာဒနီဋ္ဌိကာကိုထောက်၍ သိမလေ။

တတ္ထ၊ ထို ပကတိဂါမသိမ်, ဝိသုံဂါမသိမ်၌။ ရာဇာ၊ သည်။ ကိဉ္စိ ပဒေသံ၊ တစုံဘခုသောအရပ်ကို။ ဂါမန္တရေန၊ ရွာတပါးနှင့်။ သစေ ပန ယောဇေတိ၊ ပေါင်းစေသည်ဖြစ်အံ့၊ သော၊ ထိုအရပ်သည်။ ပဝိဋ္ဌဂါမသိမတံ ဧဝ၊ ဝင်သောဂါမသိမ်အဖြစ်သို့သာလျှင်။ ဘဇတိ၊ ကပ်၏။ ဝါ၊ ဝင်၏။

ယေ ပန ဂါမာ၊ အကြင်ရွာတို့သည်။ ရာဇဓေယျဒိဘယ-ပိဉ်ဒတဟိ၊ မင်း, ခိုးသူစသော ဘေးတို့ဖြင့် နှိပ်စက်အပ်ကုန်သော။ မှနုဿေဟိ၊ လူတို့သည်။ ဆဋ္ဌိဘာ၊ စွန့်အပ်ကုန်သည်ဖြင့်၍။ စိရမ်ပိ၊ ကြာမြင့်စွာလည်း။ နိမှနုဿာ၊ လူမရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ သမန္တာ ပန၊ ထက်ဝန်းကျင်မူ။ ဂါမာ၊ ဂါမသိမ်ဘို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုရွာတို့သည်လည်း။ ပါဠေဋ္ဌကံ၊ အသီး။ ဂါမသိမာ ဧဝ၊ ဂါမသိမ်မည်သည်သာတည်း။ ဟိ၊ မှန်၏။ တေသု၊ ဂါမသိမ်တို့၌။ ရာဇာနော၊ မင်းတို့သည်။ သမန္တဂါမဝါသိဟိ၊ အနီးဖြစ်သော ဂါမသိမ်၌နေသော လူတို့ကို။ ကဿပေတ္ထာ ဝါ၊ လယ်ထွန်စေ၍လည်းကောင်း။ ယေဟိ ကေဟိစိ၊ အမှတ်မရှိသော သူတို့သည်လည်း။ ကသိတဗ္ဗာနံ၊ လယ်ထွန်ရာအရပ်ကို။ လိခိတ္ထာ ဝါ၊ ရေး၍လည်းကောင်း။ ဗလိံ၊ အခွန်ကို။ ဂဏှန္တိ၊ ယူကုန်၏။ အညေန၊

တပါးသော။ ဂါမေန ဝါ၊ ရွာနှင့်မူလည်း။ ကောဘာဝံ၊ တပေါင်း တည်းအဖြစ်သို့။ ဥပနေန္တိ၊ ဆောင်ကုန်၏။ ပုရိမာ ဂါမသီမာ၊ ရှေး ဂါမသိမ်သည်။ ဝိနဿတိ၊ ပျက်၏။

ရာဇာနော ပန၊ မင်းတို့သည်။ ကေသို့၊ တခုသော။ အရညာ-ဒိပွဒေသေ၊ တောကြီးအရပ်၌။ မဟန္တံ၊ ကြီးသော။ ဂါမံ၊ ရွာကို။ ကတ္ဝာ၊ ပြု၍။ အနေကသဟဿာနံ၊ အထောင်မကများကုန်သော။ ကုလာနံ၊ အမျိုးတို့ကို။ ဝါသာပေတ္ဝာ၊ နေစေ၍။ တတ္ထ၊ ရွာ၌။ ဝါသိနံ၊ နေကုန်သောသူတို့၏။ ဘောဂဂါမာ၊ လုပ်ကိုင်စားသောက်ရာ အပိုင်းအခြားရှာတည်း။ ဣတိ၊ ဤသို့။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဘူတဂါမေ၊ ထင်ရှားသောရွာတို့ကို။ ပရိစ္ဆိန္ဒိတ္ဝာ၊ ပိုင်းခြား၍။ ဒေန္တိ၊ ပေးကုန်၏။ ပုရာဏနာမံ၊ ရှေးဂါမသိမ်အမည်ကို လည်းကောင်း။ ပရိစ္ဆေဒဉ္စ၊ အပိုင်းအခြားကိုလည်းကောင်း။ န ဝိနာသေန္တိ၊ မပျက်စေကုန်။ တေပိ၊ ထိုဂါမသိမ်ဟောင်းတို့သည်လည်း။ ပစ္စေကံ၊ အသီးသီး။ ဂါမသီမာ ဧဝ၊ ဂါမသိမ်မည်ကုန်သည်သာတည်း။ တွောဝတာ၊ ဤသို့ ပြုကားမျှဖြင့်။ ပုရိမဂါမသီမတ္တံ၊ ရှေးဂါမသိမ်အဖြစ်ကို။ န ဝိဇဟန္တိ၊ မစွန့်ကုန်။

ထိုဋ္ဌိကာပါဋ်ဖြင့် ပကတိဂါမဖြစ်စေ၊ ဝိသုံဂါမဖြစ်စေ ထီးလဲနန်းပြောင်းရှိသော်လည်း နောက်မင်းလက်ထက် ရှေးမင်း ပိုင်းခြား၍ပေးထားသည်ကို မပျက်သမျှ ကာလပတ်လုံး မပျက်ကုန်။ ဖျက်၍ အပိုင်းအခြားကိုပြ၍ပေးမှ ပျက်သည်ဟု ပြတော်မူသည်။ နောက်မင်း ဖျက်၍ ပျက်ပုံကို ဋ္ဌိကာပါဋ်ဖြင့် ပြန်၍ယူလေ။

၃၂ဂ။ ခဏ္ဍသိမ် မဟာသိမ်တို့၏ အရှယ်ပမာဏ

မေး။ ။ခဏ္ဍသိမ်, မဟာသိမ်တို့၏ အငယ်, အကြီးကို အသို့ မူတ်ရပါအံ့နည်း။

ဖြေ။ ။ရဟန်းနှစ်ကျိပ်တယောက်တို့သည် ထိုင်နေလောက်အောင် သမုတ်သောသိမ်ကို အစပြု၍ ရဟန်းတထောင် နေလောက်အောင် သမုတ်သောသိမ်သည် ခဏ္ဍသိမ်မည်၏။

ရဟန်းတထောင်ထိုင်နေလောက်သော သိမ်ကိုလွှန်၍ သုံးယူဇနာတိုင်အောင် အတွင်း၌ သမုတ်သောသိမ်သည် မဟာသိမ်မည်၏။

သာ ဟေဋ္ဌိမပရိစ္ဆေဒေန သစေ ကေဝိသတိ ဘိက္ခူဂဏ္ဌာတိ၊ ဝဋ္ဋတိ။ တတော ဩရံ န ဝဋ္ဋတိ။ ပရံ ဘိက္ခုသဟဿံ ဂဏ္ဌန္တိပိ ဝဋ္ဋတိ–

ဟု လာသော ဥပေါသထက္ခန္ဓကအဋ္ဌကထာကိုထောက်။

သာ၊ ထိုခဏ္ဍသိမ်သည်။ ဟေဋ္ဌိမပရိစ္ဆေဒေန၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ကေဝိသတိ ဘိက္ခူ။၊ နှစ်ကျိပ်တယောက်သောရဟန်းတို့သည်။ သစေ ဂဏ္ဌာတိ၊ ထိုင်နေလောက်သည်ဖြစ်အံ့။ ဝဋ္ဋတိ၊ အပ်၏။ တတော၊ ထိုပမာဏအောက်။ ဩရံ၊ အယုတ်သည်။နဝဋ္ဋတိ၊မအပ်။ ပရံ၊ အလွန်သည်။ ဘိက္ခုသဟဿံ၊ တထောင်သော ရဟန်းတို့။ ဂဏ္ဌန္တိပိ၊ ထိုင်နေလောက်သော်လည်း။ ဝဋ္ဋတိ၊ အပ်၏။

မူလသိက္ခာဋ္ဌိကာသစ်၌ကား–

ကေဝိသတိနိသီဒနပဟောနကတော ပဋ္ဌာယ ယာဝ ကေ့ုန-သဟဿနိသီဒနပဟောနကာ ခဏ္ဍသီမာ နာမ။ သဟဿတော ပဋ္ဌာယ ယာဝ တိယောဇနာ မဟာသီမာ နာမ–

ဟု ဆိုသည်။

ရဟန်းနှစ်ကျိပ်တယောက်ကစ၍ တပါးယုတ်တထောင် ထိုင်လောက်သောသိမ်သည် ခဏ္ဍသိမ်မည်သည်။ တထောင်ကစ၍ သုံးယူဇနာတိုင် မဟာသိမ်မည်သည်ဟု ပြသည်။

၁၂၉။ ဤအရပ်ဒေသမျိုး၌ မဟာသိမ်မရှိနိုင်

မေး။ ။ဤအရပ်ဒေသတို့၌ မဟာသိမ်ရှိမည်လော။

ဖြေ။ ။ထိုအမေးပုစ္ဆာမှာ–

“ခဏ္ဍသိမံ ပန ဇာနန္တာ အဝိပ္ပဝါသံ အဇာနန္တာပိ သမ္ဗဟာနိတုံ စေဝ ဗန္ဓိတုံ စ သက္ကိသန္တိ” တိ အဋ္ဌကထာယံ ဝစနတောပိ

တေသု တေသု ဇနပဒေသု တိယောဇနိကာဒိကာယော မဟာ-
သီမာယော နတ္ထိတိ ဝိညာယတိ-
ဟူ၍လည်းကောင်း၊

အထ ဝါ "ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဋ္ဌုပါတေ" တိ ဝိဟာရပရိက္ခေပဿ အန္တော စ ဝိဟာ-ရူပစာရဘူတေ ဗဟိ လေဋ္ဌုပါတေ စ ဌာနေယေဝ သီမာသမ္ဘူဟနနဿ ဝိမတိဝိနောဒနိယံ ဝုတ္တတ္တာပိ တာဒိသာ မဟာသီမာ-ယော နတ္ထိတိ ဝိညာယတိ-
ဟူ၍လည်းကောင်း လာသော ဝိနယာလင်္ကာရ ဋီကာကို ထောက်၍ သိအပ်သည်။

ခဏ္ဍသီမံ ပန၊ ခဏ္ဍသိမ်ကို။ ဇာနန္တာ၊ သိကုန်သောရဟန်းတို့သည်။ အဝိပ္ပဝါသံ၊ မဟာသိမ်ကို။ အဇာနန္တာပိ၊ မသိကုန်သော်လည်း။ သမ္ဘူ-ဟနိတုံ ဧစဝ၊ နုတ်ခြင်းငှါလည်းကောင်း။ ဗန္ဓိတုံ စ၊ ဖွဲ့ခြင်းငှါလည်း-ကောင်း။ သက္ခိဿန္တိ၊ စွမ်းနိုင်ကုန်လတ္တံ့။ ဣတ္ထံ၊ ဤသို့။ အဋ္ဌကထာယံ၊ ဥပေါသထက္ခန္ဓကအဋ္ဌကထာ၌။ ဝစနတောပိ၊ ဆိုတော်မူသောကြောင့်-လည်း။ တေသု တေသု ဇနပဒေသု၊ ထိုထိုဇနပုဒ်အရပ်တို့၌။ တိယော-ဇနိကာဒိကာယော၊ သုံးယူဇနာအပြားရှိကုန်သော။ မဟာသီမာယော၊ မဟာသိမ်တို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

အထ ဝါ၊ တနည်းကား။ ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဋ္ဌုပါတေတိ၊ ဟူသည်ကား။ ဝိဟာရပရိက္ခေပဿ၊ ကျောင်း အာရုံ၏။ အန္တော စ၊ အတွင်းဌ်လည်းကောင်း။ ဝိဟာရူပစာရ-ဘူတေ၊ ကျောင်းဥပစာဖြစ်သော။ ဗဟိ လေဋ္ဌုပါတေ၊ ပြင်ပခဲကျရာ ဖြစ်သော။ ဌာနေယေဝ စ၊ အရပ်ဌ်သာလျှင်။ သီမာသမ္ဘူဟနနဿ၊ သိမ်နုတ်ခြင်းကို။ ဝိမတိဝိနောဒနိယံ၊ ဝိမတိဝိနောဒနီဋီကာဌ်။ ဝုတ္ထ-တ္တာပိ၊ ဆိုအပ်သောကြောင့်လည်း။ တာဒိသာ၊ ထိုသို့ သုံးယူဇနာ အပြားရှိကုန်သော။ မဟာသီမာယော၊ မဟာသိမ်တို့သည်။ နတ္ထိ၊ မရှိကုန်။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

အဓိပ္ပါယ်ကား–ငါတို့မြန်မာနိုင်ငံ ထိုထိုဇနပုဒ်အရပ်၌ သုံးယူဇနာရှိသော ကျယ်ဝန်းသော မဟာသိမ်မရှိသောကြောင့်သာ အဌကထာဆရာသည် ခဏ္ဍသိမ်ကိုသိသော ရဟန်းတို့သည် မဟာသိမ်ကို မသိသော်လည်း နုတ်အပ်သည်ဟု ပြတော်မူသည်။ ဤအရပ်ဒေသတို့၌ သုံးယူဇနာရှိသော ကျယ်ဝန်းသော မဟာသိမ်မရှိသောကြောင့် ဝိမတိဝိနောဒနီဋီကာခံရာသည် ကျောင်းအာရာမ်အဟုံင်း၌လည်းကောင်း၊ ကျောင်းဥပစာပြင်ဘက် ခဲတက်အရပ်၌လည်းကောင်း သိမ်နုတ်ခြင်းကို ပြတော်မူသည်ဟူလို။

ထိုဝိမတိဝိနောဒနီ ဋီကာ၌ "ဝိဟာရပရိက္ခေပဿ အန္တော စ ဗဟိ စ သမန္တာ လေဋ္ဌုပါတော်" ဟူသော စကားကိုထောက်၍ ကျောင်းအာရာမ်ပမာဏရှိသော မဟာသိမ်တို့ ထိုအရပ်ဇနပုဒ်တို့၌ သမုတ်ကြသည်ဟု မှတ်ယူသင့်သည်။ အကြောင်းကို ဝိနယာလင်္ကာရဋီကာ၌–

ဝိမတိဝိနောဒနိယံ ပန "သမန္တာ လေဋ္ဌုပါတေ" တိ ဝုတ္တံ။ တံ ပန မဟာသိမာဗဟိဿနကာလေ ဝိဟာရပရိက္ခေပဿ ဗဟိဥပစာရံ သန္ဓာယ ဝုတ္တံ သိယာ–

ဟု ဆိုတော်မူ၏။

ဝိမတိဝိနောဒနိယံ ပန၊ ဋီကား။ သမန္တာ၊ လေဋ္ဌုပါတေတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ တံ ပန၊ ထိုစကားကို။ မဟာသိမာဗဟိဿနကာလေ၊ မဟာသိမ်ဖွဲ့သောအခါ၌။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအာရာမ်၏။ ဗဟိ-ဥပစာရံ၊ အပ ဥပစာကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုတော်မူသည်။ သိယာ၊ ဖြစ်ရာ၏။

အဌကထာ၌ ရဟန်းတထောင်နေလောက်သော သိမ်သည် ခဏ္ဍသိမ် အကြီးပမာဏဟု ပြတော်မူသဖြင့် ထိုတထောင်သော ရဟန်းတို့သည် ထိုင်နေလောက်သော ခဏ္ဍသိမ်ထက် ကြီးသော ကျယ်သော ကျောင်းအာရာမ် ပမာဏရှိသော မဟာသိမ်ကိုလည်း အလိုရှိသော ရဟန်းတို့သည် သမုတ်ခြင်းငှါ စွမ်းနိုင်လောက်သောကြောင့် ထိုထိုအရပ်

တို့ဌ်ပင် မရှိဟု မဆိုအပ်သောကြောင့် ဝိမတိဝိနောဒနီ ဋီကာရှင်သည် မဟာသိမ်သမုတ်သည်ကိုရည်၍ ကျောင်းအာရာမ်ပြင်ဘက် ထက်ဝန်းကျင်ဌ် ခဲဘပစ်အရပ် နုတ်ရမည်ဟု ဆိုကြောင်းကို ဝိနယာလင်္ကာရ ဋီကာဆရာပြတော်မူသည်။

ထိုသို့လာသော ဋီကာပါဌ်တို့ကို ထောက်၍ မြန်မာတိုင်း ဇနပုဒ် အရပ်တို့ဌ် သုံးယူဇနာ, နှစ်ယူဇနာ, တယူဇနာ, သုံးဂါဝုတ်, နှစ်ဂါဝုတ်, တဂါဝုတ်, တဂါဝုတ်ခဲ့အပြားရှိသော မဟာသိမ်မရှိကြောင်းကို သိအပ်၏။

သစေ ကဲသို့ ဂါမခေတ္တေ သီမံ ဗန္ဓိတုကာမာ ယေ တတ္ထ ဗဒ္ဓသီမာဝိဟာရာ၊ တေသု ဘိက္ခူနံ "မယံ အဇ္ဇ သီမံ ဗန္ဓိဿာမ၊ တုမ္ဟေ သကသီမာပရိစ္ဆေဒတော မာ နိက္ခမိတ္ထာ" တိ ပေသေတဗ္ဗံ။ ယေ အဗဒ္ဓသီမဝိဟာရာ, တေသု ဘိက္ခူ။ ကေစိ သန္ဓိပါတေတဗ္ဗာ၊ ဆန္ဒာရဟာနံ ဆန္ဒော အာဟာရုပေတဗ္ဗော— ဟု လာသော ဥပေါသထက္ခန္ဓက အဋ္ဌကထာ, ဝိနယတ္ထမဉ္ဇူသာဋီကာ တို့ကိုထောက်၍လည်း ထိုထိုဇနပုဒ်အရပ်တို့ဌ် တခုံသော ကျောင်းတိုက် ပမာဏထက်လွန်၍ သမုတ်အပ်သော မဟာသိမ်မရှိကြောင်းကို ဆိုသည်။

ကဲသို့၊ တခုသော။ ဂါမခေတ္တေ၊ ဌ်။ သီမံ၊ သိမ်ကို။ ဗန္ဓိတုကာမာ၊ ဖွဲ့လိုကုန်သည်။ သစေ ဟောန္တိ၊ ဖြစ်ကုန်အံ့။ တတ္ထ၊ ထို တခုသောဂါမခေတ်ဌ်။ ဗဒ္ဓသီမာ၊ ဗဒ္ဓသိမ်ရှိကုန်သော။ ယေ ဝိဟာရာ၊ အကြင်ကျောင်းတိုက်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုကျောင်းတိုက်တို့ဌ်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ မယံ၊ ငါတို့သည်။ အဇ္ဇ၊ ယနေ့။ သီမံ၊ ကို။ ဗန္ဓိဿာမ၊ ဖွဲ့ကုန်အံ့။ တုမ္ဟေ၊ သင်တို့သည်။ သကသီမာပရိစ္ဆေဒတော၊ မိမိတို့သိမ်အပိုင်းအခြားမှ။ မာ နိက္ခမိတ္ထ၊ မထွက်ကြကုန်လင့်။ ဣတိ၊ ဤသို့။ ပေသေတဗ္ဗံ၊ စေအပ်၏။ အဗဒ္ဓသီမာ၊ ဗဒ္ဓသိမ်မရှိကုန်သော။ ယေ ဝိဟာရာ၊ အကြင်ကျောင်းတိုက်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေသု၊ ထိုကျောင်းတိုက်တို့ဌ်။ ဘိက္ခူ၊၊ ရဟန်းတို့ကို။

ကေင်္ခံ၊ တဒေပါဒ်းတည်း။ သန္ဓိပါတေဘဗ္ဘာ၊ စည်းဝေးစေအပ်ကုန်၏။ ဆန္ဒာဝရဟာနံ၊ ဆန္ဒဆောင်သော ရဟန်းတို့၏။ ဆန္ဒာ၊ ပေးသော ဆန္ဒကို။ အာဟရာပေတဗ္ဗော၊ ဆောင်စေအပ်၏။

ထိုအဋ္ဌကထာပါဠိတို့၌ တခုသောဂါမခေတ်ဖြစ်သော ပကတိဂါမသိမ်၌ ဗဒ္ဓသိမ်ဩမုတ်လိုမူ ထိုဂါမခေတ် အတွင်း၌ ဗဒ္ဓသိမ်ရှိသော ကျောင်းမှာ ရဟန်းတို့အား "သင်တို့ ဗဒ္ဓသိမ်အပိုင်းအခြားမှ မထွက်ကြပါကုန်လင့်" ဟု ပြောကြားရမည်။ ဗဒ္ဓသိမ်မရှိသော ကျောင်းမှာ ရဟန်းတို့ကို ထိုသိမ်သမုတ်ရာသို့ ပင့်ခေါ်ရမည်။ မလာနိုင်သော ရဟန်းမှာ ဆန္ဒကိုဆောင်ရမည်ဟု ပြတော်မူသဖြင့် သမုတ်လတ္တံ့သော သိမ်ကို နှုတ်ဩသောအခါ၌လည်း တခုသော ကျောင်းတိုက်ပမာဏထက်လွန်၍ သမုတ်သော မဟာသိမ်သည် ထိုထိုဗနပုဒ်အရပ်ဘို၌ မရှိသင့်သောကြောင့် တခုဩသောကျောင်းတိုက် ပမာဏမျှသော အရပ်ကို သုတ်သင်၍ နှုတ်လျှင် ထိုပမာဏထက်လွန်သော သိမ်ဧဟာင်း မရှိသင့်သောကြောင့် အပ်သည်။ သိမ်ဧဟာင်းရှိက ကျုတ်သည်ဟု ပြဧတော်မူသည်။

မဟာဝဂါ အဋ္ဌကထာ၌လည်း သစ်ပင်နိမိတ်ကို ပြုထု၌-

တတော ဩရုံ နဝင်္ဒတိ၊ ပရံ ဒွါဒသဃယောဇနာ သုပ္ပတိဋ္ဌိတနိဂ္ဂြောဓောပိ ဝင်္ဒတိ-

ဟု ဖွင့်တော်မူ၏။

ကတော၊ ထိုအစောက် လက်ရှစ်သစ် လုံးပတ် သီဟိုဠ်ကျွန်းရိုးခန့်ရှိသော ပမာဏဧအာက်။ ဩရုံ၊ အယုတ်သည်။ နဝင်္ဒတိ၊ မှအပ်။ ပရံ၊ အလွန်သည်။ ဒွါဒသဧယောဇနော၊ ၁၂-ယူဇနာရှိသော။ သုပ္ပတိဋ္ဌိတနိဂ္ဂြောဓောပိ၊ ကောင်းစွာတည်သော ပညောင်ပင်ကြီးသည်လည်း။ ဝင်္ဒတိ၊ အပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့်လည်း ထိုထိုဗနပုဒ်၌ ရဟန်းတထောင်အလွန်ဆန့်သော တခုဩသောကျောင်းကိုက် ပမာဏထက်လွန်သော မဟာသိမ်မရှိ၍သာ တဆယ့်နှစ်ယူဇနာရှိသော သစ်ပင်နိမိတ် အပ်ကြောင်းကို ပြတော်မူသည်ဟုမှတ်။

ထိုအဌကထာပါဌ်ကိုထောက်၍ ဗဒွသိမ်နှင့်ဂါမသိမ်စပ်၍အပြစ်မရှိဟု မူတ်ယူသင့်သည်။

ဝိနယာလင်္ကာရဋီကာဌ်လည်း–

ဘုရားရှင်လက်ထက်က ရာဇဂြိုဟ်ပြည်ဌ် တဆယ့်ရှစ်ရပ်သော ကျောင်းတိုက်တို့ကို တပေါင်းတည်းပြု၍ ရှင်သာရိပုတ္တရာသည် မဟာသိမ်ပြုသည်။ သီဟိုဠ်ကျန်းဌ် အနုရာဓပြည်ကို အတုင်းပြု၍ ရှင်မဟိန္ဒထေရ်သည် မဟာသိမ်သမုတ်သည်ဟု ကျမ်းဂန်လာကြောင်းကို လည်းကောင်း၊ အရိမဒ္ဒနပြည်ဌ် အနုရုဒ္ဓါမည်သောမင်းသည် အလျားအတောင် တထောင့်တရာ နှစ်ဆယ့်ခြောက်တောင်၊ အနံ အတောင် တရာငါးဆယ်ခုနစ်တောင် ရှိသော မဟာသိမ်ကို သမုတ်စေသည်ဟု ကျောက်တိုင်အကွရာဌ် လာကြောင်းကို လည်းကောင်း–

ပြဆိုတော်မူသည်။

သိမ်နုတ်ပုံ အခြင်းအရာကို အသေအချာ သိစေခြင်းငှါ ဝိနယာလင်္ကာရဋီကာဌ် လာသည်ကို ထုတ်ဆောင်၍ ပြဆိုဦးအံ့–

"ဣဒါနိ သိမံ သမ္ပဟနိဿာမာ"တိ ပရိစ္ဆိန္နာယ ဂါမသီမာယ အန္တော ခဏ္ဍသီမမဟာသီမာနံ အတ္ထိဘာဝံ ဝါ နတ္ထိဘာဝံဝါ တာသံ သီမာနံ ပရိစ္ဆေဒဉ္စ နဇာနန္တိ၊ ဧဝံ အဇာနန္တာ ဘိက္ခူ တာ ပေါရာဏာသီမာယော သမ္ပဟနိတုံ နသက္ကုဏေယျုံ၊ ပေါရာဏာသီမံ သမ္ပဟနိတုံ အသက္ကောန္တာ စ ကထံ အဘိနဝသီမံ ဗန္ဓိတုံ သက္ကုဏိဿန္တိတိ ပရမ္ပရာဟိ အာဘရိယေဟိ ဃမ္မာ ဝိနိစ္ဆိတံ အနုလောမနယံ နိဿာယ မဟန္တံ ဥဿာဟံ ကရိတ္ဝာ အင်္ဂံ အပရိဟာပေတ္ဝာ သမ္မာ ဝိဟိတနယေန ပေါရာဏကသီမံ သမ္ပဟနိတုံ သက္ခိဿန္တိ။

ကထံ တသ္မိံ သီမာသမ္ပဟနနကာလေ ယဒိ ပကတိဂါမသီမာယံ အာရုဒ္ဓံ၊ တံ ပကတိဂါမဝရိစ္ဆေဒံ, ယဒိ ဝိသုံဂါမ-

သီမာယံ အာရဒ္ဓံ၊ တံ ဝိသုံဂါမပရိစ္ဆေဒံ အညေသံ ဘိက္ခူနံ အပ္ပဝိသနတ္ထာယ သမန္တတော သုသံဝိဟိဘာရကံ္ခ ကာရာ-ပေတ္ဝာ ကမ္မဝါစံ သာဓေတုံ သမတ္ထေန ဗျတ္တေဟလသမ္ပန္နေန ဝိနယဓရေန သဟ သမာနသံဝါသကေ လဇ္ဇီပေသလေ ဥမဿ ကမ္မဿ စတုဝဂ္ဂကရဏီယတ္တာ စတ္တာရော ဘိက္ခူ ကမ္မပ္ပတ္တေ, ဘိက္ခူနံ ပကတတ္တာဘာဝဿ ဒုပ္ပဋိညျတ္တာ ဝါ တတော အဓိကပ္ပမာဒကေ ဘိက္ခူ ဂဟေတွာ ဥဒဟာရံ ဒတွာ ပန္နိကဗ္ဗာယ သီမာယ နိမိတ္တာနံ ဝိဟာရပရိက္ခေပဿ စ အန္တော စ သဗ္ဗတ္ထ ဗဟိ စ သမန္တာ လေဋ္ဌုပါတမတ္တေ ပဒေသေ သဗ္ဗတ္ထ မဉ္ဆပ္ပမာ-ဏေ မဉ္ဆပ္ပမာဏေ ဌာနေ ဟတ္ထပါသံ အဝိဇဟိတွာ တိဋ္ဌန္တော, နိသီဒန္တော ဝါ ဟုတွာ ပဌမံ အဝိပ္ပဝါသသီမာသမ္ဗဟနနကမ္မ-ဝါစံ, တတော သမာနသံဝါသကသီမာယမ္ပိ သမ္ဗဟနနကမ္မဝါစံ သာဓေတွာ သီမာယ သမ္ဗန္ဓိတေ ကတေ ပေါရာဏသီမာသု ဝဋ္ဋမာနာသု ပစ္ဆိမဒိသာယ သမ္ဗန္ဓိတေ ကတေ ပေါရာဏသီမာသု ဝဋ္ဋမာနာသု ပုရိမဒိသာယ သမ္ဗန္ဓိတေ ကတေ ပေါရာဏသီမာသု ဝဋ္ဋမာနာသု ဒက္ခိဏဒိသာယ သမ္ဗန္ဓိတေ ကတေ ပေါရာဏသီမာသု ဝဋ္ဋမာနာသု ပုရိမဒိသာယ သမ္ဗန္ဓိတေ ကတေ ပေါရာဏသီမာသု ဝဋ္ဋမာနာသု ဥတ္တရဒိသာယ သမ္ဗန္ဓိတေ ကတေ ပေါရာဏသီမာသု ဝဋ္ဋမာနာသု ပစ္ဆိမဒိသာယ သမ္ဗန္ဓိတေ ကတေ ပေါရာဏသီမာသု ဝဋ္ဋမာနာသု ဥတ္တရ

မဥ္ဇဋ္ဌာနေ တာသံ မဇ္ဈဂတာ တေ ဘိက္ခူ။ တာ သမ္ဗဟ့-
နေယျုံ၊ တတော ဂါမသီမာ ဧဝ အဝသီဿေယျာတိ-
ဟု ဝိနယာလင်္ကာရဋီကာဌ် မိန့်တော်မူ၏။

ဣဒါနိ၊ ယခုအခါဌ်။ သီမံ၊ သိမ်ကို။ သမ္ဗဟနိဿာမ၊ နှုတ်ကုန်အံ့။ ဣတိ၊ ဤသို့။ ပရိစ္ဆိန္နာယ၊ ပိုင်းခြားအပ်သော။ ဂါမသီမာယ၊ ဂါမသိမ်၏။ အန္တော၊ အတွင်းဌ်။ ခဏ္ဍသီမ မဟာသီမာနံ၊ ခဏ္ဍသိမ်, မဟာသိမ်တို့၏။ အတ္ထိဘာဝံ ဝါ၊ ရှိသည်၏အဖြစ်ကို လည်းကောင်း။ နတ္ထိဘာဝံ ဝါ၊ မရှိသည်အဖြစ်ကို လည်းကောင်း။ တာသံ သီမာနံ၊ ထိုသိမ်တို့၏။ ပရိစ္ဆေဒဋ္ဌ၊ အပိုင်းအခြားကိုလည်းကောင်း။ နဇာနန္တိ၊ မသိကုန်။ ဧဝံ၊ ဤသို့။ အဇာနန္တာ၊ မသိကုန်သော။ ဘိက္ခူ၊ တို့သည်။ တာ ဧပါရုဏသီမာယော၊ ထိုသိမ်ဒဟာင်းတို့ကို။ သမ္ဗ-
ဟနိတုံ၊ နှုတ်ခြင်းငှါ။ နသက္ကုဏေယျုံ၊ မတတ်နိုင်ကုန်ရာ။ ပေါရာဏ-
သီမံ၊ သိမ်ဟောင်းကို။ သမ္ဗဟနိတုံ၊ နှုတ်ခြင်းငှါ။ အသက္ကောန္တာ စ၊ စွမ်းနိုင်သော ရဟန်းတို့သည်လည်း။ ကထံ၊ အသို့လျှင်။ အဘိနဝ-
သီမံ၊ အသစ်ဖြစ်သော သိမ်ကို။ ဗန္ဓိတုံ၊ ဖွဲ့ခြင်းငှါ သက္ကုဏိဿန္တိ၊ စွမ်းနိုင်ကုန်အံ့နည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပရမ္မုခေဟိ၊ အာစရိယဟို၊ ဆရာတို့သည်။ သမ္မာ၊ ကောင်းစွာ။ ဝိနိစ္ဆိတံ၊ ဆုံးဖြတ်အပ်သော။ အနုလောမနယံ၊ ကျိမ်းဂန်နှင့် လျော်သောနည်းကို။ နိဿာယ၊ မှီ၍။ မဟန္တံ၊ ကြီးစွာသော။ ဉဿာဟံ၊ အားထုတ်ခြင်းကို။ ကရိတ္ဝာ၊ ပြု၍။ အဂ်ံ၊ သိမ်နှုတ်ခြင်း
ဩဂ်ါကို။ ဝါ၊ အကြောင်းကို။ အပရိဟာပေတ္ဝာ၊ မယုတ်စေမူ၍။
သမ္မာ၊ ကောင်းစွာ။ ဝိဟိတာနုယောန၊ စီရင်အပ်သောနည်းဖြင့်။ ပေါ-
ရာဏသီမံ၊ ဧရှေးသိမ်ဟောင်းကို။ သမ္ဗဟနိတုံ၊ နှုတ်ခြင်းငှါ။ သက္ကု-
ဏေယျုံ၊ စွမ်းနိုင်ကုန်လတ္တံ့။

ကထံ သက္ကုဏေယျုံ၊ အသို့စွမ်းနိုင်ကုန်အံ့နည်း။ တသ္မိံ သမ္ဗဟနန-
ကာလေ၊ ထိုသိမ်ကိုနှုတ်သော ကာလဌ်။ ပကတိဂါမသီမာယံ၊ ပကတိ
ဂါမသိမ်ဌ်။ အာရုဒ္ဓံ၊ အားထုတ်ခြင်းသည်။ ယဒိ ဟောတိ၊ အကယ်၍

ဖြစ်ငြားအံ့။ တံ ပကတိဂါမပရိစ္ဆေဒံ၊ ထိုပကတိဂါမသိမ် အပိုင်း အခြားကို။ ဝိသုံဂါမသီမာဃယံ၊ ဝိသုံဂါမသိမ်၌။ အာရဒ္ဓံ၊ သည်။ ပဒီ ဓေဟာတိ၊ အံ့။ တံ ဝိသုံဂါမပရိစ္ဆေဒံ၊ ထိုဝိသုံဂါမအပိုင်းအခြား ကို။ အညေသံ၊ တပါးကုန်သော။ ဘိက္ခူနံ၊ တို့အား။ အပ္ပဝိသ-နတ္ထာယ၊ မဝင်စေခြင်းငှါ။ သမန္တာတော၊ ထက်ဝန်းကျင်အရပ်မှ။ သုသံဝိဟိတာရက္ခံ၊ ကောင်းစွာစီရင်အပ်သော အစောင့်အရှောက်ကို။ ကာရာပေတွာ၊ ပြုစေ၍။ ကမ္မဝါစံ၊ ကမ္မဝါစာကို။ သာဝေတုံ၊ ကြားစေခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်သော။ ဗျတ္တိဗလသမ္ပန္နေန၊ ဗျတ္တိဗလနှင့်ပြည့်စုံသော။ ဝိနယဓရေန၊ ဝိနည်းဓိုရ်ပုဂ္ဂိုလ်နှင့်။ သဟ၊ တက္ခ။ သမာနသံဝါသကေ လဇ္ဇီပေသလေ၊ တူသောပေါင်းဖော်ခြင်း ရှိသော လဇ္ဇီ ပေသလ ဖြစ်ကုန်သော။ ဣမဿ ကမ္မဿ၊ ဤကံ၏။ စတုဝဂ္ဂကရဏီယတ္တာ၊ လေးပါးအစုရှိသော သံဃာသည် ပြုအပ်သော ကံဖြစ်သောကြောင့်။ ကမ္မပ္ပဒ္ဓတ္တာ၊ ကံအား လျော်ပတ်ကုန်သော။ စတ္တာရော ဘိက္ခူ၊ လေးယောက်ကုန်သော ရဟန်းတို့ကို။ ဂဟေတ္ဝာ၊ ပင့်ခေါ်၍။ ဝါ၊ တနည်းကား။ ဘိက္ခူနံ၊ တို့၏။ ပကတတ္တာဘာဝဿ၊ ပကတိသီလရှိသော အဖြစ်၏။ ဒုပ္ပဋိညယျတ္တာ၊ သိနိုင်ခဲသည်၏အဖြစ် ကြောင့်။ တဒေတာ၊ ထိုလေးယောက်သော ရဟန်းတို့ဆက်။ အဓိကပ္ပ-မာဏော၊ လွန်သောပမာဏရှိကုန်သော။ ဘိက္ခူ၊ တို့ကို။ ဂဟေတ္ဝာ၊ ပင့်ခေါ်၍။ ဣဒါနိ၊ ယခုအခါ၌။ ဗန္ဓိတဗ္ဗာယ၊ ဖွဲ့အပ်သော။ သိမာယ၊ သိမ်၏။ နိမိတ္တာနံ၊ နိမိတ်တို့၏။ ဝိဟာရပရိက္ခေပဿ၊ ကျောင်းအာရုံမ်၏။ အန္တော စ၊ အတွင်း၌လည်းကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော။ ဗဟိ၊ အပ္ပဖြစ်သော။ သမန္တာ၊ ထက်ဝန်းကျင်မှ။ လေဋ္ဌုပါတမတ္တေ၊ ခဲဘက်မျှသော။ ပဒေသေ စ၊ အရပ်၌လည်း ကောင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော။ မဉ္ဇုပမာဏော မဉ္ဇုပမာဏော၊ တညောင်စောင်းပမာဏ တညောင်စောင်း ပမာဏရှိသော။ ဌာနေ၊ အရပ်၌။ ဟတ္ထပါသံ၊ တတောင့်ထွာဟတ္ထပါသ်ကို။ အဝိဇဟိတ္ဝာ၊ မစွန့်မူ၍။ တိဋ္ဌန္တာ ဝါ၊ ရပ်ကုန်သည်လည်းကောင်း။ နိသီဒန္တာ ဝါ၊ ထိုင်ကုန်သည်လည်းကောင်း။ ဟုတ္ဝာ၊ ဖြစ်၍။ ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပ-

ဝါသသီမာသမူဟနနကမ္မဝါစံ၊ အဝိပ္ပဝါသ သိမ်နုတ်ဿော ကမ္မဝါစာကို။ တတော၊ ထို့နောက်မူ။ သမာနသံဝါသကသီမာသမူဟနနကမ္မဝါစံ၊ သမာနသံဝါသကသိမ်နုတ်သော ကမ္မဝါစာကို။ သာဝေတွာ၊ ကြားဌ်။ သီမာယ၊ သိမ်ကို။သမူဿါတော၊နုတ်အပ်သည်ရှိသော်။ပေါရာဏာသီမာသု၊ သိမ်ဟောင်းတို့သည်။ ဝိဇ္ဇမာနာသုပိ၊ ရှိကုန်သော်လည်း။ ပစ္ဆိမန္တေန၊ ယုတ်သောအပိုင်းအခြားအား ဖြင့်။ ကေဝိသတိယာ ဘိက္ခူနံ၊ နှစ်ကျိပ်တယောက်သော ရဟန်းတို့၏။ နိသီဒနာရဟတ္တာ၊ ထိုင်နေလောက်သည်အဖြစ်ကြောင့်။ သီမာယ၊ သိမ်၏။ မဉ္ဇုပမာဏော မဉ္ဇုပမာဏော၊ တညောင်စောင်း တညောင်စောင်းပမာဏရှိသော။ ဌာနေ၊ အရပ်၌။ တိဋ္ဌန္တာ၊ တည်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။အဝဿံ၊ မခဲ့တော်။ တာသံ သီမာသု၊ ထိုသိမ်တို့၌။ တိဋ္ဌန္တာ၊ တည်ကုန်သည်။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သီမဋ္ဌာ၊ သိမ်၌ဘည်ကုန်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ သီမာသမူဟ့နနကမ္မဝါစံ၊ သိမ်နုတ်သောကမ္မဝါစာကို။ ဝတ္ဝာ၊ ဖတ်၍။ တာ သီမာ၊ ထိုသိမ်တို့ကို။ သမူဟနေယျုံ၊ နုတ်ကုန်ရာ၏။ တတော၊ ထို့ကြောင့်။ ပေါရာဏဇဒ္ဓသီမာနံ၊ ဗဒ္ဓသိမ်ဟောင်းတို့ကို။ သမူဟတတ္တာ၊ နုတ်အပ်သည်အဖြစ်ကြောင့်။ ဂါမသီမာယေဝ၊ ဂါမသိမ်သည်သာလျှင်။ အဝသိဋ္ဌာ၊ ကြွင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မူန်၏။ ဝိမတိဝိနောဒနိယံ၊ ဌ်။ ကေစိ ပန၊ အချို့သောဆရာတို့သည်။ ဤဒိသေသု၊ ဤသို့သဘော ရှိကုန်သော။ ဝိဘာဝရေသုပိ၊ ကျောင်းတို့ဌ်လည်း။ ဆပဒ္ဓမတ္တေ၊ ငါးယောက်, ခြောက်ယောက်မျှကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဂဟေတ္ဝာ၊ ပင့်ခေါ်၍။ ဝိဟာရကောဋ္ဌေတော၊ ကျောင်းတိုက်စွန်မှ။ ပဋ္ဌာယ၊ စ၍။ ဝိဘာရပရိက္ခေပဿ၊ ကျောင်းအာရုံ၏။ အန္တော စ၊ အတွင်းဌ်သည်းကောင်း။ သမ္မန္တာ၊ ထက်ဝန်းကျင်မှ။ ဗဟိ၊ အပဖြစ်သော။ လေဋ္ဌုပါတေ စ၊ ခဲတကျဌ်လည်းကောင်း။ သင်္ဃတ္ထာ၊ အလုံးစုံသော။ မဉ္ဇုပမာဏော မဉ္ဇုပမာဏော၊ တညောင်စောင်းပမာဏ တညောင်စောင်းပမာဏရှိသော။ ဩကာသော၊ အရပ်၌။ နိရန္တရံ၊ အခြားမရှိအောင်။ ဌတ္ဝာ၊ တည်၍။ ပဌမံ၊ ရှေးဦးစွာ။ အဝိပ္ပဝါသသီမံ၊ ကို။

တဇတော၊ ထိုနောက်မူ။ သမာနသံဝါသကဲသီမဥ္စ၊ သမာနသံဝါသက သိမ်ကိုလည်း။ သမူဟနနဝသေန၊ နုတ်သည်၏အစွမ်းဖြင့်။ သီမာယ၊ သိမ်ကို။ ၊သမူဿါတေ၊ နုတ်ခြင်းကို။ ကတေ၊ ပြုအပ်ပြီးသည်ရှိသော်။ တဿိံ ဝိဟာရေ၊ ထိုကျောင်းတိုက်၌။ ခဏ္ဍသီမာယ စ၊ ခဏ္ဍသိမ်၏ လည်းကောင်း။ မဟာသီမာယ စ၊ မဟာသိမ်၏လည်းကောင်း။ ဝိဇ္ဇမာ-နတ္တေ၊ ထင်ရှားရှိသောအဖြစ်သည်။ သတိပိ၊ ရှိသော်လည်း။ အဝဿံ၊ မဉ္ဇတ်။ ကေသို့ မဥ္ဇဋ္ဌာနေ၊ တခုသော ညောင်စောင်းပမာဏရှိသော အာရုပ်၌။ တာသံ၊ ထိုဗဒ္ဓသိမ်တို့၏။ မဇ္ဈဂတာ၊ အလယ်၌တည်ကုန်သော။ တေ ဘိက္ခူ၊ တို့သည်။ တာ၊ ထိုဗဒ္ဓသိမ်တို့ကို။ သမူဟ္ဒနေယျုံ၊ နုတ်ကုန်ရာ၏။ တတော၊ ထိုနုတ်ခြင်းကြောင့်။ ဂါမသီမာ ဧဝ၊ ဂါမသိမ် သည်သာလျှင်။ အဝသိဿယ္ယ၊ ကြင်းလေရာ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဧတံ ဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ ၏။

ထိုဝိနယဝါလင်္ကာရဋီကာ၌ပင်—

ဗဟိသီမဋ္ဌာနမိ သမန္တတော ဧကမဉ္ဇကံ ဝါ ဒ္ဝိတိမဉ္ဇကံ ဝါ ဂဟေတဗ္ဗံ။ တေန သဟ ဂဏနံ ဝဇ္ဈေဘဗ္ဗံ။ ဝိမတိဝိနောဒနိယံ ပန "သမန္တာ လေဋ္ဌုပါတေ"တိ ဝုတ္တံ။ တံ ပန မဟာသီမာ-ပန္နကာလေ ဝိဟာရဇဂရိက္ခေပဿ ဗဟိဥပ္စာရံ သန္ဓာယ ဝုတ္တံ သိယာ။ ခဏ္ဍသီမာယပိ ဒဋ္ဌရတော သမူဟနနေ ဒေါသော နတ္ထိ၊ ဒုက္ကရတ္တာ ပန ကာရကာနံ ပမာဏံ ဇာနိဿဗ္ဗံ—

ဟု ဆိုတော်မူသည်။

ဗဟိသီမဋ္ဌာနံ၊ သိမ်ပအာရုပ်ကို။ သမန္တတော၊ ထက်ဝန်းကျင်မူ။ ဧကမဉ္ဇကံ ဝါ၊ တညောင်စောင်းကိုလည်းကောင်း။ ဒ္ဝိတိမဉ္ဇကံ ဝါ၊ နှစ်ညောင်စောင်း, သုံးညောင်စောင်းကိုလည်းကောင်း။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ တေန၊ ထိုသိမ်နိမိတ်ပြင်ဘက် ညောင်စောင်းနှင့်။ သဟ၊ တကွ။ ဂဏနံ၊ ရေတွက်ခြင်းကို။ ဝဇ္ဈေတဗ္ဗံ၊ ပယ်စေအပ်၏။ ဝိမတိ-ဝိနောဒနိယံ ပန၊ ဥဒါဟား။ သမန္တာ၊ ထက်ဝန်းကျင်မှ။ လေဋ္ဌုပါတေတို့၊ ခဲတကျအရပ်၌ နုတ်ချမည်ဟူ၍။ ဝုတ္တံ၊ ၏။ တံ ပန၊ ထိုစကားကိုကား။

မဟာသီမာဗန္ဓနကာလေ၊ မဟာသိမ်သမုတ်သောအခါဌ်။ ဝိဟာရပရိ-ဏ်ဍေပဿ၊ ကျောင်းအာရာမ်၏။ ဗဟိဥပစာရံ၊ အပဥပစာကို။ သန္ဓာယ၊ ရည်၍။ ဝုတ်ံ၊ ဆိုသည်း သိယာ၊ ဖြစ်ရာ၏။ ခဏ္ဍသီမာယဲ့ပိ၊ ခဏ္ဍသိမ်သမုတ်ရာဌ်လည်း။ ဒူရတော၊ သိမ်ပြင်ဘက်ဝေးရာအရပ်မှ။ သမူဟနနေ၊ နုတ်ခြင်းဌ်။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဒုက္ကရတ္တာ၊ ပြုလုပ်ရန် ခဲယဉ်းသောကြောင့်။ ကာရကာနံ ပန၊ သိမ်နုတ်သောရဟန်းတို့အား။ ပမာဏံ၊ မပင်ပန်းသောအတိုင်းအရှည်ကို။ ဇာနိတဗ္ဗံ၊ သိအပ်၏။

ထိုဋီကာပါဌ်ဌ် "ယဒိ ပကတိဂါမသီမာယံ အာရဒ္ဓံ၊ တံ ပကတိ-ဂါမပရိစ္ဆေဒံ၊ ယဒိ ဝိသုံဂါမသီမာယံ အာရဒ္ဓံ၊ တံ ဝိသုံဂါမပရိစ္ဆေဒံ အညေသံ ဘိက္ခူနံ အပ္ပဝိသနတ္ထာယ" ဟူသော စကားဌ် သိမ်သမုတ်သောအခါသာ ပကတိဂါမဌ် သမုတ်မူ ပကတိဂါမခေတ်ကုန်အောင် စောင့်ရမည်။ ဝိသုံဂါမဌ်သမုတ်မူ ဝိသုံဂါမခေတ်ပိုင်းခြားရာဌ် စောင့်ရမည်။

သိမ်နုတ်သောအခါဌ်မူကား ပကတိဂါမခေတ်ဌ်ဖြစ်စေ၊ ဝိသုံဂါမဌ် ဖြစ်စေ အထူးမရှိ။ ရှေးကသမုတ်သော ဗဒ္ဓသိမ်ဟောင်းရှိခဲ့လျှင် ထို သိမ်ဟောင်း၏ အကြိုးအငယ်သာ အထူးဖြစ်၏။ ထို သိမ်ဟောင်းပမာဏ ရှိလောက်သောအရပ်ကို စောင့်၍နုတ်ရမည်ဟု ရည်၍ ဆိုတော်မူသော စကားဟု မှတ်လေ။

"ဗဟိသီမဋ္ဌာနံ သမန္တတော ကေမဥ္ဇကံ ဝါ ဒ္ဝိတိမဥ္ဇကံ ဝါ ဂဟေတဗ္ဗံ" ဟူသော စကားကိုလည်း တညောင်စောင်းမှာ အလျှားငါးတောင် ရှိသည်ဖြစ်၍ တညောင်စောင်းအရ ငါးတောင်ဖြစ်စေ၊ နှစ်ညောင်စောင်းအရ ဆယ်တောင်ဖြစ်စေ အနုံကိုယူလျှင် ငါးထဲ့၊ ဆယ်ထဲ့ဖြစ်စေ နိမိတ်၏ပြင်ဘက်ကို အပိုအလွန်နှင့် နုတ်ရမည်ဟု ပြတော်မူသည်။ ညောင်စောင်းအရကိုလည်း—

တသ္မာ ပဥ္စပမာဏဌာနံ အာယာမတော ပဥ္စဟတ္ထံ, ဝိတ္ထာ-ရတော ပဥ္စဝိဒတ္ထိကန္တိ ဂဟေတဗ္ဗံ—

ဟု ဆိုတော်မူ၏။

တသ္မာ၊ ထို့ကြောင့်။ မဉ္ဇုပ္ပမာဏဋ္ဌာနံ၊ ညောင်စောင်းပမာဏ အရပ်သည်။ အာယာမတော၊ အလျားအားဖြင့်။ ဝါ၊ မှ။ ပဉ္ဇုဟတ္ထံ၊ ငါးတောင်။ ဝိတ္ထာရတော၊ အနံအားဖြင့်။ ဝါ၊ မှ။ ပဉ္ဇဝိဒတ္ထိကံ၊ ငါးထွာ။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

၁၃၀။ နုတ်ပြီးဂါမသိမ်နှင့် နုတ်ဆဲခဏ္ဍသိမ်ဆက်စပ်ခြင်း

မေး။ ။သမုတ်လတ္တံ့သော သိမ်နေ်ရာ၏ အတွင်းအပတို့၌ သိမ်ဟောင်းရှိလျှင် ပျက်အောင်နုတ်ပြီး၍ သမုတ်သောအခါ သိမ်မှနုတ်မိက ဆောက်လုပ်ဆဲးသော မဏ္ဍပ်စသည်တို့ကို နိမိတ်ပြင်ဘက်နုတ်ပြီးနေရာ အရပ်က ကြိုး, ဝါး, သစ်ပင်တို့နှင့် ထိစပ်၍ သမုတ်အပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ–

မဟာသီမာယ ပထဝိတလန္တိ ဇတ္ထ အာသန္နတရမ္ပိ ဂါမသိမံ အဂ္ဂဟေတ္ဝာ ဗဒ္ဓသီမာယ ဧဝ ဂဟိတတ္တာ ဂါမသီမာဗဒ္ဓသီမာနံ အညမ့ညံ ရုက္ခာဒိသမ္ဗန္ဓေပိ သမ္ဘေဒဒေါသော နတ္ထိ၊ အညမညံ နိဿယနိဿိတဘာဝေ ပဝတ္တိတောတိ ဂဟေတဗ္ဗံ–

ဟုလာသော ဝိမတိဝိနောဒနီဋီကာပါဠိဖြင့်ဖြေ။

မဟာသီမာယ ပထဝိတလန္တိ ဇတ္ထ၊ ဟူသော အဋ္ဌကထာပါဠိ။ အာသန္နတရမ္ပိ၊ အလွန် နီးသော်လည်း။ ဂါမသီမံ၊ ဂါမသိမ်ကို။ အဂ္ဂဟေတ္ဝာ၊ မယူမူ၍။ ဗဒ္ဓသီမာယ ဧဝ၊ ဗဒ္ဓသိမ်၌သာလျှင်။ ဂဟိတတ္တာ၊ ယူအပ်သည်အဖြစ်ကြောင့်။ ဂါမသီမာဗဒ္ဓသီမာနံ၊ ဂါမသိမ်, ဗဒ္ဓသိမ်တို့၏။ အညမညံ၊ အချင်းချင်း။ ရုက္ခာဒိသမ္ဗန္ဓေပိ၊ သစ်ပင်စသည်တို့ဖြင့် ဖပ်ယှက်အပ်သော်လည်း။ သမ္ဘေဒဒေါသော၊ စပ်ယှက်သော အပြစ်သည်။ နတ္ထိ၊ မရှိ။ အညမညံ၊ တပါးသည် တပါး၏။ နိဿယနိဿိတဘာဝေန၊ မှီရာဝတ္ထု မှီတတ်သောဝတ္ထု၏ အဖြစ်ဖြင့်။ ပဝတ္တိတောတိ၊ ဖြစ်ခြင်းကြောင့်တည်း။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

ထိုဦဋ္ဌိကာပါဠ်ဖြင့် ဂါမသိမ်၌သာ ဗဒ္ဓသိမ် ဖွဲ့အပ်သောကြောင့် ဂါမသိမ်နှင့် ဗဒ္ဓသိမ်တို့သည် သစ်ပင်စသည်ဖြင့် စပ်ယှက်သော်လည်း အပြစ်မရှိဟု ပြတော်မူသည်ကိုထောက်၍ ဗဒ္ဓသိမ်ဟောင်းရှိက သံသယကင်းပလောက်အောင် နုတ်ပြီးသော် နိမိတ်ပြင်ဘက် နုတ်ပြီးနေရာနှင့် နိမိတ်အတွင်းက ဆောက်လုပ်သော မဏ္ဍပ်စသည်တို့၌ ကြိုး, ဝါး, သစ်ပင်စသည်တို့ဖြင့် စပ်ယှက်၍ သိမ်သမုတ်သော်လည်း အပြစ်မရှိ၊ အပ်သည့်သိမ် ဖြစ်သည်ဟု မှုတ်ရမည်။ ထို့ကြောင့် ဥပါသကဇန္ဓကအဋ္ဌကထာ၌-

> ဟေဋ္ဌာပါသာဒေ ကိတ္တေန္တေဟိပိ ဘိတ္တိ စ ရုက္ခထမ္ဘာ စ နကိတ္တေတဗ္ဗာ။ ဘိတ္တိလဂ္ဂေ ပန ပါသာဏထမ္ဘေကိတ္တေတုံ ဝဋ္ဋတိ။ ဧဝံ ကိတ္တိတာ သီမာ ဟေဋ္ဌာ ပါသာဒဿ ပရိယန္တ-ထမ္ဘာနံ အန္တောယေဝ ဟောတိ-
>
> ဟု မိန့်တော်မူ၏။

ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ်အောက်၌။ ကိတ္တေန္တေဟိပိ၊ နိမိတ်ကြားကုန်သော ရဟန်းတို့သည်လည်း။ ဘိတ္တိ စ၊ နံရံကိုလည်းကောင်း။ ရုက္ခထမ္ဘာ စ၊ သစ်တိုင်တို့ကိုလည်းကောင်း။ နကိတ္တေတဗ္ဗာ၊ မကြားအပ်ကုန်။ ဘိတ္တိလဂ္ဂေ၊ နံရံနှင့်စပ်ကုန်သော။ ပါသာဏထမ္ဘေ ပန၊ ကျောက်တိုင်တို့ကိုကား။ ကိတ္တေတုံ၊ ကြားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဧဝံ၊ ဤသို့။ ကိတ္တိတာ၊ ကြားအပ်သော။ သီမာ၊ သိမ်သည်။ ပါသာဒဿ၊ ပြာသာဒ်၏။ ဟေဋ္ဌာ၊ အောက်၌။ ပရိယန္တထမ္ဘာနံ၊ အစွန်းဖြစ်သောတိုင်တို့၏။ အန္တောယေဝ၊ အတွင်း၌သာလျှင်။ ဟောတိ၊ သိမ်ဖြစ်၏။

ထို့ကြောင့် အစ္စယဒါနမှာ သုဒိန္နဖြစ်သော်လည်း သေသည့်အခြားမဲ့ကာလမှ ပေးသည် မည်သောကြောင့် သီတင်းသုံးဖော် ငါးဦးတို့၏ ပစ္စည်းကို မရထိုက်ဟူမူတ်။ ထိုသို့ သုဒိန္နဖြစ်သော်လည်း အစ္စယဒါန ဖြစ်၍ မရအပ်သော် ''မယံ့ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု။ ပ။ အညဿ ဝါ ယဿ ကဿစိ ဟောတု'' ဟု မဆိုမူ၍ ''ဣဒံ တုယ့ံ ဒေမိ ဒဒါမိ ဒဇ္ဇာမိ'' စသည်ဖြင့် ဆိုခဲ့ပြီးလျှင် ''နဟိ ပဥ္စန္နံ သဟဓမ္မိကာနံ'' စသော အစ္စယဒါနကို ဆိုသင့်သည်ဖြစ်လျက် ထိုသို့မဆိုပဲ ''မယံ့ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု'' စသည်ကို ပြဆို၍ ''နဟိ ပဥ္စန္နံ သဟဓမ္မိကာနံ'' စသော စကားကိုဆိုသောကြောင့် အစ္စယဒါနဖြစ်သော်လည်း ''မမစ္စယေန ဣဒံ တုယ့ံ ဒေမိ'' ဟု ဆိုခဲ့ပေးမူ ရထိုက်သည်ဟု ဆိုကြားအံ့၊ ထိုသို့လည်း မဆိုအပ်၊ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌ ပြဆိုအပ်သော ''ဣဒံ တုယ့ံ ဒေမိ, ဒဒါမိ, ဒဇ္ဇာမိ'' အစရှိသော သုဒိန္နဒါနမှ တပါးသော စဉ်ဝါပါဠိတော် ဘိက္ခုနီခန္ဓက၌ဟောတော်မူသော သုဒိန္နဒါနပေးခြင်းဖြင့် ပေးသော်လည်း အစ္စယဒါနဖြစ်၍ မရထိုက်သည်ကို ပြတော်မူလို၍ ''မယံ့ ပရိက္ခာရော ဥပဇ္ဈာယဿ ဟောတု'' စသည်ဖြင့် ပြဆို၍ ''နဟိ ပဥ္စန္နံ သဟဓမ္မိကာနံ ရုဟတိ'' စသောစကားကို ပြဆိုတော်မူသည်။

စဉ်ဝါပါဠိတော် ဘိက္ခုနီခန္ဓက၌ ဟောတော်မူသည်ကို ပြဆိုအံ့-

> တေန ခေါ ပန သမယေန အညတရာ ဘိက္ခုနီ ကာလံကရောန္တီ ဧဝမာဟ ''မမစ္စယေန မယံ့ ပရိက္ခာရော သံဃဿ ဟောတူ'' တိ။ တတ္ထ ဘိက္ခူ။ စ ဘိက္ခုနိယော စ ဝဒန္တိ၊

အမ္မာကံ ဟောတိ၊ အမ္မာကံ ဟောတိ"တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ ဘိက္ခုနီ စေ ဘိက္ခဝေ ကာလံ ကရောန္တီ ဧဝံ ဝဒေယျ "မမစ္ဆယေန မယ္ဟံ ပရိက္ခာရော သံဃသ္သ ဟောတူ" တိ၊ အနိဿရော တတ္ထ ဘိက္ခုသံဃော၊ ဘိက္ခုနိသံဃသ္သေဝေတံ။ သိက္ခမာနာ စေ ဘိက္ခဝေ။ ပ။ သာမဏေရီ စေ ဘိက္ခဝေ ကာလံ ကရောန္တီ ဧဝံ ဝဒေယျ "မမစ္ဆယေန မယ္ဟံ ပရိက္ခာရော သံဃသ္သ ဟောတူ" တိ၊ အနိဿရော တတ္ထ ဘိက္ခုသံဃော၊ ဘိက္ခုနိသံဃသ္သေဝေတံ။ ဘိက္ခု စေ ဘိက္ခဝေ ကာလံ ကရောန္တော ဧဝံ ဝဒေယျ "မမစ္ဆယေန မယ္ဟံ ပရိက္ခာရော သံဃသ္သ ဟောတူ" တိ၊ အနိဿရော တတ္ထ ဘိက္ခုနိသံဃော၊ ဘိက္ခုသံဃသ္သေဝေတံ။ သာမဏေရော စေ ဘိက္ခဝေ။ ပ။ ဥပါသကော စေ ဘိက္ခဝေ။ ပ။ ဥပါသိကာ စေ ဘိက္ခဝေ။ ပ။ အညော စေ ဘိက္ခဝေ ကောစိ ကာလံ ကရောန္တော ဧဝံ ဝဒေယျ "မမ္စယေန မယ္ဟံ ပရိက္ခာရော သံဃသ္သ ဟောဘူ" တိ၊ အနိဿရော တတ္ထ ဘိက္ခုနိသံဃော၊ ဘိက္ခုသံဃသ္သေဝေတန္တိ - ဟု ဟောတော်မူသည်။

ထိုပါဠိတော်၌ ဒေသေတဗ္ဗဝတ္ထုအားလျော်စွာ ဒေသက ဖြစ်တော်မူသော ဘုရားသည် ဒေသနာဓမ္မဖြစ်သော "မမစ္ဆယေန မယ္ဟံ ပရိက္ခာရော သံဃသ္သ ဟောတူဘိ" ဟူ၍ ဟောတော်မူသည်။ "မယ္ဟံ ပရိက္ခာရော သံဃသ္သ ဟောတု" ဟု ပစ္စက္ခဘဝသဒိသအခါ၌ ပေးလှူရာ သုဒိန္နဖြစ်သော်လည်း မမစ္ဆယေန ဖြင့် တမလွန်ဘဝ အသက်သေလွန်မှ ပေးရ၍သာ မရောက်သည်ဟုမှတ်။

ထို့ကြောင့် ပါရာဇိကဏ်ပါဠိဘော် ရူပိယသိက္ခာပုဒ်၏ ပုဒဘာဇနီ၌-

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ ဣဒံ အယျဿ ဟောတူတိ ဥပနိက္ခိတ္တံ သာဒိယတိ၊ နိဿဂ္ဂိယံ ဟောတိ-

ဟု ဟောတော်မူသည်။ "ဣဒံ အယျသ ဟောတု" ဟူသော ပါဠိတော်ကိုထောက်၍ "မယ္ဘံ ပရိက္ခာရော သံဃသ ဟောတု" ဟူသော ပါဠိတော်အရ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။

မာတိကာအဋ္ဌကထာ၌လည်း–

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ "ဣဒံ အယျသ ဟောတု" တိ ဧဝံ သမ္မုခါ ဝါ, "အသုကသ္မိံ နာမ ဌာနေ မမ ဟိရညသုဝဏ္ဏံ၊ တံ တုယ္ဘံ ဟောတု" တိ ဧဝံ ပရမ္မုခါ ဌိတံ ဝါ ကေဝလံ ဝါစာယ ဝါ ဟတ္ထမုဒ္ဒါယ ဝါ "တုယ္ဘ" န္တိ ဝတ္ဝာ ပရိစ္စတ္တံ ယော ကာယဝါစာဟိ အပ္ပဋိက္ခိပတ္တာ စိတ္တေန အဓိဝါသေယျ၊ အယံ "သာဒိယေယျာ" တိ ဝုစ္စတိ–

ဟု ဖွင့်တော်မူသည်။

ဤအဋ္ဌကထာ၌ "ဣဒံ အယျသ ဟောတု" ဟူ၍လည်းကောင်း၊ "တံ တုယ္ဘံ ဟောတု" ဟူ၍လည်းကောင်း ဆိုသောပါဠိကိုထောက်၍ စူဠဝါအဋ္ဌကထာ၌ "မယ္ဘံ ပရိက္ခာရော ဥပဇ္ဈာယသ ဟောတု" အရ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။ ထိုကြောင့် သီတင်းသုံးဖော်ငါးဦးတို့၏ ပစ္စည်းကို သေလွန်သောအခါမှ ပေးရာ သုဒိန္နဖြစ်ခဲသော်လည်း အစ္ဈယဒါနဖြစ်၍ မရထိုက် မပိုင်ထိုက်။ လူတို့၏ပစ္စည်းကို သေလွန်သော အခါမှပေးဆာ အစ္ဈယဒါနဖြစ်သော်လည်း သုဒိန္နဖြစ်၍ ရထိုက်ပိုင်ထိုက်သည်ဟု အထူးဝိသေသကို ပြတော်မူခြင်းငှါ "နာ ဟိ ပဋ္ဌံ သဟဓမ္မိကာနံ အစ္ဈယဒါနံ ရုဟတိ၊ ဂိဟီနံ ပန ရုဟတီ" ဟူသောစကားကို အဋ္ဌကထာပြတော်မူသည်ဟု သန္နိဋ္ဌာန်ကျမှတ်။

ပါတိမောက္ခုဒ္ဒတ္ထအနုဝဏ္ဏနာ၌လည်း–

ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာတိ ဒါယကေဟိ "ဣဒံ အယျသ ဟောတု" တိ ဝတ္ဝာ ပရိစ္စတ္တဝသေန သမီပေ ဌပိတဇာတရူပရဇတံ "နယိဒံ အမှာကံ ကပ္ပတီ" တိ ကာယဝါစာဟိ အပ္ပဋိက္ခိပတ္တာ

စိတ္တေန အဓိဝါသေယျ။ ဥပနိက္ခိတ္တန္တိ ဣဒံ ဥပလက္ခဏဝသေန ဝုတ္တံ၊ ဧတေန ဟိ သမ္မုခါ ဝါ ပရမ္မုခါ ဝါ ဒါယကေဟိ ကာယဝါစာဟိ ပရိစ္စတ္တဝသေန ဒူရေ နိက္ခိတ္တံ ဇာတရူပရဇတမိဲ သင်္ဂဟိတံ—

ဟု မိန့်တော်မူသည်။

ထိုစုဠ္လဝါအဋ္ဌကထာ၌ပင် "ဂိဟီနံ ပန ရူဟတိ" ဟူသော နောက် စကားကိုထောက်၍ "မယ္ဟံ ပရိက္ခာရော ဥပဋ္ဌာယဿ ဟောတု" အစရှိသည်ဖြင့် ဆိုသော စကားအရ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။ ထို့ကြောင့် ခုဒ္ဒသိက္ခာဋီကာသစ်၌—

အစ္စယေ ဒါနန္တိ "မမစ္စယေန မယ္ဟံ သန္တကံ ဥပဋ္ဌာယဿ ဟောတူ" တိ အာဒိနာ ဧဝံ အတ္ထနော အပဂမနေ ဒါနံ—

ဟု ဆိုတော်မူ၏။

အစ္စယေ ဒါနန္တိ၊ ဟူသည်ကား။ မမစ္စယေန၊ ငါသေလွန်သော အခါ၌။ မယ္ဟံ၊ ငါ၏။ သန္တကံ၊ ဥစ္စာသည်။ ဥပဋ္ဌာယဿ၊ အား။ ဟောတု၊ စေ။ ဣတိ အာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ အတ္ထနော၊ မိမိ၏။ အပဂမနေ၊ သေလွန်သောအခါ၌။ ဒါနံ၊ ပေးခြင်းတည်း။

ဣမိနာ ဘေသဇ္ဇံ စေတာပေဿာမိ၊ ဣဒံ မာတုယာ ဒဿာမိတိ ဌပေန္တေန အဓိဋ္ဌာတဗ္ဗံ။ ဣဒံ ဘေသဇ္ဇဿ ဟောတု၊ မာတုယာ ဟောတူတိ ဝိဿဇ္ဇိဘာဝေ သကသန္တကဘာဝတော မောစိတ အဓိဋ္ဌာနကိစ္စံ နတ္ထိတိ အဓိပ္ပါယော—

ဟု လာသော သာရတ္ထဒီပနီဋီကာ, ဝိနယဝိနိစ္ဆယဋီကာ ပဌမကထိန သိက္ခာပုဒ်အဖွင့်ကိုထောက်၍ "မယ္ဟံ ပရိက္ခာရော ဥပဋ္ဌာယဿ ဟောတူ" အစရှိသော အဋ္ဌကထာစကား၌ သုဒိန္နဖြစ်ကြောင်းကို သိအပ်သည်။

ဣမိနာ၊ ဤအဝတ်ဖြင့်။ ဘေသဇ္ဇံ၊ ဆေးကို။ စေတာပေဿာမိ၊ ဝယ်ယူအံ့။ ဣဒံ၊ ဤအဝတ်ကို။ မာတုယာ၊ အမိအား။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ ဌပေန္တေန၊ ထားသဖြင့်။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်

တင်အပ်၏။ ဣဒံ၊ ဤအဝတ်သည်။ ဘေသဇ္ဇဿ၊ ဆေးအား။ ဟောတု၊ ဖြစ်စေ။ မာတုယာ၊ အမိအား။ ဟောတု၊ ဖြစ်စေ။ ဣတိ၊ ဤသို့။ ဝိဿဇ္ဇိတ္ဝာ၊ စွန့်၍။ သကသန္တကဘာဝတော၊ မိမိဥစ္စာအဖြစ်မှု။ မောစိတေ၊ လွတ်သည်ရှိသော်။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်တင်ရန်ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ အယံ၊ ဤသည်ပင်လျှင်။ အဓိပ္ပါယော၊ အလိုတော်တည်း။

ဝိနယဝိနိစ္ဆယဋီကာ၌လည်း-

အစ္စယေတိ ကာလကိရိယာယ။ ဒါနန္တိ မယိ ကာလင်္ကတေ ဣမံ ပရိက္ခာရံ တုယ္ဟံ ဟောတု၊ တဝ သန္တကံ ကရောဟီတိအာဒိနာ ပရိစ္စဇနံ-

ဟု ဆိုတော်မူ၏။ ထိုဋီကာ၌ "အစ္စယေ ဒါနန္တိ ကာလင်္ကတေ ပရိစ္စဇနံ" ဟု ဖွင့်လိုရင်းတည်း။

ဝိနယာလင်္ကာရဋီကာ၌-

တသ္မာ "သော ဇီဝမာနောယေဝ သဗ္ဗံ အတ္တနော ပရိက္ခာရံ နိဿဇ္ဇိတ္ဝာ ဏာသစိ အဒါသိ၊ ကောစိ ဝါ ဝိဿာသံ အဂ္ဂဟေသိ။ ယဿ ဒိန္နံ၊ ယေန စ ဂဟိတံ၊ တဿေဝ ဟောတီ" တိ အဋ္ဌကထာယံ ဝုတ္တတ္တာ ဝိညာယတိ၊

ဧဝံ ပန ဝိဿဇ္ဇေတ္ဝာ အဒိန္နံ "မမစ္စယေန အသုကဿ ဟောတု" တိ ဒါနံ အစ္စယဒါနတ္တာ နာ ဂုဟ္ယတိ-

ဟု ဆိုတော်မူ၏၊ ထိုဋီကာ၌ "ဧဝံ ပန ဝိဿဇ္ဇေတ္ဝာ အဒိန္နံ မမစ္စယေန အသုကဿ ဟောတုတိ ဒါနံ" ဟူသောပါဠိဖြင့် သဇီဝဒါန၌ လူစဉ် အခါ စွန့်လွှတ်၍ အပိုင်လူအပ်လူနိုင်သကဲ့သို့ သဇီဝရှိစဉ်၌ မလူအပ်မလူနိုင်သော အစ္စယဒါနဖြစ်သောကြောင့် "မမစ္စယေန အသုကဿ ဟောတု" ဟူသော ဒါနသည် မရောက်ဟု ပြတော်မူသည်။

ဋ္ဌီကာပါဠ်၌-"ဓေန္တိ ယထာ ဝုတ္တသဇ်ဓကာ ဝိဿဇ္ဇေတ္ဝာ ဒိန္နံ ဝိယ ဓေံ တထာ ဝိဿဇ္ဇေတ္ဝာ အဒိန္နံ အဒါတဗ္ဗံ ဒါတုံ အသမတ္ထံ မဇ်ေစ့ယေန ဣဒံ အသုကဿ ဟောတူတိ ဒါနံ န ရုဟတိ အစ္ဆယဒါနတ္တာတိ ယောဇနာ" ဤသို့ယောဇနာလေ။

ပဏ္ဍိတဓဇသီရိပဝရမဟာဓမ္မရာဇာဓိရာဇဂုရု အမည်ရှိသော မိုင်းခိုင်း ဆရာတော်ရေးသော တိပိဋကဝိနိစ္ဆယကျမ်းဋ္ဌီလည်း-

ပဋိရာဇိကဏ်အဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌ "တဝ သန္တကံ ဟောတု"ဟူသောပေးခြင်း၌ ဝတ္ထုပဋိဂ္ဂါဟက, ကြိယာ ဟဋိဂ္ဂါဟက လက္ခဏာမရှိသော အကာရကသမ္ဗန္ဓဆင့်ဝိဘတ်ဖြင့် "တဝ သန္တကံ ဟောတု"ဟူသော ပေးခြင်းကိုသာ ဒုဒိန်းဖြစ်၍ အပေး မမြောက်ကြောင်းနှင့် အဋ္ဌကထာ မြစ်တား၊တော်မူ၍ ဝတ္ထုပဋိဂ္ဂါဟက, ကြိယာဟဋိဂ္ဂါဟကလက္ခဏာရှိသော သမ္ဗန္ဓဒါနကာရက စတုတ္ထီဝိဘတ္တန္တအား၊ဖြင့် "ဣဒံ သန္တကံ တဝ ဟောတု"ဟူသော ပေးခြင်းကိုမူကား သုဒိန်းအဖြစ်၌ အဋ္ဌကထာဆရာ ခွင့်ပြုတော်မူသည်-

ဟု မိန့်ဆိုဆုံးဖြတ်တော်မူသည်။

ဤသို့ ပြဆိုအပ်သော ပါဠိ, အဋ္ဌကထာ, ဋ္ဌီကာ, ဂန္ထန္တရတို့ကို ထောက်၍ အစ္ဆယဒါနဖြစ်မှု သေလွန်မှု ပေးအပ်သည်မည်သောကြောင့် အပေးမြောက်သည်ဟူ၍ မရှိ၊ သံသိက (သံဃဉ္ဇစ္စာ)သာ ဖြစ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်။

စူဠဝါအဋ္ဌကထာနိသယဋ္ဌကား-ဤအစ္ဆယဒါနကို အနက်ဆို၍ ဝတ္ထုမာန်ဝိဘတ်ဖြင့် "ဒမ်မိ, ဒဇ္ဇေမိ, သြဏောဇေမိ"ဟု စွန့်သော် အပျက်ပေးသော်ကား ရ၏ဟူသတည်းဟု မှာတော်မူသည်။ ထိုစကားကို ပြဆိုအပ်ခဲ့သော ပါဠိ, အဋ္ဌကထာ, ဋ္ဌီကာ, ဂန္ထန္တရတို့နှင့် မညီသောကြောင့် မမှတ်ယူသင့်။

ဝိနယာလင်္ကာရဋီကာဌ်လည်း–

ဂိဟိနံ ပနာတိ ဣဒံ နု သမ္ဗဒါနဝစနံ၊ အထ ခေါ သာမိ-ဝစနမေဝါတိ ဒဋ္ဌဗ္ဗံ။ တေန ဂိဟိနံ ပန သန္တကံ အစ္ဆယဒါနံ ရုဟတီတိ သမ္ဗန္ဓော–

ဟု ဆိုတော်မူ၏။ ခုဒ္ဒသိက္ခာဋီကာဟောင်းဌ်လည်း–

ဂိဟိနံ ပန ရုဟတီတိ ဂိဟိနံ ပန အစ္ဆယဒါနံ ဧဝံ သဗ္ဗေသံ ရုဟတီတိ စုတ္တံ ဟောတိ–

ဟု ဆိုတော်မူသည်။ ဤအစ္ဆယဒါနကို ဝဇိရ, သာရတ္ထ, ဝိမတိတ္ထိဌ် မဖွင့်မဆိုကြကုန်။

၁၄၉။ ဂရုဘဏ်ပစ္စည်းမျှား

မေး။ ။ဂရုဘဏ်ပစ္စည်းအရ အဘယ်မျှအပြားရှိပ့ါသနည်း။

ဖြေ။ ။ထိုအမေးမှာ–

ရာသိဝသေန ဟိ ပဉ္စ ဂရုဘဏ္ဍာနိ ဝုတ္တာနိ၊ တတ္ထ အာရာမော အာရာမဝတ္ထူတိ ဧကံ၊ ဝိဟာရော ဝိဟာရဝတ္ထူတိ ဒုတိယံ၊ မဉ္စော ပီဌံ ဘိသိ ဗိမ္ဗောဟနန္တိ တတိယံ၊ လောဟ-ကုမ္ဘီ လောတဘာဏကံ လောဟဝါရကော လောဟကဋာဟံ ဝါသိ ပရသု ကုဋ္ဌာရီ ကုဒါလော နံခါဒနန္တိ စတုတ္ထံ၊ ဝလ္လိ ဝေဋ္ဌေ မုဉ္ဇံ ပဗ္ဗဇံ တိဏံ မတ္တိကာ ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍန္တိ ပဉ္စမံ(ကဒ်ါ)။

ပဉ္စ ဂရုဘဏ္ဍာနိတိ ရာဆိုဝသေန ပဉ္စ ဂရုဘဏ္ဍာနိ၊ သရူပဝသေန ဧကာနိ ဗဟူနိ ဟောန္တိ(ကဒ်ါဋီကာသစ်)။

ပဉ္စိမာနိတိ ရာသိဝသေန ပဉ္စကောဋ္ဌာသာနိ၊ သရူပဝသေန ပန ပဉ္စဝိသတိဝိဓာနိ(ဂုန္နဋ္ဌဒီပနီ)။

တော ပဋ္ဌ၊ အစုအားဖြင့်ငါးပါး, သရုပ်အားဖြင့် ၂၅-ပါး) အစိတ်အားဖြင့် များစွာကုန်သော ဂရုဘော်တို့သည် (ခုဒ္ဒသိက္ခာနိသယ)။

ထိုသို့လာသော အဌကထာ, ဋီကာ, ဒီပနီ, နိဿယတို့ကို ထောက်၍ ဂရုဘော်တို့ကို အစုအားဖြင့်လည်းကောင်း၊ အစိတ်အားဖြင့်လည်းကောင်း ခွဲခြမ်းစိတ်ဖြာ၍ မူတ်လေ။

(၁) အာရုမ်, အာရုမ်ရာ ဤနှစ်ပါးမှာ ပထမအစု၊

(၂) ကျောင်း, ကျောင်းရာ ဤနှစ်ပါးမှာ ဒုတိယအစု၊

(၃) ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, အုံး ဤလေးပါးမှာ တတိယအစု၊

(၄) ကြေးအိုး, ကြေးအိုးစရည်း, ကြေးဆင်တဲ, ကြေးဖျဉ်းအိုး, ပဲခွပ်, ပေါက်ဆိန်, ဓားမ, ပေါက်တူး, ဆောက် ဤကိုးပါးမှာ စတုတ္ထအစု၊

(၅) နွယ်, ဝါး, ဖြူဆံမြက်, မြိတ်မြက်, မြက်, မြေညက်, သစ်ဘက်မှာ, မြေဘက်မှာ ဤရှစ်ပါးမှာ ပဉ္စမအစု–

ဤသို့အစုအားဖြင့် ၅-မျိုးဖြစ်ကုန်၏။

(၁) ပထမအစု ၂-မျိုး၊

(၂) ဒုတိယအစုံ ၂-မျိုး

(၃) တတိယအစု ၄-မျိုး၊

(၄) စတုတ္ထအစု ၉-မျိုး၊

(၅) ပဉ္စမအစု ဂ-မျိုး–

တို့ကိုးပါင်းလျှင် သရုပ်အားဖြင့် ၂၅-ပါး ဖြစ်ကုန်၏။

အစိတ်အားဖြင့် များစ္စာယူရာ၌ ပကိဏ္ဏကဲသင်္ဘာဂါထာ၌လာသော ဂရုဘဏ်ခြောက်ပါးအရဖြင့် ပြဆိုအံ့။ ထိုပကိဏ္ဏကသင်္ဘာဂါထာ၌ကား-

(၁) သံဃေ ဒိန္နဂရုဘဏ္ဍံ၊ ရဂ်္ဂိတဂရုဘဏ္ဍကံ့။
အတ္တလဒ္ဓမို့ သံဃိကံ၊ ဂိဟီဝိကဋ္ဌနီဟာရံ။
ပါဒဂဏ္ဌာတိရေကဉ္စ၊ ပါဃာဒပရိဘောဂိကံ။

(၂) တတ္ထ မဉ္စာဒိကံ အာဒိ၊ ကမ္မာရဉ္ဇပကရဏံ။
သုတ္တာဒိရဇ္ဇုယောတ္တဉ္စ၊ သမ္ဗဂမဉ္ဇူသာဒိ စ။
(၃) ကဋ္ဌသာရာဒိ အင်္ဂါရ-ကဋ္ဌာဟာအာဒိကမို့ စ။
ရဂ်္ဂိတံ ဝလ္လိဝေဋ္ဌာဒိ၊ ဓူမနေတ္ထာဒိ သံဃိကံ။
(၄) ဝိကဋ္ဌံ သံဃဒိန္နမို့၊ ကံသာလောဟာဒိဘာဇနံ။
ပါဒံ တေလဘာဇနာဒိ၊ သောဝဏ္ဏာဒိ ပရိဘောဂိကံ-

ဟူ၍ လာကုန်၏။

အနက်ကား-သံဃေ ဒိန္နဂရုဘဏ္ဍံ၊ သံဃာကိုလှူမှု ဂရုဘဏ်ဖြစ်သော ဘဏ္ဍာလည်းကောင်း။ ရဂ်္ဂိတဂရုဘဏ္ဍကံ့၊ သံဃာစောင့်ရှောက်မှု ဂရုဘဏ်ဖြစ်သောဘဏ္ဍာလည်းကောင်း။ အတ္တလဒ္ဓမို့ သံဃိကံ၊ မိမိရသော်လည်း သံဃာအသုံးအဆောင်ဖြင့်သာ ရအပ်သော ဂရုဘဏ်မည်သော ဘဏ္ဍာလည်းကောင်း။ ဂိဟီဝိကဋ္ဌနီဟာရံ၊ လူဥစ္စာအမှတ်ဖြင့် သုံးဆောင်အပ်သော ဘဏ္ဍာလည်းကောင်း။ ပါဒဂဏ္ဌာတိရေကဉ္စ၊ မဂဓရာဇ်ငါးကွမ်းစား၀င်သည်ထက် လွန်မှု ဂရုဘဏ်ဖြစ်သော ဘဏ္ဍာလည်းကောင်း။ ပါဃာဒပရိဘောဂိကံ၊ ဂိဟီဝိကဋ္ဌမအပ်သော ပြာသာဒ်အသုံးအဆောင်မှုရအပ်သော ဘဏ္ဍာလည်းကောင်း။ ဤတိ၊ ဤသို့။ ဂရုဘဏ္ဍံ၊ ဂရုဘဏ္ဍာသည်။ ဆဗ္ဗိဓံ၊ ၆။

တတ္ထ၊ တွင်။ မဉ္စာဒိကံ၊ ညောင်စောင်းစသည်လည်းကောင်း။ ကမ္မာရဉ္ဇပကရဏံ၊ ပန်းပဲ, ပန်းတဉ်း, ပန်းထိမ်, ကျူထရံ, ရဲထွင်း, သပိတ်ဖာသမား, သလဲဖြတ်သည်, ရွှေသမား, သားရေနယ်သမား, အပ်လျှိသမားတို့၏ ပေ တူ ညှပ် ခါန်စသော အဆောက်အဦလည်းကောင်း။

သုတ္တာဒိရဇ္ဇုယောတ္တဉ္စ၊ ချည်စသည်ဖြင့်ပြုသော ကြိုးလွန် စသည်လည်း ကောင်း။ သမုဂ္ဂမဉ္ဆုသာဒိ စ၊ ပန်းတောင်း, ပုဋာ, ပအုပ်ဟူသော သမုဂ္ဂ၊ တံတင်း, သေတ္တာ, ဖာဟူသော မဉ္ဆုသာစသည်လည်းကောင်း။ ကဋသာရာဒို၊ ဖျာသင်ဖြူး မြေအောင်း အကပ်ိယသားရေ စသည်လည်း ကောင်း။အင်္ဂါရကဋ္ဌာဟာအာဒိကမ်ိ စ၊မီးမယ်ဖျူးစသည်လည်းကောင်း။ အာဒိ၊ အစဖြစ်သော သံဃေဒိန္နဂရုဘဏ်မည်၏။

ဤဝတ္ထုဒ္ဒ် "သံဃေ ဒိန္နံ ဂရုဘဏ္ဍံ" ဟူ၍ လာသောကြောင့် သံဃေ ဒိန္နဂရုဘဏ်ဟူသည် ပုဂ္ဂိုလ်ကိုလှူမှု လဟုဘဏ်ဖြစ်၏။ ဝတ္ထိစသည်၌လည်း သံဃေဒိန္နံဟုလာသော်လည်း ရက္ခိတဂေါပိတဖြစ်မှု ဂရုဘဏ် ဖြစ်သောကြောင့် ထိုဝတ္ထိစသည်တို့သည် ရက္ခိတဂရုဘဏ်မည်၏။

ဝတ္ထိဓဝဋဒါဒိ၊ နှယ်ဝါးစသည်းသည်။ ရက္ခိတံ၊ ရက္ခိတရုဘဏ်ာည်၏။ ဓုမနေတ္တာဒိ၊ အခိုးပေါက်ကြက်အပ်သော သံကွန်ပေါက်စသည်သည်။ သံဃိက်ံ၊ မိမိရသော်လည်း သံဃိကသာအပ်သော ဂရုဘဏ်မည်၏။

ဓုမနေတ္တဖာလဒီပရုက္ခဒီပကပလ္လ။ ပ။ အတ္တနာ လဒ္ဓါနိုပိ ပရိဟရိတ္ဝာ ပုဂ္ဂလိကပရိဘောဂေန နာ ပရိဘုဉ္ဇိတဗ္ဗာနိ၊ သံဃိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋန္တိ။ တိပုဘဏ္ဍေပိ ဧသေဝ နယော။ ဤအဋ္ဌကထာကိုရည်၍ အတ္တလဒ္ဓမ်ိသံဃိကဂရုဘဏ် ဆိုသည်။ ဤဓုမနေတ္တကို "အခိုးသောက်စရာပန်းတူ" ဟု သမ္မန်ကြသည်ကား အဆုမဟုတ်။ ဓုမနေတ္တ = အခိုးထွက်စရာ သံကွန်ရက်ပေါက်၊ ဖာလ = သံပြတင်းပေါက်၊ ဤသို့ သမ္မန်မှ အရေွှင့်လျော်ညီသည်။

သံဃဲဒိန္နမ်ိ၊ သံဃာကိုလှူသော်လည်း သွားရာမဆောင်အပ်၊ လူ့ဥစ္စာအမှုတ်သာအပ်သော၊ ကံသလော်ဟာဒိဘာဇနံ၊ ကြေးဖြူခွက်စသည်သည်။ ဝိကဋ္ဌံ၊ ဂိဟိဝိကဋ္ဌနီဟာရဂရုဘဏ်မည်၏။

ကံသလောဟဘာဇနဝိကတိ သံဃိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာ ဝါ ဝဋ္ဋတိ၊ ပုဂ္ဂလိကပရိဘောဂေန နာ ဝဋ္ဋတ်ိ။ ကံသလောဟာဒိဘာဇနံ

သံဃဿ ဒိန္နမ္ပိ ပါရိဟာရိယံ နာ ဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌနိဟာရေနေဝ ပရိ-ဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ စုတ္တံ။ ဤအဋ္ဌကထာကိုရည်၍ သံဃဒိန္နမ္ပိ ဂိဟိဝိကဋ္ဌဂရုဘက်ဆိုသည်။

တေလဘာဇနာဒိ၊ ဆီအိုးစသည်သည်။ ပါဒံ၊ ပါဒဂဏ္ဌာတိရေက ဂရုဘက်မည်၏။

ဃဋ္ဋကော ပန လေလဘာဇနံ ဝါ ပါဒဂဏ္ဌနကတော အတိရေက-မေဝ ဂရုဘဏ္ဍံ။ (ဃဋ္ဋကော၊ ကြာသွတ်မြူတာဟု သမ္မန်)

ပါဒဂဏ္ဌနကတော အနတိရိတ္တံ အာမလကတုမ္ဗံ အာမလကဃဋ္ဋော လာဗုကတုမ္ဗံ လာဗုဃဋ္ဋော ဝိသာဏကရတုမ္ဗန္တိ သဗ္ဗမေဝေတံ ဘာဇနီယံ၊ တတော မဟန္တတရံ ဂရုဘဏ္ဍံ-ဤသို့စသည်ဖြင့်လာသော အဋ္ဌကထာကို ရည်၍ ပါဒါတိရေကဂရုဘက်ဟူသည်။

သောဝဏ္ဏာဒိ၊ ရွှေခွက်စသည်သည်။ ပရိဘောဂိကံ၊ သေနာသနပရိ-ဘောဂဂရုဘက်မည်၏။

သုဝဏ္ဏရဇတဟာရကုဋ္ဌဇာတိဖလိကဘာဇနာဒီနိ ဂိဟိဝိကဋ္ဌာနိပိ နု ဝဋ္ဋန္တိ။ ဤအဋ္ဌကထာကိုရည်၍ သေနာသနပရိဘောဂဂရုဘက် ဆိုသည်။

ထိုဂါထာ၌လာသော ဂရုဘက်သည်-

(၁) သံဃဒိန္နဂရုဘက်၊
(၂) သံဃရက္ခိတဂရုဘဏ်၊
(၃) အတ္တလဒ္ဓမ္ပိသံဃိကဂရုဘက်၊
(၄) ဂိဟိဝိကဋ္ဌနိဟာရဂရုဘက်၊
(၅) ပါဒဂဏ္ဌာတိရေကဂရုဘက်၊
(၆) ပါသာဒပရိဘောဂဂရုဘက်-

အားဖြင့် ခြောက်ပါးပြားကုန်၏။ ထိုခြောက်ပါးတို့တွင်-

(၁) သံဃဒိန္နဂရုဘဏ်ဟူသည်ကား-ညောင်စောင်း, အင်းပျဉ်, ဘုံလျှို, အုံး, အစရှိသော သေနာသန၊ အာရုံမ, အာရုံမဝတ္ထု၊

ဝိဟာရ, ဝိဟာရဝတ္ထု၊ ပန်းပဲ, ပန်းထိုင်း, ပန်းတိမ်, ကျူးထရုံ, ရဲထွင်း, သပိတ်ဖာသမား, သလွဲဖြတ်သည်, ရွှေသမား, ဆတ္တာသည်, အပ်လျှို သမားတို့၏ ပေ တူ ညှပ် ချိန်စသော အဆောက်အဦ ချည်, သင်ပန်း လျှော်တေ, အုန်းဆံမျှင်, သားရေတို့ဖြင့်ပြီးသော ကြိုး, လွန်၊ ပန်း တောင်း, ပူဘာ, ပအုပ်ဟူသော သမုဂ္ဂ၊ တံတင်း, သေတ္တာ, ဖာဟူသော မဋ္ဌသာစသည်၊ မီမယ်ဖျူး၊ ဖျာ၊ သင်္ဖြူး စသည်တို့တည်း။

ပကိဏ္ဏကသင်္ဂဟအဋ္ဌကထာဌီလာသော သံဃဒိန္နဂရုဘဏ်သည်—

ဇေတ္ထ စ ပုရိမေသု တီသု ရာသီသု အဂရုဘဏ္ဍံ နာမ ကိဉ္စိ နတ္ထိ၊ စတုတ္ထေ လောဟကုမ္ဘီ အမရုရသဏ္ဌာနံ လောဟဘာဏ္ဍကံ လောဟကဋာဟန္တိ ဣမာနိ တီဏိ အန္တမသော ပသတ-မတ္တဥဒကဂ္ဂဏှနကာနိပိ ဂရုဘဏ္ဍာနိ။ လောဟဝါရကော ပန ကာဋဒလောဟတမ္ဗလောဟကံသလောဟဝဋ္ဋလောဟာနံ ယေန ကေနစိ ကတော သိဟဋဒီပေ ပါဒဂ္ဂဏှနကော ဘာဇေတဗ္ဗော၊ ပါဒေါ စ နာမ မဂဓနာဠိယာ ပဋ္ဋနာဠိမတ္တံ ဂဏှာတိ၊ တတော အတိရေကံ ဂရုဘဏ္ဍံ၊ ဣမာနိ တာဝ ပါဠိယံ အာဂတာနိ လောဟဘာဇနာနိ။

ပါဠိယံ ပန အနာဂတာနိပိ ဘိက္ခါရပဋိဂ္ဂဟဥဋ္ဌုဂ်ဒဗ္ဗိကဋ္ဌ-ဆ္ဆုပါတ်တဋ္ဋကသရကသမုဂ္ဂအဂ်ါရကပလ္လင်္ကမကဋ္ဌဆ္ဆုအာဒီနိ ခုဒ္ဒ-ကာနိပိ ဂရုဘဏ္ဍာနေဝ။ ။ ခီရပါသာဏမယာနိ တဋ္ဋကသ-မကာဒီနိ ဂရုဘဏ္ဍာနိယေဝ။

ဝါသိယာဒီသု ပန ယာယ ဝါသိယာ ဒန္တကဋ္ဌဆ္ဆဒန-ဥဆ္ဆုတဆ္ဆနမတ္တတော အညံ မဟာဂဏမ္ဗံ ကာတုံ န သက္ကာ၊ အယံ ဘာဇနီယာ။ သေသာ ယေန ကေနစိ အာကာရေန ကတာ ဂရုဘဏ္ဍံ၊ ပရသု ပန အန္တမသော ဝေဇ္ဇာနံ သိရာဝေဓကောပိ ဂရုဘဏ္ဍမေဝ၊ တထာ ကုဋ္ဌာရီ။ ။ကုဒါလော ဒဏ္ဍပန္ဓနိ-ခါဒနံ ဝါ အဂရုဘဏ္ဍံ နာမ နတ္ထိ။ ။သိခရမိ နိခါဒနေနေဝ၊ သင်္ဂဟိတံ။

ကမ္မာရတဋ္ဌကာရစုဒ္ဒကာရနဋ္ဌကာရမဏိကာရပတ္ထတ္တာဗန္ဓကာနံ အဓိကရဏိမုဋ္ဌိသဏ္ဌာသတုလာဒီနိ သဗ္ဗာနိ လောဟမယာနိ ဥပကရဏာနိ သံဃေ ဒိန္နကာလတော ပဋ္ဌာယ ဂရုဘဏ္ဍာနိ။ တိပုကောဋ္ဌကသုဝဏ္ဏကာရစမ္မကာရဥပကရ ဏောသုပိ ဧသေဝ နယော။ အယံ ပန ဝိသေသော၊ တိပုဒကောဋ္ဌကဥပကရဏောသု တိပုစ္ဆေဒနကသတ္ထကံ, သုဝဏ္ဏကာရ ဥပကရဏောသု သုဝဏ္ဏစ္ဆေဒနကသတ္ထကံ, စမ္မကာရဥပကရဏောသု ကတပရိကမ္မစမ္မစ္ဆေဒနခုဒ္ဒကသတ္ထန္တိ ဣမာနိ ဘာဇနိ ယာနိ။ နှာပိတတုန္နကာရဥပကရဏောသုပိ ဌပေတွာ မဟာကတ္တရိ, မဟာသဏ္ဍာသံ မဟာပိပ္ပလိကဉ္စ သဗ္ဗံ ဝဋ္ဋတိ၊ ဣဘာဇနိ ဂရုဘဏ္ဍာနိ။

သုတ္တမကစီဝါကနာဋ္ဌကေရဟီရစမ္မမယာ ရဇ္ဇုကာ ဝါ ယောတ္တာနိ ဝါ ဝါဏော စ နာဋ္ဌကေရဟီရေ စ ဝဋ္ဋတွာ ကတာ ကေဝဋ္ဋာ ဝါ ဒ္ဝိဝဋ္ဋာ ဝါ သံဃသ္သ သန္တိကာ ဂရုဘဏ္ဍံ။ ။အဋ္ဌင်္ဂုလပဗ္ဗမောဏောပိ ရိတ္တကပေါတ္ထကော ဂရုဘဏ္ဍ မေဝ။

အပိစ သဗ္ဗာပိ ဒါရုဇဝဋ္ဋုစမ္မပါသာဏာဒိဝိကတိ ဒါရုဘဏ္ဍေန သင်္ဃဿ တတ္ထ မဉ္စပီဌဂေဟိ သင်္ဃိကာနိ အာသန္ဒိကာဒီနိ အန္တမသော စောဋ္ဌေန ဝါပလာလေဟိ ဝါပဏ္ဍေဟိ ဝါ ကတပီဌံ ဥပါဒါယ သဗ္ဗာနိ အာသနာနိ။

ဝက်ဖလကံ ဒီဃဖလကံ စိဝရဓောဝနဖလကံ ဃဋ္ဋနဖလကံ ဃဋ္ဋနမုဂ္ဂရော ဒန္တကဋ္ဌစ္ဆေဒနဂဏ္ဌိကာ ဒဏ္ဍမုဂ္ဂရော နာဝါ အမ္ဗကံ ရဇနဒောဏိ ဥဒကပဋ္ဋိစ္ဆကော ဒါဠမယော ဝါ ဒန္တမယော ဝါ ဧဝဋ္ဋုမယော ဝါ သပါဒကောပိ အပါဒကောပိ သမုဋ္ဌေါ မဉ္စုသော ပါဒဂုဏ္ဖနကတော အတိရေကပမာဏော ကရဏ္ဍော ဥဒကဒောဏိ ဥဒကကဋာဟံ ဥဋ္ဌုကော်ာ ကဋ္ဌစ္ဆုပါနိ

ယသဆုံ ပ္ဍါနိယသခ်ေါတိ ဧတေသု ယံကိဉ္စိ သံဃေ ဒိန္နံ ဂရုဘာဏ္ဍံ။

ပါဒကထလိကမဏ္ဍလံ ဒါရုမယံ ဝါ ဟောတု စောဠ-ပဏ္ဏာဒိမယံ ဝါ သပ္ပံ ဂရုဘာဏ္ဍံ။ အာဓာရကော ပတ္တပိဓာနံ တာလဝဏ္ဏံ ဗဇနံ စကောဋကံ ပစ္ဆိ ယဋ္ဌိသမ္မုဇ္ဇနိ မုဋ္ဌိသမ္မုဇ္ဇနိတာ ဧတေသုပိ ယံ ကိဉ္စိ ခုဒ္ဒကံ ဝါ မဟန္တံ ဝါ ဒါရုဧဝဠုပဏ္ဏာဒမှာ-ဒီသု ယေန ကေနစိ ကတံ ဂရုဘာဏ္ဍမေဝ။

ထမ္ဘတုလာသောပါန ဖလကာဒီသု ယံ ကိဉ္စိ ဒါရုမယံ ဝါ ပါသာဏမယံ ဝါ ဧဟသမ္ဘာရူပကံ ယော ကောစိ ကဋ္ဌသာခကော ယံ ကိဉ္စိ ဘူမဋ္ဌရုက်ံ ယံ ကိဉ္စိ အာကပ်ိယစမ်ံ၊ သပ္ပံ သံဃိကံ ဂရုဘာဏ္ဍံ။ ဧဋ္ဌကစမ်ံ ပန ပစ္စတ္ထရုက်ာဂတိကံ ဟောတိ၊ တမ်ိ ဂရုဘာဏ္ဍမေဝ။

ဥဒုက္ခလံ မုသလံ သုပ်ံ နိသဒံ နိသဒပေါတော ပါသာဏ-ဒေါကိ ပါသာဏကဋ္ဌာဟံ သပ္ပံ ကသိဘာဏ္ဍမ်ိ ဂရုဘာဏ္ဍံ၊ သပ္ပံ စက္ကယုတ္တယာနံ ဂရုဘာဏ္ဍမေဝ။ မဉ္စပီဌာနံ ပါဒါစ အဋ္ဌနိယော စ ဝါသိပရသုအာဒီနံ ဒဏ္ဍာ စာတိ ဧတေသု ယံ ကိဉ္စိ အနိဋ္ဌိတံ ဘာဇနီယံ၊ တစ္ဆိတမဋ္ဌံ ပန ဂရုဘာဏ္ဍံ ဟောတိ။

မတ္တိကာဘဏ္ဍေ သပ္ပံ မနုဿာနံ ဥပဘောဂပရိဘောဂံ ဃဋဋ်ဌရာဒိကုလာလဘာဇနံ၊ ပတ္တကဋ္ဌာဟံ အင်္ဂါရကဋ္ဌာဟံ ဓူမဒါနက်ံ ဒီပရုက်ခကော ဒီပကပလ္လိကာ စ ယနိဋ္ဌကာ ဆဒနိဋ္ဌကာ ထုပိကာတိ သပ္ပံ ဂရုဘာဏ္ဍ-

စသည်ဖြင့်လာသော မာတိကာအဋ္ဌကထာ, ဝိနယသင်္ဂဟအဋ္ဌကထာ, သေနာသနက္ခန္ဓက အဋ္ဌကထာ, ဝိနယဝိနိစ္ဆယ အဋ္ဌကထာတို့ကို ရည်၍ ဆိုတော်မူယည်ဟု မှတ်။

ထို ပကိဏ္ဏကသင်္ဂဟ အဋ္ဌကထာသည် ရည်၍ ဆိုတော်မူသော မာတိကာအဋ္ဌကထာ စသည်တို့၌ လာသော သံဃဒိန္နဂရုဘဏ်ကို အစိတ် အားဖြင့် ပြဆိုအံ့။

အာရုမ်, အာရုမ်ရာ၊ ကျောင်း, ကျောင်းရာ၊ ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ ခေါင်းအုံး၊ ကြေးပုပ် ကြေးနီတို့ဖြင့် ပြုအပ်သော ကြေးအိုး၊ ကြေးပုပ် ကြေးနီတို့ဖြင့် ပြုအပ်သော ကြေးအိုးစရည်း၊ ကြေးပုပ် ကြေးဝါတို့ဖြင့် ပြုအပ်သော ကြေးအင်တဲ့၊ သောက်ရေသုံးဆောင်ရေထည့်သော အိုးငယ် (ဝါ) ကရားဟူသော ဘိုင်္ဂါရ၊ ထွေးခံ(စ၊) ပြဋ္ဌိုးဟူသော ပဋ္ဌဂုဟ၊ အရိုးတပ်သော ရေမှုတ်ဟူသော ဥဋ္ဌုက်၊ အရိုးတပ်သော ကျယ်သောအဝရှိသော ခွက် (ဝါ) ဟင်းချို ခွက်၊ ယောက်မဟူသော ဒဗ္ဗီ၊ အရိုးတပ်သော အဝတိုသော ခွက် (ဝါ) ဆွမ်းကော်ဟူသော ကဋ္ဌစ္ဆု၊ ခွက်ဟူသော ပါတိ၊ ကွမ်းရွက် ခဲဖွယ်စသည်ထည့်သောခွက် (ဝါ) ရေခွက်ဟူသော တဋ္ဋက၊ ခွက်ငယ် စသည်ထည့်သော ခွက်ကြီးဟူသော သရက၊ (ဤသရကအရာ၌ သရာဝကဟု မာတိကာဋီကာသစ်၌ ရှိသည်။ သောက်ရေခွက် စသည်ထည့်သော ခွက်ကြီးဟု ဆိုတော်မူသည်။ နိဿယ၌ သရက ခွက်ငယ်ဟု သမ္ဘန်သည်။ ဤကား စကားချပ်) ပန်းတောင်း (ဝါ) ပူတာ(ဝါ) ပအုပ်ဟူသော သမုဂ္ဂ၊ မီးမယ်ဖျူး (ဝါ) မီးအိုးခင်းဟူသော အင်္ဂါရကပလ္လ၊ မီးယူသော အိုးခင်း(ဝါ) မီးမွှေယောက်မ (ဝါ) ဇွန်းဟူသော ဓူမကဋ္ဌစ္ဆု၊ နို့ရည်အဆင်းရှိသော ကျောက်၊ (ဝါ) နှူးညံ့သော သဘောရှိသော ကျောက်ဖြင့်ပြီးသော ခွက်ငယ်ခွက်ကြီးဟူသော တဋ္ဋကသရကစသည်တို့။ တံပူဖြတ်ခြင်း ကုံခွါခြင်းအမှုထက် ကြီးသော အမှုကို ပြုခြင်းငှါစွမ်းနိုင်သော ပဲခွပ်၊ ငယ်ငယ်ကြီးကြီးသော ပုဆိန်၊ ခေါင်းမ၊ ပေါက်တူး၊ အရိုးတပ်သော ဆောက်ဟူသမျှ၊ အချွန်းတပ်သော စူး၊ ပန်းပဲ,ပန်းတဉ်း, ပန်းထိမ်, ကျူးထရံ, ရွဲထွင်းသမား, သပိတ်ဖာသမားတို့၏ ပေ, တူ,ညှပ်,ချိန်စသော အဆောက်အဦ၊ သလွဲဖြတ်သည်, ရွှေသမား, သားရေနယ်သမား, ဆတ္တာသည်, အပ်လျှိုသမားတို့၏ သလွဲဖြတ်သော ဓွှဖြတ်သော သားရေဖြတ်သော ခေါင်းငယ်ကိုထား၍ ကြီးသောခေါင်းစသည်၊ဆတ္တာသည်၊ အပ်လျှိုသမားတို့၏ကတ်ကြေးကြီး, ညှပ်ကြီး, သင်ဓုန်းကြီး၊ ချည်၊သင်ပန်းငလျှင်တော၊ အုန်းဆံမျှင် သားရေတို့ဖြင့် ပြီးသောကြိုးလွန်၊လျှင်တော အုန်းဆံမျှင်ဖြင့် ကျစ်၍ပြုအပ်သော

တသွန်းကြိုး၊ လက်ရှစ်သစ် ပမာဏရှိသော မရေးသော ပေါသစ် ဝါး သားရေ ကျောက်ဖြင့်ပြီးသော အထူးဖြစ်သော ဘက္ကာ၊ ပုဆိုး ကောက်ရိုး သစ်ရွက်တို့ဖြင့် ပြုလုပ်အပ်သော အင်းပျဉ်ညောင်စောင်း အစရှိသော သေနာသန၊ ပျဉ်ကောက်၊ ပျဉ်ရှည်၊ သက်န်းဖွပ်သောပျဉ်၊ ဆိုးပြီးသော သက်န်းကို နယ်သော ထုသော ခတ်သောပျဉ်၊ သက်န်းကို ထုသော ဆောက်ပုတ်၊ တံပူဖြတ်သောအခါ ထုသော ခဲလုံး၊ ကျောက်စည် ထိုးသော ဆောက်ပုတ်၊ သောက်ရေလှောင်သော ရေဇလား၊ ဆိုးရေ ထည့်သောကျင်း (ဝါ) အင်ပေါ၊ သက်န်းညှစ်ရေခံသောအခံ၊ဆင်စွယ် သစ်ဝါးဖြင့်ပြီးသော အခြေရှိ-မရှိသော ပန်းတောင်း ပူတာ ပအုပ် တံတင်း သေတ္တာ ဖာဟူသော သမုဂ္ဂမဉ္ဇူသာ၊ ရေလောင်းသောကျင်း၊ ရေပြည်း ရေသောက်ခွက်စသည်ထည့်သော ခွက်ကြီး (ဝါ)သောက်ရေ ခွက် ဟူသော သရာဝက၊ ခရုသင်းခွက်မှ တပါးသော ရေသောက် ခရုသင်း၊ သစ်သား ပုဆိုး သစ်ရွက်စသည်ဖြင့်ပြုသော ခြေသုတ်အဝန်း၊ သစ် ဝါး သားရေ သစ်ရွက်စသည်ဖြင့်ပြုသော သပိတ်ခြေ၊ သပိတ်ဖုံး၊ ထန်းရွက်ယပ်ဝန်း၊ လေးထောင့်ယပ်၊ ပန်းပုံတောင်း၊ ခြင်းတောင်း၊ အရိုးတပ်ဇသော တံမြက်၊ အရိုးမဘပ်သော တံမြက်၊ သစ်သားကျောက်ဖြင့် ပြုသော သည်တိုင်, ထုပ်လျောက် ,စောင်းတန်းပျဉ် အစရှိသော အလုံးစုံသော အိမ်၏အဆောက်အဦ၊ အလုံးစုံသော သစ်ပါ သင်ဖြူး၊ အလုံးစုံသော မြေအခင်း၊ အလုံးစုံသော မအပ်သောသားရေ၊ အခင်း နှင့် အလှူးတူသော သိုးရေ ဆိတ်ရေ၊ ဆုံ၊ ကျည်ပွေ့ ၊စကော၊ကျောက် ပျဉ်၊ ကျောက်သား၊ ကျောက်ကျင်း၊ ကျောက်ခွက်၊ ကျောက်ဖျဉ်း၊ လပ်,လကခတ, သားရေအဘစသော ယကကန်းသည်တို့ ဘက္ကာ၊ အလုံးစုံသော လယ်လုပ်တို့၏ ဘက္ကာ၊ အလုံးစုံသော လှည်းဘီးတပ်သောယာဉ်၊ လုပ်ရှုပြီးပြီးသော ညောင်စောင်း အင်းပျဉ်တို့၏ အခြေ၊ အပေါင်၊ ပဲခွပ်, တံစည်း, ပုဆိန်တို့၏ အရိုး၊ ခပ်သိမ်းသော လူတို့၏ စားသောက်စရာ, သုံးဆောင်စရာဖြစ်သော အုံးဘုံးပုံပွက် (ဝါ) အိုးကြီး အိုးငယ်စသော အိုးထိန်းသည်တို့၏ ဘက္ကာ၊ သပိတ်ဖုတ်စရာအိုးအုံ၊ မီးကျီးထည့်စရာဖျဉ်း၊ အခိုးသောက်ဟူသော ဓူမဒါနက၊ဆီမီးခွက်တိုင်၊

ဆီမီးခွက် စီသောအုတ်၊ မိုးသောအုတ်၊ အထွတ်ဟူသော ထုပိကာ၊ ဤသို့ စသည်ဖြင့် သံဃဒိန္နဂရုဘဏ်ကို မှတ်လေ။ သံဃာဒားလှူမှု ဂရုဘဏ်ဖြစ်သောကြောင့် သံဃဒိန္နဂရုဘဏ်ဟု ဆိုသည်။ ဤကား သံဃဒိန္နဂရုဘဏ်၌ အကျဉ်းမှတ်ရန်နည်းတည်း။

(၂)။ သံဃရက္ခိတဂရုဘဏ် ဟူသည်ကား-နွယ် ဝါးစသည်တို့ တည်း။ ထိုစကားသည်-

ဝလိုအာဒီသု ဧဝတ္တဝလိုအာဒိကာ ယာ ကာစိ အစ္ဆဲ-ဗာဟုပ္ပမာဏာ ဝလို သံဃဿ ဒိန္နာ ဝါ တတ္ထဇာတကာ ဝါ ရက္ခိတဧဝါပိတာဝ ဂရုဘဏ္ဍံ။

ယော ကောစိ အဋ္ဌင်္လသူစိဒဏ္ဍကမ္မဧတ္တာပိ ဧဝဋ္ဋ သံဃဿ ဒိန္နော ဝါ တတ္ထဇာတကော ဝါ ရက္ခိတဧဝါပိ-တော ဂရုဘဏ္ဍံ။

မဠ္ဆ ပဗ္ဗဇ္ဇ အဝသေသဠ္ဆ ဆဝနတိဏံ မဋ္ဌိပ္ပမာဏမ္ပိ ဆဒနတိဏသင်္ခေပ-ဂတေသု တာလပဏ္ဏာဒီသု ယံ ကိဉ္စိ ကေပဏ္ဏမ္ပိ သံဃဿ ဒိန္နံ ဝါ တတ္ထဇာတကံ ဝါ ဗဟိအာရာမေ သံဃိကေ တိဏဝတ္ထုသ္မိံ ဇာတကံ ဝါ ရက္ခိတဧဝါပိတံ ဂရု-ဘဏ္ဍံ၊ တမ္ပိ သံဃဂမ္မေစ စေတိယဂမ္မေစ ကတေ အာတိရေကံ ပဂ္ဂလိကဂမ္မေ ဒါတုံ ဝဋ္ဋတိ။ ဒဖုဒဂဟာမုဏ္ဍာ ဂဟေဘ္ဘာ ဂဆ္ဆန္တာ နု ဝါရေတဗ္ဗာ။

မတ္တိကာ ပကတိမတ္တိကာ ဝါ ဟောတု ပဠဝဏ္ဏာ ဝါ သုဓာ ဝါ သဇ္ဇုရသကဂ်ဋ္ဌသိလေသာဒီသု ဝါ ယံ ကိဉ္စိ ဒုလ္ဘ-ဘဋ္ဌာနေ အာနေတ္ဝာ ဝါ'ဒိန္နံ တတ္ထဇာတကံ ဝါ ရက္ခိတ-ဧဝါပိတံ တာလပဏ္ဏမတ္တံ ဂရုဘဏ္ဍံ ဟောတိ။

ဒါရုဘဏ္ဍေ ယော ကောစိ ဧဝဋ္ဋမ္ပိ ဝုတ္တပ္ပမာဏော ဒါရုဘဏ္ဍကော သံဃဿ ဒိန္နော ဝါ တတ္ထဇာတကော ဝါ ရက္ခိတဧဝါပိတော ဂရုဘဏ္ဍံ-

စသည်ဖြင့် လာသော မာတိကာအဋ္ဌကထာ စသော အဋ္ဌကထာလေးစောင်တို့ကို ရည်သည်ဟုမှတ်။ ထိုလာသော အဋ္ဌကထာတို့၌ သံဃရက္ခိတ ဂရုဘာဏ် အစိတ်အစိတ်ကို ပြဆိုအံ့။

သံဃာအား လျှော်သည်လည်းဖြစ်သော၊ သံဃာ့အာရုံမ်၌ပေါက်ရောက်သည်လည်းဖြစ်သော သံဃာသည် စောင့်ရှောက် သိမ်းဆည်းအပ်သော အမှတ်မရှိ လက်ရုံးထက်ဝက်ပမာဏရှိသော နွယ် ကြိမ် စသည်၊ အမှတ်မရှိ အလျားလက်ရှစ်သစ် အနုံသီဟိုဠ်ကညစ်ရိုးမျှရှိသော ဝါး၊ လက်ဆုပ်ပမာဏရှိသော မြူဆံမြက်၊ ပြိတ်မြက်၊ မိုးသော မြက်ဟူသမျှ၊ ထန်းရွက်၊ ပကတိမြေ၊ ငါးပါးသော အဆင်းရှိသောမြေ၊ ပဲ့လျှက်, ကညင်စေး, စစ်စေး စသည့် အလုံးစုံသော ဘဏ္ဍာ၊ ဤသို့စသည်ဖြင့် သံဃရက္ခိတ ဂရုဘာဏ်ကို အကျဉ်းမှတ်။

သံဃေ ဒိန္နံဟုလာသော်လည်း သံဃာစောင့်ရှောက်မှု ဂရုဘာဏ်ဖြစ်သောကြောင့် သံဃရက္ခိဘဂရုဘာဏ်မည်သည်။ ဤကား သံဃရက္ခိတ ဂရုဘာဏ် အကျဉ်းမှတ်ပုံတည်း။

(၃) အတ္တလဒ္ဓမို့ သံဃိကဂရုဘာဏ် ဟူသည်ကား အခိုးပေါက်၌ ကြက်သော သံကွန်ရက် စသည်တည်း။ ထိုပကိဏ္ဏကသင်္ဂဟအဋ္ဌကထာ စကား သည်–

> ဓုမနေတ္တဖာလဒီပရုက္ခဒီပကပလ္လိကညြလမ္ဗကဒီပဏ္ဏတ္ထိ ပုရိသတိရစ္ဆာနရူပကာနိ ပန အညာနိ ဝါ ဘိတ္တိစ္ဆဒနကဝါဋဒီသု ဥပနေတဗ္ဗာနိ၊ အန္တမသော လောဟခိလကံ့ ဥပါဒါယ သဗ္ဗာနိပိ လောဟဘဏ္ဍာနိ ဂရုဘဏ္ဍာနိယေဝ၊ အတ္တနာ လဒ္ဓါနိ ပရိဟရိတ္ဗာပိ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗာနိ၊ သံဃိက-ပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာနိ ဝါ ဝဋ္ဋန္တိ၊ တံ့ပုဘဏ္ဍေပိ ဧသေဝ နယော–

ဟု လာသော မာတိကာစသော အဋ္ဌကထာလေးစောင်ကို ရည်တော်မူသည်ဟု မှတ်။

ထိုအဋ္ဌကထာတို့၌လာသော အတ္တလဒ္ဓမို့ သံဃိကဂရုဘက် အစိတ်ကို ပြဆိုအံ့။ အခိုးပေါက်၌ ကြက်အပ်သော သံကွန်ရက်၊ သံဖြင့်ပြုအပ်သော ထယ်၊ ဝါး၊ သံပြတင်းပေါက်၊ ဆီမီးခွက်၊ ဆီမီးတိုင်၊ ဆီမီးဆွဲ၊ နံရံတံခါးတို့၌သာ ထားအပ်သော သံဖြင့်ပြီးသော မိန်းမရုပ်, ယောကျ်ားရုပ် အစရှိသော သင်္ဃံရုပ်၊ သံတံသင်းကို အယုတ်သဖြင့် အစမူ၍ အလုံးစုံသော ဝေဘန်အပ်သော အထက်၌ ပြဆိုလတ္တံ့ဖြစ်သော သံဘဏ္ဍာမှကြွင်းသော အလုံးစုံသော သံဘဏ္ဍာ၊ ဤသို့အစိတ်ကို မှတ်ရမည်။

မိမိရသော်လည်း သံဃိကအဖြစ်သာ သုံးအပ်သောကြောင့် အတ္တလဒ္ဓမို့ သံဃိကဂရုဘက်မည်၏။ ဤကား အတ္တလဒ္ဓမို့ သံဃိကဂရုဘက် အကျဉ်းမှတ်ရန်တည်း။

(၄) ဂိဟိဝိကဋ္ဌနီဟာရဂရုဘက်ဟူသည်ကား- ကြေးဖြူခွက် စသည်တည်း။ ထိုစကားသည်-

> ကံသလောဟဝဋ္ဋလောဟဘာဇနဝိကတိ သံဃိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာ ဝါ ဝဋ္ဋတိ၊ ပုဂ္ဂလိကပရိဘောဂေန ဝဋ္ဋတိ။
>
> ကံသလောဟာဒိဘာဇနံ သံဃဿ ဒိန္နမို့ ဟိ ပါရိဟာရိယံ ဝဋ္ဋတိ၊ ဂိဟိဝိကဋ္ဌာနီဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ-

ဟု လာသော အဋ္ဌ ထာတို့ကိုလည်းကောင်း၊

> တသ္မာ ဝဋ္ဋလောဟကံသလောဟမယံ ယံ ကိဉ္စိ ပါဒဂ္ဃနကဝါရကမို့ ဥပါဒါယ အဘာဇနီယမေဝ။ ဂိဟီဟိ ဒိယျမာနမို့ ပုဂ္ဂလဿ သမ္ပဋိစ္ဆိတုမို့ န ဝဋ္ဋတိ-

ဟု လာသော ဝိမတိဝိနောဒနီဋီကာကိုလည်းကောင်း ရည်တော်မူသည်။

ကြေးဖြူခွက်၊ ကြေးဝါခွက်ဟု အစိတ်ကိုမှတ်လေ။ ပုဂ္ဂလိက ၎အပ်၊ သံဃိကဂိဟိဝိကဋ္ဌနီဟာရသာအပ်သောကြောင့် ဂိဟိဝိကဋ္ဌနီဟာရဂရုဘက်မည်၏။ ဤကား ဂိဟိဝိကဋ္ဌနီဟာရဂရုဘက် အကျဉ်းမှတ်ပုံဘည်။

(၅)။ ပါဒဂဏ္ဌာတိရေကဂရုဘဏ်ာဟ္ဝသည်ကား- ဆိအိုးစသည်တည်း။ ထိုစကားသည်-

ဃဋ္ဋကော ပန တေလဘာဇနံ ဝါ ပါဒဂ္ဂဏှနကတော အတိရေကမေဝ ဂရုဘဏ္ဍံ။ ။ပါဒဂ္ဂဏှနကတော အတိရေကပမာဏော ကရဏ္ဍော။ ။ပါဒဂ္ဂဏှနကတော အနတိရိတ္တံ အာမလကတုမ္ဗံ၊ အာမလကဃဋ္ဋော လာဗုကတုမ္ဗ လာဗုကဃဋ္ဋော၊ ဝိသာဏ်တုမ္ဗန္တိ သဗ္ဗမေတံ ဘာဇနီယံ၊ တတော ပရံ ဂရုဘဏ္ဍံ-

လောဟဝါရကော ပန ကာဠလောဟတမ္ဗလောဟကံသလောဟဝဋ္ဋလောဟာနံ ယေန ကေနစိ ကတော သီဟဠဒီပေ ပါဒဂ္ဂဏှနကော ဘာဇေတဗ္ဗော၊ ပါဒေါစ နာမ မဂဓနာဠိယာ ပဋ္ဌနာဠိမတ္တံ ဂဏှာတိ၊ တတော အတိရေကံ ဂရုဘဏ္ဍံ- ဟု လာသော အဋ္ဌကထာတို့ကိုလည်းကောင်း။

တံ ဥပရိ "ကံသလောဟဝဋ္ဋလောဟ ဘာဇနဝိကတိ သံသိကပရိဘောဂေန ဝါ ဂိဟိဝိကဋ္ဌာ ဝါ ဝဋ္ဋတိ" တိ-အာဒိကေန မဟာပစ္စရိဝစနေန ဝိရုဇ္ဈတိ။ ဤမဃဲ ဟိ "ဝဋ္ဋလောဟကံသလောဟာနံ ယေန် ကေနစိ ကတော သီဟဠဒီပေ ပါဒဂ္ဂဏှနကော ဘာ ဇေဘဗ္ဗော" တိ ဝုတ္တဿ မဟာအဋ္ဌကထာဝစနဿ ပဋိက္ခေပါယ တံ မဟာပစ္စရိဝစနံ ပဒ္ဓာဒဿိတံ။ တသ္မာ ဝဋ္ဋလောဟကံသလောဟမယံ ယံ ကိဉ္စိ ပါဒဂ္ဂဏှနကဝါရကမ္မိ ဥပါဒါယ အာဘာဇနီယမေဝ။ ဂိဟိဟိ ဒိယျုမာနမ္မိ ပဂ္ဂလဿ သမ္မုခီဘူတမ္မိ နု ဝဋ္ဋတိ-ဟု လာသော ဟိမတိဝိနောဒနီဋီကာကိုလည်းကောင်း ရည်တော်မူသည်။

ထိုဂရုဘဏ်၌ ဒေါစိတ်ကိုဆိုဦးအံ့။ မဂဓရာဇ် ငါးကွမ်းစားထက်ဝင်သော ကြီးသော ကြာသွတ်မြူတာအိုး၊ ဆိကြည်၊ ကြုတ်၊ သျှိသျှားခွက် (ဝါ)အိုး၊ သျှိသျှာဖူး၊ ဖူးအိုး၊ ဖူးဖူး၊ သားချိုး၊ ဆီကျည်၊

ကြေးမည်း, ကြေးနီဖြင့်ပြုသော ကြေးအင်တဲ့၊ ဤသို့ ပါဒဂဏှာတိရေ-
ကဂရုဘော်၌ အစိတ်ကိုးမျိုးတည်း။

မဂဓရှင် ငါးကုမ်းစားထက်ဝင်မှု ဂရုဘော် ဖြစ်သောကြောင့်
ပါဒဂဏှာတိရေကဂရုဘော်မည်၏။ ဤစကား ပါဒဂဏှာတိရေကဂရုဘော်
အကျဉ်းမှတ်ပုံတည်း။

(၆)။ ပါသာဒပရိဘောဂ ဂရုဘော်ဟူသည်ကား-ရွှေဖြင့်ပြီးသော
ခွက် စသည်တည်း။ ထိုစကားသည်-

သုဝဏ္ဏရဇတဟာရ ကုဋ္ဌဇာတိဖလိကဘာဇနာနိ ဂိဟိဝိက-
ဋ္ဌာနိပိ နု ဝဋ္ဋန္တိ။ သေနာသနပရိဘောဂေ ပန အာမာသမို့
အနာမာသမို့ သဗ္ဗံ ဝဋ္ဋတိ-

ဟု လာသော အဋ္ဌကထာ လေးစောင်ကို ရည်၍ဆိုတော်မူသည်။

ရွှေဖြင့်ပြီးသောခွက်၊ ငွေဖြင့်ပြီးသောခွတ်၊ တေးခပ်ပြားဖြင့်ပြီးသော
ခွက်၊ ဖန်ဖြင့်ပြီးသောခွက် စသည်ကို အစိတ်ထုတ်၍မှတ်။ ပုဂ္ဂိုလ်,
ဂိုဏ်း, သံဃာ, လူ ဥစ္စာအဖြစ်ဖြင့် မအပ်။ သေနာသနပရိဘောဂသာ
အပ်သောကြောင့် ပါသာဒပရိဘောဂရုဘော်မည်၏။ ဤကား
ပါသာဒပရိဘောဂ ဂရုဘော် အကျဉ်းမှတ်ပုံနည်းတည်း။

ဤသို့ ပကိဏ္ဏကသင်္ဂဟ အဋ္ဌကထာ၌လာသော ဂရုဘော်
ခြောက်ပါးကို အသီးသီးမှတ်ကုန်ရာ၏။ ဂရုဘော် ခြောက်ပါးစကားရပ်
ဤတွင်၍ ခပန်းသတ်ကပြီး။

ထိုဂရုဘော်ခြောက်ပါးမှ ကြွင်းကျန်သော လဟုဘော်ပစ္စည်းတို့သည်
ကား-သံသပိတ် စသည်တို့တည်း။ ထိုစကား၌ အာဒိ-သဒ္ဒါ၏ အာဒိ
ဝန် အရသည်-

အယပတ္တော အယထာလကံ တမ္ဗလောဟထာလကန္တိ
ဣမာနိ ပန ဘာဇနီယာနိ။ ။ဌပေတွာ ပန တံ ဘာဇနဝိကတိံ
အညသ္မိမို့ ကပ်ိယလောဟဘဏ္ဍေ အဠုနီ အဠုနိသလာကာ
နတ္ထုဒါနံ ကဏ္ဏမလဟ့ရဏီ သူစီ ခုဒ္ဒကော ပိပ္ပလိကော ခုဒ္ဒကံ

အာရကာဇ္ဇာကံ့ ကုဋ္ဌိကာ တာနံ့ ကတ္တရယဋ္ဌိ ဓေဓကော ဘိန္နိ-
ဝါလကော ယထာ တထာ ဃဲနကတလောဟံ ဝိပ္ပကတလောဟ-
ဘဏ္ဍဉ္စ သဗ္ဗံ ဘာဇနီယံ။

ဝါသိယာဒီသု ပန ယဲာယ ဝါသိယာ ဒန္တကဋ္ဌဆ္ဆဒန-
ဥစ္ဆုတစ္ဆနမတ္တတော အညတ္ထ မဟာဇနမ္မ ကတုံ န သက္ကာ၊ အယ
ဘာဇနီယာ။ ။သမ္မုဉ္ဇနိဒဏ္ဍခဏနကံ ပန အဒဏ္ဍကံ ဖလမတ္တ
ကမေဝ၊ ယံ သက္ကာ သိပါဋိကာယ ပက္ခိရိတ္ဝာ ပရိဟရိတုံ၊ တံ
ဘာဇနီယံ။ သိခရမ္ပိ နိခါဒနေနေဝ သင်္ဃိတံ၊ ယေဟိ
မနုဿေဟိ ဝိဟာရေ ဝါသိအာဒီနိ ဒိန္နာနိ ဟောန္တိ၊ တေ စေ
ဃရေ ဒဗ္ဗေ ဝါ ဝိလုတ္တေ ဝါ "ဒေထ နော ဘန္တေ ဥပက္ခရေ၊
ပုန အာဟရိဿာမာ" တိ ဝဒန္တိ၊ ဒါတဗ္ဗာ။ သစေ ဟရန္တိ၊
န ဝါရေတဗ္ဗာ၊ အနာဟန္တာပိ န စောဒေတဗ္ဗာ။

သုတ္တံ ပန အဝဋ္ဋေတ္ဝာ ဒိန္နံ မဏ္ဍစိဝါကနာဋ္ဌကေရဟီရာ
စ ဘာဇနီယာ။ ယေဟိ ပနေတာနိ ရဇ္ဇုကာဒီနိ ဒိန္နာနိ
ဟောန္တိ၊ တေ အတ္ထနော ကရဏီယေန ဟရန္တာ န ဝါရေ-
တဗ္ဗာ။

ပါဒဂ္ဃနကတေလနာဋ္ဌိ ပန ကတ္တရယဋ္ဌိ ဥပါဟနဒဏ္ဍ
ကော ဆတ္တဒဏ္ဍော ဆတ္တသလာကာတိ ဣဒမေတ္ထ ဘာဇနီယ-
ဘဏ္ဍံ၊ ဒဗ္ဗေဟမ္ပနံ့ဃာ ဂဏ္ဌိတ္ဝာ ဂစ္ဆန္တာ န ဝါရေတဗ္ဗာ။
ဟိဂုံဟိဂုံလကဟ ရိတာလမနောသိလဋ္ဌနာဒီနိ ပန ဘာဇ-
နီယာနိ။ ။သင်္ခဏာလကံ ပန ဘာဇနီယံ၊ တထာ ဒါရုမယော
ဥဒကတုမ္ဗော။ ။ကပ္ပိယစမ္မာနိ ဘာဇနီယာနိ၊ ကုရုန္ဒိယံ ပန
သဗ္ဗံ မဋ္ဌပမာဏံ စမ္မံ ဂရုဘဏ္ဍန္တိ စုဏ္တံ။

အနုညာတဝါသိယာ ဒဏ္ဍော ဆတ္တံ မုဋ္ဌိပဏ္ဍံ ကတ္တရယဋ္ဌိ
ဥပါဟနာအရုဏိသဟိတံ ဓမ္မကရဏော ပါဒဂ္ဃနကတော
အနတိရိတ္တံ အာမလကတုမ္ဗံ အာမလကဃဋော လာဗုကတုမ္ဗံ
လာဗုကဃဋော ဝိသာဏတုမ္ဗန္တိ သဗ္ဗမေကံ ဘာဇနီယံ။

ဟတ္ထိဒန္တော ဝါ ယံကိဉ္စိ ဝိသဒံ ဝါ အတစ္ဆိတံ ယထာဂတမေဝ ဘာဇနီယံ၊ တေဟိ ကဲတမဉ္ဇပီဠပါဒါဒိသု ပုရိမသဒိသောဝ ဝိနိစ္ဆယော။ သစ္ဆိတနိဋ္ဌိတောပိ ဟိဂုံကရဏ္ဍကော အဉ္ဇနီကရဏ္ဍကော ဂဏ္ဍိကာ ဝိဓေ အဉ္ဇနီ အဉ္ဇနိသလာကာ ဥဒကပုဉ္ဆနီတိ ဣဒံ သဗ္ဗံ ဘာဇနီယမေဝ။

ပါဒဂ္ဃနကတော အနတိရိတ္တပမာဏော ပန ဃဋကော ပတ္တော ထာလကံ ကဉ္စုနကော ကုဋ္ဌိကာတိ ဣဒမေတ္ထ ဘာဇနီယံ၊ ယထာ စ မတ္တိကာဘဇ္ဇနေ ဧဝံ လောဟဘဇ္ဇနေပိ ကုဋ္ဌိကာ ဘာဇနီယကောဋ္ဌာသမေဝ ဘဇတိ—

စသည် လာသော အဋ္ဌကထာလေးစောင်ကို ရည်သည်။

ထိုလဟုဘက်အရ အစိတ်ကိုထုတ်၍ ပြဆိုဦးအံ့၊ သံသပိတ်၊ သံခွက်၊ ကြေးနီခွက်၊ ခွက်အထူးကိုထား၍ တပါးသော အပ်သော သံဘဏ္ဍာ ဖြစ်သော မျက်စဉ်းကျည်၊ မျက်စဉ်းတံ၊ နွာခေါင်းနှပ်တံ၊ နားဖာချေးကော်တံ၊ အပ်၊ ကညစ်၊ ငယ်သောခား၊ (ဝါ) သင်ခုန်းခားငယ်၊ အဦးရှည်သော ပေထိုး ခားငယ် (ဝါ) သပိတ်ထွင်းစူးငယ် (ဝါ) ဆူးထွင်စရာစူးငယ်၊သံကောက်၊ တောင်ဝှေး၊စူး၊သံဆူး၊သံခြင်း၊သံချောင်း၊ သံထွေ၊ သံဝိုင်း၊ ဟူးဟူးညားညား တခဲနက်သော ပြုံ၍ပြီးသောသံ၊ ပြုမပြီးသေးသော သံဘဏ္ဍာ၊ တံပူဖြတ်ရုံကြံခွါရုံမျှ စွမ်းနိုင်သော ပဲခွပ်တံစဉ်း၊ တံမြက်ရိုးထွင်းသော အရိုးမရှိ အသွားမျှသာရှိသော အိပ်ဒ်၌ထည့်ဆောင်ခြင်းငှါ စွမ်းနိုင်သော ဆောက်စူး၊ မကျစ်ပဲလှသောချည်၊ သင်ပန်းလျှော်၊ လျှော်တေ၊ အုန်းဆံမျှင်၊ မဂဓရောင်ငါးကွမ်းစားမျှဝင်သောဆီ၊ကျည်တောက်၊ တောင်ဝှေး၊ ဖိနပ်ချိတ်စရာ လှန်ကန်၊ ထီးရိုး၊ ထီးလက်၊ ရှိန်းခို၊ ဟသ်ပြဒါး၊ဆေးဒန်း၊ပြင်းသိလာ၊ မျက်စဉ်းကျောက်ညို၊ ခရုသင်းခွက်၊သစ်ဖြင့်ပြီးသောဗူး၊အပ်သောသားရေ၊ ခွင့်ပြုတော်မူအပ်သော ပဲခွပ်တံစဉ်းရိုး၊ ထီးမိုးစရာထန်းရွက်၊ တောင်ဝှေး၊ ဖိနပ်၊ ပတ်ခုံ၊ ပတ်ကျည်၊ ဓမ္မကရိုဏ်းရေဖစ်၊ မဂဓရောင်ငါးကွမ်းစားမျှသာဝင်သော မလွန်သော သျှော်သျှားဗူး၊သျှော်သျှားအိုး၊ဗူးဗူး၊ ဗူးအိုး၊ သားး

ချိုးဖူး၊ မပြုမလုပ် ပကတိသောဆင်စဉ်ယ်, သားချို, ပြုလုပ်၍ပြီးပြီးသော ရှိန်းခိုကြုတ်၊ မျက်စဉ်းကြုတ်ကပါတ်သိမ်းခါးပန်းသီး၊ မျက်စဉ်းကျည်၊ မျက်စဉ်းတံ၊ ရေသုတ်ပဝါ။ မဂဓရာဇ်ငါးကွမ်းစား မျသဘင်သောမလွန်သောမြေဖြင့်ပြီးသော ကြာသွတ်မြူတာအိုး၊ သပိတ်၊ ခွက်၊ သောက်ခွက်၊ မြေ, , သံ ကြေးနီဖြင့်ပြီးသော ကရား- ဤသို့စသည်ဖြင့် လဟုဘဏ်ကို မူတ်ရမည်။ ဤကား လဟုဘဏ်၌ အကျဉ်းပြအပ်သော နည်းတည်း။

ဤလဟုဘဏ်အရာ၌ ကုလ္လိုကာသဒ္ဒါ,အောက်၌ပြဆိုအပ်သောသံဃေဒိန္နဂရုဘဏ်အရာ၌ ဘိက်ာရ သဒ္ဒါနုစ်ပါးတို့တွင် လဟုဘဏ်အရာမှာ ကုလ္လိုကာ = သံ, မြေ, ကြေးနီဖြင့်ပြီးသောကရားဟု သမ္မန်။ ဂရုဘဏ်အရာ၌ ဘိုက်ာရ = သောက်ရေသုံးဆောင်ရေ တည်သော အိုးငယ်ဟု သမ္မန်လေ။ သို့မှ ဂုဇ္ဇတ္ထဒီပနီဋီကာ, ဝိနယဝိနိစ္ဆယဋီကာတို့နှင့် ညီသည်။

အချို့ဆရာတို့ကား လဟုဘဏ်၊ဂရုဘဏ်အရာကိုမရှုပဲ "ဘိက်ာရ၊ ကရား။ ကုလ္လိုကာ၊ ကရား" ဟု ပေးသည်ကား ဝိနည်း ပညတ်၌ မသင့်ဟုမှတ်။

၁၅၀။ ကထိန်မခင်းပဲ့ ကထိန်အာနိသင် ရ-မရ

မေး။ ။ကထိန်မခင်းသော ရဟန်းတို့သည် ကထိန် အာနိသင် ငါးပါးကို ရပါမည်လော၊ ကထိန်မ့ခင်းပဲ သက််န်းကာလ၌ တိစီဝရိတ် သက််န်းနှင့်ကင်း၍ နေ့အပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ-

အနုတ္ထတကထနာ ပန ဣမေသု ပဉ္စသု အာနသသေသု စီဝရမာသေ အသမာဒါနစာရံ ဌပေတွာ သေသာနိသံသေ လဘန္တီ။ ယဒိ အသမာဒါနစာရောပိ လဇ္ဇေယျ၊ ပါဝေယျကာဘိက္ခူ။ ဝဿံဝုတ္ထာ ဩကပုဏ္ဏေဟိ စီဝရေဟိ နဘဂဝန္တံ ဥပသင်္ကမေယျုံ။ ယသ္မာ တံ နလဘတိ၊ တသ္မာ စီဝရမာသေပိ စီဝရံ သမာဒါယ ဧဝ ဘဂဝန္တံ ဥပသင်္ကမိ်ံသု -

ဟု လာသော ဝိနယတ္ထမဉ္ဇူသာမည်သော လီနတ္ထပကာသနီဋီကာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၊

ဝုတ္ထဝဿာနန္တိ စ နိဒ္ဓါရဏေ သာမိဝစနံ၊ ဧတေန စ ပုရိမသိက္ခာဒေ အနတ္ထတကထိနာနံ ကထိနမာသေပိ အသမာဒါနစာရော န လဗ္ဘတီတိ သိဒ္ဓံ ဟောတိ၊ ဣတရထာ သိက္ခာပဒဿေဝ နိရတ္ထကတ္တာတိ ဒဋ္ဌဗ္ဗံ—

ဟု လာသော ဝိမတိဝိနောဒနီဋီကာ သာသင်္သိက္ခာပုဒ်အဖွင့်၊

အနတ္ထတကထိနဿဲ ဟိ စီဝရမာသော ဝိပ္ပဝါသော နဝန္နတိ အတ္ထတကထိနာနံယေဝ အသမာဒါနစာရဿ အနုညာတတ္တာ။ ကေစိ ပန "အနတ္ထတကထိနာနံ စီဝရမာသေပိ အသမာဒါနစာရော လဗ္ဘတီ"တိ ဝတ္ဝာ ဗဟုဓာ ပပဉ္စေန္တိ၊ တံ န ဂဟေတဗ္ဗံ—

ဟု လာသော တေရသကဏ်ဍီကာ သာသင်္သိက္ခာပုဒ်အဖွင့်၊ ဤသို့ လာသော ဋီကာအရပ်ရပ်ကိုထောက်၍ ကထိန်မခင်းမူ စီဝရမာသကာလ သက်နှံးဖြစ်သော်လည်း အဓိဋ္ဌာန်တင်ဒသာ တိစီဝရိတ်နှင့် ညှဉ်ကင်း၍ နေအပ်သော အသမာဒါနစာရအာနိသင်ကို မရကုန်၊ ကြွင်းသော အနာမန္တစာရ, ယာဝဒတ္ထစီဝရ, ဂဏဘောဇန, ယောတတ္ထစီဝရုပ္ပါဒဟူသော အာနိသင်လေးပါးတို့ကိုမူကား ကထိန်မခင်းသော်လည်း သက်နှံး ကာလ၌ ရသည်။ ကထိန်ခင်းသောရဟန်းတို့မှာ စီဝရမာသသက်နှံးကာလ၌ အသမာဒါနစာရ စသော ငါးပါးသော အာနိသင်ကို ရသည်ဟု မှတ်ရမည်။

စီဝရမာသ သက်နှံးကာလသည်လည်း ကထိန်မခင်းမူ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့ကစ၍ တန်ဆောင်မုန်းလပြည့်တိုင် တလ၊ ကထိန်ခင်းမူ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့ကစ၍ တပေါင်းလပြည့်တိုင် ငါးလသည် သက်နှံးကာလမည်၏။ ထို့ကြောင့် အစွေကစီဝရသိက္ခာပုဒ်ပါဠိတော်၌—

စိဝရကာလသမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ—ဟု ဗဟာတော်မူသည်။

ကထိန်မခင်းသော ရဟန်းတို့မှာ စီဝရမာသတလပတ်လုံး, ကထိန်ခင်းသော ရဟန်းတို့မှာ စီဝရမာသငါးလပတ်လုံး ယာဝဒတ္ထစီဝရအာနိသင်ရကြောင်းကို "အနတ္ထတေ ကထိန နေ ဝဿာနဿ ပစ္ဆိမံ ဒိဝသံ အတိက္ကာမေတိ၊ နိဿဂ်ိယံ ပါစိတ္တိယံ။ အတ္ထတေ ကထိနေ ကထိနုဒ္ဒါရဒိဝသံ အတိက္ကာမေတိ၊ နိဿဂ်ိယံ ဟောတိ" ဟု လာသော အစ္စေက စီဝရသိက္ခာပုဒ်ပါဠိတော်ဖြင့် သိဒ္ဓလ။

ကထိန်မခင်းသောရဟန်းတို့မှာ တလ၊ ကထိန်ခင်းသောရဟန်းတို့မှာ ငါးလပတ်လုံး အနာမန္တစာရအာနိသင်ရကြောင်းကို "စီဝရဒါနသမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ" ဟု လာသော စာရိတ္တသိက္ခာပုဒ်ပါဠိတော်ဖြင့် သိလေ။

ကထိန်မခင်းသောရဟန်းတို့မှာ တလ၊ ကထိန်ခင်းသောရဟန်းတို့မှာ ငါးလပတ်လုံး ဂဏဘောဇနအာနိသင်ရကြောင်းကို "စီဝရဒါနသမယော နာမ အနတ္ထတေ ကထိနေ ဝဿာနဿ ပစ္ဆိမော မာသော၊ အတ္ထတေ ကထိနေ ပဉ္စမာသာ၊ စီဝရဒါနသမယောတိ ဘဉ္ဇိတဗ္ဗံ" ဟု လာသော ဂဏဘောဇနသိက္ခာပုဒ်ပါဠိတော်ဖြင့် သိလေ။

ကထိန်မ့ခင်းသောရဟန်းတို့မှာ စီဝရမာသဖြစ်သော်လည်း တိစီဝရိတ်နှင့်ကင်း၍ မနေအပ်သောအဖြစ်ကို "ဥပဝဿံ ခေါ ပနာတိ ဝုတ္ထဝဿာနံ။ ကတ္တိကပုဏ္ဏမန္တိ ကတ္တိကစာတုမာသိနိ ဝုစ္စတိ" အစရှိသည်ဖြင့် ဟောတော်မူသော သာသက်သိက္ခာပုဒ်၏ ပဒဘာဇနီပါဠိတော်ဖြင့်လည်းကောင်း၊ ယခင် ပြအပ်သော ဋီကာပါဠိတို့ဖြင့်လည်းကောင်း သိလေ။

ကထိန်ခင်းသောရဟန်းတို့မှာ စီဝရမာသငါးလပတ်လုံး တိစီဝရိတ်နှင့် ညဉ့်ကင်း၍ နေအပ်သောအဖြစ်ကို—

အနုဇာနာမိ ဘိက္ခဝေ ဝဿံဝုဋ္ဌာနံ ဘိက္ခူနံ ကထိနံ အတ္ထရိတုံ၊ အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ပဉ္စ ကပ္ပိဿန္တိ၊ အနာမန္တစာရော အသမာဒါနစာရော ဂဏဘောဇနံ ယာဝဒတ္ထစီဝရံ ယော စ တတ္ထ စီဝရုပ္ပါဒေါ သော နေသံ ဘဝိဿတီတိ၊ အတ္ထတကထိနာနံ ဝေါ ဘိက္ခဝေ ဣမာနိ ပဉ္စ ကပ္ပိဿန္တိ—

ဟု ဟောတော်မူသော ကထိနက္ခန္ဓကပါဠိတော်ဖြင့်သိလေ။

ကထိန်ခင်းသော ရဟန်းတို့မှာ ကထိန်မနုတ်သမျှ ကာလပတ်လုံး အာနိသင်ငါးပါးလုံးရသည်ဟု မှတ်လေ။

ကထိန်ခင်းသောရဟန်းတို့မှာ စီဝရမာသငါးလပတ်လုံး ယောဇဉ်တွဆီဝရုပ္ပါဒအာနိသင်ရကြောင်းကို—

ဣဓ ပန ဘိက္ခဝေ ဘိက္ခူ ဒေကာ ဝဿံ ဝသတိ၊ တတ္ထ မနုဿာ ''သံဃဿ ဒေမာ'' တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တဿေဝ ဟာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ—

ဟု ဟောတော်မူသော စီဝရက္ခန္ဓကပါဠိတော်၊

တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဗ္ဘာရာယာတိ သစေ ဂဏပူရကော ဘိက္ခူ လဘိတ္ထာ ကထိနံ အတ္ထတံ ဟောတိ၊ ပဉ္စမာသေ, နော စေ အတ္ထတ ဟောတ၊ ကေ စီဝရမာသေဝေ—

ဟု ဖွင့်တော်မူသော စီဝရက္ခန္ဓကအဋ္ဌကထာတို့ကိုယောက်၍ သိလေ။

ထို ''ယောတတ္ထစီဝရုပ္ပါဒ'' အာနိသင်၌ အထူးကိုပြတော်မူလိုသော အဋ္ဌကထာဆရာသည် စီဝရက္ခန္ဓကအဖွင့်၌—

ယံ ''သံဃဿ ဒေမာ'' တိ ဝါ ဒေန္တိ၊ ''သံဃံ ဥဒ္ဒိဿ ဒေမာ'' တိ ဝါ ဒေန္တိ၊ ''ဝဿံဝုတ္ထသံဃဿ ဒေမာ'' တိ ဝါ ဒေန္တိ၊

"ဝဿာဝါသိကံ ဒေမာ"တိ ဝါ ဒေန္တိ၊ သစေပိ မတကစီဝရံ အာဝိဘဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တသ္မေ ဘိက္ခုနော ဟောတိ။ ယမ္ပိ သော ဝဿာဝါသတ္ထာယ ဝစ္ဆိ ပယောဇေတ္ဝာ ဌပိတဥပနိက္ခေပမေဝ ဟောတိ၊ သဗ္ဗံ သုဂ္ဂဟီတမေဝ ဟောတိ။ ဣဒဉ္ဥတ္ထ လက္ခဏံ၊ ယေန ဘေနာကာရေန သံဃသ္သ ဥပ္ပန္နံ ဝတ္ထုံ အတ္ထတကထိနသ္သ ပဉ္ဇမာသေ, အနတ္ထတကထိနသ္သ ဧကံ့ စီဝရမာသံ ပါပုဏာတီတိ။ ယဲ့ ပန "ဣဒံ ဣဓ ဝဿံဝုတ္ထ-သံဃသ္သ ဒေမာ"တိ ဝါ, "ဝဿာဝါသိကံ ဒေမာ"တိ ဝါ ဝတ္ဝာ ဒိန္နံ၊ တံ အနတ္ထတကထိနသ္သာပိ ပဉ္ဇမာသေ ပါပုဏာတိ-ဟု မိန့်ဆိုတော်မူ၏။

ထိုအဋ္ဌကထာ၌-

ယံ "သံဃသ္သ ဒေမာ"တိ ဝါ ဒေန္တိ၊ သစေပိ မတကစီဝရံ အာဝိဘဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တသ္မေ ဘိက္ခုနော ဟောတိ။ ယမ္ပိ သော ဝဿာဝါသတ္ထာယ ဝစ္ဆိ ပယောဇေတ္ဝာ ဌပိတဥပနိက္ခေပမေဝ ဟောတိ၊ သဗ္ဗံ သုဂ္ဂဟီတမေဝ ဟောတိ။ ဣဒဉ္ဥတ္ထ လက္ခဏံ၊ ယေန ဘေနာကာရေန သံဃသ္သ ဥပ္ပန္နံ ဝတ္ထုံ အတ္ထတကထိနသ္သ ပဉ္ဇမာသေ, အနတ္ထတကထိနသ္သ ဧကံ့ စီဝရမာသံ ပါပုဏာတိ-

ဟူသော ဝါကျစကားဖြင့် သံဃာကိုရည်ညွှန်း၍ "သံဃသ္သ ဒေမ" ဆို၍ လူသော်သက်နှံး၊မတကသန္တကသက်နှံး၊ဝဿာဝါသိက အကျိုးငှါ ထားနှံအပ်သောဥစ္စာဖြင့် ဝယ်ယူသောသက်နှံး၊ ထို ကျောင်းအာရာမ်၌ ရောက်သော ထန်းအုန်းစသည်ဖြင့် ဖြစ်သောသက်နှံး၊ အမှုတ်မရှိ ခြင်းအရာဖြင့် သံဃာကိုရည် ညွှန်း၍ဖြစ်သော သက်နှံးတို့သည် စီဝရမာသ၌ ရအပ်သောသက်နှံးဖြစ်၍ ကထိန်ခင်းသော ရဟန်းတို့အား ငါးလပတ်လုံး, ကထိန်မခင်းသောရဟန်းတို့အား တလ့ပတ်လုံး ရထိုက်

သည်။ ဝါမကပ်သောရဟန်း၊ ဝါပျက်သောရဟန်း၊ ပစ္ဆိမဝါကပ်သော ရဟန်းတို့သည် မရထိုက်ကုန်ဟု ပြတော်မူသည်။

ဝဿံဝုတ္ထဝဿဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿာဝါသိကံ ဒေမာတိ ဝါ ဒေန္တိ၊ ယံ ပန "ဣဒံ ဣမ ဝဿံဝုတ္ထဝဿဿ ဒေမာ"တိ ဝါ "ဝဿာဝါသိကံ ဒေမာ"တိ ဝတ္ဝာ ဒိန္နံ၊ တံ အနတ္ထတကထိနဿာပိ ပဉ္စမာသေ ပါပုဏာတိ-

ဟူသော ဝါကျဖြင့် ဝါကျတ်သောသံဃဲ့ လူသောသက်နှံး၊ ဝဿာဝါသိကအကျိုးငှါ လူသော ဝါဆိုသက်နှံးတို့သည် စီဝရမဟာသဒ္ဒါတ် ကာလဒ္ဒဖြစ်ဂသော်လည်း ကထိန်မခင်းသောရဟန်းတို့အား လည်း ရထိုက်ရောက်ထိုက်သည်ဟု ပြတော်မူသည်။ ထို့ကြောင့် တရသကဏ်ဋီကာ၌-

ဝဿာဝါသိကလာဘဝသေန ဝါ မတကစီဝရဝသေန စ ဝါ ဇာတြုပ္ပါဒဝသေန ဝါ အညေန ဝါ ကေနစိ အာကာရေန သံဃံ ဥဒ္ဒိဿ ဥပ္ပန္နစီဝရံ၊ သပ္ပံ တဝသေဝ အတ္ထတကထိနဿ ပဉ္စမာသော, အနတ္ထတကထိနဿ ကေ စီဝရမာသံ ပါပုဏာတီတိ အဝိသေသတော ဝတ္ဝာပိ ပုန ဝဿာဝါသိကလာဘဝသေန ဥပ္ပန္နေ လဒ္ဓမာနဝိသေသံ ဒဿေတုံ "ယံ ပန ဣဒ"န္တိ အာဒိ အာရဒ္ဓံ-

ဟု ဖွင့်တော်မူသည်။

ဤအရာ၌ဘုန်၌ "ယံ ပန ဣဒံ ဣမ ဝဿံဝုတ္ထဝဿဿ ဒေမာတိ ဝါ ဝဿာဝါသိကံ ဒေမာတိ ဝါ ဝတ္ဝာ ဒိန္နံ၊ တံ အနတ္ထဘကထိနဿာပိ ပဉ္စမာသေ ပါပုဏာတိ" ဟူသော အဋ္ဌကထာစကားသည် ထို အဋ္ဌကထာ၌ပင် စီဝရမာတိကာအဖွင့်၌-

ဝဿံဝုတ္ထဝဿဿ ဒေတီတိ ဝိဟာရံ ပဝိသိဘွာ "ဣမာနိ စီဝရာနိ ဝဿံဝုတ္ထဝဿဿ ဒမ္မီ"တိ ဒေတိ။ ယာဝတိကာ ဘိက္ခူ တသ္မိံ ဒိဝသေ ဝဿံ ဝုတ္ထာတိ ယတ္တကာ ဝဿံဝုတ္ထာနံ အကတ္ဘာ ပုရိမဝဿံဝုတ္ထာ၊ တေဟိ ဘာဇေတဗ္ဗံ၊ အညေသံ

နှ ပါပုဏာတိ။ ဒိသာပက္ကန္တိဿာပိ သတိ ပဋိဂ္ဂါဟကေ ယာဝ ကထိနဿ ဥဗ္ဘာရာ ဒါတဗ္ဗံ၊ အနတ္ထတော ပန ကထိနေ အန္တောဟေမန္တေ၊ ဧဝဥ္စ ဝတ္ဝာ ဒိန္နံ ပစ္ဆိမဝဿံဝုတ္ထာနမ့ဲ ပါပုဏာတိဘိ လက္ခဏညူ ဝဒန္တိ—

ဟူ၍လည်း၊ကောင်း၊

စီဝရုမာသကော ပဋ္ဌာယ ယာဝ ဟေမန္တဿ ပစ္ဆိမော ဒိဝသော၊ တာဝ ဝဿာဝါသိကံ ဒေမာတိ ဝုတ္တေ ကထိနံ အတ္ထတံ ဝါ ဟောတု အနတ္ထတံ ဝါ၊ အတီတဝဿံဝုတ္ထာနမေဝ ပါပုဏာတိ-

ဟူ၍လည်းကောင်း ဖွင့်ပြတော်မူသည်။

သီတင်းကျတ်လပြည့်ကျော် တရက်နေ့ကစ၍ တန်ဆောင်မုန်းလပြည့်တိုင်အောင် သက်နှံးကာလအဘွင်း၌ "ဝဿံဝုတ္ထသံဃဿ ဒေမ" ဟူ၍လည်းကောင်း၊ "ဝဿာဝါသိကံ ဒေမ" ဟူ၍လည်းကောင်း ဆို၍ လူဿသက်နှံးသည် ပုရိမဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းသည်ဖြစ်ဇစ၊ မခင်းသည်ဖြစ်ဇစ ရထိုက်သည်။ ဝါပျက်သောရဟန်း၊ ပစ္ဆိမဝါကပ်သော ရဟန်းတို့အား မရထိုက်။ တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့မှစ၍ တဖေါင်းလပြည့်တိုင်အဘွင်း "ဝဿံဝုတ္ထသံဃဿ ဒေမ" ဟူ၍လည်းကောင်း၊ "ဝဿာဝါသိကံ ဒေမ" ဟူ၍လည်းကောင်း ဆို၍ လူဿသက်နှံးသည် ပုရိမဝါကျွတ်သောရဟန်း၊ ပစ္ဆိမဝါကျွတ်သော ရဟန်းတို့အား ကထိန်ခင်းသည်ဖြစ်ဇစ၊ မခင်းသည်ဖြစ်ဇစ ရထိုက်သည်ဟု မှတ်ရမည်။ ထို့ကြောင့် ဘရာသကဏ္ဍီကာ၌—

တထာ ဟိ ဣဓ-သဒ္ဒေန အနိယမေဘာပိ "ဝဿံဝုတ္ထသံဃဿ ဒေမာ"တိ ဝါ "ဝဿာဝါသိကံ ဒေမာ"တိ ဝါ အန္တောဟေမန္တေ ဝဿာဝါသိကလာဘဝသေန ဒိန္နံ စီဝရံ အနတ္ထတကထိနဿာပိ ဝုတ္ထဝဿဿ ပဋ္ဌမာဒသ ပါပုဏာတိ၊ တေနေဝ ပရတော အဋ္ဌသု မာတိကာသု "ဝဿံဝုတ္ထသံဃဿ

ဒေတီ”တိ ဣမဿ မာတိကာပဒဿာ ဝိနိစ္ဆယေ “စိဝရမာ-
သဒေါ ပဋ္ဌာယ ယာဝ ဟေမန္တဿ ပစ္ဆိမော ဒိဝသော၊
တာဝ ဝဿာဝါသိကံ ဒေမာတိ ဝုတ္တေ ကထိနံ အတ္ထတံ ဝါ
ဟောတု အနတ္ထတံ ဝါ၊ အတိဘဝဿံ ဝုတ္ထာနမေဝ ပါပုဏာ-
တိ ဝုတ္တေ—

ဟု ဖွင့်တော်မူ၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

အန္တောဟေမန္တေတိ ဣမိနာ အနတ္ထတေ ကထိနေ ဝဿာနံ
ပစ္ဆိမေ မာသေ ဒိန္နံ ပုရိမဝဿံဝုတ္ထာနညေဝ ပါပုဏာတိ၊
တတော ပရံ ဟေမန္တေ ဒိန္နံ ပစ္ဆိမဝဿံဝုတ္ထာနမ်ိ ဝုတ္ထဝဿ်တ္တာ
ပါပုဏာတိ—

ဟု ဆိုတော်မူ၏။

ထိုကထိန်ကာလမှ တပါးသော အကာလ၌ လှူသော သင်္ဃန်းသည် အကာလသင်္ဃန်းမည်၏။ ထို့ကြောင့် တတိယကထိနသိက္ခာပုဒ်၏ ပဒ-ဘာဇနီယာဠိတော်၌—

အကာလစီဝရံ နာမ အနတ္ထတေ ကထိနေ ကောဒဿမာသေ
ဥပ္ပန္နံ၊ အတ္ထတေ ကထိနေ သတ္တမာသေ ဥပ္ပန္နံ—

ဟု ဟောတော်မူ၏။ အဋ္ဌကထာ၌—

ကောဒဿမာသေတိ ကေ ဂစ္ဆိမကတ္တိကမာသံ ဌပေတ္ဝာ
သေသေ ကောဒဿမာသေ။ သတ္တမာသေတိ ကတ္တိကမာသံ
ဟေမန္တိကေ စ စတ္တာရောတိ ပဉ္စမာသေ ဌပေတ္ဝာ သေသေ
သတ္တမာသေ—

ဟု ဖွင့်တော်မူ၏။

ကထိန်ခင်းမှု ခုနစ်လတို့၌ လှူအပ်သော သင်္ဃန်းတို့သည် ပုရိမဝါသား, ပစ္ဆိမဝါသားဖြစ်သော သမူဒါဘူတရဟန်းတို့သည် ဝေဘန်အပ်သော

ကြောင့် အကာလသက်နဲးမည်၏။ စိဝရကာလဖြစ်သော ကထိန်မခင်းမူ တလ, ကထိန်ခင်းမူ ငါးလတို့၌ "သံဃဿ ဒေမ" ဟု ဆို၍ လူသော သက်နဲးသည် ပုရိမဝါကျွတ်သောရဟန်း, ကထိန်ခင်းသောရဟန်းသာ ဝေဘန်အပ်သည်။ ကြွင်းသောရဟန်းတို့သည် မဝေဘန်အပ်သောကြောင့် ကာလသက်နဲးမည်၏။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌—

ကောဒသမာသေ သတ္တမာသေ စ ဥပ္ပန္နဥ် စီဝရံ ဝုတ္ထဝ-ဝဿေဟိ သေသေဟိ စ သမ္မုခီဘူတေဟိ ဘာဇေတုံ လဗ္ဘတီတိ အကာလစီဝရံ နာမ ဇာတံ။ ကာလေ ပန "သံဃဿ ဣဒံ အကာလစီဝရံ ဒမ္မီ"တိ အနုဒ္ဒိသိဘ္ဝာ "သံဃဿ ဒမ္မီ"တိ ဒိန်နံ ဝုတ္ထဝဿေဟိယေဝ ဘာဇေတဗ္ဗံ၊ န အညေဟိတိ ကာလစီဝရန္တိ ဝုစ္စတိ—

ဟု ဖွင့်တော်မူ၏။

သက်နဲးကာလ၌ဖြစ်သော်လည်း "ဣဒံ အကာလစီဝရံ သံဃဿ ဒေမ" ဟု ဆို၍လူမူ အကာလသက်နဲးဖြစ်သည်။ ထိုအကာလသက်နဲးကို သမ္မုခီဘူတဖြစ်သော အလုံးစုံသောရဟန်းတို့သည် ဝေဘန်အပ်ကုန်၏။ ထို့ကြောင့် ဂတိယကထိနသိက္ခာပုဒ်ပဒဘာဇနီယ၌ဆိုတော်၌—

ကာလေပိ အာဒိဿ ဒိန်နံ၊ ဧတံ အကာလစီဝရံ နာမ—

ဟု ဟောတော်မူ၏။ အဋ္ဌကထာ၌လည်း—

ကာလေပိ အာဒိဿ ဒိန္နန္တိ သံဃဿ ဝါ "ဣဒံ အကာလ-စီဝရ"န္တိ ဥဒ္ဒိသိတ္ဝာ ဒိန်နံ—

ဟု ဖွင့်တော်မူ၏။ သာရတ္ထဒီပနီဋီကာ၌လည်း—

အာဒိဿ ဒိန်နံ ပန သမ္မုခီဘူတေဟိ သဗ္ဗေဟိယေဝ ဘာဇေ-တဗ္ဗန္တိ အကာလစီဝရံ၊ တသ္မာ ကာလေပိ အာဒိဿ ဒိန္နဿ ဝုတ္ထဝဿေဟိ သေသေဟိ စ သမ္ဗတ္တေဟိ ဘာဇနီယတ္တာ

အကာလစီဝရသာမညဖေတာ ''ကာဧလေပိ အာဒိဿ ဒိန်း၊ တေံ အကာလစီဝရ''န္တိ အတ္ထုဒ္ဓါရဝသေန ဝုတ္တံ–

ဟု ဖွင့်တော်မူ၏။ ဝိမတိဝိဒနာဒနီဋီကာ၌လည်း–

သံဿဿ ဟိ ကာလေပိ အာဒိဿ ဒိန်း အာကာလေ ဥပ္ပန္နစီဝရံ ဝိယ သမ္မုခီဘူတေဟိ ဝုတ္ထဝသေဟိ အဝုတ္ထဝသေဟိ စ သဗ္ဗေဟိပိ ဘာဇေတဗ္ဗသာမညေန အကာလစီဝရံ နာမ ဟောတီတိ ဒဿနတ္ထံ အတ္ထုဒ္ဓါရဝသေန ပါဠိယံ ''ကာလေပိ အာဒိဿ ဒိန်း''န္တိ ဝုတ္တံ–

ဟု ဖွင့်တော်မူသည်။

ထိုသက်နိုးကြောလ၌ ''ဣဒံ အကာလစီဝရံ တုယ္ဟံ ဒမ္မိ'' ဟု ဆို၍ ပုဂ္ဂိုလ်အားလူသေသော်လည်း အကာလသက်နိုးမည်သည်။ ထိုပုဂ္ဂိုလ်အား ရည်၍လူသော အကာလသက်နိုးကို တစုံတယောက်သော ရဟန်းသည် ရထိုက်၏ဟူ၍ မဇေယျူအပ်၊ လူအပ်သေးပုဂ္ဂိုလ်သာ ရုံထိုက်သည်။ ထို့ကြောင့် အဋ္ဌကထာ၌–

ကေပုဂ္ဂလဿ ဝါ ''ဣဒံ တုယ္ဟံ ဒမ္မိ''တိ ဒိန်း–

ဟု ဆိုတော်မူ၏။ ဝိမတိ၌–

တုယ္ဟံ ဒမ္မိတိ ဒိန္နန္တိ ''တုယ္ဟံ ဘန္တေ အာကာလစီဝရံ ဒမ္မိ''တိ ဝေံ ဒိန်း၊ ဧတ္တပ်ိ ကာလေ အာဒိဿ ဒိန်း နာမ ဟောတီ–

ဟု ဖွင့်တော်မူ၍–

နု ဟိ ပုဂ္ဂလဿ အာဒိဿ ဒိန်း ဧကန္တစီ ဘာဇနီယံ ဟောတီတိ–

ဟု ဖွင့်တော်မူ၏။ မာတိကာအဋ္ဌကထာ၌လည်း–

ယဉ္စ ကာလေပိ သံဃဿ ဝါ ''ဣဒံ အကာလစီဝရံ'' ဒိန်း ပုဂ္ဂလဿ ဝါ ''ဣဒံ တုယ္ဟံ ဒမ္မိ''တိ အာဒိနာ နယေန ဒိန်း၊ တေံ အကာလစီဝရံ နာမ–

ဟု ဖွင့်တော်မူ၏။ ဝိနယတ္ထမဉ္ဉုသာမည်သော လီနတ္ထပကာသနီဋ္ဌီကာ ဋ္ဌီလျှင်း—

ကာဓလပိတိ ''အနတ္ထတေ ကထိနေ စိဝရမာသော, အတ္ထတေ ကထိနေ ဥဗ္ဘာသာ'' တိ ယထာဝုတ္တစီဝရကာလေပိ— ဟု ဖွင့်တော်မူ၏။ ဤကား စီဝရမာသကာလဋ္ဌရအပ်သော အာနိသံသကို ပြသော အဆုံးအဖြတ်စကားရပ်တည်း။

၁၅၁။ သံဃဲလာဘ်နှင့် မဟသန္တက

၎မေး။ ။တခုသော ကျောင်းတိုက်၌ ရဟန်းတပါးတည်း နေရာ ''သံဃဿ ဒေမ'' ဟုဆို၍လှူမူ အာဘယ်သို့ပြုအပ်ပါသနည်း။ တခုသော ကျောင်းတိုက်၌ မတသန္တကပစ္စည်းကိုဝေရာ တပါးတိုက်က လာရောက်သော ရဟန်းတို့အား ဝေအပ်ပါမည်လော်။

၎ဖြ။ ။ထိုပုဆွေးနွေးရပ်မှာ ဥတုကာလသံဃိကလှူရာ၌—

တနှံ ၎ခါ ပန သမယေန အညတရော ဘိက္ခု ဥတုကာလံ ကော ဝသိ။ တတ္ထ မနုဿာ ''သံဃဿ ဒေမာ'' တိ စီဝရုနိ အဒံသု။ အထ ၎ခါ တဿ ဘိက္ခုနော တေဒဟာသိ ''ဘဂဝတာ ပညတ္တံ 'စတုဝဂ္ဂေါ ပစ္ဆိမော သံဃော' တိ၊ အဟဉ္စမှိ ကေကော၊ ဣမေ မနုဿာ 'သံဃဿ ဒေမာ' တိ စီဝရုနိ ဒဒံသု၊ ဟန္ဒါနာဟံ ဣမာနိ သံဃိကာနိ စီဝရုနိ သာဝတ္ထိံ ဟရေယျ'' န္တိ။ အထ ၎ခါ သော ဘိက္ခု တာနိ စီဝရုနိ သာဝတ္ထိံ ဟရိတွာ သာဝတ္ထိယံ ဝဿံ ဥပဂန္တွာ ဘိက္ခူနံ အာရောစေသိ။ ဘိက္ခူ ဘဂဝတော ၎တမတ္ထံ အာရောစေသုံ။ အနုဇာနာမိ ဘိက္ခဝေ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ၊ ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဥတုကာလံ ၎ကော ဝသတိ၊ တတ္ထ မနုဿာ ''သံဃဿ ဒေမာ'' တိ စီဝရုနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ ၎ဟန ဘိက္ခုနော တာနိ စီဝရုနိ အဓိဋ္ဌာတုံ ''ဣဒံ မယှံ စီဝရုနိ'' ဟိ။ တဿ ၎စေ ဘိက္ခဝေ ဘိက္ခုနော

တံ စိဝရံ အနုဓိဋ္ဌိတေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမဏော ဒါတဗ္ဗော ဘာဂေါ။ တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံ စိဝရံ ဘာဇိယမာနေ အပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ သမဏော ဒါတဗ္ဗော ဘာဂေါ။ တေဟိ စေ ဘိက္ခဝေ ဘိက္ခူဟိ တံ စိဝရံ ဘာဇိယမာနေ ပါတိတေ ကုသေ အညော ဘိက္ခု အာဂစ္ဆတိ၊ နဝကာမာ ဒါတဗ္ဗော ဘာဂေါ-ဟု မဟာဝါစိဝရက္ခန္ဓကပါဠိတော်၌ လာသည်။

မတသန္တကအဆုံးလည်း—

တေန ခေါ ပန သမယေန အညတရာ ဘိက္ခု ဗဟု-ဘဏ္ဍော ဗဟုပရိက္ခာရော ကာလင်္ကတော ဟောတိ။ ဘဂဝတော တေမတ္တံ အာရောစေသုံ။ ဘိက္ခုသေ ဘိက္ခဝေ ကာလင်္ကတော သံဃော သာမိ ပတ္တစိဝရာ၊ အပိ စ ဂိလာနုပဋ္ဌာကာ ဗဟူ-ပကာရာ။ အနုဇာနာမိ ဘိက္ခဝေ သံဃေန် တိစိဝရဉ္စ ပတ္တဉ္စ ဂိလာနုပဋ္ဌာကာနံ ဒါတုံ၊ ယံ တတ္ထ လဟုကဉ္စံ လဟုပရိက္ခာရံ တံ သမ္မုခီဘူတေန သံဃေန ဘာဇေတုံ၊ ယံ တတ္ထ ဂရုဘဏ္ဍံ ဂရုပရိက္ခာရံ၊ တံ အာဂတာနာဂတသ စာတုဒ္ဒိသသ သံဃသ အဝိသဇ္ဇိကံ-

ဟု ဟောတော်မူသည်။ ဂန်းပါဠိတော်၌ပင် သင်္ကန်းကာလ သံယိက လူရာ၌လည်း—

တေန ခေါ ပန သမယေန အညတရော ဘိက္ခု ဒေဝော ဝသံ ဝသိ။ တတ္ထ မနုဿာ "သံဃသ ဒဒေယ်" တိ စိဝရာနိ အဒံသု။ အထ ခေါ တသ ဘိက္ခုနော တေ ဧဝမာသိ "ဘဂဝတာ ဣဿတ်ံ 'တေဝဂ္ဂိ ပစ္ဆိမော သံဃော' တိ၊ အဟဉ္စမှိ ကေဝေါ၊ ကွမေ စ မနုဿာ 'သံဃသ ဒဒေယ်' တိ စိဝရာနိ အဒံသု၊ ယာဝဒတ္ထံ ကုမာဂိ သံယိကာနိ စိဝရာနိ သဝဝတ်ထံ ဟရေယျ"န်္တိ။ အထ ခေါ သော ဘိက္ခု ယေန

စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္ဒွာ ဘဂဝတော တေမတ္ထံ အာရောစေသိ။ တုယ္ဟံ ဘိက္ခု တာနိ စီဝရာနိ ယာဝ ကထိနသ္မ ဥပ္ပဇ္ဇာရုယာတိ။ ဣဓ ပန ဘိက္ခဝေ ဘိက္ခု ဧကော ဝသံ ဝသတိ၊ တတ္ထ မနုဿာ "သံဃဿ ဒေမာ"တိ စီဝရာနိ ဒေန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တယော ဝါ စီဝရာနိ ယာဝ ကထိနသ္မ ဥပ္ပဇ္ဇာရုယာတိ—

ဟု ဟောတော်မူသည်။ မဟာဝဂ်အဋ္ဌကထာ စီဝရက္ခန္ဓကအဖွင့်၌လည်း—

ဥတုကာလန္တိ ဝဿာနတော အညံ ကာလံ။ တာနိ စီဝရာနိ အာဒါယ သာဝတ္ထိံ ဂန္ဒွာတိ ဧတ္ထ တာနိ စီဝရာနိ ဂတ-ဂတဋ္ဌာနေ သံဃိကာနေဝ ဟောန္တိ၊ ဘိက္ခူဟိ ဒိဋ္ဌမတ္တမေဝေတ္ထ ပမာဏံ။ တသ္မာ သစေ ကေစိ ပဋိပထံ အာဂစ္ဆန္တာ "ကုဟိံ အာဝုသော ဂစ္ဆသီ"တိ ပုစ္ဆိတ္ဝာ တမတ္ထံ သုတ္ဝာ "ကိံ အာဝုသော မယံ သံဃော နု ဟောမာ"တိ ဝတ္ထေဝ ဘာဇေတ္ဝာ ဂဏ္ဟန္တိ၊ သုဂ္ဂဟိတာနိ။ သစေပိ သေ မဂ္ဂါ ဩက္ကမိတ္ဝာ ကဉ္စိ ဝိဟာရံ ဝါ အာသနသာလံ ဝါ ပိဏ္ဍာယ စရန္တော ဧကံ ဂေဟမေဝ ဝါ ပဝိသတိ၊ တ ဩ စ နံ ဘိက္ခူ။ ဒိသ္ဝာ တမတ္ထံ ပုစ္ဆိတ္ဝာ ဘာဇေတ္ဝာ ဂဏ္ဟန္တိ၊ သုဂ္ဂဟိဘာဝေနဝ။

အဓိဋ္ဌာတုန္တိ ဧတ္ထ အဓိဋ္ဌဟန္တေန ဝတ္တံ ဇာနိတဗ္ဗံ။ ဧတေန ဟိ ဘိက္ခုနာ ဃဏ္ဍိ ပဟရိတ္ဝာ ကာလံ ဃောသေတ္ဝာ ထောကံ အာဂမေတ္ဝာ သစေ ဃဏ္ဍိသညာယ ဝါ ကာလသညာယ ဝါ ဘိက္ခူ။ အာဂစ္ဆန္တိ၊ တေဟိ သဒ္ဓိံ ဘာဇေတဗ္ဗာနိ။ နော စေ အာဂစ္ဆန္တိ "မယ္ဟံ့ဘာနိ စီဝရာနိ ပါပုဏန္တိ"တိ အဓိဋ္ဌာတဗ္ဗာနိ။ ဧဝံ အဓိဋ္ဌိတေ သဗ္ဗာနိ တယော ဟောန္တိ၊ ဒ္ဝိတိကာ ပန ဟိဋ္ဌတိ။

သစေ ဧဒိသကံ ဥဒ္ဒရိတ္ဝာ "အယံ ပဌမဘာဂေါ မယ္ဟံ့ ပါပုဏာတိ၊ အယံ ဒုတိယဘာဂေါ"တိဧဝံ ဂဏ္ဟာတိ၊ ဂဟိ-

တာနိ စ သုဂ္ဂဟီတာနိ ဟောန္တိ၊ ဌိတိကာ စ တိဋ္ဌတိ။ ဧဝံ ပါပေတ္ဝာ ဂဏ္ဟန္တေနာပိ အဓိဋ္ဌိတမေဝ ဟောတိ့။ သစေ ပန ဃဲဏ္ဍိံ ပဟရိတ္ဝာ ဝါ အပ္ပဟရိတ္ဝာ ဝါ ကာလမ္ပိ ဃောသေတ္ဝာ ဝါ အဃောသေတ္ဝာ ဝါ "အဟမေဝေတ္ထ, မယ္ပမေဝ ဣမာနိ စီဝရာနိ" တိ ဂဏှာတိ၊ ဒုဂ္ဂဟီတာနိ ဟောန္တိ။ အထ "အညော ကောစိ ဣဓ နတ္ထိ၊ မယ္ပံ တောနိ ပါပုဏန္တိ" တိ ဂဏှာတိ၊ သုဂ္ဂဟီတာနိ။

ပါတိတေ ကုသေတိ ကေကောဋ္ဌာသေ ကုသဒဏ္ဍကေ ပါတိတမတ္တေ သစေပိ ဘိက္ခုသဟဿံ ဟောတိ၊ ဂဟိတမေဝ နာမ စီဝရံ၊ နာကာမာ ဘာဂေါ ဒါတဗ္ဗော-
ဟူ၍လည်းကောင်း၊

ကာလက်တေတိ ကာလကိရိယာယ။ ဂိလာနုပဋ္ဌာကာနံ ဒါတုန္တိ ဧတ္ထ အာနန္တရံ ဝုတ္တာယ ကမ္မဝါစာယ ဒိန္နမ္ပိ အပလော-ကေတ္ဝာ ဒိန္နမ္ပိ ဒိန္နမေဝ ဟောတိ၊ ဝဋ္ဋတိ-
ဟူ၍လည်းကောင်း၊

တုယ္ဘဝ ဘိက္ခု တာနိ စီဝရာနိတိ အာညတ္ထ ဂဟေတ္ဝာ ဟဋ္ဌာနိပိ တုယ္ဘဝ၊ နု တေသံ အညော ဧကောစိ ဣဿရော။ ဧဝဉ္စ ပန ဝတ္ဝာ အနုဂဏေတပိ နိက္ကုက္ကုစ္စာ ဂဏှိဿန္တိဟိ ဒဿေတုံ ဣဓ ပနာတိအာဒိမာဟ။ တသ္မော တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဓာရာယာတိ သဗ္ဗေ ဂဏပုဂ္ဂလေ ဘိက္ခူ။ လဘိတ္ဝာ ကထိနံ အတ္ထတံ ဟောတိ၊ ပဉ္စမာသေ, နော ဧဝ အတ္ထတံ ဟောတိ၊ ဧကံ စီဝရမာသမေဝ, ယံ "သံဃဿ ဒေမာ" တိ ဝါ ဒေန္တိ၊ "သံဃံ ဥဒ္ဒိဿ ဒေမာ" တို့ ဝါ ဒေန္တိ၊ "ဝဿံဝုတ္ထသံဃဿ ဒေမာ" တိ ဝါ ဒေန္တိ၊ "ဝဿာဝါသိကံ ဒေမာ" တိ ဝါ ဒေန္တိ၊ သဗ္ဗေပိ မတကစီဝရံ အဝိဘဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ တဿ တသော ဘိက္ခုနော ဟောတိ-
ဟူ၍လည်းဖြောင်း ဖွင့်ဆိုထောက်မူသည်။

အဋ္ဌကထာအနက်ကိုခံုံအံ့-ဥတုကာလန္တိ၊ ဟူသည်ကား။ ဝဿာန-တော၊ မိုးလမူ။ ဝါ၊ သက်န်းကာလမူ။ အည့်၊ တပါးသော။ ကာလံ၊ ကာလဋ္ဌ၊ ဝါ၊ ကာလပတ်လုံး။ တာနိ စီဝရာနိ အာဒါယ သာဝတ္ထိ• ဂန္ဓာဝတ် ထွေ၊ ဌ်။ တာနိ စီဝရာနိ၊ ထိုသက်န်းတို့သည်။ ဂတဂတ-ဋ္ဌာနေ၊ ရောက်ရာရောက်ရာ၌။ သံဃိကာနေဝ၊ သံဃိကတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဘိက္ခူပိ၊ ရဟန်းတို့သည်။ ဒိဋ္ဌမတ္တမေဝ၊ မြင်ကာမျှသည်သာလျှင်။ ထွေ၊ ဤအရာ၌။ ပမာဏံ၊ ပမာဏမည်၏။ တသ္မာ၊ ထို့ကြောင့်။ ကေစိ၊ အချို့သောရဟန်းတို့သည်။ ပဋိပထံ၊ ခရီးရင်ဆိုင်။ အာဂစ္ဆန္တာ၊ လာလတ်ကုန်သော်။ အာဝုသော၊ ငါ့ရှင်။ ကုဟိံ၊ အဘယ်အရပ်သို့။ ဂစ္ဆထ၊ သွားအံ့နည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌာ၊ မေး၍။ တမတ္ထံ၊ ထိုအကြောင်းကို။ သုဘ္ဒာ၊ ကြား၍။ အာဝုသော၊ ငါ့ရှင်။ မယံ၊ ငါတို့သည်။ သံဃော၊ သံဃာသည်။ နု ဟောမကိံ၊ မဟုတ်ကုန်သလော။ ဣတိ၊ ဤသို့။ တတ္ထေဝ၊ ထိုဘုံ မြင်ရာ၌သာလျှင်။ ဘာဇေတွာ၊ ဝေဘန်၍။ သစေ ဂဏ္ဌန္တိ၊ ယူကြကုန်အံ့။ သုဂ္ဂဟိတာနိ၊ ကောင်းစွာယူခြင်းမည်ကုန်၏။ သေ သေသော၊ ဤရဟန်းသည်။ မဂ္ဂါ၊ ခရီးမှ။ သြက္ကမိတွာ၊ သက်၍။ ကဉ္စိ၊ တစုံတခု သော။ ဝိဟာရံ ဝါ၊ ကျောင်းသို့လည်းကောင်း။ သာလံ ဝါ၊ ဇရပ်သို့ လည်းကောင်း။ သစေ ပဝိသတိ၊ ဝင်အံ့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ။ စရန္တော၊ လှည့်လည်လတ်သော်။ ကံ၊ တခုသော။ ဂဟဒ္ဓမဝ ဝါ၊ အိမ်သို့လည်းကောင်း။ သစေပိ ပဝိသတိ၊ ဝင်အံ့။ တတြ စ၊ ထိုဝင်ရာ၌လည်း။ နံ၊ ထိုရဟန်းကို။ ဘိက္ခူ၊ တို့သည်။ ဒိသွာ၊ မြင်၍။ တမတ္ထံ၊ ထိုအကြောင်းကို။ ပုဆ္ဆိတွာ၊ မေး၍။ ဘာဇေတွာ၊ ဝေ၍။ သစေပိ ဂဏ္ဌန္တိ၊ ယူကုန်အံ့။ သုဂ္ဂဟိတာနေဝ၊ ကောင်းစွာ ယူအပ်ကုန်သည်သာတည်း။

အဓိဋ္ဌာတုန္တိ ထွေ၊ ဌ်။ အဓိဋ္ဌဟန္တေန၊ ဆောက်တည်သောရဟန်းသည်။ ဝတ္တံ၊ ဝတ်ကို။ ဇာနိတဗ္ဗံ၊ သိအပ်၏။ ဟိ၊ မှန်၏။ တေန ဘိက္ခုနာ၊ ထိုဇပါးတည်းဝါဆိုသောရဟန်းသည်၊ ဃဏ္ဍိံ၊ ဧကျောက်သည်ကို။ ဝါ၊ ခေါင်းလောင်းခြေးစည်ကို။ ပဟရိတွာ၊ ထိုး၍။ ကာလံ၊

အခါကို။ ဃောသေတ္ဘာ၊ ကြွေးကြော်၍။ ထောက်၊ အတန်ငယ်။ အာဂဓမေတ္ဘာ၊ ငန့်လင့်၍။ ဃဏ္ဍီသညာယ ဝါ၊ ခေါင်းလောင်းကြွေး စည်အမှတ်ဖြင့်လည်းကောင်း။ ကာလသညာယ ဝါ၊ ကာလအမှတ်ဖြင့်လည်းကောင်း။ ဘိက္ခူ၊၊ တို့သည်။ သဖစ အာဂစ္ဆန္တိ၊ လာကုန်အံ့။ တေဟိ၊ ထိုရဟန်းတို့နှင့်။ သဒ္ဓိ၊ အတူတကွ။ ဘာဇေတဗ္ဗာနံ၊ ငယ်ကူအပ်ကုန်၏။ နော ဧစ အာဂစ္ဆန္တိ၊ မလာကုန်အံ့။ ဓမ္မံ၊ ငါ့အား။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းပဲ့သည်။ ပါပုဏာန္တိ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဇာဓိဋ္ဌာတဗ္ဗာနိ၊ ဆောက်တည်အပ်ကုန်၏။ ဧဝံ၊ ဤသို့။ အဓိဋ္ဌိတေ၊ ဆောက်တည်အပ်သည်ရှိသော်။ သဗ္ဗာနိ၊ အလုံးစုံသော "သံဃသ္သဒေမ" ဟု ဆို၍ လှူအပ်သော သင်္ကန်းတို့သည်။ တထေဝ၊ ထိုရဟန်းအားသာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဌိတိကာ ပန၊ ထေရ်စည်သည်။ နတ္ထိဒ္ဓတိ၊ မဂဇ်။

ကေကံ၊ တခုဘခုကို။ ဥဒ္ဒရိတ္ဘာ၊ ထုတ်၍။ အယံ၊ ဤသည်လျှင်။ ပဌမဘာဂေါ၊ ပဌမအဖို့တည်။ ယဿ၊ ငါ့အား။ ပါပုဏာတိ၊ ရောက်၏။ အယံ၊ ဤသည်လျှင်။ ဒုတိယဘာဂေါ၊ ဒုတိယအဖို့တည်း။ မယှံ၊ ငါ့အား။ ပါပုဏာတိ၊ ရောက်၏။ ဤတိ ဧဝံ၊ ဤသို့။ သဗ္ဗေ ဂဏှာတိ၊ ယူအံ့။ ဂဟိတာနိ စ၊ ယူအပ်သောသင်္ကန်းတို့သည်လည်း။ သဂ္ဃဟိတာနိ၊ ကောင်းစွာယူအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဌိတိကာ စ၊ ထေရ်စည်သည်လည်း။ တိဋ္ဌတိ၊ တည်၏။ ဧဝံ၊ ဤသို့။ ပါပေတ္ဘာ၊ ရောက်စေ၍။ ဂဏှန္တေနာပိ၊ ယူသော်လည်း။ အဓိဋ္ဌိတမေဝ၊ ဆောက်တည်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သံဃိကံ၊ ကို။ ပဟရိတ္ဘာ ဝါ၊ ထိုးခြင်းငှာလည်းကောင်း။ အပဟရိတ္ဘာ ဝါ၊ ထိုးမူ၍လည်းကောင်း။ ကာလမ်ပိ၊ အခါကိုလည်း။ ဃောသေတ္ဘာ ဝါ၊ ကြွေးကြော်၍လည်းကောင်း။ အဃောသေတ္ဘာ ဝါ၊ မကြွေးကြော်မူ၍လည်းကောင်း။ တတ္ထ၊ ဤကျောင်း၌။ အဟမေဝ၊ ငါတယောက်သာရှိ၏။ ဣမာနိ စီဝရာနိ၊ ဤသင်္ကန်းတို့သည်။ မယှမေဝ၊ ငါ၏

ဥစ္စာသာမည်၏။ ဣတိ၊ ဤသို့။ ဂဏ္ဌာတိ၊ ယူ၏။ ဒုဂ္ဂဟိတာနိ၊ မကောင်းသောယူခြင်းမည်ကုန်သည်။ ဝါ၊ယူအပ်သည်မမည်ကုန်သည်။ ဝါ၊ မရကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညော၊ တပါးသော။ ကောစိ၊ တစုံတယောက်သော ရဟန်းသည်။ ဣဓ၊ ဤကျောင်း၌၊ ဤနေရာ၌။ နတ္ထိ၊ မရှိ။ တောနိ၊ ထိုသက်ဉ်းတို့သည်။ မယ္ဟံ၊ ငါ့အား။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဣတိ၊ သို့။ အထ ဂဏ္ဌာတိ၊ယူအံ့။ သုဂ္ဂဟိတာနိ၊ ကောင်းသောယူခြင်းမည်ကုန်၏။

ပါတိတေ ကုသေတိ၊ ဟူသည်ကား။ ဧကေကောဋ္ဌာသေ၊ တခုသော အစုဋ္ဌ။ ကုသဒဏ္ဍကေ၊ ကမ္ပည်းတံကို။ ပါတိတမဇ္ဈေ၊ ချခါမျှဋ္ဌ။ ဘိက္ခုသဟဿံ၊ ရဟန်းတထောင်လောရောက်သည်။ သစေပိ ဟောတိ၊ ဖြစ်စေ။ စီဝရံ၊ သည်။ ဂဟိတမေဝ နာမ၊ ယူအပ်ပြီးသာမည်၏။ အကာမာ၊ မပေးဇဝလို့သော်။ ဘာဂေါ၊ အဖို့အစုကို။ နဒါတဗ္ဗော၊ မပေးအပ်။

ကာလက်ဇေတိ၊ ဟူသည်ကား။ ကာလကိရိယာယ၊ သေသည်ရှိသော်။ ဝါ၊ သေလတ်သော်။ ဂိလာနုပဋ္ဌာကာနံ ဒါတုန္တိ ဇ္ဈော၊ ဋ္ဌ။ အနန္တရံ၊ အခြားမဲ့ဋ္ဌ။ ဝုတ္တာယ၊ ဟောအပ်သော။ ကမ္မဝါစာယ၊ ဖြင့်။ ဒိန္နမ္ပိ၊ ပေးသော်လည်းကောင်း။ အပလောကေတ္ဝာ၊ ပန်၍။ ဒိန္နမ္ပိ၊ ပေးသော်လည်းကောင်း။ ဒိန္နမေဝ၊ ပေးအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဝဋ္ဋတိ၊ အပ်၏။

တုယ္ဟံဝ ဘိက္ခု တာနိ စီဝရာနိတိ၊ ဟူသည်ကား။ အညတ္ထ၊ တပါးသောကျောင်းသို့။ ဂဟေတ္ဝာ၊ ယူ၍။ ဟဋ္ဌာနိပိ၊ ဆောင်အပ်ကုန်သော်လည်း။ တုယ္ဟံဝ၊ သင့်အားသာလျှင်။ ဟောတိ၊ ၏။ တေသံ၊ ထိုရဟန်းတို့တွင်။ အညော၊ တပါးသော။ ဣဿရော၊ အစိုးရသော ရဟန်းသည်။ နတ္ထိ၊ မရှိ။ ဣတိ ဧဝဉ္စ ပန၊ ဤသို့လျှင်။ ဝတ္ဝာ၊ ဟောတော်မူ၍။ အနာဂတေပိ၊ နောင်အခါ၌လည်း။ ကုက္ကုစ္စာ၊

သံသယရှိသောရဟန်းတို့သည်။ နဂကိုဿန္တိ၊ မယူကြကုန်လတ္တံ့။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှါ။ ဣဓ ပနာတိအာဒိ၊ ဤသို့အစရှိသော စကားကို။ အာဟာ၊ ၏။ တဿေဝ တာနိ စီဝရာနိ ယာဝ ကထိနဿ ဥဒ္ဓာရာတိ၊ ဟူသည်ကား။ ဂဏပူရကေ၊ ဂိဏ်းပြည့်ကုန်သော။ ဘိက္ခူ။ တို့ကို။ လဘိတ္ထ၊ ရ၍။ ကထိနံ၊ ကို။ အတ္ထတံ၊ ခင်းသည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ပဋ္ဌမာသေ၊ ငါးလတို့ပတ်လုံး။ အတ္ထကံ၊ ခင်းသည်။ နော စေ ဟောတိ၊ မဖြစ်အံ့။ ဧကံ၊ တခုသော။ စီဝရမာသမေဝ၊ သင်္ကန်းကာလပတ်လုံးသာလျှင်။ လဘတိ၊ ရ၏။ သံဃဿ ဒေမာတိ ဒေန္တိတိ၊ ဟူသည်ကား။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒေမာတိ ဝါ၊ ဟူ၍လည်းကောင်း။ ဒေန္တိ၊ လူကုန်၏။ ဝဿံဝုတ္ထသံဃဿ၊ ဝါကျတ်သော သံဃဿအား။ ဒေမာတိ ဝါ၊ ဟူ၍လည်းကောင်း။ ဒေန္တိ၊ လူကုန်၏။ ဝဿာဝါသိကံ၊ ဝါဆိုသင်္ကန်းကို။ ဒေမာတိ ဝါ၊ ဟူ၍လည်းကောင်း။ ဒေန္တိ၊ လူကုန်၏။ မတကစီဝရံ၊ မပေးပဲသေသော ရဟန်း၏သင်္ကန်းကို။ အဝိဘဇိတ္ဝာ၊ မဝေယျမူ၍။ တံ ဝိဟာရံ၊ ထိုကျောင်းသို့။ သစေ ပဝိသန္တိ၊ ဝင်ကုန်ဒုံး၊ တံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ တဿေဝ ဘိက္ခုနော၊ ထိုရဟန်းအားသာလျှင်။ ဟောတိ၊ ၏။ ဝါ၊ ရဟန်း၏သာလျှင်။ သန္တကံ၊ သည်။ ဟောတိ၊ ၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း -

ပါဠိယံ အဝိဿဇ္ဇိကံ အဓေဝဘိက္ခိ အာဂတာနာဂတဿ စာတုဒ္ဒိသဿ သံဃဿေဝ သန္တကံ ဟုတ္ဝာ ကဿစိ အဝိဿဇ္ဇိကံ အဓေဝဘိက္ခံ ဘဂိတုံ အနုဇာနာမီတ္ဟိ အတ္ထော-

ဟု ဖွင့်တော်မူသည်။ ဝိနယာလင်္ကာရဋီကာ၌လည်း-

တေသု တီစီဝရပတ္တံ ဂိလာနုပဋ္ဌာကဿ ဘာဂေါ ဟောတီ၊ အာဝသေသလဟုဘဏ္ဍံ သမ္ဗဟိဘူတသံဃဿ၊ ပဋ္ဌဝိသတိဝိဓဂရု-ဘဏ္ဍံ စာတုဒ္ဒိသသံဃဿ-

ဟု လာသည်။ စီဝရကွန္ဓကပါဠိတော်၌လည်း-

ကွၚ ပန ဘိက္ခဝေ ဘိက္ခု ဘိက္ခုဿ ဟတ္ထေ စိဝရံ ပဟိ-ဏာတိ ''ကွမံ စိဝရံ ကုတ္ထန္ဒာမ့ဿ ဒေဟီ''တိ။ သော အန္တရာမဂ္ဂေ သုဏာတိ ''ယော ပဟိဏ်တိ၊ သော ကာလင်္ကတော''တိ၊ တဿ မတကစိဝရံ အဓိဋ္ဌာတိ၊ သ္ဝာဓိဋ္ဌိတံ-

ဟု လာသည်။ အဋ္ဌကထာမှာ မဖွင့်။ သာရတ္ထဒီပနီဋီကာ၌-

မတကစိဝရံ အဓိဋ္ဌာတီတိ ဧတ္ထ မဂ်ံ ဂစ္ဆန္တော တဿ ကာလကိရိယံ သုတ္ဝာ အဝိဟာရဋ္ဌာနေ စေ ဒ္ဝါဒသရတနပ္ဘန္တရေ အညေသံ ဘိက္ခူနံ အဘာဝံ ဉတ္ဝာ ''ကွဒံ စိဝရံ မယ္ဟံ ပါပုဏာတိ''တိ အဓိဋ္ဌာတိ၊ သ္ဝာဓိဋ္ဌိတံ-

ဟု ဖွင့်သည်။

မဘကစိဝရံ အဓိဋ္ဌာတီတိ ဧတ္ထ၊ ဘ္ဂ်။ မဂ်ံ၊ ခရိးသို့။ ဂစ္ဆန္တော၊ သ္ဝားသည်ရှိခဲသော်။ ဟဿ၊ ထိုရဟန်း၏။ ကာလကိရိယံ၊ သေခြင်းကို။ သုတ္ဝာ၊ ကြား၍။ အဝိဟာရဋ္ဌာနေ၊ ကျောင်းမဟုတ်သောနေရာ၌။ စေ ယောတိ၊ ဖြစ်ငြားအံ့။ ဒ္ဝါဒသရဘနပ္ဘန္တရေ၊ တဆယ့်နှစ်တောင် အတွင်း၌။ အညေသံ ဘိက္ခူနံ၊ တပါးသောရဟန်းတို့၏။ အဘာဝံ၊ မရှိသည်အဖြစ်ကို။ ဉတ္ဝာ၊ သိ၍။ ကွဒံ စိဝရံ၊ ဤသင်္ကန်းသည်။ မယ္ဟံ၊ ငါ့အား။ ပါပုဏာတိ၊ ရောက်၏။ ကွတိ၊ သို့။ အဓိဋ္ဌာတိ၊ ဆောက်တည်၏။ သ္ဝာဓိဋ္ဌိတံ၊ ကောင်းသောဆောက်တည်ခြင်းမည်၏။

ဤသို့ပြဆိုအပ်သော ပါဠိ, အဋ္ဌကထာ, ဋီကာတို့၏ လိုရင်းစကားကို ပိဏ္ဍတ္ထကို ပြဆိုအံ့။

ကွၚ ဧန ဘိက္ခဝေ ဘိက္ခု ဧကော ဝဿံ ဝသတိ၊ တတ္ထ မနုဿာ ''သံဃဿ ဧဒမာ''တိ စိဝရာနိ ဒေန္တိ၊ အန္ဓ-ဗာနာမိ ဘိက္ခဝေ တဿေဝ တာနိ စိဝရာနိ ယာဝ ကထိနဿ ဥပ္ပာရယ-

ဟု ဗောဓိတော်မူသော ပါဠိတော်၌ တခုသောကျောင်းတိုက်၌ ရဟန်း တပါးဟည်း ဝါဆို၍ ဝါကျွတ်သောအခါ ထိုကျောင်း၌ ဂိုဏ်းပြည့်

ရဟန်းတို့ကိုခေါ်၍ ကထိန်ခင်းမူ သီတင်းကျတ်လပြည့်ကျော် တရက်နေ့မှစ၍ တပေါင်းလပြည့်တိုင် ငါးလအတွင်း, ကထိန်မခင်းမူ သီတင်းကျတ်လပြည့်ကျော်တရက်မှစ၍ တန်ဆောင်မုန်းလပြည့်တိုင် တလအတွင်း၌ ''သံဃဿ ဒေမ'' ဟုဆို၍ လူသောသက်နှံးကို ထိုကျောင်း၌နေသော ရဟန်းတပါးသာ ပိုင်ဆိုင်သည်။ တပါးသောရဟန်းတို့ မဆိုင်ဟုပြတော်မူသည်။

ဤဒါနိ ပမာဏံ ဒယ်သတဲ့ "ဝိကပ္ပနုပဂံ ပစ္ဆိမ" ဒီအာဟ။ တဿ ပမာဏံ ဒီလတော ဒဋ္ဌ ဝိဒတ္ထိဒယာ, တိရိယံ ဝိဒတ္ထိ။ တတြာယံ ပါဠိ "အန္ဒုဝနာမိ ဘိက္ခဝေ အာယာမေန အဋ္ဌင်္ဂုလံ သုဂတင်္ဂုလေန စတုရင်္ဂုလဝိတ္ထတံ ပစ္ဆိမံ စီဝရံ ဝိကပ္ပေတု" ဒီဒီ-ဟု ပါရုဇိကဏ်အဋ္ဌကထာဋ္ဌ လာသည်။ မာတိကာအဋ္ဌကထာဋ္ဌလည်း

သဘောတူလာသည်။

သာရတ္ထဒီပနီဋီကာ၌—

မင္ဆိုမဿ ပုရိသဿ ဝိဒတ္တိ သန္ဓာယ ''ဒွေ ဝိဒတ္တိယော'' တိ အာဒိ ဝုတ္တံ။ ဣမိနာ ဒီဃတော ဧဆုကိဟတ္ထပ္ပမာဏံ, ဝိတ္ထာရတော တတော ဥပဆုပ္ပမာဏံ ဝိကပ္ပနုပဂန္တိ ဒဿေတိ။ တထာ ဟိ ''သုဂတဝိဒတ္ထိ နာမ ဣဒါနိ မင္ဆိုမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝဆုကိဟတ္ထေန ဒိယဆုော ဟတ္ထော ဟောတိ'' တိ ကုဋိကာရသိက္ခာပဒအဋ္ဌကထာယံ ဝုတ္တံ၊ တသ္မာ သုဂတဂုံလေန ဒွါဒသဂုံလံ ဝဆုကိဟတ္ထေန ဒိယဆုော ဟတ္ထောတိ သိဒ္ဓံ။ ဧဝဉ္စ ကတ္ဝာ သုဂတဂုံလေန အဋ္ဌဂုံလံ ဝဆုကိဟတ္ထပ္ပမာဏန္တိ ဣဒံ အာဂတမေဝါတိ—

ဟု လာသည်။

ဝိမတ္တိဝိနောဒနီဋီကာ၌လည်း—

မနုဿာနံ ပကတိဝိဒတ္ထိံ သန္ဓာယ ''ဒွေဝိဒတ္ထိယော'' တိအာဒိ-ဝုတ္တံ။ ဣမိနာ ဒီဃတော ဝဆုကိဟတ္ထပ္ပမာဏံ, ဝိတ္ထာရတော တတော ဥပဆုပ္ပမာဏံ ဝိကပ္ပနုပဂန္တိ ဒဿေတိ။ တထာ ဟိ ''သုဂတဝိဒတ္ထိ နာမ ဣဒါနိ မင္ဆိုမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော၊ ဝဆုကိဟတ္ထေန ဒိယဆုော ဟတ္ထော ဟောတိ'' တိ ကုဋိကာရသိက္ခာပဒကထာယံ ဝုတ္တံ၊ တသ္မာ သုဂတဂုံလေန ဒွါဒသဂုံလာ သုဂတဝိဒတ္ထိ ဝဆုကိဟတ္ထေန ဒိယဆုော ဟတ္ထောတိ သိဒ္ဓံ။ ဧဝဉ္စ ကတ္ဝာ ''သုဂတဂုံလေန အဋ္ဌဂုံလံ ဝဆုကိဟတ္ထပ္ပမာဏန္တိ'' အာဂတဋ္ဌာနေဟိ စ သမေတိ—

ဟု လာသည်။

လီနတ္ထပကာသနီဋီကာ၌လည်း—

ဒီဃတော ဝဆုကိဟတ္ထပ္ပမာဏံ, ဝိတ္ထာရတော တတော ဥပဆုပ္ပမာဏံ ဝိကပ္ပနုပဂံ ပစ္ဆိမံ၊ အဋ္ဌဂုံလံ သုဂတဂုံလေနာတိ ဇတ္ထ

သုဂတင်္လံ နာမ ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိဏိ အင်္ဂုလာနိ၊ တေန သုဂတင်္လေန အင်္ဂင်္လံ ဝဏ္ဏိဟတ္ထပ္ပမာဏန္တိ အတ္ထော။ စတုရင်္လဝိတ္ထတန္တိ ဇတ္ထာပိ ယထာဝုတ္တာနုသာရေနေဝ အတ္ထော ဝေဒိတဗ္ဗော—

ဟု လာသည်။

ဝိနယာလင်္ကာရဋီကာဌီကား—

ဝိဘာပဉ္စုပဂပစ္ဆိမစီဝရပ္ပမာဏံ ဂရိဂ္ဂါရစောဒဇန္တိ ဇတ္ထ ပန ဝိကပ္ပဉ္စုပဂပစ္ဆိမစီဝရပ္ပမာဏံ နာမ သုဂတင်္လေန ဒီဃတော အင်္ဂင်္လံ ဟောတိ၊ တိရိယတော စတုရင်္လံ၊ ဝဏ္ဏိဟတ္ထေန ဒီဃတော ကေဟတ္ထံ ဟောတိ၊ တိရိယတော ဝိဒတ္ထိပ္ပမာဏံ၊ ဣဒါနိ ပကတိဟတ္ထေန ပန ဒီဃတော ဝိဒတ္ထာဓိကဟတ္ထံ ဟောတိ၊ တိရိယတော ဆင်္ဂင်္လာဓိကဝိဒတ္ထိပ္ပမာဏံ၊ တေနာဟ “ ” ဝ ဝ တဿ ပမာဏန္တိ အာဒိ—

ဟု လာသည်။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ ကင်္ခါဝိတရဏိကာဝုပင်္အဖင့်၌လည်း—

သုဂတဝိဒတ္ထိ နာမ ပမာဏံ မဇ္ဈိမဿ ပုရိသဿ တိဿော ဝိဒတ္ထိယော, ပကတိပုရိသဿ ဆအင်္ဂုလိအဓိကဒ္ဝိဟတ္ထာ။ကနိဋ္ဌသဟိတေန အင်္ဂုဋ္ဌေန ဝိတ္ထာရိယတေတဲ့ ဝိဒတ္ထိ၊ သုဂတဿ ဘဂဝတော ဝိဒတ္ထိ သုဂတဝိဒတ္ထိ၊ နာ မဇ္ဈိမဿ ပုရိသဿ၊ နာ စ သုဂတိဘဂဝ ဥပဉ္စုပဂ္ဂလဿ—

ဟု ဆိုတော်မူသည်။

ဤသို့လာသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့အရာကို ပြဆိုအပ်သော် ပါဠိတော်၌ ဝိကပ္ပဉ္စုပဂပစ္ဆိမသက်နှံးသည် ဘုရားလက်သစ်တော်အား ဖြင့် အလျား လက်ရှစ်သစ်၊ အနံ လေးသစ်ရှိသည်ဟု သာသည်။

ဤဋ္ဌကထာ၌ အလျား နှစ်ထွာ၊ အနံ တထွာရှိသည်ဟု ပြတော်မူသည်။

သာရတ္ထဒီပနီဋီကာ၌ အလျား မဇ္ဈိမပုရိသ၏ နုစ်ထွာ၊ ဝဟုကိပုရိသ၏ ဘတောင်၊ အနုံ မဇ္ဈိမပုရိသ၏ တထွာ၊ ဝဟုကိပုရိသ၏ တောင်ဝက် ရှိသည်ဟု ဆိုသည်။

ဝိမတိဝိနောဒနီဋီကာ၌ အလျား လူတို့၏ ပကတိနုစ်ထွာ၊ ဝဟုကိ ပုရိသ၏ တတောင်၊ အနုံ လူတို့၏ ပကတိဘထွာ၊ ဝဟုကိပုရိသ၏ တောင် ဝကရှိသည်ဟု ဆိုသည်။

လီနတ္ထပကာသနီဋီကာ၌ အလျား မဇ္ဈိမပုရိသ၏ ၂၄-သစ်၊ ဝဟုကိ ပုရိသ၏ တတောင်၊ အနုံ မဇ္ဈိမပုရိသ၏ ၁၂-သစ်၊ ဝဟုကိပုရိသ၏ ဘထွာရှိသည်ဟု ဆိုသည်။

ဝိနယာလင်္ကာရဋီကာ၌ အလျား ဝဟုကိပုရိသ၏ တတောင်၊ ယခု လူတို့၏ ပကတိတတောင်နှင့် တထွာ၊ အနုံ ဝဟုကိပုရိသ၏ တထွာ၊ ယခု လူတို့၏ ပကတိတထွာနှင့် လက်ခြောက်သစ်ရှိသည်ဟု ဆိုသည်။

ပါတိမောက္ခပဒတ္ထ ဇာနုဝဏ္ဏနာ၌ ဘုရား၏ လက်သန်းတော် တထွာ ပမာဏ၊ မဇ္ဈိမပုရိသ၏ သုံးထွာ၊ ပကတိပုရိသ၏ နှစ်တောင်နှင့်လက် ခြောက်သစ်ရှိသည်ဟု ဆိုသည်း ထို့အတွက် ဝိမတိဝိနောဒနီဋီကာ၌ မနုဿာနံ ပကတိဝိဒတ္ထိ-အရကို ပမာဏမဇ္ဈိမဖြစ်သော လူတို့၏ ပကတိ အထွာကိုရည်၍ဆိုလျှင် သာရတ္ထဒီပနီဋီကာ, လီနတ္ထပကာသနီဋီကာတို့နှင့် သီမည်။

ဤသို့လျှင် ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်အပ်သော အယုတ်ဆုံး ဝိုင်းပတ်နှာလောက်သော ပဏ္ဏာမကို သိခဲ့လေ။

၁၆၄။ သုဂတစီဝရပွမာဏ

မေး။ ။သုဂတစီဝရ၏ ပမာဏကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအဓိပ္ပာယ်မှာ—

သုဂတစီဝရံ နာမ ဒီဃသော နဝ ဝိဒတ္ထိယော သုဂတ-ဝိဒတ္ထိယာ၊ တိရိယံ ဆ ဝိဒတ္ထိယော—

ဟု ပါစိတ်ပါဠိတော် နဒ္ဒသိက္ခာပုဒ် ပဒဘာဇနီဋ္ဌကထာသည်။

ခုဒ္ဒသိက္ခာဒ္ဒီကာသစ်ဉ်–

ဣဒါနိ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော ဧကာသုဂတဝိဒတ္ထိ၊ တာယ ဝိဒတ္ထိယာ နဝ ဝိဒတ္ထိယော ဒီဃတောသုဂတစိဝရပ္ပမာဏံ, တိရိယံ ဆ ဝိဒတ္ထိယော၊ တံ ပန ဝစုကိ. ဟတ္ထေန ဒီဃတော တေရသ ဟတ္ထာ ဧကော စ ဝိဒတ္ထိ၊ တိရိ. ယတော နဝ ဟတ္ထာ ဟောန္တိ–

ဟု လာသည်။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဉ်–

သုဂတဝိဒတ္ထိ နာမ ပမာဏံ မဇ္ဈိမဿ ပုရိသဿ တိသော ဝိဒတ္ထိယော၊ ပကတိပုရိသဿ ဆအင်္ဂုလိအဓိကဒ္ဝိဟတ္ထာ–

ဟု လာသည်။

ထို့ကြောင့် သုဂတစီဝရပမာဏသည် အလျား မဇ္ဈိမပုရိသဟု ဆိုအပ်သော ဝစုကီပုရိသ၏ တဆယ့်သုံးတောင်နှင့်တထ္ဝာ၊ ပကတိပုရိသ၏ အတောင်နှစ်ဆယ်နှင့်လက်ခြောက်သစ်၊ အနံ မဇ္ဈိမပုရိသဟုဆိုအပ်သော ဝစုကီပုရိသ၏ ကိုးတောင်၊ ပကတိပုရိသ၏ တဆယ့်သုံးတောင်နှင့် တထ္ဝာရှိသည်ဟု မှတ်ရမည်။

၁၆၅။ ရဟန်းခံစဉ် ပရိက္ခာရစောင်္ဂအဓိဋ္ဌာန်မတင်အပ်

မေး။ ။ထိုတိစီဝရိတ်အဓိဋ္ဌာန်, ပရိက္ခာရစောင်္ဂအဓိဋ္ဌာန် နှစ်ပါးတို့ရဟန်းခံစ တိစီဝရိတ်အဓိဋ္ဌာန်မဟုတ်ပဲ ပရိက္ခာရစောင်္ဂအဓိဋ္ဌာန်ကို ဦးစွာတင်၍ ဆောင်အပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ ဝဇီရဗုဒ္ဓိဋီကာ ပဌမကထိုနသိက္ခာပုဒ်အဖွင့်၌–

ပဌမံ တိစီဝရံ တိစီဝရာဓိဋ္ဌာနေန အဓိဋ္ဌာတဗ္ဗံ၊ ပုန ပရိဟာရိတုံ အသက္ကောန္တေန ပစ္ဆာဒ္ဒရိတ္ဝာ ပရိက္ခာရစောဠံ အဓိဋ္ဌာတဗ္ဗံ၊ နတ္ထေဝ အာဒိတောဝ ဣဒံ ဝုတ္တံ–

ဟု လာသည်။

ဝိန်ယာလက်ဘဲဒို့ကာဠလည်း နည်းတူလာသည်။ သာရတ္ထဲဒီပနီ, ဝိမတိဝိနောဒနီ, လိန်တ္ထပကာသနီဋီကာတို့ဌကား အထူးမဆိုကြကုန်။

အနုက်ကား—မဋ္ဌမံ၊ ဓရဏီးစ္ဆ။ တိစီဝရံ၊ တိစီဝရိတ်သုံးထည်ကို။ တိစီဝရာဓိဋ္ဌာနေန၊ တိစီဝရိတ်အဓိဋ္ဌာန်ဖြင့်။ အဓိဋ္ဌာဟ်ပို့ အဓိဋ္ဌာန်တင်အပ်၏။ ပုနဲ၊ တဖန်။ ပရိဟရိတုံ၊ ဆောင်ခြင်းငှါး အသက်ကွာဇန္တိန၊ မစ္ဆမ်နိုင်သဖြင့်။ ပစ္စုဒ္ဓရိတ္ဝာ၊ စွန့်၍။ ပရိက္ခာရဇာတဉ်၊ ပရိက္ခာရမဇာတ ကို။ ကတ္ဝာ၊ ပြု၍။ အဓိဋ္ဌာတဟ်ပို့၊ အဓိဋ္ဌာန်တင်အပ်ပါ။ အာဒိတော၊ ရဟန်းခံသောအစဉ်။ နဇ္ဇဝ အဓိဋ္ဌာတဟ်ပို့၊ ပရိက္ခာရဇာတအဓိဋ္ဌာန် မတင်အပ်။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဟု။

"စက္ကိန္ဒာဘိသီရိသဒ္ဒမ္မဇဇမဟာဓမ္မရာဇာဓိရာဇဂုရု" အမည်ရှိသော မဟာအောင်မြေဘုံစံအုတ်ကျောင်း ဆရာတော်ဦးဗုဒ္ဓိဇနုးသော ခုဒ္ဒ-သက္ခာနသိက္ခာ-

(၁) တိစီဝရာဒိ' နုညာတံ-ဓိဋ္ဌိတံ ဝါ ပဋိတံ နုတိ။
ဓိဋ္ဌာတုံ နာ ကဇပ္ပတုန္တိ၊ ဝုတ္တတ္တာ ကပ္ပနာ နာ ဓေ။

(၂) အနာပတ္တိ အဓိဋ္ဌေတိ၊ ကာပ္ပဘိ ဘဇ္ဇတိတိ စ။
ဝုတ္တတ္တာ ကပ္ပနာ ကပ္ပါ၊ ဣစ္စာတ္တာ နိစ္ဆိဓာဘာ ယဇတော။

(၃) ဒုဓာ စီဝရာဓိဋ္ဌာဓာ၊ ဘဓိဋ္ဌာနဝိဓာပဇတော။
အဓိဋ္ဌာနံ ဒုဓာ တတ္ထ၊ သုခဒုပ္ပရိဘာဝတော။

(၄) ပရိက္ခာရာဓာဂဇံ သုဝံ၊ ဒုက္ခဓြတ္တ တိဂီဝရံ၊
တိစီဝရာဓိဋ္ဌာနဠ္ဟ၊ ဝုဘင်ဝိနယာ ဒုမာ။

(၅) ဝိကပ္ပနာ ဒုဓာ ဇဉ္ဉယ္ဟာ-ဓိဋ္ဌာနဝိဋ္ဌကပ္ပနတော။
ဒုဓာ'ဓိဋ္ဌာ တိဓိ'တရံ၊ ဓကဇံ သုဒ္ဓါဒိဓယာ တိဓာ-

ဟု သင်္ဂဟကဿာ ဖွဲ့ဆိုကော်မူသည်။

ဝင်း-၃။ ၃၀

အနုညာတံ၊ ဘုရားခွင့်ပြုတော်မူအပ်ပေသော။ တိစီဝရာဒိ၊ တိစီဝရိတ် စသည်ကို။ အဓိဋ္ဌိတံ၊ အဓိဋ္ဌာန်တင်အပ်သလော၊ ဝိကပ္ပိတံ နှု၊ ဝိကပ္ပနာပြုအပ်သလော။ ဣတိ၊ ဤသို့၊ ဝုတ္တော၊ ဆိုအပ်သည်ရှိသော်။ အဓိဋ္ဌာတုံ နာ ကပ္ပေတုန္တိ၊ အနုဇာနာမိ ဘိက္ခဝေ တိစီဝရံ အဓိဋ္ဌာတုံ နာ ဝိကပ္ပေတုံ စသည်ဖြင့်။ ဝုတ္တတ္တာ၊ မဟာဝါဠိတော်၌ ဟောတော်မူအပ်သည့် အဖြစ်ကြောင့်။ ကပ္ပနာ၊ ဝိကပ္ပနာပြုခြင်းသည်။ နာ ဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့။ စေ ဝဒေယျ၊ ဆိုငြားဒုံ။

အနာပတ္တိ အဓိဋ္ဌေတိ၊ ကပ္ပေတိ သဇ္ဇုတိတိ စ၊ အနာပတ္တိ အနွေဒဿာဟံ အဓိဋ္ဌေတိ၊ ဝိကပ္ပေတိ၊ ဝိဿဇ္ဇေတိဟူ၍လည်း။ ဝုတ္တတ္တာ၊ ဝိဘင်းပါဠိတော် ပဌမကထိနသိက္ခာပုဒ်၌ ဟောတော်မူသည့် အဖြစ်ကြောင့်။ ကပ္ပနာ၊ ဝိကပ္ပနာပြုခြင်းသည်။ ကပ္ပါ၊ ဖြစ်၏။ ဣစ္စတ္ထော ဣတိ အတ္ထော၊ ဤသို့ အဓိပ္ပာယ်သည်ကား အနက်ကို။ ဝါ၊ ဝိကပ္ပနာသည် အဓိဋ္ဌာန်အား၊ အဓိဋ္ဌာန်သည် ဝိကပ္ပနာအား ပြုခွင့်ရသော အနက်ကို။ ယတော၊ အကြောင်းကြောင့်။ နိစ္ဆိတော၊ ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ ဆုံးဖြတ်အပ်၏။ ဝါ၊ ပါဠို,အဋ္ဌကထာတို့မှ ထုတ်၍ ဆုံးဖြတ်အပ်၏။ တတော၊ ထို့ကြောင့်–

စီဝရသမ္ဘောဂေါ၊ သင်္ကန်းကိုသုံးဆောင်ခြင်းသည်။ အဓိဋ္ဌာနဝိကပ္ပတော၊ အဓိဋ္ဌာန်,ဝိကပ္ပနာအား ဖြင့်။ ဒုဓာ၊ နှစ်ပါးအပြားရှိ၏။ တတ္ထ၊ ထိုနှစ်ပါးတို့တွင်။ အဓိဋ္ဌာနံ၊ သည်။ သုခဒုပ္ပရိဟာရတော၊ ဆောင်လွယ်ခြင်း, ဆောင်ခဲခြင်းအား ဖြင့်။ ဒုစာ၊ နှစ်ပါးအပြားရှိ၏။

အတြ၊ ထိုနှစ်ပါးတို့တွင်။ ပရိက္ခာရစောဠံ၊ သည်။ သုခံ၊ ဆောင်လွယ်၏။ တိစီဝရံ၊ တိစီဝရိတ်အဓိဋ္ဌာန်သည်း ဒုက္ခံ၊ ဆောင်နိုင်ခဲ၏။ တိစီဝရာဓိဋ္ဌာနဉ္စ၊ တိစီဝရိတ်အဓိဋ္ဌာန်သည်လည်း။ ဓုဝဂ်ဝိနယာ၊ ဓုတင် တိစီဝရိတ်, ဝိနည်းတိစီဝရိတ်အား ဖြင့်။ ဒုဓာ၊ နှစ်ပါးအပြားရှိ၏။

ဝိကပ္ပနာ၊ ဝိကပ္ပနာကို။ အဓိဋ္ဌာနဓိဋ္ဌာနပေတာ၊ အဓိဋ္ဌာန်တင်ပြီးကိုပြုခြင်း, မတင်သေးသည်ကိုပြုခြင်းအား ဖြင့်။ ဒုဓာ၊ နှစ်ပါးအပြား

ရှိ၏ဟူ၍။ ဧဉ်ယျာ၊ သိအပ်၏။ အဓိဋ္ဌာ၊ အဓိဋ္ဌာန်တင်ပြီးကို ဝိကပ္ပနာပြု၍ သုံးခြင်းသည်။ ဒုဓာ၊ ဓုတင်္ဂ်,ဝိနယအားဖြင့် နှစ်ပါးရှိ၏။ ဣတရံ၊ အဓိဋ္ဌာန်မတင်သည်ကို ဝိကပ္ပနာပြု၍ သုံးခြင်းသည်။ တိဓာ၊ ဓုတင်္ဂ်, ဝိနယ, ပရိက္ခာရစောဋ္ဌအားဖြင့် သုံးပါးရှိ၏။ စောဋ္ဌံ၊ ပရိက္ခာရစောဋ္ဌအဓိဋ္ဌာန်သည်။ သုဒ္ဓါဒိတော၊ ဓုတင်္ဂ် တိစီဝရိတ်, ဝိနည်း တိစီဝရိတ် မတင်ဖူးသည်ကိုတင်သော သုဒ္ဓပရိက္ခာရစောဋ္ဌအဓိဋ္ဌာန်၊ဓုတင်္ဂ်တိစီဝရိတ်, ဝိနည်း တိစီဝရိတ်တင်ဖူးသည်ကို တင်သော ဓုတင်္ဂ်တိစီဝရပုဗ္ဗပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်၊ ဝိနယတိစီဝရပုဗ္ဗပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်အားဖြင့်။ တိဓာ၊ သုံးပါးအပြားရှိ၏။

ထိုသင်္ဃာဂါထာ၏ လိုရင်းအဓိပ္ပါယ်ကား ဘုရားခွင့်ပြုတော်မူအပ်သော အဓိဋ္ဌာန်, ဝိကပ္ပနာနှစ်ပါးတို့တွင် အဓိဋ္ဌာန်တင်လိုသော ရဟန်းသည် အဓိဋ္ဌာန်တင်ဒုံးပ်သည်။ ဝိကပ္ပနာပြုလိုသောရဟန်းသည် ဝိကပ္ပနာပြုအပ်သည်။

ထိုနှစ်ပါးသော ဝိနည်းကံတို့တွင် အဓိဋ္ဌာန်တင်သော ဝိနည်းကံသည် တိစီဝရိတ်ဒု အဓိဋ္ဌာန်, ပရိက္ခာရစောဋ္ဌ အဓိဋ္ဌာန်ဟူ၍ နှစ်ပါးရှိသည်။ ထိုနှစ်ပါးတွင် တိစီဝရိတ်အဓိဋ္ဌာန်ဆောင်ခြင်းသည် ဝန်လေး၍ဆောင်နိုင်ခဲသည်။ ပရိက္ခာရစောဋ္ဌအဓိဋ္ဌာန်ဆောင်ခြင်းသည် ဝန်ပေါ့၍ဆောင်လွယ်သည်။ တိစီဝရိတ်အဓိဋ္ဌာန်သည်လည်း ဓုတင်္ဂ်တိစီဝရိတ်, ဝိနည်း တိစီဝရိတ်ဆောင်ခြင်းအားဖြင့် နှစ်ပါးရှိသည်။

ဝိကပ္ပနာသည်လည်း အဓိဋ္ဌာန်တင်ပြီးသော သင်္ကန်းကို ပြုခြင်း, မတင်သေးသောသင်္ကန်းကိုပြုခြင်းအားဖြင့် နှစ်ပါးရှိသည်။ ထိုနှစ်ပါးတို့တွင် အဓိဋ္ဌာန်တင်ပြီးကို ဝိကပ္ပနာပြုခြင်းသည် ဓုတင်္ဂ်တိစီဝရ, ဝိနယတိစီဝရကို ပြုခြင်းအားဖြင့် နှစ်ပါးရှိသည်။ အဓိဋ္ဌာန်မတင်သေးသည်ကို ဝိကပ္ပနာပြုခြင်းသည် ဓုတင်္ဂ်, ဝိနယ, ပရိက္ခာရစောဋ္ဌအားဖြင့် သုံးပါးရှိ၏။

ပရိက္ခဲ့ာရစောဋ္ဌအဓိဋ္ဌာန်သည်လည်း ဓုတင်္ဂ်, ဝိနယတိစီဝရိတ်မတင်ဖူးသည်ကို တင်သော သုဒ္ဓပရိက္ခာရစောဋ္ဌအဓိဋ္ဌာန်၊ ဓုတင်္ဂ်, ဝိနယတိစီ

ဝရိတ်တင်ဖူးသည်ကို တင်သော ဓုတင်္ဂတိစီဝရပုဗ္ဗပရိကွာရစောင့်အဓိဋ္ဌာန်၊ ဝိနယတိစီဝရပုဗ္ဗပရိကွာရစောင်္ဂအဓိဋ္ဌာန်အားဖြင့် သုံးပါးရှိသည်ဟု ပြတော်မူသည်။

ဤမဟာအောင်းမြဘုံစံ အုတ်ကျောင်းဆရာတော် ဦးဗုဒ္ဓအလိုအားဖြင့် ရဟန်းခံစ ဖြစ်သော်လည်း အစဉ် သုဒ္ဓပရိကွာရစောင်္ဂအဓိဋ္ဌာန်အပ်သည်ဟု ပြန်ကြားမူသည်။

ဝဇိရဗုဒ္ဓိဋီကာ၌အလိုအားဖြင့် ရဟန်းခံစဉ် ပရိကွာရစောင်္ဂ မအပ်၊ တိစီဝရိတဲ့အဓိဋ္ဌာန်ရမည်။ ထိုတိစီဝရိတဲ့ကို မဆောင်နိုင်မှ စွန့်၍ ပရိကွာရစောင်္ဂအဓိဋ္ဌာန်တင်အပ်သည်ဟု ပြတော်မူသည်။

၁၆၆။ ဝဿိကသာဋိကာသက်နှံးစသည် အဓိဋ္ဌာန်ဟင်ပုံ

မေး။ ။ဝဿိကသာဋိကာသက်နှံး, ကဏ္ဍုပ္ပဋိစ္ဆာဒိသက်နှံး, နိသီဒနသက်နှံး, ပစ္စတ္ထရဏသက်နှံး, မုခပုဉ္ဆနသက်နှံးတို့၏ အဓိဋ္ဌာန်အရစသည်ကို အဘယ်သို့မှတ်ရပါအံ့နည်း။

ဖြေ။ ။တိုအမေးမှာ-

ဝဿိကသာဋိကာ အနတ်ရိတ္တပမာဏာ နာမံ ဂဟေတွာ ဝုတ္တနယေနေဝ စတ္တာရော ဝဿိကေ မာသေ အဓိဋ္ဌာတဗ္ဗာ၊ တဟော ပရံ ပစ္ဆုဒ္ဓရိတွာ ဝိကပ္ပေတဗ္ဗာ။ ဝဏ္ဏဘေဒမတ္တရတ္တတ္တာဒိပီစေသာ ဝဋ္ဋတိ။ ဒွေ ပန နေ ဝတ္တန္တိ။ နိသီဒနံ စုတ္တနယေန အဓိဋ္ဌာတဗ္ဗမေဝ၊ တဉ္စ ခေါ ပမာဏယုတ္တံ ကေမေဝ၊ ဒွေ နေ ဝတ္တန္တိ။ ပစ္စတ္ထရဏမိ အဓိဋ္ဌာတဗ္ဗမေဝ၊ တံ ပန မဟန္တိမိ ဝဋ္ဋတိ၊ ခေါမိ ဝဋ္ဋတိ ဗဟူနိပိ ဝဋ္ဋန္တိ။ နိလမိ ပီတကမိ သဒ္ဒသမိ ပုဗ္ဗဒသမိတို့ သဗ္ဗပကာရံ ဝဋ္ဋတိ။ သကိ် အဓိဋ္ဌိတံ အဓိဋ္ဌိတမေဝ ဟောတိ။ ကဏ္ဍုပ္ပဋိစ္ဆာဒိ ယာဝ အာဗာဓော အတ္ထိ၊ တာဝ ပမာဏိကာ အဓိဋ္ဌာတဗ္ဗာ။ အာဗာဓေ ဝူပသန္တေ ပစ္ဆုဒ္ဓရိတွာ ဝိကပ္ပေတဗ္ဗာ၊

ကောဝ ဝဋ္ဋတိ။ မုခပုဉ္ဆနစောဋံ အဓိဋ္ဌာတဗ္ဗမဝ၊ ယာဝ ကေဏိ ဓောဝိယတိ၊ တာဝ အညံ ပရိဘောဂတ္ထာယ ဂ္ဟဋ္ဌိတဗ္ဗန္တိ ဒဋ္ဌ ဝတ္တန္တိ–

ဟု ပါရာဇိကဏ္ဌအဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌ လာသည်။

အနတိရိတ္တပမာဏာ၊ မသ္ဘန်သော ပမာဏရှိသော။ ဝဿိကသာဋိကာ၊ မိုးရေခံသက်န်းကို။ နာဝံ၊ အမည်ကို။ ဂဟေတ္ဘာ၊ ယူ၍။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့သောနည်းဖြင့်ယာလျှင်။ စတ္တာဇာဏ ဝဿိကေ မာသေ၊ မိုးလေးလပတ်လုံး။ အဓိဋ္ဌာတဗ္ဗာ၊ ၏။ တတော၊ ထိုဇလေး လမှ။ ပရံ၊ နောက်၌။ ပစ္စုဒ္ဓရိတ္ဘာ၊ စွန့်၍။ ဝိဂတပေဘဗ္ဗာ၊ ဝိဂတပ္ပနာ ပြုအပ်၏။ သော၊ ဤမိုးရေခံသက်န်းသည်။ ဝဏ္ဏဘဒမတ္တရတ္တာပိ စ၊ အဆင်းပျက်ရုံမျှဆိုးသော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဇဒ္ဓ ပန၊ နှစ်ထည်တို့သည်။ တိုသည်။ နာ ဝဋ္ဋန္တိ၊ မအပ်ကုန်။

နိသီဒနံ၊ နိသီဒိုင်သက်န်းကို။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင်။ အဓိဋ္ဌာတဗ္ဗမေဝ၊ အဓိဋ္ဌာန်ဘင်အပ်သည်သာတည်း။ တဉ္စ ခေါ၊ ထိုနိသီဒိုင်သည်လည်း။ ပမာဏယုတ္တံ၊ ပမာဏနှင့်ယှဉ်သော။ ဧကမ္မေဝ၊ တထည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။ ဇဒ္ဓ၊ နှစ်ထည်တို့သည်။ နာ ဝဋ္ဋန္တိ၊ မအပ်ကုန်။

ပစ္ဆတ္ထရဏမ္ပိ၊ အခင်းသက်န်းကိုလည်း။ အဓိဋ္ဌာတဗ္ဗမေဝ၊ အဓိဋ္ဌာန် တင်အပ်သည်သာတည်း။ ဝံ ပန၊ ထိုအခင်းသည်။ မဟန္တမ္ပိ၊ ကြီးသော်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ကေမ္ပိ၊ တထည်သည်လည်း။ ဝဋ္ဋတိ၊ အပ်၏။ ဗဟုနိပိ၊ များစွာတို့သည်လည်း။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ နီလမ္ပိ၊ အညိုသည်လည်းကောင်း။ ပီတကမ္ပိ၊ အရွှေသည်လည်းကောင်း။ သဒ္ဒသမ္ပိ၊ အဆာရှိသော်လည်းကောင်း။ အဒ္ဒသမ္ပိ၊ အဆာမရှိသော်လည်းကောင်း။ ပုပ္ဖဒသမ္ပိ၊ ပန်းအဆာရှိသော်လည်းကောင်း။ သဗ္ဗပ္ပကာရံ၊ ခပ်သိမ်းသော အပြားသည်။ ဝဋ္ဋတိ၊ အပ်၏။ သကိံ၊ တကြိမ်။ အဓိဋ္ဌာတဗ္ဗမေဝ၊ သာလျှင်။ ဟောတိ၊ ဖြစ်၏။

ကဏ္ဍုပ္ပဋိစ္ဆာဒိ၊ အမာလ္ဟမ်ဴးသက်ိန်းကို။ ယာဝ၊ အကြင်မျှလောက်။ အာဗာဓဖောဝ၊ အနာသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်ကာလ တိုင်အောင်။ ပမာဏိကာ၊ ပမာဏနှင့်ယှဉ်သည်ကို။ အဓိဋ္ဌာတဗ္ဗာ၊ ၏။ အာဗာဓဖောဝ၊ အနာသည်။ ဝုပသန္တေ၊ ငြိမ်းသည်ရှိသော်။ ပစ္စုဒ္ဓရိတ္ဗာ၊ စွန့်၍။ ဝိကပ္ပေတဗ္ဗာ၊ ပြုအပ်၏။ ကောဝ၊ တထည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။

မုခပုဉ္ဆနဖောဋံ၊ မျက်နှာသုတ်ပုဆိုးကို။ အဓိဋ္ဌာတဗ္ဗမေဝ၊ သာတည်း။ ယာဝ၊ အကြင်မျှလောက်။ ဧကံ၊ တထည်ကို။ ဓောဝိယတိ၊ ဖွပ်အပ်၏။ တာဝ၊ ထိုမျှလောက်။ အညံ၊ တထည်ကို။ ပရိဘောဂ-တ္ထာယ၊ သုံးဆောင်ခြင်းငှါ။ ဂ္ဟစ္ဆိတဗ္ဗံ၊ ဖြစ်အပ်၏။ ဂ္ဟတ် တသွား၊ ထို့ကြောင့်။ ဒုတိ၊ နှစ်ထည်တို့သည်။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။

အဓိပ္ပါယ်ကား၊ "ဂ္ဟမံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း၊ "ဂ္ဟမံ ကဏ္ဍုပ္ပဋိစ္ဆာဒိံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း၊ "ဂ္ဟမံ နိသီဒနံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း၊ "ဂ္ဟမံ ပစ္စတ္ထရဏံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း၊ "ဂ္ဟမံ မုခပုဉ္ဆနဖောဋံ အဓိဋ္ဌာမိ" ဟူ၍လည်းကောင်း နှစ်တောင်သုံးဘဟုတ္ထပါသိအာဒိုင်းဌ အဓိဋ္ဌာန်တင်အပ်သည်၊။ နှစ်တောင်ထုံးဘဟုတ္ထပါသိမှ အပဋိတင်မူ "ဧဟံ ဝဿိကသာဋိကံ အဓိဋ္ဌာမိ" စသည်ဖြင့် ဆို၍ တင်ရမည်။

ထိုသက်ိန်းတို့ဘင် ဝဿိကသာဋိကသက်ိန်းသည် ပမာဏနှင့်ယှဉ်သော တသည်သာ အပ်သည်။ အဆင်းပျက်ချုံမျှ ဆိုးသော်သည်း အပ်သည်။ မိုးသေးလသာ အာဓိဋ္ဌာန်တင်အပ်သည်။ မိုးလေးလလွန်မူ ဝိကပ္ပနာပြု အပ်သည်။

ကဏ္ဍုပ္ပဋိစ္ဆာဒိသက်ိန်းသည် ပမာဏနှင့်ယှဉ်သော တထည်သာအပ်သည်။ယားနာ, ဒုလာသွေးကျသောအနာ စသည်ရှိသောအခါ အဓိဋ္ဌာန်တင်ဖွယ်သည်။ အနာငြိမ်းမူ ဝိကပ္ပနာပြုအပ်သည်။

နိသီဒနသက်ိန်းသည် ပမာဏနှင့်ယှဉ်သော တထည်သာဖွယ်သည်။

ပစ္စတ္ထရကာသက်န်းသည် ကြီးသော်လည်းကောင်း၊ တထည်သော်လည်းကောင်း၊ မျှားစ္စာသော်လည်းကောင်း အပ်သည်။ အညို အရှေ့စသော အဆင်း, အဆာ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အပ်သည်။ ပန်းပွင့် အဆာရှိသော်လည်း အလုံးစုံသော အခြင်းအရာအားဖြင့် အပ်သည်။ တကြိမ် အဓိဋ္ဌာန်တင်မူ အမြဲအပ်သည်။

ခုဒ္ဒသိကွာဋ္ဌိကာသစ်၌-

အဓိဋ္ဌဟေတိ "ကွမံ သံဃာဋိ' အဓိဋ္ဌာမိ"တိအာဒိနာ နဝန္နံ နာမံ ဂဟေတ္ဝာ အဓိဋ္ဌေယျ-

ဟု ဆိုဘော်မူသည်။

အဓိဋ္ဌဟေတိ၊ ကား။ ကွမံ သံဃာဋိ'၊ ကို။ အဓိဋ္ဌာမိ၊ ၏။ ကွတိ အာဒိနာ၊ ဤသို့စသည်ဖြင့်။ နဝန္နံ၊ ကိုးဆယ်သော သက်န်းတို့၏။ နာမံ၊ အမည်ကို။ ဂဟေတ္ဝာ၊ ယူ၍။ အဓိဋ္ဌေယျ၊ အဓိဋ္ဌာန်တင်ရာ၏။

လီနတ္ထပကာသနီဋ္ဌိကာ၌လည်း-

ပစ္စတ္ထရကာဒိနာမေန ပန အဓိဋ္ဌာတဗ္ဗတ္တာ "ကွမံ ပစ္စတ္ထရကံ ပစ္စုဒ္ဓရာမိ"တိအာဒိနာ ဝုတ္တေပိ နေဝတ္ထိ ဒေါသော-

ဟု ဆိုသည်။

ဤသို့လျှင် ဝဿိကသာဋိကာသက်န်းစသည်ကို မှတ်ရမည်။

ဝဿိကသာဋိကာ, ကက္ကာပဋိစ္ဆာဒိ, နိသီဒန သက်န်းတို့၏ ပမာဏအရာကို ဘိက္ခုပါတိမောက္ခ ရာနဝင်္ဂ်လာသည်အဘိုင်း သိသာယွယ်သည် ဖြစ်၍ မပြဆိုပြီ။

ပါရာဇိကဏ်အဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌-

သမ္ပေသမ္ပိ အဓိဋ္ဌာတဗ္ဗကစီဝရာနံ ဝိကပ္ပနုပဂပစ္ဆိမပမာဏတော အညံ ပစ္ဆိမပမာဏံ နာမ နတ္ထိ။ ယဉ္စိ နိသီဒနကက္ကာ-

ပဋ္ဌိဆ္ဆာဒိဝသိကသာဋ္ဌိကာနံ ပမာဏံ ဝုတ္တံ၊ တံ ဥက္ကဋ္ဌံ, တတော ဥတ္တရိ ပဋိသိဒ္ဓတ္တာ၊ နှ ပစ္ဆိမံ, တတော ဟေဋ္ဌာ အပဋိသိဒ္ဓတ္တာ။ တိစီဝရဿာပိ သုဂတစီဝရပ္ပမာဏတော ဥိနကတ္တံ ဥက္ကဋ္ဌပ္ပမာဏမေဝ။ ပစ္ဆိမံ ပန ဝိသုံ သုဒ္ဓတ္တ ဝုတ္တံ နတ္ထိ။ မုခပုဉ္ဆနပစ္စတ္ထရဏံပရိက္ခာရစောဋ္ဌာနံ ဥက္ကဋ္ဌပရိစ္ဆေဒါ နတ္ထိယေဝ။ ဝိ.ဘပ္ပနုပဂပစ္ဆိမေနံ ပန ပစ္ဆိမပရိစ္ဆေဒါ ဝုတ္တာ—

ဟု ဆိုဘော်မူသည်။

သဗ္ဗေသမ်ိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အဓိဋ္ဌာတဗ္ဗကစီဝရာနံ၊အဓိဋ္ဌာန်တင်သော သက်န်းကိုးထည်တို့၏။ ဝိကပ္ပနုပဂပစ္ဆိမပ္ပမာဏဘော၊ ဝိကပ္ပနာလောက်သော အယုတ်ပမာဏမူ။ အည်၊ တပါးသော။ ပစ္ဆိမပ္ပမာဏံ နာမ၊ အယုတ်ပမာဏမည်သည်၊ နတ္ထိ၊ မရှိ။ ဟိ၊ မူန်၏။ နိသီဒန။ပ။ ဋ္ဌကာနံ၊ တို့၏။ ယံ ပမာဏံ၊ ကို။ ဝုတ္တံ၊ ၏။ တံ ပမာဏံ၊ သည်။ ဥက္ကဋ္ဌံ၊ အလွန်မည်၏။ တဒတော၊ ထိုပမာဏထက်။ ဥတ္တရိ၊ အလွန်။ ပဋိသိဒ္ဓတ္တာ၊ မြစ်အပ်သည်အဖြစ်ကြောင့်တည်း။ တိစီဝရဿာပိ၊ တိစီဝရိက်၏သည်း။ သုဂတစီဝရပ္ပမာဏတော၊ ဘုရား သက်န်းတော်ပမာဏအောက်၊ ဥိနကတ္တံ၊ ယုတ်သောအဖြစ်သည်၊ ဥက္ကဋ္ဌပမာဏမေဝ၊ အလွန်အပ်သောပမာဏသာမည်၏။ ပစ္ဆိမံ ပန၊ အယုတ်ပမာဏကိုကား။ သုဒ္ဓတ္တ၊ ပါဠိတ္တ။ ဝိသုံ၊ သီးခြား။ ဝုတ္တံ၊ ဟော်ခဲ့တော်မူခြင်းသည်၊ နတ္ထိ၊ မရှိ။ မုခပုဉ္ဆနပစ္စတ္ထရဏပရိက္ခာရစောဋ္ဌာနံ၊ တို့၏။ ဥက္ကဋ္ဌပရိစ္ဆေဒါ၊ အလွန်ကိုပိုင်းခြားခြင်းသည်။ နတ္ထိယေဝ၊ မရှိသည်သာတည်း။ ဝိကပ္ပနုပဂပစ္ဆိမေနပန၊ ဝိကပ္ပနာလောက်သောအယုတ်ပမာဏအား ဖြင့်၊ ပစ္ဆိမပရိစ္ဆေဒါ၊ ပစ္ဆိမအပိုင်းအခြားကို။ ဝုတ္တာ၊ ဟော်ခဲ့တော်မူ၏။

(အဓိပ္ပါယ်လွယ်သည်)

၁၆၇။ အဓိဋ္ဌာန်ပျက်ကြောင်းများ

မေး။ ။ထိုသက်န်းကိုးထည်တို့၏အဓိဋ္ဌာန်သည် အဘယ်သို့ပျက်ပါသနည်း

ဖြေ။ ။ထိုအကြောင်းမူဝါ–

သင်ဗျဉ္ဇ ပဒနံတံ ဝုတ္တပုဂ္ဂလာရေန အဓိဋ္ဌိတစီဝရံ အညဿ ဒါနေန, အစ္ဆိန္ဒိတ္ဝာ ဂဟဏေန, ဝိဿာသဂ္ဂါဟေန, ဟိနာယဝတ္တနေန, သိက္ခာပစ္စက္ခာနေန, ကာလံကိရိယာယ, လိင်္ဂပရိဝတ္တနေန, ဇစ္စန္ဒရဏေနာတိ ဣမေဟိ အင်္ဂဟိ ကာရဏေဟိ အဓိဋ္ဌာနံ ဝိဇဟတိ။ တံ့စီဝရံ ပန ကနိဋ္ဌဂုံလိနခပိဋ္ဌပုဗ္ဗာဇေန ဆိဒ္ဒေနာပိ ဝိဇဟတိ၊ တဉ္စ ခေါ ဝိနိဗ္ဘေဒဓနေဝ။ သဓေ ဟိ ဆိဒ္ဒဿ အဗ္ဘန္တရေ ကေတန္တုပိ အစ္ဆိန္နော ဟောတိ၊ ရက္ခတိယေဝ။ တတ္ထ သံဃာဋိယာ စ ဥတ္တရာသင်္ဃံ စ ဒီဃဿန္တရေ ဝိဒတ္ထိပုမာဇဏဿ, တိရိယန္တရေ အဋ္ဌင်္ဂုလပုမာဇဏဿ ပဒေသဿ ဩရတော ဆိဒ္ဒံ အဓိဋ္ဌာနံ ဘိန္နတိ၊ အန္တရဝါသကေပိ ဒီဃန္တရေ ဟတ္ထပုမာဇဏံ၊ တိရိယန္တရေန ပန ဧတုရဂ်ုလတာ ဝေဒိတဗ္ဗာ။ တိဏ္ဏန္နမ်ိ ဝုဒ္ဓတ္တာကာသဿ ပရတော နှ ဘိန္နတိ၊ တသ္မာ ဆိဒ္ဒေ ဇာတေ တံစီဝရံ အတိရေကစီဝရဋ္ဌာနေ တိဋ္ဌတိ၊ သူစိဃရမံ ကတ္ဝာ ပုန အဓိဋ္ဌာတဗ္ဗံ–

ဟု မာတိကာအဋ္ဌကထာဋီကာသည်။

ပန၊ အဓိဋ္ဌာန်တင်သည်မှတပါး ပျက်သည်ကို ဆိုဦးအံ့။ သဗ္ဗဉ္ဉု အလုံစုံလည်းဖြစ်သော။ ဝုတ္တပုဂ္ဂိုလ်ရန်၊ ဆိုအပ်ခဲ့ပြီးသော အပြားအားဖြင့်။ တေ အဓိဋ္ဌိတစီဝရံ၊ ထိုအဓိဋ္ဌာန်တင်သော သင်္ကန်းကို။ အညဿ၊ သူဘပါးအား။ ဒါနေန၊ စွန့်ပေးသဖြင့်လည်းကောင်း။ အစ္ဆိန္ဒိတ္ဝာ၊ ခိုးသူလု၍။ ဂဟဏေန၊ ယူသဖြင့်လည်းကောင်း။ ဝိဿာသဂ္ဂါဟေန၊ ဝိဿာသအင်္ဂါနှင့်ယူသဖြင့်လည်းကောင်း။ ဟိနာယဝတ္တနေန၊ သိက္ခာကိုဖောက်ပဲ လူဝတ်ကိုဝတ်သဖြင့်လည်းကောင်း။ သိက္ခာပစ္စက္ခာနေန၊ သိက္ခာကိုစွန့်သဖြင့်လည်းကောင်း။ ကာလံကိရိယာယ၊ သေခြင်းကိုပြုသဖြင့်လည်းကောင်း။ လိင်္ဂပရိဝတ္တနေန၊ လိင်ပြန်သဖြင့်

လည်း၎ကောင်း။ ပစ္စုဒ္ဓရဏေန၊ အဓိဋ္ဌာန်ကိုစွန့်သဖြင့်လည်း၎ကောင်း။ ဣတိ၊ သို့။ အဋ္ဌဟိ၊ ရှစ်ပါး၊ကုန်၎သော။ ဣဒမဟိ ကာရဏေဟိ၊ ဤအကြောင်းတို့၊ကြောင့်။ အဓိဋ္ဌာနံ၊ ကို။ ဝိဇဟတိ၊ စွန့်၏။ ပန၊ အထူးကိုဆိုဦး၊အံ့။ တိစီဝရံ၊ တိစီဝရိတ်သက်၌းသည်။ ကန်ဋ္ဌံလိန၁-ပိဋ္ဌပမာဏေန၊ လက်သန်း လက်သည်းပြင် ပမာဏရှိသော။ ဆိဒ္ဒေနာပိ၊ အပေါက်ဖြင့်လည်း။ ဝိဇဟတိ၊ စွန့်၏။ တဉ္စ ခေါ၊ ထိုအပေါက်သည်လည်း။ ဝိနိဗ္ဗေဓေနေဝ၊ ထုတ်ချင်းပေါက်သဖြင့်သာလျှင်။ ဟောတိ၊ ၏။ ဟိ၊ မူန်၏။ ဆိဒ္ဒဿ၊ အပေါက်၏။ အဗ္ဘန္တရေ၊ အတွင်း၌။ ကေဘဏ္ဍုပိ၊ ချည်တမျှင်မျှလည်း။ အစ္ဆိဒ္ဒန္နော၊ မပြတ်သည်။ သစေ ဟောတိ၊ ဖြစ်အံ့။ ရက္ခတိ့ယေဝ၊ အဓိဋ္ဌာန်ကိုစောင့်သည်သာတည်း။ တတ္ထ၊ ထိုစကား၌။ သံဃာဋိယာ စ၊ ဒုကုဋ်၏လည်း၎ကောင်း။ ဥတ္တရာသင်္ဃသ်သာ စ၊ ကိုယ်ဝတ်၏လည်း၎ကောင်း။ ဒီဃသန္တတော၊ အလျားအစွန်းမှ။ ဝိဒတ္ထိပ္ပမာဏဿ၊ တထ္ဌာပမာဏရှိဿသော။ ပဒေသဿ၊ အရပ်၏လည်း၎ကောင်း။ တိရိယန္တတော၊ အနံအစွန်းမှ။ အဋ္ဌင်္ဂုလပ္ပမာဏဿ၊ လက်ရှစ်သစ် ပမာဏရှိသော။ ပဒေသဿ၊ အရပ်၏လည်း၎ကောင်း။ သြရ-တော၊ အာဘွင်း၌။ ဆိဒ္ဒံ၊ အပေါက်သည်။ အဓိဋ္ဌာနံ၊ ကို။ ဘိန္ဒတိ၊ ဖျက်၏။ အန္တရဓါယကေပိ၊ သင်းပိုင်၌လည်း။ ဒီဃန္တတော၊ အလျား အစွန်းမှ။ ဘေဒဝေ ပမာဏံ၊ ထိုဘထ္ဌာပမာဏ ရှိသည်သာတည်း။ တိရိယန္တန၊ အနံအစွန်း၌ကား။ စတုရဿံသုတော၊ လက်လေးသစ်ရှိသည် အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ တိဏ္ဏန္နမ္ပိ၊ သုံးထည်သောသင်္ကန်း တို့၏လည်း။ ဝုဒ္ဓတ္တာကာသဿ၊ ဆိုအပ်သောအရပ်၏။ ပရတော၊ ပြင်ဘက်မှ။ အဓိဋ္ဌာနံ၊ ကို။ န ဘိန္ဒတိ၊ မဖျက်။ တသ္မာ၊ ထို့ကြောင့်။ ဆိဒ္ဒေ၊ အပေါက်သည်။ ဇာတေ၊ ဖြစ်လတ်သော်။ တိစီဝရံ၊ သည်။ အတိရေကစီဝရဒ္ဓာနေန၊ အတိုးရကာကန်းအရာ၌။ တိဋ္ဌတိ၊ တည်၏။ သူစိကမ္မံ၊ အပ်ချုပ်မှုကို။ ကတ္ဝာ၊ ပြု၍။ ပုန၊ တဖန်။ အဓိဋ္ဌာဘဗ္ဗံ၊ အဓိဋ္ဌာန်းဟောင်းအပ်၏။

ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာ၌ကား—

တတ္ထ ပုရိမေဟိ အင္ဂဟိ သဗ္ဗစိဝရာနိ အဓိဋ္ဌာနံ ဝိဇဟန္တိ၊ ဆိဒ္ဒဘာဇဝန တိစိဝရဿေဝ သဗ္ဗအဋ္ဌကထာသု အဓိဋ္ဌာန-ဝိဇဟနံ ဝုတ္တံ-

ဟု လာသည်။

တတ္ထ၊ ထိုအဓိဋ္ဌာန်ကျကြောင်း ကိုးပါးတို့တွင်။ ပုရိမေဟိ၊ ရှေးဦး ဖြစ်ကုန်သော၊ အင္ဂဟိ၊ ရှစ်ပါးသော အကြောင်းအရာဟို့ကြောင့်။ သဗ္ဗစီဝရာနိ၊ အလုံးစုံသောသင်္ကန်းကိုးထည်တို့သည်။ အဓိဋ္ဌာနံ၊ ကို။ ဝိဇဟန္တိ၊ စွန့်ကုန်၏။ ဆိဒ္ဒဘာဇဝ ပန၊ အပေါက်ဖြင့်ခြင်းဦး။ တိစီဝရ-ဿေဝ၊ တိစီဝရိတ်၏သာလျှင်။ သဗ္ဗအဋ္ဌကထာသု၊ ဧပ်သိမ်းသော အဋ္ဌကထာတို့၌။ အဓိဋ္ဌာနဝိဇဟနံ၊ အဓိဋ္ဌာန်စွန့်ခြင်းကို။ ဝုတ္တံ၊ ၏။

အဓိပ္ပါယ်ကား-ရှေးရှစ်ပါးအကြောင်းတို့ကြောင့် သင်္ကန်းကိုးထည်လုံး အဓိဋ္ဌာန်ကို စွန့်သည်။ အဘိရေကသင်္ကန်းအရာ၌ တည်သည်။ အပေါက်ဖြစ်ရာမှာ တိစီဝရိတ်သင်္ကန်းသုံးထည်သာ အဓိဋ္ဌာန်ကျသည်။ ကြွင်းသော သင်္ကန်းခြောက်ထည်မှာ အဓိဋ္ဌာန်မကျကုန်။ တိစီဝရိတ် အပေါက်ဖြစ်ရာမှာ ဒုကူဋ်ကိုယ်ဝတ်မှာ အလျားကထွာ၊ အဘွင်းအနံ လက်ရှစ်သစ်အတွင်း၌ ထုတ်ချင်းထွင်း၍ လက်သန်းလက်သည်းခွံအပြင် ပမာဏရှိသော အပေါက်သည် အဓိဋ္ဌာန်ကို စွန့်သည်။ ထိုပမာဏမှ ပြင်ဘက်၌ အပေါက်သည် မစွန့်ဟု ပြုတဲ့မူသည်။ တိစီဝရိတ်အဓိဋ္ဌာန် ကျသော အပေါက်ရှိရာ အတွင်းဖြင့် ပမာဏကိုဆိုရာ၌ ဝစုကီအထွာ လက်သစ်ကို ယူရာသည်ဟု ဝိနယဝိနိစ္ဆယဋီကာ၌ ဆိုသည်၊ (ဧတ္ထ ဝိဒတ္ထိဘိ ဝစုကီဝိဒတ္ထိ ဂဟေတဗ္ဗာ၊ ၎င်းဋီကာပါဠိ)

ထို့ကြောင့် ဝစုကီဘထွာ ယာဒုလူတို့တထွာနှင့် လက်ခြောက်သစ် ရှိသည်။ ဝစုကီရှစ်သစ် ယာဒုလူတို့တဆယ့်နှစ်သစ်ရှိသည်။ ပဝုကီဒေးသစ် ယာဒုလူတို့ ခြောက်သစ်ရှိသည်ဟု မှတ်ဒေသ။ ဤသို့ အဓိဋ္ဌာန်စွန့်ခြင်းကို သိလေ။

ဝိနယတ္ထမဉ္ဉူသဝမည်သော လိနတ္ထပကာသနီဋီကာ၌—

ဟီနာယာဝတ္တာနနာတိ ဂိဟိဘာဝါယ အာဝတ္တာနေန၊ ဝိဗ္ဘ-
မေနာတိ အဒတ္ထာ၊ "သီလဝန္တော ဟုတ္ဝာ ဂိဟီ ဘဝိဿာမိ"-
တိ သေတပဋိဂ္ဂဟဂိဟါသနေနာတိ စုတ်ံ ဟောတိ။ သိက္ခာပစ္စက္ခာ-
နနာတိ လိင်္ဂဒ်ံ ဌိတသော သိက္ခာယ ပစ္စက္ခာနန။ ယော
ဟိ ဘိက္ခုလိင်္ဂဒ်ံ ဌိတော သိက္ခံ ပစ္စက္ခာတိ၊ တဿ ကာယ-
လဂ္ဂမိ ဗီဇံ အာဓိဋ္ဌာနံ ဝိဇဟတီဘိ—

ဟု ဆိုတော်မူသည်။

ဟီနာယာဝတ္တာနနာတိ၊ ဟူသည်ကား။ ဂိဟိဘာဝါယ၊ လူဖြစ်ခြင်း-
ငှါ။ အာဝတ္တာနေန၊ လူ့ဘောင်သို့လည်သဖြင့်။ ဝိဗ္ဘမေန၊ လူထွက်
သဖြင့်။ ဣဘ် အယံ၊ ဤသည်လျှင်။ အဒတ္ထာ၊ အနက်တည်း။ သီလ-
ဝန္တော၀၊ သိက္ခာကိုမစွန့်ဘဲ သီလရှိသည်သာလျှင်။ ဟုတ္ဝာ၊ ဖြစ်၍။
ဂိဟီ၊ လူသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့။ သေတဝတ္ထနိ-
ပါသနေန၊ အာဝတ်ဖြူကိုဝတ်သဖြင့်။ ဣတိ၊ သို့။ ဝုတ္တံ၊ ဆိုအပ်သည်။
ဟော်တို့၊ ဖြစ်၏။ သိက္ခာပစ္စက္ခာနေနာတိ၊ ဟူသည်ကား။ လိင်္ဂ်၊
ရဟန်းအသွင်၌။ ဌိဘဒ္ဓော၀၊ တည်လျက်သာလျှင်။ သိက္ခာပစ္စက္ခာနေန၊
သိက္ခာကိုစွန့်သဖြင့်။ ယော ဘိက္ခု၊ သည်။ လိင်္ဂ်၊ ရဟန်းအသွင်၌။
ဌိတော၊ တည်လျက်သာလျှင်။ သိက္ခံ၊ သိက္ခာကို။ ပစ္စက္ခာတိ၊ စွန့်၏။
တဿ၊ ထိုရဟန် အား။ ကာယလဂ္ဂမိ၊ ကိုယ်၌ငြိသော်လည်း။ ဗီဇံ၊
သည်။ အာဓိဋ္ဌာနံ၊ ကို။ ဝိဇဟတိ၊ စွန့်၏။

အဓိပ္ပါယ်ကား-သိက္ခာကိုမစွန့်ပဲ လူထွက်အံ့ဟု အာဝတ်ဖြူကိုဝတ်ခြင်း-
သည် ဟီနာယာဝတ္တာနမည်သည်။ သင်္ကန်း၀တ်နှင့် သိက္ခာကိုစွန့်ခြင်းသည်
သိက္ခာပစ္စက္ခာနမည်သည်ဟု ပြတော်မူသည်။

သာရတ္ထဒီပနီဋီကာ၌လည်း လိနတ္ထပကာသနီဋီကာနှင့် သဘောတူ
ဖွင့်ဆိုတော်မူသည်။ ဝိမတိဝိဓနာဒနီဋီကာ၌—

ဟီနာယာဝတ္တာနနာဟိ ဣဒံ အန္တိမဝတ္ထုံ အဇ္ဈာပဇ္ဇိတွာ
ဘိက္ခုပဋိညာယ ဌိတာသ ဧဝ တိတ္ထိယပက္ကန္တာသ စ ဘိက္ခု-

နိယာ ၈ ဘိက္ခုနိဘာဝေ နိရုပေက္ခတာယ ဂိဟိလိင်္ဂံတိတ္ထိယ-
လိင်္ဂဂဟဏံ သန္ဓာယ ဝုတ္တံ-

ဟု ဆိုတော်မူသည်။ အဆိုမတူကြလေ။

တနည်း-အဓိဋ္ဌာန်ပျက်, မပျက်ကို ပဌမကထိနသိက္ခာပုဒ်အဋ္ဌကထာ၌-

ယော ပန ဒုပ္ပလဋ္ဌာနေ ပဌမံ အဂ္ဂဠံ ဒတ္ဝာ ဏ္ဍော ဒုပ္ပ-
လဋ္ဌာနံ ဆိန္နိတ္ဝာ အာပန္နောတိ၊ အဓိဋ္ဌာနံ န ဘိဇ္ဇတိ။ ပဏ္ဍုလ-
ပရိဝတ္တနေပိ ဧသေဝ နယော။ ဒုဋ္ဌဿ ဧကဿိံ ပဋ္ဋလေ
ဆိန္နေ ဝါ ဇာတေ ဂဠိတေ ဝါ အဓိဋ္ဌာနံ န ဘိဇ္ဇတိ။ ခုဒ္ဒကံ
စီဝရံ မဟန္တံ ကရောတိ၊ မဟန္တံ ဝါ ခုဒ္ဒကံ ကရောတိ၊ အဓိဋ္ဌာနံ
န ဘိဇ္ဇတိ။ ဥဘော ကောဋိယော မဇ္ဈေ ကရောန္တော သစေ
ပဌမံ ဆိန္နိတ္ဝာ ပစ္ဆာ ယဇ္ဇေတိ၊ အဓိဋ္ဌာနံ ဘိဇ္ဇတိ။ အထ
ဃဋ္ဋေတ္ဝာ ဆိန္ဒတိ၊ န ဘိဇ္ဇတိ။ ဧသေဝ နယော ဝိနိစ္ဆယေ-

ဟု ဆိုတော်မူသည်။

ယော ပန၊ အကြင်ရဟန်းသည်။ ဝါ၊ အကြင်သင်္ကန်းသည်။ ဒုပ္ပ-
လဋ္ဌာနေ၊ အာဒိနည်းရောဂ်။ ပဌမံ၊ ဧကဉ်စွဲ။ အဂ္ဂဠံ၊ အဖျားကို။ ဝါ၊
ပြင်ထပ်ကို။ ဒတ္ဝာ၊ ဖာထပ်၍။ ပစ္ဆာ၊ နောက်မှ။ ဒုပ္ပလဋ္ဌာနံ၊
အာဒိနည်းရာကို။ ဆိန္ဒိတ္ဝာ၊ ဆုတ်ဖြတ်၍။ အာပန္နောတိ၊ ပယ်၏။ အဓိဋ္ဌာနံ၊
သည်။ န ဘိဇ္ဇတိ၊ မပျက်။ ပဏ္ဍုလပရိဝတ္တနေပိ၊ အဝန်းကို လဲဖာ
ရာ၌လည်း။ ဧသေဝ နယော၊ ဤနည်းလျင်တူသောနည်း ရှိ၏။ ဒုပ္ပဋ္ဌဿ၊
နွစ်ထပ်သောသင်္ကန်း၏။ ဧကဿိံ ပဋ္ဋေ၊ တခုသောအလွှာ၌။ ဆိန္နေ
ဝါ၊ အပေါက်သည်လည်း။ ဇာတေ၊ ဖြစ်လတ်သော်။ ဂဠိတေ ဝါ၊
လျှောကျခြင်းသည်လည်း။ ဇာတေ၊ ဖြစ်လတ်သော်။ အဓိဋ္ဌာနံ၊ သည်။
န ဘိဇ္ဇတိ၊ မပျက်။ ခုဒ္ဒကံ စီဝရံ ဝါ၊ ငယ်သောသင်္ကန်းကိုလည်း။
မဟန္တံ၊ ကြီးအောင်။ ကရောတိ၊ ပြု၏။ မဟန္တံ ဝါ၊ ကြီးသောသင်္ကန်း
ကိုလည်း။ ခုဒ္ဒကံ၊ ငယ်အောင်။ ကရောတိ၊ ပြု၏။ သာဓိဋ္ဌာနံ၊ သည်။

နာ ဘိက္ခုတိ၊ မပျက်။ ဥဒဘာ၊ နှစ်ဘက်ကုန်သော။ ကောဋ္ဌိယော၊ အစွန်းတို့ကို။ မဇ္ဈေ၊ အလယ်၌။ ကရောန္တော၊ ပြုလတ်သော်။ ပဌမံ၊ ရှေးဦးစွာ။ ဘိန္ဒိဿာ၊ ဖြတ်၍။ ပစ္ဆာ၊ နောက်မှ။ သစေ ဃဋ္ဋေတိ၊ ချုပ်၍ပ်သည်ဖြစ်အံ့။ အဓိဋ္ဌာနံ၊ သည်၊ ဘိက္ခုတိ၊ ပျက်၏။ ဃဋ္ဋေဘ့ာ၊ ချုပ်၍စပ်ပြီမှ။ ဒုတ ဆိန္နကိ၊ ဖြတ်အံ့။ အဓိဋ္ဌာနံ၊ သည်။ နာ ဘိက္ခုတိ၊ ပျက်။ ရဇကေဟိ၊ ခဝါသည်တို့ကို။ ခေဝါပေတွာ၊ ဖုပ်စေ၍။ သေတံ၊ ဖြူသည်ကို။ ကာရာပေန္တိဿာပိ၊ ပြုစေသော်လည်း။ အဓိဋ္ဌာနံ၊ အဓိဋ္ဌာနမေဝ၊ တင်မြဲသာတည်း။

ဝိနီတိဝိနောဒနီဋီကာ၌-

ပရိက္ခာရစောဠံ ပန ဝိကပ္ပနုပဂပစ္ဆိမပုမာဏတော ဥနံ ဟာတွာ ဆိန္နံ အဓိဋ္ဌာနံ ဝိဇဟတိ အဓိဋ္ဌာနဿ အနိဿယတ္တာ။ တာနိ ပုန ဗန္ဓိနိ ဃဋ္ဋိတာနိ အဓိဋ္ဌာတဗ္ဗမေဝါတိ ဝေဒိတဗ္ဗံ-ဟုလာသည်။

ပရိက္ခာရစောဠံ ပန၊ ပရိက္ခာရစောဋ္ဌသက်န်းကို။ ဝိကပ္ပနုပဂပစ္ဆိမ-ပုမာဏတော၊ ဝိကပ္ပနာလောက်သော အယုတ်ပမာဏအောက်။ ဥနံ၊ ယုတ်သည်ကို။ ကတွာ၊ ပြု၍။ ဆိန္နံ၊ ဖြတ်အပ်သည်ရှိသော်။ အဓိဋ္ဌာနံ၊ ကို၊ ဝိဇဟတိ၊ စွန့်၏။ အဓိဋ္ဌာနဿ၊ အဓိဋ္ဌာန၏၊ အနိဿယတ္တာ၊ မမြဲသည်၏ အဖြစ်ကြောင့်တည်း။ တာနိ၊ ထိုဖြတ်သောအစတို့ကို။ ပုန၊ တဖန်။ ဗန္ဓိနိ၊ ဖွဲ့ကုန်လျက်။ ဃဋ္ဋိတာနိ၊ စပ်အပ်ကုန်သည်ရှိသော်။ အဓိဋ္ဌာ-တဗ္ဗမေဝ၊ အဓိဋ္ဌာန်တင်အပ်သည်သာတည်း။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

သာရတ္ထဒီပနီဋီကာ၌ကား-

တသ္မာ အဓိဋ္ဌဟိဘ့ာ ဌပိတော သေသစီဝရသု ဝိကပ္ပနုပဂပစ္ဆိမံ အပဟောန္တံ ကတွာ ခဏ္ဍာခဏ္ဍိကံ ဆိန္နသုပိ အဓိဋ္ဌာန-ဝိဇဟနံ နတ္ထိ။ သစေ ပန အဓိဋ္ဌာနတော ပုဗ္ဗေဃယဝ တာဒိသံ ဟောတိ၊ အစီဝရတ္တာ အဓိဋ္ဌာနကိစ္စံ နတ္ထိ-

ဟု ဆိုတော်မူသည်။

တသွေ၊ ထို့ကြောင့်။ အဓိဋ္ဌဟိဘွာ၊ အဓိဋ္ဌာန်တင်၍။ ဌပိတေသု၊ ထားအပ်ကုန်သော။ သေသစီဝရေသု၊ ကြွင်းသောသင်္ကန်းတို့ဦး။ ဝိကပ္ပနုပဂံ၊ ဝိကပ္ပနာလောက်သော။ ပစ္ဆိမံ၊ အယုတ်ဆုံးသင်္ကန်းကို။ အပဟောန္တံ၊ မလောက်သည်ကို။ ကတွာ၊ ပြု၍။ ခဏ္ဍာခဏ္ဍိကံ၊ အပိုင်းပိုင်းကို။ ဆိန္နေသုပိ၊ ဖြတ်ကုန်သော်လည်း။ အဓိဋ္ဌာနဝိဇဟနံ၊ အဓိဋ္ဌာန်ကို စွန့်ခြင်းသည်။ နတ္ထိ၊ မရှိ။ အဓိဋ္ဌာနတော၊ အဓိဋ္ဌာန်တင်သည်မှ။ ပုဗ္ဗေယေဝ၊ ရှေးဦးသာလျှင်။ တာဒိသံ၊ ထိုသို့သောရှိသော ဝိကပ္ပနာမလောက်သည်။ သစေ ပန ဟောတိ၊ ဖြစ်အံ့။ အစီဝရတ္တာ၊ သင်္ကန်းမဟုတ်သောကြောင့်။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်ကိစ္စသည်။ နတ္ထိ၊ မရှိ။

ထိုဋ္ဌိကာအလိုအားဖြင့် အဓိဋ္ဌာန်တင်ပြီး ဝိကပ္ပနာမလောက်အောင် ဆုတ်ဖြတ်သော်လည်း အဓိဋ္ဌာန်ကို မစွန့်။ ဝိကပ္ပနာ မလောက်သော သင်္ကန်းကိုရလျှင် သင်္ကန်းမဟုတ်၍ အဓိဋ္ဌာန်မတင်အပ်ဟူတ်။

ဝိမတိဋ္ဌိကာအလိုအားဖြင့် အဓိဋ္ဌာန်တင်ပြီးကို ဝိကပ္ပနာမလောက်အောင်ဖြတ်မူ အဓိဋ္ဌာန်ကို စွန့်သည်ဟူမူတ်။

ဤသို့လာသော ဋ္ဌိကာတို့ကို ထောက်၍ ဝိကပ္ပနုပဂပစ္ဆိမပမာဏအောက် ငယ်သော မလောက်သောအဝတ်စကိုရလျှင် အဓိဋ္ဌာန်ဝိကပ္ပနာမပြုပဲ ထားအပ်, သုံးအပ်သည်။ ထိုဝိကပ္ပနာ မလောက်၍ အဓိဋ္ဌာန်ဝိကပ္ပနာမပြုပဲ ထားအပ်သော အဝတ်စကိုစပ်၍ချုပ်ပြန်လျှင် ဝိကပ္ပနာလေခက်မူ ပရိကမ္မာရစောဋတင်ရမည်ဟူမူတ်။

၁၆၈။ ခေါင်းအုံးစသည် အဓိဋ္ဌာန်တင်အပ်-မအပ်

မေး။ ။ဘုံလျှို၊ ခေါင်းအုံး၊ စုလျှားအင်း၊ ကော်ဇော၊ ကန့်လန့်ကာ၊ ခြင်ထောင် စသည်တို့ကို အဓိဋ္ဌာန်တင်ရဦးမည်လော။

ဖြေ။ ။မဉ္စဘိသိ ပိဋ္ဌဘိသိ ဗိဠဝဟန် ပါဝါဇော ကောဇဝေါတို့ ဧကသု ပန ယေနာသနပရိကမ္မာရတ္ထာယ ဒိန္နပစ္စတ္ထရဏော စ အဓိဋ္ဌာနကိစ္စံ နတ္ထိယေဝ-

ဟု မာတိကာအဋ္ဌကထာ၌လာသည်။ ပဌမကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ ကြီး၌လည်းလာသည်။

မဉ္ဆဘိသိ၊ ညောင်စောင်း ဘုံလျှိုအခင်းလည်းကောင်း။ ပိဌဘိသိ၊ အင်းပျဉ်ဘုံလျှိုအခင်းလည်းကောင်း။ ဗိဇ္ဇောဟနံ၊ ခေါင်းအုံးလည်းကောင်း။ ပါဝါရော၊ စုံလျားအခင်းလည်းကောင်း။ ကောဇဝေါ၊ ကော်ဇော ဖာခင်းလည်းကောင်း။ ကုတ်၊ ဤသို့။ တေသု ပန၊ ထိုအခင်းတို့၌။ သေနာသနပရိက္ခာရတ္ထာယ၊ သေနာသနအသုံးအဆောင်အကျိုးငှာ။ ဒိန္နပစ္စတ္ထရဏေ စ၊ လှဲဒသော အခင်း၌လည်းကောင်း။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်တင်ဖွယ်ကိစ္စသည်။ နတ္ထိဒေယဝေ၊ မရှိသည်သာတည်း။

လိနတ္ထပကာသနီဋီကာ၌—

သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏေ စာတိ ဣမိနာ အတ္တနော သန္တကံ ပဋိက္ခိပတိ။ ကေစိ ပန "အနိဝါသေတ္ဝာ, အပါရုပိတ္ဝာ စ ကေဝလံ မဉ္ဆပီဌေသုယေဝ အတ္ထရိတ္ဝာ ပရိဘုဉ္ဇိယမာနံ ပစ္စတ္ထရဏံ အတ္တနော သန္တကမ္ပိ အနဓိဋ္ဌိတံ ဝဋ္ဋတီ" တိ ဝဒန္တိ၊ တံ အယုတ္တံ၊ သေနာသနပရိက္ခာရတ္ထာယ ဒိန္နန္တိ ပစ္စတ္ထရဏသဿ ဝိသေသိတတ္တာ။ ဘိသိဗိဗ္ဗောဟနပါဝါရဇောဇဝါနမ္ပိ သေနာသနပရိက္ခာရဘာဝေါ အဓိဋ္ဌာနကိစ္စံ နတ္ထိတိ ဝေဒိတဗ္ဗံ—

ဟု ဆိုတော်မူ၏။

သာရတ္ထဒီပနီဋီကာ၌လည်း—

သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရဏေတိ ဝုတ္တေ "အနိဝါသေတ္ဝာ, အပါရုပိတ္ဝာ စ ကေဝလံ မဉ္ဆပီဌေသုယေဝ အတ္ထရိတ္ဝာ ပရိဘုဉ္ဇိယမာနံ ပစ္စတ္ထရဏံ အတ္တနော သန္တကမ္ပိ အနဓိဋ္ဌာတုံ ဝဋ္ဋတီ" တိ ဝဒန္တိ။ ဟေဋ္ဌာ ပန "ပစ္စတ္ထရဏမ္ပိ အဓိဋ္ဌာတဗ္ဗ-

မေဝါ”တိ ဇဝိသေသေန ဝုတ္တတ္တာ အတ္တနော သန္တကံ ဒေဝိဋ္ဌာ-
တဗ္ဗမေဝါတိ အမ္မာကံ ခန္ဓိ၊ ဝိမံသိတ္ဝာ ဂဟေတဗ္ဗံ-
ဟု ဆိုတော်မူ၏။

ဝိမတိဝိနောဒနီဋီကာ၌ကား—

သေနာသနမရိက္ခာရတ္ထာယ ဒိန္နဝစ္ဆတ္ထရဏေ ဝိယ။ ယံ ပန “ပစ္ဆတ္ထရဏမိဒံ အဝိဋ္ဌာတဗ္ဗ”န္တိ ဝုတ္တံ၊ တံ သေနာသနတ္ထာယေ-ဝါတိ နိယမိတံ နု ဟောတိ နဝသု စီဝရေသု ဂဟိတတ္တာ၊ တသ္မာ အတ္တနော နာမေန အဝိဋ္ဌဟိတ္ဝာ နိဒဟိတ္ဝာ ပရိက္ခာရ-စောဋ္ဌံ ဝိယ ယထာ တထာ ဝိနိယုဇ္ဇိတဗ္ဗမေဝါတိ ဂဟေတဗ္ဗံ။ ပါဝါရော ဂေါဇဝေါတိ ဣဒမသမိဒံ ပစ္ဆတ္ထဲရဏာဒိနံ လော-ကေပိ ဝေါဟရဏတော သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္ဆ-တ္ထရဏတော ဝိသုံ ဂဟဏံ ဂတံ—
ဟု ဆိုတော်မူသည်။

ပဌမကထိနသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ၌လည်း—

ဘေသဇ္ဇနဝကမ္မမာတာပိတုအာဒိနံ အတ္ထာယ ဌပေန္တေနပိ အဝိဋ္ဌာတဗ္ဗမေဝ။ မဟာပစ္စရိယံ ပန “အနာပတ္တိ”တိ ဝုတ္တံ—
ဟု ဆိုတော်မူသည်။

သာရတ္ထဒီပနီဋီကာ၌လည်း—

အတ္တနော သန္တကာဘာဝတော မေ့ာစေတ္ဝာ ဌဂိတံ သန္ဓာယ မဟာပစ္စရိယံ အနာပတ္တိ ဝုတ္တာတိ ဝဒန္တိ။ ဣမိနာ ဘေသဇ္ဇံ စေတာပေသ်ာမိ၊ ဣဒံ မာတုယာ ဒဿာမိတိ ဌပေန္တေန အဝိဋ္ဌာတဗ္ဗံ၊ ဣဒံ ဘေသဇ္ဇဿ၊ ဣဒံ မာတုယာတိ ဝိဿဇ္ဇေတ္ဝာ သကသန္တကာဘာဝတော မေ့ာစိတေ အဝိဋ္ဌာနကိစ္စံ နတ္ထိတိ အဓိပ္ပါယေန—
ဟု လာသည်။ ဝဇိရဗုဒ္ဓိဋီကာ, ဝိနယဝိနိစ္ဆယဋီကာတို့၌လည်း သဘောတူ လာသည်။

ဝင်း-၃၊ ၃၁

ဝိမတိဝိနောဒနီဋီကာဌ်-

မဟာပစ္စရိယံ စိဝရဝသေန ပရိဘောဂကိစ္စဿ အဘာဝံ သန္ဓာယ အနာပတ္တိ ဝုတ္တာ-
ဟုဆိုတော်မူ၏။

အနက်ကား-သေနာသနပရိက္ခာရတ္ထာယ ဒိန္နပစ္စတ္ထရေ စာတိ ဣမိနာ ဟူသောပါဌ်ဖြင့်။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ ပဋိက္ခိပတိ၊ ပယ်တော်မူ၏။ ကေစိ ပန၊ အချို့သောဆရာတို့သည်ကား။ အနိဝါသေတွာ၊ မဝတ်မူ၍။ အပါရုပိတွာ၊ မရုံမူ၍။ ကေဝလံ၊ သက်သက်။ မဥ္ဆပီဋ္ဌေသုယေဝ၊ ညောင်စောင်း, အင်းပျဉ်တို့၌သာလျှင်။ ဒုတ္ထရိတွာ၊ ခင်း၍။ ပရိဘုဉ္ဇိယမာနံ၊ သုံးဆောင်အပ်သော။ ပစ္စတ္ထရဏံ၊ အခင်းကို။ အတ္တနော၊ မိမိ၏။ သန္တကမ်ိ၊ ဥစ္စာသည်လည်း။ အနဓိဋ္ဌိတံ၊ အဓိဋ္ဌာန်မတင်ပဲထားခြင်းသည်။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။ တံ၊ ထိုစကားသည်။ န ယုတ္တံ၊ မသင့်။ သေနာသနပရိက္ခာရတ္ထာယ ဒိန္နန္တိ၊ ဟူ၍။ ပစ္စတ္ထရဏဿ၊ အခင်း၏။ ဝိသေသိတတ္တာ၊ အထူးဖြစ်သောကြောင့်တည်း။ ဘိသိပိပ္ပဋဟနုပါဝါရကောဇဝါနမ်ိ၊ ဘုံလျှိုး, ခေါင်းအုံး, စုလျား, ကော်ဇောအခင်းတို့၏လည်း။ သေနာသနပရိက္ခာရတောဃယေဝ၊ သေနာသနအကျိုးအားသာလျှင်။ အဓိဋ္ဌာနကိစ္စံ၊ အဓိဋ္ဌာန်ဘင်ခြင်း ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဇေဒိဝဇ္ဇံ ၏။

ထိုလိနတ္ထပကာသနီ၏အလိုအားဖြင့် ဘုံလျှို, ခေါင်းအုံး, စုလျား, ကော်ဇောတို့သည်လည်းကောင်း၊ အခင်းအိပ်ရာ, ကန့်လန့်ကာ, ခြင်ထောင်တို့သည်လည်းကောင်း သေနာသနပစ္စည်းအကျိုးငှါထားမူ အဓိဋ္ဌာန်လွတ်သည်။ မိမိဥစ္စာအဖြစ်နှင့်ထားမူ သေနာသန၌ သုံးဆောင်သော်လည်း အဓိဋ္ဌာန်မလွတ်သည်ဖြစ်၍ အဓိဋ္ဌာန်တင်ရမည်ဟု ပြတော်မူသည်။

သာရတ္ထဒီပနီဋီကာ၏ အလိုအားဖြင့် အခင်းအိပ်ရာမှာ မိမိဥစ္စာပြုလတ်မူ သေနာသနဋ္ဌ သုံးဆောင်သော်လည်း အဝိဋ္ဌာန် တင်အပ်သည်။ အခင်းအိပ်ရာဖျင်, ပုဆိုးအဝတ်ဟူသမျှပင် မိမိဥစ္စာအဖြစ်မှု မလွှတ်မူ အဝိဋ္ဌာန်တင်အပ်သည်။ ဤပစ္စည်းသည်သည်း အမိအားဖြစ်စေ၊ အဖအားဖြစ်စေ၊ နဝကမ္မအား ဖြစ်စေ၊ ဆေးပစ္စည်းအား ဖြစ်စေဟူ၍ မိမိဥစ္စာအဖြစ်မှ လွှတ်အောင်စွန့်၍ထားမူ အဝိဋ္ဌာန်လွှတ်သည်ဟု ပြတော်မူသည်။ ဝဇိရဗုဒ္ဓိဋီကာ, ဝိနယဝိနိစ္ဆယဋီကာဆရာတို့လည်း သာရတ္ထဒီပနီဋီကာနှင့် အလားတူပြတော်မူသည်။

ဝိမတိဝိနောဒနီဋီကာအလိုအားဖြင့် သက်န်းကိုးထည်ဥယူအပ်သော အိုပ်ရာခင်းသည် သေနာသနအကျိုးငှါ မမှတ်အပ်သောကြောင့် အဝိဋ္ဌာန် တင်အပ်သည်။ သေနာသနအကျိုးငှါ မူတ်၍ထားသော အိပ်ရာခင်းမှာ အဝိဋ္ဌာန်လွှတ်သည်။ ပါဝါရဏသော အခင်း, ကောဇဝသော အခင်းမှာ သေနာသနအခင်းမူ လောက ဝေါဟာရအားဖြင့် အသီးပြုအပ်သော အခင်းမည်သည်။ မဟာပစ္စရိတ်ဝါဒကို ပြုဆဋ္ဌလည်း သက်န်းကိစ္စမပြုမူ အာပတ်မသင့်ဟူ၍သာ ပြတော်မူသည်။

ထို့ကြောင့် လီနတ္ထပကာသနီ, သာရတ္ထဒီပနီဋီကာအရဖြင့် ဘုံလျှို, ခေါင်းအုံးဖြစ်စေ၊ စုလျား, ကော်ဇောဖြစ်စေ၊ အိပ်ရာခင်း, နေရထိုင်, ကန့်လန့်ကာ, ခြင်ထောင်ဖြစ်စေ အသစ် ရသော်အခါ သေနာသနအကျိုးငှါ လှူဒါန်းသည်မဟုတ်၊ မိမိအားလှူမူ ပရိက္ခာရစောင်္ဂအဝိဋ္ဌာန်တင်ရမည်။

မိမိအားလှူသော်လည်း ရပြီးသောခဏ၌ သေနာသန အကျိုးငှါ ထားလိုမူ "သေနာသနအား ဖြစ်စေ"ဟု စွန့်၍ မိမိဥစ္စာအဖြစ်မှ လွှတ်အောင်ထားမူ အဝိဋ္ဌာန်မတင်ပဲထားအပ်သည်ဟု မှတ်ရမည်။

ဣဒံ ဘေသဇ္ဇဿ, ဣဒံ မာတုယာတိ ဝိဿဇ္ဇေတွာ သကသန္တကဘာဝတော မောစိတေ အဝိဋ္ဌာနကိစ္စံ နတ္ထိတိ အဓိပ္ပါယော"ဟု လာ

ဃသာ ဒ္ဒီကာထောက်လေ။ ထိုဒ္ဒီကာပါဠိ၌ "ဝိဘင်္ဂတ္တာ" ဟူ၍လည်း၊ ကောင်း၊ "ဝိဿဇ္ဇေတ္တာ" ဟူ၍လည်းကောင်း ပါဠိနှစ်ကွဲရှိသည်။ "ဝေဖန်၍၊ စွန်၍" အနက်ပေးလေ။ သဒ္ဒေါအရဖွဲ့မှာ အထူးမရှိဟူမှုတ်လေ။

၁၆၉။ ဝိကပ္ပနာပြုပုံ

မေး။ ။သင်္ကန်းကိုးထည်တို့၏ ဝိကပ္ပနာပြုပုံကို အဘယ်သို့မှုတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအဓိပ္ပါယ်မှာ-

ဒွေ ဝိကပ္ပနာ သမ္မုခါဝိကပ္ပနာ စ ပရမ္မုခါဝိကပ္ပနာ စ။ ကထံ သမ္မုခါဝိကပ္ပနာ ဟောတိတိ? စီဝရဉ္စ ကောဇဟုဒ္ဒေသံ, သန္ဓိဟိတာသန္ဓိဟိတဘာဝေ ဥတ္တာ "ဣမံ စီဝရဉ္စိ ဝါ, ဣမာနိ စီဝရာနိတိ ဝါ, တေ စီဝရဉ္စိ ဝါ, တေသာနိ စီဝရာနိတိ ဝါ ဝတ္တာ တုယ္ဟံ ဝိကပ္ပေမိ" တိ ဝတ္တဗ္ဗံ၊ အယမေကာ သမ္မုခါဝိကပ္ပနာ။ ဧတ္တာဝတာ နိဓေတုံ ဝဋ္ဋတိ၊ ပရိဘုဉ္ဇိတုံ ပန ဝိဿဇ္ဇေတုံ အဓိဋ္ဌာတုံ ဝါ န ဝဋ္ဋတိ။ "မယှံ သန္တကံ, မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ" တိ ဧဝံ ပန ဝုတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ။ တတော ပဘုတိ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ-

ဟု ပဌမက ထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌လာသည်။ မာတိကာအဋ္ဌကထာ သုရာပါနဝဂ် ဝိကပ္ပနသိက္ခာပုဒ်အဖွင့်၌ နှံညှဲးတူလာသည်။

သာရတ္ထဒီပနီဋီကာ၌-

သမ္မုခါဝိကပ္ပနာ ပရမ္မုခါဝိကပ္ပနာတိ ဧတ္ထ သမ္မုခေန ဝိကပ္ပနာ ပရမ္မုခေန ဝိကပ္ပနာတိ ဧဝမတ္ထော ဂဟေတဗ္ဗော။ သန္ဓိဟိတာသန္ဓိဟိတဘာဝန္တိ အာသန္နဒူရဘာဝံ။ အာသန္နဒူရဘာဝေါ စ အဓိဋ္ဌာနေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။ ပရိဘောဂါဒယောပိ ဝဋ္ဋန္တီတိ ဧတ္ထ အဓိဋ္ဌာနသီသေန အန္တောဂဓတ္တာ သစေ သံဃဋ္ဌိအာဒိနာမေန အဓိဋ္ဌဟိတ္ဝာ ပရိဘုဉ္ဇိတုကာမော

ဟောတ်၊ အဓိဋ္ဌာနံ ကာဘဗ္ဗံ။ နော်ဝ စေ၊ နု ကာတဗ္ဗံ၊ ဝိကပ္ပနမေဝ ပမာဏံ၊ တသ္မာ အတိရေကစီဝရံ နာမ နု ဟောတီ-ဦးဟု ဖွင့်ဟော်မူသည်။

ဝိမတိဝိနောဒနီဋီကာ၌သည်း-

သမ္မုခေ ပဝတ္တာ သမ္မုခါတိ ပစ္စတ္တဝစနံ၊ တဥ္စ ဝိကပ္ပနဝိသယသနံ၊ တသ္မာ "သမ္မုခေ"တိ ဘုမ္မတ္ထေ နိဿက္ကဝစနံ ကတ္ဝာပိ အတ္ထံ ဝဒန္တိ၊ အာဘိမုခေတိ အတ္ထော။ အထ ဝါ သမ္မုခေန အတ္တနော ဝါစာယ ဧဝံ ဝိကပ္ပနာ သမ္မုခါဝိကပ္ပနာ။ ပရမ္မုခေန ဝိကပ္ပနာ ပရမ္မုခါဝိကပ္ပနာတိ ကရဏတ္ထေနာပိ အတ္ထော ဒဋ္ဌဗ္ဗော၊ ဧယမေဝ ပါဠိယာ သမေတိ။ သန္နိဟိတာသန္နိဟိတဘာဝဝန္တိ အာသန္နဒူရဘာဝံ။ တ္ထော ဝတာ နိဓေတုံ ဝဋ္ဋတီတိ တ္ထော ဧကေန ဝိကပ္ပနာကိစ္စသာ နိဋ္ဌိတတ္တာ၊ အတိရေကစီဝရံ နု ဟောတီတိ ဒသာဟာတိက္ကမေ နု နိဿဂ္ဂိယံ ဇနေတီတိ အဓိပ္ပာယော။ ပရိဘုဉ္ဇိတုံ။ ပ။ နု ဝဋ္ဋတီတိ သယံ အပစ္စုဒ္ဓရဏံ ပရိဘုဉ္ဇနေန ပါစိတ္တိယံ, အဓိဋ္ဌာနေ ပရေသံ ဝိဿဇ္ဇနေ ဒုက္ကဋဉ္စ သန္ဓာယ ဝုတ္တံ။

ပရိဘောဂါဒဒယာပိ ဝဋ္ဋန္တိတိ ပရိဘောဂ ဝိဿဇ္ဇနအဓိဋ္ဌာနာနိပိ။ အပိ သဒ္ဒေန နိဓေတုမ္ပိ ဝဋ္ဋတီတိ အတ္ထော၊ ဧတေန စ ပစ္စုဒ္ဓါရေပိ ကဒေဘ စီဝရမ္ပိ ဝိကပ္ပိတစီဝရမေဝ ဖဟ္ဟာတိ၊ နာဓိဋ္ဌာနဝိကပ္ပနာကိစ္စဝရိ။ တ ပန တစ်ဝဏ္ဏဒနာမေန အဓိဋ္ဌာတုကာမေန အဓိဋ္ဌဟိတဗ္ဗံ၊ ဣဒဉ္စ ရေန ဝိကပ္ပိတစီဝရမေဝ ကတ္ဝာ ပရိဘုဉ္ဇိတဗ္ဗန္တိ ဒဿေတိ-

ဟု ဆိုတော်မူသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာကိုထောက်၍ နှစ်တောင်ထဲ့ဟဋ္ဌပါသိအတွင်း၌ သင်္ကန်းတထည်ဖြင့်မူ "ဣမံ စီဝရံ တုယ်ံ ဝိကပ္ပေမိ"၊ သင်္ကန်းအများဖြစ်မူ "ဣမာနိ စီဝရာနိ တုယ်ံ ဝိကပ္ပေမိ" ဟု ဆိုရမည်။

နှစ်ကောင်ထွာ ဟတ္ထပါသ်မူ အပဋ္ဌ သက်နှံးတထည်ဖြင်မူ "ဧတံ စီဝရံ တုယ့ံ ဝိကပွေမိ"၊သက်နှံးအများဖြစ်မူ"ဧတာနိ စီဝရာနိ တုယ့ံ ဝိကပွေမိ"ဟု ဆိုရမည်။

ထိုဝိကပ္ပနာပြုရာ၌ သက်နှံးမိမိကျောင်း၌ရှိသည်။ တပါးကျောင်း၌ ရဟန်းဖော်ရှိရာကနေ၍ ထားသောကျောင်း၌ သက်နှံးကိုမှတ်၍ "ဧတံ စီဝရံ, ဧတာနိ စီဝရာန် တုယ့ံ ဝိကပွေမိ"ဟု ပြုသော်လည်းအပ်သည်။

ထိုဝိကပ္ပနာပြုရုံမျှနှင့် မသုံးဆောင်ပဲ သူဘပါးကို မပေးပဲထားမူ ထားအပ်သည်။ သုံးဆောင်လိုမူ အဓိဋ္ဌာန်တင်လိုမူ သူဘပါးကိုပေးလိုမူ ဝိကပ္ပနာပြုခံသော ရဟန်းက ပြန်၍ သက်နှံးတထည်ဖြစ်လျှင် "မယ့ံ သန္တကံ"၊ သက်နှံးအမျာဖြစ်လျှင် "မယ့ံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"ဟု ဆို၍ ပစ္စုဒ္ဓိရ်ပြုမှုအပ်သည်။

ဤအရာ၌ တပါးသောရဟန်းထံ ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရ်မပြန်ပဲ သိမ်းထားသောသက်နှံးကို နောင်တဖန် သုံးဆောင်လို၍ဖြစ်စေ၊ အဓိဋ္ဌာန်တင်လို၍ဖြစ်စေ၊ ပေးစွန့်လို၍ဖြစ်စေ တပါးသော ရဟန်းထံ တဖန် ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရ်ပြုပြန်သော်လည်း အပ်သည်ဟု မှတ်။

၁၇၀။ အဓိဋ္ဌာန်ချက် ဝိကပ္ပနာပြုရ-မပြုရ

ဓမး။ ။အကြင်ရဟန်းသည် ဝိကပ္ပနာပြု၍ထားသော သက်နှံးကို တိစီဝရိတ်အဓိဋ္ဌာန်ဘင်၍ဆောင်ထု တဖန်တိစီဝရိတ်အဓိဋ္ဌာန်ကိုပစ္စုဒ္ဓိရ်ပြု၍ ဝိကပ္ပနာဖြင့်နေလိုမူ ရှေးပြုအပ်သောဝိကပ္ပနာနှင့် အပ်မည်လော။ ထိုသို့မဟုတ် ထပ်၍ပြုရဦးမည်လော။

ဖြေ။ ။ထိုအဓိပ္ပာယ်မှာ—

အဓိဋ္ဌိတကာလတော ပဋ္ဌာယ နဝိကပ္ပိတဗ္ဗာနိတိ ဝိကပ္ပေန္တေန် အဓိဋ္ဌာနတော ပုဗ္ဗေ ဝါ ဝိကပ္ပေဘဗ္ဗံ၊ ဝိဇဟိဘာ-

ဓိဋ္ဌာနံ ဝါ ပစ္ဆာ ဝိကပ္ပေဘဗ္ဗံ။ အဝိဇဟိဘာ ဓိဋ္ဌာနံ ပန နဝိကတ္ပေတဗ္ဗံ-

ဟု သာရတ္ထဒီပနီဋီကာ ပရိဝါအဋ္ဌကထာအဖွင့်၌ မိန့်ဆိုထားတော်မူသည်။

အဓိဋ္ဌိတကာလတော ပဋ္ဌာယ နဝိကပ္ပေဘဗ္ဗာနီတိ၊ ဟူသည် ကား။ ဝိကပ္ပေမဋ္ဌေန၊ ဝိကပ္ပနာပြုသော ရဟန် သည်၊ အဓိဋ္ဌာနတော၊ အဓိဋ္ဌာန် တင်သည်မှ။ ပုဗ္ဗေ ဝါ၊ ရှေး၌လည်း။ ဝိကပ္ပေဘဗ္ဗံ၊ ဝိကပ္ပနာပြုအပ်၏။ ဝိဇဟိတာဓိဋ္ဌာနံ၊ စွန့်အပ်သော အဓိဋ္ဌာန်ရှိသောသက်နှံးကို။ ပစ္ဆာ ဝါ၊ နောက်မှလည်း ဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာပြုအပ်၏။ အဝိဇဟိဘာဓိဋ္ဌာနံ ပန၊ မစွန့်သော အဓိဋ္ဌာန်ရှိသော သက်နှံးကိုကား။ နဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာမပြုအပ်။

ထိုဋီကာပါဠိဖြင့် အဓိဋ္ဌာန်မတင်မီပြုသော ဝိကပ္ပနာ၊ အဓိဋ္ဌာန်ကို ချ၍ပြုသော ဝိကပ္ပနာအား ဖြင့် နှစ်ပါးရှိသည်ဟု ပြတော်မူသည်။

ထိုဋီကာပါဠိကိုပင်ထောက်၍ သက်နှံးကို ဝိကပ္ပနာမပြုပဲ အဓိဋ္ဌာန် တင်၍ ဆောင်ခြင်း, ဝိကပ္ပနာပြုပြီးသက်နှံးကိုအဓိဋ္ဌာန်တင်၍ဆောင်ခြင်း အား ဖြင့်နှစ်ပါးရှိသည်ဟု မှတ်ယူသင့်သည်။

ထိုနှစ်ပါးတို့ဟုင် အကြင်ရဟန်းသည် သက်နှံးရသောအခါ ဆယ်ရက် ကို မလွန်စေမူ၍ ဝိကပ္ပနာမပြုပဲ တိစီဝရိတ်အဓိဋ္ဌာန်ကိုတင်၍ ဆောင်၏။ ထိုရဟန်းသည် တစ်ဖန် တိစီဝရိတ်ကိုမဆောင်လို၍ အဓိဋ္ဌာန် ချသည်ဖြစ်၍၊ ထိုသက်နှံးကို ဝိကပ္ပနာဖြင့် ထားလိုမူ ထပ်၍ ပြုဖွယ်မရှိ၊ ရှေးကပြုပြီးဝိပ္ပနာဖြင့်ပင် အပ်သည်။

အကြင်ရဟန်းသည် ပဌမက ဝိကပ္ပနာပြု၍ ထား၊သော သက်နှံးကို တိစီဝရိတ် အဓိဋ္ဌာန်တင်၍ ဆောင်၏။ ထိုရဟန်းသည် တိစီဝရိတ်ကို မဆောင်လိုမူ၍ အဓိဋ္ဌာန် ချသည်ဖြစ်အံ့၊ ထိုသက်နှံးကို ဝိကပ္ပနာဖြင့် ထားလိုမူ ထပ်၍ ပြုဖွယ်မရှိ၊ ရှေးကပြုပြီးဝိပ္ပနာဖြင့်ပင် အပ်သည်။

စိဝရာနံ ကေဗဟုဘာဝံ, သန္ဒိဟိတာသန္ဒိဟိတဘာဝဉ္စ တ္ဝာ "ဣမံ စိဝရန္တိ ဝါ, ဣမာနိ စိဝရာနိတိ ဝါ, တေံ စိဝရန္တိ ဝါ, တောနိ စိဝရာနိတိ ဝါ ဝတ္ဝာ တုယ္ဟံ ဝိကပ္ပေမိ"တိ ဝတ္တဗ္ဗံ၊ အယ မေကာ သမ္မုခါဝိကပ္ပနာ။ တ္တောဝတာ နိဓေတုံ ဝဋ္ဋတိ၊ ပရိဘုဉ္ဇိတုံ ပန ဝိဿဇ္ဇေတုံ ဝါ အာဓိဋ္ဌာတုံ ဝါ န ဝဋ္ဋတိ။ "မယ္ဟံ သန္တိကံ, မယ္ဟံ သန္တိကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ"တိ ဧဝံ ပန ဝုတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ။ တတော ပဘုတိ ပရိဘောဂါဒယော ပိ ဝဋ္ဋန္တိ— ဟုလာသော ပဌမကထိနသိက္ခာပုဒ်အဖွင့် အဋ္ဌကထာကိုထောက်။

ထိုအဋ္ဌကထာ၌ "စိဝရာနံ ကေဗဟုဘာဝံ။ ပ။ နိဓေတုံ ဝဋ္ဋတိ" ဟူသော ပါဠိဖြင့် ဝိကပ္ပနာပြုခြင်းကိစ္စပြီး၍ ဒသာဟ္ဘာတိကင်္ဂန္တိ ဖြစ်သော် လည်း အာပတ်မသင့်ကြောင်းကို ပြတော်မူသည်။ "ပရိဘုဉ္ဇိတုံ ပန။ ပ။ အဓိဋ္ဌာတုံ ဝါ ဝဋ္ဋတိ" ဟူသော ပါဠိဖြင့် ထိုသို့ဝိကပ္ပနာပြုခြင်းပြီးရုံမျှနှင့် ဝတ်ရုံသုံးဆောင်ခြင်း, သူဘပါးကိုပေးခြင်း, အဓိဋ္ဌာန်တင်ခြင်းငှါမအာပ်သေးဟု ပြတော်မူသည်။ "မယ္ဟံ သန္တကံ။ ပ။ ပရိဘောဂါဒယော ပိ ဝဋ္ဋန္တိ" ဟူသော ပါဠိဖြင့် ဤကဲ့သို့ ဝိကပ္ပနာပြုပြီး ပစ္စုဒ္ဓိရ်ပြုမှ ဝတ်ရုံသုံးဆောင်ခြင်း, သူဘပါးအားပေးခြင်း, တိစီဝရိတ်အဓိဋ္ဌာန်တင်ခြင်း, ပရိက္ခာရစောဠအဓိဋ္ဌာန်တင်ခြင်းငှါ အပ်သည်ဟု ပြတော်မူသည်။

ထိုအဋ္ဌကထာ၌ "ဣမံ စိဝရံ တုယ္ဟံ ဝိကပ္ပေမိ" ဟု ဆို၍ ဝိကပ္ပနာပြုရာ ဝိကပ္ပနာပြန်သောခဟန်းက တဖန် "မယ္ဟံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ" ဟု ဆို၍ ပစ္စုဒ္ဓိရ်ပြုသော် လည်း ဝိကပ္ပနာပြုခဲ့သောခဟန်းက မိမိဥစ္စာအဖြစ်မှုမစွန့်အပ်သော အသီးဝိနည်းကံဖြစ်၍ ပြုအပ်သော ဝိကပ္ပနာသည် မပျက်ဟု ပြတော်မူသည်။ ထိုသို့ ဝိကပ္ပနာပြုခဲ့သော သက်ဒ်းကို အဓိဋ္ဌာန်တင်ရာ "ဣမံ သံဃဿ အဓိဋ္ဌာမိ" ဟု ဆို၍ တင်သည်၊ ထိုအဓိဋ္ဌာန်ကို ချပြန်ရာ၌လည်း "ဣမံ သံဃဿ ပစ္စုဒ္ဓရာမိ" ဟု ဆို၍ ချသည်။ ရှေပြုအပ်သော ဝိကပ္ပနာဝိနည်းကံကို စွန့်သည့်အရာမဟုတ်ဖြစ်သည်"ထို့ကြောင့် ပဌမက ဝိကပ္ပနာ

ပြုသော သင်္ကန်းကို အဓိဋ္ဌာန်တင်၍ဆောင်ရာ ထိုအဓိဋ္ဌာန်ကို စွန့်သော်သည်း ဝိကပ္ပနာထပ်၍ ပြုဖွယ်မရှိ၊ ရှေးပြုသော ဝိကပ္ပနာဖြင့်ပင် အပ်သည်ဟု မှတ်ယူသင့်သည်။

ပါတိမောက္ခဗဒ္ဓတ္ထအနုဝဏ္ဏနာ၌—

သဟဓမ္မိကောဟိ ဝိကပ္ပနံ ကရောန္တော်သာ ဘိက္ခုနော ပတိ ပုန ဥဒ္ဓရိတဗ္ဗံ ဒါတဗ္ဗံ အာနေနာတိ ပစ္စုဒ္ဓရဏံ၊ ဝိနယကမ္မသော်တံ နာမံ—

ဟူ၍လည်းကောင်း၊

ပစ္စုဒ္ဓရဏော ကတော ပန ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ၊ ကသ္မာ ပဋ္ဌာဟိ သဟဓမ္မိကောဟိ အတ္တာနော သန္တကတ္တံ အမော-စေတ္ဝာ ကတပါဒ္ဓေက္ကဝိနယကမ္မတ္တာ စ ဝိကပ္ပနာနန္တရံ ဝုတ္တ-ဝသေန အတ္တနော ဝိကပ္ပိတစီဝရသော ပဝတ္တတ္တာ စ—

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူသည်။

ပစ္စုဒ္ဓရဏံ-ကို "ပတိ ဥဒ္ဓရိတဗ္ဗံ အနေနာတိ ပစ္စုဒ္ဓရဏံ" ဟု ကရဏသာဓနဝိဂြိုဟ်ကို ပြတော်မူသည်။ အနေန၊ ဤဝိနည်းကံဖြင့်။ ပတိ၊ တဖန်ပြန်၍။ ဥဒ္ဓရိတဗ္ဗံ၊ ပေးအပ်၏။ ဤတိ တသ္မာ၊ ထိုသို့ပေးအပ်ကြောင်း ဖြစ်သောကြောင့်။ ပစ္စုဒ္ဓရဏံ၊ ပစ္စုဒ္ဓရဏမည်၏။ ပတိ-ရှေး, ဥ-ရှေးရှိ၊ ဓရ-ဓာတ်၊ ယု-ပစ္စည်း၊ ပတိ-သဒ္ဒါ ပုန-အနက်ဟော၊ ဓရ-ဓာတ်သည် ပေးခြင်းအနက်ဟော။ မယုံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ-ဟု ပြုသောဝိနည်းကံသည် တဖန်ပြန်ပေးခြင်း၏ အကြောင်းဖြစ်သောကြောင့် ပစ္စုဒ္ဓရဏမည်၏။

အဓိဋ္ဌာန်ကို ပစ္စုဒ္ဓိရ်ပြုရာ ပစ္စုဒ္ဓ်ရာမိ-ဟူသောပုဒ်မှာ ပတိ-ရှေး, ဥ-ရှေးရှိသော ဓရ-ဓာတ်သည် စွန့်ခြင်းအနက်ကို ဟောသည်ဖြစ်၍ တင်ထားသောအဓိဋ္ဌာန်ကို ရှုးရှု၍ စွန့်ခြင်းရှိသောသင်္ကန်းသည် ပစ္စု-ဒ္ဓါရမည်၏။ ထို့ကြောင့် ဝိနယဝိဒူဟိ ဘဒ္ဒန္တာဒ္ဝိ—

ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိဘိ ဣမံ သံဃာဋိံ အဓိဋ္ဌာနံ ဥက္ခိပါမိ ပရိစ္စဇာမိဘိ အတ္ထော—
ဟု မိန့်ဆိုတော်မူ၏။

ဤသို့လျှင် ဝိကပ္ပနာပြုနိုင်သော ပစ္စုဒ္ဓိရ်, အဓိဋ္ဌာန်ချသော ပစ္စုဒ္ဓိရ်နှစ်ပါး၏ အထူးကိုမှတ်လေ။

၁၇၁။ သပိတ်ကို အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုပုံ

မေး။ ။သပိတ်ကို အဘယ်သို့ အဓိဋ္ဌာန်ဝိကပ္ပနာပြုရပါသနည်း။

ဖြေ။ ။ထိုအဖြေမှာ—"ဒေ့ ပတ္တသ အဓိဋ္ဌာနာ ကာယေန ဝါ အဓိဋ္ဌာတိ၊ ဝါစာယ ဝါ အဓိဋ္ဌာတိ" စသည်ဖြင့် ပဌမပတ္တသိက္ခာပုဒ်အဖွင့် အဋ္ဌကထာဋီကာသော်ကြောင့် နှစ်တောင်ထဲ့ ဟတ္ထပါသ်ဖြစ်မူ အဓိဋ္ဌာန်တင်သော သပိတ်ဟောင်းကို ပစ္စုဒ္ဓိရ်ပြု၍ အသစ်ဖြစ်သော ပမာဏနှင့်ယှဉ်သော သပိတ်ကို "ဣမံ ပတ္တံ အဓိဋ္ဌာမိ" ဟုဆို၍ အဓိဋ္ဌာန်တင်ရမည်။နှစ်တောင်ထဲ့ဟတ္ထပါသ်မှ အပဖြစ်မူ "ဧတံ ပတ္တံ အဓိဋ္ဌာမိ" ဟု အဓိဋ္ဌာန်တင်ရမည်။ ဤသို့ သပိတ်ကိုအဓိဋ္ဌာန်တင်ရာ၌ ကာယ,ဝါစာဖြင့် တင်ပုံနှစ်ပါးမှာ သက်နိုးတင်ပုံနှင့် နည်းတူမှတ်လေ။

ထိုသပိတ်ကို အဓိဋ္ဌာန်တင်ရာ၌ တလုံးသာအပ်သည်။ နှစ်လုံး မအပ်ဟု မှတ်။ ထို့ကြောင့်—

သစေ ကောစိ ဒဿ ပတ္တော လဘိတ္ထာ သဗ္ဗေဝ အတ္တနာဝ ပရိဘုဉ်တုကာမော ဟောတိ၊ နသဗ္ဗေ အဓိဋ္ဌာတဗ္ဗာ။ ဧကံ ပတ္တံ အဓိဋ္ဌာယ ပုနဒိဝသေ တံ ပစ္စုဒ္ဓရိတ္ထာ အညော အဓိဋ္ဌာတဗ္ဗော။ ဧတေနုပါယေန ဝဿသတမ္ပိ ပရိဟရိတုံ သက္ကာ—
ဟု ဂင်းအဋ္ဌကထာ၌ လာသည်။ မာတိကာအဋ္ဌကထာ၌ နည်းတူလာသည်။

အဓိပ္ပါယ်ကား–သပိတ်ဆယ်လုံးမှာ တလုံးကို အဓိဋ္ဌာန်တင်၍တရက်ရလျှင် အဓိဋ္ဌာန်ကိုစွန့်၍ တလုံးကိုဘင်ပြန်, တရက်ရလျှင်စွန့်ပြန်, တလုံးကိုတင်ပြန်၊ ဤသို့ပြုလျှင် ဆယ်ရက်ကိုမလွန်ခင် သပိတ်ဆယ်လုံးကိုပင် အဓိဋ္ဌာန်တင်သောကြောင့် အပ်သည်ဟူလို။

ထိုအဓိဋ္ဌာန်တင်သောသပိတ်၏ အဓိဋ္ဌာန်ကျခြင်းကိုလည်း–

ယော ပနဿ ပတ္တော မုခဝဋ္ဋိတော ဟေဋ္ဌာ ဒုဂ်ုလမတ္တော· ကာသတော ပဋ္ဌာယဲ ယတ္ထ ကတ္ထစိ ကဂ်ုသိတ္ထနိကွမနုမတ္တေန ဆိဒ္ဒေန ဆိဒ္ဒေါ ဟောတိ၊ သော အဓိဋ္ဌာနုပဂေါ နာ ဟောတိ။ ပုန ဆိဒ္ဒေ ပါကတိကေ ကတေ အဓိဋ္ဌာတဗ္ဗော၊ သေသံ အဓိဋ္ဌာနဝိဇဟနံ တိစီဝရေ ဝုတ္တနယမေဝ–

ဟု လာသောမာတိကာအဋ္ဌကထာကို ထောက်၍ တိစီဝရိတ်သက်နိုး အဓိဋ္ဌာန်ကျသော အင်္ဂါရှစ်ပါးအတိုင်းမှတ်ရမည်။

အဓိဋ္ဌာန်တင်သောသပိတ်ပေါက်ခြင်းမှာ အနားလက်နှစ်သစ်မှစ၍ အမှတ်မရှိသောနေရာ၌ ဆတ်ထမင်းလုံးထွက်ရုံမျှ ပေါက်သော်လည်း အဓိဋ္ဌာန်ကျသည်။ ပြကတော့ဖော၍ အဓိဋ္ဌာန်တင်ရမည်ဟု မှတ်။

ပဌမပတ္တသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌ကား–

ကိတ္တကေန ဆိဒ္ဒေန အဓိဋ္ဌာနံ ဘိဇ္ဇတိ? ယေန ကဂ်ုသိတ္ထံ နိက္ခမတိ ဧစဝ ပဝိသတိ စ။ ဣဒံ ဟိ သတ္တန္နံ ဓညာနံ လာမကဓညသိတ္ထံ။ တသ္မိံ အယစုဏ္ဏေန ဝါ အာဏိယာ ဝါ ပဋိပါကတိကေ ကတေ ဒဿာဟဿာန္တရေ ပုန အဓိဋ္ဌာတဗ္ဗော–ဟု ဆိုတော်မူ၏။ ဤကား သပိတ် အဓိဋ္ဌာန်တင်ပုံ, အဓိဋ္ဌာန်စွန့်ပုံ အရတည်း။

ဝိကပ္ပနာပြုပုံကိုလည်း–

ဝိကပ္ပေန ပန ဒွေ ဝိကပ္ပနာ သမ္မုခါဝိကပ္ပနာ စ ပရမ္မုခါဝိကပ္ပနာ စ။ ကထံ သမ္မုခါဝိကပ္ပနာ ဟောတိ? ပတ္တာနံ ကေဓဟုဘာဝံ, သန္ဓိဟိတာသန္ဓိဟိတဘာဝဉ္စ ဉတွာ "ဣမံ ပတ္တံ ဒိ

ဝါ, ဣမေ ပတ္တေတိ ဝါ,တေံ ပတ္တန္တိ ဝါ,ဧတေ ပတ္တေတိ ဝါ ဝတ္ဘာ တုယ္ဟံ ဝိကပ္ပေမိ''တိ ဝတ္တဗ္ဗံ။ အယမေကာ သမ္ဘဒါ-ဝိကပ္ပနာ။ တ္တောဝတာ နိဒ္ဒေတုံ ဝဋ္ဋတိ၊ ပရိဘုဉ္ဇိတုံ ဝါ ဝိဿဇ္ဇေတုံ ဝါ အဓိဋ္ဌာတုံ ဝါ န ဝဋ္ဋတိ။ ''မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ''တိ ဧဝံ ပန ဝုတ္တေ ပစ္စုဒ္ဓါရော နာမ ဟောတိ၊ တတော ပဘုတိ ပရိဘောဂါဒယောပိ ဝဋ္ဋန္တိ—

ဟု လာသော ပဌမပတ္တာသိက္ခာပုဒ်အဖွင့် အဋ္ဌအထာကိုထောက်၍ နှစ်တောင်ထွာ ဟတ္ထပါသ် အတွင်း၌ သပိတ်တလုံးဖြစ်မူ ''ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ''ဟုဆိုရမည်။ သပိတ်အများဖြစ်မူ ''ဣမေ ပတ္တေ တုယှံ ဝိကပ္ပေမိ''ဟု ဆိုရမည်။ နှစ်တောင်ထွာမှ အပ၌ဖြစ်မူ သပိတ်တလုံးမှာ ''တေံ ပတ္တံ တုယှံ ဝိကပ္ပေမိ''ဟု ဆိုရမည်။ သပိတ်အများဖြစ်မူ ''ဧတေ ပတ္တေ တုယှံ ဝိကပ္ပေမိ''ဟု ဆိုရမည်။

ထိုသို့ဝိကပ္ပနာပြုရုံမျှသာ ဖြစ်သော သပိတ်ကို သိမှီး၍ထားရုံမျှသာ အပ်သေးသည်။ ထိုသို့ပြု၍ထားလျှင် ဆယ်ရက်ကို လွန်သော်လည်း အာပတ်မသင့်ဟု ဆိုလိုသည်။ သုံးဆောင်ခြင်းငှါ,အဓိဋ္ဌာန်တင်ခြင်းငှါ, သူဘပါးကိုပေးခြင်းငှါ မအပ်ကုန်သေး။ ဝိကပ္ပနာပြုခံသောရဟန်းက ''မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ ဝါ ကရောဟိ''ဟုဆို၍ ပစ္စုဒ္ဓိရ်ပြုပေးမှ သုံးဆောင်ခြင်း,အဓိဋ္ဌာန်တင်ခြင်း' သူတပါးအားပေးခြင်းငှါ အပ်သည်။

အထူးမူတ်ရန်ကား သပိတ်ကိုအဓိဋ္ဌာန်တင်မူ တလုံးသာအပ်သည်။ အကြွင်းရှိလျှင် ဝိကပ္ပနာပြုရမည်။ အဓိဋ္ဌာန်မတင်လို၍ ဝိကပ္ပနာချည်းသာ ပြုလိုမူလည်း အဓိဋ္ဌာန်မတင်ပဲ သပိတ်ရှိသမျှအကုန်ပင် ဝိကပ္ပနာချည်းသာပြုရမည်။ ဝိကပ္ပနာပြုရာမှာ တလုံးကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရ်ပြု၍ သုံးဆောင်မူ ကြွင်းသောသပိတ်တို့ကို ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရ်ပြန်မပြုပဲ သိမှီး၍ထားပြီးမှ အသုံးကျသောအခါ သုံးဆောင်လို၍

ဖြစ်စေ၊ သူတပါးကို ပေးလို၍ဖြစ်စေ၊ အဓိဋ္ဌာန်တင်လိုၿဖစ်စေ ဇာပန်ရဟန်းတပါးထံ ဝိကပ္ပနာပြုပြန်၍ ပစ္စုဒ္ဓိရ်ပြုသဖြင့် သုံးဆောင်အပ်, ပေးအပ်, အဓိဋ္ဌာန်တင်အပ်သည်။ ရှေးအဓိဋ္ဌာန်တင်အပ်သောသပိတ်ကို ပစ္စုဒ္ဓိရ် မပြုပဲ နောက်ရသောသပိတ်ကို ဝိကပ္ပနာ ပြုအပ်သည်။ ထို့ကြောင့် မာတိကာအဋ္ဌကထာဌ်–

အပ္ပစ္စုဒ္ဓရန္တေန ဝိကပ္ပေတဗ္ဗော–

ဟု ဆိုတော်မူသည်။ လီနတ္ထပကာသနီဋီကာဌ်လည်း–

အပ္ပစ္စုဒ္ဓရန္တေန ဝိကပ္ပေတဗ္ဗောတိ ပုရာဏပတ္တံ အပ္ပစ္စုဒ္ဓရန္တေန နဝေါ ပတ္တော ဝိကပ္ပေတဗ္ဗောတိ အတ္ထော၊ ဌပေတဗ္ဗောတိ အဓိပ္ပါယော–

ဟု ဖွင့်တော်မူသည်။

၁၇၂။ သပိတ်၏ ဇာတိ ပမာဏ

မေး။ ။အဓိဋ္ဌာန်တင်အပ်သော သပိတ်၏ ဇာတ်, ပမာဏ်ကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ ပဌမပတ္တသိက္ခာပုဒ်၏ ပဒဘာဇနီယဝါဋ္ဌေတော်၌–

ပတ္တော နာမ ဒွေ ပတ္တာ အယောပတ္တော မတ္တိကာမယတ္တောတ်။ တယော ပတ္တာဿ ဝဏ္ဏာ ဥက္ကဋ္ဌော ပတ္တော မဇ္ဈိမော ပတ္တော သြမကော ပတ္တော။ ဥက္ကဋ္ဌော နာမ ပတ္တော အဆွာဋ္ဌကောဒနံ ဂဏှာတိ စတုဘာဃံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။ မဇ္ဈိမော နာမ ပတ္တော နာဠိကောဒနံ ဂဏှာတို့ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။ သြမကော နာမ ပတ္တော ပတ္ထောဒနံ ဂဏှာတိ စတုဘာဂံ ခါဒနံ တဒုပိယံ ဗျဉ္ဇနံ။ တတော ဥက္ကဋ္ဌော အပတ္တော သြမကော အပတ္တောဧ–

ဟု ဟောတော်မူသည်။

ဂုင်းအဖွင့်အဋ္ဌကထာဋီကာလည်း-

တယော ပတ္တာသဲ ဝဏ္ဏာတိ တီဏိ ပတ္တာသ ပမာဏာနိ။ အစ္ဆာဋကောဒနံ ဂဏ္ဍာတိတိ မဂဓနာဠိယာ ဒ္ဝိန္နံ တဏ္ဍုလ-နာဠီနံ ဩဒနံ ဂဏ္ဍာတိ။ မဂဓနာဠိ နာမ အဆုတေရသပလာဟောတိတိ အန္ဓကဋ္ဌကထာယံ ဝုတ္တံ။ သီဟဋဒီပေ ပကတိနာဠိ မဟန္တာ၊ ဒမိဋနာဠိ ခုဒ္ဒကာ၊ မဂဓနာဠိ ပမာဏယုတ္တာ၊ တာယ မဂဓနာဠိယာ ဒီယဓုနာဠိ ကော သီဟဋနာဠိ ဟောတီတိ မဟာအဋ္ဌကထာယံ ဝုတ္တံ။ စတုဘာဂံ ခါဒနန္တိ ဩဒနဿ စတု-ဋ္ဌဘာဂပူမာဏံ ခါဒနံ၊ တံ ဟဋ္ဌဟာရိယဿ မုဂ္ဂသူပဿ ဝသေန ဝေဒိတဗ္ဗံ။

တဒုပိယံ ဗျဉ္ဇနန္တိ တဿ ဩဒနဿ အနုရူပံ မစ္ဆမံသသာက-ဖလကဋ္ဌာဒိဗျဉ္ဇနံ။ နာဠိကောဒနန္တိ မဂဓနာဠိယာ ကောယ တဏ္ဍုလနာဠိယာ ဩဒနံ။ ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပ-ဓုနာဠိကောဒနံ-

ဟု ဖွင့်တော်မူသည်။

သာရတ္ထဒီပနီဋီကာ၌-

"မဂဓနာဠိ နာမ ဆပသတာ နာဠိ"တိ ကေစိ။ "အဋ္ဌ-ပသတာ"တိ အပရေ။ တတ္ထ ပုရိမာနံ မတေန တိပသတာယ နာဠိယာ ဒ္ဝေ နာဠိယော ကော မဂဓနာဠိ ဟောတိ ပစ္ဆိမာနံ စတုပသတာယ နာဠိယာ ဒ္ဝေ နာဠိယော ကော မဂဓနာဠိ။ အာစရိယဓမ္မပါလတ္ထေရေန ပန "ပကတိယာ စတုမုဋ္ဌိကံကုဋုံ၊ စတုကုဋုံ နာဠိကံ၊ တာယ နာဠိယာ သောဋသ နာဠိယော ဒေါဏံ၊ တံ ပန၊ မဂဓနာဠိယာ ဒ္ဝါဒသ နာဠိယော ဟောန္တီ"တိ ဝုတ္တံ၊ တသ္မာ တေန နယေန "မဂဓနာဠိ နာမ ပဉ္စ ကုဋုံ၊ ဒါနိ ကေဉ္စိ မုဋ္ဌိ ကောယ မုဋ္ဌိယာ တတိယဉ္စ ဘာဂံ ဂဏှာတီ"တိ ဝေဒိတဗ္ဗံ။

မဂဓနာဠိယာ ဥပဓုပမာဏော ဣဓ ပတ္ထောတိ အာဟ "ပတ္ထောဒနန္တိ မဂဓနာဠိယာ ဥပဓုနာဠိကောဒန"န္တိ။ ဣမိနာ စ "ပတ္ထဒ္ဝယံ မဂဓနာဠိ"တိ ဒဿိတံ ဟောတိ။ ပတ္ထော စ "စတုပလော ကုဍုဝေါ၊ စတုကုဍုဝေါ ပတ္ထော"တိ ဣမိနာ လောကိယဝေါဟာရေန ဝေဒိတဗ္ဗော—
ဟု ဖွင့်တော်မူသည်။
ဝိမတိဝေနာဒနီဋီကာ၌လည်း—

အဓုတေရသပလာတိ မာဂဓိကာယ မာနတုလာယ အဓုတေရသပလပရိမိတံ ဥဒကံ ဂဏှန္တံ သန္ဓာယ ဝုတ္တံ၊ တထာ ပရိမိတံ ယဝမာသာဒိံ ဂဏှန္တိံ သန္ဓာယာတိ ကေစိ။ အာစရိယဓမ္မပါလတ္ထေရေန ပန "ပကတိစတုမုဋ္ဌိကံ ကုဍုဝံ၊ စတုကုဍုဝံ နာဠိ၊ တာယ နာဠိယာ သောဠသ နာဠိယော ဒေါဏံ၊ တံ ပန မဂဓနာဠိယာ ဒွါဒသ နာဠိယော ဟောန္တိတိ ဝဒန္တိ"တိ ဝုတ္တံ။ ဒမိဠနာဠိတိ ပုရာဏနာဠိံ သန္ဓာယ ဝုတ္တံ။ သာ စ စတုမုဋ္ဌိကေဟိ ကုဍုဝေဟိ အဒ္ဓ ကုဍုဝေါ၊ တာယ နာဠိယာ ဒွေ နာဠိယော မဂဓနာဠိံ ဂဏှာတိ။ ပုရာဏာ ပန "သီဟဠနာဠိတိသော နာဠိယော ဂဏှာတိ" တိ ဝဒန္တိ၊ ဇတသံ မတေန မဂဓနာဠိ ဣဒါနိ ပဝတ္တမာနာယ စတုကုဍုဝါယ ဒမိဠနာဠိယာ စတုနာဠိကာ ဟောတိ၊ တတော မဂဓနာဠိတော ဥပဓုဠု ပုရာဏ-ဒမိဠနာဠိသဒ်ါတံ ဇတ္ထံ နာမ ဟောတိ၊ ဇတေန စ "သြမကော နာမ ပဒတ္ထော ပတ္ထောဒနံ ဂဏှာတိ"တိ ပါဠိဝစနဠု သမေတိ။

နဟိ သက္ကာ အဒ္ဓကုဍုဝတော ဥနောဒနဂါဟိနာ ပတ္တေန အထူပိကတံ ပတ္တပါတံ ပရိယေသိတ္ဝာ ယာပေတုံ" တေနေဝ ဝေရဉ္ဇကဏ္ဍဝဏ္ဏနာယံ "ပတ္ထော နာမ နာဠိမတ္တံ ဟောတီ ကေသဝ ပုရိသဿ အလံ ယာပနာယ။ ဝုတ္တမ္ပိ ဟေတံ 'ပတ္ထော-ဒနော နာလမယံ ဒုဝိန္နံ'ဒ်ိ" ဝုတ္တံ၊ "ကေကသ္ဝဲ ဒ္ဝိန္နံ တုဏ္ဍံ

ပဟ္ဘာတိ''တိ စ အာဂတံ၊ တသ္မာ ဣတ္ထန္နယာနုသာရေ-
နေဝ ဂဟေတပ္ပံ-
ဟု ဆိုတော်မူ၏။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဌ္ဌလည်း-

သော စ ခေါ ဇာတိတော ဒုဝိဓော ဟောတိ အယော-
ပတ္တော စ မတ္တိကာပတ္တော စာတိ။ ပမ္မာဏတော ပန နဝဝိဓော
ဟောတိ ဥက္ကဋ္ဌော ဥက္ကဋ္ဌောမကော်ာ ဥက္ကဋ္ဌုက္ကဋ္ဌော, မဇ္ဈိမော
မဇ္ဈိမောမကော မဇ္ဈိမုက္ကဋ္ဌော, ဩမကော ဩမကာမကော
ဩမကုက္ကဋ္ဌော စာတိ။ ယသ္မိ ပတ္တေ မုခဝဋ္ဋိယာ ဟေဋ္ဌိမ-
ဇိသမံ သုကောဋ္ဌိတပရိသုဒ္ဓေဟိ အနုပဟတေဟိ မဂဓနာဠိယာ
ဒ္ဝိနာဠိဟိ ပုရာဏသာလိတဏ္ဍုလေဟိ အဝဿာဝိတံ ကတ္ဝာ
ပစတိ အနုတ္တဏ္ဍုလ အကလန္ဒ အပဏ္ဍုတ သုဝသဒ ကုန္ဒမကုဋ-
ရာသိသဒိသံ ဩဒနဥ္စ, တသ္မာ စတုတ္ထဘာဂပ္ပမာဏံ နာတိဃနံ
နာတိတနုကံ့ ဟတ္ထဟာရိယံ သမ္ဗသမ္ဘာရသမ်ဒ်ံ မဂ္ဂသ္သုပဥ္စ, တထာ
ယာဝစရိမာလောပပ္ပဟောနကံ့ ဩဒနဿ စတုတ္ထဘာဂပ္ပမာဏံ
မစ္ဆမံသာဒိဗျဉ္ဇနဥ္စ ဂဏှာတိ၊ အယံ ဥက္ကဋ္ဌော နာမ။ တသ္မာ
ဥပဓုပ္ပမာဏော ပတ္တော မဇ္ဈိမော နာမ။ တသ္မာ ဥပဓုပ္ပမာဏော
ဩမကော နာမ။ တေသံ တီဏ္ဍံ ဥိနာဓိကပ္ပမာဏံ ယထာရဟံ
သေသပတ္တာနံ ပမာဏန္တိ ဝေဒိတပ္ပံ-
ဟု လာသည်။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ဖြင့် တိကျပုဂ္ဂိုလ်တို့သိရာ
၏။ မန္ဒပုဂ္ဂိုလ်တို့မှာ မဟာအောင်မြေဘုံစံ အုတ်ကျောင်း ဆရာတော်
ရေးသော ခုဒ္ဒသိက္ခာနိဿယဋ္ဌ-

ဆွမ်းချက်ပြီးနှစ်ပြီသား၊ ပဲဟင်းတခွက်သား၊ အမဲဟင်း
တခွက်သား၊ ငါးဟင်းတခွက်သား၊ ဤသို့အားဖြင့် ပေါင်း
သော် သုံးပြည်တခွက် ပမာဏဝင်သော သပိတ်သည် ဥက္ကဋ္ဌ
သပိတ်မည်၏။

ဤသို့အားဖြင့် ထိုသပိတ်၏ထက်ဝက် သုံးခွက်နှင့်တစလယ်ခန့် ဆွမ်းနှင့်ဟင်းဝင်သည်ကား မဇ္ဈိမသပိတ်မည်၏။

ဤသို့အားဖြင့် ထိုသပိတ်၏ထက်ဝက် သုံးစလယ်နှင့်တလမယ်ခန့် ဆွမ်းနှင့်ဟင်း ဝင်သည်ကား သြမကသပိတ်မည်၏—ဟု ဆိုတော်မူသည်။

ထိုစကား၌ ဥက္ကဋ္ဌသပိတ်, မဇ္ဈိမသပိတ်, သြမကသပိတ် သုံးလုံး၏ ပမာဏကိုပြသဖြင့် ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌောမက၊ ဥက္ကဋ္ဌုက္ကဋ္ဌ, မဇ္ဈိမ၊ မဇ္ဈိမောမက၊ မဇ္ဈိမုက္ကဋ္ဌ, သြမက၊ သြမကောမက၊ သြမကုက္ကဋ္ဌ၊ ဤသို့အားဖြင့် သပိတ်ကိုးလုံးပမာဏကို သိအပ်သည်။

ထိုတွင် သုံးပြည်တခွက်သားခန့် ဆွမ်းနှင့်ဟင်းဝင်သည်ကား ဥက္ကဋ္ဌသပိတ်မည်၏။ သုံးပြည်တခွက်အောက် အယုတ် သုံးခွက်တစလယ်မပြည့်မီအတွင်း ထက်ဝက်ဝင်သည်ကား ဥက္ကဋ္ဌောမကသပိတ်မည်၏။ သုံးခွက်တစလယ်မပြည့်မီ သုံးပြည်တခွက်အောက် အယုတ်အတွင်း ထက်ဝက်ဝင်သည်ကား မဇ္ဈိမုက္ကဋ္ဌ သပိတ်မည်၏။

သုံးစလယ်တလမယ်သားခန့် ဆွမ်းနှင့်ဟင်းဝင်သည်ကား သြမကသပိတ်မည်၏။ သုံးစလယ် တလမယ်အောက် ယုတ်၍ ဝင်သည်ကား သြမကောမက သပိတ် မည်၏။ သုံးစလယ် တလမယ်မပြည့်မီ သုံးခွက်တစလယ်အောက် အယုတ်အတွင်း ထက်ဝက်ဝင်သည်ကား သြမကုက္ကဋ္ဌ သပိတ်မည်၏ဟု မှတ်ရမည်။

ထိုကိုးလုံးသောသပိတ်တို့တွင် သုံးပြည်တခွက် ဝင်သည်ကစ၍ သုံးစလယ် တလမယ်တိုင်အောင် ဝင်သော ဥက္ကဋ္ဌ၊ ဥက္ကဋ္ဌောမက၊ မဇ္ဈိ-

မုက္ကဋ္ဌ၊ မဇ္ဈိမ၊ မဇ္ဈိမောမကာ၊ ဩမကုက္ကဋ္ဌ၊ ဩမကအားဖြင့် သပိတ်ခုနစ်လုံးသာ ပမာဏနှင့်ယှဉ်သော အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ်မည်သည်။

သုံးပြည်တခုက်ထက် လွန်၍ဝင်သော ဥက္ကဋ္ဌုက္ကဋ္ဌသပိတ်၊ သုံးစလယ်တလမယ်အောက် ယုတ်၍ဝင်သော ဩမကောမကသပိတ်၊ ဤသပိတ်နှစ်လုံးသည်ကား ပမာဏနှင့် မယှဉ်မူ၍ လွန်ခြင်း, ယုတ်ခြင်း ရှိသောကြောင့် သပိတ်မမည်ကုန်။အဓိဋ္ဌာနဲဝိကပ္ပနာမပြုအပ် မပြုကောင်းသော အာပတ္တိဖြစ်၍ အိုးခွက်အဖြစ်သာ သုံးဆောင်အပ်သည်ဟုမှတ်လေ။

ထို့ကြောင့် ပဌမပတ္တသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌-

> တေသု ဒ္ဝေ အာပတ္တာ ဥက္ကဋ္ဌုက္ကဋ္ဌော စ ဩမကောမကော စ။ တသ္မာ ဧတေ ဘာဇနပရိဘောဂေန ပရိဘုဉ္ဇိတဗ္ဗာ၊ နအဓိဋ္ဌာနုပဂါ နဝိကပ္ပနုပဂါ။ ဣတရေ ပန သတ္တ အဓိဋ္ဌဟိတ္ဝာ ဝါ ဝိကပ္ပေတ္ဝာ ဝါ ပရိဘုဉ္ဇိတဗ္ဗာ-

ဟု ဆိုတော်မူ၏။

ဤသို့လျှင် အမျိုးအားဖြင့် သံသပိတ်, မြေသပိတ်ဟူ၍ နှစ်မျိုးရှိသည်။ ပမာဏအားဖြင့် ဥက္ကဋ္ဌ,ဥက္ကဋ္ဌောမက,ဥက္ကဋ္ဌုက္ကဋ္ဌ၊ မဇ္ဈိမ, မဇ္ဈိမောမက,မဇ္ဈိမုက္ကဋ္ဌ၊ ဩမက,ဩမကောမက,ဩမကုက္ကဋ္ဌဟူ၍ ကိုးလုံးရှိသည်ဟု မှတ်ရမည်။

၁၂၃။ သပိတ်ဖုတ်ရမည့် အကြိမ်များ

မေး။ ။ထိုကိုးလုံးသောသပိတ်တို့တွင် ပမာဏနှင့်ယှဉ်သော သပိတ်ခုနစ်လုံး၏ အဓိဋ္ဌာန်ဝိကပ္ပနာလောက်သော သပိတ်ဖုတ်ခြင်းအကြိမ်ကို အသို့မှတ်ရမည်နည်း။

ဖြေ။ ။ထိုအမေးမှာ-

> အယောပတ္တော ပဉ္စဟိ ပါဏေဟိ, မုတ္တိကာပတ္တော ဒ္ဝီဟိ ပါဏေဟိ ပက္ကော အဓိဋ္ဌာနုပဂေါ၊ ဥဘောပိ ယုံ မူလံ ဒါတဗ္ဗံ

တသို့ ဒိန္နေယေဝ။ သစေ ဧကောပိ ပါကော ဥိနော ဟောတိ, ကာကဏိကမတ္တမို့ ဝါ မူလံ အဒိန္နံ၊ နာ အဓိဋ္ဌာနုပဂေါ။ ပါကဿ ဟိ ဥိနတ္တာ ပတ္တသင်္ခံ နာ ဂစ္ဆတိ၊ မူလဿ သကာလဿ ဝါ ကေဒေသဿ ဝါ အဒိန္နတ္တာ သကဘာဝံ နာ ဥပေတိ၊ အညဿေဝ သန္တကော ဟောတိ။ တသ္မာ ပါဧော စ မူလေ စ နိဋ္ဌိတေယေဝ အဓိဋ္ဌာနုပဂေါ ဟောတိ။ ယော အဓိဋ္ဌာနုပဂေါ၊ သ့ေဝ ဝိကပ္ပနုပဂေါ။ သော ဟတ္ထံ အာဂတောပိ အနာဂတောပိ အဓိဋ္ဌာတဗ္ဗော, ဝိကပ္ပေတဗ္ဗော ဝါ။ ယဒိ ဟိ ပတ္တကာရကော မူလံ လဘိတ္ဝာ သယံ ဝါ ဒါတုကာမော ဟုတ္ဝာ "အဟံ ဘန္တေ တုမ္ဟာကံ ပတ္တံ ကတ္ဝာ အသုကဒိဝသေ နာမ ပစိတ္ဝာ ဒ္ဒပေဿာမီ"တိ ဝဒတိ၊ ဘိက္ခု စ တေန ပရိစ္ဆိန္နဒိဝသတော ဒသာဟံ အတိက္ကာမေတိ၊ နိဿဂ္ဂိယံ ပါစိတ္တိယံ—ဟု ပဌမပတ္တသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌လာသည်။

ဝိမတိဝိနောဒနီဋီကာ၌—

ကတ္ဝာတိ ပါကပရိယေဝသာနံ ကတ္ဝာ။ ပစိတ္ဝာ ဒ္ဒပေသာမီတိ ကာဋဝဏ္ဏပါကံ သန္ဓာယ ဝုတ္တံ—ဟု ဖွင့်တော်မူသည်။

သာရတ္ထဒီပနီဋီကာ၌လည်း—

ပဋ္ဌဟိ ဒ္ဝိဟိတိ ဣဒံ "ဧတ္တောဝတာ ကာဋဝဏ္ဏတာ သမ္ပဒေတိ" တိ ဒဿနတ္ထံ ဝုတ္တံ။ "ယဒိ ပန ဧကောနပံ ပါကေန ကာဋဝဏ္ဏော ဟောတိ၊ အဓိဋ္ဌာနုပဂေါယေဝါ"တိ ဝဒန္တိ—ဟု ဆိုတော်မူသည်။

မာတိကာအဋ္ဌကထာ၌လည်း—

တသ္မာ ဧဝံ ပမာဏယုတ္တံ သမဏသာရုပ္ပေန ပက္ကံ အယော-
ပတ္တံ ဝါ မတ္တိကာပတ္တံ ဝါ လဘိတ္ဝာ ပုရာဏပတ္တံ ပစ္စုဒ္ဓရိတ္ဝာ
အန္ဓောဒသာဟေ ဆဒ္ဓိဋ္ဌာတဗ္ဗော—
ဟု လာသည်။

လိနတ္ထပကာသနိဋ္ဌိကာဌ်လည်း—

သမဏသာရုပ္ပေန ပက္ကန္တိ ဇတ္ထ အယောပတ္တော ပဉ္စဟိ
ပါဠေဟိ ပက္ကော သမဏသာရုပ္ပေန ပက္ကော ဟောတိ၊ မတ္တိ-
ကာပတ္တော ဒ္ဝီဟိ ပါဠေဟိ။ သစေ ဇေကော ပါကော ဥနော
ဟောတိ၊ န အဓိဋ္ဌာနုပဂေါ—
ဟု ဖွင့်တော်မူသည်။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဌ်လည်း—

တတ္ထ အယောပတ္တော အတိကက္ခဋ္ဌော တမ္မာရုပါဠေန
သဒ္ဓိံ ပဉ္စဝါရပါဠေဟိ ပက္ကောယေဝ သမဏသာရုပ္ပနီလဝ-
ဏ္ဏော ပတ္တော အဓိဋ္ဌာနုပဂေါ ဟောတိ၊ မတ္တိကာပတ္တော ပန
မုဒုကတ္တာ ကုမ္ဘကာရပါဠေန သဒ္ဓိံ ဒ္ဝိဝါရပါဠေဟိ။ သစေ
ပန တတော ဇေကောပိ ပါကော ဥနော ဟောတိ၊ န အဓိဋ္ဌာ-
နုပဂေါ—
ဟု ဆိုတော်မူသည်။

ခုဒ္ဒသိက္ခာဋ္ဌိကာဌ်လည်း—

အယောပတ္တော ပဉ္စဟိ ပါဠေဟိ, မတ္တိကာပတ္တော ဒ္ဝီဟိ
ပါဠေဟိ ပက္ကတ္တာ ဘပ္ပေါ—
ဟု ဆိုသည်။

ခုဒ္ဒသိက္ခာဋ္ဌိကာသစ်ဌ်လည်း—

အယောပတ္တော ပဉ္စဟိ ပါဠေဟိ, မတ္တိကာပတ္တော ဒ္ဝီဟိ
ပါဠေဟိ ပက္ကော အဓိဋ္ဌာနုပဂေါ စ ဝိဓာပနုပဂေါ စ—
ဟု ဆိုသည်။

မူလသိက္ခာဒုက္ကဋ်သစ်၌လည်း နည်းတူလာသည်။ ဝဇိရဗုဒ္ဓိဋီကာ၌ကား-

"ပါဏာသေ ဟိ ဥိနတ္တာ ပတ္တသင်္ခံ နဂ္ဃတီ"တိ ဝစနတော အဓိဋ္ဌိတပတ္တောပိ ခရုပါကေနံ သေတတ္တာ အဓိဋ္ဌာနံ ဝိဇဟတီတိ စေ? န, အဓိဋ္ဌာနဝိဇဟနေသု နဝသု အနာဂဘာတ္တာ၊ တသ္မာ ပဌမပါကာနံ ဧဝ ဥိနတ္တာ ပတ္တသင်္ခံ နဂ္ဃတိ-ဟု ဆိုသည်။

ဟိ၊ အထူးကိုပြဆိုအံ့။ ပါကသေ၊ ငါးကြိမ်ဖုတ်ခြင်း, နှစ်ကြိမ်ဖုတ်ခြင်း၏။ ဥိနတ္တာ၊ ယုတ်သည်အဖြစ်ကြောင့်။ ပတ္တသင်္ခံ၊ သပိတ်အရေအတွက်သို့။ နဂ္ဃတိ၊ မရောက်။ ဣတိ၊ ဤသို့။ ဝစနတော၊ ဆိုတော်မူသောကြောင့်။ အဓိဋ္ဌိတပတ္တောပိ၊ အဓိဋ္ဌာန်တင်သောသပိတ်သည်လည်း။ ခရုပါဏေန၊ မီးဖုတ်ကြမ်းသဖြင့်။ ဝါ၊ လွန်သဖြင့်။ သေတတ္တာ၊ ဖြူသောကြောင့်။ အဓိဋ္ဌာနံ၊ ကို။ ဝိဇဟတိ၊ စွန့်၏။ ဣတိ စေ၊ ဤသို့ဆိုခဲ့အံ့။ န ဝိဇဟိ၊ မစွန့်။ အဓိဋ္ဌာနဝိဇဟနေသု၊ အဓိဋ္ဌာန်ကို စွန့်ကုန်သော။ နဝသု၊ ကိုးပါးသောအကြောင်းတို့၌။ အနာဂတတ္တာ၊ မလာသည်အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထို့ကြောင့်။ ပဌမပါကာနံ ဧဝ၊ အဓိဋ္ဌာန်မတင်မီ ဦးစွာဖုတ်ခြင်းတို့၏သာလျှင်။ ဥိနတ္တာ၊ ယုတ်သည်အဖြစ်ကြောင့်။ ဇတ္တသင်္ခံ၊ သပိတ်ဟူသော အရေအတွက်သို့။ န ဂဿတိ၊ မရောက်။ ဣတိ၊ ဤသို့။ ဝေဒိတပ္ပံ၊ သိအပ်၏။

ဝဇိရဗုဒ္ဓိဋီကာ၌ ပဌမကထိနသိက္ခာပုဒ်အဖွင့်၌လည်း-

ကာတဗ္ဗောဝ ပတ္တော ဝိယ အဓိဋ္ဌိတော။ ယထာ ပုန သေတဘာဝံ တမ္မဘာဝံ ဝါ ပတ္တော အဓိဋ္ဌာနံ နဝိဇဟတိ၊ န စ ပန တာဒိသော အဓိဋ္ဌာနံ ဥပဂစ္ဆတိ၊ ဧဝမေဟံ ဒဋ္ဌဗ္ဗံ-ဟု လာသည်။

အဓိပ္ပါယ်ကား-ဖြူသော သပိတ်သည် အဓိဋ္ဌာန် မရောက်သကဲ့သို့ ဖြူသောသက်နှံးသည် မရောက်၊ အဓိဋ္ဌာန်တင်ပြီးမူ ဖြူသောသပိတ်သည်

အဓိဋ္ဌာန်ကို မစွန့်သကဲ့သို့ ဖြူသောသင်္ကန်းသည် အဓိဋ္ဌာန်ကို မစွန့်ဟု ပြဇေတာ်မူသည်။

ဝိနယာလင်္ကာရဋီကာ၌လည်း—

တသ္မာ ဒေသကဿပဏ္ဍိတေန ဇေဋ္ဌ သိက္ခိတဗ္ဗတော သဗ္ဗာပိ
ဉာဇတောဝိသင်္ခရိယာပန္နာ ဂဏ္ဌိတ္ဗိတိ ဂဟေတဗ္ဗာ–

ဟု ဖွင့်ဆိုတော်မူသည်။

ဤသို့လာသော ပါဠိ,အဋ္ဌကထာ,ဋီကာတို့အရကို ပိဏ္ဍတ္ထပြုဆိုအံ့။
မဟာဝဂ်ပါဠိတော်၌ တဆယ့်ခြောက်ပါးသော ပဥ္စကတို့တွင် အဆုံး
ဖြစ်သော ပဥ္စက၌–

(၁) ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သောသိက္ခာ
ပုဒ်၌ ဤမည်သောအာပတ်သင့်သည်ဟု သိခြင်း၊

(၂) ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သောသိက္ခာ
ပုဒ်၌ ဤမည်သော အာပတ်မှုလွတ်သည်ဟု သိခြင်း၊

(၃) ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သော လဟုတ
အာပတ်သင့်သည်ဟု သိခြင်း၊

(၄) ဤမည်သောအမှုကို ပြုသည်ရှိသော် ဤမည်သော ဂရုက
အာပတ်သင့်သည်ဟု သိခြင်း၊
(၅) ဆယ်ဝါရခြင်း–

ဤအင်္ဂါဝေါဟာရပါဠိနှင့်ပြည့်စုံသော မဟာန်းသည် ဥပဇ္ဈာယ်ဆရာ, နိဿရည်း
ဆရာပြု၍ အာပတ်မသင့်ဟု ပြတော်မူသည်။ ‘‘သုက္ကပက္ခေ အင်္ဂသု

ဖာနာပတ္တိဒယဝ''ဟု ဆိုသော အဋ္ဌကထာကိုထောက်။ သုက္ကပက္ခ ရှင်ခု သော ပဉ္စကတို့ကဲ့ နောက်ဆုံးဖြစ်သော ပဉ္စကအင်္ဂါအရဟု မှတ်။

ပရိဝါပါဠိတော် ဥဒါလိပုဏ္ဏာ လေးခုသောပဉ္စကတို့ဝင် သုက္ကပက္ခ နှစ်ပါးသော ပဉ္စကအရမှာ-

(၁) အနန္တဝါသိက, သဒ္ဓိဝိဟာရိက တပည်တို့အား နားဖျား သည် ရှိသော် ဖမိကိုယ်တိုင် ပြုစုလုပ်ကျွေးနိုင်ခြင်း၊ သူ တပါးကို ပြုစုလုပ်ကျွေးစေနိုင်ခြင်း၊

(၂) ထိုတပည်တို့အား သာသနာတော်၌ မမေ့လျော့၍ ပူပန် သောစိတ် ဖြစ်လတ်သော် မိမိကိုယ်တိုင် ငြိမ်းအေးစေ နိုင်ခြင်း၊ သူတပါးကို ငြိမ်းအေးစေနိုင်ခြင်း၊

(၃) ထိုဟပည်တို့၌ဖြစ်သော ကုက္ကုစ္စသံသယကို အကြောင်း အားဖြင့် ပယ်ဖျောက်ခေပးနိုင်ခြင်း၊

(၄) အလုံးစုံသော ဝိနည်းပိဋကတ်၌ သင်ပေးနိုင်ခြင်း၊

(၅) နာမ်ချပ်ထရားတို့ကိုနားလည်အောင် သင်ပေးနိုင်ခြင်း- ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းသည် ဥဇ္ဈာယ်ဆရာ, နိဿရည်း ဆရာပြုထိုက်သည်ဟု ပြတော်မူသည်။

တနည်းကား-

(၁) အနန္တဝါသိက, သဒ္ဓိဝိဟာရိကတပည်တို့အား အဘိသမာ စာရိကသိက္ခာမည်သော မဟာဝါခန္ဓက, စုဠဝါခန္ဓက၌ လာသော သိက္ခာပုဒ်ကို သင်ပေးနိုင်ခြင်း၊

(၂) အာဒိဗြဟ္မစရိယက သိက္ခာမည်သော ပါရာဇိကဏ် ပါဠိ ပေါ်, ပါစိတ်ပါဠိတော်၌ လာသော သိက္ခာပုဒ်တို့ကို သင်ပေးနိုင်ခြင်း၊

(၃) အဓိသီလသိက္ခာကို သင်ပေးနှိုင်ခြင်း၊
(၄) အဓိစိတ္တသိက္ခာကို သင်ပေးနှိုင်ခြင်း၊
(၅) အဓိပညာသိက္ခာကို သင်ပေးနှိုင်ခြင်း–

ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသောရဟန်းသည် ဥပဇ္ဈာယ်ဆရာ, နိဿရည်းဆရာ ပြုထိုက်သည်ဟု ပြတော်မူသည်။ (အဓိသီလ, အဓိစိတ္တ, အဓိပညာအရာကို ပါရာဇိကဏ်အဋ္ဌကထာ ပဌမပါရာဇိကအဖွင့်မှာ ရှုလေ)။

ဤသို့ပြုဆိုအပ်သောပါဠိ,အဋ္ဌကထာတို့၌အထူးမူတ်ရန်ကား –ဥ ဇ္ဈာယ်ဆရာ, နိဿရဲည်းဆရာတို့၏ ဗျတ္တလက္ခဏာ ပဋိဗလလက္ခဏာနှစ်ပါးရှိသည်ဘွင် ဘိက္ခုနောဝါဒကအဖွင့် အဋ္ဌကထာ၌လာသော ပရိသုပဋ္ဌာပက ဗဟုဿုတအင်္ဂါဖြင့် ဗျတ္တလက္ခဏာကို ပြတော်မူသည်။ မဟာဝါ, ပရိဝါ၌လာသော အင်္ဂါအရဖြင့် ပဋိဗလလက္ခဏာကို ပြတော်မူသည်။ ထို့ကြောင့် အဋ္ဌကထာ၌–

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာတိအာဒိမှ် ဗျတ္တောပုဗ္ဗေ ဘိက္ခုနောဝါဒကဝဏ္ဏနာယံ ဝုတ္တလက္ခဏောဒယဝ။ ယောပန အန္ဓေဝါသိနော ဝါ သိဒ္ဓိဝိဟာရိကဿ ဝါ။ ပ။ အယံ ဣဓ ပဋိဗလောတိ အဓိပ္ပေတော။ ဝုတ္တမ္ပိ စေတံ "ပဋ္ဌာပုဝါလိအင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊ နိဿဒယောဒါတဗ္ဗော။ ပ။ အာဘိဝိနယေ ဝိနေတု"န္တိ–

ဟူ၍လည်းကောင်း၊

ဣဒါနိ ယံ ပုဗ္ဗေ "အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ဒသဝဿေန ဝါ အတိရေကဒသဝဿေန ဝါ ဥပသမ္ပာဒေတုံ နိဿယံ ဒါတု"န္တိ သခေါ်ပတော ဥပဇ္ဈာယာ-ဧရိယာနံ လက္ခဏံ ဝုတ္တံ၊ တံ ဝိတ္ထာရတော ဒဿေတုံ "ပဋ္ဌဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန" တိ အာဒိမာဟ–

ဟူ၍လည်းကောင်း ဆိုတော်မူသည်။

ထို့ကြောင့် ဘိက္ခုနောဝါဒကအားဖြင့် အဋ္ဌကထာဆိုလာသော ဗျတ္တလက္ခဏာနှင့် ပြည့်စုံလျှင် ပဋိဗလလက္ခဏာနှင့် ပြည့်စုံသည် မည်သောကြောင့် ဘိက္ခု နောဝါဒကအားဖြင့် အဋ္ဌကထာဆိုလာသော ဗျတ္တလက္ခဏာရှိသော ရဟန်းသည် ဥပဇ္ဈာယ်ဆရာ, နိဿရဏည်းဆရာပြုထိုက်သည်ဟု မှတ်ရမည်၊

၁၀၄။ နိဿရဏည်းလွှတ်ထိုက်သော အာဂ်ါများ

မေး။ ။နိဿယမူစွဖကဖြစ်သောအာဂ်ါအရကို အာဘာသ်သို့ မှတ်ရပါအုံနည်း။

ဖြေ။ ။ထိုအားမေးမြော—

နိဿယမူစွနကန ဥပသမ္ပဒါယ ပဥ္စဝဿန သဗ္ဗန္တိမန ပရိစ္ဆဒန ဒဋ္ဌ မာတိကာ ပဂုဏ် ဝါစုဂ္ဂာ ကာဘပ္ပဝ, ပက္ခဒိဝသေသု ဓမ္မသာဝနတ္ထာယ သုတ္တန္တဓရာ စတ္တာရော ဘာဏကဝါရ, သမ္ပတ္တာနံ ပရိကဏနတ္ထာယ အန္ဓကဝိန္ဒမဟာရဟုလောဝါဒအမ္ဗဋ္ဌသဒိသာ ဧကာ ဒေသနာ ကထေးဂ္ဂါ, သံဃဘတ္တမဂ်လာမဂ်လေသု အနုမောဒနတ္ထာယ တိသ္သော အနုမောဒနာ, ဥပေါသထပဝါရဏာဒိဇာနနတ္ထံ ဂဏမာဂဏမဝိနိစ္ဆဓရော, သဓဏဓမ္မကရဏတ္ထံ သမာဓိဝသေန ဂါဝိယနာဝသေန ဝါ အရဟတ္တပရိယောသာနေကံ ဂဏမ္ဗဋ္ဌနံ, ဧတ္တကံ ဥဂ္ဂဟေတ္ဝာ တတ္ထ။ ဧတ္တာဝတာ ဟ အယ ဗဟုဿုတော ဟောတ စဒတ္ထဒိဋ္ဌသာ၊ ယတ္ထ ကတ္ထစိ အာဂတနော ဟုသာရိုဟန စသိတုံ လဘတိ—

ဟု ပါစိတ်အဋ္ဌကထာ ဩဂါဟပုဗ္ဗင်္ဂမဂ်ဉ် လာသည်။

ပါတိမောက္ခဒတ္ထအနုပဏ္ဏနာဋီကား—

ပက္ခဒိဝသေသု ဓမ္မကထနတ္ထာယ—

ဟု ဖွင့်ဆိုသည်။

ဝိနယဝိဓိနာဒနိဋ္ဌိကာဉ် -

ပရိကထနံတ္ထနိ ပကိဏ္ဏကကထာဒးသန့ ပရိစ္ဆိန္နဓမ္မကထ-
နတ္ထံ၊ တိသေဒး အနုမောဒနာတိ သံဃဘတ္တာဒီသု ဒါနာနံ-
သံသပ္ပဒိသံယုတ္တာ နိဓိကဏ္ဍသုတ္တာဒိအနုမောဒနာ, ဂဝယပ္ပဒဓိ-
သမ္ပဂါလာဒိသု မဂါလသုတ္တာဒိအနုမောဒနာ, မာဂဂါတ္တာဒိ-
အဓိစ်ခေသု တိရောကုဋ္ဋာဒိအနုမောဒနာတိ ဣမာ တိဿော
အနုမောဒနာဒးကမ္မာကမ္မဝိနိစ္ဆယောတိ ပရိဝါရဝဿာဒနံ ကမ္မ-
ဝဂ္ဂဂုတ္တာဝိနိစ္ဆဒးယော။ သမ္မာဝိဓာသေနာတိ သမ္မာပဋိကာဝဂ္ဂသန့။
ဝိပဒ္ဓသနာစသေန ဝါတိ ဒိဋ္ဌဝိသဒ္ဒိအာဒိကာဒးယ သုက္ခဝိဒ္ဓသ္သ ဝဒး
ဝဒသန—
ဟု ဖွင့်တော်မူသည်။

သာရတ္ထဒီပနီဋီကာဉ်လည်း—

ဒွေ မာတိကာတိ ဘိက္ခုမာတိကာ ဘိက္ခုနီမာတိကာ စ။
ဝါစုဂ္ဂဘာတိ ပုရိမဿေဝ ဝေဝစနံ၊ တိသေဿာ အနုမော-
ဒနာတိ သံဃဘတ္တာ ဒါနာနိသံသပ္ပဒိသံယုတ္တာ အနုမောဒနာ,
ဝိဟာရဒါဒိမဂ်လေ မဂ်လသုတ္တာဒိအနုမောဒနာ, ဂေတာတ္တာ-
ဒိအဝမဂ်ဒး တိရောကုဋ္ဋာဒိအနုမောဒနာတိ ဣမာ တိဿော
အနုမောဒနာ။ ကမ္မာကမ္မဝိနိစ္ဆဒးယောတိ ပရိဝါဂဝဿာဒနံ
ကမ္မဝဂ္ဂ ဂုတ္တဝိနိစ္ဆဒးယော။ "ဝိပဒ္ဓသနာဝစသေန ဥဂ္ဂဟေတဗ္ဗ
စတုဓာတုဝဝတ္ထာနမုခေန ဥဂ္ဂဟေတဗ္ဗ" နိ တိသုပိ ဂဏ္ဌိပဒေသု
ဝုတ္တံ—
ဟု ဖွင့်ဆိုတော်မူသည်။

ဝိနယဝိနိစ္ဆယဋီကာဉ်ကား -

ဘိက္ခုဘိက္ခုနိဝိဘင်္ဂါဒိကာ ပဂုဏာ ကတ္တု တာသံ
အဋ္ဌကထံ ဥဂ္ဂဟေတွာ ပဋိဇဂ္ဂိတာ, အတ္ထဒတာ စ ဝဏ္ဏနတ္ထာ-

ရဥ္ဇာ ဝေါဟာရကွဲမာယေဝ ကာတဗ္ဗာတိ ဝုတ္တံ ဟောတိ စတ္တာရော ဘာဏဝါရာ ပဂုဏာ ဝါစုဂ္ဂတာဝ ကာတဗ္ဗာတိ ပာဘာသိတာတိ ယောဇနာ။ ပဂုဏာတိ ဣမိနာ ပါဠိယံ ပဂုဏံ ကာသ္မာ ဓာရေတ္ဗာ ပရိပုစ္ဆိတဗ္ဗန္တိ ဒဿေတိ။ ဝါစုဂ္ဂတာပ ကာတဗ္ဗာတိ ဣမိနာ တဒတ္ထံ သုဏ္ဗာ ဓာရေတ္ဗာ ပရိပုစ္ဆိတဗ္ဗ မေဝါတိ ဒဿေတိ။

ပရိကဿဘ္ဘာယာတိ သမ္ဗတ္တာနံ ဓမ္မကထနတ္ထံဝယ။ ကထာ မဂ္ဂေါတိ မဘာသုဒဿန ကထာမဂ္ဂေါ။ ။ကမ္မာကမ္မဝိနိစ္ဆ-ယောတိ ကမ္မဝဂ္ဂေ ဝုတ္တဝိနိစ္ဆယော၊ ပရိဝါရေ 'ကမ္မဝဂ္ဂေ အာဂတခုဒ္ဒါနုခုဒ္ဒကကမ္မဝိနိစ္ဆယောတိ ဝုတ္တံ ဟောတိ။ ။ ပဋ္ဌဝဿောတိ ဥပသမ္ပဒတော ပဋ္ဌာယ ပရိပုဏ္ဏဝဿံ ဒသဝဿောဘိ ဇာတော ပဋ္ဌာပိ ဝေဝ နယော။ သံဝစ္ဆရဝဝသေန ပဋ္ဌဝဿေသု ပရိပုဏ္ဏေသု ဝုတ္ထာဝဿာဒိဝသေန အပရိပုဏ္ဏေသုပိ ပဋ္ဌဝဿာဒိဝသဝေ။ ဣဒါနိ ဥပသမ္ပဒါဒီနံ ဝေဒိတဗ္ဗော။ ပရိပုဏ္ဏပီသတိဝဿော သမ္ဗဒါဒီသု ဝိယ—

စသည်ဖြင့် ဖွင့်ပြခဲ့ကြပေသည်။

ဤသို့ပဌာဒသာ အဋ္ဌကထာ, ဋီကာတို့အရ ပိဏ္ဍတ္ထကို ပြဆိုအံ့။ အကြင်ပုဂ္ဂိုလ်သည် ဝါးဝါရသည်ဖြစ်စေ၊ ဒွေမာတိကာကိုရသည်ဖြစ်စေ၊ သုဘူတိပိဋကတ်မှ လေးဘာဏဝါရရှိသော သုတ်တန်ပါဠိ ကိုလည်းကောင်း၊ အနွ ကဝိန္ဒသုတ်, မဟာရာဟုလောဝါဒသုတ်, အမ္ဗဋ္ဌသုတ်နှင့် တူသော မဟာသုဒဿနဝတ္ထုစသော တခုခုသော စကားအာဠာကိုလည်းကောင်း၊ သံဃိကအလှူစသည်တို့၌ ဒါနအကျိုးတရားတခု, အိပ်တက်မင်္ဂလာစသည် တို့၌ မင်္ဂလသုတ်စသော တရားတခု, ဒသသူကိုယူ၍ ဆွမ်းလှူခြင်း အမင်္ဂ လာဒ်တိရောကုန်ပြီတွာဝတ္ထုစသော တရားတခု ဤသို့အစ ဖြင့်အနုမောဒနာတရားသုံးပုဒ်ကိုလည်းကောင်း၊ ဥပုသ်ဝဝါရကဲ့သို့ သိစေခြင်းငှါ ပရိဝါပါဠိတော် ကမ္မဝဂ်၌လာသော ကံငယ် ကံကြီး အဆုံးအဖြတ်

ကိုလည်းကောင်း၊ အရဟတ္တဖိုလ်အဆုံးရှိသော တခုခုသောကမ္မဋ္ဌာန်းကိုလည်းကောင်း သင်ယူသည်ဖြစ်စေ၊ ဤမျှသောအင်္ဂါနှင့် ပြည့်စုံသော ရဟန်းသည် နိဿရည်းမယူပဲ နေအပ်သည်ဟု ပြတော်မူသည်။

စတုဘာဏဝါရအရမ္ဘာ-

အဋ္ဌကွရာ ကေပဒံ၊ ကေဂါထာ စတုပ္ပဒံ။

ဂါထာ စေကာ မတော ဂန္ထေ၊ ဂန္ထောဗဟုတ္တိ သတက္ခရော။

ဗဟုတ္တိ သက္ခရဂန္ထေနံ၊ ပညာသဒ္ဓိသတံ ပန။

ဘာဏဝါရော မတော ဧကော၊ သဋ္ဌက္ခရသဟဿေဏ-

ဟု နိရုတ္တိမဉ္ဇူသာဋီကာ၌ လာသောကြောင့် တပါဒလျှင် အက္ခရာရှစ်လုံးရှိသည်။ ဇလးပါဒလျှင် တဂါထာ၊ တဂါထာလျှင် အက္ခရာ ၃၂-လုံးရှိသည်။ ထိုဂါထာ ၂၅၀-လျှင် တဘာဏဝါရမည်သည်။ ထိုတဘာဏဝါရမှာ အက္ခရာရှစ်ထောင်ရှိသည်။ စုဏ္ဏိယကို ဘာဏဝါရ ယူရာမှာ အက္ခရာရှစ်ထောင်ရှိမူ တဘာဏဝါရဟု မှတ်လေ။

ပရိဝါပါဠိတော် ဥပါလိပုစ္ဆာခြောက်ခုသောပဉ္စကတို့ဘွင် သုက္ကပက္ခ ပဉ္စက၌-

ပဉ္စဟုပါလိ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ယာဝဇီဝံ အနိဿိတေန ဝတ္တဗ္ဗံ။ ကတမေဟိ ပဉ္စဟိ၊ ဥပေါသထံ ဇာနာတိ၊ ဥဗေါသထကမ္မံ ဇာနာတိ၊ ပါတိမောက္ခံ ဇာနာတိ၊ ပါတိမောက္ခုဒ္ဒေသံ ဇာနာတိ၊ ပဉ္စဝဿာ ဝါ ဟောတိ အာဒိဏ္ဏကာပဉ္စဝဿာ ဝါ။

ပဉ္စဟုပါလိ အင်္ဂေဟိ။ ပ။ ဝတ္တဗ္ဗံ။ ကတမေဟိ ပဉ္စဟိ၊ ပဝါရဏံ ဇာနာတိ၊ ပဝါရဏာကမ္မံ ဇာနာတိ၊ ပါတိမောက္ခံ ဇာနာတိ၊ ပါတိမောက္ခုဒ္ဒေသံ ဇာနာတိ၊ ပဉ္စဝဿာ ဝါ

ဟောတိ အာတိရေကပဋ္ဌဝဿော ဝါ။

ပဋ္ဌဟုပါလိ အာဒင်္ဟိ။ ပ။ ဝတ္ထုဗ္ဗံ။ ကတမေဟိ ပဋ္ဌဟိ၊ အာပတ္တာနာပတ္တိံ ဇာနာတိ၊ လဟုကာဂရုကံ အာပတ္တိံ ဇာနာတိ၊ သာဝသေသာနဝသေသံ အာပတ္တိံ ဇာနာတိ၊ ဒုဋ္ဌုလ္လာဒုဋ္ဌုလ္လံ အာပတ္တိံ ဇာနာတိ၊ ပဋ္ဌာဝဿော ဝါ ဟောတိ အာတိရေက-ပဋ္ဌဝဿော ဝါ-

ဟု ဟောခေတ်မူသည်။

အဓိပ္ပါယ်ကား-

(၁) သံဃဥပုသ်စသော ဥပုသ်ကိုးပါးကို သိခြင်း၊

(၂) အဓမ္မဝဂ္ဂစသော ဥပုသ်ကဲ့လေးပါးကို သိခြင်း၊

(၃) ဒွေမာတိကာကို သိခြင်း၊

(၄) နိဒါနုဒ္ဒေသစသော ပါတိမောက္ခုဒ္ဒေသ ငါးပါးကို သိခြင်း၊

(၅) ငါးဝါရခြင်း-

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှု နိဿရဏည်းမယူပဲ နေအပ်သည်။

(၁) သံဃပဝါရဏာစသော ပဝါရဏာကိုးပါးကိုသိခြင်း၊

(၂) အဓမ္မဝဂ္ဂစဒ္ဒသော ပဝါရဏာကဲ့လေးပါးကို သိခြင်း၊

(၃) ဒွေမာတိကာကို သိခြင်း၊

(၄) ပါတိမောက္ခုဒ္ဒေသငါးပါးကို သိခြင်း၊

(၅) ငါးဝါရခြင်း-

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှု နိဿရဏည်းမယူပဲ နေအပ်သည်။

(၁) ထိုထိုသိက္ခာပုဒ်၌ပြအပ်သော အာပတ်သင့်ခြင်း, မသင့်ခြင်းကို သိခြင်း၊

(၂) လဟုကအာပတ်, ဂရုကအာပတ်ကို သိခြင်း၊

(၃) သိက္ခာပုဒ် ဒေ့ကြင်းရှိသော အာပတ်, အကြင်းမရှိသော ပါဒုဇ်ကအာပတ်ကို သိခြင်း၊

(၄) ရုန်ရင်းသောအာပတ်, မရုန်ရင်းသောအာပတ်ကို သိခြင်း၊

(၅) ငါးဝါရခြင်း-

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှ နိဿရဉ်းမယူပဲ ဖနအပ်သည်ဟု ပြဆိတ်မူသည်။

မဟာဝပါဂါငြိတော်၌လည်း-

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဘိက္ခုနော အနိဿိတော ဝတ္ထုဗ္ဗော၊ အာပတ္တိ ဇာနာတိ၊ အနာပတ္တိ ဇာနာတိ၊ လဟုကံ အာပတ္တိ ဇာနာတိ၊ ဂရုကံ အာပတ္တိ ဇာနာတိ၊ ပဉ္စဝေဿ ဝါ ဟောတိ အတိရေကပဉ္စဝေဿော ဝါ-

ဟု လာသည်။

(၁) ဤမည်သောအမှုကိုပြုသည်ရှိသော် ဤမည်သော သိက္ခာပုဒ်၌ ပြအပ်သော ဤမည်သော အာပတ်သင့်ခြင်းကို သိခြင်း၊

(၂) အာပတ်မသင့်ခြင်းကို သိခြင်း၊

(၃) လဟုကအာပတ်ကို သိခြင်း၊

(၄) ဂရုကအာပတ်ကို သိခြင်း၊

(၅) ငါးဝါရခြင်း--

ဤအင်္ဂါငါးပါးနှင့်ပြည့်စုံမှ နိဿရဉ်းမယူပဲဖနအပ်သည်ဟု ပြဆိတ်မူသည်။

မဟာဝဂ်အဋ္ဌကထာ၌လည်း "ယတ္ထကံ သုတံ နိဿယမတ္တကသာ ဂဏ္ဌိတဗ္ဗံ၊ တံ ဘိက္ခုနောဝါဒကဝဏ္ဏနာယံ စုတ္တံ" ဟု ဆိုဖော်ပြသည်။

ထို့ကြောင့် မဟာဝဂါပါဠိတော်, ပရိဝါပါဠိတော်တို့၌ နိဿရဏ်း လုတ်ဆိုက်သောသူ၏ ပဋိဗလကမ္မဏာကို ပြတော်မူသည်။ ဘိက္ခုနော-ဝါဒဏအဋ္ဌကထာ၌ ဗျတ္တလက္ခဏကို ပြတော်မူသည်။ ဗျတ္တလက္ခဏာနှင့် ပြည့်စုံလျှင် ပဋိဗလကမ္မဏာနှင့် ပြည့်စုံသည် မည်သောကြောင့် ဘိက္ခုနောဝါဒကအဋ္ဌကထာ၌သာသော ဗျတ္တလက္ခဏာရှိသော ရဟန်းသည် နိဿရဏ်းမယူပဲ နေအပ်သည်ဟု မှတ်ရမည်။

၁၀၅။ အဗျတ္တဖြစ်က ယာဝဇီဝနိဿရဏ်းယူရ

မေး။ ။နိဿယမုစ္စကအင်္ဂါ မရှိသော ရဟန်းသည် အဘယ်မျှလောက် ဝါရအောင် နိဿရဏ်းယူ၍ နေအပ်ပါသနည်း။

ဖြေ။ ။ထိုအမေးမှာ—

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ပဉ္စဝဿာနိ နိဿာယ ဝတ္ထုံ၊ အဗျတ္တေန ယာဝဇီဝံ—

ဟု မဟာဝဂါပါဠိတော်၌လာသည်။

မဟာဝဂါအဋ္ဌကထာ၌လည်း—

အဗျတ္တေန ယာဝဇီဝန္တိ ဇတ္ထ သစာယံ ဝုစ္စတေ အာစရိယံ နာ လဘာမိ၊ ဥပသမ္ပဒါယ သင်္ဃဝသော ဝါ သတ္တတိဝဿော ဝါ ဟောတု၊ နဝကတရသာပိ ဗျတ္တာသ သန္တိကာ ဥက္ကုဋိကံ နိသီဒိတ္ဝာ အဉ္ဇလိံ ပဂ္ဂဟေတ္ဝာ "အာစရိယော မေ အာဝုသော ဟောဟိ၊ "အယသ္မာတော နိဿာယ ဝစ္ဆာမီ"တိ ဝေံ တိက္ခတ္တုံ ဝတ္ဝာ နိဿဒယာ ဂဟေတဗ္ဗော ဝ။ ဂါဠှပ္ပဝေသနံ အာပုစ္ဆနေနာပိ ဥက္ကုဋိကံ နိသီဒိတ္ဝာ အဉ္ဇလိံ ပဂ္ဂဟေတ္ဝာ "ဂါဠှပ္ပဝေသနံ အာပုစ္ဆာမိ အာစရိယာ"တိ ဝတ္တဗ္ဗံ။ သေ နုယော သဗ္ဗအာပုစ္ဆနေနသု—

ဟု ဖွင့်တော်မူသည်။

နိဿရည်းအာဂ်ါနှင့်မပြည့်စုံသော ရဟန်းသည် အသက်ထက်ဆုံးပင် နိဿရည်းယူ၍ မနေအပ်သည်။ ထိုရဟန်းသည် ဝါ၄ခြောက်ဆယ်, ခုနစ်ဆယ် ရသည်ဖြစ်၍ ကြီးသောဆရာကို မရလျှင် ဗုတ္တလက္ခဏာရှိသော သီတင်းငယ်ရဟန်း၏ အထံ၌ပင် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီကာ "အာဝုသိယာ မေ အာဝုသော ဟောဟိ၊ အယျသ္မာတော နိဿာယ ဝစ္ဆာမိ" ဟု ဆိုရမည်။ ရှာဝင်ဟန်ခြင်းဌိလည်း ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီကာ "ဂါမပ္ပဒေသနံ အာပုစ္ဆာမိ အာဝုသိယ" ဟု ဆိုရမည်။ ပေသိမ်းသောအရာတို့၌ ပန်ရာမမှာသည်း ဆောင့်ပြောင့်ထိုင်၍ လက်အုပ်ချီကာသာ ပန်ရာမည်ဟူ ပြဓာတ်မူသည်။

သီဘင်းငယ်ရဟန်းက သီဘင်းကြီးရဟန်းထံ နိဿရည်းယူရာ၌လည်း-

> ဝေဠု ပန ဘိက္ခဝေ အာစရိယော ဂဟေတဗ္ဗော၊ ကဲသံ ဥတ္တရာသင်္ဂံ ကရိတ္ဝာ ပါဒေ ဝန္ဒိတ္ဝာ ဥက္ကုဋိကံ နိသီဒိတ္ဝာ အဉ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိ" တို့-

ဟုလာသော မဟာဂါပါဠိတော်အတိုင်း သုံးကြိမ်ကို၍ ယူရမည်။ ထိုအခါ နိဿရည်းပေးသောဆရာကလည်း အမှတ်မဲ့ မနေမူ၍-

> သာဟူတိ ဝါ လဟူတိ ဝါ ဩပါယိကန္တိ ဝါ ပဒါဏုပန္တိ ဝါ ပါသာဒိကေန သမ္ပာဒေဟီတိ ဝါ ကာယေန ဝိညာပေတ္ဝါ ဝါစာယ ဝိညာပေတိ၊ ဝါစာယ ဝိညာပေတ္ဝါ ကာယေန ဝိညာပေတိ၊ ဂဟိတော ဟောတိ အာစရိယော-

ဟုမဟာဂါပါဠိတော်အတိုင်း ထိုငါးပါးတို့ဟူ၍ တမုခုဒသာ ပုဒ်ကိုနှုတ်ကပြက်ဆို၍သော်လည်း၊ ကာယ်၊ လက်ဆုပ်စသည်ဖြင့်ပြ၍သော်လည်းကောင်း "သင်ကား နိဿရည်းပါ" ဟုဒသာ အနက်အဓိပ္ပါယ်ကို သိစေအပ်သည်။

အာစရိယော မေ ဘန္တေ ဟောဟိ၊ အာယသ္မတော နိဿာယ ဝစ္ဆာမိဟု သုံးကြိမ်ဆို၍ ဆရာကလည်း သာဓု-ဟူ၍သော်လည်းကောင်း၊ လဟု-ဟူ၍သော်လည်းကောင်း၊ ဩပါယိကံ-ဟူ၍သော်လည်းကောင်း၊ ပတိရူပံ-ဟူ၍သော်လည်းကောင်း၊ ပါသာဒိကေန သမ္မာဒေဟိ-ဟူ၍သော်လည်းကောင်း တခုခုသောပုဒ်ကို ဆိုအပ်သည်၊ သိစေအပ်သည်ဟု ပြုတော်မူသည်။

အဌကထာဘာလည်း—

အာစရိယော ဘိက္ခဝေ အန္တေဝါသိကမ္ဟိတော်အာဒိ သဒ္ဒံ "ဥပဇ္ဈာယော ဘိက္ခဝေ သဒ္ဒိဝိဟာရိကမ္ဟိ" တိအာဒိနာ နယေန စုတ္တဝသေနေဝ ဝေဒိတဗ္ဗံ၊ နာမမတ္တမေဝ ဟိ ဧတ္ထ နာနံ-ဟု ဆိုတော်မူ၏။

အာယသ္မတော အာယသ္မန္တံ၊ အရှင်ဘုရားကို။ နိဿာယ၊ မှီ၍။ ဝစ္ဆာမိ၊ နေပါ၏-ဟု သမ္မန်၊ ထို့ကြောင့် သာရတ္ထဒီပနီဋီကာဘာ၌-

အာယသ္မတော နိဿာယ ဝစ္ဆာမိတိ ဧတ္ထ အာယသ္မတောတိ ဥပယောဂဧတ္ထ သာမိဝစနံ၊ အာယသ္မန္တံ နိဿာယ ဝသိဿာမိတိ အဓိပ္ပာယော—

ဟု ဆိုတော်မူသည်။

၁၈၆။ ဥပဇ္ဈာယ်ယူပုံ ပေးပုံ

၈၆။ ။ဥပဇ္ဈာယ်ယူပုံ ပေးပုံကို အဘယ်သို့ မှတ်ရပါအံ့နည်း။

၎င်း။ ။ထိုအမေးမှာ—

အာနုဘာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ။ ပ။ ဝေဠုပန ဘိက္ခဝေ ဥပဇ္ဈာယော ဂဟေတဗ္ဗော၊ ကေသံ ဥတ္တာရာသင်္ကံ ကရိတ္ဝာ ပါဒေ ဝန္ဒိတ္ဝာ ဥက္ကုဋိကံ နိသီဒိတ္ဝာ အဉ္ဇလိံ ပဂ္ဂဟေတ္ဝာ ဧဝမဿ ဝစနီယော "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" တိ—

ဟုမဟာဝဂါပါဠိတော်၌ လာသည့်အတိုင်း သုံးကြိမ်ဆို၍ ဥပဇ္ဈာယ်ယူရမည်။ ထိုအခါ ဥပဇ္ဈာယ်ပေးသောဆရာကလည်း အမှတ်မဲ့ မနှုန်မူ၍-

သာဟူတိ ဝါ လဟူတိ ဝါ ဩပါယိကန္တိ ဝါ ပတိရူပန္တိ ဝါ ပါသာဒိကေန သမ္ပာဒေဟိတိ ဝါ ကာယေန ဝိညာပေတိ၊ ဝါစာယ ဝိညာပေတိ၊ ကာယေန ဝါစာယ ဝိညာပေတိ၊ ဂဟိတော ဟောတိ ဥပဇ္ဈာယော-

ဟုမဟာဝဂါပါဠိတော်လာသည့်အတိုင်း ထိုငါးပုဒ်တွင် တခုခုသောပုဒ်ကို နှုတ်က မြွက်ဆို၍သော်လည်းကောင်း၊ လက်ဆုပ်စသည်ကိုပြု၍သော်လည်းကောင်း "သင်သည် ဥပဇ္ဈာယ်ငါ့၏" ဟူသော အနက်အဓိပ္ပါယ်ကို သိစေအပ်သည်။

ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ-ဟု သုံးကြိမ်ဆို၍ ဆရာက သာဓု ဟူ၍လည်းကောင်း၊ လဟု-ဟူ၍လည်းကောင်း၊ ဩပါယိကံ-ဟူ၍လည်းကောင်း၊ ပတိရူပံ-ဟူ၍လည်းကောင်း၊ ပါသာဒိကေန သမ္ပာဒေဟိ-ဟူ၍လည်းကောင်း တခုခုသောပုဒ်ကို ဆိုအပ်သည်၊ သိစေအပ်သည်ဟု ပြတော်မူသည်၊

အဋ္ဌကထာဆိုလည်း-

သာဟူတိ ဝါတိအာဒီနိ ပဉ္စ ပဒါနိ ဥပဇ္ဈာယဘာဝသမ္ပာဒနဝေဝစနာနိ၊ ကာယေန ဝိညာပေတိတိ ဧဝံ သဉ္ဇာတိဝိကာရံ-ကေန "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" တိ တိက္ခတ္တုံ ဝုတ္တသဒ္ဒေ ဥပဇ္ဈာယော သာဟုကိဒ္ဒါဒိသု ဝုတ္တသု ပဒေသု ယသ္မာ ကာယဝိ ပဒေ ဝစသာ ကာယေန ဝါ ဝါစာယ ဝါ ကာယဝါစာဟိ ဝါ "ဂဟိတော တယာ ဥပဇ္ဈာယော" တိ ဥပဇ္ဈာယဂ္ဂဟဏံ ဝိညာပေတိ၊ ဂဟိတော ဟောတိ ဥပဇ္ဈာယော ဘဝ အာယာစနဒါနမတ္တေန ဟိ ဂဟိတော ဥပဇ္ဈာယော-

ဟုဖွင့်ဟတော်မူသည်။

သဒ္ဒရတ္ထဒီပနီဋီကာ၌လည်း-

သဒ်ဟူတိ သဒ္ဒေ။ လဟူတိ အာဂရ၊ မဒ တုယ် ဥပစ္စာယ· ဘာဝေ ဘာရိယံ နာမ နတ်ိဘိ အဒတ္ထာ။ သြာယိကန်္တိ ဥပါယေဝဋ်ိသံယုတ်ံ တေ ဥပစ္စာယဂ္ဂဟဏံ၊ ဣဒံနာ ဥပါယေန တုံ မေ ဣတော ပဋ္ဌာယ ဘဒန္တရော ဇာတော်ိတိ စုတ်ံ ဟော်တိ ပတိရူပန်္တိ ဆန္ဒရူပံ ဧတ ဥပစ္စာယဂ္ဂဟဏန်္တိ အာတ္ထာ။ ပါသဒိဂဟနာတိ ပသာဒါဝဟန ကာယဝစီဒေယာဂေန။ သမ္ပာဒေဟ်ိတိ တိဝိဓသိက္ခံ နိပ္ဖာဒေဟ်ိတိ အာတ္ထာ။ ကာဒေယန ဝါ်ိ ဟတ္ထမုဒ္ဒါဒိ· ဒဒဿန္တော ကာဒယန ဝါ ဝိညာပေတိ-

ဟု ပဉ္စ်ဳတ်ိမ္ပသည်။

ဝိမတ်ဝိနောဒနီဋီကာ၌လည်း-

သဒ်ဟူတိ သဒ္ဒေ သုန္ဒရံ၊ လဟူတိ အာဂရ၊ သုဘဏ္ဍတာတိ ဃဏ္ဌာ၊ သြာယိကန်္တိ ဥပါယေဝဋ်ိသံယုတ်ံ၊ ဧဝံ ပဋ်ိပဇ္ဇနံ နိတ္ထာ-ဂ္ဂဟဏေတိ အတ္ထော။ ပတိရူပန်္တိ သဒိ်မံ၊ ဣမိနာမမိဒန်္တိ အာဟတ္ထာ။ ပါသဒိဂဟနာတိ ပသာဒါဝဟန ကာယဝစီဒေယာဂေန သမ္ပာဒေဟ်ိတိ အာတ္ထာ၊ ကာဒေယနာတိ ဇောတ်ိတ်ိညာပကံ ဟတ္ထမုဒ္ဒါဒိ· ဒဿန္တော ကာဒေဟန် ဝိညာပေတိ။ အာယာ-စနာဒါနမတ္တန္တိ သဒ္ဒိဝိဟာရိဿ ဥမံ အာယာစနာဒါနမတ္တံ တဒေဝ ဥပစ္စာယဿ စ သဘဏ်ိအာဒိနာ ဝစနေတ်ိဒံ အာတ္ထာ-

ဟု ပဉ္စ်ဳတ်ိမ္ပသည်။

ထို့ကြောင့် သာဓုဟုဆိုမူ ဥပစ္စာယ်ယူခြင်းသည် ကောင်း၏ဟု ဆိုလို သည်။ ဣဟုဆိုမူ သင်၏ ဥပစ္စာယ်အဖြင့်၌ ဝန်မလေးဟု ဆိုလိုသည်။ သြာယိကံဟုဆိုမူ ဤသို့ဥပစ္စာယ်ယူခြင်းသည် သံဃာမှ ထုတ်ခြင်းကို ကြောင်းတည်းဟု ဆိုလိုသည်။ ပတိရူပံဟုဆိုမူ ဥပစ္စာယ်ယူသောအမှု သည် ရိုးသေစွာကျင့်အပ်သောအမှုတည်းဟု ဆိုလိုသည်။ ပါသာဒနိကေ

သမ္မာဒေဟိဟုဆိုမူ ကြည့်ညိုဖွယ်ကိုဆောင်ခြင်းဌ ပြည့်စုံစေလော့ဟု ဆိုလိုသည်။

၁၈၇။ သဒ္ဒိဝိဟာရိကန့်အန္တေဝါသိက

မေး။ ။သဒ္ဒိဝိဟာရိကတပည့်, အန္တေဝါသိကတပည့်တို့၏ အရကို အသို့မှတ်ရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ-မဟာဝဂ်ပါဠိတော်၌-

အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယံ။ ဥပဇ္ဈာယော ဘိက္ခဝေ သဒ္ဓိဝိဟာရိကမ္ဟိ ပုတ္တစိတ္တံ ဥပဋ္ဌပေတဗ္ဗော တိ၊ သဒ္ဓိဝိဟာရိကော ဥပဇ္ဈာယမ္ဟိ ပိတုစိတ္တံ ဥပဋ္ဌပေယ္ယော တိ၊ ဧဝံ တေ အညမညံ ဂရု ဘာဝနီယာ သပ္ပတိဿာ သဗြဟ္မစာရီတေ နော ဝိဟရိဿန္တီ တ္ဟမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိဿန္တီ။

အနုဇာနာမိ ဘိက္ခဝေ အာစရိယံ။ အာစရိယော ဘိက္ခဝေ အန္တေဝါသိကမ္ဟိ ပုတ္တစိတ္တံ ဥပဋ္ဌပေတဗ္ဗော တိ၊ အန္တေဝါသိကော အာစရိယမ္ဟိ ပိတုစိတ္တံ ဥပဋ္ဌပေယ္ယော တိ၊ ဧဝံ တေ အညမညံ သဂါရဝါ သပ္ပတိဿာ သဗြဟ္မစာရီတေ နော ဝိဟရိဿန္တီ တ္ဟမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ အာပဇ္ဇိဿန္တီ-

ဟု ဟောတော်မူသည်။

အဋ္ဌကထာ၌လည်း-

အနုဇာနာမိ ဘိက္ခဝေ ဥပဇ္ဈာယန္တိ ဥပဇ္ဈာယံ ဂဟေတုံ အနုဇာနာမီတိ အတ္ထော။ ပုတ္တစိတ္တံ ဥပဋ္ဌပေဿတီတိ ပုတ္တော မေ အယန္တိ ဧဝံ ဂေဟာသိတပေမဝဿေန စိတ္တံ ဥပဋ္ဌပေဿတီတိ။ သေ နယော ဒုတိယပဒေပိ။ သဂါရဝါ သပ္ပတိဿာတိ ဂရု-

ဘာဝဥ္ဇော ဇေဋ္ဌကဘာဝဥ္ဇ ဥပဇ္ဈပေတ္ဝာ။ သဘာဂဝုတ္တိနောတိ သဘာဂဇီဝိကာ။

အနုဇာနာမိ ဘိက္ခဝေ အာစရိယန္တိ အာစာရ်သမာစာရ-သိက္ခာပနကံ အာစရိယံ အနုဇာနာမိ။ အာစရိယော ဘိက္ခဝေ အန္တေဝါသိကမ်ိတိအာဒိ သဗ္ဗံ "ဥပဇ္ဈာယော ဘိက္ခဝေ သဒ္ဓိ-ဝိဟာရိကမ်ိ" တိအာဒိနာ နယေန ဝုတ္တဝသေနေဝ ဝေဒိတဗ္ဗံ-ဟု ဖွင့်တော်မူသည်။

ဤသို့လျှာသော ပါဠို, အဋ္ဌကထာကိုထောက်၍ ဥပဇ္ဈာယ်ယူသော ရဟန်းသာမဏေသည် သဒ္ဓိဝိဟာရိကတပည့်မည်သည်။ နိဿရည်းယူသော ရဟန်းသည် အန္တေဝါသိကတပည့်မည်သည်။

ထိုနှစ်ပါးတို့တွင် အန္တေဝါသိကတပည့်သည်-

(၁) နိဿယအန္တေဝါသိက၊

(၂) ဓမ္မအန္တေဝါသိက၊

(၃) ဥပသမ္ပဒါအန္တေဝါသိက၊

(၄) ပဗ္ဗဇ္ဇာအန္တေဝါသိက-

ဟူ၍ လေးပါးအပြားရှိသည်။ ထိုလေးပါးတို့တွင်-

(၁) နိဿရည်းယူသောရဟန်းသည် နိဿယအန္တေဝါသိကမည်သည်။

(၂) ပါဠိုအဋ္ဌကထာသင်သော ရဟန်းသာမဏေသည် ဓမ္မအန္တေဝါ-သိက မည်သည်။

(၃) ကမ္မဝါစာဖြင့် ပဋိဉာဉ်းခံသောရဟန်းသည် ဥပသမ္ပဒါအန္တေဝါသိက မည်သည်။

(၄) သရဏဂုံသီလကိုခံသော သာမဏေသည် ပဗ္ဗဇ္ဇာအန္တေဝါသိက မည်သည်။

ထို့ကြောင့် မဟာဝါအဋ္ဌကထာဌ်—

ဧတေသု စ ပဗ္ဗဇ္ဇန္တေဝါသိတော စ ဥပသမ္ပဒန္တေဝါသိကော စ အာစရိယဿ ယာဝဇီဝံ ဘာရော။ နိဿယန္တေဝါသိတော စ ဓမ္မန္တေဝါသိကော စ ယာဝ သမီပေ ဝသန္တိ၊ တာဝဇေဝ—

ဟု ဖွင့်တော်မူသည်။ သာရတ္ထဒီပနီဋီကာဌ်လည်း—

တတ္ထ ယေန သိက္ခာပဒါနိ ဒိန္နာနိ၊ အယံ ပဗ္ဗဇ္ဇာစရိယော။ ယေန ဥပသမ္ပဒကမ္မဝါစာ ဝုတ္တာ၊ အယံ ဥပသမ္ပဒါစရိယော။ ယော ဥဒ္ဒေသံ ဝါ ပရိပုစ္ဆံ ဝါ ဒေတိ၊ အယံ ဓမ္မာစရိယော တိ ဝေဒိတဗ္ဗော—

ဟု ဆိုတော်မူသည်။

ထို့ကြောင့် တပည့်သည်လည်း သဒ္ဒိဝိဟာရိကတပည့်၊ ဥပသမ္ပဒန္တေဝါသိကတပည့်၊ ပဗ္ဗဇ္ဇန္တေဝါသိကတပည့်၊ နိဿယန္တေဝါသိကတပည့်၊ ဓမ္မန္တေဝါသိကတပည့်ဟူ၍ ငါးပါးရှိသည်ဟု မှတ်ယူသင့်သည်။ ထိုငါးပါးတို့တွင် နိဿယန္တေဝါသိကဌ် ရဟန်းကိုသာ ယူရမည်။ ထို့ကြောင့် မဟာဝါဠိတော်၌—

အနုဇာနာမိ ဘိက္ခဝေ ဗျတ္တေန ဘိက္ခုနာ ပဋိဗလေန ပဉ္စဝဿာနိ နိဿာယ ဝတ္ထုံ၊ အဗျတ္တေန ယာဇီဝံ—

ဟု ဟော်တော်မူသည်။ ထိုပါဠိတော်၌ ဗုဟန်းကိုသာ နိဿရည်းအက်၌ ဟောတော်မူသည်။

မဟာဝါအဋ္ဌကထာ ပဗ္ဗဇ္ဇာခန္ဓကဌ်လည်း—

ကုမာရဿ မဟာမောဂ္ဂလ္လာနတ္ထေရော ကေသေ ဆိန္ဒိတ္ဝာ ကာသာယာနိ ဒတ္ဝာ သရဏာနိ အဒါသိ၊ မဟာကဿပတ္ထေရော ဩဝါဒါစရိယော အဟောသိ။ ယသ္မာ ပန ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ၊ ဥပဇ္ဈာယော ဝ တတ္ထ ဣဿရော, န အာစရိယော—

ဟူ၍လည်းကောင်း၊

နာ ဘိက္ခဝေ ဥပဇ္ဈာယံ အနာပုစ္ဆဝတိ ဧတ္ထ "တုမ္ဟာကံ သာမဏေရသ္သ ဣဒံ နာမ အဟုရာ"ဒိဝ၊ ဒဏ္ဍကမ္မမသ္သ ကရော-ထာ"တိ တိက္ခတ္တုံ ဝုတ္တေ သစေ ဥပဇ္ဈာယော ဒဏ္ဍကမ္မံ နဏရောတိ၊ သယံ ကာတုံ ဝဋ္ဋတိ။ သစေပိ အာဒိတော၀ ဥပဇ္ဈာယော ဝဒတိ "မယ္ဟံ သာမဏေရေန နေဝ သက္ကာ တုမ္ဟေဟိ ဒဏ္ဍကမ္မံ ကာရောထာ"တိ၊ ကာတုံ ဝဋ္ဋတိယေ၀။ ယဿ စ သာမဏေရေန၊ ဧ၀ံ သဒ္ဓိဝိဟာရိကန္တေ၀ါသိကာနမ္ပိ ဒဏ္ဍကမ္မံ ကာတုံ ဝဋ္ဋတိ-

ဟူ၍လည်းကောင်း လာသည်။

ဝိမတိဝိနောဒနီဋီကာ၌လည်း-

သဒ္ဓိဝိဟာရိကန္တေ၀ါသိကာနမ္ပိတိ ဥပသမ္ပန္နေ သန္ဓာယ ဝုတ္တံ-

ဟု ပြဆိုသည်။ ထိုအဋ္ဌကထာ, ဋီကာတို့၌လည်း သာမဏေမှာ ဥပဇ္ဈာ-စရိယ, အ၀ါဒါစရိယကိုသာ ပြောဘွဲ့မူသည်။ နိဿယာစရိယကိုမူ မပြကုန်။ ထို့ကြောင့် သာမဏေမှာ ဥပဇ္ဈာစရိယ၊ ပဗ္ဗဇ္ဇာစရိယ၊ ဓမ္မာစရိယသာ ရှိသည်။ နိဿယာစရိယဟူ မရှိသင့်ပြီ။

မဟာ၀ါအဋ္ဌကထာ၌ပင်-

သစေ ပန ဝိဘာဝေ နိဿယဒါယကော နတ္ထိ၊ ဥဇ္ဈာယော စ "အဟံ ကတိပါဟေ အာဂမိဿာမိ၊ မာ ဥက္ကဏ္ဌိတ္ထာ"တိ ဝတ္ဝာ ဂတော၊ ယာ၀ အာဂမနာ ပရိဟာရော လဗ္ဘတိ။ အထာပိ နံ တတ္ထ မနုဿာ ပရိစ္ဆိန္နကာလတော ဥတ္တရိပိ ပဉ္စ ၀ါ ဒသ ၀ါ ဒိ၀သာနိ ၀ါသေန္တိယေ၀၊ တေန ဝိဟာရံ ပ၀တ္တိ ပေသေတွာ "ဒဟရာ မာ ဥက္ကဏ္ဌန္တု။ အဟံ အာသုကဒိ၀သံ နာမ အာဂမိဿာမိ"တိ။ ဧ၀မ္ပိ ပရိဟာရော လဗ္ဘတိ-

ဟု ဆိုတော်မူသည်။ ထိုအဋ္ဌကထာ၌လည်း "ဒဟရာ မာ ဥက္ကဏ္ဌန္တု" ဟု ဒဟရ-သဒ္ဒါဖြင့် ရဟန်းကိုသာ ပြတော်မူသည်။

ဝိနယာလင်္ကာရဋီကာဒ်ကား အာစရိယဝတ္တကထာဒ်-

ကတိဝိဓော အာစရိယော တိ နိဿယာစရိယပဗ္ဗဇ္ဇာစရိယ-
ဥပသမ္ပဒါစရိယဓမ္မာစရိယာဒီနံ စတုဗ္ဗိဓော။ တတ္ထ နိဿယံ
ဂဟေတွာ တံ နိဿာယ ဝတ္ထုဗ္ဗာ နိဿယာစရိယော။ ပဗ္ဗဇ်-
တကာလေ သိက္ခိတဗ္ဗသိက္ခာပဒေကော ပဗ္ဗဇ္ဇာစရိယော။ ဥပသမ္ပဒ-
ကာလေ ဂဏပူရကော ဥပသမ္ပဒါစရိယော။ ဗုဒ္ဓ-
ဝစနသိက္ခာပဒေကော ဓမ္မာစရိယော နာမ-
ဟု လာသည်။

သဒ္ဒိဝိဟာရိကဝတ္တကထာဒ်-

ဧကော သဒ္ဒိဝိဟာရိဒကာတိ ဥပသမ္ပန္နော ဝါ ဟောတု သာ-
မဏေရော ဝါ၊ ယော ဥဘော်ံ ဂဏှာတိ၊ ဒေသေ သဒ္ဒိဝိဟာရိဒကော
နာမ-
ဟု လာသည်။

အန္တေဝါသိကဝတ္တကထာဒ်-

ဧကော အန္တေဝါသိဒကာတိ ဥပသမ္ပန္နော ဝါ ဟောတု
သာမဏေရော ဝါ၊ ယော အာစရိယဿ သန္တိကေ နိဿယံ
ဂဏှာတိ၊ ယော ဝါ အာစရိယဿ ဩဝါဒံ ဂဟေတွာ ပဗ္ဗဇ္ဇာတိ၊
ယော ဝါ ဧတေနုပဇ္ဈာယဝိဒကော ဟုတွာ ဥပသမ္ပဇ္ဇာတိ၊ ယော
ဝါ တသ္သ သန္တိကေ ဓမ္မံ ပရိယာပုဏာတိ၊ သော သဗ္ဗော
အန္တေဝါသိကော တိ ဝေဒိတဗ္ဗော တတ္ထ ပဌမော နိဿယ-
န္တေဝါသိကော နာမ၊ ဒုတိယော ပဗ္ဗဇ္ဇန္တေဝါသိကော နာမ၊
တတိယော ဥပသမ္ပဒန္တေဝါသိကော နာမ၊ စတုတ္ထော ဓမ္မ-
န္တေဝါသိကော နာမ အညတ္ထ ပန သိပ္ပန္တေဝါသိကောပိ
အာဂတော၊ ဣဓ တု နာမိဓေပေတော-
ဟု လာသည်။

ထိုဝိနယာဒါလက်ံဝရဋ္ဌီဆာဒ္ဒ် "ဥပသမ္ပန္နော ဝါ ဟောတု သာမဏေ-ဇော ဝါ၊ ယော ဆာစရိယဿ သန္တိကေ နိဿယံ ဂဏှာတိ၊ သော အဇ္ဇတ္တဝါသိကော နာမ" ဟူသော ပါဠိဖြင့် သာမဏေသည်လည်း နိဿရည်းယူ၍ နေအပ်သည်ဟု ပြောကဲ့သို့ ထင်သည်။ ထိုဋီကာဆရာ၏ စကားကို ဝဇိရ, သာရတ္ထ, ဝိမတိတို့၌ ရှိသောကြောင့်လည်းကောင်း၊ ပြဆိုအပ်သော ပါဠိ, အဋ္ဌကထာဟိုကိုခံကာဂ်၍ လည်းကောင်း ဆင်ခြင်အပ်သည်။

၁၂။ ဂတ်ပြုအပ်သော ဆရာနှင့် တပည့်

၅မေး။ ။ထိုသို့ပြဆိုအပ်သော ဆရာတပည့်ကိုလွှင့် အာဘယ်မည်သော ဆရာကို အာဘယ်မည်သော တပည့်တို့သည် အာဘယ်မျှလောက် ကာလ ပတ်လုံး လုပ်ကျေးပြုစုအပ်ပါသနည်း။

ဖြ။ ။ထိုအကြောင်းမူ—

ဧကော သု ပဗ္ဗဇ္ဇန္တေဝါသိကော စ ဥပသမ္ပဒန္တေဝါသိကော စ အာစရိယဿ ယာဝဇီဝံ ဘာရော၊ နိဿယန္တေဝါသိကော စ မဗ္ဘန္တေဝါသိကော စ ယာဝ သမီပေ ဝသန္တိ၊ တာဝဒေဝ တဿ အာစရိယဿာပိ ဧကော သု သမ္ဘာ ဝတ္တိဘဗ္ဗံ ဟူ၊ ဟာဝါအဋ္ဌကထာဒ္ဒ် လာသည်။

တတ္ထ ဥပဇ္ဈာယော တာဝ ဂလာနော သာဒ္ဓေ လဟုနဝုဋ္ဌာတိ၊ ယာဝဇီဝမ္ပိ ပဋိဇဂ္ဂိတဗ္ဗော။ တထာ ပဗ္ဗဇ္ဇာစရိယော ဥပသမ္ပဒါစရိယော သဒ္ဒိဝိဟာရိကော ဥပသမ္ပာဒိတ ပဗ္ဗာဇိတ-အန္တေဝါသိကသမာနုပဇ္ဈာယကော စ။ နိဿယာစရိယဥဒ္ဒေသာ-စရိယနိဿယန္တေဝါသိကသမာနာစရိယကော ဥဒ္ဒေသန္တေဝါသိကသမာနာစရိယကော ပန ယာဝ နိဿယဥဒ္ဒေသာ အနုပစ္ဆိန္နာ၊ တာဝ ပဋိဇဂ္ဂိတဗ္ဗော။ ပဓာနန္တေဝါသိကော တဿတော ဥဒ္ဒေသော ပဋိဇဂ္ဂိတဗ္ဗော ဇေဝ-

ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာဒ္ဒ် လာသည်။

တထာတိ ယထာ ဥပဇ္ဈာယော ဂိလာနော ယာဝဇီဝံ ဥပဋ္ဌာတဗ္ဗော။ တထာ ဥပသမ္ပာဒိတအန္တေဝါသိကော အတ္တနော ကမ္မဝါစံ ဝတ္ဝာ ဥပသမ္ပာဒိတော-

ဟု ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ဖွင့်တော်မူသည်။ လာရတ္ထဋီကာ, ဝိမတိဝိနော-ဒနီဋီကာတို့၌လည်း ဝိသုဒ္ဓိမဂ်ကို ဆောင်၍ ဖွင့်ဆိုတော်မူကြသည်။

အဓိပ္ပါယ်ကား-ဝိနည်းအဋ္ဌကထာ၌ ဥပဇ္ဈာယ်ယူသော သဒ္ဓိဝိဟာ-ရိကတပည့်ဖြစ်သော ရဟန်းသာမဏေသည် ဥပဇ္ဈာစရိယ၌, သရဏကို သီလခံယူသော ပဗ္ဗဇ္ဇန္တေဝါသိကမည်သော သာမဏေသည် ပဗ္ဗဇ္ဇာ-စရိယ၌, ကမ္မဝါစာဖတ်၍ ရဟန်းခံပေးသော ဥပသမ္ပဒန္တေဝါသိက-မည်သော ရဟန်းသည် ဥပသမ္ပဒါစရိယ၌ အသက်ထက်ဆုံး ဝတ်ကို ပြုအပ်သည်။ နိဿရည်းယူသော နိဿယန္တေဝါသိကမည်သော ရဟန်း-သည် နိဿယာစရိယ၌, စာပေကျမ်းဂန်သင်ယူသော ဥဒ္ဒေသန္တေဝါသိက-မည်သော ရဟန်းသာမဏေသည် ဥဒ္ဒေသာစရိယ၌ အနီးဝယ်ဖူနေသောအခါ ဝတ်ကို ပြုအပ်သည်။ ဆရာဟိုကလည်း တပည့်တို့၌ နည်းတူပြုအပ်သည်ဟု ပြတော်မူသည်။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အကြင်ရဟန်းသည် မိမိဥပဇ္ဈာယ်ယူသော ဥပဇ္ဈာစရိယ၊ သာမဏေတုန်းက သရဏကုသိလကို ခံယူခဲ့ဖူးသော ပဗ္ဗ-ဇ္ဇာစရိယ၊ ရဟန်းခံစဉ်အခါ ကမ္မဝါစာဖတ်သော ဥပသမ္ပဒါစရိယ၊ မိမိထံ၌ ဥပဇ္ဈာယ်ယူသော ဘဒ္ဒန္တဝိဟာရိကတပည့်၊ မိမိထံ၌ သရဏကို သီလကိုခံယူသော ပဗ္ဗဇ္ဇန္တေဝါသိကတပည့်၊ မိမိကမ္မဝါစာဖတ်၍ ရဟန်းခံပေးသော ဥပသမ္ပဒန္တေဝါသိကတပည့်၊ မိမိဥပဇ္ဈာယ်ဆရာထံ၌ ဥပဇ္ဈာယ်ယူသော သဒ္ဓိဝိဟာရိက ဖြစ်သော ဥပဇ္ဈာယ်တူတပည့်၊ ဤသို့ပြဆိုအပ်သောသူဟို၌ အသက်ထက်ဆုံး ဝတ်ကို ပြုအပ်သည်။

အကြင်ရဟန်းသည် မိမိနိဿရည်းယူသော နိဿယာစရိယ၊ မိမိ စာပေကျမ်းဂန် သင်ယူသော ဥဒ္ဒေသာစရိယ၊ မိမိထံ၌ နိဿရည်းယူ

သော နိဿယဇန္တေဝါသိကဘာပည်၊ မိမိထံ၌ စာပေကျမ်းဂန်သင်ယူသော ဥဒ္ဒေသဇန္တေဝါသိကတပည်၊ မိမိ၏ နိဿယာစရိယ, ဥဒ္ဒေသာစရိယထံ၌ နိဿရည်းယူသော, စာပေကျမ်းဂန် သင်ယူသော သဗ္ဗာနာစရိယဖြစ်သော ဆရာတူတပည်၊ ဤသို့ ပြဆိုအပ်သောသူတို့၌ နိဿဒည်းယူ၍ နေသောအခါ, စာပေကျမ်းဂန်သင်၍ နေသောအခါ၌ ဝတ်ကိုပြုအပ်သည်။ စွမ်းနိုင်မှုအားဝီရိယရှိနေလော်လည်း ပြုအပ်သည်ဟု ပြတော်မူသည်။

ဤသို့ ဝတ်ပြုသောအဖြင်ကို သိရလ။

၁၈၉။ အချင်းချင်းခွင့်ပြုမှု အာပတ်လွတ်

ဖေး ။ တိုသို့ပြုသောဝတ်ကို ဆရာတပည့်အချင်းချင်း ခွင့်ပေးမှု ပြုပါ ဒုအပ်ပါမည်ခလာ။

ဖြေ ။ ထိုအဖေးမှာ—

ဥပဇ္ဈာယော ဝတ္တံ သာဒိယန္တေန အန္တိဝါသိကော ဗဟုကာပိ ဟောန္တိ၊ သဗ္ဗေသံ အာပတ္တိ။ သစေ ဥပဇ္ဈာယော "မယ္ဟံ ဥပဋ္ဌာကော အတ္ထိ၊ တုမှေ အဘ္ဘာနေ သဇ္ဈာယမနသိကာရာ·ဒီသု ယောဂံ ကရေထာ"တိ ဝဒတိ၊ အန္တေဝါသိကာနံ အနာ·ပတ္တိ။ သစေ ဥပဇ္ဈာယော သာဒိယနံ ဝါ အသာဒိယနံ ဝါ နာ ဇာနာတိ၊ ဗဟလော ဟောတိ၊ အန္တေဝါသိကော ဗဟုကော။ ဟသု ဧကော ဝတ္တသမ္ပန္နော ဘိက္ခု "ဥပဇ္ဈာယဿ ကိစ္စံ အဟံ ကရိဿာမိ၊ တုမှေ အဇ္ဈာယမနသိကာရာ·ဒီသု ယောဂံ ကရောထာ"တိ ဝတ္တာ ဟောတိ၊ ဥပဇ္ဈာယော "မယ္ဟံ ဥပဋ္ဌာကော အတ္ထိ၊ တုမှေ အဘ္ဘာနေ သဇ္ဈာယမနသိကာရာ·ဒီသု ယောဂံ ကရော

အသာဒိယန္တေ့ အာပတ္တိ နာ ဟောတီ''တိ ဧဝံ နာဇာနာတီတိ အတ္ထော။ ဇတသု ဧကော ဝတ္တာသမ္ပန္နော ဘိက္ခု။ ပ။ ဟောသံ အနာပတ္တိတိ ဝစနတော သဗ္ဗေ ကောစိ ''တုမှာကံ သဒ္ဓိဝိဟာရိကော, အန္တေဝါသိကော ဝါ ဂိလာနော ဥပဋ္ဌဟိသ္သာမိ၊ သြဝါဒါနုသာသနိအာဒိကံ့ သဗ္ဗံ ကတ္တဗ္ဗံ ကရိဿာမီ''တိ ဝဒတိ၊ တေ ဝါ သဒ္ဓိဝိဟာရိကာဒယော ''အာပေါသုက္ကာ ဟောထာ'' တိ ဝဒန္တိ၊ ဝတ္တံ ဝါ နာ သာဒိယန္တိ၊ အာစရိယုပဇ္ဈာယာနမ္ပိ အနာပတ္တိ–

ဟု ဖွင့်တော်မူသည်။

သာဝတ္ထိဒီပနီဋီကာ၌လည်း–

ဇတသု ဧတော ဝတ္တာသမ္ပန္နော ဘိက္ခု။ ပ။ ဇတသံ အနာပတ္တိတိ ဝစနတော သဗ္ဗေ ဧဝံ ဇာနာတိ ''ဘန္တေ တုမှေ အာပေါသုက္ကာ ဟောထ၊ အဟံ တုမှာကံ သဒ္ဓိဝိဟာရိကံ့ အန္တေဝါသိကံ့ ဝါ ဂိလာနံ့ ဥပဋ္ဌဟိဿာမိ၊ သြဝဒိတဗ္ဗံ သြဝဒိဿာမိ၊ ဣတိ ကရဏီယေသု ဥဿုက္ကံ အာပဇ္ဇိဿာမိ''တိ ဝဒတိ၊ တေ ဧဝ ဝါ သဒ္ဓိဝိဟာရိကာဒယော ''ဘန္တေ တုမှေ ကေဝလံ အာပေါသုက္ကာ ဟောထ'' တိ ဝဒန္တိ၊ ဝတ္တံ ဝါ နာ သာဒိယန္တိ၊ တဇ္ဇာတာ ပဋ္ဌာယ အာစရိယုပဇ္ဈာယာနံ့ အနာပတ္တိတိ ဝဒန္တိ–

ဟု ဆိုတော်မူသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့၌ ''ဥပဇ္ဈာယေ ဝတ္တံ ဃာဒိယန္တေ သဒ္ဓိဝိဟာရိကာ ဗဟုကာပိ ဟောန္တိ၊ သဗ္ဗေသံ အာပတ္တိ'' ဟူသောပါဌ်ဖြင့် ဆရာက ဝတ်ပြုခြင်းကိုသာယာမူ ဝတ်မပြုသောတပည့်တို့အား အာပတ်သင့်သည်။ မသာယာမူ မသင့်ဟု ပြဘာ်မူသည်။ ''သဗ္ဗေ ဥပဇ္ဈာယော။ ပ။ သဒ္ဓိဝိဟာရိကာနံ့ အနာပတ္တိ'' ဟူသောပါဌ်ဖြင့် ဆရာက ငါ၌ ဝတ်ကိုမပြုကြနှင့်ဟု ခွင့်ပေးသည်ရှိသော် ဝတ်မပြုသော တပည့်တို့အား အာပတ်မသင့်ဟု ပြတော်မူသည်။ ''တသု-

ဒေကာ ဝတ္ထာသမ္မန္နော။ ပ။ ဧတသံ အနာပတ္တိ''ဟူသောပါဠိဖြင့် မျာ
စ္ဆာဒသာ တပည့်တို့ဟုင် ဂတ်နှင့်ပြည့်စုံသော ရဟန်းတပါးက ဆရာ့
ပြုအပ်သော ဝတ်ဟူသမျှကို ငါပြုမည်။ သင်တို့ မပြုကြပါနှင့်တော့ပ
ဆိုမူ အာပတ်မသင့်ဟု ပြဋ္ဌာန်မူသည်။

''တေသု ဒေကာ ဝတ္ထာသမ္မန္နော။ ပ။ ဝစနတော'' အစရှိသော
ဋီကာပါဠိတို့ဖြင့်လည်း ရဟန်းတပါးက အရှင်ဘုရားသည် တပည့်တို့၌
ပြုအပ်သောဝတ်ဟူသမျှကို မပြုပါလင့်၊ တပည့်တော်တား ဝန်ရှိပါစေ။
တပည့်တော်ပြုပါမည်ဟု လျှောက်ထားသော်လည်းကောင်း၊ ထိုတပည့်
တို့ကပင် ဆရာ့အရှင်မြတ်သည် တပည့်တော်တို့၌ ပြုအပ်သောဝတ်ကို
မပြုပါနှင့်ဟု လျှောက်ထားသော်လည်းဖောင်း၊ တပည့်တို့သည် စတ်ကို
မသာယာသော်လည်းကောင်း ဆရာ့ဥပဇ္ဈာယ်တို့အား လည်း အာပတ်
မသင့်ဟု ပြတော်မူသည်။

''သာဒိယနံ ဝါ အသာဒိယနံ ဝါ နဇာနာတိတိ မယိ သာဒိယန္တေ
အကရောန္တာနံ အာပတ္တိ ဒုက္ကဋဿာတိ၊ ငဋ်ကိုပိဟု အသာဒိယန္တေ အာ
နေ ဟောတိတိ ဝေဒံ နဇာနာတိ''ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိဖြင့်
ဆရာဘပည့် နှာ်ဦးလုံးပင် ဝတ်မပြုလင့်ဟု ခွင့်ပေးပြီးမှ တဖန်သာယာ
ပြန်သော်လည်း အာပတ်မသင့်ဟု ပြဋ္ဌာန်မူသည်။

ဤသို့လျှင် ဆရာတပည့် ပြုရာသောဝတ်တို့ကို အေချင်းချင်း ခွင့်ပေးမှု
မပြုသော်လည်း အာပတ်မသင့်ဟု ပြဋ္ဌာန်မူသည်။

၁၉၀။ နိဿဂ္ဂိယကံးကင်းရာ အာပတ်သင့်

မေး ။ ။နိဿဂ္ဂိယကံးနှင့်ကင်းရှင်း ဇနထိုက်သောအင်္ဂါမရှိပဲနှင့် နိဿ
ရဂ်ံး မယူပဲ နေသောရဟန်းတို့မှာ အာပတ်သင့်ပုံကို အသို့ မှတ်ရပါ
အံ့နည်း။

ဖြေ ။ ။ထိုအမေးမှာ—

နှ ဘိက္ခဝေ ဆယ်ဇိနံ နိဿယော ဒါတဗ္ဗော၊ ယော
ဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

နု ဘိက္ခဝေ အလဇ္ဇိနံ နိဿာယ ဝတ္ထုပ္ပဒံ၊ ယော ဝေဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ စတူဟပဉ္စာဟံ အာဂမေတုံ ယာဝ ဘိက္ခုသဘာဂတံ ဇာနာမိ။

အနုဇာနာမိ ဘိက္ခဝေ အဒွါနမဂ္ဂပ္ပဋိပန္နေန ဘိက္ခုနာ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုံ။

အနုဇာနာမိ ဘိက္ခဝေ ဂိလာနေန ဘိက္ခုနာ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုံ။

အနုဇာနာမိ ဘိက္ခဝေ ဂိလာနုပဋ္ဌာကေန ဘိက္ခုနာ နိဿယံ အလဘမာနေန အနိဿိတေန ဝတ္ထုံ—

ဟုမဟာဝါပါဠိတော်၌ ဟောတော်မူသည်။

မဟာဝါအဋ္ဌကထာ၌လည်း—

အလဇ္ဇိနံ နိဿာယ ဝသန္တီတိ ဥပယောဂဇတ္ထ သာမိဝစနံ၊ အလဇ္ဇိပုဂ္ဂလေ နိဿာယ ဝသန္တီတိ အတ္ထော။ ယာဝ ဘိက္ခု-သဘာဂတံ ဇာနာမီတိ နိဿယဒါယကသဿ ဘိက္ခုနော ဘိက္ခုံ ဟိ သဘာဂတံ လဇ္ဇိဘာဝံ ယာဝ ဇာနာမီတိ အတ္ထော။ တသ္မာ နဝံ ဌာနံ ဂဇေန ''ဟေ ဘိက္ခု, နိဿယံ ဂဏှာဟိ'' တိ စုစ္စမာနေနာပိ စတူဟပဉ္စာဟံ နိဿယဒါယကသဿ လဇ္ဇိဘာဝံ ဉတ္ပဇ္ဇတိ ဂဟေတဗ္ဗော။

သစေ ''ဃရော လဇ္ဇီ'' တိ ဘိက္ခုံ နံ သန္တိကေ သုတ္ဝာ အာဂတဒိဝသေယေဝ ဂဟေတုကာမော ဟောတိ၊ ဃရော ပန ''အာဂမေဟိ တာဝ, ဂဟဋ္ဌော ဇာနိဿတီ'' တိ ဂန္တုံ ဝဋ္ဋတိ၊ အာစာရံ ဉပဓာရေတွာ နိဿယံ ဒဒေယျ။ ဥဒ္ဓဋော တိ ယော နိဿယဂ္ဂဟဏတ္ထာယ ဂစ္ဆန္တော တဒဟေဝ ဂဟေတဗ္ဗော၊ ကေဒိဝသမ္ပိ ဂရိဟာဘရော နတ္ထိ။ သစေ ပဌမယာမေ အာစရိယဿ ဩကာသော နတ္ထိ၊ ဩကာသံ အလဘန္တော ''ပစ္ဆာ ဩသာရေယ

ဂဟေဿာမိ''တိ သယတိ၊ အရုဏံ ဥဂ္ဂတမ္ပိ နာ ဇာနာတိ၊ အနာ-
ပတ္တိ။ သစေ ပန ''ဂဏှိဿာမိ''တိ အာဘောဂံ အကတ္ဘာ
သယတိ၊ အရုဏုဂ္ဂမနေ ဒုက္ကဋံ။ အဂတပုဗ္ဗံ ဌာနံ ဂစ္ဆန္တေန ဒွေ
တီဏိ ဒိဝသာနိ ဝသိတ္ဘာ ဂန္တုကာမေန အနိဿိဒတန ဝသိ-
တဗ္ဗံ။ ''သတ္တာဟံ ဝသိဿာမိ''တိ အာလယံ ကရောန္တေန ပန
နိဿယော ဂဟေတဗ္ဗော။ သစေ ထေရော ''ကိံ သတ္တာဟံ
ဝသန္တိဿ နိဿဲယေနာ''တိ ဝဒတိ၊ ပဋိက္ခိတ္တကာလတော
ပဋ္ဌာယ လဒ္ဓပရိဟာရော ဟောတိ။

နိဿယံ အလဘမာနေနာတိ အတ္တနာ သဒ္ဓိံ အန္ဝါနမဂ္ဂ-
ပ္ပဋိပန္နေသု နိဿယဒါယကော အသတိ နိဿယံ နာ လဘတိ နာမ။
ဧဝံ အလဘန္တေန အနိဿိတေန ဗဟူနိပိ ဒိဝသာနိ ဂန္တဗ္ဗံ။
သစေ ပုဗ္ဗေပိ နိဿယံ ဂဟေတ္ဘာ ဝုတ္ထပုဗ္ဗံ ကဋ္ဌိ အာဝါသံ
ပဝိသတိ၊ ကေရတ္တံ ဝသန္တေနာပိ နိဿယော ဂဟေတဗ္ဗော။
အန္တရာမဂ္ဂေ ဝိဿမန္တော ဝါ သတ္ထံ ပရိယေသန္တော ဝါ ကတိ-
ပါဟံ ဝသတိ၊ အနာပတ္တိ။ အန္တောဝဿေ ပန နိဗ္ဘဝံ ဝါသံ
ဝသိတဗ္ဗံ၊ နိဿဲယော စ ဂဟေတဗ္ဗော။ နာဝါယ ဂစ္ဆန္တဿ
ပန ဝဿာနေ အာဂတေပိ နိဿယံ အလဘန္တဿ အနာပတ္တိ။

ဖာသု ဟောတီတိ သမထဝိပဿနာနံ ပဋိလာဘဝသေန
ဖာသု ဟောတိ။ ဣမဉ္စိ ပရိဟာရံ နေဝ သောတာပန္နော နာ
သကဒါဂါမိ အနာဂါမိ အရဟန္တော လဘန္တိ၊ နာ ထာမဂ-
တာသာ သမာဓိနော ဝါ ဝိပဿနာယ ဝါ လာဘီ၊ ဝိဿဋ္ဌ-
ကမ္မဋ္ဌာနေ ပန ဗာလပုထုဇ္ဇနေ ကထာဝ နတ္ထိ။ ယဿ ဧခါ
ပန သမထော ဝါ ဝိပဿနာ ဝါ တရုဏာ ဟောတိ၊ အယံ
ဣမံ ပရိဟာရံ လဘတိ၊ ပဝါရဏာသင်္ခေါပိ တေသော
အနုညာတော။ တသ္မာ ဣမိနာ ပုဂ္ဂလေန အာစရိယော ပဝါ-
ရေတ္ဘာ ဂတေပိ ''ယဒါ ပတိရူပေါ နိဿယဒါယကော
အာဂစ္ဆတိ၊ တဒါ နိဿာယ ဝသိဿာမိ''တိ အာဘောဂံ

ဏတ္ဝာ ပုန ယာဝ အာသာဇ္ဍိပုဏ္ဏမာ၊ တာဝ အနိဿိတေန ဝတ္ထုံ ဝဋ္ဋတိ။ သစေ ပန အာသာဇ္ဍိမာသေ အာစရိယော နာဂစ္ဆတိ၊ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တုမ္ပိ-
ဟုဆိုတော်မူသည်။

ဝိမတိဝိနောဒနီဋီကာ၌လည်း-

ဝိဿမေန္တော ဝါ။ ပ။ အနာပတ္တိတိ ဂမနသဉ္ဉာဟတာယ တထာ ဝသန္တောပိ အဒ္ဓိကော ဇော၊ တတ္ထ နိဿယဒါယကော အသတိ အနာပတ္တိတိ အဓိပ္ပါဧော။ ဧတေန စ ပရိဿမာဒိ-အဘာဝေ သေနာသနာဒိသမ္ပဒံ ပဋိစ္စ ဝသာတော အာပတ္တိတ္ဘဒဿတိ။ တဉ္စ အဂမနပစ္စယာ ဒိဋ္ဌေ ဒိဋ္ဌေ အာပတ္တိတိ ဝဒန္တိ။ စိဝရဂ္ဂဏာဒိကိစ္စတ္ထာယ ဂဏ္ဍဟိ ပေသိတသာပိ ကိစ္စပရိ-ယောသာနမေဝ ဝသိတဗ္ဗံ၊ နာ တတော ပရံ။ ဂဏ္ဍဟိပိ တာဝ-ကာလိကကိစ္စတ္ထမေဝ ပေသလဒဟရာ ပေသိတဗ္ဗာ၊ နာ နိစ္စကာ-လကိစ္စတ္ထန္တိ ဒဋ္ဌဗ္ဗံ။ နာဝဝါယ ဂစ္ဆန္တဿ။ ပ။ အနာပတ္တိတိ ဝုတ္တတ္တာ ဇေဋ္ဌပံ အဝိဓေယျတံ ဝိနာ နိဿယဒါယကဲရဟိတဋ္ဌာနေ ဝသံ ဥပဂန္တုံ နာ ဝဋ္ဋတီတိ ဒဋ္ဌဗ္ဗံ။

တဿ နိဿာယာတိ တံ နိဿဒယ။ အာသာဇ္ဍိမာသေ။ ပ။ တတ္ထ ဂန္တဗ္ဗန္တိ ဇတ္ထ ပန သစေပိ "အသုကော ထေရော ဇတ္ထ အာဂမိဿတိ အာဂမိဿတိ"တိ အာဂမေန္တသ္သေဝ ဝသ္သူပနာယိကဒိဝသော ဟောတိ။ ဟောတု၊ ဝသိတဋ္ဌာနေ ဝသံ အနုပဂမ္မ ယတ္ထ နိဿယော လဗ္ဘတိ၊ ဒူရေပိ တတ္ထ ဂန္တွာ ပစ္ဆိမိကာယ ဥပဂန္တဗ္ဗံ—
ဟုဖွင့်တော်မူသည်။

ဤသို့လာသော အဋ္ဌကထာ, ဋီကာတို့၌ "နဝံ ဌာနံ ဂတေန။ ပ။ နိဿာယော ဂဟေတဗ္ဗော"ဟူသော ပါဠိဖြင့် မရောက်ဖူးသေးသော နေရာသို့ ရောက်သောအခါ မထေရ်က နိဿရဉ်းယူလော့ဟု ဆိုသော်

လည်းကောင်း၊ မဆိုသော်လည်းကောင်း ထိုနိဿရုည်းပေးသောမထေရ်၏ လဇီအဖြစ်ကို လေးငါးရက် ဆင်ခြင်၍ နေပြီးမှ လဇီဟုသိလျှင် နိဿရုည်းယူအပ်သည်း အလဇီဟုသိမူ နိဿရုည်းမယူအပ်။ တပါးသော အရပ်သို့ သွားရမည်ဟု ပြတော်မူသည်။

သစေ ထေရော လဇီတိ။ ပ။ နိဿယံ ဒေတိ၊ ဝဋ္ဋတိ-ဟူသော ပါဠိဖြင့် ထိုအရပ်၌ မထေရ်၏ လဇီအဖြစ်ကို ရဟန်းတို့ပြောသည်ကို ကြား၍ ရောက်သောနှင့် နိဿရုည်းယူလိုသော်လည်း မထေရ်က ငံ့လင့်ဦးလော့ဟု ဆို၍ နှစ်ရက်သုံးရက်ဆိုင်းထားပြီးမှ ထိုနိဿရုည်းယူသော ရဟန်းကို လဇီဟုသိ၍ နိဿရုည်းကိုပေးမူလည်း အပ်သည်။ ထိုနှစ်ရက်သုံးရက်ကိုလွန်၍ မနေအပ်ဟု ပြတော်မူသည်။

ပကတိယာ နိဿယဂ္ဂဟဏဝဋ္ဋာနံ။ ပ။ ပရိဟာရော နတ္ထိ-ဟူသော ပါဠိဖြင့် နိဿရုည်းယူ၍ နေဖူးသောနေရာသို့ ရောက်သောရဟန်းသည် ရောက်သောနေ့၌ပင်နိဿရုည်းယူအပ်သည်။ မယူဖဲနေလျှင် အရုဏ်တက်မူ ဒုက္ကဋ်သင့်သည်ဟု ပြတော်မူသည်။

သစေ ပဌမယာမေ။ ပ။ ဒုက္ကဋံ-ဟူသောပါဠိဖြင့် ပဌမယာမ်၌ နိဿရုည်းပေးသောဆရာ မအားမလပ်ရှိ၍ အရုဏ်မတက်မီ နိဿရုည်းယူအံ့ဟု စိတ်ကကြံ၍ အိပ်သောအခါ အရုဏ်တက်သော်လည်း အာပတ်မသင့်း ထိုသို့ စိတ်က မကြံပဲ အိပ်၍ အရုဏ်တက်မူ ဒုက္ကဋ်သင့်သည်ဟု ပြတော်မူသည်။

အဂတပုဗ္ဗဝါနံ။ ပ။ လဒ္ဓပရိဟာရော တိုင်အောင် သော ပါဠိဖြင့် မရောက်ဖူးသောအရပ်သို့ ရောက်သောရဟန်းသည် ထိုအရပ်၌ မနေ၊ သွားမည်ဟု အကြံရှိသော်လည်း နှစ်ရက်သုံးရက်သာ နိဿရုည်းမယူပဲ နေအပ်သည်။ ခုနစ်ရက်ကြာအောင် မနေအပ်။ ခုနစ်ရက်ကြာအောင် နေလိုမူ နိဿရုည်းပေးသောဆရာ၏ လဇီအဖြစ်ကိုမသိလျှင် လေးရက်ငါးရက်ဆင်ခြင်၍ လဇီဟုသိလျှင် နိဿရုည်းယူအပ်သည်း အလဇီဟုသိမူ မယူပဲသွားအပ်သည်။

မထေရ်၏ လင်္ဂီအဖြင့်ကို ရဟန်းတို့ပြောသည်ကို ကြား၍ သိမူ ခလေးရက် ငါးရက် မဆင်ခြင်ပဲသာ နိဿရဏ်းယူ၍ နေအပ်သည်။ နိဿရဏ်းယူသောအခါ မထေရ်က ခုနစ်ရက်မျှ နိဿရဏ်းယူ၍နေခြင်းအား အာဘယ်အာကျိုးရှိဒုံနည်းဟု ပယ်သောအခါ မယူပဲ သာနေအပ်သည်ဟု ပြတော်မူသည်။

အတ္တာနာ သဒ္ဓိံ။ ပ။ နိဿယော ဂဟေတဗ္ဗော-တိုင်အောင်သော ပါဠိဖြင့် ခရီးသွားသောရဟန်းတို့တွင် နိဿရဏ်းပေးတတ်သောဆရာ ပါမူ နိဿရဏ်းယူ၍ သွားအပ်သည်။ မပါမူ နိဿရဏ်းမယူပဲသာ ကြာမြင့်စွာ ခရီးသွားအပ်သည်။ ထိုသို့ လမ်းခရီးသို့သွားရာ ရှေးက နိဿရဏ်းယူဖူးသောနေရာသို့ ရောက်၍ တည်ဉ့်အိပ်လိုမူ နိဿရဏ်းယူအပ်သည်ဟု ပြတော်မူသည်။

အန္တရာမဂ္ဂေ ဝိဿမန္တော ဝါ။ ပ။ နိဿယော စ ဂဟေတဗ္ဗော-တိုင်အောင်ပါဠိဖြင့် ခရီးပင်ပန်း၍ မသွားနိုင်သဖြင့်လည်းကောင်း၊ အဖော်လှည်းကုန်သည်ကို ရှာသည်ဖြစ်၍လည်းကောင်း နှစ်ရက်သုံးရက် သာနေ၍ သွားလိုမူ နိဿရဏ်းမယူပဲ နေအပ်သည်။ ဝါတွင်းဥ္စီကား ခရီးမသွားပဲ အမြဲနေအပ်သည်။ နိဿရဏ်းကိုလည်း ယူအပ်သည်ဟု ပြတော်မူသည်။

နာဝါယ။ ပ။ အနာပုတ္တိ-ဟူသော ပါဠိဖြင့် လှေသဘော်ဖြင့် သွားသော ရဟန်းသည် ဝါဆိုနေ့ကျ၍ လှေသဘော်ဘဲ့ ဝါဆိုရမူ နိဿရဏ်းကို မရသော်လည်း အာပတ်မသင့်ဟု ပြတော်မူသည်။

ဖာသု ဟောတိတိ သမထဝိပဿနာနံ။ ပ။ တတ္ထ ဂန္တုံ-တိုင်အောင် ပါဠိဖြင့် ပဝါရဏာပြု၍ နိဿရဏ်းပေးတတ်သောဆရာ အရပ်တပါးသို့ ဖဲသွားသည်ရှိသော် အကြင်ဆီးခါဠ် လျောက်ပတ်သော နိဿရဏ်း ပေးတတ်သောဆရာသည် ကျိတောဇကျောင်းသို့ ရောက်လာလတ္တံ့၊ ထိုသို့ ရောက်လာသောဆရာ့ထံ၌ နိဿရဏ်းယူ၍ နေအံ့ဟု နှလုံးသွင်း၍ ဝါဆို လပြည့်တိုင်အောင် နိဿရဏ်းမယူပဲ နေအပ်သည်။ ဝါဆိုလပြည့်တိုင် ရောက်၍ မလားမူ နိဿရဏ်းပေးတတ်သော ဆရာရှိရာသို့ သွားအပ်သည်။

ဦးကာဆရာတို့အလိုအားဖြင့် ဝါဆိုလပြည့်နေ့၌ ဤမည်သောမထေရ်လာရောက်လတ္တံ့ဟု သတင်းကြားမူ ငံ့၍ နေပြီးလျှင် ဝါဆိုသောနေ့တိုင် ရောက်၍မလာမူ ဝါမဆိုပဲသာ နိဿရည်းရှိရာသို့ သွားအပ်သည်၊ ပုရိမဝါမဆိုမီလျှင် ပစ္ဆိမဝါဆုပ်အပ်သည်။

ဤသို့သောဒုတိယအခွင့်ကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာတို့သည် မရအပ်ကုန်၊ မဆုတ်မနစ် ရင့်ပြီး၍ အားကြီးသော သမာဓိဝိပဿနာရှိသော ကလျာဏ ပုထုဇဉ်ရဟန်းတို့လည်း ရအပ်ကုန်၊ စွန့်လွှတ်သောကမ္မဋ္ဌာန်းရှိသော (ဝါ) ကမ္မဋ္ဌာန်းဘာဝနာ ရှင်းရှင်းကွဲသော ဗာလပုထုဇဉ်ရဟန်းတို့မှာ ဆိုဖွယ်ရာမရှိ အာတိဒုလ္လဟ မရအပ်ကုန်။ ကမ္မဋ္ဌာန်းကို အားထုတ်သော မရင့်သေးပဲသာ နုသေးသော သမာဓိဝိပဿနာရှိသော တောနေရဟန်းသာ ရအပ်သည်ဟု ပြတော်မူသည်။

ဝိဿဇ္ဇနာ ဝါ။ ပ။ အနာဂတ်တိတိ ဂမနသဉ္ဉာဟတာယ။ ပ။ ဒိဂဏ္ဌ ဒိဝေ အာပဇ္ဇတိတိ ဝဒန္တိ-ဟူသော ဝိမတိဝိနောဒနီဋီကာပါဠိဖြင့် ခရီးပန်း၍ မသွားနိုင်သဖြင့် နားနေရာ နှစ်ရက်သုံးရက်မျှကို နေ၍ သွားလိုသောစိတ်ရှိသည်အဖြစ်ကြောင့် ဖြစ်သည်။ ထို့သို့နေရာ၌လည်း နိဿရည်းပေးတတ်သော ဆရာမရှိရာ၌သာ အာပတ်မသင့်သည်၊ ခရီးပင်ပန်းခြင်းစသော အကြောင်းမရှိပဲ ကျောင်းအာဝါသကို အစဲ့ပြု၍ မသွားပဲနေမူ ခရီးမသွားလို၍နေရာ ခရီးမသွားခြင်းကြောင့် နေ့တိုင်းနေ့တိုင်း ဒုက္ကဋ်သင့်သည်ဟု ပြတော်မူသည်။

ဤသို့လာသော အဋ္ဌကထာ၊ ဋီကာတို့ကိုထောက်မူ နိဿရည်းကင်း၍ နေထိုက်သောဖောဂ်နှင့် မပြည့်စုံသောရဟန်းသည် ဥာဇ္ဈာယ်ဆရာနှင့်ကင်း၍ တပါးသောအရပ်၌ နိဿရည်းမယူပဲနေမူ နေ့တိုင်းနေ့တိုင်း ဒုက္ကဋ်အာပတ်သင့်သည်ဟု မှတ်ရမည်။

ဂိလာနရဟန်း၊ ဂိလာနုပဋ္ဌာကရဟန်းတို့မှာ နိဿရည်းကို မရသည်ရှိသော် အာပတ်မသင့်ဟုမှတ်။

ဤသို့လျှင် နိဿရဏ်းအင်္ဂါနှင့် မပြည့်စုံမူ၍ နိဿရဏ်းမယူပဲ နေသော ရဟန်းတို့၏ အာပတ်သင့်ပုံကို မှတ်ရမည်။

၁၉၁။ ဥပဇ္ဈာယ်ခတ္တာခရီးသွားရာဌာန် နိဿရဏ်းယူပုံ

မေး။ ။ဥပဇ္ဈာယ်ဆရာသည် အရပ်တပါး သို့ ခေတ္တာသွားရာဌာန် အဘယ်သို့ နိဿရဏ်းယူ၍ နေရပါအံ့နည်း။

ဖြေ။ ။ထိုအမေးမှာ—

ပက္ကန္တောတိ တမ္မာ အာဝါသာ ဝိပ္ပဝသိတုကာမော ပက္ကန္တော ဒိသံ ဂတော။ ဧဝံ ဂတေ စ ပန တသ္မိံ သစေ ဝိဟာရေ နိဿယဒါယကော အတ္ထိ၊ ယဿ သန္တိကေ အညဒါပိ နိဿယော ဝါ ဂဟိဘူပုဗ္ဗော ဟောတိ၊ ယော ဝါ ကောသမ္ဘာဂပရိဘောဂေါ၊ တဿ သန္တိကေ နိဿယော ဂဟေတဗ္ဗော၊ ကေဒိဝသမ္မိ ပရိဘာရော နတ္ထိ။ သစေ တာဒိသော နတ္ထိ၊ အညော လဇ္ဇီ ပေသလော အတ္ထိ၊ တဿ လဇ္ဇီပေသလဘာဝံ ဇာနန္တေန တာဒဟော နိဿယော ယာစိတဗ္ဗော။ သစေ ဒေတိ၊ ဂဏှိတဗ္ဗံ၊ အထ ပန “တုမ္ဟာကံ ဥပဇ္ဈာယော လဟုံ အာဂမိဿတီ”တိ ပုစ္ဆတိ၊ ဥပဇ္ဈာယေန စ တထာ ဝုတ္တံ၊ “အာမ ဘန္တေ”တိ ဝတ္တဗ္ဗံ။ သစေ ဒေတိ “တေန ဟိ ဥပဇ္ဈာယဿ အာဂမနံ အဓိဂမေထာ”တိ၊ ဝဋ္ဋတိ။ အထ ပနဿ ပဒေသဝါသာ ပေသလသဘာဝံ နဇာနာတိ၊ စတ္တာရိ ပဉ္စ ဒိဝသာနိ တဿ ဘိက္ခုနော သဘာဂတံ ဩလောကေတ္ဝာ ဩကာသံ ကာရေတ္ဝာ နိဿယော ဂဟေတဗ္ဗော။

သစေ ပန ဝိဟာရေ နိဿယဒါယကော နတ္ထိ၊ ဥပဇ္ဈာယော စ “အဟံ ကတိပါဟေန အာဂမိဿာမိ၊ မာ ဥက္ကဏ္ဌိတ္ထာ”တိ

ဝတ္ဌာ ဂတောဝ၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ အထာပိ နံ တတ္ထ မနုဿာ ပရိစ္ဆိန္နကာလတော ဥတ္တရိပိ ပဋ္ဌဝါ ဒသ ဝါ ဒိဝသာနိ ဝါသေန္တိယေဝ၊ တေန ဝိဟာရံ ပဝတ္တိ ပေသေတဗ္ဗာ "ဒဟရာ မာ ဥက္ကဏ္ဌန္တု၊ အဟံ အာသုကဒိဝသံ နာမ အာဂမိဿာမီ"တိ။ ဧဝမ္ပိ ပရိဟာရော လဗ္ဘတိ။ အထ အာဂစ္ဆတော အန္တရာမဂ္ဂေ နဒီပူရေန ဝါ စောရဒီဟိ ဝါ ဥပဒ္ဒဝေါ ဟောတိ၊ ထေရော ဥဒကောသက္ကနံ ဝါ အာဂမေတိ၊ သဟာဧယ ဝါ ပရိယေသတိ၊ တဉ္ဉေ ပဝတ္တိံ ဒဟရာ သုဏန္တိ၊ ယာဝ အာဂမနာ ပရိဟာရော လဗ္ဘတိ။ သစေ ပန သော "ဣဓေဝါဟံ ဝသိဿာမီ"တိ ပဟိဏတိ၊ ပရိဟာရော နတ္ထိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ။

ဝိပ္ပဝုတ္ထ ပန ကာလင်္ဂတ ပက္ခသင်္ကန္တော ဝါ ကေဒိဝသမ္ပိ ပရိဟာရော နတ္ထိ။ ယတ္ထ နိဿယော လဗ္ဘတိ၊ တတ္ထ ဂန္တဗ္ဗံ—ဟု မဟာဝါအဋ္ဌကထာဋ္ဌ လာသည်။

ဝိမတိဝိနောဒနီဋီကာဋ္ဌလည်း—

ယော ဝါ ကေသမ္ဗောဂပရိဘောဂေါ၊ တဿ သန္တိကေ နိဿယော ဂဟေတဗ္ဗောတိ ဣမိနာ လဇ္ဇီသု ဧဝ နိဿယဂ္ဂဟဏံ နိယောဇေတိ အလဇ္ဇီသု ပဋိက္ခိတ္တတ္တာ။ တ္ထေ စ ပရိဘောဂ-သဒ္ဒေန ကေဂမ္ဗောဒိကော သံဝါသော ဂဟိတော ပစ္စယပရိဘောဂဿ သမ္ဗောဂ-သဒ္ဒေန ဂဟိတတ္တာ၊ တေန စ သမ္ဗောဂသံဝါသာနံ အလဇ္ဇီဟိ သဒ္ဓိံ နာဘုဉ္ဇတံ ဒဿေတိ။ ပရိဟာရော နတ္ထိတိ အာပတ္တိပရိဟာရော နတ္ထိ။ တာဒိသောတိ ယတ္ထ နိဿယော ဂဟိတပုဗ္ဗော၊ ယော စ ကေသမ္ဗောဂ-ပရိဘောဂေါ၊ တာဒိသော။ တထာ ဝုတ္တန္တိ "လဟုံ အာဂမိဿာမီ"တိ ဝုတ္တဥ္ဉေတိ အတ္ထော။ စတ္တာရိ ပဉ္စ ဒိဝသာနိတ် ဣဒံ ဥပလက္ခဏမတ္တံ။ ယဒိ ကောဟဇ္ဇိဟ္ဇနံ သဘာဂတော

ပညာယတိ၊ ဉာဘဒိဝသေန ဂဟေတဗ္ဗော၀။ အထာပိ စတုပဋ္ဌေဟောနာပိ နု ပညာယတို့၊ ယတ္ထဇ္ဇေဟိ ဒိဝသေဟိ ပညာယတိ၊ တတ္ထကာနိ အတိက္ကမေတဗ္ဗာနိ။ သဘာဂတံ သြလောကေမိတို့ ပန လေဿသေ နု ကာဟဗ္ဗော။

ဒဟာရ သုဏန္တိတိ ဇ္ဈာ အသုတ္ဝာပိ အာဂမိဿတိ၊ ကေနစိ အန္တရာယေန စိရာယတိတိ သညာယ သတိ လဇ္ဇတေ၀ ပရိဟာရော။ တေနာဟ "ဣဓေ၀ ဟိတံ ၀သိဿာမိတိ ပဟိဏိတိ၊ ပရိဟာရော နတ္ထိ"တိ။

ကေဒိဝသမို့ ပရိဟာရော နတ္ထိကိ ဂမနေ နိရုဿာဟံ သန္ဓာယ စုတ္တံ။ သညဿာဟဿ ပန ဃနသန္ထနပဋိသာမနာဒိဝသေန် ကတိပါဟေ ဂတေပိ နု ဒေါသော—

ဟု ဖွင့်တော်မူသည်။

ဤသို့လာသော အဋ္ဌကထာ,ဋီကာတို့၌ ပက္ကန္တေ၁တိ တမ္မာ အာ၀ါသာ ။ပေ။ ကေဒိဝသာမို့ ပရိဟာရော နတ္ထိ-တိုင်အောင် ပါဠိဖြင့် ဥပဇ္ဈာယ်ဆရာသည် ထိုကျောင်းမှာ မနေလို၍ သွားသည်ဖြစ်စေ၊ ခေတ္တသွားသည်ဖြစ်စေ ထိုကျောင်း၌ နိဿရည်းပေးတတ်သော ရဟန်း ရှိသည်ဖြစ်အံ့၊ ထိုနိဿရည်းပေးတတ်သောရဟန်းတို့တွင် နိဿရည်း ယူဖူးသော်ရဟန်းထံ၌ဖြစ်စေ၊ တူသော၀စီယာဘေဒ၁ဂ ဓမ္မသဘေဒ၁ဂ ရှိသော ရဟန်းထံ၌ဖြစ်စေ နိဿရည်းယူရသည်။ ၀ါရက်ကိုမျှ မလွန်စေအပ်၊ လွန်မူ ဒုက္ကဋ်သင့်သည်ဟု ပြုတော်မူသည်။ အညော လဇ္ဇီပေသလော ။ပေ။ အာဂမေထာ"တိ၊ ဝဋ္ဋတိ-ဟူသော၀ါဒ်ဖြင့် ထိုကျောင်း၌ နိဿရည်းပေးတတ်သော လဇ္ဇီပေသလရဟန်းရှိသည်ဖြစ်အံ့၊ ထိုရဟန်း၏ လဇ္ဇီပေသလအဖြစ်ကိုသိမူ ဥပဇ္ဈာယ်ဆရာသွားသောနေ့၌ နိဿရည်းကို တောင်းပန်၍ ယူအပ်သည်။ တောင်းပန်သောအခါ "သင်တို့ဥပဇ္ဈာယ်ဆရာ လျင်မြန်စွာ လာလတ္တံ့လော"ဟု မေးမူ ဆရာဥပဇ္ဈာယ်က လျင်စွာပြန်ခဲ့မည်ဟု မှာထားခဲ့လျှင် "လာပါလိမ့်မည်"ဟု ပြောရမည်။

ပြောသောအခါ ''သင်တို့ဥပဇ္ဈာယ်ဆရာလာအောင် ငံ့လင့်၍ နေကြဦးလော့'' ဟု ဆိုမူ မယူပဲနေအပ်သည်ဟု ပြဒါးတော်မူသည်။

အထ ပနသာ။ပ။ နိဿဒယာ ဂဟဟတမ္ပဝါ-ဟူသော ပါဠိဖြင့် ထိုဓကျောင်းဒ်ရှိသော နိဿဒုည်းပေးဟတ်သောခုဟန်း၏ လူဇီအဖြစ်ကို မသိမူ လေးရက်ငါးရက်တိုင် ဆိုင်းငံ့၍ ဇဇီဟု သိမူ နိဿရည်းယူအပ်သည်။ ဝိမတိဋီကာအလိုအာ ဖြင့် လေးရက်ငါးရက် ဆိုဆသင်သည်း ဆင်ခြင်၍ သိဒသာနဒ္ဒ ယူဒးပ်သည်။ ဒလေးရက်ငါးရဲက်တိုင်၍ မသိသေးမူ လွန်၍ဆသင်သည် စူးစမ်းဆင်ခြင်အပ်သည်၊ သိသောအခါမှ ယူအပ်သည်ဟု ပြတော်မူသည်။

သစေ ပန ဝိဘာဒရ နိဿဒယကောနတ္ထိ။ပ။ ဝေမို့ ပရိဟာ-ရေ့ လဇ္ဇတိ-တိုင်အောင်ပါဠိဖြင့် ဥပဇ္ဈာယ်ဆရာက ''ငါသည် နှစ်ရက်သုံးရက်ကြာလျင် ပြန်ခဲ့မည်'' ဟု ဆို၍သွားမူ နိဿရည်းကင်း၍ နအပ်သည်။ ထိုသို့ဆို၍သွ ားခဲ့၌ ဒယကာတို့က တားပြန်၍ ငါးရက်ဆယ်ရက်ကြာအောင် နရဒည်ဖြစ်လျင် ဆရာက အကြောင်းကို ပြန်ကြား၍ ''ဤမည်သော နဒ္ဒ် လာမည်''ဟုဆိုလျင် ဥပဇ္ဈာယ်ဆရာလာအောင် နေအပ်သည်ဟု ပြတော်သည်။

အထ အာဂန္တွတော အန္တရာမဂ္ဂ။ပ။ ပရိဟာရေ့ လဇ္ဇတိ-ဟူသော ပါဠိဖြင့် လမ်းခရီး၌ မြစ်ကြီး၍ မြစ်ရကျခြင်းကို ငံ့နသည်ဟူ၍ လည်းကောင်း၊ ခိုးဆူ သားရဲရှိ၍ အဖေဝ်ကို ငံ့နသည်ဟူ၍လည်း ကောင်း သတင်းစကားကြားမူ ဆရာလာအောင် နိဿရည်းကင်း၍ နအပ်သည်။

ဝိမတိဝိနောဒနီဋီကာရှင် အလိုအာ းဖြင့် သတင်းမကြားသော်လည်း ''တစုံတခုအန္တရာယ်ရှိ၍ နသည်၊ ပြန်သးလိမ့်မည်'' ဟူသော အမှတ်သည ်ရှိမူ နိဿ ည်းကင်း၍ နအပ်သည်ဟု ပြတော်မူသည်။

သစေ ပန သော ဂ္ဂဓေဝ ။ပ။ ဂန္တုံ-ဟူသောပါဠိဖြင့် ဥပဇ္ဈာယ် ဆရာ က ''ငါ မပြန်လ ''ဟု စေလွှတ်ပြောကြားမူ ပြောကြားသော

နှင့် နိဿရဏ်းပေးတတ်သော ဆရာရှိရာသို့ သွားအပ်သည်ဟု ပြတော်မူသည်။

ဝိဇ္ဇာန္တေ ပန ။ပေ။ ဂန္တဗ္ဗံ-ဟူသော ပါဠိဖြင့် ဥပဇ္ဈာယ်ခံရာသော်လည်းကောင်း၊ တိတ္ထိဘောင်သို့ဝင်သော်လည်းကောင်း၊ လူဆွက်သော်လည်းကောင်း တရက်ကို့မျှ မလွန်စေမူ၍ နိဿရဏ်းပေးတတ်သော ဆရာရှိရာသို့ သွားအပ်သည်၊ မသွားမူ ဒုက္ကဋ်သင့်သည်။

ဝိမတိဋီကာရှင်အလိုအားဖြင့် "သွားအံ့" ဟူသော ဥဿာဟရှိသဖြင့် သေနာသနစသည်ကို သိမ့်၍ နှစ်ရက်သုံးရက်နေသော်လည်း အပြစ်မရှိဟု ပြဆိုတော်မူသည်။

ဤသို့လျှင် ဥပဇ္ဈာယ်ဆရာသည် မနေလို၍ သွားရာ, ခေတ္တခဏ သွားရာတို့၌ နိဿရဏ်းယူအပ်, မယူအပ်ကို သိလေ။

၁၉၂။ အင်္ဂါမပြည့်စုံပဲ ဥပဇ္ဈာယ်ဆရာလုပ်ခြင်း

မေး။ ။ဥပဇ္ဈာယ်ဆရာ, နိဿရဏ်းဆရာပြုထိုက်သော အင်္ဂါမရှိပဲ ဥပဇ္ဈာယ်ပေးသောရဟန်း, နိဿရဏ်းပေးသော ရဟန်းတို့မှာ အာဘယ်သို့ အပြစ်ကို မှတ်ရပါအံ့ ည်း။

ဖြေ။ ။ထိုအဓိပ္ပာယ်မှာ—

နာ ဒီဃရော ဗာလေန အဗျတ္တေန ဥပသမ္ပန္နော ဒေတဗ္ဗော၊ ယော ဥပသမ္ပါဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။ ။နာ ဘိက္ခဝေ ဗာလေန အဗျတ္တေန နိဿယော ဒါတဗ္ဗော၊ ယော ဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ—

ဟူ၍လည်းကောင်း၊

အပရေဟိပိ ဘိက္ခဝေ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နာ ဥပသမ္ပါဒေတဗ္ဗံ၊ နာ နိဿယော ဒါတဗ္ဗော၊ နာ သာမဏေရော

ဥပဋ္ဌာပေတဗ္ဗော။ အာပတ္တိံ နာ ဇာနာတိ၊ အနာပတ္တိံ နာ ဇာနာတိ၊ လဟုကံ အာပတ္တိံ နာ ဇာနာတိ၊ ဂရုကံ အာပတ္တိံ နာ ဇာနာတိ၊ ဥဒ္ဒိသဝိဓိဿာ ဟောတိ။ ဣမမဟိ ခေါ ဘိက္ခဝေ ပဋ္ဌာဓိဂ်ဟိ သမန္နာဂတေန ဘိက္ခုနာ နာ ဥပသမ္ပါဒေတဗ္ဗံ၊ နာ နိဿယော ဒါတဗ္ဗော၊ နာ သာမဏေရော ဥပဋ္ဌာပေတဗ္ဗော—

ဟူ၍လည်းကောင်း မဟာဝဂ်ပါဠိတော်၌ လာသည်။

ဣတော ပဋ္ဌာယ စ ပန ယတ္ထ ယတ္ထ နာ·ကာရေန ပဋိသေဓော ကရိယတိ၊ သဗ္ဗတ္ထ ဒုက္ကဋာပတ္တိ ဝေဒိတဗ္ဗော။ အယံ ဟိ ခန္ဓကဝံသတာ—

ဟု မဟာဝဂ်အဋ္ဌကထာ ဥပဇ္ဈာယဝတ္တကထာ၌ လာသည်။

ဤသို့လာသော ပါဠိ, အဋ္ဌကထာကို ထောက်၍ ဥပဇ္ဈာယ်ဆရာ ပြုထိုက်သောအင်္ဂါမရှိပဲ ဥပဇ္ဈာယ်ပေးသောရဟန်းမှာ ပေးသောအခါ ဒုက္ကဋ်အာပတ်သင့်သည်။ နိဿရဉ်းဆရာ ပြုထိုက်သော အင်္ဂါမရှိပဲ နိဿရဉ်း၊ပေးသော ရဟန်းမှာ ပေးသောအခါ ဒုက္ကဋ်အာပတ်သင့်သည်ဟု မှတ်ရမည်။

ဤသို့ပြဆိုအပ်သော အရပ်ရပ်သော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ဥပဇ္ဈာယ်နိဿရဉ်းအင်္ဂါနှင့်မပြည့်စုံပဲ ဥပဇ္ဈာယ်နိဿရဉ်း ပေးသော ရဟန်းတို့မှာ ပေးသောအခါ ဒုက္ကဋ်အာပတ်သင့်သည်။ ဥပဇ္ဈာယ်ဆရာနှင့်ကင်း၍ နိဿရဉ်းလွတ်ထိုက်သောအင်္ဂါနှင့် မပြည့်စုံပဲနှင့် နိဿရဉ်း၊မယူပဲ နေသောရဟန်းတို့မှာ နေ့ဘိုင်းနေ့တိုင်း ဒုက္ကဋ် အာပတ်သင့်သည်ဟု သန္နိဋ္ဌာန်ကျ မှတ်ကြရမည်။

ထိုကြောင့် လင်္ကာ ပေသလ သိက္ခာကာမကို လိုလားသောရဟန်း တို့သည် ဝိနည်းပရိယတ်ကို အားထုတ်၍ သင်အံချပို့ လေ့လာခြင်းကို ပြုသင့်ကြသည်ဟူသော ဥပဒေသ၊ကို မှတ်လေ။

၁၉၃။ အဓိကရုဏ်းဒလေးပါး

မေး။ ။အဓိကရုဏ်းလေးပါးကို အဘယ်သို့မှတ်ရမည်နည်း။

ဖြေ။ ။ထိုအမေးမှာ—

ကုဋ္ဌ ဘိက္ခု။။ ဝိဝဒန္တိ ဓမ္မောတိ ဝါ အဓမ္မောတိ ဝါ၊ ဝိနယောတိ ဝါ အဝိနယောတိ ဝါ ။ပ။ ကုဒံ ဝတ္ထုတိ ဝိဝါဒါဓိကရဏံ။ ဝိဝါဒါဓိကရဏေ သံဃော ဝိဝဒတိ ဝိဝါဒါဓိကရဏံ၊ ဝိဝဒမာနာ အနုဝဒတိ အနုဝါဒါဓိကရဏံ၊ အနုဝဒမာနာ အာပတ္တိံ အာပဇ္ဇတိ အာပတ္တာဓိကရဏံ၊ တာယ အာပတ္တိယာ သံဃော ကမ္မံ ကရောတိ ကိစ္စာဓိကရဏံ။ ဧဝံ ဝိဝါဒါဓိကရဏပစ္စယာ ဧတ္တာရော အဓိကရဏာ ဇာယန္တိ။

ကုဋ္ဌ ဘိက္ခု။။ ဘိက္ခုံ အနုဝဒန္တိ သီလဝိပတ္တိယာ ဝါ အာစာရဝိပတ္တိယာ ဝါ ဒိဋ္ဌိဝိပတ္တိယာ ဝါ အာဇီဝဝိပတ္တိယာ ဝါ ။ပ။ ကုဒံ ဝတ္ထုတိ အနုဝါဒါဓိကရဏံ။ အနုဝါဒါဓိကရဏေ သံဃော ဝိဝဒတိ ဝိဝါဒါဓိကရဏံ၊ ဝိဝဒမာနော အနုဝဒတိ အနုဝါဒါဓိကရဏံ၊ အနုဝဒမာနော အာပတ္တိံ အာပဇ္ဇတိ အာပတ္တာဓိကရဏံ၊ တာယ အာပတ္တိယာ သံဃော ကမ္မံ ကရောတိ ကိစ္စာဓိကရဏံ။ ဧဝံ အနုဝါဒါဓိကရဏပစ္စယာ ဧတ္တာရော အဓိကရဏာ ဇာယန္တိ။

ပဠုပိ အာပတ္တိကွန္နာ အာပတ္တာဓိကရဏံ၊ သတ္တပိ အာပတ္တိကွန္နာ အာပတ္တာဓိကရဏံ၊ ကုဒံ ဝတ္ထုတိ အာပတ္တာဓိကရဏေ သံဃော ဝိဝဒတိ ဝိဝါဒါဓိကရဏံ၊ ဝိဝဒမာနော အနုဝဒတိ အနုဝါဒါဓိကရဏံ၊ အနုဝဒမာနော အာပတ္တိံ အာပဇ္ဇတိ အာပတ္တာဓိကရဏံ၊ တာယ အာပတ္တိယာ သံဃော ကမ္မံ ကရောတိ ကိစ္စာဓိကရဏံ။ ဧဝံ အာပတ္တာဓိကရဏပစ္စယာ ဧတ္တာရော အဓိကရဏာ ဇာယန္တိ။

ယာ သံဃဿ ကိစ္စယတာ ကရဏီယတာ အပဓေလာကန-
ကမ္မံ ဉတ္တိကမ္မံ ဉတ္တိဒုတိယကမ္မံ ဉတ္တိစတုတ္ထကမ္မံ၊ ဣဒံ စုစ္စတိ
ကိစ္စာဓိကရဏံ။ ကိစ္စာဓိကရဏေ သံဃော ဝိဝဒတိ ဝိဝါဒါ-
ဓိကရဏံ၊ ဝိဝဒမာနော အနုဝဒတိ အနုဝါဒါဓိကရဏံ၊
အနုဝဒမာနော အာပတ္တိံ အာပဇ္ဇတိ အာပတ္တာဓိကရဏံ၊
တာယ အာပတ္တိယာ သံဃော ကမ္မံ ကရောတိ ကိစ္စာဓိကရဏံ။
ဧဝံ ကိစ္စာဓိကရဏပစ္စယာ ဧတ္ထာရော အဓိကရဏာ ဇာယန္တိ--

ဟု ပရိဝါရပါဠိတော် သမုဋ္ဌာပနဝါရ၌ ဟောဇတော်မူသည်။

အဓိပ္ပါယ်ကား—

(၁) ဓမ္မ, အဓမ္မ ဟူ၍လည်းကောင်း၊ ဝိနယ, အဝိနယဟူ၍လည်း
ကောင်း ငြင်းခုံပြောဆိုကြသောအမှုသည် ဝိဝါဒါဓိကရဏ်း
မည်၏။ ထိုဝိဝါဒါဓိကရဏ်း၌ ငြင်းခုံခြင်းသည် ဝိဝါဒါ-
ဓိကရဏမည်သည်။ စုပ်စဲ့ခြင်းသည် အနုဝါဒါဓိကရဏမည်
သည်။ စုပ်စဲ့၍အာပတ်သင့်ခြင်းသည် အာပတ္တာဓိကရဏမည်
သည်၊ ထိုသင့်သောအာပတ်ဖြင့် အပလောကန စသော
ကံလေးပါးတွင် တပါးပါးကို ပြုခြင်းသည် ကိစ္စာဓိကရဏ
မည်သည်။ ဤသို့လျှင် ဝိဝါဒါဓိကရဏ်းကြောင့် အဓိကရဏ်း
လေးပါးဖြစ်ပွါးကုန်သည်။

(၂) သီလဝိပတ္တိ, အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာဇီဝဝိပတ္တိတို့ဖြင့်
စုပ်စဲ့ပြောဆိုသော အမှုသည် အနုဝါဒါဓိကရဏ်း မည်၏။
ထိုအနုဝါဒါဓိကရဏ်း၌ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏ
မည်သည်။ စုပ်စဲ့ခြင်းသည် အနုဝါဒါဓိကရဏ မည်သည်၊
စုပ်စဲ့၍ အာပတ်သင့်ခြင်းသည် အာပတ္တာဓိကရဏမည်သည်၊
ထိုသင့်သော အာပတ်ဖြင့် ကံလေးပါးတွင် တပါးပါးကို
ပြုခြင်းသည် ကိစ္စာဓိကရဏမည်သည်။ ဤသို့လျှင် အနုဝါဒါ-
ဓိကရဏ်းကြောင့် အဓိကရဏ်းလေးပါး ဖြစ်ပွါးကုန်သည်။

(၃) ငါးပါးသောအာပတ်အစု, ခုနစ်ပါးသော အာပတ်အစုတို့သည် အာပတ္တာဓိကရုဏ်းမည်၏။ ထိုအာပတ္တာဓိကရုဏ်း၌ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏမည်သည်၊ စွပ်စွဲခြင်းသည် အနုဝါဒါဓိကရဏမည်သည်၊ စွပ်စွဲ၍ အာပတ်သင့်ခြင်းသည် အာပတ္တာဓိကရဏ မည်သည်၊ ထိုသင့်သော အာပတ်ဖြင့် ကံးလေးပါးဘွင် တပါးပါးကို ပြုခြင်းသည် ကိစ္စာဓိကရဏ မည်သည်။ ဤသို့လျှင် အာပတ္တာဓိကရုဏ်းကြောင့် အဓိကရုဏ်းလေးပါး ဖြစ်ပွါးကုန်သည်။

(၄) အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံသည် ကိစ္စာဓိကရုဏ်းမည်၏။ ထိုကိစ္စာဓိကရုဏ်း၌ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏမည်သည်၊ စွပ်စွဲခြင်းသည် အနုဝါဒါဓိကရဏ မည်သည်၊ စွပ်စွဲ၍ အာပတ်သင့်ခြင်းသည် အာပတ္တာဓိကရဏ မည်သည်၊ ထိုသင့်သောအာပတ်ဖြင့် ကံလေးပါးတွင် တပါးပါးကိုပြုခြင်းသည် ကိစ္စာဓိကရဏ မည်သည်၊ ဤသို့လျှင် ကိစ္စာဓိကရုဏ်းကြောင့် အဓိကရုဏ်းလေးပါး ဖြစ်ပွါးကုန်သည်ဟု ပြဒါတ်မူသည်။

(၁) ဓမ္မကို အဓမ္မ, ဝိနယကို အဝိနယ ဤသို့အစရှိသော ဘေဒကရဝတ္ထု တဆယ့်ရှစ်ပါးတို့ဖြင့် ငြင်းခုံ ဖြစ်ပွါးခြင်းသည် ဝိဝါဒါဓိကရုဏ်းမည်၏။

(၂) သီလဝိပတ္တိ, အာစာရဝိပတ္တိ, ဒိဋ္ဌိဝိပတ္တိ, အာဇီဝဝိပတ္တိဖြင့် စွပ်စွဲခြင်းသည် အနုဝါဒါဓိကရုဏ်းမည်၏။

(၃) အာပတ်ခုနစ်ပါးဖြင့် သင့်ခြင်းသည် အာပတ္တာဓိကရုဏ်းမည်၏။

(၄) အပလောကနကံ, ဥတ္တိကံ, ဥတ္တိဒုတိယကံ, ဥတ္တိစတုတ္ထကံ ပြုခြင်းသည် ကိစ္စာဓိကရုဏ်းမည်၏—

ဟု မှတ်လေ။

၁၉၄။ အဓိကရဏ်း သမထဖြင့် ငြိမ်းပုံ

မေး။ ။ထိုအဓိ:ကရဏ်းလေးပါးတို့သည် သမထခုနစ်ပါးတို့ဖြင့် ငြိမ်းပုံကို အဘယ်သို့ မှတ်ရမည်နည်း။

ဖြေ။ ။ထိုအမေးမှာ—

(၁) ဝိဝါဒါဓိကရဏံ ဒ္ဝိဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ယေဘုယျသိကာယ စ။

(၂) အနုဝါဒါဓိကရဏံ စတူဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ သတိဝိနယေန စ အမူဠှဝိနယေန စ တဿပါပိယသိကာယ စ။

(၃) အာပတ္တာဓိကရဏံ တီဟိ သမထေဟိ သမ္မတိ သမ္မုခါဝိနယေန စ ပဋိညာတကရဏေန စ တိဏဝတ္ထာရကေန စ။

(၄) ကိစ္စာဓိကရဏံ ဧကေန သမထေန သမ္မတိ သမ္မုခါဝိနယေန—

ဟု ပရိဝါပါဠိတော် သမဿဘေဒ၌ ဟောဒေါ်မူသည်။

အဓိပ္ပါယ်ကား—

(၁) ဝိဝါဒါဓိကရဏ်းသည် ခုနစ်ပါးသော သမထတို့တွင် သမ္မုခါဝိနည်း, ယေဘုယျသိကာဝိနည်း နှစ်ပါးဖြင့်သာ ငြိမ်းအေးနိုင်သည်။

(၂) အနုဝါဒါဓိ:ကရဏ်းသည် ခုနစ်ပါးသော သမထတို့တွင် သမ္မုခါဝိနည်း, သတိဝိနည်း, အမူဠှဝိနည်း, တဿပါပိယသိ:ကာဝိနည်းဓလေးပါးဖြင့်သာ ငြိမ်းအေးနိုင်သည်။

(၃) အာပတ္တာဓိကရဏ်းသည် သမ္မုခါဝိနည်း, ပဋိညာတကရဏဝိနည်း, တိဏဝတ္ထာရကဝိနည်း သုံးပါးဖြင့်သာ ငြိမ်းအေးနိုင်သည်။

(၄) ကိစ္စာဓိကရဏ်းသည် သမ္မုခါဝိနည်း တပါးတည်းဖြင့်သာ ငြိမ်းဇေးနိုင်သည်။

ဟု ပြတော်မူသည်။

၁၉၅။ သမ္မုခါဝိနည်းနှင့် မကင်းနိုင်ပုံ

မေး။ ။ထိုအဓိကရဏ်း လေးပါးတို့သည် ဘာမျုခါဝိနည်းနှင့် ကင်း၍ ငြိမ်းအပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ—

ဆာပိ သမထာ စတ္တာရောပိ အဓိကရဏာ သမ္မုခါဝိနယေန သမ္မန္တိ၊ သမ္မုခါဝိနယော နံ ကေနစိ သမ္မတိ—

ဟု ပရိဝါပါဠိတော် သမထာဓိကရဏဝါရ၌ လာသည်။

ဆာပိ သမထာ၊ သတ်ဝိနည်း, အမူဠှဝိနည်း, ပဋိညာတကရဏဝိနည်း, ယေဘုယျသိကာဝိနည်း, တဿပါပိယသိကာ ဝိနည်း, တိဏဝတ္ထာရကဝိနည်းဟု ဆိုအပ်ကုန်သော ခြောက်ပါးသော သမထတို့သည် လည်းကောင်း။ စတ္တာရောပိ အဓိကရဏာ၊ လေးပါးသော အဓိကရဏ်းတို့သည် လည်းကောင်း။ သမ္မုခါဝိနယေန၊ သမ္မုခါဝိနည်းဖြင့်။ သမ္မန္တိ၊ ငြိမ်းကုန်၏း သမ္မုခါဝိနယော၊ သမ္မုခါဝိနည်းမည်သော သမဏသည်။ ကေနစိ၊ တစုံတခုသော ဝိနည်းဖြင့်။ နံ သမ္မတိ၊ မငြိမ်းနိုင်။

ဤသို့လျှင် အဓိကရဏ်းလေးပါး, သမထ ခြောက်ပါးတို့သည် သမ္မုခါဝိနည်းနှင့်ကင်း၍ မဖြစ်ဟု မှတ်ရမည်။

၁၉၆။ သမထ ၇-ပါး

မေး။ ။ဝိနည်းခုနစ်ပါးတို့၏အရကို အဘယ်သို့ မှတ်ရမည်နည်း။

ဖြေ။ ။ထိုအမေးမှာ—

သမ္မုခါဝိနယောတိ သံဃမ္မဝိနယပုဂ္ဂလာနံ သမ္မုခါဒါတု-ဗ္ဗဝိနယော၊ သမ္မုခေ ပစ္စက္ခေ ဝိနယော ဝူပသမောတိ သမ္မု-ခါဝိနယော။ သတိဝိနယောတိ အမူလိကာယ သီလဝိပတ္တိယာ အနုဒ္ဓံသိတဿ အာယသ္မတော ဒဗ္ဗမလ္လပုတ္တဿထေရဿဒိဿဿ ခီဏာသဝဝေဿဝ ဝိပုလသတိ• နိဿာယ ဉတ္တိစတုတ္ထေန ကမ္မေန ဒါတဗ္ဗဝိနယော၊ သရတီတိ သတိ၊ သရန္တိ သမ္ပယုတ္တ-ဓမ္မာပိ တာယတီတိ သတိ၊ သုဏံ သတိ၊ သတိ• နိဿာယ ဝိနယော ဝူပသမောတိ သတိဝိနယော။ အမူဠှဝိနယောတိ ဉမ္မာဒဝသေန ဂတော အဿာမဏကော အဋ္ဌာစာရေ ပုန အစောဒနတ္ထာယ ဂဂ္ဂဘိက္ခုသဒိသဿ ဉမ္မတ္တကဿ ဘိက္ခုနော ပဌမံ မူဠှော ဟုတ္ဝာ ပစ္ဆာ အမူဠှဘာဝတော ဉတ္တိစတုတ္ထေန ကမ္မေန ဒါတဗ္ဗဝိနယော။ ပဋိညာယ ကာရေတဗ္ဗောတိ ဝတ္ထု-အာပတ္တိပဋိဇာနနာယ ဧဝ ဝိနိစ္ဆိတဒဗ္ဗော။ ဝူပသမေတုံ အသ-က္ကုဏေယျဿာယံ သလာကံ ဂါဟာပေတ္ဝာ သဲန္ဒိပတိတာပ-ရိသာယ ဓမ္မဝါဒိနံ ယေဘုယ္ယေန ကတ္တဗ္ဗကမ္မံ တဿဗ္ဗောဟာ-ရပ္ပဘေဒတော ဣတ္ထိလိင်္ဂဝသေန ယေဘုယ္ယသိကာတိ ဝုစ္စတိ။ ဧတ္ထ ဣဒ-ပစ္စယဋ္ဌာ သကာဆာဂမဋ္ဌာ ဧဝဒိဘဇ်၊ ဝိမတိဝိနော-ဒနဋ္ဌာယံ ပန “ယေဘုယ္ယဘာဝံ နိဿိဘသဗဟုကိရိယာ ယေဘုယ္ယသိကာ” တိ ဝုတ္တံ။ ပါရာဇိကေန ဝါ ပါရာဇိက-သာမန္တေန ဝါ စောဒိယမာနဿ အဇ္ဈေနုညံ ပဋိစရန္တဿ ပါပိယဿ ဉပဝါဒဘိက္ခုသဒိသဿ ပုဂ္ဂလဿ “သစာယံ အာစိ-န္နမူဠှလာ ဘဝိဿတိ၊ သမ္မာ ဝတ္တိဘ္ဝာ ဩသာရဏံ လဘိဿ-တိ၊ သဇာ ဆိန္နမူဠှလာ၊ သယဇ္ဇဝဿ နာသနာ ဘဝိဿတိ”

တိ မနသိ ဇရိတ္ဝာ ဥတ္တိစတုဇ္ဆံန ကမ္မေန တတ္တိဗ္ဗကမ္မံ တဿပါပိယသိကာတိ ဝုစ္စတိ။ ပါပုဿန္နတာယ ပါပါနံ ဝိသေသေန ပါပေါတိ ပါပိယော၊ ပုဂ္ဂလော။ တဿ ပါပိယဿ ပုဂ္ဂလဿ ကတ္တုံ ဇာမ္မန္တိ တဿပါပိယသိကာ။ ဣဓ ဝိဘင်္ဂေယျေ ပါဠိယာ အဇ္ဈာရုဠေါ ဝေဒိတဗ္ဗော။ ဒ္ဝိပက္ခဇာတေဟိ ပန ဘက္ခေနကာရဏေဟိ ဘက္ခ္ဝူဟိ ဗဟူ အဿာမဏကာ ဇဠဘာဝရ စရိတ္ဝာ ပုန ဃဋီဓမ္မေ ဥပ္ပ န္နေ "သစေ မယံ ဣမာဟိ ဆာပတ္တီဟိ အာဉ္ဇမဉ္ဇံ ဇာရိဿာမ၊ ဓေံ သန္တိသု တံ အဓိကရဏံ ဇာကဋ္ဌဉ္ဆာယ ဝါဠဉ္ဆာယ သံဝဒတ္တာယျာ" တိ အာဉ္ဇမဉ္ဇံ အာပတ္တိယာ ဇာဝရုပဓေန ဒေါသံ ဒိသ္ဝာ ဒုဂ္ဂဟံ ဂ္ဂဏှံ တိဏေန ပဋိစ္ဆာဒေန္တော ဝိယ ဥတ္တိယာ ဇာတ္တဗ္ဗဘာဝံ ဥပဂတော ပုလ္လိင်္ဂသေန တိဏဝတ္ထာရကော တိ ဝုစ္စတိ။ ဣဿိံ ပန ကမ္မံ ကတော သမ္ဗဟံ ဌ္ဓ တ္ဝာ ထုလ္လဝဇ္ဇဉ္စ ဂိဟိပဋိသံယုတ္တဉ္စ အဝဇ္ဇသေသာ သမ္ဗဟိတတ္တာယော ဝုဋ္ဌဟန္တိ။ ကတ္ထ ဘက္ခုနီဇာတာနံ အဓိကရဏံ ဝူပသမေတုံ အသက္ကုဏေယျတာ ဖေဘုယျသိကာယ နိဒါနံ၊ ဘက္ခုနီဇာတာနံ ဗဟု အဿာမဏကာ အဇ္ဈာစာရော တိဏဝတ္ထာရကဿ နိဒါနံ၊ အယမေတသံ ဝိသေသော-

ဟု ပါတိမောက္ခပဒဝဏ္ဏနာယံ လဒ္ဓသညျံ။

အဓိပ္ပါယ်ကား-

(၁) သံဃသမ္မုခ, ဓမ္မသမ္မုခ, ဝိနယသမ္မုခ, ပုဂ္ဂလသမ္မုခဟူ၍ ဆေးပါးသော တရားတို့ဖြင့် မျက်မှောက်ပြု၍ ငြိမ်းခြင်းသည် သမ္မုခါဝိနည်းမည်သည်။

(၂) အမှင်းမရှိသော သီလဝိပတ္တိဖြင့် စွပ်စွဲသော ဒဗ္ဗမထေရ်ကဲ့သို့ စွပ်စွဲခံရမသော ရဟန္တာအား ပြန်ပြောသော သတိကို

မှီ၍ ဥတ္တိစတုတ္ထကံဖြင့် ပေးအပ်သော ငြိမ်းခြင်းသည် သတိဝိနည်း မည်သည်။

(၃) ဂဂ္ဂမထေရ်ကဲ့သို့ ရူးသွပ်သော ရဟန်းအား ဆုံးဖြတ်စွာ တွေဝေ၍ နောက်၌ မတော်ဝသည့်အဖြစ်ကြောင့် ဥတ္တိစတုတ္ထကံဖြင့် ပေးအပ်သော ငြိမ်းခြင်းသည် အမူဠှဝိနည်း မည်သည်။

(၄) ဝတ္ထုအာပတ်ကို ဝန်ခံသဖြင့်သာလျှင် ဆုံးဖြတ်၍ ငြိမ်းစေခြင်းသည် ပဋိညာတကရဏ ဝိနည်းမည်သည်။

(၅) ဆုံးဖြတ်ခြင်းငှါ မစွမ်းနိုင်သည့် အဖြစ်ကြောင့် စာရေးတံကို ယူဆောင်၍ ဥစ္စာဖော်ပြရသတ်၌ ဓမ္မာဒါဒီ ပဉ္စင်္ဂလိမ္မာသဖြင့် မျှားနှုတ်၍ ငြိမ်းစေခြင်းသည် ယေဘုယျသိကာဝိနည်းမည်သည်။

(၆) ဥပဝါဠရဟန်းကဲ့သို့ အမှုနှင့်ကိုမဆို လွဲအောင်ကြံဆောင်၍ ပြောဆိုသော မကောင်းမှုမျှားသော ရဟန်းအား ပါဆုဇိက မကျလျှင် ဆောင်းစွဲကျင့်၍ သြသာရဏကို ရွတ်တံ့၊ ပါဆုဇိကကျလျှင် ကိုယ်ဖျားနာ၊ လျာက် ပျက်စီးလတ်တံ့ ဟု နှုတ်လုံးပြူလျက် ဥတ္တိစတုတ္ထကံပြု၍ ငြိမ်းစေခြင်းသည် တဿပါပိယသိကာဝိနည်းမည်သည်။

(၇) နှစ်ပက္ခငြင်းခုံသော ရဟန်းဟို့သည် မျှားစွာ လွန်ကျူးသော အာပတ်ရှိ၍ တဖန် လဇ္ဇီဓမ္မ၌ တည်၍ အာပတ်ကို အချင်းချင်းဆုံးဖြတ်သည်ရှိသော် ရှုန့်ရင်းကြမ်းတမ်းသော အမှုသည် ဖြစ်လတ္တံ့ဟု အပြင်းမြင်၍ မကောင်းသော အနုရှိသော မစင်ဘင်ပုပ်ကို မြက်သင်္ဃက်ဖြင့် ဖုံးထားဘိသကဲ့သို့ ဥတ်ဖြင့်ပြု၍ ငြိမ်းစေခြင်းသည် ဟိဏဝတ္ထာရကဝိနည်းမည်သည်—

ဟု ပြောတော်မူသည်။

ပရိဝါအာဒိကထာဌ်လည်း-

တတ္ထ သုံးယသမ္မုခတာ, ဓမ္မသမ္မုခတာ, ဝိနယသမ္မုခတာ, ပုဂ္ဂလသမ္မုခတာတို့ ကွဲဒံ သမ္မုခါဝိနယာသ နိဒါနံ။ သတိဧဝ-ပုလ္လပဂ္ဂတာ ခီဏာသဧဝါ လဒ္ဓုပဝါဒေ သတိဝိနယာသ နိ-ဒါနံ ဥမ္မတ္တကော ဘိက္ခု အာမဋ္ဌဝိနယာသ နိဒါနံ။ ယော စ ဓေဒသေတိ၊ ယဉ္စ စ ဓေဒသေတိ၊ ဥဘိန္နံ သမ္မုခီဘာဝေါ ပဋိညာတကရဏာသ နိဓါနံ။ ဘဏ္ဍနဇာတာနံ အဓိဟရဏံ ဝူပ-သမေတို့ အသက္ကရောယျတာ ယေဘုယျသိကာယ နိဒါနံ။ ပါပိုဿဒန္ဓာ ပုဂ္ဂလော တဿ ပိယသိကာယ နိဒါနံ။ ဘဏ္ဍ-နဇာတာနံ ဗဟူ အာသာဗန္ဓကာ အဇ္ဈာစာရော တိကဝတ္ထာရု-ကာသ နိဒါနံ-

ဟု ဖွင့်ဆိုတော်မူသည်။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဌ်မှင်-

ပဋိညာတကရဏော ပန "ဆန္ဒေန ဘဏ္ဍနံ ပဿာမိ" တိ ဝစနံ ပဋိညာ နာမ။ "အာယတိံ သံဝရေယျာသိ" တိ ဝစနံ ပဋိညာတကရဏံ နာမ။ ပရိဝါသာဒိယာစနာ ပဋိညာ နာမ။ ပရိဝါသာဒိနံ ပဋိညာတကရဏံ နာမ-

ဟု ဖွင့်ဆိုသည်။

ဤသို့လျှင် ဝိနည်းခုနှစ်ပါး၏ အာရုံကို သိမှတ်ရမည်။

၁၉၃။ သမ္မုခါအာပြား ၄-ပါး

မေးး ။ထို သမထခုနှစ်ပါးတို့တွင် သမ္မုခါဝိနည်းသည် အဘယ်မျှ အာပြားရှိပါသနည်း။

ဖြေ။ ။ထိုအမေးမှာ-

သမထေသု ပန သမ္မုခါဝိနယေ သမ္မုခါ နာမ စတုဗ္ဗိဓော ဟောတိ၊ သံဃသမ္မုခတာ ဓမ္မသမ္မုခတာ ဝိနယသမ္မုခတာ ပုဂ္ဂလသမ္မုခတာ စာတိ။ တတ္ထ ဝူပသမေတုံ ဘန္ဒိပတိတဿ ဘာရကာသံဃဿ သာမဂ္ဂိဝသေန သမ္မုခီဘာဝေါ သံဃသမ္မုခတာ နာမ။ သမေတဗ္ဗဿ ဝတ္ထုနော ဘူတတာ တစ္ဆတာ ဓမ္မသမ္မုခတာ နာမ။ ဓနမုန ဝိနယေန သတ္ထုသာသနဿ အဓိဘာရကဿ သမနံ ဝိနယသမ္မုခတာ နာမ။ ဒ္ဝိန္နံ စုဒိတကစော-ဒကာနံ ပုဂ္ဂလာနံ သမ္မုခီဘာဝေါ ပုဂ္ဂလသမ္မုခတာ နာမ-

ဟု ပါတိမောက္ခပဒဋ္ဌဿနုဝဏ္ဏနာ၌ လာသည်။

အဓိပ္ပါယ်ဆား-သမထခုနစ်ပါးတို့တွင် သမ္မုခါဝိနည်း၌ သံဃ-သမ္မုခါ, ဓမ္မသမ္မုခါ, ဝိနယသမ္မုခါ, ပုဂ္ဂလသမ္မုခါဟူ၍ သမ္မုခါဝိနည်း လေးပါးအပြားရှိသည်။ ထိုလေးပါးတို့တွင်-

(၁) အဓိကရဏ်းကို ငြိမ်းစေခြင်းငှါ စည်းဝေးသော သံဃာ၏ ညီညွတ်သည်၏ အစွမ်းဖြင့် မျက်မှောက်သော အဖြစ်သည် သံဃသမ္မုခါ မည်၏။

(၂) ငြိမ်းအပ်သော ဝတ္ထုအမှု၏ ဟုတ်မှန်သော အဖြစ်သည် ဓမ္မသမ္မုခါ မည်၏။

(၃) ထိုဟုတ်မှန်သော ဝတ္ထုဖြင့်လည်းကောင်း၊ စောဒနာခြင်း အောက်မေ့စခြင်းဖြင့် လည်းကောင်း၊ ဥတ်ကမ္မဝါစာ ဖြင့် လည်းကောင်း အဓိကရဏ်းကို ငြိမ်းစေခြင်းသည် ဝိနယသမ္မုခါ မည်၏။

(၄) စုဒိတကပုဂ္ဂိုလ်, စောဒကပုဂ္ဂိုလ်နှစ်ဦးတို့၏(ဝါ) တရားခံ, တရားလိုနှစ်ဦးတို့၏ မျက်မှောက်ရှိသောအဖြစ်သည် ပုဂ္ဂလ-သမ္မုခါ မည်၏-

ဟု ပြတော်မူသည်။

ဤသို့လျှင် သမ္မုခါဝိနည်းအပြား လေးပါ ရှိသည်ဟု မှတ်ရမည်။

၁၉၈။ သမ္မုခါဝိနည်းဖြင့် ပြုအပ်သောကံ

မေး။ ။ထိုသမ္မုခါဝိနည်းဖြင့် ပြုအပ်သောကံသည် အဘယ်မျှရှိပါသနည်း။

ဖြေ။ ။ထိုအမေးမှာ ပရိဝါပါဠိတော်၌-

သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ-

ဟူ၍ ဟောတော်မူသည်။

ရှင်းအံ့ဖွင့် စူဠဝဂ္ဂါဒိအဋ္ဌကထာ၌လည်း-

သမ္မုခါကရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိ-ပန္နံ အဓမ္မကမ္မန္တိ ဇတ္ထ အတ္ထိ ကမ္မံ သမ္မုခါကရဏီယံ၊ အတ္ထိ အသမ္မုခါကရဏီယံ။ တတ္ထ အသမ္မုခါကရဏီယံ နာမ ဒုဒေ့တနုပသမ္ပဒါ, ပတ္တနိက္ကုဇ္ဇနံ, ပတ္တုက္ကုဇ္ဇနံ, ဥမ္မတ္တ ကဿ ဘိက္ခုနော ဥမ္မတ္တကသမ္မုတိ, သေက္ခာနံ ကုလာနံ သေက္ခ-သမ္မုတိ,ဆန္နဿ ဘိက္ခုနော ပြဟ္မဒဏ္ဍော, ဒေဝဒတ္တဿ ပကာ-သနီယကမ္မံ, အပ္ပသာဒနီယံ ဒဿေန္တဿ ဘိက္ခုနော ဘိက္ခု-နိသံဃေန ကာတဗ္ဗံ အဝန္ဒနီယကမ္မန္တိ အဋ္ဌဝိဓံ ဟောတိ။ တံ သဗ္ဗံ တတ္ထ တတ္ထ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။ ဣဒံ အဋ္ဌဝိဓမ္ပိ ကမ္မံ အသမ္မုခါကတံ သုကတံ ဟောတိ အကုပ္ပံ။

ဟု ဝိနယာလင်္ကာရဋီကာဌာ မိန့်ဆိုခဲ့တော်မူသောကြောင့် ပုရိမဝါဆိုသော သာမဏေတို့သည် သီလမကျိုးမပျက်မူ သင်္ကန်းကာလဌာ လူသော ကထိန်သင်္ကန်းဖြစ်၍ ကထိန်အာနိသင်သင်္ကန်းကို အမျှရထိုက်ကုန်သည်ဟု မှတ်။

ဝိနယာလင်္ကာရဋီကာဌာ "ဝဿာဝါသိကကထိနာနိသံသာဒိကာလ-စီဝရံ ပန သမကမေဝ ဒါတဗ္ဗံ" ဟူသော စကားသည်—

ကဒဉ္စုပိဋိသမယေ ဥပဓိန္နနဘင်္ဂာဂါဒိရှ ဌပိတတန အကာ-
လစီဝရေနေဝ ကထိတံ၊ ကာလစီဝရံ ပန သမကမေဝ ဒါတဗ္ဗံ—

ဟု ဆိုသော စီဝရကွန်ကအဋ္ဌကထာကို ထောက်၍ ဆိုသော စကားဖြစ်သည်။

ထို့ကြောင့် ကထိန်ခင်းသော ကျောင်းတိုက်၌ ပုရိမဝါဆိုသော သာမဏေတို့အား သီလမကျိုးမပျက်ဟူ သင်္ကန်းကာလ ကထိန်လဌာ လူသော ကထိန်သင်္ကန်းကို အမျှပေးဝေအပ်သည်။ သီလကျိုးပျက်မူ ထိုဟထိန်ခင်းသောတိုက်၌ ပုရိမဝါဆိုသံဃာကို ပင့်ကြား၍ ပေးအပ်

သည်ဟု မှတ်။ ထို့ကြောင့် မဟာဝဂ်အဋ္ဌကထာ အနာပုစ္ဆာဝရဏဝတ္ထု၊ အာဒိကထာ၌—

သစေ ပုရိမိကာယ ပုန သရဏာနိ ဂဟိတာနိ၊ ပစ္ဆိမိကာယ ဝဿာဝါသိကံ လစ္ဆတိ၊ သစေ ပစ္ဆိမိကာယ ဂဟိတာနိ သံယေန အဗဟလောစေတွာ လာသော ဒါတဗ္ဗော—

ဟု ဆိုတော်မူ၏။

ယခုအခါ ကထိန်ခင်းသောကျောင်းတိုက်၌ ပုရိမဝဿာဆိုသော သာမဏေတို့ကို ကထိန်ခင်းထု အနုမောဒနာ အပြုခိုင်းကြသည်မှာ ကျမ်းဂန်လာသောနည်း မဟုတ်ချေ။ ကျမ်းဂန်လာနည်းမှာ ရဟန်းတို့သဲ့ ပြုရပ်သည်။ ထို့ကြောင့် ဂဌိနက္ခန္ဓကအဋ္ဌကထာ၌—

ဧတာန ကထိနတ္ထာရဂေန ဘိက္ခုနာ သံဃံ ဥပသင်္ကမိတွာ ကေသံ ဥတ္တာသုသင်္ကံ ကရိတွာ အဥ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "အတ္ထဲတံ ဘန္တေ သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒထာ"တိ။ တေဟိ အနုမောဒေကေဟိ ဘိက္ခုဟိ ကေသံ ဥတ္တာသုသင်္ကံ ဂရိတွာ အဥ္ဇလိံ ပဂ္ဂဟေတွာ ဧဝမဿ ဝစနီယော "အတ္ထတံ အာဝုသော သံဃဿ ကထိနံ၊ ဓမ္မိကော ကထိနတ္ထာရော၊ အနုမောဒါမာ" တိ—

ဟု မိန့်ဆိုတော်မူသည်။

ထိုအဋ္ဌကထာ၌ "ဧတေဟိ အနုမောဒေကေဟိ ဘိက္ခုဟိ" ဟူ၍ ဘိက္ခုသဒ္ဒါနှင့်သာ ပြတော်မူသည်။ ထို့ကြောင့် သာမဏေတို့သည် ကထိန် အနုမောဒနာ မပြုအပ်။ အနုမောဒနာပြု၍ အာနိသင်ကို ရသည် မဟုတ်။ "ဝဿာဝါသိကကထိနာနိသံသာ ဒိကာလစီဝရံ ပန သမဏေဝ ဒါတဗ္ဗံ" ဟုဆိုသော ဝိနယာလင်္ကာရဋီကာနှင့်အညီ သင်္ကန်းကာလဖြင့်၍သာ ပုရိမဝဿာဆို၍ သီလရှိကြီး ပျက်ယွင်းသော သာမဏေတို့အား ကထိန်သင်္ကန်းကို အမျှပေးဝေအပ်သည်ဟု မှတ်။

၂၁၃။ သင်္ကန်းတထည်ကိုသာ ကထိန်ခင်းအပ်

မေး။ ။ဤကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့် ပေးသောအခါ တိုဗိဝရိတ်သုံးထည်လုံး ပေးအပ်ပါ၏လော။

ဖြေ။ ။ထိုအမေးမှာ-

ကမ္မဝါစာ ပန ကောယေဝ ဝဋ္ဋတိ—

ဟု လာသော ကထိနက္ခန္ဓကဒုဋ္ဌကထာ၊

. ကမ္မဝါစာ ပန ကောယေဝ ဝဋ္ဋတိတိ ကထိနတ္ထာရဏသင်္ခ-
ကဿ ဒါနံကာလေ စုတ္တာ ကောယေဝ ကမ္မဝါစာ ဝဋ္ဋတိ—

ဟု လာသော သာရတ္ထဒီပနီဋီကာကိုထောက်၍ တိဗိဝရိတ် သုံးထည်လုံးကို ဥတ်ကမ္မဝါစာဖြင့် မပေးအပ်။ ထိုသုံးထည်ဘို့ဝင် ကထိန်ခင်းလို့သော တထည်ကိုသာ ပေးအပ်သည်။

ဤထိန်ခင်းသောအခါ၌လည်း ထိုဥတ်ကမ္မဝါစာဖြင့် ပေးသော တထည်ကိုသာ ခင်းအပ်သည်ဟု ဆို၏။ ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌-

သုက္ကပက္ခေ "သံဃဒ္ဒိယာ အတ္ထတံ ဟောတိ" တိအာဒိနာ နယေန ကေမေဂ စိဝရံ ဝုတ္တံ—

ဟု ဆိုတော်မူ၏။

၂၁၄။ အာနိသင်သင်္ကန်းကို ပန်ကြားရပေးအပ်

မေး။ ။ပုရိမဝါဿာန ရဟန်းတို့တွင် ကထိန်ခင်းသော ရဟန်းအား ကထိန်သင်္ကန်းတထည်ကို ဥတ်ကမ္မဝါစာဖြင့်ပေး၍ အနုမောဒနာပြုသော ရဟန်းတို့သည် ပဋိသန္ဓေအာနိသင်သင်္ကန်းမျှား၍ ကထိန်ခင်းသောရဟန်းအား ပေးလိုမူ ဥတ်ကမ္မဝါစာဖြင့် ပေးရဦးမည်လော။

ဖြေး ။ထိုအမေးမှာ-

သစေ ကထိနတ္ထာရကဿ သေသစီဝရာနိပိ ဒုပ္ပလာနိ ဟောန္တိ၊ သံဃေန အာပလောကေတ္ဝာ တေသမ္ပိ အတ္ထာယ ဝတ္ထာနိ ဒါတဗ္ဗာနိ-

ဟု လာသော ကထိနက္ခန္ဓကအဋ္ဌကထာ၊

ပုန တဿ အညသ္မိံ ဝတ္ထေ ဒိယျမာနေ ကမ္မဝါစာယ ဒါတဗ္ဗကိစ္စံ နတ္ထိ၊ အပလောကနမေဝ အလန္တိ အာဓိပ္ပါယော-

ဟု လာသော သာဓကဋ္ဌဒီပနီဋ္ဌကာကိုမထောက်၍ ကထိန်ခင်းအပ်သော သင်္ကန်းမှတပါး အာနိသင် သင်္ကန်းကိုပေးရာ ဥတ်ကမ္မဝါစာဖြင့် ပေးဖွယ်မရှိ၊ သံဃာကို ပန်ကြား၍သာ ပေးအပ်သည်ဟုမှတ်။

ယခုအခါ ကထိန်ခင်းရာ တပါးကျောင်းတိုက်က ရဟန်းတို့ကို ပေးရာ၌လည်း ထိုအဋ္ဌကထာ၌ဋီကာတို့ကိုထောက်၍ ပုရိမဝါဆိုသော သံဃာကို ပန်ကြား၍ ပေးအပ်သည်ဟုမှတ်။

၂၁၅။ ကထိနဒုဿံဟုဖတ်လည်း ကံမပျက်

မေး။ ။ယခုကာလ ချုပ်ဆိုးပြီးသင်္ကန်းကို ကထိန်အလှူရ၍ ကမ္မဝါစာဖြင့် ပေးသောအခါ "ကထိနစီဝရံ" ဟုမဆိုမူ၍ "ကထိနဒုဿံ" ဟုဆို၍ ပေးမိလျှင် ကံပျက်ပြည်လော။

ဖြေး ။ "ကထိနစီဝရံ" ဟု ဆိုသော်လည်းကောင်း၊ "ကထိနဒုဿံ" ဟု ဆိုသော်လည်းကောင်း ကံမပျက်ဟု မှတ်ယူသင့်သည်။

သစေ ကတစီဝရမေဝ ဥပ္ပဇ္ဇတိ၊ သုန္ဒရမေဝ-

ဟု လာသော မာတိကာအဋ္ဌကထာ၊

ကတစီဝရမေဝါတိ နိဋ္ဌိတပရိကမ္မမေဝ ကထိနဒုဿံ-

ဟု ဖွင့်သော လီနတ္ထပကာသနီဋ္ဌိကာ၊

တင်ဏ္ဍံ စီဝရုနံ အညဘရပ္ပဟောနကံ သူရိယုဂ္ဂမနသမယေ
ဝတ္ထံ ''ကထိနစီဝရံ ဒဒမာ''တိ ဒါတုံ ဝဋ္ဋတိ–

ဟု လာသော ကထိနက္ခန္ဓကအဋ္ဌကထာတို့ကိုထောက်၍ အပ်သည်ဟုမှတ်။

ကတစီဝရကို ကထိနဒုဿဟု ဖွင့်သောကြောင့် လည်းကောင်း၊ ဝတ္ထံ-ကို ကထိနစီဝရံ-ဟု ဖွင့်သောကြောင့် လည်းကောင်း ကထိန-စီဝရံ-နှင့် ကထိနဒုဿံ-သည် ပရိယာယ်တူဟု နှုတ်ဆက်လေ။

၂၁၆။ ကထိန်ခင်းပုံ

မေး။ ကထိန်ခင်းသောအခါ အာဘယ်သို့ပြု၍ ခင်းအပ်ပါသနည်း၊

ဖြေ။ ။ထိုအကြောင်းမှာ–

ဘုရား ဘိက္ခုနှာ သဗေ သံဃာဋိယာ အတ္ထရိတုကာမော ဟောတိ၊ ပေါရာဏကံ သံဃာဋိ ဥစ္စုဒ္ဓရိက္ခာ နဝံ သံဃာဋိ အဓိဋ္ဌဟိတွာ ''ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမီ''တိ အတ္ထရိတဗ္ဗံ။ ဥဒ္ဓာရပဒေသု အန္တရဃရေ ဝါ သဗ္ဗေသံ နယော–

ဟု လာသော မာတိကာအဋ္ဌကထာ၊

အတ္ထာရဘဏနု ဘိက္ခုနှာ ''သဗ္ဗေ သံဃာဋိယာ ကထိနံ အတ္ထရိတုကာမော ဟောတိ၊ ပေါရာဏိကာ သံဃာဋိ ဥစ္စုဒ္ဓရိတဗ္ဗာ၊ နဝါ သံဃာဋိ အဓိဋ္ဌာတဗ္ဗာ။ ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမီတိ ဝါစာ ဘိန္ဒိတဗ္ဗာ''တိ အာဒိနာ ပရိဝါရေ ဝုတ္တ-ဝိဓာနေန ကထိနံ အတ္ထရိတဗ္ဗံ–

ဟု လာသော ကထိနက္ခန္ဓကအဋ္ဌကထာတို့ကို ထောက်၍ ဥတ်ကပ္ပဝါစာဖြင့် ပေးအပ်သော သင်္ကန်းကြီးကိုခင်းရာ ဗဟုအမ်ဳဒါန်တင်ယော

သက်နှံးကြီးကို ပစ္စုဒ္ဓိရ်ပြု၍ ကထိန်ခင်းလိုသောသက်နှံးကြီးကို ကပွ-ပိန္ဒုထိုး၍ "ဣမံ သံဃာဋိံ အာဓိဋ္ဌာမိ" ဟု အဓိဋ္ဌာန်တင်ပြီးမှ "ဣဒါယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟု လက်ဖြင့်ကိုင်၍ နှုတ်က မြွက်ဆို ခြင်းသည်ပင် ကထိန်ခင်းခြင်း မည်သည်။ ထို့ကြောင့် လိုနုတ္ထပကာသနီ ဋီကာ၌-

အတ္ထရိဘဗ္ဗန္တိ အတ္ထရဏံ ကာတဗ္ဗံ၊ တဉ္စ ခေါ တထာဝစီ-ဘေဒကရဏေဝါတိ ဒဋ္ဌဗ္ဗံ-

ဟု ဆိုတော်မူ၏။

အတ္ထရိတဗ္ဗန္တိ၊ ဟူသည်ကား။ အတ္ထရဏံ၊ ခင်းခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ တဉ္စ ခေါ၊ ထိုခင်းခြင်းသည်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ဝစီဘေဒကရဏေမဝ၊ နှုတ်မြွက်ခြင်းကို ပြုခြင်းသည်သာလျှင်တည်း။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ကထိန်ခင်းသည်ဟု ဒေါ်ဝေါ်ခြင်းသည် "ဣမာယ သံဃာဋိယာ ကထိနံ အတ္ထရာမိ" ဟု နုတ်က မြွက်ခြင်းသည်ပင်ဟု ပြောတော်မူသည်။

၂၁၂။ ကထိန်သက်နှံး၏ ပုဗ္ဗကိစ္စများ

မေး။ ။ကထိန်ခင်းသောသက်နှံး၏ ပုဗ္ဗကိစ္စအာယ်နှစ်ပါး ရှိပါသနည်း။

ဖြေ။ ။ထို့အဓိပ္ပာယ်မှာ-

ဒေဝဓနဉ္စ ဝိစာရော စ၊ ဆေဒနံ ပန္ဒနမ္ပိ စ။
သိဗ္ဗနံ ရဇနံ ကပ္ပံ၊ "ပုဗ္ဗကိစ္စ"န္တိ ဝုစ္စတိ-

ဟု ဝိနယပိဋကတ်ဆိုရာကျမ်းကထာဋီကာ လာသောကြောင့် မပြီးမသေးသော သက်နှံးဖြစ်မှု ဖွဲ့ပြုခြင်း, စီရင်ခြင်း, ဖြတ်ခြင်း, အပ်ဖြင့်စပ်ခြင်း, ချုပ်

ခြင်း, ဆိုးခြင်း, ကပ္ပဗိန္ဒုကိုးခြင်းအားဖြင့် ဦးစွာပြုအပ်သော ကိစ္စသည် ဓုနစ်ပါးရှိသည်။

ချုပ်ဆိုးပြီးသက်နှံးရမူ ထိုဓုနစ်ပါးတွင် ကပ္ပဗိန္ဒုကိုးခြင်း ကိစ္စတခုသာ ရှိသည်မှတ်။

၂၁၈။ ကထိန်ခံသူရဟန်း၏ အင်္ဂါဂ-ပါး

မေး။ ။ဏထိန်ခင်းခြင်းငှါ ထိုက်သောရဟန်း၏ သိအပ်သော အင်္ဂါ ဘယ်မျှရှိပါသနည်း။

ဖြေ။ ။ထိုအမေးမှာ—

ပုဗ္ဗကရဏံ ဇာနာတိ၊ ပစ္စုဒ္ဓါရံ ဇာနာတိ၊ အဓိဋ္ဌာနံ ဇာနာတိ၊ ဏတ္ထာရံ ဇာနာတိ၊ မာတိကံ ဇာနာတိ၊ ပလိဗောဓံ ဇာနာတိ၊ ဥဒ္ဓါရံ ဇာနာတိ၊ အာနိသံသံ ဇာနာတိ၊ ဣမမဟိ ဏင်္ဂင်္ဂေဟိ သမန္နာဂဏတော ပုဂ္ဂလော ဘဗ္ဗော ကထိနံ အတ္ထရိတုန္တိ။

ဇတ္ထ စ ပုဗ္ဗကရဏံ နာမ ဓောဝနဝိစာရဏာစ္ဆေဒနပဒ္ဓနသိဗ္ဗနရဇနကပ္ပကရဏံ။ ပစ္စုဒ္ဓါရော နာမ ပုရာဏသံဃာဋိအာဒိနံ ပစ္စုဒ္ဓရဏံ။ အဓိဋ္ဌာနံ နာမ ကထိနဿိဝရာဓိဋ္ဌာနံ။ ဏတ္ထာရော နာမ ကထိနတ္ထာရော။ မာတိကာ နာမ အဋ္ဌ မာတိကာ။ ပလိဗောဓော နာမ အာဝါသပလိဗောဓော စီဝရပလိဗောဓောတိ ဒွေ ပလိဗောဓော။ ဥဒ္ဓါရော နာမ ပက္ကမနန္တိကာဒယော။ အာနိသံသော နာမ ပဉ္စာနိသံသာ—

ဟု လာသော လီနတ္ထပကာသနီဋီကာကိုထောက်၍—

(၁)　ကထိန်သက်နှံး၏ ပုဗ္ဗကိစ္စခုနှစ်ပါးကိုသိခြင်း၊

(၂)　ပစ္စုဒ္ဓါရ်ကို သိခြင်း၊

(၃) ဆေဝိဒ္ဓာန်ကို သိခြင်း၊
(၄) ကထိန်ခင်းခြင်းကို သိခြင်း၊
(၅) မာတိကာချစ်ပါးကို သိခြင်း၊
(၆) ပလိဗောဓနှစ်ပါးကိုသိခြင်း၊
(၇) ကထိန်နုတ်ခြင်းကို သိခြင်း၊
(၈) အာနိသင်ငါးပါးကို သိခြင်း—

ဤအရာဖြင့် ရှစ်ပါးသော အင်္ဂါရှိသည်။

၂၁၉။ ကျွမ်းကျင်သောရဟန်းကိုပင့်၍ ကထိန်ခင်းခြင်း

မေးခြင်း။ ။ဘုရားသောဇကျောင်းဟိုဟ်၌ ထိုကထိန်ခင်းအပ်သောအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းမရှိလျှင် ထိုကျောင်းတိုက်၌ ကထိန်မခင်းအပ်ဟု မှတ်ရမည်လော။

ဖြေခြင်း။ ။ထိုအမေးမှာ—

သင်္ဃ ပုဒ္ဓိမိတ္တာယ ဥဒေတာ ကထိနံတတ္ထာရကုသလာ နဟာပေတွာ၊ အတ္ထာရကုသလာ ခန္ဓကဘာဏကာဒယော ပရိဟယေ-သုံဘူ အာပန္နတ္ထေရာ။ ဂဏပါမောက္ခာ ကထိနံ အတ္ထာ-ရုဓေတွာ ဒါနဉ္စ ဘုဉ္ဇိတွာ ဂမိဿန္တိ၊ အာနိသံသော ပန ကုတ္ထေရသံယော ဟောဟိ—

ဟု လာသော ကထိနက္ခန္ဓကဗဟဋ္ဌကထာကိုထောက်၍ ထိုကျောင်းတိုက်၌ ကထိန်စိုရင်တတ်သော ရဟန်းမရှိမူ ဇာပါးကျောင်းတိုက်က ကထိန်စိုရင်တတ်သော မဟန်းကို ပင့်ခေါ်၍ ကထိန်စီရင်ခြင်းငှာ ကျောင်းတိုက်ကပုဂိုလ်ငါးဦးသော ရဟန်းတို့သည် အင်္ဂါရှစ်ပါးကို မသိသော်လည်း ကထိန်ကို ခင်းအပ်သည်ဟုမှတ်။

ထိုအဋ္ဌကထာ၌ ''ကထိနံ အတ္ထဆုဒပတ္ဝာ'' ဟူသောပါဠိဖြင့် ကထိန်စီရင်တတ်သော တပါးတိုက်ကရဟန်းသည် ထိုကထိန်ခင်းသောကျောင်း၌ မစီခင်ကာ်သော ပုရိမဝါသားတို့ကို စီရင်ပြောကြား၍ ထိုပုရိမဝါတျတ်သော ရဟန်းတို့ကိုသာ ကထိန်ကို ခင်းစေအပ်သည်၊ တပါးတိုက်ရာ ကထိန်ကိုစီရင်တတ်သော ရဟန်းသည် ကိုယ်တိုင် ကထိန်ကို မခင်းအပ်ဟု ပြတော်မူသည်။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌-

> ကထိနံ · အတ္ထရာပေတ္ဝာတိ သကာရိတဘာနေန တေဟိ ဗဟိရဒေတာ အာဂတဒတ္ထဒရဟိ သယံ ကထိနံ နု အတ္ထရိဘပ္ပံ၊ သံဗ္ဗပုဗ္ဗကိစ္စာဒိကံ သံဝိဒဟိဘာ တေ ပုရိမိကာယ ဝသူဒဂတာ အဒန္တာသိမဋ္ဌဘိက္ခူဒယဝ အတ္ထရာပေတဗ္ဗာတိ ဒဿေတိ-

ဟု ဆိုတော်မူ၏။

၂၂၀။ ကထိန်ခင်းသောနေ့မှ တိဓံဝရိတ်ဆောင်ယော်လည်း အပ်

မေး။ ။ထိုကဲ့ထိန်ခင်းသော ရဟန်းသည် ကထိန်ခင်းသောနေ့မှ ဝိနည်းတိဓံဝရိတ် အဓိဋ္ဌာန်ကိုဆောင်၍ ကထိန်ခင်းရာ ရွှေးသင်္ကန်းဟောင်းကို ပစ္စုဒ္ဓိရ်ပြု၍ ကထိန်သင်္ကန်းကို အဓိဋ္ဌာန်တင်၍ ခင်းမူအပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ ''ဇပါရာဏသံဃဋီ ပစ္စုဒ္ဓရိတ္ဝာ'' ဟူ၍သော အဋ္ဌကထာ၌ ရှိသည်။ ဝတ်ရ, သာရတ္ထ, ဝိမတိ, လီနတ္ထ, ဝိနယဝိနိစ္ဆယ ဋီကာတို့၌ အထူးမဆိုကြကုန်။ ဝိနယာလင်္ကာရဋီကာ၌ကား-

> တသ္မာ တိဓံဝရမဓိဋ္ဌာနသာ ဒုပ္ပရိဟာရတ္တာ သဗ္ဗဒါ ဓာရေတုံ အသက္ကောန္တော ဟုဘ္ဝာ ပရိက္ခာရစောဠဝသေန ဓာရေတုံ ဝဋ္ဋတိ ပစ္စုဒ္ဓရိတ္ဝာ အာသန္နေ ကာလေ တိဓံဝရမဓိဋ္ဌာနေန အဓိဋ္ဌဟန္တောပိ ကထိနံ အတ္ထရိတုံ လဘတိယေဝါတိ ဒဋ္ဌဗ္ဗံ-

ဟု ဆိုတော်မူသည်ကိုထောက်၍ ကထိန်ခင်းသောနေ့မှ တိဓံဝရိတ်ကို ဆောင်သော်လည်း အပ်သည်ဟု မှတ်အပ်၏။

၂၂၁။ ပဝိက္ခဝရစောဋအဓိဋ္ဌဝန်တင်သော်လည်း အာနိသင်မပျက်

မေး။ ။ကထိန်ခင်းပြီးသောအခါ၌ ကထိန်သင်္ကန်းကို ပစ္စုဒ္ဓိရ်ပြု၍ ပဝိက္ခဝရစောဋအဓိဋ္ဌဝန်တင်၍ ဆောင်မူ ကထိန်အာနိသင် ပျက်မည်လော။

ဖြေ။ ။ထိုအမေးမူဝ-

ဥဗ္ဘဇတတိ အဋ္ဌနံ မာတိကာနံ အညတရေန, အန္တရုဗ္ဘဝေရေန ဝါ ဥဒ္ဓဋေ-

ဟု ဆိုသော လိနတ္ထပကာသနီဋီကာကိုဇထာက်၍ ကထိန်ခင်းသောသင်္ကန်းကို ကထိန်ခင်းပြီးသောအခါ၌ ဥပရိဘောဂဖြစ်၍ ပစ္စုဒ္ဓိရ်ပြုရုံမျှနှင့် မာတိကာရှစ်ပါး, အန္တရုဗ္ဘာရအားဖြင့် ကထိန်နုတ်ခြင်းကိုးပါး၊ တနည်း ရှစ်ပါးတို့၌ မပါမဝင်၍ အာနိသင်မပျက်ဟု မှတ်ရမည်။

ကထိန်ခင်းဘုံသော ရဟန်းတို့အား အကျိုးဝါးပါးကို ရသော်လည်း အကျင့်အားဖြင့်လျှင်စွာ မရသည်အဖြစ်ကို ပြတော်မူခြင်းငှါ ဝိဇိ-ရဟဒ္ဒိဋီကာ၌-

နိမန္တနံ သာဒိယန္တဿေဝ ဟိ အနာမန္တစာရော ပညတ္တော' တထာ ဂဏှဘာဇနံ။ အသမာဒါနစာရော အနဓိဋ္ဌိတတိစီဝ-ရသ နတ္ထိ အဇေတစီဝရိကဿ ယာဝဒတ္ထစီဝရစတုတ္ထာဒိစီဝရ-ဂဟဏသမ္ဘဝေတော။ ဣတရသ္သာပိ အနဓိဋ္ဌာနမုခေန လဒ္ဓတိ။ စီဝရပ္ပါဒေါ အပံသုကူလိကဿေဝ-

ဟု ဆိုတော်မူ၏။

ဖိတ်သောဆွမ်းကို သာယာသောရဟန်းတို့သာ အနာဝန္တစာရအကျိုးကိုရသည်။ မအပ်သောဖိတ်ခြင်းကို သာယာသော ရဟန်းတို့သာ ဂဏဘောဇဉ်အကျိုးကိုရသည်။ အဓိဋ္ဌာန်ဆောင်သော ရဟန်းတို့သာ အသမာဒါနစရ အကျိုးကိုရသည်။ ဓုတင်တိစီဝရိတ် မဆောင်သော

ရဟန်းတို့သာ ယာဝဒတ္ထစီဝရ ဒေးကျိုးကိုရသည်။ ပုံသကဲ့သို့ဆောင်သော ရဟန်းတို့သာ "ယော ဗ တတ္ထစီဝရပ္ပဟိဒ" ဖောကျိုးကိုရသည်ဟု ပြတော်မူသည်။

JJJ။ ကထိန်သင်္ကန်းကိုပေးရာ,ခင်းရာသိမ်

မေး။ ။ထိုကထိန်သင်္ကန်းကို ဥတ်ဖြင့်ပေးသောအခါ အဘယ်သိမ်း၌ ပေးအပ်ပါသနည်း။ ကထိန်ခင်းသောအခါ အဘယ်သို့သော သိမ်း၌ ခင်းအပ်ပါသနည်း။

ဖြေ။ ။ထိုအမေးမှာ—

ကမ္မဝါစာဘဏနသီမာ ဟိ ဗဒ္ဓသီမာဘူတာ၊ ကထိနတ္ထာရသီမာ ပန ဥဘယသီမာဘူတာ—

ဟု ဆိုသော ဝိနယာလင်္ကာရဋီကာကို ထောက်၍ ကထိန်သင်္ကန်းကို ဥတ်ကမ္မဝါစာဖြင့်ပေးသောအခါ ဗဒ္ဓသိမ်း၌ ပေးအပ်သည်။ ကထိန်ခင်းသောအခါ ဥပစာရသိမ်း၌ ခင်းအပ်သည်ဟု မှတ်ရမည်။

JJ၃။ ကျောင်း၌ ခတ္တာသိမ်မရှိခဲ့မသော်

မေး။ ။ထိုကထိန်ခင်းသော ကျောင်း၌ ခတ္တာသိမ်မရှိမူ အဘယ်သို့ ပြုရပါမည်နည်း။

ဖြေ။ ။ထိုအဘမေးမှာ—

အန္တောဥပစာရသီမာယံ ဗဒ္ဓသီမာပိ အတ္ထိ အတ္ထိပိ ဥပစာရသီမာယံ ဗဒ္ဓသီမံ ဝါ ဥဒကုက္ခေပလဘနဋ္ဌာနံ ဝါ ဂန္ထွာ ကမ္မဝါစံ ဂါစာပေတွာ ပုန ဝိဟာရံ အာဂန္ထွာ

ဝဿူပနာယိကာခေတ္တဘူတာယ ဥပစာရသီမာယံ ဌတ္ဝာ ကထိန်
အတ္ထရိတဗ္ဗန္တိ ဒဋ္ဌဗ္ဗံ—

ဟု လာသော ဝိနယာလင်္ကာရဋီကာကိုထောက်၍ တားကြောင်းဥပ်
ရှိသော ခဏ္ဍသိမ်သို့ဖြစ်စေ၊ ဥဒကုက္ခေပသိမ်သို့ဖြစ်စေ သွား၍ ကထိန်
သင်္ကန်းကို ကမ္မဝါစာဖြင့် ပေး၍ ထိုဝါအိုသော ကျောင်းဟူ ပြန်၍
ဥပစာရသီမ်၌ ကထိနံခင်းအပ်ပေသည်ဟု မှတ်ရာ၏။

၂၂၄။ ခဏ္ဍသိမ်၌ ကထိန်ခင်းခြင်း

မေး။ ။ဝိုကထိန်ခင်းသောကျောင်းအိုက် ဥပစာရသိမ်အာဘုံင်း၌
ခဏ္ဍသိမ်ရှိ၍ ထိုခဏ္ဍသိမ်၌ ဏာသိန်္ဂါကန်းကို ကမ္မဝါစာဖြင့်ပေး၍
ထိုခဏ္ဍသိမ်၌ပင် ကထိန်ခင်းအပ်ပါမည်လော။

ဖြေ။ ။ထိုအမေးမှာ—

ယဒိ ကထိနဒါနကမ္မဝါစာဘာဏုပဒ္ဓသီမာ ဝဿူပနာယိကာ-
ခေတ္တဘူတာဥပစာရသီမာယ အန္တော ဌိတာ၊ ဧဝံ သတိ တသ္မိံ-
ယော သီမမက္ကန္ဒေယ အာဏတ္တိကံ ကာရာပေတ္ဗံ—

ဟု လာသော ဝိနယာလင်္ကာရဋီကာကိုထောက်၍ ဝါအိုသောကျောင်း
တို်က် ဘုံင်း၌ရှိသော ခဏ္ဍသိမ်ဖြစ်မူ ထိုခဏ္ဍသိမ်၌ ကမ္မဝါစာဖြင့်ပေး၍
ထိုခဏ္ဍသိမ်၌ခင်းလိုမူလည်း ခင်းအပ်ယခင်။ ဥပစာရသိမ်၌ ခင်းလိုမူ
လည်း ခင်းအပ်သည်ဟု မှတ်ရာ၏။

၂၂၅။ ကထိန်သင်္ကန်းလှူပုံ ဖရာက်ချပုံ

မေး။ ။ကထိန်သင်္ကန်းကိုလှူသောအခါ အာဘတ်သို့လှူ အပ်ပါ
မည်နည်း။

ဖြေ။ ။ထိုအမေးမှာ—

ကထိနစီဝရံ ဒေမာတိ ဒါတုံ ဝဋ္ဋတိ—

ဟု ကထိနက္ခန္ဓကအဋ္ဌကထာ၌ လာသည်။

စီဝရံ ဒေတိ "ဣမိနာ ကထိနံ အတ္ထရထာ"တိ-
ဟု မာတိကာအဋ္ဌကထာ၌ လာသည်၊ ဝိနည်းဋီကာကြီး ဥဒ္ဒေသနှင့် လိန်ထပကာသနီ, ဝိနယဝိနိစ္ဆယဋီကာတို့၌ အထူးမဆိုကြကုန်။ ဝိနယာ-လင်္ကာရဋီကာ၌ကား-

ဇဝိနစီဝရံ ဒေမာတိ ဒါတုံ ဂဉ္ဆတီတိ ဇွတ္တာ သံဃဿ ကထိနစီဝရံ ဒေမာတိ ဝတ္တဗ္ဗံ-

ဟု ဆိုတော်မူသောကြောင့် "ဣမံ ကထိနစီဝရံ သံဃဿ ဒေမ"ဟု ဆို၍ လှူဒါန်းသည်ဟု မှတ်။

ကထိန်အာနိသင်္ဃဖြစ်သော ဝတ္ထုတို့နှင့်အတူ ရေစက်ချလိုမူ "ဣမံ ကထိနစီဝရံ ဣဒမဟိ ကထိနာနိသံသစီဝရေဟိ ဣဒမဟိ ကထိနာနိသံသဝတ္ထူဟိ သဒ္ဓိံ သံဃဿ ဒေဒမ"ဟု ဆို၍ ရေစက်ချအပ်သည်။

ယထာ ဒါယကာ ဝဒန္တိ၊ တထာ ပဋိပဇ္ဇိတဗ္ဗံ-ဟုဆိုသော စူဠ-ဝါအဋ္ဌကထာ, ဝိနယဋီကာအစရဝတ်ကိုဆောင်းက်။ ဒါယကာတို့ဆိုခြင်း လွတ်ငြင်း ဧာလာခံ၍ သိုးဖယောင်ထိုက်၊ ကျွံထိုက်သည်ဟူလို။

ကထိနက္ခန္ဓကအဋ္ဌကထာ၌လည်း-

ကထိနဝိဓာနသ္မိံ သဒ္ဓိ' အာဘတံ အာနိသံသံ။ ပ။ ဒေန္တိ-

ဟူ၍သည်းဖောင်း၊

အာဂန္တုကသာ ကဲလိနာနိသံသာ ဗလဝတ္ထာနံ ဝဿာဝါသိကဒိဋ္ဌိကာယ ဒါတဗ္ဗာနိ-

ဟူ၍လည်းကောင်း လာသည်။

လိန်ထပကာသနီဋီကာ၌လည်း-

ယော ပဝါရေတွာ ဓမ္မဿဝနတ္ထာယ ဂစ္ဆတိ၊ ဒေဝဒါယ-

ဟူ၍ လည်းကောင်း၊

ယော ပန အာနိသံသစိဝရံ အာဒါယ-
ဟူ၍ လည်းကောင်း လာသည်။

ထို့ကြောင့် ကထိန်ခင်းသော သက်နှံးတခုသာ ကထိန်မည်သည်။ ကြွင်းသောသက်နှံးဟူသမျှသည် အာနိသံသ မည်၏သည်။ ဆန့် အုန်း ငှက်ပျော စသော ဝတ္ထုသည် အာနိသံသဝတ္ထုမည်သည်ဟုမှတ်။

ရဟန်းတပါးတည်း ဝန်ဆောင်းခြင်း ကထိန်ခင်းလိုမူ ကပါး သောကျောင်းက ရုက္ခဋ္ဌိုးတို့ကိုပင်ခေါ်၍ ယထိန်သက်နှံးကို အလှူခံ၍ ဥတ်ကမ္မဝါစာဖြင့်ပေးပြီးလျှင် ထိုရဟန်းတို့သွားမှ တယောက်တည်း သာ ထိုနေ့ဆုတ်၌ ညဉ့်အခါမှ ခင်းဒသင်သည်း အပ်သည်ဟုမှတ်ရ၏။

အတ္ထရိတ္ထန္တိ အာဿရဏံ ကာတဗ္ဗံ၊ တဉ္စ ခေါ တဿာ ဝစီဘေဒကရဏမေဝါတိ ဒဋ္ဌဗ္ဗံ-

ဟု လာသော လီနတ္ထပကာသနီဋီကာဝါကျ ဆောက်ခဲ့လေ။

ဒုတိယကထိန် ပြီး၏။

တတိယကဏ္ဍ

အရှင်အရိယ၏ ဝိနယပုစ္ဆာများ

ဘုန်းတပည့်ခံတော် ခမောက်ချိုင် ဝတ်တွင်းကျောင်းနေ ရှင်အရိယ ရှိခိုးအာသနားတော်မြတ် ခံပါသည်။ ဆရာတော်သခင် အရှင်သူမြတ် ဘုရား။

၁။ အကြင်ရဟန်းသည် ဉာတိ,ပဝါရိတဖြစ်သူတို့အား မိမိလက်ဦး ရှိသောအကပ်ပိ ယဝတ္ထုကို ပေးမည်ဟု တိုက်ရိုက်မဆိုမူ ဤအခြင်းအရာကို သာသိခစ၍ သပိတ်သက်နှံးစသော အပ်သောပစ္စည်းကို တောင်းယူ၍ မိမိလက်သို့ရောက်မှ ရှိသောအကပ်ပိယဝတ္ထုကို ထိုဉာတိပဝါရိတဖြစ်သူ အား စွန့်ပေးအံ့။ ယခင် ဒါယကာတို့ထံမှ တောင်းယူ၍ လှူသော သပိတ်သက်နှံးစသော ပစ္စည်းသည် အပ်-မအပ်။

၂။ အကြင်ရဟန်းသည် အကပ်ပိယဖြစ်သော ရွှေငွေစသည်တို့ဖြင့် ရအပ်စသော သပိတ်သက်နှံးစသောဝတ္ထုကို ဉာတိပဝါရိတဖြစ်သူတို့အား အာလယဂ္ဂိလျက် ပေးစွန့်ပြီး၍ တိုသူတို့အား "ငါပေးစွန့်သောပစ္စည်း ကို ပေးထားပြီ"ဟု တိုက်ရိုက်မဆိုမူ၍ ထိုပစ္စည်းကိုရဲ့ည်မှန်း၍ သပိတ် သက်နှံးကို အလှူခံရာ ယခင်ပေးစွန့်ရင်းသက်နှံးကိုပင် လှူပြန်အံ့၊ ထို ပစ္စည်း အပ်-မအပ်။

၃။ အကြင်ရဟန်းသည် အကပ်ိယဝတ္ထုဖြင့် ဖြစ်သော တစုံတခု သော ကပ်ိယဝတ္ထုသည် မိမိလက်၌ ရှိအံ့။ ထိုပစ္စည်းကို အညာတိက, အပဋိဂ္ဂါဟိကဖြစ်သူတို့အား တရားပြောဟော၍ ဒါယကာခံစေရာ မိမိ ပေးယူကုန်ကျွန်းအဖိုးအတိုင်းဖြစ်စေ၊ ပိုမို၍ ဖြစ်စေ ဒါယကာတို့ မိမိထံ အဖိုးခြေ၍ ၎င်းပစ္စည်းကိုပင် မိမိသို့လှူဆာ အပ်-မအပ်။

၄။ မိမိအာရုံတိုက်တာအတွင်း၌ အာဂတာနာဂတ လူ ရှင် ရဟန်းတည်းခိုရန် ရည်၍ဆောက်လုပ်သော ဇရပ်မျှားကို မိမိကျောင်း နှင့် တစပ်တည်း ရှေ့ပြောင်းဆောက်လုပ်၍ ဘုရားရုပ်ပွားတင်ထား ပြီး၍ ဘုရားကျောင်းအမှတ်နှင့် သုံးဆောင်လျှင် အပ်-မအပ်။ ဘုရားကို မတင်ထားပဲ သံဃိကအမှတ်နှင့် သုံးဆောင်မူ အပ်-မအပ်။

၅။ သံဃဿ ဒေမ-ဟုဆို၍ သံဃိကနှင့် မတသန္တကပစ္စည်းကို အတူပင် မှတ်ရမည်လော၊ သို့မဟုတ် ထူးခြဲလျှင် မည်သို့ တူးပါမည် နည်း။

၆။ အဒိန္နဒါနိသိက္ခာပုဒ်၌ ရွှေစင်တကျပ် ငွေစင် ငါးကျပ်ကိုခိုးမူ ပါရာဇိကရောက်သည်ဟု ဆရာအဆက်ဆက် အရပ်ထက်ဝန်းကျင် ရဟန်း ခပ်သိမ်းပင် ပြောစမှတ်ပြုကြပါသည်။ ပါဠိတော်၌ ''ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေကပါဒံ ဝါ'' ဟူ၍သည်ကောင်း၊ ''ပဉ္စမာသကံ ဝါ အတိရေကပဉ္စမာသကံ ဝါ'' ဟူ၍လည်းကောင်း ဤမျှကိုသာ တွေ့ရှိပါ သည်။ ရွှေဟူ၍ အထူးမဆိုပါ။

''တာဝတ္ထိယံ ဒုဿကေ့ခ အာဒကိကာဃ တက္ကာလမုဋ္ဌိ ထေယျစိတ္တော အာပတ္တိ ဟရိ။ တာဃ ကုက္ကုစ္စံ အဟောသိ။ပ။ အာဒတ္တိ တုံ ဘိက္ခု အာပန္နော ပါရာဇိကန္တိ'' စသည်ဖြင့် ''မုဂ္ဂမုဋ္ဌိ မာသမုဋ္ဌိ တိလမုဋ္ဌိ'' ဟူ၍လည်း မျှားစွာရှိပါသည်။ ထိုအထုမျှား၌ ပါရာဇိကရောက်၏ဟု ဘုရားရှင် ကိုယ်တိုင် ဆုံးဖြတ်တော်မူသည်။ ဤဆန်တဆုပ်, ပဲဘဆုပ်တို့သည် ဒုဿကွာလဖြစ်၍ ရွှေငါးခံထိုက်၏ဟုဆိုလျှင် ''လက်ဆုပ်လေးသွယ်

တစလယ်''ဟု ဆိုသောကြောင့် တစလယ်ကို ရှေစင်တကျပ် ထိုက်ခဲ့ရာ၏။ တတင့်းလျှင်၆၄-ကျပ်၊ထို့ရှေစင်၆၄-ကျပ်ကို အလေး ၂၀-ထားး၍ ငွေကို တွက်လျှင် ငွေ့ပေါင်း ၁၂၈၀ ထွက်ခဲ့ရာ၏။ ဘယ်လိုပင် ဒုဿီကွဂကာလ ဖြစ်သော်လည်း လွန်လွန်းလေစွဟု ကြံဒိပါသည်။ငွေ့ ၆၄-ကျပ်ဆိုလျှင်ပင် အလွန်ပင် ဖြစ်ပါသည်။ ဒုဿီကွကာလဖြင့်၍ ရှေထိုက်၏ဟုဆိုသော် ဆိုတန်စေ—

ဝတ္ထုံ ကာလဉ္စ ဒေသဉ္စ၊ အဂ္ဃံ ပရိဘောဂပဉ္စမံ။
တုလယိတ္ဝာ ပဉ္စ ဌာနာနိ၊ ဓာရေယျတ္ထံ ဝိစက္ခဏော—

ဟု ဆင်္ဂကထာ၌ဆိုသောကြောင့် ယခုအခါ ရှေဟကျပ်ကို ငွေ့ဒင်္ဂါး-၄၀ ထိုက်၏။ အကြင်ရဟန်းသည် ရှေစင် ၃-မူးကို ခိုးယူအံ့။ ရှေတကျပ် မဟုတ်၍ ပါရာဇိကမဆလောက်ဟု ဆိုရာ၏။ ငွေကိုတွက်လျှင် ဝါးကျပ် ထိုက်၍ ပါရာဇိကလောက်ခဲ့ရာ၏။ ထိုအခါ အဘယ်သို့ ဆိုးဖြတ်ပါအံ့နည်း။ တချို့ဆရာတို့ကလည်း ယခုကာလ အသုံးပြုကြသော ငွေ့ဒင်္ဂါးခြောက်ကျပ်, ခုနစ်ကျပ် ခိုးယူသော်လည်း ပါရာဇိက မဆလောက်သေး။ အဘယ်ကြောင့်နည်းဟူမူ ၎င်းဒင်္ဂါးသည် ကျပ်ချိန်လည်.မပြည့်၊ ငွေစင်လည်း မဟုတ်၊ ကြေးနှင့်တကွဖြစ်၍ ငွေစင်ငါးကျပ် မပြည့်ဟု ဆိုးဖြတ်ပြောဆိုသောစကားကို ကြားနာရဖူးပါသည်။ ဤသို့ဆိုးဖြတ်ခဲ့လျှင် ယခုအခါငွေစက္ကူမျှားကိုခိုးယူရာ တရာပင်တန်သော်လည်း ငွေ့ငွေ့ခန့်မျှမမူ၊ စက္ကူသက်သက်သာဖြင့်၍ ပါရာဇိကသို့ မရောက်ရာဟု ဆိုရာ၏။

အပိစ ကဟာပဏော လောဟမာသကဒါရုမာသကတဇတုမာ-
သကောဒယောပိ ယေ ဝေါဟာရံ ဂစ္ဆန္တိ၊ သဗ္ဗေ တေ ဣဓ ရူဇ-
တန္တေပ ဝုတ္တာ—

ဟုလာသော မာတိကာအဋ္ဌကထာစကားနှင့် အလွန်ဆန့်ကျင်သကဲ့သို့ ရှိပါသည်။ ဤအရာမျှားကိုလည်း သန္နိဋ္ဌာန်ကျ သိမှတ်ဖို့လိုပါသည် ဆရာတော်ဘုရား။

၇။ ယခုဟာလ ပရိဝတ်ဓပေးယူကြရာ၌လည်း ပရိဝတ်အဆင့်အဆင့် ပေးကြပါသည်။ အဓိပ္ပါယ်မူာ- ရဟန်း ၆-ပါး တသိမ်ဘည်း၌ စည်း ဝေး၍ ပရိဝတ်ယူကြရာ နှစ်ပါးသောရဟန်းဘုံသည် ရှေးဦးစွာယူပြီးမှ ဝတ်ကိုချ၍ ပကတတ်လုပ်ပြီးလျှင် ကျန်လေးပါးအနက် က နှစ်ပါးသည် ဝတ်ကိုယူပြန်၏။ ၎င်းနှစ်ပါး ဝတ်ကိုယူပြီး၍ ၎င်းနှစ်ပါး ဝတ်ကိုချပြီး လျှင် ကျန်နှစ်ပါး ဝတ်ယူပြန်သည်၊ ဤနောက်ဆုံးယူသော ရဟန်း နှစ်ပါးမူာ ပကတိပကတတ် ရဟန်းတပါးမျှ မရှိခဲ့ပါ။

ပါရိဝါသိကစတုတ္ထော ဧစ ဘိက္ခဝေ ပရိဝါသန္တိ တ္ထေ ပါရိဝါသိကံ စတုတ္ထံ ကဘ္ဘာ အညဿ ပရိဝါသဖါနာဒီနိ ကာတုံ နဒ္ဒတိ။ တေသ္ဒဝါယံ ဂဏပူရကော နု ဟောတိ၊ သေသသံဃကမ္မသု ဟောတိ။ ဂဏော ပန အပ္ပဟောန္တေ ဝတ္ထံ နိက္ခိပါပေတ္ဝာ ဂဏပူရကော ကာဘဒ္ဒေါ—

ဟု စူဠဝဂ်အဋ္ဌကထာ၌ လာခဲ့သောကြောင့် ဤသို့အဆင့်အဆင့် ပေးကြခြင်းသည် သင့်မည်မဟုတ်ပါ။ ဝတ်၌တည်သောရဟန်းဟာည် ဝတ်နှင့်တကွ ကိုယ်ပြည့်မဖြစ်၊ "ဂဏော ပန အပ္ပဟောန္တေ ဝတ္ထံ နိက္ခိပါပေတ္ဝာ" ဟု ဆိုသောကြောင့် ပကတိပကတတ် သုံးယောက်သာ ရှိ၍ လေးယောက်မလောက်လျှင်သာ ဝတ်ကိုချ၍ သုံးယောက်၌ပင်တယောက်ပြည့်ရုံမျှသာ သင့်မည်ထင်ပါသည်။ ပါရာဇိကာကျသော ရဟန်းသည် လေးယောက်တွင် တယောက်မျှ ကိုယ်ပြည့်မရသကဲ့သို့ ဤပရိဝတ်ခံသော ရဟန်းသည်လည်း ဝတ်နှင့်တကွ လေးယောက်တွင် တယောက်မျှ ကိုယ်ပြည့်ပြုခြင်းသည် မသင့်ဟု ထင်ပါသည်၊

"နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ" ဟု ဆိုသောကြောင့် ဝတ်ကိုချက ပကတတ်အရာ၌ တည်၏ဟု ဆိုဖွယ်ရာရှိပေ၏။ ဤသို့ဆိုလျှင် "ပါရိဝါသိကစတုတ္ထော ဧစ ဘိက္ခဝေ" ဟူသော အဋ္ဌကထာသည် ဒုက္ခိုးမရှိခဲ့ရာ။ သံဃာများသော ဂေဟသိတ်တိုက်၌ ပရိဝတ်ကို သုတ်သင်နိုင်ခဲ့၍ ဒဿနူပစာ သဝနူပစာ မြင်မြင်ရာရာ

ကြားရမည်မှာ ဆင်းရဲသောကြောင့် လည်းကောင်း၊ အဘိဝါဒနအဉ္ဇလိကမ္မအမှုများဌ် လည်းကောင်း ဤအရာများဌ်သာ ပကတ်တည် သင့်လိမ့်မည်ထင်ပါသည်။ "ဝိတ္ထာရေ့ပန သမန္တပါသာဒိကာယ ဝိနယသံဝဏ္ဏနာယ ဝုတ္တနယေနဝ ဝေဒိတဗ္ဗော" ဟု ကခ်ဳံအညွှန်းရှိပါသည်။ "ပကတတ္တာဒေန တိဋ္ဌတိ" ဟု ဆို၍ ဝတ်ကိုချိုက ပကတတ်အရာဌ် အရာရာတိုင်းပင် တူခဲ့ပါလျှင် ဤပါဌ်သည် ကခ်ဳံဌ်လည်း ပါလေပြီဖြစ်သောကြောင့် ညွှန်းဖွယ်မရှိပါပြီ။ ဤပါဌ်နှင့်ပင် ထင်ရှားသည်ဖြစ်၍ "ပါရိဝါသိကာဒတုတ္ထော" စသော အဋ္ဌကထာစကားသည် ဂန္ထဂရု ဖြစ်ရုံမျှသာ ဆိုဖွယ်ရှိပါတော့သည်။

ထို့ကြောင့် စောဒနာအထွက်အတက်နှင့်တကွ ဤပရိဝတ်ပေးခြင်း၊ ယူခြင်း အဆုံးအဖြတ်ကို ပါဠို၊ အဋ္ဌကထာ, ဋီကစဝါဒ သာဓကဲများနှင့် အသေအချာ သိမှတ်လိုပါသည် ဘုရား။

၈။ ဒေသနာဂါမ်အာပတ်တို့တွင် သစိတ္တကလောကဝဇ္ဇပါဏာတိပါတ သိက္ခာပုဒ်ကို လွန်ကျူးမိ၍ သင့်သော ပါစိတ်အာပတ်ကို ဒေသနာကြားလျှင် အာပတ်လည်းစင်ကြယ်၏၊ အပြစ်လည်းမရှိ၊ သဂ္ဂန္ဓာရုယ်, မဂ္ဂန္ဓာရုယ်လည်း မဖြစ်။ ထိုပါဏာတိပါတကံသည် ဇောဝိစုံ၍ ဏမူပထမြောက်သော်လည်း ဝိပါက်ဒုက္ခကို မခံရပြီဟု ဆရာတို့ မိန့်သံများကို ကြားရဖူ ပါသည်။

ပဌမဇဝနစေတနာ ဒိဋ္ဌဓမ္မဝေဒနီယကမ္မံ နာမ ဟောတိ။ တံ ဣမသ္မိံ ယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။ တထာ အသက္ကောန္တံ အဟောသိ ကမ္မံ၊ နာဟော့ဘာသိ ကမ္မဝိပါကော။ ပ။ သတ္တမဇဝနစေတနာ ဥပဇ္ဇဝေဒနီယကမ္မံ နာမ။ တံ အနန္တရေ အတ္တဘာဝေ ဝိပါကံ့ ဒေတိ။ တထာ အသက္ကောန္တံ ဝုတ္တနယေနဝ တံ အဟောသိကမ္မံ နာမ ဟောတိ။ ဥဘိန္နမန္တရေ ပဋိဇဝနစေတနာ အပရာပရိယဝေဒနီယကမ္မံ နာမ ဟောတိ။ တံ

အနာဂတေ ယဒါ ဩကာသံ လဘတိ၊ တဒါ ဝိပါကံ ဒေတိ။ သတိ သံသာရပ္ပဝတ္တိယာ အဒဟာသိကမ္မံ နာမ နဟောတိ-

ဟု မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ, နေတ္တိအဋ္ဌကထာ, ဋီကာကျော်တို့၌ လာသည်ဟု သင်္ကိုဟ်ဂဏ္ဌိသစ်၌ ညွှန်လျက်ရှိပါသည်။

ပဌမဇော, သတ္တမဇောတို့မှာ အဟောသိကံဖြစ်ခြင်းသည် သင့်လျော်လှပါပေသည်၊ အပြင်ကင်း၏ဟုဆိုသည်မှာ အဟောသိကံဖြစ်၏ဟု ဆိုသကဲ့သို့ ရှိပါသည်။ အာလယ်ဇောငါးချက် အဟောသိကံ ဖြစ်၏ဟု ယူခြင်းသည် ဤအဘိဓမ္မာစကားနှင့် ဆန့်ကျင်သကဲ့သို့ ရှိပါသည်။

ဝိနည်းမာတိကာအဋ္ဌကထာ၌လည်း-

ပါဏောတိ တိုရဆ္ဆာနဂတပါဏော အဓိပ္ပေတော။ တံ ခုဒ္ဒကမိ မဟန္တမိ မာရေန္တဿ ပါစိတ္တိယမေဝ၊ မဟန္တဿ ပန ဥပက္ကမမဟန္တတာယ အကုသလံ မဟန္တံ ဟောတိ-

ဟု ဆိုပါသည်။

ဤအယူအတိုင်း အပြစ်ငြိမ်းခဲ့ပါလျှင် ငယ်ငယ်ကြီးကြီး ပါစိတ်ချင်း အတူဖြစ်၍ သတ္တဝါကြီးသေဘိလည်း အပြစ်ကြီးမှ ဆိုသင့်တော့သည် မဟုတ်ပါ။ ဤသို့ အပြစ်ပါငြိမ်း၏ဟု ယူခြင်းသည်လည်း ဆန့်ကျင်သကဲ့သို့ ရှိပါသည်။

ဤသို့ ဝါဒအသီးသီး နည်းအဖုံဖုံရှိသောကြောင့် ယုံယုံကြည်ကြည် မွေတ်သားပါရအောင် ပဏ္ဍိ, အဋ္ဌကထာ, ဋီကာဝါဒမျှားနှင့် တကွ ဆုံးဖြတ်ပိုင်းခြား သနားတော်မူပါ ဆရာတော်ဘုရား။

၉။ ယခုအခါ အခိုးသောက်ကြရာ၌ အချို့ဆရာတို့က အခိုးသောက်ရာ အပြစ်မရှိ၊ သမဏသာရုပ္ပမဖြစ်ရုံမျှသာဟု ဆိုကြပါသည်။ ဤချို့ဆရာတို့ကား ဂိလာနသာ အပ်သည်၊ အဂိလာန မအပ်ဟု ဆိုကြပါသည်။

ဘိက္ခု ဓုမဝဒိ' ပဋိဂ္ဂဟေတွာ ဓုမံ ပိဝတိ၊ မုခဉ္စ ဟဒယဉ္စာ စ မနေ၁သိလ၁ယ လိင်္ဂတော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ်္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိက၁သံသဂ္ဂေ ဒေါ၁သော နတ္ထိ—

ဟု အဋ္ဌကထာဠ်ဆိုရာ ဂိလာန၁ဒဒ်ဝိသော မပါခြင်းကြောင့် နာ, မနာသော ရဟန်းပင် အပ်သကဲ့သို့ ရှိပါသည်း ဤအခိုး၁ဆးလိပ်ကို သောက်ရာ အပြစ်ရှိ-၎ရှိမျှားကို နောက်သား၁နောင်လာ အစဉ်ထာဝရ မှတ်သား၁ပါရန်အောင့် ဒီးဆုံးအဖြတ်ရေး၁သား၍ သန်း၁တယ်မတော်မူပါဘုရား။

၁၀း သတ္တာဟကာလိက, ယာဝဇီဝိက၁နှစ်ပါး၌မှာ ဂေလည်အကြောင်းရှိလျှင် ဂိလာန်ဖွစ်ယပစ္စ၁ဝက္ခကာပုဒ်ကို ဆင်ခြင်၍ သုံး၁ဆောင်ရသည်မှာ သင့်ပါ၏၊ ပ်ပါသအကြောင်း၁နှင့် ယာမကာလိက ကို သုံး၁ဆောင်ရာ အာဘယ်သို့ ဖွစ်၁ဝက္ခကာကို ဆင်ခြင်ရပါအံ့နည်း၊ ၎င်း၁အရကိုလည်း သိလိုပါသည် ဘုရား။

ထိမ်တောဆရာတော်၏ ဝိနယဝိသဇ္ဇနာများ

၎င်း၎လျှောက်ထား၁ချက်အရကို ဖြေဆိုဆုံးဖြတ်ပေအံ့း ထို့အမေးပုစ္ဆာဆယ်ချက်တို့၏ ဒီးဖြေဝိသဇ္ဇနာကား—

၂၂၆။ ကပ္ပိယပစ္စည်းတောင်းယူပြီး အကပ္ပိယပစ္စည်းပြန်ပေးခြင်း

၁။ အကြင်ရဟန်းသည် မဒီ့ပ်သော ဂ္ဂရုဝဋ္ဌေ အစရှိသော အာကပ္ပိ-ယာဝတ္ထုကို အလ္လခံယူ၍ ဖြစ်စေ၊ ဂေါရူပစ္စည်းကိုရောင်း၁ချ၍ဖြစ်စေ မိမိဥစ္စာအဖြစ်သို့ ရောက်ပြီး၁သော ဂ္ဂရုဝဋ္ဌေအစရှိ၁သော ဝတ္ထုကို တဖန် အပ်စေလို၍ ဉာတိပဝါရိတ ဖြစ်သူတို့အား စွန့်ပေးခြင်းသည် ထိုသူတို့က အပ်သော်ပစ္စည်းကိုလွှ၍ သော်ပေးစွန့်ခြင်းဖြ၎်သည်။ ဉာတိပဝါရိတဖြစ်သူ

တို့ကလည်း ထိုရဟန်းက ငါတို့အား ရဟန်းထံ၌ရှိသော ရွှေငွေ စသည်ကို ပေးလတ်တံ့ဟု ဆို၍သော သပိတ်သင်္ကန်းစသော အပ်သောပစ္စည်းကို စိုက်ထုတ်၍ လှူသည်ဖြစ်အံ့၊ မအပ်ဟု မှတ်ရမည်။

ထိုသို့မဟုတ် ဉာတိပဝါရိတဖြစ်သူတို့အား ရဟန်းက ဦးစွာ ရွှေငွေကို စွန့်ပေး၍ နောက်မှ အပ်သောပစ္စည်းကို တောင်းယူရာ ဒါယကာကလည်း ရွှေငွေကိုပေးသော ကျေးဇူးရိပ်ရှိ၍သော လှူသည်ဖြစ်အံ့၊ ရဟန်းကလည်း ရွှေငွေကို ပေးပူးသောသူဖြစ်၍သော အားမနာ မငဲ့မညှာ တောင်းသည်ဖြစ်အံ့၊ မအပ်ဟု မှတ်ရမည်။

ဉာတိပဝါရိဘဖြစ်၍ အပ်သောသပိတ်သင်္ကန်းကိုသာတောင်းယူသည်ဆို၍သော်လည်း၊ ပေးစွန့်လတ်တံ့, ပေးစွန့်ပြီးဖြစ်သော ရွှေငွေစသည်တို့နှင့် အရိပ်နိမိတ်မကင်းသောကြောင့် မအပ်ဟု သန္နိဋ္ဌာန်ကျ မှတ်ရမည်။

အနိမိတ္တံ ကတ္ဝာတိ နိမိတ္တံ အကတ္ဝာ၊ အကွိန် နိမ္မိလေတ္ဝာ နဒိယာ ဝါ ပဗ္ဗတေဟ ဝါ ဝနဂဟနေ ဝါ ဂူထံ ဝိယ အနပေက္ခေန ပတိတောကာသံ အသမန္နာရဟန္တေန ပါတေတဗ္ဗန္တိ အဋ္ဌကထာ-

ဟု လာသော ပါဠိတော်အဋ္ဌကထာ ရှုပိယပဋိဂ္ဂဟဝိကွာပုဒ် အဖွင့်ကို ထောက်။

အနိမိတ္တံ ကတ္ဝာတိ၊ ဟူသည်ကား။ နိမိတ္တံ၊ အမှတ်သညာကို။ အကတ္ဝာ၊ မပြုမူ၍။ အကွိန်၊ မျက်စိတို့ကို။ နိမ္မိလေတ္ဝာ၊ မှိတ်၍။ နဒိယာ ဝါ၊ မြစ်၌လည်းကောင်း။ ပဗ္ဗတေ ဝါ၊ ချောက်၌ လည်းကောင်း။ ဝနဂဟနေ ဝါ၊ တောခိုကုန်းလည်းကောင်း။ ဂူထံ ဝိယ၊ မစင်ကဲ့သို့။ အနပေက္ခေန၊ မငဲ့သဖြင့်။ ပတိတောကာသံ၊ ကျဆုံအရပ်ကို။ အသမန္နာရဟန္တေန၊ နှစ်လုံးမသင့်းသဖြင့်။ ပါတေတဗ္ဗံ၊ စွန့်အပ်၏။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ထိုအဌကထာပါဠိကိုထောက်၍ ရွှေငွေကိုစွန့်သောအခါ မူတ္တစာဂိ ဖြစ်အောင် လွတ်လွတ်စွန့်ပေးနိုင်ခြင်း၊ ယုံပေးသောသူတို့အထံ၌ ဉာတိပဝါရိတဖြစ်၍ အပ်သောပစ္စည်းကို အလှခံယူသောအခါ မအပ်သော ရွှေငွေကိုပေးလတ္တံ့, ပေးဖူးသည်ဟူသော စိတ်ကို အရိပ်နိမိတ်မထင်စေခြင်း၊ ထိုဉာတိပဝါရိတဖြစ်သူတို့ကလည်း ရဟန်းပေးသော ပစ္စည်းနှင့်ကင်း၍ တပါးသောအပ်သောပစ္စည်းကို လှူသောအခါ မအပ်သော ရွှေငွေကို ထိုရဟန်းက ပေးလတ္တံ့, ပေးခဲ့ဖူးသည်ဟု ကျေးဇူးရိပ်ကို စိတ်၌မဆင်မူ၍ ကိုယ်ပိုင်သောပစ္စည်းကို ကုသိုလ်ဖြစ်လိုသော စိတ်ဖြင့်သာ ပေးလှူနိုင်ခြင်း၊ ဤသို့လျှင် ဥဒ္ဒေသစသော အကပ်ပါအရိပ်နိမိတ်တင်းနိုင်မှု အပ်သည်ဟု မှတ်ယူသင့်သည်။

၂၂။ ဝယ်ယူပြီးပစ္စည်းကိုစွန့်၍ အပ်ဆောင်ပုံခြင်း

၂။ အကြွင်ရဟန်းသည် မအပ်သောရွှေငွေဖြင့် ရအပ်သော သပိတ်သင်္ကန်းစသည်ကို အပ်ဆောင်ကြံဆောင်၍ပြုသော်လည်း မူလရင်းဖြစ်သော ရွှေငွေကိုပစ္စန့်သောကြောင့် မအပ်ဟု မှတ်ရမည်။

ယောပိ ရူပိယံ ဥဂ္ဂဏှာပေတွာ ကပ်ိယကာရကေန သဒ္ဒိံ ကမ္မာရကုလံ ဂန္တွာ ပတ္တံ ဒိသွာ "အယံ မယှံ ရူစ္စတီ"တိ ဝဒတိ။ ကပ်ိယကာရကော စ တံ ရူပိယံ ဒတ္ဝာ ကမ္မာရံ သညာပေတိ၊ ဒုယမ္မိ ပတ္တေ ကပ်ိယဝေါဟာရေန ဂဟိတောပိ ဒုတိယပတ္တသဒိသောယေဝ၊ မူလဿ သမ္မုခီဘူတတ္တာ အကပ်ိယော၊ ကသ္မာ သေသာနံ န ဂဟိတံ? မူလဿ အနိဿဋ္ဌတ္တာ—

ဟု လာသော ပါဠိတော်အား အဌကထာ ရူပိယသံဝေါဟာရ အဖွင့်ကို ထောက်။

ယော၊ပိ ဒုကြွင်ရဟန်းသည်လည်း။ ရူပိယံ၊ ရွှေငွေကို၊ ဥဂ္ဂဏှာပေတွာ၊ခံယူ၍၊ဝါ၊ ခံယူစေ၍။ ကပ်ိယကာရကေန၊ကပ်ိယဒါယကာနှင့်။

သဒ္ဒါ၊ ဝုကၠ။ ဣမွာရကုလံ၊ ပန်းပဲအိမ်သို့။ ဂန္ဓာ၊ သွားး၍။ ပတ္တံ၊ သပိတ်ကို။ ဒိသွာ၊ မြင်၍။ အယံ၊ ဤသပိတ်သည်။ မယ္ဟံ၊ ငါ့အား။ ရုစ္စတိ၊ နှစ်သက်၏။ ဤတိ၊ သို့။ ဝဒတိ၊ ဆို၏။ ဣပိယကာရကော စ။ ဣပိယဒါယကာသည်လည်း။ တံ ရူပိယံ၊ ထိုငွေဒင်္ဂကို။ ဒတွာ၊ ပေး၍။ ဣမွာရံ၊ ပန်းပဲကို။ သညွာပေတိ၊ သိစေ၏။ အယမ္ပိ ပတ္တော၊ဤသပိတ် သည်လည်း။ ကပိယဝေါဟာရေန၊ အပ်သောခေါ်ဝေါ်ခြင်းဖြင့်။ ဂဟိတောပိ၊ ဝယ်ယူသော်လည်း။ ဒုတိယပတ္တသဒိသောယေဝ၊ ဒုတိယ သပိတ်နှင့်တူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ မူလဿ၊ အဖိုးကို။ သမ္ပဒိစ္ဆိတတ္တာ၊ ခံယူသည်၏အဖြစ်ကြောင့်။ အကပ္ပိယောဝ၊ မအပ်။ ကသ္မာ၊ အဘယ်ကြောင့်။ သေသာနံ၊ ကြွင်းသောရဟန်းတို့အား။ နကပ္ပတိ၊ မအပ်သနည်း။ ဤတိ၊ သို့။ ဝုတ္တော၊ ဆိုသည်ရှိသော်။ မူလဿ၊ အလှူခံယူအပ်သော ရှင်ဘွဲ့ဟူသောအဖိုးကို။ အနိဿဋ္ဌတ္တာ၊ မစွန့်သည်၏ အဖြစ်ကြောင့်တည်း။

ထိုအဘွဲ့ကထာပါဠိကိုထောက်၍ အကြင်ရဟန်းသည် ရှင်ဘွဲ့ကိုဖလှူခံ၍ဖြစ်စေ၊ ပရိက္ခရာကို ရောင်းချ၍ဖြစ်စေ မိမိဥစ္စာအဖြစ်သို့ရောက်ပြီးသော ရှင်ဘွဲ့ဖြင့်ဝယ်အပ်သော သပိတ်သက်နှံးစသောဝတ္ထုကို အပ်အောင်ကြံ၍ ဥတိပဝါရိတဖြစ်သူတို့အား စွန့်ပေး၍ ထိုသူတို့အထံ၌ ဖလှူခံယူပြန်ရာ ၎င်းပေးစွန့်သော ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်းနှင့်လဲလှယ်၍ရသော ပစ္စည်းကိုဖြစ်စေ၊ ထိုပစ္စည်းကိုရောင်းချ၍ ဝယ်ယူအပ်သော ပစ္စည်းကိုဖြစ်စေ ထိုရဟန်းအား ဥတိပဝါရိတဖြစ်သူတို့က လှူ၍ရသော်လည်း မအပ်ဟု သန္နိဋ္ဌာန်ကျမှတ်ရမည်း

ဝိမတိဝိနောဒနီဋီကာ ရူပိယပဋိဂ္ဂဟအဖွင့်၌လည်း—

> နု တေန ကိဉ္စိ ကပ္ပိယဘဏ္ဍံ စေတာပိတန္တိ ဣမိနာ ဧတာ-
> ပိတံ စေ၊ နတ္ထိ ပရိဘောဂူပဓါယော ဥဂ္ဂဟေတွာ အနိဿဋ္ဌရူ-
> ပိယေန စေတာပိတတ္တာ—

ဟု ဆိုတော်မူ၏။

နဘေန ကိုဠိကပ်ိယဘဏ္ဍံ စေတာပိတန္တိ ဣမိနာ၊ ဟူသောပါဠိဖြင့်၊ စေတာပိတံ၊ ကပ်ိယဘဏ္ဍာကို ရွှေငွေဖြင့် ဝယ်ယူမိသည်၊ စေ ဟောတိ၊ ဖြစ်အံ့။ ပရိဘောဂူပဓိယော၊ အပ်အောင် သုံးဆောင် နိုင်ဆောအခကြောင်းသည်၊ နတ္ထိ၊ မရှိ။ ဥဂ္ဂဟတ္ထာ၊ အလျှဲခံ၍၊ အနိဿဋ္ဌရူပိယေန၊ မစွန့်သောရွှေငွေဖြင့်။ စေတာပိတတ္တာ၊ ဝယ်ယူအပ်သည် အဖြစ်ကြောင့်တည်း။

၂၂ဂ။ အကပ်ိယ်ကပ်ိယပစ္စည်းနှစ်မျိုးကို ပရိယာယ်ဖြင့်လဲခြင်း

၃။ အသက်ပါပုဏ္ဏာနှစ်ရပ်အနက်အခြေပါဠိကိုထောက်၍ ဉာတိပဝါရိတဖြစ်ခဏ၊ အညာတိအပဝါရိတဖြစ်ခေ၊ အလျှဲခံ၍ရသောရွှေငွေတို့ဖြင့် ဖြစ်ခဏ၊ ပရိက္ခရာကိုဆောင်းချ၍ရသော ရွှေငွေတို့ဖြင့် ဖြစ်ခေ ဝယ်ယူလဲလှယ်၍ရသော သပိတ်သင်္ကန်းကို တဖန်ထပ်မံ၍ ဒါယကာတို့အား တကာခံး၍ အဖိုးကိုပေးဝယ်ယူ၍ လွှဲသော်လည်း မအပ်ဟု မှတ်ခဲလေ။

ဤအရာ၌ အကြင်ရဟန်းသည် ငွေငါးကျပ်ကိုအလျှဲခံ၍ သေတ္တာဝယ်ယူပြီးမှ တဖန်မန္ဒစ်သက်ပြန်၍ တဦးသော ဒါယကာထံ၌ ဆောင်းချပြန်၏၊ ထိုဒါယကာသည် ၎င်းရဟန်းထံမှ အဖိုးရင်းငွေငါးကျပ်ပေး၍ ပစ္စည်းကိုဝယ်ယူပြီးလျှင် ရဟန်းကပါးအာ လွှဲပြန်ခဲ့လေ၏။ ထိုရဟန်းကရသောရဟန်းအား အပ်-မအပ်ဟု ဆေးခဲလျှောက်ဆို၏။

ထိုသို့မေးလျှောက်ခဲ့လျှင် ထပမပူဝရဟန်းအား မအပ်သော ရွှေငွေကို အလျှဲခံ၍ဖြစ်ခဏ၊ ပရိက္ခရာကိုဆောင်းချ၍ရသော ရွှေငွေဖြင့်ဖြစ်ခဏ ဝယ်ယူအပ်သော ငါးကျပ်တန် သေတ္တာကို ဒါယကာတဦးက အဖိုးရင်းအတိုင်း ငါးကျပ်ပေး၍ ဝယ်ယူပြီးလျှင် လွှဲသောသေတ္တာသည် ပူလအဖိုးရင်းငွေငါးကျပ်ကို ပြန်စွန့်သည်ဖြစ်သောကြောင့် ဒါယကာလျှဲ၍ရသော နောက်ရဟန်းမှာ အပ်သည်ဟု မှတ်ရမည်။

ယော ပန ရူပိယံ ဥဂ္ဂဏှိဘွာ တေန ပတ္တံ ကိဏာတိ၊ အယမ္ပိ ပတ္တော အကပ္ပိယော။ ပဥ္စန္နမ္ပိ သဟာဓမ္မိကာနံ နာ ကပ္ပတီတိ မဟာပစ္စရိယံ ဝုတ္တံ။ သက္ကာ ပန ကပ္ပိယော ကာတုံ၊ သော ဟိ မူလေ မူလသာမိကာနံ, ပတ္တော စ ပတ္တသာမိကာနံ ဒိန္နော ကပ္ပိယော ဟောတိ။ ကပ္ပိယဘဏ္ဍံ ဒဘ္ဘာ ဂဟေတ္ဘာ ပရိဘုဉ္ဇိတုံ ဝဋ္ဋတ-

ဟု လာဃော ရူပိယသံဝေါဟာရ သိက္ခာပုဒ် အဋ္ဌကထာကိုထောက်။

ယော ပန၊ အကြောင်းရှိဟန်းသည်။ ရူပိယံ၊ ခရေးငဲ့ကို။ ဥဂ္ဂဏှိတ္ဘာ၊ အလှူခံ၍။ တေန၊ ထိုခရေငဲ့ဖြင့်။ ပတ္တံ၊ သပိတ်ကို။ ကိဏာတိ၊ ဝယ်ယူ၏။ အယမ္ပိ ပတ္တော၊ ဤသပိတ်သည်လည်း။ အကပ္ပိယော၊ မအပ်။ ပဥ္စန္နံ၊ ငါးဦးကုန်သော။ သဟာဓမ္မိကာနမ္ပိ၊ သိတင်းသုံးဖော်တို့အား လည်း။ နာကပ္ပတီ၊ မအပ်။ ဣတိ၊ သို့။ မဟာပစ္စရိယံ၊ မဟာပစ္စရိအဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။ ကပ္ပိယော ပန၊ အပ်သည်ကိုကား။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ တတ်ကောင်းသော်၏။ ဟိ၊ မူနှင့်၏။ ဝါ၊ ဟိ ဝိတ္ထာရေမိ၊ ချဲ့၍ ပြဆိုဦးအံ့။ သော၊ ထိုရဟန်းသည်။ မူလေ၊ ရှေးငဲ့အဖိုးကို။ မူလသာမိကာနံ၊ အဖိုးရှင်တို့အား။ ပတ္တော၊ သပိတ်ကို။ ပတ္တသာမိကာနံ၊ သပိတ်ရှင်တို့အား။ ဒိန္နော၊ ပေးသည်ရှိသော်။ ကပ္ပိယော၊ အပ်သည်။ ဟောတိ၊ ဖြစ်၏။ ကပ္ပိယဘဏ္ဍံ၊ အပ်သောဘဏ္ဍာကို။ ဒတ္ဘာ၊ ပေး၍။ ဂဟေတ္ဘာ၊ သပိတ်ကိုယူ၍။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

အာကျယ်ကိုလိုမူ ရူပိယပဋိဂ္ဂဟသိက္ခာပုဒ်, ရူပိယသံဝေါဟာရ သိက္ခာပုဒ်အဖွင့် အဋ္ဌကထာ,ဋီကာ, မာတိကာအဋ္ဌဟကထာ,ဋီကာ, ဝိနယဝိနိစ္ဆယအဋ္ဌကထာ,ဋီကာ, ဝိနယာလင်္ကာရဋီကာတို့မှာ ရှုလေ။

၂၂၉။ ဇရပ်ဖျက်ပြီး ဓမ္မာဒေးဆောက်ခြင်း

၄။ အများရှင်လူ ရဟန်းတို့ တည်းခိုရန် မိမိကျောင်းတိုက်တာ အတွင်း၌ ဆောက်သောဇရပ်ကို ရေစက်ချသောအခါ သံဃံ ရေစက်

ချ၍ လူသည်ဖြစ်အံ့၊ မိမိကျောင်းနှင့် တစပ်ဘည်း ဇရ.ပြောင်းဆောက်လုပ်၍ ဘုန်းကို တင်ထားကိုးကွယ်သည်ဖြင့်စေ၊ မဘင်ထားပဲဖြစ်စေ ဘုရားကျောင်းအမှတ်ဖြင့်လည်းကောင်း၊ သံဃိကကျောင်းအမှတ်ဖြင့် လည်းကောင်း သုံးဆောင်အပ်သည်။

ရောက်ချစဉ်က အမျှားလူရှင် ရဟန်းတို့ဆိုင်အောင် ရောက်ချ၍ လူသည်ဖြစ်အံ့၊ ရောက်မချပဲ ရည်မှန်း၍သာ ဆောက်လုပ်ထားသည်ဖြစ်အံ့း ထိုဇရပ်ကို မိမိကျောင်းတွင်းဥ်တည်သည်ဖြစ်၍ ဇရ.ပြောင်းလိုသည်ရှိသော် လူခုင်းဒါယကာ, အမေ့ခံတို့က သဘောတူသည်ဖြစ်အံ့း ယခင်နေရာထက် မိမိကျောင်းနှင့်တစပ်တည်း ဇရ.ပြောင်း၍ဆောက်ရာ ဘုန်းထားခြင်း, သံဃာနေခြင်းဥ် အကျိုးရှိသည်ကို ထောက်မျှ၍ ဇရ.ပြောင်းပြီးလျှင် ဘုရားကျောင်းအမှတ်နှင့်ဖြစ်စေ၊ သံဃိကကျောင်းအမှတ်နှင့်ဖြစ်စေ တပါးသူတို့နေသည်ကို မတားမြစ်မူ၍ သုံးဆောင်နေထိုင်မူ အပြစ်မရှိဟု မှတ်ရမည်။

သစေ ပန ဒုဿိက္ခံ ဟောတိ၊ ဘိက္ခူ။ ပိဏ္ဍပါတေန နယာပေန္တိ၊ တေ္ထ ဆာဇရောဂစောရဘယဒီဟိ အညတ္ထ ဂစ္ဆန္တာနံ ဝိဟာရော ပလုဇ္ဇန္တိ၊ တာလနာဠိကေရာဒိကေ ဝိနာဟသန္တိ၊ ဓဿနာသနပစ္စယံ ပန နိဿာယ ယာပေတုံ သက္ကာ ဟောတိ။ ဇဝရ္ဏဖေကာဒလ ဆေနာသနံ ဝိဿဇ္ဇေတွာပိ ဆေနာသနဇဂ္ဂနတ္ထာယ ပရိဘောဂါ ဘဂဝတာ အနုညာတောဝ၊ တသ္မာ ကေ ဝါ ဒွေ ဝါ ဝရ္ဏသနာသနာနိ ဌပေတွာ ဣတရာနိ လာမကာကောဋိယာ ပိဏ္ဍပါတတ္ထာယ ဝိဿဇ္ဇေတုံ ဝဋ္ဋတိ။ မူလစတ္ထု-

ဧတ္ထဒံ ပန ကဿာ နုညာနနကတ္ထံ—

ဟူ၍ လည်းကောင်း၊

ယော ဘိက္ခု သံဃိကံ မဉ္စံ ဝါ ပီဌံ ဝါ တာဝကာလိကံ ဟရိတွာ အာတပေနာ ဖာသုကဋ္ဌာနေ ကေမိံ ဒေတွာပိ မာလေ သံဃိ-ကပရိဘောဂေန ပရိဘုဉ္ဇတိ၊ ဆာဂတာဂတာနံ ဝုတ္တဝုတ္တဋ္ဌာနံ

ဒေတီ နပ္ပဋိဗာဟာတိ၊ တာဿ တဿိ နဒ္ဒေပိ ဇိဏ္ဏေပိ စောဏ္ဍ-
ဝဟဒ္ဒေပိ ဂိဝါ နဟောတိ—

ဟူ၍ လည်း၊ကောင်း၊

ဧတိယဿ ပဒိပတ္ထာယ ဝါ ခဏ္ဍဖုလ္လပဋိသင်္ခရဏတ္ထာယ ဝါဒိန္နော အာရုဏမောပိ ပဋိဂ္ဂဟိတဗ္ဗော၊ ဝေဘန် ဒတ္ဝာပိ ဂဟဏ-ပေတဗ္ဗော၊ ဧတာနဉ္ဆ ပန်တ္ထ စေတိယဿန္တိကမိ သံဃဿန္တိ-ကာမိ ဒါတုံ ဝဋ္ဋတိ—

ဟူ၍ လည်းကောင်း လာသော ပါဠိတော်အဋ္ဌကထာ ဒုတိယပါဠိတော် အဖွင့်ကိုလည်း၎ကောင်း၊

သစေ သော အာဝါသော ဇီရတိ၊ အာဝါသသာမိကာသ ဂါတသ ဝံဒသ ဥပ္ပန္နသာ ဝါ ကာသုစိ ကဒေတ္ထပ်ံ "အာဝါ-သော တေ နသ်ိတိ၊ ဇဂ္ဂသ ဧတံ အာဝါသ"န္တိ။ သစေ သော နု သက်္ကောတိ၊ ဘိက္ခူဟိ ဉာတိ ဝါ ဥပဋ္ဌာကေ ဝါ သမာဒ-ပေတ္ဝာ ဇဂ္ဂိဘဗ္ဗော။ သစေ တေဟိ နု သက်္ကောန္တိ၊ သံဃိကေန ပစ္စယေန ဇဂ္ဂိတဗ္ဗော၊ တသ္မိမ္ပိ အသတိ့ ကေ အာဝါသံ ဝိဿ-ဇ္ဇေတ္ဝာ အာဝသထာ ဇဂ္ဂိတဗ္ဗော။ ဗဟူ ဝိဿဇ္ဇေတ္ဝာ ကေ သက်္ကောပေတုမ္ပိ ဝဋ္ဋတိယေဝ။ ဒုဗ္ဘိက္ခေ ဘိက္ခူသု ပက္ကန္တေသု သဗ္ဗေ အာဝါသာ နသ်န္တိ၊ တသ္မာ ကေ ဝါဒ္ဒေ ဝါ တဒယော ဝါ အာဝါသေ ဝိဿဇ္ဇေတ္ဝာ တဒတာ ယာဂုဘတ္တစိဇ္ဇာဒီနိ ပရိဘုဉ္ဇန္တိဟိ ဓဿာဝါသာ ဇဂ္ဂိတဗ္ဗာယေဝ—

ဟူ လာသော စုဋ္ဌဝါအဋ္ဌကထာ သောနသနက္ခန္ဓကအဖွင့်ကို လည်း၊ ကောင်း၊

ယောပန သံဃိကော ဒဗ္ဗသမ္ဘာရော အဂုတ္တော ဒေဒဝ ဝဿန္တေ ဘေမေတိ၊ အာတပေန သုက္ခတိ၊ တံ သဗ္ဗမ္ပိ အာဟ-ရိတ္ဝာ အတ္တနော အာဝါသေ ကာတုံ ဝဋ္ဋတိ၊ သံဃော အာဟ-

ရာပေနွေ့ာ အညေ့နဝါ ဒပ္ပသမ္ဘာရေန, မူလေနဝါသညာ-
ပေတပ္ပေ့း နသက္ကာ စေဟေ့ာတိ သညာပေတုံ၊ "သံဃိကေန
ဘန္တေ ဏတံ သံဃိကာပရိကောဂေန ဝဋ္ဋတူထာ" တိ ဝတ္တုံ-
ဟု လာသော သမန္တပါသာဒိကအဋ္ဌကထာ ဒုတိယပါရာဇိကအဖွင့်ကို
လည်းကောင်း၊

ယော ကောစိ အန္တမသော ဧဋ္ဌဂုံလဆူစိဖက်မတ္တေန်ပိ
ဝေဋ္ဌေ သုံ့ယဿ ဒိန္နော ဝါ တတ္ထဇာတကော ဝါ ရက္ခိတ-
ဂေါပိတော ဂရုဘဏ္ဍံ၊ သောပိ သံဃိကမ္မေ ဝါ ပေတိယကမ္မေ
စ ကတေ အတိရေဂကော ပဋိလိကကမ္မေ ဒါတုံ ဝဋ္ဋတိ-

ဟု လာသော စူဠဋ္ဌဝါအဋ္ဌကထာ, မာတိကာအဋ္ဌကထာ ဂရုဘဏ်အဖွင့်
တို့ကိုလည်းကောင်း ထောက်၍သိထိုက်။

ဒုဇ္ဈိကွံ၊ မိုးခေါင်သည်၊ ဝါ၊ ငတ်မွတ်ရွားပါသည်။ သစ္စ ပန
ဟောတိ၊ ဖြစ်အံ့း ဘိက္ခု။၊ ရဟန်းတို့သည်။ ပိဏ္ဍပါဒေန၊ ဆွမ်းဖြင့်။
နှ ယာပေန္တိ၊ မမျှကုန်။ တေ့ထာ၊ ဤကျောင်းဌာန် ရာဇ ဂရော ဂစောရ-
ဘယာဒီဟိ၊ မင်းဘေး ရောဂါဘေး ခိုးသူဘေးစသည်တို့ဖြင့်။
အညတ္ထ၊ တပါးသောအရပ်သို့။ ဂစ္ဆန္တိ နှံ၊ သွားကုန်ဿသာရဟန်း
တို့၏။ ဝိဟာရော၊ နေသောသံဃိကဲ့ကျောင်းတို့သည်း ပလုဇ္ဇန္တိ၊ ပျက်
ကုန်၏။ တာလနာဠိကေရာဒိကော၊ လက်နှံးသီး အုန်းသီး စသည်တို့ကို။
နာဿေန္တိ၊ ဖျက်ဆီးကုန်၏။ သေနာသနပစ္စယံ ပန၊ ကျောင်းဓစ္စည်းကို။
နိဿာယ၊ မှီ၍။ ယာပေတုံ၊ မျှခြင်းငှါး သက္ကာ၊ တတ်ကောင်းသည်း
ဟောတိ၊ ဖြင့်၏း ဝဋ္ဋတေ၊ ဤသို့သောဘောရှိသော ကာလော၊ အခါ၌။
သေနာသနံ၊ ကျောင်းကို။ ဝိဿဇ္ဇေတွာပိ၊ စွန့်၍လည်း။ သေနာသန-
ဇဂ္ဂနတ္ထာယ၊ ကျောင်းကို စောင့်ရှောက်ခြင်းငှါး ပရိဘောဂဂါ၊
သုံးဆောင်ခြင်းကို။ ဘဂဝတာ၊ ဘုရားမြတ်စွာသည်။ အနုညာတော၊
ခွင့်ပြုတော်မူ၏။ တသ္မာ၊ ယို့ကြောင့်။ ကေ့ ဝါ ဂစ္ဆံဂေနှသန်း၊
မြတ်သောကျောင်းကိုလည်းကောင်း။ ဒဋ္ဌ ဝါ ပရိဿယုဿန်း၊

မြက်သောနှစ်ကျောင်းတို့ကိုလည်းကောင်း။ ဌပေတွာ၊ ထား၍။ ဣတ-ရာနိ၊ တပါးသောကျောင်းတို့ကို။ လာမကကောဋ္ဌိယာ၊ ယုတ်သော အစွန်းဖြင့်။ ပိဏ္ဍပါဘတ္ထာယ၊ ဆွမ်းအကျိုးငှါ။ ဝိသဇ္ဇေတုံ၊ စွန့်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ မှုလဝတ္ထုဧဿဒံ ပန၊ အရင်းပြတ်အောင် ပြုခြင်းကို၊ ဝါ၊ ဇေဋ္ဌကျောင်းရာမြေနှင့်တကွ ရောင်းခြင်းကို။ ဇာတွာ၊ ပြု၍။ နဥပနေတဗ္ဗံ၊ မဆောင်အပ်။

ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ သံဃိကံ၊ သံဃိကဖြစ်သော။ မဉ္ဆံ ဝါ၊ ညောင်စောင်းကိုလည်းကောင်း။ ပီဌံ ဝါ၊ အင်းပျဉ်ကိုလည်း ကောင်း။ တာဝကာလိကံ၊ အခိုက်အတန့်ကို။ ဟရိတွာ၊ တပါးသော ကျောင်းဆောင်ယူ၍။ အတ္တနော၊ မိမိ၏။ ဟါသုကဋ္ဌာနေ၊ ချမ်းသာ သောနေရာ၌။ မိုကမာသံ၊ တလ လည်းဆောင်း။ ဒွေပိ မာဇသ၊ နှစ်ထလည်းကောင်း။ သံဃိကဝိရဓကာဓေန၊ သံဃိကသုံးဆောင်ခြင်း ဖြင့်။ ပရိဘုဥ္ဇတိ၊ သုံးဆောင်၏။ ဆာဂတာဂတဿနံ၊ လာသွားကုန် လာသောက်ကုန်သော။ ဝုဒ္ဓဘာဆာနံ၊ သီတင်းကြီးသော ရဟန်းတို့အား။ ဒေတိ၊ နေထိုင်းပေး၏။ နပုဋ္ဌိဗာဟတိ၊ မတားမြစ်။ တဿ၊ ထိုရဟန်း အား။ တဿိံ၊ ထိုညောင်းစောင်း, အင်းပျဉ်သည်။ နဒ္ဒေပိ၊ ပျက်သော်လည်းကောင်း။ ဇိဏ္ဏေပိ၊ ဆွေးသော်လည်းကောင်း။ စေဝရာဝဟဒ္ဒေပိ၊ ခိုးသူ ခိုးယူသော်လည်းကောင်း။ ဂိဝါ၊ အစားပေးထိုက်သည်။ နဟောတိ၊ မဖြစ်။

စေတိယဿ၊ စေတီတော်၏။ ပဒီပတ္ထာယ ဝါ၊ ဆီမီးအကျိုးငှါ လည်းကောင်း။ ဧတ္ထ ဟုတ္ဝာ ပဋိသင်္ခရဏတ္ထာယ ဝါ၊ ကျိုးသည်, ပျက်သည်ကို ပြုခြင်းငှါလည်းကောင်း။ ဒိန္နော အာရာမော၊ လှူသောအာရုံ ဥယျာဉ်ကိုလည်း။ ဇဂ္ဂိတဗ္ဗော၊ စောင့်အပ်၏။ ဝေတနံ၊ အခကို။ ဒတ္ဝာပိ၊ ပေး၍လည်း။ ဇဂ္ဂါပေတဗ္ဗော၊ စောင့်စေအပ်၏။ တတ္ထ၊ ဤစေတီ ကို စောင့်ရာ၌။ ဝေတနဥ္စ ပန၊ အခကိုကား။ စေတိယဿ ဇာနကမ္ပိ၊ စေတီဥစ္စာကိုလည်းကောင်း။ သံဃဿ ဇာနကမ္ပိ၊ သံဃာ့ဥစ္စာကို လည်း ကောင်း။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

သော အာဝါသော၊ ထိုသံဃိကကျောင်းသည်။ သစေ ဇီရုတိ၊ ယိုယွင်းပျက်စီးသည်ဖြစ်အံ့။ အာဂါသသာမိကဲ့သ ဝါ၊ ကျောင်း ဒါယကာအား လည်းကောင်း။ တဿ၊ ထိုကျောင်းဒါယကာ၏။ ဝံဒ္ဓသ၊ အနုယ်၌။ ဥပဋ္ဌာသ ဝါ၊ ဖြစ်သောသူအား လည်းဇကောင်း။ တသ္သစိ၊ တစုံတယောက်အား။ ကထေတပ္ပံ၊ ပြောကြားအပ်၏။ တေ၊ သင်၏။ အာဝါသော၊ ကျောင်းသည်။ နဿတိ၊ ပျက်၏။ တေံ အာဝါသံ၊ ဤကျောင်းကို။ ဇဂ္ဂထ၊ ပြုပြင်ကုန်လော့။ ဣဘိ၊ သို့။ ကထေတပ္ပံ၏။ သော၊ ထိုဒါယကာသည်။ သစေ နာ သက္ကောတိ၊ မစွမ်းနိုင်သည်ဖြစ်အံ့။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဉာဘီ ဝါ၊ ဆွေမျိုးတို့ကို လည်းကောင်း။ ဥပဋ္ဌာကေ ဝါ၊ အလုပ်အကျွေး ဒါယကာတို့ကို လည်းကောင်း။ သမာဒပေတွာ၊ ဆောက်တည်စေ၍။ ဇဂ်ိတဗ္ဗော၊ ပြုပြင်စေအပ်၏။ တေပိ၊ ထိုသူတို့သည်လည်း။ သစေ နာ သက္ကောန္တိ၊ မစွမ်းနိုင်ကုန်အံ့။ သံဃိကေန၊ သံဃာ့ဥစ္စာဖြစ်၏သော။ ပစ္စယေန၊ ပစ္စည်း ဖြင့်။ ဇဂ်ိတဗ္ဗော၊ ပြုပြင်အပ်၏။ တသ္မိမ္ပိ၊ ထိုသံဃာ့ပစ္စည်းသည်လည်း။ အသတိ၊ မရှိသော်။ ကေ အာဝါသံ၊ တဇ္ဈာဂ်းကို။ ဝိဿဇ္ဇေတွာ၊ ရောင်းစွန့်၍။ အဝသေသာ၊ ကြွင်းသောကျောင်းတို့ကို။ ဇဂ်ိတဗ္ဗော၊ ပြုပြင်အပ်ကုန်၏။ ဗဟူ၊ များစွာသောကျောင်းတို့ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ကေံ၊ တကျောင်းကို။ သက္ကာပေတုမ္ပိ၊ တည်စခြင်းငှါလည်း။ ဝဋ္ဋဘိယေဝ၊ အပ်သည်သာလျှင်တည်း။ ဒုဗ္ဘိက္ခေ၊ ငတ်မွတ်ပါးရှား သောအခါ၌။ ဘိက္ခူသု၊ ရဟန်းတို့သည်။ ပဏ္ဏဇန္တသု၊ အရပ်ဇပါးသို့ သွားကုန်သည်ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ အာဝါသာ၊ ကျောင်းတို့သည်။ နဿန္တိ၊ ပျက်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဇကံ အာဝါသံ ဝါ၊ တခုကျောင်းကို လည်းကောင်း။ ဒွေ အာဝါသေ ဝါ၊ နှစ်ကျောင်းကိုလည်းကောင်း။ တယော အာဝါသေ ဝါ၊ သုံးကျောင်းကို လည်းကောင်း။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ တသော၊ ထိုခရင်းစွန့်သော ကျောင်းမှ။ ယာဂုဘတ္တစိဝရဒီနိ၊ ယာဂုဆွမ်း သင်္ကန်း စသည်တို့ကို။ ပရိဘုဉ္ဇန္တေဟိ၊ သုံးဆောင်ကုန်သော ရဟန်းတို့သည်။ ဝါ၊ သုံးဆောင်

ကုန်သည်ဖြစ်၍။ သေသာဝါသာ၊ ကြွင်းသေခြင်းတို့ကို။ ဇဂို-တပ္ပာယော၀၊ စောင့်ရှောက်အပ်ကုန်သည်သာတည်း။

ယော ပန၊ အကြွင်ရဟန်းသည်။ သံဃိကော၊ သံဃာ့ဥစ္စာဖြစ်သော။ ဒပ္ပသမ္ဘာရော၊ သစ်အဆောက်အအုံသည်။ အဂုးတ္တာ၊ မလုံခြုံ။ ဒေ၀။ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ တေမေတိ၊ မိုးစွတ်၏။ အာတပေန၊ နေပူသဖြင့်။ သုက္ခတိ၊ ခြောက်၏။ တံ သပ္ပမ္မိ၊ ထိုအလုံးစုံကို လည်း။ အာဟာရိတ္ထာ၊ ဆောင်ယူ၍။ အတ္တာနော၊ မိမိ၏။ အာ၀ါသေ၊ ကျောင်း၌။ ဏာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ သံဃော သံဃာသည်။ အာဟရာပေန္တော၊ အစားပေးစေလိုသည်ရှိသော်။ အညေန၊ တပါးသော။ ဒပ္ပသမ္ဘာရေန ဝါ၊ သင်အဆောက်အအုံဖြင့် လည်းကောင်း။ မူလေန ဝါ၊ ဇေဖိုးဖြင့်လဲလည်းဇောင်း။ သညာပေတပ္ပော၊ သိစေအပ်၏။ သညာပေတုံ၊ သိစေခြင်းငှါ။ နသက္ကာ၊ မစွမ်းနိုင်သည်။ သစေ ဟောတိ၊ ဖြစ်အုံ။ ဘဇ္ဇန္တော၊ အရှင်ဘုရားတို့။ သံဃိကေန၊ သံဃာ့ဥစ္စာဖြင့်။ ကတံ၊ ပြုအပ်၏။ သံဃိကာ၀ါသေ၊ သံဃာ့ကျောင်းဆောင်ခြင်းဖြင့်။ ဝဋ္ဋတု၊ သုံးဆောင်ကြကုန်လော့။ ဣတိ၊ သို့။ ဝတ္တုမ္ပို၊ ဆိုအပ်၏။

ယော ကေစိ၊ အနှက်ဖရိသော်။ အန္တမသော၊ အယုတ်အားဖြင့်။ အဋ္ဌင်္ဂုသသူစိဒက္ကမတ္တောပိ၊ အလျားလက်ရှဉ့်သစ်, အနုသိဟိုဠ်ကညစ်ရိုးခန့်မျှရှိသော၊ ဝါ၊ အရှည်လက်ရှစ်သစ်, လုံးပတ်လက်သန်းတလုံးမျှရှိသည်လည်းဖြစ်သော။ သံဃဿ အာ၀ါ။ ဒိန္နော၊လူ့အပ်သော။ ဝဋ္ဋု ဝါ၊ ဝါးသည်လည်းကောင်း။ တတ္ထဇာတကော၊ ထိုသံဃာ့အာဇာမ်၌ဖြစ်သော။ ရက္ခိတဖဂါပိတော၊ အနစောင့်အရှောက်ရှိသော။ ဝဋ္ဋု ဝါ၊ ဝါးသည်လည်းကောင်း။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်ပည်၏။ သေပ်၊ ထိုဂရုဘဏ်ဖြစ်သော သံဃာ့ဝါးကိုလည်း။ သံဃကမ္မေ စ၊ သံဃာ့အမှုဌာလည်းကောင်း။ ဇေတိယကမ္မေ စ၊ ဇေတီအမှုဌာ လည်းကောင်း။ ကတော၊ ပြုပြီးသည်ရှိသော်။ အတိရေဓကော၊ အပိုအကျန်ကို။ ပဂ္ဂလိက-ကမ္မေ၊ ပုဂ္ဂိုလ်အမှုဌာ။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

ဤသို့လာသော အဋ္ဌကထာတို့ကို ထောက်၍ သံဃိဿရေစက်ချ၍ လူဒသာဇရုပ်ကို မိမိအာရာမ်တိုက်တာဋ္ဌတည်သည်ဖြစ်၍ ဘုရားထားရန် သင့်လျော်သောအရပ်၌ လည်းကောင်း၊ သံဃာနေရန် သင့်လျော်ရာအရပ်၌ လည်းကောင်း မိမိကျောင်းတွင်းမှာ ရှေ့ပြောင်းဆောက်လုပ်၍ ဘုရားကျောင်းအမှတ်နှင့် ဖြစ်စေ၊ သံဃိက ကျောင်းအမှတ်နှင့်ဖြစ်စေ သုံးဆောင်ခြင်း၌ အပြစ်မရှိဟု မှတ်ရမည်။ သံဃိကဇရုပ် သံဃိက ကျောင်းတို့သည် အရပ်တပါး၌ သံဃာမရှိ၍ ပျက်စီးယိုယွင်းသည်ဖြစ်အံ့၊ သံဃာရှိရာသို့ယူဆောင်၍ သံဃိကအသုံးအဆောင် ပြုလုပ်သုံးဆောင်ခြင်းငှါ ဒုပ်သည်။ ဘုရားတည်ခြင်း ဘုရားကျောင်းဆောက်လုပ်ခြင်းငှါလည်း ဒုပ်သည်။ ထိုသံဃိကဇကျောင်းကို ဘုရားကျောင်း ဘုရားကိစ္စကိုပြု၍ ကျန်သော သံဃိကဘဏ်ဝါးတို့ကို ပုဂ္ဂလိကကျောင်း အသုံးအဆောင်၌လည်း အပ်သည်ဟု မှတ်ရလေ။

ပျက်စီးလတ္တံ့သော သံဃိက မြက် ဝါး ကြိမ် နွယ်စသည်တို့ကို ပျက်စီး၍အကျိုးမရှိဟု နှလုံသွင်း၍ ပုဂ္ဂလိကပိုင်သော်လည်း ပေးဒုပ်သည်။

သင်္ဃံ ဂဟေဘန္တေ အတ္တနော သန္တကံ ဃနဘသနံ ဆာဒေဟိဘံ ဝတ္တဗ္ဗော။ ကသ္မာ?နဒ္ဒေ အတ္တာနတ္ထိ။ ဒဒန္တေဟိ ပန သင်္ဃတ္ထကံ နဒါဘင်္ဃံ၊ ဂရုဘဏ္ဍံ ဟောဟိ၊ တိဏမတ္တံ ပန ဒါတဗ္ဗံ–

ဟု လာသော ပါဠိတော်အဋ္ဌကထာ ဘိုဇဂါဂ်။

လင်္ဃံ၊ အလုံးစုံသော မြက် သက်ငယ်ကို။ ဂဟေတွေး၊ ယူ၍။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာဖြစ်သော။ ဃနဘသနံ၊ ကျောင်းကို။ ဆာဒေဟိ၊ မိုးလော့။ ဣတိ၊ သို့။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်း။ နဒ္ဒေ၊ ပျက်စီးသည်ရှိသော်။ အတ္တာ အကျိုးသည်။ နတ္ထိ၊ မရှိ။ ဒဒန္တေဟိ ပန၊ ပေးသောရဟန်းတို့သည်ကား။ သင်္ဃတ္ထကံ၊ မြေနှင့်တကွ။ နဒါတဗ္ဗံ၊ မပေးအပ်။ ဂရုဘဏ္ဍံ၊ ဂရုဘဏ်

သည်။ ဟောတိ၊ ဖြစ်၏။ တိဏမတ္တံ ပန၊ မြက်သက်အယ်မျှကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။

သာဏတ္ထဒီပနီဋီကာ၌လည်း-

သဝဏ္ဏကန္တိ သဟ ဘူမိယာ။ တိဏမတ္တံ ပန ဒါတဗ္ဗန္တိ ဂဲသ္မာ ဝုတ္တံ၊ ကိံ တံ ဂရုဘဏ္ဍံ နု ဟောတီတိ? နု ဟောတိ။ အရုက္ခိတအဓေါပိတဋ္ဌာနေ ဟိ ဝိနယကဘာဝေန ဌိတံ ဂရု-ဘဏ္ဍံ နု ဟောတိ၊ တသ္မာ တာဒိသံ သန္ဓာယ "တိဏမတ္တံ ပန ဒါတဗ္ဗ" န္တိ ဝုတ္တံ-

ဟု ဖွင့်တော်မူ၏။

သဝဏ္ဏကန္တိ၊ ဟူသည်ကား။ သဟ ဘူမိယာ၊ မြေနှင့်တကွ။ တိဏ-မတ္တံ ပန ဒါတဗ္ဗန္တိ၊ ဟူ၍။ ကသ္မာ၊ အဘယ်ကြောင့်။ ဝုတ္တံ၊ ဆိုအပ်သနည်း။ တံ၊ ထိုမြက်သည်၊ ဂရုဘဏ္ဍံ၊ သည်။ နု ဟောတိ ကိံ၊ မဖြစ်သလော။ ဣတိ၊ သို့။ စေ ဝဒေယျ၊ ဆိုအံ့။ နု ဟောတိ၊ မဖြစ်။ ဟိ ယသ္မာ၊ အကြောင့်ကြောင်း။ အရုက္ခိတအဓေါပိတဋ္ဌာနေ၊ မစောင့်ရှောက် မသိမ်းဆည်းအပ်သောနေရာ၌၊ ဝိနယကဘာဝေန၊ ပျက်စီးလတ္တံ့သည် အဖြစ်ဖြင့်။ ဌိတံ၊ တည်သော ဝတ္ထုသည်။ ဂရုဘဏ္ဍံ၊ ထင်သည်။ နု ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုကြောင့်။ တာဒိသံ၊ ထိုသို့သော ဘာရဖြစ်သောမြက်ကို။ သန္ဓာယ၊ ရည်၍။ တိဏမတ္တံ ပန ဒါတဗ္ဗန္တိ၊ ဟူ၍။ ဓုတ္တံ၊ အဋ္ဌကထာ ဆရာဆိုတော်မူ၏။

၂၃၀။ သံဃိကနှင့် မတသန္တက တူပုံထူးပုံ

၅။ သံဃဿ ဒေမာတိ ဝါ ဒေန္တိ၊ သံဃံ ဥဒ္ဒိဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿံဝုတ္ထသံဃဿ ဒေမာတိ ဝါ ဒေန္တိ၊ ဝဿာ-ဝါသိကံ ဒေမာတိ ဝါ ဒေန္တိ၊ သဗ္ဗပိ မတကစီဝရံ အဝိဘ-ဇိတ္ဝာ တံ ဝိဟာရံ ပဝိသန္တိ၊ တံ သဗ္ဗံ တဒေဃဝ ဘိက္ခုနော ပေါ်တိ-

ဟု လာသော စီဝရကွန္ဓက အဋ္ဌကထာကိုထောက်၍ ကထိန်ခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့ကစ၍ တပေါင်းလပြည့်တိုင် ငါးလ၊ ကထိန်မခင်းလျှင် သီတင်းကျွတ်လပြည့်ကျော် တရက်နေ့ကစ၍ တန်ဆောင်မုန်းလပြည့်တိုင် တလအတွင်း၌ တခုသောကျောင်းတို့က် တာမှာ "သံဃဿ ဒေမ" ဟုဆို၍ လူးသော ဂရုဘက်, လဟုဘက်ပစ္စည်း၊ တစုံတယောက်သောရဟန်းသည် ဒေ၍ မပေးအပ်ခဲ့သော မတသန္တထ-သံဃိကဖြစ်သော ဂရုဘက်, လဟုဘက်ပစ္စည်းတို့သည် ထိုကျောင်း တိုက်တာ၌ နေသော ရဟန်းတို့သာ ဆိုင်သည်၊ ဂင်းပစ္စည်း နှစ်ရပ်တွင် "သံဃဿ ဒေမ" ဆို၍ လူးသောပစ္စည်း ဖြစ်စေ၊ မတသန္တကသံဃိက ပစ္စည်းဖြစ်စေ လဟုဘက်ပစ္စည်းကို ဝေယျထိုက်သည်။ ဂရုဘက်ပစ္စည်း ကို တစုံတယောက်သော သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ် မဝေယျထိုက်ကုန်။

ကထိန်ခင်းမူ တပေါင်းလပြည့်ကျော် တရက်နေ့မှစ၍ သီတင်းကျွတ် လပြည့်တိုင်-လအတွင်း, ကထိန်မခင်းမူ တန်ဆောင်မုန်းလပြည့်ကျော် တရက်နေ့က စ၍ သီတင်းကျွတ်လပြည့်ဟိုင်အောင် ၁၁-လအတွင်းတို့၌ "သံဃဿ ဒေမ" ဟု ဆို၍လူးသော ဂရုဘက် လဟုဘက်, တစုံတယောက် သော ရဟန်းသည် ဒေ၍ မပေးခဲ့သော မတသန္တကသံဃိကဖြစ်သော ဂရုဘက် လဟုဘက်ပစ္စည်းတို့တွင် လဟုဘက်သံဃိကမှာ ထိုကျောင်း တိုက်၌ နေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ မျက်မှောက်ရှိသောသံဃာတို့ ဝေယျထိုက်သည်း ဂရုဘက်ပစ္စည်းမှာ တစုံတယောက်သော ပုဂ္ဂိုလ်, ဂိုဏ်း, သံဃာတို့ မဝေယျအပ်ကုန်း

ဤသို့လျှင် "သံဃဿ ဒေမ" ဟုဆို၍ လူးသောသံဃိက, မတသန္တက-သံဃိကတို့၏ တူသည်အဖြစ်ကို သိပြီး

ဤဋ္ဌကထာပါဠိအနက်ကား—သံဃဿ ဒေမာတိ ဝါ၊ ဟူ၍လည်း၊ ဒေန္တိ၊ လူကုန်၏။ သံဃံ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒေမ၊ လူပါကုန်၏။ ဂဟဏ္တိ ဝါ၊ ဤသို့လည်း။ ဒေန္တိ၊ လူကုန်၏။ ဝဿံဝုဋ္ဌသံဃဿ၊ ဝါကျွတ်သောသံဃာအား။ ဒေမ၊ လူပါကုန်၏။ ဂဟဏ္တိ ဝါ၊ ဤသို့လည်း။

ဒေန္တိ၊ လ္ဟကုန်၏။ ဝဿာဝါသိကံ၊ ဝါဆိုသက်နှံးကို။ ဒေမ၊ လ္ဟပါကုန်၏။ ဣတိ ဝါ၊ ဤသို့လည်း။ ဒေန္တိ၊ လ္ဟကုန်၏။ သစေပိ၊ အကယ်၍လည်း။ မတကစီဝရံ၊ မင်းပေး သောသင်္ကန်း၏ သက်နှံးကို။ အဝိဘဇိတွာ၊ မခေဝေနိုင်မူ၍။ တံ ဝိဟာရံ၊ ထိုဒကျောင်းသို့။ ဝဝိသန္တိ၊ ဝင်ကုန်အံ့။ တတ္ထ ယထာ ပမ္မ၊ ထိုအလုံးစုံသည်။ တဿ ဝဝိသန္တိ၊ ဝင်ကုန်သော ဒကျောင်းဌ နေသော ရဟန်းအား သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထိုသို့မဟုတ် လ္ဟဒါန်းသူ ဒါယကာတို့က အထူးပြု၍ ''ဤကျောင်းဌ ဝါကျွတ်ဖက်သံဃာအား လ္ဟ၏။ ဤကျောင်းဌဲ့ ဝါဆိုသက်နှံးကို လ္ဟ၏'' စသည်ဖြင့်မဆို၍လ္ဟာ မတသင်္ဃကသံဃိကနှင့်-မတူ၊ ဒါယကာ လ္ဟသည့်အတိုင်း သံဃိကဖြစ်သည်ဟု မှတ်ဒလေ။

ယထာ ဒါယကာ ဝဒန္တိ၊ ဘထာ ပဋိပဇ္ဇိတဗ္ဗံ—

ဟု လာသော စုဋ္ဌဝါအဋ္ဌကထာ, ဝိနယသင်္ဂဟအဋ္ဌကထာတို့ကို ဖေ့ကြည့်ဒလေ။

ယထာ၊ အကြောင်းအခြင်းအရာဖြင့်။ ဒါယကာ၊ လ္ဟသောဒါယကာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ ဘထာ၊ ထို့လ္ဟသောဒါယကာဆိုသော အခြင်းအရာဖြင့်။ ပဋိပဇ္ဇိတဗ္ဗံ၊ အလ္ဟခံသံဃာတို့ ကျင့်အပ်၏။

မတသင်္ဃကသံဃိကမှာ လ္ဟသူမရှိသော သံဃိကဖြစ်၍ အထူးမရှိ၊ ဒါယကာလ္ဟသော သံဃိကမှာ လ္ဟသူဒါယကာရှိ၍ အထူးရှိသည်။

ဤသို့လျှင် ဒေကြောင်းအားဖြင့် ''သံဃသ ဒေမ'' ဟု လ္ဟသော သံဃိကနှင့် မတသင်္ဃကသံဃိကတို့၏ တူ,မတူသောအဖြစ်ကို မှတ်ဒလေ။

ဖောက်ပြန်ခြင်းအကြောင်းရှိသော်လည်း စီဝရကွန်ရက်အဖွင့်, စုဋ္ဌဝါဒသနာသနကွန်ရက် အဖွင့်တို့မှာ ပါဋိတော်နှင့် ဧပ၍ ကြည့်ဒလေ။

၂၃၁။ ပါဒအရမှာ ရွေပါဒကို ယူသင့်ကြောင်း

၆။ အလွန်ခဲယဉ်းသောအရာဌာန ဖြစ်သည်။ သို့သော်လည်း ဉာဏ်သက်ဝင်သမျှနှင့် ကျမ်းဂန်ကို ထုတ်ဆောင်၍ ပြဦးအုံး။

တေန ခေါ ပန ဿမယေန အညတရော ပုရာဏဝေါဟာ-ရိတော မဟာမတ္တော ဘိက္ခူသု ပဗ္ဗဇိတော ဘဂဝတော အဝိဒူရေ နိသိန္နော ဟောတိ။ အထ ခေါ ဘဂဝါ တံ ဘိက္ခုံ တေဒဝေါစ. "ကိတ္တကေန ခေါ ဘိက္ခု ဆုဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတ္ဝာ ဟနေတိ ဝါ ဗန္ဓတိ ဝါ ပဗ္ဗာဇေတိ ဝါ" တိ။ ပါဒေန ဝါ ဘဂဝါ ပါဒါရု-ဟေန် ဝါတိ။ တေန ခေါ ပန သမယေန ဆုဇဂဟေ ပဉ္ဆမာဿဒကော ပါဒေါ ဟောတိ—

ဟူ၍ လည်းကောင်း၊

ယော ပန ဘိက္ခု ဂါမာ ဝါ အရညာ ဝါ အဒိန္နံ ထေယျ-သင်္ခါတံ အာဒိယေယျ၊ ယထာရူပေ အဒိန္နာဒါနေ ရာဇာနော စောရံ ဂဟေတ္ဝာ ဟနေယျုံ ဝါ ဗန္ဓေယျုံ ဝါ ပဗ္ဗာဇေယျုံ ဝါ စောရောသိ ဗာလောသိ မူဠှောသိ ထေနောသိတိ၊ တထာ-ရူပံ ဘိက္ခု အဒိန္နံ အာဒိယမာနော ဆယိမံ ပါရာဇိကော ဟောတိ အသံဝါသော—

ဟူ၍ လည်းကောင်း၊

ယထာရူပံ နာဝမ ပါဒံ ဝါ ပါဒါရဟံ ဝါ အတိရေက-ပါဒံ ဝါ—

ဟူ၍ လည်းကောင်း ပါရာဇိကဏ်ပါဠိတော်၌ ဟောတော်မူသည်။

ပဉ္ဆမာသဏော ပါဒေါတိ တဒါ ရာဇဂဟေ ဝိသတိမာ-သကော ကဟာပဏော ဟောတိ၊ ဟသ္မာ ပဉ္ဆမာသကော

ပါဒေါ။ ဧတေန လက္ခဏေန ဘဗ္ဗနုပဓေသု ကဲဟာပဏာယဲ စတုတ္ထော ဘာဂေါ "ပါဒေါ"တိ ဝေဒိတဗ္ဗော။ သော စ ဧခါ ပေါရာဏာယဲ နိလဏဟာပဏာယ ဝသေန၊ နာ ဣဘရေသံ ရုဒြဒါမကဲဝဒိနံ—

ဟု ပါဠိဆုဇိကဏ်အဋ္ဌကထာဌ် ဖွင့်ဆိုတော်မူသည်။

စတုတ္ထော ဘာဂေါ ပါဒေါတို့ ဝေဒိတဗ္ဗောတို့ ဣမိနာဝ ဘဗ္ဗနုပဓေသု ကဟာပဏာယ ဝိသတိမော ဘာဂေါ မာသကောတိ ဣဒဉ္စ ဝုတ္တမေဝ ဟောတိတိ ဒဋ္ဌဗ္ဗံ။ ပေါရာဏာယတ္ထော-နုရူပံ လက္ခဏာယမပ္ပနာ ဥပ္ပါဒိတာ နိလကဟာပဏာတိ ဝေဒိ-တဗ္ဗာ၊ ရုဒြဒါမေန ဥပ္ပါဒိတော ရုဒြဒါမကော။ မဿ ကိရ နိလကဟာပဏာယ တိဘာဂံ အဂ္ဃတိ။ ယသ္မိံ ပဒေသေ နိလ-ကဟာပဏာ နာ သန္တိ၊ တတ္ထာပိ နိလကဟာပနံ ဝဋ္ဋနုဋ္ဌာနေ စ အဝဋ္ဋနုဋ္ဌာနေ စ သမာနအဂ္ဃဝသေန ပဝတ္တမာနံ ဘဏ္ဍံ ဂဟေဘ့ာ နိလကဟာပဏဝသေနေဝ ပရိစ္ဆေဒါ ကာတ-ဗ္ဗောတိ ဝိဒဿိ—

ဟု သာရတ္ထဒီပနီဋီကာဌ် ဖွင့်ဆော်မူသည်။

ပေါရာဏာယတ္ထောနုရူပံ ဥပ္ပါဒိတော ဝိသတိမာသပ္ပမာဏ-ဥတ္တမသုဝဏ္ဏဂ္ဃနကော လက္ခဏာယမပ္ပနာ နိလကဟာပဏောတိ ဝေဒိတဗ္ဗော။ ရုဒြဒါမေန နာမကေနစိ ဥပ္ပါဒိတော ရုဒြဒါ-မကော။ သော ကိရ နိလကဟာပဏာယ တိဘာဂံ အဂ္ဃတိ။ ယသ္မိံ ပန ဒေသေ နိလကဟာပဏာ နာ သန္တိ၊ တတ္ထာပိ ကာဠ-ကဝိရဟိတာယ နိန္နန္တသုဝဏ္ဏာယ ပဠုမာသဂ္ဃနဏေန ဘဏ္ဍေန ပါဒပရိစ္ဆေဒေါ ကာတဗ္ဗော—

ဟု ဝိမတိဝိနောဒနီဋီကာဌ် လာသည်။

ရုဒြဒါမကော နာမ ရုဒြဒါမကာဒိဟိ ဥပ္ပါဒိတော။ ဗာရာ-ဏသိနဂရာဒိသု တေဟိ မေဟိ ရာဇူဟိ ပေါရာဏာယတ္ထောနုရူပံ

လက္ခဏသမ္ပန္နာ ဥပ္ပါဒိတာ နိလဏဟာပဏာ။ တေသံ ကိရ တိဘာဂံ အဂ္ဃတိ ရူဒြဒါမကော၊ တသ္မာ တာသု ပါဒေါ ထုလ္လစ္ဆယဝတ္ထု ဟောတိ။ မာသကော ပန ဣဓ အာပဇ္ဇမာဏံ၊ ကဟာပဏော ကိဉ္စိကာလေ ဥနဝီသတိမာသကော ဟောတိ၊ ကိဉ္စိကာလေ အတိရေကဝီသတိမာသကော။ တသ္မာ တာသု ကဟာပဏသ္သ စတုတ္ထဘာဂေါ ပဉ္စမာသကော ဝီယ အတိရေကပဉ္စမာသကော ဝါ ဥနပဉ္စာမာသကော ဝါ ပါဒေါတိ ဝေဒိတဗ္ဗံ။ ဣမသ္မိဉ္စ ပန ဌာနေ ဒီပနတ္ထံ "တဒါ ဆဇ္ဇဂဟေ ဝီသတိမာသကော ကဟာပဏော ဟောတီ" တိ အာဒိ ဝုတ္တံ—

ဟု ဝဇိရဗုဒ္ဓိဋီကာယ် လာသည်။

ပါတိမောက္ခဂဏ္ဌိကမ်းခ်ဏား—

ဥတ္တရဝိနိစ္ဆယဋီကာယန္တု— မိသကကဟာပဏောယေဝ နိလကဟာပဏော။ တဋ္ဌဝ ဟိ ပေါရာဏသတ္ထဝိဟိတံ လက္ခဏံ ဒိဿတိ၊ ဏထံ? ဥဒ္ဓေ မာသာ သုဝဏ္ဏာဿ, တထာ ရဇတဿ, ဒသ မာသာ တမ္ဗဿာတိ ဇေတေ ဝီသတိမာသေ မံသေတ္ဝာ ဗန္ဓနတ္ထာယ ဝိဟိမတ္တံ လောဟံ ပက္ခိပိတ္ဝာ အာကဍ္ဎနိ စ ဟတ္ထိ-ပါဒါဒိနံ အညတရဉ္ဉေ ရူပံ ဒဿေတ္ဝာ ကတော နိဒ္ဒါသတ္တာ နိလကဟာပဏော နာမ ဟောတီတိ။ ဟောန္တိ စေတ္ထ—

ဟေမဇဇတတမ္ဗဟိ၊ သတ္ထေ နိဒ္ဒိဋ္ဌလက္ခဏံ။
အဟာပေတ္ဝာ ကတော ဝီသ-မာသော နိလကဟာပဏော။

ဟေမပါဒံ သဇ္ဈုပါဒံ၊ တမ္ဗပါဒဉ္စယံ ဟိ သော။
မိသေတ္ဝာ ရူပမပ္ပေဘ္ဝာ၊ ကာတုံ သတ္ထေသု ဒဿိတော။

လောတိံ ဝုစ္စတေ ဒေါသော၊ နိဒ္ဒါသတ္တာ တထီရိတော။
တသ္မာ ပါဒေါ သုဝဏ္ဏာဿ၊ ဝီသဝီဟဋ္ဌနော မတော။

ယသ္မိ' ပန ပဒေသေ သော၊ နံ ဝတ္တတိ ကဟာပဏောဝါ။
ဝိသဒ္ဒသော၀ဏ္ဏဝိဟာဂ်ံ၊ တပ္ပါဒဂ်ဿိ ပေဒိယံ။

ဝိသဒ္ဒသော၀ဏ္ဏဝိဟာဂ်ံ၊ ဇထနေန္တဲ့ဝ ဘိက္ခဝေါ တတောဝါ။
စ၀န္တိ သာမညုဂ်ာဝါ၊ ဂ္ဂစ္ဆာဟု ဝိနယညုနောတိ
၀ါစိသရနာမကာစရိယေန ဝုတ္တံ—

ဟု လာသည်။

ပါဒေါ နာမ ကဟာပဏသ္မ စတုတ္ထော ဘာဂေါ။ ကဟာ-ပဏော ပန ဒုဝိဓော ဟောတိ သုဝဏ္ဏကဟာပဏော၌ မိဿက-ကဟာပဏော စာတိ။ တေသု ဟိ ကာဠကဝိရဟိတဿ နိဒ္ဓန္တ-သုဝဏ္ဏဿ ဝိသတိ မာသာ သုဝဏ္ဏဿာဟာပဏော နာမ၊ ပဉ္စ မာသာ သုဝဏ္ဏဿ, တထာ ရူပိယဿ, ဒသ မာသာ တမ္ဗဿာတိ ဧကေ ဝိသတိမာသေ မိဿေဘဿာ ဗန္ဓနတ္ထာယ ဝိဟိမတ္တံ လေဟံ ပက္ခိပိဘ္ဟာ အာကဍ္ဎနီ စ ဟတ္ထိပါဒါဒိနံ အာညတရဉ္ဉ ရူပံ ဒဿေတ္ဘာ ဆဒေတာ မိဿဘဏ္ဍကဟာ ပဏောနာမ၊ သောယေဝ နိဒ္ဒေါ-သတ္တာ နိလဿဟာပဏော နာမ။ သုဝဏ္ဏကဟာပဏဝိနိစ္ဆယံ ဝိမတိဝိနေ၀ဒနိဋ္ဌာယံ ဝုတ္တံ၊ မိဿကကဟာပဏဝိနိစ္ဆယံ ဥတ္တ-ရဝိနိစ္ဆယဋီကာယံ ဝုတ္တံ။ သာမဏေရနံ ဒသိကသုတ္တေနာပိ ပါဠိတေါ ဟောတိ၊ ဥပသမ္ပန္နာနံ ပန သုဝဏ္ဏဿ ဝိသတိဝိ-ဟိမတ္တေန။ တတ္ထပိ ဝိသတိဝိဟိမတ္တံ နာမ သုဝဏ္ဏမာသကဝဿေန အစ္ဆုတ်ယမာသကံ ဟောတိ၊ အယံ သိဟဠဝတ္ထုစရိယဝါဒေါ။ တေန ဝုတ္တံ အာဘိဓာနိကပဒ်ပိကာယံ—

"ဧတ္တာဝတော ဝိဟာဒယာ ဂဏ္ဌာ၊ ဒွေဂဏ္ဌာ မာသကော ဘဝေ" တိ—

ဟု ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာဌ္ဌ လာဒသည်။

တထာရူပံ ဘိက္ခု အာဒိန္နံ အာဒိယမ္ပာနောတိ တာဒိသံ ဘိက္ခု ပေါရာဏကာသ ကဟာပဏာသ ပါဒံ ဝါ ပါဒါရဟံ ဝါ ဘဏ္ဍံ အာဒိန္နံ။ ပ။ အာဝဟရေန္တော ပါရာဇိကော ဟောတိ—

ဟု ကခ်ဳိ၌ လာသည်။

ပေါရာဏာသာတိ ပေါရာဏာသတ္ထာနေ့ရူပံ ဥပ္ပါဒိတာသ လက္ခဏာသမ္ပန္နာသ နီလကဟာပဏာသဒိသာသ ကဟာပဏာသ။ ဇေတုန ရူပြဲဒါမကာဒီနိ ပဋိက္ခိပတိ—

ဟု ဃခ်ဳိ၌ လာသည်။

ကျမ်းကိုးပါဠိတို့ကို အစဉ်အတိုင်း အနက်ကိုဆိုအံ့။

တေန ခေါ ပန သမယေန၊ ၌။ အညတရော၊ သော။ ပုရာဏ-ဝေါဟာရိကာသာ၊ တရားစီရင်ဖူးသော။ မဟာမတ္တော၊ အမတ်ကြီးသည်၊ ဘိက္ခုသူ၊ ရဟန်းတို့၌။ ပဋိဇဂ်တော၊ ရုဟန်းပြု၍။ ဘဂ္ဂ-တော၊၏။ အဓိဒုဋ္ဌရ၊ မဒဝေးသောအရပ်၌။ နိသိန္နော၊ နေသည်။ ပေါဟတိ၊ ၏။ အထ ခေါ၊ ၌။ ဘဂဝါ၊ သည်း တံ ဘိက္ခုံ၊ ကို။ ဇေတံ ဝစနံ၊ကို။ အဝေါစ၊ ဒေးတော်မူ၏။ ဘိက္ခု၊ ရဟန်း။ မာဂဓရာ၊ မဂဓရာဇ်တိုင်း ကို အစိုးရသော။ သေနိယော၊ များသောစစ်သည်ရှိသော။ ဗိမ္ဗိသာရော ရာဇာ၊ သည်။ စောရံ၊ ခိုးသူကို။ ကိတ္တကေန ခေါ၊ အာဘယ်မျှခိုးယူသဖြင့်။ ဂဒဟတ္ထာ၊ ဖမ်းယူ၍။ ဟနတိ ဝါ၊သတ်သနည်း။ ဗန္ဓတိ ဝါ၊ နှောင်ဖွဲ့သနည်း။ ပဗ္ဗာဇေတိ ဝါ၊ နှင်ထုတ်သနည်း။ ဣတိ၊ သို့။ အဝေါစ၊ မေးတော်မူ၏။ ဘဂဝါ၊ မြတ်စွာဘုရား။ ပါဒေန ဝါ၊ တမတ်ဖြင့်လည်းကောင်း။ ပါဒါရဟေန ဝါ၊ တန်းတိုက်သောဥစ္စာဖြင့်လည်းကောင်း။ အတိရေကပါဒေန ဝါ၊ တမတ်ထက်လွန်သဖြင့်လည်းကောင်း။ စောရံ၊ စိုးသူကို။ ဂဟေတ္ဘာ၊ ၍။ ဟနတိ ဝါ၊ သတ်မူလည်း သတ်၏။ ဗန္ဓတိ ဝါ၊ နှောင်ဖွဲ့မူလည်း ဖွဲ့၏။ ပဗ္ဗာဇေတိ ဝါ၊ တိုင်းပြည်မှမူလည်း နှင်ထုတ်၏။ ဣတိ၊ သို့။ အဝေါစ၊ နား၊တော်

လျှောက်၏။ တေန ခေါ် ပန သမယေန၊ ၌။ ရာဇဂဟေ၊ ၌။ ပဥ္စမာ-သကော၊ ငါပဲသည်။ ပါဒေါ်၊ တမတ်မည်သည်။ ဟောတိ၊ ဖြစ်၏။

ယော ပန ဘိက္ခု၊ သည်း ဂါမာ ဝါ၊ ရွာမှလည်းကောင်း။ အရ-ညာ ဝါ၊တောမှလည်းကောင်း။ အဒိန္နံ၊ ကို။ ထေယျသင်္ခါတံ၊ ဖြင့်။ အာဒိယေယျ၊ အံ့။ ယထာရူပေ၊ အကြင်သို့သောဟာရှိသော။ အဒိန္နာ-ဒါနေ၊ အရှင်မပေးသောဥစ္စာကို ယူခြင်းဖြာင့်။ ရာဇာနော၊တို့သည်။ စောရံ၊ ခိုးသူကို။ ဂဟေတွာ၊ ဖမ်း၍။ စောရော၊ ခိုးသူသည်။ အသိ၊ ဖြစ်၏။ မူဠှော၊ တွေဝေသည်၊ ဝါ၊ မသိသည်။ အသိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဟနတိ ဝါ၊ သတ်မူသည်းသတ်၏။ ဗန္ဓတိ ဝါ၊ ထောင်ချမူလည်း ချု၏။ ပဗ္ဗာဇေတိ ဝါ၊ တိုင်းပြည်မှမူသည်း နှင်ထုတ်၏။ တထာရူပံ၊ ထိုသို့သောဟာရှိသော။ အဒိန္နံ၊ ကို။ အာဒိယမာနော၊ ခိုးယူသော။ အယမ္ပိ ဘိက္ခု၊ ဤရဟန်းသည်လည်း။ ပါရာဇိကော၊ သည်။ ဟေါတိ၊ ၏။

ယသာရူပံ နာမ၊ မည်သည်ကား။ ပါဒံ ဝါ၊ တမတ်ကိုလည်း ကောင်း။ ပါဒါရဟံ ဝါ၊ ကိုလည်းကောင်း။ အတိရေကပါဒံ ဝါ၊ ကို လည်းကောင်း။ တထာရူပံ နာမ၊ မည်သည်ကား။ ပါဒံ ဝါ၊ ကိုလည်း ကောင်း။ ပါဒါရဟံ ဝါ၊ ကိုလည်းကောင်း။ အတိရေကပါဒံ ဝါ၊ ကိုလည်းကောင်း။

ပဥ္စမာသကော ပါဒေါ် တိ၊ ဟူသည်ကား။ တဒါ၊ ထိုအခါ၌။ ရာဇ-ဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဝိသတိ ဝဿသကော။ ပဲနှစ်ဆယ်ရှိသော။ တဟာ-ပနကော၊ ဟက္ကပ်သည်။ ဟောတိ၊ ၏။ ဟသ္ဘော၊ ထို့ကြောင့်။ ပဥ္စမာ-သကော၊ ငါးပဲရှိသော။ ပါဒေါ်၊ ဟမတ်သည်။ ဟောတိ၊ ၏။ ဧတေန လက္ခဏေန၊ ထိုလက္ခဏာဖြင့်။ သဗ္ဗဉ္ဉုတဉာဏသ္သ၊ ခပ်သိမ်းသော ဇာနပုဒ် တို့၌။ ကဟာပဏဿ၊ တက္ကပ်၏။ ဧတ္ထန္တရေ၊ လေးခုမြောက်သော၊ ဝါ၊ လေးဖို့တဖို့ဖြစ်သော။ ဘာဂေါ်၊ အဖို့ကို။ ပါဒေါတိ၊တမတ်ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ သော စ ခေါ်၊ ထိုပါဒသည်လည်း။ ပေါ်ထု-

ကကား၊ ရှေးဦးဖြစ်သော။ နိလကဟာပကား၊ အပြစ်ကင်းသောကဟာပက၏။ ဝသေန်၊ အစွမ်းဖြင့်။ ဟောတိ၊ ၏၊ ဣတရေသံ၊ တပါးကုန်သော၊ ရူဒြဒါမကာဒီနံ၊ ရူဒြဒါမကမည်သော ကဟာပက စသည်တို့၏၊ ဝသေန၊ အစွမ်းဖြင့်။ နဟောတိ၊ မဖြစ်။ (ဤကား ပါဠိအဋ္ဌကထာအနက်တည်း)၊

စတုတ္ထော ဘာဝေါပါဒေါတိ ဝေဒိတဗ္ဗောတိ ဣမိနာဝ၊ ဤပါဌ်ဖြင့်လျှင်၊ သုဗ္ဗဇုနပဒေသု၊ တို့၌။ ကဟာပကာသ၊ ကျွပ်၏။ ဝိသတ်မော၊ အဖို့နှစ်ဆယ် မြောက်သော၊ ဝါ၊ အဖို့နှစ်ဆယ်၏ တဖို့ဖြစ်သော။ ဘာဝေါ၊ အဖို့သည်။ မာသကော၊ တပဲမည်၏။ ဣတိ ဣဒဉ္စ၊ ဤစကားကိုလည်း။ ဝုတ္တမေဝ၊ ဆိုအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ပေါရာဏသတ္ထာနုရူပံ၊ ရှေးကျမ်းဌီကာဆိုသော လက္ခဏာအားလျော်စွာ၊ ဝါ၊ ရှေးဆရာတို့စီရင်သော လက္ခဏာ အာသုံးအားဆောင်အားလျော်စွာ၊ ဥပပါဒိတာ၊ ဖြစ်စေအပ်ကုန်သော။ လက္ခဏာသမပ္ပန္နာ၊ လက္ခဏာနှင့်ပြည့်စုံသော ကဟာပကတို့ကို။ နိလကဟာပကာတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ရူဒြဒါမေန၊ သည်။ ဥပပါဒိတာ၊ ဖြစ်စေအပ်သော ကဟာပကသည်။ ရူဒြဒါမကော၊ ရူဒြဒါမကမည်၏။ သော၊ ထိုရူဒြဒါမက မည်သော ကဟာပကသည်။ နိလကဟာပကာ၊ ၏။ တံဘာဝံ၊ သို့ဖြစ်တိုင်း။ အတ္ထတိ ကိုး၊ ထိုက်သတဲ့။ ယသ္မိ ပဒေသေ၊ အကြင်အရပ်၌။ နိလကဟာပကာ။ တို့သည်။ နသန္တိ၊ မရှိကုန်။ တတ္ထာပိ၊ ကိုအရပ်၌လည်း။ နိလကဟာပကာနံ၊ တို့ကို။ ဝဋ္ဋနုဋ္ဌာနေ စ၊ သုံးဆောင်ရာအရပ်၌လည်းကောင်း။ အဝဋ္ဋနုဋ္ဌာနေ စ၊ မသုံးဆောင်ရာ အရပ်၌လည်းကောင်း။ သမာနအတ္ထဝသေန၊ မျှသောအဖို့၏အစွမ်းဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ ဘက္ခံ၊ ဥစ္စာကို။ ဂဟေတွာ၊ ယူ၍။ နိလကဟာပကဝသေန၊ နိလကဟာပက၏ အစွမ်းဖြင့်သာလျှင်။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ပေါရာဏာသတ္ထာနုရူပံ၊ ရှေးကျွမ်းဟေားလျော်စွာ။ ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော။ ဝိသတိမာသပ္ပမာဏာဥတ္တမသုဝဏ္ဏဿနကော၊ ပဲနှစ်ဆယ် ပမာဏဲရှိသော မြက်သောရွှေဖိုးထိုက်သော။ လက္ခဏာသမ္ပန္နော၊ လက္ခဏာနှင့်ပြည့်စုံသော ကဟာပဏာကို။ နိလဏဟာပဏောတိ၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ရူဒြဒါမေန နဲ့ဝ၊ ရူဒြဒါမမည်သော။ ထေနစိ၊ တစုံဘေးယောက်သည်း ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကဟာပဏသည်။ ရူဒြဒါမကော၊ ရူဒြဒါမကမည်၏။ သော၊ ထိုရူဒြဒါမကမည်သော ကဟာပဏသည်း နိလာဏဟာပဏာဿ၊ ၏။ တိဘာဒုံ၊ သုံးဖို့ဘဖို့ကို။ အတ္ထာဘိ ကိရ၊ ထိုက်သတဲ့။ ယသ္မိံ ပန ဒေသေ၊ အကြောင်းရှိအရပ်၌။ နိလဏဟာပဏာ၊ အပြစ်ဒေါသကင်းသော ကဟာပဏတို့သည်။ နသန္တိ၊ မရှိကုန်။ တတ္ထာပိ၊ ထိုအရပ်၌သည်း။ ကာဠကဘဝိရဟိတဿ၊ အညစ်အကြေးကင်းသော။ နိဒ္ဓန္တသုဝဏ္ဏဿ၊ စင်ကြယ်သောရွှေ၏။ ပဋ္ဌမာသဿနေဝန၊ ငါးပဲထိုက်သော။ ဘဇ္ဇန၊ ညစ်စာဖြင့်။ ပါဒိပရိဘောဒါ၊ ပါဒအဝိုင်းအခြားကို။ ကာတဗ္ဗော၊ ပြုအပ်၏။

ရူဒြဒါမကာဒီဟို၊ ရူဒြဒါမက အစရှိသည်တို့သည်း ဥပ္ပါဒိတော၊ ဖြစ်စေအပ်သော ကဟာပဏသည်။ ရူဒြဒါမကော နာမ၊ ရူဒြဒါမက မည်၏။ ပဿာဆကသိနဂဆာဒီသု၊ ပဿာဆကသီပြည်စသည်တို့၌း ဘေဟိ ဘေဟိ ဆုဇူဟို၊ ထိုထိုသောမင်းတို့သည်။ ပေါရာဏာသတ္ထာနုရူပံ၊ ရှေးကျွမ်း၌သားသော ရွေလုပ်နည်းအားဖလျော်စွာ။ ဥပ္ပါဒိတာ၊ ဖြစ်စေအပ်ကုန်သော၊ လက္ခဏာသမ္ပန္နာ၊ လက္ခဏာနှင့်ပြည့်စုံသော ကဟာပဏတို့သည်၊ နိလဏဟာပဏာ၊ မည်ကုန်၏။ ရူဒြဒါမကော၊ ရူဒြဒါမက မည်သော ကဟာပဏသည်။ ဇတသံ၊ ထိုနှစ်လကဟာပဏတို့၏။ တိဘာဂံ၊ သုံးဖို့ဘဖို့ကို၊ အတ္ထတိ ကိရ၊ ထိုက်သတဲ့။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုရူဒြဒါမကမည်သော ကဟာပဏ၏။ ပါဒေါ၊ တမတ်သည်။ ထုလ္လစ္ဆယဘဏ္ဍေ၊ သည်း ဇဟာတိ၊ ၏။ မာသဇကာ ပန၊ ပဲသည်ကား။ ဣဓ၊ ဤအဆုဒ္ဓိ။ အပ္ပမာဏံ၊ ပမာဏမဟုတ်။ ဟိ၊ မူန်၏။ ဝါ၊ ဟိ ယသ္မာ၊ အကြောင်းကြောင့်။ ကဟာပဇကော၊ ကျပ်သည်။ ကိဉ္စိကာလေ၊ တရံအခါ၌။

ဥိနဝိသတိမာသကော၊ ပဒန္ဓစ်ဆယ်မပြည့်သည်။ ဟောတိ၊ ၏။ ကိဠိကာ-လေ၊ တရုံအခါ၌။ အတိရေကဝိသတိမာသကော၊ ပဒန္ဓစ်ဆယ်ပိုသည်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ တသ္မ ကဟာပဏာယ၊ ထိုနိလကဟာပဏ၏။ စတုတ္ထဘာဂေါ၊ လေးဖိုတဖိုဖြစ်သော။ ပဉ္စမာသကော၊ ငါးပဲရှိသော။ ပါဒေါ ဝိယ၊ တမတ်ကဲ့သို့။ အာဘိရေကပဉ္စမာသကော ဝါ၊ ငါးပဲပိုသည်လည်း ဖြစ်သော။ ဥိနမဉ္စမာသကော ဝါ၊ ငါးပဲမပြည့်သည်လည်း ဖြစ်သော့။ ပါဒေါ၊ တမတ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ ဣမသ္မတ္ထသ၊ ကို။ ဒီပနတ္ထံ၊ ဌ၊ တဒါ။ ပ။ အာဒိ၊ ကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ (ဤကား ဝိနည်း ဋီကာကြီးသုံးစောင် အနက်တည်း။)

ဥတ္တရဝိနိစ္ဆယဋီကာယန္တု၊ ဥတ္တရဝိနိစ္ဆယဋီကာဠ္ဍကား။ မိဿက-ကဟာပဏောယေဝ၊ ရှေ ငွေ ကြေးကိုဆိုသော ကျပ်သည်သာလျှင်။ နိလကဟာပဏော၊ ဓည်၏။ ဟိ၊ မှန်၏။ တတ္ထဝ၊ ထိုဋီကာဠ်၌ပင်လျှင်။ ပေါရာဏသတ္ထဝိဟိတံ လက္ခဏံ၊ ရှေးကျမ်းဠ်စီခဲ့သော လက္ခဏာသည်။ ဒိဿတိ၊ ထင်၏။ သုဝဏ္ဏသ၊ ရွှေ၏။ ပဉ္စ မာသာ၊ ငါးပဲလည်းကောင်း။ ရူပတသ၊ ငွေ၏။ တာဒၖ၊ ထို့အတူငါးပဲလည်းကောင်း။ တမ္မသ စ၊ ကြေးနီ၏လည်း။ ဒသ မာသာ၊ ဆယ်ပဲလည်းကောင်း။ ဣတိ၊ သို့။ ဇေတဝိသတိမာဒသ၊ ထို့ပဒန္ဓစ်ဆယ်တို့ကို။ မိဒ်သတ္ထာ၊ ရောရှ်။ ဗန္ဓန-တ္ထာယ၊ တွဲစပ်ခြင်းငှါ။ ဝိဟိမတ္ထံ၊ စပါးတလုံးမျှသော။ လော်ဟံ၊ သံကို။ ပက္ခိပိတ္ဝာ၊ ထည့်ရှ်။ ဃကွရာနိ စ၊ ဃကွရာတို့ကိုလည်းကောင်း။ ဟတ္ထိပါဒါဒီနံ၊ ဆင်ခြေရုပ်စသည်တို့တွင်။ အညတရဿ ရူပံ၊ တခုခုသော ဃရုပ်ကိုလည်းကောင်း။ ဒဿေတွာ၊ ပြ၍။ ကတော၊ ပြုအပ်သော ရှေသည်။ နိဒ္ဒါသတ္ထာ၊ ဃပြစ်ကင်းသောကြောင့်။ နိလကဟာ-ပဏော နာမ၊ မည်သည်။ ဟောတိ၊ ၏။ စ၊ ဆက်ရှ်ဆိုအံ့။ တတ္ထ၊ ဤအရာ၌။ သင်္ဂဟာ၊ အကျဉ်းမှတ်ချန်ဂါထာတို့သည်။ ဟေဋ္ဌာန္တိ၊ ဖြစ်ကုန်၏။

ဟေမရဇတဘဒမ္မဟိ၊ ရွှေငွေ ကြေးနီတို့ဖြင့်။ သတ္တော၊ ဧရှးကျမ်းဌ်။ နိဒ္ဒိဋ္ဌလက္ခဏံ၊ ပြအပ်သောလက္ခဏာကို။ အဟုဇပေတ္တာ၊ မယုတ်စေမူ၍။ကဒတာ၊ ပြုလုပ်အပ်သော။ ဝိသတိမာသော၊ပဲနှစ်ဆယ်သည်။နီလကဟာပဏော၊ အပြစ်ကင်းသော ရွှေတကျပ်မည်၏။

ဟေမ့ပါဒုံ၊ ရွှေတမတ်ကိုလည်းကောင်း။ သဏ္ဌုပါဒုံ၊ ငွေတမတ်ကို လည်းဆောင်း။ တမ္မပါဒဒွယံ၊ ကြေးနီ နှစ်မတ်ကို လည်းကောင်း။ မိဿတ္တာ၊ ရော၍။ ရူပံ၊ အရုပ်ကို။ အပ္ပေတ္တာ၊ ထင်စေ၍။ သော၊ ထိုနီလကဟာပဏကို။ ဆာတုံ၊ ပြုခြင်းငှါ။ သတ္ထာသု၊ ရှေးကျမ်းတို့၌။ ဒဿိတော၊ ပြအပ်၏။

ဒေါသော၊ ရွှေအပြစ်ကို။ လောတိ၊ ဖြစ်လေ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိဒ္ဒေါသတ္တာ၊ အပြစ်ကင်းသောကြောင့်။ တဿာ၊ ထိုအခြင်းအရာ အားဖြင့် နီလကဟာပဏမည်၏ဟု။ ဤရိုးတော၊ ဆိုအပ်၏။ တဿ၊ ထိုနီလကဟာပဏ၏။ ပါဒေါ၊ တမတ်ကို။ သုဝဏ္ဏဿ ဝိသဝိဟာ-ဂုနော၊ စပါးအလုံးနှစ်ဆယ်ရှိသော ရွှေချိန်အဖိုးထိုက်၏ဟု။ မုတော၊ သိအပ်၏။

ယသ္မိံ ပန ပဒေသေ၊ အက္ခရဝနပုဒ်အရပ်၌။ သော ကဟာပဏော၊ ထိုနီလကဟာပဏသည်။ နဝတ္ထတိ၊ မဖြစ်မရှိ။ တသ္မိံ ပဒေသေ၊ထိုအရပ် မျိုး၌၊ဝိသဿသောဝဏ္ဏဝိဟာဂုံ၊ စပါးအလုံးနှစ်ဆယ်မျှ ရွှေချိန်အဖိုးရှိသော ပစ္စည်းကို။ တပ္ပါဒဂ္ဃနှိ၊ ထိုနီလကဟာပဏ၏ တမတ်အဖိုးထိုက်ပြီဟူ၍။ ဝေဒိယံ၊ သိအပ်၏။

တတော၊ ထို့ကြောင့်။ ဝိသဿောဝဏ္ဏဝိဟာဂုံ၊ စပါးအလုံးနှစ်ဆယ် ခန့် ရွှေချိန်အဖိုးရှိသော ပစ္စည်းကို။ ထေနေန္တာ၊ ခိုးကုန်သော။ ဘိက္ခု-ဝေါ၊ ရဟန်းတို့သည်။ သာမညဂုဏာ၊ ရဟန်းကျေးဇူးမှ။ စဝန္တိ၊ ရွှေ့လျောကုန်၏။ ဣတိ၊ သို့။ ဝိနယညုနော၊ ဝိနည်းကိုသိသောဆရာ တို့သည်။ အာဟု၊ ဆိုကြကုန်၏။ ဣဘိ၊ သို့။ ဝါစိဿရုနာမကာစရိယေန၊ ဝါစိဿရမည်သော ဆရာသည်။ ဝုတ္တံ၊ ဆိုအပ်၏။

ပါဒေါ နာမ၊ တမတ်မည်သည်။ ကဟာပဏသ၊ တကျင်၏။ စတုတ္ထော၊ လေးခုမြောက်သော။ ဘာဂေါ၊ အဖို့တည်း။ ကဟာပဏော ပန၊ ကဟာပဏ မည်သည်လည်း။ သုဝဏ္ဏကဟာပဏော စ၊ ရွှေကဟာပဏ လည်းကောင်း။ မိဿကကဟာပဏော စ၊ ရွှေငွေကြေးကိုရော သော ဆဟာပဏာလည်းကောင်း။ ဣတိ၊ သို့။ ဒုဝိဓော၊ နှစ်ပါးအပြား ရှိ၏။ ဟိ၊ ခဲ့၍ ဆိုအံ့။ တေသု၊ ထိုနှစ်ပါးတို့တွင်။ ကဉ္စနကဝိရဟိဘဿ၊ အညစ်အကြေးကင်းသော။ နိဒ္ဓန္တသုဝဏ္ဏဿ၊ စင်ကြယ်သောရွှေ၏။ ဝိသတိ မာသာ၊ ပဲနှစ်ဆယ်တို့သည်။ သုဝဏ္ဏကဟာပဏော နာမ၊ မည်၏။ သုဝဏ္ဏဿ၊ ရွှေ၏။ ပဒ္ဓ မာသာ၊ ငါးပဲလည်းကောင်း။ ရူပ-တဿ၊ ငွေ၏။ တထာ၊ ထို့အတူ ငါးပဲလည်းကောင်း။ တမ္မဿ၊ ကြေးနီ၏။ ဒဿ မာသာ။ ဆယ်ပဲလည်းကောင်း။ ဣတိ၊ သို့။ ဒုဝိဓော၊ နှစ်ပါးအပြား ရှိ၏။ ဟိ၊ ခဲ့၍ ဆိုအံ့။ တေသု၊ ထိုနှစ်ပါးတို့တွင်။ ကဉ္စနကဝိရဟိဘဿ၊ အညစ်အကြေးကင်းသော။ နိဒ္ဓန္တသုဝဏ္ဏဿ၊ စင်ကြယ်သောရွှေ၏။ ဝိသတိ မာသာ၊ ပဲနှစ်ဆယ်တို့သည်။ သုဝဏ္ဏကဟာပဏော နာမ၊ မည်၏။ သုဝဏ္ဏဿ၊ ရွှေ၏။ ပဒ္ဓ မာသာ၊ ငါးပဲလည်းကောင်း။ ရူပ-တဿ၊ ငွေ၏။ တထာ၊ ထို့အတူ ငါးပဲလည်းကောင်း။ တမ္မဿ၊ ကြေးနီ၏။ ဒဿ မာသာ။ ဆယ်ပဲလည်းကောင်း။ ဣတိ၊ သို့။ ဧတေ ဝိသတိမာသေ၊ ထိုပဲနှစ်ဆယ်တို့ကို။ မိဿေတ္ဝာ၊ ရောရှိ၍။ ဗန္ဓနုတ္ထာယ၊ ဖွဲ့ခြင်းငှါ။ ဝါ၊ မြဲစေခြင်းငှါ။ ဝိဟိမတ္တံ သေသာဟံ၊ စပါးတလုံးမျှသော သံကို။ ပက္ခိပိတ္ဝာ၊ သွန်၍။ အက္ခဆုနိ စ၊ အက္ခဆုတို့ကိုလည်းကောင်း။ ဟတ္ထိပါဒါဒီနံ၊ ဆင်ခြေရုပ်စသည်တို့ဘင်။ အညဘရဠ္ဠ ရှုပံ၊ တခုခုသော အရုပ်ကိုလည်းကောင်း။ ဒဒေယ္ယဘ္ဝာ၊ ပြ၍။ ကတေဝါ၊ ပြုအပ်သော ကဟာပဏသည်။ မိဿကဟာပဏော နာမ၊ မည်၏။ သေသယေဝ၊ ထိုမိဿကကဟာပဏသည်လျှင်။ နိဒ္ဒါသတ္တာ၊ အပြစ်ကင်းသည် အဖြစ်ကြောင့်။ နိသကဟ္ဘာပဏော နာမ၊ မည်၏။ သုဝဏ္ဏကာဘာပဏ-ဝိနိစ္ဆယံ၊ ရွှေတကျပ်၏ တမတ်အဆုံးအဖြတ်ကို။ ဝိမဘိဝိနောဒနီ-ဋီကာယံ၊ ဥဒ္ဒီး ဝုတ္တံ၊ ၏။ မိဿကဇဟာပဏဝိနိစ္ဆယံ၊ ရွှေငါးပဲ, ငွေငါးပဲ, ကြေးနီဆယ်ပဲဆောသောတကျပ်၏ တဒ်တ်အဆုံးအဖြတ်ကို။ ဥတ္တရဝိနိ-စ္ဆယဋီကာယံ၊ ဥဒ္ဒီး ဝုတ္တံ ၏။ သဒ္ဒဇကရာနံ၊ သဒ္ဒဇကတို့အား။ ဒသိ-ဆသုတ္တေန ပိ၊ မြှောဆဝါသုတ်ဖြင့်လည်း။ ပါဇုဇီးကော၊ လိင်ကျသည်။ ဟောတိ၊ ၏။ ဥပသမ္ပန္နာနံ ပန၊ ရဟန်းတို့အား ကား။ သုဝဏ္ဏဿ၊ ရွှေ၏။ ဝိသတိဝိဟိမဇတ္တာနံ၊ စပါးအလုံးနှစ်ဆယ်မျှဖြင့်။ ပါဇုဇီးကော၊ ပါရာဇိကာပတ်သည်။ ဟောတိ၊ ၏။ ဇတ္ထပိ၊ ဤကား၌လည်း။ ဝိသတိဝိဟိမတ္တံ နာဒေ၊ မည်သည်။ သုဝဏ္ဏဿ၊ ရွှေသည်ကဝဿန၊

ရွှေစင်ပဲ၏အစွမ်းဖြင့်။ အမှုတိယဲမာသကံ၊ အခွဲနှင့်တကွ သုံးပဲသည်။ ဝါ၊ ငါးပဲထက်ဝက်ရှိသည်။ ဟောတီ၊ ၏။ အယံ၊ ဤစကားသည်။ သီဟဠဘာစရိယဝါဒေါ၊ သီဟိုဠ်ဆရာတို့၏ စကားတည်း။ တေန၊ ထို့ကြောင့်။ အဘိဓာနပ္ပဒီပိကာယံ၊ အဘိဓာန်ကျမ်း၌ စတ္တာရော။ ပ။ ဘဝေတိ၊ ဟူ၍။ စုတ္တံ၊ ၏။ စတ္တာရော၊ လေးလုံးကုန်သော။ ဝိဟာယော၊ စပါးတို့သည်။ ဂုဠော၊ တချင်ရွေးမည်၏။ ဒွေ ဂုဠော၊ စပါးရှစ်လုံးနှစ်ချင်ရွေးတို့သည်။ မာသကော၊ တပဲသည်။ ဘဝေ၊ ၏။ (ဒွေ ဂုဠော မာသကော ဘဝေကို ထောက်၍ ပကတိလိင်သို့ လိုက်ရမည်ဆိုသော စကားကို ယေဘုယျမှတ်လော။ ဤကား ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ ပါဠိ၏ အနက်)။

ကခ်ါအနက်မူမှာ လွယ်၏။ ကခ်ါဋီကာအနက်ကား- ပေါရာဏာ သာတို့၊ ဟူသည်ကား။ ပေါရာဏသတ္ထာနုရူပံ၊ စသော။ ဥပပါဒိတာဿ၊ ဖြစ်စေအပ်သော။ လက္ခဏသမ္ပန္နဿ၊ ရှေးလက္ခကာနှင့်ပြည့်စုံသော။ နီလကဟာပဏဿ၊ အပြင်းကင်းသော ကဟာပဏနှင့်တူသော။ ကဟာပဏဿ၊ ကျပ်၏။ ဧတေန၊ ဤပါဠိဖြင့်။ ရူဒြဒါမကာဒီနံ၊ ရူဒြဒါမကာအစရှိသော ကဟာပဏတို့ကို၊ ပဋိက္ခိပတိ၊ ပယ်တော်မူ၏။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့၌ လိုရင်းစကားကျပိဏ္ဍတ္ထကို ပြဆိုပေအံ့။

ပါဠိတော်၌ "ပဉ္စမာသကော ပါဒေါ ဟောတိ" ဟူ၍ သာမညအားဖြင့် ဟောတော်မူအပ်သော်လည်း ဘုရား၏အလိုဆန္ဒကို သိတတ်သော အဋ္ဌကထာဆရာမြတ်သည် "သော စ ခေါ ပေါရာဏကဿ နီလကဟာပဏဿ ဝသေန၊ နာ ရူဒြဒါမကာဒီနံ" ဟု ဖွင့်ဆိုတော်မူသောကြောင့် သက်သက်ငွေတကျပ်၏ ငါးပဲရှိသောပါဒကို ယူအပ်။ နီလကဟာပဏသည်သောကျပ်၏ ငါးပဲရှိသောပါဒကိုသာ ယူအပ်သည်။

နီလကဟာပဏ၏ အရကိုလည်း "ပေါရာဏာသတ္ထာနုရူပံ လက္ခဏသမ္ပန္နာ ဥပပါဒိတာ နီလကဟာပဏာ" ဟု သာရတ္ထဒီပနီဋီကာ, ဝဇိရဗုဒ္ဓိ

ဌီကဲ့, ဝိမတိဝိနောဒနီဋီကာ, ဝိနယတ္ထမဉ္ဇူသာဓနည်သော ကခ်ါဋီကာတို့၌ ဆိုသောကြောင့် ရှေးရွှေလုပ်သောကျွမ်းတို့၌ ပြုအပ်သော ရွှေလုပ်နည်းနှင့် လျော်သော အပြစ်ကင်းသောရွှေကိုသာ နီလကဟာပဏဟူ မှတ်ယူရမည်။

ထိုနီလကဟာပဏသည် ရုံခါ လောကဒ္ဓါပဲနွစ်ဆယ်ပြည့်သည်၊ ရုံခါယုတ်သည်၊ ရုံခါပိုသည်၊ လောကဒ္ဓါ လူတို့၏ အသုံးအဆောင်ကို လိုက်၍ဖြစ်သည်း ပဲနွစ်ဆယ်ပြည့်ခြင်းသည် ပမာဏမဟုတ်၊ တကျပ်လျှင် လေးမတ်ဟူသော သုံးစွဲခြင့်းသာ ပဓာနဟု ဝဇိရဗုဒ္ဓိဋီကာ ပြတော်မူသည်း

နီလဟာပဏမည်သော ရွှေလုပ်ပုံအရကို ဋီကာကြီးသုံးစောင်နှင့် ကခ်ါဋီကာတို့မှာ အထူးမဆိုကြကုန်း ဥတ္တရဝိနိစ္ဆယဋီကာဒ္ဓါကား ရွှေငါးပဲ ငွေငါးပဲ ကြေးနီဆယ်ပဲကိုဆော၍ ကောင်းစေခြင်းငှါ စပါး တလုံးခန့်ရှိသော သံကိုထည့်၍ ပြုအပ်သောရွှေသည် နီလကဟာပဏမည်သည်ဟု ဆိုသည်။ အကြင်အရပ်၌ ထိုနီလကဟာပဏ မရှိ၊ ထိုအရပ်၌ စပါးအလုံးနွစ်ဆယ် ပမာဏရှိသော နွစ်ပဲနှင့်တချင်ရွှေး အလေးချိန်ရှိသော ရွှေကို ခိုးသောရဟန်းသည် ပါရာဇိက ကျသည်ဟု ဆိုသည်။

ဝိမတိဝိနောဒနီဋီကာဒ္ဓါကား– အကြင်အရပ်၌ နီလကဟာပဏသည် မရှိ၊ ထိုအရပ်၌ ရွှေဆောင်းရွှေစင်ဘမတ်ကို ပါရာဇိကအာပတ္တိ ယူရမည်ဟု ဆိုသည်။

ပါတိမောက္ခပဒဋ္ဌအနုဝဏ္ဏနာဒ္ဓါလည်း သုဝဏ္ဏကဟာပဏကို ဝိမတိဝိနောဒနီဋီကားဆိုသည်။ မိဿကဟာပဏကို ဥတ္တရဝိနိစ္ဆယဋီကာဆိုသည်ဟု ညွှန်းပြု၍ အဘိဓာန်ကျမ်းဒ္ဓါ "စပါးလေးလုံးသည် တချင်ရွှေး၊ နွစ်ချင်ရွှေးသည် တပဲမည်၏" ဟု ဆိုကြောင်းကိုပြု၍ စပါးအလုံးနွစ်ဆယ်ခန့်ပမာဏရှိသော အလေးချိန် နွစ်ပဲနှင့် တချင်ရွှေးရှိသော ရွှေကို ခိုးသောရဟန်း ပါရာဇိကကျသည်ဟု သီဟိုဠ်ဆရာစကားကို ပြတော်မူသည်။

သာရတ္ထဒီပနီဋီကာဒ္ဝေကား- အကြင်အရပ်၌ နီလကဟာပဏသည် မရှိ၊ ထိုအရပ်၌ နီလကဟာပဏနှင့်တူသော အဖိုးဖြင့် ပိုင်းခြားရပြုအပ်သည်ဟု ဆိုသည်။

ဝိနည်းဋီကာကြီး သုံးစောင်လုံးဒ္ဝယင် ရုဒြဒါမဏမည်သော ကဟာပဏသည် နီလဏဟာပဏ၏ သုံးဖို့တဖို့သာထိုက်သည်ဟုဆိုသဖြင့် နီလကဟာပဏရှေသည် စင်ကြယ်သေးရှေးဏောင်းမည်သည်၊ ရုဒြဒါမက ကဟာပဏသည် စင်ကြယ်သော ရှေည့်မည်သည်ကု မှတ်ယူသင့်သည်။

ထို့ကြောင့် အကြင်အခါ အကြမ်းမျိုရှာ အကြင်မင်းလက်ထက်တို့၌ ရာဇသတ်, ဓမ္မသတ်ကျမ်းတို့နှင့် ညီနိုင်းတိုင်းထွာ၍ ပြုလုပ်သုံးဆောင်ကြသောရှေသည် ရှေးဏောင်း, ရှေည့်ဟူ၍ နှစ်ပါးရှိသည်။ ဝိုနှစ်ပါးတို့ဘင် ရှေည့်ဖြင့် ပါဒကိုမယူမူ၍ ရှေးကောင်းဖြင့်သာ ပါဒအရကိုယူ၍ ပဲနှစ်ဆယ်ပြည့်သည်, မပြည့်သည်ကို ပမာဏ မပြုပဲသာ ရှေတကျပ်၏ သေးဖို့ဘဖို့ ရှေတမတ်ကို ခိုးယူသောရဟန်း, ထိုရှေတမတ် အဖိုးတန်သော ငွေစသော အကပ်ပိယဝတ္ထု, ကပ်ပိယဝတ္ထုစွန်းကို ခိုးယူသောရဟန်းတို့အား ပါရာဇိကကျသည်ဟု ဆုံးဖြတ်သင့်သည်။

ထိုစကား၌ ရာဇသတ် ဓမ္မသတ်နှင့် ဆရန်မှာ "ကိတ္တကေန ခေါ ဘိက္ခုရာဇာ မာဂဓော သေနိယော ဗိမ္ဗိသာရော စောရံ ဂဟေတ္ဝာ" အစရှိသော ပါဠိတော်ကို ထောက်လေ။

ပဲနှစ်ဆယ်ပြည့်သည်, မပြည့်သည်ကို ပမာဏ မပြုပဲသာဟု ဆိုသော စကားမှာ "မာသကော ပန လ္ဟကော အပ္ပမာဏော" အစရှိသော ဝေဇိရဗုဒ္ဓိဋီကာကို ထောက်လေ။

ရှေးကောင်း, ရှေည့်နှစ်ပါးရှိသည်တွင် ရှေည့်ကို မယူအပ်၊ ရှေးဏောင်းကို ယူရမည်ဟူသောစကားမှာ "သော စ ခေါ နီလကဟာပဏော ဝဏ္ဏသန္နိ ရုဒြဒါမကာဒီနံ" ဟူသော အဋ္ဌကထာပါဠိကို ထောက်လေ။

ဤကိုရည်၍ ဝိမတိဝိနောဒနီဋ္ဌီကာရှင်သည် "အကြောင်အရပ်၌ နီလ-ထဟာပဏသည် မရှိ။ ထိုအရပ်၌ ရှေးင်တမတ်ကို ယူရမည်"ဟု ပြတော်မူသည်။ ထို့ရှေကောင်း, ရှေ့သံ့နှစ်ပါးတွင် ရှေကောင်း၏ ပါဒဖြင့် တန်သောငွေကို ခိုးထု ကျပ်ချိန်နှင့်သုံးသည်ဖြစ်စေ၊ မချိန်ပဲ ဝေါဟာရ ဖြင့် သုံးသည်ဖြစ်စေ ထိုလောက၌ သုံးစွဲသောရှေကောင်းတမတ်၏ တန်ဖိုးငွေကိုသာ ဆုံးဖြတ်သင့်သည်။ သားရေစကို ငွေဟူ၍ ဝေါဟာရ ပြုမူ ထိုရှေတမတ်၏တန်ဖိုး သားရေစငွေဖြင့် ဆုံးဖြတ်ရမည်။

ပါဒ-အရ နီလကဟာပဏ၏ ပါဒကိုယူ၍ ငွေကိုခိုးယူသောရဟန်းမှာ ထိုရှေတမတ်ကို ငွေငါးကျပ်ထိုက်သောအခါလည်း ရှိသည်။ ငွေကျပ် တဆယ်ထိုက်သောအခါလည်း ရှိသည်။ ထိုသို့ ရှေတမတ်ကို ငွေငါးကျပ် ထိုက်ခြင်း, ငွေကျပ်တဆယ်ထိုက်ခြင်းသည် ငွေကို ပစောန မပြုအပ်။ ရှေ၏ အဖိုးယုတ်သောအခါ, အဖိုးတက်သောအခါကိုသာ ပစောနပြု၍ ရှောကျပ်၏ လေးဖိုတဖိုဖြစ်သော ရှေတမတ်၏ အဖိုးဖြင့်သာ ဆုံးဖြတ်သင့်သည်။ ယို့ကြောင့် ဝိမတိဝိနောဒနီဋ္ဌီကာ၌-

> ယသ္မိ' ပန ဒေသေ နီလကဟာပဏော. နာ သန္တိ၊ တတ္ထာပိ ကာဠကဝိရဟိတသဏိဒန္တသုဝဏ္ဏသဒိသမာသဏ္ဌနကေန ဘဏ္ဍန ပါဒပရိစ္ဆေဒေါ ဏာတဗ္ဗော-

ဟု ဟောတော်မူ၏။

ယခုအခါ စက္ကူကို ငွေအဖိုးတန်လိုက်၍ သုံးစွဲရာ၌လည်း ရှေပါဒ၏ အဖိုးတန်ဖြင့်သာလျှင် ဆုံးဖြတ်သင့်သည်။ ထို့ကြောင့် ရှပိယသ်ကွာပုဒ်အဋ္ဌကထာ၌-

> ကုဓ ပန ယုံကိုဠိ ဝေါဟာရဂမနိယံ ဏဟာပဏာဒိ အဓိပ္ပေတံ--

ဟု ဆိုတော်မူ၏။

ကွမ် ပန၊ ဤဒ်ကား။ ယုံကိုဋ်၊ အလုံးစုံသော။ ဝေါဟာရဂုဏမနိယုံ၊ ရောင်းဝယ်ခြင်းသို့ရောက်သော။ ကဟာပဏဒေါဒိ၊ ရွှေစသည်ကို။ အဓိ-ပ္ပေတံ၊ အလိုရှိအပ်၏။

ကဟာပဏ-အရကိုလည်း၊=

ကဟာပဏောတိ သောဝဏ္ဏမယော ဝါ ရူပိယမယော ဝါ ပါကတိကော ဝါ—

ဟု အဋ္ဌကထာဒ္ဒ်ဖွင့်တော်မူသည်။ ကဟာပဏ, မာသက စသည်တို့ကို ရူပိယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ,ဋီကာတို့မှာ ရှုလေ။

ပါတိမောက္ခပဒတ္ထအနုဝဏ္ဏနာ, ပါတိမောက္ခဂ္ဃိုကျမ်းတို့ဒ္ဒ ဥတ္တရ-ဝိနိစ္ဆယဋီကာလာ ရွှေငါးပဲ့ငွေငါးပဲ ကြေးနီဆယ်ပဲကိုရော၍ ပြုလုပ်သော မိဿကကဟာပဏကို ပါဒ-အရ ယူစေလိုသည်။ ထိုမိဿက-ကဟာပဏ ရွှေတကျပ်ကို ငွေငါးကျပ်ဘန်းသည်ဟု ဆိုလိုသည်။ ငွေ-ငါးကျပ်ကို ခိုးယူလျှင် ပါရာဇိကာကျသည်ဟု ဆိုလိုသည်။ မန်လည်ဆရာ-တော် ရေးသားထားသောကျမ်းဒ္ဒ ဥတ္တရဝိနိစ္ဆယလာ မိဿကကဟာပဏ အရဖြင့် ရွှေတကျပ် ငွေတကျပ်ကို အလိုရှိတော်မူသည်။

ကခုံဂဏ္ဌိသင်္ခဒ္ဒကား "စတ္တာရော ဓိဟ္ဗယော ဂုဉ္ဇာ၊ ဒ္ဒေ ဂုဉ္ဇာ မာသကော ဘဒဝ" ဟုပြဆို၍ ပါရာဇိကအရာ ပါဒမှာ ဝိမတိဝိနောဒနီ ဋီကာလာသည့်အတိုင်း ရွှေငါးပဲကို ပြတော်မူသည်။

သလုံးဆရာတော်ရေးသော ဝိနယစ္ဆဒနီ ကျမ်းဒ္ဒကား—ဥတ္တရ ဝိနိစ္ဆယဋီကာရှင်အလိုကို ဝိနည်းတတ်ကုန်သော ဆရာမြတ်တို့သည် မှန်စ်သက်ကြကုန်။ နီလဟူသောပုဒ်ဒ္ဒ လေ·သဒ္ဒါသည် ရွှေ၏အပြစ်ကို ဟောသည်ဖြစ်၍ နီလပုဒ်လုံးဖြင့် အပြစ်ကင်းလွတ် စင်ကြယ်သော ရွှေကို ဋီကာကြီး သုံးစောင်တို့ဒ္ဒ ဆုံးဖြတ်သောကြောင့်တည်းဟု ဆိုတော်မူသည်။

တေန ဒေါ ပန သမယေန အညတရော ဘိက္ခု သာဝတ္ထိယံ ဒုဗ္ဘိက္ခေ အာပဏိကာသု တဏ္ဍုလမုဋ္ဌိ ထေယျစိတ္တော အဝဟရိ၊ တသ္မာ ကုက္ကုစ္စံ အဟောသိ။ ပုန အာပတ္တိံ တံ ဘိက္ခု အာပန္နော ပါဏုဒ္ဒေသန္တိ–

စသည်ဖြင့် ဟောတော်မူသော ဝိနိတဝတ္ထုပါဠိတော်၌ ဒုဗ္ဘိက္ခကာလမှာ အစာအာဟာရမည်သည်ကို အလွန်ရနိုင်ခဲသည်ဖြစ်၍ ရွှေဥအိုးစောန် သောအခါဖြစ်၍ ဆန်တဆုပ်ကို ရှာမရနိုင်ဖြစ်။ ဆန်ကိုမစားရသော ကြောင့် သေသေးသူသာမျှား၍ ငှတဖောင် ရှိခဲ့ခြောက်ဆယ့်နှစ်သား ကျပ်သား ပေးဝယ်သော်လည်း ဆန်တဆုပ် ပဲတဆုပ်စသော အားဟာရ ကို မရနိုင်ရာသည် ဖြစ်၍ ဟောတော်မူသောအရာဖြစ်သည်ဟု မှတ်ရမည်။

ထို့ကြောင့် ဌီကားကြီး သုံးစောင်တို့၌လာသော ကောင်းသော လက္ခဏာနှင့်ပြည့်စုံသော နိလဏဟာပဏာသည်သော ရွှေကောင်းတကျပ် သား၏တမတ်ဖြင့် ပါရာဇိကအရာ၌ ပါဒကို မှတ်ယူရမည်။

ထိုနိလကဟာပဏာမရှိမူ သာရတ္ထဒီပနီဋီကာ၌လာသော နိလက-ဟာပဏနှင့် အဖိုးတူသော ရွှေကောင်းဖိုးဖြစ်၏၊ ဝိမတိဝိနောဒနီ ဋီကာ၌လာသော ရွှေစင်ဖြစ်၏၊ ဥတ္တရဝိနိစ္ဆယဋီကာ၌လာသော မိသ-ဏကဟာပဏရွှေဖြစ်စေ ပါဒအရ ရွှေတမတ်ကိုယူ၍ ငွေမှာ အချိန်ပြည့် သည်ဖြစ်စေ၊ မပြည့်သည်ဖြစ်စေ၊ ခဲ ကြေးရောသည်ဖြစ်စေ ထို့ရွှေ တမတ်၏ အဖိုးထိုက်တန်သော ကျပ်အရေအတွက်အားဖြင့် လောက ဓေါဟာရသို့လိုက်၍ ပါရာဇိကအရာမှာ ဆုံးဖြတ်သင့်သည်။

၂၃၂။ ပရိဝတ်အဆင့်ဆင့်ပေးခြင်း

၃။ မဟာဝဂ်ပါဠိတော် စမေ့ယျကွန္ဒကဋ္ဌ–

ပါရိဝါသိကာစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိဇသော အဗ္ဘေယျ၊

အဂၤမ်ံနဲ့ စ ဆရဏီယံ။ မူလာယ ပဋိကဿနာရုဟစတုတ္ထော ဧစ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဗ္ဘေယျ၊ အဂၤမ်ံနဲ့ စ ကရဏီယံ။ မာနတ္တာရုဟစတုတ္ထော ဧစ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဗ္ဘေယျ၊ အကမ်ံနဲ့ စ ကရဏီယံ။ မာနတ္တစာရိကစတုတ္ထော ဧစ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဗ္ဘေယျ၊ အကမ်ံနဲ့ စ ကရဏီယံ။ အဗ္ဘာနာရုဟစတုတ္ထော ဧစ ဘိက္ခဝေ ပရိဝါသံ ဒဒေယျ၊ မူလာယ ပဋိကဿေယျ၊ မာနတ္တံ ဒဒေယျ၊ တံဝိသော အဗ္ဘေယျ၊ အကမ်ံနဲ့ စ ကရဏီယံ-

ဟု လာတော်မူသည်။

ဘိက္ခဝေ၊ တို့။ ပါရိဝါသိကစတုတ္ထော၊ ပရိဝတ်ဆောက်တည်သော ရဟန်းကို လေးယောက်မြောက်သည်ကိုပြု၍၊ ပရိဝါသံ၊ ပရိဝတ်ကို။ ဧစ ဒဒေယျ၊ ငါးညှားအံ့၊ မူလာယ၊ အရင်းသို့။ ဧစ ပဋိကဿေယျ၊ ငင်ညှားအံ့၊ မာနတ်တို့၊ မာနတ်ကို။ ဧစ ဒဒေယျ၊ ပေးညှားအံ့။ တံဝိသော၊ ထိုပရိဝတ်ဆောက်တည်သော ရဟန်းလျှင် နှစ်ဆယ်ပြည့်သည်။ ဟုဘွာ၊ ဖြစ်၍။ ဧစ အဗ္ဘေယျ၊ အဗ္ဘာန်သွင်းညှားအံ့၊ အကမ်ံ၊ ကံမမည်။ နဲ့ စ ကရဏီယံ၊ မပြုအပ်(နောက်ကို နည်းတူအနက်ပေးလေ)။

မဟာဝါအဋ္ဌကထာ စမ္မေယျကွန္ဓကအဖွင့်၌လည်း-

ပါရိဝါသိကဒုတိယတိအာဒိ ပရိဝါသာဒိကမ္မာနံယေဝ ပရိသတော ဝိပတ္တိဒဿနတ္ထံ စုတ္တံ၊ တေသံ ဝိနိစ္ဆယံ ပရတော ဝက္ခတိသဒိသမေ-

ဟု ဖွင့်တော်မူ၏။

ပါရိဝါသိကဒုတိယတိုးဒိ၊ ဤသို့အစရှိသောစကားကို။ ပရိဝါသဒီကမ္မာနုံယေဝ၊ ပရိဝတ်ကို့ စသည်တို့အား သင်လျှင်။ ပရိသတော၊ ပရိသတ်အား ဖြင့်။ ဝိပတ္တိဒဿနတ္ထံ၊ ကံပျက်ခြင်းကို ပြခြင်းငှါ။ ဝဲတ္တံ၊ ဟောတော်မူ၏။ တေသံ၊ ထိုကံတို့၏။ ဝိနိစ္ဆယံ၊ ကိုးပရတော၊ နောက်စူဠဝါခန္ဓကဌ်။ ဝဏ္ဏယိဿာမ၊ ဖွင့်ပြကုန်အံ့။

စူဠဝါအဋ္ဌကထာ ပါရိဝါသိကက္ခန္ဓကဌ်လည်း—

ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိပါသန္တိ တတ္ထ ပါရိဝါသိကံ စတုတ္ထံ ကတ္တာ အညဿ ပရိဝါသဒါနာဒီနိ ဏာတုံ နဒ္ဓတိ၊ တေသ္ဝေဝါယံ ဂဏပူရကော နဟောတိ၊ သေသသံဃကမ္မသု ဟောတိ။ ဂဏေ ပန အပ္ပဟောန္တေ ဝတ္တံ နိက္ခိပါပေတ္ဝာ ဂဏပူရကော ကာတဗ္ဗော—

ဟု မိန့်တော်မူ၏။

ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိပါသန္တိ တတ္ထ၊ ဍ်။ ပါရိဝါသိကံ၊ ပရိဝတ်ဆောက်တည်သောရဟန်းကို။ ဧတံ၊ ထို၊ လေးယောက်မြောက်သည်ကို၊ ကတ္ဝာ၊ ပြု၍။ အညဿ၊ ဟပါးသောရဟန်း၏၊ ပရိဝါသဒါနာဒီနိ၊ ပရိဝတ်ကံစသည်တို့ကို။ ဏာတုံ၊ ပြုခြင်းငှါ၊ နဝဋ္ဋတိ၊ မဖာပ်။ အယံ၊ ဤပရိဝတ်ဆောက်တည်သော ရဟန်းသည်။ ဧတော၊ ထိုပရိဝတ်ကံတို့၌လျှင်။ ဂဏပူရကော၊ ဂဏကိုဝဋ်းပြည့်သည်၊ နဟောတိ၊ မဖြစ်။ သေသသံဃကမ္မသု၊ ကြွင်းကျန်သောသံဃကံတို့၌။ ဟောတိ၊ ဖြစ်၏။ ဂဏေ ပန၊ ဂဏဝဋ်းသည်ကား၊ အပ္ပဟောန္တေ၊ မပြည့်သည် ရှိသော်။ ဝတ္တံ၊ ဆောက်တည်သောပရိဝတ်ကို။ နိက္ခိပါပေတ္ဝာ၊ ချေ၍။ ဂဏပူရကော၊ ဂဏဝဋ်းပြည့်ကို။ ကာတဗ္ဗော၊ ပြုအပ်၏။

ဝိမတိဝိနောဒနီဋီကာဌ်လည်း—

ဝတ္တံ နိက္ခိပါပေဟ္ဝာတိ ဣဒံ ပရိဝါသာဒိဓမ္မဝ သန္ဓာယ ဝုတ္တံ—

ဟု ဖွင့်တော်မူ၏။

ဝတ္တံ နိက္ခိပါပေတ္ဝာတိ ဣဒံ၊ ကိုး၊ ပရိဝါသဒါနမေဝ၊ ပရိဝတ်ကဲ့ စသည်ကိုသာလျှင်။ သန္ဓာယ၊ ရှည်၍။ ဝုတ္တံ၊ ၏။

လိုရင်းစကားကား ပိဏ္ဍာတ္ထဆေးခိပွါယ်ကား– ပါဠိတော်၌ "ပါရိဝါသိကဘုတ္ထ" ဟု ဟောတော်မူသောကြောင့် ထိုကဲ့ဆောင်သောသိမ်အပြင်၌ ပရိဝတ်ဆောက်ဘည်းသော ရဟန်းပါ သံဃာလေးပါးပြု၍ ဘပါးသောရဟန်းအား ပါရိဝါသိကကံ, မူလာယပဋိကဿနကံ, မာနတ္တဒါနကံကို မပြုအပ်ဟု ပြတော်မူသဖြင့် ထိုသိမ်အပြင်၌ ပရိဝတ်ဆောက်တည်းသောရဟန်းပါ ခြောက်ပါးစသည်ရှိမူ ထိုပရိဝတ်ဆောက်တည်သော ရဟန်းသည် ဝဇ္ဇနီယပုဂ္ဂိုလ်မဟုတ်သောကြောင့် လည်းကောင်း၊ ထိုပရိဝတ်ဆောက်တည်းသော ရဟန်းကိုလွှတ်၍ သံဃာလေးပါးပြည့်သောကြောင့်လည်းဟောင်း ထိုပရိဝတ်ဆောက်တည်သော ရဟန်းနှင့် အတူပင်တပါးသောရဟန်းအား ပရိဝတ်စသောကံကို ပြုအပ်သည်ဟု ခွင့်ပြုတော်မူသည်။

"တံဝိသော အဇ္ဈော်ယျ" ဟု ဟောတော်မူထွေလည်း ထိုပရိဝတ်ဆောက်တည်သောရဟန်းကို နှုတ်ကျိပ်ပြည့်ပြု၍ အဇ္ဈာန်မသွင်းအပ်ဟု ပြတော်မူသဖြင့် ထိုပရိဝတ် ဆောက်တည်သော ရဟန်းကိုလွှတ်၍ နှုတ်ကျိပ်ပြည့်မှု ထိုပရိဝတ်ဆောက်တည်သော ရဟန်းနှင့်ပင် တပါးသော ရဟန်းကို အဇ္ဈာန်သွင်းအပ်သည်ဟု ခွင့်ပြုတော်မူသည်။

အဋ္ဌကထာဆရာမြတ်လည်း ပရိဝတ်ဆောက်တည်သော ရဟန်းသည် ပါရိဝါသိကကံ, မူလာယပဋိကဿနကံ, မာနတ္တဒါနကံ, အဇ္ဈာနကံတို့၌ ကိုယ်းပြည့်မရကုန်၊ တပါးသော ဥပသမ္ပဒကံ စသည်တို့၌သာ ကိုယ်းပြည့်ဖြစ်သည်။ ဤကယ်၍ ပရိဝတ်စသောကံ၌ ကိုယ်းပြည့်အောင် ပကတတ်သံဃာမရှိခဲ့သော် ထိုပရိဝတ်ဆောက်တည်သော ဒုတိယရဟန်းကိုပင် ပကတတ်အရာ၌တည်အောင် ထိုဆောက်တည်သော ပရိဝတ်ကို ချစေ၍ တပါးသောရဟန်း၏ ပရိဝတ်အစရှိသောကံ၌ ကိုယ်းပြည့်သံဃာလုပ်အပ်သည်ဟု ပြတော်မူသည်။

ထို့ကြောင့် "ပါရိဝါသိကစတုဿာ စေ ဘိက္ခဝေ ပရိဝါသန္တိ ဿ ပါရိဝါသိကံ စတုဿံ ကတ္ဝာ။ပ။ ဧတ္တံ နိက္ခိပါပေတ္ဝာ ဂဏပူရကာ ကာတဗ္ဗော" ဟု လာဓသာ စူဠဝါအဋ္ဌကထာစကားသည် တပါးသောရဟန်းအား ပါရိဝါသိကကမ္မဝါစာကံကိုဆောင်ဆု သံဃာလေးပါးခစေ့၍သာ ပကတတ်ပြုလို၍ ဝတ်ကိုချစေအပ်သည်၊ ဝတ်ကို ချစေ၍ ကိုဏ်းပြည့်ပြုအပ်သည်ဟု ပြတော်မူသည်။

"နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ" ဟု ဆိုသော မာတိကာအဋ္ဌကထာစကားသည် ဝတ်ကိုဆောက်တည်ပြီးသောရဟန်းသည် လာထိုင်းသော ရဟန်းတို့အား ဝတ်ကြားရသည်ဖြစ်၍ နိက္ခိတ္တဝတ်ဖြင့် မကြားပဲနေလို့မူ ဝတ်ကိုချရာ၏၊ ဝတ်ကိုချလျှင် ပဏာတ်အာရာဒ်တည်သည်။ ပကတတ်အရာဒ်တည်၍ ဝတ်ကိုမကြားသော်လည်း မပျက်ဟု ပြတော်မူသည်။ ၎င်းစကားကို စူဠဝါအဋ္ဌကထာဋီလည်း ပြတော်မူသည်ပင်။

"ဝိတ္ထဲဂရော ပန သမန္တပါသာဒိကာယ ဝိနယသံဝဏ္ဏနာယ ဝုတ္တနယေနေဝေဒံဘဗ္ဗော" ဟု ဆိုသော မာတိကာအဋ္ဌကထာစကားသည် "ပါရိဝါသိကစတုတ္ထော စေ ဘိက္ခဝေ ပရိဝါသန္တိ ဿ ပါရိဝါသိကံ" အစရှိသော စူဠဝါအဋ္ဌကထာ ပါရိဝါသိကက္ခန္ဓက, သမုစ္စယက္ခန္ဓကကို ညွှန်းပြသောစကားဖြစ်၍ "နိက္ခိတ္တကာလတော ပဋ္ဌာယ ပကတတ္တဋ္ဌာနေ တိဋ္ဌတိ" ဟု ဆိုရုံမျှနှင့် ပါရိဝါသိကစတုတ္ထအရကို မသိနိုင်သောကြောင့်လည်းကောင်း၊ အလုံစုံရိဝတ်အရာဌာနကို သမန္တပါသာဒိကမည်သော စူဠဝါအဋ္ဌကထာဋီသာ အကျယ်ပြဆိုအပ်သောကြောင့်လည်းကောင်း ညွှန်ပြခြင်းဖြစ်သည်။

ထို့ကြောင့် မာတိကာအဋ္ဌကထာနှင့် စူဠဝါအဋ္ဌကထာစသော်းသည် အပိုအလျှံမရှိ၊ တိတိကျကျင်းကျင်း ရှင်းလင်းသေချာသည်ဖြစ်၍ ပရိဝတ်အဆင့်ဆင့်ပေးခြင်းသည် စွမ်းနိုင်လျှင် အပါးတရာင်ပေးသင့်သည်းအပ်သည်ဟု သန္နိဋ္ဌာန်ကျမှတ်ရမည်။

၂၃၃။ ဒေဿနာဝိကြားပြီးအာပတ် အကျိုးပေး-မပေး။

၈။ သဂ္ဂမောက္ခာနံ အန္တရာယံ ကရောန္တီတိ အန္တရာယိကာ။ တေ ကမ္မကိလေသဝိပါကဉပဓါဒအာဏာဝိဘိက္ကမဝသေန ပဉ္စ-ဝိဓာ။ တတ္ထ ပဉ္စာနန္တရိယကမ္မာ ကမ္မန္တရာယိကာ နာမ။ တထာ ဘိက္ခုနိဒ္ဒူသကာကမ်ံ တံ ပန မေစကွဒဿဝဲ အန္တရာယံ ကရောတီ နာ သဂ္ဂဿ။ နိယာမိဿဒိဋ္ဌိမ္မာ ကိလေသန္တရာယိကာ နာမ။ ပဏ္ဍကာတိရဿနကတဉာတေဝဿုန္တာနံ ပဋိသန္ဓိမ္မာ ဝိပါကန္တရာယိကာ နာမ။ အရိယူပဝါဒါ ဉာဝဓါဒန္တရာယိကာ နာမ၊ တေ ပန ယာဝ အရိယေ နာဒမာပေန္တိ၊ တာဝဒေဝ၊ နတတော ပရံ။ သဉ္စိစ္စ အာပန္နာ အာပတ္တိယော အာဏာဝိဘိက္ကမန္တရာယိကာ နာမ၊ တာပိ ယာဝ ဘိက္ခုဘာဝံ ဝါ ပဋိဇာနာတိ နာ ဝုဋ္ဌာတိ ဝါ နာ ဒေသေတိ ဝါ၊ တာဝ-ဒေဝ နတတော ပရံ—

ဟုပါဓိတ်အဋ္ဌကထာ အာရိဋ္ဌသိက္ခာပုဒ်အဖွင့်၌ လာသည်။

သဂ္ဂမောက္ခာနံ၊ နှတ်ပြည့်, နိဗ္ဗာန်တို့၏။ အန္တရာယံ၊ အန္တရာယ်ကို၊ ကရောန္တိ၊ ပြုကတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အန္တရာယိကာ-မည်ကုန်၏၊ တေ၊ ထိုအန္တရာယိကတို့သည်။ ကမ္မကိလေသဝိပါကဉပဓါ၊ ဒအာဏာဝိတိက္ကမဝသေန၊ ကမ္မန္တရာယ်, ကိလေသန္တရာယ်, ဝိပါက-န္တရာယ်, ဉာဝဓါဒန္တရာယ်, အာဏာဝိတိက္ကမန္တရာယ်၏အစုမ်းဖြင့်။ ပဉ္စ-ဝိဓာ၊ ငါးပါးအပြား ရှိကုန်၏။ တတ္ထ၊ ထိုငါးပါးတို့တွင်။ ပဉ္စာနန္တ-ရိယကမ္မ ၊ အာနန္တရိယကံငါးပါးဟူသည်။ ကမ္မန္တရာယိကာ နာမ၊ မည်ကုန်၏၊ ဘိက္ခုနိဒ္ဒူသကာကမ်ံ၊ ဘိက္ခုနီမကို ဖျက်ဆီးသောကံသည်။ တာဒေ၊ ထို့အတူဟူသည်။ တံ ပန၊ ထိုဘိက္ခုနိဒ္ဒူသကံသည်။ မောက္ခ-ဿဝဲ၊ နိဗ္ဗာန်၏သေးလျှင်။ အန္တရာယံ၊ ကို။ ကရောတိ၊ ပြု၏။ သဂ္ဂဿ၊ နှတ်ပြည့်၏။ အန္တရာယံ၊ အန္တရာယ်ကို။ နကရောတိ၊ မပြု။ နိယတ-မိစ္ဆာဒိဋ္ဌိမ္မာ၊ နိယာမိစ္ဆာအယူကဆိုးတို့သည်။ ကိလေသန္တရာယိကာ

နာမ၊ မည်ကုန်၏။ ပဏ္ဏာကတိရိစ္ဆာနဂတဉာဇတောဗျဥ္ဇကာနံ၊ ပဏ္ဏာက်, တိရစ္ဆာန်, ဉာဇတောဗျည်းတို့၏။ ပဋိသန္ဓိဓမ္မာ၊ ပဋိသန္ဓေတရားတို့သည်။ ဝိပါကာနွတ္ထရယိကာ နာမ၊ မည်ကုန်၏၊ အရိယူပဓါဒါ၊ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲခြင်းတို့သည်၊ ဥပဓါဒနွတ္ထရယိကာ နာမ၊ မည်ကုန်၏။ တေ ပန၊ ထိုအရိယာကို စွပ်စွဲခြင်းတို့သည်။ ယာဝ၊ အကြင်မျှလောက်၊ အရိယေ၊ အရိယာတို့ကို။ န ခမာပေန္တိ၊ မနာနိုင်တော့ကုန်။ တာဝ ဒေဝ၊ ထိုမျှလေစက်တာလပတ်လုံးသာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုပြစ်မှားသောအရိယာကို ကန်တော့သည်မှ။ ပရံ၊ နောက်၌။ န ဟောန္တိ၊ မဖြစ်ကုန်၊ သဉ္ဇိစ္စ၊ လွန်ကျူးလိုသောစေတနာရှိသည်ဖြစ်၍။ အာပန္နာ အာပတ္တိယော၊ သင့်သောအာပတ်တို့သည်။ အာဏာဝိတ်ကွာမန္တရယိ.ာ နာမ၊ မည်ကုန်၏၊ တာပိ၊ ထိုအာပတ်တို့သည်သည်း။ ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ဘိက္ခု-ဘာဝံ ဝါ၊ ရဟန်းအဖြစ်ကိုလည်း။ ပဋိဇာနာတိ၊ ဝန်ခံ၏။ န ဝုဋ္ဌာတိ ဝါ၊ ဝုဋ္ဌာနကံဖြင့်လည်းမကု။ န ဒေသေတိ ဝါ၊ ဒေသနာကံဖြင့်လည်းမကြား၊အံ့။ တာဝဒေဝ၊ ထိုမျှလောက် ကာလပတ်လုံး သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုပါရာဇိကကျသောရဟန်း လူထွက်သည်မှ၊ သံဃဒိသိသိသင့်သော ရဟန်း ဝတ်ယူ၍ ထမြောက်သည်မှ၊ ဒေသနာကံအာပတ်ကို ဒေသနာကြားပြီ၊သည်မှ။ ပရံ၊ နောက် ကာလ၌။ န ဟောန္တိ၊ မဖြစ်ကုန်။

တတော ပရန္တိ ခမာပနဒတာ ဥပရိ။ သဉ္ဇိစ္စ အာပန္နာ ကာပတ္တိဒယာဟိ သဉ္ဇိစ္စ စိတိက္ကန္တာ သတ္တ အာပတ္တိက္ခန္ဓာ။ သဉ္ဇိစ္စ စိတိက္ကန္တဉ္ဇ အန္တိမဒသာ ဒုက္ကဋဒုဋ္ဌာသိတမ်ိ သဂ္ဂမဂ္ဂဖလာနံ အန္တရာယံ ကရောတိ။ ယာဝ ဘိက္ခုဘာဝံ ပဋိဇာနာတိ ပါရာ-ဇိကံ အာပန္နော၊ န ဝုဋ္ဌာတိ သေသဂရုကာပတ္တိံ အာပန္နော၊ န ဒေသေတိ လဟုကာပတ္တိံ အာပန္နော—

ဟု သာရတ္ထဒီပနီဋီကာ၌ ဖွင့်တော်မူသည်။

တဘော ပရန္တိ၊ ဟူသည်ကဲ့သ။ ခမ္မာပနဝတော၊ ကန်တော့သည်မှ။ ဥ်းရိ၊ အထက်၌၊ ဝါ၊ နောက်၌။ သဠိစ္စ အာပန္နာ အာပတ္တိယော့တိ၊ ကား။ သဠိစ္စ၊ ဖစတနာရှိ၍။ ဝိဘိက္ကန္တာ၊ လွန်ကွေးကုန်သော။ သတ္တာ၊ ခုနစ်ဦးကုန်သော။ အာပတ္တိကွန္ဓာ၊ အာပတ်အစုတို့တည်း။ ဟိ၊ မှန်၏။ သဠိစ္စ၊ စေတနာရှိ၍။ ဝိတိက္ကန်၊ လွန်ကျွေးသောအာပတ်သည်။ အန္တ၊ ပန်သာ၊ အယုဘ်သဖြင့်။ ဒုက္ကဋဒုဘ္ဘာသိတမ်ပါ၊ ဒုက္ကဋ်၌, ဒုဘ္ဘာသိအာပတ် သည် သည်း၊ သဂ္ဂ ဂ္ဂဖလာနံ၊ နတ်ပြည်,မင်္ဂ,ဖိုလ်တို့၏။ အန္တရာယ်၊ ကို။ ဇာ,ရော့တိ၊ ၏။ ပါဠိတော်ကံ၊ သို့။ အာပန္နော၊ ရောက်သောရဟန်း သည်။ ယာဝ၊ လုံး။ ဘိက္ခုဘာဝံ၊ ရဟန်းအဖြစ်ကို။ ပဋိဇာနာတိ၊ ဝန်ခံ၏။ ဒသဟင်္ဂေဟိ အာပတ္တိံ၊ ပါရာဇိကမှကြွင်းသော ဂရုကာသံဃာ-ဒိသိသိအာပတ်သို့။ အာပန္နော၊ ရောက်သောရဟန်းသည်။ နဝဋ္ဌောတိ၊ မထမြောက်။ လဟုကာယတ္တိ၊ လဟုကအာပတ်သို့။ အာပန္နော၊ သည်။ နဒေဒသတိ၊ ဒေသနာမကြား။

ဝဇိရဗုဒ္ဓိဋီ ကာဋ္ဌလ်ည်း—

ပုဗ္ဗ သဠိစ္စ အာပန္နာ သမ္မုဋ္ဌာ သုဒ္ဓသညိနော အန္တရာယိကာ ဇော—

ဟု ဆိုတော်မူ၏။

ပုဗ္ဗ၊ ဆရှး၌။ သဠိစ္စ၊ စေတနာရှိသည်ဖြစ်၍။ အာပန္နာ၊ သင့်သော အာပတ်တို့သည်း သမ္မုဋ္ဌာ၊ မေ့လျော့သည်ဖြစ်၍။ သုဒ္ဓသညိနော၊ စင်ကြယ်သည်ဟု အမှတ်ရှိသောရဟန်းအား။ အန္တရာယိကာ ဇော၊ အန္တရာယ်ပြုကတ်ကုန်သည်သာတည်း။

ဤအဆုံးအာပတ်သင့်သောရဟန်းမှာ "နတတော ပရံ" ဟုဆိုသော အဋ္ဌကထာစကား၊အရကို သာရတ္ထဒီပနီဋီကာ, ဝဇိရဗုဒ္ဓိဋီကာ, ဝိနယ-ဝိနောဒနီဋီကာ, ဝိနယဝိနိစ္ဆယဋီကာ, ဝိနယတ္ထမဉ္ဇူသာမည်သော ကင်္ခါ ဋီကာ, ပါတိမောက္ခဟဒတ္ထအနုဝဏ္ဏနာ ကျမ်းတို့၌ အထူး ဖွင့်ဆိုခြင်း

မရှိကုန်။ ထိုသို့ပင် မဖွင့်ဆိုကြသော်လည်း သဓမ္မာဟ္ဝဝိနောဒနီ အဋ္ဌ-ဃဏာ ဉာဏဝိဘင်းအဖွင့်၌-

အပရဏ္ဏာပိ ဗဟူနိ ပါပကမ္မာနိ ဟောန္တိ၊ တာနိ ပယောဂဝိပတ္တိယံ ဒ္ဝိတဿ ဝိပစ္စေယျုံ။ သော ပန ဧကေန ကလျာဏ-ကမ္မေန ပယောဂသမ္ပတ္တိယံ ဒ္ဝိတော ပါဏာတိပါတာဒီဟိ ဝိရတော ကာယဝစီမနောသုစရိတာနိ ပူရေတိ၊ တာဒိသော ဌာနေ အကုသလဏ္ဍ ဝိပစ္စနောကာသော နတ္ထိ၊ ဧကန္တံ ကုသ-လဿေဝ ဩကာသော တိ ဧဝံ ပယောဂသမ္ပတ္တိပဋိဗာဟုံ နု ဝိပစ္စန္တိ တိ ပဇာနာတိ-

ဟု ဆိုသည်ကိုထောက်၍ သိလေ။

အပရဏ္ဏာပိ၊ တယောက်သောသူအား လည်း။ ဗဟူနိ၊ များစွာကုန်သော။ ပါပကမ္မာနိ၊ အကုသိုလ်ကံတို့သည်း ဧဟာန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တာနိ၊ ထို့အကုသိုလ်ကံတို့သည်။ ပယောဂဝိပတ္တိယံ၊ များသော အမှု၌။ ဒ္ဝိတဿ၊ တည်းသောသူအား၊ ဝါ၊ တည်လတ်သော်။ ဝိပစ္စေယျုံ၊ အကျိုးပေးကုန်ရာ၏။ သော ပန၊ ထိုအကုသိုလ်များသောသူသည်း ဧကေန၊ တပါးသော။ ကလျာဏကမ္မေန၊ ကောင်းမှုဖြင့်။ ပယောဂ-သမ္ပတ္တိယံ၊ ကောင်းသောအမှု၌။ ဒ္ဝိတော၊ တည်သည်ဖြစ်၍။ ပါဏာတိ-ပါတာဒီဟိ၊ တို့မှ ဝိရတော၊ ကြဉ်သည်ဖြစ်၍။ ကာယဝစီမနောသု-စရိတာနိ၊ ကာယသုစရိုက်, ဝစီသုစရိုက်, မနောသုစရိုက်တို့ကို။ ပူရေတိ၊ ပြည့်စေ၏။ တာဒိသေ၊ ထိုသို့သောဘောရှိသော။ ဌာနေ၊ ပယောဂ-သမ္ပတ္တိအခါ၌။ အကုသလဏ္ဍ၊ အကုသိုလ်၏။ ဝိပစ္စနောကာသော၊ အကျိုးပေးခွင့်သည်။ နတ္ထိ၊ မရှိ။ ဧကန္တံ၊ စင်စစ်။ ကုသလဿေဝ၊ ကုသိုလ်၏သာလျှင်။ ဩကာသော၊ အကျိုးပေးခွင့်သာည်း ဖြစ်၏။ ဧတံ ဝံ၊ ဤသို့။ ပယောဂသမ္ပတ္တိပဋိဗာဟုံ၊ ပယောဂနှင့်ပြည့်စုံခြင်းသည် တားမြစ်အပ်ကုန်သည်ဖြစ်၍၊ နု ဝိပစ္စန္တိ၊ အကျိုးကို မပေးကုန်။ ဧတ္ထတိ၊ သို့။ ပဇာနာတိ၊ သိ၏တော်မူ၏။

ထိုအခွဲကသာပါဠိကိုထောက်၍ အာပတ်ကိုကုစားပြီးလျှင် ပယောဂသမ္ပတ္တိနှင့်ပြည့်စုံ၍ အန္တရာယ်မပြုနိုင်သည်ကိုရည်၍ "နတတော ပရံ" ဟု ဆိုဘော်မူသည်။

တိရစ္ဆာန်ကိုသတ်၍ သင့်သောပါစိတ်အာပတ်ကို ဒေသနာကြားပြီး သော်လည်း အခါခပ်သိမ်း ပါဏာတိပါတကံ့ အပြစ်ငြိမ်း၍ အဟောသိကံဖြစ်သည်ကိုရည်၍ မဆိုဟု မှတ်ရမည်။

အာပတ်ကိုကုစားပြီးလျှင် ပယောဂသမ္ပတ္တိနှင့် ပြည့်စုံကြောင်းကိုလည်း-

> ယထာဟိ အရိယူပဝါဒတမ္မံ အကုသလမ်ပိ သမာနံ အစ္စယံ ဒေသေတ္ဝာ ခမာပနေန ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ အဝိ-ပါကဓမ္မတံ အာပန္နံ အာဟာသိဏမ်ံ ဟောတိ၊ ဧဝမိဒမ်ိပိ ဒေသိတံ စုဒ္ဒိတံ ဝါ ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ အဝိပါ-ကဓမ္မတာယ အာဟာသိကမ္မဘာဝေန အန္တရာယကရံ ဇာတံ—

ဟုလာဓသော သာရတ္ထဒီပနီဋီကာသမထက္ခန္ဓကအဖွင့်ကိုထောက်၍သိခဲလ။

ဟိ၊ ဥပမာကို ထင်စွာဆိုအံ့။ အရိယူပဝါဒကဲ့မ်ိ၊ အရိယာကို စွပ်စွဲသောကံသည်။ အကုသလံ၊ အကုသိုလ်သည်။ သမာနမ်ိ၊ ဖြစ်သော်လည်း။ အစ္စယံ၊ အပြစ်ကို။ ဒေသေတ္ဝာ၊ ပြောပြ၍။ ခမာပနေန၊ ကန်တော့သဖြင့်၊ ဝါ၊ သည်းခံစေသဖြင့်။ ပယောဂသမ္ပတ္တိပဋိဗာဟိ-တတ္တာ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်သည်၏ အဖြစ်ကြောင့်။ အဝိပါကဓမ္မတံ၊ အကျိုးမပေးသော တရား၏ အဖြစ်သို့။ အာပန္နံ၊ ရောက်သော။ အဒေဟာသိကမ်ံ၊ သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣဒမ်ိ၊ ဤအာပတ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားအပ်သော်လည်းကောင်း။ စုဒ္ဒိတံ ဝါ၊ ထမြောက်သော်လည်းကောင်း။ ပယောဂသမ္ပတ္တိပဋိဗာဟိတတ္တာ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်ရာသည်အဖြစ်ကြောင့်။ အဝိပါကဓမ္မတာယ၊ အကျိုး

မပေးသော သဘောဖြစ်ဖြင့်။ အဟောသိကမ္မဘာဝေန၊ အဟောသိကံအဖြစ်ဖြင့်။ အနန္တရယကရုံ၊ အာနန္တရိယ်မပြုသည်။ ဇာတံ၊ ဖြစ်၏။

ဝိမတိဝိနောဒနီဋီကာ ပဌမပါရာဇိကသိက္ခာပုဒ်၏ သမုဋ္ဌာန်အဖွင့်ဋ္ဌ—

အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ အာပတ္တိသမုဋ္ဌာပက-စိတ္တဝေဒနာ ကာရိယ အရုဏကာပစာရေန ဝုဉ္ဆံ၊ နု ပန အာပတ္တိယာ ကုသလာဒိပရမတ္ထဓမ္မဘာဝေန အာပတ္တိယာ သမ္မုတိသဘာဝတ္တာ—

ဟူ၍လည်းကောင်း၊

ဒေသနာဒိနာ စ အာပတ္တိ ဝိဂစ္ဆတီတိ ဝစနံ အတ္ထိ၊ နု ပန တေန အကုသလာဒိ ဝိဂစ္ဆတိ။ ပိတုဃာတာဒိကမ္မေန ဟိ ပါရာဇိကံ အာပန္နဿ ဘိက္ခုနော ဂိဟိလိင်္ဂံ ဂဟေဘဉ္စာ ဘိက္ခုဘာဝပရိစ္ဆာဒေန ပါရာဇိကာပတ္တိ ဝိဂစ္ဆတိ၊ နု ပါစာတိပါတာဒိအကုသလံ အာနန္တရိယာဒိဘာဝတော—

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူ၏။

အတ္ထိ ပန သိက္ခာပဒံ ကုသလန္တိအာဒိ၊ ဤသို့အစရှိသောစကားကို။ အာပတ္တိသမုဋ္ဌာပကစိတ္တဝေဒနာ၊ အာပတ်ကို ဖြစ်စေတတ်သောစိတ်၏ အစွမ်းဖြင့်။ ကာရိယ၊ အာပတ်သင့်ခြင်းကိုပြုခြင်းဌာန၊ ကာရကောပစာ-ရေန၊ အနာစကြောင်းဖြစ်သော ကုသိုလ်စိတ်ကို အကျိုးအကုသိုလ်အာပတ်ဌာ တင်စားသောအားဖြင့်။ ဝုဉ္ဆံ၊ ၏း အာပတ္တိယာ၊ ၏။ ကုသလာဒိပရ-မတ္ထဓမ္မဘာဝဓာသနံ၊ ကုသိုလိအာရုဏ်သော ပရမတ္ထဓမ္မဘာ၏ အစွမ်းဖြင့်။ နု ပန ဝုတ္တံ၊ ဆိုခဲ့တော်မူပြီး အာပတ္တိယာ၊ အာပတ်သည်၊ သမ္မုတိသ-ဘာဝတ္တာ၊ ထာကာပညတ်သဘော ဖြစ်သောကြောင့်တည်း။

ဒေသနာဒိနာ စ၊ ဒေသနာကြားခြင်း စသည်ကြောင့်။ အာပတ္တိ၊ အာပတ်သည်း ဝိဂစ္ဆတိ၊ ကင်း၏။ ဣတိ ဝစနံ၊ ဤသို့ ဟောတော်မူခြင်း

သည်။ အတ္ထိ၊ ရှိ၏။ ဧတနု၊ ထိုဒေသနာကြောင်းခြင်းစသည်ဖြင့်။ အကုသ-လာဒိ၊ အကုသိုလ်အစရှိသောအပြစ်သည်။ နုပန ဝိဂစ္ဆတိ၊ မကင်း။ ဟိ၊ မှန်၏။ ပိတုဃာတာဒိကမ္မေန၊ ပိတုဃာတအစရှိသောကံဖြင့်။ ပါဏာတိကံ၊ သို့။ အာပန္နဿ၊ ရောက်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဂိဟိလိင်္ဂံ၊ လူ၏အသွင်ကို။ ဂဧဟတ္တာ၊ ယူ၍။ ဘိက္ခုဘာဝပရိစ္စာ-ဂေန၊ ရဟန်းအဖြစ်ကိုစွန့်သဖြင့်။ ပါဏာတိကာပတ္တိ၊ သည်။ ဝိဂစ္ဆတိ-ကင်း၏။ ပါဏာတိပါတာဒိအကုသလံ၊ ပါဏာတိပါတ အစရှိသော အကုသိုလ်သည်။ နဝိဂစ္ဆတိ၊ မကင်း။ အာနန္တရိယာဒိဘာဝတော၊ အာနန္တရိယ စသည် ဖြစ်သောကြောင့်တည်း။

ထိုဋီကာပါဠိ၏ အလိုအားဖြင့် "နတတော ပရံ" ဟု ဆိုသော အဋ္ဌကထာမှာ စေတနာရှိ၍ လွန်ကျူးသော အာပတ်ခုနစ်ပါးတို့တွင် ပါဏာတိကကျသောရဟန်းသည် လူမထွက်မူ၍ မင်္ဂုလ်ကိုရထိုက်အောင် အားထုတ်၍ မင်္ဂုလ်ကိုရထိုက်သော ဘဝဖြစ်သော်လည်း မရနိုင်၊သေ၍ နတ်ပြည်သို့လည်း မရောက်နိုင်။ လူထွက်၍ အားထုတ်မှ မင်္ဂုလ်ကို ရထိုက်က ရနိုင်သည်။ နတ်ပြည်သို့ရောက်နိုင်သည်ဟု ဆိုခြင်းသည် ပိတု-ဃာတကံ စသည်တို့ကြောင့် ပါဏာတိက ကျသောရဟန်းသည် လူထွက်သော်လည်း၊ မင်္ဂုလ်ကို မရနိုင်, နတ်ပြည်သို့ မရောက်နိုင်သောကြောင့် "လူဘဝ်ရှိသောသူကိုသတ်၍ ပါရာဇိကကျသောရဟန်းမှာ အာနန္တ-ရိယကံ မဟုတ်သောကြောင့် လူထွက်၍အားထုတ်မှ မင်္ဂုလ်ကိုရထိုက်က ရနိုင်သည်။ မင်္ဂုလ်ကို ရထိုက်သောပါရမီမရှိသော်လည်း နတ်ပြည်သို့ ရောက်နိုင်သည်" ဟူ၍ အာဏာပညတ်ဖြစ်သော ပါဏာတိက အာပတ်အပြစ်မှ လွတ်ခြင်းကိုသာ ရည်၍ ဆိုသည်။ ထိုပါဏာတိပါတကံ၏ စေတနာမည်သော ပရမတ္ထအကုသိုလ်ကံငြိမ်းခြင်းကို ရည်၍ ဆိုတော်မမူ။ အာပတ်ဟူသောပညတ်သည် ပရမတ္ထဓမ္မတာအရကို ပြသည်မဟုတ်။ ဤမည်သောအမှုကိုပြုလျှင် ဤမည်သောအာပတ်သင့်စေဟူ၍ အာဏာ ထားတော်မူသဖြင့် ပညတ်ခြင်း၏ သဘောမျှသာ ဖြစ်သောကြောင့် တည်းဟု ပြတော်မူသည်။

အမှာ။ ။ထိုအာပတ်၏ ပညတ်သာမည်ကြောင်း အကျယ်ကို ဝိမတိ-ဝိနောဒနီဋီကာ ပဌမပါရာဇိကသုဒ္ဒာန်အဖွင့်, ပဌမဒုဋ္ဌ-ဒေါသသိက္ခာပုဒ်အဖွင့်, စူဠဝါသမထက္ခန္ဓကအဖွင့်, ပရိဝါ ပညတ္တိဝါရအဖွင့်တို့မှာ ရှုလေ။

ဝိမတိဝိနောဒနီဋီကာရှင်ဧကာဒးသည်–

ဣမသ္မိဉ္စ သိက္ခာပဒေ တိရစ္ဆာနဂတောယေဝ ပါဠိကာတိ ဝေဒိတဗ္ဗော၊ တံ ဒုဋ္ဌကမ္ပိ မဟန္တမ္ပိ မာရေန္တံသာ အာပတ္တိနာ-နာဏရဏံ နတ္ထိ။ မဟန္တေ ပန ဥပက္ကမမဟန္တတ္တာ အကုသလ-မဟတ္တံ ဟောတိ–

ဟု လာသော သဉ္ဇိစ္စသိက္ခာပုဒ်အဖွင့် အဋ္ဌကထာနှင့် ညီသည်။

ဣမသ္မိဉ္စ သိက္ခာပဒေ၊ ဤသိက္ခာပုဒ်၌လည်း။ တိရစ္ဆာနဂတော-ယေဝ၊ တိရစ္ဆာန်ကိုသာလျှင်။ ပါဠိကာတိ၊ သတ္တဝါဟူ၍ ဝေဒိတဗ္ဗော၊ သိအပ်၏။ တံ၊ ထိုသတ္တဝါကို။ ခုဒ္ဒကမ္ပိ၊ အငယ်ကိုလည်း ကောင်း။ မဟန္တမ္ပိ၊ အကြီးကိုလည်း ကောင်း။ မာရေန္တံသာ၊ သတ်သော ရဟန်း၊ အား။ အာပတ္တိနာနာဏရဏံ၊ အာပတ်၌ ထူးသောအကြောင်းသည် နတ္ထိ၊ ရှိ။ မဟန္တေ ပန၊ ကြီးသောသတ္တဝါ၌ကား။ ဥပက္ကမမဟန္တတ္တာ၊ ပယောဂအား ကြီးသောကြောင့်။ အကုသလမဟတ္တံ၊ အကုသိုလ်ကြီးသည်အဖြစ်သည်။ ဟောတိ၊ ၏။

ဤအဋ္ဌကထာပါဌ်ဖြင့် အာပတ်သည် အာဏာပညတ်မျှသာဖြစ်၍ အာပက်သင့်ခြင်း၌ အထူးမရှိ။ ထိုအာပတ်ကို ဒေသနာကြား၍စင်ကြယ်ခဲ့မူ မင်္ဂုလ်ကို ရထိုက်သူဖြစ်က အားထုတ်မူ ရနိုင်ရာသည်။ ပါရမီ နုသေး၍ မရသော်လည်း နတ်ပြည်သို့ရောက်နိုင်သည်။ ပါစိတ်အာပတ် သင့်ဝေဟု ပညတ်အပ်သော အားဏာတော်ကို လွန်ကျူးသော အပြစ် လွတ်သည်။ ထိုသို့ဒေသနာမကြားမူ အာဏာတော်ကို ကျူးလွန်သော

ပညတ်တော်၏ အပြစ်သင့်ခြင်းဖြင့်ပင် မဂ်ဖိုလိနတ်ပြည်ကို တားမြစ်နိုင်သည်။

ပရိမတ္ထဿဘာဝဖြစ်သော အကုသိုလ်ကံမှာ သတ္တဝါကြီးမှု ပယောဂကြီး၍ အပြစ်ကြီးသည်။ သတ္တဝါငယ်မှု ပယောဂသေး၍ အပြစ်ငယ်သည်ဟု ပြဘော်မှုသဖြင့် ဒေသနာကြား၍ စင်ကြယ်သော်လည်း ပရမတ္ထပါဏာတိပါတကံ၏အပြစ် မကင်းသည်၏အဖြစ်ကို ပြတော်မူသည်။ ဝိနယဂုဠ္ဍတ္ထဒီပနီမည်သောကျမ်းဋ္ဌသည်း–

ယဉ္စ အာပတ္တာဓိကရဏံ အကုသလံ၊ တမ္မိ ဒေသိတံ စုဏ္ဏိတံ နာ အန္တရာယကရံ၊ ယထာ ဟိ အရိယူပဝါဒဆမ္မံ အကုသလမ္မိ သမာနံ အစ္စယံ ဒေသေတွာ ခမာပနေန ပုထုယောဂသမ္မတ္တိယာ ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတံ အာပန္နံ အဟာသိကမ္မံ ဟောတိ၊ ဧဝမိဒမ္မိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပယောဂသမ္မတ္တိယာ ပဋိဗာဟိဘာတွာ အဝိပါကဓမ္မတာယ အဟာသိကမ္မဘာဝေန အနန္တရာယကရံ၊ ဒိဋ္ဌဓမ္မဝေဒနီယဉ္စ ကမ္မံ အပရာပရိယဝေဒနီယေသု တီသု ဂမ္မေသု ဧကမ္မေ ဒဋ္ဌာယေသု ဒေသနာဝုဋ္ဌာနံ ဒိဋ္ဌဓမ္မဉ္စ ပဋိဗာဟိတွာ ကောဋ္ဌာသာနံ ဒိန္နံ ဧဝမ္မာနံယေဝ အနန္တရာယကရံ၊ နာ အပရာပရိယဂမ္မသာ။ အပရာပရိယဆမ္မံ ဟိ ယဒါ လဒ္ဓါကာသံ၊ တဒါ ကိဉ္စိ ကိဉ္စိ ကာလေ အန္တရာယကရံ သိယာ ဇဋ္ဌလသော်ဋ္ဌနော အပရာပရိယဝေဒနီယဉ္စ ကမ္မံ ဝိယ၊ ဇဋ္ဌလသော်ဋ္ဌဝတ္ထု ပန ဓမ္မပဒေ အာဂတမေဝါတိ–

ဟု ဆိုတော်မူ၏။

ယဉ္စ အာပတ္တာဓိကရဏံ၊ အကြင်အာပတ် အဓိကရဏ်းသည်။ အကုသလံ၊ အကုသိုလ်မည်၏။ တမ္မိ၊ ထိုအာပတ်သည်လည်း။ ဒေသိတံ၊ ဒေသနာကြားသည် ရှိ၏သော်။ စုဋ္ဌိတံ၊ ဝုဋ္ဌာနကံဖြင့် ထသည်ရှိသော်။ အန္တရာယကရံ၊ အန္တရာယ်ကိုပြုသည်။ နဟောတိ၊ မဖြစ်။ ဟိ၊ ဥပမာ

ထင်စွာပြအံ့။ အရိယဟုပဝါဒကမ္မံ၊ အရိယာက်ိုပြစ်မှားသောကံသည်။ အကုသလံ၊ သည်။ သမာနမို့၊ ဖြစ်သော်လည်း။ အစ္စယံ၊ အပြစ်ကို။ ဒေသေတ္ဝာ၊ ကြား၍။ ခမာပနေန၊ ကန်တော့သဖြင့်။ ပုဗ္ဗယာဂသမ္ပတ္တိယာ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့်။ ပဋိဗဟိတတ္တာ၊ တားမြစ်သည် အဖြစ်ကြောင့်။ အဝိပါကဓမ္မတံ၊ အကျိုးမပေးသောတရား၏အဖြစ်သို့။ အာပန္နံ၊ ရောက်သော။ အဟောသိဓာမ့်၊ အဟောသိကံသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣဒမ့်၊ ဤဆာပတ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားသော်လည်းကောင်း။ ဝုဋ္ဌိတံ ဝါ၊ ဝုဋ္ဌာနကံဖြင့် ထသော် လည်းကောင်း။ ပယောဂသမ္ပတ္တိယာ၊ ပယောဂနှင့် ပြည့်စုံခြင်းဖြင့်။ ပဋိဗာဟိတတ္တာ၊ တားမြစ်အပ်သောကြောင့်။ အဝိပါကဓမ္မတာယ၊ အကျိုးမပေးသောသဘောရှိသော။ အဟောသိဏမ္မဘာဝေန၊ အဟောသိကံ၏အဖြစ်ဖြင့်။ သာနန္တရိယဏာမံ၊ အနန္တရိယမပြုသည်။ ဟောတိ၊ ၏။ ဒိဋ္ဌဓမ္မဝေဒနီယညပပဇ္ဇအပရာပရိယ-ဝေဒနီယေသု၊ ဒိဋ္ဌဓမ္မဝေဒနီယကံ, ညပပဇ္ဇဝေဒနီယကံ, အပရာပရိယ-ဝေဒနီယကံဟု ဆိုအပ်ကုန်သော်၊ တိသု၊ သုံးပါးကုန်သော။ ကမ္မ-ကောဋ္ဌာသေသု၊ ကံအစုတို့တွင်။ ဒေသနာဝုဋ္ဌာနံ၊ ဒေသနာကံ, ဝုဋ္ဌာ-နကံသည်။ ဒိဋ္ဌဓမ္မညပပဇ္ဇကောဋ္ဌာသာနံ၊ ဒိဋ္ဌဓမ္မ, ညပပဇ္ဇအပို့ရှိကုန်သော။ ဒိန္နံ၊ နှစ်ပါးကုန်သော။ ကမ္မာနံယေဝ၊ ကံတို့၏သာလျှင်။ အနန္တရာ-ယဏာံ၊ အနန္တရာယ်ကို မပြုသည်။ ဟောတိ၊ ၏။ အပရာပရိယဏာမမ္မဿ၊ အပရာပရိယဝေဒနီယကံမည်သော ဇလယ်ဇောင်းခု စေတနာ၏။ အနန္တရာယဏာံ၊ အနန္တရာယ်ကို မပြုခြင်းသည်။ နဟောတိ။ မဖြစ်။ ဟိ၊ မှန်၏။ အပရာပရိယဏာမံ၊ သည်။ ယဒါ၊ အကြင်အခါ၌။ လဒ္ဓါ-တာသံ၊ ရအပ်သောအခွင့်ရှိ၏။ တဒါ၊ ထိုအခါ၌။ ကိဉ္စိ ကိဉ္စိကာလေ၊ ရံခါ ရံခါ ကာလ၌။ အနန္တရာယဏာံ၊ အနန္တရာယ်ကိုပြုသည်။ သိယာ၊ ဖြစ်ရာ၏။ ဇဋိလသေဋ္ဌိနော၊ ဇဋိလသဒ္ဒေး၏။ အပရာပရိယာညပဝါဒ-ကမ္မံ ဝိယ၊ အရိယဝါဒကံကဲ့သို့ မြဲမြံခိုင်ခံ့၍ ပေးမျှာခုနစ်ဘဝခံရသော အပရာပရိယ-ကံကဲ့သို့တည်း။ ဇဋိလဝတ္ထုပန၊ ဇဋိလဝတ္ထုသည်ကား။ ဓမ္မပဒ၊ ဓမ္မပဒအဋ္ဌကထာ၌။ အာဂတမေဝ၊ လာသည်သာလျှင်ကတည်း။

ဤသို့လာသော အဋ္ဌကထာ, ဋီကာကိုထောက်၍ သိလျက်နှင့် ကျူးလွန်သော အယုတ်သဖြင့် သန်း၌, ကြမ်းပိုးဥကိုဖျက်ဆီး၊ခြင်းအစရှိသော လောကဝဇ္ဇအာပတ်ကို ဒုဒေသနာကြား၍ မဂ်ဖိုလ်အန္တရာယ်, နတ်ပြည်အန္တရာယ် မဖြစ်သော်လည်း နာနာစေတနာနာနာဇာမဝိပါက, သေသအကုသိုလ်ဖြစ်သည်၊ မဟာပန်ိုင်ဟု သန္နိဋ္ဌာန်ကျမှတ်လေ။

၂၃၄။ ဆေးလိပ်သောက်ခြင်း

၉။ ပါစိတ်ဆဋ္ဌကထာ ဒန္တပေါနသိက္ခာပုဒ်အဖွင့်၌—

ဘိက္ခု ဓူမဝဋ္ဋိ' ပဋိဂ္ဂဟာဘာ ဓူမံ ပိဝတိ၊ မုခဉ္စ ကာဏ္ဏာ စ မနောသိလာယ လိတ္တော ဝိယ ဟောတိ၊ ယာဝကာလိကံ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ ယာဝကာလိကေန ယာဝဇီဝိကာသံသဋ္ဌ ဒေါသော နတ္ထိ—

ဟု ဆိုတော်မူသည်။

ဘိက္ခု၊ ရဟန်းသည်။ ဓူမဝဋ္ဋိ'၊ အခိုးထွက်သောဆေးလုံးကို။ ပဋိဂ္ဂဟောဘာ၊ အားပြုခံ၍။ ဓူမံ၊ အခိုးကို။ ပိဝတိ၊ ရှူ၏၊ဝါ၊သောက်၏။ မုခဉ္စ၊ ခံတွင်းသည် လည်းကောင်း။ ကာဏ္ဏော စ၊ လည်ချောင်းသည် လည်းကောင်း။ မနောသိလာယ၊ ဆေးဒန်းမြင်းသီလာကျောက်ဖြင့်။ လိတ္တော ဝိယ၊ လိမ်းကျံသကဲ့သို့။ ဟောတိ၊ ၏။ ယာဝကာလိကံ၊ ကို။ ဘုဉ္ဇိတုံ၊ စားခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ယာဝကာလိကေန၊ နှင့်။ ယာဝဇီဝိကသံသဋ္ဌ၊ ယာဝဇီဝိကဆေးခြင်း၌၊ ဒေါသော၊ အပြစ်သည်း နတ္ထိ၊ မရှိ။

သာရတ္ထဒီပနီဋီကာ၌—

ပဋိဂ္ဂဟောတ္တာတိ တာဒဟု ပဋိဂ္ဂဟောတ္တာ။ တေနေဝ "ယာဝကာလိကေန ယာဝဇီဝိကသံသဋ္ဌ ဒေါသော နတ္ထိ" တိ ဝုတ္တံ။

သစေ ပန ပုရိမဒိဝသေ ပဋိဂ္ဂဟေတ္ဝာ ဌပိတော ဟောတိ၊ သာမိသေန မုခေန တာသဉ္စ ဝဋ္ဋိယာ ဓုမံ ပိဝိတုံ န ဝဋ္ဋတိ—ဟု ဖွင့်တော်မူသည်။

ပဋိဂ္ဂဟေတ္ဝာတိ၊ ဟူသည်ကား။ တဒဟု၊ ထို့နေ့၌။ ပဋိဂ္ဂဟေတ္ဝာ၊ အကပ်ခံ၍၊ တနေ့ဝ၊ ထို့ကြောင့်သာလျှင်။ ယာဝကာလိကေန။ ပ။ ဒေါသော နတ္ထိတိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ပုရိမဒိဝသေ၊ ရှေးနေ့၌၊ ပဋိဂ္ဂဟေတ္ဝာ၊ အကပ်ခံ၍။ ဌပိတော၊ ထားအပ်သည်။ သစေ ပန ဟောတိ၊ ဖြင့်အံ့။ သာမိသေန၊ အာမိသရှိသော။ မုခေန၊ ခံတွင်းဖြင့်။ တာသဉ္စ ဝဋ္ဋိယာ၊ ထို့ဆေးလုံး၏။ ဓုမံ၊ အခိုးကို။ ပိဝိတုံ၊ သောက်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။

အဓိပ္ပါယ်ကား— ဂိလာန ဖြစ်သော်လည်း ယနေ့အထပ်ခံသော ယာဝဇီဝိကဆေးလုံး ဆေးလိပ်အစေးအချေးနှင့်သော ယာဝကာလိကနှင့်ရောရ၍ အပြစ်မရှိသည်။ ယာမန်နေ့သည်တို့က ဆေးလုံးဆေးလိပ်ဖြစ်အံ့၊ ခံတွင်း၌အညစ်အကြေးရှိမူ ယာဝကာလိကကိုစား၍ ရောသော အခါအပြစ်ရှိသည် မသောက်အပ် ရှူအပ်ဟု ပြုတော်မူသည်။ ကွမ်းသီးကွမ်းထုံး စသည်တို့ကို ရှေးရှေးနေ့တို့က ယာဝဇီဝိကဟုဆို၍ အကပ်ခံထားသောရဟန်းတို့မှာလည်း စား၍ ခံတွင်း၌အညစ်အကြေးရှိမူ ယာဝကာလိကကိုစား၍ ရောနှောသောအခါ အပြစ်ရှိသည်၊ သန္နိဓိပါစိတ်အာပတ်သင့်သည်ဟု မှတ်။

ပုရေ ပဋိဂ္ဂဟိတဉ္စ၊ သတ္တာဟံ ယာဝဇီဝိကံ။
သေသကာလိကသမ္မိဿံ၊ ပါစိတ္တိ ပရိဘုဉ္ဇတော—

ဟု ဆိုသော ဝိနည်းလက်သန်းအဋ္ဌကထာကို ထောက်။

ပုရေ ပဋိဂ္ဂဟိတံ၊ ရှေးနေ့၌အကပ်ခံအပ်သော။ သတ္တာဟဉ္စ၊ သတ္တာဟကာလိကကို လည်းကောင်း၊ ယာဝဇီဝိကဉ္စ၊ ယာဝဇီဝိကကို လည်း

ကောင်း။ သေသကာလိကသမ္မိဿံ၊ ကြွင်းသော ယာဝကာလိက, ယာမကာလိကနှင့် ဆောသည်ကို၊ ကတ္တာ၊ ပြု၍၊ ပရိဘုဉ္ဇတော၊ သုံးဆောင်သော ရဟန်းအား။ ပါစိတ္တိ၊ သန္နိဓိပါစိတ်အာပတ်သင့်၏။

ဆေးလုံးအဝိုး ဆေးလိပ်အဝိုးသောက်ခြင်းငှါ မဟာဝဂ်ပါဠိတော် ဘေသဇ္ဇက္ခန္ဓကဥ်ပ် ဂိလာနရဟန်းကို အကြောင်းပြု၍ ခွင့်ပြုတော်မူရှင်းဖြစ်သည်။

အနုဇာနာမိ ဘိက္ခဝေ ဓူမံ, ပါတုံ-

ဟူ၍ လည်းကောင်း၊

အနုဇာနာမိ ဘိက္ခဝေ ဓူမနေတ္တံ-

ဟူ၍ လည်းကောင်း ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ ဓူမံ၊ ဆေးလုံးအဝိုးလုံးကို။ ပါတုံ၊ သောက်စိမ့် ကောင်း။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဘိက္ခဝေ၊ တို့။ ဓူမနေတ္တံ၊ အဝိုးသောက်တံကို။ အနုဇာနာမိ၊ ၏။

၂၃၅။ ယာမကာလိကပဗ္ဗဝေက္ခဏာ

၁၀။ သတိ ပစ္စယေတိ ယာမကာလိကံ ပိပါသာယ သတိ ပိပါသစ္ဆေဒနတ္ထံ, သတ္တာဟကာလိကံ ယာဝဇီဝိကဉ္စ တေန ဘေသဇ္ဇပသမေတဗ္ဗက အာဗာဒေ သတိ တာယ ဥပသမနတ္ထံ ပရိဘုဉ္ဇတော အနာပတ္တိ-

ဟု ပါစိတ်အဋ္ဌကထာ ပဌမပဝါရဏာ သိက္ခာပုဒ်အဖွင့်၌ လာသည်။

သတိ ပစ္စယေတိ၊ ဟူသည်ကား။ ယာမကာလိကံ၊ ကို။ ပိပါသာယ၊ မွတ်သိပ်ခြင်းသည်။ သတိ၊ ရှိသော်၊ ပိပါသစ္ဆေဒနတ္ထံ၊ မွတ်သိပ်ခြင်းကို ပယ်ခြင်းငှါ။ သတ္တာဟကာလိကဉ္စ၊ ကိုလည်းကောင်း။ ယာဝဇီဝိကဉ္စ၊ ကိုလည်းကောင်း။ တေန ဘေန၊ ထိုထိုသောကာလိကဖြင့်။

ဥပသမေတဗ္ဗဒးက၊ ငြိမ်းဒေးအပ်သော။ အားဗာဓေ၊ အနာသည်။ သတိ၊ ရှိသော်။ တာဿ၊ ထိုအနာကို။ ဥပသမနွတ်၊ ငြိမ်းစေခြင်းငှါ။ ပရိဘုဉ္ဇတော၊ သုံးဆောင်သောရဟန်းအား။ အနာပတ္တိ၊ အာပတ်မသင့်။

ယာမကာလိကမည်သော အဖျော်ရှစ်ပါးကို ဘုရားမြတ်စွာသည် မဟာဝဂ်ပါဠိတော် ဘေသဇ္ဇက္ခန္ဓကဒ္ဒါပင် ဟောတော်မူသောကြောင့် ပိပါသကို ဖျောက်ခြင်းငှါလည်း ဂေလညမူတပါ။ အကြောင်းဖြစ်၍ အားဖြင့် ခွင့်ပြုတော်မူသည်ဖြစ်၍ "ဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရံ" ဟူသော ပစ္စဝေက္ခဏာကိုပင် ဆင်ခြင်ရမည်ဟုမူတော်။

ရေကို သုံးဆောင်သော အခါ၌လည်း ဘေသဇ္ဇဖြင့် ရောတွက်အပ်သောကြောင့် ဘေသဇ္ဇပစ္စဝေက္ခဏာကိုပင် ဆင်ခြင်၍ သုံးဆောင်အပ်သည်း ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌—

အာဟာရန္တိ အာဇျာဟရိတဗ္ဗံ ကာလိကံ အဓိပ္ပေတံ၊ နဒကံ။ တဉ် ဘေသဇ္ဇသင်္ဂဟိတမိတိ အကာလိကမေဝ ဒဋ္ဌဟိတဿေဝ ကာလိကတ္တာ။ ဥဒကဟိ ပဋိဂ္ဂဟဏံ နတ္ထိတိ—

ဟု ဆိုတော်မူ၏။

အာဟာရန္တိ၊ ဟူသည်ကား။ အာဇျာဟရိတဗ္ဗံ၊ မျိုအပ်သော။ ကာလိကံ၊ ကို။ အဓိပ္ပေတံ၊ အလိုရှိအပ်၏။ ဥဒကံ၊ ရေကို။ နှ အဓိပ္ပေတံ၊ အလိုမရှိအပ်။ ဟိ မူန်၏။ တံ၊ ထိုရေသည်။ ဘေသဇ္ဇသင်္ဂဟိတမိ၊ ဆေးဝါးရောတွက်အပ်သော်လည်း။ အကာလိကမေဝ၊ ကာလိကမဟုတ်၊ ကာလိကမဖြစ်သေးကြောင့်တည်း။ ဟိ၊ မူန်၏။ ဥဒကေ၊ ရေ၌။ ပဋိဂ္ဂဟဏံ၊ အကပ်ခံခြင်းသည်။ နတ္ထိ၊ မရောက်။

ရှေးနှစ်ကာ အကပ်ခံ၍ထားသော သတ္တာဟာကာလိက, ယာဝကာလိက, ယာမကာလိကတို့ကို နံနက်အခါ၌ အာဟာရအကျိုးငှါ သုံးဆောင်ရာ အာဘယ်အာပတ်သင့်ပါသနည်း ဆိုပြားအံ့၊ သာရတ္ထဒီပနီဋီကာ၌—

ပါဠိယံ“သတ္တာဟကာလိကံ ယာဝဇီဝိကံ အာဟာရတ္ထာယ ပဋိဂ္ဂဏှာတိ၊ အာပတ္တိ ဒုက္ကဋဿာ”တိအာဒိနာ သန္နိဟိတေသု သတ္တာဟကာလိကယာဝဇီဝိကေသု ပုရေဘတ္တမ်ိ အာဟာရတ္ထာယ အဇ္ဈောဟရဏေပိ ဒုက္ကဋဿ ဝုတ္တတ္တာ ယာမကာလိကေပိ အာဟာရတ္ထာယ အဇ္ဈောဟရဏေ ဝိသုံ ဒုက္ကဋေနာပိ ဘဝိတဗ္ဗန္တိ အာဟ “အာဟာရတ္ထာယ အဇ္ဈောဟရဏဘာဝေန ဒုက္ကဋေန သဒ္ဓိံ ပါစိတ္တိယ”န္တိ–

ဟု ဆိုတော်မူ၏။

ပါဠိယံ၊ ပါဠိတော်၌။ သတ္တာဟကာလိကံ၊ ကိုလည်းကောင်း။ ယာဝဇီဝိကံ၊ ကို လည်းကောင်း။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှါး ပဋိဂ္ဂဏှာတိ၊ ခံ၏။ အာပတ္တိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဤတိ အာဒိနာ၊ ဤသို့စသည်ဖြင့်။ သန္နိဟိတေသု၊ အဆက်ဆံ၍ သိုမှီးအပ်ကုန်သော။ သတ္တာဟကာလိကယာဝဇီဝိကေသု၊ တို့၌။ ပုရေဘတ္တံမှိ၊ နံနက်အခါ၌လည်း။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှါး အဇ္ဈောဟရဏေပိ၊ မျိုခြင်း၌လည်း။ ဒုက္ကဋဿ၊ ကို။ ဝုတ္တတ္တာ၊ ဟောတော်မူအပ်သည် ဖြစ်၍ကြောင့်။ ယာမကာလိကေပိ၊ ယာမကာလိက၌လည်း။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှါး အဇ္ဈောဟရဏေ၊ မျိုခြင်း၌။ ဝိသုံ၊ အသီး။ ဒုက္ကဋေနာပိ၊ ဒုက္ကဋ် အာပတ်သည်လည်း။ ဘဝိတဗ္ဗံ၊ ဖြစ်ဆုံး၏။ ဤတိ တသ္မာ၊ ထို့ကြောင့်။ အာဟာရတ္ထာယ၊ အာဟာရအကျိုးငှါး။ အဇ္ဈောဟရတော၊ မျိုသောရဟန်းအား။ ဒုက္ကဋေန၊ နှင့်။ သဒ္ဓိံ၊ တကွ။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သင့်၏။ ဤတိ၊ သို့။ အာဟ၊ ဆို၏။

ရှေးနေ့တို့၌ အဏပ်ခံ၍ထားသော သတ္တာဟကာလိက, ယာဝဇီဝိကတို့ကို နံနက်အခါ၌ အာဟာရအကျိုးငှါ သုံးဆောင်သည်ရှိသော် ဒုက္ကဋ်သင့်သည်။ အဏပ်ခံ၍ တနေ့တယံလွန်ပြီးသော ယာမကာလိကကို နံနက်အခါ၌ အာဟာရအကျိုးငှါ သုံးဆောင်သည်ရှိသော် ဒုက္ကဋ်, ပါစိတ်နှစ်ပါးသင့်သည်ဟု ပြတော်မူသည်။

ဤသို့လျှင် ညောင်ပင်မြို့ ထိမ်းတောကျောင်း၌ သီဘင်းသုံးနေသော ဘေဇဝန္တအမည်ရှိသော မထေရ်မြတ် ဖြေဆိုဆုံးဖြတ်၍ပြီးသည်း

ဦးကလျာဏ၏ ဝိနယပုစ္ဆာများ

ထန်းတပင်ရှာ ပုလဲကျောင်းတိုက်နေ ပဉ္စင်းကလျာဏ ရှိသော ဝပ်ဘွား လျှောက်ထားအပ်ပါသည် အရှင်သူမြတ်ဘုရား။

၁။ တဦးသော်ရဟန်းသည် စေခိုင်းစရာမရှိ၍ စေတီရင်ပြင်တော်၌ မြက်သစ်ပင့်တို့ကို ကိုယ်တိုင်သုတ်သင်ရာ ကုသိုလ်ဖြစ်မည်၊ မဖြစ်မည်၊ အာဏာယ်၍ ကုသိုလ်ဖြစ်ကာ အကျိုးပေးမည်၊ မပေးမည်ကို ပါဠိအဋ္ဌကထာဖြင့် သိလိုပါသည် အရှင်ဘုရား။

၂။ ဒေသနာကံဝဋ္ဌာနကံ အာပတ်ကို ကုစားပြီးလျှင် အချို့က လုံးလုံးအကျိုးမပေး၊ အချို့က လုံးလုံးမကင်းဒဿဟူ၍ ပြောဆိုကြပါသည်။ ၎င်းကို ပါဠိအဋ္ဌကထာ, ဋီကာတို့ဖြင့် သိပါရာမည်အကြောင်း လျှောက်ထားပါသည်ဘုရား။

၃။ သင်္ကန်းချုပ်သောအရာမှာ ဝေးဖြတ်မှု အပ်မည်၊ သို့မဟုတ် အပ်ဖြတ်၍ချုပ်လျှင် အပ်မည်ကို အသေအချာ ကျွမ်းဂန်ဖြင့် သိလိုပါသည် ဘုရား။

ထိမ်းတောဆရာတော်၏ ဝိနယဝိသဇ္ဇနာများ

၂၃၆။ ဘုရားရင်ပြင်၌ ရဟန်းကိုယ်တိုင် မြက်ရှင်းခြင်း

၁။ ကုသလစိတ္တံ အင်္ဂါတို့ ပဏ္ဏတ္တိ အဇ္ဈာနိတ္ထာ ကုသလစိတ္တေန စေတိယင်္ဂဏာဒီသု ဘူမိဓသောဓနာဒိဝသေန ပထဝီဘူတဂါမဝိဓကာပနာဒိကာလေ ကုသလစိတ္တံ ကာရဏံ ဟောတီဟု ဝိမတိဝိနောဒနီဋီကာ သမထက္ခန္ဓကအဖွင့်၌ လာသည်။

ကုသလစိတ္တံ အာဂ်န္တိ၊ ဟူသည်ကား။ ပဏ္ဏတ္တိ၊ ပညတ်ကို။ အဇာနိတ္ဝာ၊ မသိမူ၍။ ကုသလစိတ္တဉ္စ၊ ကုသိုလ်စိတ်ဖြင့်။ စေတိယဂ်ဏာဒီသု၊ စေတီရင်ပြင် စသည်ဘို့၌။ ဘူမိသောဓနာဒိဝတ္ထသု၊ မြေကို သုတ်သင်ခြင်း စသည်တို့၏ အစွမ်းဖြင့်။ ပထဝီဘူဘဂါမဝိကောပနာဒိကာလေ၊ မြေကြီးသစ်ပင်အဖျက်ကို ဖျက်ဆီးခြင်းအစရှိသောအခါ၌။ ကုသလစိတ္တံ၊ ကုသိုတ်စိတ်သည်။ ကာရဏံ၊ အာပတ်သင့်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ၏။

သာရတ္ထဒီပနီဋီကာ၌လည်း—

အာဂ်ံ ဟောတီတိ စ ဝတ္ထုသိသေန ကထောန္တေသဖိ "ဣမံ ပထဝိ' ဇဏာမိ" တိအာဒိနာ ဝိဘိက္ကမဇာနနဝသေန ပဝတ္တတ္တာတံ ကုသလစိတ္တံ အာပတ္တာဓိကရဏံ၊ ကုသလစိတ္တံ အာပတ္တိယာ ကာရဏံ ဟောတီတိ အဇ္ဈာ—

ဟု ဖွင့်ဆော်မူသည်။

အာဂ်ံ ဟောဘီတိ၊ ဟူသည်ကား။ ဝတ္ထုသိသေန၊ ဝတ်ကိုအရင်းပြုသဖြင့်။ ကဇဏာန္တေသဖိ၊ ပြုသော်လည်း။ ဣမံ ပထဝိံ၊ ဤမြေကို။ ခဏာမိ၊ တူး၏။ ဣတိ အာဒိနာ၊ ဤသို့အစရှိသော။ ဝိတိက္ကမဇာနနဝသေန၊ လွန်ကျူးခြင်းကို သိသည်၏အစွမ်းဖြင့်။ ပဝတ္တတ္တာ၊ ဖြစ်သောကြောင့်။ တံ ကုသလစိတ္တံ၊ ဝိုဝတ်ကိုပြုလိုသော ကုသိုလ်စိတ်သည်။ အာပတ္တာဓိကရဏံ၊ မည်၏။ ကုသလစိတ္တံ၊ သည်။ အာပတ္တိယာ၊ ၏။ ကာရဏံ၊ အကြောင်းသည်။ ဟောတိ၊ ၏။

ဝိနယဂဉ္ဇိတ္ထာဒီပနီဋီကာ၌လည်း—

ပထဝိခဏာဒိကံ ဟိ ကုသလစိတ္တဝသေန ကရိယမာနမ္ပိ ပဋ္ဌဘ့ာဂေ အနဝဇ္ဇသညီ ဟုတ္ဝာ ဝိတိက္ကမဇာနေ အကုသလဝသေန ဇာရော်တိယေဝ—

ဟု ဆိုတော်မူ၏။

ဟိ၊ မှန်၏။ ပထဝီခဏာဒိကံ၊ မြေတူးခြင်းစသည်ကို။ ကုသလစိတ္တ-ဝဓသန၊ ဖြင့်။ ဏရိယမာနမ်ဗိ၊ ပြုအပ်သော်လည်း။ ပဋ္ဌဘာဇေဂ၊ ရှေ့အဖို့၌၊ အနုဝဇ္ဇသည်၊ အပြစ်မရှိဟု အမှတ်ရှိသည်။ ဟုတ္တာ၊ ဖြင့်၍။ ဝိတိ-ကွမက္ခဏော၊ လွန်ကျူးသောခဏ၌။ အကုသလဝဓသန၊ အကုသိုလ်၏အစွမ်းဖြင့်။ ဆာရော်တိယေဝ၊ ပြုသည်သာတည်း။

ဤသို့လာသော ဋီကာတို့ကိုထောက်၍ ကုသိုလ်ဖြင့်လို၍ ဘုရားစေတီရင်ပြင်တော်၌ မြက်သုတ်သင်သောရဟန်းသည် ရှေးအဖို့က အာပတ်သင့်ခြင်းကို မသိ၍ ကုသိုလ်စိတ်ဖြင့် ပြုသော်လည်း မြက်သစ်ပင်ကို နှုတ်ယူခုတ်ဖြတ်သောအခါ ပါစိတ်အာပတ် အကုသိုလ်တို့သည် မရေတွက်နိုင် များစွာဖြစ်သည်။ ကုသိုလ်ကိုရသောစိတ်မှာ ကြံမိရုံမျှ အနည်းငယ်မျှသာ၊ အာပတ်အကုသိုလ်သာ များသည်ဖြစ်သောကြောင့် အနည်းငယ်မျှ ကုသိုလ်ရလိုသောစိတ်သည် အားကြီးသော အကုသိုလ်အာပတ်နှင့်တကွ ဖြစ်၍ အကျိုးပေးနိုင်ဖို့ အခွင့်မရှိခေ့။ စိတ်က ကုသိုလ်ရလို့သော်လည်း ပြုသမျှ ဝေယျာဝစ္စအမှုကိစ္စမှာ ကုသိုလ်မဟုတ်၊ အာပတ်သင့်၍ အကုသိုလ်သာ ဖြစ်သောကြောင့်တည်း။

အာပတ်သည် ကုသိုလ်မရှိ၊ အကုသိုလ်, အဗျာကတသာမည်ကြောင်းကို စုဠဝါသမထက္ခန္ဓကပါဠိတော်, အဋ္ဌကထာ, ဋီကာကြီးသုံးစောင်တို့မှာ ရှုလေ။

၂၃၇။ ကုစားပြီးအာပတ် အနွှံရာယ်ပြု-မပြု

၂။ ယဉ္စ အာပတ္တာဒိကရဏံ အကုသလံ၊ တမ္ပိ ဒေသိတံ ဝုဋ္ဌိတံ ဝါ အနုဋ္ဌာယကရံ၊ ယထာ ဟိ အရိယူပဝါဒကမ္မံ အကုသလမ္ပိ သမာနံ အစ္စယံ ဒေဒသေတွာ ခမာပနေန ပဋိဃာသံမတ္တိပဋိဗာဟိတတ္တာ အဝိပါကဓမ္မတံ အာပန္နံ အဟောသိ. ကမ္မံ ဟောတိ၊ ဝေမိဒ္ဓမ္မိ ဒေသိတံ ဝုဋ္ဌိတံ ဝါ ပဒယာဂသမ္မတ္တိ.

ပဋိဗာဟိတတ္တာ အဝိပါကဓမ္မတာယ အားဟာသိဿမွဘာဒေါနု အာနန္ဒာဆုယာကရံ ဇာတံ။ တေနေဝ "သာပတ္တိကာသေ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါ" တိ သာပတ္တိကမ္မံ အပါယဂါမိတာဝုတ္တာ-

ဟု သာရတ္ထဒီပနိယံ။

အကုသလံ၊ အကုသိုလ်ဖြစ်သေး ယဉ္စ အာပတ္တာဓိကရဏံ၊ အကြင် အာပတ်အဓိကရဏ်းသည်။ အတ္ထိ၊ ရှိ၏။ တမ်ဳိ၊ ထို အာပတ်သည်လည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားသော် လည်းကောင်း။ ဝုဋ္ဌိတံ ဝါ၊ ထမြောက်သော် လည်းကောင်း။ အနန္တရာယကရံ၊ အန္တရာယ်ကို မပြုတတ်။ ဟိ၊ ဥပမာကို ထင်စွာဆိုအံ့။ အရိယူပဝါဒကမ္မံ၊ အရိယာကိုစွပ်စွဲသောကံသည်။ အကုသလံ၊ အကုသိုလ်သည်။ သမာနမ်ဳိ၊ ဖြစ်သော် လည်း။ အစ္စယံ၊ အပြစ်ကို။ ဒေသေတွာ၊ ပြောပြ၍။ ခမာပေန္တန၊ ကန်တော့သဖြင့်။ ဝါ၊ သည်းခံစေသဖြင့်။ ပန၊ သာဂသမ်ဳိတ္တိပဋိဗာဟိတတ္တာ၊ ကုသိုလ်ပဓာန၏ ပြည့်စုံခြင်းဖြင့် တာဒြမ်သည် အဖြစ်ကြောင့်။ အဝိပါကဓမ္မတံ၊ အကျိုးမပေးဓမ္မသာ သဘော၏အဖြစ်သို့။ အာပန္နံ၊ ရောက်သည်၊ ဝါ၊ ရောက်သော။ အဟောသိကမ်ဳိ၊ သည်။ ဟောတိ ယဿ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣဒမ်ဳိ၊ ဤဒမ်ဳိ၊ ဤအာပတ်သည်ဟူသည်း။ ဒေသိတံ ဝါ၊ ဒေသနာကြားသော် လည်းကောင်း။ ဝုဋ္ဌိတံ ဝါ၊ ထမြောက်သော်လည်းကောင်း။ ပဓာနဂသမ်ဳိတ္တိပဋိဗာဟိတတ္တာ၊ ကုသိုလ်ပဓာန၏ ပြည့်စုံခြင်းဖြင့် တာဒြမ်အပ်သောကြောင့်။ အဝိပါကဓမ္မဘာဝယ၊ အကျိုးမပေးသော သဘော၏အဖြစ်ဖြင့်။ အဟောသိကမ္မဘာဝေန၊ အဟောသိကံအဖြစ်ဖြင့်။ အနန္တရာယကရံ၊ အန္တရာယ်မပြုသောအဖြစ်သည်း ဇာတံ၊ ဖြစ်၏၊ တေနေဝ၊ ကို့ကြောင့်သာလျှင်။ သာပတ္တိကာသေ ဘိက္ခဝေ နိရယံ ဝါ ဝဒါမိ တိရစ္ဆာနယောနိံ ဝါတိ၊ ဟူ၍။ သာပတ္တိကဓမ္မော၊ အာပတ်ရှိသော ရဟန်းအားသာလျှင်။ အပါယဂါမိတာ၊ အပယ်သို့ လားခြင်းကို။ ဝုတ္တာ၊ ဟောတော်မူ၏။

ဝိနယဂုဠ္ဍတ္ထဒီပနီဆရာသည်ကား-

ဒိဋ္ဌဓမ္မဝေဒနီယ ဥပပဇ္ဇဝေဒနီယ အပရာပရိယဝေဒနီယေသု တီသု ဏမ္မဝေါဒ္ဒါသေသု ဒေသနာဝုဋ္ဌာနံ ဒိဋ္ဌဓမ္မဥပပဇ္ဇ-ဝေဒနီယာသာနံ ဒွိန္နံ ဏမ္မာနံယစ အနန္တရုယကရံ၊ နု အပရာပရိယကမ္မဿ၊ အပရာပရိယကမ္မံ ဟိ ယဒါ လဒ္ဓဝိကစ္စံ၊ တဒါ ကိဉ္စိ ကိဉ္စိ ကာလေ့ အန္တရာယကရံ သိယာ ဇဋိလဿေ-ဋ္ဌနာ အပရာပရိယာဉ္စ ဝါဒတမံ ဝိယ၊ ဇဋိလဿေဋ္ဌဝတ္ထု ပန ဓမ္မပဒေ အာဂတမေဝ-

ဟု ဆိုတော်မူ၏။

ဒိဋ္ဌဓမ္မဝေဒနီယဥပပဇ္ဇဝေဒနီယအပရာပရိယဝေဒနီယေသု၊ ဒိဋ္ဌဓမ္မ-ဝေဒနီယကံ့။ ပ။ အပရာပရိယဝေဒနီယကံဟု ဆိုအပ်ကုန်သော။ တီသု၊ သုံးပါးကုန်သော။ ဏမ္မဿကာဋ္ဌာသေသု၊ အဖို့တို့တွင်။ ဒေသနာဝုဋ္ဌာနံ၊ ဒေသနာကံ့ဝုဋ္ဌာနကံသည်။ ဒိဋ္ဌဓမ္မဥပပဇ္ဇကောဋ္ဌာသာနံ၊ ဒိဋ္ဌဓမ္မအဖို့ဥပဇ်အဖို့ရှိကုန်သော။ ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဏမ္မာနံယ၀၊ ကံတို့၏ သဒ္ဒလျှင်။ အနန္တရုယကရံ၊ အန္တရာယ်မပြုနိုင်သည်။ ဟေ့တိ၊ ဖြစ်၏။ အပရာပရိယကမ္မဿ၊ ၏။ အနန္တရုယကရံ၊ သည်။ နု ဟေ့တိ၊ မဖြစ်။ ဟိ၊ မူနှင့်၏။ အပရာပရိယကမ္မံ၊ သည်။ ယဒါ၊ အကြင်အခါဌ်။ လဒ္ဓဝိကစ္စံ၊ ရဖူပ်သောအခွင့်ရှိ၏။ တဒါ၊ ထိုအခါဌ်။ ကိဉ္စိ ကိဉ္စိ ကာလေ၊ ရံခါရံခါကာလဌ်။ အန္တရာယကရံ၊ သည်။ သိယာ၊ ဖြစ်ရာ၏။ ဇဋိလဿေဋ္ဌနာ၊ ဇဋိလသင်္ဂြိဟ်။ အပရာပရိယဥပဝါဒကမ္မံ ဝိယ၊ အရိယာကို့ဖြစ်မှားသော အပရာပရိယကံကဲ့သို့တည်း။ ဇဋိလဿေဋ္ဌ-ဝတ္ထု ပန၊ ဇဋိလသင်္ဂြိဟ်၏ဝတ္ထုသည်ကား။ ဓမ္မပဒဋ္ဌ၊ ဓမ္မပဒ အဋ္ဌ-ကထာဌ်။ အာဂတမေဝ၊ လာသည်သာတည်း။

ဇဋိလသင်္ဂြိဟ်ဝတ္ထုမှာ- ကဿပဘုရားရှင်သာသနာဌ် ရှေ့ပန်းထိမ်သည်ဖြစ်၍ ဧတီဘုရားကို ရေဌ်ပစ်လော့ဟု ဆဲရေးမိ၍ သတိရသဖြင့် တဆင်းခန်ရှိသော ရှေ့ပန်းအိုးသုံးလုံးတို့ဖြင့် ပူဇော်၍ ကန်တော့သော်

လည်း ရေ၌ အာဒမ္မာဒုနှစ်ဘဝ ခံရသည်ဟု ဓမ္မပဒအဋ္ဌကထာ ဗြာဟ္မဏဝဂ်ဇဋိလဇထရဝတ္ထု၌ လာသည်။

သာရတ္ထဒီပနီဋီကာ၌ သင့်ဖေသာအာပတ်ကို ကုစားပြီးလျှင် ပဒယာပသမ္ပတ္တိဖြင့်တားမြစ်သောကြောင့် အန္တရာယ်မပြုနိုင်ဟုဆိုထား၍ တိရစ္ဆာန်ကိုသတ်၍ သင့်သောပါစိတ်အာပတ်ကို ဒေသနာကြား၍ ပယောဂသမ္ပတ္တိနှင့် ပြည့်စုံသဖြင့် ထိုပါဏာတိပါတအကုသိုလ်ကံသည် အကျိုးပေးခွင့်မရှိသော အန္တရာယ်မပြုနိုင်သည်ကိုရည်၍ ဆိုသည်း လုံးလုံးပါဏာတိပါတကံအပြစ် အဟောသိကံဖြစ်သော အန္တရာယ်မပြုခြင်းကိုရည်၍ မဆိုအပ်ဟု မူတ်ချမည်း ပယောဂသမ္ပတ္တိဖြစ်၍ ပြုအပ်သော အကုသိုလ်သည် အကျိုးပေးခွင့်မရှင်းကိုလည်း သမ္မာဟဝိနောဒနီ အဋ္ဌကထာ ဉာဏဝိဘင်းအဖွင့်၌—

အပရဿဲပိ ဗဟူနိ ပါပကမ္မာနိ ဟောန္တိ၊ တာနိ ပယောဂဝိပတ္တိယံ ဌိတဿ ဝိပန္နော်ကုန်ဘဝေ ကမ္မံ ကာတုံ ဗလဝကမ္မဿ ဝိပါကဒါနာယ ဝိ

ဝါ၊ တည်လျက်၊ ပါဏာတိပါဘာဒီဟိ၊ သို့ အသက်သတ်ခြင်းစသည်တို့မှ။ ဝိရတော၊ ကြဉ်သည်ဖြစ်၍။ ကာယဒုစရိုက်နှစ်သုစရိုတာနိ၊ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့ကို။ ပူရဲတိ၊ ပြည့်စေ၏။ တာဒိသော၊ ထိုသို့သဘောရှိသော။ ဌာနေ၊ ပယောဂသမ္ပတ္တိဖြစ်ဆဲ၌။ ဟကုသလဿ၊ အကုသိုလ်၏။ ဝိပစ္စနောဘာသော၊ အကျိုးပေးခွင့်သည်။ နတ္ထိ၊ မရှိ။ ကုသလဿော၊ ကုသိုလ်၏သာလျှင်။ ဩဘာသော၊ အကျိုးပေးခွင့်သည်။ ဟောတိ၊ ၏။ ဣတိ ဧဝံ၊ သို့။ ပယောဂသမ္ပတ္တိ-ပဋိပဟိတာနိ၊ ပယောဂ၏ ပြည့်စုံခြင်းဖြင့် တားမြစ်ကုန်သည်ဖြစ်၍။ နဝိပစ္စန္တိ၊ အကျိုးမပေးကုန်။ ဣတိ၊ သို့။ ဇာနာတိ၊ သိတော်မူ၏။

ထိုအဋ္ဌကထာပါဠိဖြင့် ပြုအပ်သော အကုသိုလ်အကျိုးရှိသောသူသည် ပယောဂသမ္ပတ္တိဌာနည်၍ ဒါနသီလဘာဝနာကို အားထုတ်သည်ရှိသော် ထိုကုသိုလ်ပယောဂသမ္ပတ္တိသည် အကုသိုလ်အကျိုးပေးခွင့်ကို တားမြစ်၍ ကုသိုလ်အကျိုးပေးခွင့်ရ၍ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ်၊ ချမ်းသာခြင်းနှင့် ပြည့်စုံသည်ကိုရည်၍သာ ဆိုသည်။ ပြုအပ်သော အကျိုးပေးခွင့် မရှိနေသော အကုသိုလ်သည် အခြင်းခပ်သိမ်း အာနုဘော်ကဲ့ဖြစ်၍ အကျိုးမပေးသည်ကိုရည်၍ ဆိုတော်မူကုန်။

ထို့ကြောင့် တိရစ္ဆာန်ကိုသတ်၍ သင့်သောအာပတ်ကို ဒေသနာကြားပြီးသည်ရှိသော် ပယောဂသမ္ပတ္တိနှင့်ပြည့်စုံ၍ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ်သည်ကိုသာဆိုသည်၍ သာရတ္ထဒီပနီဋီကာဆရာ ဆိုသည်။ အခြင်းခပ်သိမ်း အကျိုးမပေးသည်ကိုရည်၍ မဆိုဟု သန်ဋ္ဌာနီကာမှတ်ရမည်။

၂၃၈။ သင်္ကန်းအပ်ဖြတ် မသုံးဖော်

၃။ အနုဇာနာမိ ဘိက္ခဝေ ဆိန္နကံ သံဃာဋိံ ဆိန္နကံ ဥတ္တရာသင်္ဃံ ဆိန္နကံ အန္တရဝါသကန္တိ။ အနုဇာနာမိ ဘိက္ခဝေ

ဒဲ့ ဆိန္နကာနိ ကေ့ံ အစ်ိန္နဿန်ိ။ အနုဇာနာမိ ဘိက္ခဝေ ဒဲ့ အစ်ိန္နကာနိ ကေ့ံ ဆိန္နကန်ိ။ အနုဇာနာမိ ဘိက္ခဝေ အန္ဒာဓိကမ်ိဳ အာရောပေတုံ။ နစ ဘိက္ခဝေ သပ်ံ့ အစ်ိန္နကံ ဓာရေတဗ်ံ၊ယော ဓာရေယျ။ အာပတ်ိ ဒုက္ကဋဿာတိ—

ဟု စိဝရက္ခန္ဓကပါဠိတော်၌ ဟောတော်မူသည်။

ဘိုက္ခဝေ၊ တို့။ ဆိန္နကံ၊ ဖြတ်၍ချုပ်အပ်သော။ သံဃာဋိ၊ဒုကူလ်ကို။ အနုဇာနာမိ၊ ခွင့်ပြု၏။ ဆိန္နကံ၊ သော။ ဥတ္တရာသင်္၊ကိုယ်ရုံကို။ အနုဇာနာမိ၊ ၏။ ဆိန္နကံ၊ သော။ အန္တရဝါသကံ၊သင်္ကြံပိုင်ကို။ အနုဇာနာမိ၊ ၏။

ဘိက္ခဝေ၊ တို့။ ဆိန္နကာနိ၊ ကုန်သော။ ဒဲ့၊ နှစ်ထည်ဖြစ်သောသင်္ကန်း တို့ကို။ အစ်ိန္နကံ၊ မဖြတ်ပဲချုပ်အပ်သော။ ကေံ၊ တထည်ဖြစ်သောသင်္ကန်း ကို။ အနုဇာနာမိ၊ ၏။

ဘိုက္ခဝေ၊ တို့။ အစ်ိန္နကာနိ၊ မဖြတ်ပဲချုပ်အပ်ကုန်သော။ ဒဲ့၊ တို့ကို။ ဆိန္နကံ၊ သော။ ကေံ၊ ကို။ အနုဇာနာမိ၊ ၏။

ဘိက္ခဝေ၊ တို့။ အန္ဒာဓိကမ်ိဳ၊ အာဂန္တုကအထပ်ကိုလည်း။ အာရောပေတုံ၊ တင်စေခြင်းငှါ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ သပ်ံ့၊ အလုံးစုံသော။ အစ်ိန္နကံ၊ မဖြတ်ပဲချုပ်အပ်သောသင်္ကန်းကို။ နဓာရေတဗ်ံ၊ မဆောင်အပ်။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဓာရေယျ၊ ဆောင်ငြားအံ့။ အာပတ်ိ ဒုက္ကဋဿ၊ ဒုက္ကဋ်အာပတ်သင့်၏။

စိဝရက္ခန္ဓကအဋ္ဌကထာပါဠ်၌လည်း—

အန္ဒာဓိကမ်ိဳ အာရောပေတုန်ိ အာဂန္တုကပတ်တမ်ိဳ ဒါတုံ။ ဣဒံပန အပ္ပဟောနကေ အာရောပေတဗ်ံ။ သစေ ပဟောတိ၊ အာဂန္တုကပတ်ံ နဝဋ္ဋတိ၊ ဆိန္ဒိတဗ္ဗမေဝ—

ဟု ဖွင့်တော်မူသည်။

အနက်ယောဇနာပုံကား—

အန္ဒာဓိကာမို့ အာဇရောပေတုန်း၊ ဟူသည်ဆိုး။ အာဂန္တုကပတ်၊ သလင်းတောင်ကို၊ ဒါတုံ၊ ပေးခြင်းငှါ။ ဣဒံ ပန၊ ဤသလင်းတောင်ကို၊ အပွဲဟာနကော၊ နှစ်ထည်မဖြတ်ဖဲ့ တထည်ကိုဖြတ်၍ချုပ်ရာတွင် မလောက်သည်၌။ အာဇရောပေတဗ္ဗံ၊ တင်အပ်၏။ သစေ ပဟောတိ၊ အကယ်၍လောက်သည်ဖြစ်အံ့။ အာဂန္တုကပတ်၊ သလင်းတောင်သည်။ နှ ဝဋ္ဋတိ၊ မအပ်။ ဆိုန်ဒိတဗ္ဗမေဝ၊ ဖြတ်အပ်သည်သာလျှင်တည်း။

အဓိပ္ပါယ်ကား-- သက်နှံးသုံးထည်လုံးပင် ပဥ္စင်္ကေးဖြစ်မူ ငါးစပ်. ငါးလှဉ်ဖြတ်၍ ချုပ်ရမည်ဟု ရှေးဦးစွာခွင့်ပြုတော်မူသည်။

နောက်မှ တဖန် ရဟန်းတပါးသည် သုံးထည်လုံး ဖြတ်၍ချုပ်ရာ ဖြတ်သည့်အတွက်လျော့၍ မချုပ်လောက်သည်ကို အကြောင်းပြုရာ နှစ်ထည်ကိုဖြတ်၍ တထည်ကိုမဖြတ်ပဲ သုံးဆောင်ရမည်ဟု ခွင့်ပြုတော်မူပြန်သည်။

ထိုသို့နှစ်ထည်ကိုပင်ဖြတ်၍ချုပ်ရာ ဆုတ်ဖြတ်သည့်အတွက် မလောက်ပြန်ရကား တထည်ကိုဖြတ်၍ နှစ်ထည်ကိုမဖြတ်ပဲ သုံးဆောင်ရမည်ဟု ခွင့်ပြုတော်မူပြန်သည်။

ထိုတထည်ကိုပင် ဆုတ်ဖြတ်၍ချုပ်ရာ မလောက်ပြန်၍ သက်နှံးသုံးထည်တို့တွင် တထည်မျှမဖြတ်လောက်လျှင် မဖြတ်မူ၍ "အန္ဒာဓိက" ကိုတင်၍ သုံးဆောင်ရမည်ဟု ခွင့်ပြုတော်မူသဖြင့် ဆုတ်ဖြတ်၍ ချုပ်သော်လည်း ပြည့်စုံလုံလောက်မူ ဖြစ်သဖြင့် အန္ဒာဓိကကို တင်၍ သုံးဆောင်ခြင်းငှါ မအပ်ကုန်။ ဆုတ်ဖြတ်၍သာလျှင် ချုပ်ရမည်ဟု ပြတော်မူသည်။

ဝိနယာလင်္ကာရဋီကာ၌လည်း—

သစေ နပဟောတိ၊ အာဂန္တုကပတ္တံ ဒါတဗ္ဗန္တိ ဏ္ဍေ ယဒိ ဆိန္နိတ္ဝာ ကတေ တိဏ္ဏမ္ပိ စီဝရေနံ အတ္ထာယ သာဋကော

နပ္ပဒေဟာတိ၊ ဒေ့ စိတ္တံ ဆိန္နဏာနိ ကာတဗ္ဗာနိ၊ ကေ စိတ္တံ အစ္ဆိန္နကံ ကတ္တဗ္ဗံ။ ဒ္ဝိသု စိတ္တေသု ဆိန္ဒိတ္ဗာ ကတေသု သာဒ္ဓုကော နပ္ပဟောတိ၊ ဒေ့ စိတ္တံ ဆိန္နဏာနိ၊ ကေ စိတ္တံ ဆိန္နကံ ကာတဗ္ဗံ။ ကေသ္မိံ စိတ္တေ ဆိန္ဒိတ္ဗာ ကတေ သာဒ္ဓုကော နပ္ပဟောတိ၊ ဧဝံ သတိ အစ္ဆိန္ဒိတ္ဗာ အာဂန္တုကပတ္တံ ဒါတဗ္ဗန္တိ အာဒတ္ထာ–

ဟု ဆိုတော်မူ၏။

သစေ နပ္ပဒေဟာတိ၊ အာဂန္တုကပတ္တံ ဒါတဗ္ဗန္တိ ဇာတေ၊ ဥ၌ ဆိန္ဒိဘွာ၊ ဖြတ်၍။ ယဒိ ကတေ၊ အကယ်၍ပြုသည်ဖြစ်အံ့။ တိတ္ထမိံ စိတ္တေနံ၊ သို့ထည့်သွင်းသကဲ့နှံ့ တို့၏သည်း။ အဘ္ဘာဃ၊ အကျိုးငှာ။ သာဒ္ဓုကော၊ ပုဆိုးသည်။ နပ္ပဟောတိ၊ မလောက်။ ဒေ့ စိတ္တေနာနိ၊ နှစ်ထည်သောသကဲ့နှံ့တို့ကို။ ဆိန္နကာနိ၊ ဖြတ်သည်တို့ကို။ ကာတဗ္ဗာနိ၊ ပြုအပ်ကုန်၏။ ဧကံ၊ တထည်သော။ စိတ္တေနံ၊ သကဲ့နှံ့ကို။ အစ္ဆိန္နကံ၊ မဖြတ်ပဲ။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ဒ္ဝိသု စိတ္တေသု၊ နှစ်ထည်သော သကဲ့နှံ့တို့ကို။ ဆိန္ဒိတ္ဗာ၊ ဖြတ်၍။ ဏ္ဍေတသု ပြုအပ်ကုန်သည်ရှိသော်။ သာဒ္ဓုကော၊ ပုဆိုးသည်။ နပ္ပဟောတိ၊ မလောက်။ ဒေ့ စိတ္တေနာနိ၊ နှစ်ထည်သော သကဲ့နှံ့တို့ကို။ အစ္ဆိန္နကာနိ၊ မဖြတ်သည်တို့ကို။ ဝါ၊ မဖြတ်ပဲ။ ကာတဗ္ဗာနိ၊ ပြုအပ်ကုန်၏။ ဧကံ စိတ္တေနံ၊ တထည်သောသကဲ့နှံ့ကို။ ဆိန္နကံ၊ ဖြတ်၍။ ကာတဗ္ဗံ၊ ပြုအပ်၏။ ကေသ္မိံ စိတ္တေ၊ တထည်သောသကဲ့နှံ့ကိုလည်း။ ဆိန္ဒိတ္ဗာ၊ ဖြတ်၍။ ကတေ၊ ပြုအပ်သည်ရှိသော်။ သာဒ္ဓုကော၊ ပုဆိုးသည်။ နပ္ပဟောတိ၊ မလောက်။ ဧဝံ သတိ၊ ဤသို့မလောက်သည်ရှိသော်။ အစ္ဆိန္ဒိတ္ဗာ၊ မဖြတ်မူ၍။ အာဂန္တုကေဘာတ်၊ သလင်းတောင်ကို။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ အဒတ္ထာ၊ အနက်တည်း။

ထိုသို့လာသော ပါဠိဋ္ဌ, ဒုဋ္ဌထကာ, ဋီကာတို့ကိုထောက်၍ ယခုတာလ ချုပ်ကြသော သက်နှံးများမှာ ပြည့်စုံလုံလောက်၍ ချုပ်သည်ဖြစ်၍

အပ်ဖြတ်ရုံနှင့် ၊အပ်။ ပဉ္စခဏ်းဖြစ်မူ ငါးစပ်ငါးခုဆုတ်ဖြတ်၍ ချုပ်မှု အပ်သည်ဟူ၍မှတ်ရမည်။

ဝိနယဝိနိစ္ဆယအဋ္ဌကထာဌ်လည်း-

တီကိပိ ဒဋ္ဌပိ စေကံ ဝါ၊ ဆိန္ဒိတဗ္ဗံ ပဟောတိ စေ။
သင်္ဃဿ အပ္ပဟောန္တေသု၊ ဒေယျမန္တာဓိဏာမိ ဝါ။
ဏာဓိန်ဒံ ဝါ အနာဒိန်ဒံ၊ ဓာရေန္တဿ တိစီဝရံ။
ဘိက္ခုနော ဒုက္ကဋံ ဝုတ္တံ၊ ဒုဗ္ဘောဂေန စ သေဝတော—

ဟု ဟောတော်မူသည်။

ဝိနယဝိနိစ္ဆယဋီကာဌ်လည်း—

ဆိန္ဒိတဗ္ဗန္တိ ဝတ္ထာနိ ဆိန္ဒိတ္ဗာ သိဗ္ဗေတ္ဗာ ဏာတဗ္ဗံ။ ပုဂ္ဂဟေတိ စေတိ ဝတ္ထာနိ ဆိန္ဒိတ္ဗာ ကရဏေ ယဒိ စီဝရသ္မ ပဟောတိ။ သင်္ဃဿတိ တီသု စီဝရေသု။ အပ္ပဟောန္တေသူတိ ဝတ္ထာနံ ဆိန္ဒိတ္ဗာ သိဗ္ဗနေ ဏပ္ပဟောန္တေသု။ အနာဓိကန္တိ ဝတ္ထေ ဥနာတိရေကံ အပနေတ္ဗာ အာဂန္တုကေတ္တာသင်္ခါတံ အနုဝါတံ စီဝရသ္မ ပရိယန္တေ, မဏ္ဍ စ ယထာရဟံ ဒိဿရသ္မပရိမာဏ-ယုတ္တံ အလ္လိယာဒေတဗ္ဗန္တိ ဒုတ္တံ ဟောတိ။

အစ္ဆိန္နံ ဝါတိ ယထာဝုတ္တနယေန အစ္ဆိန္နံ ဝါ။ အနာဒိန္နန္တိ အနာဒိန္နအာဂန္တုကေတ္တံ။ တံစီဝရန္တိ တီသု စီဝရေသု ကေစကန္တိ ဝုတ္တံ ဟောတိ—

ဟု ဖွင့်ဆိုတော်မူသည်။

ပဟောတိ စေ၊ အဏ်ယ်၍လောက်ငြားအံ့။ တီကိပိ၊ သုံးထည်လုံးကို လည်းကောင်း။ ဒွေပိ စ၊ နှစ်ထည်ကိုလည်းကောင်း။ ကေ့ဝါ၊ တထည်ကိုလည်းကောင်း။ ဆိန္ဒိတဗ္ဗံ၊ ဖြတ်အပ်၏။ သင်္ဃဿ၊ အလုံးစုံသောသင်္ကန်းသုံးထည်တို့သည်။ အပ္ပဟောန္တေသု၊ ဖြတ်၍ချုပ်သဖြင့်

မလေ၁က်ကုန်သည်ရှိသော်။ အန္နာဓိကံ ဝါ ပိ၊ သလင်းတောင်ကို လည်း။ ဒေယျ၊ တင်ပေးရာ၏။

အစ္ဆိန္နံ ဝါ၊ မဖြတ်သည်မူလည်းဖြစ်သော။ တိစီဝရံ၊ သင်္ကန်း သုံးထည်ကို လည်းကောင်း။ အနာဒိန္နံ ဝါ၊ မလောက်၍မဖြတ်လျှင် သလင်းတောင်လည်း မတင်သော။ တိစီဝရံ၊ သင်္ကန်းသုံးထည်ကို လည်း ကောင်း။ ဓာရေန္တိသဲ၊ ဆောင်သော။ ဘိက္ခုနော၊ ရဟန်းအား။ ဒုက္ကဋ်ဒ္ဒံ၊ ကို။ ဝုတ္တံ၊ ဟောခဲတော်မူအပ်၏။ (ဤအား အဋ္ဌကထာနက်။)

ဆိန္ဒိတဗ္ဗန္တိ၊ ဟူသည်ကား။ ဝတ္ထာနိ၊ အဝတ်တို့ကို။ ဆိန္ဒိတ္ဗာ၊ ဖြတ်၍၊ သိဗ္ဗေတ္ဗာ၊ စပ်ချုပ်၍။ ကာတဗ္ဗံ၊ ပြုအင်၏။ ပဒဟာတဲ့ စေတိ၊ ဟူသည်ကား။ ဝတ္ထာနိ၊ အဝတ်တို့ကို၊ ဆိန္ဒိတ္ဗာ၊ ဖြတ်၍။ ကရဏော၊ ပြုခြင်း၌။ စီဝရသဲ၊ သင်္ကန်းအား။ ယဒိ ပဟောတိ၊ အကယ်၍ ဖလောက်ငအုံ။ သဗ္ဗေသူတိ၊ ဟူသည်ကား။ တိသု စီဝရေသု၊ သုံးထည် ဖသာသင်္ကန်းတို့သည်။ အပဟာန္တေသူတိ၊ ဟူသည်ကား။ ဝတ္ထာနံ၊ အဝတ်တို့ကို။ ဆိန္ဒိတ္ဗာ၊ ဖြတ်၍။ သိဗ္ဗနေန၊ ချုပ်သဖြင့်။ အပဟာန္တေသု၊ မဖလောက်ကုန်သည်ရှိသော်၊ အန္နာဓိကန္တိ၊ ကား။ ဝတ္ထာ၊ အဝတ်၌။ ဥနဝတိရေကံ၊ အယုတ်အလွန်ကို။ အပနေတ္ဗာ၊ ပယ်၍။ အာဂန္တုကပတ္တသင်္ခါတံ၊ အာဂန္တုကအဝတ်ဟု ဆိုအပ်ဖသော။ အနု-ဝါတံ၊ အနာဒီပတ်ကို။ စီဝရသဲ၊ သင်္ကန်း၏။ ပရိယန္တေ စ၊ အစွန်း၌ လည်းကောင်း။ မဇ္ဈေ စ၊ အလယ်၌သည်းကောင်း။ ယထာရုဟံ၊ ထိုက်သည်အား၊လျော်စွာ။ ဒီဃသုသာရိမာဏယုတ္တံ၊ အရှည် အတို အတိုင်းအရှည်နှင့် ယှဉ်သည်ကို။ ကဗ္ဘာ၊ ပြု၍။ အလိယာပေတဗ္ဗံ၊ ကပ်၍တင်ချုပ်အပ်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

အစ္ဆိန္နံ ဝါတိ၊ ကား။ ယထာဝုတ္တနယေန၊ အကြင်အကြင်ဆိုအပ်ပြီးသောနည်းဖြင့်။ အစ္ဆိန္နံ ဝါ၊ မဖြတ်အပ်ဖသောသင်္ကန်းကို လည်းကောင်း။ အနာဒိန္နန္တိ၊ ကား။ အနာဒိန္နအာဂန္တုကပတ္တံ၊ မတင်အပ်

သော သလင်းတောင်ရှိသော။ တိစီဝရန္တိ၊ ကား။ တီသု၊ သုံးထည်ကုန်သော။ စီဝရေသု၊ သက်နှံးတို့တွင်။ ကေကံး တထည်ထည်ကို။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဤဌိ ဝိနယဝိနိစ္ဆယဋီကာဇလိုအား ဖြင့် မဖြတ်ပဲခဲ့ပြီးသော သက်နှံး၏ ချေးထိခြင်းစသည်တို့ ဇစ္စန်းအနားဌိလည်းကောင်း၊ အလယ်ဌိလည်းကောင်း အရှည်အတိုပမာဏနှင့် ယှဉ်သည်ကုံပြု၍ လျော်စွာတင်စပ်၍ချုပ်အပ်သော ဇလျားအနားပတ်, ဇလယ်အနားပတ်ဟု ဆိုအပ်သော အာဒန္တုကဇထပ်အလွှာသည် ''အန္ဒဝိက'' မည်၏ဟု ပြတော်မူသည်။

ခုဒ္ဒသိက္ခာဋီကာဟောင်းဌိလည်း–

အန္ဒဝိ နာမ အနုဝါတံ ဝိယ သံဟရိတ္ဘာ စီဝရဿ ဥပရိ သဃ်ာဋိအားကာရေန ဆာဒေတွာပေတဗ္ဗံ။ ဆာဒနတ္တုကပတ္တန္တိပိ ဝဒန္တိ–

ဟု ဖွင့်တော်မူ၏။

အန္ဒဝိ နာမ၊ မည်သည်ကား။ အနုဝါတံ ဝိယ၊ အနားပတ်ကဲ့သို့။ သံဟရိတ္ဘာ၊ ခေါက်၍၊ ဝါ၊ အနဒးချိုး၍။ စီဝရဿ၊ ချုပ်သော သက်နှံး၏။ ဥပရိ၊ အထက်၌။ သဃ်ာဋိအာကာရေန။ ထပ်၍ပြုပ်သော ဇခြင်းအရှုဖြင့်။ ဆာဒေတဗ္ဗံ၊ ထင်အပ်သော။ ဆာဒနတ္တုကပတ္တံ၊ နောက်မှတင်ဇပ်သော အထည်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ခုဒ္ဒသိက္ခာဋီကာသစ်ဌိလည်း–

သံဃာအား ညွတ်သည်ကိုသိ၍ ဉာတိ,ပဝါရိတရဟန်းဖြစ်စေ၊ ဂိလာနရဟန်း ဖြစ်စေ မိမိအလိုရှိမူ "ဒါယကာ.... သင်တို့အတွက် ယူဆောင်ခဲ့သော ဆွမ်း,ဘောဇဉ် ထောပတ် ဆီဦး ရှိသလော"ဟု မေးရမည်းရှိသည်ဟု ဆိုမူ"ငါ့အား လှူကြပါ"ဟုဆို၍ တောင်းမူ အပ်သည်း

သစေ ပနသော "တုမှာကံ သပိုအာဒီနိ အာဟာဟာနံ အတ္ထိ"တိ ပုစ္ဆိတ္ဝာ "အာမ အတ္ထိ"တိ ဝုတ္တေ "မယျှမ္ပိ ဒေထာ"တိ ဝဒတိ၊ ဝဋ္ဋတိ—

ဟူသော အဋ္ဌကထာကို ထောက်လေ။

သံဃာအား ညွတ်ပြီးသောလောဘ်ကို ပစ္စည်းရှင်တို့မလှူလိုလျှင် တပါးသော သံဃာ, စေတီ,ပုဂ္ဂိုလ်တို့အား လှူအောင်မပြုအပ်း မိမိ.ကိုယ်တိုင်လည်း အလှူမခံအပ်ဟု ဆိုသောစကားမှာ—

ဥပါသကာ ဝဒန္တိ"သံဃောပိ အမှာကံ ဒိန္နမေဝ လဘတိ၊ ဂဏ္ဍသ ဘန္တေ"တိ၊ ဧဝမ်ပိ ဝဋ္ဋတိ—

ဟု ဆိုသော ပရိဏတသိက္ခာပုဒ်အဖွင့် အဋ္ဌကထာကို သေခြာချာရှု။

ပစ္စည်းရှင်မဟုတ်သူတို့ကသာ ညွတ်ရင်းသံဃာကို ဖယ်၍ တပါးသံဃာ, စေတီ,ပုဂ္ဂိုလ်တို့အား လှူအောင်မပြုအပ်း မိမိ.ကိုယ်တိုင်လည်း အလှူမခံအပ်ဟု ဆိုသောစကားမှာ—

သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ—

ဟု လာသော ပါဠိရှုဇီကဏ်းပါဠိတော်၊

နဝ အမေမိုက်စနိ ဒါနဲနိတိ သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ—

ဟု လာသော ပရိဝါအဋ္ဌကထာတို့၌ "ပရိဏာမေတိ"ဟူသော အားကျတို့က စကားကို မြင်သဖြင့်လည်း အမှန်ပင်ဟု မှတ်ယူရမည်။

ထိုပရိဝါအဋ္ဌကထာ၌ "တိဏိ ဓမ္မိကာနိ ဒါနာနိတိ သံဃဿ နိန္နံ သံဃဧသဝ ဒေတိ" ဟုဆိုသော ဓမ္မိကဒါနမှာလည်း ဤ "ပရိဏာမေတိ" ဟူသော အဓမ္မိကဒါနအရ အာဏတ္တိကစကားကို ထောက်၍ သံဃာအား ညွတ်ပြီးသောလာဘ်ကို ပစ္စည်းရှင်သည် တပါးသောသူတို့အား ညွတ်ရင်းသံဃာမူတပါးသော သံဃာ့စေတီ ပုဂ္ဂိုလ်တို့အား လွှဲပြောင်း၍ အလှူခံခိုင်းသည်ကို မလှူအပ်။ မိမိရည်စူးရင်း သံဃာအားသာ လှူအပ်သည်း ပစ္စည်းရှင်အလိုရှိ၍ လွှဲပြောင်းလှူမူ လှူအပ်သည်သာဟုမှတ်။

ပစ္စည်းရှင်မှ တပါးသောသူတို့က ညွတ်ပြီးသောလာဘ်ကို ညွှတ်ရင်း သံဃာ့ဧစေတီ ပုဂ္ဂိုလ်မူ တပါးသော သံဃာ့စေတီ ပုဂ္ဂိုလ်အား ညွှတ်စေရာ, မိမိအား ညွတ်စေရောတို့၌ အထူးကို ပြဒါးမူခြင်းငှါ ပရိဏာတသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ၌—

ပရိဏာဘသာဘာသ အတ္ထဒီနာ ပရိဏာမနပဋိယာဧ ဒုက္ကဋ်၊ ပဋိလာဘေန် တသ္မိံ ဟတ္ထံ အာဏ္ဏေ့ နိဿဂ္ဂိယံ။ သစေ ပန သံဃဿ ဒိန္နံ ဟောတိ၊ တံ ဂဟေတုံ နဒ္ဒတိ၊ သံဃဿေဝ ဒါတဗ္ဗံ။ ယောပိ, အာရာမိဧကဟိ သဒ္ဓိံ ကေတော ခါဒတိ၊ ဘက္ခံ အဂ္ဃါပေတွာ ကာဧရေတဗ္ဗော။ ပရိဏာတံ ပန သဟဓမ္မိကာနံ ဓါ ဂိဟီနံ ဝါ အန္တမသော မာတုသန္တကမ္ပိ "ဣမံ မယှံ ဒေဟိ" တိ သံဃဿ ပရိဏာဘာဝံ ဉတ္ဝာ အတ္တနော ပရိဏာမေတွာ ဂဏှန္တဿ နိဿဂ္ဂိယံ ပါစိတ္တိယံ။ "ဣဒံ သဃဿ ဘိက္ခုနော ဒေဟိ" တိ ဧဝံ အာဒိသဒ္ဒေန ပရိဏာဒဓမ္မိကဿ သုဒ္ဓိကပါစိတ္တိယံ။ ဧကံ ပတ္တံ ဝါ စီဝရံ ဝါ အတ္တဒေနာ, ဧကံ အာဒိသဒ္ဒေန ပရိဏာမေတိ၊ နိဿဂ္ဂိယံ ပါစိတ္တိယဉ္စ ဝ သုဒ္ဓိကပါစိတ္တိယဉ္စ—

ဟု မိန့်ဆိုတော်မူသည်။

ထိုအဋ္ဌကထာ၌ "ပရိဏာတလာဘာသ။ ပဒေ အာဏ္ဏေ့ နိဿဂ္ဂိယံ" ဟူသောပါဠိဖြင့် သံဃာအားညွတ်သောလာဘ်ကို မိမိသို့ညွှတ်စေခြင်း၊ ကာယမှယောဂ ဝစီဗယောဂ ၂ ခုဒုက္ကဋ်သင့်သည်၊ ထိုညွှတ်စေသောလာဘ်

သည် လက်သို့ရောက်သောအခါ နိဿဂ်ပါစိတ်သင့်သည်ဟု ပြတော်မူသည်။ ''သစေ ပန သံဃဿ ဒိန္နံ။ ပ။ ဘဏ္ဍံ အဿ ပေတ္ဝာ ဟာရေတဗ္ဗော'' ဟူသောပါဠိဖြင့် သံဃာအားလှူအပ်ပြီးသောလာဘ်ကို မယူအပ်၊ သံဃာအားသာ ပေးအပ်သည်။ မပေးပဲ အာရုံမ်စောင့်တို့နှင့် သုံးဆောင်မှု ဘဏ္ဍာဖိုးဖြင့် ဆုံးဖြတ်အပ်သည်ဟု ပြတော်မူသည်။ ''သံဃဿ ပရိဏာဘာဝံ ဉတ္ဝာ။ ပ။ သုဒ္ဓိကပါစိတ္တိယံ'' ဟူသော ပါဠိဖြင့် သံဃာအားညှတ်ပြီးသောလာဘ်ကို ပိမိအားညှတ်ခြင်းဖြင့် ယူဆုဠ်နိဿဂ်ပါစိတ်၊ တပါးသောပုဂ္ဂိုလ်အားညှတ်၍ လှူဒေါဆုဠ် သုဒ္ဓပါစိတ်သင့်သည်ဟု ပြတော်မူသည်။ ''ကေ ပတ္တံ ဝါ။ ပ။ သုဒ္ဓိကပါစိတ္တိယဉ္စ'' ဟူသောပါဠိဖြင့် သံဃာအားညှတ်သောလာဘ်ကို မိမိအား သပိတ်တလုံးကို, တပါးသောရဟန်းအား သပိတ်တလုံးကို ဤသို့စသည်ဖြင့် ညှတ်၍ လှူဒေါဆုဠ် နိဿဂ်ပါစိတ်, သုဒ္ဓပါစိတ် နှစ်ချက်သင့်သည်ဟု ပြတော်မူသည်။

ပါရာဇိကဏ်ပါဠိတော်၌ ''သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ'' ဟု ရှိသည်။ ''ပဂ္ဂလဿ'' မပါ။ ပရိဝါအဋ္ဌကထာမှာကား-, ''သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပဂ္ဂလဿ ဝါ'' ဟု ပဂ္ဂလ-သဒ္ဒါတက္ခပါရှိသည်။

ဝဇိရဗုဒ္ဓိဋီကာ၌ ''သံဃဿ ပရိဏတံ။ ပ။ အာပတ္တိ ဒုက္ကဋဿာတိ ဣတ္ထေ 'ပဂ္ဂလဿာ'တိ နာ ဝုတ္တံ၊ ယတော သုဒ္ဓပါစိတ္တိယဝသေန အာဂတတ္တာ'' ဟု ဆိုတော်မူသည်။ သာရတ္ထဋီကာ, ဝိမတိဋီကာတို့၌လည်း အထူးမဆို။

ထိုဝဇိရဗုဒ္ဓိဋီကာကိုထောက်၍ ''သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိ၊ အာပတ္တိ ဒုက္ကဋဿ'' ဟူသော ပါဠိတော်၌ သံဃာအားညှတ်သောလာဘ်ကို တပါးသောသံဃာအားလည်းကောင်း၊ စေတီအားလည်းကောင်း ညှတ်စေဆုဠ်သာ ဒုက္ကဋ်အာပတ်သင့်သည်း ပုဂ္ဂိုလ်အားညှတ်စေဆုဠ် ဒုက္ကဋ် မသင့်၊ သုဒ္ဓပါစိတ်သာ

သင့်သောကြောင့် "ပဋ္ဌသဿ ဝါ"ဟု မရှိသင့်ဟု ပြတော်မူသည်။ အဋ္ဌကထာဠီလည်း—"ဣမဿ ဘိက္ခုနော ဒေဟိတိ ဧဝံ အညဿ ပရိ-ဟာမေန္တဿ သုဒ္ဓိကပါစိတ္တိယံ" ဟူ၍သာ ဖွင့်သည်။

ပရိဝါအဋ္ဌကထာမှာ- နဝအဓမ္မိက-အရကို ဖွင့်သောအထုဖြစ်၍ "သံဃဿ ပရိဏတံ အညသံဃဿ ဝါ စေတိယဿ ဝါ ပဋ္ဌသဿ ဝါ ပရိဏာဝေမတိ" ဟု "ပရိဏာဝေမတိ" သာမညဖြင့် ပြတော်မူသောကြောင့် "ပဋ္ဌသဿ ဝါ" ပါရှိသင့်သည်။

သံဃာအားညှတ်သောလာဘ်ကို တပါးသောသံဃာအား လည်းကောင်း၊ စေတီအား လည်းကောင်း ညှတ်စေဆုဋ္ဌဒုက္ကဋ်၊ ပုဂ္ဂိုလ်အား ညှတ်စေဆုဋ္ဌ သုဒ္ဓပါစိတ်ဟု နဝအဓမ္မိကကို ပြတော်မူလိုသည်ဖြစ်၍ "ပရိဏာဝေမတိ" ကြိယာသာမညဖြင့် "ပဋ္ဌသဿ ဝါ" ဟု ထည့်၍ ပြဖတော်မူသည်ဟု မှတ်။

ပါဠိတော်နှင့်ပါဠိတော် ပရိဏာတသိက္ခာပုဒ်ပါဠိနှင့် ပရိဝါအဋ္ဌကထာ အရ လိုရင်းစကားကျဉ်းပိတ္တဆိုမှာ--

သံဃာအားညှတ်သောလာဘ်ကို တပါးသောသံဃာအား လည်းကောင်း၊ စေတီအား လည်းကောင်း ညှတ်စေဆုဋ္ဌဒုက္ကဋ်၊ ပုဂ္ဂိုလ်အား ညှတ်စေဆုဋ္ဌ သုဒ္ဓပါစိတ်၊ မိမိအား ညှတ်စေခြင်းဌဒုက္ကဋ်၊ လာဘ်ကို ရုခြင်းဌ နိဿဂ္ဂိယပါစိတ်သင့်သည်။

စေတီအားညှတ်သောလာဘ်ကို တပါးသော စေတီ, သံဃာ, ပုဂ္ဂိုလ် အား လည်းကောင်း၊ မိမိအား လည်းကောင်း ညှတ်စေခြင်းဌ ဒုက္ကဋ် အာပတ်သင့်သည်။

ပုဂ္ဂိုလ်အား ညှတ်သောလာဘ်ကို တပါးသော ပုဂ္ဂိုလ်, သံဃာ, စေတီအား လည်းကောင်း၊ မိမိအား လည်းကောင်း ညှတ်စေခြင်းဌ ဒုက္ကဋ်အာပတ်သင့်သည်ဟု မှတ်ရမည်။ "ပရိဏာဘလာဘာဿ အတ္တနော

ကဲ့လွှာ] ညွှတ်ပြီးလေဘင်္ဂန့်အလှူ။ မြောက်-မမြောက်အဆုံးအဖြတ် ၇၆၉

ပရိဏာမနုပယောဇေဂ ဒုက္ကဋံ" စသည်ဖြင့် ထုတ်ဆောင်၍ ပြခဲ့သော အဋ္ဌကထာနှင့် ဧဇိရဗုဒ္ဓိကာပါဠိကို ထောက်လေ။

ထိုပရိဏာတသိက္ခာပုဒ်အရ မူဘာ— သံဃာအား ညွှတ်သည်ကို မသိ၍ မိမိအား ညွှတ်စေရာ၌ လည်းကောင်း၊ တပါးသော သံဃာ, ဂဏ, ပုဂ္ဂိုလ်အား ညွှတ်စေရာ၌လည်းကောင်း အပြစ်မရှိဟု မှတ်လေး အကိုး သာဓကကား—

ပရိဏာတေ အပရိဏာတသညီ ဇာတ္တာနော ပရိဏာမေတိ၊ အနာပတ္တိ—

ဟု ပါရာဇိကဏ်ပါဠိတော်၌လာသည်း

လိနတ္ထပကာသနီဋီကာ၌လည်း—

ဣဒါနိ အနာပတ္တိံ ဒဿေတုံ "အပရိဏာတသညီနော" တိ အာဒိမာဟ။ ပရိဏာမတော အပရိဏာမေ စ အပရိဏာတသညီနော စာတိ သဗ္ဗန္တော၊ ပရိဏာမတော အပရိဏာမေ စာတိ ဥဘယတ္ထာပိ အနာပတ္တိတိ အတ္ထော—

ဟု မိန့်တော်မူသည်။

ပရိဏာတသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ၌—

စေတိယဿ ပရိဏာတန္တိ တတ္ထ နိယမေတ္ဝာ အညစေတိယဿ-တ္ထာယ ရောပိတမာလာဝစ္ဆတော အညစေတိယမ္ပိ ပူဇပ္ပိ အာရောပေတုံ နဝဋ္ဋတိ။ ကေသဿ စေတိယဿ ပန ဆတ္တံ ဝါ ပဋာကံ ဝါ အာရောပေတ္ဝာ ဋ္ဌိတံ ဒိသွာ သေသံ အညဿ စေတိယဿ ဒါပေတုံ ဝဋ္ဋတိ—

ဟု ဖွင့်သည်း

ဝိမတ်ဝိဇနောဒနိဋ္ဌိဏာဒ်ဉ်လည်း-

ရောပိတမာလာဝစ္ဆတောတိ ဏေနစိ နိယမေတ္ထာ ရောပိတံ သန္ဓာယ ဝုတ္တံ။ အနောစိတံ မိလာယမာနံ သြစိနိတ္ထာ ယတ္ထ ကတ္ထစိ ပုဒဇတုံ ဝဋ္ဋတိ။ ဌိတံ ဒိသ္ဝာတို့ သေသကံ ဂဟေတ္ထာ ဌိတံ ဒိသ္ဝာ-

ဟု ဖွင့်ဆတော်မူသည်။

သာဓုတ္ထဒီပနိဋ္ဌိကာဒ်ဉ်လည်း-

ပုပ္ဖမ်ိ ဏာဒေါဇုတုံ နု ဝဋ္ဋတီတိ ဣဒံ ပရိဏတံ သန္ဓာယ ဝုတ္တံ။ သဗ္ဗေ ပန် ကေသို့ ဧစတိယေ ပုဇံ ပုပ္ဖံ ဂဟေတ္ထာ အညဧစတိဃယ ပူဇေတိ၊ ဝဋ္ဋတိ-

ဟု ဖွင့်ယည်။

ဧစေတိယသ္မ ပရိဏဘန္ဒိ တ္ထော၊ ဥ်း နိယမေတ္ထာ၊ မှတ်၍း အညဧစဘို့-ယာသ္မတ္ထာယ၊ တပါးသော ဧစေတိအကျိုးငှါ။ ရောပိတမာလာ-ဝစ္ဆဒဂ၊ စိုက်ပျိုးသောပန်းပင်မှ။ အညဧစတိယမို့၊ တပါးသော ဧစတိဥ်း ပုပ္ဖမို့၊ ပန်းကိုလည်း။ အာရောဓပတုံ၊ တင်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ကေသ္မ ဧစတိယသ္မ ပန၊ တခုသောဧစတိအား။ ဆတ္တံ ဝါ၊ ထိုးကိုလည်း၊ ကောင်း။ ဥဉ္ဇကံ ဝါ၊ တံခွန်ကုက္ကား မုဠေးပွားကိုလည်း၊ ကောင်း။ အာဓရောပေတ္ဝာ၊ တင်၍း သေသံ၊ အကြွင်းကို။ ဂဟေတ္ထာ၊ ကိုင်၍း ဌိတံ၊ တည်သည်ကို။ ဒိသ္ဝာ၊ မြင်၍း အညသ္မ ဧစတိယသ္မ၊ တပါးသောဧစတိအား၊ ဒါပေတုံ၊ ပေလ္လူဧစခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ (အဋ္ဌကထာအာနုက်)။

ရောပိတမာလာဝစ္ဆဒဘာတိ၊ ကား။ ဏေနစိ၊ တစုံဘယောက်သော သူသည်။ နိယမေတ္ထာ၊ မှတ်၍။ ရောပိတံ၊ စိုက်သောပန်းပင်ကို။ သန္ဓာက၊ ရည်၍။ ဝုတ္တံ၊ ၏။ အနောစိတံ၊ မဆွတ်အပ်သော။ မိလာယ-မာနံ၊ ညှိုးသောပန်းကို၊ ဝါ။ ကြွကျခါနီးသောပန်းကို။ သြစိနိတ္ထာ၊

ဆုတ်၍။ ယတ္ထ ကဲတ္ထစိ၊ အမှတ်မရှိသော စေတီဦး ပူဇော်တုံ၊ ပူဇော်စေခြင်းငှါ။ ဝန္ဒဟိ၊ အပ်၏။ ဦတံ ဒိသ္ဝာတိ၊ ကား။ သေသကံ၊ အကြွင်းကို။ ဂဟေတ္ဝာ၊ ကိုင်၍။ ဦတံ၊ တည်သည်ကို။ ဒိသ္ဝာ၊ မြင်၍။

ပုပ္ဖမိုဿ အာရောပေတုံ နု ဝန္ဒတိတိ ဣဒံ၊ ကို။ ပရိဏာတံ၊ ညွတ်အပ်သော မလ္လဲသေးသောပန်းကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ၏။ ကေသို့ စေတီယော၊ တပါးသောစေတီဦး ပူဇိတံ၊ ပူဇော်အပ်သော။ ပုပ္ဖံ၊ ပန်းကို။ ဂဟေတ္ဝာ၊ ယူ၍။ အညဒတိယော၊ တပါးသောစေတီဦး။ သဒိသ ပန ပူဇေတို့၊ ပူဇော်အံ့။ ဝန္ဒတိ၊ အပ်၏။

ထိုအဋ္ဌကထာဌ်–"နိယမေတ္ဝာ အညဒတိယသဒ္ဒေါယ။ ပ။ နု ဝန္ဒတိ" ဟူသောပါဠိဖြင့် တပါးသောသူသည် တခုသောစေတီကို လှူအံ့ဟု ရည်မှတ်၍ စိုက်သောပန်းပင်မှ ပန်းပင်မစိုက်သောသူက ယူ၍ တပါးစေတီဦး မတင်မလှူအပ်။ ထိုပန်းပင်စိုက်သူ တင်လှူပြီးသောစေတီဦး ပန်းကိုယူ၍ တပါးသောစေတီဦး တင်အပ်သည်း

ပန်းပင်စိုက်သောသူမှာ ထိုစေတီအား လှူအံ့ဟု ညွှတ်ရုံမျှသာဖြစ်၍ ပန်းပွင့်သောအခါ အလိုရှိရာစေတီဦး တင်အပ်သည်ဟု ပြောဆိုမှုသည်ဟု မှတ်း

ရောပိတမာလာဝစ္ဆကောတို့ ကေနစိ နိယမေတ္ဝာ ရောပိတံ သန္ဓာယ ဝုတ္တံ–

ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာ၊

သစေ ပန ကေသို့ စေတိယေ ပူဇိတံ ပုပ္ဖံ ဂဟေတ္ဝာ အညစေတိယေ ပူဇေတိ၊ ဝန္ဒတိ–

ဟု ဆိုသော သာရတ္ထဒီပနီဋီကာတို့ကို ထောက်ပါ။

ထိုသာရတ္ထဒီပနီဋီကာပါဠိကိုပင် ထောက်၍ ဆွမ်းတော်တင်ရာတို့ဦး တဆူကိုတင်လှူပြီးမှ တဆူကိုတင်လှူအပ်သည်ဟု မှတ်လော။

ပရိဏာတသို့ကွာပုဒ်အဋ္ဌကထာဆို-

ပဋ္ဌလဿ ပရိဏာတန္တိ အန္တမသော သုနခဿာပိ ပရိဏာတံ ''ဣမဿ သုနခဿ မာ ဒေဟိ၊ တဿ ဒေဟီ''တိ ဝေံ အာဉ်-ပဋ္ဌလဿ ပရိဏာမေတိ ဒုက္ကဋံ-

ဟု ဆိုတော်မူ၏။

သာရဏ်တ္ထဒီပနီဋီကာဆို့လည်း-

ဣမဿ သုနခဿ မာ ဒေဟိ၊ တဿ ဒေဟီတိ ဣဒံ ပရိဏာ-တေယျဝ။ တိရစ္ဆာနဂတဿ ပရိစ္စဇိတ္ဝာ ဒိန္နေ ပန တံ ပလာ-ပေတ္ဝာ အာညံ ဘုဉ္ဇာပေတုံ ဝဋ္ဋတိ-

ဟု ဖွင့်တော်မူသည်။

အန္တမသော သုနခံ ဥပါဒါယ ယော ကောစိ သတ္တော ''ပဋ္ဌလော'' တိ ဇေဒိတပ္ပော-

ဟု လိန်တ္ထပကာသနီဋီကာဆို့လာသည်။

ပဋ္ဌလဿ ပရိဏာတန္တိ၊ ဟူသည်ကား။ အန္တမသော၊ အယုတ်သဖြင့်။ သုနခဿပိ၊ ခွေးအားလည်း။ ပရိဏာတံ၊ ညွတ်သောလာဘ်ကို။ ဣမဿ သုနခဿ၊ ဤခွေးအား။ မာ ဒေဟိ၊ မပေးလင့်။ တဿ၊ ထိုခွေး အား။ ဒေဟိ၊ ပေးခဲ့သော့။ ဣတိ ဝေံ၊ ဤသို့။ အညံပဋ္ဌလဿ၊ တပါးသော ပဋ္ဌိလ်အား။ ပရိဏာမေတိ၊ ညွတ်စေ၏။ ဒုက္ကဋံ၊ ၏။

ဣမဿ ၊ပ။ ဒေဟီဘိ ဣဒံ၊ ကို။ ပရိဏာတေယျဝ၊ ညွတ်သောလာဘ် ဍ်သာလျှင်။ ဝုတ္တံ၊ ၏။ တိရစ္ဆာနဂတဿ၊ တိရစ္ဆာန်အား။ ပရိစ္စဇိတ္ဝာ၊ စွန့်လွှတ်၍။ ဒိန္နေ ပန၊ ပေးပြီးသည်ရှိသော်ကား။ တံ၊ ထိုခွေးကို။ ပလာပေတ္ဝာ၊ ပြေးစေ၍။ အညံ၊ တကောင်သောခွေးကို။ ဘုဉ္ဇာပေတုံ၊ စားစေခြင်းငှာ။ ဝဋ္ဋတိ၊ ဖေ၏။

ပစ္စည်းရှင်မူတပါး အခြားသူက ညွတ်စေဆုဌ္ဌ မူအပ်။ ပစ္စည်းရှင်မူ ညွတ်ပြီးသော်လည်း မပေးလိုမူ အလိုရှိသူအား ပေးအပ်သည်ဟု မူတ်။ "အညပုဂ္ဂလဿ ပရိဏာမေတိ" ဟူသောအာဏတို့ကအရကိုထောက်လေ။

ဤသို့လာခဿာ ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုထောက်ရှု သံဃာ့ဧတီ ပုဂ္ဂိုလ်အား လူအုံဟုဆို၍ စီရင်ပြုလုပ်ခဲသောလာဘ်သည် ထိုသို့ညွှတ်ရုံ ရည်စူးရုံမျှနှင့် မိမိတို့ဥစ္စာအဖြစ်မှ မလွှတ်သေးသည်ဖြစ်၍ မိမိတို့ပစ္စည်းဥစ္စာပင်မည်သောကြောင့် ပစ္စည်းရှင်က မလှူလို၍ တဖါးသော သံဃာ့ဧတီ ပုဂ္ဂိုလ်အား ရှေ့ပြောင်း၍ လှူဒါန်းသည်းကောင်း၊ မိမိတို့ပင် သုံးဆောင်ခဲသော်လည်းကောင်း အပြစ်မရှိ၊ လှူအပ်သည်၊ သုံးဆောင် အပ်သည်း

ထိုသို့ ညွှတ်သောလာဘ်ကို သိလျက် ပစ္စည်းရှင်မူတပါး အခြားသူတို့က မိမိလည်း မတောင်းယူအပ်း တပါးသော သံဃာ့ဧတီ ပုဂ္ဂိုလ်အားလည်း ရှေ့ပြောင်း၍ မညွှတ်စေအပ်၊ မလှူစေအပ်ဟု မူတ်လေ။

ပရိဏာတသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ ၌–

သစေ ပန ဒါယကာ "မယံ သံဃဿ ဘတ္တံ ဒါတုကာမာ၊ စေတိယဿ ပူဇံ ကာတုကာမာ၊ ကေဿ ဘိက္ခုနော ပရိက္ခာရံ ဒါတုကာမာ၊ တုမှာကံ ရုစိယာ ဒဿာမ၊ ဘဏ္ဍဏ, ကတ္ထ ဒေမာ"တိ ဝဒန္တိ၊ ဧဝံ ဝုတ္တေ တေန ဘိက္ခုနာ "ယတ္ထ ဣစ္ဆထ၊ တတ္ထ ဒေထာ"တိ ဝတ္တဗ္ဗာ။ သစေ ပန ကေဝလံ "ကတ္ထ ဒေမာ"တိ ပုစ္ဆန္တိ၊ ပါဠိယံ အာဂတနယေနေဝ ဝတ္တဗ္ဗံ–

ဟု ဆိုတော်မူသည်။

ဒါယကာ၊ ဒါယကာတို့သည်း မယံ၊ တပည့်တော်တို့သည်။ သံဃဿ၊ အား။ ဘုတ်တံ၊ ဆွမ်းကို။ ဒါတုကာမာ၊ ပေးလှူလိုကုန်၏။ စေတိယဿ၊ စေတီတော်အား။ ပူဇံ၊ ပူဇော်ခြင်းကို။ ကာတုကာမာ၊ ပြုလိုကုန်၏။ ကေဿ၊ တပါး၏သော။ ဘိက္ခုနော၊ အား။ ပရိက္ခာရံ၊ ကို။ ဒါတုကာမာ၊

လူလိုကုန်၏။ တုမ္မာကံ၊ အရှင်ဘုရားတို့၏။ ရုစိယာ၊ အလိုအာဒေါဖြင့်။ ဒဿာမ၊ လူကုန်အံ့။ ဘာဏာ၊ ပြောတော်မူကုန်လော့။ ကတ္ထ၊ အဘာယ်ဥ်း။ ဒေမ၊ လူရကုန်အံ့နည်း။ ဣတိ၊ ဤသို့။ သစေ ဝဒန္တိ၊ ဆိုကုန်အံ့။ ဧဝံ၊ ဤသို့။ ဝုစ္စတ္တာ၊ ဆိုသည်ရှိသော်။ တေန ဘိက္ခုနာ၊ ထိုရဟန်းသည်။ ယတ္ထ၊ အကြင် သံဃာ ဧတိ ပုဂ္ဂိုလ်၌။ ဣစ္ဆထ၊ လူလိုကုန်၏။ တတ္ထ၊ ထိုသံဃာ ဧတိပုဂ္ဂိုလ်၌ ဒေထ၊ လူကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်၏။ ကေဝလံ၊ သက်သက်။ ဂဏ္ဍ၊ အဘယ်၌။ ဒေမ၊ လူရကုန်အံ့နည်း။ ဣတိ၊ ဤသို့။ သစေ ပန ပဏ္ဍိတိ၊ မေးကုန်အံ့။ ပါဠိယံ၊ ပါဠိတော်၌ အာဂတာနယေနဝ၊ လာသောနည်းဖြင့်သာ လျှင်။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။

ပါဠိတော်ဌာန်း-

ဃနာပတ္တိ "ကဲတ္ထ ဒေမာ"တိ ပုစ္ဆိယမာနော "ယတ္ထ တုမ္မာကံ ဒေယျံခဲမ့ော ပရိဘောဂံ ဝါ လဟေယျ၊ ပဋိသန်ဒါရံ ဝါ လဘေယျ၊ စိရဋ္ဌိတိကော ဝါ အဿ၊ ယတ္ထ ဝါ ပန တုမ္မာကံ စိတ္တံ ပသီဒတိ၊ တတ္ထ ဒေဟာ"တိ ဘဏိတဗ္ဗော-

ဟု လာသည်။ (ပါရာဇိကဏ်ပါဠိတော်)။

ကတ္ထ၊ အဘယ်အရပ်၌။ ဒေမ၊ လူရကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိယမာနော၊ မေးအပ်သည်ရှိသော်။ တုမ္မာကံ၊ သင်တို့၏။ ဒေယျဓမ္မော၊ လှူဖွယ်ဝတ္ထု ပစ္စည်းလေးပါးအစုသည်။ ယတ္ထ၊ အကြင် ကျောင်းတိုက် အကြင်ပုဂ္ဂိုလ်၌။ ပရိဘောဂံ ဝါ၊ သုံးဆောင်ခြင်းကို လည်းကောင်း။ ပဋိသန်ဒါရံ ဝါ၊ ပြုပြင်ခြင်းကို လည်းကောင်း၊ လဘေယျ၊ ရရာ၏။ စိရဋ္ဌိတိကော ဝါ၊ ကြာမြင့်စွာတည်သည်လည်း။ အဿ၊ ဖြစ်ရာ၏၊ ယတ္ထ ဝါပန၊ အကြင် ကျောင်း, သံဃာ, စေတီ, ပုဂ္ဂိုလ်၌ လည်း။ တုမ္မာကံ၊ သင်တို့၏။ စိတ္တံ၊ စိတ်သည်။ ပသီဒတိ၊ ကြည်ညို၏။ တတ္ထ၊ ထိုကျောင်း, သံဃာ, စေတီ, ပုဂ္ဂိုလ်၌။ ဒေထ၊ လှူကြကုန်လော့။ ဣတိ၊ ဤသို့။ ဘဏိတဗ္ဗော၊ ဆို၏။ အနာပတ္တိ၊ အာပတ်မသင့်။

ဆိုလိုရင်းအဓိပ္ပါယ်ကား သံဃာ ဧစေတီ ပုဂ္ဂိုလ်အား လှူလိုရှိ ပြုအပ်သော အလှူကို ကိုယ်နှင့်စပ်သော ရဟန်းသံဃာထံ လာရောက်၍ ''အရှင်ဘုရား....ငါလိုရှိရာ ပြောစေတော်မူပါ၊ အရှင်ဘုရား အလိုရှိရာ လှူပါမည်'' ဟုဆိုလျှင် ထိုရဟန်းက အလိုရှိသော မည်သည့် သံဃာ, မည်သည်ဧစေတီ, မည်သည့်ပုဂ္ဂိုလ်ကို လှူဟု ဆိုအပ်သည်။ ထိုသို့မဟုတ် သံဃာ ဧစေတီ ပုဂ္ဂိုလ်အား လှူလိုရှိ စီရင်သောလာဘ်ကို ကိုယ်နှင့်စပ်သော ရဟန်းသံဃာထံလာ၍ ''အရှင်ဘုရား.... အဘယ်၌ လှူရပါအံ့နည်း'' ဟူ၍သာ မေးမူ,ဆွမ်း သက်နှံး ဆေးဖြစ်မူ သင်္ဃိုပစ္စည်းကို သုံးဆောင်လတ္တံ့သော်နှုတ်၌ လည်းကောင်း၊ ကျောင်းဖြစ်မူ သင်္ဃိုပစ္စည်းကို ဖြင်လတ္တံ့သော်နှုတ်၌လည်းကောင်း လှူလော့ဟူ၍သော်လည်းကောင်း၊ အကြင်ကျောင်း သံဃာ ဧစေတီ ပုဂ္ဂိုလ်၌ သင်တို့ ကြည်ညိုကုန်၏း ထိုးကျောင်း သံဃာ ဧစေတီပုဂ္ဂိုလ်တို့၌ လှူကြလေကုန်ဟူ၍သော်လည်းကောင်း ဆိုအပ်၏း မည်သည့်ကျောင်း သံဃာ ဧစေတီ ပုဂ္ဂိုလ်ဟူ၍ကား အမည်ကိုဖော်၍ မပြောအပ်ဟု မှတ်လေး

ထို့ကြောင့် ဝိနယတိုဝတ္ထုနာဒနိဒ္ဒိသဘာဝ၌-

ယတ္ထ ဣစ္ဆထ၊ တတ္ထ ဧဒထာတိ ဧတ္ထ နိယမနမတ္တာ ''အသုကာသ ဧဒေဟိ'' တိဝုတ္တေပိ ဧဒါသောနတ္ထိ ''တုမှာကံ ရုစိယာ'' တိ ဝုတ္တတ္တာ-

ဟု ဆိုဧတော်မူ၏။

ယတ္ထ ဣစ္ဆထ၊ တတ္ထ ဧဒထာတိ ဧတ္ထ၊ ၌။ နိယမေဣ၊ မှတ်၍း အသုကာသ၊ ဤမည်ဧသော သံဃာ ဧစေတီ ပုဂ္ဂိုလ်အား။ ဧဒေဟိ လှူလော့ဣဣတိ၊ ဤ သို့။ ဝုတ္တေပိ၊ ဆိုသော်လည်း။ ဧဒါသောနတ္ထိ၊ အပြစ်သည်မ၊ နှုတ်၊ မရှိ၊ တုမှာကံ ရုစိယာတိ၊ ဟူ၍ ဝုတ္တတ္တာ၊ ဆိုအပ်သောကြောင့် တည်း။

တပါးသော သံဃာ ဧစေတီ ပုဂ္ဂိုလ်အား လှူသည်ဟု ညွတ်ပြီးသော လာဘ်ကို တပါးသော သံဃာ ဧစေတီ ပုဂ္ဂိုလ်အား လွှဲပြောင်းချလှူကုန်၌-

နဝ အာဓမ္မိကာနိ ဒါနာနိတိ သံဃဿ ပရိဏတံ အာသံဃဿ ဝါ စေတိယဿ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ၊ စေတိယဿ ပရိဏတံ အာစေတိယဿ ဝါ သံဃဿဲ ဝါ ပုဂ္ဂလဿ ဝါ ပရိဏာမေတိ။ ပုဂ္ဂလဿ ပရိဏံတံ အာပုဂ္ဂလဿ ဝါ သံဃဿ ဝါ စေတိယဿ ဝါ ပရိဏာမေတိတိ ဧဝံ ဥတ္တာနိ-ဟူ၍ မိန့်ဆိုဒတ်မူအပ်သော ပရိဝါအဋ္ဌကထာအရှိမှာ- ပစ္စည်းရှင် ဖြစ်သောသူသည် ဤမည်သော သံဃာ, စေတီ, ပုဂ္ဂိုလ်အား လှူမည်ဟု ရည်ညွှန်း၍ ထားအပ်သော ပစ္စည်းဝတ္ထုကို တပါးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အား လှူခြင်းကို အာဓမ္မိကဒါနဖြစ်သည်ဟု မဆိုလို။ ပစ္စည်းရှင်မူ တပါးသောသူက ပထမညွတ်ပြီးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အား ရလတ္တံ့သော ပစ္စည်းဝတ္ထုကို ဖျက်ဆီး၍ တပါးသော သံဃာ, စေတီ, ပုဂ္ဂိုလ်အား လှူစေခြင်းငှါ ပြောဆိုတိုက်ဘုန်း၍ ညွတ်စေခြင်းကိုသာ ရည်ပြီး အာဓမ္မိကဒါနဖြစ်သည်ဟု ဆိုလိုသည်။

အာဘယ်ကြောင့်နည်းဟူမူ ပထမရှင်မှာတ်ထားခြင်း ခံရသော ပုဂ္ဂိုလ်တို့၏မည်သာတ်ကို ဖျက်ဆီးရာရောက်သောကြောင့်တည်း။

အာဓမ္မိကဒါနဟူသောပုဒ်၌ "အာဓမ္မေ နိယုဒ္တာ အာဓမ္မိကာ၊ဒါဓမ္မဒါနံ၊ အာဓမ္မိကနု ဒါနံ အာဓမ္မိကဒါနံ" ဟု ဝိဂြိုဟ်ပြု၍ မတရားဃဖြင့် ပေးလှူအပ်သော ဒါနဖြစ်သောကြောင့် အာဓမ္မိကဒါနမည်သည်။ ပရိဏာမေဘော်-ပုဒ်ကိုထောက်။

ပရိဏတသိက္ခာပဒ်အဋ္ဌကထာ၌ "သံဃာအားလှူမည်ဟု တားဆီးသော ညွှတ်ပြီးသော သာဝတ်ကိုပင် ပစ္စည်းရှင်ဒါယကာ ကြည်ညိုသောရဟန်းအား လှူအပ်သည်။ ရဟန်းကလည်း အလှူခံအပ်သည်" ဟု ပြသဖြင့် အာဓမ္မိကဒါနမှာ တပါးသော သံဃာ စေတီ ပုဂ္ဂိုလ်အား ညွတ်ပြီးလာဘ်ကို မဘထူးမှုန့်ယှဉ်သဖြင့် တပါးသော သံဃာ စေတီ ပုဂ္ဂိုလ်အား လှူစေသောကြောင့်သာ ဖြစ်သည်ဟူသော အဓိပ္ပါယ်ရသည်။ ဤသို့လျှင် အာဓမ္မိကဒါနအရှကို မှတ်ရမည်။

ဤအနှင် ကျွန်းပင်ကုန်းဘုန်းကြီး ရှင်ဇောတလျှောက်ထား တောင်း ပန်၍ ညောင်ပင်မြို့ ထိမ်တောကျောင်း၌ သီတင်းသုံးသောမဏ္ဍရှင်မြတ် ဖြစ်ဆိုအပ်သော ဝိသဇ္ဇနာသုံးပုဒ်အပြီးတည်း။

အရှင်သုနန္ဒရ လျှောက်ထားလွှာ

ဘုရားတပည့်တော် ကြံညွှပ်မြို့နေ ရှင်သုနန္ဒရ၊ ခြေတော်ဦးခိုက် လျှောက်ထာ ဝံ့ပါသည် ဆရာတော်သခင် ဘုရှင်သူမြတ်ဘုရား။

သိသာတော်မူရန်အကြောင်းမူ၁-

ကျောင်းအမ မသေမီ တန္ခစ်ကျော်လောက်က တိုက်သူကြီးကျွန်ုပ် နေ့ကောမတီလူကြီးတစုတို့နှင့် အစုံအညီ သက်သေခံပြု၍ လှူဒါန်း စားချုပ်လုပ်ကာ လှူဒါန်းထားသော ကျောင်းအမ သေတမ်းစာပါ ပစ္စည်းမျှားကို သိမ်းဆည်းရာ ကြံညွှပ်ရွာမှ မိဘတို့နှင့် လင် ပေါလူ တို့က တားမြစ်လေသောကြောင့် ဆရာတော်မျှားထံ ပန်ကြားလျှောက် ထားရာ မည်သို့မျှမဆို၍ လွှဲအပ်ပေးဖွန့်လိုက်ပြီးနောက် ဆရာမောင်က လူတို့အလျှောက် တရားစွဲဆိုရှိမှ ဆရာတော်တို့က တပည့်တော်၌ ဒုတိယ သိက္ခာပုဒ်နှင့် သံသယရှိလျှက် ဟီးတိုးစကား သင့်ရာလူ သံဃာတို့နှင့် ပြောဆိုသော အကြောင်းကို တပည့်တော် တဆင့်စကား ကြားသို့ရပါသည်။

တပည့်တော်လည်း အရှမ်းမဲ့လုပ်သည် မဟုတ်ပါ၊ ဝိနယဝိနိစ္ဆယ ဖြတ်ထုံး၊ သာသနာပိုင် ဦးဥယျ ဖြတ်ထုံးဖြစ်သော ဝိဝါဒဝိနိစ္ဆယ၊ ခုဒ္ဒသိက္ခာစာကိုယ်၊ ဂဠိကားနှစ်စောင်၊ ကခ်ါစာကိုယ်တို့ကို ကြည့်ရှု စဉ်းစား၍ တပည့်တော် ဉာဏ်မီသမျှ ပြုမိပါသည်။ ဂဠိတို့ခြောဆို ခဲ့လျှင် ထုခေျနှုန် ဝိနယဖြတ်ထုံးက "ဝဇိရဗုဒ္ဓိ" ကို ညွှန် ပါသည်။ တပည့်တော်မှာ ဝိနည်းဥဒ္ဓိကားကြီးမျှား မရှိပါ။ သို့အတွက်ကြောင့် ဥဒ္ဓိကာကြီးသုံးစောင်၏ ဂဠိအမှုနှင့် သက်ဆိုင်ရာ ပါဠိအနက် သဘော

တပည့်တော်လည်း အရှမ်းမဲ့လုပ်သည် မဟုတ်ပါ၊ ဝိနယဝိနိစ္ဆယ ဖြတ်ထုံး၊ သာသနာပိုင် ဦးဥယျ ဖြတ်ထုံးဖြစ်သော ဝိဝါဒဝိနိစ္ဆယ၊ ခုဒ္ဒသိက္ခာစာကိုယ်၊ ဂဠိကားနှစ်စောင်၊ ကခ်ါစာကိုယ်တို့ကို ကြည့်ရှု စဉ်းစား၍ တပည့်တော် ဉာဏ်မီသမျှ ပြုမိပါသည်။ ဂဠိတို့ခြောဆို ခဲ့လျှင် ထုခေျနှုန် ဝိနယဖြတ်ထုံးက "ဝဇိရဗုဒ္ဓိ" ကို ညွှန် ပါသည်။ တပည့်တော်မှာ ဝိနည်းဥဒ္ဓိကားကြီးမျှား မရှိပါ။ သို့အတွက်ကြောင့် ဥဒ္ဓိကာကြီးသုံးစောင်၏ ဂဠိအမှုနှင့် သက်ဆိုင်ရာ ပါဠိအနက် သဘော

အဓိပ္ပါယ် အဆုံးအဖြတ်များကို အရှင်ဘုရားများ ဉာဏ်သွားတော်မူသမျှ နည်းလမ်းဥပဒေသအတိုင်း အင်္ဂါထောင်ဆရာတော်၊ ရွှေဘောင်ဦး ဆရာဘော်၊ ထိမ်တောဆရာတော်တို့နှင့် တိုင်ပင်ရေးသား၍ ပေးဘော်မူပါမည့်အကြောင်း လျှောက်ထားပါသည်ဘုရား။ (ရှမ်းတပ်ဆရာဘော်ဘုရားထံ လျှောက်ထား၏စာ)။

ထိမ်တောဆရာတော်၏ အဋ္ဌကာရဝိနိစ္ဆယစာတမ်း

၎င်းလျှောက်လွှာအရ ရှမ်းတပ်ဆရာတော်ဘုရားက အဆုံးအဖြတ်ရေးသား၍ ပေးပါဟု လျှောက်ထားသဖြင့် ၎င်း၏လျှောက်ထားချက်ကို အကြောင်းပြု၍ "အဋ္ဌကာရဝိနိစ္ဆယ"ကို ပါဠိ, အဋ္ဌကထာ, ဋီကာတို့မှ ထုတ်ဆောင်၍ ရေးသားဆုံးဖြတ်လိုက်ပေအံ့။

၂၄၂။ ရဟန်းတို့ တရားတွေ့သင့် မဒူတွ့သင့်

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ဆည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်ကြီး၌ 'သမာပတ်ဖြင့် မျှတရှင်ပြုး သီတင်းသုံးနေတော်မူသောအခါ အမျိုးအမည်အားဖြင့် မထင်ရှားသော အညဘရဒဝိယကာတဦးသည် ဘိက္ခုနီသံဃာအား ဘုန်းအိမ်ဘုရားကို လှူဒါန်း၍ သေဆုံးလေ၏။

ထိုသူအားသားနှစ်ယောက်ရှိသည်တွင် သာသနာဘော်ကို မကြည်ညိုသော သားတယောက်သည် အဖအမွေကို ခံလို၍ ဘိက္ခုနီသံဃာအား လှူခဲ့သော ဘုန်းအိမ်ကို မလှူဟုဆိုထု ထုလွန်နှောမည်သော ဘိက္ခုနီမက "သင့်အဖ လှူသည်၊ မလှူသည်"ဟု ငြင်းခုံ၍ တရုံးရုံးခဲ့အဆုံးအဖြတ် ခံယူရန် တရုံးစွဲဆိုထု ဒါဝိယကာက တရုံးရှုံး၍ "ဘိက္ခုနီသံဃာအား အကျင့်သိလမရှိ"ဟု ကဲ့ရဲ့ရွတ်ချလေ၏။ ထိုစကားကိုကြား၍ ထုလွန်နှောက အစိုးရအား တိုင်ကြားလေ၏။ အစိုးရက ကဲ့ရဲ့သောဒါဝိယကာအား ဒဏ်ငွေတပ်လေ၏။

ထုလ္လနန္ဒာ ဘိက္ခုနီ မဟာမတ္တာနံ ဧတမတ္ထံ အာရောစေသိ။

မဟာမတ္တာ တံ ပုရိသံ ဧတ္တာဝေသုံ၊

ဘိက္ခုနီဝိဘင်း၊ သံဃာဒိသိသ် ပဌမသိက္ခာပုဒ်။

ထုလ္လနန္ဒာ၊ ထုလ္လနန္ဒာမည်ခဲသာ။ ဘိက္ခုနီ၊ ရဟန်းမသည်း၊ မဟာ-မတ္တာနံ၊ အမတ်ကြီးတို့အား။ ဧတမတ္ထံ၊ ထိုတရားငှ့် ၍ ကဲ့ရဲ့သော အကြောင်းကို၊ ဟောကြားစေသိ၊ တိုင်တမ်းလေ၏။ မဟာမတ္တာ၊ တရား ဆုံးဖြတ်သော အမတ်ကြီးတို့သည်။ တံ ပုရိသံ၊ ထိုကဲ့ရဲ့သောယောကျ်ား ကို၊ ဧတ္တာဝေသုံ၊ ဒဏ်တပ်ကုန်၏၊ ဝါ၊ ဒဏ်ငွေဆောင်စေကုန်၏၊

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ လျှောက်ထားသဖြင့် ကြားသိခဲတော်မူ၍ ထုလ္လနန္ဒာဘိက္ခုနီမအား ခေါ်စေပြီး ထိုအကြောင်း ခြင်းရာကို ဧမးမြန်းပြီး ကဲ့ရဲ့ဘော်မူလ၏။ ၎င်းနောက်မှ-

ဝေဠု ပန ဘိက္ခဝေ ဘိက္ခုနိယော ဣမံ သိက္ခာပဒံ ဥဒ္ဒိသန္တိ၊ "ယာ ပန ဘိက္ခုနီ ဥဿယဝါဒိကာ ဝိဟာရေယျ ဂဟပတိနာ ဝါ ဂဟပတိပုတ္တေန ဝါ ဒါသေန ဝါ ကမ္မကာရေန ဝါ အန္တမသော သမဏာဒိဠ္ဘဝဒကနဝါ၊ ဧကယံ ဘိက္ခုနိံ ပဌမာ-ပတ္တိကံ မမံ အာပန္နာနိသာဒုဏီယံ သံဃာဒိသသ"န္တိ-

ဟု သိက္ခာပုဒ်ပညတ်တော်မူ၏ (ဘိက္ခုနီဝိဘင်းပါဠိတော်)။

ဘိက္ခဝေ၊ ရဟန်းတို့၊ ဝေဠု ပန၊ ဤသို့လျှင်။ ဘိက္ခုနိယော၊ တို့သည်။ ဣမံ သိက္ခာပဒံ၊ ဤသိက္ခာပုဒ်ကို။ ဥဒ္ဒိသန္တိ၊ ပြ'ကြစေကုန် သော်၊ ယာ ပန ဘိက္ခုနီ၊ အကြင်ရဟန်းမိန်းမသည်။ ဂဟပတိနာ ဝါ၊ အိမ်ရှင်လူးယောကျ်ားနှင့် လည်းကောင်း။ ဂဟပတိပုတ္တေန ဝါ၊ အိမ်ရှင်၏ သားနှင့် လည်းကောင်း။ ဒါသေန ဝါ၊ ကျွန်ယောကျ်ားနှင့် လည်းကောင်း။ ကမ္မကာရေန ဝါ၊ အမှုလုပ်ခယောကျ်ားနှင့် လည်း

ကောင်း။ အန္တမဓသာ၊ အယုဝ်ဆုံးအားဖြင့်။ သမဏပရိပ္ပာဇကေနာပိ၊ ပရိပိုဇ်ရဟန်းနှင့် လည်းကောင်း။ ဥဿယဝါဒိကာ၊ အမျက်ဒေါသ မာန်မာန၏အစွမ်းဖြင့် တရားငြင်းခုံသည့် (ဝါ) တရားတွေ့ တရားဆိုင် သည်ဖြင့်၍။ ဝိဟာရေယျ၊ နေငြားအံ့။ အယံ ဘိက္ခုနီ၊ ဤရဟန်းမ သည်။ ပဌမာပတ္တိကံ၊ ဝတ္ထုလွန်ကျူးသည်နှင့် တပြိုင်နက် အာပတ်သင့် ခြင်းရှိသော။ နိဿာရဏီယံ၊ သံဃာ့ဘောင်မှ ထုတ်အပ်သော။ သံဃာ-ဒိသေသံ၊ အမည်ရှိသော။ ဓမ္မံ၊ အာပတ်သို့။ အာပန္နာ၊ ရောက်၏။ ဣတိ၊ ဤသို့။ ဥဒ္ဒိသန္တု၊ ပြကြကုန်လော့။

ဥဿယဝါဒိကာတိ မာနုဿယဝသေန ကောဓုဿယဝသေန ဝိဝဒမာနာ။ ယာသ္မာ ပန သာ အတ္ထတော အဋ္ဌကာရိကာ ဟောတိ၊ တသ္မာ "ဥဿယဝါဒိကာ နာ အဋ္ဌကာရိကာ ဝုစ္စ-တိ" တိ ပဒဘာဇနေ ဝုတ္တံ—

ဟု ၎င်းအဋ္ဌကထာ၌ ဖွင့်ပြသည်။

ဘိက္ခုနီဝိဘင်း ပဒဘာဇနီယဝဏ္ဏနာ၌လည်း—

အဋ္ဌံ ကရိဿာမီတိ ဒုတိယံ ဝါ ပရိယေသတိ ဂစ္ဆတိ ဝါ၊ အာပတ္တိ ဒုက္ကဋဿ။ ကေဿ အာရောစေတိ၊ အာပတ္တိ ဒုက္က-ဋဿ၊ ဒုတိယဿ အာရောစေတိ၊ အာပတ္တိ ထုလ္လစ္စယဿ။ အဋ္ဌံ ကရိဿာသာဒေန အာပတ္တိ သံဃာဒိသေသဿ—

ဟု ပေါဠိတော်မူသည်။

ဤဋ္ဌံ ကရိဿာမီတိ၊ တရားတွေ့အံ့ဟု၊ ဒုတိယံ ဝါ၊ အဖော်သက်သေ ကိုမူလည်း။ ပရိယေသတိ၊ ရှာမှီး၏။ ဂစ္ဆတိ ဝါ၊ တရားတွေ့အံ့ဟု ရုံးသို့ သွားမူလည်း၊ သွား၏။ ဒုက္ကဋဿ၊ သို့။ အာပတ္တိ၊ ရောက်၏။ ကေဿ၊ တရားလို တရားခံနှစ်ယောက်တွင် တယောက်ယောက်၏။ ကထံ၊ စကားကို။ အာရောစေတိ၊ ပြောကြား၏။ ဒုက္ကဋဿ၊ သို့။

အာပတ္တိ၊ ရောက်ခြင်းသည်။ ပေါဒတိ၊ ဖြစ်၏။ ဒုတိယဿ၊ တရားလို တရားခံနှစ်ယောက်တွင် ဒုတိယမြောက်လူ၌။ ကထံ၊ စကားကို။ အာရောစေတိ၊ အစိုးရအား တရားရုံးတွင် ပြောကြား၏။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်း ပေါဒတိ၊ ဖြစ်၏။ အဋ္ဌ-ပရိယောသာနေ၊ တရားရှုံး,နိုင်သည်၏ အဆုံး၌။ ဒံဃ ဒိသောသဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ ရောက်ခြင်းသည်း ပေါတိ၊ ဖြစ်၏။

ဘိက္ခုနိဒ်ိဘင်းအဋ္ဌကထာ၌လည်း—

ဒုတိယံ ဝါ ပရိယေသတိတိ သက္ခိံ ဝါ သဟာယံ ဝါ ပရိယေသတိ၊ ဒုက္ကဋံ။ ဂစ္ဆတိ ဝါတိ ဥပဿယော ဝါ ပေါဟာတု ဘိက္ခာစာရမဂ္ဂေါ ဝါ၊ ယတ္ထ ဌိတာယ အာဠံ ကရိဿာမိတိ စိတ္တံ ဥပ္ပဇ္ဇတိ၊ တတော ဝေါဟာရိကာနံ သန္တိကံ ဂစ္ဆန္တိယာ ပဒဝါရေ ပဒဝါရေ ဒုက္ကဋံ။ ဂေဟဿ အာရောစေတိတိ ဒ္ဝိသု ဇနေသု ယဿ ကဿစိ ကောဿ ကထံ ဒယဓ ဂေါစရံ ဝေါဟာရိကာနံ အာရောစေတိ။ ဒုတိယဿ အာရောစေတိတိ ဏ္ဍာပိ ဧသေဝ နယော။

အယံ ပနေတ္ထ အာသမ္မောဟတ္ထာယ ဝိတ္ထာရကထာ၊ ယတ္ထ ကတ္ထစိ အန္တမသော ဘိက္ခုနုပဿယံ အာဂတေပိ ဒဝါဟာရိကေ ဒိသွာ ဘိက္ခုနီ အာတ္တာနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ဒုက္ကဋံ။ ဥပါသကော အာတ္တာနော ကထံ အာရောစေတိ၊ ဥပါသကော အာတ္တာနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ဒုက္ကဋံ။ အထ သာ အာတ္တာနော ကထံ အာရောစေတိ၊ ဘိက္ခုနိယာ ဒုက္ကဋံ။ ဥပါသိကာယ ကထံ ပဒတိ "မမ စ တဝ စ ကထံ တုံယေဝ အာရောစေဟီ"တိ၊ ဧသော အာတ္တာနော ဝါ ကထံ ဥဒ္ဒိသ အာရောစေတု, ဘိက္ခုနိယာ ဝါ၊ ဥဒ္ဒိသာရောစနေ ဒုက္ကဋံ၊ ဒုတိယာရောစနေ ထုလ္လစ္စယံ။ ဥပါသကော

ဘိုကျွန်ုံ ဝဒတိ ''မမ စ ဘဝ စ ကထံ တုံယေဝ အာဇောဒေ-
ဟိ'' တိ၊ ဇော်ထာပိ ဧသေဝ နဒယာ။

ဘိကျွန်ုံ ဣပ္ပိယကာရကေန ကထေ၊ပေတိ၊ တတ္ထ ကပ္ပိယ-
ကာရကော ဂါ ဘိကျွန်ုယာ ဣထံ ပဌမံ အာရောဒေတု, ဣတ-
ဇန္ဓရော ဝါ အတ္တဇနာ ကထံ၊ ဣပ္ပိယကာရကော ဝါ ဥဘိ-
န္နမ္ပိ ကထံ, ဣတဇန္ဓရော ဝါ ဥဘိန္နမ္ပိ ဣထံ အာဇောဒေတု၊ ယထာ
ဝါ တထာ ဝါ အာဇောစိယမာနေ ပဌဒေ အာဇောစနေ
ဘိုကျွန်ုယာ ဒုက္ကဋံ၊ ဒုတိယေ ထုလ္လစ္စယံ။ ယထာ ဝါ တထာ
ဝါ အာဇောစိတံ ပန ဥဘိန္နမ္ပိ ဣထံ သုတ္ဝာ ဓေဝါဟာရိဒေဟိ
ဝိနိစ္ဆယေ ကဓေတာ အဋ္ဌပရိယောသာနံ နာဓ ဟောတိ၊ တသ္မိ
အဋ္ဌပရိယောသာနေ ဘိကျွန်ုယာ ဇာယေပိ ပဇာဇယေပိ သံယာ-
ဒိသေသော—
ဟု ဖွင့်ပြတော်မူသည်။

ဒုဘိယံ ဝါ ပရိယေသတီတိ၊ ဟူသည်ကား။ သင်္ခံ ဝါ၊ သင်္ဃသကို
လည်းခေါ်၏။ သဟာယံ ဝါ၊ အနုဖာ်ကိုလည်းဆိုလို၏။ ပရိယေ-
သတိ၊ ရှာ၏။ ဒုက္ကဋ်၊ သင့်၏။ ဂစ္ဆတိ ဝါတိ၊ ဟူသည်ကား။ ဥပ-
သမ္ပဒယာ ဝါ၊ ကျောင်းနေသူသည်လည်း။ ဟောတု၊ ဖြစ်စေ။ ဘိက္ခု-
စာရမဂ္ဂါ ဝါ၊ ဆွမ်းခံသွားသောလမ်းသည်လည်း။ ဟောတု၊ ဖြစ်စေ။
ယတ္ထ၊ အကြောင်အရပ်၌။ ဌိကာယ၊ ရပ်လျက်သောလျှင်။ အဋ္ဌံ၊ တရား
ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ စိတ္တံ၊ ဤသို့သောစိတ်သည်။ ဥပ-
ဇ္ဇတိ၊ ၏။ တဓေဝ၊ ထိုအရပ်မှ။ ဓေဝါဟာရိကာနံ၊ တရားဆုံးဖြတ်
ပေးသောတရားသူကြီးတို့၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆန္တိယာ၊သွားသော
ဘိကျွန်ုမအား။ ပဒဝါရေ ပဒဝါရေ၊ ခြေလှမ်းတိုင်း ခြေလှမ်းတိုင်း၌၊
ဒုက္ကဋ်၊ ဒုက္ကဋ်အာပတ်သင့်၏။ ကေဿ အာရောစေတိတိ၊ ဟူသည်ကား။
ဒ္ဓိသု ဇနေသု၊ နှစ်ယောက်သောလူတို့တွင်။ ယဿ ကဿစိ၊ အမှတ်ရှိ
သော။ ကေဿ၊ တယောက်၏။ ကထံ၊ စကားကို။ ယော ကော်စိ၊
အမှတ်မရှိ တယောက်ယောက်သည်၊ ဓေဝါဟာရိကာနံ၊ တရားသူကြီး

တို့ဘား။ အာရောစေတီ၊ ပြောကြား၏။ ဒုတိယဿ အာရောစေတီတိ ထွာပိ၊ ဒ္ဒလည်း။ သေဝ နယော၊ ဤနည်းသာတည်း။

ဤယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ ထွေ၊ ဤတရားတော်ရာ၌။ အသမ္မောဟတ္ထာယ၊ မတော်ဝေစေခြင်းငှာ။ ဝိတ္ထာရကထာ၊ အကျယ်စကားတည်း။ ယတ္ထ ကတ္ထစိ၊ အမှတ်မရှိသေးအရပ်၌။ အန္တမသော၊ ဖြင့်။ ဘိက္ခုနုပသယံ၊ ဘိက္ခုနီမကျောင်းသို့ အာဂစ္ဆေ၊ လာရောက်ကုန်သော၊ ဝေဟာရိဏေပိ၊ တရားဆုံးဖြတ်သော အစိုးရကိုကိုလည်း။ ဒိသ္ဝာ၊ မြင်၍။ ဘိက္ခုနီ၊ သည်။ အတ္တာနော၊ ၏။ ဂဏံ၊ ကို။ အာရောစေတိ၊ ၏။ ဘိက္ခုနိယာ၊ အား။ ဒုက္ကဋ်၊ ၏။ ဥပါသကော၊ သိတင်းသုံးသည် ဒါယကာသည်။ အတ္တာနော၊ ၏။ ဂဏံ၊ စကား၊ကို။ အာရောစေတိ၊ ၏။ ဘိက္ခုနိယာ၊ အား။ ထုလ္လစ္စယံ၊ ၏။ ဌပေ၊မံ၊ စ္စာ။ ဥပါသကော၊ သည်။ အတ္တာနော၊ ၏။ ဂဏံ၊ ကို။ အာရောစေတိ၊ ၏။ ဘိက္ခုနီယော၊ ဘိက္ခုနီသည်။ အာ၊ အား။ ဒုက္ကဋ်၊ ၏။ အထ၊ ထို့နောင်မူ။ သော ဘိက္ခုနီ၊ သည်။ အတ္တာနော၊ ၏။ ဂဏံ၊ ကို။ အာရောစေတိ၊ ပြောကြား၏။ ထုလ္လစ္စယံ၊ ၏။ ဘိက္ခုနီ၊ သည်။ ဥပါသကံ၊ ကို။ မမ စ၊ ငါ၏ လည်းကောင်း။ တဝ စ၊ သင်၏လည်းကောင်း။ ဂဏံ၊ စကား၊ကို။ တုံ၊ယဝ၊ သင်သည်သာလျှင်။ အာရောစေဟိ၊ ပြောလော့။ ဣတိ ဝဒတိ၊ ဤသို့ ဆို၏။ သော ဥပါသကော၊ သည်။ အတ္တာနော ဝါ၊ မိမိ၏လည်း။ ဂဏံ၊ စကား၊ကို။ ပဌမံ၊ ရှေး၌စ္စာ၊ အာရောစေတု၊ ပြောပစေး ဘိက္ခုနိယာ ဝါ၊ ၏လည်း။ ဒုတိယံ၊ ကို။ ပဌမံ၊ ရှေး၌စ္စာ၊ အာရောစေတု၊ ပြောပစေး ပဌမာရောစနေ၊ ရှေး၌စ္စာပြောရာ၌။ ဒုက္ကဋ်၊ ၏။ ဒုတိယာရောစနေ၊ ၌။ ထုလ္လစ္စယံ၊ ၏။ ဥပါသကော၊ သည်။ ဘိက္ခုနီ၊ ကို။ မမ စ၊ ငါ၏ လည်းဆောင်း။ တဝ စ၊ သင်၏ လည်းကောင်း။ ဂဏံ၊ စကား၊ကို။ တုံ၊ယဝ၊ သင်သည်သာလျှင်။ အာရောစေဟိ၊ ပြောလော့။ ဣတိ ဝဒတိ၊ ဤသို့ ဆို၏။ တတ္ထာဗို၊ ၌လည်း။ ဧသေဝ နယော၊ ၏။

ဘိက္ခုနီ၊ သည်။ ကပ္ပိယဆာရကေန၊ ကို။ ကထာပေတိ၊ ဆိုစေ၏။ တတ္ထ၊ ထိုပြောကြားရာ၌။ ကပ္ပိယကာရကော ဝါ၊ သည်လည်း။ ဘိက္ခု-

နိယာ၊ ၏။ ကထံ၊ ကို။ ပဌမံ၊ စွာ။ အာဇ္ဈာစေတု၊ ပြောပစေ။ ဣတိဇ္ဈာ ဝါ၊ တဇ္ဈာတွေသော တဘက်လူသည်လည်း။ အတ္တာနာ၊ ၏။ ကထံ၊ ကို။ အာဇ္ဈာစေတု၊ ပြောပစေ။ ကပ်ိယကာရဏာ ဝါ၊ သည်လည်း။ ဥဘိန္နမ်ိ၊ နှစ်ဦးသောသူကို၏လည်း။ ကထံ၊ စကားကို။ အာဇ္ဈာစေတု၊ စေ။ ဣဘာဇော ဝါ၊ တဘက်သားသည်လည်း။ ဥဘိန္နမ်ိ၊ တို့၏လည်း။ ကထံ၊ ကို။ အာဇ္ဈာစေတု၊ စေ။ ယထာ ဝါ တထာ ဝါ၊ အမှတ်မရှိသောအား ဖြင့်။ အာဇ္ဈာစေတိ သမာနော၊ သော်း ပဌမေ အာဇ္ဈာစနေ၊ ၌။ ဘိက္ခုနိယာ၊ အား။ ဒုက္ကဋ်၊ ၏။ ဒုတိယေ၊ ၌။ ထုလ္လစ္စယံ၊ ၏။ ပန၊ အထူးကိုဆိုဦးအံ့။ ယထာ ဝါ တထာ ဝါ၊ ဖြင့်။ အာဇ္ဈာစိတံ၊ ဒသာ။ ဥဘိန္နမ်ိ၊ တို့၏သည်း။ ကထံ၊ ကို။ သုဘဂ၊ ၍။ ဇဝါဟာ ရိဇဏဟိ၊ တို့သည်။ ဝိနိစ္ဆယေ၊ ကို။ ဇာတေ၊ ပြီအပ်သည်ရှိသော်။ အဋ္ဌပရိဇယောသဒ္ဓိံ နာဝမ၊ တဇ္ဈာပြီးဆုံးခြင်း မည်သည်။ ဟောတိ၊ ၏။ တသ္မိံ အဋ္ဌပရိဇယောသာဒေန၊ ထိုဘဇ္ဈာပြီးဆုံးခြင်း၌။ ဘိက္ခုနိယာ၊ သည်။ ဇယေပိ တဇ္ဈာနိုင်ခဲသော် လည်းကောင်း။ ပရာဇယေပိ၊ တဇ္ဈာရှုံးသော် လည်းကောင်း။ သံဃာဒိသေသော၊ သံဃာဒိသိသ်အာပတ် သင့်သည်။ ဟောတိ၊ ၏။

ဤသို့လာသော ပါဠိ,အဋ္ဌကထာတို့၌ ထုလ္လနန္ဒာ ဘိက္ခုနီမသည် "ဘိက္ခုနီသံဃာအား အဖလှူဒါန်းခဲ့သော ဘဏ္ဍာအိမ်ခန်းကျောင်းကို ဇေဖ ယေခသောအခါ သားအားမှခံတဦးက မလှူနိုင်"ဟု လုံ့ယူတာဖြစ်ဇာ အစိုးရမင်းထံ သွားရောက်ပြီး ဟုတ်မှန်တိုင်းပြောကြား၍ တဇ္ဈာတွေ့ သဖြင့် တဘက်သားရှုံး၍ ငွေကုန်ကြေးကျရှိသော်လည်း ဘဏ္ဍာစာ ပေးထိုက်သည်ဟု မဆိုပဲ ဒုက္ကဋ်၌, ထုလ္လစ္စည်း, သံဃာဒိသိသ်သာ လာသည်း

တဇ္ဈာတွေ့ဇာ၌လည်း အပ်သောတဇ္ဈာ, မအပ်သောတဇ္ဈာဟူ၍ နှစ်ပါးရှိသည်။ ထိုကြောင့်—

ဒါသဒါသီဝါပိအာဒိနံ အတ္ထာယ အဋ္ဌံ ကရောန္တိ၊ အယံ အကပ္ပိယအဋ္ဌော နာမ၊ နဝဋ္ဌတိ—

ဟု ဖွင့်တော်မူသည်း ဘိက္ခုနီဝင်းအဋ္ဌကထာပင်း

ဒါသဒါသိဝါပိုဟာဒိနံ၊ ကျွန်ယေဒကျိုး, ကျွန်မိန်းမ, ရေတွင်း ရေဇာန်စသည်တို့၏။ အတ္ထာယ၊ အကျိုးငှါ။ အဋ္ဌံ၊ တရားတွေ့ခြင်းကို။ ကထောန္တိ၊ ပြုကုန်၏။ ဣယံ၊ ဤသို့တွေ့သောတရားသည်။ အကပ်ပိယ-အဋ္ဌော နာမ၊ မဆုပ်သောတရားတွေ့ခြင်းမည်၏။ နု ဝန္ဒတိ၊ ရဟန်းတို့ အားမအပ်။

ထိုဇာဋ္ဌကထာပါဠိဖြင့် ကျွန်ယေဒကျိုး, ကျွန်မိန်းမ စသည်တို့ကို အလှူခံခြင်းငှါ မအပ်သကဲ့သို့ ထိုသူစသည်တို့၏အကျိုးငှါ တွေ့သော တရားသည် မအပ်ဟု ပြတော်မူသဖြင့် အလှူခံဆပ်သော ကျောင်း အဝတ်သကဲ့နံး အစရှိသည်တို့အကျိုးငှါ တွေ့သောတရားသည် အပ်သည်ဟု ပြတော်မူသည်။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌-

ယထာ ဒါသဒါသိဝါအာဒီနံ သမ္ပဋိစ္ဆိတုံ နု ဝန္ဒတိ၊ ဧဝံ တေသံ အတ္ထာယ အဋ္ဌကရဏမ္ပိ နု ဝန္ဒတီတိ အာဟ "ဣယံ အကပ္ပိယအဋ္ဌော နာမ၊ နု ဝန္ဒတီ"တိ-

ဟု ဖွင့်တော်မူသည်။

ဒါသဒါသိဝါပိအာဒီနံ၊ ကျွန်ယေဒကျိုး, ကျွန်မိန်းမ, ရေတွင်း စသည်တို့ကို။ သမ္ပဋိစ္ဆိတုံ၊ အလှူခံခြင်းငှါ။ နု ဝန္ဒာဘာ ယထာ၊ မအပ်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူး တေသံ၊ ထိုကျွန်စသည်တို့၏။ အတ္ထာယ၊ အကျိုးငှါ။ အဋ္ဌကရဏမ္ပိ၊ တရားတွေ့ခြင်းသည်လည်း။ နု ဝန္ဒတိ၊ မအပ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣယံ အကပ္ပိယအဋ္ဌော နာမ၊ နု ဝန္ဒတီတိ၊ ဟူ၍။ အာဟ၊ ဆိုတော်မူ၏။

ထို့ကြောင့် ကပ္ပိယအဋ္ဌ၊ အဆုပ်ပိယအဋ္ဌအားဖြင့် နှစ်ပါးရှိသည်ဟု မှတ်။ ထိုနှစ်ပါးတွင် မဆုပ်သောတရားတွေ့ခြင်းဖြင့် ပြောဆိုသော ရဟန်းအား ဒုက္ကဋ်အာပတ်သာ သင့်၏ဟုမှတ်။ ဘဏ္ဍာဝစား မထိုက်။ ထိုအကပ်ပိယတရားကိုပင် ကိုယ်တိုင်တွေ့ခြင်းငှါသာ မအပ်သည်၊ ဉာဏ်

ပညာရှိ၍ လိမ္မာသော အာရာမ်စောင့်စသည်တို့အား စေခိုင်း၍ တရား တွေ့စေကာမူ အပြစ်မရှိ၊ အပ်သည်ဟူ၍ မူတ်။

ကျောင်း, အဝတ်သက်နှံးစသည်ဘို့ အကျိုးငှါ အပ်သောတရားကို ရဟန်းကိုယ်တိုင် တွေ့ထိုက်သည်၊ အပြစ်မရှိ ဟူ၍ မူတ်ပါ။ထို့ကြောင့် ဝိမတိဝိနောဒနီဋီကာ၌–

ဒါသာဒီနံ သမ္မဋိစ္ဆနေ ဝိယ တဒတ္ထာယ အာဒေသနေပေ ဘိက္ခူနမ်ိ ဒုက္ကဋန္တိ ဿာဟ "အယံ အာပတ္တိယံအဇ္ဈော နာမ၊ နဝဋ္ဋတီ" တိ။

ဒါသာဒီနမ်ိ ပန အတ္ထာယ ရက္ခံ ယာစိတုံ ဝေါဟာရိကေန ပုဋ္ဌေန သံဃသ္သ ဥပဂ္ဂံ ကပ်ိယကာမံ ဝတ္ထုံ, အာရာမိကာဒီဟိ စ အာဋံ ကာရာပေတုဉ္စ ဝဋ္ဋတေ ဝေ။ ဝိဟာရဝတ္ထာဒိကပ်ိယအာဋံ ပန ဘိက္ခုနော သယမ်ိ ကာတုံ ဝဋ္ဋတိ–

ဟု မိန့်တော်မူ၏။

ဒါသာဒီနံ၊ ကျွန်စသည်တို့ကို။ သမ္မဋိစ္ဆနေ၊ အလှူခံခြင်း၌။ နဝဋ္ဋတိ ဝိယ၊ မအပ်သကဲ့သို့။ တဒတ္ထာယ၊ ထိုကျွန်စသည်တို့၏အကျိုးငှါ။ အာဋကရဏေ၊ တရားတွေ့ခြင်း၌။ ဘိက္ခုနမ်ိ၊ ရဟန်းတို့အား လည်း။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။ ဤတိ တသ္မာ၊ ကြောင့်။ အယံ အာပတ်ိယအဇ္ဈော နာမ၊ နဝဋ္ဋတီတိ၊ ဟူ၍။ အာဟ၊ ၏။

ပန၊ ဧထူးကိုဆိုအံ့။ ဒါသာဒီနမ်ိ၊ တို့၏လည်း။ အတ္ထာယ၊ ငှါ။ ရက္ခံ၊ အစောင့်ကို။ ယာစိတုံ၊ တောင်းခြင်းငှါ။ ဝေါဟာရိကေန၊ တရားသူကြီးသည်။ ပုဋ္ဌေန၊ မေးအပ်သည်ရှိသော်။ သံဃသ္သ၊ အား။ ဥပဂ္ဂံ၊ ဖြစ်သေး။ ကပ်ိယံ၊ အပ်သော။ ကာမံ၊ အမှုကို။ ဝတ္ထုံ၊ စ၊ ဆိုခြင်းငှါလည်းကောင်း။ အာရာမိကာဒီဟိ စ၊ အာရာမ်စောင့်စသည်တို့ကိုလည်း။ အာဋံ၊ တရားတွေ့ခြင်းကို၊ ကာရာပေတုဉ္စ၊ ပြုစေခြင်းငှါ

လည်းကောင်း၊ ဝဋ္ဋတိ ဧဝ၊ အပ်သည်သာတည်း။ ဝိဟာရဝတ္ထာဒိ-ကပ္ပိယအဆုံ ပန၊ ကျောင်းအဝတ်သက်နှံးအားရှိသော အပ်သောတရား ကိုကား။ ဘိက္ခုနော၊ ရဟန်းအား။ သယမ္မိ၊ ကိုယ်တိုင်လည်း။ ဏာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

ဝဇိရဗုဒ္ဓိဋီကာ၌လည်း–

အကပ္ပိယအဇ္ဈော နာမ သံဃဿ ဝါ အာရာမိကပုဂ္ဂလဿ ဝါ ဝတ္ထုဿ ကာရဏာ သံဃဿ ဝါရိကာဘာဇဝန သယမေဝ ဝါ အဓိကရဏဘဋ္ဌာနံ ဂန္ဆာ "အမှာကံ ဧသော ဒါသော၊ ဒါသီ၊ ဝါပီ၊ ဧခတ္တံ၊ အာရာမော၊ အာရာမဝတ္ထု၊ ဂါဝေါ၊ ဂါဝီ၊ မဟိံသီ၊ အဇာ၊ ကုက္ကုဋော" တိ အ.ဒိနာ ဝေါဟရတိ၊ အကပ္ပိယံ။ "အယံ အမှာကံ အာရာမိကော အာရာမိကာ၊ အယံ ဝါပီ ဂ္ဂတ္ထန္နာမေန သံဃဿ ဟတ္ထေ ဒေါဟနတ္ထာယ ဒိန္နာ။ ဂ္ဂတော ဧခတ္တဂတော အာရာမဂတော ဥပဋ္ဌာနကရဏတုံ စတုံ၊ ဂ္ဂတော ဂါဝီဂတော မဟိံသီဂတော အဇာဂတော ဥပဋ္ဌာနကရဏာဒေါ-ရဿာ ဂ္ဂတ္ထန္နာမေန သံဃဿ ဒိန္နာ" တိ ပုဗ္ဗေ ဂတ ဝါ အပုဗ္ဗေ ဂတ ဝါ ဝတ္ထုံ ဝဋ္ဋတိ–

ဟုမိန့်တော်မူ၏။ သာရတ္ထဒီပနီဋီကာ၌လည်း နည်းတူဖွင့်တော်၏။

အဇ္ဈာပ်ပြီယအဇ္ဈော နာမတိ ဇ္ဈော ဥ်။ အဓိကရဏာနံ၊ တရားဆုံးဖြတ်ရာသို့။ ဂန္ဆာ၊ သွား၍။ ဧသော၊ ဤသူသည်။ အမှာကံ၊ ငါတို့၏။ ဒါသော၊ ကျွန်ယောကျ်ားတည်း။ ဒါသီ၊ ကျွန်မိန်းမတည်း။ ဝါပီ၊ ရေတွင်းရေအိုင် ရေကန်တည်း။ ဧတ္တံ၊ လယ်တည်း။ အာရာမ-ဝတ္ထု၊ အာရာမ်ေမြတည်း။ ဂါဝေါ၊ နွားတည်း။ ဂါဝီ၊ နွားမတည်း။ မဟိံသီ၊ ကျွဲမတည်း။ အဇာ၊ ဆိတ်မတည်း။ ကုက္ကုဋော၊ ကြက်မတည်း။ ဤတို့ အာဒိနာ၊ ဤသို့စသည်ဖြင့်။ ဝေါဟရတိ၊ ခေါ်ဆို၏။ အကပ္ပိယံ၊ မအပ်။ အယံ၊ ဤသူသည်။ အမှာကံ, ငါတို့၏။ အာရာမိကော၊ အာရာမ်

စောင့်တည်း။ အာရုမိကာ၊ အာရုမ်စောင့်မတည်း။ အယံ ဝါပိ၊ ဤရေကဲန်ကို။ ဣတ္ထန္နာမေန၊ ဤမည်သောသူသည်။ သံဃဿဲ၊ အာဝး။ ဟတ္ထေ ဒေါဟနတ္ထာယ၊ လက်ဆေးခြင်းငှါ။ ဒိန္နာ၊ ပေးလှူအပ်၏။ ဣတော ခေတ္တတော၊ ဤလယ်မှ။ အာရုမတော၊ အာရုမ်မှ။ ဥပဇ္ဈနကပစ္စယဲး၊ ဖြစ်သောပစ္စည်းတို့ကို။ ဣတော ဂါဝိတော၊ ဤနွားမမှ။ မဟိံသိတော၊ ဤကျွဲမမှ။ အဇာတော၊ ဤဆိတ်မမှ။ ဥပဇ္ဈနကဂေါရုသာ၊ ဖြစ်သော နွားနို့ ကျဲနို့ ဆိတ်နို့ အရသာတို့ကို။ ဣတ္ထန္နာမေန၊ သည်။ သံဃဿ၊ အာဝး။ ဒိန္နာ၊ ပေးလှူအပ်ကုန်၏။ ဣတိ၊ ဤသို့။ ပုဏ္ဏတေ ဝါ၊ မေးသော်လည်းကောင်း။ အပုဏ္ဏတေ ဝါ၊ မမေးသော်လည်းကောင်း။ ဝတ္တုံ၊ တရားရုံး၌ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

ထိုဒ္ဝိဏ္ဏာဆရာတို့၏ အလိုအားဖြင့် အကပ္ပိယအဋ္ဌအရာ၌ မှအပ်သော ကျွန်အမည်, လယ်ယာ ကဲ့ နွားဆိုတ်စသည်တို့၏ အမည်ဖြင့်ဆို၍ တရားတွေ့ခြင်းငှါ မအပ်ကုန်။ ကပ္ပိယဓဝါဟာရဖြစ်သော အာရုမ်စောင့် အမည်ဖြင့် လယ်ယာ အာရုမ်မှဖြစ်သော ပစ္စည်း, ကဲ့ နွား ဆိတ်မှ ဖြစ်သော အရသာကို ညွှန်ပြ၍ တရားတွေ့မူ အပ်သည်ဟု ပြတော်မူသည်။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကိုထောက်၍ အပ်သောကျောင်း, အဝတ်သင်္ကန်းစသည်တို့၏ အကျိုးငှါ ရဟန်းကိုယ်တိုင် တပါးသောလူတို့နှင့် တရားတွေ့ခြင်းငှါ အပ်သည်။ ကျွန်ယောကျား ကျွန်မိန်းမစသည်တို့၏ အကျိုးငှါ တပါးသောသူကို စေခိုင်း၍ တရားတွေ့စေခြင်းငှါ အပ်သည်။ ထိုမအပ်သော ကျွန်စသည်ကိုပင် အပ်သော အမည်ဖြင့်ဆို၍ တရားတွေ့ခြင်းငှါ အပ်သည်။ ထိုမအပ်သော ကျွန်စသည်ကို မအပ်သောအမည်ဖြင့်ဆို၍ ရဟန်းကိုယ်တိုင်တရားတွေ့ခြင်း၌ မအပ်။ ဒုက္ကဋ်အာပတ် သင့်သည်။ ဘက္ခာစား မပေးထိုက်ဟု သန္နိဋ္ဌာန်ကျမ်တ်။

အနာပတ္တိ မနုဿေဟိ အာဇာနိယမာနာ ဂစ္ဆတို့၊ ဤာရက္ခံ ယာစတို၊ အနေခဒါသ အာစိက္ခတိ—

ဟု ဘိက္ခုနီဝိဘင်းပါဠိတော် အနာပတ္တိဝါရ၌ လာသည်။

မနုဿေဟိ၊ တရားတွေ့သော်လူတို့သည်။ အကဲဖြတ်ယမာနာ၊ လာရမည်ဟုခေါ်သဖြင့် နှိပ်စက်အပ်သည်ဖြစ်၍။ ဂန္ဓိတိ၊ ၏။ အာရက္ခံ၊ အစောင့်ကို။ ယာစတိ၊ တောင်း၏။ အနောဒိဿဲ၊ ဤသူဟု မရွယ်သွန်း မူ၍။ အာစိက္ခတို့၊ ပြောကြား၏။ အနာပတ္တိ၊ အာပတ်မသင့်။

ဂုင်းအဖွင့် ဘိက္ခုနီဝိဘင်းအဋ္ဌကထာ၌လည်း-

ဘိက္ခုနုပဿယေ ဂါမဒါရကာ ဓုတ္တာဒယော ဝါ ယေ ကေဝိ အနာဒရံ ဝါ အာစရိန္တိ၊ ရုက္ခံ ဝါ ဆိန္ဒန္တိ၊ ဖလာဖလံ ဝါ ဟရန္တိ၊ ပရိက္ခာရေ ဝါ အစ္ဆိန္ဒန္တိ။ ဘိက္ခုနီ ဝေါဟာရံ'ဉာဿက်မိတ္ဝာ "အမ္ဘာကံ ဥပဿယေ ဤဒံ နာမ ကတ" ဒဒတိ။ ကေနာတိ ဝုတ္တေ "အသုကာနာ ဝ အသုကာနာ စာ" တိ အာစိက္ခတိ။ ဧဝံ အတိတံ အာရဗ္ဘ ဩဒိဿအာစိက္ခနာ ဟောတိ၊ သာ နာ ဝဋ္ဋတိ။ ဓာဠေ သုတ္ဝာ တေ ဝေါဟာရိကာ တေသံ ဒဏ္ဍံ ကရောန္တိ။ သဗ္ဗံ ဘိက္ခုနိယာ ဂိဇါ ဟောတိ။ ဒဏ္ဍံ ဂဏှိ-ဿန္တိတိ အဓိပ္ပါယေပိ သတိ ဂိဝါယေဝ ဟောတိ။ သစေ ပန "တဿ ဒဏ္ဍံ ဂဏှထာ"တိ ဝဒတိ၊ ပဋိဓာသကမတ္တေ ဂဟိတေ ပါရာဇိကံ ဟောတိ။

ကေနာတိ ဝုတ္တေ ပန "အသုကေနာတိ ဝတ္တုံ အမ္ဘာကံ နာ ဝဋ္ဋတိ၊ တုမှေဟိယေဝ ဇာနိဿထ။ ကေဝလံ ဟိ မယံ ရုက္ခံ ယာစာမ၊ တံ နော ဒေထာအဝဟဋ္ဌဘဏ္ဍဉ္စ အာဟရာပေထာ"တိ ဝတ္တဗ္ဗံ။ ဧဝံ အနေဝဒိဿအာစိက္ခနာ ဟောတိ၊ သာ ဝဋ္ဋတိ။ ဧဝံ ဝုတ္တေ သစေပိ ဘေ ဝေါဟာရိကာ ဆာရုကေ ဂဓေသိတ္ဝာ တေသံ ဒဏ္ဍံ ကရောန္တိ၊ သဗ္ဗံ သာပဒတယျမိဒံ ဂဟိတံ ဘိက္ခုနိယာ နေဝ ဂိဝါ နာ အာပတ္တိ။

ပရိက္ခာရံ ဟရန္တေ ဒိဿာ တေသံ အနတ္ထကာမတာယ "စောရော စောရော"တိ ဝတ္တုမိ နာ ဝဋ္ဋတိ။ ဧဝံ ဝုတ္တေပိ

ကိ ယံ ဧတသံ ဧက္ကံ ကရောန္တိ၊ သင်္ဃမ္ဟိ ဘိက္ခုနိယာ ဂိဝါ ဟောတိ။ အတ္တဓနာ ဝစနကရံ ပန "ဣမိနာ ဧမ ပရိက္ခာရေန ဂဟိဒေဝာ၊ တံ အာဟရာဒေပေဟိ၊ မာ စဿ ဒဏ္ဍံ ထာရောဟိ" တိ ဝတ္တုံ ဝဋ္ဋတိ—

ဟု ဖွင့်တော်မူ၏။

ဘိက္ခုနုပဿယေ၊ ဘိက္ခုနိမကျောင်းဌ်။ ဂါမဒါရကာ ဝါ၊ မွေဿာ သူငယ်တို့သည် လည်းကောင်း၊ ဓုတ္တာဒယော ဝါ၊ သေသေးက်ကြူး စသောသူတို့သည် လည်းကောင်း။ ဃ ကေစိ ခပ်သိမ်းသောသူတို့ သည်။ အနာဒာရံ ဝါ၊ ဖောက်ပြန်သောအကျင့်ကိုလည်း၊ ဇာရန်တိ၊ ကျွင့်ကြကုန်၏။ ရှက်ခံ ဝါ၊ သင်္ဃင်ကိုလည်း၊ ဆိုန္ဒန်တိ၊ ဖြတ်ကြကုန်၏။ ဖလေဖလံ ဝါ၊ သစ်သီးကြီးငယ်ကိုလည်း၊ ဟာရန်တိ၊ ဆောင်ယူကြကုန်၏။ ပရိက္ခာဇရ ဝါ၊ ပရိက္ခရာဘဏ္ဍာတို့ကိုလည်း။ အာစ္ဆိန္ဒန်တိ၊ လုယူကြကုန်၏။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ဇေါဟာရိဇကဲ၊ အစိုးရထံတို့သို့။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ အမှာကံ၊ ငါတို့၏။ ဥပသဟေယျ၊ ချဉ်းကပ်ဌ်။ ဣဒံ နာမ၊ ဤမည်သောအမှုကို။ ကတံ၊ ပြုအပ်၏၊ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ဧကေန၊ အာဘယ်သူသည်။ ကတံ၊ ပြုအပ်သနည်း။ ဣတို့၊ ဤသို့။ ဝုဒ္ဓတ္တာ ဆိုအပ်သည်ရှိသော်။ အသုဧနေန စ၊ ဤမည်ခသော သူသည်လည်းဖကောင်း။ အသုကေန စ၊ ဤမည်ခသောသူသည် လည်းကောင်း။ ကတံ၊ ပြုအပ်၏၊ ဣတိ ဤသို့။ အာစိက္ခတိ၊ ပြောကြား၏။ ဧဝံ၊ ဤသို့။ အတိတံ၊ အတိတ်ကာလကို။ အာရဗ္ဘ၊ အခံကြောင်းပြု၍။ သုဒိဿ၊ ရည်ရွယ်၍။ အာစိက္ခနာ၊ ပြောကြားခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုပြောကြားခြင်းသည်။ နု ဝဋ္ဋတိ၊ မအပ်။ တံ၊ ထိုပြောကြားခြင်းကို။ သုဏာ၊ ကြား၍။ တေ ဇေါဟာရိကာ၊ ထိုအစိုးရတို့သည်။ တေသံ၊ ထိုဖျင်ဆီးသောသူ, ခိုးယူသောသူတို့အား။ ဒဏ်ဌံ၊ ကြေးငွေဒဏ်ကို။ ဧစ ကရောန္တိ၊ ဖာကိယ်၍ ပြုကုန်ကြား၏။ သင်္ဃံ၊ အလုံးစုံကုန်ကျသမျှဒဏ်ငွေသည်။ ဘိက္ခုနိယာ၊ ရဟန်းမအား။ ဂိဝါ၊ အစားပေးထိုက်သည်။ ဟောတိ၊ ၏။ ဒဏ်ဌံ၊ ငွေဒဏ်ကို။ ဂဏှိသန္တိ၊

ယူကုန်လတ္တံ့။ ဣတိ ဧဝံပဂါယေ၊ ဤသို့သော အဓိပ္ပါယ်သည်။ သတိပိ၊ ရှိသော်လည်း။ ဂီဂါယေဝ၊ အစားပေးထိုက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုသူအား။ ဒဏ္ဍံ၊ ဒဏ်ငွေကို။ ဂဏှထ၊ ယူကုန်လော့။ ဣတိ၊ ဤသို့ သဇေ ပန် ဝေဒတိ၊ အကယ်၍ဆိုအံ့။ ပဥ္စဝဿကမတ္တေ၊ ငါးပဲမျှကို။ ဂဟိတေ၊ ယူအပ်သည်ရှိသော်။ ပါရာဇိကံ၊ စေခိုင်းသော ရဟန်းမိန်းမ ပါရာဇိကကျသည်။ ဟောတိ၊ ဖြစ်၏။

တေန၊ အဘယ်သူသည်။ ကတံ၊ ပြုအပ်သနည်း။ ဣတိ၊ သို့။ ဝုတ္တေ ပန၊ ဆိုအပ်ခဲသော်ကား။ အသုကေနာတိ၊ ဤသူဟူ၍။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အမ္ဟာကံ၊ ငါတို့အား။ နဝဋ္ဋတိ၊ မအပ်။ တုမ္ဟေဒယဝ၊ သင်တို့သည်သာလျှင်။ ဇာနိဿထ၊ သိကြကုန်လော့။ ဟိသစ္စံ၊ထို့စကား မှန်၏။ ကေဝလံ၊ သက်သက်။ မယံ၊ ငါတို့သည်။ ရက္ခံ၊ အစောင့် အရှောက်ကို။ ယာစာမ၊ တောင်းကုန်၏။ တံ၊ ထိုအစောင့်အရှောက်ကို။ နော၊ ငါတို့အား။ ဒေထ၊ ပေးကြကုန်လော့။ အဝဟဋ္ဌဘဏ္ဍဉ္စ၊ ခိုးယူ သွားအပ်သော ဘဏ္ဍာ ပရိက္ခရာကိုလည်း။ အာဟရာပေထ၊ ဖဆောင်ယူ ပေးကြကုန်လော့။ ဣတိ၊ သို့။ ဝတ္တာပို့၊ ဆိုအပ်၏။ ဝေါ၊ ဤသို့။ အနောဒိဿ၊ မရည်ညွှန်းမူ၍။ အာစိက္ခနာ၊ ပြောကြားခြင်းဆည်း။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုပြောကြားခြင်းသည်။ ဝဋ္ဋတိ၊ အပ်၏။ ဝေါ ဝုတ္တေ၊ ဤသို့ မရည်ညွှန်းမူ၍ ပြောကြားသည်ရှိသော်။ တေ ဗဟိဂါမရိကာ၊ ထိုအစုံးရှတို့သည်။ ကာရဏေ၊ ခိုးသူတို့ကို။ ဂဝေသိတွာ၊ ရှာဖွေ၍။ တေသံ၊ ထိုသူတို့အား။ ဒဏ္ဍံ၊ ဒဏ်ငွေကို။ သစေပိ ကာရောန္တိ၊ အကယ်၍ ပြုကုန်အံ့။ သပ္ပံ သာပတေယျမ္ပိ၊ အလုံးစုံသောဥစ္စာဘဏ္ဍာကို။ ဂဟိ-တမ္ပိ၊ သိမ်းယူသော်လည်း။ ဘိက္ခုနိယာ၊ အား။ ဧနဝ ဂီဝါ၊ အစား မပေးထိုက်သည်သာတည်း။ နု အာပတ္တိ၊ အာပတ်လည်း မသင့်။

ပရိက္ခာရံ၊ ပရိက္ခရာကို။ ဟရန္တေ၊ ခိုးယူသည်တို့ကို။ ဒိသွာ၊မြင်၍။ တေသံ၊ ထိုခိုးယူသောသူတို့အား။ အနုတ္ထာမတာယ၊ အကျိုးမဲ့ကို ဖြစ်စေလို၍။ ဝါ၊ ငဋဒဏ်ကို တပ်စေလိုသည့်, အသက်ကို သတ်စေလို

သည်ဖြစ်၍။ စောထော စောရောတိ၊ ခိုးသူ ခိုးသူဟူ၍။ ဝတ္တုမြဲ၊ ဆိုခြင်းငှါ လည်း။ နဝဠုတိ၊ မအပ်။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဧဝံ ဝုဒ္ဓတ္တာပိ၊ ဤသို့ဆိုဖေသော်လည်း။ တေသံ၊ ထိုခိုးသူတို့အား။ ယံ ဒဏ္ဍံ၊ အကြင်ဒဏ်ကို။ ကာစရာန္တိ၊ ပြုကုန်၏။ တံ သဗ္ဗမ်ပိ၊ ထိုအလုံးစုံသော ဒဏ်းငွသည်လည်း။ ဘိက္ခုနိယာ၊ အား။ ဂိဝါ၊ အစားထိုက်သည်။ ဟောတိ၊ ဖြစ်၏။ အတ္တာနော၊ ၏။ ဝစနကရံ ပန၊ စကားကို နားထောင်သော သူကိုကား။ ဂူမိနော၊ ဤသူသည်။ မေ၊ ဝါ၏။ ပရိက္ခာရော၊ ကို။ ဂဟိတော၊ ယူ၏။ တံ၊ ထိုပရိက္ခာရကို။ အာဟရာပေဟိ၊ ဆောင်ယူစေလော့။ အာဃ၊ ထိုသူအား။ ဒဏ်္ဍံ၊ ဒဏ်ငွေကို။ မံ စ ကရောဟိ၊ ပြုကား မပြုပါလင့်။ ဂူဘိ ဝတ္တုံ၊ ဤသို့ဆိုခြင်းငှါကား။ ဝဠုတိ၊ အပ်၏။

ဂိဝါယဝါတိ ဂိဝါယဝ ဟောတိ၊ နုပါရာဇိကံ့ အနုဝ-
ဏ္ဏယာ ဂဟဘတ္တာဒေ—

ဟု သာရတ္ထဒီပနီဋီကာ ဖွင့်ဆို၏။

ဝိမတိဝိနောဒနီဋီကာ၌လည်း—

ဂိဝါယဝါတိ အာဏတ္တိယာ အဘာဝတော။ တေသံ အနုတ္တာဒါမဘာယာတိ "စောရော"တိ ဝုတ္တံ မမ ဝစနံ သုတ္ဝာ ကေဂိ ဒဏ္ဍိယန္တိ ဇိဝိဘာဒေါရော။ ယေသဉ္စ ဝါပရိက္ခာရဂ္ဂဟဏတ္ထံ ဝါ သဟာသာ "စောရော"တိ ဝုတ္တေ ဒဏ္ဍိဘာပိ နဒေါသောတိ ဒဿိတံ။ ရာဇပုရိသာနဉ္စိ "စောရော အယ"န္တိ ဉဒ္ဒိဿာ ကာသနေ ဧဝ ဂိဝါ၊ ဘိက္ခူနံ, ပန အာဏာမိဿာဒီနံ ဝါသမ္ဘုခါ "အသုကဿာ စောရော ဧဝမာဿီ"တိ ကေနစိ ဝုတ္တဝစနံ နိဿာယ အာရာမိကာဒီသု ရာဇပုရိသေနံ ဝတ္ဝာ ဒဏ္ဍာပေန္တိသုပိ ဘိက္ခုဿ နဂိဝါရာဇပုရိသာနံ အဝုတ္တဘ္ဘာ။ ယေသဉ္စ ဝုတ္တံ၊

တေဟိ သယံ စောရသ္သ အဒက္ခိတာတိ ဂဟေတဗ္ဗံ။ "တုံ တေသ္သ သန္တိကံ အစ္ဆိန္နာ"တိ အာဏာတော်ပိ ဟိ သစေ အညေန အစ္ဆိန္နာပေတိ၊ အာဏာပကဿ အနာပတ္တိ ဝိသင်္ကေတာ။ "အတ္တနော ဝစနကရ"န္တိ ဣဒံ သာမီစိဝသေန ဝုတ္တံ။ ဝစနံ အကရောန္တာနံ ရာဇပုရိသာနမ်ပိ "ဣမိနာ ဂဟိတပရိက္ခာရံ အာဟရာပေဟိ၊ မာ စသ္သ ဒက္ခံ ကရာ"တိ ဥဒ္ဒိသ္သ ဝဒန္တာသာပိ ဒုဂ္ဂေ ဂဟိတပိ နာ ဂီဝါဝေ ဒဏ္ဍကဂဟဏသ္သ ပဋိက္ခိတ္တတ္တာ၊ "အသုကဘာဏ္ဍံ အာဝဟာ"တိ အာဏာပေတ္ဝာ ဝိပ္ပဋိသာရံ ဥပ္ပာဒေန္တေ ပုန ပဋိက္ခိပနေ ဝိယ။

ဟု ဖွင့်ပြတော်မူသည်။

အနက်ကား—အာဏတ္တိယာ၊ စေခိုင်းခြင်း၏။ အဘာဝတော၊ မရှိသည်အဖြစ်ကြောင့်။ ဂီဝါယောဝါတိ၊ ဟူ၍၊ ဝုတ္တံ၊ ၏။ တေသံ အနုတ္ထကာမတာယာတိ၊ ကား။ စောဒေတွေ စောဒေတိ၊ သူခိုး သူခိုး ဟူ၍။ ဝုတ္တံ၊ ဆိုအပ်သော။ မမ၊ ငါ၏။ ဝစနံ၊ စကားကို။ သုတ္ဝာ၊ ကြား၍။ ထေစိ၊ အချို့သောသူတို့ကို။ ဒက္ခိသန္တိ၊ ဒက်တပ်ကုန်လတ္တံ့။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေဿန္တိ၊ ချကုန်လတ္တံ့။ ဤတိ ဝေံ သညာယ၊ ဤသို့သော အမှတ်သညာဖြင့်။ တေနာ၊ ဤပါဌ်ဖြင့်။ ထေဝလံ၊ အလိုမရှိသောစိတ်နှင့် မဇ္ဈိမယျက် သက်သက်။ ဘယေန ဝါ၊ ကြောက်သည်ဖြစ်၍ လည်းကောင်း။ ပရိက္ခာရဂဟဏတ္ထံ ဝါ၊ ပရိက္ခာရကို ယူခြင်းငှါ လည်းကောင်း။ သဟသာ၊ အဆောတလျင်။ စောရော စောရောတိ၊ ဟူ၍။ ဝုတ္တော၊ သော်။ ဒက္ခိတေပိ၊ ဒက်တပ်သော်လည်း။ နာ ဒေါသော၊ အပြစ်မရှိ။ ဤတိ၊ ဤသို့။ ဒဋ္ဌဿတိ၊ ပြတော်မူ၏။ ဟိ သစ္စံ၊ ၏။ ရာဇပုရိသာနံ၊ မင်းချင်းယောကျ်ားတို့အား။ အယံ၊ ဤသူသည်။ စောရော၊ တည်း။ ဤဘိ၊ ဤသို့။ ဥဒ္ဒိဿ၊ ညွှန်ပြ၍။ ကထနေ ဝေ၊ ဆိုခြင်းဌာသာလျှင်။ ဂီဝါ၊ အစဉ်းထိုက်၏။ ပန၊ ထို စကားကို အကျယ်ပြဆိုဦးအံ့။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အာရာမိကာဒီနံ၊ အာရုံမ်စောင့်စသည်တို့၏။ သမ္မုခါ၊ မျက်မှောက်၌။ အာသုကော၊

သည်း စောရော၊ တည်း။ ဝေ၊ သို့း အကာသိ၊ ပြု၏း ဣတိ၊ သို့။ ကေနစိ၊ တစုံတယောက်ဒသာသူသည်း ဝုတ္တဝစနံ၊ ဆိုအပ်သောစကဲ့ား ကို။ နိဿာယ၊ အမှီပြု၍။ အာရာမိကာဒီသု၊ အာရာမ်စောင့် စသည် တို့သည်း ရာဇပုရိသာနံး မင်းချင်းတို့အား။ ဝတ္ဝာ၊ ပြောဆို၍။ ဒဏ္ဍာပေန္တေသုပို့၊ ဒဏ်ဘပ်စေကုန်သော်လည်း။ ဘိက္ခုဿဲ၊ အား။ နဂိဝါ၊ အစားမထိုက်။ ရာဇပုရိသာနံ၊ တို့အား။ အဝုတ္တတ္တာ၊ မဆို အပ်သောကြောင့်တည်း။ ယေသဉ္စ၊ အကြင်အာရာမ်စောင့် စသည်တို့ အား။ ဝုတ္တံ၊ ၏း ဇေတဟိ၊ ထိုအာရာမ်စောင့် စသည်တို့သည်။ သယံ၊ ကိုယ်တိုင်။ စောရုဿ၊ အား။ အဒဏ္ဍိဟတ္တာ၊ ဒဏ်မတပ်နိုင်သည်အဖြစ် ကြောင့်း နဂိဝါ၊ အစားမထိုက်။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗံ၊ ယူအပ်၏။ ဟိ ယုတ္တံ၊ ထိုစကားသင့်စ္ဆ။ တုံ၊ သင်သည်။ ဇေဿ၊ ၏။ သန္တကံ၊ ကို။ အစ္ဆိန္ဒ၊ လုယက်လော့။ ဣတိ၊ ဤသို့။ အာဏတ္တော၊ စေခိုင်း အပ်သောသူသည်။ အညေန၊ သူတပါးကို။ သစေ အစ္ဆိန္ဒာဇေတိ၊ အကယ်၍ လုယူစေသည်ဖြစ်အုံ။ အာဏာပကဿ၊ စေခိုင်းသောရဟန်း အား။ အနာပတ္တိ၊ အာပတ်မသင့်။ ဝိသင်္ကေတတ္တာ၊ ချုတ်ယွင်းသည် အဖြစ်ကြောင့်တည်း။ အတ္တာနဉ္စ ဓနဉ္စ ဣတိ ဣဒံ၊ ကို။ သာမိစိဝသေန၊ ဇရိအသေပြုသည်၏အစွမ်းဖြင့်။ ဝုတ္တံ၊ အဋ္ဌကထာဆရာမိန့်ဆိုတော်မူ၏။ ဝစနံ၊ ကို။ အကာရဏ္ဍာနံ၊ နားမထောင်ကုန်သော။ ရာဇပုရိသာနံ ရာဇပုရိသာနံပိ၊ မင်းချင်းတို့အားလည်း။ ဣဓိနာ၊ ဤမိန်းမ၊ ဣတိ-တပရီက္ခာရံ၊ ယူအပ်သောပရိက္ခာရကို။ အာဟာရာဒေါ်၊ ဆောင်ယူပေး လော့။ အာဿ၊ ထိုသူ့အား။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ မာ စ ကာရေဟိ၊ မပြုပါလင့်။ ဣတိ၊ သို့။ ဥဒ္ဒိဿ၊ ညွှန်ပြု၍။ ဝဒန္တိဿပိ၊ ဆိုသောရဟန်း အားလည်း။ ဒဏ္ဍော၊ ဒဏ်ငွေကို။ ဂဟိတေပိ၊ အစိုးရတရားရုံးက ယူဆောင်လည်း။ နဂိဝါ ဇေ၊ ရဟန်းက အစားမပေးထိုက်သည်သာ တည်း။ ဒဏ္ဍဂုဟကဿ၊ ဒဏ်ငွေယူခြင်းကို။ ပဋိက္ခိတ္တတ္တာ၊ ပယ်မြစ်အပ် သည် အဖြစ်ကြောင့်တည်း။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူကား။ ဆသုကဘဏ္ဍံ၊ ဤမည်သောဥစ္စာကို။ အာဟရ၊ ခိုးယူလော့။ ဣတိ၊ သို့။ ဘဏာပေတွာ၊ စေခိုင်း၍။ ဝိပ္ပဋိသာရေ၊ နှလုံးမသာယာ

ခြင်းသည်။ ဥပပ္ပန္နေ၊ ဖြစ်ပေါ်လာဖွယ်ရှိသော်။ ပုန၊ တဖန်။ ပဋိကို-ပန္နေ၊ ပယ်မြစ်ခြင်း၌။ အနာပတ္တိ ဝိယ၊ အာပတ်မသင့်သကဲ့သို့တည်း။

ဤသို့လာသော ဘိက္ခုနီဝိဘင်းပါဠိတော် အနာပတ္တိဝါရ၊ ၎င်းအဖွင့် အဋ္ဌကထာ, ဋီကာတို့၌ ရဟန်းမိန်းမ, ရဟန်းယောကျ်းတို့၏ အာရုပ်ကျောင်းကန် ပရိက္ခရာပစ္စည်းကို ဖျက်ဆီးလုံယက် ခိုးဝှက်ရာတို့၌ မင်းချင်းယောကျ်းနှင့် အစိုးရထံ သွားရောက်၍ "ဤသူသည် ဖျက်ဆီးလုယက် ခိုးဝှက်သူ"ဟု အမည်ကိုဖော်ထုတ်၍ ပြောကြားမူ အစိုးရာထိုသူအား ဒဏ်ဘပ်ရာ ပြောသောရဟန်းသည် အစားပေးထိုက်၏။ "ထိုသူခိုးထံမှ ဒဏ်ငွေယူပါ"ဟုဆိုလျှင် ယူသည်နှင့်တပြိုင်နက် ငါးပဲထိုက်တန်လျှင် ပါရာဇိကကျ၏။ အခြည်ကို မဖော်ထုတ်ပဲပြောမူ အပြစ်မရှိဟု ပြ၏။ ရဟန်းသည် လူတို့နှင့် တရားပြောဆိုရာမှာ အစားပေးထိုက်သည်ဟု ပြတော်မူသောအရာ မဟုတ်ခေ။

၎င်းအနာပတ္တိဝါရအဖွင့်ဖြစ်သော အဋ္ဌကထာ၌ "ဒဏ်ငွေယူလော့" ဟုဆို၍ ယူမှုပါရာဇိကရောက်သကဲ့သို့၊ တရားတော်ရာ၌လည်း ရာဇဝလ္လဘ မင်းကျွမ်းဝင်၍ "ဒဏ်ငွေယူလော့"ဟု စေခိုင်းသဖြင့် ဒဏ်ငွေယူမှု ပါရာဇိကပင် ကျသည်ဟု မှတ်စေလ။

ဝိနယတိဋီကာရှင် အလိုအားဖြင့် မင်းမှုထမ်းနှင့် အစိုးရိမင်းတို့အား သာ "မည်သူခိုးသည်"ဟု မဆိုအပ်။ အာရုပ်စောင့်, ကျောင်းဒကာ စသည်တို့အား "မည်သူ ခိုးသည်"ဟု ပြောကြားမူ အပြစ်ရှိဟု မှတ်ရမည်။ (ဘိက္ခုနံ ပန၊ ပဒ၊ ဝိသဒက်တတ္တာ တိုဒ်အောင် ပြခဲ့သော ဝိနယတိဋီကာပါဠိကို အရကျက်သေ)။

အဆုံးမှတ်ရန်ကား- အနာပတ္တိဝါရဖြစ်သော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ တရားတွေ့သော ရဟန်းမိန်းမ, ရဟန်းယောကျ်းတို့အား "အစားပေးယိုက်သည်၊ ပါရာဇိကကျသည်"ဟု မယုံခြင်းသည်--ရဟန်း၊ အားလျော့သောပစ္စည်းကို ဒါယကာက လှူပြီးမှ မလှူဟု တဖန် စဉ်းလဲ

ကောက်ကျစ်သောဉာဏ်ဖြင့် တားမြစ်ပြောဆိုခြင်းသာ ဖြစ်သည်။ အစိုးရမင်းတို့မသိအောင် တားမြစ်ခြင်း မဟုတ်ချေ။ အစိုးရထံ လျှောက်ထားလိုက လျှောက်ထားစေဟု တားမြစ်ခြင်းဖြစ်သည်။ ဖြစ်ပွားသောတရားကိုလည်း အစိုးရမင်းတို့သာ ပြတ်အောင်စီရင်နိုင်သည်။

ထို့ကြောင့် တစုံတနေ့ယောက်သောလူက လှူဒါန်းပြီးသော ကျောင်းသက်နှံစသောပစ္စည်းကို မလှူဟု တားမြစ်ပြောဆိုရာ အစိုးရထံ အမှန်အတိုင်းပြောဆို၍ တရားတွေ့ခြင်း၌ အပြစ်မရှိ၍ "အစားပေးထိုက်သည်၊ ပါရာဇိကကျသည်"ဟု မဆိုခြင်းဖြစ်သည်ဟု မှတ်သေး။

အနာပတ္တိဝါရဖြစ်သော ပါဠို, အဋ္ဌကထာ, ဋီကာတို့၌ ကျောင်းအာရုံကို ဖျက်ဆီးသောသူ၊ ခိုးယူသောသူတို့ကို ရည်ညွှန်း၍ ပြောဆိုရာ အစားပေးထိုက်သည်ဟု ဆိုခြင်းသည် ထိုဖျက်ဆီးခိုးယူသူတို့အား အစိုးရမင်းတို့မသိအောင် လျှို့ဝှက်၍ ပြုရခြင်းဖြစ်သည်။ ထိုလျှို့ဝှက်သော အမှုကို သိအောင် ပြောခြင်းဖြစ်သည်။ ခိုးသူအား ဖော်ပြောရာ ဒဏ်ဘပ်မှု ဘဏ္ဍာစားထိုက်၏။ "ဧကော်ဒဲယူဧလော့"ဟု ခိုင်း၍ ယူမှု ပါရာဇိကကဲ့သို့ဟု သိလေး။ ဤသို့ အဋ္ဌကထာမှတ်။

သြဝါဒဂါထာ

ပရေ စ နံ ဝိဇာနန္တိ၊ ယဟေတ္ထ ယမာမသေ။
ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။

ဓမ္မပဒပါဠိတော်

တွေ့၊ ဤသံဃာ့ဘောင်ဝယ် မျှားအံ့လယ်၌။ ပရေ၊ ပညာမဲ့သူတပါးလူတို့သည်။ မယံ၊ ငါတို့သည်ကား။ ယမာမသေ ဤတို့၊ အမြဲမနေ သေရကုန်အံ့ဟူ၍။ နံ စ ဝိဇာနန္တိ၊ အမှန်အတိုင်း မသိကြကုန်။ တတ္ထ၊ တိုသံဃာ့ဘောင်ဝယ် မျှားအလယ်၌။ ယေ စ၊ အကြင်အမှုန်မြင်သိ ပညာရှိတို့သည်ဆား။ မယံ၊ ငါတို့သည်။ ယမာမသေ ဤတို့၊

အမြဲမနေ သေရကုန်အုံဟူ၍။ ဝိဇာနန္တိ၊ ထူးသောဉာဏ်ဖြင့် သိမြင်ကြကုန်၏။ တတော၊ ထိုသို့သိခြင်းကြောင့်။ မေဓဂါ၊ အငြင်းဖြစ်ပွားအမှုမျှားတို့သည်။ သမ္မန္တိ၊ ငြိမ်းအေးကုန်၏။

ညောင်ပင်မြို့ ထိမ်တောကျောင်းတိုက်၌ သီတင်းသုံး
နေထိုင်သော မထေရ်မြတ် ဖြောဆိုအပ်သော
အဋ္ဌကာရ ဝိနိစ္ဆယစာတမ်း
ပြီး၏။

ဦးဝိစာရ လျှောက်ထားလွှာ

အက်တောကျောင်းတိုက်နေ တပည့်တော်ဝိစာရ လျှောက်ထားပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

အကြောင်းမှာ– အက်တောကျောင်း သုံးဆောင်သည် အထက်သံဃိက, အောက်ပုဂ္ဂလိကဖြစ်၍ ၎င်းကျောင်းမျှားကို အောက်ပုဂ္ဂလိကအပိုင်ဆိုင်သူ ဦးဝဏ္ဏ-က လွဲအပ်သောသူနှင့်တကွ ကျောင်းပိုင်ရှုတို့ရောင်းချ၍ ဒါယကာမျှား ဝယ်ယူပါသည်။ ၎င်းဝယ်ယူသောကျောင်းကို တပည့်တော်အား လှူဒါန်းပါသည်။ ၎င်းဝယ်ယူပြီး လှူဒါန်းသော ကျောင်းမျှားကို သံဃိက, ပုဂ္ဂလိကအနှစ်မျိုးတွင် အဘယ်သို့ သုံးဆောင်ရမည်၊ သို့မဟုတ် အထက်အောက်နှစ်ခုလုံးပင် ပုဂ္ဂလိကအဖြစ် သုံးဆောင်ရမည်၊ ထောင်းသောငှေ့ သံဃိကဖြစ်မှည်၊ ကျောင်းပင် သံဃိကအဖြစ်မည်ကို အသေအချာ ပါဠိ, အဋ္ဌကထာ, ဋီကာလာတိုင်း သိမှတ်ရန် လျှောက်ထားတောင်းပန်အပ်ပါသည် ဆရာတော်အရှင်မြတ်ဘုရား။

လျှောက်ထားသူ
ဦးဝိစာရ
အက်တောကျောင်းဘုန်းကြီး

ထိမ်တောဆရာတော်၏ သံဃိကဝိဟာရဝိနိစ္ဆယစာတမ်း

၂၄၅။ သံဃိဏာဒိကျောင်းကို ရောင်းစယ်ခြင်း

စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခူနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ မဟန္တမ္ပိ ခုဒ္ဒကမ္ပိ အာဘိယောဂေါ နု ခေါ ပဟာတိ၊ အန္တိန္ဒိတ္ထာ ဂဏ္ဍိတုမ္ပိ နု သင်္ကာတိ။ ထသ္မာ? သဗ္ဗသံ ဓုရနိက္ခေပါဟာဝတော။ 'နု ခေါ' တိ သဗ္ဗ စာတုဒ္ဒိသာ ဘိက္ခူ ဓုရနိက္ခေပံ ကရောန္တိ—

ဟု သမန္တပါသာဒိကာ အဋ္ဌကထာ ဝိဟာရဝတ္ထုကထာ၌ လာသည်။

စာတုဒ္ဒိသံ၊ အမှပ်လေးမျက်နှာ၌ရှိသော။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ရည်စူး၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိန္နံ၊ သံဃိဘဏ္ဍရစာဖြင့် လှူဒါန်းအပ်သော။ ဝိဟာရံ ဝါ၊ ဥပစာအားရုံမှီဖြင့် ပိုင်းခြားအပ်သော အသုံးစုံသော ကျောင်းကိုလည်းကောင်း။ ပရိဝေဏံ ဝါ၊ ထိုကျောင်းတို့က် အတွင်း၌ တံတိုင်းစည်းအရံကာရံအပ်သော ကျောင်းကိုလည်းကောင်း။ အာဝါသံ ဝါ၊ တခုဘည်းမျှသာဖြစ်သော ကျောင်းကိုလည်းကောင်း။ မဟန္တမ္ပိ၊ ကြီးသော်လည်းကောင်း။ ခုဒ္ဒကမ္ပိ၊ ငယ်သော်လည်းကောင်း။ အာဘိယောဂေါ၊ တရားတော်ဟူသော ရဟန်းတို့အား။ အာဘိယောဂေါတရား ဝတ္ထုခြင်းသည်။ နု ရုဟတိ၊ မရောက်၊ ဝါ၊ မဖြစ်။ အန္တိန္ဒိတ္ထာ၊ လုယက်ရှိ။ ဂဏ္ဍိတုမ္ပိ၊ ယူခြင်းငှါလည်း။ နု သင်္ကာတိ၊ မာန်မီးနှိုင်း၊ ကသော၊ အာဘယ်ကြောင့်နည်း။ သဗ္ဗသံ၊ အလုံးစုံအရပ်လေးမျက်နှာ၌ရှိသော ရဟန်းတို့၏။ ဓုရနိက္ခေပါဘာဝတော၊ တပါးမျှမကျန်ပဲ အကုန်ဝန်ချခြင်း မရှိသည်အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ ဗုဒ္ဓ၊ ဘုရား၊ ဓမ္မ၊ တရား၊ သံဃ၊ ရဟန်းတို့သည်။ ဓုရနိက္ခေပံ၊ ဝန်ချခြင်းကို။ နု ကရောန္တိ၊ မပြုကြကုန်။

သဒ္ဒရတ္ထဒီပနီဋီကာဌာန်းသည်း–

အဘိယောဂေ ကတေပိ အဝဟာရဿ အသိဒ္ဓနတော ဝုတ္တံ "အဘိယောဂေါ နရုဟတီ"တိ–

ဟု ဖွင့်တော်မူ၏။

အဘိယောဂေ၊ တရားဝှေ့ခြင်းကို၊ ကတေပိ၊ ပြုသော်လည်း။ အဝဟာရဿ၊ ခိုးခြင်း၏။ အသိဒ္ဓနကော၊ မပြီးခြင်းကြောင့်။ အဘိယောဂေါ နရုဟတီတိ၊ ဟူ၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုတော်မူအပ်၏။

ဝိနယဋီကာစသည် အဋ္ဌကထာဌာန်းသည်း–

ဝိဟာရံ သံဃိကံ ကိဉ္စိ၊ အစ္ဆိန္ဒိဘ္ဘာနု ဂဏှိတုံ။
သဗ္ဗေသံ ဓုရနိက္ခေပါ–ဘာဝတော ဝ နသ်ဒ္ဓတို့–

ဟု မိန့်ဆို၏။

သံဃိကံ၊ သံဃာ့ဥစ္စာဖြစ်သော။ ဝိဟာရံ၊ ကျောင်းကို။ ကိဉ္စိ၊ တစုံတယောက်သောသူသည်။ အစ္ဆိန္ဒိဘ္ဘာနု၊ လုယက်၍။ ဂဏှိတုံ၊ ယူခြင်းငှါ။ နသ်ဒ္ဓတိ၊ မပြီး မရနိုင်။ သဗ္ဗေသံ၊ အလုံးစုံ အရပ်ဒသားမျက်နှာဋ္ဌေနကုန်သော ရဟန်းတို့၏။ ဓုရနိက္ခေပါဘာဝတော၊ ဝန်ချခြင်းမရှိသည် အဖြစ်ကြောင့်သာတည်း။

ထိုသို့လာသော ဩဋ္ဌကထာ, ဋီကာတို့ဖြင့် သံဃိကဒကျောင်းကို နေထူမှ မရှေ့.မပြောင်းပဲ ယူဆာ၌ "ဌာနာစာဝန" မဖြစ်လျှင် ရဟန်း,ခိုးသူ, မင်းစသော တစုံတယောက်သော့သူသည် နိုင်ထက်မူ၍ ယူသည်ဖြစ်စေ၊ မသိအောင် ယူသည်ဖြစ်စေ၊ ငါပိုင်သည်ဟု ထင်မှတ်၍ ယူသည်ဖြစ်စေ၊ သူတပါးထံ၌ ပေါင်နှံရောင်းချ၍ ဖြစ်စေ သံဃိကကျောင်းအဖြစ်မမလွတ်။ သံဃာ့ဥစ္စာသာ မည်၏ဟု ပြတော်မူ၏။

စင္ဆဝါပါဠိတော်၌လည်း-

ပဠိမာနိ ဘိက္ခဝေ အဝိဿဇ္ဇိယာနိ နု ဝိဿဇ္ဇေတဗ္ဗာနိ သံဃေန ဝါ ဂဏေန ဝါ ပုဂ္ဂလေန ဝါ၊ ဝိဿဇ္ဇိတာနိပိ အဝိဿဇ္ဇိတာနိ ဟောန္တိ၊ ယော ဝိဿဇ္ဇေယျ၊ အာပတ္တိ ထုလ္လစ္စယဿ=

ဟု လာသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ အဝိဿဇ္ဇိယာနိ၊ မစ္ဆန္အပ်ကုန်သော၊ ဣမာနိ ပဉ္စ၊ ဤငါးပါးသောအရာတို့ကို။ သံဃေန ဝါ၊ သံဃာသည်လည်း ကောင်း။ ဂဏေန ဝါ၊ ဂိုဏ်းသည်လည်းကောင်း၊ ပုဂ္ဂလေန ဝါ၊ ပုဂ္ဂိုလ်တပါးပါးသည် လည်းကောင်း။ နု ဝိဿဇ္ဇေတဗ္ဗာနိ၊ မစ္ဆန္အပ်ကုန်။ ဝိဿဇ္ဇိတာနိပိ၊ စွန့်အပ်ကုန်သော်လည်း။ အဝိဿဇ္ဇိတာနိ၊ စွန့်အပ်သည် မမည်ကုန်သည်၊ ဟောန္တိ၊ ဖြစ်ကုန်၏။ ယော၊ အကြင်ရဟန်း သည်။ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့။ ထုလ္လစ္စယဿ၊ သို့။ အာပတ္တိ၊ ရောက်၏။

ထိုပါဠိတော်ဖြင့်- သံဃိကဖြစ်သော ထာဝရပစ္စည်း, ဂဏပုဂ္ဂလပစ္စည်းတို့ကို တစုံဘယောက်သောသူအား မဒေပးမစွန့်အပ်။ ပေးစွန့်သော်လည်း ပေးရာမရောက်။ ပေးသောရဟန်းအား ထုလ္လစ္စည်း၊ အာပတ်သင့်၏။

ဂုဏ်ပါဠိအဋ္ဌကထာ၌လည်း=

ဣဒံ ဟိ သဗ္ဗမ္မိ ဂဏဘဏ္ဍံ ဣဓ အဝိဿဇ္ဇိယံ, ကိဉ္စာဂိရိဝတ္ထုသ္မိံ အဒေဘင်္ဂိယန္တိ ဝုတ္တံ။ ပရိဝါရေ ပန-

အဝိဿဇ္ဇိယံ အဒေဘင်္ဂိယံ၊ ပဉ္စ ဝုတ္တာ မဟေသိနာ။
ဝိဿဇ္ဇေန္တိဿ ပရိဘုဉ္ဇန္တိဿ အနာပတ္တိ၊
ပဉ္စာ မေသာ ကုသလေဟိ စိန္တိတာတိ-

အာဂတံ။ ဝ။ သဗ္ဗာ မူလဗန္ဓဝေသန အဝိဿဇ္ဇိယံ အဝေ-
ဘင်္ဂိယဉ္စ၊ ပရိဝတ္တနဝေသန ပန ဝိဿဇ္ဇေန္တေဿ ပရိဘုဉ္ဇန္တေဿ စ
အနာပတ္တိတော် ဝေမေတ္ထ အဓိပ္ပါယော ဝေဒိတဗ္ဗော-

ဟု ဖွင့်ပြ၏။

အနက်ကား- ဟိ၊ အဘူးပြဦးအံ့။ ဤဒံ ဂရုဘဏ္ဍံ၊ ဤသို့ ဂရုဘက်ဖြစ်သော သံဃိကပစ္စည်းကို။ ဤမ၊ ဤနေရာ၌။ အဝိဿဇ္ဇိယံ၊ မစွန့်အပ်ဟူ၍။ ဧတံ၊ ဟောဇတ်မူအပ်၏။ ကဋ္ဌဝဂိရိတ္ထုသို့၊ ဥဒ္ဒါ အဓဝဘင်္ဂိယန္တို့၊ မဝေဖန်အပ်ဟူ၍။ ဝုတ္တံ ၏၊ ပရိဝါရေ ပန၊ ကား။ မဟာသိနာ၊ မြတ်စွာဘုရားသည်။ ပဉ္စ၊ ငါးခုအစုရှိသော ထာဝရ ဂရုဘက်ဖြစ်သော သံဃိကဥစ္စာတို့ကို အဝိဿဇ္ဇိယံ၊ ဟူ၍ လည်းကောင်း။ အဓဝဘင်္ဂိယံ၊ ဟူ၍ လည်းဖောင်း ဝုတ္တာ၊ ဟောဇတ်မူအပ်ကုန်၏။ ဝိဿဇ္ဇေန္တေဿ၊ စွန့်သောရဟန်းအား လည်းကောင်း။ ပရိဘုဉ္ဇန္တေဿ၊ သုံးဆောင်သောရဟန်းအား လည်းကောင်း။ အနာပတ္တိ၊ အာပတ်မသင့်။ သော ပဉ္စ၊ ဤပြဿနာကို။ ကုသလေဟိ၊ ဝိနည်းအဆု လိမ္မာသော ပညာရှိတို့သည်။ စိန္တိတာ၊ ကြံဉာဏ်၍ သိအပ်၏။ ဤတံ၊ လား၏။ တဿ၊ ထို ကြောင့်။ မူလဗန္ဓဝေသန၊ အရင်းပြတ်စွန့်သည်၏အစွမ်းဖြင့်။ အဝိဿဇ္ဇိယံ၊ စွန့်လည်း မစွန့်အပ်။ အဝေ-ဘင်္ဂိယဉ္စ၊ ဝေလည်း မဝေဖန်အပ်။ ပရိဝတ္တနဝေသန ပန၊ လဲလှယ်သည်၏အစွမ်းဖြင့်ကား။ ဝိဿဇ္ဇေန္တေဿ၊ စွန့်သောရဟန်းအား လည်းကောင်း။ ပရိဘုဉ္ဇန္တေဿ၊ သုံးဆောင်သော ရဟန်းအားလည်းဆောင်း။ အနာပတ္တိ၊ အာပတ်မသင့်။ ဤတိ ဝေါ၊ ဤသို့။ တေ၊ ထို၊ ဤသံဃိကပစ္စည်းပြဿနာ၌။ အဓိပ္ပါယော၊ ဘုရား အလိုတော်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ထိုအဋ္ဌကထာပါဠိဖြင့် သံဃိကဖြစ်သော ထာဝရပစ္စည်း, ဂရုဘက်ပစ္စည်းတို့ကို တစုံတယောက်သော သူတို့အား မစွန့်အပ်၊ မပေးအပ်၊

မနုရောင်းအပ်ဟု ပညတ်ဘော်မူသည်။ အရောင်းပြတ် တခါတည်း မပေးအပ်၊ မရောင်းအပ်၊ ပစ္စည်းချင်းမူကား လူတို့နှင့် လဲယူသုံးဆောင်ကောင်းသည်ဟု ပြဒါးတော်မူ၏။

ပစ္စည်းချင်း လဲယူသုံးဆောင်ရာ၌သည်း ထာဝရကို ထာဝရချင်း၊ ဂရုဘဏ်ကို ဂရုဘဏ်ချင်း လဲယူအပ်၏ဟု ပြတော်မူခြင်းငှါ—

ဃာဝရေန စ ထာဝရံ ဂရုဘရေန စ ဂရုဘဏ္ဍံ ပရိဝတ္တေတုံ ဝဋ္ဋတိ—

ဝဋ္ဋတိ—

ဟု ဆိုးတော်မူ၏ (စုဋ္ဌဝါအဋ္ဌကထာ)။

ခုဒ္ဒသိက္ခာဋီကာဟောင်းဌီကာ၌—

ဇတ္ထေ ပန ဂရုဘဏ္ဍေန ဂရုဘဏ္ဍဉ္စ ထာဝရဉ္စ ထာဝရေန ထာဝရမေဝ ပရိဝတ္တနဝိဓိံ သန္ဓာယ "ဝိဃဒ္ဒနဿ ဟာနဝ-ပတ္တိ" တိ ဝုတ္တံ—

ဟု ဆို၏။

ခုဒ္ဒသိက္ခာဋီကာသစ်ဌီလည်း—

ဂရုနာ ဂရုဘဏ္ဍဉ္စ ထာဝရဉ္စ ပရိဝတ္တေယျ၊ ထာဝရေန စ ထာဝရမ်ိဳ ပရိဝတ္တေယျာတိ ဓယာဇေတဗ္ဗံ—

ဟု ဆိုတော်မူ၏။

သာရတ္ထဒီပနီဋီကာ၌လည်း—

နကေဝလံ ။ပ။ ပရိဝတ္တေတုံ ဓဋ္ဋန္တိတိ ဣမိနာ ဃထာ-ဝရေန ထာဝရမ်ိဳ ဃထာဝရမ်ိဳ ပရိဝတ္တေတုံ ဝဋ္ဋတီတိ ဒဿေတိ။ ထာဝရေန ဃထာဝရံမေဝ ဟိ ပရိဝတ္တေတုံ နဝဋ္ဋတိ—

ဟု ဆိုတော်မူ၏။

ထို့ကြောင့် သံယိကဖြစ်သော ဂရုဘက်ပစ္စည်းဖြင့် လူတို့၏ ထာဝရပစ္စည်း, ဂရုဘက်ပစ္စည်းတို့ကို လဲယူအပ်သည်။ သံယိကဖြစ်သော ထာဝရပစ္စည်းဖြင့် လူဘို့၏ ထာဝရပစ္စည်းကိုသာ လဲယူအပ်သည်။ ဂရုဘက်ပစ္စည်းကို မလဲယူအပ်ဟု မှတ်သေး။

ထာဝရပစ္စည်း, ဂရုဘက်ပစ္စည်း နှစ်ပါးအဖြစ်ကိုလည်း—

> ထာဝရေန့ စ ထာဝရံ ဂရုဘ့ကျွန် စ ဂရုဘကျွန်တို့ ထွေပဉ္စသု တော်ဌာသေသု ပုရိမဒွယံ ထာဝရံ, ပစ္ဆိမတ္တယံ ဂရုဘကျွန်တို့ ဓဝဒိဘဗ္ဗံ—

ဟု သာရတ္ထဒီပနီဋီကာ မိန့်တော်မူ၏။ ဝိမတ်ဋီကာဆရာလည်း နည်းတူပင်ပြ၏။ ထို့ကြောင့်—

ဝိဟာရ၊ ဝိဟာရဝတ္ထု, အာရုမ၊ အာရုမဝတ္ထုသည် ထာဝရမည်၏။

မဉ္စ၊ ပီဌ၊ ဘိသိ၊ ဗိမ္ဗောဟန, လောဟကုမ္ဘီ, လောဟဘာဏက၊ လောဟဝါရက၊ လောဟကဋာဟ၊ ဝါသိ၊ ပနုသု၊ ကုဋ္ဌရီ၊ ကုဒါလ၊ နိခါဒန, ဝလ္လိ၊ ဝေဋ္ဌ၊ မုဋ္ဌ၊ ပဗ္ဗဇ၊ တိဏ၊ မတ္တိကာ၊ ဒါရုဘဏ္ဍ၊ မတ္တိကာဘဏ္ဍတို့သည် ဂရုဘက် မည်၏ဟု မှတ်လေး။

ဝိဟာရ, ဝိဟာရဝတ္ထု အရံကိုလည်း မူလသိက္ခာဋီကာသစ်၌—

> ဝိဟာရော နာမ ပါသာဒါဒိကံ ယံကိဉ္စိ သေနာသနံ။ ဝိဟာရဝတ္ထု နာမ ဘောသံယဝ ပတိဋ္ဌာနောဏာသော၊ နဋ္ဌေသု ဝါ တေသဲ့ ပေါရာဏကဘူမိဘာဂေါ—

ဟု ဆိုသောကြောင့် ပြာသာဒ်အစရှိသော အမှုတ်မရှိ အလုံးစုံသော ကျောင်းသည် ဝိဟာရ မည်၏။ ကျောင်းရာခြေ, ကျောင်းပျက်သော်

လည်း ရှေးကျောင်းနေရာ မြေဟေဒင်းဆည် ဝိဟာရဝတ္ထု၊ မည်၏ဟု မှတ်လေ။

ဝိဟာရကို ဝိဟာရဒါနချင်း လယ်ယူရာ၌လည်း စုဥဒ္ဒဝါအင်္ဂကထာ၌—

သံဃဿ အန္တောဂါမေ ဂေဟံ ဟောတိ၊ မနုဿာနံ ဝိဟာရမဒ္ဓျေ ပါသာဒေါ၊ ဥဘောပိ အလ္လီန သမဏာ၊ သစေ မနုဿာ တေန ပါသာဒေန တံ ဂေဟံ ယာစန္တိ၊ သမ္မဒ္ဓိတုံ ဝဋ္ဋတိ—

ဟု ဖွင့်ပြ၏။

သံဃဿ၊ ဆာဝး။ အန္တောဂါမေ၊ ရွာတွင်း၌။ ဂေဟံ၊ ကျောင်း သည်။ ဟောတိ၊ ဖြစ်၏။ မနုဿာနံ၊ လူတို့၏။ ဝါ၊ ဆာဝး။ ဝိဟာရ-မဒ္ဓျေ၊ ကျောင်းလယ်၌။ ပါသာဒေါ၊ ပြာသာဒ်သည်။ ဟောတိ၊ ဖြစ်၏။ ဥဘောပိ၊ ကျောင်းနှင့်ပြာသာဒ်နှစ်ခုတို့သည်လည်း။ အလ္လီန၊ အဖို့ ဆာဝးဖြင့်။ သမဏာ၊ ညီမျှကုန်၏။ မနုဿာ၊ လူတို့သည်။ တေန ပါသာ-ဒေန၊ ထိုပြာသာဒ်ဖြင့်။ တံ ဂေဟံ၊ ထိုကျောင်းကို။ သစေ ယာစန္တိ၊ ဆာကယ်၍ တောင်းကုန်သည်ဖြစ်အံ့။ သမ္ပဒ္ဓိတုံ၊ လဲယူတော့အံ့ဟု သံဃာကို ပန်ကြား၍ ဝန်ခံခြင်းငှါ။ ဝဋ္ဋတိ၊ ဆာပ်၏။

ထိုဆဋ္ဌကထာပါဠိဖြင့် ဝိဟာရဟူသော ထာဝရပစ္စည်းချင်း လဲယူ ပုံကို ပြတော်မူ၏။

နှ ဘိက္ခဝေ အညတြ ပရိဘောဒဂေါ အညတြ ပရိဘုဥ်း-တဇ္ဇော၊ ယော ပရိဘုဥ်းယျ၊ ဆာပတ္တိ ဒုက္ကဋဿ။

အနုဇာနာမိ ဘိက္ခဝေ ဇာဝကာလိကံ ဟရိတုံ။

အနုဇာနာမိ ဘိက္ခဝေ ဂုတ္တဂ္ဃာယ ဟရိတုံ (စုဥဒ္ဒဝါ ပါဠိတော်)။

ဘိက္ခဝေ၊ ရဟန်းတို့ အညတြ၊ တဇကျွင်းဌ်း ပရိဘောဂဂါ၊ ကျွင်းအသုံးအဆောင်ကို အညတြ၊ အခြားတဇကျွင်းဌ်း နု ပရိ-ဘုဥ်ဘဗ္ဗော၊ မသုံးဆောင်အပ်။ ယော၊ အကြင်ရဟန်းသည်။ ပရိ-ဘုဥ်ဃေယျ၊ သုံးဆောင်ငြားအံ့၊ ဒုက္ကဋ်ဿ၊ သို့။ အာပတ္တိ အာပဇ္ဇနံ၊ ဆုတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တဇဝဆာလိကံ၊ အခိုက်အဘန်အား ဖြင့်။ ဟရိတုံ၊ ဆောင်ယူခြင်းငှါ၊ အနုဇာနာမိ၊ ဝါဘုရားခွင့်ပြုတော်မူ၏။

ဘိက္ခဝေ၊ တို့။ ဂုတ္တတ္ထာယ၊ လုံခြုံစေခြင်းငှါ၊ ဝါ၊ စောင့်ရှောက်ခြင်းငှါ။ ဟရိတုံ၊ ဆောင်ယူခြင်းငှါ။ အနုဇာနာမိ၊ ဝါဘုရား ခွင့်ပြုတော်မူ၏။

ဂဉ်းပျါဒိုအဖွင့် စုဋ္ဌဝါအဋ္ဌကထာဌ်လည်း-

ဂုတ္တတ္ထာယာတိ ယံ တတ္ထ မဉ္ဆုပီဌဒိ၊ တဿ ဂုတ္တတ္ထာယ တံ အညတြ ဟရိတုံ အနုဇာနာမီတိ အတ္ထော။ တသ္မာ တံ အညတြ ဟရိဘ္ဘာ သံဃိကပရိဘောဂေန ပရိဘုဥ်ဇိတ္ထဿ နဋ္ဌံ သုနဋ္ဌံ၊ ဇိဏ္ဏံ သုဇိဏ္ဏံ။ သဒေ အဆောံ၊ တသ္မိံ ဝိဟာဇရ ပဉ်-သဒ်ဒတ ပုန ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိကပရိဘောဂေန ပရိဘုဥ်တော နဋ္ဌံ ဝါ ဇိဏ္ဏံ ဝါ ဂိဝါ ဟောတိ၊ ဟသ္မိံ ပဉ်-သဒ်ဘ ဒါဘဗ္ဗမေဝ။ သဒေ တဘော ဂေါပါနသိအာဒိနိ ဂဟေတ္ဝာ အညသ္မိံ သံဃိကာဝါသေ ယောဇေန္တိ၊ သုယော-ဇိဘာနိ။ ပုဂ္ဂလိကာဝါသေ ယေဘုဇေန္တေဟိ ပန မူလံ ဝါ ဒါတဗ္ဗံ၊ ပဉ်ပါတဘိကံ ဝါ ကာတဗ္ဗံ။ ဆဋ္ဌိတဝိဟာရတော မဉ္ဆုပီဌာဒိနိ ထေယျစိတ္တေန ဂဏှမန္တိ ဥဒ္ဓါရေဒယဝ ဘဏ္ဍ-ဂ္ဃန ကာရေတဗ္ဗော။ ပုန အာဝါသိကကာလေ ဒဿာမိတိ ဂဟေတ္ဝာ သံဃိအပရိဘောဂေန ပရိဘုဥ်တ္ထဿ နဋ္ဌံ သုနဋ္ဌံ၊ ဇိဏ္ဏံ သုဇိဏ္ဏံ။ အရောဂဥ္စေ, ပါကတိကံ ကာတဗ္ဗံ။ ပုဂ္ဂလိက-

ပရိဘောဂေန ပရိဘုဉ္ဇန်သော နဉ်ဒံ ဂိဝါ ဟောတိ။ တေတော ဒွါရဝါတပါနာဒီနိ သံသိကာဝါသေ ဝါ ပုဂ္ဂလိကာဝါသေ ဝါ ယောဇေတာနိ ပဋိဒါတဗ္ဗာနိယေဝ-

ဟု ဖွင့်တော်မူ၏။

ဂုတ္တတ္ထာယာတိ၊ ဟူသည်ကား။ တတ္ထ၊ ထိုပြိုပျက်သော သံသိကာကျောင်၌။ ယံ မဉ္ဇူပီဌာဒိ၊ အကြင်ညောင်ခေါင်း, အင်းပျဉ်စသော အသုံးအဆောင်သည်။ အတ္ထိ၊ ရှိ၏။ တသ္မာ ထိုးညောင်စောင်း, အင်ပျဉ်စသော အသုံးအဆောင်ကို။ ဂုတ္တတ္ထာယ၊ လုံခြုံစေခြင်းငှါ။ တံ၊ ထိုညောင်စောင်း, အင်းပျဉ်စသည်ကို။ အညတြ၊ တပါးသော ကျောင်း၌၊ ဝါ၊ သို့။ ဟရိတုံ၊ ဆောင်ယူခြင်းငှါ။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣတိ အယံ၊ ကား။ အတ္ထော၊ လိုအပ်သော အနက်ဟူသည်း။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုးညောင်စောင်း, အင်းပျဉ်စသည်ကို၊ အညတြ တပါးသော ကျောင်းသို့၊ ဟရိတုံ၊ ဆောင်ယူ၍။ သံသိကာပရိဘောဂေန၊ သံဃာဥစ္စာဟူသော အမှုတ်ဖြင့် သုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ္ဇန်သော၊ သုံးဆောင်သော ရဟန်းအား။ နဉ်ဒံ၊ ပျောက်ပျက်သည် ရှိသော်။ သုနဉ်ဒံ၊ ကောင်းစွာပျောက်ပျက်ခြင်းမည်၏။ ဇိဏ္ဏံ၊ ဆွေးမြေ့သည်ရှိသော်။ သုဇိဏ္ဏံ၊ ကောင်းစွာဆွေးမြေ့ခြင်းမည်၏။ သဒၶ အနေဏာ၊ အကယ်၍ မပျောက်မပျက်သည်ဖြစ်အံ့။ တသ္မိံ ဝိဟာရေ၊ ထိုပြိုပျက်သောကျောင်းသည်။ ပဋိသင်္ခတ ပန်၊ အသစ်တဖန် ပြုပြင်ပြန်သည်ရှိသော်ကား။ ပုန၊ တဖန်။ ပါကတိကံ၊ ရှိသည့်အတိုင်း ပြန်ဖြစ်ခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပုဂ္ဂလိကဝေရိနော ဘောဂေန၊ ပုဂ္ဂိုလ်၏ဥစ္စာဟူသောအမှုတ်ဖြင့် သုံးဆောင်ခြင်းဖြင့်။ ပရိဘုဉ္ဇတော၊ သုံးဆောင်သော ရဟန်းအား။ နဉ်ဒံ ဝါ၊ ပျောက်ပျက်သော် လည်းကောင်း။ ဇိဏ္ဏံ ဝါ၊ ဆွေးမြေ့သော် လည်းကောင်း။ ဂိဝါ၊ အစားပေးထိုက်သည်။ ဧဟာတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုပြိုပျက်သောကျောင်းသည်၊ ဝါ၊ ကို။ ပဋိသင်္ခတေ၊ အသစ်ထပ်မံ ပြုပြင်သည်ရှိသော်။

ဒါတပ္ပမဝေ၀၊ အစားပေးအပ်သည်သာတည်း။ တခုတော၊ ထိုပြိုပျက်သော သံဃိဿကျောင်းမူ။ ဂဝါပါနသီအာဒီနိ၊ အခြင် ခေါင်ဖုံးစသည်တို့ကို။ ဂဟေတွာ၊ ယူ၍။ အညသ္မိံ၊ တပါးသော။ သံဃိဿာဝါသေ၊ သံဃိဿကျောင်း၌။ သစေ ယောဇေန္တိ၊ အကယ်၍ တပ်ဆင်ကုန်သည်ဖြစ်အံ့။ သုယောဇိဘာနိ၊ ဆောင်းစွာတပ်ဆင်သည် မည်ကုန်၏။ ပဋ္ဌလိကာဝါသေ၊ ပဋ္ဌလိကကျောင်း၌။ ယောဇေန္တေဟိ ပန၊ တပ်ဆင်၍ အသုံးပြုသော လူရဟန်းတို့သည်အား။ မူလံ ဝါ၊ အဖိုးကိုသည်း။ ဒါတပ္ပံ၊ ပေးအပ်၏။ ပဋ္ဌိပါကတိကံ ဝါ၊ အစားပေးခြင်းကိုမူလည်း။ ဟာတပ္ပံ၊ ပြုအပ်၏။ ဆဋ္ဌိတဝိဟာရတော၊ စွန့်အပ်သော သံဃိဿကျောင်းမူ။ မဥ္ဇပိဋ္ဌာဒီနိ၊ ညောင်စောင်း, အင်းပျဉ်စသည်တို့ကို။ ထေယျစိတ္တော၊ ခိုးယူလိုသောစိတ်ဖြင့်။ ဂဏှန္တော၊ ယူသောရဟန်းကို။ ဥဒ္ဒါဒရေယျ၀၊ ပစ္စည်းကို ချိမသောခဏ၌ပင်လျှင်။ ဘဏ္ဍာဒ္ဃန၊ ဘဏ္ဍာဒိုးဖြင့်။ ဟာရေတပ္ပေါ၊ ဆုံးဖြတ်အပ်၏။ ပုန၊ တဖန်။ အာဝါသိကတာလေ၊ သံဃာနေသောအခါ၌။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ ယူ၍။ သံဃိကပရိဘောဂေန၊ သံဃိဿအာသုံးအဆောင်ဖြင့်။ ပရိဘုဥ္ဇန္တဿ၊ သုံးဆောင်သောရဟန်းအား။ နဋ္ဌံ၊ ပျောက်ပျက်သည်ရှိသော်။ သုနဋ္ဌံ၊ ကောင်းစွာ ပျောက်ခြင်းမည်၏။ ဇိဏ္ဏံ၊ ဆွေးမြေ့သည်ရှိသော်။ သုဇိဏ္ဏံ၊ ကောင်းစွာ ဆွေးမြေ့သည်မည်၏။ ဧစ အာရော၊ အကယ်၍ မပျောက်မပျက်သည် ဖြစ်အံ့။ ပါဏာတိကံ၊ မူလအတိုင်း ပြကုတ္တကို။ ကာတပ္ပံ၊ ပြုအပ်၏။ ပဋ္ဌလိကပရိဘောဂေန၊ ပဋ္ဌလိကသုံးဆောင်ခြင်းဖြင့်။ ပရိဘုဥ္ဇန္တဿ၊ သုံးဆောင်သော ရဟန်းအား။ နဋ္ဌံ၊ ပျောက်သည်ရှိသော်။ ဂိ၀၊ အစားပေးထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တတော၊ ထိုသံဃိကကျောင်းမူ။ ဒဠှရ၀ါတပါနာဒီနိ၊ တံခါးမ, လေသာက်တံခါး စသည်တို့ကို။ သံဃိကာဝါသေ ဝါ၊ သံဃိကကျောင်း၌ လည်းကောင်း။ ပဋ္ဌလိကာဝါသေ ဝါ၊ ပဋ္ဌလိကကျောင်း၌ လည်းကောင်း။ ယောဇိတာနိ၊ တပ်ဆင်အပ်ကုန်သည်။ ဟောန္တိ၊ ဖြင့်ကုန်အံ့။ ပဋ္ဌိဒါတပ္ပာနိယေ၀၊ အစားပေးအပ်ကုန်သည်သာတည်း။

ဝဇီရဗုဒ္ဓိဒ္ဒီကာဒ္ဒ်ဲလည်း--

ဒ္ဒါရဝါတပါနဒီနိ အပဟရိဘ္ဘာ ဒါတုံ အသက္ကုဏော-
ယျတော "ပဋိဒါတုမ္ဘာနိယေဝါ"တိ စုတ္တံ--
ဟုဖွဲ့ဘော်မူ၏။ သာရတ္ထ, ဝိမတိဋီကာတို့၌ အဖွင့်မရှိ။

တိုးဝှေ့, အဋ္ဌကထာတို့ဖြင့် တခုသောကျောင်းတိုက်၌ရှိသော သံဃာ့ဥစ္စာဖြစ်သော ကျောင်း ညောင်စောင်း အင်ပျဉ်စသည်တို့ကို ကျောင်းတို့ဘဲတာ ပျက်စီးပဲ့ သံဃိကအခစောင့်အခရှောက်ရှိလျက် ဘပါးသော ကျောင်းတိုက်သို့ မခရွှေ့ပြောင်းအပ်။ အဖိုးနှင့်ရောင်းချ၍ တပါးသော အနုပ်ဌာန်၌ အစားမခဆောက်လုပ်ခဏောင်း။ ရွှေ့ပြောင်းရောင်းချ၍ အားစ်ပြုလုပ်ခြင်းငှါလည်း မပိုင်ဟု ပြတော်မူသည်။

အခစောင့်အခရှောက်ကင်း၍ ပျက်စီးယိုယွင်းသော သံဃိကကျောင်းတိုက်ဖြစ်မူ အဋ္ဌကထာပါဠိ၌ရှိဘိုင်းသိလေ။

စူဠဝါအဋ္ဌကထာ၌လည်း--

သစေ သော အာဝါသော ဇီရတိ၊ အာဝါသသာမိကာသ ဝါ ကာသ ဝံသ ဥပ္ပဇ္ဇာသ ဝါ ကာသဝိ ကးထတပ္ပံ "အာဝါ-သော ဟောနာသတိ၊ ဇဂ္ဂတ တေံ အာဝါသ" န္တိ။ သစေ သော နာ သခက္ကာတိ၊ ဘိက္ခူဟိ ဉာတိ ဝါဠာဋ္ဌာကေ ဝါ သမာဒ-ပေဘ္ဘာ ဇဂ္ဂိတဗ္ဗာ။ သစေ တေပိ နာ သခက္ကာန္တိ၊ သံဃိကေန ပစ္စယေန ဇဂ္ဂိတဗ္ဗာ။ တသ္မိမ္ပိ အသတိ ကေ့ံ အာဝါသံ ဝိသ-ဇ္ဇေဘ္ဘာ အဝသေသာ ဇဂ္ဂိတဗ္ဗာ။ ပဟု ဝိသဇ္ဇေတ္ဝာ ဧကံ သက္ကာပေတုမ္ပိ ဝဋ္ဋတိ၊ ဃဝ။

ဒုတိယေ ဘိက္ခူဟု ပက္ကန္တေသု သဗ္ဗေ အာဝါသာ နသ်န္တိ၊ တသ္မာ ကေ့ံ ဝါ ဒွေ ဝါ တာယာ ဝါ အာဝါသေ ဝိသ-

ဇေတဝနာ တတော ယာဂုဘတ္တစီဝရာဒီနိ ပဂိဘုဉ္ဇန္တိဟိ ဧသသာ-
ဝါသာ ဧဂိုတပ္ပဘာယေဝ-

ဟု ဖွင့်ဆိုတော်မူ၏။

သော အာဝါသော၊ ထိုကျောင်းသည်း သစေ ဇီရတိ၊ အကယ်၍ ဆောင်းမြေ့သည်ဖြစ်အံ့။ အာဝါသသာမိကဿ ဝါ၊ ကျောင်းဒါယကာ အားလည်းကောင်း။ တဿ၊ ထိုကျောင်းဒါယကား၏။ ဝံသေ၊ အမျိုး အနွယ်၌း ဥပ္ပန္နဿ ဝါ၊ ဖြစ်သောသူအား လည်းကောင်း။ ကဿစိ၊ တစုံတယောက်သောသူအား။ ကထေတွပ္ပံ၊ ပြောကြားအပ်၏။ တေ၊ သင်၏။ " အာဝါသော၊ ကျောင်းတိုက်သည်း နဿတိ၊ ပျက်စီး၏။ တေံ အာဝါသံ၊ ထိုကျောင်းကို။ ဇဂ္ဂထ၊ ပြုပြင်ကြကုန်လော့။ ဣတိ ဆဃေတွပ္ပံ၊ ဤသို့ပြောကြားအပ်၏း သော၊ ထိုသူသည်။ သစေ နသက္ကောတိ၊ အကယ်၍ မတတ်နိုင်သည်ဖြစ်အံ့။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဉာတိ ဝါ၊ ဆွေမျိုးတို့ကို လည်းကောင်း။ ဥပဋ္ဌာကေ ဝါ၊ အလုပ်အကျွေးဒါယကာတို့ကိုလည်းကောင်း။ သမာဒပေတွာ၊ ကောင်းစွာတည်ဆောက်စေ၍။ ဇဂ္ဂိတဗ္ဗံ၊ ပြုပြင်အပ်၏း တေပိ၊ ထိုသူတို့သည်လည်း။ သစေ နသက္ကောန္တိ၊ အကယ်၍ မတတ်နိုင်ကုန်အံ့။ သံဃိကေနေဝ၊ သံဃာ့ဥစ္စာဖြစ်သော၊ ပစ္စယေန၊ ပစ္စည်းဖြင့်။ ဇဂ္ဂိတဗ္ဗံ၊ ပြုပြင်အပ်၏။ တာသံပိ၊ တိုသံဃိကပစ္စည်းသည်လည်း။ အသတိ၊ မရှိသော်း ကေံ အာဝါသံ၊ ကျောင်းတခုကျောင်းကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ အာဝသေသာ၊ ကြွင်းကျန်သောကျောင်းတို့ကို။ ဇဂ္ဂိတဗ္ဗာ၊ ပြုပြင်အပ်ကုန်၏။ ဗဟူ၊ များစွာသောကျောင်းတို့ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ ကေံ၊ တခုကျောင်းကို။ ဥဒ္ဒိသာပေတုမိ၊ တည်စံခိုင်မြဲစေခြင်းငှါလည်း။ ဂဋ္ဌတိယေဝ၊ အပ်သည်သာတည်း။

ဒုတိယကွေး ငါ့မှာခေါင်းပါး အစာရှာသောအခါ၌း ဘိက္ခူသူ၊ ရဟန်းတော်တို့သည်း ပက္ကန္တေသု၊ အရပ်တပါးသို့ ဖဲသွားကုန်သည်ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော အာဝါသာ၊ ကျောင်းတို့သည်။

နာဆဲန္တိ၊ ပျက်စီးကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ကေံ ဝါ အာဝိသံ၊ တကျောင်းကို လည်းကောင်း။ ဒ္ဝေ ဝါ တယောဝါ အာဝါသေ၊ နှစ်ကျောင်း သုံးကျောင်းတို့ကို လည်းကောင်း။ ဝိဿဇ္ဇေတ္ဝာ၊ စွန့်၍။ တဒဟေဝ၊ ထို့နေ့သာကျောင်းမှ။ လဒ္ဓါနိ၊ ရအပ်ကုန်သော။ ယာဂု-ဘတ္တာဒီနိ၊ ယာဂု ဆွမ်းသက်နှံစသည်တို့ကို။ ပရိဘုဉ္ဇန္တေဟိ၊ သုံးဆောင်ကုန်သော ရဟန်းတို့သည်။ သေသာ ါသော၊ ကြွင်းသော ကျောင်းတို့ကို။ ဇဂ္ဂိတဗ္ဗာယေဝ၊ စောင့်ရှောက်အပ်ကုန်သည်သာတည်း။

ဝဇိရ, သာရတ္ထ, ဝိမတိတ္ထီဋ္ဌ အဖွင့်မရှိ။

ပါရာဇိကဏ်အဋ္ဌကထာဋ္ဌီလည်း—

ရာဇရောဂစောရဘယာဒီဟိ အညတ္ထ ဂစ္ဆန္တော်နံ ဝိဟာရေ ပလုဇ္ဇန္တိ၊ တာလနာဠိကေရဒီကေ ဝိနာသေန္တိ၊ သေနာသန-ပစ္စယံ ပနနိဿာယ ယာပေတုံ သက္ကာ ဟောတိ။ ဝေရူပေ ကာလေ သေနာသနံ ဝိဿဇ္ဇေတ္ဝာပိ သေနာသနဇဂ္ဂနတ္ထာယ ပရိဘောဂေါ ဘဂဝတာ အနုညာတော၊ တသ္မာ ကေံ ဝါ ဒ္ဝေ ဝါ ဝရသေနာသနာနိ ဌပေတ္ဝာ ဂတဂတာနံ လာမကာနောဠိယာ ပိဏ္ဍပါတံ ထပေတ္ဝာယ ဝိဿဇ္ဇေတုံ ဝဋ္ဋတိ။ မူလဝတ္ထုစ္ဆေဒံ ပန ကတ္ဝာ နပညပေတ္ဗံ—

ဟု ဖွင့်ဆိုတော်မူ၏။

အနက်ဃာ—ရာဇရောဂစောရဘယာဒီဟိ၊ မင်းဘေး အနာဘေး ခိုးသူဘေးစသည်တို့ကြောင့်။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂစ္ဆန္တာနံ၊ သွားကုန်သောရဟန်းတို့၏။ ဝိဟာရာ၊ သံဃာပိုင်ကျောင်းတို့သည်။ ပလုဇ္ဇန္တိ၊ ပျက်စီးကုန်၏။ တာလနာဠိကေရဒီကော၊ ထန်း ပေအုန်းစသည်တို့ကို။ ဝိနာသေန္တိ၊ ဖျက်ဆီးကုန်၏။ သေနာသနပစ္စယံ ပန၊ ကျောင်းပစ္စည်းကိုကား။ နိဿာယ၊ မှီ၍။ ယာပေတုံ၊ မျှတခြင်း ငှါ။ သက္ကာ၊ တော်နိုင်သည်း ဟောတိ၊ ဖြစ်၏။ ဇေရူပေ၊ ဤသို

သဘောရှိသော။ ကာလေ၊ အခါ၌။ ဩသာသနံ၊ ကျောင်းကို။ ဝိသေဋ္ဌတ္ထာပိ၊ စွန့်ရှိလည်း။ ဩသာသနဇဂ္ဂနတ္ထာယ၊ ကျောင်းကို စောင့်ရှောက်ခြင်းငှါ။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းကို။ ဘဂဝတာ၊ ဘုရားရှင်သည်။ အနုညာတော၊ ခွင့်ပြုတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ကေ ဝါ ဝရဩသာသနံ၊ မြတ်သော ကျောင်းတဇကျောင်းကို လည်းကောင်း။ ဒွေ ဝါ ဝရဩသာသနာနံ၊ မြတ်သောကျောင်း နှစ်ကျောင်းတို့ကို လည်းကောင်း။ ဌပေတွာ၊ ချန်ထား၍။ ဣတရာနံ၊ ကြွင်းသော ကျောင်းတို့ကို။ လာမကကောဋ္ဌိယာ၊ ယုတ်သော ကျောင်းကို အစပြု၍။ ပိဏ္ဍပါတတ္ထာယ၊ ဆွမ်းအကျိုးငှါ။ ဝိသေဋေတုံ၊ စွန့်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ပန၊ ထိုသို့ပင်ဖြစ်သော်လည်း။ မူလဝတ္ထုစ္ဆေဒံ၊ အရင်းဝတ္ထုပြတ်ခြင်းကို။ ကတ္ဝာ ပြု၍။ န ဉာနေတပ္ပံ၊ မဆောင်ယူအပ်။ ဝါ၊ မဖောက်ဆီးစားအပ်၊

သာဓကထွဲဒီပနီဋီကာဒ္ဝ်လည်း—

လာမကဒကာဋ္ဌိယာတိ လာမကံ အာဒိံ ကတ္ဝာ၊ လာမကဒေသနာသနတော ပဋ္ဌာယာတိ ဝုတ္တံ ဟောတိ။ ဩသာသနပိတိဿဒီနိ လာမကဒကေ ဋ္ဌိယာဝ ဝိသေဋေတပ္ပါနိ၊ ဩသာသနပရိက္ခာရာပိ လာမကဒကေ ဋ္ဌိယာဝ ဝိသေဋေတပ္ပာ။ မူလဝတ္ထုစ္ဆေဒံ ပန ကတ္ဝာ နာ ဉာနေဟတ္ထိ ဣမိနာ ကိံ ဝုတ္တံ ဟောတီတိ? တီသုပိ ဂဏ္ဌိပဒေသု ဟာဝဝ ဣဒံ ဝုတ္တံ "သတ္ထုနိ ဩသာသနာနိ နု ဝိသေဋေတပ္ပာနိတိ ဝုတ္တံ ဟောတိ"တိ။

လာမကဒကဋ္ဌိယာတိ လာမကံ အာဒိံ ကတ္ဝာ၊ လာမကဒေသနာသနတော ပဋ္ဌာယာတိ ဝုတ္တံ ဟောတိ။ ဩသာသနပိတိဿဒီနိ လာမကဒကေ ဋ္ဌိယာဝ ဝိသေဋေတပ္ပါနိ၊ ဩသာသနပရိက္ခာရာပိ လာမကဒကေ ဋ္ဌိယာဝ ဝိသေဋေတပ္ပာ။ မူလဝတ္ထုစ္ဆေဒံ ပန ကတ္ဝာ နာ ဉာနေဟတ္ထိ ဣမိနာ ကိံ ဝုတ္တံ ဟောတီတိ? တီသုပိ ဂဏ္ဌိပဒေသု ဟာဝဝ ဣဒံ ဝုတ္တံ "သတ္ထုနိ ဩသာသနာနိ နု ဝိသေဋေတပ္ပာနိတိ ဝုတ္တံ ဟောတိ"တိ။

လာမကဒကဋ္ဌိယာတိ လာမကံ အာဒိံ ကတ္ဝာ၊ လာမကဒေသနာသနတော ပဋ္ဌာယာတိ ဝုတ္တံ ဟောတိ။ ဩသာသနပိတိဿဒီနိ လာမကဒကေ ဋ္ဌိယာဝ ဝိသေဋေတပ္ပါနိ၊ ဩသာသနပရိက္ခာရာပိ လာမကဒကေ ဋ္ဌိယာဝ ဝိသေဋေတပ္ပာ။ မူလဝတ္ထုစ္ဆေဒံ ပန ကတ္ဝာ နာ ဉာနေဟတ္ထိ ဣမိနာ ကိံ ဝုတ္တံ ဟောတီတိ? တီသုပိ ဂဏ္ဌိပဒေသု ဟာဝဝ ဣဒံ ဝုတ္တံ "သတ္ထုနိ ဩသာသနာနိ နု ဝိသေဋေတပ္ပာနိတိ ဝုတ္တံ ဟောတိ"တိ။

ဟု ဖွင့်ဆိုအပ်မူသည်။

လာမကဒကာဋ္ဌိယာတိ၊ ဟူသည်ကား၊ လာမကံ၊ ယုတ်နိမ့်သော ကျောင်းကို အာဒိံ ကတ္ဝာ၊ အစပြု၍။ လာမကဒဩသာသနတော၊

ယုတ်ဖသောကျောင်းမှ။ ပဌာယ၊ ဧဝံ၌ ဣတိ၊ ဤသို့၊ ဝုတ္တံ ဝုတ္တောဘဂဝါ၊ ဆိုအပ်သည်၊ ဟောတို့၊ ဖြစ်၏။ ဃနာသနေပိ၊ ကျောင်းဦးလည်း။ တိတ္ထာဒီနိ၊ မြက် သက်ကယ်စသည်တို့ကို။ လာမကကောဋ္ဌိယာဝ၊ အယုတ်ကို အစပြု၍သာလျှင်။ ဝိဿဇ္ဇေတဗ္ဗာနိ၊ စွန့်အပ်ကုန်၏။

ဃနာသနပရိက္ခာရေပိ၊ ကျောင်းပရိက္ခရာတို့ကိုလည်း။ လာမကကောဋ္ဌိယာဝ၊ အယုတ်မှုအစပြုသဖြင့်သာလျှင်။ ဝိဿဇ္ဇေတဗ္ဗာ၊စွန့်အပ်ကုန်၏။ မှ ဃဝတ္ထုစ္ဆေဒံ ပန ကတ္ဝာန ဥပနေတဗ္ဗန္တိ ဤမိန္ဒာ၊ဟူသော ဤပါဠိဖြင့်။ ကိံ ဏော အဓိပ္ပါယော၊ အဘယ်အဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်သနည်း။ တိသုပိ ဂဏ္ဌိပဒေသု၊ သုံးစောင်သော ဂဏ္ဌိပုဒ်တို့၌လည်း။ ကာဝ၊ ရှေးဦးစွာ။ သဗ္ဗာနိ သေနာသနာနိ၊ အလုံးစုံသော ကျောင်းတို့ကို။ နု ဝိဿဇ္ဇေတဗ္ဗာနိ၊ မစွန့်အပ်ကုန်။ ဤတိ၊ သို့။ ဝုတ္တံ ဝုတ္တောဘဂဝါ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏၊ ဤဘိ ဤဒံ ဝုတ္တံ၊ ၏။ လာမကကောဋ္ဌိယာ၊အယုတ်ကို အစပြု၍။ ဝိဿဇ္ဇေတဗ္ဗာနဟိပိ၊ စွန့်သော ရဟန်းတို့သည်လည်း။ သေနာသနဘူမိယော၊ ကျောင်းထောမြေတို့ကို။ နု ဝိဿဇ္ဇေတဗ္ဗာ၊ မစွန့်အပ်ကုန်။ ဤတိ အယံ အတ္ထော၊ ဤအနက်ကို။ ဝုတ္တော ဟောတိ. ၏။ ဤဘိ အယံ၊ ကာ။ နော၊ ဌီကာဆရိယာတို့၏။ ခန္တိ၊ နှစ်သက်ခြင်းတည်း။ ဝိမံသိတွာ၊ ဉာဏ်ဖြင့်ဆင်ခြင်၍။ ယံ၊အကြင် စကားကို။ ရုစ္စတိ၊ နှစ်သက်၏။ တံ၊ ကို။ ဂဟေတွာပဲ့၊ ယူအပ်၏။

ဝိ။တိဝိနောဒနီဋီကာ၌ဤသည်။-

သေနာသနသင်္ခါတဝတ္ထုနော မူလစ္ဆေဒံ ကတ္ဝာ သဗ္ဗာနိ သေနာသနာနိ နု ဝိဿဇ္ဇေတဗ္ဗာနိတိ အာဒတ္ထော။ ဏောစိ ပနေတ္ထ "ကေ ဝါ ဒ္ဝေ ဝါ ဝရဒသနာသနာနိ ဒ္ဝပေတွာ လာမကတော ပဌာယ ဝိဿဇ္ဇေန္တဟိပိ သေနာသနဘူမိယော နု ဝိဿဇ္ဇေတဗ္ဗာတိ အယမတ္ထော ဝုတ္တော" တိ ဝဒန္တိ၊ တမ္မိ ယုဇ္ဇတိမေဝ-

ဟု ဆိုတော်မူ၏။

ထိုသို့လာသော အဌကထာ, ဋီကာတို့ဖြင့် မိုးခေါင်၍ရှားပါးသော အခါ၊ မင်းဘေး ခိုးသူဘေး အနာရောဂါဘေးစသည်တို့ကြောင့် ရဟန်းသံဃ တို့ ပြောင်းရွှေ့နေထိုင်ကြသော အခါတို့၌ ထိုလက်ရှိ သံဃိကာကျောင်းတိုက်တာတို့၌သာနေ၍ မွန်မြတ်သောကျောင်းကို မပျက်စေခြင်းငှါ ယုတ်ညှံ့သောစကျောင်းကို ရောင်းချစားသောက်၍ စောင့်ရှောက်အပ်သည်။ ကျောင်းရာမြေကိုကား အဘယ်အခါမှ မရောင်း မချအပ်ဟု ပြတော်မူသည်။

ဤသို့လာသော ပါဠိ, အဌကထာ, ဋီကာ အရပ်ရပ်တို့ကို ထောက်၍ လျှောက်ထားလွှာစာပါအရ အက်တောကျောင်းသုံးဆောင်၌ အထက်ပိုင်း သံဃိကာစည်းကို တစုံတယောက်သောပုဂ္ဂိုလ်သည်ဖြစ်ပိုင်၊ သံဃာသာ ပိုင်သည်။ သံဃာပိုင်သော သံဃိကာကျောင်းကို တစုံတယောက်သောသူက ရောင်းချ၍ ဝယ်ယူသော်လည်း သံဃိကကျောင်းအဖြစ်မှ မလွှတ်၊ သံဃာ့ဥစ္စာသာ မည်သည်။ ထိုသံဃာ့ဥစ္စာဖြစ်သော ကျောင်းကို ရောင်း၍ရသော အဖိုးကိုမူကား သံဃာ့ဥစ္စာ၊ သံဃာသာပိုင်သည်ဟု မဆိုသာချေ။

စာတုဒ္ဒိသံ သံဃံ ဥဒ္ဒိဿ ဘိက္ခုနံ ဒိန္နံ ဝိဟာရံ ဝါ ပရိဝေဏံ ဝါ အာဝါသံ ဝါ မဟန္တမ်ိဳ ခုဒ္ဒကမ်ိဳ အာဘိယုဇ္ဇတော အာဘိယောဂေါ နရှိဟတိ၊ အစ္ဆိန္နိဘူဂါ ဂဏ္ဌိတုမ်ိဳ နသက္ကေဒေတိ။ ကသ္မာ?သင်္ဃသံ ဓုရနိက္ခေပါဘာဝတော–

ဟု ဆိုသော အဌကထာပါဠိကို အထူးနှလုံးသွင်း၍ မှတ်ရမည်။

ထိုအဌကထာ၌ "အာဘိယုဇ္ဇတော အာဘိယောဂေါ နရှိဟတိ" ဟု ဆိုသောကြောင့် တရားတော်သောအရာ၌သာ မှတ်ရမည်။ လက်ထောက်ယူနိုင်သောပစ္စည်းကို ခိုးယူရာ၌ ပါရာဇိက ကျ·မကျကိုကား "ဌာနာစာဝနံ" ဖြင့် ဆုံးဖြတ်ရမည်။ ထို့ကြောင့် စူဠဝါသေနာသနက္ခန္ဓကအဖွင့် အဌကထာ၌–

ဆဋ္ဌိတဝိဟာရေတော မဉ္ဇုပိဌာဒီနိ ထေယျစိတ္တေန ဂဏှန္တော ဥဒ္ဓါရေယဝ ဘဏ္ဍဂ္ဃနေန ကာရေတဗ္ဗော—

ဟု သံဃိကပစ္စည်းအာရာဒ်၌ လာသည်။

ဤသည်ကား မြေဘူးမြို့ အောဟတဂျောင်းရှင်ဝိစာရဏလျှောက်ထား ဟောင်းပန်၍ ညောင်ပင်မြို့ ထိမ်းတာကျောင်း၌ သီတင်းသုံးနေသော မဇ္ဈေရိမြက် ဆိုးဖြတ်အပ်သော သံဃိကဝိဟာရဝိနိစ္ဆယတည်း။

၂၄၄။ သစိတ္တက အစိတ္တက ဝိနိစ္ဆယ

ဝိတိဏ္ဏမနုစိဏ္ဏေန၊ သစိတ္တကေမစိတ္တကံ။
ပညတ္တိဇာနနေနာပိ၊ ဝဒန္တော်စရိယာ တထာ။

ဝိတိဏ္ဏမနုစိဏ္ဏေန၊ လွန်ကျူးလိုသောစိတ်ဖြင့်။ သစိတ္တကံ၊ သစိတ္တက အာပတ်မည်၏။ ဣတရေနပိ၊ မလွန်ကျူးလိုသောစိတ်ဖြင့်။ အစိတ္တကံ၊ အစိတ္တက အာပတ်မည်၏။ ပညတ္တိံ၊ ဝိနည်းပညတ်ကို။ ဇာနနေနာပိ၊ သိသောစိတ်ဖြင့်လည်း။ တထာ၊ ထို့အတူ။ သစိတ္တကံ၊ သစိတ္တက အာပတ်မည်၏။ ဣတရေနပိ၊ မသိသောစိတ်ဖြင့်။ အစိတ္တကံ၊ အစိတ္တက အာပတ်မည်၏။ ဣတိ၊ သို့။ အာစရိယာ၊ ဝိနည်းအရာ လိမ္မာမြင်သိပညာရှိဆရာမြတ်တို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤအနက်ကား—

အာစရိယာ ဝိတိဏ္ဏမနုစိဏ္ဏေန သစိတ္တကံ အစိတ္တကန္တိ ဝဒန္တိ၊ ပညတ္တိဇာနနေနာပိ စိဏ္ဏေန တထာ သစိတ္တကံ အစိတ္တကန္တိ အာစရိယာ ဧဝန္တိတိ အဓိပ္ပာယော—

ဟု ဖွင့်သော မူလသိက္ခာဒုက္ကဋ်အာဒိဟောင်းကို ထောက်၍ ပေးသည်။

တနည်းကား—ပညတ္တိံ၊ ဝိနည်းပညတ်ကို။ ဇာနနေနာပိ၊ သိခြင်း၊ မသိခြင်းနှစ်ပါးဖြင့်လည်း။ ဝိတိဏ္ဏမနုစိဏ္ဏေန၊ လွန်ကျူးလိုသော စိတ်

ကြေးငဲ့။ သစိတ္တကံ၊ သစိတ္တကမည်၏။ ဣတရေန၊ မလွန်ကျူးလိုသော စိတ်ကြောင့်။ အစိတ္တကံ၊ အစိတ္တကမည်၏။ ဣတိ၊ သို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤအနက်ကား–

> ပညတ္တိ ဇာနနေနာပိ အဇာနနေနာပိ ဝိတိက္ကမနစိတ္တေန အာပဇ္ဇိတပ္ပတ္တာ သစိတ္တကံ၊ တထာ ပညတ္တိ ဇာနနေနာပိ အဇာနနာပိ ဝိတိက္ကမနစိတ္တေန အနာပဇ္ဇိတပ္ပတ္တာ အစိတ္တကန္တိ ဝဒန္တိ အာစရိယာ–

ဟု ဖွင့်ပြသော မူလသိက္ခာဒုကထာဋ္ဌ ဋီကာဟောင်းဆရာ၏ အလိုအားဖြင့် ပတ္ထု ကို လွန်ကျူးလိုသောစိတ်ဖြင့် သင့်သောအာပတ်သည် သစိတ္တက၊ ဝတ္ထု ကို မလွန်ကျူးလိုသောစိတ်ဖြင့် သင့်သောအာပတ်သည် အစိတ္တက၊ ဝိနည်းသိက္ခာပုဒ်ကိုသိလျက် သင့်သောအာပတ်သည် သစိတ္တက၊ မသိမူ၍ သင့်သောအာပတ်သည် အစိတ္တကမည်၏ဟု ယူရမည်။

ဋီကာဆရာ၏ အလိုအား၊ ဖြင့် ဝိနည်းသိက္ခာပုဒ်ကို သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လွန်ကျူးလိုသောစိတ်ဖြင့် သင့်သောအာပတ်သည် သစိတ္တက၊ လွန်ကျူးလိုသောစိတ်ထင်၍ သင့်သော အာပတ်သည် အစိတ္တက မည်၏ဟု ယူရမည်။

ထိုနှစ်ပါးတို့တွင် ဋီကာဆရာ၏ ဝါဒသည်–

> သစိတ္တကပက္ခေတိ ဝတ္ထုံ၏တိက္ကမဝိဇာနနစိတ္တေန သစိတ္တက-
> ပက္ခေတိ ဂဟေတုံ၊ နုပက္ကတ္တိဝိဇာနနစိတ္တေန–

ဟု ဆိုသော ဝိမတိဝိနောဒနီဋီကာ၊

ဝတ္ထုဝိဇ္ဇာနနှစ်တွေနှ သစိတ္တကဏပက္ခေစိတ်ံ အာကုသလမေဝ ဟောတိ၊ အယံ လောကဝဇ္ဇော—

ဟု ဖွင့်သော မာတိကာဋီကာသစ်တို့နှင့် ညီသည်။

ယာ သစိတ္တကသမုဋ္ဌာနဝသေနဲဝ သမုဋ္ဌာတိ၊ အယံ သစိတ္တကာ၊ ယာ အစိတ္တဇကန ဝါ သစိတ္တကမိဿကန ဝါ သမုဋ္ဌာတိ၊ အယံ အစိတ္တကာ (ကခံပါဠိ)။

ယာ၊ အကြင်အာပတ်သည်။ သစိတ္တကသမုဋ္ဌာနဝသေနဲဝ၊ သစိတ္တကသမုဋ္ဌာန်၏ အစွမ်းဖြင့်သာလျှင်။ သမုဋ္ဌာတိ၊ ဖြစ်၏။ အယံ၊ ဤအာပတ်သည်။ သစိတ္တကာ၊ မည်၏။ ယာ၊ အကြင်အာပတ်သည်။ အစိတ္တဇကန ဝါ၊ အစိတ္တကသမုဋ္ဌာန်ကြောင့် လည်းကောင်း။ သစိတ္တကမိဿကန ဝါ၊ သမုဋ္ဌာန်ကြောင့် လည်းကောင်း။ သမုဋ္ဌာနေန ဝါ၊ သမုဋ္ဌာန်ကြောင့် လည်းကောင်း။ သမုဋ္ဌာတိ၊ ဖြစ်၏။ အယံ၊ ဤအာပတ်သည်။ အစိတ္တကာ၊ မည်၏။

ယာ အစိတ္တကေန ဝါ သစိတ္တကမိဿကေန ဝါ သမုဋ္ဌာတိ ယာ အာပတ္တိ ကဒါစိ အစိတ္တကေန ဝါ ကဒါစိ သစိတ္တကမိဿကေန ဝါ သမုဋ္ဌာနေန သမုဋ္ဌာတိ—

ဟု ကခံဋီကာသင်္ဂဟဖွင့်၏။

သမုဋ္ဌာန် ၄-ပါးကိုလည်း—

(၁) ကာယသမုဋ္ဌာန်၊
(၂) ဝါစာသမုဋ္ဌာန်၊
(၃) ကာယဝါစာသမုဋ္ဌာန်၊
(၄) အာဝယစိတ္တသမုဋ္ဌာန်၊

(၅) ဝါစာစိတ္တသမုဋ္ဌာန်၊

(၆) ကာယဝိစာစိတ္တသမုဋ္ဌာန်—

ဟု မွတ်သား၍ ရှေးသုံးပါးသည့် အစိတ္တက၊ နောက်သုံးပါးသည့် သစိတ္တကဟု မွတ်ယူရမည်။

တတ္ထ ပုရိမဒ္ဒနိ တိဏိ အစိတ္တကာနိ ပစ္ဆိမဒ္ဒနိ သစိတ္တကာနိ(ကင်္ခါ)။

အမှာ။ ။သမုဋ္ဌာန်အရ အကျယ်ကို ကင်္ခါပါဠိ၌ ပဌမပါရာဇိကအဖွင့် ပထမပါရာဇိကပါဠိတော်မှာ ရှုလေ။

ဤ စ သစိတ္တကာစိတ္တကာနံ ကော ဝိသေသော‌တိ စေ၊ သစိတ္တကံ လောကဝဇ္ဇံ၊ အစိတ္တကံ ပဏ္ဏတ္တိဝဇ္ဇန္တိ၊ အယမေတေသံ ဝိသေသော(မူလသိက္ခာဋီကာသစ်)။

စ၊ ဆက်၍ဆိုဦးအံ့။ ဤ၌ ဤဂါထာ၌။ သစိတ္တကဿ စိတ္တကာနံ၊ သစိတ္တက, အစိတ္တကအာပတ်တို့၏။ ဝိသေသော၊ အထူးဆိုသည်။ ကော၊ အဘယ်နည်း။ ဤတိ၊ ဤသို့။ ဧတော စိ၊ တစုံတယောက်သောသူသည်။ စေ ဝဒေယျ၊ အကယ်၍ဆိုငြားအံ့။ သစိတ္တကံ၊ သစိတ္တကအာပတ်သည်၊ လောကဝဇ္ဇံ၊ လောကပြစ်ရှိ၏။ အစိတ္တကံ၊ အစိတ္တကအာပတ်သည်၊ ပဏ္ဏတ္တိဝဇ္ဇံ၊ လောကပြစ်မရှိ၊ ပညတ်တော်ကြောင့်သာ အာပတ်သင့်၏။ အယံ၊ ဤသည်တား။ ဝိသေသော၊ အထူးတည်း။ ဤတိ၊ ဤသို့။ ဝိဿဇ္ဇိတဒ္ဗော၊ ဖြေဆိုအပ်၏။

ယဿာ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ၊ အယံ လောကဝဇ္ဇော၊ သေသော ပဏ္ဏတ္တိဝဇ္ဇော (ကင်္ခါပါဠိ)။

ယဿာ၊ အကြင်သူရဟန်း သိက္ခာပုဒ်အစရှိသော အစိတ္တကအာပတ်အား။ သစိတ္တကပက္ခေ၊ ဝတ္ထုကိုသိခြင်းရှိသော စိတ်အစုဥ်။ စိတ္တံ၊

စိတ်သည်။ အကုသလမေဝ၊ အကုသိုလ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အယံ၊ ဤအာပတ်သည်။ လောဏဝဇ္ဇာ၊ လောကဝဇ္ဇမည်၏။ သေသာ၊ အကြွင်းသည်။ ပဏ္ဏတ္တိဝဇ္ဇာ၊ ပဏ္ဏတ္တိဝဇ္ဇမည်၏။

ဤအနက်ကား-

ယဿာ သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိတိ ယဿာ သစိတ္တကာယ အာပတ္တိယာ စိတ္တံ အကုသလမေဝ ဟောတိ၊ ယဿာ စ သစိတ္တကာစိတ္တကသင်္ခါတာယ သူဆုပါနာဒိအစိတ္တကာယ အာပတ္တိယာ စတ္ထုဝီဇာနနစိတ္တေန သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝ ဟောတိ၊ အယံ လောကဝဇ္ဇာ—

ဟု ဖွင့်သော ဋီကာသစ်ကိုထောက်၍ ပေးသည်။

ဝိမတိဋီကာ၌လည်း-

သစိတ္တကပက္ခေ စိတ္တံ အကုသလမေဝါတိ ဝုတ္တေ ပန သစိတ္တကသိက္ခာပဒါနံ စိတ္တံ အကုသလမေဝ၊ ဣတရေသံ သစိတ္တကာပတ္တေယေဝ အကုသလနိယမော၊ နာစိတ္တကပက္ခေ၊ တတ္ထ ပန ယထာသမ္ဘဝံ ကုသလံ ဝါ သိယာ၊ အကုသလံ ဝါ အဗျာကတံ ဝါတိ အယမတ္ထော သာမတ္ထိယတော သိဒ္ဓတိတိ ဓဝဒိတပ်ံ။ သစိတ္တကပက္ခေတိ ဝတ္ထုဝိတိက္ကမဝိဇာနနစိတ္တေန သစိတ္တကပက္ခေတိ ဂဟေတပ်ံ၊ နာ ပဏ္ဏတ္တိဝိဇာနနစိတ္တေန—

ဟု ဖွင့်ဆိုတော်မူ၏။

အနက်ကား- သစိတ္တကပက္ခေ စိတ်ံ အကုသလမေဝါတိ၊ ဟူ၍။ ဝုတ္တေ ပန၊ သော်။ သစိတ္တကသိက္ခာပဒါနံ၊ တို့အား။ စိတ်ံ၊ သည်။ အကုသလမေဝ၊ သာလျှင်။ ဟောတိ၊ ၏။ ဣတရေသံ၊ အစိတ္တကသိက္ခာပုဒ်တို့အား။ သစိတ္တကပက္ခေယေဝ၊ သာလျှင်။ အကုသလနိယမော၊

အကုသိုလ်မြဲသည်း ဟောတိ၊ ဇာ။ အစိတ္တအပဋိက္ခေ၊ ဥ္ဘ။ နိယမော၊ အကုသိုလ်မြဲသည်း နဟောတိ၊ မဖြစ်။ တတ္ထ ပန၊ ထိုအစိတ္တကအဖို့၌ ကား။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အား လျော်စွာ။ ကုသလံ ဝါ၊ ကုသိုလ်စိတ်ကြောင့်လည်း။ သိယာ၊ ဖြစ်ရာ၏း အကုသလံ ဝါ၊ အကုသိုလ်စိတ်ကြောင့်လည်း။ သိယာ၊ ဖြစ်ရာ၏း အဗျာကတံ ဝါ၊ အဗျာကတစိတ်ကြောင့်လည်း။ သိယာ၊ ဖြစ်ရာ၏း ဣတိ အယံ အတ္ထော၊ ဤသို့သော အနက်သည်။ ဆသမတ္ထိယတော၊ သစိတ္တကပက္ခသဒ္ဒါ၏ အစ္ဆရိယ်းအား ဖြင့်း၊ သိဇ္ဈတိ၊ ပြီး၏း ဣတိ ဝေဒိဟပ္ပံ၊ ဤသို့သိအပ်၏။

အဓိပ္ပါယ်ကား— သစိတ္တကသိက္ခာပုဒ်တို့မှာ လွန်ကျူးလိုသောစိတ် ရှိမူ အကုသိုလ်စိတ်ဖြင့်သာ အာပတ်သင့်သည်။ အစိတ္တကသိက္ခာပုဒ်တို့ မှာ လွန်ကျူးလိုသောစိတ်ရှိမူ အကုသိုလ်စိတ်ဖြင့် အာပတ်သင့်သည်း လွန်ကျူးလိုသောစိတ်မရှိမူ ကုသိုလ်, အကုသိုလ်, အဗျာကတစိတ်တို့ဖြင့် သင့်သည်။

"ယဿာ သစိတ္တကာပတ္တိယာ စိတ္တံ အကုသလမေဝ" ဟူသော အဋ္ဌကထာ ပါဠိ စကြာ၌ "သစိတ္တကပက္ခေ" ဟူသော ဝိသေသနအရမှာ ဝတ္ထုကို လွန်ကျူးခြင်း၌ လွန်ကျူးသည်ကို သိသောစိတ်ကိုသာ ယူရမည်ဟူလို။

တတြာယံ သင်္ခေပတော သမုဋ္ဌာနဝိနိစ္ဆယော—ဂိရဂ္ဂသမဇ္ဈံ စိတ္တာဂါရသိက္ခာပဒံ သဿံဏိ ဣတ္ထာလင်္ကာရော ဂန္ဓဝဏ္ဏကော ဝါသိတကပိညာကော ဘိက္ခုနီအာဒီဟိ ဥမ္မဒ္ဒနပရိမဒ္ဒနာနီတိ ဣမာနိ ဒသ သိက္ခာပဒါနိ အစိတ္တကာနိ လောကဝဇ္ဇာနိ။ ဧးယံ ပနေတ္ထ အဓိပ္ပါယော၊ ဝိနာပိ စိတ္တေန အာပဇ္ဇိတဗ္ဗတ္တာ အစိတ္တကာနိ၊ စိတ္တေ ပန သတိ အကုသလေနေဝ အာပဇ္ဇိတဗ္ဗတ္တာ လောကဝဇ္ဇာနိ။ အဝသေသာနိ အစိတ္တကာနိ ပဏ္ဏတ္တိဝဇ္ဇာနေဝ။ စောရီဝုဋ္ဌာပနံ ဂါမန္တရံ အာရာမသိက္ခာပဒံ ဂဗ္ဘိနီဝဂ္ဂေ အာဒိတော ပဋ္ဌာယ သတ္တ, ကုမာရီဘူတဝဂ္ဂေ

အာဒိတော ပဋ္ဌာယ ပဉ္စ, ပုရိသသံသဋ္ဌံ ပါရိဝါသိယဆန္ဒဒါနံ အနုဝဿဝုဋ္ဌာပနံ ကေန္တရိကဝုဋ္ဌာပနန္တိ ဣမာနိ ကေနဝီသတိ သိက္ခာပဒါနိ သစိတ္တကာနိ ပဏ္ဏတ္တိဝဇ္ဇာနိ၊ အဝသေသာနိ သစိတ္တကာနိ လောကဝဇ္ဇာနေဝါတိ-

ဟု ဘိက္ခုနီဝိဘင်းအဋ္ဌကထာဋ္ဌ လာသည်။

တတြ၊ ထိုစကားဋ္ဌ။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သခေါပတော၊ ဤကျဉ်းအား ဖြင့်။ သမုဋ္ဌာနဝိနိစ္ဆယော၊ သမုဋ္ဌာန်အဆုံးဖြတ်ဘည်း။ ဂိဟိဂတသဓဇံ၊ ဂိဟိဂတမဇ္ဇံသိက္ခာပုဒ် လည်းကောင်း။ ဃဿံကိ၊ သဿံကို သိက္ခာပုဒ် လည်းကောင်း။ ဂဟဋ္ဌဝါလက်ာဏော၊ လည်းကောင်း။ ဂန္ဓဝဏ္ဏကော၊ လည်းကောင်း။ ဝါသိတကပိညာဏော၊ လည်းကောင်း။ ဘိက္ခုနီအာဒီဟိ။ ဘိက္ခုနီမစသည်တို့သာည်။ ဥပမ္ဗန္ဒုပရိမဒ္ဒနာနိ၊ တို့ဃည်း ကောင်း။ ဤမာနိ ဒသ သိက္ခာပဒါနိ၊ ဤဆယ်ပါးသော သိက္ခာပုဒ်တို့ သည်။ အစိတ္တကာနိ၊ အစိတ္တကတ်မည်ကုန်၏။ လောကဝဇ္ဇာနိ၊ လောကဝဇ္ဇာ မည်ကုန်၏။ ဘယံ ပန၊ ဤဆိုလတ္တံ့သည်ကား။ တတ္ထ၊ ဤဆရာဋ္ဌ။ အဓိပ္ပါယော၊ အလိုဟူည်း။ စိတ္တန္တု၊ စိတ်နှင့်။ ဝိနာပိ၊ ကင်းရှဲလည်း။ အာပတ္တိဝုဋ္ဌာပဒတ္တာ၊ ရောက်အပ်သည်အဖြစ်ကြောင့်။ အစိတ္တကာနိ၊ ဇစိတ်ဆာမည်ကုန်၏။ စိတ္တေ၊ စိတ်သည်။ သတိ ပန၊ ရှိသော်ကား။ အကုသလေနေဝ၊ အကုသိုလ်စိတ်ဖြင့်သာလျှင်။ အာပတ္တိတဒတ္တာ၊ ရောက်အပ်သည် အဖြစ်ကြောင့်။ လောကဝဇ္ဇာနိ၊ လောကဝဇ္ဇာ မည်ကုန်၏။ သေသာနိ၊ ကြွင်းသော သိက္ခာပုဒ်တို့သည်။ အစိတ္တကာနိ၊ အစိတ္တက မည်ကုန်၏။ ပဏ္ဏတ္တိဝဇ္ဇာနေဝ၊ ပဏ္ဏတ္တိဝဇ္ဇသာလျှင် မည်ကုန်၏။

ဆောရိဝုဋ္ဌာပနံ၊ စောရိဝုဋ္ဌာပနံသိက္ခာပုဒ် လည်းကောင်း။ ဂါမန္တရံ၊ ဂါမန္တရသိက္ခာပုဒ် လည်းကောင်း။ အာဏတ္တိယံ၊ အာဏတ်သိက္ခာပဒံ၊ အာဏတ်သိက္ခာပုဒ် လည်းကောင်း။ ဂဇ္ဈိနီဝဂ္ဂေ၊ ဋ္ဌ။ အာဒိတော၊ နှစ်မှု။ ပဋ္ဌာယ၊ စ၍။ ဆ တတ္ထ၊ နှုန့်ခုသောသိက္ခာပုဒ် လည်းကောင်း။ ကုမာရိဘူတဝဂ္ဂေ၊ ဋ္ဌ။ အာဒိတော၊ မှု။ ပဋ္ဌာယ၊ စ၍။ ပဉ္စ၊ ငါးခုသော

သိက္ခာပုဒ် လည်းကောင်း။ ပုရိသသံဿဋ္ဌံ၊ ပုရိသသံဿဋ္ဌသိက္ခာပုဒ်လည်း ကောင်း။ ပါရိဝါသိယဆန္ဒဒါနံ၊ လည်းကောင်း။ အနုဝဿဝုဋ္ဌာပနံ၊ လည်းကောင်း။ ဏတ္တိရိကဝုဋ္ဌာပနံ၊ လည်းကောင်း။ ဣတိ၊ ဤသို့။ ဤဒေသနိ ကုန်ဝိသတိ သိက္ခာပဒါနိ၊ ဤဘခုယုဘိန္နစ်ဆယ်သော သိက္ခာပုဒ်တို့သည်။ သစိတ္တကာနံ၊ မည်ကုန်၏။ ပဏ္ဏတ္တိဝဇ္ဇာနံ၊ မည်ကုန်၏။ အဝသေသာနံ၊ ကြွင်းသောသိက္ခာပုဒ်တို့သည်။ သစိတ္တကာနံ၊ မည် ကုန်၏။ လောကဝဇ္ဇာနေဝ၊ မည်ကုန်၏။ ဣတိ အယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အလိုတည်း။

အဓိပ္ပါယ်ကား– ဂိရဂ္ဂသမဇ္ဇအစရှိသော အစိတ္တကသိက္ခာပုဒ်ဆယ်ခု သည် လွန်ကျူးလိုသောစိတ်နှင့်အင်း၍ သင့်မှု အစိတ္တကပဏ္ဏတ္တိဝဇ္ဇ မည်၏။ လွန်ကျူးလိုခသောစိတ်ဖြင့်သင့်မှု အစိတ္တကလောကဝဇ္ဇမည်၏။ ကြွင်းသော အစိတ္တကသိက္ခာပုဒ်သည် ပဏ္ဏတ္တိဝဇ္ဇသာ မည်သည်။

စောရီဝုဋ္ဌာပန အစရှိသော သစိတ္တကသိက္ခာပုဒ် ၁၉- ခုသည် သစိတ္တကပဏ္ဏတ္တိဝဇ္ဇလည်း မည်၏။ ကြွင်းသော သစိတ္တက သိက္ခာပုဒ်သည် သစိတ္တကလောကဝဇ္ဇသာ မည်၏ ဟူလို။

ဤသို့ အဋ္ဌကထာလာသောကြောင့် သစိတ္တကသိက္ခာပုဒ်သည်လည်း အချို့သည် သစိတ္တကလောကဝဇ္ဇသာ မည်သည်။ အချို့ကား သစိ-တ္တကပဏ္ဏတ္တိဝဇ္ဇလည်း မည်၏။

အစိတ္တကသိက္ခာပုဒ်တို့တွင်လည်း အချို့သည် အစိတ္တကပဏ္ဏတ္တိဝဇ္ဇ သာမည်၏၊ အချို့သည် အစိတ္တကလောကဝဇ္ဇလည်း မည်၏ဟု မှတ်ယူရ မည်။

ဝိမတိဋီကာ၌ကား– သစိတ္တကသိက္ခာပုဒ်တို့တွင် သူရာပါနှအစိတ္တက သိက္ခာပုဒ်သည် ဝတ္ထုကိုသိ၍သာစိတ် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ

အကုသိုလ်စိတ်ဖြင့် သောက်အပ်သောကြောင့် သောကဝင်္ခဲသာမည်၏ဟု လာသည်။

လောဘဇမ္မည်သော သဒိတ္တာသိက္ခာပုဒ်၊ ဣတ္ထိဝဇ္ဇမ်ည်သော အစိတ္တကသိက္ခာပုဒ်တို့ကို ပိုင်းခြားပြဆိုအံ့-

(၁) ပါရာဇိက ၄-ပါးသည် သစိတ္တကာမည်၏။

(၂) သံဃာဒိသိသ် ၁၃- ပါးတို့ဘုင် သဉ္စရိတ္တသိက္ခာပုဒ်သည် အစိတ္တက၊ ကြွင်း ၁၂-ပါးသည် သစိတ္တကာ။

(၃) နိဿဂ္ဂိယပါစိတ် ၃၀-တို့တွင် အာစ္ဆိန္နစီဝရသိက္ခာပုဒ်, ပရိဏာမသိက္ခာပုဒ် ၂-ခုသည် သစိတ္တက၊ ကြွင်းသော ၂၈-ပါးသည် အစိတ္တက။

(၄) သုဒ္ဓပါစိတ် ၉၂-ပါးတို့တွင် ပဒသောဓမ္မ သိက္ခာပုဒ်၊ သဟသေယျသိက္ခာပုဒ်၊ ဓမ္မဒေသနာ သိက္ခာပုဒ်၊ သေနာသန သိက္ခာပုဒ်၊ စီဝရသိဗ္ဗနသိက္ခာပုဒ်၊ ပဌမပဝါရိတသိက္ခာပုဒ်၊ သုရာပါနသိက္ခာပုဒ်၊ သန္နိဓိသိက္ခာပုဒ်၊ ဝိကာလဘောဇန သိက္ခာပုဒ်၊ ပဏီတဘောဇနသိက္ခာပုဒ်၊ အပ္ပဋိဂ္ဂဟိတသိက္ခာပုဒ်၊ တိတ္ထိယဒါနသိက္ခာပုဒ်၊ ဇာတိဥဇ္ဈာဃနသိက္ခာပုဒ်၊ ကပ္ပဗိန္ဒုအနာဒိယန သိက္ခာပုဒ်၊ ဂါမပ္ပဝေသနသိက္ခာပုဒ် ၁၇-ပါသည် အစိတ္တက၊ ကြွင်း ၇၅ ပါးသည် သဒိတ္တကမည်၏။

(၅) ပကိဏ္ဏကအသိက္ခာပုဒ်ဘို့တွင် ဥဒ္ဒိဿကဘရည်ညွှန်း၍ ပြုအပ်သော အသားသည် သစိတ္တက၊ ကြွင်းသော မအပ်သော အသားသည် အစိတ္တကမည်၏။

ကောတ္ထဲရဏပါဝုရဏသိက္ခာပုဒ်၊ ဧကမ္ဘုတုဝဋ္ဋနသိက္ခာပုဒ်၊ ဧကတောဘုဉ္ဇနသိက္ခာပုဒ်၊ နစ္စဂီတဝါဒိတသိက္ခာပုဒ်၊ ဒဿနသဝနသိက္ခာပုဒ်၊ ဝစ္စာဒိဆဋ္ဌနသိက္ခာပုဒ်၊ ဒီဃကေသာ-

ဒိဓာရဏာသိက္ခာပုဒ်၊ နခမဋ္ဌကဓာရဏာဒိသိက္ခာပုဒ်၊ သမ္မာဓဓလော-
မဟဋ္ဌဏ သိက္ခာပုဒ်၊ သဉ္စရိတ္တနအက္ကမနသိက္ခာပုဒ်၊ အဏာယ-
ဗန္ဓနသိက္ခာပုဒ်၊ ပတ္တဟတ္ထကဝါဋဏသိက္ခာပုဒ်အား ဖြင့် ၁၃-ပါး
သည် အစိတ္တက၊ အကြွင်းသည် သစိတ္တက။

ထို့ကြောင့် မူလသိက္ခာအဋ္ဌကထာ၌—

(၁) သဉ္စရိတ္တံ ဝိနာ သေသာ၊ သစိတ္တာ ဂရုက'န္တိမာ။
အစ္ဆိန္နံ ပရိဏတံ ဟိတ္ဝာ၊ နိဿဂ္ဂိယမစိတ္တကံ။

(၂) ပဒသောဓမ္မံ ဒုဝေ သေယျာ၊ ဣတ္ထိယာ ဓမ္မဒေသနာ။
ဒုဝေ သေနာသနာနိပိ၊ သိဗ္ဗနံ စီဝရသိပိ။

(၃) ပဝါရိတံ သုရာပါနံ၊ ပဉ္စသန္နိဓိအာဒိကံ။
ဇောတိနုဇ္ဇာလနဉ္စေဝ၊ ကပ္ပဗိန္ဒုမနာဒိကံ။
ဂါမပ္ပဝေသနန္တိ'တော၊ ပါစိတ္တိသု အစိတ္တကာ။

(၄) ပကိဏ္ဏကသု ဥဒ္ဒိသ-ကတံ ဟိတ္ဝာ'ညမံသကံ။
ဂေဟတ္ထရက္ခ ပါဝုရကံ၊ ကေမဉ္စေ တုစ္ဆနံ။
ကေဒတာ ဘဉ္ဇနဉ္စာပိ၊ နစ္စဂီတာဒိသတ္တပိ။

(၅) အကာယဗန္ဓနဉ္စာပိ၊ ပတ္တဟတ္ထကဝါဋကံ။
အစိတ္တကမိဒံ သဗ္ဗံ၊ သေသမေတ္ထ သစိတ္တကံ-

ဟု ဖွင့်ဆိုတော်မူသည်။ အနက်ကိုကား နိဿယကြည့်ရှု၍ သိရလေ။

ပကိဏ္ဏကာသိက္ခာပုဒ် ၁၃-ပါးကို ဆိုခြင်းသည်-

ပကိဏ္ဏကေသု အညမံသာဒိကံ ပတ္တဟာဋ္ဌကဝါဋကန္တံ
ဧတရသဝိဓံ ဣဒံ သိက္ခာပဒံ အစိတ္တကံ၊ သေသံ သဗ္ဗံ သစိတ္တကံ-

ဟု ဖွင့်သော မူလသိက္ခာဋီကာဟောင်းကို မြင်၍ ဆိုသည်။

ဋီကာသစ်၌ကား-

ဤဒုက္ကဋဝတ္ထုအစိတ်ကား၊ သေသံ သပ္ပံ ဇတ္ထ သစိတ်ကဲ့-ဟု ဖွင့်ဆိုတော်မူသည်။

ထိုဋီကာသစ်ဆရာသည် "ဝစ္စာဒိဆဋ္ဌနာဒိမှု၊ ဒီဃကေသာဒိဓာရဏာ။ နခမဋ္ဌကရဏာဒိမှ" ဟု ဆိုခဲ့သော်မူသသိကွာ ပကိဏ္ဏကအဂါထာ၌ ဝစ္စာဒိဌ်အာဒိဝန်အရ ပဿာဝ, ဝိဃာသာဒ, ကာယဝရကိုယူ၍ ဆဋ္ဌနာဒိမှု၌ အာဒိဝန်အရ ဆဋ္ဌာဝနကို ယူရမည်။ ဒီဃကေသာဒိ၌ ဒီဃနခ, ဒီဃ-နာသိကာဒီဃလောမကို ယူရမည်။ နခမဋ္ဌကရဏာဒိမှု၌ အာဒိဝန်အရ နခဖဇနကို ယူရမည်။ ဝိသတိသိကွာပုဒ်ဟု ဆိုလိုရိပ်ရှိသည်။

ဤမူလသိကွာ၌ မသာဒသာ အနိယာသိကွာပုဒ်နှစ်ခုသည် သစိ-တ္တာ သောကဝဇ္ဇမည်၏။ ပါဠိဒဿနိသိကွာပုဒ် ၄-ခုသည် အစိတ္တာ ပဏ္ဏတ္တိဝဇ္ဇမည်၏။ သေနိယသိကွာပုဒ် ၇၅-ခုသည် သစိတ္တာ လောကဝဇ္ဇမည်၏ဟု မှတ်လေး။

အမှာ။ ။သာဓကလိုမူ မာတိကာအဋ္ဌကထာ ထိုထိုသိကွာပုဒ်တို့၏ အဆုံးအဆုံးမှာ ရှုခဲ့သ။

မဲသည်ရွာ တောကျောင်းတိုက်ခန့် ရှင်ဇကာတု လျှောက်
ထား၍ ထိန်တောဆရာတော်ဘုရားကြီး ဖြဆို
အပ်သော သစိတ္တာ အစိတ္တက ဝိနိစ္ဆယ
အပြီးတည်း။

ဦးသောဘိတ လျှောက်ထားလွှာ

အင်းလယ်ကြီးရွာခကျောင်းနေ တပည့်သောဘိက လျှောက်ထားဝံ့ပါသည် ဆရာခတော်အရှင်သူမြတ်ဘုရား၊

သိသာစေတာ်မူရန် အကြောင်းမှာ- အင်းပတ်ကျောင်းဘုန်းကြီးဦးအရိန္ဒမ-က (၁)သပိတ်မှောက်ထိုက်သေးကံသည် အဘယ်မျှ ရှိ၍ပါသနည်းဟု သိလိုပါသည်။ (၂) သပိတ်မှောက်သည်ရှိသော် သံဃာအများညီညွတ်မှု မှောက်သင့်သည်ဟု အချို့က ပြောဆိုကြပါသည်။ ၎င်းတို့ ပြောဆိုသော စကား အမှန် ဟုတ်-မဟုတ် သိလိုပါသည်။ (၃) တပါးသောပုဂ္ဂိုလ်က သပိတ်မလှန်ခင် သပိတ်မှောက်ခံရသော ဒါယကာ၏ ဆွမ်းစသော လှူဖွယ်ဝတ္ထုတို့ကို အခြားသောပုဂ္ဂိုလ်တို့က အလှူခံသင့်, မခံသင့်။ (၄) တဦးသော ဒါယကာက တပါးသော ပုဂ္ဂိုလ်ကို "မတော်မလျော်စပ်စဲ့ဆဲခဲ့ရသောကြောင့် ထိုပုဂ္ဂိုလ်အား သပိတ်မှောက်မည်ဟု ကြံစည်ပြုလုပ်၍နေစဉ် ထိုစပ်စဲ့ဆဲခဲ့ရသော ဒါယကာသည် လား၍ တောင်းပန်သည်ရှိသော် သပိတ်မှောက်သင့်, မမှောက်သင့်၊ ၎င်းအချက် ၄-ပါးတို့ကို ပိုင်းပိုင်းခြားခြား မှတ်သားလောက်အောင် ဖြေဆိုတော်မူပါမည့်အကြောင်း လျှောက်ထားအပ်ပါသည် ဆရာတော်အရှင်မြတ်ဘုရား။

၂၄၅။ ပတ္တနိက္ကေ့ဒနဝိနိစ္ဆယစာတမ်း

(၁) ပဌမအခန်းမှာ-

အဋ္ဌဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတာသေ ဥပါသကာသေ ပတ္တော နိက္ကုဇ္ဇိတဗ္ဗော။ ဘိက္ခုနော အလာဘာယ ပရိသက္ကတိ၊ ဘိက္ခုနော အနတ္ထာယ ပရိသက္ကတိ၊ ဘိက္ခုနော အဝါသာယ ပရိသက္ကတိ၊ ဘိက္ခု အက္ကောသတိ ပရိဘာသတိ၊ ဘိက္ခု ဘိက္ခုဟိ ဘေဒေတိ၊ ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ။ အနုဇာနာမိ ဘိက္ခဝေ ဣမေဟိ အဋ္ဌဟာင်္ဂေဟိ သမန္နာဂတာသေ ဥပါသကာသေ ပတ္တံ နိက္ကုဇ္ဇိတုံ-

ဟူ၍ စုဋ္ဌဝါပါဠိတော်၌ ဟောတော်မူအပ်သည်။

ဏာဒ်ါရှစ်ပါးနှင့်ပြည့်စုံသော ဒါယကာအား သပိတ်မျောက်ထိုက်သည်။ ဏာဒ်ါရှစ်ပါးဟူသော်ကား-

(၁) ရဟန်းတို့အား ပစ္စည်း၄-ပါး လာဘ်လာဘ မရစေခြင်းငှါ ကိုယ်နှုတ်ဘို့ဖြင့် လုံ့လပြုခြင်း၊

(၂) ရဟန်းတို့အား အကျိုးမဲ့ပျက်စီးစေခြင်းငှါ ကိုယ်နှုတ်တို့ဖြင့် အားထုတ်ခြင်း၊

(၃) ရဟန်းတို့အား နေရာဒကျွောင်းတန်မှု ထွက်သွားစေခြင်းငှါ လုံ့လပြုခြင်း၊

(၄) ဆဲရေးခြင်း (အကြောသဝတ္ထု ဆယ်ပါးတို့တွင် တပါးပါးဖြင့် ဆဲခရေးခြင်း)၊ ရေရွတ်ခြင်း၊

(၅) ရဟန်းအချင်းချင်း တပါးနှင့်တပါး ကွဲပြားအောင် ကုန်းတိုက်ခြင်း၊

(၆) မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ဆိုခြင်း၊

(၇) တရား၏ ကျေးဇူးမဲ့ကို ဆိုခြင်း၊

(၈) သံဃာ၏ ကျေးဇူးမဲ့ကဲ့ရဲ့ခကားကို ဆိုခြင်း-

ဤ ရှစ်ပါးတို့ပင်တည်း။

ထိုရှစ်ပါးသော အခကြောင်းအင်္ဂါတို့တွင် တပါးပါးနှင့် ပြည့်စုံသော် သပိတ်မမျောက်ထိုက်သည်။ ထို့ကြောင့် စူဠဝါအဋ္ဌကထာ၌-

အဋ္ဌဟင်္ဂေဟိတိ တွေ ဓေကဓကနပို အင်္ဂေန သမန္နာဂတာဿ အဓန္တာသိနာယ ဝါ နိဿိမံ ဂန္ဒွာ နဒီအာဒီသု ဝါ နိက္ကဒ္ဒိတုံ ဝဋ္ဋတီယေဝ-

ဟု ဖွင့်တော်မူ၏။

ဤသို့ အဋ္ဌကထာပြုသဖြင့် အင်္ဂါရုစ်ပါးတို့ဘွင် ဘပါးပါးနှင့် ပြည့်စုံသော်လည်း သပိတ်မှောက်ရသောကြောင့် ထိုအင်္ဂါ ရုစ်ပါးကိုပင် "သပိတ်မှောက်ကံ ရုစ်ပါးရှိသည်" ဟု မှတ်ယူသင့်သည်။

(၂) ဒုတိယအချက်မှာ—

သမ္မုခါကရဏီယံ ဏာမံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မံ -

ဟု ပရိဝါပါဠိတော်၌ ဟောတော်မူသည်။

သမ္မုခါအရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မသမ္ဘိန္နံ တွေ့ အတ္ထိ ဏမံ သမ္မုခါကရဏီယံ၊ အတ္ထိ အသမ္မုခါကရဏီယံ။ တတ္ထ အသမ္မုခါကရဏီယံ နာမ ဒုဋ္ဌေတန္ဆုပသမ္ပဒါ, ပတ္တနိုက္ကုဇ္ဇနံ, ပတ္တုက္ကုဇ္ဇနံ, ဥမ္မတ္တကဿ ဘိက္ခုနော ဥမ္မတ္တကသမ္မုတိ, သေက္ခဿနံ ကုလဒူနံ သေက္ခသမ္မုတိ, ဆန္နဿ ဘိက္ခုနော ပြဟ္မဒဏ္ဍော, ဒေဝဒတ္တဿ ပကာသနီယကမ္မံ, အပ္ပသာဒနီယံ ဒဿနဿ ဘိက္ခုနော ဘိက္ခုနိသံဃဿ ကာတပ္ပံ အဝန္ဒနီယကမ္မန္တိ အဋ္ဌဝိဓံ ဟောတိ။ တံ သပ္ပံ ဏတ္ထ တတ္ထ ဝုတ္တနယနေဝ ဝေဒိတဗ္ဗံ။ ဣဒံ အဋ္ဌဝိဓမ္ပိ ဏမံ အသမ္မုခါကတံ သုကတံ ဟောတိ အကုပ္ပံ။

သေသာနိ သပ္ပကမ္မဒနိ သမ္မုခါ ဧဝ ကာတပ္ပဒနိ၊ သံဃသမ္မုခဘာ, ဓမ္မသမ္မုခတာ, ဝိနယသမ္မုခဘာ, ပုဂ္ဂလသမ္မုခတာတိ ဣမံ ဒုတိယံ သမ္မုခါဝိနယံ ဥပဂနတ္တာဝ ကာတပ္ပနိ။ ဧဝံ ကတာနိ ဟိ သုဿာဘာနိ ဒဟာန္တိ၊ ဧဝံ အကာဘာနိ ပဒနတာနိ ဣမံ သမ္မုခါဝိနယသင်္ခါတံ ဝတ္ထုဝိနာ ဏတတ္တာ ဝတ္ထုဝိပန္နာနိ နာမ ဟောန္တိ။ တေန ဝုတ္တံ "သမ္မုခါအရဏီယံ ကမ္မံ အသမ္မုခါ ကရောတိ၊ ဝတ္ထုဝိပန္နံ အဓမ္မကမ္မ"န္တိ—

ဟူ၍ ပရိဝါအဋ္ဌကထာ ဖွင့်တော်မူသည်။

သံဃသမ္မုခတာတိ အာဒီသု ယာဝတိကာ ဘိက္ခူ။ ကမ္မ-
ပ္ပတ္တာ၊ တေ အာဂတာ ဟောန္တိ၊ ဆန္ဒာရဟာနံ ဆန္ဒာ
အာဟရန္တော ဟောတိ၊ သမ္မုခီဘူတာန ပဋိက္ကောသန္တိ၊ အယံ
သံဃသမ္မုခတာ။ ယေန ဓမ္မေန ယေန ဝိနယေန ယေန သတ္ထု-
သာသနေန သံဃော ကမ္မံ ကရောတိ၊ အယံ ဓမ္မသမ္မုခတာပိ
ဝိနယသမ္မုခတာပိ။ တတ္ထ ဓမ္မောတိ ဘူတံ ဝတ္ထု။ ဝိနယောတိ
စောဒနာ စေဝ သာရဏာ စ။ သတ္ထုသာသနံ နာမ ဥတ္တိ-
သမ္ပဒါ စေဝ အနုဿာဝနသမ္ပဒါ စ။ ယဿ သံဃော ကမ္မံ
ကရောတိ၊ တာယ သမ္မုခတာယေါ ပဂ္ဂလသမ္မုခတာ-

ဟု သာရတ္ထဒီပနီဋီကာဒ္ဒ လာ၏။

ဤသို့ပါဠိ, အဋ္ဌကထာ,ဋီကာတို့ဒ္ဒ လာသောကြောင့် ပြုအပ်သော ကံသည်-

(၁) မျက်ကွယ်ပြုအပ်သောကံ၊

(၂) မျက်မှောက်ပြုအပ်သောကံ-

အားဖြင့် နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့ဘင် (၁) မျက်ကွယ်ပြုအပ်သောကံသည်-

(၁) တမန်ဖြင့် ပဉ္စင်းခံအပ်သောကံ့၊

(၂) သပိတ်မှောက်သောကံ၊

(၃) သပိတ်လှန်သောကံ၊

(၄) ဥမ္မတ္တကသမ္မုတိပေးသောကံ၊

(၅) သေက္ခသမ္မုတိပေးသောကံ၊

(၆) ပြဟ္မဒဏ်ထားသောကံ၊

(၇) ပကာသနီယကံ၊

(၈) အဝန္ဒနီယကံ-

အားဖြင့် ရှစ်ပါးအပြားရှိ၏၊

ထိုရစ်ပါးသောကံကို မျက်ကွယ်၌သာပြုခြင်းသည် ကောင်းသော ပြုခြင်းမည်၏။ မျက်မှောက်၌ မပြုအပ်။ ထိုကံရစ်ပါးမှ ကြင်းသမျှကံ တို့ကို ဝတ္ထုမျက်မှောက်အနီး၌သာလျှင် သံဃသမ္မုခတာ, ဓမ္မသမ္မုခတာ, ဝိနယသမ္မုခတာ, ပုဂ္ဂလသမ္မုခတာဟုဆိုအပ်သော လေးပါးဆော သမ္မုခါဝိနည်းနှင့် ပြည့်စုံ၍ ပြုမှသာလျှင် ထောင်းသောပြုခြင်း မည်၏။ ထိုသမ္မုခါဝိနည်း ၄-ပါးနှင့် ကင်း၍ပြုမူ ဝတ္ထုပျက်၍ အဓမ္မကံ မည်၏ဟူ၍ မှတ်ရမည်။

သမ္မုခါဝိနည်း ၄-ပါးတို့တွင် စတုဝဂ္ဂသံဃာသည် ပြုအပ်သောကံ၌ ကမ္မပတ္တဖြစ်သော ရဟန်းလေးယောက်တို့သည် လာရောက်ခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် မတားမြစ်ခြင်း၊ ဤသို့အားဖြင့် ၃-ပါးနှင့်ပြည့်စုံခြင်းသည် သံဃသမ္မုခတာမည်၏။

ပြုအပ်သောဝတ္ထုသည် ဟုတ်မှန်ခြင်း၊ ထိုဝတ္ထုကို စောဒနာခြင်း၊ အောက်မေ့စေခြင်း၊ ဥတ်ကမ္မဝါနှင့်ပြည့်စုံခြင်းသည် ဓမ္မသမ္မုခတာမည်၏။ ဝိနယသမ္မုခတာလည်း မည်၏။

ပြုအပ်သောဝတ္ထု၏ မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလသမ္မုခတာမည်၏။ ဤသို့ သမ္မုခါဝိနည်း ၄-ပါးကို ပိုင်းခြား၍ မှတ်ရမည်။

ထိုမျက်ကွယ်ပြုအပ်သောကံ, မျက်မှောက်ပြုအပ်သောကံတို့၌ ပြုအပ်သော သံဃာ၏ အပိုင်းအခြားကား ဝဂ်အားဖြင့် စတုဝဂ္ဂ၊ ပဉ္စဝဂ္ဂ၊ ဒသဝဂ္ဂ၊ ဇနသတိဝဂ္ဂသံဃာဟူ၍ ၄-ပါး အပြားရှိ၏။

ထိုလေးပါးတို့တွင် စတုဝဂ္ဂသံဃာပြုအပ်သောကံတို့၌—

(၁) ကမ္မပတ္တဖြစ်သော ရဟန်း ၄-ပါး မပြည့်စုံခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ခြင်း၊

(၂) ကမ္မပ္ပတ္တာဖြစ်သော ရဟန်း၄-ပါးလာရောက်ခြင်း၊ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကို မဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ခြင်း၊

(၃) ကမ္မပ္ပတ္တာဖြစ်သော ရဟန်း၄-ပါးတို့ လာရောက်ခြင်း၊ ဆန္ဒထိုက်သောရဟန်းတို့၏ ဆန္ဒကို ဆောင်ခြင်း၊ မျက်မှောက်ဖြစ်သော ရဟန်းတို့သည် တားမြစ်ခြင်း—

ဤသို့ပရိသတ်၏အပြစ်အား ဖြင့် ကံပျက်ခြင်း ၃-ပါးရှိ၏။ ပဉ္စဝဂ္ဂ၊ ဒသဝဂ္ဂ၊ ဝီသတိဝဂ္ဂကံတို့၌လည်း နည်းတူ ကံပျက်ခြင်း ၃-ပါးစီရှိသည်ဖြင့်၍ စတုဝဂ္ဂစသော ကံ၄-ပါး၌ ပရိသတ်၏အပြစ်အားဖြင့် ကံပျက်တဆယ့်နှစ်ပါး ရှိသည်ဟူ၍ မှတ်ရမည်။ ထို့ကြောင့် ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌-

စတုဝဂ္ဂေန ကာတဗ္ဗော၊ ကမ္မပ္ပတ္တာ အနာဂတာ။
ဆန္ဒာ စ နပနာ'နီတော၊ ပဋိက္ကောသန္တိ သမ္မုခါ။
ဧဝံ တိဝဂ်ိကော ဒေါသော၊ ပရိသာယ ဝသာ သိယာ။
အာဂတာ ကမ္မပ္ပတ္တာ စ၊ ဆန္ဒာ စ နပနာ'ဂတော။
သမ္မုခါ ပဋိသေဓန္တိ၊ ဒုတိယေ ဧတဝဂ်ိကော။
အာဂတာ ကမ္မပ္ပတ္တာ စ၊ ဆန္ဒာပိ စ သမာဟဋော။
ပဋိက္ကောသေသာဝ တ္ထော'တ္ထိ၊ တတိယေ ဧတဝဂ်ိကော။
ဧဝံ ပဉ္စာဒိဝဂ္ဂေသု၊ သုံယေသုံ တိဝိဓေသုပိ။
စတုတ္ထိကာဒိ သိယုံ ဒေါသာ၊ ဒသ ဒ္ဝေ ပရိသာဝသာ၊
ဧဝံ ဒ္ဝါဒသဓာ တ္ထော၊ ကမ္မာနိ ဟိ· ဝိပဇ္ဇရေ—

ဟု ဆိုတော်မူ၏။

ထိုကံပျက်ခြင်းတဆယ့်နှစ်ပါးတို့တွင် မျက်မှောက်ဖြစ်သောသံဃာတားမြစ်ရာ၌ သီလရှိသောရဟန်းသည် တိသိမ်ဟာည်း၌ အခြားမရှိနေ၍ တားမြစ်မှ ကံပျက်သည်။ ထို့ကြောင့် ဝိနယဝိနိစ္ဆယအဋ္ဌကထာ၌—

သသံဝါသေကသီမဋ္ဌ–ပကတတ္တာသ ဘိက္ခုနော။
ဝေနေန ပဋိက္ခေပေါ၊ ရူဟတာ'နုဇ္ဇာရသိပ္ပိ—

ဟု လာသည်။

ဆန္နထိုက်သော ရဟန်းတို့၏ ဆန္ဒကိုမဆောင်၍ ကံပျက်ခြင်းဥဒ္ဒါလည်း—

ဆန္နာရဟာနံ ဆန္နော အာဟရုပေတဗ္ဗော။ သစေ အညော-
နိပိ ဂါမဋ္ဌောနိ အဇ္ဈာဇကတုကာမော၊ တေသု ဂါမေသု
ယေ ဘိက္ခူ။ ဝသန္တိ၊ တေဟိပိ အာဂန္တဗ္ဗံ။ အနာဂစ္ဆန္တာနံ
ဆန္နော အာဟရိတဗ္ဗာတိ မဟာသုမတ္ထေရော အာဟ။ မဟာ-
ပဒုမဒ္ထေရော ပန "နာနာဂါမကေဘောဇနီယာနိ နာမ ပါဠိယံ္ကံ ဗုဒ္ဓ-
သီမာသဒိသာနိ၊ နော တထေဝ ဆန္ဒပါရိသုဒ္ဓိ အာဂစ္ဆတီ။
အဇ္ဈာဇနိမိတ္တဂဏေတဟိ ပန ဘိက္ခူဟိ အာဂန္တဗ္ဗ"န္တိ ဝတ္ဝာ
ပုန အာဟ "သမာနသံဝါသကသီမာသမ္ဘေဒနဏာလေ အာဂ-
မနမ္ပိ အနာဂမနမ္ပိ ဝဋ္ဋတိ။ အဝိပ္ပဝါသသီမာသမ္ဘေဒနကာလေ
ပန အဇ္ဈာဇနိမိတ္တဂဏေတဟိ အာဂန္တဗ္ဗံ၊ အနာဂစ္ဆန္တာနံ ဆန္ဒော
အာဟရိတဗ္ဗော"တိ—

ဟု မဟာဝဂ်ဋ္ဌကထာ သီမာနုဇာနနကထာ၌ လာသည်။

ဝဇိရဗုဒ္ဓိဋီကာ၌—

အဇ္ဈာဇနိမိတ္တဂဏေဟိ ပနာတိ "ကေသဉ္စုပသုံ အဇ္ဈာဇ-
ကတ္တုကာမတာယ သတိ သဗ္ဗေသံ အာဂမနေ ပယောဇနံ
နတ္ထိတိ ကတ္ဝာ 'အဇ္ဈာဇနိမိတ္တဂဏေဟိ'တိ ဝုတ္တံ၊ တဉ္စ သာမိ-
စိဝိသေနာ"တိ ဝဒန္တိ။ အနာဂမနမ္ပိ ဝဋ္ဋတီတိ "သီမာယ
အဗဒ္ဓတ္တာ ဝဂ္ဂံ နဿမ နဟောတီ"တိ လိခိတံ။ "အညသ္မိံ
ဂါမေခေတ္တေ ဌတ္ဝာ နိမိတ္တကိတ္တနကာလေ, သမာနသံဝါသက-

သီမာယ သမ္မန်နဲ့အာလေ စ အာဂမနပယောဇနံ နတ္ထိ'' တိ
ဝုတ်—
ဟူ၍ လည်းကောင်း၊

ဘဂဝတ္ထာဒိပနိဋ္ဌကာဒ်—

အန္တောနိမိတ္တာဂတေဟိ ပနာတိ ကေသဉ္စ ဂါမသီမဉ္စ ဥ ဆုံ
အန္တော ကတ္တုကာမဘာဝေ သတိ သဗ္ဗသံအာဂမနေ ပယော-
ဇနံ နတ္ထိတိ ကဘွာ ဝုတ်။ အာဂန္တုဗ္ဗန်္တိ စ သာမိစိဝေသနံ ဝုတ်၊
နာယံ နိယမော ''အာဂန္တုဗ္ဗမေဝါ''တိ။ တေနေဝါဟ ''အာဂ-
မနမိဿ အနာဂမနမိဿ ဝန္ဒတိ''တိ။ အဗ္ဘန္တရေ ဟိ သီမာယ နာနာ-
ဂါမခေတ္တာနံ နာနာသီမသဘာဝတ္တာ တေသံ အနာဂမနေပိ
ဝဂ္ဂကမ္မံ နာ ဟောတိ၊ တသ္မာ အနာဂမနမိဿ စန္ဒတိ။ ဗဒ္ဓါယ
ပန သီမာယ ဧကသီမဘာဝေတာ ပုန ဆာညတ္တိ ကေမ္မ ထရိ-
ယမာနေ ဆာန္တောသီမဂတောဟိ အာဂန္တုဗ္ဗမေဝါတိ အ ဟ
''အဝိပ္ပဝါသသီမာ၊ ပ၊ အာဂန္တုဗ္ဗ''န္တိ။ နိမိတ္တကိတ္တနတောလေ
အာသာဓိဘာယပေါ သီမာယ နေဝတ္ထိ ဒေါသော နိမိတ္တကိတ္တ-
နဿ အပလောကနာဒီသု ဆာညတဆာဘာဝတော—

ဟူ၍ လည်းကောင်း၊

ဝိမတိဝိနောဒနီဋ္ဌကာဒ်—

ပါဠေါက္ကန္တိ ပစ္စေကံ။ ဗဒ္ဓသီမာသဒိသာနီတိ ယထာ ဗဒ္ဓ-
သီမာသု ဌိတာ အညမညံ ဆန္ဒာဒိ အနပေက္ခိတ္တာ ပစ္စေကံ ကမ္မံ
ကာတုံ လဘန္တိ၊ ဧဝံ ဂါမသီမာသု ဌိတာပိတိ ဒဿေတိ။
အာဂန္တုဗ္ဗန်္တိ သာမိစိမတ္တံဝသေန ဝုတ်။ တေနာဟ ''အာဂမ-
နမိဿ''တိအာဒိ—

ဟူ၍ လည်းကောင်း ဖွင့်ဆိုတော်မူကြသည်။

ဤသို့ အဋ္ဌကထာ, ဋီကာတို့၌ လာသောကြောင့် ဖဲ့ အပ်ပြီးသော တန္ဒသေဘဒ္ဓသိမ်၌ ပြုအပ်သောကံသည် တပါးသောဘဒ္ဓသိမ်, အဘဒ္ဓသိမ်တို့၌ ရှိသောရဟန်းတို့၏ ဆန္ဒကို မဆောင်သော်လည်း ကံမပျက်။ မဖဲ့အပ်သော နဒီသိမ်၌ ပြုအပ်သောကံသည် တပါးသောဘဒ္ဓသိမ်, အဘဒ္ဓသိမ်တို့၌ ရှိသောရဟန်းတို့၏ ဆန္ဒကို မဆောင်သော်လည်း ကံမပျက်ဟု မှတ်ရမည်။

ဤသို့ ပါဠိ, အဋ္ဌကထာ, ဋီကာအာစရိယ်တို့၌ လိုရင်းဟကားကား ဆိုပိတ်မှောက်ကံ၏ ပို့ကွတ္ထအဓိပ္ပါယ်ကား–အင်္ဂါရှစ်ပါးတို့တွင် တပါးပါးရှိသော ဒါယကာကို သပိတ်မှောက်လိုသောသံဃာသည် ဂိုဏ်းသံဃာမည်သည်တော်သော်လည်း တခုသောသိမ်၌ဖြစ်စေ, နဒီသိမ်၌ဖြစ်စေ ကမ္မ-ပ္ပတ္တိဖြစ်သော ရဟန်းလေးပါး ညီညွတ်၍ ဥတ္တိဒုတိယကမ္မဝါစာဖြင့် ထိုဒါယကာ၏ အမည်ကို ထည့်သွင်း၍ ကမ္မဝါဖတ်မှု ကောင်းသောပြုခြင်းဖြစ်၍ ခံမှကံမည်၏ဟု မှတ်ရမည်။

(၃) တတိယအချက်မှာ–

ဝေံ နိက္ကုဋ္ဌံတေ ပန ပတ္တေ တဿ ဂေဟေ ကောဒိ ဒေယျ-ဓမ္မော နု ဂဟေတဗ္ဗော၊ ''အသုကဿ ဂေဟေ ဘိက္ခံ မာ ဂဏှိတ္ထာ'' တိ အညေသု ဝိဟာရေသုပိ ပေသေတဗ္ဗံ–

ဟု လာသော စူဠဝါအဋ္ဌကထာ–

ဝေံ ဘဂဝတာ အဿမ္ဟာကဆရိယဿ အာဂန္တွာ, ကမ္မဝါစာယ စ သီဒိတတ္တာ, အဋ္ဌကထာယဉ္စ ''ကောဒိ ဒေယျဓမ္မော နု ဂဟေတဗ္ဗော'' တိ စုတ္တတ္တာ ပတ္တေ နိက္ကုဋ္ဌိတေ တဿ သန္တကံ ဥတ္တာ ဂဏှန္တဿ ဒုက္ကဋမေဝါတိ ဂဟေတဗ္ဗံ–

ဟု ဖွင့်သော ဝိမတိဝိနောဒနီဋီကာတို့ကိုထောက်၍ သပိတ်မှောက်ကံ

အင်္ဂါနှင့် ညီညွတ်၍ သပိတ်မျောက်ခံထားရသော ဒါယကာ၏ ဆွမ်းစသော အလှူဝတ္ထုကို မခံကြွလင့်ဟု တပါးသော ကျေးဇူးတို့ဖျက်လည်း ရဟန်းတို့အား စာပေးပြောကြားအပ်သည်။ ကြားသိသော ရဟန်း ဟူသမျှတို့သည် ထိုဒါယကာ၏ ဆွမ်းစသော အလှူဝတ္ထုတို့ကို ခံယူသုံးဆောင်မှု ဒုက္ကဋ်အာပတ်ဆင့်သည်ဟု မှတ်ယူရမည်။

(၄) စတုတ္ထဲအချက်မှာ—

တေဒဂေါစဒတိ "အပ္ပတိရူပံ မယာ ကတံ၊ ဘဂဝါ ပုန မဟန္တံပိ အဂ္ဃကာအစိန္တေတွာ မယ္ပံ အစ္ဆယံ ပဋိဂ္ဂဏှိဿတိ"တိ မညမာနော တေံ "အစ္ဆဃော မံ ဘန္တေ"တိအာဒိဝစနံ အဓဂါစ—

ဟူ၍ လည်းကောင်း၊

အာယတိံ သံဝရုယစတိ အနာဂတေ သံဝရကတ္ထာယ ပုန ဝေရုပသာ အပရာဓသာ ဒဒါသာ ခလိတသာ အဘာရကတ္ထာယ—

ဟူ၍ လည်းကောင်း၊

ဝုစ္စိ ဟေသော အာဝုသော ဝုစ္စဲ အရိယာသာ ဝိနယေတိ သော အာဝုသော ဝုစ္စ အရိယာသာ ဝိနယော ဗုဒ္ဓသာ ဘဂဝတော သာသနေ ဝုစ္စိ နာမ၊ ကတမော? အစ္ဆယံ အစ္ဆယတော ဒီသွာ ယထာဓမ္မံ ပဋိကရိတွာ အာယတိံ သံဝရုပဇ္ဇနာ—

ဟူ၍ လည်းကောင်း လာသော သာဓကတ္ထဒီပနီဋီကာစကားဖြင့် ဘုရား မြတ်စွာသည် ထိုသပိတ်မျောက်ကံထိုက်သော ဒါယကာ၏ ကျေးဇူးမဲ့ကို အလိုရှိတော်မမူ၊ အကျိုးစီးပွားကိုသာ လိုလားသဖြင့် သနားတော်မူ၍သာ နောင်အခါ ဤသို့သဘောရှိသောအမှုကို ဓပြုစေခြင်းငှါ အပြစ်ကို မတောင်းပန်သောသူအား သပိတ်မျောက်ကံကို ခွင့်ပြုထား

တော်မူသည်။ ပြင်မှားမိသောအပြစ်ကို ဖော်ပြတောင်းပန်မှု သပိတ်မှောက်ခြင်းကံကို မပြုအပ်ဟု မှတ်ချမည်။ ထို့ကြောင့် ဝိနယတိဝေနာဒနီဋီကာ သုမင်္ဂလဝိလာသိနီဋီကာ၌ -

တတ္ထဒုပိ ဒါယံကာဒီသု ခမာပိတေသု ကမ္မာရဟတာနတ္ထိ (ဝိမတိ၊ ၂။ ၂၁၄)-

ဟု ဖွင့်တော်မူ၏။

တထာပိ၊ ဒါယဟာအာဒေး ရဟန်းက ဆဲရေးမိဆော်ခြင်းလည်း။ ဒါယကာဒီသို့၊ ဒါယကာစသောသူတို့သည်။ ခမာပိတေသု၊ တောင်းပန်အပ်ကုန်သည်ရှိသော်။ ကမ္မာရဟတာ၊ ကံထိုက်သောအဖြစ်သည်း နတ္ထိ၊ မရှိ (မူအာတိုင်း)။

ပြင်မှားမိသော အပြစ်ကို ဖော်ပြ၍ မတောင်းပန်လှာသောသူကို သပိတ်မှောက်ကံဖြင့် ပုံပြီးသည်နောက်မှ သတိရ၍ တောင်းပန်လာပြန်လျှင် မှောက်ထားမိသော သပိတ်မှောက်ကံကိုလည်း သည်းခံ၍ တဖန်နှုတ်ပြန်၍ တမှဝါစာကံဖြင့် ငြိမ်းစေအပ်သည်ဟု အဋ္ဌကထာဆို၍သောကြောင့် သပိတ်မှောက်မိ သတိရ၍ တောင်းပန်လာမှု သည်းခံ၍ ကံမပြုပဲသာ ငြိမ်းစေအပ်သည်။ အဘယ့်ကြောင့်နည်း ဟူမူ- "အာယတိံ သံဝရဏတ္ထာယ ပုန ဧဝရူ သ အပရာဓသ ဒေါသသ ခလိတသ အဓာရဏတ္ထာယ" ဟူသော သာရတ္ထဋီကာပါဠိဖြင့် နောင်အခါ ဤသို့သဘောရှိသော အပြစ်ကို မပြုစေခြင်းငှါသာ ခွင့်ပြုတော်မူသောကြောင့်တည်း။

သော ဧစ ကာလကဲတော ဟောတိ၊ ဒေသန္တရံ ဝါ ဂတော၊ ဂတဒိသာ နု ဉာယတိ၊ အန္တရာမဂ္ဂေ ဝါ ဇီဝိတန္တရာယော ဟောတိ၊ ကဲတကဲမ္မေနပိ အကဲတကမ္မေနပိ သံဃမဇ္ဈေ ယထာ-

ဘူတံ ဝိညာပေတွာ ခမာပေတွဓ အာဇ်ာတ်ိ ဇသေတဗွာတိ ဝဒန္တိ—

ဟု ဝိမတိဝိနောဒနီဋီကာ ကမ္မက္ခန္ဓကဋ္ဌ ဆိုသောကြောင့် တောင်းပန်အပ်သော ရဟန်းသည် သေသည်ဖြစ်စေ၊ ဇရုပ်တပါးသို့ ဖဲသွားသည်ဖြစ်စေ၊ ခရီးထွက်သွားသောအရပ်ကို မသိသည်ဖြစ်စေ သပိတ်မွေးက်ကံပြုပြီးဖြစ်၍လည်းတောင်း၊ မပြုရသေးဖြစ်၍ လည်းတောင်း ထိုရဟန်းကို မတောင်းပန်ပဲသာ သံဃာ့အလယ်၌ အမှုကို ထင်စွာပြောကြား၍ တောင်းပန်လျှောက်ထားလျှင် ထိုဒါယကာဋ္ဌ အပြစ်ဖောင်းသည်ဟု မှတ်ရမည်။

မှတ်ချက်။ ။အင်းပတ်းကျောင်းနေ ဦးအရိန္ဒမ လျှောက်စာပါရှိသည့် အတိုင်း ၁၂၆၄-ခု ဇာဆုန်လဆန်း ၃-ရက်နေ့ဘွဲ့ညောင်ပင်မြို့ ထိမ်တောကျောင်းဆရာတော် ဖြစ်ဆိုဖွယ်မိန့် ရှိလိုက်သည်။

၂၄၆။ ချေသား စားအပ်-မစားအပ်

မြေထူးမြို့ တန်းကျောင်းဘုန်းကြီး မေးလျှောက်သော ပုစ္ဆာတို့တွင် ‘ချေမည်သော သတ္တဝါသည် ဟောက်တတ်သောကြောင့် ခြင်္သေ့မျိုးဝင်၍ ရဟန်းတို့ မစားအပ်’’ဟု ဆိုကြသော လျှောက်စာပါစကား၌ ချေမည်သော သတ္တဝါကိုထား—

သမသီဟော တာဝ ‘‘ဇာတိဂေါတ္တကုလသူရဘာဝေဟိ ဆမာနော’သ္မီ’’တိ နဘာယတို့(အံ၊ ဋ္ဌ၊ ၂။ ၂၉၂)—

ဟု လာသော အဂုံတ္တရစတုက္ကနိပါတဋ္ဌကထာ၌ ‘‘ကေသရခြင်္သေ့မင်း ဟောက်သောအသံကို ဇာတ်တူသောခြင်္သေ့လေးမျိုးတို့သည် မကြောက်ကုန်’’ဟု ဆိုသောစကားကို လည်းကောင်း၊

ဟံသာ ဆောဠ္ဠာမယူဆုစ၊ ဟ္သတ္ထယော ပသဒါ မိဂါ။
သဗ္ဗေ သီဟာဿ ဘာယန္တိ၊ နတ္ထိ ကာယသ္မိ တုလ္ယတာ—

ဟု လာသော ဒုကနိပါတ် ကေဠိသီလဇာတ်အဋ္ဌကထာ၌ "ဟသ်စ, ကြိုးကြာ, ဥဒေါင်း [၂]မည်သော ငှက်, ဆင်, ချေ အစရှိသော ဓပ်သိမ်းသော သတ္တဝါတို့သည် ခြင်္သေ့ကို ကြောက်ကြကုန်၏"ဟု ဆိုသော စကားကို လည်းကောင်း ထောက်၍ တေးမြိုင်ခြအရပ်၌ ဟောက်၍ နေတတ်သော ချေသတ္တဝါကို ခြင်္သေ့ မျိုးဦ့ မပါမဝင်ဟု မှတ်ရမည်။

အသိတိနိပါတ် ကုဏာလဇာတ် အဋ္ဌကထာ၌—

ပသဒမိဂါတိ စိတြမိဂါ—

ဟု ဖွင့်သည်။ ဒုကနိပါတ် ကေဠိသီလဇာတ် အဋ္ဌကထာ၌—

ပသဒါ မိဂါတိ ပသဒသင်္ခါတာ မိဂါ၊ ပသဒ္ဒါ မိဂါ စ အာဝေသိကာ မိဂါ စာတိပိ အတ္ထော—

ဟု ဖွင့်သည်။ အဘိဓာန်ဋီကာ၌—

ပသဒေါ စိတ္တလောမီ—

ဟု ဖွင့်သည်။ နိဃဏ္ဍု၌ "ပသဒေါ၊ ချေ" ဟု သမ္မန်သည်။ ထို့ကြောင့် ချေသတ္တဝါသည် ခြင်္သေ့မျိုးမဟုတ်ဟု မှုချမှာ်ရမည်။

အသားကြီးဆယ်ဂါး၌ (၃) မစားအပ်သောခြင်္သေ့ (၂) စားအပ်သောခြင်္သေ့ (၃) သစ်တောက (၄) အစ်တောကများကို အကြောင်းသာဓကနှင့်တကွ မှတ်သားလိုပါသည်ဟူသော လျှောက်စာပါစကား၌—

သီဟမံသာဒီနိ ပါကဋာနေဝ—

ဟု လာသော ဝိနည်းမဟာဝဂ်အဋ္ဌကထာကို ထောက်၍ ခြင်္သေ့သားမှာ

ခြင်္သေ့လေးမျိုးလုံး၏ အသားကိုပင် မစားအပ်ဟု မှတ်ရမည်။ ချေးမည်သော သတ္တဝါ၏ အသားကိုကား ခြင်္သေ့မျိုးဌိ မပါမဝင်သော ကြောင့် စားအပ်သည်သာတည်း။

သီဟာမံသာဒီနိ ပဉ္စ အတ္တနော ဘုဉ္ဇနဝသေန အနုပဒ္ဒဝတ္ထာဝယ-

ဟု ဝိနည်းမဟာဝဂ်အဋ္ဌကထာဌိပင် လာသောကြောင့် ခြင်္သေ့, ကျား, ဝံ, အောင်း, သစ်·အားဖြင့် ငါးမျိုးသော သတ္တဝါတို့၏ အသားကိုစားမူ ဘေးရန်ပြုဘက်သည်ဖြစ်၍ ထိုဘေးရန်ကို မဖြစ်စေခြင်းငှါ ဘုရားမြတ်စွာ ပယ်တော်မူသည်။

ယံ ကိဉ္စိ ဥတ္တရဝါ အဥတ္တာ ဝါ ခါဒန္တိဿဲ အာပတ္တိ-
ယော-

ဟု ဥင်းအဋ္ဌကထာဌိပင် ဖွင့်ဆိုထားသောကြောင့် အသားကြီးဆယ်ပါး လုံးကိုပင် မသိမူ၍ စားသော်သည်း အာပတ်သင့်သည်သာဖြစ်၍ သစ်-တွက မဟုတ် အစိတွက်သာ ဟူလို။

၂၄၇။ ညဉ်ကင်းပြီးတိစီဝရိတ်ကို စွန့်၍ အဓိဋ္ဌာန်တင်ခြင်း

"ဝိနည်းတိစီဝရိတ်ဆောင်သော သုံးထည်သော သင်္ကန်းတို့တွင် တထည်ဘည်ညဉ့် ကင်းအံ့၊ ရဲတိုဝိပ္ပဝါသဖြစ်၍ စွန့်လျှင် အဓိဋ္ဌာန်ကျသည်ဟု အယူရှိသည်။ အချို့က ရတိုဝိပ္ပဝါသကိုသာ စွန့်သည်၊ အဓိဋ္ဌာန်မကျ၊ ဆောင်မြဲဆောင်လေဟု အယူရှိကြပါသည်" ဟူသော လျှောက်စာ ပါစကား၌-

အဓိဋ္ဌိတစီဝရံ ပန ပရိဘုဉ္ဇတော ကထံ အဓိဋ္ဌာနံ ဝိဇဟ-တီတိ? အညဿိ ဒါနေန, အစ္ဆိန္ဒိတ္တာ ဂဟဏေန, ဝိဿာသ-ဂ္ဂါဟေန, ဟီနာယာဝတ္တနေန, သိက္ခာပစ္စက္ခာနေန, ကာလံ-

ကိရိယာဃယ, လိင်္ဂပရိဝိတ္တာနေန, ပစ္စုဒ္ဓရဏေန, ဆိဒ္ဒဘာဝေနာတိ ဣဓမဟိ နဝဟိ အာဒရဏေဟိ ဝိဇဟာတိ–

ဟုလာသော သမန္တပါသာဒိကဝိနည်းအဋ္ဌကထာ ပဌမကထိနသိက္ခာပုဒ် အဖွင့်၌ "အဓိဋ္ဌာန်တင်၍ဆောင်သော တိစီဝရိတ်သက်နှံးသည်–

(၁) သူတပါးအာဒါး အပိုင်ပေးသဖြင့် လည်းကောင်း၊

(၂) ခိုးသူလုယူသဖြင့် လည်းကောင်း၊

(၃) ဝိဿာသဂ္ဂါဟ ယူသဖြင့် လည်းကောင်း၊

(၄) သိက္ခာကိုမစွန့်ပဲ့ လူထွက်သဖြင့် လည်းကောင်း၊

(၅) လူဝတ်မလဲပဲ သိက္ခာကို စွန့်သဖြင့် လည်းကောင်း၊

(၆) သေသဖြင့် လည်းကောင်း၊

(၇) ပုရိသလိင်မှ ဣတ္ထိလိင်ပြန်သဖြင့် လည်းကောင်း၊

(၈) ဣမံသဒ္ဓိ ပစ္စုဒ္ဓရာမိ စသည်ဆို၍ ပစ္စုဒ္ဓိရ် ပြုသဖြင့် လည်းကောင်း၊

(၉) ထုဘိချင်းထွက်သော အပေါက်ရှိသဖြင့် လည်းကောင်း–

ဤကိုးပါးသော အကြောင်းတို့ကြောင့် တင်ထားသော အဓိဋ္ဌာန် စွန့်သည်" ဟု ဆိုသည်။

ထိုအဓိဋ္ဌာန်တင်သော တိစီဝရိတ်သက်နှံးနှင့် ညဉ့်ဘင်း၍နေရာ၌ သက်နှံးလည်း နိဿဂ္ဂိဖြစ်, ပါစိတ်အာပတ်လည်း သင့်သည်။ ထို့ကြောင့် ဝိနယာလင်္ကာရဋီကာ၌–

ဧကေနပိ ဝိနာ ဝသိတုံ န ဝဋ္ဋတိ၊ ဝသန္တဿ ဘိက္ခုနော သဟ အရုဏုဂ္ဂမနာ စီဝရံ နိဿဂ္ဂိယံ ဟောတိ၊ ပါစိတ္တိယဉ္စ အာပဇ္ဇတိတိ သမ္မောဟော–

ဟု ဆိုတော်မူ၏။

ထို နိဿဂ္ဂိဝနည်းကံရှိသော ဧကိတ်အာပတ်ကို နိဿဂ္ဂိဖြစ်သော ဝတ္ထုကို မစွန့်ပဲ ဒေသနာကြား၍ မထသော်ကြောင့် ထိုပါစိတ်အာပတိကို ဒေသနာကြားခြင်းငှါ ညှဉ်းဆဲသောသင်္ဃာကို စွန့်ရမည်းထို့ကြောင့် မာတိကာအဋ္ဌကထာ၌-

အထ ဝါ နိဿဇ္ဇနံ နိဿဂ္ဂိယံ၊ ပုဗ္ဗဘာဂေ ဧကတ္တမ္ပဿ ဝိနယကမ္မသော်တံ နာမံ-

ဟု ဆိုးတော်မူ၏။

ထိုနိဿဂ္ဂိသင်္ဃာကို မစွန့်ပဲသုံးဆောင်လျှင် သုံးဆောင်တိုင်း ဒုက္ကဋ် အာပတ်သင့်သည်း ထို့ကြောင့် ဥဒါသိတသိက္ခာပုဒ်ဟု ဆိုတော်၌-

နိဿဂ္ဂိယစီဝရံ အနိဿဇ္ဇိတွာ ပရိဘုဉ္ဇတိ၊ အာပတ္တိ ဒုက္ကဋဿ-

ဟု ဟောတော်မူ၏။

ထိုညှဉ်းဆဲသော တိစီဝရိတ်သင်္ဃာကို တပါးသောရဟန်းအထံ၌ "ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟုဆို၍ ဝိနည်းကံကို ပြုရမ်ှ အခိုင်ဒုက္ကဋ်စွန့်ခြင်းအာကြောင်းကိုးပါးတွင် "အညဿ ဒါနေန အဝိဉ္ဇဒနံ ဝိဇဟာတိ" ဟူသော အကြောင်း၌ မဝင်သင့်၊ မယူသင့်၊ ဒါနလက္ခဏာမခြောက်၊ ဝိနည်းကံမျှသာ ဖြစ်သောကြောင့်တည်း။

ဘေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ နိဿဋ္ဌစီဝရံ နဒေန္တိ၊ ဘဂဝတော တေမတ္ထံ အာရောစေသုံး နဘိက္ခဝေ နိဿဋ္ဌစီဝရံ နဒါတဗ္ဗံ၊ ယော နဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿ-

ဟု ဟောတော်မူသော ပဌမကထိနသိက္ခာပုဒ်ပါဠိတော်၊

ယော နဒဒေယျ၊ အာပတ္တိ ဒုက္ကဋဿာတိ ဤဆဲ "မယုံ "ဒိန္နံ ဣမိနာ"တိ ဣမာယ သညာယ နဒေန္တသ ဒုက္ကဋံ။ တသ

သန္တကဘာဝံ ပန ဥတ္တရ လေသေန အာစိဏ္ဏန္တော ဘဏ္ဍံ အာဟ၊
ပေတ္တရ ကာရေတပ္ပေါ—

ဟု ဖွင့်သော ပါရာဇိကကဏ္ဍဋ္ဌကထာတို့ကို ယောက်လေး။

ထို့ကြောင့် အဓိဋ္ဌာန်တင်စသော သက်န်းကို ညဉ့်ကင်း၍ စွန့်သော်လည်း အဓိဋ္ဌာန်ကုန်ခြင်း အကြောင်း၌ မဝင်သောကြောင့် စွန့်၍ပြန်ပေးလျှင် ရှေးတင်မြဲအဓိဋ္ဌာန်အတိုင်းသာ ဆောင်ရမည်။ ထပ်၍တင်ဖွယ်ကိစ္စမရှိဟု မှတ်ရမည်။

ဤစကားစစ်ဦးအား မြေထူးမြို့ ငတန်းကျောင်းဘုန်းကြီး မေးလျှောက်၍ စည်ပင်မြို့ ထိမ်တောကျောင်းဆရာတော် ရေးသားဖြေဆိုအပ်သော တိစီဝရဝိပ္ပဝါသဝိနိစ္ဆယစာတမ်းတည်း။

ဦးကုသလလျော်ထားလွှာနှင့် ဝိနိစ္ဆယမျှား

ဘုရားတပည့်တော် အာဘိုးရွာ သိမ်ခတော်ကျောင်းတိုက်နေ ရဟန်းရှင်ကုသလ လျော်ထားပါသည် ဆရာခတော်သခင် အရှင်သူမြတ်ဘုရား။

(၁) အမှတ်မရှိသော ရဟန်းတပါး၌ အပ်အပ်စပ်စပ် ဓမ္မိယလဒ္ဓ ဖြင့် ရအပ်သောသပိတ်သက်န်း အစရှိသော ပစ္စည်းမျှားရှိပါကြောင်း၊ ၎င်းပစ္စည်းမျှားကို အခြားသော်ရပ်ရှာသို့ ရွှေ့ပြောင်းသွားလာသော အခါ လူလှည်း ရထားစသော ကူလီသမားကို ငှါးရမ်းပြီ လျှင် မသွား ခင်ရှေအဖို့က မိမိကိုယ်တိုင် အလှူခံ၍ထားသော ငွေကို ကူလီခပေး၍၊ သို့မဟုတ် အလိုရှိသော အရပ်ဌာနသို့ရောက်မှ ၎င်းငွေကို ပေး၍ ၎င်း သက်န်းသပိတ်စသော ပစ္စည်းမျှားကို သို့မှီးသိမ်းဆည်း၍ထားရာ အပ်စည်း၊ ဖဆပ်မည်း၊ ၎င်းပစ္စည်းမျှားသည် အကယ်၍ပျက်စီးဆုံးရှုံးယိုယွင်းနိုင်သကဲ့သို့

ဝတ္ထု ဖြစ်မည်၊ မဖြစ်မည်အကြောင်းကို သိရုပါမည့် အကြောင်း လျှောက်ထားတောင်းပန်ပါသည် ဆရာတော်ဘုရား။

၂၄၈။ ရဟန်းတို့ကူလီငှါးခြင်း အပ်-မအပ်

(၁) အမှတ်ပုစ္ဆာကို ဝိဿဇ္ဇနာဖြေဆိုအံ့-

သစေ ပန ကာတုံ နာ ဂ္ဂစ္ဆန္တိ၊ ဘတ္တဒေတာနံ ပဒ္ဓာသိသန္တိ၊ အာဏာပိယကဟာပဏာဒိ နာ ဒါတဗ္ဗံ-

ဟုသော်သော ပါရာဇိကဏ်အဋ္ဌကထာသာ ကုဋိကာရသိက္ခာပုဒ်အဖွင့်၊

အာဏာပိယကဟာပဏာဒိ နာ ဒါတဗ္ဗန္တိ ကပိယမုခေန လဒ္ဓမိ ဟတ္ထာမ္မာရကတ္ထာယ ဂ္ဂမဿ ကဟာပဏံ ဒေဟီတိ ဝတ္ဝာ ဒါနံ နာ ဝဋ္ဋတီတိ ဝုတ္တံ-

ဟုလာသော ဝိမတိဝိနောဒနီဋီကာတို့ကို ထောက်၍ အပ်သောကပ်ယပစ္စည်းကို အရပ်တပါးသို့ ဆောင်ယူခြင်းငှါ ရွေ့ဝှေ့စေသော အကပ်ယဝတ္ထုဖြင့် အဖိုးအခပေး၍ ဆောင်ယူစေခြင်းမည်သည် မအပ်ဟု မှတ်ရမည်။

ထိုမအပ်သော ရွေ့ဝှေ့စေသော အကပ်ယဝတ္ထုဖြင့် အဖိုးအခပြု၍ မိမိ၏ ဓမ္မိယလဒ္ဓကပ်ယပရိက္ခရာပစ္စည်းကို အရပ်တပါးသို့ ဆောင်ယူမိသော်လည်း ကယဝိက္ကယနိဿဂ်ိယဝတ္ထု မဖြစ်၊ အာပတ်သာသင့်သည်း အာဘယ်ခံကြောင့်နည်းဟူမူ- စွန့်အပ်သောသူဘပါးဥစ္စာဖြစ်သော ပစ္စည်းသည် မိမိလက်သို့ ရောက်ခြင်းမရှိသောကြောင့်တည်း။ ထိုသို့စွန့်အပ်သော မိမိလက်သို့ ရောက်လာသော နိဿဂ်ိယဝတ္ထုမရှိသော်လည်း မအပ်သည်ကိုပြုမိ၍ သင့်သောအာပတ်ကို ဒေသနာကြားအပ်သည်။ ထို့ကြောင့်-

ထို့ စ ကိုဠာပိ ဝတ္ထုဓောဝနေ ဝါ ကဲသစ္ဆေဒနေ ဝါ ဘူမိသောဓနာဒိနဝကမ္မ ဝါ ပရဘဏ္ဍံ အာတ္တနော ဟတ္ထဂတံ နိဿဇ္ဇိတပ္ပံ နာမ နတ္ထိ၊ မဟာအဋ္ဌကထာယံ ပန ဒန္ဒံ ကာတ္ဗာ ဝုတ္တတ္တာ နသက္ကာ တံ ပဋိက္ခိပိတုံ။ တသ္မာ ယထာ နိဿဂ္ဂိယ-ဝတ္ထုမ္ဟိ ပရိဘုတ္တေ ဝါ နဋ္ဌေ ဝါ ပါစိတ္တိယံ ဒေသေတိ၊ ဧဝ-မိဓာပိ ဒေသေတဗ္ဗံ-

ဟု ပါဠိတော်အဋ္ဌကထာ ကယဝိက္ကယသိက္ခာပုဒ်အဖွင့်၌ လာသည်။

ဤပါဠိတော်အဋ္ဌကထာပါဠိ၌ ''သက်နှိုးဖွဲ့စေခြင်း, ဆံရိတ်စေခြင်း, မြေရှင်းခြင်း အစရှိသော နဝကမ္မအမှုကိုပြုစေခြင်း၌ အပ်သော ကပိယပစ္စည်းဖြင့်ဖြစ်ဒစ၊ မအပ်သော အကပိယပစ္စည်းဖြင့်ဖြစ်စေ အဖိုး အခပေး၍ စေခိုင်းရာ သူတပါးပစ္စည်းသည် မိမိလက်သို့ ရောက်လာသည် မရှိ၊ မိမိတို့ဥစ္စာရှင်းဖြစ်သော အပ်သော သက်နှံ, ဆံပင်, ကျောင်းမြေစသည်တို့သည်လည်း အဖိုးအခပေး၍ ပြုစေ အာမှုဖြင့် ကယဝိက္ကယနိ-ဿဂ္ဂိယဝတ္ထု မဖြစ်နိုင်။ ထိုသို့ မဖြစ်နိုင်သော်လည်း အဋ္ဌကထာကို ပမာဏမူသဖြင့် ပါစိတ်အာပတ်ကို ဒေသနာကြားအပ်သည်''ဟု ပြတော်မူသည်။ ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌-

''နိဿဂ္ဂိယံ ပါစိတ္တိယ''န္တိ ကိဉ္စာပိ သတိယေဝ နိဿဂ္ဂိယ-ဝတ္ထုမ္ဟိ ပါစိတ္တိယံ ဝုတ္တံ၊ အာသတိပိ ပန တသ္မိံ ပါစိတ္တိယန္တိ ဣဒံ အဋ္ဌကထာဝစနေန ဂဗ္ဗဟတ္ထန္တိ ဒဿနတ္ထံ ''ကိဉ္စာပိ'' တိ အာဒိ ဝုတ္တံ-

ဟု မိန့်တော်မူ၏။

(၂) သက်နှံဖိုးလူသော ဒါယကာတို့မလာမီ ဖွေအဖိုးအ ကြိုတင်၍ အာပိယအမှုလုပ်ဖြစ်သော်၊ သို့မဟုတ် သူငယ်ကျောင်းသားဖြစ်သော တစုံတယောက်သောသူကို စီဝရဝတ်ခဲ့လျှင်သော စကားအစဉ်ဖြင့်

"ရဟန်းတို့မည်သည်မှာ သက်နှံးတို့၏အရှင်ဒါယကာက ဤသို့လျှောက်ထား လှူဒါန်းမူ, ကပ်ပိယဖြစ်သောသူက ဤသို့လျှောက်ထားမူ" စသော ဆစိအလျဉ်ကို သွန်သင်ပြသထားပြီး၍ သိကြားနှားလည်သောအခါ မကြာမြင့်မီ ဒါယဆားတို့ လှူဒါန်းလှာ၍ ရသောငွေဖြင့် ကပ်ပိယသက်နှံးကို ဝယ်ယူ၍ လှူဒါန်းသောအခါ ၎င်းသက်နှံးသည် ရှေအဖို့ဆာပင်မိမိသွန်သင်ဖူးသည်ဖြစ်၍ အကပ်ပိယနိသွဂ်ိယဝတ္ထုဖြစ်ခဲ့ပြီ၊ မဖြစ်မည်ကိုလည်း သိသိုပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

၂၄၉။ ကပ်ပိယကို ကြိုတင်သင်ကြား၍ ရွှေငွေအလှူခံခြင်း

(၂) အမှတ်ပုစ္ဆာအရ ဝိဿဇ္ဇနာကို ပြအံ့-

ပါဠိယဉ္စ "စိဝရဉ္စ ခေါ မယံ ပဋိဂ္ဂဏှာမာ"တိအာဒိ ဒုတိယစနသ အကပ်ိယတ္တပိ အာဂမနသုဒ္ဓိယာ သတိ ပဋိပဇ္ဇနဝိဓိဿနတ္ထံ ဝုတ္တံ။ "ဒေသာ ခေါ။ ပ။ နှ ဝတ္တဗ္ဗော 'တဿ ဒေဟိ'တိ" အာဒိ အကပ်ိယဝတ္ထုသာဒိယနပရိဓမာစနတ္ထံ စုတ္တံ-

ဟု လာသော ဝိမတိဝိနောဒနီဋီကာ၊

"စိဝရဉ္စ ခေါ မယံ ပဋိဂ္ဂဏှာမာ"တိ ဣဒံ မနှ အတ္တာနံ ဥဒ္ဒိဿ အာဘတတ္တာ ဝတ္ထုံ ဝဋ္ဋတိ၊ တသ္မာ ဝုတ္တံ။ "ဝေယျာဝစ္စကရော နိဒ္ဒိသိတဗ္ဗော"တိ ဣဒံ "အတ္ထိ ပနာယသ္မတော ကောစိ ဝေယျာဝစ္စကရော"တိ ကပ်ိယဝစနနှ ဝုတ္တတ္တာ အနုညာတံ။ သစေ ပန ဒုတော "ကော ဣမံ ဂဏှာတိ"တိ ဝုါ "အယ ဒေမိ"တိ ဝါ ဝဒတိ၊ နံ နိဒ္ဒိသိတဗ္ဗော-

ဟု လာသော သာရတ္ထဒီပနီဋီကာတို့ကိုထောက်၍ တမန်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ မျက်မှောက်မျက်ကွယ်၌ပင် လျှောက်ထားလှူဒါန်းသောအခါ

ဦးသာစိဝရဝင်္ကာ ထုဇသိက္ခာပုဒ်လာ မာတိဏာဘာစဉ်နှင့် ညီအောင်ပြုမှ အပ်သည်။ မညီညွတ်ပဲ လွဲ၍ပြုမူ ဥပနိဿိတ္ထာသာဒိယနုဖြစ်၍ အကပ်ိယနိဿဂ်ိယဝတ္ထု ဖြစ်သည်။

တမန်ဖြစ်စေ၊ ကိုယ်တိုင်ဖြစ်စေ လှူဒါန်းလာသူမလားမီ ရှေးမဆွဖို့ စာလက တင်ကူး၍ သူငယ်ကျောင်းသား အပ်ပိယအမှုလုပ်တို့ကို ဝိနည်း တရားရှိသည့်အတိုင်း သွန်သင်ပြောကြားရုံမျှဖြင့် အာပတ်ပိယဝတ္ထု မဖြစ်ဟု မှတ်ရမည်။ အာဘယ်ကြောင့်နည်းဟု ဆိုငြားအံ့၊ ဥပနိဿိတ္ထာသာဒိယနု ဖြစ်ထိုက်သော်ဝဝတ္ထုကို ပြောကြာ သောအခါ လှူသူဒါယကာ မရှိသောကြောင့်တည်း။

လှူမည်ဟု ရွေးရွေးဆောင်သောပစ္စည်း, လှူအံ့ဟု ရည်စူး၍ထားသော ပစ္စည်းတို့ကို သိ၍ စီရင်ပြောဆိုထွဋ်လည်း အပြစ်ရှိ၏ဟု မှတ်ရဲမည်။ ထို့ကြောင့် ပါဆုဇိကဏ်အဋ္ဌကထာဋ္ဌ-

အာဘိဟဋ္ဌပဋိယဒိယတ္တာ စ ဥဒ္ဒိဿ ဌပိတဘာဝေဂ စ ပယုတ္တ-ဝါစာ နှဝမ နတ္ထိ(ဝိ၊ဋ္ဌ၊ ၂။ ၉၁၀)-

ဟု ဆိုတော်မူသည်။

(၃) ကြိုတင်သင်ကြားပြီး အလှူခံ၍ ရလာသော်စွဲစည်းမျဉ်းသည် နိဿဂ်ိယဝတ္ထု ဖြစ်ခဲ့ပါလျှင်လည်း ဝိနည်းပရိယာယ်ဖြင့် ဤသို့ပြုလျှင် အပ်သေးသည်၊ သို့မဟုတ် အလျှင်းပင်မအပ်သည်ကိုလည်း သိလိုပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။

၂၅.၀။ နိဿဂ်ိယဝတ္ထုကို ဝိနည်းကံနှင့်အညီစွန့်လျှင် အပ်ကြောင်း

(၃) အမှတ်ပုစ္ဆာအရ ဝိဿဇ္ဇနာကို ပြဆိုအံ့-

စီဝရဝင်္ကာ ထုဇသိက္ခာပုဒ်နှင့် မညီမညွတ် ခံယူသိမ်းဆည်းမိမူ အာပတ်ပို-

ယနိသင်္ဂိယဖြစ်၍ ရူပိယသိက္ခာပုဒ်လက္ခဏာနှင့် စွန့်နိုင်ဏ ခံယူသူမဟန်း ကို ချန်လှပ်၍ ကြွင်းသောရဟန်းတို့ အာပတ်သေးသည်ဟု မှတ်။

ရူပိယသံဓေါဟာရသိက္ခာပုဒ်၌ လာသည့်အတိုင်း လဲလှယ်မိသော နိသင်္ဂိယဝတ္ထု၊ ရူပိယသိက္ခာပုဒ်၌ လာသည့်အတိုင်း ခံယူမိသော နိသင်္ဂိယဝတ္ထု၊ စိဝရှင်၏ ရာဇသိက္ခာပုဒ်နှင့် မည်၍ ချုတ်ယုံင်း၍ ခံယူမိသော နိသင်္ဂိယဝတ္ထုတို့ကို စွန့်သော်လည်း၊ သံဃာ့အလယ်၌သာ စွန့်အပ်သည်။ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ထံ၌ စွန့်ကုန်း အလို့ရှိ၍ မူလဆွေးစွန့်လို့မူ ဖဆွမျိုးတော်သာသူတို့အား စွန့်ပေးအပ်သည်။ ထို့ကြောင့် မာတိကာ ဆဋ္ဌကထာ၌—

သံဃမဇ္ဈေယေဝ နိဿဇ္ဇိဘဗ္ဗံ—

ဟူ၍ လည်း၊

တံ ပုရိမနယာနုသာရေနေဝ သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗံ—

ဟူ၍ လည်း၊ ဆိုဖော်မူ၏။

ရူပိယသိက္ခာပုဒ်အဖွင့် အဋ္ဌကထာ၌—

သံဃမဇ္ဈေ နိဿဇ္ဇိတဗ္ဗန္တိ ဧတ္ထ ယသ္မာ ရူပိယံ နာမ အာပဝိယံ၊ တသ္မာ "နိဿဇ္ဇိတဗ္ဗံ သံဃဿ ဝါ ဂဏဿ ဝါ ပုဂ္ဂလဿ ဝါ" တိ ဒုဝုတ္တံ—

ဟု ဆိုတော်မူ၏။

ကယဝိက္ကယသိက္ခာပုဒ်၌ လာသည့်အကိုင်း၊ လဲလှယ်ယူမိသောဝတ္ထု ကို ဝိနည်းကံအာရုံ သံဃာ, ဂိုဏ်း, ပုဂ္ဂိုလ်ထံ၌ စွန့်၍ သုံးဆောင်အပ်သည်။ ထို့ကြောင့် ပါဠိတော်အဋ္ဌကထာ၌—

ဆက်လက်] နိဿဂ်ိယဝတ္ထုကိုဝိနည်းကံနှင့်အညီစွန့်လျှင်အပ်ကြောင်း

ဝုတ္တလက္ခဏဝသေန သံဃဂဏပုဂ္ဂလေသု ယဿ ကဿစိ နိဿဇ်ိတဗ္ဗံ—

ဟူဆိုတော်မူ၏။

ဤသို့လျှင် နိဿဂ်ိယဝတ္ထုကို ဝိနည်းကံနှင့်အညီ စွန့်လွှတ်ရာ၌ အကြောင်းအားလျော်စွာသာ သိမှတ်ရမည်ဟု ညွှန်ပြမြို့ထိမ်တောကျောင်း ဆရာတော် ဖြေကြားအာ ဝိနိစ္ဆယ ချမှတ်ပေးတော်မူလိုက်သည်။

တတိယကထာပြီး၏။

ဝိနယပုစ္ဆာဝိဿဇ္ဇနာကျမ်း ပြီး၏။